arm fv mem rkzkoDk[r®&zD

\

r t m&zdkv fu&kft mef

t *Fvdbmomjyef

rk[r®tpf&Swf[pef

wnfjzwfbl

ygupövefEkifw&m;oluD

rkoDk[r®ouDzkfmeD

twG(11)

r t m&zdkv fu&kft mefusrfjrefmbomjyeftzUbbomjyefonf

(uefwj [*kd&D440ckpf&SAmefv

سُوْرَةُ مَرْيَمَ	◈	စူရာဟ် မရိယမ်
سُوْرَةُ طٰهٰ	◈	စူရာဟ် သွာဟာ
سُوْرَةُ الْاَنْبِيَآءِ	◈	စူရာဟ် အင်အန်ဗိယာအ်
سُوْرَةُ الْحَجِّ	◈	စူရာဟ် အင်ဟာဂ်ျ
سُوْرَةُ الْمُؤْمِنُوْنَ	◈	စူရာဟ် အင်မုအ်မိန်နွန်
سُوْرَةُ النُّوْرِ	◈	စူရာဟ် အန်နူးရ်

အတွဲ(၁၁)

မာတိကာ

-	ကျမ်းဦးစကား	ခ
-	အမှာစာ	ဏ
-	ကျေးဇူးတင်လွှာ	ထ
	စူရဟ်မရ်ယမ် (မေရီ)	
၁။		
	- ဒုအာတောင်းဆုပြုရာ၌ တစ်စုံတစ်ဦး၏ လိုအပ်ချက်များကို ဖော်ပြခြင်းသည် မုစ်သဟဗ် (နှစ်သက်ဖွယ်ဖြစ်ပါသည်)	၆
	- တမန်တော်များ၏ အမွေအနှစ်ပစ္စည်းများကို အမွေမဆက်ခံနိုင်ပါ။	၆
၂။	အာယတ် ၁၆-၂၁ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၈
၃။	အာယတ် ၂၂-၂၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၁
	- သေချင်သည့်ဆန္ဒနှင့် ပတ်သက်သော အမိန့်ပညတ်ချက်	၁၂
	- နူတ်ဆိတ်နေမည်ဟု ကျိန်ဆိုခြင်း (ဝစီပိတ်)ကို အစ္စလာမ့်ဥပဒေက တားမြစ် ပိတ်ပင်သည်။	၁၂
	- အမျိုးသားတစ်ဦးနှင့် စပ်ယှက်ပေါင်းသင်းခြင်း မပြုသည့်တိုင် ကလေးရနိုင်သည် ဆိုသည်မှာ လုံးဝမဖြစ်နိုင်သော ကိစ္စမဟုတ်ချေ။	၁၃
၄။	အာယတ် ၂၇-၃၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၄
၅။	အာယတ် ၃၄-၄၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၈
၆။	အာယတ် ၄၁-၅၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၀
	- ဆွဒ္ဒီးက်၏အဓိပ္ပာယ်	၂၂
	- အကြီးအကဲများကို ဘယ်လိုအကြံပေးရမည်နည်း	၂၃
၇။	အာယတ် ၅၁-၅၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၇
	- တစ်ဦးတစ်ယောက်၏ ကတိကို ထိန်းသိမ်းခြင်း၏ အရေးကြီးမှု	၃၀
	- ပြုပြင်ပြောင်းလဲသူတစ်ဦးသည် သူ့လုပ်ငန်းကို သူ့မိသားစုမှ စတင်လုပ်ဆောင်ရမည်။	၃၁
	- ဘယာနလ်ကုရ်အာန်ကျမ်းမှ ရစူလ်နှင့်နဗီတို့ကြား သရုပ်သကန်ဖော်ပြမှုတွင်ရှိသော ခြားနားချက်နှင့် ၎င်းတို့၏ ဆက်နွယ်မှု	၃၃
	- ကုရ်အာန်ကျမ်းတော်မြတ် / အလ္လာဟ်အရှင့်ကျမ်းတော်ကို ဖတ်ရွတ်သရဇ္ဈာယ်စဉ် ငိုကြွေးခြင်းသည် တမန်တော် များ၏ ဓလေ့ဖြစ်သည်။	၃၄

၈။	အာယတ် ၅၉-၆၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၅
	- ဆွလာတ်ဝတ်ပြုဆောက်တည်မှုကို သတ်မှတ်ထားသည့်အချိန်ကျော်လွန်မှ ဝတ်ပြုဆောက်တည် ခြင်း သို့မဟုတ် ဂျမာအတ် လူစုလူဝေးဖြင့် မဆောက်တည်ခြင်းသည် ဝတ္တရားပျက်ကွက်မှုဖြစ်ကာ အချည်းအနှီးဖြစ်၍ ကြီးမားသော ဂုနာဟ် ပြစ်မှုဖြစ်သည်။	၃၆
၉။	အာယတ် ၆၄-၇၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၉
၁၀။	အာယတ် ၇၃-၇၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၄၃
၁၁။	အာယတ် ၇၇-၈၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၄၅
၁၂။	အာယတ် ၈၃-၉၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၄၉
	စူရဟ်တွာဟာ	
၁။	အာယတ် ၁-၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၅၇
၂။	အာယတ် ၉-၁၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၆၀
	- စိုက်ယိဒိနာမူစာ(ﷺ)သည် အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်တော်ကို တိုက်ရိုက် ကြားသိခဲ့ရသည်။	၆၃
	- မြင့်မြတ်သောနေရာတစ်ခုတွင်ဖိနပ်ချွတ်ခြင်းမှာရှိသေလေးစားသောအပြုအမူတစ်ရပ်ဖြစ်သည်။	၆၄
	- ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်သည်ကို ကြားရလျှင် မည်သို့ပြုမူရမည်နည်း။	၆၄
၃။	အာယတ် ၁၇-၂၄ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၆၆
၄။	အာယတ် ၂၅-၃၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၆၉
	- အပေါင်းအသင်းကောင်းများသည် ခဝပ်ကိုးကွယ်ခြင်းနှင့် ဇီကိရ်အောက်မေ့တသ သတိရခြင်းတို့ကို ကောင်းစွာ ပြုလုပ်ဆောင်ရွက်နိုင်စေရန် အထောက်အကူဖြစ်သည်။	၇၄
၅။	အာယတ် ၃၇-၄၄ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၇၄
	- တမန်တော်မဟုတ်သော လူတစ်ဦးအပေါ်၌ ဝဟီကျရောက်နိုင်သလော။	၇၆
	- စိုက်ယိဒိနာမူစာ(ﷺ)၏ မိခင်အမည်	၇၇
	- စိုက်ယိဒိနာမူစာ(ﷺ)၏ အဖြစ်အပျက် အသေးစိတ်	၇၉
	- စိုက်ယိဒိနာမူစာ(ﷺ)၏ အဖြစ်အပျက်မှ ရနိုင်သော ရလဒ်များ၊ သင်ခန်းစာများနှင့် ကြီးမားသော အကျိုးကျေးဇူးများ	၁၀၀
	- ဖိရ်အောင်နှ်၏ မိုက်မဲသောအကြံအစည်နှင့် အလ္လာဟ်အရှင်မြတ်က ယင်းအကြံအစည်ကို မည်သို့အလဟဿ ဖြစ်စေခဲ့ကြောင်း။	၁၀၀
	- စိုက်ယိဒိနာမူစာ(ﷺ)၏မိခင်အတွက်ကျရောက်သောအလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များ	၁၀၀
	- စက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်များအတွက် သတင်းကောင်း	၁၀၁

	- အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်ခံကျေးကျွန်များကို မြင်သူတိုင်းက ချစ်ခင်မြတ်နိုးကြသည်ဟူသော အထူး အရည်အသွေးတစ်ရပ် ပေးသနားတော်မူထားခဲ့သည်။	၁၀၁
	- စိုက်ယိဒိနာမူစာ(ﷺ)က အီဂျစ်လူမျိုးတစ်ဦးအား သတ်ဖြတ်မှုကို ပြစ်မှုဂုနာဟ်တစ်ခုအဖြစ် အဘယ်ကြောင့် သတ်မှတ်ခဲ့သနည်း။	၁၀၁
	- ချည့်နဲ့သူများကို ကူညီခြင်းနှင့် ပရဟိတဝန်ထမ်းလုပ်ရပ်များသည် ဤကမ္ဘာလောကနှင့် နောင်တမလွန် နှစ်ဘဝ စလုံးတွင် ဆုလာဘ်ရရှိနိုင်သည်။	၁၀၂
	- တမန်တော်တစ်ဦးက အလုပ်ရှင်၊ အခြားတမန်တော်တစ်ဦးက အလုပ်သမားဟူသော အခြေအနေနှင့်ပတ်သက် သည့် တွေးခေါ်မှုဒဿနနှင့် အကျိုးအမြတ်များ	၁၀၃
	- လုပ်ငန်းတစ်ခုအတွက် အကောင်းဆုံးသူကို မည်သို့ရွေးချယ်မည်နည်း။	၁၀၄
	- မော်ဆရာများနှင့် တမန်တော်များ၏ ချဉ်းကပ်ပုံခြားနားချက်	၁၀၄
	- အီဂျစ်မော်ဆရာများ၏ မျက်လှည့်အကြောင်းအမှန်တရား	၁၀၅
	- လူမှုဘဝ ကိစ္စရပ်များတွင် မျိုးနွယ်စုများ ကွဲပြားခြင်းသည် အပြစ်မတင်ထိုက်ပါ။	၁၀၅
	- လူမှုအသိုင်းအဝိုင်းတစ်ရပ်၏ ရေးရာများကို စီမံခန့်ခွဲရာတွင် လက်ထောက်တစ်ဦးခန့်အပ်ခြင်း	၁၀၆
	- မုစ်လင်မ်များအကြား ကွဲပြားမှုကို ဟန့်တားရန် သဘောမတူမနှစ်မြို့သော နည်းလမ်းကို ယာယီကျင့်သုံးနိုင်သည်။	၁၀၆
	- တမန်တော်ဆိုင်ရာလုပ်ငန်းစဉ်၏ အရေးကြီးသောမူ(စည်းကမ်းချက်)	၁၀၆
၆။	အာယတ် ၄၅-၅၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၀၇
	- စိုက်ယိဒိနာမူစာ(ﷺ)သည် အဘယ်ကြောင့် ကြောက်ရွံ့ထိတ်လန့်ရသနည်း။	၁၀၈
	- အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းကို ဖန်ဆင်းတော်မူသည်။ ထို့ပြင် အရာရာတိုင်းမှာ အလ္လာဟ်အရှင်မြတ် က ၎င်းတို့အား အပ်နှံထားသည့်တာဝန်များကို ထမ်းဆောင်နေကြသည်။	၁၁၀
၇။	အာယတ် ၅၁-၅၉ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၁၁
	- လူသားတိုင်း၏ ဖွဲ့စည်းမှုတွင် ဇီဇမျိုးစေ့နှင့်အတူ ၎င်းအားမြှုပ်နှံမည့်နေရာ၏ မြေကြီးလည်း ပါဝင်သည်။	၁၁၄
	- ပြိုင်ပွဲအတွက် သတ်မှတ်မှုတွင်ရှိကြီးမားသောအကျိုးကျေးဇူး	၁၁၄
	- ပဉ္စလက်ပညာ (မော်ပညာ) ယင်း၏အမှန်တရားနှင့် ပုံစံများ၊ ယင်းနှင့်ပတ်သက်သည့် ဥပဒေသများ။	၁၁၅
၈။	အာယတ် ၆၀-၇၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၁၅
	- ပဉ္စလက်ဆရာများအား ဦးတည်ပြောကြားသော စိုက်ယိဒိနာမူစာ(ﷺ)၏ ကြိုတင်ဟောကိန်းပါ မိန့်ခွန်း။	၁၁၈
	- ဖိရ်အောင်နှ၏ ပဉ္စလက်ဆရာများ အစွမ်းဘာသာကူးပြောင်းသွားခြင်းနှင့် စိတ္တဒါဟ ပျံဝပ်ဦးချခြင်း။	၁၂၀
	- ဖိရ်အောင်နှ၏ဇနီး အာစီယာ၏ လှုပကောင်းမွန်သော အဆုံးသတ်မှု	၁၂၂

	- ပဉ္စလက်ဆရာများ၏ဘဝများ အခြေခံမှစ၍ တော်လှန်ပြောင်းလဲခြင်း။	၁၂၂
၉။	အာယတ် ၇၇-၈၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၂၃
	- အီဂျစ်နိုင်ငံမှ ထွက်ပြေးလာသည့် ဗနီအစ္စရာအီလ်တို့၏ အရေအတွက်နှင့် ဖိရ်အောင်နစ်စတပ်၏အင်အား။	၁၂၄
၁၀။	အာယတ် ၈၃-၈၉ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၂၆
	- အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာမူစာ(ﷺ)ကို အလျင်စလိုလုပ်မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။ ထို့ပြင် ယင်းမေးခွန်းနောက်ကွယ်ရှိအသိဉာဏ်	၁၂၈
	- စာမိရိသည် မည်သူနည်း။	၁၂၉
	- မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပိုင်ဆိုင်ပစ္စည်းများသည် မုစ်လင်မ်များအတွက် မည်သည့်အချိန်တွင် တရားဝင် ဖြစ်လာသနည်း။	၁၃၁
၁၁။	အာယတ် ၉၀-၉၄ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၃၄
	- တမန်တော်နှစ်ပါးတွင် ခြားနားမှုများ ဖြစ်ပေါ်လာပါက နှစ်ဦးစလုံး၏ အယူအဆများသည် မှန်ကန်နိုင်ပါသည်။	၁၃၆
၁၂။	အာယတ် ၉၅-၉၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၃၇
၁၃။	အာယတ် ၉၉-၁၁၄ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၃၉
၁၄။	အာယတ် ၁၁၅-၁၂၇ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၄၃
	- ဇနီးသည်တစ်ဦးအတွက် အရေးကြီးသည့်လိုအပ်ချက်များ ရရှိစေခြင်းသည် သူမခင်ပွန်း၏တာဝန်ဖြစ်ပါသည်။	၁၄၈
	- ထောက်ပံ့ခြင်းသည် တာဝန်တစ်ရပ်ဖြစ်သည်ဆိုကြောင်း ဖော်ပြချက်၌ ကိစ္စရပ်လေးခုသာ အကျုံးဝင်သည်။	၁၄၉
	- အလ္လာဟ်အရှင့်တမန်တော်များအကြောင်း ရည်ညွှန်းပြောဆိုရာ၌ ရိုသေလေးစားမှုပြသရန်မှာ မုစ်လင်မ်တိုင်း၏ တာဝန်ဖြစ်သည်။	၁၅၀
	- မယုံကြည်သွေဖည်သူများ၏ ဘဝမှန်နှင့် မကောင်းမှုပြုသူများ ဤဘဝတွင် ကြမ်းတမ်းခက်တရော်မှုဖြင့် ကြုံတွေ့ရခြင်းအကြောင်း။	၁၅၁
၁၅။	အာယတ် ၁၂၈-၁၃၅ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၅၂
	- သည်းခံခြင်းနှင့် ဝတ်ပြုမှုများသည်သာ ရန်လိုမုန်းတီးမှုကို ကုသရန်ဆေးဖြစ်သည်။	၁၅၅
	- လောကီစည်းစိမ်ချမ်းသာများသည် ခဏပန်းသာဖြစ်ပြီး ယင်းတို့သည် အလ္လာဟ်အရှင်မြတ် ကျေးဇူးတော်၏ သက်သေလက္ခဏာများ မဟုတ်ပါ။ ထို့နောက် ကောင်းမြတ်သော မုစ်လင်မ်များအတွက် ယင်းသည် အန္တရာယ်အတွက် အချက်ပြမှုတစ်ခုပင် ဖြစ်သည်။	၁၅၆
	- တစ်စုံတစ်ဦး၏ ဆွေမျိုးသားချင်းများနှင့် အပေါင်းအဖော်များကို ၎င်းတို့၏ ဆွေလာတ်ဝတ်ပြုဆောက်တည်မှုအား အချိန်မှန်မှန်ပြုလုပ်စေခြင်းနှင့် ယင်းနောက်ကွယ်ရှိ ဒဿန	၁၅၇

	- တစ်စုံတစ်ဦးသည် ဆွလာတ်ဝတ်ပြုမှုများနှင့် အရှင်မြတ်၏ခဝပ်ကိုးကွယ်မှုတွင် နစ်မွန်းနေခဲ့ပါ က အလွှာဟ်အရှင်မြတ်က သူ၏စားနပ်ရိက္ခာကို လွယ်ကူအဆင်ပြေစေရန်ကူညီတော်မူ သည်။	၁၅၈
စူရဟ်အလ်အန်ဗိယာအ်		
၁။	အာယတ် ၁-၁၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၆၃
	- စူရဟ်အလ်အန်ဗိယာအ်၏အရေးပါမှု	၁၆၅
	- ဥပဒေသ	၁၆၇
	- ကျမ်းမြတ်ကုရ်အာန်သည် အရဗ်လူမျိုးများအတွက် ဂုဏ်ယူစရာ၊ ဂုဏ်တက်စရာ ဖြစ်ပါသည်။	၁၆၇
၂။	အာယတ် ၁၁-၁၅ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၆၈
၃။	အာယတ် ၁၆-၂၉ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၆၉
၄။	အာယတ် ၃၀-၃၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၇၆
၅။	အာယတ် ၃၄-၄၇ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၈၀
	- သေခြင်းတရားဆိုသည်မှာ အဘယ်နည်း။	၁၈၃
	- လောကီဆိုင်ရာ စည်းစိမ်များနှင့် ခဲယဉ်းကြပ်တည်းမှုများသည် စမ်းသပ်မှုတစ်ရပ်ဖြစ်သည်။	၁၈၄
	- အလျင်လိုမှုသည် မနှစ်မြို့ဖွယ်၊ မလိုလားဖွယ် ဖြစ်သည်။	၁၈၄
	- တရားစီရင်မည့်နေ့တွင် လုပ်ရပ်များကို ချိန်တွယ်ခြင်းနှင့် ဤရည်ရွယ်ချက်အတွက် အသုံးပြုမည့်ချိန်ခွင်များ။	၁၈၅
	- လုပ်ရပ်များ၏ ချိန်တွယ်ပုံနည်းလမ်း	၁၈၆
	- လုပ်ရပ်များ၏ စာရင်းစစ်ဆေးမှု	၁၈၇
၆။	အာယတ် ၄၈-၅၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၈၇
၇။	အာယတ် ၅၁-၇၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၁၈၈
	- စိုက်ယိဒိနာ အိဗ်ရာဟီမ်(ﷺ)၏ စကားများသည် မမှန်ကန်သည်မဟုတ် အရိပ်အမြွက် ရည်ညွှန်းခြင်းသာဖြစ်သည်။	၁၉၃
	- စိုက်ယိဒိနာ အိဗ်ရာဟီမ်(ﷺ)ကို ယိုးစွပ်ထားသည့် မမှန်ကန်သော အချက်သုံးချက်	၁၉၄
	- စိုက်ယိဒိနာ အိဗ်ရာဟီမ်(ﷺ)၏ မုသားများခိုင်လုံခြင်းကို ငြင်းဆိုမှုသည် မသိနားမလည်မှုသက်သက်ဖြစ်သည်။	၁၉၆
	- ပြောကြားချက်မှ ပေါ်ထွက်လာသည့် ဖြူစင်ရိုးသားသည့်လုပ်ရပ်အတွက် သိမ်မွေ့သည့် အညွှန်းတစ်ရပ်	၁၉၇
	- နာမ်ရှက်၏မီးပုံသည် စိုက်ယိဒိနာ အိဗ်ရာဟီမ်(ﷺ)အတွက် နှစ်လိုဖွယ်ဥယျာဉ် မည်သို့ဖြစ်သွားသည်ဆိုကြောင်း။	၁၉၈
၈။	အာယတ် ၇၄-၇၅ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၀၀

၉။	အာယတ် ၇၆-၇၇ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၀၁
၁၀။	အာယတ် ၇၈-၈၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၀၂
	- တရားသူကြီး(ကာသွီ)တစ်ဦး၏ ချမှတ်ပြီးသော ဆုံးဖြတ်ချက်တစ်ခုအား ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်း ခြင်း ပြုလုပ်နိုင်ပါသလား။	၂၀၄
	- အကယ်၍ မုဂ်သဟိဒ်နှစ်ဦးသည် ၎င်းတို့၏ သီးခြားအိဂ်သိဟတ်များအရ မတူညီသော ဆုံးဖြတ်ချက်နှစ်ခု ချမှတ်ခဲ့ပါလျှင် နှစ်ဦးစလုံးသည် မှန်ကန်သည်ဟု မှတ်ယူရမည်လော သို့မဟုတ် တစ်ဦးအား ငြင်းပယ်ရမည်လော။	၂၀၆
	- လူတစ်ဦး၏ တိရစ္ဆာန်များက အခြားသူတစ်ဦးကို အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အခြားသူ၏ ပိုင်ဆိုင်ပစ္စည်းကို ပျက်စီးစေခြင်းအတွက် မေးခွန်း	၂၀၇
	- ၄င်များနှင့်တောင်များက အလ္လာဟ်အရှင်မြတ်ကို ချီးကျူးထောမနာပြုခြင်း ပြုလုပ်နည်း ပေးကမ်းချီးမြှင့်ခဲ့သည်။	၂၀၈
	- အလ္လာဟ်အရှင်မြတ်က စိုက်ယိဒ်နာ ဒါဝူဒ်(ﷺ)အား သံချပ်အင်္ကျီပြုလုပ်နည်း ပေးကမ်းချီးမြှင့်ခဲ့သည်။	၂၀၉
	- လူသားများအတွက် အကျိုးဖြစ်ထွန်းစေသည့် ကျွမ်းကျင်မှုများသည် နှစ်လိုဖွယ်ဖြစ်၍ ယင်းတို့သည် တမန် တော်များ၏ လုပ်ရပ်များနှင့် အလားတူသည်။	၂၀၉
	- စိုက်ယိဒ်နာ စုလိုင်မာန်(ﷺ)အား လေက နာခံစေရန် ပြုလုပ်ခြင်းနှင့် ဆက်နွယ်သည့် ကိစ္စရပ်များ	၂၀၉
	- စိုက်ယိဒ်နာ စုလိုင်မာန်(ﷺ)အား ဂျင်နှင့်ရွိုင်တွာန်များ၏ နာခံမှု	၂၁၁
	- ရွိုင်တွာန်များ	၂၁၁
၁၁။	အာယတ် ၈၃-၈၄ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၁၂
	- စိုက်ယိဒ်နာ အိုက်ယူးဗ်(ﷺ)အကြောင်း	၂၁၃
	- စိုက်ယိဒ်နာ အိုက်ယူးဗ်(ﷺ)၏ ဒုအာဆုမွန်တောင်းခံခြင်းသည် သည်းခံခြင်းနှင့် မဆန့်ကျင်ပါ။	၂၁၄
၁၂။	အာယတ် ၈၅-၈၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၁၅
	- စိုက်ယိဒ်နာ ဇုလ်ကိဖ်သည် နဗီတမန်တော်တစ်ပါးလော သို့မဟုတ် သူတော်စင်တစ်ပါးလောနှင့် သူ၏ ထူးဆန်း အံ့သြဖွယ်အကြောင်း	၂၁၆
၁၃။	အာယတ် ၈၇-၈၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၁၈
	- စိုက်ယိဒ်နာ ယူနွတ်စ်(ﷺ)၏အကြောင်း	၂၁၉
	- စိုက်ယိဒ်နာ ယူနွတ်စ်(ﷺ)၏ဒုအာကို လူအများသည် သူတို့လိုအပ်ချက်အတွက် တစ်ချိန်လုံးတွင် တောင်းဆိုနေ ကြပါသည်။	၂၂၂
၁၄။	အာယတ် ၈၉-၉၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၂၂
၁၅။	အာယတ် ၉၁ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၂၃
၁၆။	အာယတ် ၉၂-၁၀၅ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၂၄
၁၇။	အာယတ် ၁၀၆-၁၁၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၃၁

	စူရဟ် အလ်ဟာချ်	
၁။	အာယတ် ၁-၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၃၅
	- အထူးသွင်ပြင်လက္ခဏာများ	၂၃၅
	- ပြန်လည်ရှင်ပြန်ထမည့်နေ့၏ လျော်သည် မည်သည့်အချိန်တွင် ဖြစ်မည်နည်း။	၂၃၆
၂။	အာယတ် ၃-၂၁ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၃၇
	- မိခင်၏သားအိမ်ထဲ၌ရှိသော သန္ဓေသား၏ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံ	၂၄၀
	- မွေးဖွားပြီးနောက် လူသားဘဝ၏ အမျိုးမျိုးသော အဆင့်ဆင့်အကြောင်း	၂၄၁
၃။	အာယတ် ၁၁-၁၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၄၃
၅။	အာယတ် ၁၄-၁၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၄၄
၆။	အာယတ် ၁၇-၁၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၄၅
	- အဖန်ဆင်းခံအားလုံး အလ္လာဟ်အရှင်မြတ်အား နာခံခြင်းဆိုသည့် မှန်ကန်မှု	၂၄၇
၇။	အာယတ် ၁၉-၂၄ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၄၈
	- ဂျန္နတ်တွင် နေထိုင်သူများ ရွှေလက်ကောက်များ ဝတ်ဆင်ခြင်း၏ ကျိုးကြောင်းပြပညာ	၂၄၉
	- အမျိုးသားများအတွက် ပိုးထည်အဝတ်အစားများအား တားမြစ်ထားခြင်း	၂၅၀
၈။	အာယတ် ၂၅ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၅၂
	- မက္ကာရှိုဟရမ်အတွင်းတွင် မုစ်လင်မ်များအားလုံး၏ တူညီသောအခွင့်အရေး၏ ဆိုလိုရင်း	၂၅၃
၉။	အာယတ် ၂၆-၂၉ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၅၅
	- အလ္လာဟ့်အိမ်တော်(မြင့်မြတ်သောကာအ်ဗဟ်ကျောင်းတော်) အဆောက်အအုံ စတင်ဆောက်လုပ်ခြင်း	၂၅၆
	- ဥပဒေသ	၂၅၉
	- ဟဂျ်နှင့်ပတ်သက်သည့် အမျိုးမျိုးသော လုပ်ရပ်များ လုပ်ဆောင်ရာတွင် အစီအစဉ်မှန်ကန်မှုကို လိုက်နာ ဆောင်ရွက်ခြင်း	၂၆၀
	- ဥပဒေသ	၂၆၁
	- မေးခွန်းတစ်ခုနှင့် ယင်း၏အဖြေ	၂၆၁
၁၀။	အာယတ် ၃၀-၃၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၆၂
၁၁။	အာယတ် ၃၄-၃၇ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၆၅
	- ဟဂျ်၏ထူးခြားသည့်ကျင့်စဉ်များသည် စစ်မှန်သော ရည်ရွယ်ချက် မဟုတ်ပါ။ သို့ရာတွင် ထိုကျင့်စဉ်များတွင် ပါရှိသော အလ္လာဟ်အရှင်မြတ်အား စစ်မှန်သော ကိုးကွယ်မှုနှင့် အရှင့်ဆန္ဒတော်ကို ရိုကျိုးခြင်းသည်သာ စစ်မှန်သော ရည်ရွယ်ချက်ဖြစ်သည်။	၂၆၈
၁၂။	အာယတ် ၃၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၆၉

၁၃။	အာယတ် ၃၉-၄၁ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၆၉
	- မယုံကြည်သွေဖည်သူတို့ကို တိုက်ခိုက်ရန်အတွက် ပေးထားသော ပထမဦးဆုံးအမိန့်	၂၇၀
	- ဂျီဟာဒ်စစ်ပွဲနှင့် မယုံကြည်သွေဖည်သူများနှင့် ရင်ဆိုင်ခဲ့သော စစ်ပွဲများ၏နောက်ကွယ်ရှိ ဒဿန	၂၇၁
	- ဖြောင့်မတ်မှန်ကန်စွာ ညွှန်ကြားခြင်းခံရသော ခလီဖတ်များနှင့်ပတ်သက်သော ကုရ်အာန်ကျမ်းတော်မြတ်၏ ကြိုတင်ဟောကိန်း	၂၇၂
၁၄။	အာယတ် ၄၂-၅၁ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၇၃
	- ကိစ္စရပ်များနှင့်ပတ်သက်သော ထိုးထွင်းဉာဏ်ရရှိရန်နှင့် အတိတ်ဖြစ်ရပ်များမှ သင်ခန်းစာများ ရရန်အလို့ငှာ ခရီးသွားခြင်းသည် ဘာသာရေးဆိုင်ရာမျှော်မှန်းချက်များမှ တစ်ခုဖြစ်သည်။	၂၇၅
	- ပြန်လည်ရှင်ပြန်ထရမည့်နေ့တစ်နေ့သည် ကျွန်ုပ်တို့တွက်ချက်မှုအရ နှစ်ပေါင်းတစ်ထောင်နှင့် မည်ကဲ့သို့ တူညီ သွားရပါသနည်း။	၂၇၅
	- သံသယတစ်ခုနှင့် ယင်းအတွက် ရှင်းလင်းချက်	၂၇၆
၁၅။	အာယတ် ၅၂-၅၇ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၇၇
၁၆။	အာယတ် ၅၈-၅၉ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၇၉
၁၇။	အာယတ် ၆၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၈၀
၁၈။	အာယတ် ၆၁-၆၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၈၁
၁၉။	အာယတ် ၆၇-၇၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၈၃
	- ဒွိဟသံသယနှင့် ယင်း၏အဖြေ	၂၈၆
၂၀။	အာယတ် ၇၁-၇၄ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၈၆
	- ဘုရားအများကိုးကွယ်ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်းတို့သည် အချီးအနှီးဖြစ်သည်ဆိုကြောင်း ပုံဆောင်ချက်တစ်ခု ကိုးကားဖော်ပြခြင်း	၂၈၈
၂၁။	အာယတ် ၇၅-၇၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၈၈
	- တမန်တော်မြတ်မုဟမ္မဒ် ﷺ၏ အုမ္မသ်သည် အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်ခြင်းခံရသော အုမ္မသ်ဖြစ်သည်။	၂၉၁

စူရဟ်အလ်မုအ်မိနူန် (ယုံကြည်သူများ)

၁။	အာယတ် ၁-၁၁ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၂၉၇
	- စူရဟ်အလ်မုအ်မိနူန်၏ အကျိုးကျေးဇူးများနှင့် ထူးခြားသောလက္ခဏာများ	၂၉၈
	- ဖလာဟ်ဆိုသည်မှာ အဘယ်နည်း။ ယင်းအား မည်သည့်နေရာမှ မည်ကဲ့သို့ ရရှိနိုင်ပါမည်နည်း။	၂၉၉

	- ပြီးပြည့်စုံသော သက်ဝင်ယုံကြည်သူတစ်ဦး၏ အရည်အချင်းခုနစ်ခု။ ထိုအရည်အချင်းများကို အခြေခံ၍ ဤကမ္ဘာတွင်နှင့် နောင်တမလွန်ဘဝတွင်ပါ သူ့အတွက် ဖလာဟ်ကတိပေးခြင်း ခံရပါသည်။	၃၀၁
	- ဆွလာတ်ဝတ်ပြုနေစဉ်တွင် ခုရှုအ် မည်မျှအရေးကြီးပါသနည်း။	၃၀၂
၂။	အာယတ် ၁၂-၂၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၀၆
	- လူသားအား ဖန်ဆင်းပုံအဆင့်(၇)ဆင့်	၃၀၉
	- သာဝကကြီးအဗ္ဗားစ်ﷺအကြောင်း စိတ်ဝင်စားဖွယ် ဇာတ်လမ်းတစ်ပုဒ်	၃၀၉
	- လူသားအား ဖန်ဆင်းမှု နောက်ဆုံးအဆင့် -အသက်နှင့်ဝိညာဉ်ထည့်သွင်းခြင်း-	၃၁၀
	- ဇီဝဝိညာဉ်နှင့် တကယ့်ဝိညာဉ်	၃၁၁
	- လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အံ့ဖွယ်ရေပေးဝေမှုစနစ်	၃၁၃
၃။	အာယတ် ၂၃-၃၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၁၅
၄။	အာယတ် ၃၁-၄၁ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၁၇
၅။	အာယတ် ၄၂-၅၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၁၉
၆။	အာယတ် ၅၁-၅၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၂၁
၇။	အာယတ် ၅၇-၆၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၂၃
၈။	အာယတ် ၆၃-၇၇ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၂၅
	- အေရှာဆွလာတ်အပြီး ပုံပြင်ပြောခြင်းကို ပိတ်ပင်တားမြစ်ခြင်း	၃၂၈
	- မက္ကာမြို့သားများအပေါ် ငတ်မွတ်ခေါင်းပါးမှု ဘေးကြီးကျရောက်ခြင်းနှင့် ယင်းကပ်ဘေးကြီးမှ တမန်တော်မြတ်ﷺ၏ ဆုတောင်း အသနားခံမှုဖြင့် လွတ်မြောက်ရခြင်းအကြောင်း	၃၃၀
၉။	အာယတ် ၇၈-၉၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၃၀
၁၀။	အာယတ် ၉၃-၁၀၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၃၃
၁၁။	အာယတ် ၁၀၁-၁၁၅ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၃၇
	- မဟ်ရှရ် (တရားစီရင်မည့်နေ့စုရပ်)တွင် သက်ဝင်ယုံကြည်သူများနှင့် သွေဖည်သူများအကြား အခြေအနေချင်း ကွဲပြားခြားနားပုံ	၃၄၀
	- ပြုမူဆောင်ရွက်ချက်များကို မည်ကဲ့သို့ချိန်တွယ်မည်နည်း။	၃၄၂
၁၂။	အာယတ် ၁၁၆-၁၁၈ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၄၃

စူရပ်အန်နူးရ် (ရောင်ခြည်တော်)		
၁။	အာယတ် ၁-၂ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၄၇
-	- ဤကဏ္ဍ၏ ဝိသေသလက္ခဏာအချို့	၃၄၇
-	- အိမ်ထောင်ရေးဖောက်ပြန်ခြင်းသည် ကြီးမားသောရာဇဝတ်မှုဖြစ်သည့်ပြင် များစွာသော ပြစ်မှုများပေါင်းဆုံရာ လည်း ဖြစ်၏။ ထို့အတွက်ကြောင့် အစွလာမ်တွင် ၎င်း၏ပြစ်ဒဏ်သည် လွန်စွာကြီးလေးသည်။	၃၄၈
	- ကြိမ်ဖြင့်အချက် ၁၀၀ ရိုက်ရန် ပြစ်ဒဏ်သည် အိမ်ထောင်မရှိသူ ယောကျ်ား၊ မိန်းမများအတွက် ဖြစ်သည်။ အိမ်ထောင်သည်များအတွက် ပြစ်ဒဏ်မှာ သေသည့်တိုင် ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ခြင်းဖြစ်သည်။	၃၅၁
	- အရေးကြီးသောသတိပေးချက်တစ်ခု	၃၅၆
	- အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် အဆင့်ဆင့်ပြောင်းလဲလာသော ပြစ်ဒဏ်ဒီကရီ(၃)မျိုး	၄၅၆
	- အစွလာမ့်တရားဥပဒေတွင် အကယ်၍ ပြစ်မှုတစ်ခု၏ပြစ်ဒဏ်သည် ပြင်းထန်ပါက ပြစ်မှုခိုင်လုံကြောင်း သက်သေပြရန် အခြေအနေများသည်လည်း ခက်ခဲပေသည်။	၃၅၇
	- လိင်တူဆက်ဆံခြင်းနှင့် တိရစ္ဆာန်များနှင့် လိင်ဆက်ဆံခြင်းဆိုင်ရာ အမိန့်ပြဋ္ဌာန်းချက်များ	၃၅၇
	- အစွလာမ်သည် ကနဦးတွင် ရာဇဝတ်ပြစ်မှုများကို လူသိရှင်ကြား ကြေညာရန် မလိုအပ်ပေ။ သို့သော် ယင်းပြစ်မှု များသည် အထောက်အထားခိုင်မာပြီဟုဆိုလျှင် ရာဇဝတ်ကောင်များအား သိက္ခာကျအရှက်ကွဲအောင်ပြုလုပ်ခြင်းမှာ ဉာဏ်ပညာ၏လိုအပ်ချက် ဖြစ်သွား၏။	၃၅၈
၂။	အာယတ် ၃ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၅၉
	- ကာမေသုမိစ္ဆာစာရကံနှင့် သက်ဆိုင်သည့် ဒုတိယ အမိန့်ပြဋ္ဌာန်းချက်	၃၅၉
၃။	အာယတ် ၄ - ၅ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၆၃
	- ကာမေသုမိစ္ဆာစာရမှုနှင့်ပတ်သက်သော တတိယအမိန့်ပြဋ္ဌာန်းချက်သည် မတရားစွပ်စွဲခြင်းနှင့် ယင်းအတွက် ပြစ်ဒဏ် သတ်မှတ်ခြင်းဖြစ်သည်။	၃၆၃
	- သံသယတစ်ခုနှင့် ယင်း၏အဖြေ	၃၆၄
	- မုဟ်ဆွနတ် ဟူသည် မည်သူများနည်း	၃၆၄
	- ဥပဒေသ	၃၆၄
	- ဥပဒေသ	၃၆၅
	- ဥပဒေသ	၃၆၅
၄။	အာယတ် ၆-၁၀ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၆၆
	- စတုတ္ထအမိန့်ပြဋ္ဌာန်းချက်သည် ကာမေသုမိစ္ဆာစာရ၏ နောက်ဆက်တွဲများထဲမှ လိအာန်(ကျိန်ဆဲစကား) ဖြစ်သည်။	၃၆၇
	- ဒုတိယအဖြစ်အပျက်	၃၇၁
	- ဥပဒေသ	၃၇၃

၅။	အာယတ် ၁၁-၂၆ ဘာသာပြန်နှင့်ရှင်းလင်းဖွင့်ဆိုခြင်း	၃၇၄
	- အာယတ်တော်ချင်း ဆက်စပ်ပုံ	၃၇၇
	- 'အိဖ်ဂ်' အဖြစ်အပျက်နှင့် အသရေဖျက်မှု	၃၇၈
	- စိုက်ယိဒါဟ် အာအိရှာ(ရ)သခင်မကြီး၏ ပြိုင်ဖက်ကင်းသော ကျွမ်းကျင်မှုနှင့် အိဖ်ဂ်အဖြစ်အပျက်၏ ကျန်ရှိသောအပိုင်း	၃၈၀
	- စိုက်ယိဒါဟ် ဆွဲဒီဒီးကာ အာအိရှာ(ရ)သခင်မကြီး၏ ထူးခြားချက်အချို့	၃၈၄
	- ဥပဒေသ	၃၈၈
	- အရေးကြီးသော၊ လိုအပ်သော သတိပေးချက်တစ်ခု	၃၈၉
	- သံသယနှင့်ယင်း၏အဖြေ	၃၉၁
	- မဖွယ်မရာ စကားပြောဆိုခြင်းအား တားဆီးရန်အတွက် ကုရ်အာန်၏ နည်းစနစ်	၃၉၂
	- ဂုဏ်ယူထိုက်သော သာဝကကြီးများအတွက် မြင့်မြတ်သော စိတ်ဓာတ်ဆိုင်ရာ အဆုံးအမများ	၃၉၃
	- အရေးကြီးသောသတိပေးချက်တစ်ခု	၃၉၆

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

ကျမ်းဦးစကား

အလ္လာဟ်အရှင့် အသနားတော်အရ မအာရိဖုလ်ကုရ်အာန် အတွဲ(၆)ကို ထုတ်နိုင်ခဲ့ပါသည်။ လုပ်ငန်း၏ရှည်လျားမှုအရ ဘာသာပြန်ဆိုခြင်းများတွင် အလုပ်ကို ခွဲဝေလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့နောက် ဤဆဋ္ဌမတွဲအား ကျွန်ုပ်၏အစ်ကို ပညာရှင် မုဟမ္မဒ်အစ်ရှ်ရုတ်ဟူစိန်အား အပ်နှင်းခဲ့ကာ ၎င်းက ဤလုပ်ငန်းစဉ်အား အစွမ်းရှိသရွေ့ မယိမ်းမယိုင် ဆောင်ရွက်ခဲ့ပါသည်။ ဤအတွဲတစ်ခုလုံးအား သူက ဘာသာပြန်ဆိုခဲ့ကာ ကျွန်ုပ်က ပြန်လည် စစ်ဆေးတည်းဖြတ်ပြီးမှ စာရှုသူများအတွက် ထုတ်ဝေလိုက်ရပါသည်။

အရဗီစာသားများနှင့်ပတ်သက်၍ ပံ့ပိုးပေးသော မောင်လာနာ အဗ်ဒုလ္လာဟ်မိမွန်နှင့် ကာရီအဗ်ဒုလ်ရာရှုစ် တို့အားလည်းကောင်း၊ စာသားများကို နောက်ဆုံးအတည်ပြု ဖတ်ပေးသော မစ္စတာ ရဖတ်စာဂီ ဖာရုက်ဂီအားလည်းကောင်း၊ အတည်ပြုဖတ်ခြင်း၊ အညွှန်းပြင်ဆင်ခြင်း၊ အစီအစဉ်ပြုရာတွင် ကွပ်ကဲပေးခြင်းစသည့် အဖက်ဖက်မှ အကူအညီပေးသော မစ္စတာယူစွဖ်ဂနီတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ဤညီနောင်များအား ဤကမ္ဘာလောကတွင်မှာလည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း အလ္လာဟ်အရှင် ကောင်းချီးမင်္ဂလာပေးပါစေ။ ထို့နောက် ဤလုပ်ငန်းစဉ်က အုမ္မသ်ထုအတွက် အကျိုးဖြစ်ထွန်းတော်မူပါစေ။

မုဟမ္မဒ် သကီးအုစ်မာနီ

بسم الله الرحمن الرحيم

الحمدلله و كفى، وسلام على عباده الذين اصطفى

မအာရိပ္ဖလ်ကုရ်အာန်ကျမ်း – မြန်မာဘာသာပြန်အဖွဲ့
၏
အမှာစာ

အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့် မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အတွဲ(၁၁) ယခု စာဖတ်သူလက်ဝယ် ရောက်ရှိပါပြီ။ ဤကျမ်းသည် မူရင်း မော်လာနာ မုဖ်သီ မုဟမ္မဒ်ရှဖီး(ရဟေ့)က အူရဒူဘာသာဖြင့် ရေးသားထားသောကျမ်းကို မော်လာနာ မုဟမ္မဒ်သကီး အုစ်မာနီ၏ ကြီးကြပ်ပြင်ဆင်တည်းဖြတ်ထားသော အင်္ဂလိပ် ဘာသာပြန်မှ မြန်မာဘာသာပြန်ဆို ထုတ်ဝေထားသော ကျမ်းဖြစ်ပါသည်။ ကျွန်ုပ်တို့ မြန်မာဘာသာပြန်ဆိုရာတွင် အဓိက ဦးဆောင်ပြန်ဆိုခဲ့သူ Dr. ဦးလှရွှေ (မေ့ဆေးဆရာဝန်ကြီး) (ရွှန်းဗလီကုသိုလ်ဖြစ်ဆေးခန်း)က ပြုလုပ်၍ စုပေါင်းစာချောကာ သာသနာ့ပညာရှင်များကို စိစစ်တည်းဖြတ်စေကာ ထုတ်ဝေလာခဲ့ပါသည်။ ၁၉၉၉ ခုနှစ်မှ စတင် လုပ်ဆောင်လာခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ပထမတွဲကို အောင်အောင်မြင်မြင် ထုတ်ဝေ၍ အစဉ်တစိုက် လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ ကံမကောင်း အကြောင်းမလှစွာဖြင့် ဦးဆောင်ပြန်ဆိုသူ ဆရာကြီး Dr. ဦးလှရွှေမှာ စူရဟ်မူအ်မိနူးန် (၂၃း၁၂-၁၉)အထိ ပြန်ဆိုပြီး (၂၄.၃.၂၀၁၃) နေ့က အလ္လာဟ်အရှင်မြတ် အမိန့်တော် ခံယူသွားခဲ့ပါသည်။ ယခု အတွဲ (၁၁)တွင် ကျန်ရှိသော စူရဟ်မုအ်မိနူးန်(၂၃း၁၂-၁၉)မှစ၍ အတွဲ(၁၆)အထိကို ဒေါက်တာဦးခင်မောင်မြင့် (ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)က ဆက်လက်၍ ဘာသာပြန် ဦးဆောင်တာဝန်ယူခဲ့ပါသည်။ ပါဝင်ကြသူများသည် လောကီအကျိုး မမျှော်ကိုးဘဲ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မြတ် ကုရ်အာန်နှင့် ဘာသာပြန်ခြင်းလုပ်ငန်းကို အာဓိရသ် တမလွန်အကျိုး မျှော်ကိုး၍ လုပ်ဆောင်နေကြသူများဖြစ်ပါသည်။ တစ်နည်းအားဖြင့် လောကီတာဝန်များ ထမ်းဆောင်ခဲ့ပြီး တစ်ဖက်တစ်လမ်းမှ သာသနာ့တာဝန်ထမ်းရွက်လိုကြသူများ ဖြစ်ကြပါသည်။

အင်ရှာအလွှာဟ် ယခုအခါ အတွဲ(၁၅)အထိ ဘာသာပြန်ဆိုပြီး မကြာမီ အတွဲ(၁၆) မူရင်း ၈ တွဲ ပြီးဆုံးပါတော့မည်။ ပြီးစီးအောင် ဆောင်ရွက်ကြရန်လည်း အသီးသီးဆန္ဒရှိကြပါသည်။ ဘာသာဗေဒ ကျွမ်းကျင်သော ပညာရှင်များ မဟုတ်သော်လည်း အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပြီး တတ်သိနားလည်သော သာသနာ့ပညာရှင်များ အကူအညီ ရယူ ဆောင်ရွက်ထားကြခြင်းဖြစ်ပါသည်။ လူသားများဖြစ်သည့်အားလျော်စွာ အမှေ့အမှားမကင်းနိုင်သူများဖြစ်ကြ၍ တစ်စုံ တစ်ရာ မှားယွင်းချွတ်ချော်မှုရှိခဲ့လျှင် ကျွန်တော်များအား ထောက်ပြဝေဖန် အကြံဉာဏ်များပေးခဲ့လျှင် သာသနာ့ ပညာရှင်များအား တိုင်ပင်၍ လိုအပ်သလို ပြင်ဆင်လုပ်ဆောင်ရန် ဦးမလေးကြပါ။ ယင်းသို့ကူညီမည်ဆိုလျှင် အထူး ဝမ်းသာစွာ ကြိုဆိုကြမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မအာရိဖုလ်ကုရ်အာန်ကျမ်း ဘာသာပြန်အဖွဲ့တွင်

၁။ ဟာဂျီဒေါက်တာ ခင်မောင်မြင့် (ပါမောက္ခဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)

၂။ အလ်ဟာဂျ် မောင်လာနာ ဒေါက်တာ စိုးဝင်းမြင့်(B.D.S)

၃။ ဟာဂျီ ဦးခင်မောင်ကြီး B.Sc; H.G.P; R.L; D.A (တရားလွှတ်တော်ရှေ့နေ)

၄။ ဟာဂျီ ဦးခင်မောင်လတ် B.Sc; H.G.P; R.L (တရားလွှတ်တော်ရှေ့နေ)

၅။ ဟာဂျီ ဦးလှထွန်း B.E(Elect:) တို့ ပါဝင်ကြသည်။

အိုး-အလ္လာဟ်အရှင်မြတ်၊ အီမာန်ရှင် မုအ်မင်အားလုံး အေးချမ်းသာယာမှု ပေးတော်မူပါစေ။ နှစ်ဘဝ နှစ်ဌာန စလုံး ဖွဲ့အောင်မြင်မှုကို ကုရ်အာန်ကျမ်းတော်မြတ်မှ ရယူခံစားနိုင်ကြစေရန် ဆုဒိုအာပြုပါသည်။ အာမီးန်။

မအာရိဖုလ်ကုရ်အာန်ကျမ်း
မြန်မာဘာသာပြန်ဆိုရေးအဖွဲ့
၂၀၁၉ ခုနှစ် ဇူလိုင်
ဟစ်ဂျရီ ၁၄၄၀ ခုနှစ်၊ ရှာဘ်ဟန်လ

ကျေးဇူးတင်လွှာ

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အတွဲ(၁)မှ (၁၂)အထိ ပုံနှိပ်ဖြန့်ချိမှုကို အဖက်ဖက်မှ အကူအညီ၊ အကြံဉာဏ်နှင့် ငွေကြေး၊ အချိန် လှူဒါန်းခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား အထူး ကျေးဇူးတင်ရှိပါကြောင်း။

- ဟာဂျီ ဦးအောင်မြင့် (တရားလွှတ်တော်ရှေ့နေ) (ကွယ်လွန်) မန္တလေး
- ဟာဂျီ မုဟမ္မဒ်ရှဖီး (ခ) ဟာဂျီ ဦးမြင့်နိုင် (မော်လမြိုင်)
- ဟာဂျီ မုဟမ္မဒ် နူးရ်ဒီန် (ခ) ဟာဂျီ ဦးမျိုးဝင်း (ရွှေအင်းဝ) မန္တလေး
- ဦးမြင့်ဝင်း + ဟာဂျီမ ဒေါ်ခင်ခင်၊ (သမီး) Dr. ဖြူဇင်ဝင်း (မိသားစု) ကလော
- ဦးစောဝင်းနှင့်ညီများ
- ဟာဖိဇ်မုဟမ္မဒ်ရဖီး B.Sc, (Bot), H.G.P (အလ်မီဇာန်)
- ဟာဖိဇ်အဗ္ဗဒွလ်ဟဖီးဇ် (ဂျုံဆိုင်) (၂၇-လမ်း၊ ရန်ကုန်)
- ကိုပါပူး (ခေတ်သစ်စာပေ)
- ဟာဂျီ ဇဟူရွလ်ဟတ်က်အာဇမီ (ကွယ်လွန်)
- ဟာဂျီမ ဒေါ်မမကြီး၊ Hj Zaibun Naysar Begum
- ဟာဂျီ ဦးခင်မောင်လတ် (တရားလွှတ်တော်ရှေ့နေ) + ဒေါ်သင်းသင်းအုန်း (အထက်တန်းရှေ့နေ)
- ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)
- Mrs. Hj. Suria
- ဟာဂျီ မောင်စိန်ဝင်း
- ကိုဇာနည်အောင်
- ဟာဂျီ ဦးအီရှာ + ဒေါ်စိန်စိန် (ပွိုင့်ဆိုင်ကယ်ပစ္စည်း) ကျောက်ဆည်
- ဦးတင်ထွန်းအောင် (ကောင်းညွန့်ကရိန်း)
- Dr. တင်ထွဋ် ဗန်းမော်
- Dr. တင်မောင်လတ် + Dr. ဖြူဇင်ဝင်း

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့

ဓူရဟ် မရိယမ်

(ar&D

စူရဟ်မရိယမ် (မေရီ)

စူရဟ်မရိယမ်သည် မက္ကာမြို့၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယသ်တော် (၉၈)အာယသ်ပါရှိပြီး ရုကူအ်အိုဒ် (၆)ပိုဒ် ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော၊ မပြတ်မစဲ သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၁၅)

كٓهٰيٰعٓصٓ ﴿١﴾ ذِكْرُ رَحْمَتِ رَبِّكَ عَبْدَهٗ زَكَرِيَّا ﴿٢﴾ اِذْ نَادٰى رَبَّهٗ نِدَآءً
خَفِيًّا ﴿٣﴾ قَالَ رَبِّ اِنِّيْ وَهَنَ الْعَظْمُ مِنِّيْ وَ اشْتَعَلَ الرَّاْسُ شَيْبًا وَّ لَمْ
اَكُنْۢ بِدُعَآئِكَ رَبِّ شَقِيًّا ﴿٤﴾ وَ اِنِّيْ خِفْتُ الْمَوَالِيَ مِنْ وَّرَآءِيْ وَ كَانَتِ
امْرَاَتِيْ عَاقِرًا فَهَبْ لِيْ مِنْ لَّدُنْكَ وَلِيًّا ﴿٥﴾ يَّرِثُنِيْ وَ يَرِثُ مِنْ اٰلِ يَعْقُوْبَ ۗ وَ
اجْعَلْهُ رَبِّ رَضِيًّا ﴿٦﴾ يٰزَكَرِيَّآ اِنَّا نُبَشِّرُكَ بِغُلٰمِ ِۨاسْمُهٗ يَحْيٰى ۙ لَمْ نَجْعَلْ لَّهٗ
مِنْ قَبْلُ سَمِيًّا ﴿٧﴾ قَالَ رَبِّ اَنّٰى يَكُوْنُ لِيْ غُلٰمٌ وَّ كَانَتِ امْرَاَتِيْ عَاقِرًا وَّ قَدْ
بَلَغْتُ مِنَ الْكِبَرِ عِتِيًّا ﴿٨﴾ قَالَ كَذٰلِكَ ۚ قَالَ رَبُّكَ هُوَ عَلَيَّ هَيِّنٌ وَّ قَدْ
خَلَقْتُكَ مِنْ قَبْلُ وَ لَمْ تَكُ شَيْـًٔا ﴿٩﴾ قَالَ رَبِّ اجْعَلْ لِّيْۤ اٰيَةً ؕ قَالَ اٰيَتُكَ
اَلَّا تُكَلِّمَ النَّاسَ ثَلٰثَ لَيَالٍ سَوِيًّا ﴿١٠﴾ فَخَرَجَ عَلٰى قَوْمِهٖ مِنَ الْمِحْرَابِ
فَاَوْحٰۤى اِلَيْهِمْ اَنْ سَبِّحُوْا بُكْرَةً وَّ عَشِيًّا ﴿١١﴾ يٰيَحْيٰى خُذِ الْكِتٰبَ بِقُوَّةٍ ؕ
وَ اٰتَيْنٰهُ الْحُكْمَ صَبِيًّا ﴿١٢﴾ وَّ حَنَانًا مِّنْ لَّدُنَّا وَ زَكٰوةً ؕ وَ كَانَ تَقِيًّا ﴿١٣﴾ وَّ
بَرًّا بِوَالِدَيْهِ وَ لَمْ يَكُنْ جَبَّارًا عَصِيًّا ﴿١٤﴾ وَ سَلٰمٌ عَلَيْهِ يَوْمَ وُلِدَ وَ يَوْمَ
يَمُوْتُ وَ يَوْمَ يُبْعَثُ حَيًّا ﴿١٥﴾

ကာဖ်၊ ဟာ၊ ယာ၊ အိုင်န်၊ ဆွာဒ်။ [၁] ဤသည်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်
မူသောအရှင်မြတ်က မိမိကျွန်(နဗီတမန်တော်) ဇကရိယာ၏အပေါ်၌ ကရုဏာပြုတော်မူ
ခဲ့ခြင်းကို ထုတ်ဖော်မြွက်ဟတော်မူခြင်းပင်တည်း။[၂] (ပြန်လည် အောက်မေ့ သတိရကြ
လေကုန်။) တစ်ရံရောအခါဝယ် ထိုဇကရိယာသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော
အရှင်မြတ်ကို လျှို့ဝှက်စွာ ပန်ကြားခဲ့လေသည်။[၃] (တစ်ဖန်) ယင်းဇကရိယာသည်

(ဤသို့) လျှောက်ထား ပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဇကနစင်စစ် ကျွန်တော်မျိုး၏အရိုးများမှာ အားအင်ချည့်နဲ့၍နေပါပြီ။ ၎င်းပြင် (ကျွန်တော်မျိုး၏) ဦးခေါင်းမှာလည်း ဆံဖြူများကြောင့် (ဖြူဖွေး) တောက်ပလျက် ရှိနေပါပြီ။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည် အရှင်မြတ်အား ဟစ်ခေါ်တမ်းတ လျှောက်ထား ပန်ကြားမှုကြောင့် မည်သည့်အခါကမျှ အလိုဆန္ဒမပြည့်ဝသူ မဖြစ်ခဲ့ဘူးပါ။[၄] ဇကနစင်စစ် ကျွန်တော်မျိုးသည် မိမိ (မရှိသည့်)နောက်တွင် (မိမိ)ဆွေမျိုးနီးစပ်သူတို့နှင့် ပတ်သက်၍ စိုးရိမ်မိခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုး၏ဇနီးမှာလည်း သားသမီးမထွန်းကားသော အမြဲပင် ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိအထံတော်မှသားကောင်းရတနာ အမွေစားအမွေခံတစ်ဦးကို ချီးမြှင့်ပေးသနားတော်မူပါ။[၅] ထိုသားရတနာ၊ အမွေစား အမွေခံသည် ကျွန်တော်မျိုး၏ အရိုက်အရာဆက်ခံသူလည်း ဖြစ်ပါစေ။ (နဗီ တမန်တော်)ယာအ်ကူပ်၏ သားမြေးတို့၏ အရိုက်အရာဆက်ခံသူလည်း ဖြစ်ပါစေ။ ထိုမှတစ်ပါး အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ၎င်းအား (မိမိအထံတော် ၌) နှစ်မြို့ဖွယ်ရာလည်းဖြစ်ပါစေ။[၆]

(ထိုအခါ အလ္လာဟ် အရှင်မြတ်သည် ဤသို့ ပြန်ကြားတော်မူခဲ့၏)။ အို-ဇကရီယာ၊ ဇကနမလွဲ ငါ အရှင်မြတ်သည် အသင့်အား "ယဟ်ယာ"မည်သော သားရတနာ တစ်ပါးနှင့်ပတ်သက်၍ သတင်းကောင်း ပေးတော်မူ၏။ ယခင်က ငါအရှင်မြတ်သည် ယင်းယဟ်ယာနှင့် နာမည် တူသူ တစ်ဦးတစ်ယောက်ကို ရှိစေတော်မူခဲ့သည် မဟုတ်ချေ။[၇] (ထိုအခါ)ယင်း ဇကရီယာက (ဤသို့)လျှောက်ထား ပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုး၌ သားရတနာသည် အသို့လျှင် ရှိနိုင်ပါအံ့နည်း။ အကြောင်းသော်ကား ကျွန်တော်မျိုး၏ဇနီးမှာလည်း သားသမီးမမွေးသော အမြဲဖြစ်နေပါသည်။ ကျွန်တော်မျိုးမှာလည်း သက်ရွယ်ကြီးရင့် အိုမင်းခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိနေပါပြီ။[၈]

(ထိုရောကာလ) ထိုအရှင်မြတ်က (ကောင်းကင် တမန်မှတစ်ဆင့် ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ ဤအတိုင်းပင်ဖြစ်ပေမည်။ (အို-ဇကရီယာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ဤသည် ငါအရှင်မြတ်အဖို့အလွန် လွယ်ကူကြောင်း၊ ၎င်းပြင် ဇကနမလွဲ ငါအရှင်မြတ်သည်ပင် ယခင်ကလည်း အသင့်အား အသင် တစ်စုံတစ်ရာမရှိခဲ့စဉ်က ဖန်ဆင်းတော်မူခဲ့ကြောင်း မိန့်ကြားတော်မူလေသတည်း။[၉] (ထိုအခါ) ယင်းဇကရီယာက အို-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၊ (သို့ဖြစ်ပါလျှင်) အရှင်မြတ်သည် (ကျွန်တော်မျိုး၏ ဇနီးမှာ သားရတနာကို ကိုယ်ဝန်ဆောင်လျက် ရှိနေကြောင်း သိနိုင်အံ့သောငှာ) သက်သေ လက္ခဏာ တစ်ရပ်ရပ်ကို ကျွန်တော်မျိုးအား ပြုလုပ်သတ်မှတ်၍ ပေးတော်မူပါဟု လျှောက်ထား ပန်ကြားပြန်လေ၏။ (သို့ဖြစ်ပေရာ) ထိုအရှင်မြတ်က (အို-ဇကရီယာ) အသင်သည် သုံးညဉ့်တိတိ

(တစ်ဆက်တည်း) လူတို့နှင့် စကားမပြောနိုင်ခြင်းသည်ပင် အသင့်အဖို့ (အသင်၏ ဇနီး ၌ ကိုယ်ဝန်ရှိနေကြောင်း) သက်သေလက္ခဏာ ဖြစ်သည်ဟူ၍ မိန့်ကြားတော်မူခဲ့ပေသတည်း။[၁၀]

ထို့နောက် ယင်းဇကရီယာသည် ဝတ်ပြုနေရာမှ မိမိအမျိုးသားတို့ ရှေ့ဝယ်ထွက်ခဲ့ပြီး လျှင် အသင်တို့သည် နံနက်ယံ၌လည်းကောင်း၊ ညဉ့်ဦးယံ၌လည်းကောင်း၊ (အလ္လာဟ် အရှင်မြတ် သန့်ရှင်း စင်ကြယ်တော်မူကြောင်း) တတ်စ်ဗီဟ် ဆိုကြလေကုန်ဟု (လက်ရိပ် ဖြင့်) ညွှန်ခဲ့လေသတည်း။[၁၁]

အို-ယဟ်ယာ၊ အသင်သည် ကျမ်းဂန်ကို စွဲမြဲစွာကိုင်ထားလော့(ဟု မိန့်ကြားတော်မူ ခဲ့၏။) စင်စစ်သော်ကား ငါအရှင်မြတ်သည် ယင်းယဟ်ယာအား ကလေးဘဝ၌ပင် ဉာဏ် အမြော်အမြင်ကို ချီးမြှင့် ပေးသနားတော်မူခဲ့ပေသည်။[၁၂] ထိုနည်းတူစွာ မိမိအထံ တော်မှ အကြင်နာတရားကိုလည်းကောင်း၊ သန့်ရှင်းစင်ကြယ်မှုကိုလည်းကောင်း(ချီးမြှင့် တော်မူခဲ့၏)။ ထင်း ပြင် ယင်းယဟ်ယာသည် (ပြစ်မှုဒုစရိုက်တို့မှ) အလွန် ရှောင်ရှားသူပင် ဖြစ်ခဲ့ပေသည်။ [၁၃] ထို့ပြင် မိမိ၏ မိဘနှစ်ပါးအား အလွန်ကျေးဇူးပြုတတ်သူလည်း ဖြစ်ခဲ့၏။ ထို့ပြင် မာန်မာန ထောင်လွှားသူ၊ အမိန့်တော်ကို ဇီဆန်သူ မဖြစ်ခဲ့ပေ။[၁၄] ထိုမှတစ်ပါး ထိုယဟ်ယာ၏အပေါ်၌ ယင်းဖွားမြင်ခဲ့သည့်နေ့တွင် လည်းကောင်း၊ ကွယ် လွန်သေဆုံးမည့် နေ့တွင်လည်းကောင်း၊ အသက်ရှင်လျက် ထရမည့်နေ့တွင်လည်း ကောင်း၊ (ငါအရှင်မြတ် အထံတော်မှ) ငြိမ်းချမ်းသာယာမှု (ဘေးရန်ကင်းငြိမ်းမှု)သည် ကျရောက်ပါစေသတည်း။ [၁၅]

အကျယ်ဖွင့်ဆိုခြင်း

ကျမ်းမြတ်ကုရ်အာန်ထဲ၌ စူရဟ်မရ်ယမ်အား စူရဟ်ကဖ်၏နောက်၌ ဆက်တိုက်ဖော်ပြရခြင်းမှာ စူရဟ်နှစ်ခု တွင် အချို့သောတူညီမှုများကြောင့် ဖြစ်ဟန်ရှိပါသည်။ စူရဟ်ကဖ်ထဲ၌ အချို့သော တစ်မူထူးခြားသည့် ဖြစ်ရပ်တိုလေး များ ပါဝင်သကဲ့သို့ စူရဟ်မရ်ယမ်ထဲ၌လည်း ထူးဆန်းသည့် အဖြစ်အပျက်အချို့ပါဝင်ပါသည်။

كٓهٰيٰعٓصٓ ဟူသောစာများသည် အရဗီဘာသာရပ်၌ **حروف مُقطعه** (ဟုရုဖ်မုကတ်တူအဟ်)ဟု ခေါ်ဆို ပါသည်။ ယင်း၏ အဓိပ္ပာယ်သည် **مُتَشَابِهَات** ကဲ့သို့ပင် အလ္လာဟ်အရှင်တစ်ပါးတည်းသာ သိတော်မူပါသည်။ လူအများသည် ယင်းတို့၏ အဓိပ္ပာယ်ကို ကြိုးစား စူးစမ်းရှာဖွေခြင်း မပြုသင့်ပေ။

نِدَآءً خَفِيًّا (တီးတိုးစွာ) (၁၉း၃)ဟူသည်က ကျွန်ုပ်တို့အား ပြောသည်မှာ "အလ္လာဟ်အရှင်အား တိုးလျှိုး တောင်းခံရန်အတွက် ဒုအာတောင်းဆုပြုရာတွင် တီးတိုးစွာ ပြုလုပ်ခြင်းသည် သာလွန်၍ ကောင်းမွန်ပါသည်" ဟူ၍ ဖြစ်သည်။ စအဒ်အိဗနိ အဗီဝက္ကားစွ်၏ ဆင့်ပြန်ချက်တစ်ခုထဲ၌ တမန်တော်မြတ်ﷺ တစ်ချိန်က မိန့်ကြားခဲ့သည်မှာ-

ان خير الذكر الخفي، وخير الرزق ما يكفي

"အလ္လာဟ် အရှင်မြတ်ထံ အကောင်းဆုံး ဒုအာတောင်းဆိုနည်းမှာ အသံတီးတိုးစွာဖြင့် ပြုလုပ်ခြင်းသည် မုချ ဇကာန် အကောင်းဆုံးဖြစ်ပါသည်။ ထင်းနောက် အကောင်းဆုံးစားနပ်ရိက္ခာဆိုသည်မှာ တစ်စုံတစ်ဦး၏ လိုအပ်ချက်ကို လုံလောက်စေခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ လိုအပ်သည်ထက် များလည်းမများရပါ။ (ကုရ်တုဗီ)

اِنِّیۡ وَهَنَ الۡعَظۡمُ مِنِّیۡ وَاشۡتَعَلَ الرَّاۡسُ شَیۡبًا

(တစ်ဖန်) ယင်းဇကရီယာသည် (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်၊ ဇကနစင်စစ် ကျွန်တော်မျိုး၏အရိုးများမှာ အားအင်ချည့်နဲ့၍ နေပါပြီ။ ၎င်းပြင် (ကျွန်တော်မျိုး၏) ဦးခေါင်းမှာလည်း ဆံဖြူများကြောင့် (ဖြူဖွေး) တောက်ပလျက် ရှိနေပါပြီ။(၁၉း၄)

အရိုးများ ရင့်ရော်ခြင်းကြောင့် လူသား၏ခန္ဓာကိုယ်သည် ချည့်နဲ့လာပါသည်။ အဘယ်ကြောင့်ဆိုသော် အရိုးများသည် ခန္ဓာကိုယ်အား ကြံ့ကြံ့ခိုင်ခိုင်နှင့် တည့်တည့်မတ်မတ် ဖြစ်စေပါသည်။ အရိုးများ အားနည်းလာသောအခါ၌ ကိုယ်ခန္ဓာတစ်ခုလုံး ချည့်နဲ့သွားပါတော့သည်။

اشتعال၏ စာပေဝေါဟာရအရ အဓိပ္ပာယ်မှာ ရုတ်တရက် မီးထတောက်ခြင်း ဟူ၍ ဖြစ်ပါသည်။ ဤနေရာ၌ ဤစကားလုံးအား တူညီသောကိစ္စနှစ်ရပ်အတွက် ယှဉ်ဖော်ပြသည့်အနေဖြင့် သုံးစွဲထားပါသည်။ ယင်းမှာ ခေါင်းပေါ်ဆံပင်ဖြူများရှိနေခြင်းကို မီးတောက်၏အလင်းရောင်နှင့် တူစေပါသည်။

ဒုအာတောင်းဆုပြုရာ၌ တစ်စုံတစ်ဦး၏ လိုအပ်ချက်များကို ဖော်ပြခြင်းသည် မုစ်သဟပ်(နှစ်သက်ဖွယ်)ဖြစ်ပါသည်။

ဤနေရာ၌ စိုက်ယိဒိနာ ဇကရိယာ ﷺသည် သူ ဒုအာတောင်းဆိုမှု မပြုလုပ်မီ သူ၏အရိုးများကို ရည်ညွှန်းကာ သူ၏ အားအင်ချည့်နဲ့မှုနှင့် အသက်အရွယ် ကြီးရင့်မှုကို ဖော်ပြခဲ့ပါသည်။ ဤကဲ့သို့ ဖော်ပြရခြင်း၏အကြောင်းတစ်ခုမှာ ဘာသာပြန်ဆိုရာ၌ ထောက်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းမှာ သူ၏ အသက်အရွယ်ကြီးရင့်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ချည့်နဲ့မှုဟူသော ထူးဆန်းသည့်အခြေအနေတွင် သားသမီးတစ်ဦး ရရှိစေရန် တောင်းဆိုခြင်းသည် မလျော်ကန်ပါ။ သူ၏ အကျယ်ဖွင့်ဆိုချက်ထဲ၌ အိမာမ်ကုရ်တုဗီက နောက်ထပ် အချက်တစ်ချက် ဖော်ပြထားသည်မှာ ဒုအာတောင်းဆိုမှုဖြင့် လက်ခံရန် ဖြစ်နိုင်ချေ ရှိရန်အတွက် တစ်စုံတစ်ဦး၏ ချည့်နဲ့မှု၊ နုံချာမှုနှင့် မပြည့်စုံမှုတို့ကို ဖော်ပြခြင်းက ပိုမိုကောင်းမွန်ပါသည်ဟူ၍ ဖြစ်သည်။ ဤအကြောင်းကြောင့် ဘာသာရေးပညာရှင်များက တစ်စုံတစ်ဦးသည် အလွှာဟ်အရှင်မြတ်၏ ကောင်းချီးများနှင့် သူ၏လိုအပ်ချက်များကို သူဒုအာမတောင်းမီအလျင် ပြန်လည်သတိရသင့်သည်ဟု အလေးအနက် ပြုထားသည်။

مَوالی သည် **مولی**၏ ဗဟုဝုစ်ကိန်းဖြစ်ပါသည်။ ဤစကားလုံးသည် အရဗီဘာသာစကား၌ အဓိပ္ပာယ် မြောက်မြားစွာရှိကာ တစ်ခုမှာ ညီအစ်ကိုဝမ်းကွဲတော်စပ်ခြင်း သို့မဟုတ် ဖခင်ဘက်မှဆွေမျိုးဟူ၍ ဖြစ်ပါသည်။ ဤနေရာ၌ ဤ စကားလုံးအား ဖခင်ဘက်ကဆွေမျိုးဟူသော အဓိပ္ပာယ်ဖြင့် သုံးစွဲထားပါသည်။

တမန်တော်များ၏ အမွေအနှစ်ပစ္စည်းများကို အမွေမဆက်ခံနိုင်ပါ။

یَّرِثُنِیۡ وَیَرِثُ مِنۡ اٰلِ یَعۡقُوۡبَ

ထိုသားရတနာ၊ အမွေစားအမွေခံသည် ကျွန်တော်မျိုး၏ အရိုက်အရာဆက်ခံသူလည်း ဖြစ်ပါစေ။ (နဗီ တမန်တော်)ယအ်ကူပ်၏ သားမြေးတို့၏ အရိုက်အရာဆက်ခံသူလည်း ဖြစ်ပါစေ။ (၁၉း၆)

သာသနာ့ပညာရှင်အားလုံးတို့က သဘောတူညီကြသည်မှာ ဤနေရာပါ အမွေဆက်ခံခြင်းဟူသည်မှာ ပစ္စည်းဥစ္စာ အမွေဆက်ခံခြင်းဟု မဆိုလိုပါ။ အဘယ်ကြောင့်ဆိုသော် ပထမဦးစွာ အနေဖြင့် စိုက်ယိဒိနာ ဇကရိယာတွင်

များစွာသော ဥစ္စာဓနများ ရှိသည်ဆိုကြောင်း အတည်ပြုထားခြင်း မရှိပါ။ ထို့ကြောင့် မည်သူ အမွေဆက်ခံရမည်ဆိုသည့် ကိစ္စ မပေါ်ပေါက်ပါ။ ဒုတိယအနေဖြင့် သူသည် ထိုကဲ့သို့သောကိစ္စရပ်များတွင် ပူပင်သောကရောက်စေခြင်းဆိုသည်မှာ တမန်တော်တစ်ပါး၏ မြင့်မားသောအဆင့်အတန်းနှင့် လိုက်လျောညီထွေမှုမရှိပါ။ ၎င်းပြင် တတိယအနေဖြင့် သာသနာ့ပညာရှင်များအားလုံး တညီတညွတ်တည်း လက်ခံထားသော တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်တစ်ရပ်မှာ-

إن العلماء ورثة الأنبياء، وان الانبياء لم يورثوا دينارا ولا درهما انما ورثوا العلم، فمن اخذه اخذ بحظ وافر. (رواه احمد وأبوداؤد وابن ماجة والترمذى)

တကယ်ဆိုရသော် အသိပညာကြွယ်ဝသော (သာသနာ့)ပညာရှင်တို့သည် တမန်တော်များ၏ အမွေစား အမွေခံများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်များသည် ဥစ္စာဓနများ ချန်ရစ်မထားခဲ့ကြပါ။ သူတို့၏ အမွေစားအမွေခံအဖြစ် ချန်ရစ်ခဲ့သည်များသည် အသိပညာသာ ဖြစ်ပါသည်။ တစ်စုံတစ်ဦး အသိပညာရရှိပါက သူသည် အလွန်ကြီးကျယ်လှသော ကံကြမ္မာရရှိခြင်းဖြစ်သည် ဟူ၍ဖြစ်သည်။

အထက်ပါ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို ရှီအာဝိဂ်းဝင်တို့၏ ကျော်ကြားလှသော အလ်ခုလိုင်နီ ကျမ်းထဲနှင့် အလ်ကာဖီကျမ်းများထဲတွင် မှတ်တမ်းတင်ထားခဲ့ပါသည်။ ဆွဟီးဟ်အလ်ဗုခါရီကျမ်းပါ စိုက်ယိဒဟ် အာအိရှာဟ် f ၏ ဆင့်ပြန်ချက်ထဲ၌ တမန်တော်မြတ်ﷺမိန့်ကြားသည်မှာ-

لانورث، ماتركنا صدقة

"မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်တို့၏ (တမန်တော်များ၏) ဥစ္စာဓနများကို မဆက်ခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ချန်ရစ်ခဲ့သော ဥစ္စာဓနများသည် ဆွဒကဟ်(အလှူအတန်း)အတွက်သာ ဖြစ်သည်" ဟူ၏။

အာယသ်ထဲမှာပင် **يَّرِثُنِيْ وَيَرِثُ مِنْ اٰلِ يَعْقُوْبَ** ၁၉း၆ ဟူသည်၏နောက်၌ **يَّرِثُنِيْ** ကို ထပ်ဆောင်းထားခြင်းအားဖြင့် ဤနေရာပါ အမွေဆက်ခံခြင်းဟူသည်မှာ ပစ္စည်းဥစ္စာမဟုတ် ဆိုသည့်အယူအဆကို အတည်ပြုပါသည်။ အဘယ်ကြောင့်ဆိုသော် သားဖြစ်သူ စိုက်ယိဒိနာ ယဟ်ယာﷺသည် စိုက်ယိဒိနာ ယအ်ကူဗ်ﷺမိသားစု၏ ဥစ္စာဓန အမွေဆက်ခံသူ မဖြစ်နိုင်ပါ။ ဖြစ်နိုင်သူသည် စိုက်ယိဒိနာ ယအ်ကူဗ်ﷺ၏ အနီးစပ်ဆွေမျိုးများသာ ဖြစ်နိုင်ပါသည်။ ဆွေမျိုး တော်စပ်မှုဝေးသော သူတို့အား ဆွေမျိုးနီးစပ်သူများရှိပါလျက်နှင့် အမွေတစ်စိတ်တစ်ဒေသ ပေးခြင်းသည် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့် ဆန့်ကျင်ပါသည်။

လူသိများသော ရှီအာပညာရှင်ဖြစ်သည့် အလ်ခုလိုင်နီ၏ အလ်ကာဖီကျမ်းမှ ရူဟုလ်မအာနီကျမ်းက အောက်ပါအတိုင်း ကိုးကားထားပါသည်။

عن ابى البخترى عن ابى عبد الله قال: إن سليمان ورث داؤد وإن محمدا صلى الله عليه وسلم ورث سليمان.

စိုက်ယိဒိနာ စုလိုင်မာန်ﷺသည် စိုက်ယိဒိနာဒါဝူဒ်ﷺ၏ အမွေစားအမွေခံ ဖြစ်ပါသည်။ တမန်တော်မြတ် ﷺ သည် စိုက်ယိဒိနာ စုလိုင်မာန်ﷺ၏ အမွေစား အမွေခံ ဖြစ်ပါသည်။

တမန်တော်မြတ်ﷺသည် စိုက်ယိဒိနာ စုလိုင်မာန်ﷺထံမှ မည်သည့် ဥစ္စာဓနအမွေ မရရှိခဲ့သကဲ့သို့ စိုက်ယိဒိနာ စုလိုင်မာန်ﷺသည်လည်း စိုက်ယိဒိနာဒါဝူဒ်ﷺထံမှ မည်သည့် ဥစ္စာဓနအမွေ မရရှိခဲ့ ဆိုသည်မှာ ထင်ရှားပါသည်။ ဤနေရာ၌ ရည်ညွှန်းထားမှုသည် အလ္လာဟ့်တမန်တော်များအားလုံး ပိုင်ဆိုင်သည့် အသိဉာဏ်ပညာပင် ဖြစ်ပါသည်။

لَمْ نَجْعَلْ لَّهٗ مِنْ قَبْلُ سَمِيًّا

ယခင်က ငါအရှင်မြတ်သည် ယင်းယဟ်ယာနှင့် နာမည်တူသူ တစ်ဦးတစ်ယောက် ရှိစေတော်မူခဲ့သည် မဟုတ်ချေ။ (၁၉း၇)

سمی စမီန်ဟူသောစကားလုံးသည် "နာမည်တူသောသူ" ဟူ၍ အဓိပ္ပာယ်သက်ရောက်သည်။ ယင်းစကားလုံးက "ဆင်တူသည်" ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်သည်။ ဤနေရာ၌ အကယ်၍ ပထမအဓိပ္ပာယ်ကို ကောက်ယူခဲ့ပါလျှင် အာယသ်တော်ကညွန်းသည်မှာ သူ့အလျင်က ယဟ်ယာဟူသောအမည်ဖြင့် တစ်ယောက်မှမရှိ ဟူ၍ဖြစ်ပါသည်။ ဤအချက်က ညွှန်းသေးသည်မှာ သူတွင်ရှိသော အချို့သော ဂုဏ်သတ္တိများကို သူ့အလျင်ရှိ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ပေးထားခြင်းမရှိပါ။ အကယ်၍ ကျွန်ုပ်တို့သည် စမီးမ်၏ ဒုတိယအဓိပ္ပာယ်ကို ကောက်ယူခဲ့မည်ဆိုလျှင် ယင်းက ဆိုလိုနိုင်သည်မှာ အချို့သောသူ၏အရည်အသွေးများနှင့် အခြေအနေများသည် သူတွင်သာ သီးသန့်ရှိပြီး အခြား မည်သည့်တမန်တော်တွင်မှ မရှိပါ။ ၎င်းပြင် ဤအထူးအရည်အသွေးများ ပိုင်ဆိုင်သောကြောင့် သူသည် ပြိုင်စံရှားဖြစ်ပါသည်။ ပမာဆိုသော် သူ၏ လောကီစည်းစိမ်များ (**حَصُوْر**)ကို စွန့်လွှတ်ခြင်းနှင့် ငြင်းပယ်ခြင်းတို့ဖြစ်ပါသည်။ သို့သော်လည်း ထိုသည်များကြောင့် သူသည် သူ့အလျင်ရှိ တမန်တော်များတို့ထက် သာလွန်သည်ဟု မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် စိုက်ယိဒိနာ အိမ်ရာဟီမ် ခလီလုလ္လာဟ်ﷺနှင့် စိုက်ယိဒိနာ မူစာကလီမုလ္လာﷺတို့သည် သူထက် သာလွန်သည်ဆိုကြောင်း အတည်ပြုပြီးဖြစ်ကာ လူသိလည်း များလှပါသည်။

عِتِيًّا ဟူသောစကားလုံးသည် **عتو** မှ ဆင်းသက်လာသည်။ ဆိုလိုရင်းမှန်ကား "မတုံ့ပြန်" သို့မဟုတ် "ခံစားမှုမရှိ" ဟူ၍ဖြစ်သည်။ လက်ရှိစာသားထဲတွင် ယင်းက အရိုးများ အဆစ်ခန်းခြောက်ခြင်းကို ဆိုလိုသည်။ **سَوِيًّا** သည် ကျန်းမာရေးကောင်းသူကို ဆိုလိုသည်။ ဤစကားလုံးကို ဤနေရာတွင် ထည့်ထားရခြင်း၌ စိုက်ယိဒိနာ ဇကရိယာﷺသည် သုံးရက်တိုင် စကားပြောဆိုနိုင်စွမ်း မရှိခြင်းသည် မည်သည့်ရောဂါကြောင့်မျှ မဟုတ်ဟူသည်ကို ဖော်ထုတ်ရန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤသုံးရက်လုံးလုံး သူဒုအာတောင်းဆိုသည့် စကားလုံးများ မြွက်ကြားနိုင်ပါသည်။ ဤထူးခြားသည့် အခြေအနေမှာ ၎င်း၏ဇနီးသည်တွင် ကိုယ်ဝန်ရှိနေကြောင်း အလ္လာဟ်အရှင်မြတ်ဘက်မှ လာရှိသည့် မုအ်ဂျိဇ်ဇာတ်နှင့် သက်သေလက္ခဏာတစ်ရပ်ဖြစ်သည်။ **حَنَانًا** ဟူသောစကားလုံး၏ စာပေဝေါဟာရ ဆိုလိုရင်းမှာ နှလုံးသားနူးညံ့ခြင်း၊ ကြင်နာခြင်းနှင့် သနားခြင်းတို့ဖြစ်သည်။ ဤအရည်အသွေးများကို စိုက်ယိဒိနာ ယဟ်ယာﷺအား အထူးသဖြင့် ပေးအပ်ထားသည်။

အာယသ် (၁၆-၂၁)

وَاذْكُرْ فِي الْكِتٰبِ مَرْيَمَ ۘ اِذِ انْتَبَذَتْ مِنْ اَهْلِهَا مَكَانًا شَرْقِيًّا ﴿١٦﴾
فَاتَّخَذَتْ مِنْ دُوْنِهِمْ حِجَابًا ۖ فَاَرْسَلْنَآ اِلَيْهَا رُوْحَنَا فَتَمَثَّلَ لَهَا بَشَرًا
سَوِيًّا ﴿١٧﴾ قَالَتْ اِنِّيْٓ اَعُوْذُ بِالرَّحْمٰنِ مِنْكَ اِنْ كُنْتَ تَقِيًّا ﴿١٨﴾ قَالَ اِنَّمَآ
اَنَا رَسُوْلُ رَبِّكِ ۖ لِاَهَبَ لَكِ غُلٰمًا زَكِيًّا ﴿١٩﴾ قَالَتْ اَنّٰى يَكُوْنُ لِيْ غُلٰمٌ وَّلَمْ
يَمْسَسْنِيْ بَشَرٌ وَّلَمْ اَكُ بَغِيًّا ﴿٢٠﴾ قَالَ كَذٰلِكِ ۚ قَالَ رَبُّكِ هُوَ عَلَيَّ هَيِّنٌ ۚ وَ
لِنَجْعَلَهٗٓ اٰيَةً لِّلنَّاسِ وَرَحْمَةً مِّنَّا ۚ وَكَانَ اَمْرًا مَّقْضِيًّا ﴿٢١﴾

ထင်ပြင် (အို-နဗီတမန်တော်) အသင်သည် (ဤကုရ်အာန်)ကျမ်းတော်မှ မရ်ယမ်(၏ အတ္ထုပ္ပတ်) အကြောင်းကို ဖတ်ကြားပါလေ။ တစ်ရံရောအခါဝယ် ယင်းမရ်ယမ်သည် မိမိအိမ်သူအိမ်သားတို့ထံမှ ခွဲခွာ၍ အရှေ့ဘက်၌ရှိသော အခန်းတစ်ခန်းသို့ သွားခဲ့လေသည်။[၁၆] တစ်ဖန် ယင်းမရ်ယမ်သည် ထိုအိမ်သူအိမ်သားတို့ (မမြင်နိုင်ရန်) ကန့်လန့်ကာတစ်ခု ချခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်းမရ်ယမ်၏ထံသို့ မိမိ၏ အထူးကောင်းကင်တမန်ကို စေလွှတ်တော်မူခဲ့လေသည်။ ထိုအခါ ယင်းကောင်းကင်တမန်သည် ထိုမရ်ယမ်၏အရှေ့ဝယ် ပကတိလူသားတစ်ယောက်၏ အသွင်ဖြင့် ကိုယ်ထင်ပြခဲ့၏။[၁၇] ထိုအခါ ယင်းမရ်ယမ်က (ထိုကောင်းကင်တမန်အား အကယ်စင်စစ် လူထင်မှတ်၍ ဤသို့)ပြောကြား ခဲ့သည်မှာ အကယ်၍ အသင်သည် သူတော်စင်တစ်ဦး ဖြစ်ခဲ့မူ ကျွန်ုပ်သည် အသင်(၏ ဘေးအန္တရာယ်)မှ (လွတ်ကင်းအံ့သောငှာ) "ရဟ်မာန်" အနန္တ ကရုဏာတော်ရှင်ထံတော်၌ အကာအကွယ်ယူပါ၏။[၁၈] (ထိုအခါ) ယင်းကောင်းကင်တမန်က(အို-မရ်ယမ်)ကျွန်ုပ်သည်အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ စေတမန်သာလျှင်ဖြစ်ပေသည်။ ကျွန်ုပ်သည် အသင့်အား စင်ကြယ် သန့်ရှင်း အပြစ်ကင်းသော သားရတနာတစ်ပါးကို ပေးရန်သာလျှင် (လာရခြင်း)ဖြစ်သည်ဟု ပြောကြားခဲ့လေသည်။[၁၉] ထိုအခါ ယင်းမရ်ယမ်က (အို-ကောင်းကင်တမန်) စင်စစ် ကျွန်ုပ်အား မည်သည့်လူသားတစ်ဦး တစ်ယောက်မျှပင် ထိတွေ့ခဲ့ဖူးသည်လည်း မရှိပါဘဲလျက်လည်းကောင်း၊ ကျွန်ုပ်သည် အကျင့်မကောင်းသူတစ်ဦးလည်း မဖြစ်ပါဘဲလျက်လည်းကောင်း အသို့လျှင် ကျွန်ုပ်မှာ သားရတနာ ထွန်းကားနိုင်အံ့နည်းဟု ပြန်ပြောခဲ့လေသည်။[၂၀] ယင်းကောင်းကင်တမန်က (ဤသို့) ဖြေကြားခဲ့လေသည်။ (အို - မရ်ယမ်) ဤအတိုင်းပင်ဖြစ်ပေမည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က "ဤသည်ကား ငါအရှင်မြတ်၌ အလွန်လွယ်ကူလှကြောင်း၊ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ယင်းသားရတနာအား လူတို့အဖို့ သက်သေလက္ခဏာတစ်ရပ်အဖြစ် လည်းကောင်း၊ ငါအရှင်မြတ်အထံတော်မှ ကရုဏာတော်အဖြစ်လည်းကောင်း ပြုလိုတော်မူကြောင်း၊ ဤသည် စီရင်ဆုံဖြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ပင်ဖြစ်ကြောင်း မိန့်ကြားတော်မူလေသတည်း။[၂၁]

အကျယ်ဖွင့်ဆိုခြင်း

انْتَبَذَتْ ဟူသောစကားလုံးသည် **نَبَذَ** မှ ဆင်းသက်ကာ "လွှင့်ပစ်ခြင်း" သို့မဟုတ် "စွန့်ပစ်ခြင်း" ဟု ဆိုလိုသည်။ ထို့ကြောင့် **انْتَبَذَتْ** ၏အဓိပ္ပာယ်မှာ လူစုလူဝေးမှ ရှောင်ခွာခြင်းဖြစ်သည်။ **مَكَانًا شَرْقِيًّا** က သူမသည် အရှေ့ဘက် မျက်နှာမူသော အိမ်တွင်းရှိ ထောင်တစ်ထောင့်တွင် သီးသန့်နေထိုင်သည်ကို ဖော်ညွှန်းသည်။ အိမ်၏ သီးသန့်ထောင့်တစ်နေရာသို့ ပြောင်းရွှေ့သွားခြင်း၏ ရည်ရွယ်ချက်ကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။ အချို့က သူမ ရေချိုးရန် ရွှေ့သွားသည်ဟု ပြောကြသကဲ့သို့ အချို့ကမူ ဆွေလာသံဝတ်ပြုလေ့ရှိရာတွင် အိမ်၏အရှေ့ဘက် သီးသန့်ထောင့်တွင် လုပ်လေ့ရှိရာ ယင်းထောင့်သို့ ရွှေ့သွားခြင်းဖြစ်သည်ဟု ပြောကြသည်။ ကုရ်တုဗီသည် ဒုတိယ

ရှင်းလင်းချက်ကို ပိုမိုနှစ်သက်ကြောင်း မှတ်ချက်ပေးခဲ့သည်။ စိုက်ယိဒိနာ အိဗနိ အဗွားစ်ﷺ၏အဆိုအရ ဤသည်ကြောင့် ခရစ်ယာန်များက သူတို့ ဝတ်ပြုဆောက်တည်ရာတွင် အရှေ့ဘက် မျက်နှာမူရန် နှစ်သက်ခဲ့ကြသည်။ ထို့ပြင် အရှေ့ဘက်မျက်နှာမူခြင်းအား အလေးအမြတ် ထားကြသည်။

فَأَرْسَلْنَآ إِلَيْهَا رُوحَنَا

"ထို့နောက် ငါအရှင်မြတ်သည် ယင်း(မရိယမ်)၏ထံသို့ ငါအရှင်မြတ်၏ကောင်းကင်တမန်ကို စေလွှတ်တော်မူခဲ့သည်။" (၁၉း၁၇)

ပညာရှင်အများစုက **رُوحَ** ဝိညာဉ်ဆိုသည်မှာ စိုက်ယိဒိနာ ဂျိဗရာအီလ်ﷺကို ရည်ညွှန်းသည်ဟူသော အယူအဆကို စွဲကိုင်ထားကြသည်။ သို့သော်လည်း အချို့ပညာရှင်များကမူ ဤသည်မှာ စိုက်ယိဒိနာ အီစာﷺ ကိုပင် ရည်ညွှန်းသည်ဟု ဆိုကြသည်။

အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒါဟ်မရိယမ်ﷺ ရှေ့မှောက်၌ သူမမွေးဖွားလာမည့် သားငယ်နှင့်တူသော သူကို ထားရှိတော်မူခဲ့သည်။ သို့သော်လည်း ပထမအဆိုသည် ဆီလျော်ကာ ဆက်တိုက်ဖော်ပြမည့်အဆိုက ယင်းကို အတည်ပြုထားခဲ့သည်။ ယင်းမှာ-

فَتَمَثَّلَ لَهَا بَشَرًا سَوِيًّا

"ထိုအခါ ကောင်းကင်တမန်သည် ထိုမရိယမ်၏ရှေ့ဝယ် ပကတိလူသားတစ်ယောက်၏အသွင်ဖြင့် ကိုယ်ထင်ပြခဲ့၏။" ၁၉း၁၇

လူသားတစ်ဦးသည် ကောင်းကင်စေတမန်တစ်ဦးကို အစစ်အမှန် အသွင်သဏ္ဌာန်ဖြင့် မမြင်ရနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ပကတိအသွင် တွေ့မြင်ရလျှင် လူသားသည် ကြောက်စိတ်ဖြင့် လွှမ်းမိုးသွားလိမ့်မည်။ ဤသို့ပင် တမန်တော်မြတ်ﷺသည် ဟီရာလိုဏ်ဂူထဲတွင် စိုက်ယိဒိနာ ဂျိဗရာအီလ်ﷺကို ပထမဆုံး တွေ့ဆုံစဉ်ကလည်းကောင်း၊ နောက်ပိုင်းတွင် စိုက်ယိဒါဟ်မရိယမ်ﷺ၏ရှေ့မှောက် ရောက်စဉ်ကလည်းကောင်း မကြောက်ရွံ့ကြစေရန် လူသားအသွင် ရောက်စေခဲ့ခြင်းဖြစ်သည်။ စိုက်ယိဒါဟ်မရိယမ်ﷺသည် သူမအနီးတွင် အမျိုးသားတစ်ဦးကို တွေ့ရှိခဲ့သော အခါတွင် ထိုသူ၏ရည်စူးချက်နှင့်ပတ်သက်၍ စိုးရိမ်ပြီးပြောသည်မှာ **إِنِّيٓ أَعُوذُ بِٱلرَّحْمَٰنِ مِنكَ** "ကျွန်ုပ်သည် အသင်(၏ ဘေးအန္တရာယ်)မှ (လွတ်ကင်းအံ့သောငှာ) 'ရဟ်မာန်' ကရုဏာတော်ရှင်ထံတော်၌ အကာအကွယ်ယူပါ၏" (၁၉း၁၈) ဟူ၍ ဖြစ်သည်။ အချို့တင်ပြချက်များတွင် စိုက်ယိဒိနာ ဂျိဗရာအီလ်ﷺသည် သူမပြောကြားခဲ့သည်တွင် အလ္လာဟ်အရှင်၏နာမတော်ကို ကြားသိရသောအခါ အရှင်မြတ်အား အရိုအသေပေးသည့်အနေဖြင့် နောက်သို့ အနည်းငယ်ဆုတ်သွားခဲ့သည် ဟူ၍ ဖြစ်သည်။

إِن كُنتَ تَقِيًّا

"အကယ်၍ အသင်သည် သူတော်စင်တစ်ဦးဖြစ်ခဲ့မူ" (၁၉း၁၈)

ဤစကားများသည် အကူအညီမဲ့သူတစ်ဦးသည် ရက်စက်ကြမ်းကြုတ်သော ဖိနပ်သူတစ်ဦးနှင့် တွေ့ဆုံရာတွင် အကယ်၍ ထိုရက်စက်သူသည် ယုံကြည်သက်ဝင်သူတစ်ဦးဖြစ်ခဲ့လျှင် အကူအညီမဲ့သူကို နှိပ်စက်ကလူပြုခြင်းမှ ရပ်ဆိုင်းစေလိုသည့်သဘောဖြင့် ပြောဆိုသောစကားဖြစ်ပေသည်။ ရည်ရွယ်ချက်မှာ စိုက်ယိဒါဟ်မရိယမ်ﷺသည် သူမရှေ့တွင်ရပ်နေသော အမျိုးသားတစ်ဦးအသွင်ဖြစ်သည့် စိုက်ယိဒိနာ ဂျိဗရာအီလ်ﷺကို အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့သင့်၍ မကောင်းမှုလုပ်ရပ်မှ ရှောင်ကြဉ်ရန် တောင်းပန်ခဲ့ခြင်းဖြစ်သည်။။ အတိုချုပ်မှာ **إِن كُنتَ تَقِيًّا**

"အကယ်၍ အသင်သည် သူတော်စင်တစ်ဦးဖြစ်ခဲ့မူ" (၁၉း၁၈) အသုံးအနှုန်းသည် အလ္လာဟ်အရှင့်ထံမှ ခိုလှုံမှုရရန် ရှာဖွေရာတွင် ကြိုတင်ကန့်သတ်ချက်မဟုတ်ဘဲ သူမ ဒိုအာဆုမွန်တောင်းခံမှု ပို၍ အကျိုးသက်ရောက်ကာ လက်ခံနိုင်စေရန်ဖြစ်သည်။ ဋီကာရှင်အချို့ကပြောကြသည်မှာ ဤအသုံးအနှုန်းကို အလေးအနက်ပြုရန် သုံးနှုန်းထားသည်။ ဆိုလိုသည်မှာ အကယ်၍ အသင်သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခဲ့လျှင် (သူတော်စင်တစ်ပါးဖြစ်ခဲ့လျှင်) ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ကာကွယ်မှုကို တောင်းခံအပ်ပါသည်။ အကယ်၍ အသင်သည် အလ္လာဟ်အရှင်မြတ်ကို မကြောက်ရွံ့လျှင် (သူတော်စင်တစ်ဦးမဟုတ်လျှင်) ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်ထံမှ ခိုလှုံခွင့်ကို ပို၍ ပြင်းပြင်း ထန်ထန် တောင်းခံပါလိမ့်မည် ဟူ၍ဖြစ်သည်။ (မဇ်ဟရီ)

لِّأَهَبَ لَكِ غُلٰمًا "ကျွန်ုပ်သည် အသင့်အား စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သားရတနာတစ်ပါးကို ပေးရန် သာလျှင်" ၁၉း၁၉ ဤနေရာတွင် စိုက်ယိဒိနာ ဂျိဗရာအီလ်ﷺသည် သားတော်တစ်ပါး ရစေသော လက်ဆောင်ရခြင်းမှာ သူ၏ ဂုဏ်ထူးဝိသေသကြောင့် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် သူ့ကို သူမ၏ ညှာပ်ရိုးနှစ်ခုကြား မှုတ်သွင်းရန်စေလွှတ်ခဲ့သည်။ စင်စစ်မှာ ဤသားရတနာရစေခြင်းသည် အလ္လာဟ်အရှင့်ထံတော်မှ လုပ်ဆောင်မှု ဖြစ် တော်မူသည်။

အာယသ် (၂၂-၂၆)

فَحَمَلَتْهُ فَانْتَبَذَتْ بِهٖ مَكَانًا قَصِيًّا ﴿٢٢﴾ فَاَجَآءَهَا الْمَخَاضُ اِلٰى جِذْعِ
النَّخْلَةِ ۚ قَالَتْ يٰلَيْتَنِيْ مِتُّ قَبْلَ هٰذَا وَ كُنْتُ نَسْيًا مَّنْسِيًّا ﴿٢٣﴾
فَنَادٰىهَا مِنْ تَحْتِهَآ اَلَّا تَحْزَنِيْ قَدْ جَعَلَ رَبُّكِ تَحْتَكِ سَرِيًّا ﴿٢٤﴾ وَ هُزِّيْٓ
اِلَيْكِ بِجِذْعِ النَّخْلَةِ تُسٰقِطْ عَلَيْكِ رُطَبًا جَنِيًّا ﴿٢٥﴾ فَكُلِيْ وَ اشْرَبِيْ وَ قَرِّيْ
عَيْنًا ۚ فَاِمَّا تَرَيِنَّ مِنَ الْبَشَرِ اَحَدًا ۙ فَقُوْلِيْٓ اِنِّيْ نَذَرْتُ لِلرَّحْمٰنِ صَوْمًا
فَلَنْ اُكَلِّمَ الْيَوْمَ اِنْسِيًّا ﴿٢٦﴾

ထို့နောက် ယင်းမရိယမ်သည် ထိုသားရတနာကို ကိုယ်ဝန်ဆောင်ခဲ့လေသည်။ ထို အခါ ယင်းမရိယမ်သည် ထိုကိုယ်ဝန်နှင့်အတူ ဝေးလံသောနေရာတစ်ခုသို့ ရှောင်သွားခဲ့ လေသည်။[၂၂] ထို့နောက် သားဖွားခြင်း၏ဝေဒနာသည် ထိုမရိယမ်အား စွန့်ပလွှဲပင် (တစ်ပင်)ရှိရာသို့ ဆောင်ကြဉ်းသွားခဲ့လေသည်။ ထိုအခါ ယင်း မရိယမ်က ဩော်-ဖြစ်ရ လေခြင်း၊ ငါသည် ဤသို့ (ဖမဲ့သားကို) မဖွားမီ သေဆုံးခဲ့ပါလျှင်လည်းကောင်း၊ လုံးဝ မေ့ပျောက် စွန့်ပစ်ထားပြီးဖြစ်ခဲ့ပါလျှင် လည်းကောင်း ကောင်းလေစွတကားဟု ညည်း ညူ မြည်တမ်းခဲ့လေသည်။[၂၃] ထိုအခါ ယင်းမရိယမ်အား ၎င်းရှိရာအောက်နားမှ (ထို စွန့်ပလွှဲပင်အောက်မှ) ကောင်းကင်တမန်က (ဤသို့) ပြောကြားခဲ့လေသည်။ (အို-မရိယမ်) အသင်မသည် စိတ်မပူလေနှင့်။ ဇကန်စင်စစ် အသင်မအား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်သည် အသင်မ၏ အောက်၌ပင် ချောင်းတစ်ခုကို ဖြစ်ပေါ်စေ

တော်မူလေပြီ။[၂၄] ထိုမှတစ်ပါး အသင်မသည် စွန်ပလွံပင်၏ပင်မကို မိမိဘက်သို့ (ဆွဲ၍)လှုပ်ပါလျှင် စိမ်းစိုလတ်ဆတ်သော စွန်ပလွံသီးများသည် အသင်မ၏ရှေ့ဝယ် ကြွေကျလာပါလိမ့်မည်။[၂၅] ထိုအခါ အသင်မသည် (ထိုစွန်ပလွံသီးများကို)စားသုံး၍ (ထိုချောင်းမှရေကို)သောက်သုံးပါလေ။ ၎င်းပြင် မျက်စိကို ကြည်လင်စေပါလေ။ တစ်ဖန် အကယ်၍ အသင်သည် လူသားတစ်ဦးတစ်ယောက်ကို တွေ့ခဲ့ပါမူ ဇကာန်အမှန် ကျွန်မသည် ရဟ်မာန် အနန္တကရုဏာတော်ရှင်အား ရည်စူး၍ ဥပုသ်သီလဆောက်တည်ရန် အဓိဋ္ဌာန်ပြုထားပြီးဖြစ်ရာ ကျွန်မသည် ယနေ့မည်သည့်လူသားတစ်ဦးတစ်ယောက်နှင့်မျှ အလျှင်း စကားပြောဆိုမည် မဟုတ်ကြောင်း ပြောကြားပါလေ။[၂၆]

အကျယ်ဖွင့်ဆိုခြင်း

သေချင်သည့်ဆန္ဒနှင့်ပတ်သက်သော အဓိန့်ပညတ်ချက်

အကယ်၍ သူမသေလိုသည့်ဆန္ဒသည် သူမကို ဝန်းရံထားသည့် အခြေအနေများ လွှမ်းမိုးမှုကြောင့် စိတ်အခြေအနေသည်ဆူဖီများခေါ်လေ့ရှိသည့် غلبة الحال ဂလဗဟ်သုလ်ဟားလ်'ရောက်သွားသောကြောင့်ဆိုလျှင်ကား သူမကို ခွင့်လွှတ်နိုင်သည်။ သို့ရာတွင် အကယ်၍ သေချင်သည့်ဆန္ဒသည် ဘာသာရေးဆိုင်ရာ တွေးတောဆင်ခြင်မှုကြောင့်ဆိုလျှင် ယင်းသည်လည်း သူဟာနှင့်သူသည် မျှတမှန်ကန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူအများက သူမအကြောင်း မကောင်းပြောကြမည်ကို စိုးရိမ်ကာ သည်းမခံနိုင်ဖြစ်လိမ့်မည်။ ဤသည်ကြောင့် သူမသည် သည်းခံနိုင်မှုမရှိဟူသော ပြစ်မှုဂုနာဟ် ကျူးလွန်သည့်သဘော သက်ရောက်ကာ သေခြင်းတရားသာလျှင် ဤသို့ခက်ခဲသော အခြေအနေတစ်ရပ်မှ သူမကို ကယ်တင်နိုင်ပေလိမ့်မည်။

နှုတ်ဆိတ်နေမည်ဟု ကျိန်ဆိုခြင်း(ဝစီပိတ်)ကို အစွလာမ့်ဥပဒေက တားမြစ်ပိတ်ပင်သည်

အစွလာမ်ဘာသာ မပေါ်ထွန်းမီက နှုတ်ဆိတ်နေခြင်း(ဝစီပိတ်)သည် ခဝပ်ကိုးကွယ်သည့် ပုံစံတစ်မျိုး ဖြစ်သည်။ ထို့ပြင် ဤသို့ ဥပုသ်သီလ ဆောက်တည်သူများသည် နေဝင်မှနေထွက် စကားမပြောရချေ။ အစွလာမ်ဘာသာသည် ဤဥပုသ်သီလကို ပယ်ဖျက်၍ မကောင်းသောစကား၊ လိမ်လည်ခြင်းနှင့် အတင်းပြောခြင်းမှ ရှောင်ရှားရန် မပြုမနေရ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ အစွလာမ်ဘာသာတွင် သာမန်စကားပြောဆိုခြင်းမှ ရှောင်ခြင်းသည် ခဝပ်ကိုးကွယ်မှုပုံစံတစ်ရပ်မဟုတ်သဖြင့် ဆိတ်ဆိတ်နေရန် ကျိန်ဆိုမှုကို ခွင့်မပြုချေ။ အဗူဒါဝူဒ်ﷺက တမန်တော်မြတ်ﷺ၏ အောက်ဖော်ပြပါ ဟဒီးဆ်တစ်ပုဒ်ကို တင်ပြထားခဲ့သည်။

لا يتم بعد احتلام، ولا صمات يوم الى الليل

ယင်းက ဆိုလိုသည်မှာ အရွယ်ရောက်ပြီးသော ကလေးတစ်ဦးသည် ဖခင်သေဆုံးသွားပါက သူ့ကို ဖတဆိုးကလေးဟု မသတ်မှတ်ပါ။ ထို့ပြင် ဖတဆိုးကလေးများနှင့် ပတ်သက်သည့်ဥပဒေများသည်လည်း ၎င်းနှင့် မသက်ဆိုင်တော့ပါ။ ထို့နောက် နေထွက်မှ နေဝင်ထိ ဆိတ်ဆိတ်နေခြင်းသည် အစွလာမ်ဘာသာတွင် ခဝပ်ကိုးကွယ်သည့် ပုံစံမဟုတ်ချေ။ (ဤဟဒီးဆ်ကို အတ်စ်စုယူတွန်နှင့် အလ်အဇီဇီတို့က ဟစန်ဟု သတ်မှတ်ခဲ့ကြသည်။)

သူမအား စွန်ပလွံသီးများစားရန် ညွှန်ကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဆေးပညာအရ ရေနှင့် စွန်ပလွံသီး သုံးစွဲမှုသည် မီးဖွားရာတွင် နာကျင်မှုကို ပျောက်ကင်းစေသည်ဟု အတည်ပြုထားသည်။

အမျိုးသားတစ်ဦးနှင့် စပ်ယှက်ပေါင်းသင်းခြင်း မပြုသည့်တိုင် ကလေးရနိုင်သည် ဆိုသည်မှာ လုံးဝမဖြစ်နိုင်သောကိစ္စ မဟုတ်ချေ။

စိုက်ယိဒါဟ်မရ်ယမ်ﷺသည် ကိုယ်ဝန်ရှိပြီး ကလေးငယ်တစ်ဦး ဖွားမြင်ခဲ့သည်ဆိုခြင်းမှာ မုအ်ဂျိဇဟ် အံ့ဖွယ်တစ်ရပ်ဖြစ်သည်။ ထို့ပြင် မုအ်ဂျိဇဟ် အံ့ဖွယ်များသည် အမြင်အားဖြင့် မည်မျှပင် ဖြစ်နိုင်ဖွယ်မရှိသော်လည်း အလ္လာဟ်အရှင့်ထံတော်တွင် အရှင့်တန်ခိုးတော်တွင်မူ မဖြစ်နိုင်သည် မရှိချေ။ ထို့နောက် မဖြစ်နိုင်လေ အံ့ဖွယ်မုအ်ဂျိဇဟ်၏ သဘောသဘာဝမှာ ပိုမိုပေါ်လွင်လေ ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုအံ့ဖွယ်ရာသည် လုံးဝမဖြစ်နိုင်ဟု မမှတ်ယူရချေ။ အဘယ့်ကြောင့်ဆိုသော် ဆေးသိပ္ပံဆိုင်ရာ ကျမ်းအချို့အဆိုအရ အမျိုးသမီး အဂ်ီဇာတ်အတွင်းရှိအရည်တစ်မျိုးသည် ကလေးငယ်ကိုယ်ဝန်ဆောင်ရန်အတွက်သာလျှင် ဖြစ်သည့် အစွမ်းမဲ့အရည်မျိုး မဟုတ်ချေ။ ပြင်ပမှ သုက်ပိုးမပါဘဲလည်း ကိုယ်ဝန်ဆောင်နိုင်သည့် သတ္တရှိပေသည်ဟု ဆိုပါသည်။ ထင်ရှားကျော်ကြားသည့် ဆေးသိပ္ပံပညာရှင် အိဝနိစိနာ (အဗီစိနာ)က သူ၏အလ်ကာနူးန်ကျမ်းတွင် ဖော်ပြထားသည်မှာ သူအမည်ပေးထားသည့် 'ရာဂျာ' ဟုခေါ်သည့် ရောဂါတစ်မျိုးတွင် အပြင်မှအမျိုးသားတစ်ဦး၏သုက်ပိုးနှင့် မရောယှက်ဘဲနှင့်ပင် မပြီးပြည့်စုံသည့် ခန္ဓာကိုယ်အစိတ်အပိုင်းပါသည့် သန္ဓေသားလောင်းဖြစ်ပေါ်နိုင်သည်ဟု ဖော်ပြထားသည်။ဤစွမ်းအင်ရှိနေသမျှ ကာလပတ်လုံးဖခင်မဲ့ သန္ဓေတည်ခြင်းဆိုသည်မှာ လုံးဝမဖြစ်နိုင်ဟု မမှတ်ယူနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ပုံမှန်မဟုတ်သော အချို့အချက်များက ဤစွမ်းအင်ကို ပိုမိုတိုးပွားစေနိုင်သည်။

အာယသ်(၂၅)ထဲတွင် အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒါဟ်မရ်ယမ်ﷺ၏ ကိုယ်ပေါ် စွန်ပလွံသီးများကျရောက်ပေးနိုင်သော အစွမ်းရှိပါလျက်နှင့် စိုက်ယိဒါဟ်မရ်ယမ်ﷺကို စွန်ပလွံပင်အား လှုပ်ရန် အမိန့်ပေးခဲ့သည်။ သို့သော် ဤနေရာပါ အကြံပြုချက်မှာ တစ်စုံတစ်ဦးသည် မိမိစားဝတ်နေရေးအတွက် ကြိုးပမ်းသင့်၍ စားနပ်ရိက္ခာအတွက် ကြိုးပမ်းမှုသည် အလ္လာဟ်အရှင်မြတ်အပေါ် တစ်စုံတစ်ဦးက တဝပ်ကလ် ယုံပုံအပ်နှံမှုနှင့် မဆန့်ကျင်ချေ။

(ရူဟုလ်မအာနီ)

سَرِيًّا အာယသ် ၂၄ ပါ سرى ဟူသောစကားလုံး၏ စာပေဝေါဟာရ ဆိုလိုရင်းမှာ သေးငယ်သော တူးမြောင်းတစ်ခုဖြစ်သည်။ ထိုအချိန်တွင် စမ်းချောင်းငယ်လေးတစ်ခု စီးဆင်းစေခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ တိုက်ရိုက်အမိန့်တော်အရ ဖြစ်နိုင်သလို စိုက်ယိဒါနာ ဂျိဗရာအီလ်ﷺကြောင့်လည်း ဖြစ်နိုင်သည်။ ဤဖြစ်နိုင်ချေနှစ်ခုစလုံးကို ထောက်ခံသည့် တင်ပြချက်များရှိသည်။ ဤနေရာ၌ မှတ်သားထိုက်သည်မှာ စိုက်ယိဒါဟ်မရ်ယမ်ﷺအား ဖြေသိမ့်မှုဖြစ်စေသည့် နည်းလမ်းများဖော်ပြရာတွင် ရေကို ဦးစွာပထမ ဖော်ပြ၍ စွန်ပလွံသီးကို စားစရာဟု ဖော်ပြထားသည်။ သို့ရာတွင် သူတို့ကို အမှန်တကယ် သုံးစွဲရာတွင်မူ အလျင်စားစေပြီးမှ သောက်စေခြင်းကို အမိန့်ပေးထားခြင်းသည် ပြောင်းပြန်ဖြစ်နေသည်။ သို့ဖြစ်နိုင်သည်မှာ ပုံမှန်အားဖြင့် လူတစ်ဦးသည် ပထမ သောက်စရာကို စီစဉ်၍ နောက်မှ အစားအစာကို စီစဉ်ပါသည်။ အထူးသဖြင့် ရေငတ်စေသော အစားအစာများအတွက်ဆိုလျှင် ရေကို ဦးစွာရစေ၍ နောက်မှစားရန် စီမံစေပါသည်။ သို့ရာတွင် အသုံးပြုရာတွင် အစီအမံသည် ပြောင်းပြန်ဖြစ်ကာ ပထမ စားပြီးမှသာ ရေသောက်ပါသည်။

(ရူဟုလ်မအာနီ)

အာယသ် (၂၇-၃၃)

فَاَتَتْ بِهٖ قَوْمَهَا تَحْمِلُهٗ ؕ قَالُوْا يٰمَرْيَمُ لَقَدْ جِئْتِ شَيْـًٔا فَرِيًّا ﴿۲۷﴾ يٰۤاُخْتَ
هٰرُوْنَ مَا كَانَ اَبُوْكِ امْرَاَ سَوْءٍ وَّ مَا كَانَتْ اُمُّكِ بَغِيًّا ﴿۲۸﴾ فَاَشَارَتْ اِلَيْهِ ؕ
قَالُوْا كَيْفَ نُكَلِّمُ مَنْ كَانَ فِى الْمَهْدِ صَبِيًّا ﴿۲۹﴾ قَالَ اِنِّىْ عَبْدُ اللّٰهِ ۖ اٰتٰنِىَ
الْكِتٰبَ وَ جَعَلَنِىْ نَبِيًّا ﴿۳۰﴾ وَّ جَعَلَنِىْ مُبٰرَكًا اَيْنَ مَا كُنْتُ ۪ وَ اَوْصٰنِىْ
بِالصَّلٰوةِ وَ الزَّكٰوةِ مَا دُمْتُ حَيًّا ﴿۳۱﴾ وَّ بَرًّا بِوَالِدَتِىْ ۫ وَ لَمْ يَجْعَلْنِىْ جَبَّارًا
شَقِيًّا ﴿۳۲﴾ وَ السَّلٰمُ عَلَىَّ يَوْمَ وُلِدْتُّ وَ يَوْمَ اَمُوْتُ وَ يَوْمَ اُبْعَثُ حَيًّا ﴿۳۳﴾

ထိုနောက် ထိုမရိယမ်သည် ယင်းသားရတနာကို (မိမိ ရင်ခွင်ဝယ်)ပွေ့ချီလျက် မိမိ အမျိုးသားတို့ထံ လာခဲ့လေ၏။ (ထိုအခါ) ယင်းအမျိုးသားတို့က (ကျိသို့) ပြောကြားခဲ့ကြ ကုန်၏။ အို-မရိယမ်၊ အသင်မသည် အလွန်ဆိုးဝါးလှသောပြစ်မှုကို ကျူးလွန်ခဲ့သည် တကား။[၂၇] အို-ဟာရွန်၏နှမ၊ အသင်မ၏ ဖခင်မှာလည်း အကျင့်မကောင်းသူ မဟုတ် ခဲ့ပေ။ အသင်မ၏ မိခင်မှာလည်း အကျင့်ပျက်သူတစ်ဦး မဟုတ်ခဲ့ချေတကား။[၂၈] ထို အခါ ထိုမရိယမ်သည် ထိုသားရတနာကို ညွှန်ပြခဲ့လေရာ ယင်းအမျိုးသားတို့က (အို-မရိယမ်) အကျွန်ုပ်တို့သည် ပုခက်တွင်းဝယ် ကလေး(ဘဝ၌)ပင်ရှိနေသေးသော သူငယ် နှင့် အသို့လျှင် စကားပြောဆိုကြရအံ့နည်းဟု ပြောဆိုခဲ့ကြလေသည်။[၂၉] (ထိုအခါ)၊ ယင်း(ပုခက်တွင်းမှ) ကလေးသူငယ်(အီစာ)က (ကျိသို့စကား) ပြောဆို(ဖြေကြား)ခဲ့လေ ၏။ "ဇကာမလွဲ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ကျွန်သာလျှင် ဖြစ်ပေသည်။ ထို အရှင်မြတ်သည် ကျွန်ုပ်အား (ကုန်ကျီလ်)ကျမ်းဂန်ကို ချီးမြှင့် ပေးသနားတော်မူခဲ့လေ သည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား နဗီတမန်တော်အဖြစ်လည်း ချီးမြှောက် တော်မူခဲ့ပေသည်။[၃၀] ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား မည်သည့်နေရာ၌မဆို ကျွန်ုပ်ရှိနေစေကာမူ ဗရိကသ်မင်္ဂလာနှင့်ပြည့်စုံသူ ပြုလုပ်တော်မူခဲ့ပေသည်။ ထိုမှ တစ်ပါး ထိုအရှင်မြတ်သည် ကျွန်ုပ်အား အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး ဆွေလာတ်ဝတ်ပြုရန်လည်းကောင်း၊ ဇကာတ်ပေးဆောင်ရန်လည်းကောင်း အမိန့်ပေး တော်မူခဲ့လေသည်။[၃၁] ထိုမှတစ်ပါး (ထိုအရှင်မြတ်သည် ကျွန်ုပ်အား) ကျွန်ုပ်၏မိခင်ကို ကောင်းစွာပြုစု ကျေးဇူးပြုတတ်သူလည်း (ဖြစ်စေတော်မူခဲ့၏။) ၎င်းပြင် ထိုအရှင်မြတ် သည် ကျွန်ုပ်အား မာန်မာထောင်လွှားသူ၊ အကြောင်းမလှသူ အဖြစ်လည်း ပြုလုပ်တော် မမူခဲ့ချေ။[၃၂] ထို့ပြင် ကျွန်ုပ်၏အပေါ်၌ ကျွန်ုပ် မွေးဖွားခဲ့သည့်နေ့၌ လည်းကောင်း၊ ကျွန်ုပ် သေဆုံးမည့်နေ့၌ လည်းကောင်း၊ ကျွန်ုပ် ရှင်ပြန်ထစေခြင်း ခံရမည့်နေ့၌ လည်း ကောင်း (အလ္လာဟ်အရှင်မြတ်အထံတော်မှ) ငြိမ်းချမ်းသာယာမှုသည် ကျရောက်ပါစေ သတည်း။[၃၃]

အကျယ်ဖွင့်ဆိုခြင်း

فَأَتَتْ بِهِۦ قَوْمَهَا تَحْمِلُهُۥ

"ၔင်းနောက် ထိုမရ်ယမ်သည် ယင်းသားရတနာကို (မိမိ ရင်ခွင်ဝယ်)ပွေ့ချီလျက် မိမိ အမျိုးသားတို့ထံ လာခဲ့လေ၏။" (၁၉း၂၇)

ဤစကားလုံးများက အကြံပြုသည်မှာ အလွှာဟ်အရှင်မြတ်သည် စိုက်ယိဒါဟ်မရ်ယမ်ﷺကို ဂုဏ်သိက္ခာ ကျစေခြင်းမှ ကာကွယ်လိမ့်မည်ဟူသည့် သဘာဝလွန်သော အညွှန်းများဖြင့် နှစ်သိမ့်မှုအရ မွေးကင်းစကလေးနှင့်အတူ သူမသည် သူမအိမ်သို့ ပြန်လာခဲ့သည်။ မီးဖွားပြီးနောက် အိမ်ပြန်လာခဲ့သောအချိန်နှင့် ပတ်သက်၍ အိဗနိ အဗ္ဗားစ်ﷺမှ တစ်ဆင့် အိဗနိ အဆာကီးရ်က ဆင့်ပြန်ခဲ့သည်မှာ မီးဖွားပြီးနောက် ရက်ပေါင်းလေးဆယ်နေပြီးမှ သူမအိမ်သို့ ပြန်လာခဲ့သည်ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ နီဖွားစ်ကာလ ပြီးဆုံးပြီးမှ ဖြစ်သည်။ (နီဖွားစ်ဆိုသည်မှာ မီးဖွားပြီး သွေးဆင်းသော ကာလဖြစ်သည်။) (ရှုဟုလ်မအာနီ)

شَيْـًٔا فَرِيًّا "အလွန်ဆိုးရွားလှသော မှုပြစ်ကို" (၁၉း၂၇) အရဗီဘာသာစကားတွင် **فَرِيٌّ** စကားလုံးသည် ဖြတ်တောက်ခြင်းကို သော်လည်းကောင်း၊ တစ်စစီကုပ်၊ စုတ်ဖြဲသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ထိုစကားလုံးကို ဖြတ်ခြင်း၊ တောက်ခြင်းများစွာပါဝင်သော အလုပ်တစ်ခုကို ဖော်ပြရာတွင် သုံးနှုန်းသည်။ သို့သော်လည်း အဗူဟိုင်ယမ်ကပြောသည်မှာ **فَرِيٌّ** ဟူသောစကားလုံးသည် သဘာဝ နှင့်ဆန့်ကျင်သော တစ်မူထူးခြားသော ပေါ်လွင်ထင်ရှားမှု ဖြစ်သော မည်သည့်အရာကိုမဆို ဆိုလိုသည်။ ထို့ပြင် ယင်း စကားလုံးကို ကောင်းသည့်အဓိပ္ပာယ်နှင့် ဆိုးသည့်အဓိပ္ပာယ် နှစ်မျိုးစလုံးအတွက် သုံးနှုန်းနိုင်သည်။ လက်ရှိစာသားတွင် ယင်းစကားလုံးကို ကြောက်မက်ဖွယ်တစ်စုံတစ်ရာကို ဖော်ပြရန် သုံးနှုန်းသည်။ ထို့ကြောင့် စာသားထဲ၌ ယင်းစကားလုံးကို "အလွန်ဆိုးရွားလှသောပြစ်မှု"ဟုသာ ဘာသာပြန်ထားသည်။ အများအားဖြင့် ဤစကားလုံးကို အဆုံးစွန် ဆိုးဝါး၍ ပျက်စီးယိုယွင်းသော အရာများအတွက် သုံးနှုန်းသည်။

يَٰٓأُخْتَ هَٰرُونَ (အို-ဟာရွန်၏နှမ) (၁၉း၂၈) စိုက်ယိဒိနာဟာရွန်ﷺသည် စိုက်ယိဒိနာမူစာﷺ၏ ညီဖြစ်၍ အဆွေခင်ပွန်းလည်းဖြစ်သည်။ ထို့ပြင် စိုက်ယိဒါဟ် မရ်ယမ်ﷺအလျင် ရာစုနှစ်ပေါင်းများစွာကပင် ကွယ်လွန်သွားခဲ့သည်။ အာယသ် ၂၈ထဲတွင် စိုက်ယိဒါဟ်မရ်ယမ်ﷺအား စိုက်ယိဒိနာဟာရွန်ﷺ၏ညီမဟု ဦးတည်ပြောကြားခြင်းသည် စာပေသဘော အဓိပ္ပာယ်အတိုင်း မဟုတ်သည်မှာ ထင်ရှားသည်။ ဤသည်ကိုလည်း တမန်တော်မြတ်ﷺက စိုက်ယိဒိနာ မုဂီရာဟ် အိဗနိ ရှုအ်ဗာဟ်ﷺအား နဂျ်ရာန်ရှိ လူများဆီသို့ ကိုယ်တော်မြတ်၏ သံတမန်အဖြစ် စေလွှတ်ခဲ့ရာတွင် စိုက်ယိဒိနာဟာရွန်ﷺသည် စိုက်ယိဒါဟ်မရ်ယမ် ﷺ၏ အလျင်ကာလ ရှည်ကြာစွာကပင် သေဆုံးခဲ့ပြီးဖြစ်ပါလျက်နှင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် စိုက်ယိဒါဟ်မရ်ယမ် ﷺကို စိုက်ယိဒိနာဟာရွန်ﷺ၏ညီမဟု အဘယ့်ကြောင့်ရည်ညွှန်းရသနည်းဟု မေးမြန်းခဲ့သည့် အဖြစ်အပျက်က ထောက်ခံထားသည်။ စိုက်ယိဒါဟ်မုဂီရာဟ်ﷺသည် ဤမေးခွန်း၏ အဖြေကို မသိခဲ့ပါ။ ထို့ကြောင့် သူ့အဖွဲ့သည် ပြန်လည်ရောက်ရှိလာသောအခါ တမန်တော်မြတ်ﷺထံ အဖြစ်အပျက် အလုံးစုံကို တင်ပြခဲ့ပါသည်။ ယင်းနှင့်ပတ်သက်၍ တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်မှာ တမန်တော်များ၏ အမည်များကို ဆက်ခံမှည့်ခြင်း၊ ၎င်းတို့နှင့် ဆွေမျိုးတော် စပ်သည်ဟု ပြောဆိုခြင်းသည် ဗရ်ကသ်(ကောင်းချီးမင်္ဂလာ)များ ရရှိစေနိုင်သောကြောင့် ဤလုပ်ရပ်ကို ယုံကြည်သက်ဝင်သူ အီမာန်ရှင်များက အများအားဖြင့် လုပ်လေ့ရှိသည့် လုပ်ရပ်ဖြစ်ကြောင်းကို အသင်အဘယ်ကြောင့် သူတို့ကို မပြောခဲ့သနည်း ဟူ၍ဖြစ်သည်။

(အဟ်မဒ်၊ မုစ်လင်မ်၊ သိရ်မိဇီ၊ နစာအီကျမ်း)

တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို အဓိပ္ပာယ်နှစ်မျိုး ဖွင့်ဆိုနိုင်သည်။ တစ်နည်းကား စိုက်ယိဒါဟ်မရိယမ်ﷺက စိုက်ယိဒိနာဟာရွန်ﷺနှင့် ဆွေမျိုးတော်စပ်သည်ဟု ဖော်ပြခြင်းမှာ သူမသည် သူ၏မျိုးရိုးမှ ဆင်းသက်လာခဲ့သည်။ ထို့ပြင် အာရပ်များ၏ဓလေ့တစ်ခုမှာ လူတစ်ဦးသည် သူဘိုးဘေးဘီဘင်များနှင့် တွဲဖက်စေခြင်းဖြစ်သည်။ ပမာဆိုသော် သမီးမ်မျိုးနွယ်စုဝင်တစ်ဦးကို အခ်ဟာသမီးမ်သော်လည်းကောင်း၊ သမီးမ်များ၏ ညီအစ်ကိုတော်များဟုလည်းကောင်း ခေါ်ဆိုပါလိမ့်မည်။ သို့တည်းမဟုတ် အာရဗ်လူမျိုးတစ်ဦးကို အခ်ယာအာရဗ်ဟု ဦးတည်ပြောကြားပေလိမ့်မည်။ တစ်နည်း ဆိုလိုသည်မှာ ဟာရွန်ဆိုသည်မှာ စိုက်ယိဒိနာမူစာﷺ၏ ညီသော်လည်းကောင်း၊ မိတ်ဆွေခင်ပွန်းကိုသော်လည်းကောင်း မရည်ညွှန်းချေ။ သို့သော်လည်း စိုက်ယိဒါဟ်မရိယမ်ﷺ၏ အစ်ကိုကို ရည်ညွှန်းသည်။ ထိုအစ်ကိုကို တမန်တော်ဟာရွန်ﷺအား ကြည်ညိုလေးစား၍ ဟာရွန်ဟု အမည်မှည့်ထားသည်။ ဒုတိယအဓိပ္ပာယ်ဖွင့်ဆိုချက်အရ **يٰٓاُخْتَ هٰرُوْنَ** "ဟာရွန်၏နှမ" ဟူသောအသုံးအနှုန်းသည် **اُخْتَ** (ညီမ)စကားလုံး၏ အသုံးအနှုန်းသည် စာပေဝေါဟာရနှင့် အလွန် ကိုက်ညီသည်။

مَا كَانَ اَبُوْكِ امْرَاَ سَوْءٍ

"အသင်မ၏ဖခင်မှာလည်း အကျင့်မကောင်းသူ မဟုတ်ခဲ့ပေ။" (၁၉း၂၈)

ဤစကားလုံးများက ညွှန်းဆိုသည်မှာ ဖြောင့်မတ်မှန်ကန်၍ ဘုရားတရား ကိုင်းရှိုင်းရှိသေသော ဆွေစဉ်မျိုးဆက်မှ ဆင်းသက်လာသူ တစ်စုံတစ်ယောက်သည် ပြစ်မှုဂုနာဟ် ကျူးလွန်ခဲ့ပါက ပြစ်မှုပမာဏသည် သာမန်လူတစ်ယောက် ကျူးလွန်ခဲ့သော ပြစ်မှုပမာဏထက် ပိုမိုကြီးမားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကျူးလွန်ခဲ့သော အပြစ်က ဖြောင့်မတ်မှန်ကန်သော သူ့အကြီးအကဲများ၏ နာမည်ကို ပျက်စေပါသည်။ ဤသည်ကြောင့် ဘုရားတရား ကြည်ညိုလေးစားသူများမှ ဆင်းသက်လာသောသူတို့သည် ဖြောင့်မတ်မှန်ကန်သည့်လုပ်ရပ်ကောင်းများတွင် အထူးကြိုးပမ်းအားထုတ်မှု ပြုလုပ်သင့်၍ တစ်ချိန်လုံး အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေနေရပေမည်။

اِنِّیْ عَبْدُ اللّٰهِ "ကျွန်ုပ်သည် အလွှာဟ်အရှင်မြတ်၏ ကျွန်သာလျှင် ဖြစ်ပေသည်။" (၁၉း၃၀) တင်ပြချက်တစ်ခုတွင် စိုက်ယိဒါဟ်မရိယမ်ﷺသည် စိုက်ယိဒိနာအီစာﷺ နို့တိုက်ကျွေးနေစဉ် သူမ အိမ်သူအိမ်သားများသည် မြည်တွန်တောက်တီး ပြစ်တင်ပြောဆိုခဲ့ကြပါသည်။ အီစာﷺသည် ၎င်းတို့၏ စွပ်စွဲချက်ကို ကြားသိ ရသောအခါတွင် နို့စို့ခြင်းကို ရပ်စဲလိုက်ကာ ထိုသူများနှင့် မျက်နှာချင်းဆိုင်ရန် ဘယ်ဘက်သို့စောင်းငဲ့၍ လက်ညှိုးထိုး၍ **اِنِّیْ عَبْدُ اللّٰهِ** ယင်းမှာ အလွှာဟ်အရှင်မြတ်၏ ကျွန်သာလျှင် ဖြစ်ပေသည်ဟု ပြောဆိုခဲ့လေသည်။ ဤနည်းဖြင့် သူ ပထမဆုံး ပြောကြားသည့်စကားလုံးများက ၎င်းမွေးဖွားလာခြင်းသည် မုအ်ဂျိဇာဟ်တစ်ရပ်ဖြစ်သော်လည်း သူမှာ ဘုရားမဟုတ် အလွှာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးသာဖြစ်ကြောင်း ရှင်းလင်းစေပါသည်။ ဤသည်က သူ၏ အံ့ဖွယ်မွေးဖွားလာမှုအရ လူအများက သူ့ကို ဘုရားတစ်ဆူအနေဖြင့် ကိုးကွယ်ခြင်းဖြစ်နိုင်ချေကို ထာဝရပယ်ဖျက်ပြီး ဖြစ်ပေသည်။

اٰتٰنِیَ الْكِتٰبَ وَ جَعَلَنِیْ نَبِیًّا

ထိုအရှင်မြတ်သည် ကျွန်ုပ်အား (အင်နဂျီလ်)ကျမ်းကို ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား နဗီတမန်တော်အဖြစ်လည်း ချီးမြှောက် တော်မူခဲ့လေသည်။ (၁၉း၃၀)

ဤစကားလုံးများထဲတွင် စိုက်ယိဒိနာအီစာﷺသည် လူမမယ်ကလေးဘဝမှာပင် အနာဂတ်၌ တမန်တော်ဖြစ်မည့်အကြောင်းနှင့် အလွှာဟ်အရှင်မြတ်က သူ့ကို မြင့်မြတ်သောကျမ်းတစ်စောင် ချပေးသနားမည့်အကြောင်း

ကြိုတင်ကြေညာခဲ့သည်။ မည်သည့်တမန်တော်ကိုမျှ သက်တော်လေးဆယ်မတိုင်မီ တမန်တော်ဖြစ်ခြင်းနှင့် မြင့်မြတ်သောကျမ်းစာ ပေးသနားတော်မူလိမ့်မည် မဟုတ်သောကြောင့် သူ၏ ဤကြိုတင်ကြေညာချက်က ထိုက်သင့် လျောက်ပတ်သည့်အချိန်၌ သူ့ကို တမန်တော်ဖြစ်ခြင်းနှင့် ကျမ်းစာပေးသနားခြင်း ခံရမည့်အကြောင်း ကြိုတင်သတင်းပေးခြင်းဖြစ်သည်။ အလားတူ တမန်တော်မြတ်ﷺသခင်က မိန့်သည်မှာ အာဒမ်ﷺသခင်ကို ဖန်ဆင်းခြင်းမပြုမီကပင် တမန်တော်အဖြစ် ကိုယ်တော်မြတ်အား အပ်နှင်းခြင်းခံရသည်။ ဤသည်က ပြသသည်မှာ စိုက်ယိဒိနာ မုဟမ္မဒ် အလ်မုစ်သွဖာﷺအား တမန်တော်အဖြစ် အပ်နှင်းသည့်ကတိတော်သည် ခိုင်မြဲ၍ နောက်ဆုံးဖြစ်သည်။ ဤနေရာ၌လည်း ဖြစ်ပျက်သည့်ကိစ္စသေချာ၍ တမန်တော်ဖြစ်ခြင်း၏ အပ်နှင်းမှုကို အတိတ်ကာလဖြင့် ရည်ညွှန်းထားသည်။ သူ့အနာဂတ် တမန်တော်ဖြစ်ခြင်းကို ကြေညာခြင်းဖြင့် စိုက်ယိဒိနာအီစာﷺသည် လူအများ၏ ဒွိဟသံသယကို ပယ်ထုတ်စေပါသည်။ ထို့ပြင် သူမိခင်ကို ကာမသုမိဆ္ဆာစာရက် ကျူးလွန်သည်ဟု စွပ်စွဲထားချက်ကိုလည်း လွတ်ကင်းစေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတမန်တော်တစ်ပါး ဖြစ်ခြင်းကပင်လျှင် သူ့မွေးဖွားလာမှုမှာ ရှက်ဖွယ် ပြစ်တင်မှုများမှ ကင်းစင်ကြောင်း သက်သေပြပြီး ဖြစ်သည်။

وَاَوْصٰنِیْ بِالصَّلٰوةِ وَالزَّكٰوةِ

"ကျွန်ုပ်အား အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး ဆွေလာတ်ဝတ်ပြုရန်လည်းကောင်း၊ ဇကာတ် ပေးဆောင်ရန်လည်းကောင်း အမိန့်ပေးတော် မူခဲ့လေသည်။" (၁၉း၃၁)

اوصَانِی ဟူသောစကားလုံးသည် **وَصِیَّة** (ဝစ္ဆီယာဟ်)ဟူသောစကားလုံးမှ ဆင်းသက်လာကာ သာမန်အားဖြင့် သေတမ်းစာဖြင့် အမွေပေးခြင်းဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် အမိန့်တစ်ခုထုတ်ရာတွင် သုံးစွဲလျှင် ယင်းစကားလုံးသည် လေးနက်သောအမိန့်ဟု ရည်ညွှန်းသည်။ ထို့နောက် ယင်းကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်တစ်ရပ်ကို အလေးအနက်ပြုရာတွင် သုံးနှုန်းထားသည်။ ဤသည်ကြောင့် ယင်းကို စာသားထဲတွင် 'အမိန့်ပေးသည်' ဟု ဘာသာ ပြန်ထားသည်။ ဤနေရာတွင် စိုက်ယိဒိနာအီစာﷺက ပြောခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းကို ဆွေလာသ်ဝတ်ပြုဆောက်တည်မှုများနှင့် မပေးမနေရဇကားသ်အလှူဒါနကြေးပေးဆောင်စေရန် အမိန့်ပေးထားခဲ့သည်။ ရည်ရွယ်သည်မှာ ဤကိစ္စနှစ်ခုစလုံးကို လုံ့လဝီရိယကြီးစွာဖြင့် ဆောင်ရွက်ရမည်ဟူ၍ ဖြစ်ပေသည်။ ဆွေလာသ်နှင့် ဇကားသ်တို့သည် စိုက်ယိဒိနာအာဒမ်ﷺမှစတင်၍ နောက်ဆုံး တမန်တော်မြတ် မုဟမ္မဒ်ﷺထိတိုင် တမန်တော်အားလုံး၏ ရှရီအသ်(ဥပဒေများ)တွင် မပြုမနေရ ခဝပ်ကိုးကွယ်မှုနှစ်ရပ်ပုံစံအဖြစ် အမိန့်ပေးထားသည်။ သို့သော်လည်း ၎င်းတို့၏ အသေးစိတ်များမှာမူ ကိုဓဥပဒေများ ကွဲပြားခြားနားကြပါသည်။ စိုက်ယိဒိနာအီစာﷺ၏ ရှရီအသ်တရားတော်တွင် ဆွေလာသ်ဝတ်ပြုခြင်းနှင့် ဇကားသ်ပေးခြင်းကိုလည်း မပြုမနေရ သတ်မှတ်ထားသည်။ စိုက်ယိဒိနာအီစာﷺသည် မည်သည့်အခါကမျှ မချမ်းသာမကြွယ်ဝ ဆိုသည်မှာ မှန်ကန်သည်။ သူတွင် အိုးပိုင်အိမ်ပိုင် မရှိသကဲ့သို့ ရုပ်ဝတ္ထုဆိုင်ရာကြွယ်ဝမှုလည်း မရှိသည်မှာ ထင်ရှားသည်။ သို့ဆိုလျှင် အဘယ်ကြောင့် ၎င်းကို ဇကားသ်ဒါနကြေး ပေးဆောင်ရန် အမိန့်ပေးခဲ့ရသနည်း။ အဖြေမှာ ဤအမိန့်သည် ယေဘုယျ အကျုံးဝင်ကာ မည်သူမဆို ဥစ္စာဓန၏အဆင့်(နိဆ္ဆာဗ်) **نصاب** တစ်ရပ် ပိုင်ဆိုင်ခဲ့လျှင် ၎င်းသည် ဇကားသ်ဒါနကြေး ပေးဆောင်ရပါမည်။ ဤအမိန့်သည် စိုက်ယိဒိနာအီစာﷺကို လည်း သက်ဆိုင်စေပါသည်။ ဆိုလိုသည်မှာ မည်သည့်အချိန်၌မဆို သူသည် လက်ဝယ်ရှိဥစ္စာဓနမှာ သတ်မှတ်ထားသော နိဆ္ဆာဗ်မီခဲ့လျှင် သူသည် ဇကားသ်ပေးရန် လိုအပ်ပေသည်။ သို့သော်လည်း သူ၏ဥစ္စာဓနသည် နိစ္စာဗ် အောက်တွင် တစ်သက်လုံး ရှိနေခဲ့လျှင် သူသည် ဇကားသ်ဒါနကြေးကို မည်သို့မျှ ပေးနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ဤအခြေအနေသည် ဇကားသ်နှင့်ပတ်သက်သော ယေဘုယျဥပဒေများနှင့် ဖိလာဆန့်ကျင်မှု မဖြစ်ပါ။

مَا دُمْتُ حَيًّا

"ကျွန်ုပ် အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး" (၁၉:၃၁)

ယင်းက ဆိုလိုသည်မှာ ဆွေလာသ်ဝတ်ပြုခြင်းနှင့် ဇကားသ်ဒါနကြေး ပေးဆောင်ခြင်းမှာ ထာဝရအတွက် ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ် အသက်ရှင်လျက် ရှိနေသမျှ ကာလပတ်လုံး ထမ်းဆောင်နေရမည်။ ဤနေရာ၌ ယင်းသည် ဤလောကကမ္ဘာ၏ဘဝကို ရည်ညွှန်းကြောင်း ထင်ရှားသည်။ အဘယ့်ကြောင့်ဆိုသော် ဤတာဝန်များသည် ဤကမ္ဘာတွင်သာလျှင် ထမ်းဆောင်နိုင်မည်ဖြစ်သည်။

وَّبَرًّا بِوَالِدَتِيْ

"ထိုမှတစ်ပါး (ထိုအရှင်မြတ်သည် ကျွန်ုပ်အား) ကျွန်ုပ်၏မိခင်ကို ကောင်းစွာပြုစု ကျေးဇူးပြုတတ်သူလည်း (ဖြစ်စေတော်မူခဲ့၏။)" (၁၉:၃၂)

ဤနေရာတွင် မိဘနှစ်ပါးဟု မဖော်ပြဘဲ မိခင်ဟူ၍သာလျှင် ဖော်ပြထားခဲ့သည်။ ထို့ကြောင့် သူ၏ဖခင်မပါဘဲ မွေးဖွားလာခဲ့ခြင်းသည် အံ့ဖွယ် မုအ်ဂျိဇ်ဇာတ်တစ်ရပ်ဖြစ်ကြောင်း ရည်ညွှန်းသည်။ သူ၏ အံ့ဖွယ် မွေးဖွားလာမှုကို သက်သေပြရန်အတွက် လူမမယ်ကလေးငယ်တစ်ဦးထံမှ ထိုကဲ့သို့သော ပြောဆိုမှု ထွက်ပေါ်လာခဲ့ခြင်းပင်လျှင် အံ့ဖွယ် တစ်ရပ်ဖြစ်ပေသည်။

အာယသ် (၃၄-၄၀)

ذٰلِكَ عِيْسَى ابْنُ مَرْيَمَ ۚ قَوْلَ الْحَقِّ الَّذِيْ فِيْهِ يَمْتَرُوْنَ ﴿٣٤﴾ مَا كَانَ لِلّٰهِ
اَنْ يَّتَّخِذَ مِنْ وَّلَدٍ ۙ سُبْحٰنَهٗ ؕ اِذَا قَضٰٓى اَمْرًا فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ﴿٣٥﴾
وَاِنَّ اللّٰهَ رَبِّيْ وَرَبُّكُمْ فَاعْبُدُوْهُ ؕ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ﴿٣٦﴾ فَاخْتَلَفَ
الْاَحْزَابُ مِنْۢ بَيْنِهِمْ ۚ فَوَيْلٌ لِّلَّذِيْنَ كَفَرُوْا مِنْ مَّشْهَدِ يَوْمٍ عَظِيْمٍ ﴿٣٧﴾
اَسْمِعْ بِهِمْ وَاَبْصِرْ ۙ يَوْمَ يَاْتُوْنَنَا لٰكِنِ الظّٰلِمُوْنَ الْيَوْمَ فِيْ ضَلٰلٍ مُّبِيْنٍ
﴿٣٨﴾ وَاَنْذِرْهُمْ يَوْمَ الْحَسْرَةِ اِذْ قُضِيَ الْاَمْرُ ۘ وَهُمْ فِيْ غَفْلَةٍ وَّهُمْ لَا يُؤْمِنُوْنَ
﴿٣٩﴾ اِنَّا نَحْنُ نَرِثُ الْاَرْضَ وَمَنْ عَلَيْهَا وَاِلَيْنَا يُرْجَعُوْنَ ﴿٤٠﴾

ဤသည်ကား မရိယမ်၏သားတော် အကြောင် အီစာပင်။ ယင်းမှန်ကန်သောစကားကို ပြောဆိုခဲ့လေသည်။ ၎င်းတို့သည် ထိုအီစာနှင့်ပတ်သက်၍ အငြင်းအခုံ ပြုလျက်ရှိကြကုန်သည်။ (တစ်နည်း) ဤသည် မရိယမ်၏သားတော် အီစာပင်။ (ဤသည်) အကြောင်မှန်ကန်သောစကားပင်။ ၎င်းတို့သည် ယင်းစကားနှင့်စပ်လျဉ်း၍ အငြင်းအခုံပြုလျက် ရှိကြကုန်သည်။[၃၄] သားသမီးတစ်စုံတစ်ယောက် ပြုလုပ်ခြင်းသည် အလွန်ဟာ အရှင်မြတ်နှင့် အလျှင်းမအပ်စပ်ပေ။ ထိုအရှင်မြတ်သည် (အိမ်ထောင်ပြု သားမွေးခြင်းကိစ္စတို့မှ) လုံးဝကင်းတော်မူ၏။ (အမှန်စင်စစ်) မည်သည့်အခါမဆို ထိုအရှင်မြတ်သည် အမှုကိစ္စ တစ်စုံ

တစ်ရာကို စီရင်ပြဋ္ဌာန်းတော်မူပါလျှင် ထိုအရှင်မြတ်သည် ယင်းအမှုကိစ္စကို ဖြစ်စေဟု မိန့်ကြားတော်မူရုံမျှဖြင့် ထိုအမှုကိစ္စသည် ဖြစ်သွားလေ၏။[၃၅] ၎င်းပြင် ဇကာန်အမှန် အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်အားလည်း ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အသင်တို့အားလည်း ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ ဤသည်သာလျှင် ဖြောင့်မတ်သော တရားလမ်းပင် ဖြစ်ပေသတည်း။[၃၆] ထို့နောက် ၎င်း (ခရစ်ယာန်)တို့အနက် အုပ်စုအသီးသီးတို့သည် အထင်အမြင် အယူအဆ ကွဲပြားခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ကြီးကျယ်လှစွာသော (ကိယာမတ်)နေ့ ရောက်ရှိလာသောအခါ ကာဖိရ် သွေဖည်ငြင်းပယ်သူတို့၌ (အကြီးအကျယ်) ပျက်စီးမှုသည် ရှိခဲ့သတည်း။ [၃၇] ၎င်းတို့သည် ငါအရှင်မြတ်ထံတော်သို့ လာကြသောနေ့တွင် အဘယ်မျှလောက် ကြွားသူများ၊ အဘယ်မျှလောက် မြင်သူများ ဖြစ်သွားကြအံ့နည်း။ သို့ရာတွင် ယနေ့သော်ကား မတရားကျူးလွန်သူတို့သည် အလွန်ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေကြကုန်၏။ [၃၈] ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား အမှန်စင်စစ် ၎င်းတို့သည် အလေးမမူ ဂရုမစိုက်ဘဲရှိနေကြပေရာ အကြင် ဝမ်းနည်းကြေကွဲရမည့်နေ့နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ ထိုနေ့တွင် အမှုကိစ္စ (အဝဝတို့သည် နောက်ဆုံးအနေနှင့်) စီရင်ဆုံးဖြတ်ပြီး ဖြစ်အံ့သတည်း။[၃၉] ဇကာန်မလွဲ ငါအရှင်မြတ်သာလျှင် ကမ္ဘာမြေကို လည်းကောင်း၊ ယင်းကမ္ဘာမြေဝယ် ရှိသမျှတို့ကိုလည်းကောင်း အမွေခံ(ဝါ) နောက်ဆုံး ပိုင်ဆိုင်တော်မူသော အရှင်မြတ်အဖြစ် ကျန်ရစ်တော်မူမည်။ ထိုမှတစ်ပါး ၎င်းတို့သည် ငါအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြရမည်သာတည်း။[၄၀]

အကျယ်ဖွင့်ဆိုခြင်း

ذَٰلِكَ عِيسَى ابْنُ مَرْيَمَ

"ဤသည်ကား မရ်ယမ်၏သားတော် အကြင်အခြာပင်။" (၁၉း၃၄)

စိုက်ယိဒိနာအီစာ ﷺ အပေါ် သက်ဝင်ယုံကြည်မှု၌ ဂျူးနှင့်ခရစ်ယာန်များသည် ဆန့်ကျင်ဘက် အဆုံးစွန်များဆီသို့ ရောက်သွားကြသည်။ ခရစ်ယာန်များက သူ့ကို မည်မျှအဆင့်အထိ ကြည်ညိုသနည်းဆိုလျှင် ၎င်းကို အလွှာဟ်သားတော်ဟုပင် ဂုဏ်သိက္ခာ တင်ကြသည်။ ဂျူးများကမူ သူ့ကို မစ္ဆရိယစိတ်ဖြင့် ငြင်းပယ်၍ (နအူသို့ဗိလွှာဟ်) လက်သမား ယူစုဖ်(ဂျိုးဇက်)၏ တရားမဝင်သားဟုပင် ခေါ်ဆိုခဲ့ကြသည်။ အလွှာဟ်အရှင်မြတ်သည် ဤအာယသ်များထဲ၌ အယူအဆနှစ်ခုလုံး မှားယွင်းကြောင်း ထောက်ပြ၍ သူ၏မှန်ကန်သော အဆင့်အတန်းကို ရှင်းလင်းပြထားသည်။

(စာသားထဲ၌ "မှန်ကန်သောစကား" ဟု ဘာသာပြန်ထားသည့် قَوْلَ الْحَقِّ ဟူသော စကားစုသည် သာမန် ရွတ်ဖတ် သရဇ္ဈာယ်ရာတွင် လာမ်ပေါ်တွင် ဖသာဟ်(ـَـ)နှင့်တကွ ဖတ်ရမည်။ ဤကိစ္စရပ်တွင် ဝါကျသည် နားလည်သဘောပေါက်ပြီးသော စကားလုံးများနှင့်အတူ أَقُولُ قَوْلَ الْحَقِّ ဟူ၍ဖြစ်သည်။ ထိုသို့ရေးသားခဲ့လျှင် ဝါကျသည် စိုက်ယိဒိနာအီစာ ﷺ သည်ပင်လျှင် မှန်ကန်သောစကားတစ်ရပ်ဟု အဓိပ္ပာယ်သက်ရောက်လိမ့်မည်။ သို့ဆိုလျှင် ယင်းသည် كَلِمَةُ اللَّهِ (အလွှာဟ်အရှင်မြတ်၏ နှုတ်ကပါဋ္ဌတော်) ဟူသည့် ဘွဲ့ထူးနှင့် တစ်သားတည်း ဖြစ်သွားလိမ့်မည်။

ယင်းဘွဲ့ကို ၎င်း အား အပ်နှင်းထားရခြင်းသည် ဤကမ္ဘာ၏ ဖြစ်ရိုးဖြစ်စဉ် အကြောင်းတရားနှင့် မည်သို့မျှ မပတ်သက်ဘဲ အလ္လာဟ် အရှင်မြတ်၏ နှုတ်ကပါဠိတော်အရ တိုက်ရိုက် ၎င်းကို မွေးဖွားလာခဲ့ခြင်းကို ဖော်ညွှန်းရန် ဖြစ်သည်။

(ကုရ်သုဗီ)

အာယသ် ၃၉ တွင်ပါသော **يَوْمَ الْحَسْرَةِ** (ကြေကွဲဖွယ်သောနေ့)သည် တရားစီရင်မည့်နေ့ကို ရည်ညွှန်းထားကာ ကြေကွဲဖွယ်သောနေ့ဟု ခေါ်ဆိုသည်။ ယင်းသို့ ခေါ်ရခြင်းမှာ သူတို့၏ မကောင်းသောလုပ်ရပ်များအတွက် ငရဲတွင် ပြစ်ဒဏ်ခံရသောသူများသည် ဘဝ၏ ဖြောင့်မတ်မှန်ကန်သောလမ်းကို ပစ်ပယ်ခဲ့၍ ဝမ်းနည်းကြေကွဲရလိမ့်မည်။ အကယ်၍သာ စစ်မှန်သော သက်ဝင်ယုံကြည်သူများ ဘဝအတိုင်း သူတို့ နေထိုင်ခဲ့ကြမည်ဆိုလျှင် ငရဲတွင် ပြစ်ဒဏ် ခတ်ခံရမည့်အစား သူတို့သည်လည်း ဂျန္နတ်သုခဘုံတွင် စံစားနေကြရမည်ဟု ဆန္ဒထားနေကြလိမ့်မည်။ ဂျန္နတ်သုခဘုံတွင် ဆုပေးခံရသူများပင်လျှင် ဝမ်းနည်းကြေကွဲမှု တစ်မျိုးတစ်ဖုံ ခံစားရလိမ့်မည်။ စိုက်ယိဒိနာ မုအားဒ်ﷺ၏ ခိုင်လုံမှုအရ အလ်သဗရာနီနှင့် အဗူယာအ်လာတို့က အောက်ဖော်ပြပါ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို ကိုးကားပြခဲ့သည်။

"ဂျန္နတ်သုခဘုံအတွင်းရှိ လူများသည် တစ်ခုတည်းသောကိစ္စရပ်အတွက်သာလျှင် ဝမ်းနည်းပူဆွေးကြလိမ့်မည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသခြင်းမရှိဘဲ ကုန်လွန်ခဲ့သော အချိန်ကာလအတွက်သာလျှင် ဖြစ်ပေသည်။"

ထို့ပြင် အဗူဟုရိုင်ရဟ်ﷺကို ကိုးကား၍ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို အလ်ဗဂါဝီ(ရဟေ့)က ဆင့်ပြန်ခဲ့သည်မှာ "လူတိုင်းသည် ကွယ်လွန်သေဆုံးပြီးနောက် ဝမ်းနည်းကြေကွဲမှုနှင့် နောင်တရမှု ကြုံတွေ့ကြရလိမ့်မည်" ဟူ၍ဖြစ်သည်။

တမန်တော်မြတ်ﷺ၏ သာဝကကြီးများက ယင်းဝမ်းနည်းကြေကွဲမှုနှင့် နောင်တရမှုအကြောင်း ဘာဖြစ်မည်ကို မေးမြန်းတော်မူခဲ့ကြသည်။ ထို့နောက် တမန်တော်မြတ်ﷺက ရှင်းပြခဲ့သည်မှာ ဖြောင့်မတ်မှန်ကန်စွာ လုပ်ဆောင်ခဲ့ကြသောသူများသည် ၎င်းတို့ ဂျန္နတ်သုခဘုံတွင် ပိုမိုမြင့်မားသော အဆင့်အတန်းများ ရစေနိုင်သည့် ဖြောင့်မတ်မှန်ကန်သည့်လုပ်ရပ်များ ပိုမိုများပြားစွာ မလုပ်ခဲ့ကြသည်ကို ဖြစ်ပေသည်။ တစ်ဖက်တွင်မူ မကောင်းမှု လုပ်ဆောင်ခဲ့သူများသည် ၎င်းတို့၏ မကောင်းမှုလုပ်ရပ်များနှင့် ဂုနာဟ်အပြစ်များအတွက် နောင်တရနေကြလိမ့်မည်။ (မဇ်ဟရီ)

အာယသ် (၄၁-၅၀)

وَاذْكُرْ فِي الْكِتٰبِ اِبْرٰهِيْمَ ۘ اِنَّهٗ كَانَ صِدِّيْقًا نَّبِيًّا ﴿٤١﴾ اِذْ قَالَ لِاَبِيْهِ
يٰٓاَبَتِ لِمَ تَعْبُدُ مَا لَا يَسْمَعُ وَلَا يُبْصِرُ وَلَا يُغْنِيْ عَنْكَ شَيْـًٔا ﴿٤٢﴾ يٰٓاَبَتِ
اِنِّيْ قَدْ جَآءَنِيْ مِنَ الْعِلْمِ مَا لَمْ يَاْتِكَ فَاتَّبِعْنِيْٓ اَهْدِكَ صِرَاطًا سَوِيًّا ﴿٤٣﴾
يٰٓاَبَتِ لَا تَعْبُدِ الشَّيْطٰنَ ۭ اِنَّ الشَّيْطٰنَ كَانَ لِلرَّحْمٰنِ عَصِيًّا ﴿٤٤﴾ يٰٓاَبَتِ
اِنِّيْٓ اَخَافُ اَنْ يَّمَسَّكَ عَذَابٌ مِّنَ الرَّحْمٰنِ فَتَكُوْنَ لِلشَّيْطٰنِ وَلِيًّا ﴿٤٥﴾
قَالَ اَرَاغِبٌ اَنْتَ عَنْ اٰلِهَتِيْ يٰٓاِبْرٰهِيْمُ ۚ لَىِٕنْ لَّمْ تَنْتَهِ لَاَرْجُمَنَّكَ

وَ اهْجُرْنِیْ مَلِیًّا ﴿۴۶﴾ قَالَ سَلٰمٌ عَلَیْكَ ۚ سَاَسْتَغْفِرُ لَكَ رَبِّیْ ؕ اِنَّهٗ كَانَ
بِیْ حَفِیًّا ﴿۴۷﴾ وَ اَعْتَزِلُكُمْ وَ مَا تَدْعُوْنَ مِنْ دُوْنِ اللّٰهِ وَ اَدْعُوْا
رَبِّیْ ۖ عَسٰۤی اَلَّاۤ اَكُوْنَ بِدُعَآءِ رَبِّیْ شَقِیًّا ﴿۴۸﴾ فَلَمَّا اعْتَزَلَهُمْ وَ مَا
یَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ ۙ وَهَبْنَا لَهٗۤ اِسْحٰقَ وَ یَعْقُوْبَ ؕ وَ كُلًّا جَعَلْنَا نَبِیًّا
﴿۴۹﴾ وَ وَهَبْنَا لَهُمْ مِّنْ رَّحْمَتِنَا وَ جَعَلْنَا لَهُمْ لِسَانَ صِدْقٍ عَلِیًّا ﴿۵۰﴾

ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် (မိမိအမျိုးတို့ရှေ့ဝယ် ဤ)ကျမ်းဂန်မှ (နဗီတမန်တော်)အီဗ်ရာဟိမ်(၏ အကြောင်းအတ္ထုပ္ပတ္တိ)ကို ဖတ်ကြားပါလေ။ ဇကန်မလွဲ ထိုအီဗ်ရာဟိမ်သည် သစ္စာဝါဒီ ဖြစ်ခဲ့ပေသည်။ နဗီတမန်တော်လည်း ဖြစ်ခဲ့ပေသည်။ [၄၁] တစ်ရံရောအခါ ထို(နဗီတမန်တော် အီဗ်ရာဟိမ်)သည် မိမိဖခင်(အာဇရ်)အား (ဤသို့) ပြောကြားခဲ့လေသည်။ အို-ကျွန်ုပ်၏ဖခင်၊ အသင်(ဖခင်)သည် အဘယ်ကြောင့် အကြင်အရာကို ခဝပ်ကိုးကွယ်နေပါသနည်း။ ထိုအရာသည် (တစ်စုံတစ်ရာကိုမျှပင်) ကြားသည်လည်း မဟုတ်၊ မြင်သည်လည်း မဟုတ်ချေ။ ထိုမှတစ်ပါး ယင်းအရာသည် အသင်(ဖခင်)အဖို့ စိုးစဉ်းမျှပင် အသုံးဝင်နိုင်မည်လည်း မဟုတ်ပေတကား။[၄၂] အို-ကျွန်ုပ်၏ဖခင်၊ အသင်(ဖခင်)၏ထံသို့ မရောက်ခဲ့သော အသိပညာ(ဝဟီအမိန့်တော်)ကား ဇကန်မလွဲ ကျွန်ုပ်ထံ ရောက်လာခဲ့ပြီဖြစ်ပါ၍ အသင်(ဖခင်)သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ပါ။ ကျွန်ုပ်သည် အသင်(ဖခင်)အား ဖြောင့်မတ်သောတရားလမ်းမှန်ကို ပြသပါမည်။[၄၃] အို-ကျွန်ုပ်၏ဖခင်၊ အသင်(ဖခင်)သည် ရှိုင်တွာန်မိစ္ဆာကောင်ကို ခဝပ်ကိုးကွယ်ခြင်း မပြုပါနှင့်။ ဇကန်မလွဲ ရှိုင်တွာန်မိစ္ဆာကောင်မှာ ရဟ်မာန် အနန္တကရုဏာရှင်(၏ အမိန့်တော်)ကို ဖီဆန်သူ ဖြစ်ခဲ့ပါသည်။ [၄၄] အို-ကျွန်ုပ်၏ဖခင်၊ ဇကန်ဆတ်ဆတ် ကျွန်ုပ်မူကား အသင်(ဖခင်)၌ ရဟ်မာန် အနန္တကရုဏာတော်ရှင်၏ အထံတော်မှ ပြစ်ဒဏ် သက်ရောက်မည်ကို စိုးရိမ်မိပါသည်။ ထိုသို့ဖြစ်ခဲ့ပါလျှင် အသင်(ဖခင်)သည် ရှိုင်တွာန်မိစ္ဆာကောင်၏ အဆွေခင်ပွန်း ဖြစ်သွားပါလိမ့်မည်။[၄၅] (ထိုအခါ နဗီတမန်တော် အီဗ်ရာဟိမ်၏ဖခင်) ထို(အာဇရ်)က (ဤသို့)ပြောဆို (ကြိမ်းမောင်း)ခဲ့လေသည်။ အို-အီဗ်ရာဟိမ်၊ အသင်သည် ကျွန်ုပ်၏ ကိုးကွယ်ရာတို့ဘက်မှ မျက်နှာလွှဲသူ(ကျောခိုင်း)သူဖြစ်နေပါသလော။အကယ်၍သာအသင်သည်(မိမိလက်ရှိအယူဝါဒကိုလည်းကောင်း၊ မိမိအယူဝါဒနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏ရှေ့ဝယ် ဟောပြောခြင်းကိုလည်းကောင်း၊) မစွန့်ခဲ့ပါလျှင် မလွဲဇကန် ကျွန်ုပ်သည် အသင့်အား ခဲဖြင့်ပစ်ပေါက်သတ်ရလိမ့်မည်။ ၎င်းပြင် အသင်သည် ကျွန်ုပ်အား ကာလရှည်ကြာစွာ စွန့်ထားလော့။[၄၆] ထိုအခါ ထို(နဗီ တမန်တော်) အီဗ်ရာဟိမ်က (မိမိဖခင် အာဇရ်အား ဤသို့)ပြောဆိုဖြေကြားခဲ့လေသည်။ (အို-ဖခင်၊ "စလာမွန်အလိုက်" ငြိမ်းချမ်းသာယာမှုသည် အသင့်အပေါ်၌ ရှိပါစေ၊ (ကျွန် တော်

လမ်းခွဲပါရစေ)၊ ယခုသော်ကား ကျွန်ုပ်သည် အသင်(ဖခင်)အဖို့ မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပါ တော့မည်။ မလွဲဧကန် ထိုအရှင်မြတ်သည် ကျွန်ုပ်အပေါ်၌ အလွန်တရာကျေးဇူးပြုတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။[၄၇] ထိုမှတစ်ပါး ကျွန်ုပ်သည် အသင်တို့ကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အားစွန့်၍ အသင်တို့ ဟစ်ခေါ်(တသ ကိုးကွယ်)လျက် ရှိကြသော အရာဝတ္ထုတို့ကိုလည်းကောင်း (စွန့်ကာ) ဘေးဖယ်၍ နေပါတော့မည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အားသာလျှင် ဟစ်ခေါ်(တသ ပန်ကြား)ပါတော့မည်။ (စင်စစ်) ကျွန်ုပ်သည် မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အား ဟစ်ခေါ်(တသ ပန်ကြား)၍ လိုဘ မပြည့်သူ မဖြစ်နိုင်ပါ။ [၄၈] တစ်ဖန် အကြင်အခါဝယ် ယင်းအီဗ်ရာဟီမ်သည် ထိုသူတို့ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အားစွန့်၍ ထိုသူတို့ ကိုးကွယ်လျက်ရှိကြသော အရာဝတ္ထုများကို လည်းကောင်း (စွန့်၍) ဘေးဖယ်ခဲ့သောအခါ ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်အား (သားတော်) ဣစ်ဟာက်ကို လည်းကောင်း၊ (မြေးတော်) ယအ်ကူဗ်ကို လည်းကောင်း၊ ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် (ယင်း အီစ်ဟာက်နှင့် ယအ်ကူဗ်တို့အနက်) အသီးသီးကို နဗီတမန်တော်အဖြစ်သို့ ချီးမြှင့်တော်မူခဲ့လေသတည်း။[၄၉] ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား မိမိကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်ပြင် ငါအရှင်မြတ်သည် ၎င်းတို့၏ မှန်ကန်သော ဂုဏ်သတင်းကို လည်း မြင့်မြတ် (ကျော်ကြား ထင်ရှား)စေတော်မူခဲ့ပေသတည်း။[၅၀]

အကျယ်ဖွင့်ဆိုခြင်း

ဆွဒ်ဒီးဂ်၏အဓိပ္ပာယ်

صِدِّيْقًا نَّبِيًّا ဆွဒ်ဒီးဂ်(သစ္စာဝါဒီ)၊ နဗီတမန်တော်တစ်ပါး (၁၉း၄၁)

ဆွဒ်ဒီးဂ်ဟူသောစကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းတစ်ခုဖြစ်ကာ ပညာရှင်အသီးသီးက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြသည်။ အချို့က ထိုစကားလုံးသည် ဘဝတစ်လျှောက်လုံး တစ်ခါမျှ လိမ်လည်ပြောဆိုခြင်း မရှိသူတစ်ဦးကို ရည်ညွှန်းကြောင်း ပြောကြသည်။ အခြားသူများက ဆွဒ်ဒီးဂ်(**صِدِّيْق**)ဟူသောစကားလုံးသည် သူ၏ ယုံကြည်မှုများ၊ ပြောဆိုမှုများနှင့် လုပ်ဆောင်မှုများတွင် ဖြောင့်မတ်မှန်ကန်သူတစ်ဦးကို ခေါ်သည်ဟု ဖော်ညွှန်းပြသည်။ တစ်နည်းဆိုရလျှင် သူ၏ပြောကြားချက်များသည် သူ့ယုံကြည်ချက်ကို ရောင်ပြန်ဟပ်စေသည်။ ထို့ပြင် သူ့လုပ်ဆောင်ချက်များသည် ယုံကြည်ချက်နှင့် ပြောဆိုချက်များနှင့် လိုက်လျောညီထွေ ရှိကြသည်။ ရူဟုလ်မအာနီနှင့် မဇ်ဟိရီတို့က စကားလုံး၏နောက်ပိုင်း ဆိုလိုရင်းကို လက်ခံကျင့်သုံးသည်။ ထို့ပြင် **صِدِّيْقِيَت** ဖြောင့်မတ်မှန်ကန်မှု (သစ္စာတရား) တွင် အမျိုးမျိုးသော အဆင့်များရှိသည်။ ဆိုလိုသည်မှာ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ အမျိုးမျိုးသော အဆင့်အတန်းများ သတ်မှတ်ထားသည်။ နဗီတမန်တော် **نبی یا رسول** တစ်ပါးသာလျှင် စစ်မှန်သော **صَدِّيْق** ဖြစ်နိုင်သည်။ ဤဂုဏ်ပုဒ်ကို နဗီတမန်တော်တိုင်းအား ချီးမြှင့်ထားသော်လည်း ဤဂုဏ်ပုဒ်ရရှိသူတိုင်း နဗီတမန်တော် မဟုတ်ချေ။ ယုံကြည်သက်ဝင်သူ တစ်ဦးသည် သူ၏ တမန်တော်အတိုင်း လိုက်နာခဲ့ကာ ဤကြီးကျယ်သော **صدّيق** (သစ္စာဝါဒီ)

အဆင့်အတန်းရရှိခဲ့ပါလျှင် သူကိုလည်း ဆွဲမြှင့်ပါ ဟု ခေါ်ဆိုနိုင်သည်။ အများတကာ၏ ထင်မြင်ယူဆချက်ဖြစ်သော အမျိုးသမီးတစ်ဦးသည် တမန် တော်တစ်ပါး မဖြစ်နိုင်ဟုလည်းကောင်း၊ သူမသည် တမန်တော်တစ်ပါး မဖြစ်လင့်ကစား ကုရ်အာန်ကျမ်းတော်မြတ် ကိုယ်တိုင်က စိုက်ယိဒါဟ်မရိယမ်ﷺအား **صديقة** ဟူသော ဂုဏ်ပုဒ်ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အကြီးအကဲများကို ဘယ်လိုအကြံပေးရမည်နည်း။

يَٰٓأَبَتِ (အိုး-ကျွန်ုပ်၏ဖခင် ၁၉း၄၂)

အရဗီဘာသာစကားတွင် ဤစကားလုံးသည် တစ်စုံတစ်ဦး၏ ဖခင်အပေါ် ထားရှိသော လေးနက်သည့်ရိုသေမှုနှင့် လေးစားချစ်ခင်မှုကို ဆိုလိုသည့်သဘော သက်ရောက်သည်။ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာခလီလွလ္လာဟ်ﷻတွင် မြင့်မြတ်သော အရည်အသွေးများနှင့် ဂုဏ်ထူးဝိသေသများ ရှိစေကာ သူ၏ဖခင်ကို ဦးတည်ပြောကြားမှုသည် တစ်ဖက်တွင် အလယ်အလတ်ဖြစ်စေနှင့် ထိန်းချုပ်မှုများ ရှိစေကာ တစ်ဖက်တွင်မူ ဆန့်ကျင်ဘက်များ၏ မျှခြေကို ရှိစေခြင်း၏ ပြီးပြည့်စုံသော ဥပမာတစ်ရပ်ဖြစ်သည်။ သူ့ဖခင်သည် မယုံကြည်ခြင်းနှင့် ဘုရားအများကိုးကွယ်ခြင်း၏ ဘဝတစ်ခုဖြင့်နေထိုင်ကာ အခြားသူများကိုလည်း ၎င်း၏ပြစ်မှုဂုနာဟ်ဘဝတစ်ခုတွင် သူနှင့်အတူ လိုက်နာစေရန် ဖိတ်ခေါ်နေကြောင်း တွေ့ခဲ့ရသည်။ ယင်းကိစ္စရပ်များကို ဖယ်ရှားရန်အလို့ငှာ သူကိုစေလွှတ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဖခင်အပေါ်၌ သားတစ်ယောက်၏ ချစ်ခင်ရိုသေမှုကလည်း ရှိနေခဲ့ပါသည်။ သို့ဆိုလျှင် သတိမူရမည့်ကိစ္စမှာ ဆန့်ကျင်ဘက် ခံစားမှုနှစ်ရပ်ကို မည်သို့ကောင်းမွန်စွာ ပေါင်းစည်းရမည် ဆိုသည်ကို ဖြစ်သည်။ ပထမနေရာတွင် သူ ဦးတည်ပြောကြားသည့် ဝါကျတစ်ခုစီ၏အစတွင် **يَٰٓأَبَتِ** ဟူသောစကားလုံး သုံးနှုန်းထားသည်။ ယင်းမှာ သူ့ဖခင်အပေါ် ထားရှိသည့် ရိုသေမှုနှင့် ချစ်ခင်မှု၏ အမှတ်အသားဖြစ်သည်။ ထို့နောက် သူ့ဖခင် စိတ်နာစေနိုင်မည့် မယုံကြည် သွေဖည်ငြင်းပယ်သူ သို့မဟုတ် ဂုနာဟ်ပြစ်မှုကျူးလွန်သူ ဟူသောစကားလုံးများကို ဂရုတစိုက် ရှောင်ရှားခဲ့သည်။ သူ ဦးတည်ပြောကြားမှုတွင် ထိုသို့သော နှိမ့်ချသည့်စကားလုံး တစ်လုံးမျှ မပါဝင်ခဲ့ပါ။ တမန်တော်တစ်ပါး၏ အသိဉာဏ် လမ်းညွှန်မှုအရ ဖခင်ကို ရုပ်တုများ၏ စွမ်းဆောင်မှုမရှိ အကူအညီကင်းမဲ့ခြင်းနှင့် ခံစားမှုမရှိကြောင်း သတိမူမိစေရန် အတွက်သာလျှင် ဖိတ်ခေါ်ခြင်း ဖြစ်သည်။ သို့မှသာ ဖခင်ကြီးသည် ၎င်း၏မှားယွင်းသော ယုံကြည်မှုများကို သတိမူလာစေနိုင်ရန် ဖြစ်သည်။ ဒုတိယဝါကျထဲတွင် အလ္လာဟ်အရှင်မြတ်က ၎င်းအား ချီးမြှင့်ပေးသနားထားတော်မူသည့် တမန်တော်တစ်ပါး၏ အသိပညာအကြောင်းကို ဖော်ထုတ်ပြသထားသည်။ ထို့နောက် တတိယနှင့်စတုတ္ထဝါကျထဲတွင် မယုံကြည်သွေဖည်မှုနှင့် ရုပ်တုများ ကိုးကွယ်မှုအတွက် သူ့အပေါ် ပြစ်ဒဏ်တစ်ရပ်အဖြစ် မုချကျရောက်မည့် အလ္လာဟ် အရှင့်အမျက်တော်ရှုမှုအကြောင်း သတိပေးထားသည်။ ဤကဲ့သို့သော ဖခင်ကြီးအား ရိုသေလေးစားဖွယ် တိုးလျှိုး တောင်းပန်မှုပြုသည့်တိုင် ဖခင်ကြီးသည် လုံးဝဂရုမစိုက်ဘဲ စိုက်ယိဒိနာအစ်ဗ်ရာဟီမ်ﷺ ပြောကြားခဲ့သည်များကို စဉ်းစားဆင်ခြင်မှုနှင့် သိမ်မွေ့စွာမတုံ့ပြန်ဘဲ အလွန်ကြမ်းတမ်းသောစကားများဖြင့် စိုက်ယိဒိနာအစ်ဗ်ရာဟီမ်ﷺကို တုံ့ပြန်ပြောကြားခဲ့သည်။ စိုက်ယိဒိနာအစ်ဗ်ရာဟီမ်ﷺက ဖခင်ကြီးကို **يَٰٓأَبَتِ** ဟူသော ချစ်ခင်ကြင်နာဖွယ်စကားလုံးဖြင့် ဦးတည်ပြောကြားခဲ့သည်။ ထိုပြောကြားချက်ကို **يَٰبُنَيَّ** (ငါ၏ ချစ်လှစွာသောသားတော်)ဟု ပြောရမည့်အစား **يَٰٓإِبۡرَٰهِيمُ** ဟု အမည်တပ်ခေါ်ကာ ကျောက်တုံးဖြင့် အသေပစ်ပေါက်မည်ဟု ခြိမ်းခြောက်ရုံမျှမက အိမ်မှထွက်ခွာသွားရန်ပင် မောင်းထုတ်ခဲ့ပါသည်။ ဤသည်ကို စိုက်ယိဒိနာခလီလွလ္လာဟ်ﷻက မည်သို့ တုံ့ပြန်ခဲ့ကြောင်း လေးလေးနက်နက် စဉ်းစားသင့်သည်။

سَلَامٌ عَلَيْكَ "ငြိမ်းချမ်းသာယာမှု သင့်အပေါ်၌ ရှိပါစေ။" ဤနေရာပါ **سَلَام** (ငြိမ်းချမ်းသာယာမှု)ဟူသော စကားလုံးတွင် အဓိပ္ပာယ်နှစ်မျိုး သက်ရောက်နိုင်ပါသည်။ တစ်ခုမှာ **سلام** ဟူသော စကားလုံးကို ယဉ်ကျေးသော အပူအရာဖြင့် ပေါင်းသင်းဆက်ဆံမှုကို ဖြတ်တောက်ခြင်းဟု ဖော်ကျူးသည်။ သို့မှသာ သူဖခင် စိတ်မနာကျင်စေတော့ပါ။ ဤအကျင့်စရိုက်သည် ကောင်းမွန်၍ ဘုရားတရား ကြည်ညိုလေးစားသူတို့၏ ဂုဏ်ပုဒ်တစ်ရပ်အဖြစ် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍ ဥဒါဟရုဏ်ပြုထားသော စကားလုံးများမှာ-

وَإِذَا خَاطَبَهُمُ الْجَاهِلُونَ قَالُوا سَلَامًا ﴿٦٣﴾

ထိုမှတစ်ပါး အသိအလိမ္မာကင်းမဲ့ကြသောသူများသည် ၎င်းတို့နှင့် စကားပြောဆိုကြသောအခါ ၎င်းတို့သည် ကောင်းမွန်စွာ ပဋိပက္ခကင်းငြိမ်းသောစကားကို အပြစ်မဖြစ်စေသောစကားကို ပြောဆိုကြကုန်၏။ (၂၅:၆၃)

ယင်းက ဆိုလိုသည်မှာ အသိအလိမ္မာကင်းမဲ့ကြသောသူများသည် သူတို့အား မိုက်မဲသောစကားများ ပြောကြားခံခဲ့သောအခါတွင် အငြင်းအခုံတစ်ခု ပြုလုပ်မည့်အစား ထိုသူများက 'စလာမ်' (ငြိမ်းချမ်းသာယာမှု)ဟူ၍သာ ပြောကြားခဲ့သည်။ ဤသည်မှာ အသင်တို့၏ အယူအဆများကို ကျွန်ုပ်သဘောမတူသော်လည်း ကျွန်ုပ်သည် အသင်တို့ကို ရန်မလုပ်ပါဟူသော အသိစိတ်ကို ပေးသည့်နည်းဖြစ်သည်။ ဒုတိယရှင်းလင်းချက်မှာ **سلام** ဆိုသည့်စကားလုံးအား သမားရိုးကျ အဓိပ္ပာယ်ဖြင့် သုံးနှုန်းသည်။ ဤနေရာ၌ ပြဿနာမှာ အီမာန်ယုံကြည်သက်ဝင်သူများသည် မယုံကြည်သူများနှင့် တွေ့ဆုံခဲ့လျှင် ဦးစွာ **سلام** ဟူသော စကားလုံးနှင့် နှုတ်ခွန်းဆက်သခြင်းကို တမန်တော်မြတ်ﷺက တားမြစ်ထားခဲ့သည်။ စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်ﷺ၏ ခိုင်လုံချက်အရ ဆွဟီးအလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများတွင် တမန်တော်မြတ်ﷺ၏ အောက်ဖော်ပြပါ မိန့်ကြားချက်တစ်ရပ်ကို တင်ပြထားပါသည်။

لاتبدأ واليهود والنصارى بالسلام

"ဂျူးများနှင့် ခရစ်ယာန်များကို တွေ့ဆုံရာတွင် **سلام** ဟူသော စကားလုံးနှင့် ဦးစွာပထမ မနှုတ်ဆက်လေနှင့်။"

တစ်ဖက်တွင်မူ စိုက်ယိဒိနာ အိုစာမဟ်ﷺမှတစ်ဆင့် ဆွဟီးဟ်အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများတွင် တင်ပြထားခဲ့သည်မှာ တမန်တော်မြတ်ﷺသည် လူတစ်စုနှင့်တွေ့ဆုံသောအခါ ဦးစွာပထမ **سلام** ဟူသောစကားလုံးဖြင့် နှုတ်ဆက်ခဲ့ပါသည်။ ထိုအုပ်စုတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ၊ ဘုရားအများ ကိုးကွယ်သူများနှင့် မုစ်လင်မ်များ ပါဝင်ကြသည်။

ဤသည်က ဤမလေ့ လုပ်ပိုင်ခွင့် ရှိမရှိဆိုသည်နှင့်ပတ်သက်၍ ဓမ္မသတ်ပညာရှင်ကြီးများကြားတွင် ခြားနားမှု ရှိမရှိဆိုကြောင်း ရှင်းလင်းပြသပါမည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ (တမန်တော်မြတ်ﷺ၏) ထင်ရှားသော ဆွဟာဗဟ်သာဝကကြီးများ၊ ၎င်းတို့၏နောက်လိုက်များနှင့် ဘာသာရေးဆိုင်ရာ တွေးခေါ်ပညာရှင်များက အမျိုးမျိုးသော အယူအဆများကို ဖော်ပြခဲ့ကြသည်။ ကုရ်သုဒီက သူ၏ အဟ်ကမုလ်ကုရ်အာန်ကျမ်းတွင် ဤအာယသ်ကို ရှင်းလင်းရာ၌ ဤသည်နှင့်ပတ်သက်၍ မြောက်မြားစွာသော အသေးစိတ်များဖြင့် ရှင်းလင်းထားသည်။ အီမာမ်အန်နခ်ခါအီက ဥပဒေပြုခဲ့သည်မှာ ဘာသာရေးဆိုင်ရာ သို့မဟုတ် လောကီဆိုင်ရာ လိုအပ်ချက်ကြောင့် ဂျူး သို့မဟုတ် ခရစ်ယာန်တစ်ဦးနှင့် တွေ့ဆုံခဲ့လျှင် ထိုသူတို့အား **سلام** ဟူသောစကားလုံးနှင့် ဦးစွာပထမ နှုတ်ဆက်ခြင်းသည် အန္တရာယ်မရှိချေ။ သို့ရာတွင် အကြောင်းမရှိဘဲ **سلام** ဖြင့် နှုတ်ဆက်ခြင်းကိုမူ ရှောင်ရှားရမည်။ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်နှစ်ခုစလုံး ပေါ်ပြိုမ်းပြီး ဖြစ်ပေသည်။

سَأَسْتَغْفِرُ لَكَ رَبِّيٓ"ကျွန်ုပ်သည် အသင်(ဖခင်)အဖို့ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် လွတ်ငြိမ်း ချမ်းသာခွင့်ကို ပန်ကြားပါတော့မည်။" (၁၉း၄၇)

ဤနေရာ၌ ပြဿနာမှာ အစွဲလာမ့်ဥပဒေများက မယုံကြည် သွေဖည်ငြင်းပယ်သူတစ်ဦး၏ အပြစ်ဂုနာဟ်များအတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်းကို တရားမဝင်ပြုလုပ်၍ တားမြစ်ပိတ်ပင် ထားခဲ့သည်။ တမန်တော်မြတ် ﷺသည် ၎င်း၏ဦးရီးတော် အဘူသွာလစ်ပ်အား **والله لا ستغفرونّ لك مالم انه عنه** ဟုပြောခဲ့သည်။ ယင်းမှာ "အလ္လာဟ်အရှင့်နာမတော်ဖြင့် ကျွန်ုပ်အသင့်အား ပြောဆိုပါမည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား မတားမြစ်သမျှ ကာလပတ်လုံး အသင့်အား လွတ်ငြိမ်းချမ်းသာခွင့်ရရန် အမြဲ ဒုအာဆုတောင်းနေပါမည်"ဟူ၍ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ အောက်ပါအာယသ် ကျရောက်သည်။

مَا كَانَ لِلنَّبِيِّ وَالَّذِينَ اٰمَنُوٓا اَنْ يَّسْتَغْفِرُوا لِلْمُشْرِكِيْنَ ... ﴿١١٣﴾

"နဗီတမန်တော်မြတ်၌ (လည်းကောင်း) ထို့အတူ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၌ (လည်းကောင်း) မှုရှ်ရစ်က်တို့အဖို့ (အလ္လာဟ်အရှင်မြတ် အထံတော်၌) လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပေးပိုင်ခွင့် မရှိခဲ့ချေ။ (၉း၁၁၃)

ဤအာယသ်တော် ကျရောက်ပြီးနောက် တမန်တော်မြတ် ﷺသည် ဦးရီးတော်အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်း ရပ်တန့်ခဲ့သည်။

ဤရှုပ်ထွေးမှု၏ အဖြေမှာ စိုက်ယိဒိနာ အိဗ်ရာဟီမ် ﷺက သူ၏ဖခင်ကြီးအတွက် အလ္လာဟ်အရှင်မြတ် အထံတော်၌ အရှင်မြတ်၏ အသနားတော် တောင်းခံရန် ကတိပြုမှုသည် တားမြစ်ချက် မပြဋ္ဌာန်းမီအလျင်က ဖြစ်သည်။ ဤအဖြစ်အပျက် ပြီးနောက်မှသာလျှင် တားမြစ်ချက်ကို ပြဋ္ဌာန်းခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ဤအဖြစ်အပျက်ကို စူရဟ် မွမ်သဟီန်နာတွင် ဖော်ပြခဲ့ကာ ယင်းထဲတွင် ဤခြွင်းချက်နှင့်ပတ်သက်၍ ရှင်းလင်းစွာ ညွှန်းထားသည်မှာ-

اِلَّا قَوْلَ اِبْرٰهِيْمَ لِاَبِيْهِ لَاَسْتَغْفِرَنَّ لَكَ ... ﴿٤﴾

"မုချဇကန် ကျွန်ုပ်သည် အသင့်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားမည်ဟူသော (နဗီတမန်တော်) အိဗ်ရာဟီမ်၏ ပြောဆို(ကတိပြုချက်)မှတစ်ပါး" (၆၀း၄) ဟူ၍ ဖြစ်သည်။

ဤသည်ကို စူရဟ်သောင်ဗဟ်ပါ အောက်ပါအာယသ်နှင့်အတူ ဆက်လာသော အာယသ်တော်တွင် ပိုမို ရှင်းလင်းထားသည်။

مَا كَانَ لِلنَّبِيِّ وَالَّذِينَ اٰمَنُوٓا اَنْ يَّسْتَغْفِرُوا لِلْمُشْرِكِيْنَ ... ﴿١١٣﴾

"နဗီတမန်တော်မြတ်၌ (လည်းကောင်း)၊ ထို့အတူ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၌ (လည်းကောင်း) မှုရှ်ရစ်က်တို့အဖို့ (အလ္လာဟ်အရှင်မြတ် အထံတော်၌) လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပေးပိုင်ခွင့် မရှိခဲ့ချေ။ (၉း၁၁၃)

وَمَا كَانَ اسْتِغْفَارُ اِبْرٰهِيْمَ لِاَبِيْهِ اِلَّا عَنْ مَّوْعِدَةٍ وَّعَدَهَآ اِيَّاهُ ۚ فَلَمَّا تَبَيَّنَ لَهٗٓ اَنَّهٗ عَدُوٌّ لِّلّٰهِ تَبَرَّاَ مِنْهُ ... ﴿١١٤﴾

"စင်စစ်သော်ကား (နဗီတမန်တော်) အိဗ်ရာဟီမ်သည် မိမိဖခင်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားခဲ့သည်မှာ ထို(နဗီတမန်တော်) အိဗ်ရာဟီမ်သည် ဖခင်အား ပေးခဲ့သောကတိဝန်ခံချက်ကြောင့်သာ ဖြစ်ပေ၏။ တစ်ဖန် ထို(နဗီတမန်တော်) အိဗ်ရာဟီမ်၌ (ဖခင်)သည် အလ္လာဟ်အရှင်မြတ်၏ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သောအခါ ထို(နဗီတမန်တော်) အိဗ်ရာဟီမ်သည် ဖခင်နှင့် (မည်သို့မျှ) မသက်ဆိုင်၊ မပတ်သက် ဟူ၍ ငြင်းဆိုခဲ့လေ၏။ ဇကန်စင်စစ် (နဗီတမန်တော်) အိဗ်ရာဟီမ်သည် စိတ်နလုံး အလွန်နူးညံ့သူ၊ သည်းခံခြင်းတရား အလွန်ထားရှိသူ ဖြစ်ခဲ့ပေသတည်း။"

(၉း၁၁၄)

ဤသည်က ပြသသည်မှာ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺက ဖခင်အတွက် အလ္လာဟ်အရှင်မြတ် ကရုဏာတော်ကို တောင်းခံပေးမည်ဟု ဖခင်အား ပေးခဲ့သောကတိသည် ဖခင်က မယုံကြည်သွေဖည် ငြင်းပယ်မှုကို စွဲမြဲစွာ မတွယ်ဖက်မီကဖြစ်ကာ ဖခင်က အလ္လာဟ်အရှင်မြတ်ကို ရန်လိုကြောင်း ထင်ရှားလာသောအခါ မဟုတ်ချေ။ သူဖခင် ရပ်တည်မှုကို စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ သံသယမရှိဖြစ်လာသောအခါ ဖခင်နှင့်အဆက်ဖြတ်ကြောင်း ကြေညာခဲ့သည်။

وَأَعْتَزِلُكُمْ وَمَا تَدْعُونَ مِن دُونِ اللَّهِ وَأَدْعُو رَبِّي ... ﴿٤٨﴾

"ထိုမှတစ်ပါး ကျွန်ုပ်သည် အသင်တို့ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အားစွန့်၍ အသင်တို့ ဟစ်ခေါ်(တသ ကိုးကွယ်)လျက်ရှိကြသော အရာဝတ္ထုတို့ကိုလည်းကောင်း (စွန့်ကာ) ဘေးဖယ်၍ နေပါတော့မည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အားသာလျှင် ဟစ်ခေါ်(တသ ပန်ကြား)ပါတော့မည်။"

(၁၉း၄၈)

တစ်ဖက်တွင် စိုက်ယိဒိနာ အိဗ်ရာဟီမ်ခလီလွလ္လာဟ်ﷺသည် ဖခင်အား ရိုသေခြင်း၊ ချစ်မြတ်နိုးခြင်းတို့ကို အဆုံးစွန် ပြသခဲ့သည်။ ယင်းအကြောင်း အထက်တွင် ဖော်ပြပြီးဖြစ်သည်။ အခြားတစ်ဖက်တွင်မူ စကြဝဠာလုံးဆိုင်ရာ သစ္စာတရား (**حق**)နှင့်ပတ်သက်၍ ၎င်းဖော်ပြချက်နှင့် ယင်းအပေါ် လုံးဝဥဿုံ ယုံကြည်သူတို့အပေါ် သံသယ စိုးစဉ်းမျှ မဝင်ချေ။

အိမ်မှထွက်ခွာရန် သူဖခင်ပေးသောအမိန့်ကို လိုလိုလားလား စိတ်ပါလက်ပါ လက်ခံခဲ့သည်။ ထို့နောက် သူ(ဖခင်၏) ရုပ်တုများမှ ကိုယ်တိုင် လုံးဝအဆက်ဖြတ်ခဲ့၍ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းထံမှသာ ဆုမွန်ဒုအာ တောင်းခံမည့်အကြောင်း ဦးတည်ပြောကြားခဲ့သည်။

فَلَمَّا اعْتَزَلَهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ ۙ وَهَبْنَا لَهُ إِسْحَٰقَ وَيَعْقُوبَ ... ﴿٤٩﴾

"တစ်ဖန် အကြင်အခါဝယ် ယင်းအိဗ်ရာဟီမ်သည် ထိုသူတို့ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အားစွန့်၍ ထိုသူတို့ ကိုးကွယ်လျက်ရှိကြသော အရာဝတ္ထုများကို လည်းကောင်း (စွန့်၍) ဘေးဖယ်ခဲ့သောအခါ ငါအရှင်မြတ်သည် ထိုအိဗ်ရာဟီမ်အား (သားတော်) ဣစ်ဟာက်ကို လည်းကောင်း၊ (မြေးတော်) ယအ်ကူဗ်ကို လည်းကောင်း၊ ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။" (၁၉း၄၉)

ဤဝါကျအလျင် ဝါကျထဲ၌ ဟဇရတ် အိဗ်ရာဟီမ်ﷺက ၎င်း၏ အလ္လာဟ်အရှင်မြတ်အား ရိုသေကိုင်းရှိုင်းခဲ့ခြင်းနှင့် ဒုအာတောင်းခံခဲ့ခြင်းတို့ကြောင့် သူအား စွန့်ပယ်လိမ့်မည်မဟုတ်ဟူသော မက်ထားမှုကို ဖော်ပြခဲ့သည်။ စင်စစ်တွင် ဤမက်ထားမှုမှာ သူအိုးအိမ်နှင့် မိသားစုကို စွန့်ခွာပြီးနောက် ပေါ်ပေါက်လာမည့် အထီးကျန်ဖြစ်မှုနှင့် နာကျင်မှုမှ အကာအကွယ်ရရန် တောင်းဆုဒုအာ ပြုခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြထားသည့် ဝါကျသည် သူ၏ တောင်းဆုဒုအာ လက်ခံပုံကို ဖော်ပြထားသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် အိုးအိမ်၊ မိသားစုနှင့် သူတို့၏ ရုပ်တုများကို စွန့်ခွာခဲ့သောအခါ၌ သူ၏ဆုံးရှုံးမှုအတွက် အစားပေးရန် အလ္လာဟ်အရှင်မြတ်က အစွမ်ဟားက်ﷺဟူသော သားတော်တစ်ပါး ချီးမြှင့်ခဲ့သည်။ ဤသားတော်သည် အသက်ရှည်စွာနေထိုင်၍ ယာကုဗ်အမည်ရှိ သားတော်တစ်ပါး ရလိမ့်မည်ဖြစ်ကြောင်း စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺကို အသိပေးခဲ့ပါသည်။ သားတော်တစ်ပါး ချီးမြှင့်မည်ဆိုသည်က သူ(အိဗ်ရာဟီမ်ﷺ)သည် လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း သက်သေပြပါသည်။ ယင်း၏ ဆိုလိုရင်းအတိုချုပ်မှာ သူဖခင်မိသားစုကို စွန့်ခွာပြီးနောက် တမန်တော် အိဗ်ရာဟီမ်ﷺကို တမန်တော်များနှင့် ဘာသာရေး ကိုင်းရှိုင်းရိုသေသူများ ပါဝင်သောကောင်းမွန်သည့် မိသားစုတစ်စု ချီးမြှင့်ခဲ့သည် ဟူ၍ဖြစ်သည်။

အာယသ် (၅၁-၅၈)

وَ اذْكُرْ فِي الْكِتٰبِ مُوْسٰۤى ۫ اِنَّهٗ كَانَ مُخْلَصًا وَّ كَانَ رَسُوْلًا نَّبِيًّا ﴿۵۱﴾ وَ
نَادَيْنٰهُ مِنْ جَانِبِ الطُّوْرِ الْاَيْمَنِ وَ قَرَّبْنٰهُ نَجِيًّا ﴿۵۲﴾ وَ وَهَبْنَا لَهٗ مِنْ
رَّحْمَتِنَاۤ اَخَاهُ هٰرُوْنَ نَبِيًّا ﴿۵۳﴾ وَ اذْكُرْ فِي الْكِتٰبِ اِسْمٰعِيْلَ ۫ اِنَّهٗ كَانَ
صَادِقَ الْوَعْدِ وَ كَانَ رَسُوْلًا نَّبِيًّا ﴿۵۴﴾ وَ كَانَ يَاْمُرُ اَهْلَهٗ بِالصَّلٰوةِ وَ الزَّكٰوةِ
ۖ وَ كَانَ عِنْدَ رَبِّهٖ مَرْضِيًّا ﴿۵۵﴾ وَ اذْكُرْ فِي الْكِتٰبِ اِدْرِيْسَ ۫ اِنَّهٗ كَانَ
صِدِّيْقًا نَّبِيًّا ﴿۵۶﴾ وَّ رَفَعْنٰهُ مَكَانًا عَلِيًّا ﴿۵۷﴾ اُولٰٓئِكَ الَّذِيْنَ اَنْعَمَ اللّٰهُ
عَلَيْهِمْ مِّنَ النَّبِيّٖنَ مِنْ ذُرِّيَّةِ اٰدَمَ ۗ وَ مِمَّنْ حَمَلْنَا مَعَ نُوْحٍ ۫ وَّ مِنْ ذُرِّيَّةِ
اِبْرٰهِيْمَ وَ اِسْرَآءِيْلَ ۫ وَ مِمَّنْ هَدَيْنَا وَ اجْتَبَيْنَا ؕ اِذَا تُتْلٰى عَلَيْهِمْ اٰيٰتُ
الرَّحْمٰنِ خَرُّوْا سُجَّدًا وَّ بُكِيًّا ﴿۵۸﴾ ۩

ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် (ဤ)ကျမ်းဂန်မှ (နဗီတမန်တော်)မူစာ၏ အကြောင်း အတ္ထုပ္ပတ္တိကို ဖတ်ကြားပါလော။ ဇကန်မုချ ယင်း မူစာသည် အထူးရွေးချယ်တော်မူခြင်းခံရသူဖြစ်သည့်ပြင် ရဒူလ်တမန်တော်လည်းဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။[၅၁]ထို့ပြင် ငါအရှင်မြတ်သည် ယင်းမူစာအား (ငင်း၏) လက်ယာဘက်၌ရှိသော သူရဲမည်သော တောင်၏ဘက်မှ ဟစ်ခေါ်တော်မူခဲ့လေသည်။ ထို့မှတစ်ပါးလည်း ငါအရှင်မြတ်သည် ယင်းမူစာအား လျှို့ဝှက်စကားပြောကြားသူအဖြစ် မြှောက်စားတော်မူခဲ့လေသည်။[၅၂] ငင်းပြင် ငါအရှင်မြတ်သည် ယင်းမူစာအား ငင်း၏အစ်ကို ဟာရွန်ကို နဗီတမန်တော်အဖြစ်နှင့် ချီးမြှင့် ပေးသနားတော် မူခဲ့ပေသတည်း။[၅၃] ထို့မှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် (ဤ)ကျမ်းဂန်မှ (နဗီတမန်တော်) အိစ်မာအီလ်၏ အကြောင်း အတ္ထုပ္ပတ္တိကို (ငင်းတို့ရှေ့ဝယ်) ဖတ်ကြားပါလော။ ဇကန်စင်စစ် ယင်း အိစ်မာအီလ်သည် ကတိတည်ကြည်သူဖြစ်ခဲ့သည့်ပြင် ရဒူလ်တမန်တော်လည်း ဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။[၅၄] ငင်းပြင် ယင်းအိစ်မာအီလ်သည် မိမိ အိမ်သူအိမ်သား တို့အား ဆွလာတ်ဝတ်ပြုရန် လည်းကောင်း၊ ဇကာတ်ပေးဆောင်ရန် လည်းကောင်း အမိန့်ပေး ညွှန်ကြားလေ့ ရှိခဲ့ပေသည်။ ထို့မှတစ်ပါး ယင်းအိစ်မာအီလ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် နှစ်မြို့ဖွယ်လည်း ဖြစ်ခဲ့ပေသတည်း။[၅၅] ငင်းပြင် (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့ရှေ့ဝယ် ဤ)ကျမ်းဂန်မှ (နဗီတမန်တော်) အိဒ်ရိစ်၏ အကြောင်းအတ္ထုပ္ပတ္တိကို ဖတ်ကြားပါလော။ ဇကန်အမှန်ပင် ယင်းအိဒ်ရိစ်သည် သစ္စာဝါဒီ ဖြစ်ခဲ့၏။ နဗီတမန်တော်ဖြစ်ခဲ့၏။[၅၆] ထို့ပြင် ငါ

အရှင်မြတ်သည် ယင်းအိဒ်ရိစ်အား မြင့်မြတ်သောနေရာဌာနသို့ ချီးမြှင့်မြှောက်စားတော်မူခဲ့ပေသတည်း။[၅၇] အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူခဲ့သော ဤသူတို့ကား ဤနဗီတမန်တော်များပင်တည်း။ အချို့မှာ အာဒမ်၏သားသမီးများ၊ အချို့မှာ ငါအရှင်မြတ်သည် (နဗီတမန်တော်)နူဟ်နှင့်အတူ (သင်္ဘောပေါ်တွင်) တင်ဆောင်တော်မူခဲ့သော သူတို့၏သားသမီးများ၊ အချို့မှာ အီဗ်ရာဟီမ်၏သားသမီးများ၊ အချို့မှာ အစ္စရာအီလ်၏သားသမီးများ ဖြစ်ကြပေသည်။ ထို့ပြင် ၎င်းတို့အားလုံးမှာ ငါအရှင်မြတ် တရားလမ်းမှန်ညွှန်ပြတော်မူခဲ့သော၊ (ငါအရှင်မြတ်) ရွေးချယ်တော်မူခဲ့သော သူတို့အနက်မှလည်း ဖြစ်ခဲ့ကြကုန်သည်။ မည်သည့်အခါမျိုးမဆို ထိုသူတို့ရှေ့ဝယ် ရဟ်မာန် အနန္တကရုဏာတော်ရှင်၏ အာယတ်တော်များကို ဖတ်ကြားခဲ့ပါလျှင် ထိုသူတို့သည် ပျပ်ဝပ်ဦးချလျက် လည်းကောင်း၊ ငိုကြွေးကြလျက်လည်းကောင်း (မြေသို့)ကျလာကြကုန်သတည်း။ (တစ်နည်း) အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူခဲ့သောသူတို့ကား အာဒမ်၏သားသမီးများအနက်မှလည်းကောင်း၊ ငါအရှင်မြတ်သည် နူဟ်နှင့်အတူ (သင်္ဘောပေါ်တွင်) တင်ဆောင်တော်မူခဲ့သောသူတို့၏ သားသမီးများအနက်မှ လည်းကောင်း၊ အီဗ်ရာဟီမ်၏ သားသမီးများအနက်မှလည်းကောင်း၊ အစ္စရာအီလ်၏သားသမီးများအနက်မှ လည်းကောင်း နဗီတမန်တော်များပင် ဖြစ်ကြသည့်ပြင် ငါအရှင်မြတ် တရားလမ်းမှန် ညွှန်ပြတော်မူခဲ့သော၊ ငါအရှင်မြတ် ရွေးချယ်တော်မူခဲ့သော သူတို့အနက်မှလည်း ဖြစ်ခဲ့ကြကုန်၏။ မည်သည့်အခါမျိုးမဆို ထိုသူတို့ရှေ့ဝယ် ရဟ်မာန် အနန္တကရုဏာတော်ရှင်၏ အာယတ်တော်များကို ဖတ်ကြားခဲ့သည်ရှိသော်၊ ထိုသူတို့သည် ပျပ်ဝပ်ဦးချကြလျက် လည်းကောင်း၊ ငိုကြွေးကြလျက် လည်းကောင်း (မြေပေါ်သို့) ကျလာကြကုန်သတည်း။[၅၈]

အကျယ်ဖွင့်ဆိုခြင်း

كَانَ مُخْلَصًا "ဇကန်မုခ္ခ ယင်း မူစာသည် အထူးရွေးချယ်တော်မူခြင်းခံရသူဖြစ်သည်" (၁၉း၅၇)

مُخْلَص ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် ရွေးချယ်ထားသူ ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူကိုမျှ ကိုးကွယ်ခြင်းမရှိသူ ဖြစ်ကာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးပြုမှုကိုသာလျှင် ရယူလိုသည့် ဆန္ဒရှိသူ ဖြစ်သည်။ ဤအထူးစပါယ်ရှယ် အဆင့်အတန်းသည် တမန်တော်များသာလျှင် ခံစားရကြောင်း ကုရ်အာန် ကျမ်းတော်မြတ် အခြားနေရာတွင် ဖော်ပြထားသည်မှာ-

إِنَّآ أَخْلَصْنَٰهُم بِخَالِصَةٍ ذِكْرَى ٱلدَّارِ ﴿٤٦﴾

"ဇကန်မလွှဲ ငါအရှင်မြတ်သည် တမလွန်ဘဝကို သတိရခြင်းတည်းဟူသော ထူးခြားချက်တစ်ရပ်ဖြင့် ၎င်းတို့အား ထူးခြားစေတော်မူခဲ့၏။" (၃၈း၄၆)

တမန်တော်များ၏ နောက်လိုက်များအနက်မှ ပြီးပြည့်စုံမှုရရှိသူများကို ပေါ်လွင်ထင်ရှားသော အဆင့်ထူးများကို ပေးသနားထားခဲ့သည်။ ယင်းအဆင့်ထူးကြောင့် မကောင်းမှုလုပ်ရပ်များနှင့် ပြစ်မှုဂုနာဟ်များ ကျူးလွန်ခြင်းမှ ကင်းဝေးစေရန် အလ္လာဟ်အရှင်မြတ်က စီမံထားသည်။ ထိုသူများသည် အလ္လာဟ်အရှင်၏ အကာအကွယ်ပေးမှုတွင် တစ်ချိန်လုံး ရှိနေသည်။

مِنْ جَانِبِ الطُّوْرِ الْاَيْمَنِ လက်ယာဘက်၌ရှိသော သူရ်မည်သောတောင်၏ဘက်မှ (၁၉း၅၂) ဤလူသိများထင်ရှားသော (သူရ် သို့မဟုတ် ဆိုင်းနိုင်း) တောင်သည် အီဂျစ်နှင့် မဒ်ယန်ကြားတွင်ရှိ ဆီးရီးယားတွင်ရှိကာ ယခုတိုင်ယင်းအမည်ဖြင့် လူသိများကြသည်။ ဤတောင်ကို အလ္လာဟ်အရှင်မြတ်က နည်းမျိုးစုံဖြင့် ပေါ်လွင်ထင်ရှားကာ အထူးဆင့်တစ်ရပ်ဖြင့် ပေးထားခဲ့သည်။

الاَيْمَن သူရ်တောင်၏တည်နေရာကို မဒ်ယန်မှ ခရီးစတင်ထွက်ခွာလာသော စိုက်ယိဒိနာမူစာ ﷺ၏ လက်ျာဘက်တွင်ရှိသည်ဟု ဖော်ပြထားသည်။ ထို့နောက် ၎င်း သူရ်တောင်အနီးရောက်သောအခါ၌ ထိုတောင်သည် သူ၏လက်ျာဘက်တွင် ရှိနေခဲ့သည်။ **نَجِيًّا** သည် လေသံဖြင့် တိုးတိုးညင်းညင်း ပြောဆိုခြင်း၊ **مُنَاجَات** သည် လျှို့ဝှက်စကား၊ **نَجْوٰى** သည် လူယုံတော် ဖြစ်သည်။

وَوَهَبْنَا لَهٗ مِنْ رَّحْمَتِنَآ اَخَاهُ هٰرُوْنَ...﴿٥٣﴾

"၎င်းပြင် ငါအရှင်မြတ်သည် ယင်းမူစာအား ၎င်း၏အစ်ကို ဟာရွန်ကို နဗီတမန်တော်အဖြစ်နှင့် ချီးမြှင့် ပေးသနားတော်မူခဲ့ပေသတည်း။" (၁၉း၅၃)

هبة ၏ စာပေဝေါဟာရ ဆိုလိုရင်းမှာ လက်ဆောင်ဖြစ်သည်။ စိုက်ယိဒိနာမူစာ ﷺသည် ၎င်းအား အထောက်အကူရစေရန်အလို့ငှာ စိုက်ယိဒိနာဟာရွန် ﷺအား တမန်တော်တစ်ပါးအဖြစ် ချီးမြှင့်ပါရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဆုမွန်ဒုအာတောင်းခံခဲ့သည်။ ဤဆုမွန်ဒုအာကို လက်ခံခဲ့၍ **وَهَبْنَا** ဟူသောစကားလုံးကို စိုက်ယိဒိနာဟာရွန် ﷺ ကို စိုက်ယိဒိနာမူစာ ﷺအား လက်ဆောင်အဖြစ် ချီးမြှင့်ပေးသနားတော်မူကြောင်း ဤအဖြစ်အပျက်ကို ဖော်ပြထားသည်။ ဤသည်ကြောင့် စိုက်ယိဒိနာဟာရွန် ﷺအား အလ္လာဟ်အရှင်မြတ်၏လက်ဆောင်တော် **هبة الله** ဟူ၍လည်းခေါ်ဆိုသည်။ (မဇ်ဟိရီ)

وَاذْكُرْ فِي الْكِتٰبِ اِسْمٰعِيْلَ...﴿٥٤﴾

"ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် (ဤ)ကျမ်းဂန်မှ (နဗီတမန်တော်) အိစ်မာအီလ်၏အကြောင်း အတ္ထုပ္ပတ္တိကို (၎င်းတို့ရှေ့၀ယ်) ဖတ်ကြားပါလေ။" (၁၉း၅၄)

ဤနေရာပါ အညွှန်းမှာ စိုက်ယိဒိနာအိဗ်ရာဟီမ် ﷺ၏သားတော် စိုက်ယိဒိနာအစ္စမာအီလ် ﷺ ဖြစ်သည်ဆိုသည်မှာ ထင်ရှားသည်။ ၎င်းအကြောင်း အစောပိုင်းက သူဖခင် စိုက်ယိဒိနာအိဗ်ရာဟီမ် ﷺနှင့် အစ်ကို စိုက်ယိဒိနာအစ္စဟားက် ﷺတို့အကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် စိုက်ယိဒိနာမူစာ ﷺ၏အကြောင်း အတိုချုပ် ဖော်ပြပြီးမှ စိုက်ယိဒိနာအစ္စမာအီလ် ﷺ အကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ အခြားသူများမှ ခွဲခြား၍ စိုက်ယိဒိနာအစ္စမာအီလ် ﷺ အကြောင်း ရည်ညွှန်းမှု၏ ဖြစ်နိုင်ခြေမှာ ၎င်းကို ပေါ်လွင်ထင်ရှားသည့် အဆင့်အတန်းပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် အခြားသူများနှင့်အတူ မဖော်ပြခြင်းဖြစ်သည်။ ဤအာယသ်ထဲတွင် တမန်တော်များကို ၎င်းတို့ တမန်တော်ဖြစ်ခြင်းအစီအစဉ်အတိုင်း မဖော်ပြခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် အစီအစဉ်တွင် အလျင်ကျသော တမန်တော် အိဒ်ရီးစ် ﷺ ကို နောက်ဆုံးမှ ဖော်ပြထား၍ ဖြစ်သည်။

كَانَ صَادِقَ الْوَعْدِ...﴿٥٤﴾

"ဇကန်စင်စစ် ယင်းအစ္စမာအီလ်သည် ကတိတည်ကြည်သူဖြစ်ခဲ့သည်။" (၁၉း၅၄)

ကတိကိုဖြည့်ဆည်းခြင်းသည် သိက္ခာသမာဓိရှိ လူများအားလုံး၏ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ကိုဓဉပဒေ၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခုအဖြစ် မှတ်ယူထားသည်။ အလားတူ ယင်းကို ဖောက်ဖျက်ခြင်းသည် အထင်သေး

ဖွယ်၊ ရှုတ်ချဖွယ်ဟု မှတ်ယူထိုက်သည်။ တမန်တော်မြတ်ﷺ၏မိန့်ကြားချက်တစ်ရပ်တွင် ကတိဖျက်ခြင်းသည် အရေခြုံ၏လက္ခဏာအဖြစ် ဖော်ပြထားခဲ့သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ မည်သည့်ရစရာလ်နှင့် တမန်တော်ကမျှ ကတိကိုဖောက်သူတစ်ဦး လုံးဝယုံကြည်စိတ်ချရသူမဟုတ်ဟု စွပ်စွဲမခံခဲ့ကြရပါ။ ဤနေရာတွင် တမန်တော်အချို့ကို ဂုဏ်ပုဒ်အချို့ အပ်နှင်းထားခဲ့သော်လည်း ဤသည်က အခြားသော တမန်တော်များတွင်လည်း ထိုသို့သောဂုဏ်ပုဒ်များ မပိုင်ဆိုင်ထားဟု မဆိုလိုချေ။ ဤအထူး ဂုဏ်ပုဒ်များက ၎င်းတို့သည် အခြားတမန်တော်များနှင့် ကွဲပြားစေရန်အတွက် သာလျှင် ရည်ညွှန်းသည်။ ပမာအားဖြင့် စိုက်ယိဒိနာမူစာﷺအား **مخلص** ဟု ဖော်ပြထားသည်။ အခြား တမန်တော်အားလုံးတွင်လည်း ဤအရည်အချင်း ပိုင်ဆိုင်ကြသည်။ သို့သော်လည်း ဤဂုဏ်ပုဒ်ကို စိုက်ယိဒိနာမူစာﷺအား အထူးသဖြင့် သုံးနှုန်းဖော်ပြထားသည်။ ထို့ကြောင့် ၎င်းအကြောင်း သီးသန့်ဖော်ပြရာတွင် ဤဂုဏ်ပုဒ်ဖြင့် ယှဉ်တွဲဖော်ပြသည်။

စိုက်ယိဒိနာအစ္စမာအီလ်ﷺသည် ကတိကို ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ဂုဏ်ပြုထိုက်သော အနေအထား ရှိသည်။ ၎င်းသည် လူသားများနှင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့်လည်းကောင်း ပြုလုပ်ထားသော ကတိအတိုင်း တည်ကြည်သူဖြစ်သည်။ သူ့ကိုယ်သူ စွန့်လွှတ်ပါမည်ဟူသော အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသော ကတိအား ဖြည့်ဆည်းခဲ့သည်။ သို့ပြုလုပ်ရာတွင် ကြောက်ရွံ့တွန့်ဆုတ်ခြင်းမရှိဘဲ သတ္တိရှိရှိ ခံယူခဲ့ပါသည်။ အချိန်ကျလျှင် ကတိအတိုင်း ဆောင်ရွက်သည်။ တစ်ချိန်က ၎င်းသည် လူတစ်ဦးကို သတ်မှတ်ထားသောနေရာနှင့် အချိန်တွင် တွေ့ဆုံရန် ကတိပြုထားခဲ့သည်။ သတ်မှတ်ထားသောအချိန်တွင် ထိုလူ ရောက်မလာခဲ့ပါ။ သို့သော်လည်း စိုက်ယိဒိနာအစ္စမာအီလ်ﷺသည် ထိုသူ့ကို ထိုနေရာတွင် သုံးရက်တိုင်တိုင် စောင့်ဆိုင်းခဲ့သည်။ ထို့ပြင် အခြားဆင့်ပြန်ချက်တစ်ရပ်တွင်မူ တစ်နှစ်တိုင်တိုင် စောင့်ဆိုင်းခဲ့သည်ဟု အဆိုရှိပေသည်။ (မဇ်ဟိရီ)

တမန်တော်မြတ်ﷺနှင့်ပတ်သက်၍ အလားတူအဖြစ်အပျက်တစ်ရပ် အဗ္ဗဒွလ္လာဟ် အိဗနိ အရီအလ်ခမ်ဆာ၏ ခိုင်လုံမှုအရ သိရှိမိဇီကျမ်းတွင် တင်ပြထားသည်မှာ ကိုယ်တော်မြတ်ﷺသည် သတ်မှတ်ထားသည့် သီးသန့်နေရာ၌ တွေ့ဆုံပါမည်ဟု ကတိပြုထားသောသူအား သုံးရက်တိုင်တိုင် စောင့်ဆိုင်းခဲ့ကြောင်း ဖြစ်သည်။ (ကုရ်သုဗီ)

တစ်ဦးတစ်ယောက်၏ ကတိကို ထိန်းသိမ်းခြင်း၏ အရေးကြီးမှု

ကတိဖြည့်ဆည်းခြင်းသည် တမန်တော်များနှင့် ဘာသာတရားကိုင်းရှိုင်းရိုသေသူများ၏ စာရိတ္တဆိုင်ရာ ပေါ်လွင် ထင်ရှားသည့် ဝိဇ္ဇဖြစ်သကဲ့သို့ တည်ကြည်သိက္ခာရှိသူအားလုံး၏ အပြုအမူဆိုင်ရာ သမားရိုးကျ ဥပဒေသ ဖြစ်သည်။ တစ်ခြားဘက်တွင်မူ ကတိတစ်ခုကို ချိုးဖောက်ခြင်းသည် ကောက်ကျစ်စဉ်းလဲသူများ၊ ညံ့ဖျင်းသောသူများ၊ လိမ်လည်သူများ၏ အလေ့အထတစ်ရပ် ဖြစ်သည်။ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်တစ်ရပ်မှာ **العدة دين** "ကတိတစ်ခုသည် အကြွေးတစ်ရပ်နှင့် တူသည်" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အကြွေးကို ပြန်ပေးရမည်ကဲ့သို့ ကတိတစ်ရပ်ကို ထိန်းသိမ်းရမည်မှာလည်း မပြုမနေရ တာဝန်ဖြစ်သည်။ တမန်တော်မြတ်ﷺ၏ အခြားသော မိန့်ကြားချက်တစ်ရပ်မှာ **واى المؤمن واجب** ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ "ကတိဆိုသည်မှာ အီမာန် သက်ဝင်ယုံကြည်သူတစ်ဦးအတွက် မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သည်" ဟုဖြစ်သည်။

ဓမ္မသတ်ပညာရှင်အားလုံးက ကတိတစ်ခုသည် ကြွေးမြီတစ်ရပ်ဖြစ်ကာ ယင်းကို ဖြည့်ဆည်းခြင်းသည် မပြုမနေရ တာဝန်ဖြစ်ကြောင်း သဘောတူညီကြသည်။ ဘာသာရေးဆိုင်ရာ ခိုင်လုံသောအကြောင်းပြချက် (**شرعى**) ခြွင်းချက်မပါဘဲ ဖောက်ဖျက်ခြင်းသည် ဂုနာဟ် အပြစ်ဖြစ်သော်လည်း ယင်းကတိကို ဖောက်ဖျက်ခြင်းအတွက် တရားရုံးတော်တွင် စွဲဆိုနိုင်ရန် ဆေးနည်းကား မဟုတ်ချေ။ ဓမ္မသတ်ပညာရှင်များ အသုံးအနှုန်းအရ ကြွေးမြီတစ်ရပ်ကို

ဥပဒေအရ အတင်းအကြပ် တောင်းခံရန် မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သော်လည်း ကတိတစ်ခုမှာမူ တရားတဘောင် စွဲဆိုခြင်းမရရချေ။

ပြုပြင်ပြောင်းလဲသူတစ်ဦးသည် သူလုပ်ငန်းကို သူမိသားစုမှ စတင်လုပ်ဆောင်ရမည်

وَكَانَ يَأْمُرُ أَهْلَهُ بِالصَّلَوٰةِ وَالزَّكَوٰةِ

"ယင်းအိမ်မာအီလ်သည် မိမိ အိမ်သူအိမ်သားတို့အား ဆွေလာတ်ဝတ်ပြုရန် လည်းကောင်း၊ ဇကာတ် ပေးဆောင်ရန် လည်းကောင်း အမိန့်ပေး ညွှန်ကြားလေ့ ရှိခဲ့ပေသည်။" (၁၉း၅၅)

စိုက်ယိဒိနာအစွမာအီလ်ﷺ၏ အထူးဂုဏ်ပုဒ်တစ်ခုမှာ သူမိသားစုဝင်များကို ဆွေလာတ်ဝတ်ပြုဆောက်တည်ရန်နှင့် မပေးမနေရ အလှူဒါန (زَكَوٰة)ကို ပေးဆောင်ရန် ညွှန်ကြားလေ့ရှိသည်။ ဤနေရာတွင် မုစ်လင်မ်အားလုံးကို ၎င်းတို့၏ မိသားစုဝင်များအား ကောင်းမှုကောင်းရာများ လုပ်ဆောင်ရန် အကြံပေးရန် လိုအပ်သည်ဟူသော ကိစ္စ ပေါ်ပေါက်သည်။ ယင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် ယုံကြည်သက်ဝင်သူများကို ဦးတည်မိန့်ကြားထားသည်မှာ-

قُوٓا۟ أَنفُسَكُمْ وَأَهْلِيكُمْ نَارًا ...۝٦

"အသင်တို့သည် မိမိတို့ကိုယ်များကို လည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားတို့ကိုလည်းကောင်း (ငရဲ) မီး(ဘေး)မှ ကင်းလွတ်စေကြလေကုန်။" (၆၆း၆)

သို့ဆိုလျှင် ဤကိစ္စနှင့်ပတ်သက်၍ စိုက်ယိဒိနာအစွမာအီလ်ﷺကို အဘယ်ကြောင့် အထူးတလည် ဖော်ပြရသနည်း။ အကြောင်းမှာ ဤအမိန့်ပညတ်ချက်သည် မုစ်လင်အားလုံးနှင့် သက်ဆိုင်သော်လည်း စိုက်ယိဒိနာအစွမာအီလ်ﷺသည် ဤအမိန့်ပညတ်ချက်ကို လိုက်နာရာတွင် အထူးကြိုးပမ်းအားထုတ်မှုများ ပြုလုပ်လေ့ရှိသောကြောင့် ဖြစ်သည်။ အလားတူ တမန်တော်မြတ်ﷺသည်လည်း ၎င်း၏မိသားစုဝင်များနှင့် အနီးစပ်ဆုံး ဆွေမျိုးများကို အလွှာဟ်အရှင် အမျက်တော်ရှုမှုနှင့်ပတ်သက်၍ သတိပေးရန် وَأَنذِرْ عَشِيرَتَكَ ٱلْأَقْرَبِينَ "၎င်းပြင် အသင်သည် မိမိနီးစပ်သော ဆွေမျိုးသားချင်းကို သတိပေးနှိုးဆော်ပါလေ (၂၆း၂၁၄)"ဟူသော အထူးညွှန်ကြားချက် လက်ခံရရှိခဲ့ပါသည်။ အကျိုးဆက်တစ်ရပ်အဖြစ် တမန်တော်မြတ်ﷺသည် ထိုသူများအားလုံးကို စုဝေးစေ၍ အလွှာဟ်အရှင်မြတ်အမိန့်တော်ကို ၎င်းတို့ထံ ပို့ဆောင်ပေးခဲ့သည်။ ဤနေရာတွင် စဉ်းစားရန်နောက်တစ်ချက်ကား အလွှာဟ်အရှင်မြတ်သည် တမန်တော်များကို လူသားတစ်ရပ် လုံးကို လမ်းညွှန်မှုပေးရန်အတွက် စေလွှတ်ခဲ့သည် ဆိုသည့်အချက်ဖြစ်သည်။ တမန်တော်များသည် လူသားတိုင်းထံ အလွှာဟ်အရှင်မြတ်၏ သတင်းစကားသယ်ဆောင်၍ အလွှာဟ့်အမိန့် နာခံစေရန်ဖြစ်သည်။ သို့ဆိုလျှင် မိသားစုဝင်များကို အထူးတလည် ဖော်ပြခြင်းသည် အဘယ်ကြောင့်နည်း။ အကြောင်းမှာ လူအများကို ဖြောင့်မတ်မှန်ကန်သည့် လမ်းကို လိုက်ရန် ဖိတ်ခေါ်ရာတွင် တမန်တော်များ လိုက်နာရန်မူအချို့ရှိသည်။ ထို့ပြင် လူအများအား မဖိတ်ခေါ်မီအလျင် မိမိ မိသားစုဝင်များကို ဖိတ်ခေါ်ရန်မှာ ယင်းမူထဲမှ တစ်ခုဖြစ်သည်။ မိမိ မိသားစုဝင်များအပေါ် လွှမ်းမိုးရန်နှင့် ၎င်းတို့လုပ်ရပ်များကို စောင့်ကြည့်စစ်ဆေးရန် အလွန်လွယ်ကူပေသည်။ မိသားစုဝင်များ ဘဝနေနည်းတစ်ရပ်ကို လက်ခံခဲ့ကာ ယင်းအား အမြဲမပြတ် လုပ်ဆောင်လာသည်နှင့်တစ်ပြိုင်နက် လူအများထံ ထိုသတင်းစကားကိုဖြန့်ချိရန် ပို၍လွယ်ကူသွားပေမည်။ လူအများကိုယ်တိုင်က အခြားသူများ ဖြောင့်မတ်မှန်ကန်သည့်လမ်းစဉ်ကို လိုက်နာကျင့်သုံး နေကြောင်း တွေ့ရှိလာလျှင် ထိုသူများကို ပြုပြင်ပြောင်းလဲရန် လွယ်ကူသွားပါသည်။ လူအများ၏

အကျင့်စာရိတ္တ ကောင်းမွန်တိုးတက်စေရန် လုပ်ဆောင်ရာတွင် အကျိုးသက်ရောက်ဆုံးသောနည်းလမ်းကား ဘာသာရေးဆိုင်ရာ ဝန်းကျင်တစ်ရပ် ဖန်တီးခြင်းဖြစ်သည်။ အတွေ့အကြုံအရ သိရသည်မှာ ကောင်းမှုနှင့်မကောင်းမှု နှစ်ရပ်စလုံးသည် သင်ကြားပို့ချခြင်း၊ ဟောကြားခြင်းများထက် လက်ခံနိုင်သော ဝန်းကျင်တစ်ရပ်တွင် မြန်မြန်ဆန်ဆန်နှင့် ကျယ်ကျယ် ပြန့်ပြန့် ပြန့်ပွားစေနိုင်သည်။

وَاذْكُرْ فِي الْكِتٰبِ اِدْرِيْسَ

"(အို-နဗီတမန်တော်) အသင်သည် (ငင်းတို့ရှေ့ဝယ် ဤ)ကျမ်းဂန်မှ (နဗီတမန်တော်) အိဒ်ရိဒ်၏ အကြောင်းအထွာပုတ္တိကို ဖတ်ကြားပါလေ။" (၁၉း၅၆)

စိုက်ယိဒိနာအိဒ်ရိဒ်ﷺသည် စိုက်ယိဒိနာနူဟ်ﷺ၏အလျင် နှစ်ပေါင်းတစ်ထောင်ကျော်က ရှိခဲ့ကာ ငင်း၏ဘိုးစဉ်ဘောင်ဆက်မှ တစ်ဦးဖြစ်ပါသည်။ (မုခ်တာဒတ်အလ်ဟကင်မ်ကျမ်းကို ကိုးကားကာ ရှုဟုလ်မအာနီကျမ်း) စိုက်ယိဒိနာအာဒမ်ﷺ၏နောက်၌ စိုက်ယိဒိနာအိဒ်ရိဒ်ﷺသည် ပထမဦးဆုံး တမန်တော်ဖြစ်ကာ အလ္လာဟ်တအာလာသည် သူ့အား ကျမ်းစာအုပ်သုံးဆယ်ကို ချပေးသနားတော်မူခဲ့သည်။ (အဗီဇာရ်-ဇမ်ခတ်ရှ်ရှာရီ) စိုက်ယိဒိနာအိဒ်ရိဒ်ﷺသည် မုအ်ဂျိဇာဟ်မှတစ်ဆင့် နက္ခတ္တဗေဒနှင့်သင်္ချာဗေဒ အသိပညာကို ချီးမြှင့်ခြင်းခံရသော ပထမဦးဆုံးသော လူသားဖြစ်ပါသည်။ (ဗဟ်ရွလ်မုဟိတ္ဒါ) သူသည် ကလောင်ဖြင့် စာရေးသားခြင်း၊ အဝတ်အထည်များ ချုပ်လုပ်ခြင်းကို တီထွင်ခဲ့သော ပထမဦးဆုံး လူသားဖြစ်ပါသည်။ (ဗဟ်ရွလ်မုဟိတ္ဒါ) သူသည် ကလောင်ဖြင့် စာရေးသားခြင်း၊ အဝတ်အထည်များချုပ်လုပ်ခြင်းကို တီထွင်ခဲ့သော ပထမဦးဆုံး လူသားဖြစ်ပါသည်။ သူ့အချိန်အခါမတိုင်မီက လူများသည် အဝတ်အထည်များအစား တိရစ္ဆာန်များ၏ သားရေများကို ဝတ်ဆင်ခဲ့ကြပါသည်။ ပထမဦးဆုံးအနေဖြင့် တိုင်းတာချိန်တွယ်သည့်ကိရိယာတို့ကို တီထွင်ခဲ့ပါသည်။ သူ၏အခါသမယတွင် လက်နက်များကို ပြုလုပ်ခဲ့ကာ သူ့စစ်ပွဲများတွင် ထိုလက်နက်များကို အသုံးပြုခဲ့ပါသည်။ သူဆင်နွှဲခဲ့သောစစ်ပွဲတို့မှာ ကာဗိလ်(بنو قابيل)၏ သားစဉ်မြေးဆက်များနှင့် ဆင်နွှဲသော ဂျိဟာဒ်စစ်ပွဲများ ဖြစ်ပါသည်။ (ဗဟ်ရွလ်မုဟိတ္ဒါ၊ ကုရ်တ္ဗုဗီ၊ မဇ်ဟိရီနှင့် ရှုဟုလ်မအာနီ)

وَرَفَعْنٰهُ مَكَانًا عَلِيًّا ﴿٥٧﴾

ထို့ပြင် ငါအရှင်မြတ်သည် ယင်းအိဒ်ရိဒ်အား မြင့်မြတ်သောနေရာဌာနသို့ ချီးမြှင့်မြှောက်စားတော် မူခဲ့ပေသတည်း။ (၁၉း၅၇)

ဤသည်က ဆိုလိုသည်မှာ ငင်းအား တမန်တော်များအနက် အထူးအဆင့်အတန်းကို ပေးသနားထားကာ အလ္လာဟ်တအာလာနှင့် အလွန်နီးကပ်စွာ ရှိစေပါသည်။ သူ့အား မိုးကောင်းကင်သို့ ခေါ်ယူခြင်းနှင့်ပတ်သက်သော အခြားသော ဆင့်ပြန်ချက်များ ရှိပါသည်။ ယင်းတို့နှင့်ပတ်သက်၍ အိဗနိကဆီးရ်ကပြောသည်မှာ-

هذا من اخبار كعب الاحبار الإسرائيلية وفي بعضه نكارة

ကအဗ် အဟ်ဗရ်၏ တင်ပြချက်အရ "ဤသည်တို့သည် အစ္စရေးလ်တို့၏ ဆင့်ပြန်ချက်များမှ လာရှိပါသည်။ အချို့မှာ ငြင်းခုံ ဖွယ်ရာဖြစ်ပြီး ရင်းနှီးမှုလည်း မရှိပါ" ဟူ၍ဖြစ်သည်။

သူ့အား နူးညံ့သိမ်မွေ့သော အနေအထားအရသော်လည်းကောင်း၊ လူကိုယ်တိုင် ကောင်းကင်သို့ ပင့်ချီသွားသည်ဟူသည့်ကိစ္စနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများအရ တိကျပြတ်သားမှု မရှိပါ။ ထို့ကြောင့် သူ့အား ကောင်းကင်သို့ ခေါ်ဆောင်သွားသည်ဟူသည့်ကိစ္စသည် မသေချာပါ။ မည်သို့ဆိုစေကာမူ ကုရ်အာန်ကျမ်းတော်မြတ်၏ အကျယ်ဖွင့်ဆိုချက်သည် ဤကိစ္စရပ်ပေါ်၌ မတည်မှီပါ။ (ဗယာနွလ်ကုရ်အာန်)

ဗယာနွလ်ကုရ်အာန်ကျမ်းမှ ရစူလ်နှင့်နဗီတို့ကြား သရုပ်သကန်ဖော်ပြမှုတွင်ရှိသော ခြားနားချက်နှင့် ၎င်းတို့၏ ဆက်နွယ်မှု

"ရစူလ်နှင့်နဗီ"ဆိုသော စကားလုံးများအား အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပါသည်။ အားလုံးသော ဖြစ်နိုင်ချေများကို တွေးတောဆင်ခြင်ပြီးသည့်နောက် ကျွန်ုပ်ကောက်ချက်ချသည်မှာ ဤနှစ်ခု၏ ဆက်နွယ်မှုသည် ၎င်းတို့ကို သုံးစွဲမှုအပေါ် အခြေခံ၍ တိကျပြတ်သားခြင်းလော သို့မဟုတ် ယေဘုယျလော ဟူ၍ဖြစ်ပါသည်။

ရစူလ်ဆိုသည်မှာ သူ့အား စေလွှတ်ခြင်းခံရသောလူများထံသို့ ကိုယ်စားပြုဒေအသစ်တစ်ခုကို ဖြန့်ဝေသောသူ ဖြစ်ပါသည်။ ထိုကိုယ်စားပြုဒေသည် သူ့အတွက်လည် အသစ်ဖြစ်ချင်လျှင် ဖြစ်နိုင်ပါသည်။ ပမာဆိုရသော် စိုက်ယိဒိနာမူစာ ﷺအား သောင်ရသ်ကျမ်းတော်ချပေးတော်မူခြင်း သို့မဟုတ် စိုက်ယိဒိနာအစွမာအီလ်ﷺနှင့် ပတ်သက်ပါက ထိုကိုယ်စားပြုဒေသည် သူ၏ဖခင် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား ချပေးပြီး ဖြစ်ပါသည်။ သို့သော်လည်း ထိုကိုယ်စားပြုဒေသည် သူ၏ မျိုးနွယ်စု ဂျူရိဟမ်တို့အတွက်မှာမူ အသစ်ဖြစ်ကာ ကြုံတင်သိရှိထားခဲ့ခြင်း မရှိပါ။ ထိုမျိုးနွယ်စုထံသို့ စိုက်ယိဒိနာအစွမာအီလ်ﷺအား စေလွှတ်ပြီးသောအခါမှသာ ယင်းကိုယ်စားပြုဒေပါ အသေးစိတ်များကို သူမှတစ်ဆင့် လေ့လာသိရှိခဲ့ရပါသည်။ ထို့ကြောင့် ရစူလ်တစ်ပါးသည် နဗီတစ်ပါးဖြစ်ရမည်ဟု မဆိုလိုပါ။ ပမာဆိုသော် ကောင်းကင်စေတမန်များသည် ရစူလ်များဖြစ်ကြကာ နဗီများမဟုတ်ပါ။ သို့မဟုတ် စိုက်ယိဒိနာအီစာﷺထံသို့ စေလွှတ်တော်မူသော စေတမန်များသည် နဗီများဟု မရည်ညွှန်းဘဲ ရစူလ်များဟု ရည်ညွှန်းထားကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ **إِذْ جَاءَ هَا الْمُرْسَلُوْنَ** (၃၆း၁၃) ဟု မိန့်ထားသည်။

အခြားတစ်ဖက်တွင် သူသည် ဘာသာရေးဆိုင်ရာ ကိုယ်ပြုဒေအဟောင်းကိုဖြစ်စေ၊ အသစ်ကိုဖြစ်စေ ဟောကြားစေကာမူ ဝဟီ(အလ္လာဟ်အရှင်မြတ်၏ သတင်းစကား)ကို သယ်ဆောင်လာသူသာလျှင် နဗီဖြစ်ပါသည်။ ဗနီအစ္စရာအီလ်မျိုးနွယ်စုမှ တမန်တော်များသည် ဤအတန်းအစားတွင် ပါဝင်ကာ ၎င်းတို့သည် စိုက်ယိဒိနာမူစာﷺအား ပေးသနားတော်မူသော ဘာသာရေးဆိုင်ရာ(ကိုယ်ပြုဒေ)ကို ဟောပြောခဲ့ကြပါသည်။ ထို့ကြောင့် ရစူလ်ဆိုသော စကားလုံးသည် နဗီဟူသောစကားနှင့် နှိုင်းယှဉ်ပါက ပိုမို၍ ယေဘုယျကျပါသည်။ သို့ရာတွင် ဤသည်နှင့် ဆန့်ကျင်သော အခြားနည်းလမ်းများလည်း ရှိပါသည်။ ဤအာယသ်ပါ **رَسُوْلًا نَبِيًّا** အရ ယင်းစာလုံးနှစ်လုံးအား အတူတကွ သုံးနှုန်းထားပါသည်။ ထိုစကားလုံးများအား ယေဘုယျ သို့မဟုတ် အတိအကျအသုံးအနှုန်းဟုမှတ်ယူပါက ပြဿနာမရှိပါ။ ၎င်းနောက် မည်သည့်ဝိရောဓိမှလည်း မရှိနိုင်ပါ။ သို့ရာတွင် ထိုစကားလုံးနှစ်လုံးအား တစ်သီးတစ်ခြားစီ ခွဲထားသည့် အခါတွင် အာယသ်ပါ ၎င်းတို့၏ တည်ရှိမှုအရ နဗီဟူသောအသုံးအနှုန်းသည် တစ်စုံတစ်ဦးက ယူဆောင်လာခဲ့သော ဘာသာရေး ဆိုင်ရာ ကိုယ်ပြုဒေအတိုင်း လိုက်နာကျင့်သုံးသောသူဟူ၍ ဖော်ညွှန်းပါသည်။

أُولَٰئِكَ الَّذِيْنَ أَنْعَمَ اللهُ عَلَيْهِمْ مِّنَ النَّبِيِّيْنَ مِنْ ذُرِّيَّةِ آدَمَ

"အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူခဲ့သော ဤသူတို့ကား နဗီတမန်တော်များပင်တည်း။ အချို့မှာ အာဒမ်၏ သားသမီးများဖြစ်သည်။" (၁၉း၅၈) ဤသည်က စိုက်ယိဒိနာအိဒ်ရိစ်ﷺနှင့်သာ သက်ဆိုင်စေပါသည်။

وَمِمَّنْ حَمَلْنَا مَعَ نُوْحٍ

"အချို့မှာ ငါအရှင်မြတ်သည် (နဗီတမန်တော်) နူဟ်နှင့်အတူ (သင်္ဘောပေါ်တွင်) တင်ဆောင်တော် မူခဲ့သော သူတို့၏ သားသမီးများ" (၁၉း၅၈) ဤသည်ကား စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺနှင့်သာ သက်ဆိုင်စေပါသည်။

وَّمِنْ ذُرِّيَّةِ إِبْرَاهِيْمَ

"အချို့မှာ အိဗ်ရာဟီမ်၏ သားသမီးများ" (၁၉:၅၈) ဤသည်က စိုက်ယိဒိနာအိစ်မာအီလ်ﷺ၊ စိုက်ယိဒိနာအစ္စဟားက်ﷺ၊ စိုက်ယိဒိနာဇကရိယာﷺနှင့် စိုက်ယိဒိနာယာကူဗ်ﷺ တို့နှင့်သာ သက်ဆိုင်ပါသည်။

وَإِسْرَآءِيلَ

"နှင့် အစ္စရာအီလ်" (၁၉:၅၈) ဤသည်က စိုက်ယိဒိနာမူစာﷺ၊ စိုက်ယိဒိနာဟာရွန်ﷺ၊ စိုက်ယိဒိနာ ဇကရိယာﷺ၊ စိုက်ယိဒိနာယဟ်ယာﷺနှင့် စိုက်ယိဒိနာအီစာﷺ တို့အား ရည်ညွှန်းပါသည်။

إِذَا تُتْلَىٰ عَلَيْهِمْ آيَاتُ الرَّحْمَٰنِ خَرُّوا سُجَّدًا وَبُكِيًّا

မည်သည့်အခါမျိုးမဆို ထိုသူတို့ရှေ့ဝယ် ရဟ်မာန် အနန္တကရုဏာတော်ရှင် အာယသ်တော်များကို ဖတ်ကြားခဲ့ပါလျှင် ထိုသူတို့သည် ပျပ်ဝပ်ဦးချလျက်လည်းကောင်း၊ ငိုကြွေးလျက်လည်းကောင်း (မြေသို့) ကျလာကြကုန်သတည်း။ (၁၉:၅၈)

ပြီးခဲ့သော အာယသ်များထဲတွင် ထင်ရှားသောတမန်တော်အချို့နှင့် ၎င်းတို့၏ မြင့်မားသော အဆင့်အတန်းများကိုလည်း ဖော်ပြခဲ့သည်။ ထို့ကြောင့် လူအများက ထိုသူများကို ချဲ့ကားထားသည့် မြင့်မားသောအနေအထားသို့ ပို့ဆောင်နိုင်သော အနေအထားရှိသည်။ ပမာဆိုသော် ဂျူးများက စိုက်ယိဒိနာအိုဇိုင်းရ်ﷺအား ဘုရားအဖြစ် လည်းကောင်း၊ ခရစ်ယာန်များက စိုက်ယိဒိနာအီစာﷺကို ဘုရား၏သားတော်အဖြစ်ခေါ်၍ သူတို့၏အဆင့်များကို တင်ခဲ့သည်။ ထို့ကြောင့် ထိုတမန်တော်များအားလုံး ဖော်ပြပြီးနောက် နောက်အာယသ်ထဲတွင် ထိုသူများအားလုံးသည် အလ္လာဟ်အရှင်မြတ်အား အလွန်ကြောက်ရွံ့ရိုသေသူများဖြစ်ကြကာ ထိုအရှင်မြတ်အား အလွန်ရိုကျိုးစွာဖြင့် (سجدا) ပျပ်ဝပ်ဦးချလေ့ရှိကြောင်း ရှင်းထားသည်။ ဤသို့လုပ်ဆောင်ရခြင်းမှာ ထိုသူများက မည်သည့် ရိုသေကိုင်းရှိုင်းမှုဘောင်ကိုမျှ မကျော်ဖြတ်နိုင်စေရန် ရှောင်ရှားရေးဖြစ်သည်။ (ဘယာနလ်ကုရ်အာန်)

ကုရ်အာန်ကျမ်းတော်မြတ်/ အလ္လာဟ်အရှင်ကျမ်းတော်ကို ဖတ်ရွတ်သရဇ္ဈာယ်စဉ် ငိုကြွေးခြင်းသည် တမန်တော်များ၏ ဓလေ့ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သရဇ္ဈာယ်နေစဉ် ငိုကြွေးခြင်းသည် ကောင်းသောလုပ်ရပ်ဖြစ်ကာ တမန်တော်များ၏ ဂုဏ်ပုဒ်တစ်ခုလည်းဖြစ်သည်။ တမန်တော်မြတ်ﷺ၊ ဆွဟာဗဟ်များ၊ ၎င်းတို့နောက်လိုက်များနှင့် အလ္လာဟ်အရှင့်ကို ကြောက်ရွံ့ရိုသေသူများသည် ဤဓလေ့ကို လိုက်နာကျင့်သုံးခဲ့ကြကြောင်း တင်ပြထားခဲ့ကြသည်။

ကုရ်သုဒီ၏တင်ပြချက်ထဲတွင် ဘာသာရေးပညာရှင်များက စိဂျ်ဒါဟ်အာယသ်တစ်ခုကို ဖတ်ရွတ်သရဇ္ဈာယ်ပြီးနောက် စိဂျ်ဒါဟ်ပြုလုပ်နေစဉ် စူရဟ်စိဂျ်ဒါဟ်နှင့် လိုက်လျောညီထွေသော ဒုအာတစ်ခု တောင်းဆိုခြင်းသည် မုစ်သဟပ် (နှစ်လိုဖွယ်)ဖြစ်သည်ဟု မှတ်ယူကြသည်။ ပမာဆိုသော် စူရဟ်စိဂျ်ဒါဟ်၏ စိဂျ်ဒါဟ်အာယသ်(၃၂)ကို ရွတ်ဖတ်ပြီးနောက် အောက်ဖော်ပြပါဒုအာ ဖတ်ရွတ်ခြင်းဖြစ်သည်။

اَللّٰهُمَّ اجْعَلْنِيْ مِنَ السَّاجِدِيْنَ لِوَجْهِكَ الْمُسَبِّحِيْنَ بِحَمْدِكَ
وَاَعُوْذُبِكَ اَنْ اَكُوْنَ مِنَ الْمُسْتَكْبِرِيْنَ عَنْ اَمْرِكَ

"အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးကို အရှင်မြတ်တစ်ပါးတည်း ကိုသာလျှင် စိဂျ်ဒါဟ်ဦးချ၍ အရှင်မြတ်အား ချီးကျူးထောမနာပြုသူများနှင့်အတူ ရှိတော်မူပါစေ။ ထို့ပြင် အရှင်မြတ်အား ထောင်လွှားသောသူများနှင့်အတူ အရှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်သူများနှင့်

အတူ နေရခြင်းမှ ခိုလှုံပါ၏။”

စူရဟ်ဗနီအစ္စရာအီလ်၏ စိဂျ်ဒါဟ်အာယသ်(၁၀၉)ကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ အောက်ပါဒုအာကို ရွတ်ဆိုသင့်သည်။

اَللّٰهُمَّ اجْعَلْنِيْ مِنَ الْبَاكِيْنَ اِلَيْكَ الْخَاشِعِيْنَ لَكَ

“အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား အရှင်မြတ်ရှေ့တော်မှောက်တွင် ငိုကြွေးသူများနှင့် အသည်း လှိုက် အူလှိုက် ရိုကျိုးသူများနှင့်အတူ ရှိတော်မူပါစေ။”

ယခုဆွေးနွေးနေသော အာယသ်ပါ စိဂျ်ဒါဟ်နှင့်ပတ်သက်၍ ရွတ်ဖတ်သရဇ္ဈာယ်သင့်သည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

اَللّٰهُمَّ اجْعَلْنِيْ مِنْ عِبَادِكَ الْمُنْعِمِ عَلَيْهِمُ الْمَهْدِيِّيْنَ
السَّاجِدِيْنَ لَكَ الْبَاكِيْنَ عِنْدَ تِلَاوَةِ اٰيَاتِكَ

“အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား အရှင်ရှေ့တော်မှောက်တွင် စိဂျ်ဒါဟ်ဦးချကာ အရှင့် အာယသ်တော်များ ဖတ်ရွတ်၍ ငိုကြွေးသူများနှင့် အရှင်မြတ် ကောင်းချီးပေးခံရသော အရှင့်ကျေးကျွန်များနှင့်အတူ ထားတော်မူပါ။” (ကုရ်သုဗီ)

အာယသ် (၅၉-၆၃)

فَخَلَفَ مِنْۢ بَعْدِهِمْ خَلْفٌ اَضَاعُوا الصَّلٰوةَ وَ اتَّبَعُوا الشَّهَوٰتِ فَسَوْفَ
يَلْقَوْنَ غَيًّا ﴿۵۹﴾ اِلَّا مَنْ تَابَ وَ اٰمَنَ وَ عَمِلَ صَالِحًا فَاُولٰٓئِكَ يَدْخُلُوْنَ
الْجَنَّةَ وَلَا يُظْلَمُوْنَ شَيْـًٔا ﴿۶۰﴾ جَنّٰتِ عَدْنِ ِۨالَّتِيْ وَعَدَ الرَّحْمٰنُ عِبَادَهٗ
بِالْغَيْبِ ؕ اِنَّهٗ كَانَ وَعْدُهٗ مَاْتِيًّا ﴿۶۱﴾ لَا يَسْمَعُوْنَ فِيْهَا لَغْوًا اِلَّا سَلٰمًا ؕ وَ
لَهُمْ رِزْقُهُمْ فِيْهَا بُكْرَةً وَّ عَشِيًّا ﴿۶۲﴾ تِلْكَ الْجَنَّةُ الَّتِيْ نُوْرِثُ مِنْ عِبَادِنَا
مَنْ كَانَ تَقِيًّا ﴿۶۳﴾

တစ်ဖန် ၎င်းတို့နောက်တွင် အကြင်ဆိုးရွားသော အရိုက်ရာဆက်ခံသူတို့က ရိုက်ရာဆက်ခံခဲ့ကြကုန်၏။ ၎င်းတို့သည် ဆွလာတ်ဝတ်ပြုမှုကို ဖျက်ဆီးခဲ့ကြ၏။ (မိမိတို့) စိတ်အလိုဆန္ဒများကို လိုက်စားခဲ့ကြ၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမြင့်မီပင် ပျက်စီးမှုနှင့် တွေ့ကြုံရင်ဆိုင်ကြရပေမည်။ [၅၉] အကြင်သူမှတစ်ပါး ထိုသူသည် ဝန်ချတောင်းပန်ခဲ့လေသည်။ ၎င်းပြင် ထိုသူသည် သက်ဝင်ယုံကြည်ခဲ့လေသည်။ ထိုမှတစ်ပါး ထိုသူသည် ကောင်းမြတ်သောအကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့လေသည်။ သို့ဖြစ်လျှင် ထို(ကဲ့သို့သော)သူတို့မူကား ဂျန္နတ်သုခဘုံသို့ လားကြရပေမည်။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏ ကုသိုလ်အကျိုးများမှ) အနည်းငယ် စိုးစဉ်းမျှပင် လျော့နည်းစေခြင်းကို

ခံကြရမည် မဟုတ်ပေ။[၆၀] (ထင်းတို့သည်) အကြင်ထာဝရ ဥယျာဉ်များသို့ (လားကြရပေမည်)။ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် မိမိကျွန်များအား (ထင်းတို့) မမြင်ဘဲလျက် အကျေအပွန် ဆောင်ရွက်ပြီးသာဖြစ်လိမ့်မည်။[၆၁] ထင်းတို့သည် ယင်း ဂျန္နတ်သုခဘုံ၌ စလာမ်မေတ္တာပို့သခြင်းမှတစ်ပါး အချည်းနှီးသောစကားလုံးကို လုံးဝ ကြားကြရလိမ့်မည်မဟုတ်ပေ။ထိုမှတစ်ပါးထင်းတို့အဖို့ယင်းဂျန္နတ်သုခဘုံ၌ထင်းတို့၏စားသောက်ဖွယ်ရာများသည် နံနက်ယံ၌ လည်းကောင်း၊ ညနေချမ်း၌ လည်းကောင်း ရှိခြေအံ့သတည်း။[၆၂] ဤသည် အကြောင် ဂျန္နတ်သုခဘုံတည်း။ ငါအရှင်မြတ်သည် မိမိ၏ကျွန်များ အနက် (ငါအရှင်မြတ်အား ကြောက်ရွံ့ ရိုသေသောအားဖြင့်) ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်သောသူများ)အား အမွေဆက်ခံစေတော်မူမည် ဖြစ်သတည်း။[၆၃]

အကျယ်ဖွင့်ဆိုခြင်း

خَلْف (ခလ်ဖ်)သည် မကောင်းသော ဆက်ခံသူများဟု အဓိပ္ပာယ်သက်ရောက်သကဲ့သို့ **خَلَف** (ခလာဖ်) ဆိုသည်မှာ ကောင်းမွန်သောဆက်ခံသူများဟု ဆိုလိုသည်။ (မဇ်ဟိရီ) မုဂျာဟစ်ဒ်ရ.ဒ.အ.ကာ တင်ပြထားသည်မှာ တရား စီရင်မည့်နေ့ နီးကပ်လာသောအခါ ဘုရားတရား ရှိသေကိုင်းရှိုင်းသူများသည် အားလုံး သေဆုံးသွားကြပြီးနောက် လူအများမှာ ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို စိတ်ဝင်စားမှုမရှိတော့ဘဲ အမျိုးမျိုးသော ပြစ်မှုဒုနာဟ်များနှင့် မကောင်းသော လုပ်ရပ်များထဲတွင် နစ်မွန်းနေကြလိမ့်မည်။

ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို သတ်မှတ်ထားသည့် အချိန် ကျော်လွန်ပြီးမှ ဝတ်ပြုဆောက်တည်ခြင်း သို့မဟုတ် **جماعت** ဂျမာအသ် လူစုလူဝေးဖြင့် မဆောက်တည်ခြင်းသည် ဝတ္တရားပျက်ကွက်မှုဖြစ်ကာ အချည်းအနှီးဖြစ်၍ ကြီးမားသော ဒုနာဟ် ပြစ်မှုဖြစ်သည်။

ဦးကာရှင်နှင့် အကျယ်ဖွင့်ဆိုသူများစွာက ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို သတ်မှတ်ထားချိန် ကျော်လွန်ပြီးမှ ဆောက်တည်ခြင်းသည် ဆွလာသ်ဝတ်ပြုမှု ဝတ္တရားပျက်ကွက်မှု (**أَضَاعُوْا الصَّلٰوة**)ဖြစ်သည်ဟု ရှုမြင်ကြသည်။ ထိုသို့သော အယူအဆရှိသူများတွင် စိုက်ယိဒိနာ အဗ္ဒုလ္လာဟ် အိဗနိ မတ်စအူးဒ်၊ နစာအီ၊ ကာစိမ်၊ မုဂျာဟစ်ဒ်၊ အိဗ်ရာဟီမ်နှင့် အုမရ် အိဗနိ အဗ္ဒုလ် အဇီးဇ် တို့ပါဝင်သည်။ အခြားသူများကမူ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းပုံစံနှင့် ကျင့်ဝတ် စည်းကမ်းများတွင် အဆင့်အတန်းတစ်ခု ထိန်းသိမ်းရန် ပျက်ကွက်ခြင်း **اضاعت صلوة** ဟု ခေါ်ဆိုသည်။ ယင်းတွင် အချို့သည်လည်း ပါဝင်သည်။ အချို့သူများကမူ **جماعت** ဂျမာအသ် လူစုလူဝေးနှင့် မဆောက်တည်ဘဲ အိမ်တွင်ဝတ်ပြုခြင်းသည် **اضاعت صلوة** ဟု ယုံကြည်ကြသည်။ (ကုရ်တုဗီ၊ ဗဟ်ရုလ်မုဟီးတွ်)

စိုက်ယိဒိနာ အုမရ်အလ်ဖာရူက်ရ.ဒ.အ.ကာ သူ၏ဘုရင်ခံများအားလုံးထံ စာတမ်းတစ်စောင် ပို့ခဲ့သည်မှာ -

إن أهم امركم عندى الصلوة، فمن ضيعها فهو لما سواها اضيع (مؤطا امام مالك)

"ကျွန်ုပ်၏အမြင်အရ သင်တို့ လုပ်ငန်းများအနက် ဆွလာသ်ဝတ်ပြုဆောက်တည်မှုမှာ အရေးအပါဆုံး ဖြစ်သည်။ ထို့ကြောင့် မည်သူမဆို ဤသည်ကို ပျက်ကွက်လျှင် သူ၏အခြားတာဝန်များ လုပ်ဆောင်ရန် ပျက်ကွက်ခြင်းထက် ပိုသည်" ဟူ၍ဖြစ်သည်။

တစ်ချိန်က စိုက်ယိဒိနာ ဟုဇိုင်ဖဟ်ﷺသည် တစ်စုံတစ်ဦးသည် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများကို မလိုက်နာဘဲ ဆွလာသ်ဝတ်ပြုဆောက်တည်နေသည်ကို တွေ့မြင်ခဲ့ရသည်။ ထို့နောက် ၎င်းသူသည် ဆွလာသ်ဝတ်ပြုဆောက်တည်မှု ကျင့်ဝတ်စည်းကမ်းများတွင် နားသင့်သည့်နေရာမှာမနားဘဲ တက်သုတ်ရိုက်ကာ အလျင်အမြန် ဆောက်တည်နေပါသည်။ စိုက်ယိဒိနာ ဟုဇိုင်ဖဟ်ﷺက ထိုကဲ့သို့ ဆွလာသ်ဝတ်ပြုသည်မှာ မည်မျှ ကြာညောင်းခဲ့ပါသနည်းဟု ထိုသူ့အား မေးခဲ့သည်။ ထိုသူက နှစ်ပေါင်းလေးဆယ် ရှိပါပြီဟု ဖြေကြားခဲ့သည်။ ထို့နောက် စိုက်ယိဒိနာ ဟုဇိုင်ဖဟ်ﷺက ပြောသည်မှာ-

"သင်သည် ဆွလာသ်ဝတ်ပြုမှု တစ်ကြိမ်ကိုမျှ မှန်မှန်ကန်ကန် ဆောက်တည်ခဲ့သည် မဟုတ်ပါ" ဟူ၍ ဖြစ်သည်။ သူက ဆက်လက်၍ မှတ်ချက်ပြုခဲ့သည်မှာ-

"အကယ်၍ သင်သည် ဤသို့ ဆွလာသ်ဝတ်ပြုဆောက်တည်မှုမျိုးဖြင့် သေဆုံးသွားခဲ့လျှင် သင်သည် တမန်တော်မြတ်ﷺ ညွှန်ကြားထားသည့်အတိုင်း မလိုက်နာဘဲ သေဆုံးသွားလိမ့်မည် ဟူသည်ကို သင်ကောင်းစွာ မှတ်သားထားပါလေ။"

စိုက်ယိဒိနာ အဖူ မတ်စ်အူးဒ် အန်ဆွာရီ﵁ကို ကိုးကား၍ တမန်တော်မြတ်ﷺမိန့်ကြားချက်ကို သိရှိမိဇီကျမ်းတွင် ဖော်ပြထားသည်မှာ ဆွလာသ်ဝတ်ပြုဆောက်တည်သူတစ်ဦးသည် **اقامت** ဖြောင့်မတ်စွာရပ်ခြင်းကို မပြုလုပ်လျှင် ၎င်း၏ ဆွလာသ်ဝတ်ပြုမှုသည် အချည်းအနှီးဖြစ်သည်။ ယင်းက ဆိုလိုသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုစဉ် (**ركوع**) ဦးညွတ်ချိန်နှင့် စိဂျ်ဒါဟ် (**سجدة**)ဦးချချိန်တို့တွင် မရပ်နားလျှင်လည်းကောင်း၊ **ركوع** ဦးညွတ်ရာမှ ပြန်၍ထရာတွင် တည့်မတ်စွာ မရပ်ပါကလည်းကောင်း၊ **سجدون** စိဂျ်ဒါဟ်ဦးချမှုနှစ်ခုကြားတွင် မထိုင်ကလည်းကောင်း၊ သူသည် ဆွလာသ်ဝတ်ပြုဆောက်တည်သည်ဟု မှတ်ယူလိမ့်မည်မဟုတ်ချေ။ အလားတူ အကယ်၍ တစ်စုံတစ်ဦးသည် **وضوء** ဝုဇူ ဆေးကြောသန့်စင်ခြင်းနှင့် **طهارت** သန့်ရှင်းစင်ကြယ်စေရန် ပြုလုပ်ခြင်း၌ ဂရုတစိုက် မပြုလုပ်လျှင် သူ၏ ဆွလာသ်ဝတ်ပြုမှုသည် အချည်းအနှီး ဖြစ်လိမ့်မည်။

စိုက်ယိဒိနာ ဟာစန်အလ်ဗဆွရီ(﵁)က မှတ်ချက်ပြုခဲ့သည်မှာ ဗလီဝတ်ကျောင်းတော်သို့ မလာရောက်ဘဲ လုပ်ငန်းဆောင်တာများနှင့် လူဘဝပျော်ရွှင်မှုများတွင် အလွန်အကျူး ပါဝင်ပတ်သက်နေခြင်းသည် ဤအာယသ် ဆိုလိုရင်းတွင် အကျုံးဝင်သည်။

အီမာမ် အလ်ကုရ်သုဗီ﵀က ဤမိန့်ကြားချက်များကို ပြန်လည်တင်ပြပြီး ပြောခဲ့သည်မှာ အသိဉာဏ်ရှိသောသူများသည်ပင်လျှင် ဆွလာသ်ဝတ်ပြုဆောက်တည်မှုအတွက် ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေသများကို လျစ်လျူရှု၍ လှုပ်ရှားရုံသက်သက် လုပ်ဆောင်နေကြသည်။ ဤသို့ မှတ်ချက်ချမှုကို ဟစ်ဂျရီ ခြောက်ရာစုတွင် ပြုလုပ်ခဲ့ကာ ထိုအချိန်က ယင်းသို့ လုပ်ဆောင်ကြသူမှာ အနည်းငယ်မျှသာ ဖြစ်သည်။ လက်ရှိကာလတွင် အခြေအနေကား ဆိုးဝါးပေသည်။ ဆွလာသ်ဝတ်ပြုမှုဆိုင်ရာ ဥပဒေသ စည်းကမ်းများကို ပစ်ပယ်သူများသည် ပိုမို များပြားနေပါသည်။

نَعُوْذُ بِاللّٰهِ مِنْ شُرُوْرِ اَنْفُسِنَا وَاَعْمَالِنَا

وَاتَّبَعُوا الشَّهَوَاتِ "၎င်းတို့သည် (မိမိတို့) စိတ်အလိုဆန္ဒများကို လိုက်စားခဲ့ကြ၏။" (၁၉း၅၉)

شَهَوَات ဟူသောစကားလုံးသည် အလွှာဟ်အရှင်မြတ်အတွက် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို မေ့လျော့ကာ ဆွလာသ်ဝတ်ပြုဆောက်တည်မှုတွင် စိတ်ဝင်စားခြင်းမရှိစေသည့် လောကီဆိုင်ရာ အပျော်အပါး ကျေနပ်နှစ်သက်မှုအားလုံးကို ရည်ညွှန်းသည်။ စိုက်ယိဒိနာ အလီﷺက ပြောသည်မှာ လူများကို ဆွဲဆောင်စေသည့်

နန်းတော်တမျှသော အိမ်ကြီးများ၊ ဇိမ်ခံအစီးအနင်းများနှင့် သာမန်လူတစ်ဦးနှင့် ကွဲပြားခြားနားစေသော အဝတ်အစားများ ဝတ်ဆင်ခြင်းတို့သည် လောကီဆိုင်ရာ ကျေနပ်နှစ်သက်မှု အတန်းအစားတွင် ပါဝင်သည်။ (ကုရ်သုဗီ)

فَسَوْفَ يَلْقَوْنَ غَيًّا "သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမြင့်မီပင် ပျက်စီးမှုနှင့် တွေ့ကြုံရင်ဆိုင်ကြရပေမည်။" (၁၉း၅၉) အရဗီဘာသာစကားတွင် **غَيّ** သည် **رشاد** ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ အကျင့်သီလနှင့် ကောင်းသောအရာများကို **رشاد** ဟုခေါ်၍ အလုံးစုံသော ပြစ်မှုဂုနာဟ်များနှင့် မကောင်းသည့်အရာများကို **غَيّ** ဟုခေါ်သည်။ စိုက်ယိဒိနာ အဗ္ဗဒုလ္လာဟ် အိဗနိ မတ်စ်အူးဒ်ﷺက တင်ပြခဲ့သည်မှာ ငရဲထဲတွင် **غَيّ** ဟူသော လိုဏ်ဂူတစ်ခုရှိသည်။ ယင်းတွင် ပြင်းထန်သော ပြစ်ဒဏ်ခတ်မှု အမျိုးမျိုးရှိသည်။ ငရဲတွင်ရှိပြစ်ဒဏ်ခတ်မှုများအားလုံးထက် ပို၍ များပြားပေသည်။

အိဗနိ အဗ္ဗာစ်ﷺက မှတ်ချက်ပြုသည်မှာ ဂျာဟန္နမ်ငရဲကပင်လျှင် **غَيّ** အမည်ရှိလိုဏ်ဂူမှ ကင်းဝေးစေရန် ရှာကြံခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းလိုဏ်ဂူကို ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ရန်အကျင့်ပါ၍ စွဲစွဲမြဲမြဲ ကျူးလွန်သူများ၊ အရက်သေစာ သောက်စားမှုကို မစွန့်လွှတ်သည့်သူများ၊ အတိုးယူခြင်းမှမရပ်သည့် အတိုးစားသူများ၊ မိဘအမိန့်ဖီဆန်သူများနှင့် သူတစ်ပါး၏ကလေးကို မိမိလင်သား၏ကလေးဟု ပြောဆိုသူများအတွက် နှင့် မုသားသက်သေ ထွက်ဆိုသူများအတွက် ပြင်ဆင်ပြုလုပ်ထားသည်။ (ကုရ်သုဗီ)

لَا يَسْمَعُوْنَ فِيْهَا لَغْوًا اِلَّا سَلٰمًا

"၎င်းတို့သည် ယင်း ဂျန္နတ်သုခဘုံ၌ စလာမ်မေတ္တာပို့သခြင်းမှတစ်ပါး အချည်းနှီးသောစကားလုံးကို လုံးဝ ကြားကြရလိမ့်မည် မဟုတ်ပေ။" (ကုရ်အာန် ၁၉း၆၂)

لَغْو ဆိုသည်က ပျင်းရိသော၊ အချည်းအနှီးဖြစ်စေသော စကားများနှင့် ဆဲရေးတိုင်းထွာသောစကားများကို ဆိုလိုသည်။ ဂျန္နသ်သုခဘုံထဲသို့ ဝင်ရောက်ခွင့်ရသူများသည် ထိုသို့သောစကားများကို ကြားကြရလိမ့်မည်မဟုတ်ချေ။

اِلَّا سَلَامًا က ဆိုလိုသည်မှာ ဂျန္နတ်သုခဘုံတွင် ကြားရမည့်အရာများဟု ဆိုလိုသည်။ ယင်းကြောင့် ကြားရသူသည် ပျော်ရွှင်မှု၊ အေးချမ်းသာယာမှုနှင့် တည်ငြိမ်မှု ထပ်၍ ရပေလိမ့်မည်။ ယင်းတွင် သမားရိုးကျ **سلام** စလာမ်နှုတ်ခွန်း ဆက်သခြင်းလည်း ပါဝင်သည်။ ယင်းစလာမ်ဆိုမှုကို ဂျန္နတ်သုခဘုံတွင် နေသူများအချင်းချင်း အပြန်အလှန် ပြောဆို နှုတ်ဆက်ကြလိမ့်မည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ကောင်းကင်စေတမန်များကလည်း ထိုသူတို့အားလုံးကို စလာမ် ပို့သပါလိမ့်မည်။ (ကုရ်သုဗီ)

وَلَهُمْ رِزْقُهُمْ فِيْهَا بُكْرَةً وَّعَشِيًّا

"ထိုမှတစ်ပါး ၎င်းတို့အဖို့ ယင်းဂျန္နတ်သုခဘုံ၌ ၎င်းတို့၏ စားသောက်ဖွယ်ရာများသည် နံနက်ယံ၌ လည်းကောင်း၊ ညနေချမ်း၌ လည်းကောင်း ရှိခြေအံ့ သတည်း။" (၁၉း၆၂)

ဂျန္နတ်သုခဘုံတွင် နေကို ဗဟိုပြုသည့်စနစ်(Solar System) ရှိလိမ့်မည်မဟုတ်။ ထို့ကြောင့် နေဝင်ခြင်း နေထွက်ခြင်း ရှိမည်မဟုတ်ချေ။ နေ့နှင့်ည၊ နံနက်ခင်းနှင့် ညနေခင်းကို ပြောနိုင်သည့် နည်းလမ်းအချို့ ရှိပါလိမ့်မည်။ ဤနံနက်ယံနှင့် ညနေယံ ခွဲခြားသည့်နည်းအရ ဂျန္နတ်သုခဘုံတွင် နေထိုင်သူများသည် သူတို့၏အစားအစာကို ရပါလိမ့်မည်။ ပြောရန်မလိုသည်ကား ဂျန္နတ်သုခဘုံတွင် နေထိုင်သူများ၏ လိုအင်ဆန္ဒများကို ၎င်းတို့ဆန္ဒရှိသည့်အတိုင်း ဖြည့်ဆည်းပေးမည်ဆိုသည်ကို **وَلَهُمْ مَا يَشْتَهُوْنَ** "သို့ရာတွင် ၎င်းတို့အဖို့ ၎င်းတို့နှစ်သက်ကြသောအရာသည် ရှိပေသည်။ (၁၆း၅၇) ဤသည်မှာ အထွေထွေကြေညာချက်ဖြစ်သည်။ နံနက်ယံနှင့်ညနေယံဟု ဖော်ပြထားရခြင်းမှာ လူများသည် နံနက်ခင်း နှင့်ညနေခင်းတွင် စားသောက်လေ့ရှိသောကြောင့် ဖြစ်သည်။ အာရဗ်ဆိုရိုးစကားတစ်ခုအရ

မည်သူမဆို နံနက်ခင်းနှင့် ညနေခင်းတွင် အစားအသောက် ပြည့်စုံခဲ့ပါလျှင် ၎င်းသည် စည်းစိမ်ရှိ၍ သယာအေးချမ်းသည် ဟုဖြစ်သည်။

စိုက်ယိဒိနာ အနပ်စ် အိဗနိ မာလိက်ﷺက ဤအာယသ်ကို ဖတ်ရွတ်သရဇ္ဈာယ်ပြီးနောက် ပြောသည်မှာ ဤအာယသ်က ယုံကြည်သက်ဝင်သူများသည် နံနက်ခင်း၌တစ်ကြိမ် ညနေခင်းတွင်တစ်ကြိမ် တစ်နေ့နှစ်ကြိမ် စားသောက်ကြောင်း ပြသသည်။

ပညာရှင်အချို့ကမူ နံနက်ယံနှင့်ညနေယံကို ဖော်ပြခြင်းသည် ယေဘုယျဖော်ပြချက်တစ်ခုဖြစ်သည်ဟု ရှင်းလင်းခဲ့သည်။ မည်သည့်အချိန် မည်သည့်နေရာဟု တိတိကျကျ မဖော်ပြပေ။ နေ့နှင့်ည သို့မဟုတ် အရှေ့နှင့်အနောက်ဟု သုံးစွဲသကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် ယင်းကဆိုလိုသည်မှာ ဂျန္နသ်တွင်းနေသူတို့သည် သူတို့ကြိုက်သည့်အချိန် သူတို့ကြိုက်သလို ရွေးချယ်စားသောက်ပေလိမ့်မည်။ (အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံး ဖြစ်သည်။)

(ကုရ်သုဗီ)

အာယသ် (၆၄-၇၂)

وَمَا نَتَنَزَّلُ اِلَّا بِاَمْرِ رَبِّكَ ۚ لَهٗ مَا بَيْنَ اَيْدِيْنَا وَمَا خَلْفَنَا وَمَا بَيْنَ ذٰلِكَ ۚ وَ
مَا كَانَ رَبُّكَ نَسِيًّا ﴿٦٤﴾ رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا فَاعْبُدْهُ وَ
اصْطَبِرْ لِعِبَادَتِهٖ ؕ هَلْ تَعْلَمُ لَهٗ سَمِيًّا ﴿٦٥﴾ وَيَقُوْلُ الْاِنْسَانُ ءَاِذَا مَا مِتُّ
لَسَوْفَ اُخْرَجُ حَيًّا ﴿٦٦﴾ اَوَلَا يَذْكُرُ الْاِنْسَانُ اَنَّا خَلَقْنٰهُ مِنْ قَبْلُ وَلَمْ
يَكُ شَيْـًٔا ﴿٦٧﴾ فَوَرَبِّكَ لَنَحْشُرَنَّهُمْ وَالشَّيٰطِيْنَ ثُمَّ لَنُحْضِرَنَّهُمْ حَوْلَ جَهَنَّمَ
جِثِيًّا ﴿٦٨﴾ ثُمَّ لَنَنْزِعَنَّ مِنْ كُلِّ شِيْعَةٍ اَيُّهُمْ اَشَدُّ عَلَى الرَّحْمٰنِ عِتِيًّا ﴿٦٩﴾
ثُمَّ لَنَحْنُ اَعْلَمُ بِالَّذِيْنَ هُمْ اَوْلٰى بِهَا صِلِيًّا ﴿٧٠﴾ وَاِنْ مِّنْكُمْ اِلَّا وَارِدُهَا
ۚ كَانَ عَلٰى رَبِّكَ حَتْمًا مَّقْضِيًّا ﴿٧١﴾ ثُمَّ نُنَجِّي الَّذِيْنَ اتَّقَوْا وَّنَذَرُ الظّٰلِمِيْنَ
فِيْهَا جِثِيًّا ﴿٧٢﴾

စင်စစ် ကျွန်ုပ်တို့(ကောင်းကင်တမန်များ)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်မရှိဘဲလျက် ဆင်းသက်ကြသည် မဟုတ်ပေ။ ကျွန်ုပ်တို့ ရှေ့၌ ရှိသောအရာများသည်လည်းကောင်း၊ ကျွန်ုပ်တို့၏နောက်၌ရှိသော အရာများသည် လည်းကောင်း၊ ယင်း၏အကြား၌ ရှိသောအရာများသည်လည်းကောင်း ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကုန်၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မေ့လျော့တော်မူသောအရှင် အလျှင်းမဟုတ်ပေ။[၆၄] (ထိုအရှင်မြတ်သည်) မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊

ယင်း မိုးကောင်းကင်နှင့် ပထဝီမြေနှစ်ခုစလုံး၏အကြားဌာန ရှိသမျှတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ပါလေ။ ၎င်းပြင် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ တည်ကြည်စွဲမြဲစွာ ရှိပါလေ။[၆၅] စင်စစ် လူသားသည် (ပြက်ရယ်သောအားဖြင့် ဤသို့) ပြောဆိုလေသည်။ အသို့ပါနည်း၊ ကျွန်ုပ် သေဆုံးပြီးနောက် (ပြန်လည်၍) အသက်ရှင်လျက် (သင်္ချိုင်းတွင်းမှ) ထွက်စေခြင်းကို ခံရဦးမည်လော။[၆၆] (ယင်း)လူသားသည် ယခင်က ၎င်းဘာမျှမရှိခဲ့စဉ်အခါ၌ ငါအရှင်မြတ်သည်ပင် ၎င်းအား ဖန်ဆင်းတော်မူခဲ့သည်ကို သတိမရလေသလော။[၆၇] ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ "ကစမ်"၊ မလွဲဧကန် ငါအရှင်မြတ်သည် ထိုသူတို့အား လည်းကောင်း၊ ရှိုင်တွာန်မိစ္ဆာကောင်တို့အား လည်းကောင်း စုရုံးတော်မူပြီးလျှင် မုချအမှန် ငါအရှင်မြတ်သည် ၎င်းတို့အား ဂျာဟန္နမ်ငရဲဘုံ၏ ပတ်ဝန်းကျင်၌ ပုဆစ်ဒူးတုပ်လျက် အသင့် ရောက်ရှိစေတော်မူပေမည်။[၆၈] ထို့နောက် အမှန်ပင် ငါအရှင်မြတ်သည် အုပ်စုအသီးသီးမှ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်အား အပြင်းထန်ဆုံး ပုန်ကန်သူတို့ကို (ဇရုးချယ်) ထုတ်ယူတော်မူပေမည်။[၆၉] တစ်ဖန် ဧကန်မလွဲ ယင်းဂျာဟန္နမ်ငရဲဘုံ၌ မီးလောင်စေရန်၊ ပစ်ချရန် အထိုက်တန်ဆုံးသောသူတို့အား ငါအရှင်မြတ်သည်ပင် အသိဆုံးဖြစ်တော်မူပေသည်။[၇၀] စင်စစ် အသင်တို့အနက် လူတိုင်းလူတိုင်းသည် ယင်းဂျာဟန္နမ် ငရဲဘုံ၌ ဆိုက်ရောက်ရမည့်သူချည်း ဖြစ်ကုန်၏။ (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က မိမိအပေါ်၌ ယတိပြတ် ဆုံးဖြတ်ပြီးဖြစ်သော တာဝန်တစ်ရပ်ပင် ဖြစ်ချေသတည်း။[၇၁] ထို့နောက် ငါအရှင်မြတ်သည် (မိမိအား ကြောက်ရွံ့ရိုသေသောအားဖြင့် ပြစ်မှုဒုစရိုက်များမှ) ရှောင်ကြဉ်ကြကုန်သောသူတို့အား လွတ်မြောက်စေတော်မူမည်။ သို့ရာတွင် မတော်မတရားကျူးလွန်သောသူတို့အား ငါအရှင်မြတ်သည် ယင်းဂျာဟန္နမ်ငရဲဘုံ၌ပင် ပုဆစ်ဒူးတုပ်လျက် စွန့်ပစ်ထားတော်မူအံ့သတည်း။[၇၂]

အကျယ်ဖွင့်ဆိုခြင်း

وَٱصْطَبِرْ لِعِبَادَتِهِۦ "၎င်းပြင် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ တည်ကြည်စွဲမြဲစွာရှိပါလေ။" (၁၉း၆၅) **ٱصْطَبَرَ** ဟူသောစကားလုံးက ပြင်းပြင်းထန်ထန် ဆင်းရဲဒုက္ခရောက်ခြင်းနှင့် ခက်ခဲသောအခါ၌ ဖွဲလုံ့လရှိခြင်းဟု ဆိုလိုသည်။ ဤနေရာပါအချက်မှာ မည်သူမဆို ၎င်း၏ ဆွေလာသံဝတ်ပြုဆောက်တည်မှုများကို စွဲစွဲမြဲမြဲနှင့် အမြဲတမ်း ဖြစ်စေရန် ဆန္ဒရှိခဲ့လျှင် နာကျင်မှုနှင့် ဒုက္ခသုက္ခကို မုချပြင်ဆင်ထားပြီး ဖြစ်ရမည်။

هَلْ تَعْلَمُ لَهُۥ سَمِيًّا "အသို့ပါနည်း၊ ထိုအရှင်မြတ်၏ နာမည်တူ(ဂုဏ်ရည်တူ) တစ်ဦးတစ်ယောက်မျှပင် ရှိသည်ကို အသင် သိရှိပါသလော။" (၁၉း၆၅) **سَمِيٌّ** စကားလုံး၏ အများသူငါ သိရှိလက်ခံပြီးဖြစ်သော အဓိပ္ပာယ်မှာ အမည်တူရှိသူများဟု ရည်ညွှန်းသည်။ ဘုရားအများကိုးကွယ်သူများနှင့် ရုပ်တုကိုးကွယ်သူများသည် လူသားများ၊ ကောင်းကင်စေတမန်များ၊ ကျောက်တုံးများနှင့် ရုပ်တုများကို အလွှာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်၍ ယင်းအရာ

များအားလုံးကို **ﻫﺎ** အဖြစ် သတ်မှတ်သည်။ ဆိုလိုသည်မှာ ကိုးကွယ်ရာအရာများဟူ၍ဖြစ်သည်။ သို့သော်လည်း ထူးဆန်းသည်မှာ သူတို့၏ မမှန်ကန်သောဘုရားများတွင် မည်သည်ကိုမျှ အလျှာဟ်ဟု မှည့်ခေါ်မထားပါ။ ဤကိစ္စရပ်သည် ကြိုတင်စီမံ ပြဋ္ဌာန်းပြီးဖြစ်ကာ အလျှာဟ်ဟူသောအမည်ဖြင့် မည်သည့်ရုပ်တု သို့မဟုတ် ကိုးကွယ်ရာမှ မရှိပါ။ ထို့ကြောင့် **سَيِّئٌ** ဟူသောစကားလုံး၏ စာပေဝေါဟာရဆိုလိုရင်းမှာ ဤအာယသ်တော်၏ဆိုလိုရင်းကို လုံလောက်ပြည့်စုံစွာ ရှင်းလင်းထားသည်မှာ ဤကမ္ဘာလောကတွင် မည်သည့်အရာမျှ အလျှာဟ်ဟူသောအမည် မရှိပါ။

မုဂျာဟစ်ဒ်၊ အိဗနိဇုဗိုင်းရဲ၊ ကသာဒါဟ်နှင့် အိဗနိအဗ္ဗာစ်အပါအဝင် ဋီကာရှင်များစွာက လက်ရှိစာသားပါ **سَيِّئٌ** ဟူသောစကားလုံးသည် "တူညီမှုတစ်ခု" သို့မဟုတ် "နှိုင်းယှဉ်နိုင်ဖွယ်" ဟူသော အဓိပ္ပာယ်ရှိသည်ဟု ယူဆကြသည်။ ထို့နောက် အာယသ်တော်၏ဆိုလိုရင်းမှာ မှားယွင်းသောဘုရားများ တစ်ပြိုတစ်မကြီးတွင် အလျှာဟ်အရှင်မြတ်ဂုဏ်တော်များနှင့် ပတ်သက်၍ ညီတူညီမျှဖြစ်ခြင်း၊ နှိုင်းယှဉ်ခြင်း မရှိနိုင်ပါ။

لَنَحْشُرَنَّهُمْ وَالشَّيٰطِيْنَ ثُمَّ لَنُحْضِرَنَّهُمْ

"မလွဲမေကန် ငါအရှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ရှိုက်တွာန်မိစ္ဆာကောင်တို့အားလည်းကောင်း စုရုံးစေတော်မူပြီးလျှင် မုချဇကန် ငါအရှင်မြတ်သည် ငင်းတို့အား အသင့်ရောက်ရှိစေတော်မူအံ့။" (၁၉း၆၈)

ဤအာယသ်တော်ကို နှစ်နည်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ပထမနည်းမှာ တရားစီရင်မည့်နေ့၌ အလျှာဟ်အရှင်ရှေ့တော်မှောက်တွင် မယုံကြည်သွေဖည်သူတိုင်းအား ငင်းတို့၏ ရှိုက်တွာန်မိစ္ဆာကောင်များနှင့်အတူ စုရုံးစေတော်မူမည်။ ဤသည်က မယုံကြည်သွေဖည်သူများနှင့် မိစ္ဆာကောင်များကို စုရုံးခြင်းအား ရည်ညွှန်းသည်။ သို့သော်လည်း ဤအာယသ်ကို ယုံကြည်သူများနှင့် မယုံကြည်သူများအားလုံး အကျုံးဝင်စေသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုလျှင် မိစ္ဆာကောင်အားလုံးကို သူတို့၏ မယုံကြည်သွေဖည်ငြင်းပယ်သူအားလုံးနှင့်အတူ စုရုံးစေခဲ့ခြင်းကိုဆိုလို၍ တစ်ချိန်တည်း တစ်နေရာတည်းတွင် ယုံကြည်သက်ဝင်သူများကိုလည်း စုရုံးခဲ့သည်ဟု အဓိပ္ပာယ်ဆောင်ပေလိမ့်မည်။ သို့ဆိုလျှင် မိစ္ဆာကောင်များကို မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့်အတူ စုစည်းပြီးဖြစ်သကဲ့သို့ သက်ဝင်ယုံကြည်သူများကိုလည်း စုစည်းပြီးဖြစ်လိမ့်မည်။

حَوْلَ جَهَنَّمَ جِثِيًّا

"ဂျဟန္နမ်ဝဲရဲဘုံ၏ ပတ်ဝန်းကျင်၌ ပုဆစ်ဒူးတုပ်လျက် အသင့်ရောက်ရှိစေတော်မူပေမည်။" (၁၉း၆၈)

ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် ယုံကြည်သက်ဝင်သူများ၊ မယုံကြည်သွေဖည်ငြင်းပယ်သူများ၊ ကောင်းချီးမင်္ဂလာပေးခံရသူများနှင့် အတိဒုက္ခကြီးများစွာ ရောက်နေသောသူ လူတိုင်းသည် ဂျဟန္နမ်ဝဲရဲ၏ ပတ်ဝန်းကျင်တွင် စုရုံးစေလိမ့်မည်။ လူတိုင်းလူတိုင်းသည် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ကာ ပုဆစ်ဒူးတုပ်လျက် ဖြစ်နေလိမ့်မည်။ ထို့နောက်မှ ယုံကြည်သက်ဝင်သူများနှင့် ကောင်းချီးမင်္ဂလာပေးခံရသူများသည် ငရဲကိုဖြတ်ကျော်၍ ဂျန္နသ်သုခဘုံအတွင်း ဝင်စေပါလိမ့်မည်။ ထိုသူများသည် ဂျဟန္နမ်ဝဲရဲ၏ ပြင်းထန်သောဒုက္ခကို မြင်တွေ့ရပြီးနောက် သူတို့သည် အလွန်အကျူး ဝမ်းမြောက်ကြကာ တစ်ချိန်တည်းတွင် မယုံကြည်သွေဖည်ငြင်းပယ်သူကို ပြစ်ဒဏ်ခတ်မှုအတွက် ပျော်ရွှင်ကြည်နူးကြလိမ့်မည်။

ثُمَّ لَنَنْزِعَنَّ مِنْ كُلِّ شِيْعَةٍ

"ထို့နောက် အမှန်ပင် ငါအရှင်မြတ်သည် အုပ်စုအသီးသီးမှ နတ်ယူတော်မူအံ့။" (၁၉း၆၉)

شِيْعَةٍ ဟူသောစကားလုံးသည် သီးသန့် လူတစ်ဦး သို့မဟုတ် သီးသန့်ဘာသာတစ်ခု၏ နောက်လိုက်များဟု

ရည်ညွှန်းသည်။ ထို့ပြင် ဂိုဏ်းတစ်ဂိုဏ်းကိုလည်း ဆိုလိုသည်။ အာယသ်၏ဆိုလိုရင်းမှာ မယုံကြည်သွေဖည်သူများ၏ ဂိုဏ်းအမျိုးမျိုးထဲမှ အပြင်းထန်ဆုံး ပုန်ကန်သူများကို ရွေးထုတ်ပါလိမ့်မည်။ ဋီကာရှင်အချို့က ပြောသည်မှာ ပြစ်မှု ဂုနာဟ်ကျူးလွန်သောသူများအား ကျူးလွန်သောပြစ်မှုအလျောက် ငရဲထဲထည့်သွင်းလိမ့်မည်။ ဆိုလိုသည်မှာ အပြင်းထန်ဆုံး ကျူးလွန်သူများကို ပထမဦးစွာ ဂျဟန္နမ်ထဲထည့်ကာ ပြစ်မှုဂုနာဟ်နည်းလျှင်နည်းသည့်အလျောက် ထည့်သွင်းပေမည်။

وَإِنْ مِّنكُمْ إِلَّا وَارِدُهَا

"စင်စစ် အသင်တို့အနက် လူတိုင်းလူတိုင်းသည် ယင်းဂျဟန္နမ်ငရဲဘုံ၌ ဆိုက်ရောက်ရမည့်သူများ ဖြစ်ကြကုန်၏။" (၁၉:၇၁)

ဤသည်က ဆိုလိုသည်မှာ ယုံကြည်သက်ဝင်သူများသည်လည်းကောင်း၊ မယုံကြည်သွေဖည်သူများသည်လည်းကောင်း လူတိုင်းလူတိုင်းသည် ဂျဟန္နမ်ငရဲကိုဖြတ်ကျော်ရပေမည်။ ဤဖြတ်ကျော်ခြင်းဆိုသည်မှာ ဂျဟန္နမ်ငရဲတွင် ကျရောက်ခြင်းဟု မဆိုလိုချေ။ ဖြတ်ကျော်ခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင် အကယ်၍ ဤစကားလုံးက "ဂျဟန္နမ်ကျသည်"ဟုဆိုခဲ့လျှင် ဘာသာတရားကိုင်းရှိုင်းရှိသေသောသက်ဝင်ယုံကြည်သူများသည်ဂျဟန္နမ်ထဲရောက်သောအခါ မည်သည့်ဒုက္ခမျှ ခံစားရလိမ့်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ဂျဟန္နမ်ငရဲမီးသည် ထိုသူများအတွက် အေးမြသွားစေကာ မည်သည့်ဒုက္ခမျှ ခံစားရမည်မဟုတ်ပါ။ တစ်ချိန်က တမန်တော်မြတ်ﷺမိန့်ကြားထားခဲ့သည်ကို စိုက်ယိဒိနာ အဗူအုမိုင်ယာ﵁က ပြန်လည်တင်ပြထားခဲ့သည်မှာ

> "ဘာသာတရား ကိုင်းရှိုင်းရှိသေသောသူသည် လည်းကောင်း၊ ပြစ်မှုကျူးလွန်သူသည် လည်းကောင်း လူတိုင်းသည် ကနဦးတွင် ဂျဟန္နမ်ထဲသွတ်သွင်းခံကြရမည်။ သို့ရာတွင် ဘာသာရေး ကိုင်းရှိုင်းရှိသေသော ယုံကြည်သူများအတွက် နမရွတ်ဘုရင်၏မီးပုံတွင် စိုက်ယိဒိနာအိဗ်ရာဟီမ်﵇ အား ပစ်ချလိုက်သောအခါ မီးများသည် အေးမြသွားသကဲ့သို့ ထိုသူများအတွက်လည်း ဂျဟန္နမ်ငရဲမီးသည် အေးမြသွားလိမ့်မည်။ ယင်းနောက်မှ သက်ဝင်ယုံကြည်သူများအားလုံးကို ဂျန္နသ်သုခဘုံသို့ ပို့ဆောင်လိမ့်မည်" ဟူ၍ဖြစ်သည်။

ဤအယူအဆကို နောက်ဝါကျ **ثُمَّ نُنَجِّي الَّذِينَ اتَّقَوْا** က အတည်ပြုထားခဲ့သည်။ ယင်းက ဆိုလိုသည်မှာ "ထို့နောက် ငါအရှင်မြတ်သည် မိမိအား ကြောက်ရွံ့ရိုသေသောအားဖြင့် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတို့အား လွတ်မြောက်စေတော်မူမည်။ (၁၉:၇၂)" အလားတူ အယူအဆကို စိုက်ယိဒိနာ အိဗနိအဗ္ဗာစ်﵁က ဖော်ပြခဲ့သည်။ ထို့ကြောင့် အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်ပါ **وُرُود** ဟူသောစကားလုံးသည် **دُخُول** (ဝင်ရောက်ခြင်း)ကို ဆိုလိုသည်ဟု အဓိပ္ပာယ်ကောက်ယူခဲ့လျှင် **دُخُوْل** ဟူသောစကားလုံးသည် **عُبُوْر**(ဖြတ်ကျော်သွားခြင်း)နှင့် အတူတူ ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုရပါလိမ့်မည်။ ထို့ကြောင့် စကားလုံး၏အဓိပ္ပာယ်တွင် မည်သည့်ဝိရောဓိမှ မရှိပါ။

အာယသ် (၇၃-၇၆)

وَ اِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ قَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوْٓا ۙ اَيُّ
الْفَرِيْقَيْنِ خَيْرٌ مَّقَامًا وَّ اَحْسَنُ نَدِيًّا ﴿۷۳﴾ وَ كَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ
هُمْ اَحْسَنُ اَثَاثًا وَّ رِءْيًا ﴿۷۴﴾ قُلْ مَنْ كَانَ فِي الضَّلٰلَةِ فَلْيَمْدُدْ لَهُ الرَّحْمٰنُ
مَدًّا ۚ حَتّٰٓى اِذَا رَاَوْا مَا يُوْعَدُوْنَ اِمَّا الْعَذَابَ وَ اِمَّا السَّاعَةَ ؕ فَسَيَعْلَمُوْنَ
مَنْ هُوَ شَرٌّ مَّكَانًا وَّ اَضْعَفُ جُنْدًا ﴿۷۵﴾ وَ يَزِيْدُ اللّٰهُ الَّذِيْنَ اهْتَدَوْا هُدًى ؕ وَ
الْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ عِنْدَ رَبِّكَ ثَوَابًا وَّ خَيْرٌ مَّرَدًّا ﴿۷۶﴾

စင်စစ် ၎င်းတို့ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားစွာသော အာယတ်တော်များကို ဖတ်ကြားသောအခါ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့က မုအ်မင်နှ် သက်ဝင် ယုံကြည်သောသူတို့အား "(ကျွန်ုပ်တို့နှင့် အသင်တို့) အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် အရေအနေအားဖြင့် ပိုကောင်း၍ (မည်သည့်အုပ်စုသည်) အပေါင်းအဖော်အားဖြင့် ပို၍ကောင်းပေသနည်း"ဟု ပြောဆို(မေးမြန်း)ကြကုန်၏။[၇၃] အမှန်စင်စစ်သော်ကား ငါအရှင်မြတ်သည် ထိုသူတို့အလျင် များစွာသောအုပ်စုများကို ဖျက်ဆီးတော်မူခဲ့ပေပြီ။ ယင်း(ဖျက်ဆီးခြင်း ခံခဲ့ကြရသော)အုပ်စုများကား ဥစ္စာပစ္စည်းအားဖြင့် လည်းကောင်း၊ အမြင်အားဖြင့် လည်းကောင်း (ထိုသူတို့ထက်) သာလွန်ကောင်းမြတ်သူများပင် ဖြစ်ခဲ့ကြကုန်၏။[၇၄](အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) မည်သူမဆို လမ်းမှား၌ရှိခဲ့မူ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် ထိုသူအား အခွန့်ရှည်စွာ ရွှေ့ဆိုင်းထားတော်မူပေမည်။ နောက်ဆုံးတွင် ထိုသူတို့သည် မိမိတို့ ချိန်းချက်ထားခြင်းခံကြရသော (လောကီ) ပြစ်ဒဏ်ကိုလည်းကောင်း၊ ကိယာမတ်ကိုလည်းကောင်း တွေ့မြင်ကြသောအခါ မည်သူသည် အရေအနေအားဖြင့် ပို၍ ဆိုးရွားသူ ဖြစ်သည်ကိုလည်းကောင်း၊ မည်သူသည် အုပ်စုအားဖြင့် အားနည်းသူဖြစ်သည်ကို လည်းကောင်း ထိုသူတို့သည် မှုချ သိရှိကြအံ့သတည်း။[၇၅] စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ကို လိုက်စားသူတို့အား တရားလမ်းမှန်၌ တိုးတက်စေတော်မူ၏။ အမှန်သော်ကား အမြဲတစေ တည်ရှိနေမည်ဖြစ်သော ကောင်းမြတ်သော အကျင့်သီလများသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်တွင် ကုသိုလ်အကျိုးအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ပေသည်။ နောက်ဆုံး အကျိုးဆက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ချေသတည်း။[၇၆]

အကျယ်ဖွင့်ဆိုခြင်း

خَيْرٌ مَّقَامًا وَّاَحْسَنُ نَدِيًّا

"(ကျွန်ုပ်တို့နှင့် အသင်တို့) အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် အခြေအနေအားဖြင့် ပိုကောင်း၍ (မည်သည့်အုပ်စုသည်) အပေါင်းအဖော်အားဖြင့် ပို၍ကောင်းပေသနည်း"ဟု ပြောဆို(မေးမြန်း)ကြကုန်၏။" (၁၉း၇၃)

မယုံကြည်သွေဖည်သူများသည် သက်ဝင်ယုံကြည်သူတို့ ရှုပ်ရှုပ်ထွေးထွေးနှင့် နဂေတိမ်တောင် ဖြစ်စေရန် အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများ မရပ်မနားခဲ့ကြပါ။ ထိုသူတို့သည် ချမ်းသာကြွယ်ဝကြကာ လောကီဆိုင်ရာ ပစ္စည်းဥစ္စာများစွာတို့ ပိုင်ဆိုင်ကြပါသည်။ ထိုသူတို့တွင် အခွေအရံများ၊ နောက်လိုက်များ၊ မိတ်ဆွေများနှင့် ပံ့ပိုးသူများ ရှိကြပါသည်။ မတူကွဲပြားခြားနားသည်ကတော့ သက်ဝင်ယုံကြည်သူတို့သည် လောကီဆိုင်ရာ ပစ္စည်းဥစ္စာများ ချို့တဲ့ကြပါသည်။ သို့သော်လည်း ယေဘုယျအတွေ့အကြုံအရ ဥစ္စာဓနတို့သည် လူအများအား အထင်ကြီးစေကာ ထိုသူများအား မလိုလားအပ်သော ပလ္ဘားမှုနှင့် မောက်မာမှုများ ဖြစ်စေပါသည်။ ထိုကဲ့သို့ ဖြစ်သွားခြင်းကြောင့် ၎င်းတို့တွင်ရှိ အသိဉာဏ်ကြွယ်ဝသောသူများပင်လျှင် ယင်းတို့၏ တိုးတက်ကြီးပွားခြင်းနှင့် ကုံလုံကြွယ်ဝခြင်းတို့သည် ၎င်းတို့ကိုယ်တိုင် ကြိုးပမ်းမှု၏ဆုလာဘ်ဖြစ်ကာ တစ်သက်လုံး ၎င်းတို့ထံ တည်မြဲနေမည်ဟု ယုံကြည်ကြသည်။ သမိုင်းထဲတွင် တိုးတက်ကြီးပွားသောအုပ်စုများနှင့် ချမ်းသာကြွယ်ဝသောနိုင်ငံများသည် အစအနမကျန်ရစ်လောက်အောင်ပင် ဖုန်မှုန့်အဖြစ် ပျက်စီးသွားသောအဖြစ်အပျက်များနှင့် ပြည့်နေလျှံနေပါသည်။ သို့ရာတွင် အလ္လာဟ်အရှင် အမျက်တော်ရခဲ့သော ဤအဖြစ်အပျက်များမှ ထိုသူများ သင်ခန်းစာလုံးဝမယူဘဲ သူတို့၏ မှားယွင်းသောလုပ်ရပ်များကို မစွန့်လွှတ်ကြပါ။

တစ်ဖက်တွင် ကောင်းသောသူများ ရှိကြပါသည်။ ထိုသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားချက်များကို လိုက်နာကျင့်သုံးကာ ဥစ္စာဓနနှင့် လောကီဆိုင်ရာ ဂုဏ်အသရေရှိမှုသည် ၎င်းတို့ကိုယ်တိုင် အားထုတ်မှု၏ ရလဒ်ဟု မမှတ်ယူဘဲ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများနှင့် ယုံပုံအပ်နှံမှုဟု မှတ်ယူကာ ယင်းဥစ္စာဓနများအား အလ္လာဟ်အရှင်၏ အမိန့်တော်အတိုင်း သုံးစွဲကြပါသည်။ ထိုသူများက အလ္လာဟ်အရှင်အထံတော်မှ ယင်းလက်ဆောင်များသည် သေတစ်ပန်သက်တစ်ဆုံး ရှိနေမည်မဟုတ်ကြောင်းကို ကောင်းမွန်စွာ သတိရှိကြပါသည်။ သို့ယင်းဥစ္စာပစ္စည်းများ လျော့နည်းခြင်း သို့မဟုတ် လုံးဝ ဆုံးရှုံးသွားပါလျှင်သော်မှ မည်သည့်ပူပင်သောကမျှ ထိုသူများကို မဖြစ်စေပါ။ ထိုသူများသည် ပစ္စည်းဥစ္စာဓနပစ္စည်းများ ပေါကြွယ်ဝမှုကြောင့် မယုံကြည်သွေဖည်သူများ မကောင်းမှုများ ခံစားရသကဲ့သို့ မခံစားရဘဲ လွတ်ကင်းကြပါသည်။ ထိုကဲ့သို့ ကင်းလွတ်သောလူတန်းစားထဲတွင် စိုက်ယိဒိနာစုလိုင်မန် ﷺ၊ စိုက်ယိဒိနာ ဒါဝူဒ် ﷺ ကဲ့သို့သော တမန်တော် ﷺများ၊ တမန်တော်မြတ် ﷺ၏ ဆွေဘာဝဟ်များနှင့် ဘုရားတရားကြည်ညိုကိုင်းရှိုင်းသော သက်ဝင်ယုံကြည်သူ မြောက်မြားစွာ ပါဝင်ကြပါသည်။

ခဏပန်းမျှဖြစ်သော ဥစ္စာဓန ကြီးပွားတိုးတက်မှုသည် အလ္လာဟ်အရှင်မြတ်၏ အသနားတော်ဖြစ်ကြောင်း သို့မဟုတ် ၎င်းတို့ကိုယ်တိုင် ကြိုးပမ်းမှုများ ဖြစ်ကြသည်ဆိုသော မယုံကြည်သွေဖည်သူများ၏ မှားယွင်းသော အယူအဆများကို အလ္လာဟ်တအာလာက ဖယ်ရှားပစ်တော်မူပါသည်။ အဘယ်ကြောင့်ဆိုသော် မကြာခဏဆိုသလို မိုက်မဲသော၊ မထိုက်တန်သော သူတို့သည် ဥစ္စာဓနများဖြင့် ပြည့်လျှံနေသော်လည်း အသိဉာဏ်ပညာရှိသောသူတို့သည် ဆင်းရဲ မွဲတေနေကြပါသည်။

وَالْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ عِنْدَ رَبِّكَ ثَوَابًا وَّ خَيْرٌ مَّرَدًّا

အမှန်သော်ကား အမြဲတစေ တည်ရှိနေမည်ဖြစ်သော ကောင်းမြတ်သော အကျင့်သီလ

များသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ကုသိုလ်အကျိုးအား ဖြင့်လည်း အကောင်းဆုံးပင်ဖြစ်ပေသည်။ နောက်ဆုံး အကျိုးဆက်အားဖြင့်လည်း အကောင်းဆုံး ပင် ဖြစ်ချေသတည်း။ (၁၉း၇၆)

ဤစကားလုံးများအား အမျိုးမျိုးသောပညာရှင်များက အမျိုးမျိုးသော အဓိပ္ပာယ်များ ဖွင့်ဆိုခဲ့ကြောင်းကို စူရဟ်အလ်ကဖ်၏ အကျယ်ဖွင့်ဆိုချက်တွင် အတိုင်းအတာအချို့ထိ ရှင်းပြပြီးဖြစ်ပါသည်။ ဤသည်တို့အတွက် အလွန်ဆီလျော်သော အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အလ္လာဟ်အရှင့် အမိန့်တော်များအား ရိုကျိုးနာခံခြင်းနှင့် ကောင်းမြတ်သော အလုပ်များ လုပ်ဆောင်ခြင်းတို့၏ အကျိုးကျေးဇူးသည် ထာဝရဖြစ်သည်ဆိုကြောင်းပင် ဖြစ်သည်။

مَرَدًّا ဟူသောစကားလုံးက အကျိုးဆက်များဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ၎င်းနောက် ဤအာယသ်၏ အဓိပ္ပာယ်မှာ ကောင်းမှုလုပ်ရပ်များသည် စစ်မှန်သော ဥစ္စာဓနဖြစ်ပါသည်။ ယင်းလုပ်ရပ်တို့၏ ဆုလာဘ်သည် ကြီးကျယ်ကာ ၎င်းလုပ်ရပ်၏ ရလဒ်မှာ ထာဝရ ငြိမ်းချမ်းခြင်းပင် ဖြစ်ပါသည်။

အာယသ် (၇၇-၈၂)

اَفَرَءَيْتَ الَّذِىْ كَفَرَ بِاٰيٰتِنَا وَ قَالَ لَاُوْتَيَنَّ مَالًا وَّ وَلَدًا ﴿۷۷﴾ اَطَّلَعَ الْغَيْبَ اَمِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا ﴿۷۸﴾ كَلَّا ؕ سَنَكْتُبُ مَا يَقُوْلُ وَ نَمُدُّ لَهٗ مِنَ الْعَذَابِ مَدًّا ﴿۷۹﴾ وَّ نَرِثُهٗ مَا يَقُوْلُ وَ يَاْتِيْنَا فَرْدًا ﴿۸۰﴾ وَ اتَّخَذُوْا مِنْ دُوْنِ اللّٰهِ اٰلِهَةً لِّيَكُوْنُوْا لَهُمْ عِزًّا ﴿۸۱﴾ كَلَّا ؕ سَيَكْفُرُوْنَ بِعِبَادَتِهِمْ وَ يَكُوْنُوْنَ عَلَيْهِمْ ضِدًّا ﴿۸۲﴾

(အိုဗ်-နဗီတမန်တော်) အသင်သည် အကြင်သူအား မြင်ခဲ့လေသလော။ ထိုသူသည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်း ငြင်းပယ်ခဲ့သေး၏။ ၎င်းပြင် အမှန်မုချ ကျွန်ုပ်သည် (နောင်တမလွန်ဘဝတွင်လည်း) ဥစ္စာပစ္စည်းကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း ချီးမြှင့်ခြင်းကို ခံရဦးမည်ဟူ၍လည်း ပြောဆိုခဲ့ပေသည်။[၇၇] အသို့ပါနည်း၊ ထိုသူတို့သည် အကွယ်၌ရှိသည်ကို သိရှိခဲ့လေသလော။ သို့တည်းမဟုတ် ထိုသူသည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်၏ အထံတော်၌ ပဋိညာဉ်တစ်ခုခုကို ဖွဲ့ခဲ့လေသလော။[၇၈] ၎င်းပြင် ထိုသူ ပြောဆိုသည့်အရာများကို ငါအရှင်မြတ်သည် သာလျှင် ပိုင်ဆိုင်တော်မူပေမည်။ ထို့နောက် ၎င်းသည် ငါအရှင်မြတ်အထံတော်သို့ တစ်ကိုယ်တည်းပင် ရောက်ရှိလာအံ့သတည်း။[၇၉] အလျှင်းမဟုတ်ပေ။ ယခုပင် ငါအရှင်မြတ်သည် ထိုသူပြောဆိုသောစကားကို ရေးသားတော်မူမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူ၌ ပြစ်ဒဏ်ကိုလည်း တိုးတက်ခံစားစေတော်မူမည်။[၈၀] ထို့ပြင် ၎င်းတို့သည် မိမိတို့အဖို့ အကူအညီပေးသူများဖြစ်ကြအံ့သောငှာ အလ္လာဟ်အရှင်မြတ်အပြင် အခြားကိုးကွယ်ရာများလည်း ပြုလုပ်ထားခဲ့ကြကုန်၏။[၈၁] (ယင်းကိုးကွယ်ရာများသည် ၎င်း

တို့အား အကူအညီပေးသူများ) အလျှင်း (ဖြစ်ကြမည်)မဟုတ်ပေ။ (စင်စစ်) မကြာမီပင် (ယင်းကိုးကွယ်ရာများသည်) ၎င်းတို့အား ကိုးကွယ်မှုကိုငြင်းပယ်၍ ၎င်းတို့၏ ရန်သူ ရန်ဘက်များပင် ဖြစ်သွားကြပေမည်။[၈၂]

အကျယ်ဖွင့်ဆိုခြင်း

لَأُوتَيَنَّ مَالًا وَّ وَلَدًا ၎င်းပြင် အမှန်မှချ ကျွန်ုပ်သည် (နောင်တမလွန်ဘဝတွင်လည်း) ဥစ္စာပစ္စည်းကိုလည်းကောင်း၊ သားသမီးကို လည်းကောင်း ချီးမြှင့်ခြင်းကို ခံရဦးမည်ဟူ၍လည်း ပြောဆိုခဲ့ပေသည်။ (၁၉း၇၇) ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများထဲ၌ အဖြစ်အပျက်တစ်ခု တင်ပြထားသည်မှာ စိုက်ယိဒိနာ ခဗဗ် အိဗန် အလ်အာရတ်က အပ်စ်အိဗန် ဝအီလ်အား ငွေအနည်းငယ်မျှ ချေးငှားပေးခဲ့ပါသည်။ ချေးငွေအား ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သောအခါ၌ အားစ်အိဗန်ဝအီလ်အား ပြောသည်မှာ သူ(စိုက်ယိဒိနာခဗဗ်) တမန်တော်မြတ်ﷺထံမှ ခွဲမထွက်သရွေ့ ချေးငွေကို ပြန်ပေးဆပ်လိမ့်မည်မဟုတ် ဟူ၍ဖြစ်သည်။ အားစ်အိဗန်ဝအီလ် သေဆုံးခဲ့ပြီး ပြန်လည်ရှင်ထလာခဲ့လျှင်သော်မှ ထိုကဲ့သို့ကိစ္စမျိုး ဘယ်သောအခါမျှ လုပ်လိမ့်မည်မဟုတ်ကြောင်း စိုက်ယိဒိနာ ခဗဗ်က ပြောပါသည်။ ဤသည်နှင့် ပတ်သက်၍ အားစ်အိဗန်ဝအီလ်က ပြောသည်မှာ "ဘယ်လိုလဲ၊ ငါသေပြီးသည်နောက် ပြန်လည်၍ ရှင်ထရဦးမည်လား။ သို့ဆိုပါလျှင် ငါပြန်လည်ရှင်ထပြီးသည့်နောက်မှ ချေးငွေကို ဆပ်ပါတော့မည်။ ထိုအချိန်တွင် ငါသည် ငါ၏ဥစ္စာဓနနှင့်သားသမီးများ ပြန်လည်ရရှိပါလိမ့်မည်။" (ကုရ်တွဗီ)

ဤအာယသ်သည် အားစ်အိဗန်ဝအီလ်၏ ကြွားဝါသော အခိုင်အမာပြောဆိုမှုကို ဖြေကြားထားခြင်း ဖြစ်ပါသည်။ သူပြန်လည်၍ ရှင်ထလာသောအချိန်၌ သူ၏ဥစ္စာနှင့်သားသမီးများသည် သူနှင့်အတူ ရှိနေပါလိမ့်မည်ဟူ၍ သူအဘယ်သို့ သိနိုင်ပါသနည်း။

اَطَّلَعَ الْغَيْبَ "သူသည် အကွယ်၌ရှိသည်ကို သိရှိခဲ့လေသလော။" ထိုကဲ့သို့သော ကိစ္စရပ်မျိုး ဖြစ်ပျက်ခဲ့ခြင်းမရှိ ဆိုသည်မှာ ထင်ရှားပါသည်။ သို့ဆိုပါလျှင် ထိုကိစ္စရပ်သည် သေချာမှုတစ်ခုဟု သူ အဘယ်ကြောင့် မှတ်ထင်ရပါသနည်း။

اَمِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا

သို့တည်းမဟုတ် ထိုသူသည် "ရဟ်မာန်" အနန္တကရုဏာရှင်၏ အထံတော်၌ ပဋိညာဉ်တစ်ခုခုကို ဖွဲ့ခဲ့လေ သလော။ (၁၉း၇၈)

သို့မဟုတ်ပါက အလ္လာဟ်အရှင်မြတ်နှင့် ပဋိညာဉ်တစ်ခု ပြုလုပ်ကာ သူ၏ဥစ္စာဓနနှင့် သူ၏သားသမီးပြန်လည်ရရှိစေမည်ဟူသော အလ္လာဟ်တအာလာထံတော်မှ ကတိတော်တစ်ခု သူရရှိပါသလော။

وَ نَرِثُهٗ مَا يَقُوْلُ

(၎င်းပြင် ထိုသူပြောသည့်အရာများကို ငါအရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူပေသည်။) (၁၉း၈၀)

နောင်တမလွန်ဘဝ၌ သူ၏ဥစ္စာဓနနှင့် သားသမီးများ ပြန်လည်ရရှိမည့်အကြောင်း ပြောဆိုခြင်းသည် သူ၏မိုက်မဲမှုပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောကတွင် သူပိုင်ဆိုင်သည့်အရာများအားလုံးကို သူကချန်ထားခဲ့ရပါမည်။ ၎င်းနောက် သူ၏ဥစ္စာဓနနှင့် သူ၏သားသမီးများသည် အလ္လာဟ်ရှင့်ထံသို့ပြန်လှည့်သွားပါလိမ့်မည်။

وَيَاْتِيْنَا فَرْدًا

ထို့နောက် ၎င်းသည် ငါအရှင်မြတ် အထံတော်သို့ တစ်ကိုယ်တည်းပင် ရောက်ရှိလာအံ့သတည်း။ (၁၉း၁၈)

တရားစီရင်မည့်နေ့၌ သူ၏ဥစ္စာဓနနှင့် သူ၏သားသမီးများမပါဘဲနှင့် သူတစ်ကိုယ်တည်းသာ အလ္လာဟ်အရှင့်ရှေ့တော်မှောက်၌ ရှိနေပါလိမ့်မည်။

وَيَكُونُونَ عَلَيْهِمْ ضِدًّا

(ယင်းကိုးကွယ်ရာများသည်) ၎င်းတို့အား ကိုးကွယ်မှုကိုငြင်းပယ်၍ ၎င်းတို့၏ ရန်သူရန်ဘက်များပင် ဖြစ်သွားကြပေမည်။(၁၉း၈၂)

မယုံကြည်သွေဖည်သူတို့က ၎င်းတို့အား အကူအညီပေးလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ကိုးကွယ်ခဲ့ကြသော ရုပ်တုများနှင့် မှားယွင်းသောဘုရားများသည် တရားစီရင်မည့်နေ့၌ မယုံကြည်သွေဖည်သူများ၏ ရန်သူရန်ဘက်ဖြစ်သွားကြပေလိမ့်မည်။ ထိုရုပ်တုများနှင့် မှားယွင်းသောဘုရားတို့အား စကားပြောဆိုခွင့် ပေးသောအခါ ထိုသည်တို့က ပြောကြသည်မှာ "အို-အလ္လာဟ်၊ အလ္လာဟ်အရှင်အား ကျေးဇူးကာ ကျွန်ုပ်တို့အား ၎င်းတို့၏ ကိုးကွယ်ရာများဟု ပြုလုပ်ခဲ့ကြသော ဤပြစ်မှုဂုနာဟ် ကျူးလွန်သူများအား အဆုံးသတ်တော်မူပါ" ဟူ၍ဖြစ်သည်။

အာယသ် (၈၃-၈၇)

اَلَمْ تَرَ اَنَّاۤ اَرْسَلْنَا الشَّيٰطِيْنَ عَلَى الْكٰفِرِيْنَ تَؤُزُّهُمْ اَزًّا ﴿۸۳﴾ فَلَا تَعْجَلْ عَلَيْهِمْ ؕ اِنَّمَا نَعُدُّ لَهُمْ عَدًّا ﴿۸۴﴾ يَوْمَ نَحْشُرُ الْمُتَّقِيْنَ اِلَى الرَّحْمٰنِ وَفْدًا ﴿۸۵﴾ وَّنَسُوْقُ الْمُجْرِمِيْنَ اِلٰى جَهَنَّمَ وِرْدًا ﴿۸۶﴾ لَا يَمْلِكُوْنَ الشَّفَاعَةَ اِلَّا مَنِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا ﴿۸۷﴾

(အို-နဗီတမန်တော်) အသင်သည် မသိမမြင်ခဲ့ပါသလော။ ဇကာန်မလွဲ ငါအရှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့အပေါ်၌ ရှိုင်တွာန်မိစ္ဆာကောင်များကို စေလွှတ်ထားတော်မူခဲ့လေသည်။ ထိုရှိုင်တွာန်မိစ္ဆာကောင်များသည် ယင်းသွေဖည် ငြင်းပယ်သောသူတို့အား လွန်စွာ လှုံ့ဆော်လျက်ရှိကြကုန်၏။[၈၃] သို့ဖြစ်ပေရာ အသင်သည် ယင်း(သွေဖည် ငြင်းပယ်သောသူ)တို့နှင့် ပတ်သက်၍ အလျင်မလိုလေနှင့်။ ငါအရှင်မြတ် ကိုယ်တော်တိုင်ပင် ၎င်းတို့(၏ အပြုအမူများ)ကို ရေတွက်လျက် ရှိနေတော်မူပေသတည်း။[၈၄] (၎င်းတို့အပေါ်၌ ပြစ်ဒဏ်သည်) အကြောင်းနေ့တွင် (ကျရောက်မည်ဖြစ်၏။) ထိုနေ့တွင် ငါအရှင်မြတ်သည် မွတ္တကီသူတော်စင်တို့အား "ရဟ်မာန်" အနန္တကရုဏာတော်ရှင်အထံတော်သို့ ဧည့်သည်တော်များအဖြစ် စုရုံးစေတော်မူမည်။[၈၅] ထိုမှတစ်ပါး ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား (ထိုနေ့တွင်) ဂျဟန္နမ် ငရဲဘုံသို့ ရေတပ် မွတ်သိပ်စေလျက် မောင်းနှင်တော်မူပေမည်။[၈၆] (ထိုနေ့တွင်) "ရဟ်မာန်" အနန္တကရုဏာတော်ရှင်၏အထံတော်မှ ကတိတစ်စုံတစ်ရာ ရရှိပြီးဖြစ်သော သူမှတစ်ပါး အခြားသူတို့မှာ ကြားဝင်အသနားခံပိုင်ခွင့် ရှိကြမည် မဟုတ်ပေတကား။[၈၇]

အကျယ်ဖွင့်ဆိုခြင်း

تَؤُزُّهُمْ أَزًّا

"ထိုရှိုင်တွာန်မိစ္ဆာကောင်များသည် ယင်း သွေဖည်ငြင်းပယ်သောသူတို့အား လွန်စွာလှုံ့ဆော်လျက် ရှိကြကုန်၏။" (၁၉း၈၃)

အရဗီဘာသာစကား၌ حَضَّ، فَزَّ، أَزَّ، هَزَّ စကားလုံးတို့သည် သံတူကြောင်းကွဲများ ဖြစ်ကြသည်။ အဓိပ္ပာယ်ပြင်းထန်မှုနှင့် အဆင့်သာ ကွာခြားသည်။ ယင်းတို့ အဓိပ္ပာယ်မှာ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အပြင်းအထန် တိုက်တွန်းခြင်း ဖြစ်သည်။ أَزَّ စကားလုံးအဓိပ္ပာယ်မှာ ပြင်းထန်သော ဖိအားပေးရန်၊ တစ်စုံတစ်ဦးကို တစ်စုံတစ်ရာ ပြုလုပ်ရန် လှုံ့ဆော် သည် ဟူ၍ဖြစ်သည်။ အာယသ်၏ အဓိပ္ပာယ်မှာ ရှိုင်သွာန်မိစ္ဆာတို့သည် မယုံကြည် သွေဖည်ငြင်းပယ်သူများကို ၎င်းတို့၏ မကောင်းမှုများ၏ အကျိုးအမြတ်သာမြင်စေပြီး ဆိုးကျိုးကိုမူ ဖုံးကွယ်ထားသည်။

إِنَّمَا نَعُدُّ لَهُمْ عَدًّا

"ငါ အရှင်မြတ် ကိုယ်တော်တိုင်ပင် ၎င်းတို့(၏ အပြုအမူများ)ကို ရေတွက်လျက် ရှိနေတော်မူပေသတည်း။" (၁၉း၈၄)

ဤအာယသ်က ဆိုလိုသည်မှာ "၎င်းတို့အပေါ် ပြစ်ဒဏ်ကျရောက်မှုနှင့်ပတ်သက်၍ စိတ်မရှည် မဖြစ်ကြနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုပြစ်ဒဏ်ခတ်မှုသည် မည်သို့ပင်ဖြစ်စေ သူတို့အပေါ် မကြာမီကျရောက်ပါလိမ့်မည်။ ငါ အရှင်မြတ်သည် ဤလောကၥ သူတို့အတွက် အချိန်တစ်ခု သတ်မှတ်ထားသည်။ ၎င်းနောက် ထိုအချိန်သည် ကုန်ဆုံးပါလိမ့်မည်။ ထို့နောက် သူတို့အတွက် ပြစ်ဒဏ်ခတ်မှု ကျရောက်လာပါလိမ့်မည်"ဟူ၍ဖြစ်သည်။ نَعُدُّ لَهُمْ "ငါအရှင်မြတ်သည် ရေတွက်တော်မူသည်" ဟု ဆိုလိုသည်။ ယင်းမှာ "ထိုသူတို့သည် မည်သည်ကိုမျှ မထိန်းချုပ်နိုင်ပါ။ သူတို့အတွက် ရက်များသည် သတ်မှတ်ပြီးဖြစ်သည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့ဘဝ၏ အချိန်ကာလများနှင့် သူတို့လုပ်သမျှ တိုင်းကို မှတ်သားထားတော်မူသည်။"

တစ်ချိန်က မအ်မူန်ရရှီဒ်သည် စူရဟ်မရိယမ်ကို ဖတ်ခဲ့သည်။ ဤသီးသန့်အာယသ်တော်ကို ဖတ်ရွတ်ရာ၌ အစွလာမ့်ပညာရှင်များအနက် တစ်ဦးဖြစ်သော အိဗနိ စီမတ်သည် ထိုင်နေကြသောပုဂ္ဂိုလ်များတွင် အပါအဝင်ဖြစ်ကာ ၎င်းပညာရှင်က ဤအာယသ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆိုလိုခဲ့ပါသည်။ ထိုစဉ် အိဗနိစီမတ်က ကျွန်ုပ်တို့၏ အသက်ရှူရှိုက်မှုကို သတ်မှတ်ထားခဲ့ပြီးဖြစ်၍ ယင်းအရေအတွက်ကို တိုးမရပါ။ သတ်မှတ်ချိန်တွင် အဆုံးသတ်ရပါလိမ့်မည်။ ထိုသဘောထားကိုပင် အောက်ဖော်ပြပါ ကဗျာစာပိုဒ်တွင် ရောင်ပြန်ဟပ်စေပါသည်။

حياتك انفاس تعد فكلّما ☆ مضى نفس منك انتقضت به جزءًا

သင့်ဘဝ၏ အသက်ရှူရှိုက်မှု အကြိမ်ပေါင်းမှာ သတ်မှတ်ထားပြီးဖြစ်သည်။ အသက်တစ်ရှူတိုင်းမှာ သင့်ဘဝသည် ယင်းပမာဏ ကုန်ဆုံးသွားပြီးဖြစ်သည်။

ပြောကြသည်မှာ လူတစ်ဦးသည် နှစ်ဆယ့်လေးနာရီကာလတစ်ခုအတွက် အသက်ရှူရှိုက်မှု အကြိမ်ပေါင်းနှစ်သောင်းလေးထောင်ရှိသည်။ (ကုရ်သုဗီ)

အောက်ဖော်ပြပါ လက်ံကလည်း ဤအကြောင်းအရာကို စူးစမ်းထားသည်။

وكيف يفرح بالدنيا ولذّتها ☆ فتى يُعَدّ عليه اللفظ وَالنّفس

သူပြောစကားများနှင့် အသက်ရှူရှိုက်မှုကို သတ်မှတ်ပြီးဖြစ်ပါလျက်နှင့် အဘယ့်ကြောင့် လောကီစည်းစိမ်များအပေါ်တွင် ကျေနပ်နှစ်သိမ့်နေရသနည်း။ (ရှဟ်)

يَوْمَ نَحْشُرُ الْمُتَّقِيْنَ اِلَى الرَّحْمٰنِ وَفْدًا

"ထိုနေ့တွင် ငါအရှင်မြတ်သည် မွတ္တကီသူတော်စင်တို့အား "ရဟ်မာန်" အနန္တကရုဏာတော်ရှင်အထံတော်သို့ ဧည့်သည်တော်များအဖြစ် စုရုံးစေတော်မူမည်။"(၁၉း၈၅)

وفد ဟူသောစကားလုံးသည် ဘုရင်များနှင့် မင်းညီမင်းသားတို့က ရိုသေလေးမြတ်စွာနှင့် ဂုဏ်ပေးကာ လက်ခံကြိုဆိုသောသူများဟု ရည်ညွှန်းသည်။ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်အချို့အရ ကိုယ်တော်မြတ်ﷺက "ဤသူများသည် သူတို့ လောကီဘဝတွင် အသုံးပြုခဲ့သော အစီးအနင်းများအပေါ်တွင် စီးနင်းကြပါလိမ့်မည်" ဟု မိန့်ကြားခဲ့သည်။ သူတို့၏ ကောင်းမြတ်သောလုပ်ရပ်များသည် သူတို့အတွက် အစီးအနင်းသဖွယ် ဖြစ်သွားသည်ဟု မိန့်ကြားချက်အချို့တွင် ပြောကြားထားသည်။

اِلٰى جَهَنَّمَ وِرْدًا

"ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား (ထိုနေ့တွင်) ဂျဟန္နမ်ငရဲဘုံသို့ ရေငတ်မွတ်သိပ်စေလျက် မောင်းနှင်တော်မူပေမည်။" (၁၉း၈၆)

وِرْد ဟူသောစကားလုံးက ရေရှိရာသို့ သွားသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ရေငတ်နေသောလူသို့မဟုတ် တိရစ္ဆာန်သည်သာလျှင် ရေဆီသို့ သွားရောက်သောကြောင့် ဤစကားလုံးကို ရေငတ်နေသောသူတစ်ဦးဟု ဘာသာပြန်ဆိုထားသည်။

مَنِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا

"ရဟ်မာန် အနန္တကရုဏာတော်ရှင်၏အထံတော်မှ ကတိတစ်စုံတစ်ရာ ရရှိပြီးဖြစ်သော သူမှတစ်ပါး အခြားသူ တို့မှာ ကြားဝင်အသနားခံပိုင်ခွင့် ရှိကြမည် မဟုတ်ပေတကား။" (၁၉း၈၇)

عَهْد ဟူသောစကားလုံးက အလ္လာဟ်တစ်ပါးတည်းအပေါ် စွဲမြဲစွာ အီမာန်ယူမှုကို ကြေညာခြင်းဖြစ်သည်ဟု စိုက်ယိဒိနာ အိဗနိ အဗ္ဗာစ်ﷺက ပြောသကဲ့သို့ အခြားသူများက **عَهْد**သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွတ်ကျက်မှတ်ခြင်းဟု ဆိုကြသည်။ အတိုချုပ်မှာ စစ်မှန်သော အီမာန်ယုံကြည်မှုကို စွဲမြဲစွာ ရှိပါမည်ဟု ပဋိညာဉ်ပြုထားသော ထိုသူများသည်သာလျှင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကြားဝင် အသနားခံခွင့်ရှိလိမ့်မည်။ (ရူဟ်)

အာယသ် (၈၈-၉၈)

وَ قَالُوا اتَّخَذَ الرَّحْمٰنُ وَلَدًا ﴿۸۸﴾ لَقَدْ جِئْتُمْ شَيْـًٔا اِدًّا ﴿۸۹﴾ تَكَادُ السَّمٰوٰتُ
يَتَفَطَّرْنَ مِنْهُ وَ تَنْشَقُّ الْاَرْضُ وَ تَخِرُّ الْجِبَالُ هَدًّا ﴿۹۰﴾ اَنْ دَعَوْا
لِلرَّحْمٰنِ وَلَدًا ﴿۹۱﴾ وَ مَا يَنْۢبَغِيْ لِلرَّحْمٰنِ اَنْ يَّتَّخِذَ وَلَدًا ﴿۹۲﴾ اِنْ كُلُّ مَنْ
فِي السَّمٰوٰتِ وَ الْاَرْضِ اِلَّاۤ اٰتِي الرَّحْمٰنِ عَبْدًا ﴿۹۳﴾ لَقَدْ اَحْصٰىهُمْ وَ عَدَّهُمْ
عَدًّا ﴿۹۴﴾ وَ كُلُّهُمْ اٰتِيْهِ يَوْمَ الْقِيٰمَةِ فَرْدًا ﴿۹۵﴾ اِنَّ الَّذِيْنَ اٰمَنُوْا وَ عَمِلُوا
الصّٰلِحٰتِ سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا ﴿۹۶﴾ فَاِنَّمَا يَسَّرْنٰهُ بِلِسَانِكَ لِتُبَشِّرَ بِهِ

الْمُتَّقِيْنَ وَ تُنْذِرَ بِهٖ قَوْمًا لُّدًّا ﴿۹۷﴾ وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ ؕ هَلْ تُحِسُّ مِنْهُمْ مِّنْ اَحَدٍ اَوْ تَسْمَعُ لَهُمْ رِكْزًا ﴿۹۸﴾

ထို့ပြင် ၎င်းတို့က "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် သားသမီးပြုလုပ်တော်မူခဲ့သည်ဟု(စွပ်စွဲ) ပြောဆိုခဲ့ကြကုန်၏။[၈၈] ဇကာန်မလွဲအသင်တို့သည် အလွန်ဆိုးရွားသောအရာကို ကျူးလွန် (ပြောဆို) ခဲ့ကြကုန်သည်။[၈၉] ယင်းပြောဆိုမှုကြောင့် မိုးကောင်းကင်များသည် ပြိုလုအံ့ဆဲဆဲ၊ ပထဝီမြေသည် အက်ကွဲအံ့ဆဲဆဲ၊ တောင်များသည် တုန်လှုပ်၍ ပြိုလဲကျအံ့ဆဲဆဲ ဖြစ်ကုန်ကြပေသည်။[၉၀] ၎င်းတို့သည် "ရဟ်မာန်" အနန္တ ကရုဏာတော်ရှင်၌ သားသမီး(ရှိသည်ဟု) ယိုးစွပ်ခဲ့ကြသောကြောင့်ပင်။[၉၁] စင်စစ်မူကား သားသမီး တစ်စုံတစ်ယောက် ပြုလုပ်ခြင်းသည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်နှင့် လုံးဝ အပ်စပ်သည် မဟုတ်ပေ။[၉၂] မိုးကောင်းကင်များ၌ လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း ရှိကုန်သောသူ ဟူဟူသမျှတို့သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်၏ရှေ့တော်မှောက်တွင် ကျွန်အဖြစ်နှင့် လာရောက်ရမည့်သူချည်းသာ ဖြစ်ကုန်သတည်း။[၉၃] ဇကာန်မလွဲထိုအရှင်မြတ်သည် ၎င်းတို့အား ဝန်းရံ၍ထားတော်မူသည့်ပြင် ၎င်းတို့အား ရေတွက်၍လည်း ထားတော်မူလေသည်။[၉၄] စင်စစ် ၎င်းတို့အနက် အသီးသီးတို့သည် ထိုအရှင်မြတ်အထံတော်သို့ ကိယာမတ် ရှင်ပြန်ထမည့် နေ့တွင် တစ်ဦးချင်း လာရောက်ရမည့်သူများသာလျှင် ဖြစ်ကြကုန်သတည်း။[၉၅] ဇကာန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ကြကုန်၏။ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် မကြာမြင့်မီပင် ၎င်းတို့အဖို့ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ပေးတော်မူပေမည်။[၉၆] စင်စစ် ဂါအရှင်မြတ်သည်ပင် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို အသင်၏ ဘာသာစကားဖြင့် လွယ်ကူအောင် ပြုလုပ်တော်မူခဲ့ပေသည်။ သို့မှသာလျှင် အသင်သည် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ဖြင့် မွတ္တကီ သူတော်စင်တို့အား သတင်းကောင်းပြောကြားခြင်းကို လည်းကောင်း၊ စကား အငြင်းပွားအားကြီးသော အမျိုးသားတို့အား ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ဖြင့် သတိပေးနှိုးဆော်ခြင်းကိုလည်းကောင်း ပြုနိုင်မည်ဖြစ်ပေသတည်း။[၉၇] စင်စစ် ဂါအရှင်မြတ်သည် ၎င်းတို့အလျှင် များစွာသောအုပ်စုများကိုပင် ကွပ်မျက် ဖျက်ဆီးတော်မူခဲ့ပေသည်။ အသင်သည် ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုပင် မြင်ပါသေးသလော။ သို့တည်းမဟုတ် အသင်သည် ၎င်းတို့၏ သဲ့သဲ့အသံကိုပင် ကြားပါသေးသလော။[၉၈]

အကျယ်ဖွင့်ဆိုခြင်း

وَتَخِرُّ الْجِبَالُ هَدًّا

"တောင်များသည် တုန်လှုပ်၍ ပြိုလဲကျအံ့ဆဲဆဲ ဖြစ်ကုန်ကြပေသည်။" (၁၉:၉၀)

ဤအာယသ်က ရည်ညွှန်းသည်မှာ လူသားအပေါ် အပ်နှင်းထားသည့် ထိတွေ့ခံစားမှုအတိုင်းအတာ ပမာဏလောက် မဟုတ်သော်လည်း ကမ္ဘာပထဝီမြေကြီး၊ တောင်များနှင့် ထိုအရာများအပေါ် ပေါက်ရောက်သည့်အရာရာများတိုင်းတွင် အသိဉာဏ်ပညာ အတိုင်းအတာတစ်ခုအထိ ရှိပါသည်ဟူ၍ဖြစ်သည်။ ဤသည်က ကမ္ဘာတွင်ရှိအရာရာတိုင်းသည် အလ္လာဟ်အရှင်မြတ်ကို ချီးကျူးထောမနာမှုပြုသည် ဆိုသောအချက်ကို ရှင်းလင်းပြသည်ဆိုကြောင်း အောက်ဖော်ပြပါ အာယသ်က ထင်ရှားစေသည်။

وَإِنْ مِّنْ شَيْءٍ إِلَّا يُسَبِّحُ بِحَمْدِهِ

"စင်စစ် (သက်ရှိသက်မဲ့) အရာဝတ္ထုအလုံးစုံတို့သည် ထိုအရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်တကွ စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပွားများသရဇ္ဈာယ်လျက်ပင် ရှိကြကုန်သည်။" (၁၇း၄၄)

ဤအာယသ်များက ရည်ညွှန်းသည်မှာ ဤအရာများ၏ ထိတွေ့ခြင်းအရ အလ္လာဟ်အရှင်မြတ်နှင့် မည်သည့်အရာ၊ မည်သည့်လူသားတို့နှင့် ယှဉ်တွဲကိုးကွယ်ခြင်း အထူးသဖြင့် ထိုအရှင်မြတ်တွင် သားသမီးရှိသည်ဟု ပြောဆိုခြင်းသည် ပြစ်မှုဂုနာဟ်ဖြစ်၍ ထိုတောင်များသည် ကြောက်ရွံ့မှုဖြင့် တုန်ခါသွားကြပါသည်။ စိုက်ယိဒိနာ အဗွဒွလ္လာဟ် အိဗနိအဗ္ဗာစ်ﷺက ပြောသည်မှာ လူသားမှအပ ဖန်ဆင်းခံအားလုံးသည် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲကိုးကွယ်ခြင်းဆိုသည့် အကြောင်းကြားရုံမျှနှင့် တုန်လှုပ်ချောက်ချားကြပါသည်။ (ရှုဟုလ်မအာနီ)

وَعَدَّهُمْ عَدًّا

"ဇကန်မလွဲ ထိုအရှင်မြတ်သည် ၎င်းတို့အား ဝန်းခြံ၍ထားတော်မူသည့်ပြင် ၎င်းတို့အား ရေတွက်၍လည်း ထားတော်မူလေသည်။" (၁၉း၉၄)

ယင်းက အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏လုပ်ရပ်များကို အပြည့်အစုံ သိရှိတော်မူသည်ဟု ဆိုလိုရင်းဖြစ်သည်။

سَيَجْعَلُ لَهُمُ الرَّحْمَٰنُ وُدًّا

"ရဟ်မာန် အနန္တကရုဏာတော်ရှင်သည် မကြာမြင့်မီပင် ၎င်းတို့အဖို့ ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ ပေး တော်မူပေမည်။" (၁၉း၉၆)

ယင်းက ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်အပေါ် ထားရှိသည့် ၎င်းတို့၏ အီမာန်ယုံကြည်မှု စွဲမြဲခိုင်ခံ့သော သူများအတွက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အချင်းချင်း ချစ်ခင်မြတ်နိုးမှုနှင့် မိတ်သင်္ဂဟဖြစ်စေခြင်းဟူသော ဝန်းကျင်တစ်ခု ဖန်တီးတော်မူသည်။ ယင်းဝန်းကျင်အရ စစ်မှန်သော မုစ်လင်မ်များထဲတွင် အချင်းချင်း ခင်မင်မှုနှင့် ကရုဏာစိတ်များ တိုးတက်စေပါသည်။ ထို့ပြင် သူတို့၏ လုပ်ကိုင်ဆောင်ရွက်မှုနှင့် အပြုအမူအရ ၎င်းတို့နှင့် ထိတွေ့ဆက်ဆံသောသူတို့မှာ ထိုသူများကို လေးစားရိုသေကာ ချီးမွမ်းကြစေပါသည်။ စိုက်ယိဒိနာ အိဗနိ အဗ္ဗာစ်ﷺ၏ ခိုင်လုံမှုအရ ဘူခါရီ၊ သိရ်မိဇီနှင့် အခြားကျမ်းများတွင် တင်ပြထားသည်။ ယင်းတွင် တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်မှာ "အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးကို ကျေနပ်နှစ်သိမ့်သွားသောအခါ အရှင်မြတ်က ကောင်းကင်စေတမန် ဂျိဗရာအီလ်ﷺကို 'ငါအရှင်မြတ်သည် ဤသူဤသူကို နှစ်သက်မြတ်နိုးတော်မူသည်။ အသင်သည်လည်း သင့်အပေါ်တွင် ကောင်းမွန်စွာ ဆက်ဆံစေသင့်သည်' ဟူ၍ဖြစ်သည်။ ဂျိဗရာအီလ်သည် ဤကိစ္စကို ကောင်းကင်အနှံ့ ကြေညာချက်တစ်ရပ် ပြုလုပ်သည်။ ထို့ကြောင့် ကောင်းကင်တစ်ခွင် နေသူအားလုံးက ထိုသူကို စတင်၍ နှစ်သက်လာကြသည်။ ထို့နောက် ဤချစ်မြတ်နိုးမှုမှာ ကမ္ဘာမြေပြင်ပေါ် ကျဆင်းလာကာ ကမ္ဘာမြေပေါ်ရှိ လူများသည် ထိုသူ့ကို စတင် ချစ်

မြတ်နိုးလာကြသည်။ ထို့နောက် တမန်တော်မြတ်ﷺက အောက်ဖော်ပြပါ အာယသ်တော်ကို ကိုးကားခဲ့ပါသည်။

(ရူဟုလ်မအာနီ)

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَيَجْعَلُ لَهُمُ الرَّحْمَٰنُ وُدًّا

"ဇကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ကြကုန်၏။ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် မကြာမြင့်မီပင် ၎င်းတို့အဖို့ ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ ပေးတော်မူပေမည်။(၁၉း၉၆)

ဟာရမ်ဗင်ဟိုင်ယမ်က ပြောခဲ့သည်မှာ လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား လုံးလုံးလျားလျား အမိန့်များ နာခံ၍ ကိုးကွယ်ဆည်းကပ်ခဲ့လျှင် ထိုအရှင်မြတ်သည် ယုံကြည်သက်ဝင်သူအားလုံး၏ နှလုံးသားထဲတွင် ယင်းသူကို ချစ်မြတ်နိုးသည့်စိတ် ထည့်သွင်းပေးတော်မူသည်။ (ကုရ်သုဗီ)

စိုက်ယိဒိနာ အီဗ်ရာဟီမ် ခလီလွလ္လာဟ်ﷺသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အရ ဆီးရီးယားနိုင်ငံသို့ သွားရန် စီမံခဲ့သောအခါတွင် မက္ကာမြို့၏ တောင်ကတုံးများ ဝန်းရံထားသော သဲကန္တာရထဲတွင် ကျန်ခဲ့သည့် သူ၏ဇနီး ဟဂျ်ရာသခင်မနှင့် သားငယ် အစ္စမာအီလ်ﷺတို့အတွက် အောက်ပါဒုအာတောင်းဆိုမှု ပြုလုပ်ခဲ့သည်။ ယင်းမှာ

فَاجْعَلْ أَفْئِدَةً مِنَ النَّاسِ تَهْوِي إِلَيْهِمْ

"သို့ဖြစ်ပေရာ အရှင်မြတ်သည် လူများ၏ စိတ်နှလုံးများကို ၎င်းတို့ဘက်သို့ ယိမ်းညွတ်အောင်ပြုလုပ်၍ ပေးသနားတော်မူပါ (၁၄း၃၇)" ဟူ၍ဖြစ်သည်။

ဒုအာဆုမွန်ကို လက်ခံကဗျာလ်ပြုခဲ့သည်။ ထို့ကြောင့် ကမ္ဘာတစ်လွှားရှိ လူများသည် မက္ကာမြို့တော်နှင့် ထိုမြို့တွင် နေထိုင်သောသူများကို နှစ်ပေါင်းထောင်ပေါင်းများစွာ ကြာခဲ့ပြီးသည့်တိုင် ကြီးမားစွာ ချစ်ခင်မြတ်နိုးခဲ့ကြပါသည်။ ဤနေရာသို့ လူပေါင်းမြောက်မြားစွာ လာရောက်ခဲ့ကြပါသည်။ ထို့ပြင် ဤခရီးစဉ်တွင် ထိုသူများသည် ငွေကြေးများစွာ ကုန်ကျခံကြရုံမျှမက အခက်အခဲကြီးစွာကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။

أَوْ تَسْمَعُ لَهُمْ رِكْزًا

"သို့တည်းမဟုတ် အသင်သည် ၎င်းတို့၏ သဲ့သဲ့အသံကိုပင် ကြားပါသေးသလော။"(၁၉း၉၈)

رِكْز က ဆိုလိုသည်မှာ တိုးညင်းသော မသဲကွဲသောအသံ၊ သေခါနီးတွင် ပေါ်ထွက်သော အသံဖြစ်သည်။ အာယသ်၏ ဆိုလိုရင်းမှာ ကျယ်ဝန်းသော အင်ပါယာများကို ကြီးစိုးကာ အတိုင်းအဆမရှိသြဇာညောင်းသော ခမ်းနားကြီးကျယ်စွာ နေထိုင်ခဲ့ကြသည့် ဘုရင်များသည် ၎င်းတို့၏ ဂုနာဟ်ပြစ်မှုများအတွက် အလ္လာဟ်အရှင်မြတ်၏ အမျက်တော် ရှုရာတွင် ၎င်းတို့နှင့်ပတ်သက်၍ တီးတိုးပြောဆိုခြင်း၊ နည်းနည်းမှ မလှုပ်နိုင်အောင် သုတ်သင် ချေမှုန်းခဲ့ပါသည်။

အလ်ဟမ်ဒုလိလ္လာဟ်
စူရဟ်မရိယမ်၏ အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီးသည်။
၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် (သောကြာနေ့)
ဟစ်ဂျရီ ၁၄၃၃ ခုနှစ် ရှောင်ဝါလ်လ ၂၇ ရက်

စူရာဟ်သွာဟာ

စူရဟ် သွာဟာ

စူရဟ်သွာဟာသည် မက္ကာမြို့တွင် ကျရောက်ခဲ့၍ အာယသ် (၁၃၅)နှင့် အခန်း(၈)ပိုဒ် ပါဝင်သည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

မပြတ်မစဲ သနားညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

အတ်စ် စခါဝီ အဆိုအရ ဤစူရဟ်၏ အခြားအမည်မှာ စူရဟ် ကလီမ် **كليم** ဖြစ်သည်။ အဘယ့် ကြောင့် ဆိုသော် ယင်းထဲတွင် ကလီမွလ္လာဟ် စိုက်ယိဒိနာ မူဆာ ﷺ၏ အသေးစိတ် အကြောင်းအရာ ပါဝင်သည်။

စိုက်ယိဒိနာ အဗူဟူရိုင်ရဟ် ﷺ၏ စစ်မှန်ခိုင်လုံမှုအပေါ် ဒါရီမီက မုစ်နဒ်ကျမ်းတွင် တင်ပြထားသည်မှာ - တမန်တော်မြတ် ﷺမိန့်ကြားတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးကို မဖန်ဆင်းမီ နှစ်ပေါင်း နှစ်ထောင်အလျင်က (ကောင်းကင်စေတမန်များအား) အရှင်မြတ်က စူရဟ်သွာဟာနှင့် စူရဟ်ယာစီန်ကို ဖတ်ရွတ်သရဇ္ဈာယ် ပြခဲ့သည်။ ကောင်းကင်တမန်များက ပြောခဲ့ကြသည်မှာ "ဤစူရဟ်များ ချပေးခံရသောသူများသည် ကံကောင်း၍ ထူးမြတ်လှပါသည်။ ထိုစူရဟ်များကို ထိန်းသိမ်း (အာဂုံဆောင်) သူများသည်လည်း ကောင်းချီးမင်္ဂလာ ကျရောက်ပေမည်။ ထိုစူရဟ်များကို ရွတ်ဖတ်သရဇ္ဈာယ်သော နှုတ်လျှာများသည်လည်း ကောင်းချီးမင်္ဂလာ ကျရောက်ပေမည်" ဟူ၍ ဖြစ်သည်။ ထို့နောက် ဤစူရဟ်သည်ပင် တမန်တော်မြတ် ﷺကို သတ်ဖြတ်ရန်အတွက် လုံးဝ သန္ဓိဋ္ဌာန်ချထားသော စိုက်ယိဒိနာ အုမ္မရ် အိဗနိ ခတ်သွားဗ် ﷺကို ပြောင်းလဲပစ်ခဲ့ပါသည်။ ဤအဖြစ်အပျက် အကြောင်းအရာကို စီရဟ် (တမန်တော်မြတ် ﷺ၏ အတ္ထုပ္ပတ္တိ) ကျမ်းများအားလုံးထဲတွင် ဖော်ပြထားခဲ့သည်။

အိဗနိ အစ္စဟားက် ဆင့်ပြန်ခဲ့သည့် အဖြစ်အပျက်မှာ အောက်ပါအတိုင်း ဖြစ်သည်။ တစ်နေ့သောအခါ စိုက်ယိဒိနာ အုမ္မရ် အိဗနိ ခတ်သွားဗ် ﷺသည် တမန်တော်မြတ် ﷺကို သတ်ဖြတ်ရန် လုံးလုံးလျားလျား ဆုံးဖြတ်ချက် ချကာ ဓားလွတ်ဆွဲကိုင်ကာ လာခဲ့သည်။ သွားနေစဉ် နူအ်အီမ် အိဗနိ အဗ္ဒွလ္လာဟ်သည် ၎င်းထံပါး ချဉ်းကပ်၍ ဘယ်သွားမည်နည်းဟု မေးမြန်းခဲ့သည်။ စိုက်ယိဒိနာ အုမ္မရ် အဗ်နေ ခတ်သွားဗ် ﷺက ကိုရိုင်းရှ် လူမျိုးများကြား မငြိမ် မသက်ဖြစ်စေသူ၊ ၎င်းတို့၏ယုံကြည်မှုကို အသရေပျက်စေသူ၊ သူတို့၏ယုံကြည်ချက်မှ သွေဖည်စေသူ၊ ထို့ပြင် သူတို့၏ရုပ်တုများကို ရွံတ်ချသူ သေးသိမ်စေသူကို သွားသတ်မည်"ဟု ဖြေကြားခဲ့သည်။ နူအိမ်က "အသင်သည် သင့်ကိုယ်သင် လှည့်စားနေသည်။ အကယ်၍ သင်သည် မုဟမ္မဒ် ﷺကို သတ်ဖြတ်ခဲ့လျှင် သူမျိုးနွယ်စု ဗနူအဗ်ဒမုနာဖ်က အသင့်အသက်ကို အလွတ်ပေးမည်ဟု သင်ထင်သလော။ အကယ်၍ သင့်မှာ စဉ်းစားဉာဏ် နည်းနည်းရှိလျှင်ပင် သင့်နှမရင်းနှင့် သူ့ခင်ပွန်းကို သွားတွေ့ပါလေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့ နှစ်ယောက်စလုံး မုစ်လင်မ် ဖြစ်လာပြီး မုဟမ္မဒ် ﷺ၏ သာသနာကို လက်ခံခဲ့ကြပြီးဖြစ်သည်"ဟု ပြောခဲ့သည်။ စိုက်ယိဒိနာ အုမ္မရ် အိဗနိ ခတ်သွားဗ် ﷺသည် သူကြားသိခဲ့ရသည်တို့ကြောင့် တုန်လှုပ်သွားကာ သူနှမနှင့် ခင်ပွန်းတို့အိမ်ဘက် ခြေဦးလှည့်ခဲ့သည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ၏ ဆွဟာဗဟ် တစ်ဦးဖြစ်သော စိုက်ယိဒိနာ ခါဗ်ဗဗ် ဗင်နဲ အာရာဟ်က ထိုသူတို့ နှစ်ဦးစလုံးကို စက္ကူတစ်ရွက်ပေါ်တွင် ရေးသားထားသည့် စူရဟ်သွာဟာအား သင်ကြားပြသနေပါသည်။

စိုက်ယိဒိနာ အုမ္မရ် အိဗနိ ခတ်သွားဗ် ﷺ လာနေကြောင်း ထိုသူများ သိသောအခါတွင် စိုက်ယိဒိနာ ခဗ္ဗာဗ် အိဗနိ အာရာဟ်သည် အခြားအခန်းတစ်ခု ထောင့်ကပ်ပုန်းအောင်းနေသော စိုက်ယိဒိနာအုမ္မရ် ﷺ၏နှမကမူ ထိုစာရွက်ကို စောင်အောက်တွင်ထိုး၍ ဝှက်ထားခဲ့သည်။ သို့သော်လည်း စိုက်ယိဒိနာအုမ္မရ် ﷺက စိုက်ယိဒိနာ ခဗ္ဗာဗ် အိဗနိ

အာရာဟ်ﷺသည် တစ်စုံတစ်ရာကို ရွတ်ဖတ်နေခဲ့ကြောင်း ကြားသိခဲ့ရ၍ သူနှမကို ဘာဖြစ်၍နေသနည်းဟု မေးမြန်းခဲ့သည်။ သူမသည် မေးခွန်းကို ကြိုးစားရှောင်ဖြေနေသော်လည်း စိုက်ယိဒနာ အုမ္မရ်ကို မမေးအောင် ပြုလုပ်မရခဲ့ပါ။ နောက်ဆုံး၌ သူသည် အပြင်သို့ထွက်ကာ သူနှမနှင့်ယောက်ဖတို့က မုဟမ္မဒ်ﷺ၏ နောက်လိုက်များနှင့် မုစ်လင်မ်များ ဖြစ်လာခဲ့ကြကြောင်း၊ ယင်းတို့ကို သင်ယူနေခဲ့ကြောင်း ပြောင်ပြောင်တင်းတင်း ပြောခဲ့သည်။ ဤသို့ ပြောကြားပြီးနောက် စိုက်ယိဒနာ အုမ္မရ်ﷺသည် ယောက်ဖ စအီးဒ် အိဗနိ ဇိုက်ဒ်ကို စ၍ရိုက်တော့သည်။ သူနှမ ဖာသိမာဟ်ﷺသည် သူမ၏ ခင်ပွန်း ဇိုက်ဒ် လွတ်မြောက်ရန် လာရောက်ကူညီရာ သူမကိုလည်း ရိုက်နှက်ခဲ့၍ ဒေါသများပင် ထွက်လာခဲ့သည်။

စိုက်ယိဒါဟ် ဖွာသိမာဟ်ﷺနှင့် သူမ၏ခင်ပွန်းတို့သည် အရိုက်ခံရပြီး နောက်ဆုံးတွင် သည်းမခံနိုင်ဘဲ နှစ်ဦးစလုံးက အာခံ၍ ပြောသည်မှာ "ကောင်းပြီ၊ သင် နားထောင်လော့၊ ကျွန်တော်တို့ မုစ်လင်မ်များ ဖြစ်လာခဲ့၍ အလ္လာဟ် အရှင်မြတ်နှင့် အရှင့်တမန်တော်မြတ်ﷺသာသနာကို လက်ခံခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ သို့ပါ၍ သင် ကြိုက်သလို လုပ်တော့"ဟူ၍ ဖြစ်သည်။ စိုက်ယိဒနာ အုမ္မရ်ﷺသည် သူညီမ သွေးသံရဲရဲ ဖြစ်သည်ကို တွေ့ခဲ့ရသောအခါ သူမအပေါ် ကြမ်းတမ်းစွာ ဆက်ဆံခဲ့သည်ကို ကရုဏာသက်မိခဲ့သည်။ သူမ ဖတ်ရွတ်နေခဲ့သော စာရွက်အား သူ့ကို ပြသပါရန် သို့မှသာ တမန်တော်မြတ်ﷺ၏ သင်ကြားပို့ချချက်များကို သူလေ့လာနိုင်ရန် ဖြစ်သည်။ စိုက်ယိဒနာ အုမ္မရ်ﷺသည် စာတတ်ပေတတ်တစ်ဦး ဖြစ်ပေသည်။ ယင်းကြောင့် သူသည် ထိုစာရွက်ကို သူကိုယ်တိုင် ဖတ်လိုခဲ့သည်။ သူညီမသည် ထိုစာရွက်ပေးလိုက်လျှင် မလေးမစား ပြုလုပ်မည်၊ ဖျက်ဆီးပစ်မည်ကို စိုးရိမ်ခဲ့သည်။ သို့သော်လည်း သူသည် ထိုသို့ မလုပ်ကြောင်း စိတ်ချစေရန် ကျိန်ဆိုပြောခဲ့သည်။ ထို့နောက် ဖတ်ပြီးလျှင် ပြီးခြင်း၊ ပြန်ပေးမည်ဟု ကတိပြုခဲ့သည်။ သူမသည် အဖြစ်အပျက်နှင့် သူသဘောထား ပြောင်းလဲမှုကို တွေ့ခဲ့ရသောအခါ ၎င်းသည်လည်း မုစ်လင်မ်တစ်ဦး မုချ ဖြစ်လာနိုင်ကြောင်း အတွေးပေါ်လာခဲ့သည်။ သို့ရာတွင် သူမက သူ့ကို မသန့်ရှင်း၊ မစင်ကြယ် ကြောင်းနှင့် ထိုစာရွက်ကို သန့်ရှင်းစင်ကြယ်သူကသာလျှင် ထိနိုင်ကြောင်း ပြောခဲ့သည်။ ထို့ကြောင့် စိုက်ယိဒနာ အုမ္မရ် ﷺသည် ရေမိုးချိုးခဲ့သည်။ ထို့နောက် သူညီမက စူရဟ်သွာဟာ ရေးသားထားသော စာရွက်ကို သူ့အားပေးခဲ့သည်။ သူသည် စာကြောင်း အနည်းငယ်ကို ပထမဦးစွာဖတ်၍ ပြောခဲ့သည်မှာ "ဤသည်မှာ လှပသော ဘာသာစကားဖြင့် ရေးသားထား၍ ရိုသေလေးစား ထိုက်ပေသည်။ ခဗ္ဗာဗ်ဗ် အိဗနိ အာရဟ်သည် တစ်ချိန်လုံး ပုန်းအောင်းနေရာမှ ယခု ထွက်လာပြီး ပြောသည်မှာ "အို-အုမ္မရ် အိဗနိ ခသ်သွားဗ်၊ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ သနားကြင်နာ တော်မူသော အရှင်ဖြစ်တော်မူသည်။ ထို့ပြင် ထိုအရှင်က တမန်တော်မြတ်ﷺ၏ ပြင်းပြသောဆန္ဒကို တုံ့ပြန်သောအနေ ဖြင့် သင့်ကို ရွေးချယ်တော်မူခဲ့ပေပြီ။ မနေ့ကပင် တမန်တော်မြတ်ﷺက အောက်ပါဒုအာတောင်းဆုကို တောင်းခံနေ ကြောင်း ကျွန်ုပ် ကြားခဲ့ရသည်။ ယင်းမှာ **اللّٰهُمَّ ایّد الاسلام بأبی الحکم بن هشام او بعمر بن الخطّاب** "အို-အလ္လာဟ်အရှင်မြတ်၊ အစ္စလာမ်သာသနာတော်ကို အဗွလ် ဟီကာမ် အိဗနိ ဟေရှာမ် (အဗူဂျာလ်ကို ဆိုလိုသည်) သို့မဟုတ် အုမ္မရ် အိဗနိ ခသ်သွားဗ်တို့ဖြင့် တောင့်တင်း ခိုင်မာစေတော်မူပါ" ဟူ၍ဖြစ်သည်။ ရည်ရွယ်ချက်မှာ ထိုသူ နှစ်ဦးအနက် တစ်ဦးဦးက အစ္စလာမ်ဘာသာ သက်ဝင် ယုံကြည်မှုသည် ယခုထက်တိုင် ချည့်နဲ့နေသေးသည့် မုစ်လင်မ်များကို ကြီးမားသော ခွန်အားဖြစ်စေပါလိမ့်မည်။ အိဗနိ ခဗ္ဗာဗ်က "အို ... အုမ္မရ် ဤသည် သင့်အတွက် အခွင့်အရေး ဖြစ်သည်။ ထိုအခွင့်အရေးကို လက်မလွှတ်ပါနှင့်" ဟု ပြောခဲ့သည်။ ထိုပြောကြားချက်ကြောင့် စိုက်ယိဒနာ အုမ္မရ်ﷺက ၎င်းအား တမန်တော်မြတ်ﷺထံ ခေါ်သွားပါရန် ခဗ္ဗာဗ်ဗ်ﷺကို မေတ္တာရပ်ခံခဲ့သည်။ (ကုရ်သုဇီ)။ နောက်ပိုင်း ဘာဖြစ် ခဲ့သည်ဆိုကြောင်း နှင့် တမန်တော်မြတ်ﷺထံ သွားရောက်ကာ အစ္စလာမ်ဘာသာသို့ ဝင်ရောက်ခဲ့ကြောင်းတို့သည် အလွန် လူသိများကြသောကြောင့် ဤနေရာတွင် ထပ်မံ မဖော်ပြတော့ပါ။

အာယသ် (၁-၈)

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

မပြတ်မစဲ သနားညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

طٰهٰ ﴿۱﴾ مَاۤ اَنۡزَلۡنَا عَلَيۡكَ الۡقُرۡاٰنَ لِتَشۡقٰۤى ﴿۲﴾ اِلَّا تَذۡكِرَةً لِّمَنۡ يَّخۡشٰى ﴿۳﴾
تَنۡزِيۡلًا مِّمَّنۡ خَلَقَ الۡاَرۡضَ وَ السَّمٰوٰتِ الۡعُلٰى ﴿۴﴾ اَلرَّحۡمٰنُ عَلَى الۡعَرۡشِ
اسۡتَوٰى ﴿۵﴾ لَهٗ مَا فِى السَّمٰوٰتِ وَ مَا فِى الۡاَرۡضِ وَ مَا بَيۡنَهُمَا وَ مَا تَحۡتَ
الثَّرٰى ﴿۶﴾ وَاِنۡ تَجۡهَرۡ بِالۡقَوۡلِ فَاِنَّهٗ يَعۡلَمُ السِّرَّ وَاَخۡفَى ﴿۷﴾ اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ
لَهُ الۡاَسۡمَآءُ الۡحُسۡنٰى ﴿۸﴾

**တွာ-ဟာ။[၁] ငါအရှင်မြတ်သည် အသင် အတိဒ္ဒကွ ခံစားအံ့သောငှာ အသင့်အပေါ်
ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သည် မဟုတ်ပေ။[၂] စင်စစ်
မှာမူကား (ဤကုရ်အာန်ကျမ်းတော်မြတ်သည် ငါအရှင်မြတ်အား) ကြောက်ရွံ့ (ရိုသေ
သော) သူ၏အဖို့ ဆုံးမသြဝါဒပင် ဖြစ်ပေသည်။[၃] ပထဝီမြေကိုလည်းကောင်း၊ မြင့်မား
လှစွာသော မိုးကောင်းကင်များကိုလည်းကောင်း ဖန်ဆင်းတော်မူသော အရှင်မြတ်၏
အထံတော်မှ ချပေးသနားတော်မူခြင်းပင် ဖြစ်၏။[၄] (ထို) "ရဟ်မာန်" အနန္တကရုဏာ
တော်ရှင်ကား "အရ်ရှ်" ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူ၏။[၅] မိုးကောင်းကင်များ၌
ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ မိုးကောင်းကင်
များနှင့် ပထဝီမြေတို့၏ အကြားဝယ် ရှိသမျှတို့သည်လည်းကောင်း၊ မြေအောက်၌ရှိသမျှ
တို့သည်လည်းကောင်း ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသည်လျှင် ဖြစ်
ကုန်၏။[၆]**

**(အို-နဗီတမန်တော်) အကယ်၍ အသင်သည် အသံကျယ်စွာ စကားပြော ဆိုပါလျှင်
လည်း (ထိုအရှင်မြတ်သည် သိတော်မူသည်သာ ဖြစ်၏။) ဇကန်စင်စစ် ထို အရှင်မြတ်
သည် စိတ်ထဲတွင် ပြောဆိုသောစကားကို လည်းကောင်း၊ စိတ်ထဲတွင် ပေါ် ပေါက်ရုံမျှ
ရှိသေးသောစကားကိုလည်းကောင်း သိရှိတော်မူ၏။[၇] (ထိုအရှင်ကား) အလ္လာဟ်အရှင်
မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ဓဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိ
ပြီ။ ထိုအရှင်မြတ်၌ အမွန်မြတ်ဆုံးသော နာမံတော်များသည် ရှိကုန် သတည်း။[၈]**

အကျယ်ဖွင့်ဆိုခြင်း

ဤစကားလုံး طٰهٰ (သွာဟာ)ကို ဋီကာရှင်များစွာက အဓိပ္ပာယ် အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်။ စိုက်ယိဒနာ
အိဗနိအဗ္ဗာစ်ﷺက ဤစကားလုံး အဓိပ္ပာယ်သည် يا رجل (အို-လူသား)ဟု ထင်မှတ်သကဲ့သို့ အိဗနိအုမ္မရ်ﷺက

ယင်းစကားလုံး၏ အဓိပ္ပာယ်မှာ **ياحبيبى** (အို-ငါ၏ချစ်လှစွာသော) ဟူ၍ ဖြစ်သည်။ **طٰهٰ** နှင့် **يٰسٓ** တို့သည် တမန်တော်မြတ်ﷺ၏ အမည်များဖြစ်သည်ဟုလည်း အကြံပြုထားခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ အထင်ရှားဆုံးသော ရှင်းလင်းချက်မှာ စိုက်ယိဒိနာ အဗူဗကရ်ﷺနှင့် ပညာရှင် အများစု၏ ရှင်းလင်းချက်တစ်ခုဖြစ်သော ရှင်းလင်းချက်ဖြစ်သည်။ ယင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ်ကလ္လာ အချို့တွင် အစပြုထားသော စကားလုံး **الم**ကဲ့သို့သော စကားလုံးဖြစ်သော သီးခြားအက္ခရာ **حروف مقطعه** ဖြစ်ပါသည်။ ဤစကားလုံးသည် **متشابهات** ထဲမှ (သို့မဟုတ်) ခက်ခဲနက်နဲသော ပဟေဠိဆန်သောအတန်းအစားတွင်ပါဝင်ကာ ယင်းတို့၏အဓိပ္ပာယ်ကို အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာလျှင် သိတော်မူသည်။

مَآ اَنۡزَلۡنَا عَلَيۡكَ الۡقُرۡاٰنَ لِتَشۡقٰٓى

"ငါအရှင်မြတ်သည် အသင် အတိဒုက္ခခံစားအံ့သောငှာ အသင့်အပေါ်ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော် မူခဲ့သည် မဟုတ်ပေ။" (၂၀း၁) **لِتَشۡقٰى** ဟူသော စကားလုံးသည် **شقاء** မှ ဆင်းသက်ကာ နာကျင်ခြင်းနှင့် စိတ်ဒုက္ခရောက်ခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်။ ကုရ်အာန်ကျမ်းတော်မြတ် ဦးစွာချပေးတော်မူသည့် အစွယ်လာမ် အစောပိုင်းအချိန်များတွင် တမန်တော်မြတ်ﷺနှင့် ၎င်း၏ ဆွေဟာဗဟ် သာဝကကြီးများသည် တစ်ညလုံး ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုလုပ်လေ့ရှိပါသည်။ ယင်းသို့ ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် အချိန်ကြာမြင့်စွာ ရပ်ခြင်းကြောင့် ကိုယ်တော်မြတ်ﷺ၏ ခြေတော်များ ရောင်ကိုင်းလာခဲ့သည်။ နေ့ပိုင်းတွင် ကိုယ်တော်မြတ်ﷺသည် မယုံကြည် သွေဖည်ငြင်းပယ်သူများက ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားပို့ချချက်များကို လက်ခံလာနိုင်စေရန် မည်သို့လုပ်ဆောင်ရပါအံ့နည်းဟု သောကရောက်နေပါလိမ့်မည်။ ဤအာယသ်တော်က အချိန် ကြာမြင့်စွာ ဆွလာသ်ဝတ်ပြုတည်ဆောက်မှု၏ ဝန်ကို လျော့ပါးစေပါသည်။ ကုရ်အာန်ကျမ်းတော်မြတ် ချပေးတော်မူခြင်းသည် တမန်တော်မြတ်ﷺအပေါ်တွင် ကြီးပမ်းလုပ်ဆောင်မှုနှင့် အခက်အခဲများ ဖြစ်စေရန် မဟုတ်ကြောင်း၊ ကုရ်အာန်ကျမ်းမြတ်ကို ညလုံးပေါက် မအိပ်ဘဲ ဖတ်ရွတ်သရဇ္ဈာယ်နေရန် မဟုတ်ကြောင်းကို အသိပေး အကြောင်းကြားထားသည်။ ယင်းနောက် တမန်တော်မြတ်ﷺသည် ညဉ့်၏ အစောပိုင်းတွင် အိပ်စက်အနားယူ၍ နောက်ပိုင်းမှ သဟ်ဂျဒ်ဆွလာသ် ဝတ်ပြုဆောက်တည်ရန် အိပ်ယာမှထလေ့ရှိခြင်းမှာ တမန်တော်မြတ်ﷺ၏ ဓလေ့တော်တစ်ခု ဖြစ်ခဲ့သည်။

ဤအာယသ်က တမန်တော်မြတ်ﷺ၏ တာဝန်မှာ အလ္လာဟ်အရှင်မြတ်၏ သတင်းစကားကို မယုံကြည် သွေဖည် ငြင်းပယ်သူများထံ ပို့ဆောင်ရန် သက်သက်သာ ဖြစ်သည်။ သတင်းစကားကို မည်သူလက်ခံ၍၊ မည်သူ လက်မခံဟူသည်နှင့် ပတ်သက်၍ ကိုယ်တော်မြတ်ﷺ၌တ်ပူရန် မလိုဟူ၍လည်း ရည်ညွှန်းသည်။

اِلَّا تَذۡكِرَةً لِّمَنۡ يَّخۡشٰى "စင်စစ်မှာမူကား (ဤကုရ်အာန်ကျမ်းတော်မြတ်သည် ငါအရှင်မြတ်အား) ကြောက်ရွံ့(ရိုသေသော)သူ၏အဖို့ ဆုံးမသြဝါဒ ပင်ဖြစ်ပေသည်။" (၂၀း၃)။ အိဗနိ ခဆီးရ်က ဆင့်ပြန်ခဲ့သည်မှာ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်သည့် အစောပိုင်းအချိန်က ယုံကြည်သက်ဝင်သူများသည် တစ်ညဉ့်လုံး ဆွလာသ်ဝတ်ပြုမှုများ ပြုလုပ်နေကြသည်ကို မယုံကြည်သွေဖည်သူများ တွေ့ရသော အခါ၌ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခြင်းသည် မုစ်လင်မ်များ အတွက် အခက်အခဲများ ဖြစ်စေခြင်း၊ နားနေရခြင်း မရှိခြင်း၊ ငြိမ်းချမ်းသာယာမှုမရှိခြင်း စသည်များကလွဲ၍ သူတို့အား မည်သို့မျှ အကျိုးမပြုပါဟူ၍ ပြက်ရယ်ပြောင်လှောင်ကြပါသည်။ ဤအာယသ်ထဲ၌ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အသိပညာများမှတစ်ဆင့် ကောင်းချီးမင်္ဂလာများနှင့် ငြိမ်းချမ်းသာယာမှုများ ရရှိစေနိုင်သည်ကို ဤမျှနှံချပြီး စက်ဆုပ်ဖွယ်ရာကောင်းသူတို့ မသိကြပါ။ မခံစားနိုင်ကြပါ။ ဤအချက်ကို

ငင်းတို့ မခံစားနိုင်ခြင်းမှာ ယင်းတို့သည် အသိဉာဏ်မဲ့ပြီး လမ်းမှားသို့ ညွှန်ကြားခြင်းခံရခြင်းကြောင့် ဖြစ်သည်။ စိုက်ယိဒနာ မုအာဝေယဟ်ﷺ ဆင့်ပြန်ခဲ့သော ဟဒီးဆ်တော် တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ - အလ္လာဟ် သအာလာသည် လူတစ်ဦးအား ဆုလာဘ်များ ပေးသနားရန် ရည်စူးတော်မူပါက အရှင်သည် ထိုသူ့အား ဘာသာရေး ဆိုင်ရာ မှန်ကန်သော အသိပညာများကို ပေးသနားတော်မူသည်။ (ဆွဟီဟိုင်း)

ဤနေရာ၌ အိမာမ် အိဗနိကဆီးရ်က နောက်ထပ်ခိုင်လုံသော ဟဒီးဆ်တစ်ပုဒ်ကို မှတ်တမ်းတင်ထားပါသည်။ ယင်းဟဒီးဆ်ကို သအ်လာဗဟ် အိဗနိ အလ်ဟကမ်မှတစ်ဆင့် သွဗ္ဗရာနီက ပြန်လည်တင်ပြထားပါသည်။ ယင်း ဟဒီးဆ်သည် ပညာရှင်များအတွက် ကောင်းသတင်း ဖြစ်ပါလိမ့်မည်။ ဟဒီးဆ်တော်မှာ -

قال رسول الله صلى الله عليه وسلم: يقول الله تعالى للعلماء يوم القيامة اذا قعد على كرسيّه لقضاء عباده: انّى لم اجعل علمى وحكمتى فيكم الاّ وانا اريد ان اغفر لكم على ما كان منكم ولا ابالى (ابن كثير، ص۱۴۱، ج ۳)

တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ တရားစီရင်မည့်နေ့၌ အလ္လာဟ်အရှင်မြတ်သည် အရှင့်ကျေးကျွန်များ၏ လုပ်ရပ်များအတွက် အဆုံးအဖြတ်ကြေညာရန်၊ အရှင်၏ ကုရ်စီထိုင်ခုံပေါ်သို့ ကြွရောက်လာပါလိမ့်မည်။ ထို့နောက် အရှင်မြတ်က မိန့်ကြားတော်မူသည်မှာ-သူတို့တွင်ချို့တဲ့မှုများရှိလင့်ကစား သူတို့အား ခွင့်လွှတ်လိုတော်မူသော ဆန္ဒတစ်ခုတည်းအရ ထိုအသိ ပညာရှိတို့၏ နလုံးသားများထဲသို့ အရှင်၏ အသိဉာဏ်ပညာတော်ကို ထည့်ပေးသနားတော်မူခဲ့ပါသည်။ ထိုသူများ၏ ကိစ္စများကို အရှင်မြတ်က အရေးယူလိမ့်မည် မဟုတ်ပါ"ဟူ၍ ဖြစ်သည်။

ဤဟဒီးစ်တော်အရ ထင်ရှားသည်မှာ ဟဒီးဆ်ပါ ပညာရှိများဆိုသည်မှာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေမှု တစ်ခုတည်းကိုသာ ပိုင်ဆိုင်သူများကို ရည်ညွှန်းပါသည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သော ထိုစိတ်သည်သာ ကုရ်အာန်ကျမ်းတော်မြတ်ကို တတ်သိနားလည်ခြင်း၏ အသေချာဆုံးသော လက္ခဏာရပ် ဖြစ်ပါသည်။

عَلَى الْعَرْشِ اسْتَوٰى (ထို "ရဟ်မာန်" အနန္တကရုဏာတော်အရှင်မြတ်ကား "အရရှ်" ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူ၏။) ဤစကားလုံးများ၏ အမှန်တရားကို အစောပိုင်းပညာရှင်တို့က မှတ်ယူထားသည်မှာ အစ်သိဝါ (စံမြန်းတော်မူခြင်း)၏ အတိအကျ သဘောသဘာဝကို မည်သူမျှ မသိရှိနိုင်ပါဟူ၍ ဖြစ်သည်။ ဤသည်လည်း မုသရှာဗိဟာဟ် (အာယသ်တော်များ၏ အဓိပ္ပာယ်ကို မည်သူမျှ မသိရှိနိုင်ခြင်း) ထဲတွင် အကျုံးဝင်ပါသည်။ မုစ်လင်မ်တစ်ဦးသည် အစ္စသိဝါ အလာ အလ်အရ်ရှ် (သလွန်ပေါ်၌ စံမြန်းတော်မူခြင်း) ဆိုသည်မှာ မှန်ကန်သည်ဟု ယုံကြည်ရပါမည်။ သဘောသဘာဝသည် အလ္လာဟ်အရှင်မြတ်၏ မြင့်မားသော ဂုဏ်တော်များနှင့် လိုက်လျောညီထွေရပါမည်။ ယင်းကို ဤကမ္ဘာလောကတွင် သိရှိနားလည်နိုင်စွမ်း မရှိပါ။

وَمَا تَحْتَ الثَّرٰى "ပထဝီမြေ၏ကြားဝယ် ရှိသမျှသည် လည်းကောင်း။ (၂၀း၆)**ثَرٰى** (မြေဆီ) ဆိုသည်မှာ - မြေကြီးအား အတိုင်းအတာ တစ်ခုအထိ တူးဆွခဲ့သောအခါ၌ ပေါ်ထွက်လာသော မြေစိုကို ခေါ်ပါသည်။ လူသား၏ အသိပညာသည် **ثَرٰى** 'စရာ'ထက် ကျော်လွန်၍ မသိရှိပါ။ ယင်း၏အောက်တွင် ရှိသည်ကို အလ္လာဟ်အရှင် တစ်ပါးတည်းသာသိရှိတော်မူပါသည်။ လွန်ခဲ့သည့် နှစ်အချို့တွင် သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များသည် နောက်ဆုံးပေါ်လည်းဖြစ်ကာ အလွန်ရှုပ်ထွေးလှသော ပစ္စည်းကိရိယာတို့နှင့် အချိန်အတော်များများ၊ ကြိုးပမ်းမှု အတော်များများတို့ဖြင့် ကမ္ဘာမြေကြီးအလယ်သို့ ထိုးဖောက် စူးစမ်းလေ့လာကြပါသည်။ သတင်းစာများပါ အကြောင်းအရာ အရထိုသူများသည် ခြောက်မိုင်အထိသာ တိုးဖောက်နိုင်စွမ်း ရှိပါသည်။ ထိုသည်၏အလွန်၌ ကျောက်သားများ ကြားခံနေ

သောကြောင့် ၎င်းတို့၏ ဆက်လက်ကြိုးပမ်းမှု များသည် အချည်းအနှီး ဖြစ်သွားပါတော့သည်။ ကမ္ဘာကြီး၏ အချင်းသည် မိုင်တစ်ထောင်ကျော်သော်လည်း သိပ္ပံပညာရှင်များသည် ခြောက်မိုင်အတွင်းသာရှိသော အချက်အလက်များကို စုဆောင်းနိုင်ပါတော့သည်။ မြေဆီ၏အောက်တွင် ဘာတွေရှိသည်ဆိုသော အသိဉာဏ်ပညာသည် အလွှာဟ်အရှင်မြတ်၏ အထူးဂုဏ်တော်ဖြစ်သည်ဆိုကြောင်း တစ်စုံတစ်ဦးက ဝန်ခံရပါမည်။

يَعْلَمُ السِّرَّ وَ اَخْفٰى "ထိုအရှင်မြတ်သည် စိတ်ထဲတွင်ပြောဆိုသော စကားကိုလည်းကောင်း၊ စိတ်ထဲတွင် ပေါ်ပေါက်ရုံမျှ ရှိသေးသော စကားကိုလည်းကောင်း သိရှိတော်မူ၏။" (၂၀း၇) **سِرّ** (စိရ် လျှို့ဝှက်ချက်)ဆိုသည်မှာ တစ်စုံတစ်ဦး သူ၏နှလုံးသားထဲ၌ ကွယ်ဝှက်ထားသောအရာဖြစ်ကာ မည်သူ တစ်ဦးတစ်ယောက်မျှ မသိရှိနိုင်ပါ။ ၎င်းနောက် **اَخْفٰى** အခ်ဖာရ် (သာပို၍ ဝှက်ထားသည်) ဆိုသည်က လူတစ်ဦး၏စိတ်ထဲတွင် အတွေးမပေါ်သေးပါ၊ နောင်မှ အကောင်အထည်ပေါ်လာမည်ဟု ဆိုလိုပါသည်။ အလွှာဟ်အရှင်မြတ်သည် သီးသန့်အချိန်တစ်ခုၦ လူတစ်ဦး၏ နှလုံးသားထဲတွင် ကွယ်ဝှက်ထားသည်တို့ကို ပြည့်စုံစွာ သိရှိတော် မူပါ၏။ သက်ဆိုင်သူသည် ထိုစဉ်က နောင်လာမည့်အချိန်ၦ သူဘာတွေ တွေးခေါ်မည်ဆိုသည်ကို မသိသော်လည်း အလွှာဟ်အရှင်မြတ်က အနာဂတ်တွင် ပေါ်ပေါက်လာမည့် သူ၏အတွေးများကို သိတော်မူပါသည်။

အာယသ် (၉-၁၆)

وَ هَلْ اَتٰىكَ حَدِيْثُ مُوْسٰى ۘ﴿۹﴾ اِذْ رَاٰ نَارًا فَقَالَ لِاَهْلِهِ امْكُثُوْۤا اِنِّيْۤ اٰنَسْتُ نَارًا لَّعَلِّيْۤ اٰتِيْكُمْ مِّنْهَا بِقَبَسٍ اَوْ اَجِدُ عَلَى النَّارِ هُدًى ﴿۱۰﴾ فَلَمَّاۤ اَتٰىهَا نُوْدِيَ يٰمُوْسٰى ﴿۱۱﴾ اِنِّيْۤ اَنَا رَبُّكَ فَاخْلَعْ نَعْلَيْكَ ۚ اِنَّكَ بِالْوَادِ الْمُقَدَّسِ طُوًى ﴿۱۲﴾ وَ اَنَا اخْتَرْتُكَ فَاسْتَمِعْ لِمَا يُوْحٰى ﴿۱۳﴾ اِنَّنِيْۤ اَنَا اللّٰهُ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاعْبُدْنِيْ ۙ وَ اَقِمِ الصَّلٰوةَ لِذِكْرِيْ ﴿۱۴﴾ اِنَّ السَّاعَةَ اٰتِيَةٌ اَكَادُ اُخْفِيْهَا لِتُجْزٰى كُلُّ نَفْسٍ بِمَا تَسْعٰى ﴿۱۵﴾ فَلَا يَصُدَّنَّكَ عَنْهَا مَنْ لَّا يُؤْمِنُ بِهَا وَ اتَّبَعَ هَوٰىهُ فَتَرْدٰى ﴿۱۶﴾

၎င်းပြင် (နဗီတမန်တော်)မူစာ၏ အကြောင်းသတင်းသည် အသင့်ထံ ရောက်လာခဲ့လေပြီလော။[၉] တစ်ရံရောအခါဝယ် ယင်း(နဗီတမန်တော်) မူစာသည် မီးတစ်ခုကို မြင်လေသော် မိမိအိမ်သူ အိမ်သားတို့အား "အသင်တို့သည် (ဤနေရာ၌ပင်) စောင့်ဆိုင်း၍ နေရစ်ကြလေကုန်။ ဧကန်မလွဲ ကျွန်ုပ်သည် မီးတစ်ခုကို တွေ့မြင်ရလေသည်။ ကျွန်ုပ်သည် ထိုမီးမှ မီးကျီးမီးခဲကို အသင်တို့ထံ ယူဆောင်လာနိုင်ရာ၏။ သို့တည်းမဟုတ် ကျွန်ုပ်သည် မီး၏အနီးတွင် လမ်းညွှန်တစ်စုံတစ်ရာကို တွေ့ရှိတန်ရာသည်" ဟု ပြောဆိုလေ၏။[၁၀]

ထို့နောက် ယင်း(နဗီတမန်တော်)မူစာသည် ထိုမီး၏အနီးသို့ ရောက် လတ်သော် (ဤသို့)အသံပြုခြင်း ဟစ်ခေါ်ခြင်းကို ခံခဲ့ရလေသည်။ အို-မူစာ၊[၁၁] ဇကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင်။ သို့ဖြစ်ပေရာ အသင်သည် မိမိ ဖိနပ်နှစ်ဖက်ကို ချွတ်ပါလော။ ဇကန်စင်စစ် အသင်သည် ထူး မြတ်သော "တွုဝါ" တောင်ကြားအရပ်၌ (ရောက်)ရှိနေချေပြီ။[၁၂] စင်စစ် ငါအရှင်မြတ်သည် အသင့်အား (နဗီတမန်တော်အဖြစ်) ရွေးချယ်တော်မူပြီးဖြစ်ရာ အသင်သည် (မိမိ ထံသို့ ငါအရှင်မြတ်အထံတော်မှ) ထုတ်ပြန်ခြင်းခံရသောအမိန့်တော်များကို နားထောင် ပါလော။[၁၃] ဇကန်အမှန် ငါအရှင်မြတ်သည်ပင်လျှင် အလွှာဟ်အရှင်မြတ် ဖြစ်တော်မူ ပေသည်။ ငါအရှင်မြတ်မှတစ်ပါး ဓဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ် ပေရာ အသင်သည် ငါအရှင်မြတ်အား သတိရခြင်းငှာ ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ပါလော။[၁၄] ဇကန်မလွဲ ကိယာမတ်သည် ရောက်ရှိလာပေမည်။ လူတိုင်းလူတိုင်းသည် မိမိကြိုးပမ်းမှု ၏အကျိုးကို ခံစားနိုင်အံ့သောငှာ ငါအရှင်မြတ်သည် ယင်းကိယာမတ်နေ့ကို (မည်သူ့ အားမျှ အသိမပေးဘဲ) လျှို့ဝှက်ထားလိုတော်မူပေသည်။[၁၅] သို့ဖြစ်ပေရာ ယင်း ကိယာမတ်ကို မယုံကြည်ဘဲ မိမိစိတ် အလိုဆန္ဒကို လိုက်စားသောသူသည် အသင့်အား ယင်းကိယာမတ်ကို ယုံကြည်ခြင်းမှ တားဆီးခြင်းမပြုစေနှင့်၊ သို့မဟုတ်လျှင် အသင် သည်လည်း ပျက်စီးသွားအံ့သတည်း။[၁၆]

အကျယ်ဖွင့်ဆိုခြင်း

وَهَلْ أَتَىٰكَ حَدِيثُ مُوسَىٰ "ငင်းပြင် (နဗီတမန်တော်) မူဆာ ﷺ၏ အကြောင်းသတင်းသည် အသင့်ထံ ရောက်လာခဲ့လေပြီလော။" (၂၀း၉) အစောပိုင်း အာယသ်များထဲ၌ ကုရ်အာန်ကျမ်းတော်မြတ်၏ ခန်းနားကြီးကျယ်မှုနှင့် တမန်တော်မြတ် ﷺအပေါ်၌ ထားရှိရမည့် ရိုသေလေးစားမှုတို့ကို ရည်ညွှန်းထားပါသည်။ ထိုသည်၏ နောက် စိုက်ယိဒိနာ မူဆာ ﷺ၏ အကြောင်းအရာများကို ဖော်ပြထားရခြင်းသည် တမန်တော်များ သူတို့၏ တာဝန် ဝတ္တရားများကို ထမ်းဆောင်ရာ၌ ကြုံတွေ့ရသော စမ်းသပ်မှုများနှင့် ဒုက္ခများကို အစောပိုင်း တမန်တော်များကဖွဲ့သတ္တိ တို့ဖြင့် လုပ်ဆောင်ခဲ့သည်ဆိုသည့်အကြောင်းကို တမန်တော်မြတ် ﷺပြည့်ပြည့်ဝဝ ဂရုပြုစေရန်ဖြစ်ပါသည်။ ဤသည်ကား တမန် တော်မြတ် ﷺသခင်အား အပ်နှင်းထားသော ကြီးမားသည့် တာဝန်ဝတ္တရားကြီးကို ထမ်းဆောင်ရန်အတွက် ပြင်ဆင်မှု ဖြစ်ပါသည်။ ဤကဲ့သို့ အဓိပ္ပာယ်သက်ရောက်သော နောက်ထပ် အာယသ်တစ်ခုမှာ -

وَكُلًّا نَّقُصُّ عَلَيْكَ مِنْ أَنۢبَآءِ ٱلرُّسُلِ مَا نُثَبِّتُ بِهِۦ فُؤَادَكَ ...﴿١٢٠﴾

"စင်စစ်သော်ကား ငါအရှင်မြတ်သည် ရစူလ်တမန်တော်များ၏ အကြောင်းသတင်းများအနက်မှ အကြောင်းသတင်း အလုံးစုံကို အသင့် အား ပြောကြားတော်မူ၏။ ငါအရှင်မြတ်သည် ထိုအကြောင်း သတင်းများဖြင့် အသင့်စိတ်နလုံးကို မြဲမံကြံခိုင်စေတော် မူ၏။" (၁၁း၁၂၀) ဟူ၍ဖြစ်သည်။

အာယသ်တော်က ဆိုလိုသည်မှာ ဤအကြောင်းအရာများ ပြောပြရခြင်းသည် အသင် (တမန်တော်မြတ် ﷺ) အား ကြံခိုင်စွမ်မြဲစေရန်နှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်စေနိုင်ရန် ဖြစ်ပါသည်။

ဤနေရာ၌ တင်ပြထားခဲ့သည့် စိုက်ယိဒိနာ မူဆာ ﷺ၏ အကြောင်းအရာသည် အောက်ဖော်ပြပါအတိုင်း စတင်ခဲ့သည်။ မဒ်ယမ်တွင် ၎င်းသည် စိုက်ယိဒိနာ ရှိအိုက်ဗ် ﷺနှင့် အတူနေထိုင်ခဲ့သည်။ သို့ဖြင့် ထိုနေထိုင်ရာ၌ စိုက်ယိဒိနာ မူဆာ ﷺသည် စိုက်ယိဒိနာ ရှုအိုက်ဗ် ﷺအား ရှစ်နှစ် (သို့မဟုတ်) ဆယ်နှစ်တိုင် အလုပ်အကျွေး ပြုပါမည်ဟူသော နားလည်မှုနှင့် ဖြစ်ပေသည်။ သဖီစီရ် ဗဟ်ရုလ်မုဟီးတွ်ကျမ်း အဆိုအရ ဤအလုပ်အကျွေးမှုကာလ ကုန်ဆုံးသောအခါတွင် မိခင်နှင့် ညီမအား တွေ့ဆုံရန် အီဂျစ်ပြည်သို့ ထွက်ခွာခွင့်ကို စိုက်ယိဒိနာ ရှုအိုက်ဗ် ﷺထံ တောင်းခံခဲ့သည်။ အီဂျစ်မှ အစောပိုင်းတွင် ထွက်ပြေးလာခဲ့ရခြင်းမှာ ဖိရ်အောင်နှ်၏ စစ်သားများက သူ့ကိုဖမ်းမည် သို့မဟုတ် သတ်ဖြတ်ပစ်မည်ဟူသော အန္တရာယ်ကြောင့်ဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်သွားခဲ့၍ ယခုအခါ ထို အန္တရာယ် မရှိတော့ချေ။ စိုက်ယိဒိနာ ရှုအိုက်ဗ် ﷺသည် စိုက်ယိဒိနာ မူဆာ ﷺအား ၎င်း၏ ဇနီး (စိုက်ယိဒိနာ ရှုအိုက်ဗ်၏ သမီးတော်) နှင့် အတူထွက်ခွာခွင့်အား လိုလိုလားလား ပေးခဲ့သည်။ ၎င်းတို့၏ ခရီးစဉ်တွင် သုံးစွဲနိုင်ရန် ငွေကြေးအချို့နှင့် ပစ္စည်းအနည်းငယ်ကိုလည်း စိုက်ယိဒိနာ ရှုအိုက်ဗ် ﷺ က ပေးလိုက်ပါသည်။ ဆီးရီးယားနိုင်ငံတွင် အုပ်ချုပ်သူအချို့၏ ရန်မူခြင်းကို စိုးရိမ်မကင်းဖြစ်၍ သူသည် လူအသုံးနည်းသောလမ်းမှ သွားခဲ့သည်။ အချိန်မှာ ဆောင်းကာလဖြစ်၍ ကိုယ်ဝန်အရင့်အမာနှင့် ဇနီးသည်မှာလည်း မွေးဖွားအံ့ဆဲဆဲ ဖြစ်နေသည်။ သူသွားသောလမ်းသည် သူအတွက် မကျွမ်းကျင်သဖြင့် လမ်းပျောက်သွားခဲ့သည်။ သူသည် အနောက်ဖက်ကိုသွားခဲ့၍ ယင်းမှာ သူရ်တောင်၏ ညာဘက်ဖြစ်သည်။ တစ်ပူပေါ် နှစ်ပူဆင့်ကာ ညဉ့်သည် မှောင်မည်း၍ ချမ်းအေးလှကာ ဇနီးသည်မှာလည်း မွေးဖွားလုနီးနီး ဖြစ်နေခဲ့ သည်။ မီးခတ်ကျောက်ဖြင့် မီးမွှေးရန် ကြိုးစားရာ မအောင်မြင်ခဲ့ချေ။ ဤသို့ ယောက်ယက်ခတ်နေသောအခါ သူရ်တောင်ပေါ်တွင် မီးရောင်ကို သူမြင်တွေ့ခဲ့ရသည်။ စင်စစ် ယင်းမှာ နူးရ် (အမှန်တရားကို သင်္ကေတပြုသည့် အလင်းရောင်) ဖြစ်သည်။ ထို့ကြောင့် သူက ဇနီးကို ပြောသည်မှာ "ကျွန်ုပ် မီးတောက်အချို့ကို တွေ့မြင်ခဲ့ရသည်။ ကျွန်ုပ်သည် ထိုနေရာသွား၍ အသင့်အတွက် မီးကျိခဲယူခဲ့မည်။ ထို့နောက် အီဂျစ်ပြည်သွားသည့်လမ်းကို ညွှန်ပြနိုင်သောသူတစ်ဦးကိုလည်း ရှာခဲ့ပါမည်" ဟူ၍ ဖြစ်သည်။ ခရီးစဉ်တွင် သူဇနီး ပါသည်ဆိုခြင်းမှာ လုံးဝအတည်ပြုပြီး ဖြစ်သည်။ ဆင့်ပြန်ချက်အချို့အရ သူတို့နှင့်အတူ အစေခံတစ်ဦးလည်း ပါရှိကာ ၎င်းကိုလည်း ဤဇာတ်တွင် ဦးတည်ပြောကြားခဲ့သည်။ အခြားသူများက ခရီးသွားဖော်အချို့လည်း ပါရှိကြောင်းနှင့် လမ်းပျောက်သွားသောအခါ ၎င်းတို့နှင့်လည်း ကွဲသွားကြသည်ဟု ပြောခဲ့ကြသည်။ (အလ်ဗဟ်ရုလ် အလ်မုဟီးတွ်)

فَلَمَّآ اَتٰىهَا "ထို့နောက် ယင်း (နဗီတမန်တော်) မူဆာသည် ထိုမီး၏အနီးသို့ ရောက်လတ်သော် (၂၀း၁၁)" ဆိုလိုသည်မှာ ခပ်လှမ်းလှမ်းမှ မြင်တွေ့ခဲ့ရသော မီးဆီသို့ သူချဉ်းကပ်ခဲ့သည်။ ဝဟာဗ် အိဗနိ မုနာဗ်ဗိဟ် ﷺ၏ ခိုင်လုံချက်အရ မုစ်နဒ် အဟ်မဒ်ကျမ်းတွင် တင်ပြထားသည်မှာ - စိုက်ယိဒိနာ မူဆာ ﷺသည် မီးအနားရောက်သွားသောအခါ ၎င်းသည် အလွန်ထူးဆန်းအံ့သြဖွယ်ရာ မြင်ကွင်းတစ်ခုကို မြင်တွေ့ခဲ့ရသည်။ စိမ်းလန်းနေသော သစ်ပင်တွင် မီးလောင်လျက်ရှိသည်။ မီးသည် သစ်ရွက်တစ်ရွက် (သို့) သစ်ကိုင်းတစ်ကိုင်းကိုမှ မလောင်ကျွမ်းဘဲ တောက်လောင်လျက်ရှိသည်။ တစ်ဖက်တွင်မူ မီးတောက်ကြောင့် သစ်ပင်သည် ပိုမိုစိမ်းလန်းကာ အဆပေါင်းများစွာ လှပသွားပါသည်။ သူသည် မီးခဲတစ်ခဲ ရယူနိုင်ရန် ဤဆန်းကြယ်သည့် မြင်ကွင်းကို ခဏတာ မင်သက်၍ ရပ်ကြည့်နေခဲ့သည်။ အဆုံးတွင် သူသည် မြက်ခြောက်အချို့ ကောက်ယူကာ မီးကူးခဲ့သည်။ တင်ပြထားသေးသည်မှာ မီးသည် သူ့ထံလာသောအခါ နောက်သို့ ကြောက်လန့်တကြားဆုတ်ခဲ့သည်။ အကျိုးဆက်အားဖြင့် မည်သည့်မီးမျှ မရလာခဲ့ပါ။ ဘာလုပ်ရမှန်း မသိတော့ဘဲ ရပ်နေစဉ်တွင် အလွန်ထူးဆန်းအံ့သြဖွယ် ကောင်းသည်မှာ သူ့ကို ဟစ်ခေါ်သည့်အသံ ကြားခဲ့ရသည်။ ဤ

အဖြစ်အပျက်သည် တောင်ခြေတွင် ဖြစ်ပျက်ခဲ့ကာ ယင်းနေရာမှာ သူညာဘက်ရှိ "သူဝါ" လွင်ပြင်ဟုခေါ်သည်။

نُوۡدِیَ یٰمُوۡسٰۤی ﴿۱۱﴾ اِنِّیۡۤ اَنَا رَبُّکَ فَاخۡلَعۡ نَعۡلَیۡکَ "ထိုမီး အနီးရောက်လတ်သော် (ဤသို့) အသံပြုခြင်း ဟစ်ခေါ်ခြင်းကို ခံခဲ့ရလေသည်။ အို ... မူဆာ၊ ဧကန် မလွဲငါအရှင်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင်၊ သို့ဖြစ်လေရာ အသင်သည် မိမိဖိနပ် နှစ်ဖက်ကို ချွတ်ပါလော။ (၂၀း၁၁ - ၁၂)" အလဗဟ်ရှလ် မုဟီးတွ်၊ ရှဟုလ်မဟာနီနှင့် အခြားကျမ်းများတွင် တင်ပြထားသည်မှာ စိုက်ယိဒိနာမူဆာ ﷺ ကြားခဲ့ရသော အသံသည် သီးသန့် တစ်နေရာတည်းမှ ပေါ်ထွက်လာသည် မဟုတ်ဘဲ ဘက်ပေါင်းစုံမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဤအသံကို ကြားရသည့်အနေအထားမှာလည်း အလွန်အံ့သြဖွယ်ရာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤအသံကို သူနှားနှင့်သာမက ခန္ဓာကိုယ်တစ်ကိုယ်လုံးမှ ကြားခဲ့ရသည်။ ဤသည်မှာ မုချအံ့ဖွယ်တစ်ရပ် ဖြစ်သည့်။ အသံပြုသည်မှာ သူမြင်တွေ့ခဲ့ရသည့် အလင်းရောင်မှာ မီးတောက်တစ်ခုမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ သီးသန့်ဖော်ထုတ်ပြသခြင်းမျိုး ဖြစ်သည်။ ဟစ်ခေါ်သံက "မုချ ဧကန် ငါအရှင်မြတ်သည် သင့်အား မွေးမြူစောင့်ရှောက်တော်မူသော အရှင်ဖြစ်သည်" ဟု ပြောကြားခဲ့သည်။ မေးစရာ ရှိသည်မှာ စိုက်ယိဒိနာမူဆာ ﷺ သည် ယင်းအသံမှာ အလ္လာဟ်အရှင်မြတ်၏ အသံဖြစ်ကြောင်း မည်သို့သိသနည်း။ အဖြေကား သူကြားသိခဲ့ရသောအသံသည် အလ္လာဟ်အရှင်မြတ်၏ အသံအမှန်ဖြစ်ကြောင်း၊ ထိုအရှင်မြတ်က သူ၏ နှလုံးသားတွင် ယုံကြည်စိတ်ချမှုကို ထည့်သွင်းပေးခဲ့သည်။ နောက် အခြေအနေတစ်ခုမှာ မီးသည် သစ်ပင်ကို လောင်ကျွမ်းရမည့် အစား ယင်းသစ်ပင်၏ အလှနှင့် တောက်ပမှု ဖြစ်စေခဲ့သည်။ ထို့နောက် အသံကြားရသည့် အနေအထားမှာ နားဖြင့်သာမဟုတ်ဘဲ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှ ကြားရသည့် အချက်အားလုံးအရ သူကြားခဲ့ရသော အသံသည် အလ္လာဟ်အရှင်မြတ်၏ အသံတော်အမှန် ဖြစ်ကြောင်း သူစိတ်တွင် စိုးစဉ်းမျှ သံသယ မဖြစ်ခဲ့ချေ။

စိုက်ယိဒိနာ မူဆာ ﷺ သည် အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်တော်ကို တိုက်ရိုက်ကြားသိခဲ့ရသည်။

မုစ်နဒ်အဟ်မဒ်ကျမ်း၏ ခိုင်လုံမှုအရ ရှဟုလ်မအာနီကျမ်းတွင် ဝဟားဗ်၏ တင်ပြချက်တစ်ရပ်ကို ဖော်ပြထားသည်။ ယင်းတွင် သူကို အို-မူဆာ ဟု ထူးဆန်းအံ့သြဖွယ်ရာ ခေါ်ခဲ့သောအခါ၌ သူက "ကျွန်တော်မျိုး အရှင်မြတ်၏ အသံကို ကြားရပါပြီ။ အို-အလ္လာဟ်အရှင်မြတ် ဘယ်မှာနည်း"ဟု ဖြေကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်က "ငါအရှင်မြတ်သည် သင့်အထက်၌ သော်လည်းကောင်း၊ သင့်အရှေ့၌ သော်လည်းကောင်း၊ သင့်ဝဲဘက်နှင့် သင့်ယာဘက်တွင်လည်းကောင်း ရှိနေပါသည်။ တကယ်တွင် ငါအရှင်မြတ်သည် သင့်ပတ်လည်တွင် ရှိနေသည်" ဟု မိန့်ကြားခဲ့သည်။ ထို့နောက် စိုက်ယိဒိနာ မူဆာ ﷺ က "အို-အလ္လာဟ်အရှင်မြတ် ၊ ကျွန်ုပ် ယခုကြားရသော ဤနှုတ်ကပါဋိဠိတော်များမှာ အရှင်မြတ်ထံတော်မှ တိုက်ရိုက်ဖြစ်သလော သို့တည်းမဟုတ် အရှင်မြတ်စေလွှတ်သည့် ကောင်းကင်တမန်တစ်ပါးထံမှတစ်ဆင့် ကြားရခြင်းဖြစ်ပါသလော" ဟု ပြောကြားခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က "ငါအရှင်မြတ်ကိုယ်တော်တိုင် သင့်ကို ပြောကြားနေခြင်း ဖြစ်သည်" ဟု မိန့်တော်မူခဲ့သည်။ ရှုဟုလ် မအာနီကျမ်း အဆိုအရ ဤသည်ကား စိုက်ယိဒိနာမူဆာ ﷺ သည် ဤ **کلام لفظی** (အက္ခရာစကားလုံးဖြင့် ပြောကြားခြင်း)ကို အလ္လာဟ်အရှင်မြတ်ထံတော်မှ တိုက်ရိုက်ကြားခဲ့သည်ဟု ဆိုသည်။ စွန္ဒမီဇိဟပ်တွင်ရှိသော ဂိုဏ်းတစ်ဂိုဏ်းက ထို **کلام لفظی** (အရှင်မြတ်၏ မုကွပါဋိတော်)သည် ရှေးဦးမဆွ ရှိခဲ့ပြီး ယင်းကို ကြားနိုင်သည်ဟု ယုံကြည်ကြသည်။

မြင့်မြတ်သောနေရာတစ်ခုတွင် ဖိနပ်ချွတ်ခြင်းမှာ ရှိသေလေးစားသော အပြုအမူတစ်ရပ် ဖြစ်သည်

فَاخْلَعْ نَعْلَيْكَ "အသင်သည် မိမိ ဖိနပ်နှစ်ဖက်ကို ချွတ်ပါလေ" (၂၀း၁၂)ဖိနပ်များ ချွတ်ရန် အမိန့်ပေးရခြင်းမှာ ယင်းနေရာသည် ထွဋ်မြတ်သော နေရာတစ်ခုဖြစ်ကာ ယင်းနေရာကို ဖိနပ်ချွတ်၍ ထိုက်သင့်သည့် ရိုသေသမှုပြုရန် လိုအပ်သည်။ ဤအမိန့်၏ နောက်ထပ်အကြောင်းမှာ ဖိနပ်သည် သေဆုံးပြီးသော တိရစ္ဆာန်များ၏သားရေဖြင့် ပြုလုပ်ထားသောကြောင့် ထွဋ်မြတ်သောနေရာသို့ ဝင်ရောက်စဉ် သူတို့သည် ဖိနပ်များကို ချွတ်သင့်ပေသည်။ စိုက်ယိဒိနာ အလီ၊ ဟဆန် အလ်ဗဆွရီ နှင့် အိဗန် ဂျူရိုက်ဂျ်ﷺတို့က ပထမ ရှင်းလင်းချက်ကို ထောက်ခံခဲ့ပါသည်။ သူတို့အကြောင်းပြချက်မှာ စိုက်ယိဒိနာမူဆာﷺကို ဖိနပ်ချွတ်စေရန် အမိန့်ပေးခြင်း၏ ရည်ရွယ်ချက်အစစ်အမှန်မှာ ထွဋ်မြတ်သောနေရာ၏ မြေသားနှင့် သူ့ခြေထောက်ထိခြင်းအားဖြင့် သူ့အပေါ် ကောင်းချီးမင်္ဂလာများ ကျရောက်နိုင်ပါသည်။ အခြားသူများက ပြောကြသည်မှာ ဤအမိန့်ကြောင့် စိုက်ယိဒိနာ မူဆာﷺသည် သူ၏ရိုကျိုးခြင်းကို ပြရန်လိုအပ်သည်။ ထိုပြင် အစော ပိုင်းခေတ်သမယက ဘုရားတရား ရှိသေကိုင်းရှိုင်းသော သက်ဝင်ယုံကြည်သူများသည် မြင့်မြတ်သော ကာအ်ဗဟ် ဝတ်ကျောင်းတော်ပတ်လည်တွင် သဝါဖ် လှည့်စဉ် ၎င်းတို့ ဖိနပ်များ ချွတ်ထားလေ့ ရှိခဲ့ကြသည်။

ဟဒီးဆ်တော်တစ်ရပ်တွင် တစ်ချိန်က တမန်တော်မြတ်ﷺက ဘရှီရ အိဗန် ကဆွာဆီယာသည် သခ္ခိုင်းတစ်ခုတွင် ဖိနပ်စီး၍ လမ်းလျှောက်နေသည်ကို တွေ့ရသောအခါ မိန့်သည်မှာ -

اذا كُنْتَ فى مثل هذا المكان فاخلع نعليك

"ရိုသေလေးစားရမည့်နေရာကို သင် ဖြတ်သန်းသွားခဲ့လျှင် သင့်ဖိနပ်များကိုချွတ်၍ ဖြတ်သွားရမည်။" ဟူ၍ ဖြစ်သည်။

ဓမ္မသတ်ပညာရှင်အားလုံးက တညီတညွတ်တည်း လက်ခံထားသည်မှာ အကယ်၍ ဖိနပ်များသည် သန့်ရှင်းစင်ကြယ်လျှင် ဆွလာသ် ဝတ်ပြုဆောက်တည်ရာ၌ ဖိနပ်စီး၍ ဝတ်ပြုဆောက်တည်နိုင်သည်။ ထိုပြင် ခိုင်လုံသော တင်ပြချက်များ၌ တမန်တော်မြတ်ﷺနှင့် ဆွဟာဗဟ် သာဝကကြီးများသည် ဆွလာသ် ဝတ်ပြုဆောက်တည်ရာတွင် သန့်ရှင်းစင်ကြယ်သော ဖိနပ်များကိုစီး၍ ဝတ်ပြုဆောက်တည်ခဲ့ကြောင်း အတည်ပြုထားပြီး ဖြစ်သည်။ သို့ရာတွင် များသောအားဖြင့် ဓလေ့တစ်ခုမှာ ဒုအာဆုမွန်တောင်းခံရာ တွင် ဖိနပ်များချွတ်၍ တောင်းခံကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ဒုအာဆုမွန်တောင်းခြင်းသည် ရိုကျိုးနှိမ့်ချခြင်းနှင့် ပိုမိုနီးကပ်သည်။

إِنَّكَ بِالْوَادِ الْمُقَدَّسِ طُوًى "ဇကန်စင်စစ် အသင်သည် ထူးမြတ်သော "တူဝါ" တောင်ကြားအရပ်၌(ရောက်)ရှိနေချေပြီ။" (၂၀း၁၂)

အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရ ရွေးချယ်ထားသောနေရာအချို့ကို အထူးအဆင့်အတန်းများ ချီးမြှင့်ထားပါသည်။ ပမာဆိုသော် ဗိုင်သွလွာဟ် (ကာအ်ဗဟ် ကျောင်းတော်)၊ အတ်က်ဆွာဗလီဝတ်ကျောင်းတော်၊ မတ်စ်ဂျိဒေနဗဝီ စသည်တို့ ဖြစ်သည်။ ဝါဒီသူဝါ (တူဝါ တောင်ကြား) သည် ထိုကဲ့သို့သော နေရာတစ်ခု ဖြစ်ကာ သူရ်တောင်၏ ခြေရင်းတွင် ရှိသည်။

ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်သည်ကို ကြားရလျှင် မည်သို့ပြုမူရမည်နည်း

فَاسْتَمِعْ لِمَا يُوحَى "အသင်သည် (မိမိထံသို့ ငါအရှင်မြတ်အထံတော်မှ) ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကို နားထောင်ပါလေ။(၂၀း၁၃)"

စိုက်ယိဒိနာ ဝဟဗ် အိဗနိ မုနာဗ်ဗိဟ် ကပြောသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်မှုကို နားထောင်ရန်အတွက် မှန်ကန်သော အပြုအမူမှာ ငြိမ်သက်စွာထိုင်ရမည်။ ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းကမှ မည်သည့်လုပ်ရပ်တွင်မှ မပါဝင်စေရန်အလို့ငှာ မလိုလားသောလှုပ်ရှားမှု လုပ်ရပ်များမှ ရှောင်ကြဉ်ရမည်။ မျက်လွှာချထားရမည်။ ကုရ်အာန်ကျမ်းမြတ်၏ အဓိပ္ပာယ်များကို နားလည်သဘောပေါက်စေရန်အတွက် စိတ်ကို အာရုံစူးစိုက်ထားရမည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို ဤသို့လေးစား ဖွယ်အနေအထားဖြင့် နားထောင်သောသူအား အလ္လာဟ်အရှင်မြတ်သည်အရှင်မြတ်၏နှုတ်ကပါဋ္ဌတော်များကိုနားလည်သဘောပေါက်မှုပိုမိုခြင်းဖြင့် ဆုလာဘ်ပေးတော်မူမည်။ **اِنَّنِیۡۤ اَنَا اللّٰهُ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاعۡبُدۡنِیۡ ۙ وَ اَقِمِ الصَّلٰوةَ لِذِکۡرِیۡ** "ဇကန်အမှန် ငါအရှင်မြတ်သည်ပင်လျှင် အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသည်။ ငါအရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိပြီ။ သို့ဖြစ်ပေရာ အသင်သည် ငါအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ငါအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ငါအရှင်မြတ်အား သတိရခြင်းငှာ ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ပါလေ။" (၂၀း၁၄)

အလ္လာဟ်အရှင်မြတ်၏ ဤနှုတ်ကပါဋ္ဌတော်များတို့ဖြင့် စိုက်ယိဒိနာ မူဆာ ﷺ အပေါ်၌ စစ်မှန်သော အီမာန်၏ အခြေခံမူများအားလုံးဖြစ်သော အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း တည်ရှိခြင်း၊ တမန်တော်ဖြစ်ခြင်းနှင့် နောင်တမလွန်ဘဝ တို့နှင့် ပတ်သက်သော အသိဉာဏ်တစ်ရပ်ကို အပ်နှင်းလိုက်သည်။ **فَاسۡتَمِعۡ لِمَا یُوۡحٰی** (အသင်သည် ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကို နားထောင်ပါလေ)ဆိုသည်က တမန်တော်ဖြစ်ခြင်းကို ရည်ညွှန်းသည်။ **فَاعۡبُدۡنِیۡ** ဟူသည်ကား "ငါအရှင်မြတ်မှအပ တစ်ပါး မည်သူတစ်ဦးတစ်ယောက်မှ မကိုးကွယ်ရပါ"ဟူ၍ ဖြစ်သည်။ ဤသည်က အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်းထောက်ပြသည်။ **اِنَّ السَّاعَةَ اٰتِیَةٌ** (ဇကန်မလွဲ ကိယာမသ်သည် ရောက်ရှိလာပေမည်) ဟူသည်က မရှောင်လွှဲနိုင်သော နောင်တမလွန်ဘဝကို ထောက်ပြသည်။ **فَاعۡبُدۡنِیۡ** (သို့ဖြစ်ပေရာ အသင်သည် ငါအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ပါလေ) ဟူသောစကားလုံးက ဆွလာသ်ဝတ်ပြု ဆောက်တည်ရန် အမိန့်ပညတ်ချက်ကို လွှမ်းခြုံသော်လည်း ယင်းလုပ်ရပ်၏ အထူးကောင်းကျိုးသည် အခြားခဝ်ကိုးကွယ်မှု ပုံစံများထက် သာလွန်ကြောင်းကို အလေးအနက်ပြုရန် ဖြစ်သည်။ ယင်းသည် အီမာန်၏မဏ္ဍိုင်ဖြစ်ကာ၊ ယင်းလုပ်ရပ်ကို လျစ်လျူရှုခြင်းသည် မယုံကြည် သွေဖည်မှု၏ အမှတ်အသားဖြစ်သည်။

اَقِمِ الصَّلٰوةَ لِذِکۡرِیۡ (အသင်သည် ငါအရှင်မြတ်အား သတိရခြင်းငှာ ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ ၂၀း၁၄) ဟူသည်က ဆွလာသ်ဝတ်ပြု ဆောက်တည်ခြင်း၏အနှစ်မှာ အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသတိရခြင်း ဖြစ်သည်။ ထို့ပြင် ဆွလာသ်ဝတ်ပြုဆောက်တည်မှု ဆိုသည်မှာ နှုတ်လျှာ၊ နလုံးသား၊ ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများဖြင့် အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသ သတိရခြင်းဖြစ်သည်။ ဆွလာသ်ဝတ်ပြုစဉ် အလ္လာဟ်အရှင်မြတ်ကို မမေ့မလျော့သင့်ချေ။ ဤဝါကျက ဆိုလိုသေးသည်မှာ အကယ်၍ လူတစ်ဦးသည် သတ်မှတ်ထားသော ဆွလာသ်ဝတ်ပြုချိန်တွင် အိပ်ပျော်နေ၍သော်လည်းကောင်း၊ သို့မဟုတ် အခြားကိစ္စတို့ကြောင့် မေ့လျော့သွားခဲ့လျှင် အိပ်ယာမှနိုးထလျှင် နိုးထခြင်း၊ သူ၏ ပျက်ကွက်မှုကို သတိရလျှင်ရချင်း ဖြစ်နိုင်သမျှ အမြန်ဆုံး သူ၏ ဆွလာသ်ဝတ်ပြုမှုကို လုပ်ဆောင်သင့်သည်။ ဤသည်မှာ ဟဒီးဆ်တော် အရဖြစ်သည်။

اَکَادُ اُخۡفِیۡهَا (ငါအရှင်မြတ်သည် ယင်းကိယာမသ်နေ့ကို မည်သူ့အားမျှ အသိမပေးဘဲ) လျှို့ဝှက်ထားလိုတော်မူပေသည်။ ၂၀း၁၅) အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ နဗီတမန်တော်များနှင့် ကောင်းကင်တမန်များအပါအဝင် အဖန်ဆင်းခံ အရာအားလုံးကို တရားစီရင်မည့်နေ့နှင့် ပတ်သက်သော အခြေအနေအားလုံးတို့ကို ဖုံးကွယ်

ထားသည်ဟူ၍ဖြစ်သည်။ **اكاد** (ငါအရှင်မြတ် လုပ်ဆောင်လိုသည်) ဟူသည်က သိမ်မွေ့သော အညွှန်းတစ်ခုပေးသည်မှာ တရားစီရင်မည့်နေ့ ရောက်မည်ဆိုခြင်းက လူအများကို ကောင်းမှုကောင်းရာများ လုပ်ဆောင်ရန် စွဲဆောင်ရေး ဖြစ်သည်။ သို့မဟုတ်လျှင် ယင်းကို ဖုံးကွယ်ရန် မလိုချေ။

لِتُجْزٰى كُلُّ نَفْسٍۢ بِمَا تَسْعٰى (လူတိုင်း လူတိုင်းသည် မိမိကြိုးပမ်းမှု၏အကျိုးကို ခံစားနိုင်အံ့သောငှာ ငါအရှင်မြတ်သည် ယင်းကိုယာမသ်နေ့ကို (မည်သူ့အားမျှ အသိမပေးဘဲ) လျှို့ဝှက်ထားလိုတော်မူသည်။ အကယ်၍ ဤစကားစုကို **اتية** (ရောက်ရှိလာအံ့သော)ဟူသည့် စကားလုံးနှင့် ချိတ်ဆက်လိုက်လျှင် ဤကမ္ဘာလောကသည် ဆုလာဘ်ပေးမည့်နေရာမဟုတ်ဟု ဆိုလိုလိမ့်မည်။ ဤကမ္ဘာလောက၌ လူတစ်ဦးသည် ကောင်းမှုကောင်းရပ်များအတွက် ပြန်လည်အစားရလိမ့်မည်မဟုတ်။ အကယ်၍ ဤကမ္ဘာလောကတွင် ဆုလာဘ်အချို့ ရခဲ့လျှင်ပင် ယင်းသည် ရသည်ဆိုရုံမျှသာဖြစ်ပေသည်။ သူ၏ကောင်းမှု ကောင်းရာအတွက် အပြည့်အဝ မဟုတ်ချေ။ ထို့ကြောင့် လူတိုင်း လူတိုင်းသည် ထိုက်သင့်သော ဆုလာဘ်တို့ ရမည့်နေ့ ရောက်လာပါရတော့မည်။

ဤစကားစု ဖွဲ့စည်းတည်ဆောက်ထားမှု၏ အခြားဖြစ်နိုင်ဖွယ်မှာ ယင်းစကားစုအား **اكاد اخفيها** "ငါအရှင်မြတ်သည် ယင်းကိုယာမသ်နေ့ကို (မည်သူ့အားမျှ အသိမပေးဘဲ)လျှို့ဝှက်ထားလိုတော်မူပေသည်။(၂၀း၁၅)" နှင့် ချိတ်ဆက်ထားသည်။ သို့ဆိုလျှင် ယင်း၏ဆိုလိုရင်းမှာ သေဆုံးမည့်အချိန်နှင့် တရားစီရင်မည့်အချိန်တို့ကို မဖော်ထုတ်ခြင်း၏ ဒဿနမှာ လူအများသည် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုတွင် ဆက်လက်ကြိုးပမ်းစေကာ ၎င်းတို့ သေဆုံးကွယ်လွန်မှုသည် လည်းကောင်း၊ တရားစီရင်မည့်နေ့ သည် လည်းကောင်း အနာဂတ်တွင်ရှိ၍ ဝေးပါသေးသည်ဟူသော ယုံကြည်ချက်ကို မွေလျော့စေရန် ဖြစ်သည်။ (ရှုဟွလ်မအာနီ)

فَلَا يَصُدَّنَّكَ عَنْهَا "အသင့်အား ယင်းကိုယာမသ်ကို ယုံကြည်ခြင်းမှ တားဆီးခြင်းမပြုစေနှင့် (၂၀း၁၆)" ဤနေရာ၌စိုက်ယိဒိနာမူဆာ ﷺ အားမယုံကြည်သွေဖည်ငြင်းပယ်သူများ၏ပြောဆိုမှုများကြောင့် တရားစီရင်မည့်နေ့နှင့်ပတ်သက်သည်တို့ကို မမေ့ မလျော့သွားစေရန် အလွှာဟ်အရှင်မြတ်က သတိပေးထားသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့မေ့လျော့ခြင်းသည် သူ၏ ပျက်စီးမှု အကြောင်းခံ ဖြစ်သွားလိမ့်မည်။ နဗီတမန်တော် တစ်ပါးသည် အပြစ်မလုပ်၊ အမှားအယွင်း မလုပ်ဆိုသည်မှာ ထင်ရှားသည်။ ထိုသို့ အပြစ်မလုပ်သူတွင် မွေလျော့မှုဟူ၍ မရှိချေ။ သတိပေးချက်မှာ သူ့ကို ဦးတည်ပြောထားသော်လည်း စင်စစ်တွင် သူ့နောက်လိုက် များနှင့်အတူ လူသားထုတစ်ရပ်လုံးကို ဤကိစ္စသတိရှိစေရန် ဖြစ်သည်။ အပြစ်မဲ့တမန်တော်ဆိုသည်ကိုပင် မမေ့လျော့စေလိုလျှင် လူသားထုအတွက်မှာကား ပြောစရာပင် မလိုပေ။

အာယသ် (၁၇-၂၄)

وَ مَا تِلْكَ بِيَمِيْنِكَ يٰمُوْسٰى ﴿۱۷﴾ قَالَ هِيَ عَصَايَ ۚ اَتَوَكَّؤُا عَلَيْهَا وَ
اَهُشُّ بِهَا عَلٰى غَنَمِيْ وَ لِيَ فِيْهَا مَاٰرِبُ اُخْرٰى ﴿۱۸﴾ قَالَ اَلْقِهَا يٰمُوْسٰى
﴿۱۹﴾ فَاَلْقٰهَا فَاِذَا هِيَ حَيَّةٌ تَسْعٰى ﴿۲۰﴾ قَالَ خُذْهَا وَ لَا تَخَفْ ۫ سَنُعِيْدُهَا
سِيْرَتَهَا الْاُوْلٰى ﴿۲۱﴾ وَ اضْمُمْ يَدَكَ اِلٰى جَنَاحِكَ تَخْرُجْ بَيْضَآءَ مِنْ غَيْرِ

سُوۡٓءٍ اٰيَةً اُخۡرٰى ﴿۲۲﴾ لِنُرِيَكَ مِنۡ اٰيٰتِنَا الۡكُبۡرَى ﴿۲۳﴾ اِذۡهَبۡ اِلٰى فِرۡعَوۡنَ اِنَّهٗ طَغٰى ﴿۲۴﴾

ထင်ပြင် အိုး-မူစာ၊ အသင်၏ လက်ယာဘက်လက်၌ ဤသည် အဘယ်အရာနည်း။ [၁၇] ယင်းမူစာက (အိုး-အရှင်) ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေးဖြစ်ပါသည်။ ကျွန်တော်မျိုးသည် ယင်းတောင်ဝှေးပေါ်၌ အမှီသဟဲပြုပါသည်။ ကျွန်တော်မျိုးသည် ယင်းတောင်ဝှေးဖြင့် မိမိဆိတ်များအဖို့ သစ်ခက်သစ်ရွက်များကိုလည်း ခြွေပါသည်။ ထိုမှတစ်ပါး ကျွန်တော်မျိုးအဖို့ ယင်းတောင်ဝှေး၌ အခြားအလိုဆန္ဒများ (အလုပ်များ)လည်း ရှိပါသေးသည်ဟု လျှောက်ထား အစီရင်ခံခဲ့လေ၏။[၁၈] ထိုအရှင်မြတ်က အိုး-မူစာ၊ အသင်သည် ယင်းတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချပါလေဟု မိန့်ကြားတော်မူခဲ့လေ၏။[၁၉] သို့ဖြစ်ပေရာ ထိုမူစာသည် ယင်းတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချခဲ့သော အခါ ရုတ်တရက် ယင်းတောင်ဝှေးသည် လူပ်ရှားသွားလာနေသော မြွေတစ်ကောင် ဖြစ်နေလေတော့၏။[၂၀] ထိုအရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေ၏။ (အိုး-မူစာ) အသင်သည် ယင်းမြွေကို (မိမိလက်ဖြင့်) ကိုင်ဖမ်းပါလေ။ ထင်ပြင် အသင် မကြောက်နှင့်၊ ယခုပင် ငါအရှင်မြတ်သည် ယင်းမြွေကို ထင်း၏ မူလပထမ အခြေအနေ အတိုင်း ပြန်လည်၍ ဖြစ်စေတော်မူမည်။[၂၁] ထို့ပြင် အသင်သည် မိမိ(ယာဘက်) လက်ကို မိမိ(ဝဲဘက်)ချိုင်းကြားတွင် သွင်းလေ၊ ယင်းလက်မှာ နောက်ထပ် သက်သေ လက္ခဏာတော်တစ်ပါးအဖြစ် အပြစ်အနာအဆာ လုံးဝမရှိဘဲ လင်းဝင်း ထွန်းတောက် လျက် ထွက်ပေါ်၍ လာပေမည်။[၂၂] (ဤသို့ ဖြစ်စေတော်မူခြင်းမှာ) ငါအရှင်မြတ်သည် မိမိကြီးကျယ်စွာသော သက်သေလက္ခဏာတော်များအနက် (အချို့ကို) အသင့်အား ပြသတော်မူရန် ဖြစ်ချေသည်။[၂၃] (ယခုသော်) အသင်သည် ဖာရိုအောင်နိုထံသို့ သွား လော။ ဇကန်မလွဲ ယင်းဖာရိုအောင်နိုကား သွေဖည်ရာတွင် လွန်ကျူးနေချေပြီ။[၂၄]

အကျယ်ဖွင့်ဆိုခြင်း

وَ مَا تِلۡكَ بِيَمِيۡنِكَ يٰمُوۡسٰى "ထင်ပြင် အိုး-မူဆာ၊ အသင်၏ လက္ခ်ာ(ယာဘက်)လက်၌ ဤသည် အဘယ် အရာနည်း။ (၂၀း၁၇)" ဟူသော မေးခွန်းသည် စိုက်ယိဒိနာမူဆာ ﷺက သမားရိုးကျမဟုတ်သော မြင်ကွင်းများနှင့် အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဋိဂေါ်များကို ကြားသိရသဖြင့် ဖြစ်ပေါ်ခဲ့သော ကြောက်ရွံ့စိတ်ကို ဖယ်ရှားရန်အတွက် သူ့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များ ကျရောက်မှု အစပျိုးခြင်း ဖြစ်သည်။ သူလက်ထဲတွင် ဘာကိုင် ထားသနည်းဟု မေးမြန်း စုံစမ်းခြင်းက အလ္လာဟ်အရှင်မြတ်က ၎င်းကို ရင်းနှီးစွာ ဦးတည်ပြောကြားသည့် ဟန်ပန် ဖြစ်သည်။ ယင်းအပြင် မေးခွန်းတွင် ပါရှိသော သိမ်မွေ့သည့် ရည်ရွယ်ချက်မှာ သူလက်ထဲ၌ ကိုင်ထားသောအရာသည် သစ်သားဖြင့်ပြုလုပ်ထားသော တောင်ဝှေးတစ်ချောင်းမှအပ မည်သည်မျှမဟုတ်ကြောင်း သတိမူမိစေရန်ဖြစ်သည်။ ထို့ပြင် ယင်းသည် သစ်သား တောင်ဝှေးဖြစ်ကြောင်း သေချာသွားသောအခါ ယင်းတောင်ဝှေးမှာ မြွေတစ်ကောင် ဖြစ် သွားစေသော အံ့ဖွယ်အဖြစ် အပျက်တစ်ရပ်ကို ဖော်ထုတ်ပြသခဲ့ပါသည်။ ထို့ကြောင့် ညဉ့်၏အမှောင်ထဲ၌ သူ့တောင်

ဝေးအစား မြွေတစ်ကောင် ကောက်မိသည်ဟူသော သူ့စိတ်တွင် ဖြစ်ပေါ်စေသည့် ဒွိဟသံသယကို ပိတ်ပင်တားဆီးပြီး ဖြစ်သည်။

قَالَ هِيَ عَصَايَ "ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေး ဖြစ်ပါသည်။ (၂၀း၁၈)" စိုက်ယိဒိနာ မူဆာ ﷺ အား "အသင်၏ လက်၌ ဤသည် အဘယ်အရာနည်း" ဟူသော ရိုးစင်းသည့်မေးခွန်း မေးခဲ့သောကြောင့် "ထိုအရာသည် တောင်ဝှေး တစ်ခုဖြစ်ပါသည်" ဟူသော အဖြေမှာလည်း ရိုးစင်းတိုတုတ်လှပါသည်။ သို့သော်လည်း သူ့ကို မေးသည့် မေးခွန်းနှင့် မသက်ဆိုင်သော ထပ်ဆောင်း အချက်အလက်များကို သူသဘောအလျောက် ပြောပြခဲ့သည်။ ပထမဦးစွာ သူကပြောခဲ့သည်မှာ ဤတောင်ဝှေးသည် သူပိုင်သည့် တောင်ဝှေးဖြစ်သည်။ ဒုတိယအနေဖြင့် သူ့ကို ဤတောင်ဝှေးက အကျိုးများစွာ ပြုသည်ဟု ပြောခဲ့သည်။ ပမာဆိုသော် ဤတောင်ဝှေးပေါ်တွင် မကြာခဏ မှီခြင်း၊ သူ့ဆိတ်များစားရန် သစ်ပင်ပေါ်ရှိ သစ်ရွက်များကို ရိုက်၍ ခြွေချခြင်းတို့ဖြစ်သည်။ တတိယအနေဖြင့် ဤတောင်ဝှေးကို အခြားကိစ္စများစွာ တွင်လည်း သုံးပါသည်ဟု ပြောကြားခဲ့သည်။ ဤရှည်လျားသော ဖြေကြားချက်သည် တစ်ဖက်တွင် ချစ်မြတ်နိုးခြင်းနှင့် ကြည်ညိုခြင်း၊ အခြားတစ်ဖက်တွင် လေးလေးနက်နက် ကြည်ညိုခြင်းတို့ကို ပြီးပြည့်စုံစွာ ပေါင်းစပ်ထားခြင်း ဖြစ်သည်။ လူသား၏ သဘာဝပင်ကိုစိတ်တစ်ရပ်မှာ ၎င်းလေးစားကြည်ညိုသောသူက လေးစား၍ ဂရုတစိုက် ရှိခဲ့လျှင် အကောင်းဆုံးသော အကျိုးကျေးဇူးဖြစ်ထွန်းစေရန် စကားကို ရှည်ရှည်လျားလျား ပြောဆိုစေပါသည်။ တစ်ချိန်တည်းတွင် အလွန့်အလွန် ကြည်ညိုလေးစားခြင်းဟူသော စေ့ဆော်မှုအရ စကားပြောဆိုမှုသည် သင့်လျော်သောဘောင် အတွင်းရှိ၍ သိပ်ရှည်ရှည်လျားလျား မဖြစ်သင့်ပါ။ ဤအကြောင်းကြောင့် သူ၏ဖြေကြားချက်ကို တိုတောင်းသော အဆိုအမိန့်တစ်ခုဖြစ်သော **وَلِيَ فِيهَا مَآرِبُ أُخْرَىٰ** ယင်း၌ အခြားအလိုများ (လိုသောအရာများ) အတွက်လည်း သုံးပါသည်"ဖြင့် အဆုံးသတ်ခဲ့သည်။ သို့သော်လည်း သူသည် "အခြားသော လိုအင်ဆန္ဒများ"၏ အသေးစိတ်ကို မဖော်ပြခဲ့ပါ။ (ရှုဟွလ်မအာနီ၊ မဇ်ဟိရီ)

ဤအာယသ်မှတစ်ဆင့် ကုရ်သုဗီက သူ၏ သပ်ဖိစီရင်ချမ်းတွင် ထုတ်နုတ်ခဲ့သည်မှာ မေးခွန်းတစ်ခု ဖြေကြားရာတွင် လိုအပ်ပါက မေးခွန်းနှင့် မဆိုင်သောကိစ္စရပ်ကိုလည်း ထည့်သွင်းခြင်း ခွင့်ပြုသည်ဟူ၍ ဖြစ်သည်။

ဥပဒေသ

ဤအာယသ်တော်က တောင်ဝှေးကိုင်ဆွဲခြင်းသည် တမန်တော်များ၏ ဓလေ့တော်တစ်ရပ်ဖြစ်သည်ဟုလည်း ပြသသည်။ တမန်တော်မြတ်ကြီး ﷺ သည်လည်း လက်တော်တွင် တောင်ဝှေးကိုင်ကာ သုံးစွဲလေ့ရှိသည်။ ဤဓလေ့တော်သည် ဘာသာရေး ဆိုင်ရာကိစ္စများတွင်သာမက လောကီရေးရာတွင်လည်း အကျိုးကျေးဇူး ရှိပါသည်။

فَأَلْقَاهَا فَإِذَا هِيَ حَيَّةٌ تَسْعَىٰ "ရုတ်တရက် ယင်းတောင်ဝှေးသည် လျုပ်ရှားသွားလာနေသော မြွေတစ်ကောင် ဖြစ်နေလေတော့၏။ (၂၀း၂၀)" စိုက်ယိဒိနာ မူဆာ ﷺ သည် အလွှာဟ်အရှင်မြတ်အမိန့်ကို နာခံ၍ တောင်ဝှေးကို ပစ်ချလိုက်သောအခါ ယင်းသည် မြွေတစ်ကောင်အဖြစ် ပြောင်းလဲသွားခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဤမြွေကို ကျမ်းတစ်နေရာတွင် **كَأَنَّهَا جَانٌّ** (၂၈း၃၁) ဟု ဖော်ပြထားသည်။ **جانّ** ဟူသော စကားလုံးသည် သေးသွယ်သော မြွေတစ်ကောင် ဖြစ်သည်။ အခြားတစ်နေရာတွင် ယင်းကို **فَإِذَا هِيَ ثُعْبَانٌ** (၂၆း၃၂) ဟူ၍ ရည်ညွှန်းခဲ့သည်။ **ثُعْبَانٌ** ဟူသော စကားလုံးသည် ရှည်လျား၍ တုတ်ခိုင်သောမြွေကို ဆိုလိုသည်။ ဤအာယသ်တော်ပါ **حَيَّة** သည် မျိုးရိုးဆိုင်ရာ အမည်တစ်ခုဖြစ်ကာ အရွယ်စုံ၊ အကြီးအသေးစုံ မြွေအားလုံးပါဝင်သည်။ ဤစကားလုံးသည် အမျိုးမျိုးအရ ဤမြွေသည် အစတွင် သေးငယ်၍ သေးသွယ်သော်လည်း နောက်ပိုင်းတွင် အရွယ်အစားနှင့် တုတ်ခိုင်မှုတို့ ပေါင်းစည်းလာနိုင်သည်။

သို့တည်းမဟုတ် ဤမြွေသည် **جانّ**မူလက ရှည်လျားပြီး တုတ်ခိုင်သည်ဟု ဓေါ်ဆိုရခြင်းမှာ အလျင်အမြန် ရွေ့လျားနိုင်သည် ဟူသောအချက်ကြောင့်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရှည်လျားပြီး တုတ်ခိုင်သောမြွေတို့သည် အများအားဖြင့် နေးကွေးစွာ လှုပ်ရှားကြသည်။ ဤအာယသ်တွင် သုံးနှုန်းထားသည့် **كَأَنَّهَا**စကားလုံးသည် "သကဲ့သို့" ဟူ၍ ဖြစ်သည်။ ဤသည်ကလည်း ယင်းမြွေသည် **جانّ** နှင့် နှိုင်းယှဉ်ရခြင်းမှာ ယင်း၏လျင်မြန်စွာ သွားလာမှုကြောင့် ဖြစ်သည်ဟု ထောက်ပြသည်။ (မဇ်ဟရီ)

وَاضْمُمْ يَدَكَ إِلَىٰ جَنَاحِكَ "ထို့ပြင် အသင်သည် မိမိလက်ကို ချိုင်းကြားတွင် သွင်းလေ။" (၂၀း၂၂)

جناح ဟူသော စကားလုံးက တိရစ္ဆာန်တစ်ကောင်၏ ရှေ့ခြေထောက် သို့မဟုတ် ငှက်တစ်ကောင်၏ အတောင်ပံဟု ဆိုလိုသည်။ ဤနေရာ၌ စိုက်ယိဒိနာ မူဆာ ﷺကို သူ့လက်အား သူ့ချိုင်းကြားထည့်ရန် အမိန့်ပေး ခံရသည်။ သို့မှသာ လက်ပြန်ထုတ်လိုက်သောအခါ ယင်းလက်သည် နေကဲ့သို့ ထွန်းလင်းတောက်ပနေလိမ့်မည်။ ဤသည်မှာ သူ့အပေါ် ချပေးသနားတော်မူသည့် ဒုတိယ မုအ်ဂျဇ်ဇာ အံ့ဖွယ် ဖြစ်ပေသည်။ ဤသည်မှာ စိုက်ယိဒိနာ အိဝနီ အဗွားစ်ﷺက စကားလုံးများကို ပေးထားသည့် ဆိုလိုရင်းအဓိပ္ပာယ် ဖြစ်သည်။ (မဇ်ဟရီ)

اِذْهَبْ إِلَىٰ فِرْعَوْنَ "အသင်သည် ဖိရ်အောင်နိုထံသို့ သွားလေ (၂၀း၂၄)" သူ့ကို မုအ်ဂျဇ်ဇာ အံ့ဖွယ်တန်ခိုးနှစ်ခုဖြင့် ပြီးပြည့်စုံသွား စေပြီးနောက် အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူဆာ ﷺကို ဖိရ်အောင်နိအား စစ်မှန်သော ယုံကြည်မှုလက်ခံစေရန် ဖိတ်ခေါ်ရေးအတွက် အီဂျစ်ပြည်သွားရန် အမိန့်ပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဖိရ်အောင်နိသည် မကောင်းမှု လုပ်ရပ်များနှင့် ဆိုးသွမ်းမှုတွင် တရားလွန် ဖြစ်နေသောကြောင့်တည်း။

အာယသ် (၂၅-၃၆)

قَالَ رَبِّ اشْرَحْ لِي صَدْرِي ﴿٢٥﴾ وَيَسِّرْ لِي أَمْرِي ﴿٢٦﴾ وَاحْلُلْ عُقْدَةً مِّن لِّسَانِي ﴿٢٧﴾ يَفْقَهُوا قَوْلِي ﴿٢٨﴾ وَاجْعَل لِّي وَزِيرًا مِّنْ أَهْلِي ﴿٢٩﴾ هَارُونَ أَخِي ﴿٣٠﴾ اشْدُدْ بِهِ أَزْرِي ﴿٣١﴾ وَأَشْرِكْهُ فِي أَمْرِي ﴿٣٢﴾ كَيْ نُسَبِّحَكَ كَثِيرًا ﴿٣٣﴾ وَنَذْكُرَكَ كَثِيرًا ﴿٣٤﴾ إِنَّكَ كُنتَ بِنَا بَصِيرًا ﴿٣٥﴾ قَالَ قَدْ أُوتِيتَ سُؤْلَكَ يَا مُوسَىٰ ﴿٣٦﴾

(ထိုအခါ) ယင်းမူစာက (ဤသို့)လျှောက်ထား ပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုး၏အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏ ရင်ကို ကျယ်ဝန်းကြည်လင်စေတော်မူပါ။[၂၅] ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုး၏ အရေးကိစ္စကို လွယ်ကူစေတော်မူပါ။[၂၆] ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုး၏လျှာမှ အထုံးကို ဖြေ၍ ပေးတော်မူပါ။[၂၇] ကျွန်တော်မျိုး၏ စကားကို (လူသားတို့) နားလည်နိုင်ကြရန်၊ [၂၈] ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုး၏ အိမ်ထောင်စုသားတို့အနက်မှပင် ကျွန်တော်မျိုးအဖို့ ကူညီရိုင်းပင်းသူအဖြစ် ပြုလုပ်၍ပေးသနားတော်မူပါ။[၂၉] ကျွန်တော်မျိုး၏နောင်တော် ဟာရွန်အား၊[၃၀] အရှင်မြတ်သည် ယင်းဟာရွန်အားဖြင့် ကျွန်တော်

မျိုး၏ အင်အားကို ဖြည့်တင်း၍ပေးတော်မူပါ။[၃၁] ထိုမှတစ်ပါး အရှင်မြတ်သည် ယင်း ဟာရွန်အား ကျွန်တော်မျိုး၏အရေးကိစ္စတွင်လည်း တွဲဖက်၍ ပေးတော်မူပါ။[၃၂] ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ တတ်စ်ဗီဟ် (သန့်ရှင်းစင်ကြယ်တော်မူကြောင်း)ကို များစွာ ဂုဏ်တော်မွှမ်းနိုင်ကြအံ့သောငှာ လည်းကောင်း။[၃၃] ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား များစွာအောက်မေ့တသ သတိရနိုင်ကြအံ့သောငှာ လည်းကောင်း။[၃၄] ဇကန်မလွှဲ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကောင်းစွာ ရှုမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။[၃၅]

ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော် မူခဲ့ လေသည်။ အိုး-မူစာ၊ ဇကန်မလွှဲ အသင်သည် မိမိတောင်းခံချက်ကို ချီးမြှင့် ပေးသနားတော်မူခြင်း ခံရလေပြီ။[၃၆]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာ မူဆာ ﷺသည် အလွှာဟ်အရှင်မြတ်နှင့် စကားပြောဆိုရခြင်း၊ ထို့ပြင် တမန်တော်ဖြစ်ခြင်း၏ တာဝန်ကို ခန့်အပ်ခံရခြင်း စသည့် မြင့်မားသည့် ဂုဏ်သိက္ခာရရှိပြီးနောက် ၎င်းသည် သူ့ကိုယ်သူနှင့် သူ့စွမ်းဆောင်နိုင်မှု အပေါ် အမှီမပြုဘဲ အလွှာဟ်အရှင်မြတ်ထံတော်တွင်သာ အရှင်မြတ်၏ ကူညီပံ့ပိုးမှုကို ရှာကြံခဲ့ပါသည်။ အရှင်မြတ်၏ အကူအညီမရလျှင် ၎င်း၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် တွဲဖက်ယှဉ်တွဲ ရှိနေသည့် စမ်းသပ်မှုများနှင့် အကြီး အကျယ် ဒုက္ခရောက်စေခြင်းတို့ကို ရင်ဆိုင်ခံစား၍ မရမနေ ကြိုးပမ်းဆောင်ရွက်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် သူသည် ၎င်းအား ငါးမျိုးသော အကူအညီပေးပါရန် အလွှာဟ်အရှင်မြတ်ထံ ဒုအာတောင်းခံခဲ့သည်။

ပထမ ဒုအာတောင်းဆုမှာ **اِشْرَحْ لِيْ صَدْرِيْ** "အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏ ရင်ကို ကျယ်ဝန်းကြည်လင်စေတော်မူပါ။" (၂၀း၂၅) အဓိပ္ပာယ်မှာ တမန်တော်တစ်ပါးနှင့် ပတ်သက်သည့် အသိပညာ အလုံးစုံကို လက်ခံနိုင်ရန် သူ့နှလုံးသားကို ကျယ်ဝန်းစေနိုင်သည့် အစွမ်းပေးရန် ဖြစ်သည်။ တစ်ချိန်တည်းတွင် သူ့တာဝန်ဝတ္တရား ထမ်းဆောင်ရာတွင် သူ့ကို ဆန့်ကျင်ကြမည့်သူများ၏ ထိခိုက်စေသော သွားပုပ်လေလွင့် ပြောခြင်းကို တည်ငြိမ်စွာဖြင့် လက်ခံစေရန် ဖြစ်သည်။

ဒုတိယ ဒုအာဆုမွန်မှာ **وَيَسِّرْ لِيْ اَمْرِيْ** "အရှင်မြတ်သည် ကျွန်တော်မျိုး၏ အရေးကိစ္စကို လွယ်ကူစေတော်မူပါ။ (၂၀း၂၆)" တမန်တော်အဖြစ် ခန့်အပ်ပြီးသောအခါတွင် ၎င်းက စဉ်းစားမိသည်မှာ ကိစ္စရပ် လွယ်သည်/ခက်သည် ဆိုခြင်းမှာ လူသား၏ စွမ်းဆောင်နိုင်မှုနှင့် ကျွမ်းကျင်မှု သို့မဟုတ် အခြားထင်ရှားသော အကြောင်းခံများကြောင့် မဟုတ်ချေ။ တကယ်ဆိုလျှင် ကိစ္စရပ်များ လွယ်ခြင်း၊ ခက်ခြင်းသည် အလွှာဟ်အရှင်မြတ်၏ အလိုတော်အတိုင်းသာလျှင် ဖြစ်သည်။ ဟဒီးဆ်တော်တွင် ယုံကြည်သက်ဝင်သူများကို ၎င်းတို့၏ လုပ်ငန်းဆောင်တာများအတွက် အလွှာဟ်အရှင်မြတ်၏ အကူအညီအထောက်အပံ့ရစေရန် အောက်ပါဒုအာ တောင်းဆိုကြရန် အကြံပြုထားခဲ့သည်။ ယင်းဒုအာမှာ-

اَللّٰهُمَّ الْطُفْ بِنَا فِيْ تَيْسِيْرِ كُلِّ عَسِيْرٍ فَاِنَّ تَيْسِيْرَ كُلِّ عَسِيْرٍ عَلَيْكَ يَسِيْرٌ

"အိုး-အလွှာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့ကို သနားကြင်နာတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏ အခက်အခဲများကို လွယ်ကူစေတော်မူပါ။ အဘယ်ကြောင့်ဆိုသော် အရှင်မြတ်သည်သာလျှင် ခက်ခဲသောကိစ္စရပ်တိုင်းကို လွယ်ကူအောင် ပြုတော်မူသော အရှင်မြတ် ဖြစ်တော်မူပါသည်" ဟူ၍ ဖြစ်သည်။

တတိယ ဒုအာဆုမွန်မှာ **وَاحْلُلْ عُقْدَةً مِّن لِّسَانِي يَفْقَهُوا قَوْلِي** "ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုး၏ စကားကို (လူတို့) နားလည်နိုင်ကြရန် ကျွန်တော်မျိုး၏ နှုတ်လျှာမှအထုံးကို ဖြည်၍ပေးတော်မူပါ။ (၂၀း၂၇-၂၈)" ဤ "အထုံး"၏ နောက်ကွယ်ရှိ အကြောင်းမှာ စိုက်ယိဒိနာ မူဆာ ﷺ လူမမယ်ကလေးဘဝက သူမိခင်အရင်းနှင့် နေခဲ့ရပါသည်။ သူမိခင်က သူ့ကို နို့တိုက်ကျွေးခဲ့ကာ သူမက ထိုသို့ လုပ်ဆောင်မှုအတွက် ဖိရ်အောင်နိုက အဖိုးအခ ပေးခဲ့သည်။ သူ့အား နို့ဖြတ်ပြီးသောအခါ ဖိရ်အောင်နိနှင့် ၎င်း၏ ဇနီး အာစီယာက သူ့ကို မွေးစားခဲ့ကာ သူမိခင်ရင်းနှင့် ခွဲပစ်လိုက်ပါသည်။ တနေ့သ၌ စိုက်ယိဒိနာ မူဆာ ﷺသည် ဖိရ်အောင်နိ၏ မုတ်ဆိတ်ကိုဆွဲ၍ ပါးရိုက်လိုက်သည်။ နောက်တစ်မျိုး တင်ပြကြသည်မှာ သူသည် တုတ်တစ်ချောင်းနှင့် ကစားနေရာမှ ထိုတုတ်ဖြင့် ဖိရ်အောင်နိ၏ ခေါင်းကို ရိုက်လိုက်သည်ဟု ဆိုထားသည်။ ဖိရ်အောင်နိသည် ဒေါသအမျက် ချောင်းချောင်းထွက်၍ သူ့ကို သတ်ဖြတ်ပစ်ရန် စိတ်ထဲတွင် ဆုံးဖြတ်ထားခဲ့သည်။ ဇနီးအာစီယာက ဘုရင်ကို အမျက်ပြေရန် ဖျောင်းဖျလျှောက်ထားသည်မှာ "အို-ဘုရင်မင်းမြတ်၊ ဤကိစ္စရပ်ကို အဘယ် ကြောင့် အလေးအနက် ထားနေသနည်း။ တကယ်ဆိုရလျှင် သူသည် ဘာမျှနားမလည်သော ကလေးတစ်ဦးသာ ဖြစ်ပါသည်။ အကယ်၍ အရှင်မင်းမြတ် အလိုရှိခဲ့လျှင် သူ့ကို စမ်းသပ်နိုင်ပါသည်။ ကလေးက အကောင်းနှင့် အဆိုးကို မခွဲခြားနိုင်ကြောင်း ဘုရင်ကြီး သိပါလိမ့်မည်။

ထိုစဉ် ဖိရ်အောင်နိက လင်ပန်းနှစ်ချပ် ယူလာခဲ့ရန် အမိန့်ပေးခဲ့သည်။ လင်ပန်းတစ်ချပ်တွင် မီးကျီခဲများ ထည့်ကာ၊ အခြားတစ်ချပ်တွင် လက်ဝတ်ရတနာများ ထည့်ထားသည်။ သာမန်ဆိုလျှင် ကလေးသူငယ်တစ်ဦးသည် လက်ဝတ်ရတနာများမှာ တောက်ပမှုသိပ်မရှိကြဘဲ မီးကျီခဲကသာ ဝင်းဝင်းလက်လက် တောက်ပနေသဖြင့် ကလေးသူငယ်တို့ကို စွဲဆောင်ကာ မီးကျီခဲထံသို့သာ သွားပါလိမ့်မည်။ ထိုသို့ဖြစ်ခဲ့လျှင် စိုက်ယိဒိနာမူဆာ ﷺက ၎င်းကို ပြုလုပ်ခဲ့သည်မှာ ဘာမှမသိဘဲ လုပ်ခဲ့သော အပြစ်မဲ့ ကလေးတစ်ဦးဟု သူယုံကြည်သွားပါလိမ့်မည်။ သို့သော်လည်း စိုက်ယိဒိနာမူဆာ ﷺသည် သာမန်ကလေးသူငယ် မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းကို တမန်တော်တစ်ပါး အဖြစ် ရွေးချယ်ခဲ့ပြီးဖြစ်၍၊ ၎င်း၏ ပင်ကိုဗီဇသည် မွေးဖွားပြီးနောက် သာမန်မဟုတ်ဘဲ တစ်မူထူးခြားပေသည်။ သူသည် မီးကျီခဲဆီသို့ လက်မလှမ်းဘဲ လက်ဝတ်ရတနာဝန်းဘက်သို့ လက်လှမ်းခဲ့သည်။ သို့သော်လည်း စိုက်ယိဒိနာ ဂျစ်ဗ်ရာအီးလ် ﷺသည် သူ၏လက်ကို မီးကျီခဲရှိသည့်ဝန်းသို့ ထည့်လိုက်သည်။ သူသည် မီးကျီခဲတစ်ခုကို ကောက်ယူ၍ ပါးစပ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ၎င်း၏လျှာ လောင်ကျွမ်းသွားခဲ့သည်။ ဖိရ်အောင်နိသည် စိုက်ယိဒိနာ မူဆာ ﷺ၏ အပြုအမူသည် မုန်းတီး၍မဟုတ်ဘဲ ကလေးများ၏ မသိနားမလည်သည့် လုပ်ရပ်ဖြစ်ကြောင်း လုံးဝခိုင်ခိုင် မာမာ ယုံကြည်သွားခဲ့သည်။ ဤအဖြစ်အပျက်ကြောင့် စိုက်ယိဒိနာမူဆာ ﷺသည် စကားပြောရာတွင် ထစ်ငေါ့ သွားခဲ့ သည်။ ယင်းသို့ဖြစ်ခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်၌ **عقدة** (အထုံး) ဟု ခေါ်သည်။ ထို့နောက် စိုက်ယိဒိနာ မူဆာ ﷺသည် ဤအထုံးဖြည်ပေးရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းဆု ပြုခဲ့သည်။ (မဇ်ဟိရီနှင့် ကုရ်သုဗီကျမ်း)

ပထမ ဒုအာဆုမွန်နှစ်ခုမှာ ယေဘုယျ သဘောသဘာဝဖြစ်ကာ ကိစ္စအားလုံးတွင် အလ္လာဟ်အရှင်မြတ်ထံ အကူအညီ တောင်းခံခြင်း ဖြစ်သည်။ တတိယဆုမွန်ဒုအာမှာ ချို့တဲ့မှု (မစွမ်းဆောင်နိုင်မှု) တစ်ခုကို ဖယ်ရှားပေးပါရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာဝိဇ္ဇာန်ရွှင်ခြင်းနှင့် သွက်သွက်လက်လက် ပြောဆိုနိုင်မှုသည် တမန်တော်တစ်ပါး၏ တာဝန်ထမ်းဆောင်ရာတွင် အောင်မြင်မှုရစေသော အရေးကြီးသည့်အရာများ ဖြစ်သည်။ ဆက်လက်ဖော်ပြသည့် အာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူဆာ ﷺကို ဒုအာအားလုံး လက်ခံတော်မူကြောင်း အသိပေးခဲ့သည်။ ယင်းက သူ၏ချို့တဲ့မှု (မစွမ်းဆောင်နိုင်မှု)ကို ကုသပြီးဖြစ်ကြောင်း ရည်ညွှန်းသည်။ သို့သော်လည်း စိုက်ယိဒိနာ မူဆာ ﷺသည် သူ့ဒုအာဆုမွန်ထဲတွင် စိုက်ယိဒိနာ ဟာရွန် ﷺကို တမန်တော်လုပ်ငန်း လုပ်ဆောင်ရာတွင်

လုပ်ဖော်ကိုင်ဖက်ဖြစ်စေရန် **هُوَ اَفۡصَحُ مِنِّیۡ لِسَانًا** "စင်စစ် ကျွန်တော်မျိုး၏ နောင်တော် ဟာရွန်မှာမူကား ၎င်းမှာ စကားပြောဆိုရာ၌ ကျွန်တော်မျိုးထက်ပို၍ပင် စကားပီသ အာစလျာစ ကောင်းသူဖြစ်ပါသည်။(၂၈း၃၄)"ဟူ၍ တောင်းခံခဲ့သည်။ ဤသည်က ရည်ညွှန်းနိုင်သည်မှာ သူ၏စကားထစ်ငေါ့မှုသည် လုံးဝကင်းစင်အောင် ကုသသည် မဟုတ်ချေ။ စကားထစ်မှုမှာရှိသော်လည်း ယခင်ကလောက် မပြင်းထန်တော့ချေ။ ဖိရ်အောင်နှသည် စိုက်ယိဒိနာ မူဆာ ﷺတွင် ရှိသော ချို့ယွင်းချက်တစ်ခုကို သိခဲ့သည်မှာ **وَّلَا یَکَادُ یُبِیۡنُ** "သူသည် ရှင်းလင်းစွာ (စကား) ပြောဆိုနိုင်သည်လည်း မရှိပြီ။ (၄၃း၅၂)"ဟူ၍ ဖြစ်သည်။ အချို့သူများက ငြင်းချက်ထုတ်သည်မှာ စိုက်ယိဒိနာ မူဆာ ﷺသည် သူ့ ဒုအာဆုမွန်တွင် အခြားသူများက သူပြောသည့်စကားကို နားလည်သဘောပေါက်နိုင်ရုံလောက်သာ လျှာပေါ်ရှိ အထုံးဖြည်ပေးရန် အလ္လာဟ်အရှင်မြတ်ထံ တောင်းဆုပြုခဲ့သည်ဟူ၍ ဖြစ်သည်။ တောင်းဆိုသည်ခန့်သာ စကားထစ်ခြင်း ကုသပြီးဖြစ်သည်။ သို့ရာတွင် အနည်းငယ်ကား ကျန်သေးသည်။ သို့ဆိုလျှင် သူ့ဒုအာတောင်းဆိုမှု လက်ခံခြင်းဟူသည်နှင့် ကိုက်ညီပေသည်။

စတုတ္ထ ဒုအာဆုမွန်မှာ **وَ اجۡعَلۡ لِّیۡ وَزِیۡرًا مِّنۡ اَهۡلِیۡ** "ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုး၏ အိမ်ထောင်စုသားတို့အနက်မှပင် ကျွန်တော်မျိုးအဖို့ ကူညီရှိုင်းပင်းသူအဖြစ် ပြုလုပ်၍ ပေးသနားတော်မူပါ။" (၂၀း၂၉)၊ စိုက်ယိဒိနာ မူဆာ ﷺ၏ ပထမ ဒုအာဆုမွန် သုံးခုမှာ သူ့အတွက်သာ ဖြစ်သည်။ စတုတ္ထ ဒုအာဆုမွန်မှာ သူ့တာဝန်ဝတ္တရားများကို ရှောရှောရွှေရွှေနှင့် လွယ်ကူစွာ ပြီးမြောက်စေရေးအတွက် နည်းလမ်းများစုစည်းခြင်း ဖြစ်သည်။ ထိုနည်းလမ်းများအနက် အရေးအကြီးဆုံး မှာ သူ့လုပ်ငန်းတွင် အထောက်အကူ ပေးမည့် လက်ထောက်တစ်ဦး (သို့မဟုတ်) ကူညီပံ့ပိုးသူတစ်ဦးကို ခန့်အပ်ရန် ဖြစ်သည်။ **وزیر** ၏ စာပေဝေါဟာရ အဓိပ္ပာယ်မှာ "ဝန်ထုပ်ဝန်ပိုး ထမ်းဆောင်သူ" ဟူ၍ ဖြစ်သည်။ နိုင်ငံတစ်ခု၏ ဝန်ကြီးသည် အုပ်ချုပ်သူ အကြီးအကဲက သူ့အပေါ် ယုံကြည်အပ်နှံထားသော တာဝန်ဝတ္တရားများကို သယ်ပိုးသောကြောင့် **وزیر** ဝန်ကြီးဟု ခေါ်သည်။ ဤသည်က စိုက်ယိဒိနာမူဆာ ﷺ၏ အမြော်အမြင်ကြီးမားမှုနှင့် ရှေ့ရေးတွေးခေါ်တတ်မှုကို ပြသသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်လူပ်ရှားမှု (သို့) လုပ်ငန်းရပ်အောင်မြင်မှုမဆိုသည် ကျွမ်းကျင်၍ လုပ်ငန်းအပေါ် စိတ်ဝင်စားသည့် အထောက်အကူပြုသူများအား ရွေးချယ်ခြင်းပေါ်တည်မှီသည်။ ကောင်းမွန်၍ သစ္စာရှိသော လုပ်ဆောင်သူများနှင့် အတူတကွလုပ်ဆောင်လျှင် အခက်အခဲ အတားအဆီးများကို လွယ်ကူစွာ ကျော်လွှားနိုင်ပါသည်။ သို့ရာတွင် တာဝန်မဲ့၍ စိတ်မဝင်စားသော လုပ်ဆောင်သူများနှင့် လုပ်ဆောင်လျှင်မူ အကောင်းဆုံးပြင်ဆင်မှု များနှင့် စီမံမှုများသည်ပင် အချည်းအနှီး ဖြစ်သွားပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ခေတ်သစ်နိုင်ငံအချို့၏ ကျဆုံးမှုအကြောင်းနှင့် ယင်းမှပေါ်ထွက်လာသည့် မကောင်းကျိုးများကို လေ့လာဆန်းစစ် ကြည့်လျှင် ယင်းကိစ္စရပ်များသည် ဝန်ကြီးများနှင့် အကြံပေးများ၏ တာဝန်မဲ့လုပ်ရပ်များ၊ မှားယွင်းသော စီမံခန့်ခွဲမှုနှင့် အရည်အချင်း မပြည့်ဝသောကြောင့် ဖြစ်ကြောင်း ပြောနိုင်ပါသည်။ တမန်တော်မြတ် ﷺထံမှ ဆင့်ပြန်ခဲ့သည်မှာ - အလ္လာဟ်အရှင်မြတ်သည် တိုင်းပြည်တစ်ခုကို အုပ်ချုပ်ရန် တစ်စုံတစ်ဦးကို ခန့်အပ်ရာတွင်နှင့် ယင်းတိုင်းပြည်ကို ကောင်းစွာစီမံအုပ်ချုပ်စေလိုသော အလိုတော်ရှိတော်မူလျှင် အရှင်မြတ်သည် ထိုအုပ်ချုပ်သူ လုပ်သမျှ၌ အကူအညီ ပေးမည့် ကောင်းမွန်သော ဝဇီရ် (ဝန်ကြီး) တစ်ဦး ရှိစေပါမည်။ အကယ်၍ ထိုအုပ်ချုပ်သူသည် အလွန်အရေးကြီးသည့် ကိစ္စရပ် ဆောင်ရွက်ရန် မေ့လျော့သွားခဲ့လျှင် ဝဇီးရ်(ဝန်ကြီး)က ထိုအုပ်ချုပ်သူကို အလျင်အမြန် သတိပေး၍ အုပ်ချုပ် သူ လုပ်ဆောင်လိုသည်များအတွက် ဝန်ကြီး ဝဇီးရ်က အကူအညီပေးပါသည်။

(ကာစင်မ် အိဗနိ မုဟမ္မဒ် မှတစ်ဆင့် နစာအီကျမ်း)

ဤတောင်းဆုဒုအာထဲတွင် စိုက်ယိဒိနာ မူဆာ ﷺက ကူညီမည့်သူသည် သူ၏မိသားစုဝင်များထဲမှ ဖြစ်သင့်သည်ဟု စိုက်ယိဒိနာ မူဆာ ﷺက သီးသန့်ဖော်ပြထားခဲ့သည်။ အကြောင်းမှာ မိသားစုဝင်တစ်ဦး၏ လုပ်ဆောင်မှုနှင့် အကျင့်စာရိတ္တကို ကောင်းမွန်စွာ သိရှိပြီးဖြစ်သောကြောင့်တည်း။ ယင်းအပြင် မိသားစုဝင်အချင်းချင်း ချစ်မြတ်နိုးခြင်းနှင့် နားလည်မှုရှိခြင်း ဆိုသည်က တာဝန်ဝတ္တရားပြီးမြောက်အောင် ဆောင်ရွက်ရာတွင် ကြီးမားသော အထောက်အပံ့ ဖြစ်သည်။ သို့ရာတွင် ရွေးချယ်ခံရသောသူသည် အရည်အချင်းပြည့်မှီ၍ သူတာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ လိုအပ်သော အရည်အချင်းများ ရှိရမည်။ သို့မှသာ သူ့ကို ရွေးချယ်မှုမှာ ဆွေးမျိုးဖြစ်သောကြောင့် မျက်နှာသာပေးခြင်းနှင့် အခွင့်အရေးပေးခြင်းများကြောင့်ဟု ပြောမရတော့ပါ။ ယခုခေတ်တွင် စာရိတ္တကောင်းမွန်ခြင်း၊ အရည်အချင်း ပြည့်မီခြင်းနှင့် လုပ်ငန်းကို တစိုက်မတ်မတ် စိတ်ရောကိုယ်ပါလုပ်ဆောင်သူ ရှားပါးပေသည်။ သူ၏ အနီးစပ်ဆုံး ဆွေမျိုးများကို ဝဇီရ ဝန်ကြီးနှင့် လက်ထောက်များအဖြစ် ခန့်အပ်သော အုပ်ချုပ်သူတစ်ဦးသည် လူထု၏ ဝေဖန်မှုကို ခံရစေနိုင်သည်။ သို့ရာတွင် တော်သင့်ဖြောင့်မတ်၍ စာရိတ္တကောင်းမွန်မှု အဆင့်အတန်းတွင် မြင့်မားခဲ့လျှင် ယင်းသို့သော ခန့်အပ်မှုများသည် သမားရိုးကျဟု မှတ်ယူ၍ စင်စစ်တွင် အရေးကြီးသောကိစ္စရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းစေပါသည်။ တကယ်ဆိုလျှင် တမန်တော်မြတ် ﷺအား ဆက်ခံသည့် ခုလဖွာ အိရာရှီဒီန် (လမ်းညွှန်မှုခံခဲ့ရသော ခလီဖတ်များ) လေးပါးတို့အားလုံးသည် တမန်တော်မြတ် ﷺနှင့် တစ်နည်းမဟုတ်တစ်နည်း ဆွေမျိုး တော်စပ်သူများ ဖြစ်ကြသည်။

စိုက်ယိဒိနာမူဆာ ﷺ၏ ဒုအာတောင်းဆိုမှုတွင် ဦးစွာပထမ ၎င်းလိုအပ်သည့် အထောက်အကူပြု ပုဂ္ဂိုလ်သည် သူ့မိသားစုဝင်မှ ဖြစ်ရပါမည်ဟု တောင်းခံခဲ့သည်။ ထို့နောက် သူ့နောင်တော်ဟာရွန်ကို သူ၏ဝဇီရ (ဝန်ကြီး) ဖြစ်စေရန် တသီးတသန့် တောင်းခံခဲ့ပါသည်။ ထိုကဲ့သို့ တောင်းခံရခြင်းမှာ စိုက်ယိဒိနာဟာရွန် ﷺ၏ အထောက်အကူပြုမှုဖြင့် သူ၏ တမန်တော် တာဝန်ဝတ္တရားများကို ကောင်းစွာလုပ်ဆောင်နိုင်လိမ့်မည် ဖြစ်သည်။

စိုက်ယိဒိနာ ဟာရွန် ﷺသည် စိုက်ယိဒိနာမူဆာ ﷺထက် အသက်သုံးလေးနှစ်ခန့် ကြီးသော်လည်း ကွယ်လွန်ရာတွင် စိုက်ယိဒိနာမူဆာ ﷺထက် သုံးနှစ်စောု၍ ကွယ်လွန်ခဲ့သည်။ စိုက်ယိဒိနာမူဆာ ﷺက စိုက်ယိဒိနာ ဟာရွန် ﷺကို သူ၏ဝဇီရ (ဝန်ကြီး)အဖြစ် ခန့်အပ်ပေးတော်မူရန် အလ္လာဟ်အရှင်မြတ်ထံ အသနားခံခဲ့ရာ၌ စိုက်ယိဒိနာ ဟာရွန် ﷺ သည် အီဂျစ်နိုင်ငံတွင် ရှိနေခဲ့သည်။ ထိုနိုင်ငံတွင်ပင် တမန်တော်တစ်ပါးအဖြစ် လည်းကောင်း၊ စိုက်ယိဒိနာ မူဆာ ﷺ ၏ လက်ထောက်တော်အဖြစ်လည်းကောင်း ခန့်အပ်ကြောင်းတို့ကို ကောင်းကင်တမန်က သတင်းပေးခဲ့သည်။ ဖိရဲအောင်ကို စစ်မှန်သော ယုံကြည်မှုလက်ခံစေရန် နားချရေးအတွက် သူတာဝန်ဝတ္တရားထမ်းဆောင်ရန် စိုက်ယိဒိနာ မူဆာ ﷺအီဂျစ်သို့လာစဉ် စိုက်ယိဒိနာဟာရွန် ﷺက သူ့ကို အီဂျစ်ပြည်ပြင်ပမှနေ၍ လက်ခံကြိုဆိုရန်လည်း ကောင်းကင်တမန်အား ညွှန်ကြားခဲ့သည်။ ဤအတိုင်းပင် သူဆောင်ရွက်ခဲ့သည်။

وَ اَشۡرِكۡهُ فِیۡۤ اَمۡرِیۡ "ထိုမှတစ်ပါး အရှင်မြတ်သည် ယင်းဟာရွန်အား ကျွန်တော်မျိုး၏ အရေးကိစ္စတွင်လည်း တွဲဖက်၍ ပေးတော်မူပါ။(၂၀း၃၂)" စိုက်ယိဒိနာ ဟာရွန် ﷺကို စိုက်ယိဒိနာ မူဆာ ﷺ၏ ဝဇီရ (ဝန်ကြီး) အဖြစ် ခန့်အပ်ရန် အခွင့် အာဏာရှိသည်။ သို့ရာတွင် သူ၏နောင်တော်အား ခန့်အပ်မှုတွင် အလ္လာဟ်အရှင်မြတ်က ခန့်အပ်ပေးပါရန် အသနား ခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာကျေးဇူးတော်ကို ရှာကြံခြင်းဖြစ်သည်။ ယင်းအပြင် စိုက်ယိဒိနာ မူဆာ ﷺ သည် သူ၏ တမန်တော်ဖြစ်ခြင်းနှင့် တာဝန်ဝတ္တရားများကို သူ၏နောင်တော်နှင့် တွဲဖက်၍ မျှဝေယူချင်ပါသည်။ ဤ အခွင့်သြဇာအာဏာမှာ တမန်တော် နှစ်ပါးစလုံးထံတွင် ရှိနေစေရန် ဖြစ်သည်။ ထို့ကြောင့် စိုက်ယိဒိနာ မူဆာ ﷺ

က သူလုပ်ငန်းဆောင်ရွက်ရာတွင် စိုက်ယိဒိနာဟာရွန်ﷺကို သူ၏ကူညီပံ့ပိုးသူဖြစ်စေရန် အလ္လာဟ်အရှင့်ထံ အထူးဒုအာ တောင်းဆုပန်ခဲ့သည်။

အပေါင်းအသင်းကောင်းများသည် ခဝပ်ကိုးကွယ်ခြင်းနှင့် ဇိကိရ် အောက်မေ့တသ သတိရခြင်းတို့ကို ကောင်းစွာ ပြုလုပ်ဆောင်ရွက်နိုင်စေရန် အထောက်ကူဖြစ်သည်။

كَيْ نُسَبِّحَكَ كَثِيْرًا ﴿٣٣﴾ وَّ نَذْكُرَكَ كَثِيْرًا "ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏သတ်စိဗီ (သန့်ရှင်းစင်ကြယ်တော်မူကြောင်း)ကို များစွာ ဂုဏ်တော်မွန်နိုင်ကြအံ့သောငှာလည်းကောင်း၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား များစွာအောက်မေ့တသ သတိရနိုင် ကြအံ့သောငှာလည်းကောင်း။ (၂၀း၃၃ - ၃၄)" စိုက်ယိဒိနာ ဟာရွန်ﷺကို ဝဇီးရ် (ဝန်ကြီး)တစ်ပါးအဖြစ် လည်းကောင်း၊ တမန်တော်ဖြစ်ခြင်းတွင် တွဲဖက်တစ်ဦးဖြစ်စေခြင်းမှာ ၎င်းတို့နှစ်ဦးစလုံး အလ္လာဟ်အရှင်မြတ်ထံ အတူတကွ ဒုအာ တောင်းခံမှုပြုခြင်းနှင့် အရှင်မြတ်၏ မြင့်မြတ်သော နာမတော်တို့ကို မကြာခဏ ချီးမွမ်းထောပနာရန် ဖြစ်သည်။ ဤနေရာ၌ မေးစရာ ပေါ်လာသည်မှာ လူတစ်ဦးသည် သူကိုယ်တိုင် ဆန္ဒရှိသလောက် ဒုအာတောင်းခံမှု ပြုနိုင်ပါလျက် နှင့် အဖော်တစ်ယောက် အဘယ့်ကြောင့် လိုအပ်ရသနည်းဟူ၍ ဖြစ်သည်။ ဤမေးခွန်း၏ အဖြေမှာ အပေါင်းအဖော်ကောင်းနှင့် အကျိုးဖြစ်ထွန်းစေသည့် ဝန်းကျင်သည် ခဝပ်ကိုးကွယ်မှုနှင့်ဇိကိရ် ပြုလုပ်ဆောက်တည်ရာတွင် အကျိုးမုချဖြစ်စေပါသည်။ လူတစ်ဦး၏ မိတ်ဆွေများသည် အလ္လာဟ်အရှင်မြတ်ကို မေ့လျော့နေသူများဖြစ်ပါက ထိုသူသည် ဖြောင့်မတ် မှန်ကန်၍ ဘာသာတရားကိုင်းရှိုင်းသော မိတ်ဆွေရှိသူများလောက် အလ္လာဟ်အရှင့်ကို ခဝပ်ကိုးကွယ်မှုနှင့် ဇိကိရ်ပြုလုပ်မှုတွင် မလုပ်နိုင်ပါ။

ဤနေရာ၌ စိုက်ယိဒိနာမူဆာﷺသည် သူ၏ အသနားခံမှုကို အဆုံးသတ်ခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်က ၎င်းကို ကောင်းသတင်းများဖြင့် ဆုလာဘ်ချီးမြှင့်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် သူ၏တောင်းခံမှုအားလုံးကို **قَالَ قَدْ اُوْتِيْتَ سُؤْلَكَ يٰمُوْسٰى** အို-မူဆာ၊ ဇကန်မလွဲ့အသင်သည် မိမိတောင်းခံချက်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရလေပြီ။ (၂၀း၃၆)" ဟူ၍ မိန့်ကာ လက်ခံကဗျာလိပြုခဲ့သည်။

အာယသ် (၃၇-၄၄)

وَلَقَدْ مَنَنَّا عَلَيْكَ مَرَّةً اُخْرٰى ﴿٣٧﴾ اِذْ اَوْحَيْنَآ اِلٰٓى اُمِّكَ مَا يُوْحٰٓى ﴿٣٨﴾
اَنِ اقْذِفِيْهِ فِى التَّابُوْتِ فَاقْذِفِيْهِ فِى الْيَمِّ فَلْيُلْقِهِ الْيَمُّ بِالسَّاحِلِ يَاْخُذْهُ
عَدُوٌّ لِّىْ وَعَدُوٌّ لَّهٗ ؕ وَاَلْقَيْتُ عَلَيْكَ مَحَبَّةً مِّنِّىْ ۚ وَلِتُصْنَعَ عَلٰى عَيْنِىْ
﴿٣٩﴾ اِذْ تَمْشِىْٓ اُخْتُكَ فَتَقُوْلُ هَلْ اَدُلُّكُمْ عَلٰى مَنْ يَّكْفُلُهٗ ؕ فَرَجَعْنٰكَ اِلٰٓى
اُمِّكَ كَىْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ ؕ وَقَتَلْتَ نَفْسًا فَنَجَّيْنٰكَ مِنَ الْغَمِّ وَفَتَنّٰكَ
فُتُوْنًا ۚ فَلَبِثْتَ سِنِيْنَ فِىْٓ اَهْلِ مَدْيَنَ ۙ ثُمَّ جِئْتَ عَلٰى قَدَرٍ يّٰمُوْسٰى ﴿٤٠﴾
وَاصْطَنَعْتُكَ لِنَفْسِىْ ﴿٤١﴾ اِذْهَبْ اَنْتَ وَاَخُوْكَ بِاٰيٰتِىْ وَلَا تَنِيَا فِىْ ذِكْرِىْ

﴿ ٤٣ ﴾ اِذْهَبَآ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿ ٤٣ ﴾ فَقُوْلَا لَهٗ قَوْلًا لَّيِّنًا لَّعَلَّهٗ يَتَذَكَّرُ اَوْ يَخْشٰى ﴿ ٤٤ ﴾

အမှန်စင်စစ်မူကား ငါအရှင်မြတ်သည် အသင့်အပေါ်၌ ယခင်ကလည်း တစ်ကြိမ် ကျေးဇူးပြုတော် မူခဲ့ဖူးလေသည်။[၃၇] အကြောင်းအခါဝယ် ငါအရှင်မြတ်သည် အသင်၏ မိခင်ထံသို့ ထုတ်ပြန်အပ်သောအကြောင်းကို ထုတ်ပြန်တော်မူခဲ့သည်မှာ . . .[၃၈] အသင်မသည် ထိုမူစာအား သေတ္တာထဲသို့ထည့်လော့။ ထို့နောက် အသင်မ ယင်းမူစာအား (သေတ္တာနှင့်တကွ) မြစ်ထဲသို့(ဓမျှာ)ချလော့။ ထိုအခါ ထိုမြစ်(ဓရဲ)သည် ယင်းမူစာအား ကမ်းခြေသို့ (ခတ်ရိုက်) ဆိုက်ရောက်စေမည်။ ထိုရောအခါဝယ် ငါအရှင်မြတ်၏ ရန်သူလည်းဖြစ်သူ၊ ထိုမူစာ၏ ရန်သူလည်းဖြစ်သူသည် ထိုမူစာအား (ရေထဲမှ) ဆယ်ယူလိမ့်မည်ဟု (ထုတ်ပြန်တော်မူခဲ့လေသည်။) ထို့ပြင် ငါအရှင်မြတ်သည် (အသင့်အား မြင်သူတိုင်း ချစ်ခင်အံ့သောငှာ) အသင့်အပေါ်၌ မိမိအထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော် မူခဲ့ပေသည်။ (ယင်းကဲ့သို့ ပြုတော်မူခြင်းမှာ) စင်စစ် အသင်သည် ငါအရှင်မြတ်၏ မျက်မှောက်တော်၌ မွေးမြူပြုစုခြင်းခံရအံ့သောငှာ ဖြစ်ပေသတည်း။[၃၉] အကြောင်းအခါဝယ် အသင်၏အစ်မသည် လမ်းလျှောက်၍လာလေသည်။ ထို့နောက် ၎င်းက ကျွန်ုပ်သည် အသင်တို့အား ဤ(ကလေးသူငယ်)ကို (ဓကောင်းစွာ) မွေးမြူပြုစုနိုင်မည့်သူအား ညွှန်ပြရမည်လောဟု ပြောဆိုလေသည်။ တစ်ဖန် ငါအရှင်မြတ်သည် အသင်အား အသင်၏မိခင်ထံသို့ ထိုမိခင်၏ မျက်စိအေးမြ(ကြည်လင်) အံ့သောငှာ လည်းကောင်း၊ ယင်းမိခင်သည် ဝမ်းနည်းပူဆွေးခြင်း မဖြစ်ရန်လည်းကောင်း၊ ပြန်လည် ရောက်ရှိစေတော် မူခဲ့ပေသည်။ ထို့ပြင် အသင်သည် လူတစ်ယောက်ကို (မတော်တဆ) သတ်ဖြတ်မိခဲ့ရာ ငါအရှင်မြတ်သည် အသင်၏ စိတ်ဒုက္ခရောက်ရှိခြင်းမှ ကယ်တင်တော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် အသင့်အား အကြီးအကျယ် စမ်းသပ်တော်မူခဲ့ပေသည်။ ထို့နောက် အသင်သည် မဒ်ယန်မြို့သားတို့တွင် အနှစ်နှစ်အလလ နေ(ထိုင်)ခဲ့လေသည်။ ထို့နောက် တစ်ဖန် အို-မူစာ၊ အသင်သည် သတ်မှတ်ပိုင်းခြားအပ်သော အချိန်၌ (ဤနေရာသို့ ပြန်လည်) ရောက်ရှိလာခဲ့ လေသည်။[၄၀] စင်စစ် ငါအရှင်မြတ်သည် အသင်အား မိမိ (နဗီတမန်တော်အဖြစ် ချီးမြှောက်ရန်)အလို့ငှာ ရွေးချယ် တော်မူခဲ့လေပြီ။[၄၁] (သို့ဖြစ်ပေရာ ယခုမူကား) အသင်သည်လည်းကောင်း၊ အသင်၏နောင်တော် (ဟာရွန်)သည်လည်းကောင်း ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့်တကွ သွားကြလေကုန်။ ၎င်းပြင် အသင်တို့နှစ်ဦးသည် ငါအရှင်မြတ်အား အောက်မေ့တသခြင်းနှင့် စပ်လျဉ်း၍ ဝီရိယ မပေါ်ကြကုန်လင့်။[၄၂] အသင်တို့ နှစ်ဦးသည် ဖစ်ရအောင်နှိပ်ထံသို့ သွားကြလေကုန်။ ဓကန်မလွဲ ယင်းဖစ်ရအောင်နှိပ်သည် လွန်စွာ မောက်မာလျက် ရှိနေချေပြီ။[၄၃] ထို့နောက် အသင်တို့နှစ်ဦးသည် ၎င်းအား နူးညံ့သိမ်မွေ့သောစကားကို ပြောဆိုကြလေကုန်။ ယင်းဖစ်ရအောင်နှိပ်သည် တရားရကောင်း

ရရှိပေလိမ့်မည်။ သို့တည်းမဟုတ် ၎င်းသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ကောင်း ကြောက်ရွံ့ပေလိမ့်မည်။[၄၄]

အကျယ်ဖွင့်ဆိုခြင်း

وَ لَقَدۡ مَنَنَّا عَلَيۡكَ مَرَّةً أُخۡرَىٰ "အမှန်စင်စစ်မူကား ငါအရှင်မြတ်သည် သင့်အပေါ်၌ ယခင်ကလည်း တစ်ကြိမ် ကျေးဇူးပြုတော်မူခဲ့ဖူး လေသည်။ (၂၀း၃၇)" အလ္လာဟ်အရှင်မြတ်နှင့် စကားပြောဆိုရခြင်း၊ တမန်တော်အဖြစ် အပ်နှင်းခံရခြင်း၊ ၎င်းနောက် အံ့ဖွယ်မုအ်ဇ်ဇာတ်များ ဖြစ်သော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များ၊ လက်ဆောင်မွန်များ၊ စိုက်ယိဒိနာ မူဆာ ﷺထံကျရောက်စေပြီးသည့်နောက် အလ္လာဟ်သအာလာသည် စိုက်ယိဒိနာ မူဆာ ﷺ၏ ဘဝ တစ်လျှောက်လုံး မွေးဖွားသည်မှ စတင်၍ ဒုက္ခအပေါင်းမှ အလ္လာဟ်အရှင်မြတ်က ကယ်တင်ခဲ့သည့် ကျေးဇူးတရားများကို စိုက်ယိဒိနာ မူဆာ ﷺအား သတိရစေပါသည်။ အချိန်ကာလအရ ပြောရမည်ဆိုလျှင် ဤကျေးဇူးတရားများသည် အစောပိုင်းကာလက ဖြစ်ပျက် ခဲ့ကြသည်။ (ယင်းနှင့်ပတ်သက်၍ နောက် စာမျက်နှာတွင် ဖော်ပြပါမည်။)

إِذۡ أَوۡحَيۡنَآ إِلَىٰٓ أُمِّكَ مَا يُوحَىٰٓ "အကြောင်အခါဝယ် ငါအရှင်မြတ်သည် အသင်၏ မိခင်ထံသို့ ထုတ်ပြန်အပ်သော အကြောင်းကို ထုတ်ပြန်တော်မူခဲ့သည်မှာ.....။ (၂၀း၃၀)" ယင်းက ဆိုလိုသည်မှာ စိုက်ယိဒိနာ မူဆာ ﷺ၏ မိခင်အား ပေးခဲ့သော သတင်းစကားသည် ဝဟီဖြင့် သိနိုင်သောကိစ္စရပ် ဖြစ်ပါသည်။ ဤသတင်းစကားမှာ ဗနီအစ္စရာအီးလ် မျိုးနွယ်စုတွင်းရှိ ယောကျ်ား၊ ကလေးငယ် အားလုံးတို့အား သတ်ပစ်ရန် ဖိရ်အောင်နှ်၏စစ်သားများအား အမိန့်ပေးထားကြောင်း ဖြစ်ပါသည်။ သူမအား ဝဟီဖြင့် ပြောကြားခဲ့သည်မှာ- သူ့သား အသက်ရှင်နိုင်စေရန်အတွက် ကလေးငယ်ကို သေတ္တာတွင်ထည့်ကာ မြစ်ထဲတွင် မျှောပစ်စေပါသည်။ ကလေးသူငယ်၏ လုံခြုံမှုနှင့်ပတ်သက်၍ သူမ မည်သို့သော ပူပင်သောကမျိုးမှမဖြစ်စေရန် စိတ်ချလက်ချ ရှိစေပါသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်သအာလာသည် ထိုကလေးအားစောင့်ရှောက်ကာ သူမထံ ပြန်လည်ပို့ဆောင်ပေးပါလိမ့်မည်။ ဤကိစ္စရပ်များသည် မျှော်တွေး မှန်းဆခြင်းများဖြင့် လုပ်ကိုင်၍မရသော ကိစ္စရပ်များဖြစ်သည်။ ကလေး၏အသက်ကို စောင့်ရှောက်ခြင်းနှင့် ပတ်သက်သော အလ္လာဟ်အရှင့်ကတိတော်နှင့် အလ္လာဟ်အရှင်မြတ်၏အစီအမံတို့အား လူသားများ သိနိုင်စွမ်း၏ အလွန်တွင် ရှိပါသည်။ ဝဟီဖြင့်သာ သိရှိစေနိုင်ပါသည်။

တမန်တော် မဟုတ်သောလူတစ်ဦးအပေါ်၌ ဝဟီကျရောက်နိုင်သလော

ကိစ္စရပ်၏ အမှန်တရားကား ဝဟီ **وحي** ဆိုသောစကား၏ စာပေဝေါဟာရ အဓိပ္ပာယ်မှာ ဦးတည်ပြောကြားခြင်း ခံရသူမှအပ မည်သူတစ်ဦးတစ်ယောက်ကမျှ နားလည်သဘောပေါက်နိုင်စွမ်းမရှိနိုင်သော လျှို့ဝှက်သတင်းစကား ဖြစ်ပါသည်။ ဤစာပေဝေါဟာရ အဓိပ္ပာယ်အရဆိုလျှင် ဤဝဟီ **وحي** ဆိုသော စကားလုံးသည် တမန်တော်များ အတွက်သာ ကန့်သတ်ထားသည် မဟုတ်ပါ။ လူအများအတွက်သာ မက၊ တိရစ္ဆာန်များအတွက်ပါ အသုံးပြုနိုင်ပါသည်။ **وَ أَوۡحَىٰ رَبُّكَ إِلَى ٱلنَّحۡلِ** (၁၆း၆၈) အာယသ်ထဲ၌ ဤစကားလုံးအား ယင်း၏ စာပေဝေါဟာရအဓိပ္ပာယ်ရော၊ ယေဘုယျ အဓိပ္ပာယ်အဖြစ်ပါ သုံးစွဲထားသည်။ ပျားများတို့အား ဝဟီ **وحي** ဖြင့် ညွှန်ကြားခဲ့ခြင်းဖြစ်ပါသည်။ အလားတူစွာပင် ဤအာယသ် **أَوۡحَيۡنَآ إِلَىٰٓ أُمِّكَ** (၂၀း၃၈) ထဲ၌ ဤစကားလုံးအား ယင်း၏ယေဘုယျအဓိပ္ပာယ်အဖြစ် သုံးစွဲထားသောကြောင့် သူမသည် တမန်တော်တစ်ပါးဖြစ်သည်ဟု မဆိုနိုင်ပါ။ စိုက်ယိဒိနာ မရိယမ် ﷺသည်လည်း ဝဟီဖြင့် သတင်းစကားများ လက်ခံရရှိခဲ့ပါသည်။ သို့ရာတွင် ပညာရှင်များက တညီတညွတ်တည်း သူမသည် တမန်တော် တစ်ပါး

မဟုတ်ဆိုသည့် အယူအဆ ရှိပါသည်။ ဤကဲ့သို့သော ဝဟီအမျိုးအစားကို အလ္လာဟ်အရှင်မြတ်က (အိလ်ဟမ် **الهام**) နည်းဖြင့် ပြုလုပ်ပါသည်။ အလ္လာဟ် သအာလာသည် တစ်စုံတစ်ဦး၏ နှလုံးသားထဲသို့ အတွေးအခေါ်အယူအဆတစ်ခု ထည့်သွင်းပေးကာ ထိုအရာသည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဖြစ်သည်ဆိုသည့် ယုံကြည်မှုကို ထိုသူအား ခိုင်မြဲစေပါသည်။ သူတော်စင်များနှင့် ဘုရားတရားကိုင်းရှိုင်းသောသူများသည် ထိုကဲ့သို့သောဝဟီများ လက်ခံရရှိကြပါသည်။ အယူဟိုင်ယမ်နှင့် အခြားသော ပညာရှင်တို့က လက်ခံထားသည်မှာ တစ်ခါတစ်ရံ ထိုကဲ့သို့သော ဝဟီတို့သည် ကောင်းကင်စေတမန်များကတစ်ဆင့် ဖြစ်ပေါ်စေပါသည်။ စိုက်ယိဒိနာ မရိယမ်ﷺ အပေါ်ကျရောက်သော ဝဟီသည် ဂျိဗရာအီးလ်ﷺသည် လူသားအသွင်ဖြင့် သူမ၏ရှေ့၌ ပေါ်ပေါက်ခဲ့ကာ အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်ကို သူမထံပေးပို့ခဲ့ပါသည်။ ဤဝဟီများ (အိလ်ဟမ် **الهام**)များတို့သည် သက်ဆိုင်သူအတွက်သာ သီးသန့်ဖြစ်ပြီး အများပြည်သူများ (သို့မဟုတ်)၊ စစ်မှန်သော ယုံကြည်ချက် ပြန့်ပွားမှုအတွက် သုံးစွဲရန် မရည်ရွယ်ပါ။ ဝဟီများ၊ တမန်တော်များအပေါ်၌ ကျရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ လူ အများအား စစ်မှန်သော ယုံကြည်မှုဆီသို့ ဖိတ်ခေါ်ရန်အတွက် ထိုသူတို့အား အမိန့်ပေးခြင်း ဖြစ်သည်။ တမန်တော် များ၏ တာဝန်ဝတ္တရားမှာ သူတို့ကိုယ်၌ ဝဟီအပေါ်သို့ လုံးဝဥသုံး ယုံကြည်ချက် ရှိရကာ၊ အခြားသူများအားလည်း သူတို့တမန်တော်ဖြစ်သည်ဆိုကြောင်းနှင့် ဝဟီကိုလည်း လက်ခံယုံကြည် စေရပါမည်။ ၎င်းနောက် သူ့အားငြင်းဆိုသူများကို မယုံကြည်သွေဖည်သူများဟု ကြေညာရပါမည်။

ဤသည်မှာ (**وحي الهام**) (အိလ်ဟမ်ဟု အဓိပ္ပာယ်သက်ရောက်သော ဝဟီ) သို့ စာပေဝေါဟာရအရ အဓိပ္ပာယ်သက်ရောက်သော **وحي** ဝဟီနှင့် **وحي نبوّت** (တမန်တော်တစ်ပါးအပေါ်၌ ကျရောက်သောဝဟီ) သို့မဟုတ် တရားတော်အရ ဝဟီတို့၏ ခြားနားချက် ဖြစ်ပါသည်။ စာပေဝေါဟာရ အဓိပ္ပာယ် ဝဟီသည် အမြဲတမ်းရှိနေပြီး၊ သေတပန်သက်ထက်ဆုံး ရှိနေပါလိမ့်မည်။ သို့သော်လည်း တမန်တော် ဖြစ်ခြင်းနှင့် (တမန်တော်တစ်ပါး အပေါ်၌ ကျရောက်သောဝဟီ) တို့သည် နောက်ဆုံးတမန်တော်ကြီးဖြစ်သော တမန်တော်မြတ်ﷺမရှိသည့်နောက်တွင် လုံးဝရပ်ဆိုင်းပြီး ဖြစ်ပါသည်။ အချို့သော လေးစားရပါသော ပညာရှင်များက **وحي تشريعي** (သာသနာ့ဝဟီ) နှင့် **وحي غير تشريعي** (သာသနာ့ကိစ္စမဟုတ်သော ဝဟီ)ဟူ၍ အမည်ပေးထားပါသည်။ ရှိုက်ခ်မုဟိုင်ယ်ယွဒ္ဒင်ခ် အိဗနိအရဗီသည် သူ၏ရေးသားချက်များနှင့် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပံ့ပိုးသည့်အနေဖြင့် အသုံးပြုကာ ကိုယ့်ကိုယ်ကို နဗီတမန်တော်ဟု ကြွေးကြော်သော ကာဒီယမ်နီ၏ ကြေညာထားချက်သည် မမှန်ကန်ကြောင်း ရှင်းထားသည်။ ကာဒီယမ်၏ အချေအတင်ပြောဆိုချက်များသည် အိဗနိအာရဗီ၏ရေးသားချက်များနှင့် ဖီလာဖြစ်နေပါသည်။ ဤပြဿနာနှင့် ပတ်သက်သော အသေးစိတ်တို့ကို ကျွန်ုပ်၏စာအုပ် **ختم نبوت** (ခတ်တမီနဗူဝသ်) တွင် ဖတ်ရှုနိုင်ပါသည်။

စိုက်ယိဒိနာ မူဆာﷺ၏ မိခင်အမည်

ရူဟုလ်မအာနီကျမ်းထဲ၌ သူမ၏အမည်အား ယူဟာနဒ် (**يُوحَانذ**) ဟု ဖော်ပြထားသည်။ ၎င်းနောက် အိတ္တကန် ကျမ်းထဲ၌ သူမ၏အမည်အား ယာစွမ်ဒ် အိဗနိလာဒီ၏သမီး လိဟိုင်နဟ် (**لحيانه بنت يصدبن لاون**) ဟု ဖော်ပြထားသည်။ အချို့သော သူများက သူမ၏ အမည်သည် ဘရ်ခါ (**بَارخا**) ဟူ၍ လည်းကောင်း၊ အချို့သူတို့က သူမ၏အမည်သည် ဗဇ်ခတ် (**بازخت**) ဟူ၍လည်းကောင်း ပြောကြသည်။ သူမ၏အမည်နာမတွင် ထူးဆန်းသော ဂုဏ်သတ္တိများရှိသည်ဆိုကား အချို့သောသူများက အဆောင်လက်ဖွဲ့များ ဖြန့်ဝေနေကြပါသည်။ သို့ရာတွင် ရူဟုလ် မအာနီကျမ်းအရ ယင်းသို့ယုံကြည်ရန် မည်သည့်အခြေခံအကြောင်းမှ မရှိပါ။ ဖြစ်နိုင်သည်မှာ ရိုးသားပြီး မသိနားမလည်သူတို့အား ဖြားယောင်းရန်အတွက် လိမ်လည်ခြင်းသာ ဖြစ်နိုင်ပါသည်။

فَلْيُلْقِهِ الْيَمُّ بِالسَّاحِلِ "ထိုမြစ်သည် ထိုအရာအား ကမ်းခြေသို့ ပစ်လတ္တံ့။ (၂၀း၃၉)" يَمُّ (ယမ်မ်)ဟူသော စကားလုံးသည် မြစ်အဓိပ္ပာယ်ဖြစ်၍ ဤနေရာတွင် ထိုစကားလုံးမှာ နိုင်းမြစ်ကို ရည်စူးဟန်တူသည်။ ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာ မူဆာ(အလိ)၏ မိခင်အား ကလေးငယ်ကို သေတ္တာတစ်လုံးတွင်ထည့်၍ နိုင်းမြစ်ထဲတွင် မျှောလိုက်ပါဟု အမိန့်ပေးခဲ့သည်။ အလားတူစွာ မြစ်အား ယင်းသေတ္တာ ကမ်းပေါ်တင်စေရန် အမိန့်ပေးခဲ့သည်။ သို့သော်လည်း မေးစရာဖြစ်လာသည်မှာ - အသိဉာဏ်လည်း မရှိ၊ နားလည်သဘောပေါက်ခြင်းလည်း မရှိသောမြစ်ကို တစ်စုံတစ်ရာပြုလုပ်စေရန် မည်သို့ အမိန့်ပေးနိုင်အံ့နည်း၊ ပညာရှင်အချို့က ဤမေးခွန်းကို ဖြေကြားသည်မှာ သုံးစွဲထားသောစကားလုံး၌ အမိန့်အာဏာသံပါသောကြောင့် အမိန့်ပေးသည်ဟု ရည်ညွှန်းနိုင်သည်။ သို့ရာတွင် တကယ်ဆိုလျှင် ယင်းသည် အမိန့်ပေးခြင်း မဟုတ်ချေ။ မြစ်အား ယင်း၏ကမ်းပေါ် သေတ္တာတင်စေခြင်းကို သတင်းပေးခြင်းသာ ဖြစ်သည်ဟူ၍ ငြင်းချက်ထုတ်ကြသည်။ သို့ရာတွင် ပညာရှင်အချို့က ဤရှင်းလင်းချက်နှင့် ပတ်သက်၍ ငြင်းခုံသည်မှာ ဤစကားလုံးသည် အမှန်တကယ် အမိန့်ဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့ကြသည်။ ထို့နောက် နိုင်းမြစ်ကို ဦးတည်ပြောကြားထားခြင်းဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းခံတိုင်းတွင် စိတ်လှုပ်ရှားမှုနှင့် ခံစားနိုင်မှု ပိုင်ဆိုင်ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်အရဆိုလျှင် ဤအရည်အချင်းများကြောင့် သစ်ပင်များနှင့် ကျောက်ဆောင်များသည် အလ္လာဟ်အရှင့် နာမတော်ကို ချီးကျူးနိုင်စွမ်းရှိနေပါသည်။ လူသားများ၊ ဂျင်နီများနှင့် ကောင်းကင်စေတမန်များမှအပ မည်သည့်အဖန်ဆင်းခံတွင်မှ ဟလာလ်(ခွင့်ပြုခြင်း)နှင့် ဟရမ်(တားမြစ်ခြင်း) စည်းကမ်းကို ၎င်းတို့အပေါ်၌ အမြဲရှိနေခြင်းဟူသော ခံစားမှုနှင့် စိတ်လှုပ်ရှားမှု အဆင့်တရပ် ရှိမနေပါ။ မောင်လာနာ ရူမီ (ရဟ်မတ်လ်လာဟ်)က ဤအယူအဆကိုပင် အောက်ပါကဗျာထဲတွင် ဖော်ပြထားသည်မှာ -

خاک وبادوآب وآتش بندہ اند با من وتو مردہ باحق زندہ اند

"ကမ္ဘာပထဝီ မြေ၊ လေ၊ ရေ နှင့် မီးတို့သည် အားလုံး အလ္လာဟ်အရှင့် ကျေးကျွန်များ ဖြစ်ကြသည်။
သင်နှင့် ကျွန်ုပ်တို့အတွက် ယင်းအရာများသည် အသက်မဲ့ဟန် ရှိနေသော်လည်း ၎င်းတို့တွင်လည်း
အသက်ရှိကြောင်း အလ္လာဟ်အရှင် သိနေတော်မူသည်" ဟူ၍ ဖြစ်သည်။

يَأْخُذْهُ عَدُوٌّ لِّي وَعَدُوٌّ لَّهُ "ထိုရောအခါဝယ် ငါအရှင်မြတ်၏ ရန်သူလည်း ဖြစ်သူ၊ ထိုမူဆာ၏ရန်သူလည်း ဖြစ်သူသည် ထိုမူဆာအား (ရေထဲမှ) ဆယ်ယူလိမ့်မည်။ (၂၀း၃၉)" ယင်းက ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ရန်သူလည်းဖြစ်၊ စိုက်ယိဒိနာမူဆာ(အလိ)၏ ရန်သူလည်းဖြစ်သောသူတစ်ဦးက ကလေးငယ်ကို ကယ်တင်လိမ့်မည်ဟူ၍ ဖြစ်သည်။ ဤနေရာတွင် ရည်ညွှန်းခြင်းသည် မယုံကြည် သွေဖည်ငြင်းပယ်မှုကြောင့် အလ္လာဟ်အရှင်မြတ်၏ ရန်သူဖြစ်သော ဖိရ်အောင်န်ကိုပင်ဖြစ်သည်။ သို့ရာတွင် စိုက်ယိဒိနာ မူဆာ(အလိ)အပေါ် ရန်လိုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းရန် လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် စိုက်ယိဒိနာမူဆာ(အလိ)အပေါ် ရန်မလိုသည့်အချိန်မှစ၍ စိုက်ယိဒိနာမူဆာ(အလိ) လူလား မြောက်သည်အထိ ငွေကြေးအကုန်အကျခံကာ လုပ်ဆောင်ခဲ့သည်။ ယင်းသို့ပြုလုပ်ခြင်းမှာ အနာဂတ်တွင် စိုက်ယိဒိနာ မူဆာ(အလိ)အပေါ် ရန်လိုခြင်းကြောင့် ဖြစ်သည်။ယင်းကိစ္စရပ်ကို ထိုအချိန်ကတည်းက အလ္လာဟ်အရှင်မြတ်၏ အသိ ဉာဏ်တော်တွင် ရှိနေခဲ့သည်။ သို့တည်းမဟုတ် ဖြစ်နိုင်သေးသည်မှာ ဖိရ်အောင်န်သည် ထိုအချိန်ကတည်းကပင် စိုက်ယိဒိနာမူဆာ(အလိ)ကို ရန်သူအဖြစ် သတ်မှတ်ခဲ့သော်လည်း သူ၏ဇနီး အာစီယာအတွက်ကြောင့် စိုက်ယိဒိနာမူဆာ(အလိ) ကို ပြုစုပျိုးထောင်ရန် တွန့်ဆုတ်စွာ သဘောတူခဲ့ရပါသည်။ သို့ပင်ငြားသော်လည်း စိုက်ယိဒိနာ မူဆာ(အလိ)နှင့် ပတ်သက် ၍ ဖိရ်အောင်န်တွင် စိုးစဉ်းမျှ သံသယဝင်သည်နှင့်တစ်ပြိုင်နက် ဖိရ်အောင်န်က သူ့ကို ချက်ချင်းသတ်ဖြတ်ပစ်

ရန် အမိန့် ပေးခဲ့သည်။ စိုက်ယိဒိနာအာစီယာ၏ အသိဉာဏ်ကြွယ်သော လုပ်ရပ်ကြောင့်သာ ဖိရ်အောင်နန်ဆန္ဒအတိုင်း လုပ် ဆောင်ခြင်းမှ အကာအကွယ်ရခဲ့သည်။ (ရှုဟုလ်မအာနီနှင့် မဇ်ဟိရီကျမ်း)

وَ اَلْقَيْتُ عَلَيْكَ مَحَبَّةً مِّنِّيْ "ထို့ပြင် ငါအရှင်မြတ်သည် အသင့်အပေါ်၌ မိမိထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့လေသည်။ (၂၀း၃၉)" ဤအာယသ်ပါ "ချစ်မြတ်နိုးမှု" ဟူသည့်စကားလုံးလာ "ချစ်မြတ်နိုး ခံရသည်"ဟု အဓိပ္ပာယ်ပေါက်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူဆာ ﷺအပေါ်၌ အရည် အသွေးတစ်ခု အပ်နှင်းခဲ့ခြင်းကြောင့် လူများက သူ့ကိုချစ်ခင်ကြောင်း ပြသပါလိမ့်မည်။ ဤအာယသ်နှင့် ပတ်သက်သည့် ဤရှင်းလင်းချက်မှာ စိုက်ယိဒိနာ အိဝနိအဗ္ဗားစ်နှင့် အိက်ရီမာဟ် ﷺတို့၏ ရှင်းလင်းချက်ဖြစ်သည်။ (မဇ်ဟိရီ)

وَلِتُصْنَعَ عَلٰى عَيْنِيْ "စင်စစ် အသင်သည် ငါအရှင်မြတ်၏ မျက်မှောက်တော်၌ မွေးမြူပြုစုခြင်းခံရအံ့သောငှါ ဖြစ်ပေသတည်း။ (၂၀း၃၉)" ဤနေရာပါ **صَنَعْتُ** ဟူသော စကားလုံးသည် "ကောင်းမွန်သော ပြုစုပျိုးထောင်မှု" ဟု အဓိပ္ပာယ် သက်ရောက်သည်။ အာရဗ်ဆိုရိုးတစ်ခုတွင် **صَنَعْتُ فَرَسِيْ** "ကျွန်ုပ်သည် ကျွန်ုပ်၏ မြင်းကို ကောင်းမွန်စွာ လေ့ကျင့်ပျိုးထောင်ထားပါသည်" ဟူ၍ ဖြစ်သည်။ **عَلٰى عَيْنِيْ** ကို **عَلٰى حِفْظِيْ** နှင့် အဓိပ္ပာယ် အတူတူထား၍ သုံးနှုန်း ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူဆာ ﷺကို အရှင်မြတ်၏ မျက်မှောက်တော်၌ မွေးမြူပြုစုထားသည်"ဟူ၍ ဖြစ်သည်။ ဤကိစ္စကို ဆောင်ရွက်ရန် အလ္လာဟ်အရှင်မြတ်သည် အီဂျစ်ပြည်၏ ဩဇာ အာဏာအရှိဆုံးဖြစ်သော ဖိရ်အောင်နန်ကို ရွေးချယ်ခဲ့သည်။ တစ်ချိန်လုံး ဖိရ်အောင်နန် ပြုစုပျိုးထောင်ခဲ့သောသူသည် ရန်သူဖြစ်ကြောင်း ဖိရ်အောင်နန် ကိုယ်တိုင်မသိခဲ့ပါ။ (မဇ်ဟိရီ)

اِذْ تَمْشِيْٓ اُخْتُكَ "အကြင်အခါဝယ် အသင်၏ အမသည် လမ်းလျှောက်၍လာလေသည်။ (၂၀း၄၀)" မြစ်ထဲ တွင် မျောနေသော သေတ္တာ၏နောက်သို့ စိုက်ယိဒိနာ မူဆာ ﷺ၏ အစ်မ လိုက်သွားပုံနှင့် နောက်ဆက်တွဲအဖြစ်အပျက် များကို ဤအာယသ်ထဲတွင် ရည်ညွှန်းထားကာ အာယသ်သည် **وَ فَتَنّٰكَ فُتُوْنًا** "ငင်းပြင် ငါအရှင်မြတ်သည် အသင့် အား အကြီးအကျယ် စမ်းသပ်တော်မူခဲ့ပေသည်။ (၂၀း၄၀)" ဖြင့် အဆုံးသတ်ထားသည်။ စိုက်ယိဒိနာ အိဝနိ အဗ္ဗားစ် ﷺ အဆိုအရ ဤစကားလုံးများသည် "ငါအရှင်သည် အသင့်အား ထပ်ခါတလဲလဲ စမ်းသပ်တော်မူသည်" ဟူ၍ အဓိပ္ပာယ် ပြန်သကဲ့သို့ ဒါဟတ်က် ﷺက ဤစကားလုံးများကို "ငါအရှင်မြတ်သည် သင့်ကိုကြီးလေးသော စမ်းသပ်မှု များဖြင့် စမ်းသပ်တော်မူခဲ့သည်"ဟူ၍ ဘာသာပြန်ဆိုထားသည်။ ဤအဖြစ်အပျက်၏ အသေးစိတ် အပြည့်အစုံကို စိုက်ယိဒိနာ အိဝနိအဗ္ဗားစ် ﷺ၏ ခိုင်လုံမှုပေါ် ဆင့်ပြန်ခဲ့သည့် ရှည်လျားသော ဟဒီးဆ်တော်တစ်ရပ်ကို အိမာမ်အန် နိစာအီ ﷺက ၎င်း၏ကျမ်းတွင် ပြထားသည်။ အဖြစ်အပျက်မှာ အောက်ပါအတိုင်းဖြစ်သည်။

စိုက်ယိဒိနာမူဆာ ﷺ၏ အဖြစ်အပျက် အသေးစိတ်

အိမာမ်နိစာအီ ﷺသည် သူ၏ကျမ်း ကီသာဗွလ် သဖိစီရ်ကျမ်းတွင် စိုက်ယိဒိနာ အိဝနိ အဗ္ဗားစ် ﷺ၏ ခိုင်လုံမှုပေါ် ဟဒီးဆ်သွလ်ဖုတူမ် ရှည်လျားသောဟဒီးဆ်တစ်ရပ်တွင် တင်ပြထားသည်။ အိဝနိကဆီးရ်ကလည်း သူ၏ အကျယ်ဖွင့်ဆိုခြင်းတွင် အဖြစ်အပျက်အလုံးစုံကို တင်ပြထားသည်။ ထို့နောက် ဤသည်မှာ တမန်တော်မြတ် ﷺ၏ မိန့်ကြားချက်တစ်ရပ် **مرفوع**(မရ်ဖူအ်) ဖြစ်ကြောင်း စိုက်ယိဒိနာအိဝနိအဗ္ဗားစ် ﷺ၏ တင်ပြချက်ကို ထပ်ဆောင်း တင်ပြ ထားသည်။ အိဝနိကဆီးရ်က သူ့အမြင်ကို အောက်ပါစကားလုံး **وَصَدَقَ ذٰلِكَ عِنْدِيْ** "ကျွန်ုပ်သည်လည်း ဤဟဒီးဆ် သည် **مرفوع** မရ်ဖူအ်ဖြစ်ကြောင်း ယုံကြည်သည်" ဟူ၍ အတည်ပြုထားသည်။ ထို့ပြင် ၎င်း၏ အယူအဆကို အထောက် အကူပြုစေသည့် အကြောင်းပြချက်လည်း ပေးထားသည်။ မည်သို့ပင်ဆိုစေကာမူ သူက ဝန်ခံပြောဆိုသည်မှာ အိမာမ်

ဂျာဒီးရ်နှင့် အိဗနိ အဗီဟာသီမ်ﷺတို့ တင်ပြသော ဤအကြောင်းအရာတွင် တချို့အပိုင်းများသည် တမန်တော်မြတ်ﷺမိန့်ထားသည်မှာ မှန်သော်လည်း ကျန်တာသည် အိဗနိအဗ္ဗားစ်ﷺ၏ ပြောကြားချက်သာ ဖြစ်သည်ဟုဆိုသည်။ အခြားကိစ္စရပ်များကဲ့သို့ပင် အိဗနိအဗ္ဗားစ်ﷺသည် ဤအကြောင်းအရာကို ကအဗ်ဗလ်အဟ်ဗာရ်ထံမှ လေ့လာသိရှိခဲ့ရပါသည်။ ရှိပါစေတော့၊ အိမာမ်နိစာအီနှင့် အိဗနိကဆီးရ်ﷺကဲ့သို့ ဝေဖန်သူများသည် ယင်းဟဒီးဆ်သည် မရ်ဖူအ် (တမန်တော်မြတ်ﷺ၏အဆိုအမိန့်)ဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။ ထိုသို့ မရ်ဖူအ်ဟု လက်မခံသူများကပင် ယင်းပါအကြောင်းနှင့်ပတ်သက်၍ မဟုတ်ကြောင်းမငြင်းဆိုကြသကဲ့သို့ ယင်းအဖြစ်အပျက်၏ အဓိကအပိုင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်း ဖော်ပြထားခဲ့သည်။ ထို့ကြောင့် ကျမ်းပြုသူများသည် ဤဟဒီးဆ်တော်၏ ဘာသာပြန်ကို အပြည့်အစုံဖော်ပြလိုပါသည်။ အကြောင်းမှာ ယင်းထဲတွင် ပညာရပ်ဆိုင်ရာနှင့် လက်တွေ့ပိုင်းဆိုင်ရာ တန်ဖိုးရှိသည့် အကျိုးဖြစ်ထွန်းဖွယ်များစွာ ပါဝင်သောကြောင့် ဖြစ်သည်။ အိမာမ် နိစာအီﷺက စအီဒ် အိဗနိဂျုဗိုင်းရ်ﷺထံမှ သူလေ့လာသိရှိခဲ့ရသော ဤအကြောင်းအရာကို တင်ပြထားခဲ့သည်။ ယင်းတင်ပြချက်ထဲတွင် စအီဒ် အိဗနိ ဂျုဗိုင်းရ် ﷺသည် စိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ်အိဗနိအဗ္ဗားစ်ﷺအား **وَ فَتَنَّاكَ فُتُوْنًا** ဖော်ပြချက်၏ဆိုလိုရင်း အထူးသဖြင့် အာယသ်တော်တွင်ပါသည့် စိုက်ယိဒိနာမူဆာﷺနှင့် ပတ်သက်သော **فُتُوْنًا** ဟူသောစကားလုံးကို ရှင်းလင်းပြရန် ပြောကြားခဲ့သည်။ အိဗနိအဗ္ဗားစ်ﷺက ယင်းသည် ရှည်လျားသောအကြောင်းအရာတစ်ခုဖြစ်၍ (စအီဒ် အိဗနိ ဂျုဗိုင်းရ်ﷺ) ကို မနက်ဖြန်နံနက်စောစော သူထံလာခဲ့လျှင် ပြောပြမည်ဟု ပြောခဲ့သည်။ စအီဒ်အိဗနိဂျုဗိုင်းရ်ﷺက မှာကြားသည့်အတိုင်းလာခဲ့၍ အိဗနိ အဗ္ဗားစ်ﷺက အောက်ပါအတိုင်း အကြောင်းအရာကို သူ့အား ပြောကြားခဲ့ လေသည်။

တစ်နေ့သ၌ ဖိရ်အောင်နှင့် သူ၏မူးမတ်များသည် စိုက်ယိဒိနာ အိဗ်ရာဟီးမ်ﷺအကြောင်းနှင့် ၎င်းမှ ပေါက်ဖွားလာသောသူများသည် တမန်တော်များနှင့် ဘုရင်များဖြစ်စေမည်ဟူသော အလ္လာဟ်အရှင်မြတ်၏ ကတိတော်အကြောင်းကို ပြောနေကြသည်။ ယင်းတို့ထဲတွင်ရှိသော လူအချို့က ဗနီအစ္စရာအီလ်မျိုးနွယ်စုတွင် တမန်တော်တစ်ပါး မွေးဖွားလာတော့မည့် အကြောင်းနှင့် အလ္လာဟ်အရှင့် ကတိတော်သည် ဖြည့်ဆည်းပြီးဖြစ်သွားလိမ့်မည်ကိုကား သံသယမရှိကြောင်း ပြောကြားခဲ့ကြသည်။ အစပထမတွင် စိုက်ယိဒိနာယူစွဖ်ﷺသည် အလ္လာဟ်အရှင်မြတ် ကတိပြုထားခဲ့သည့် တမန်တော်ဟု မှတ်ယူခဲ့ကြသည်။ သို့သော်လည်း ၎င်းသေဆုံးပြီးသောအခါတွင် ၎င်းသည် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺကို ကတိပြုထားခဲ့သည့် တမန်တော်မဟုတ်ခဲ့ပါ။ မုချဇကန် နောက်ထပ်တမန်တော်တစ်ပါး ပွင့်ရပါမည်။ ယင်းတမန်တော်ပွင့်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်က ကတိတော်ဖြည့်ဆည်းပြီး ဖြစ်သွားပါလိမ့်မည်။ ဤသတင်းစကားက ဖိရ်အောင်နှင့်ကို စိတ်ချောက်ချားစေပါသည်။ အကယ်၍သာ အစ္စရာအီလ်မျိုးနွယ်စုတွင် တမန်တော်တစ်ပါး ပွင့်လာခဲ့လျှင် သူက ကျွန်ပြုထားခဲ့သည့် အစ္စရာအီလ်လူမျိုးများအား ထိုတမန်တော်က ကျွန်အဖြစ်မှ လွတ်မြောက်အောင် ပြုလုပ်မည်ကို သူစိုးရိမ်ခဲ့သည်။ ထို့ကြောင့် ဖိရ်အောင်နှင်က ၎င်း၏မိတ်ဆွေများအား ယင်းကဲ့သို့သော ဘေးဆိုးကြီးမှ မည်သို့ရှောင်ရှားရန်ဟူသည့် အကြံ တောင်းခံခဲ့သည်။ များစွာစဉ်းစားဆင်ခြင်ပြီးနောက် သူတို့က တညီ တညွတ်တည်း ကောက်ချက်ဆွဲကြသည်မှာ ဤဖြစ်တန်ရာအခြေအနေကို ရင်ဆိုင်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းကား အစ္စရာအီလ်မိသားစုတွင်ရှိသော ယောကျ်ားကလေးငယ်များကို သတ်ပစ်ရန်ဖြစ်သည်။ ဤဆုံးဖြတ်ချက်ကို လိုက်နာသည့်အနေဖြင့် လက်နက်ကိုင် စစ်သားများသည် အစ္စရာအီလ်တို့၏ နေအိမ်တိုင်းကို ရှာဖွေ၍ ယောကျ်ားကလေးငယ်တိုင်းကို သတ်ပစ်ခဲ့သည်။

ဤသွေးထွက်သံယိုမှုများ အချိန်အတော်ကြာကြာ ဖြစ်ခဲ့သည်။ သို့ရာတွင် အီဂျစ်လူမျိုးများက ပြန်လည်စဉ်းစားသည်မှာ အကယ်၍ ဤလုပ်ငန်းပြီးမြောက်ပြီး ယောကျ်ားကလေးငယ်တိုင်းကို သတ်ဖြတ်ပြီးဖြစ်လျှင် ကျန်သော

လူကြီးများ အိုး၍ သဘာဝအလျောက် သေဆုံးခဲ့ကြလျှင် ဗနီအစ္စရာအီလ်တို့ လုပ်ဆောင်နေခဲ့သော ခက်ခဲသည့် လုပ်ဆောင်ဖွယ်ရာများ လုပ်ဆောင်ပေးမည့်သူ မရှိဖြစ်သွားလိမ့်မည်။ သို့ဆိုလျှင် သူတို့ကိုယ်တိုင် ထိုဗနီအစ္စရာအီလ်များ လုပ်ဆောင်နေသော ခက်ခဲ၍ ပင်ပန်းသောအလုပ်အားလုံး လုပ်ဆောင်ရပါလိမ့်မည်။ ဤပြဿနာကျော်လွှားရန် သူတို့က နောက်ထပ်အဆိုပြုကြသည်မှာ မွေးဖွားပြီးမှ တစ်နှစ်သားထိ ယောကျ်ားကလေးငယ်များကို သတ်ဖြတ်ပစ်ရန်နှင့် တစ်နှစ်ကျော်သော ယောကျ်ားကလေးများကို မသတ်ဘဲထားရန် ဖြစ်သည်။ ယင်းကဲ့သို့သော အကြံအစည်က အသက်အရွယ်ကြီးရင့်သွားသည့် ယောကျ်ားအိုများကို အစားထိုးရန် ပျိုမျစ်သော အစ္စရေး လုပ်သားထုကို အဆက်မပြတ်ရစေပါလိမ့်မည်။ တစ်ချိန်တည်းပင် ဖိရဒ်အောင်နှ၏ အချုပ်အခြာအာဏာကို အန္တရာယ်ပေးနိုင်လောက်သည် အထိလည်း မကြီးမားလာနိုင်ပါ။ လူတိုင်းက ဤအဆိုပြုချက်ကို လက်ခံကာ ယင်းကို လုပ်ဆောင်ရန် ဥပဒေတစ်ရပ် ထုတ်ပြန်ခဲ့သည်။ (ယခုအခါတွင် အလ္လာဟ်အရှင်မြတ်၏ ဟိက်မသ် ရွေ့ကျော်တော်နှင့် တန်ခိုးတော်ကို အောက်ပါအတိုင်း ပြသပါသည်။) စိုက်ယိဒိနာ မူဆာ ﷺ၏ မိခင်သည် စိုက်ယိဒိနာဟာရွန် ﷺကို ဖိရဒ်အောင်နှက အစ္စရေးယောကျ်ားကလေးငယ်များကို သတ်ဖြတ်ခြင်းမှ ကင်းလွတ်ခွင့် အမိန့်ဥပဒေထုတ်ပြန်ခဲ့သောနှစ်တွင် မွေးဖွားခဲ့သည်။ ထို့ကြောင့် သူတွင် အသက်အန္တရာယ် မရှိခဲ့ပါ။ သို့ရာတွင် စိုက်ယိဒိနာ မူဆာ ﷺကို ပဋိန္ဓေဆောင်ခဲ့ကာ မွေးဖွားမည့် အချိန်၌ အစ္စရာအီလ် ယောကျ်ားကလေးငယ်များကို သတ်ဖြတ်ရန် ဖိရဒ်အောင်နှ၏ အမိန့်ထုတ်ပြန်ချိန် ဖြစ်သည်။ ထို့ကြောင့် မိခင်ကြီးသည် သူမ၏ သားကလေး မွေးဖွားပြီးလျှင်ပြီးချင်း ဆုံးရှုံးတော့မည်ဟူသော အတွေးဖြင့် အကြီးအကျယ် စိတ်သောကရောက်ခဲ့သည်။

ဤနေရာ၌ စိုက်ယိဒိနာ အိဗနိအဗ္ဗာစ် ﷺသည် စိုက်ယိဒိနာ မူဆာ ﷺအကြောင်း ပြောကြားခြင်းကို ခေတ္တရပ်ဆိုင်း၍ ပြောသည်မှာ "အို-အိဗနီ ဂျဗိုင်းရဲ၊ ဤသည်မှာ စိုက်ယိဒိနာမူဆာ ﷺ မမွေးဖွားမီအလျင်ကပင် သူ့အသက်အန္တရာယ်ဖြစ်စေသော ပထမဆုံးစမ်းသပ်မှု **فتون** ဖြစ်သည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် **وحي الهام** (အလ္လာဟ်အရှင်မြတ်၏ အိလ်ဟမ်နည်း) အရ စိုက်ယိဒိနာ မူဆာ ﷺ၏ မိခင်ကြီး စိတ်အေးချမ်းစေရန် မိန့်သည်မှာ -

وَلَا تَخَافِي وَلَا تَحْزَنِي ۖ إِنَّا رَادُّوهُ إِلَيْكِ وَجَاعِلُوهُ مِنَ الْمُرْسَلِينَ

"ထို့ပြင် အသင်သည် စိုးရိမ်ခြင်းလည်း မရှိလေနှင့်၊ ပူဆွေးခြင်းလည်း မရှိလေနှင့်။ ဇကန်အမှန် ငါအရှင်မြတ်သည် ထိုမူဆာအား အသင့်ထံသို့ ပြန်ပို့ပေးတော်မူမည့်အရှင် ထိုမှတစ်ပါး ထိုမူဆာအား ရစူလ်တမန်တော်များတွင် တစ်ပါး အပါအဝင် ပြုလုပ်တော် မူမည့်အရှင် ဖြစ်တော်မူ၏။ (၂၈း၇) " ဟူ၍ ဖြစ်သည်။

စိုက်ယိဒိနာမူဆာ ﷺအား မွေးဖွားပြီးသောအခါ သူမိခင်အား သူ့ကို သေတ္တာတစ်လုံးတွင်ထည့်၍ နိုင်းလ်မြစ်တွင် မျှောရန် အမိန့်ပေးခဲ့သည်။ သူမသည် အမိန့်တော်အတိုင်း ဆောင်ရွက်ခဲ့သည်။ သူမသည် ဤအလုပ်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသောအခါ ရှိုက်သွာန်က သူမကို စိတ်ရှုပ်ထွေးစေရန် ပြုလုပ်သည်မှာ သူမ၏သားငယ်ကို မြစ်ထဲမျှောခြင်းသည် အမှားတစ်ရပ် ကျူးလွန်ခြင်းဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အကယ်၍ သားငယ်ကို ဖိရဒ်အောင်နှ၏အမိန့်ဖြင့် သတ်ဖြတ် ခံရသည့်တိုင် သူမကိုယ်တိုင် သားငယ်ကို မိမိလက်ဖြင့် မြှုပ်နှံခွင့်ရခြင်းအတွက် ကျေနပ်ရပါဦးမည်။ ယခုလို ရေမျှောလိုက်လျှင် ကလေးငယ်အတွက် ဘာမှမျှော်လင့်ချက် မရှိတော့ချေ။ မြစ်ထဲမှ တိရစ္ဆာန်များက စားသောက်ခြင်းပင် ခံရလိမ့်မည်ဖြစ်သည်ဟု ဖြားယောင်းခဲ့သည်။ စိုက်ယိဒိနာမူဆာ ﷺ၏ မိခင်သည် ရှိုက်သွာန်၏ ပြောကြားချက်များကြောင့် ကြီးစွာသောကရောက်စဉ်တွင် ရေလှိုင်းများသည် ထိုသေတ္တာကို ဖိရဒ်အောင်နှ၏ ကျွန်မလေးများ ရေချိုးအဝတ်လျှော်ရာနေရာမှ ကျောက်ဆောင်တစ်ခုပေါ် တင်သွားစေပါသည်။ သေတ္တာကို ကျွန်မ

များက တွေ့သောအခါ သူတို့က ဖွင့်ကြည့်ချင်ကြသည်။ သို့သော်လည်း တစ်ဦးသော ကျွန်မလေးက အကယ်၍ သေတ္တာဖွင့်ကြည့်ရာ သေတ္တာထဲတွင် အဖိုးတန်ရတနာများ ပါလာခဲ့လျှင် ဖိရ်အောင်န်၏ ဇနီးက ရတနာအချို့ကို ၎င်းတို့ဂွက်ထားသည်ဟု ထင်မှတ်ကာ သူတို့ ဘာပြောပြော လက်ခံမည်မဟုတ်ပါဟု ပြောခဲ့သည်။ ထိုပြောဆိုချက်အရ သေတ္တာကို မဖွင့်ဘဲ ဖိရ်အောင်န်၏ ဇနီးထံ ယူသွားခဲ့ကြသည်။

ဖိရ်အောင်န်၏ ဇနီးက သေတ္တာကို ဖွင့်လိုက်သောအခါ ယောကျ်ားကလေးငယ်တစ်ဦးကို တွေ့ခဲ့ရသည်။ သူမ၏ ပင်ကိုအသိစိတ်အရ ၎င်းမည်သည့်အခါမျှ မခံစားရဖူးသည့် ကလေးငယ်ကို ရုတ်ချည်း ချစ်ခင်သောစိတ်ပေါ်ပေါက်လာခဲ့သည်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်က သူ့ကို မိန့်ကြားခဲ့သော **وَ اَلْقَيْتُ عَلَيْكَ مَحَبَّةً مِّنِّيْ** ငါအရှင်မြတ်သည် အသင့် အပေါ်၌ မိမိအထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့ပေသည်” ဟူသည့်အတိုင်း ဖြစ်သည်။ တစ်ဖက် တွင်မူ စိုက်ယိဒိနာ မူဆာ ﷺ၏ မိခင်သည် ရှိုက်သွာန်ကြောင့် စိတ်တွင် ကပြောင်းကပြန်ဖြစ်သွားကာ သူမအား အလ္လာဟ်အရှင်မြတ်ပေးထားသော ကတိတော်အား မေ့လျော့သွားခဲ့သည်။ ဝမ်းနည်းကြေကွဲမှုက သူမကို လွှမ်းမိုးခဲ့ကာ သူမနှလုံးသားမှ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်း စွန့်ခွာ၍ ဟာတာတာ ကျန်ရစ်ခဲ့သည်။ **وَ اَصْبَحَ فُؤَادُ اُمِّ مُوْسٰى فٰرِغًا** (ထိုမှတစ်ပါး မူဆာ၏ မိခင်၏ စိတ်နှလုံးမှာ (လွန်စွာ) ဟာသွားလေရာ (တုန်လှုပ်ချောက်ချား ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ရာ)(၂၈း၁၀)”။ တစ်ချိန်တည်းမှာပင် ဖိရ်အောင်န်၏ စစ်သည်များသည် နန်းတော်ထဲတွင် အစွမ်းရာအီလ် ယောကျ်ားကလေးတစ်ဦး ရောက်ရှိနေကြောင်း ကြားသိရသောအခါ ဓားများဆွဲကိုင်၍ အလျင်အမြန် ရောက်လာခဲ့သည်။ ထို့နောက် ကလေးငယ်ကို သတ်ဖြတ်ရန်အတွက် ၎င်းတို့လက်ထဲအပ်ပါရန် ဖိရ်အောင်န်၏ ဇနီးထံ တောင်းခံခဲ့ပါသည်။

ဤနေရာတွင်လည်း စိုက်ယိဒိနာ အိဗနိ အဗ္ဗားစ်ﷺသည် ခေတ္တရပ်နား၍ ပြောသည်မှာ “ အို-အိဗနိ ဂျဗိုင်းရဲ ဤသည်မှာ စိုက်ယိဒိနာ မူဆာ ﷺကို ဒုတိယအကြိမ် စမ်းသပ်မှု **فتون** ဖြစ်သည်။

ဖိရ်အောင်န်၏ ဇနီးသည် စစ်သားများနှင့် အပြင်းအထန် ငြင်းခုံခဲ့သည်။ သူမက “ဘာလဲ” ဤသေးကွေးပြီး ဘာမှမလုပ်နိုင်သော ကလေးငယ်ကို အကယ်၍ အသက်ရှင်ခွင့်ပေးလိုက်လျှင် ဗနီအစ္စရာအီလ်မျိုးနွယ်တို့ အင်အား တိုးပွားသွားမည်လို့ သင်တို့ ထင်သလား၊ မင်းတို့ ဒီမှာစောင့်နေကြ။ ဖိရ်အောင်န်ဘုရင့်ထံသွားပြီး သူ့အသက်ရှင်ခွင့်ကို ငါလျှောက်ထားမည်။ ဖိရ်အောင်န်ဘုရင်က သူ့အသက် ချမ်းသာပေးလိမ့်မည်လို့ ငါမျှော်လင့်သည်။ အကယ်၍ ချမ်းသာ မပေးလျှင် ငါ အသင်တို့ကို မဟန့်တားတော့ပါ။ သူ့ကို ခေါ်သွားနိုင်ပါတယ်” ဟူ၍ ဖြစ်သည်။ ထိုသို့ပြောပြီး သူမက ဖိရ်အောင်န်ထံသွား၍ လျှောက်တင်သည်မှာ “ဤကလေးသည် ကျွန်မနှလုံးသား ပျော်ရွှင်ကြည်နူးစေပါသည်။ အရှင့် အတွက်လည်း ပျော်ရွှင်ကြည်နူးစေပါလိမ့်မည်” ဟု ဖြစ်သည်။ ဖိရ်အောင်န်က “ဟုတ်တယ်၊ ဒီကလေးက မင်းနှလုံးသား ပျော်ရွှင်ကြည်နူးမယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ငါ့အတွက်တော့ သူ့ကို မလိုပါဘူး” ဟူ၍ ပြောခဲ့သည်။

အဖြစ်အပျက်၏ ဤနေရာတွင် စိုက်ယိဒိနာ အိဗနိ အဗ္ဗားစ်ﷺသည် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို ကိုးကားပြောခဲ့သည်မှာ - “အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို ကျိန်ဆို၍ ကျွန်ုပ်ပြောပါမည်။ အကယ်၍သာ ထို အချိန်တုန်းက ဖိရ်အောင်န်သည် သူ့ဇနီး ပြောဆိုဝန်ခံသကဲ့သို့ စိုက်ယိဒိနာမူဆာ ﷺသည် သူ့နှလုံးသား၏ ပျော်ရွှင် ကြည်နူးဖွယ်ရာဟု ပြောဆိုဝန်ခံခဲ့ပါမူ သူ့ဇနီးကို အလ္လာဟ်အရှင်မြတ်က စစ်မှန်သော အီမာန်ယုံကြည်မှုဆီသို့ လမ်းညွှန်သကဲ့သို့ ဖိရ်အောင်န်ကိုလည်း မှန်ကန်သောယုံကြည်မှုဆီသို့ လမ်းညွှန်ပါလိမ့်မည်” ဟူ၍ ဖြစ်သည်။

(သို့သော်လည်း ဖိရ်အောင်န်၏ ဇနီးက တောင်းခံမှုအရ ဖိရ်အောင်န်က ကလေးငယ်၏ အသက်ကို ချမ်းသာပေးခဲ့သည်။) ယခုအခါ သူမက ထိုကလေးအား ပြုစုစောင့်ရှောက်ရန် အမျိုးသမီးတစ်ဦး လိုပေသည်။ အမျိုးသမီးများက

ကလေးငယ်အား နို့တိုက်ကျွေးရေး လုပ်ငန်းတို့ လုပ်ဆောင်လိုကြောင်း လျှောက်ထားကြသော်လည်း ကလေးငယ်က မည်သူနို့ကိုမှ မစို့ခဲ့ချေ။ وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِنْ قَبْلُ "စင်စစ် ငါအရှင်မြတ်သည် မူလကပင် ထိုမူဆာ၏အပေါ်၌ နို့ထိန်းသည်တို့၏ နို့ရည်ကို (မစို့ရန်) တားမြစ်ထားတော်မူခဲ့၏။ (၂၈း၁၂)" ၊ ဖိရ်အောင်န်၏ ဇနီးသည် အမှန်ပင် ဘေးကျပ်နံကျပ် ဖြစ်နေခဲ့သည်။ အကယ်၍ ကလေးငယ်ကို ပြုစုစောင့်ရှောက်မှု မလုပ်ခဲ့လျှင် ၎င်းမည်သို့အသက်ရှင်အံ့နည်း။ သူမက ကလေးငယ်ကို သူမ၏ ကျေးကျွန်များနှင့်အတူ ဈေးသို့စေလွှတ်၍ ကလေးက နို့စို့သောမည်သည့်အမျိုးသမီးကိုမဆို ရရန်ရှာခိုင်းသည်။

ဖိရ်အောင်န်၏နန်းတော်တွင် ဤကိစ္စရပ်များဖြစ်နေစဉ်၌ စိုက်ယိဒိနာမူစာ ﷺ၏ မိခင်သည် ကလေးငယ်၏ ကံကြမ္မာနှင့်ပတ်သက်၍ သောကအကြီးအကျယ် ရောက်နေပါသည်။ သူမက ၎င်း၏သမီးကို ကလေးနှင့် သေတ္တာအကြောင်းနှင့် ကလေးသည် အသက်ရှင်လျက်ရှိသေးသလော သို့တည်းမဟုတ် မြစ်ထဲမှတိရစ္ဆာန်များ၏ စားသောက်ခြင်းခံလိုက်ရပြီလော ဟူသည်ကို စုံစမ်းခိုင်းလိုက်သည်။ သူမ ပဋိသန္ဓေရှိစဉ်က အလ္လာဟ်အရှင်မြတ်သည် ကလေးငယ်ကို ကာကွယ်မည် ဖြစ်ကြောင်း၊ အခိုက်အတန့်အားဖြင့် ခွဲခွာပြီးနောက် ကလေးကို သူမထံပြန်ပို့မည်အကြောင်း အလ္လာဟ်အရှင်မြတ်၏ ကတိတော်ကို လုံးလုံးလျားလျား မေ့သွားခဲ့ပါသည်။ ထိုစဉ် အံ့ဖွယ်မုအ်ဂျိဇာဟ် တစ်ရပ်ဖြစ်ပေါ်ခဲ့သည်။ စိုက်ယိဒိနာ မူစာ ﷺ၏ အစ်မဈေးသို့ရောက်သောအခါ ဖိရ်အောင်န်၏ ကျွန်မိန်းကလေးများသည် ကလေးငယ်ကိုချီပိုး၍ ၎င်းကို ပြုစုစောင့်ရှောက်နိုင်မည့် အမျိုးသမီးတစ်ဦးကို ရှာဖွေနေကြသည်ကို တွေ့ခဲ့ရသည်။ ကလေးငယ်သည် မည်သည့် အမျိုးသမီး၏ နို့ကိုမျှမစို့ကြောင်းနှင့် ယင်းအတွက် ကျွန်မိန်းကလေးများက ကြီးစွာသောစိတ်သောက ရောက်ကာ စိတ်ပျက်နေကြကြောင်း သူမက တွေ့ခဲ့ရသည်။ ထို့ကြောင့် သူမက ကျွန်မိန်းမများကို "ကျွန်ုပ်အသင်တို့အား အမျိုးသမီး တစ်ဦးရှိသည့် မိသားစုတစ်စုထံ ခေါ်သွားပါမည်။ ကလေးငယ်သည် ထိုအမျိုးသမီးနို့ကို စို့လိမ့်မည်ဟု ထင်ပါသည်။ ထိုပြင် ထိုအမျိုးသမီးက ကလေးကို ချစ်ခင်ကြင်နာမှုကြီးစွာဖြင့် စောင့်ရှောက်ပါလိမ့်မည်" ဟုပြောခဲ့သည်။ ထိုစဉ်က ကျွန်မိန်းကလေး များထံက ထိုသူမသည် ကလေးမိခင်လော သို့မဟုတ် ကလေးနှင့် အနီးစပ်ဆုံး ဆွေမျိုးသားချင်းလော ဟူသည်ကို သံသယဖြစ်ကြသည်။ ဖြစ်နိုင်သည်မှာ သူမအဆိုပြုသော မိသားစုသည် ဤကလေးငယ်ကို စာနာ၍ ချစ်ခင်ကြင်နာမည်ဟု ယုံယုံကြည်ကြည် ပြောဆိုခြင်းကြောင့်ဖြစ်သည်။

ဤနေရာ၌ စိုက်ယိဒိနာအိဝနိအဗ္ဗားစ် ﷺက ရပ်တန့်၍ ဤသည်မှာ တတိယစမ်းသပ်ချက် **فتون** ဖြစ်သည်ဟု အိဗိနိဂျုဗိုင်း ﷺအား ပြောခဲ့သည်။ (အကြောင်းမှာ စိုက်ယိဒိနာမူစာ ﷺ၏ အမေမှာသံသယဖြစ်မှုဖြင့် ဖမ်းချုပ်ခံရသည်။ သို့သော် သူမကအိန္ဒြေမပျက်ဘဲ ကျွန်မိန်းကလေးများကိုပြောသည်မှာ မိသားစုက ကလေးငယ်ကို ချစ်ခင်မြတ်နိုးလိမ့်မည်ဖြစ်ကြောင်းနှင့် ထိုကလေးကို နှစ်နှစ်ကာကာ အလုပ်အကျွေးပြုခြင်း၏ အဓိပ္ပာယ်မှာ ထိုသူတို့သည် ဖိရ်အောင်နန်းတော်သို့ ဝင်ထွက်ခွင့်ရကာ သူတို့အတွက် ရုပ်ဝတ္ထုဆိုင်ရာ အကျိုးအမြတ်ရနိုင်ကြောင်း မျှော်လင့်ချက်ကြောင့် ဖြစ်သည်။) ဤရှင်းပြချက်က ကျွန်မိန်းမကလေးများ ကျေနပ်ကြကာ သူမကိုလွှတ်ပေးလိုက်သည်။ သူမသည် အိမ်သို့အမြန်ပြန်သွား၍ဖြစ်ခဲ့သမျှကို မိခင်ကြီးအား ပြောပြခဲ့သည်။ ထိုနောက် သူတို့နှစ်ဦးစလုံး ဈေးတွင် ကလေးငယ်နှင့်အတူ ရှိနေသည့် ကျွန်မိန်းကလေးတို့ထံ သွားခဲ့သည်။ မိခင်ကြီးသည် ကလေးငယ်ကို ပွေ့ချီ၍ နို့တိုက်လိုက်သည်။ ကလေးက အငမ်းမရနို့စို့ခဲ့ကာ အားရတင်းတိမ်သောအခါမှ နို့ကိုလွှတ်ခဲ့သည်။ အဆုံးတွင် ကလေးငယ်က နို့စို့သော အမျိုးသမီးတစ်ဦးကို တွေ့ရှိကြောင်း အကြောင်းကြားသောအခါ၌ ဖိရ်အောင်နဇနီးသည် အလွန်ပျော်ရွှင်သွားခဲ့ကာ ထိုအမျိုးသမီးကို သူမထံခေါ်လာစေရန် အမိန့်ပေးခဲ့သည်။ စိုက်ယိဒိနာမူစာ ﷺ၏ မိခင်ရောက်လာသောအခါ ဖိရ်အောင်နဇနီးသည် သူမနှင့်သူမ၏ဝန်ဆောင်မှုကို အလွန်လိုအပ်နေကြောင်း သတိထားမိခဲ့သည်။ ထိုအချိန်ကျမှ သူမ

သည် သားငယ်နှင့် ခဏတာ ခွဲခွာခဲ့ရပြီး ပြန်လည်ပေါင်းစည်းရမည်ဟူသော အလွှာဟ်အရှင်မြတ်၏ ကတိတော်ကို ပြန်လည်သတိရ အောက်မေ့ခဲ့ပေသည်။ ထိုကြောင့် စိုက်ယိဒိနာမူစာ ﷺ၏မိခင်သည် သူ၏အမှုထမ်းမှုကို သူမစိတ်ကြိုက် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့သည်။ ဖိရ်အောင်နဇနီးက ကလေးငယ်နှင့်တစ်ခဏပင် မခွာနိုင်လောက်အောင် ချင်ခင်ကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် သူမသည် ကလေးငယ်ကို ပြုစုစောင့်ရှောက်ရန် နန်းတွင်းတွင် နေထိုင်ခွင့်ပေးခဲ့သည်။ သို့သော်လည်း စိုက်ယိဒိနာမူစာ ﷺ၏မိခင်က ထိုသို့လုပ်ဆောင်ရန် ငြင်းဆိုခဲ့သည်။ သူမတွင် ကလေးတစ်ဦးရှိ၍ ထိုကလေးငယ်ကိုလည်း ပြုစုစောင့်ရှောက်ရမည်ဖြစ်သောကြောင့် အိမ်မှမခွာနိုင်ဟု ပြောခဲ့သည်။ သို့သော်လည်း သူမကိုယုံကြည်၍ ကလေးငယ်ကို သူမနှင့်ထည့်ပေးလိုက်လျှင် သူမသည် ကလေးငယ်ကိုကောင်းမွန်စွာ ထိန်းသိမ်းပြုစု စောင့်ရှောက်ပါမည်ဟု ပြောခဲ့သည်။ အကယ်၍ သူမအဆိုပြုသလို ဖိရ်အောင်နဇနီးကလက်ခံခဲ့လျှင် သူမအနေဖြင့် ကလေးငယ်ကို လိုလေသေးမရှိ အကောင်းဆုံးပြုစု၍ စောင့်ရှောက်ပါမည့်အကြောင်း အာမဘန္ဓေ ခံခဲ့သည်။ ဖိရ်အောင်နဇနီးမှာ ရွေးချယ်စရာမရှိတော့၍ ဤအစီအစဉ်ကို လက်ခံခဲ့သည်။ ထို့ကြောင့် ကလေးငယ်သည် သူမိခင်နှင့် ပြန်လည်ပေါင်းစည်းမိခဲ့ကာ သူမကို အလွှာဟ်အရှင်ပေးထားသော ကတိသည်လည်း ဖြည့်ဆည်းပြီးဖြစ်ပေသည်။

အချိန် အတော်ကြာညောင်းသောအခါတွင် စိုက်ယိဒိနာမူစာ ﷺသည် ကျန်းမာသန်စွမ်း ကြီးထွားလာခဲ့သည်။ ဖိရ်အောင်န ဇနီးသည် ကလေးကိုမြင်တွေ့လိုသဖြင့် စိုက်ယိဒိနာမူစာ ﷺ၏ မိခင်ကို သူမထံ ကလေးကို ခေါ်ဆောင်လာစေရန် ခိုင်းလိုက်သည်။ (သူမမှာ ကလေးကို လွမ်းနေခဲ့ပါသည်။) နန်းတွင်းသူ နန်းတွင်းသားအားလုံးအား ကလေးငယ်လာမည့်အကြောင်း ထိုက်သင့်သည့် ဂုဏ်ပေးရမည့်အကြောင်းနှင့် သူတို့လက်ဆောင်ပဏ္ဏာများ ဆက်သ ရမည့်အကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့သည် ကလေးငယ်ကို မည်သို့ဆက်ဆံကြောင်း သူမက စောင့်ကြည့်နေမည်ဆိုကြောင်းကို သတိပေးခဲ့သည်။ ထိုကြောင့် စိုက်ယိဒိနာမူစာ ﷺနှင့် သူမိခင်တို့သည် အိမ်မှထွက်လျှင်ထွက်ချင်း လက်ဆောင်ပဏ္ဏာများ အလျှံအပယ် ရရှိခဲ့သည်။ ဖိရ်အောင်နဇနီးသည် ကလေးငယ်ကိုတွေ့ မြင်ရသောအခါ အလွန်ကျေနပ်နှစ်ခြိုက်ကာ သူမကိုယ်ပိုင် အဖိုးတန်လက်ဆောင် များစွာကိုပေးကာ လက်ဆောင်များအားလုံးကို စိုက်ယိဒိနာမူစာ ﷺ၏ မိခင်အား ရယူစေပါသည်။ ထို့နောက် သူမက ကလေးငယ်ကို ဖိရ်အောင်နထံ ခေါ်ဆောင်သွား၍ ဖိရ်အောင်နကလည်း လက်ဆောင်များပေးလိမ့်မည်ဟု သူမကမျှော်လင့်ခဲ့သည်။ ဖိရ်အောင်နက ကလေးကို ပွေ့ချီလိုက်သောအခါ ကလေးငယ်က ဖိရ်အောင်နဦးခေါင်း ညွှတ်သွားလောက်အောင် မုတ်ဆိတ်ကို ဆောင့်ဆွဲလိုက်သည်။ နန်းတွင်းသူနန်းတွင်းသားများသည် အထိတ်တလန့်ဖြစ်သွားကြကာ ဖိရ်အောင်နကို လျှောက်တင်သည်မှာ "စိုက်ယိဒိနာအိဗ်ရာဟင်မ် ﷺအပေါ် အလွှာဟ်အရှင် မြတ်ကတိပေးခဲ့ကြောင်းကို အရှင်မင်းကြီးအား ကျွန်တော်မျိုးတို့ သတိပေးပြီးဖြစ်သည်။ ယင်းကတိမှာ ဗနီအစ္စရာအီလ်မျိုးနွယ်တွင် တမန်တော်တစ်ပါး ပွင့်တော်မူလိမ့်မည်အကြောင်း ထို တမန်တော်သည် အရှင့်တိုင်းပြည်နှင့် ဥစ္စာဓနများကို သိမ်းပိုက်ကာ အရှင့်ကို ရှုံးနိမ့်စေကာ ဖယ်ရှားလိမ့်မည်ဟူ၍ ဖြစ်ပေသည်။ အလွှာဟ်အရှင်မြတ်၏ ကတိတော်ဖြည့်ဆည်းမှု ပထမလက္ခဏာများကို အရှင်မြတ် ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ရှိခဲ့ရပြီးဖြစ်သည်" ဟူ၍ဖြစ်သည်။ ဖိရ်အောင်နသည် သတိပေးချက်ကို အလေးထား၍ ကလေးငယ်ကို သက်ပစ်ရန်သူ၏ တပ်သားများကို အမိန့်ပေးခဲ့သည်။

ဤနေရာတွင် စိုက်ယိဒိနာအဗ္ဗာစ်ﷺက သူ၏ဆင့်ပြန်ချက်ကို တစ်ဖန် ရပ်နားခဲ့ကာ "အို- အိဗနီဂျုိင်းရ်၊ ဤသည်မှာ စိုက်ယိဒိနာမူစာ ﷺ အတွက် စတုတ္ထစမ်းသပ်ချက် **فتون** ဖြစ်သည်။ ဤစမ်းသပ်မှုတွင် အသက်အန္တရာယ်နှင့် အလွန်နီးကပ်လှပါသည်"ဟုပြောခဲ့သည်။

ဖိရ်အောင်နှ်၏ ဇနီးသည် ကလေးသူငယ်အား ကယ်တင်နိုင်ရန်အတွက် ချက်ချင်း သွားရောက်ကာ သူ၏ ခင်ပွန်းအား ပြောကြားခဲ့သည်မှာ "အသင်သည် ဤခလေးကို ကျွန်ုပ်အား ပေးအပ်ပြီးဖြစ်ပါသည်။ ဤကလေးသည် ကျွန်မပိုင်ဆိုင်သော ကလေးဖြစ်ပါသည်။ ထို့ကြောင့် ဤကဲ့သို့ အဘယ်ကြောင့် ရုတ်ရုတ်သဲသဲဖြစ်နေရပါသနည်း" ဟူ၍ဖြစ်သည်။ ဖိရ်အောင်နှ်ကပြောသည်မှာ "အသင်မမြင်ဘူးလား၊ ဤကလေး၏ လုပ်ရပ်က ကျွန်ုပ်အား သတိပေးနေသည်မှာ တစ်နေ့နေ့တွင် ဤကလေးက ကျွန်ုပ်အား ဖယ်ထုတ်ခါ ကျွန်ုပ်သည် ကျွန်ုပ်၏တိုင်းပြည်ကို စွန့်လွှတ်စေပါမည်" ဟူ၍ဖြစ်သည်။ သူ၏ဇနီးသည်က ပြန်လည်ပြောကြားသည်မှာ ဤလုပ်ရပ်သည် အပြစ်မဲ့ပြီး မသိ နားမလည်သော ကလေးတစ်ယောက်၏ လုပ်ရပ်လော သို့မဟုတ် အသင်၏ အချုပ်အခြာအာဏာကို အာခံရန်အတွက် တမင်ရည်ရွယ်ပြီး လုပ်သော လုပ်ရပ်လောဆိုသည်ကို အတည်ပြုရန်အတွက် အသေချာဆုံးနည်းလမ်းကို ကျွန်မသိပါ သည်။ အစေခံတစ်ဦးအား လင်ပန်းနှစ်ချပ်ယူလာရန် အသင် အမိန့်ပေးလိုက်ပါ။ လင်ပန်းတစ်ချပ်ထဲတွင် မီးကျီးခဲနှစ်ခဲ ထည့်စေပြီး အခြားသောလင်ပန်းတွင် တောက်ပသောပုလဲနှစ်လုံးထည့်ကာ ဗန်းနှစ်ချပ်စလုံးကို ကလေးသူငယ်၏ရှေ့မှောက်တွင် ထားလိုက်ပါ။ အကယ်၍ သူသည် မီးကျီးခဲကိုကောက်လိုက်ပါက သူ၏လုပ်ရပ်၏အကျိုးဆက်များကို လုံးဝမသိ နားမလည်ကြောင်း သက်သေပြပြီးဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အသိဉာဏ်ရှိသော မည်သူမဆို မီးကျီးခဲကို ကိုင်လိမ့်မည် မဟုတ်ပါ"ဟူ၍ဖြစ်သည်။ ဖိရ်အောင်နှ်က ဤစမ်းသပ်မှုကို ပြုလုပ်ရန် သဘောတူခဲ့ပြီး လင်ပန်းနှစ်ချပ်အား စိုက်ယိဒိနာမူစာ ﷺ၏ ရှေ့တွင်ထားလိုက်သောအခါ၌ သူက မီးကျီးခဲကို ကိုင်လိုက်ပါသည်။ (သို့သော် အခြားသော ဆင့်ပြန်ချက်တစ်ခုထဲ၌လာရှိသည်မှာ စိုက်ယိဒိနာမူစာ ﷺက ပုလဲများကို ကောက်ယူလိုသော်လည်း ဂျိဗ်ရာအီလ် ﷺက စိုက်ယိဒိနာမူစာ ﷺ၏လက်ကို မီးကျီးခဲပေါ်သို့ ရောက်သွားစေပါသည်။) ဖိရ်အောင်နှ်က ဤဖြစ်ရပ်ကိုမြင်ခဲ့သော အခါ၌ ကလေးအား ဘေးအန္တရာယ်မှ အကာအကွယ်ပေးရန်အတွက် ကလေးလက်ထဲမှ မီးကျီးခဲကို ရုတ်တရက်ယူပစ်လိုက်ပါသည်။ ထို့ကြောင့် ဖိရ်အောင်နှ်၏ဇနီးသည် မှန်ကန်သည်ဆိုကြောင်း သက်သေပြပြီးဖြစ်ပါသည်။ သူမက ဖိရ်အောင်နှ် ဘုရင်ဘက်သို့ လှည့်ကာပြောသည်မှာ "အို-ဘုရင်မင်းမြတ်၊ ယခုအခါ၌ အရှင် သည် အမှန်တရားကို သိသွားခဲ့ပါပြီ"ဟူ၍ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်သည် စိုက်ယိဒိနာမူစာ ﷺ၏ အသက်ကို ကယ်တင်လိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်သည် စိုက်ယိဒိနာမူစာ ﷺအား အထူးတာဝန် တစ်ရပ်အတွက်ရွေးချယ်ပြီးဖြစ်ပါသည်။ (ထို့ကြောင့် စိုက်ယိဒိနာမူစာ ﷺ ဖိရ်အောင်နှ်ဘုရင်၏ နန်းရှိန်အဝါအဖြင့် သူ၏မိခင်၏ ကြီးမားသော ချစ်မြတ်နိုးမှုတို့ကို အဆက်မပြတ်ခံစားရင်း လူလားမြောက်ခဲ့ပါသည်။) စိုက်ယိဒိနာမူစာ ﷺအား ဘုရင့်မိသားစုက ဂုဏ်အရှိန်အဝါ ပေးမှုကြောင့် ဖိရ်အောင်နှ်၏လူများသည် ယခင်ကကဲ့သို့ ဗနီအစ္စရာအီလ် မျိုးနွယ်စုတို့အား စော်ကားမော်ကား လုပ်ခြင်းနှင့်ညှဉ်းပန်းနှိပ်စက်မှုများ မလုပ်ရဲတော့ပါ။ တစ်ရက်တွင် စိုက်ယိဒိနာမူစာ ﷺသည် မြို့ထဲသို့လမ်းလျှောက်ထွက်ခဲ့သောအခါ၌ အချင်းများနေကြသော လူနှစ်ဦးကိုကြုံတွေ့ခဲ့ရပါသည်။ တစ်ဦးမှာ ဖိရ်အောင်နှ်၏လူဖြစ်ပြီး နောက်တစ်ဦးမှာ ဗနီအစ္စရာနီအီလ်မျိုးနွယ်စုဝင်တစ်ဦးဖြစ်ပါသည်။ အစ္စရာအီလ်မျိုး နွယ်စုဝင်က စိုက်ယိဒိနာမူစာ ﷺအားအကူညီပေးပါရန် တောင်းခံခဲ့သည်။ စိုက်ယိဒိနာမူစာ ﷺသည် ဖိရ်အောင်နှ်၏လူအားအလွန်စိတ်ဆိုးသွားခဲ့ပါသည်။ နန်းတွင်း၌ ဂုဏ်သရေရှိသူမှန်းသိလျက်နှင့် သူ၏မျက်စိအောက်၌ အစ္စရာအီလ် မျိုးနွယ်စုဝင်တစ်ဦးအား အနိုင်ကျင့်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် သူသည် ထိုသူအပေါ်၌ အသနားအကြင်နာ ပိုခဲ့ပါသည်။ (သနားကြင်နာခြင်းမှာ အီဂျစ်လူမျိုးများက အိစ္စရာအီလ်မျိုးနွယ်စုဝင်တို့အား အမြဲတစေ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံသောကြောင့်ဖြစ်ပါသည်)သူသည် အစ္စရာအီလ်မျိုးနွယ်စုအား ကြင်နာရခြင်းမှာ သူ့အား အစ္စရာအီလ်မျိုးနွယ်စုဝင်တစ်ဦးက ပြုစုပျိုးထောင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟူ၍ လူအများစုကမှတ်ယူကြပါသည်။ ဖြစ်နိုင်သေးသည်မှာ အလ္လာဟ်တအာလာသည် သူ့အား

သူ၏မိခင်မှတစ်ဆင့် (သို့မဟုတ်) အခြားသောနည်းလမ်းဖြင့် သူကိုယ်၌ သည်ပင်လျှင် အစွဲရာအီလ်မျိုးနွယ်စုဝင်တစ်ဦးဖြစ်ကာ သူအားပြုစုပျိုးထောင်သော အမျိုးသမီးသည် သူ၏မိခင်ဖြစ်ကြောင်း အသိပေးနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ အလွန့်အလွန် ဒေါသဖြစ်သောကြောင့် စိုက်ယိဒိနာမူစာ ﷺ က အီဂျစ်လူမျိုးအား ပြင်းထန်စွာ ရိုက်နှက်ခဲ့သောကြောင့် ထိုသူထိုနေရာ၌ပင် သေဆုံးသွားခဲ့ပါသည်။ အချင်းဖြစ်ရာ၌ မျက်မြင်သက်သေ အဖြစ် အစွဲရာအီလ်မျိုးနွယ်ဝင်သာ ရှိခဲ့ပါသည်။ ထို့ကြောင့် စိုက်ယိဒိနာမူစာ ﷺ က ထိုသူသည် တိုင်တန်းလိမ့်မည် မဟုတ်ဟု ယုံကြည်စိတ်ချခဲ့ပါသည်။

အီဂျစ်ပြည်သား သေဆုံးမှုက စိုက်ယိဒိနာမူစာ ﷺ အား ဝမ်းနည်းပူဆွေးစေပြီး သူကပြောသည်မှာ **هَٰذَا مِنْ عَمَلِ الشَّيْطَٰنِ ۖ إِنَّهُۥ عَدُوٌّ مُّضِلٌّ مُّبِينٌ** "ထိုမူစာက ဤသည် ရွိုင်တွာန်မိစ္ဆာ အပြုအမူပင်ဖြစ်သည်။ ဇကန်မလွဲ ထိုရွိုင်တွာန်မိစ္ဆာကောင်မှာ ထင်ရှားစွာ လမ်းလွဲစေသော ရန်သူပင်ဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။ ထို့နောက် သူက အလ္လာဟ်အရှင်မြတ်အထံတော်သို့-

رَبِّ إِنِّى ظَلَمْتُ نَفْسِى فَٱغْفِرْ لِى فَغَفَرَ لَهُۥٓ ۚ إِنَّهُۥ هُوَ ٱلْغَفُورُ ٱلرَّحِيمُ

"အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်၊ ဇကန်မလွဲ ကျွန်တော်မျိုးသည် မိမိကိုယ်ကိုမိမိ နှိပ်စက်မိပါပြီ။ အရှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါဟု လျှောက်ထားပန်ကြားခဲ့ရာ ထိုအရှင်မြတ်သည် ၎င်းအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူခဲ့ပေသည်။ စင်စစ်ဇကန် ထိုအရှင်မြတ်သည်ပင်လျှင် အလွန်တရာခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အလွန်တရာကြင်နာ သနားကရုဏာပြုတော်မူသော အရှင် မြတ်ပင် ဖြစ်တော်မူပေသည် (၂၈း၁၆)" ဟူ၍ ဒုအာတောင်းဆိုခဲ့သည်။

ဤအဖြစ်အပျက်ပြီးခဲ့သည့်နောက်တွင် စိုက်ယိဒိနာမူစာ ﷺ အီဂျစ်လူမျိုးအသတ်ခံရမှုနှင့် ပတ်သက်၍ ဖိရ်အောင်နှဘုရင်အား တိုင်ကြားခြင်း ရှိမရှိကို တိတ်တဆိတ် စုံစမ်းခဲ့ပါသည်။ ဖိရ်အောင်နှဘုရင်အား တိုင်ကြားပြီးကြောင်း အိစ်ရာအီလ်မျိုးနွယ်စုက အီဂျစ်လူမျိုးတစ်ဦးအား သတ်ဖြတ်ခဲ့သောကြောင့် ထိုမျိုးနွယ်စု ပြည့်ပြည့်ဝဝ ပြစ်ဒဏ်ခတ်ရပါမည်။ သူတို့အား သနားစရာမလိုဟု မိန့်ခဲ့သည်ဆို ကြောင်း သူသိရှိခဲ့ရပါသည်။

ဖိရ်အောင်နှက လူသတ်သမားအား သက်သေအပြည့်အစုံဖြင့်စုံစမ်းဖော်ထုတ်ရန် ထိုသူများကိုပြောခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အစွဲရာအီလ်လူမျိုးတို့၏ ဘုရင်တစ်ပါးဖြစ်သော်လည်း သက်သေအပြည့်အစုံမရှိဘဲလျက် တစ်စုံတစ်ဦးအား အပြစ်ဒဏ်ပေးခြင်းသည် မလျော်ကန်သောလုပ်ရပ်ဖြစ်ပါသည်။ ထို့နောက် ဖိရ်အောင်နှက ထိုသူတို့ကို ပြောကြားခဲ့သည်မှာ ၎င်းတို့က ပြစ်မှုကျူးလွန်သူအား သက်သေအပြည့်အစုံဖြင့် ဖော်ထုတ်နိုင်ပါက ထိုပြစ်မှုကျူးလွန်သူကို ညှာတာလိမ့်မည်မဟုတ်ကြောင်းကို သူကၐင်းတို့အား ယုံကြည်စိတ်ချစေပါသည်။ ထို့ကြောင့် လူများသည်လူသတ်သမားကို ရှာဖွေရန်ထွက်ခဲ့ကြသော်လည်း မည်သည့် သဲလွန်စမျှ ရှာဖွေ၍မရရှိခဲ့ပါ။

နောက်နေ့၌ စိုက်ယိဒိနာမူစာ ﷺ သူ၏အိမ်အပြင်သို့ ထွက်လာရာ၌ ထိုအစွဲရေးလီမျိုးနွယ်စုဝင်သည်ပင်လျှင် အီဂျစ်လူမျိုးတစ်ဦးနှင့် ရန်ဖြစ်နေသည်ကိုတွေ့ရပါသည်။ သို့ရာတွင် ထိုသူက စိုက်ယိဒိနာမူစာ ﷺ ကို တစ်ဖန် အကူအညီ တောင်းခံခဲ့ပြန်သည်။ သို့ရာတွင် စိုက်ယိဒိနာ မူစာ ﷺ မှာမူ ယမန်နေ့ကဖြစ်ပျက်ခဲ့သည်အတွက် ပူဆွေး ဝမ်းနည်းဖြစ်နေရကာ အစွဲရာအီလ်လူမျိုးအပေါ်၌ အလွန်ဒေါသဖြစ်ကာ ရန်ဖြစ်လေ့ရှိသည့် အစွဲရာအီလ်မျိုးနွယ်စုဝင်ကို ပြစ်တင် မောင်းမဲခဲ့ပါသည်။ သို့သော်လည်း စိုက်ယိဒိနာမူစာ ﷺ သည် ဖိရ်အောင်နှ၏လူက အစွဲရာအီလ်မျိုးနွယ်စုအား တိုက်ခိုက်ခြင်းမှဟန့်တားချင်သကဲ့သို့စကားများလေ့ရှိသောအစွဲရာအီလ်မျိုးနွယ်စုဝင်အားပြစ်တင်မောင်းမဲလိုပါသည်။ စိုက်ယိဒိနာမူစာ ﷺ အလွန်ဒေါသထွက်နေသည်ကို အစွဲရာအီလ်လူမျိုးက မြင်ရသောအခါ၌ သူကိုလည်း သတ်ဖြတ်

လိမ့်မည်ဟူ စိုးရိမ်မှုဖြစ်သွားပါသည်။ ထို့ကြောင့် သူကအော်ဟစ် ပြောဆိုခဲ့သည်မှာ "အို- မူစာ၊ ယမန်နေ့က အသင် လူတစ်ယောက်ကို သတ်လိုက်သကဲ့သို့ ကျွန်ုပ်ကိုလည်း သတ်ဦးမည်လော" ဟူ၍ဖြစ်သည်။

ထို့နောက် သူတို့သည် လူစုခွဲခဲ့ကြပါသည်။ သို့ရာတွင် အီဂျစ်လူမျိုးကမူ ရှာဖွေနေသောသူများထံသို့ အလျင်အမြန်သွားရောက်ခဲ့ကာ အိစ္စရာအီလ်မျိုးနွယ်စုဝင်ကိုယ်၌က စိုက်ယိဒိနာမူစာ ﷺသည် ယမန်နေ့က လူတစ်ဦးကို သတ်ဖြတ်ခဲ့သည်ဆိုကြောင်း သတင်းပေးခဲ့ပါသည်။ ဤနောက်ဆုံးရသည့်သတင်းကို ဖိရ်အောင်နှဘုရင်အား အသိပေးခဲ့သောအခါ၌ သူက စိုက်ယိဒိနာမူစာ ﷺအား ဖမ်းဆီးကွပ်မျက်ရန် သူ၏စစ်သည်များကို အမိန့်ပေးခဲ့ပါသည်။ စိုက်ယိဒိနာမူစာ ﷺသည် မည်သည့်နည်းနှင့်မျှ လွတ်မြောက်သွားလိမ့်မည်မဟုတ်ဟု ယုံကြည်ကြသော စစ်သည်တော်များသည် မြို့၏လမ်းမကြီးအတိုင်း စိုက်ယိဒိနာမူစာ ﷺအား လိုက်လံရှာဖွေကြပါသည်။ မြို့စွန်မြို့ဖျားတွင် နေထိုင်သော စိုက်ယိဒိနာမူစာ ﷺ၏ နောက်လိုက်တစ်ဦးသည် ဖိရ်အောင်နှက စိုက်ယိဒိနာမူစာ ﷺအား ကွပ်မျက်ရန် အမိန့်ထုတ်ပြန်မှုကို တစ်နည်းမဟုတ်တစ်နည်း သိရှိရသောအခါ၌ စိုက်ယိဒိနာမူစာ ﷺပေါ် ကျရောက်မည့်အန္တရာယ်ကို သတိပေးရန်အတွက် လမ်းသွယ်များမှတစ်ဆင့် စိုက်ယိဒိနာမူစာ ﷺထံ သွားရောက်ခဲ့ပါသည်။

ဤတွင် စိုက်ယိဒိနာအိပ်နိအဗ္ဗားစ် ﷺသည် သူ၏ပြောကြားမှုကို တစ်ဖန်ရပ်နားကာ ပြောသည်မှာ "အို- အိဗနိဂျုဗိုင်းရ်၊ ဤသည်မှာ စိုက်ယိဒိနာမူစာ ﷺအတွက် ပဉ္စမစမ်းသပ်မှု **تفون** ဖြစ်ပါသည်။ သူအပေါ်၌ သေခြင်းတရားကျရောက် လာသော်လည်း အလ္လာဟ်အရှင်မြတ်က သူ့အားကယ်တင်ခဲ့ပါသည်" ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာမူစာ ﷺသည် မြို့မှချက်ချင်းထွက်ခွာကာ မဒ်ယန်သို့ ဦးတည်သွားရောက်ခဲ့ပါသည်။ သူ၏ဘဝတစ်လျှောက်လုံးကို စည်းစိမ်ရှိရှိ ကုန်ဆုံးခဲ့ကာ ဘယ်သောအခါကမျှ စွမ်းအားစိုက်ထုတ်ရသော အလုပ်မလုပ်ခဲ့ရပါ။ သူသည် ပတ်ဝန်းကျင်ဒေသနှင့် ယင်းဒေသကို ဆက်သွယ်ထားသည့် လမ်းများကိုလည်း အကျွမ်းတဝင်မရှိပါ။ သို့ရာတွင် သူသည်အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်မှုအပြည့်အဝရှိပါသည်။ **عَسٰى رَبِّيْٓ اَنْ يَّهْدِيَنِيْ سَوَآءَ السَّبِيْلِ** "ငါ၏အရှင်မြတ်သည် ငါ့အား လမ်းမှန်ကို ညွှန်ပြတော်မူမည်ကို မျှော်လင့်ရပေသည်ဟု မြွက်ဆိုခဲ့လေသည်။ (၂၈း၂၂)

သူ မဒ်ယန်မြို့နားသို့ နီးကပ်လာသောအခါ၌ ၎င်းတို့၏တိရစ္ဆာန်များအတွက် လူတစ်စု ရေခပ်နေသော ရေတွင်းတစ်တွင်း အနီးအနားတွင် သူရပ်နားခဲ့ပါသည်။ ထိုနေရာ၌ လူအုပ်နှင့်ခပ်လှမ်းလှမ်းတွင် သူတို့၏ဆိတ်များနှင့် အတူရပ်နေသော မိန်းမပျိုနှစ်ဦး ကိုတွေ့ရပါသည်။ သူက ထိုမိန်းမပျိုတို့အား အဘယ်ကြောင့် ခပ်လှမ်းလှမ်းတွင် နေနေရပါသနည်းဟု မေးသောအခါ၌ ယောကျ်ားများနှင့်ရင်ဘောင်တန်း၍ မလုပ်ဆောင်နိုင်သောကြောင့် သူတို့၏တိရစ္ဆာန်များ ရေတိုက်ကျွေးမှုပြီးအောင် စောင့်ဆိုင်းနေရပါသည်။ သူတို့လုပ်ဆောင်ပြီးနောက် အကယ်၍ ရေများ ကျန်သေးခဲ့လျှင် သူတို့သည်လည်း သူတို့၏ဆိတ်များကို ရေတိုက်ကျွေးပါမည်ဟူ၍ ဖြေကြားခဲ့သည်။ စိုက်ယိဒိနာမူစာ ﷺသည် ထိုမိန်းမပျိုကလေးတို့အား သနားသွားကာ သူသည် သန်စွမ်းသော ယောကျ်ားသားတစ်ဦး ဖြစ်သည့် အလျောက် ထိုသူများအကြားသို့တိုးဝင်ကာ ရေငင်ပြီး သူမတို့၏ဆိတ်များကို ရေတိုက်ကျွေးခဲ့ပါသည်။ မိန်းမပျိုကလေး များက သူမတို့၏ဆိတ်အုပ်များနှင့်အတူ အိမ်သို့ပြန်သွားကြပါသည်။ သူကမူ သစ်ပင်ရိပ်တွင်ထိုင်ကာ ဒုအာတောင်း သည်မှာ "အို- ကျွန်တော်မျိုး၏အရှင်မြတ်၊ ဇကန်အမှန် ကျွန်တော်မျိုးသည် အရှင်မြတ် ကျွန်တော်မျိုးထံ ချပေးသနားတော်မူသော မည်သည့်ကောင်းမြတ်သော အရာကိုမဆို လိုလားတောင်းတရသူဖြစ်ပါသည်" ဟူ၍ဖြစ်သည်။ ဤဒုအာဖြင့် သူအား စားစရာနှင့်နေထိုင်ရာ နေရာတစ်ခု ပေးသနားပါရန် အလ္လာဟ်အရှင်ထံ အကူအညီတောင်းခံပါသည်။

အိမ်ပြန်နေကျ အချိန်ထက်စော၍ ပြန်ရောက်လာသော မိန်းမပျိုကလေးများနှင့် သူမတို့၏ ဆိတ်အုပ်ကို

တွေ့ရသောအခါ၌ သူမတို့၏ဖခင်သည် အလွန်အံ့ဩသွားရသည်။ မိန်းမပျိုကလေးတို့က သူမတို့၏ဖခင်အား ကြင်နာတတ်သူတစ်ဦးက သူမတို့၏ ဆိတ်အုပ်အား ရေတိုက်ရန် ၎င်းတို့ကို မည်ကဲ့သို့ အကူအညီပေးခဲ့သည့်အကြောင်း ပြောပြခဲ့ပါသည်။ ဖခင်ကြီးက သမီးတစ်ဦးအား ထိုသူကို ခေါ်ခိုင်းလိုက်သောအခါ၌ သူမသည် ခိုင်းသည့်အတိုင်း ခေါ်လာခဲ့ပါသည်။ ထို့နောက် စိုက်ယိဒိနာမူစာ ﷺက သူ၏အ ဖြစ်သနစ်များကို ပြောပြသည့်အခါ၌ ထိုသူကပြောသည်မှာ "رَبِّ اِنِّیۡ لِمَاۤ اَنۡزَلۡتَ اِلَیَّ مِنۡ خَیۡرٍ فَقِیۡرٌ" အသင်သည် မစိုးရိမ်လေနှင့်။ အသင်သည် မတရားသောသူတို့ (၏)ဘေးရန်မှ လွတ်မြောက်ခဲ့လေပြီ" (၂၈း၂၅) ဟူ၍ဖြစ်သည်။

မိန်းမပျိုကလေးများအနက်မှ တစ်ဦးက စိုက်ယိဒိနာမူစာ ﷺအား အခကြေးငွေပေး၍ အလုပ်လုပ်စေရန် သူမ၏ ဖခင် အား "یٰۤاَبَتِ اسۡتَاۡجِرۡهُ ۫ اِنَّ خَیۡرَ مَنِ اسۡتَاۡجَرۡتَ الۡقَوِیُّ الۡاَمِیۡنُ" အို- ဖခင်၊ အသင်ဖခင်သည် ဤသူအား (သူရင်းငှားအဖြစ်) ငှားထားပါ။ ဧကန်မလွဲ အသင်ဖခင်သည် (သူရင်းငှားအဖြစ်) ငှားအံ့သောသူတို့တွင် ခွန်အားရှိသူ ယုံကြည်စိတ်ချအပ်သောသူသည် အကောင်းဆုံးပင်ဖြစ်ပါသည်"ဟူ၍ အကြံပေးပြော ကြားခဲ့သောအခါ၌ ဖခင်ကြီးသည် သူမ၏ပြောစကားတို့ကြောင့် စိတ်မတည်မငြိမ်ဖြစ်သွားခဲ့ကာ ထိုသူသည် ကျန်းမာသန်စွမ်းပြီး ယုံကြည်စိတ်ချထိုက်သည့်ဟု အသင် အဘယ်သို့ သိသနည်းဟူ၍ မေးခဲ့လေသည်။ သူမက ဖြေကြားသည်မှာ သူသည် သိုးကျောင်းသားများအား တွန်းဖယ်ကာ ရေတွင်းမှ ရေကိုခပ်ပြီး ဆိတ်များကို ရေတိုက်ကျွေးခြင်းကို မြင်တွေ့ရခြင်းကြောင့်ဖြစ်သည်။ သူယုံကြည်ကိုးစားထိုက်သည်ဆိုကြောင်း သူမသိရပုံမှာ သူ့အား အိမ်သို့လာရန် သွားရောက် ခေါ်ဆောင်စဉ်က သူသည် ဖိတ်ကြားမှုမပြီးမချင်း မျက်လွှာချထားပါသည်။ ထို့နောက် သူမအားနောက်မှနေ၍ လိုက်ပါလာရန်နှင့် နောက်မှနေ၍ လမ်းညွှန်ပေးရန် ပြောကြားပါသည်။ ယုံကြည်ကိုးစားထိုက်သူသည်သာ ထိုကဲ့သို့မျိုးလုပ်ဆောင်ပါသည်။ ဖခင်ကြီး(သူသည် စိုက်ယိဒိနာ ရှိအိုက်ဖြစ်ကာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်ပါသည်။) သူ၏အကြောင်းကို ကြားသိပြီးသည့်နောက် အလွန်အားရကျေနပ်ပါသည်။ ၎င်းနောက် သူနှင့် ရှစ်နှစ်အလုပ်လုပ်ကိုင်ပါက သူ၏ သမီးတစ်ဦးနှင့် လက်ထပ်ပေးမည်ဟု စိုက်ယိဒိနာမူစာ ﷺအား ဖခင်ကြီးက အဆိုပြုခဲ့ပါသည်။ ၎င်းနောက် ဖခင်ကြီးက ဆက်ပြောသည်မှာ အကယ်၍ စိုက်ယိဒိနာမူစာ ﷺ ကျေနပ်ပါက သူ့အား နောက်ထပ်နှစ်နှစ် အလုပ်အကျွေးပြုစေလိုပါသည်။ သို့ရာတွင် ဤအချက်သည် ထိမ်းမြားခြင်းနှင့် မပတ်သက်သောအချက်ဖြစ်ပါသည်။ စိုက်ယိဒိနာမူစာ ﷺသည် ဤအချက်များကို လက်ခံခဲ့ကာ အဆုံး၌ အလ္လာဟ်အရှင့်အမိန့်တော်အရ စိုက်ယိဒိနာရှုအိုက် ﷺအား ဆယ်နှစ်တိတိ အလုပ်အကျွေးပြုခဲ့ပါသည်။

စိုက်ယိဒိနာအိပ်နစ်အိဒ်ဂျိုင်း ﷺက ပြောသည်မှာ "တစ်ချိန်တုန်းက ခရစ်ယာန်ပညာရှင်တစ်ဦးနှင့် ကျွန်ုပ်တွေ့ခဲ့ရာ၌ သူကကျွန်ုပ်အား စိုက်ယိဒိနာမူစာ ﷺသည် စိုက်ယိဒိနာရှုအိုက် ﷺ သခင်ထံ၌ အချိန်မည်မျှကြာအောင် အလုပ်လုပ်ခဲ့သည်ကို သိပါသလောဟူ၍ မေးမြန်းခဲ့သည်။ ဤအချိန်တွင် စိုက်ယိဒိနာအိပ်နအဗွားစ်သည် ကျွန်ုပ်အား ဟဒီးစ်ဆင့်ပြန်ချက်ကို မပြောခဲ့သေးပါ။ ထို့ကြောင့် ကျွန်ုပ်ကသူ့အား သူ၏မေးခွန်း၏အဖြေကို ကျွန်ုပ်မသိပါဟူ၍ ပြောခဲ့ပါသည်။ထို့နောက်ကျွန်ုပ်စိုက်ယိဒိနာအိပ်နိအဗွားစ်နှင့်တွေ့သောအခါဤမေးခွန်းကိုပင် သူကိုမေးခဲ့သောအခါ၌ သူက ကျွန်ုပ်အား အသိပေးခဲ့သည်မှာ စိုက်ယိဒိနာမူစာ ﷺသည် စာချုပ်ပါသဘောတူညီအချက်အရ ရှစ်နှစ်ကြာသည်အထိ အလုပ်အကျွေးပြုရပါမည်။ ယင်းအလုပ်ပြုရမည့်ကာလသည် မည်သည့်အကြောင်းကြောင့်နှင့်မျှ လျော့၍မရပါ။ ထို့ပြင် အလ္လာဟ်အရှင်၏ ဆန္ဒတော်အရ သူသည် အလုပ်အကျွေးပြုရမည့် အချိန်ကို နှစ်နှစ်ထပ်၍တိုးခဲ့ပါသည်။ ထို့ကြောင့် တကယ်တမ်းဆိုရသော် သူသည် စိုက်ယိဒိနာရှုအိုက် ﷺအား ဆယ်နှစ်တိတိ အလုပ်အကျွေးပြုခဲ့ပါသည်။ နောက်ပိုင်း၌ ခရစ်ယာန်ပညာရှင်နှင့် ကျွန်ုပ်တွေ့ဆုံခဲ့ပြီး သူ့အား သတင်းအချက်အလက်ကို ပေးခဲ့သောအခါ၌ ကျွန်ုပ်

အား သတင်း အချက်အလက်ပေးသောသူသည် ကျွန်ုပ်ထက် အသိပညာရှိမရှိကို သူက မေးခွန်းထုတ်ခဲ့ပါသည်။ ကျွန်ုပ်က သူသည် ကျွန်ုပ်ထက်ပို၍ အသိပညာရှိကြောင်း ပြောခဲ့ပါသည်။ ၎င်းနောက် ကျွန်ုပ်တို့အနက် ထိုသူသည် အလွန်အသိပညာရှိပြီး အကောင်းဆုံးနှင့် အတော်ဆုံးဖြစ်ကြောင်းကို ထိုခရစ်ယာန်ပညာရှိအား ပြောခဲ့ပါသည်။ စိုက်ယိဒိနာရှိအိုက်ထံ၌ အလုပ်အကျွေးပြုမှု ဆယ်နှစ်ပြည့်သောအခါ၌ စိုက်ယိဒိနာမူစာ ﷺ သည် သူ၏ဇနီးသည်နှင့်အတူ မဒ်ယန်မှ ထွက်ခွာခဲ့ပါသည်။ သူက လူအသွားအလာနည်းပြီး အကျွမ်းတဝင်မရှိသောလမ်းကြောင်းကို ရွေးချယ်ခဲ့ပါသည်။ ၎င်းနောက် အလွန်အေးပြီး မှောင်မိုက်သော ညတစ်ည၌ တူတောင်ပေါ်တွင် မီးမြင်ရသောအခါ၌ သူ့ဇနီးသည်အတွက် မီးရရှိရန် ထိုတောင်သို့သွားခဲ့ပါသည်။ ထိုတောင်ပေါ်၌ သူ ထူးဆန်းအံ့ဖွယ်ရာမြင်ကွင်းများကို တွေ့မြင်ခဲ့ရပါသည်။ သူ၏တောင်ဝှေး **عصا** နှင့် သူ၏လက်အား အဖြူရောင် **يد بيضاء** ဖြစ်သွားစေခြင်းစသည့် အံ့ဖွယ်ရာများ ပေးသနားတော်မူခြင်းခံရခြင်း၊ ၎င်းပြင် နဗီတမန်တော်တစ်ပါးအဖြစ် တာဝန်အပ်နှင်းခြင်းကိုလည်း ခံခဲ့ရပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ ဤအကြောင်းအရာများကို နောက်လာမည့် စာမျက်နှာတွင်ဖော်ပြထားပါသည်။ တူရိတောင်ပေါ်တွင် အလွှာဟ်အရှင်က သူ့အား အီဂျစ်ပြည်သို့သွားရောက်ကာ အလွှာဟ်အရှင့်သတင်းကို ဖိရ်အောင်နှ်အား တင်ပြရန် အမိန့်ပေးခဲ့ပါသည်။ ထွက်ပြေးတိမ်းရှောင်နေသော ရာဇဝတ်ကောင်တစ်ဦး သေဒဏ်ပေးခြင်းခံရသောသူတစ်ဦး အဖြစ် ကြေညာထားသော သူက နန်းတော်သို့သွားရောက်ကာ သူ၏တာဝန်ဝတ္တရားကို မည်ကဲ့သို့ထမ်းဆောင်ရမည်နည်းဟူ၍ စိတ်ပူပင်သောကရောက်ခဲ့ပါသည်။ ထို့ပြင် သူ၏စကားထစ်မှုကို ပြန်လည်သတိရပါသည်။ ထို့ကြောင့် ဤအဆီးအတားများကို ဖယ်ရှားပေးပါရန် အလွှာဟ်အရှင်ထံ ဒုအာတောင်းခဲ့ပါသည်။ သူ၏ ဒုအာတောင်းဆိုမှုအရ အလွှာဟ်အရှင်သည် သူ၏ တမန်တော်လုပ်ငန်းများကို မျှဝေထမ်းဆောင်စေရန်အတွက် သူ၏နောင်တော်ဟာရွန်ကို တမန်တော်အဖြစ် ခန့်အပ်ခဲ့ ပါသည်။ ၎င်းပြင်ဝဟီဖြင့် စိုက်ယိဒိနာဟာရွန်အား စိုက်ယိဒိနာမူစာ ﷺ အီဂျစ်ပြည်အတွင်း မဝင်မီ သွားရောက်ကြိုဆိုရန် အမိန့်ပေးခဲ့ပါသည်။ ညီအစ်ကိုနှစ်ဦးတို့တွေ့ဆုံပြီးသည့်နောက် အလွှာဟ်အမိန့်တော်အရ ဖိရ်အောင်နှ်အား စစ်မှန်သောယုံကြည်မှုကို လက်ခံစေရန်ဖိတ်ဖို့ရာ နှစ်ဦးစလုံး ဖိရ်အောင်နှ်နန်းတော်သို့ သွားရောက်ခဲ့ကြပါသည်။ အဆင့်အတော်များများ ဖြတ်ကျော်သွားပြီးနောက်မှ ၎င်းတို့မှာ ဖိရ်အောင်နှ်၏ရှေ့မှောက် ရောက်ရှိကြပါသည်။ သူတို့က သူ့အားပြောသည်မှာ **إِنَّا رَسُولَا رَبِّكَ** ကျွန်ုပ်တို့သည် အသင့်ဖန်ဆင်းရှင်၏ တမန်တော်များ ဖြစ်ကြပါသည်။ ဖိရ်အောင်နှ်က သူတို့အား **فَمَنْ رَبُّكُمَا** "သို့ဖြစ်လျှင် အသင်တို့နှစ်ဦးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည်မည်သူနည်း" (၂၀း၄၉) ဟူ၍မေးခွန်းထုတ်သည်။ ဤ မေးခွန်းအတွက် ၎င်းတို့၏ဖြေကြားချက်ကို ကုရ်အာန် ကျမ်းတော်မြတ်ထံ၌-

رَبُّنَا الَّذِيٓ أَعۡطَىٰ كُلَّ شَيۡءٍ خَلۡقَهُۥ ثُمَّ هَدَىٰ

"ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်သည် အသီးသီးသောအရာကို ယင်းအရာနှင့် ထိုက်သည့် အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော် မူပြီးလျှင် နည်းလမ်းကိုညွှန်ပြတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်" ဟူ၍ဖော်ပြထားသည်။ (၂၀း၅၀) ထို့နောက် ဖိရ်အောင်နှ်က သူတို့အား ဘာများအလိုရှိပါသနည်းဟု မေးခွန်းထုတ်သည်။ ထို့နောက် သူက စိုက်ယိဒိနာမူစာ ﷺ အား လူသတ်မှုဖြင့် စွဲချက်တင်ခဲ့ပါသည်။ တစ်ချိန်တည်းတွင် သူသည်သူ၏နန်းတော်အတွင်း၌ စိုက်ယိဒိနာမူစာ ﷺ အား ကြင်နာမှုများဖြင့် မည်ကဲ့သို့ ပြုစုပျိုးထောင်ခဲ့သည်ဆိုသည့် အကြောင်းများကို ပြန်လည်သတိရစေပါသည်။ ဤအချက်နှစ်ချက်နှင့်ပတ်သက်၍ စိုက်ယိဒိနာမူစာ ﷺ ၏ ဖြေကြားချက်ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဖော်ပြထားသည်။ ဖော်ပြချက်မှာ ပထမအချက်ဖြစ်သော အီဂျစ်လူမျိုးအား သတ်ဖြတ်ခြင်းသည် မှားယွင်းမှုတစ်ရပ်ဖြစ်ကာ ယင်းနှင့်ပတ်သက်၍ သူသည် အလွှာဟ်အရှင်မြတ်အထံတော်၌ ခွင့်လွှတ်မှု

တောင်းခံခဲ့ပြီးဖြစ်သည်။ ဒုတိယအချက်နှင့် ပတ်သက်၍ သူက ဖိရ်အောင်နိအား ဗနီအစ္စရာအီလ်မျိုးနွယ်စုတို့ကို ကျွန်ပြုခြင်းနှင့် ၎င်းတို့အပေါ်၌ ဖိနှိပ်ချုပ်ချယ်မှုများနှင့် စွပ်စွဲခဲ့ပါသည်။ ဤကိစ္စရပ်များသည် အမြဲမဖြစ်စေရပါဟူသော သတ်မှတ်ပြီးဖြစ်သော မလွဲမရှောင်နိုင်သည့် ကံကြမ္မာအရ သူ့အား နှန်းတွင်း၌ ပြုစုပျိုးထောင်ခြင်း ခံပါသည်။ ယင်းကိစ္စသည် အလ္လာဟ်အရှင်၏ ဆန္ဒတော်ဖြစ်သောကြောင့် ထိုဆန္ဒတော်အတိုင်းပင် ဖြစ်ပျက်ခဲ့ပါသည်။ သူသည် မည်သူ့ကိုမျှ ကျေးဇူးတင်ရန်မလိုပါ။ ထို့နောက် သူက ဖိရ်အောင်နိအား စစ်မှန်သောယုံကြည်မှုကို လက်ခံရန်ဖိတ်ခေါ်ခဲ့ကာ ဗနီအစ္စရာအီလ်မျိုးနွယ်တို့အား ကျွန်အဖြစ်မှ လွတ်မြောက်စေပါသည်။ ဖိရ်အောင်နိက လက်ခံရန် ငြင်းဆိုခဲ့ပြီး စိုက်ယိဒိနာမူစာ ﷺသည် တမန်တော်တစ်ပါး ဖြစ်သည်ဆိုကြောင်း လက္ခဏာအချို့ ပြသရန် တောင်းဆိုခဲ့ပါသည်။ စိုက်ယိဒိနာမူစာ ﷺ သူ၏တောင်ဝှေး(عصا)အား မြေပေါ်သို့ လွှတ်ချလိုက်သောအခါ၌ ယင်းတောင်ဝှေးသည် ကြီးမားသော မြွေကြီးအဖြစ်သို့ ပြောင်းလဲ သွားကာ ကြောက်စရာအနေအထားဖြင့် ဖိရ်အောင်နိထံသို့တွားသွားခဲ့ပါသည်။ ဖိရ်အောင်နိသည် အလွန်အမင်း ထိတ်လန့်သွားကာ သူ၏သလွန်အောက်သို့ လေးဘက်ထောက်သွားခဲ့ပြီး သူ့အသက်ကို ကယ်တင်ပေးပါရန် စိုက်ယိဒိနာမူစာ ﷺအား တောင်းပန်ခဲ့ပါသည်။ စိုက်ယိဒိနာမူစာ ﷺက မြွေကြီးကို ကောက်ကိုင်လိုက်သောအခါ၌ ယင်းမြွေကြီးသည် တောင်ဝှေးဖြစ်သွားပါသည်။ ထို့နောက် သူက ဖိရ်အောင်နိအား ဒုတိယအဲ့ဖွယ်တစ်ရပ်ကို ပြသခဲ့ပါသည်။ သူက သူ၏လက်အား သူ၏ချိုင်းထဲသို့ထည့်လိုက်ပြီး ပြန်လည်ထုတ်ယူလိုက်သောအခါ၌ ယင်းလက်သည် လင်းဝင်း တောက်ပနေပါသည်။ ထို့နောက်သူက သူ၏ဝင်းလက်တောက်ပနေသော လက်ကို ချိုင်းထဲသို့ပြန်ထည့်လိုက်ပြီး ထုတ်လိုက်သောအခါ၌ ယင်းလက်သည် သာမန်လက်ပင် ဖြစ်သွားပါတော့သည်။

ဖိရ်အောင်နိသည် သူမြင်တွေ့ခဲ့ရသည်တို့အတွက် အလွန်အထိတ်တလန့်ဖြစ်သွားရသည်။ သူ၏ အကြံပေးများ အားလုံးကို စုဝေးစေကာ စိုက်ယိဒိနာမူစာ ﷺ၏ ခြိမ်းခြောက်မှုကို အကောင်းဆုံးရင်ဆိုင်ရန်အတွက် သူတို့စဉ်းစားတွေးတောထားရန် အမိန့်ပေးခဲ့သည်။ သူတို့အချင်းချင်း ဆွေးနွေးတိုင်ပင်ပြီးသည့်နောက် ကိစ္စရပ်သည် လေးနက်ဟန်မရှိကြောင်း ဖိရ်အောင်နိအား သူတို့က စိတ်ချယုံကြည်စေပါသည်။ ထိုသူတို့နှစ်ယောက်တို့မှာ မှော်ဆရာများဖြစ်ကာ သူတို့၏ မှော်အတတ်ဖြင့် အရှင့်အား အရှင်၏ထီးနန်း မဲ့စေလိုပါသည်။ ၎င်းပြင် အရှင့်အား ကိုးကွယ်ထိုက်သောသူဘုရားအဖြစ် ကိုးကွယ်မှုပြုသော ဘာသာတရားကိုလည်း ဖျက်ဆီးချင်ကြပါသည်။ ထိုသူနှစ်ဦးတို့၏ မည်သည့်တောင်းဆိုချက်ကိုမျှ လက်မခံရန် ဘုရင်ကြီးအား အကြံပြုခဲ့ကြသည်။ အခြားတစ်ဖက်၌ ထိုမှော်ဆရာနှစ်ဦးကို အောင်နိုင်သော အီဂျစ်ပြည်တွင်ရှိ နာမည်ကျော်ကြားလှသည့် မှော်ဆရာများကို ဖိတ်ကြားစေပါသည်။

ဖိရ်အောင်နိက ဤအကြံပြုချက်ကို လက်ခံခဲ့သည်။ အီဂျစ်ပြည်တွင်ရှိ ကျော်ကြားလှသော မှော်ဆရာများကို သူ၏ရှေ့မှောက်သို့သွင်းရန်အမိန့်ပေးခဲ့ပါသည်။ထို့နောက်ထိုသူများရောက်ရှိလာသောအခါ၌၎င်းတို့ထံမှမည်သည်ကို မျှော်လင့်သည်ဆိုကြောင်း ဖိရ်အောင်နိက ထိုလူများကို ပြောပြခဲ့ပါသည်။ သူတို့ရင်ဆိုင်ရမည့် မှော်ဆရာများ၏ အထူးလှည့်ကွက်သည် အဘယ်အရာနည်းဟူ၍ ၎င်းတို့က ဖိရ်အောင်နိအား မေးမြန်းခဲ့ပါသည်။ ထိုသူက သူ၏တောင်ဝှေးကို မြွေကြီးတစ်ကောင်အဖြစ် ပြောင်းနိုင်သည်ဟု ဖိရ်အောင်နိက ၎င်းတို့ကို ပြောပြခဲ့သည်။ ထိုသို့ကြားသိရသောအခါ၌ ဤပြကွက်သည် ကြီးကျယ်သောပြကွက် မဟုတ်ကြောင်း ၎င်းတို့က ပေါ့ပေါ့တန်တန်ပြော ခဲ့ပါသည်။ သူတို့သည်လည်း တုတ်ချောင်းများနှင့် ကြိုးများကို မြွေများအဖြစ် ပြောင်းလဲနိုင်ပါသည်။ ထိုသို့သော ပြကွက်မျိုးတွင် ဘယ်သူကမျှ သူတို့နှင့်မယှဉ်နိုင်ဟူ၍ ပြောခဲ့ကြသည်။ သူတို့နှင့် ယှဉ်ပြိုင်ရမည့်သူကို အနိုင်ရခဲ့ပါက ၎င်းတို့အား မည်ကဲ့သို့သော ဆုလာဘ်များကို ပေးမည်ဆိုကြောင်း သိလိုခဲ့ကြပါသည်။ ဖိရ်အောင်နိက ဖြေကြားခဲ့သည်မှာ "အကယ်၍ ဤပြိုင်ပွဲတွင် အသင်တို့အနိုင်ရရှိခဲ့ပါက အသင်တို့အား ကျွန်ပ်၏မိသားစုဝင်အဖြစ် သတ်မှတ်ကာ အသင်တို့ လိုချင်သမျှ ရစေပါမည်" ဟူဖြစ်

သည်။

မော်ဆရာများသည် စိုက်ယိဒိနာမူစာ ﷺနှင့် သဘောတူညီချက်ရယူကာ ပြိုင်ပွဲရက်ကို သတ်မှတ်ခဲ့ပါသည်။ ပြိုင်ပွဲရက်သည် မုဟရမ်လ(၁၀)ရက်ဖြစ်သည်ဆိုကြောင်း အိမ်နီကျဗိုင်းရိက တင်ပြထားသည်။ လူများသည် ဤပြိုင်ပွဲကို ကြည့်ရှုရန်အတွက် ကျယ်ပြောလှသောကွင်းပြင်တွင် စုဝေးနေခဲ့ကြပါသည်။ သူတို့သည် ပြိုင်ပွဲ၏ရလဒ်နှင့် ပတ်သက်၍ သံသယမဖြစ်ခဲ့ကြပါ။ ထိုသူများက စိုက်ယိဒိနာမူစာ ﷺအား အထင်သေးခဲ့ကြပါသည်။ ၎င်းနောက် အထင်သေးစွာ ပြောခဲ့သည်မှာ အကယ်၍ စိုက်ယိဒိနာမူစာ ﷺသည် သူတို့၏ မော်ဆရာတို့အား အနိုင်ရရှိခဲ့ပါက စိုက်ယိဒိနာမူစာ ﷺ၏သာသနာကို လက်ခံမည်ဆိုကြောင်း **لَعَلَّنَا نَتَّبِعُ السَّحَرَةَ إِنْ كَانُوا هُمُ الْغَالِبِينَ** "သို့မှသာလျှင် ကျွန်ုပ်တို့သည် ပဉ္စလက်ဆရာတို့၏ လမ်းစဉ်ကိုပင် အကယ်၍ ၎င်းတို့သည် အောင်နိုင်ကြသည်ရှိသော် လိုက်နိုင်ကြပေသည်။ (၂၆း၄၀)" ဟူ၍ဖြစ်သည်။

ကိစ္စရပ်အားလုံး အဆင့်သင့်ဖြစ်သွားသောအခါ၌ အီဂျစ်မော်ဆရာများက စိုက်ယိဒိနာမူစာ ﷺအား သူက အရင် စတင်ချင်ပါသလော သို့တည်းမဟုတ် ၎င်းတို့က အရင်စတင်ကြရပါမည်လောဟူ၍ မေးသည်။ ၎င်းတို့၏ ပြကွက်များကို ၎င်းတို့က အလျင်စတင်ပါရန် စိုက်ယိဒိနာမူစာ ﷺက ဖိတ်ကြားခဲ့ပါသည်။ ထိုကြောင့် ၎င်းတို့က ၎င်းတို့၏ တုတ်များနှင့်ကြိုးများကို **بِعِزَّةِ فِرْعَوْنَ إِنَّا لَنَحْنُ الْغَالِبُونَ** "ဖိရ်အောင်နှ် (ဘုရင်မင်းမြတ်)၏ ဘုန်းတန်ခိုးကိုတိုင်တည်၍ မလွဲဧကန် ကျွန်ုပ်တို့သည် ပင်လျှင် အောင်နိုင်သူများအမှန်ပင် ဖြစ်ကြပေမည်" (၂၆း၄၄) ဟူသော စကားများရွတ်ဆိုကာ ပစ်ချလိုက်သောအခါ၌ ယင်းအရာများသည် တစ်မုဟုတ်ချင်းပင် တွားသွားနေသော ခွေနေသောမြွေများအဖြစ်သို့ ပြောင်းလွဲသွားပါသည်။

ဤမြင်ကွင်းက စိုက်ယိဒိနာမူစာ ﷺ၏ နလုံးသားထဲ၌ ကြောက်ရွံ့စိတ် ပေါ်ပေါက်စေခဲ့ပါသည်။ **فَأَوْجَسَ فِي نَفْسِهِ خِيفَةً مُّوسَىٰ** (သို့ဖြစ် ပေရာ မူစာသည် မိမိစိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။) ၂၀း၆၇ ဤစိုးရိမ်ကြောက်ရွံ့မှုသည် လူသား၏ သဘာဝအလျောက် တုံ့ပြန်ချက်ဖြစ်ကာ တမန်တော်များပင်လျှင် ထိုကဲ့သို့သော ဖြစ်ရပ်မျိုးမှ မလွတ်ကင်းနိုင်ဟူ၍ ဖြစ်နိုင်ပါသည်။ သို့မဟုတ်ပါက ယင်းကိစ္စသည် စိုက်ယိဒိနာမူစာ ﷺ သူ၏တာဝန်ထမ်းဆောင်ရာ၌ အောင်မြင်မှုနှင့် ပတ်သက်၍ တစ်ခဏတာမျှ သံသယဝင်မှုလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်သည် ဝဟီဖြင့်သူ၏ တောင်ဝှေးကို ပစ်ချလိုက်ရန် သူ့အား အမိန့်ပေးခဲ့ပါသည်။ သူသည် အမိန့်အတိုင်း လုပ်ဆောင်ခဲ့သောအခါ၌ သူ၏ တောင်ဝှေးသည် ကြီးမားသော မြွေကြီးတစ်ကောင်ဖြစ်သွားကာ အီဂျစ်မော်ဆရာများသူတို့၏ မော်အတတ်နှင့်ပြုလုပ် ထားသော မြွေကြီးများအားလုံးတို့ကို စားပစ်လိုက်ပါတော့သည်။ မော်အတတ်ပညာတို့ကို တတ်ကျွမ်းနားလည်သော မော်ဆရာတို့က စိုက်ယိဒိနာမူစာ ﷺ၏ ဤလုပ်ဆောင်ချက်သည် မော်အတတ်မဟုတ်၊ အလ္လာဟ်အရှင်မြတ်ထံတော်မှ အံဖွယ်ရာ(မုအ်ဂျဇာ)ဖြစ်သည်ဆိုကြောင်း ချက်ချင်းပင် သိရှိနားလည်သွားကြပါသည်။ ထို့ကြောင့် ၎င်းတို့က တစ်ပါးတည်းသော အလ္လာဟ်အရှင်အား သက်ဝင်ယုံကြည်ကြောင်းနှင့် စိုက်ယိဒိနာမူစာ ﷺ သယ်ဆောင်လာသော သာသနာကို လက်ခံကြောင်း ပွင့်ပွင့်လင်းလင်းလက်ခံကြောင်း ကြေညာခဲ့ကြပါသည်။ သူတို့၏ အတိတ်ကပြစ်မှုဂုနာဟ်များအား ဝန်ချတောင်းပန်ကြောင်းနှင့် ၎င်းတို့၏ဘိုးဘွားများ၏ သာသနာကို သစ္စာပြု၍ စွန့်လွှတ်ကြောင်း ယင်းတို့က ပြောကြ ပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်သည် အကျိုးရှိစွာ ဖိရ်အောင်နှ်အား သေးနုပ်သိမ်ဖျင်းစေပြီး သူ၏အပေါင်းပါများ အား ၎င်းတို့၏ မကောင်းသော အစီအမံများကို စိတ်ပျက်သွားစေပါသည်။ **فَغُلِبُوا هُنَالِكَ وَانقَلَبُوا صَاغِرِينَ** "သို့ဖြစ်၍ ၎င်း(ဖိရ်အောင်နှ်နှင့် ယင်း၏မှူးမတ်) တို့သည် ထိုနောက်၌ပင် အရေးရှုံးနိမ့်ခဲ့သည်ပြင် ကျိုးယုတ်ရှက်ရလည်း ဖြစ်ခဲ့ကြရလေသည်။" (၇း၁၁၉)ဟု တင်ပြထားသည်။ ပြိုင်ပွဲကျင်းပနေစဉ်တွင် ဖိရ်အောင်နှ်

၏ဇနီး "အာစီယာသည် သာမန်အဝတ်အစားများဝတ်ဆင်ကာ စိုက်ယိဒနာမူစာအတွက် အလွှာဟ်အရှင်မြတ်ထံ ရိုကျူးစွာ ဒုအာတောင်းခဲ့ပါသည်။ ဖိရ်အောင်န်၏ လူများက သူမသည် ဖိရ်အောင်န်အတွက် စိတ်သောကရောက်နေသည်ဟု ထင်မှတ်ခဲ့ကြသည်။ တကယ်ဆိုရသော် သူမ၏ပူပင်မှုများသည် စိုက်ယိဒနာမူစာ ﷺ အတွက်ပင်ဖြစ်သည်။

ဖိရ်အောင်န်သည် အကြပ်ရိုက်သွားပါတော့သည်။ ဗနီအစ္စရာအီလ်မျိုးနွယ်စုများ အီဂျစ်မှထွက်သွားစေရန် သူတွင် ဆန္ဒမရှိပါ။ ထိုအဖြစ်အပျက်၏ နောက်နှစ်အတော်ကြာသောအခါ၌ အီဂျစ်ပြည်တွင် ရေကြီးခြင်း၊ ကျိုင်းကောင်များကျခြင်း၊ အစားအသောက်များထဲနှင့် ပန်းကန်ခွက်ယောက်များထဲတွင် ပိုးကောင်များ၊ ဖားများကျရောက်ခြင်းဆိုသည့် ကပ်ဘေးဆိုးကြီးများ ကျရောက်ခဲ့ပါသည်။ (ဤအဖြစ်အပျက်များကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ **آيات مفصلات** (ထင်ရှားသော သက်သေလက္ခဏာများ) (၇း၁၃၃) ဟူ၍မိန့်ထားသည်။) အကယ်၍သာ ဖိရ်အောင်န်သည် ထိုကဲ့သို့သော ဘေးဆိုးကြီးကျရောက်နေစဉ်တွင် သူသည် စိုက်ယိဒနာမူစာ ﷺထံ ချဉ်းကပ်ကာ အလွှာဟ် အရှင်မြတ်ထံတော်၌ ထိုကဲ့သို့သော ကပ်ဘေးဆိုးကြီးများမှ ကင်းဝေးစေရန် ဒုအာတောင်းဆိုပေးပါက ဗနီအစ္စရာအီလ် မျိုးနွယ်စုအား ကင်းလွတ်ခွင့်ပေးပါမည်ဟု ကတိပေးသင့်ပါသည်။ သို့ရာတွင် စိုက်ယိဒနာမူစာ ﷺ၏ ဒုအာအရ ဤကပ်ဘေးဆိုးကြီးများကို ဖယ်ရှားပေးပြီးသည့်နောက် ဖိရ်အောင်န်သည် သူ၏ကတိကိုဖောက်ဖျက်ခဲ့ပါသည်။ ဤကဲ့သို့ ကြိမ်ဖန်များစွာ ဖြစ်ခဲ့သောအခါ၌ အလွှာဟ်အရှင်သည် စိုက်ယိဒနာမူစာ ﷺအား ဗနီအစ္စရာအီလ်မျိုးနွယ်စုဝင်များနှင့်အတူ အီဂျစ်ပြည်မှ ထွက်ခွာသွားရန် အမိန့်ပေးခဲ့ပါသည်။ တစ်ညဉ့်၌ စိုက်ယိဒနာမူစာ ﷺသည် ဗနီအစ္စရာအီလ်မျိုးနွယ်စုအားလုံးနှင့်အတူ အီဂျစ်ပြည်မှ တိတ်တဆိတ်ထွက်ခွာခဲ့ကြသည်။ နောက်ဆုံးနံနက်၌ ဖိရ်အောင်န်သည် ထိုသူများလွတ်မြောက်သွားကြောင်း တွေ့ရှိရသောအခါ၌ ၎င်းတို့နောက်သို့လိုက်ရန် သူ၏စစ်တပ်ကို စုစည်းခဲ့ပါသည်။ စိုက်ယိဒနာမူစာ ﷺနှင့် သူလူများသည် မြစ်တစ်ခုသို့ရောက်ရှိကာ ဖြတ်ကျော်ရပါတော့မည်။ အလွှာတအာလာက မြစ်အား အမိန့်ပေးထားခဲ့ သည်မှာ စိုက်ယိဒနာမူစာ ﷺက မြစ်အား ၎င်း၏တောင်ဝှေးဖြင့် ရိုက်ခဲ့ပါက ဗနီအစ္စရာအီလ် မျိုးနွယ်စု (၁၂)စုအတွက် ထွက်ပေါက်လမ်း(၁၂)သွယ် ဖြစ်သွားစေရပါမည်။ ထိုမျိုးနွယ်စုများ ဖြတ်သန်းပြီးသောအခါ၌ မြစ်သည် တစ်ဖန် စီး ဆင်းရပါမည်။

မြစ်သို့ စိုက်ယိဒနာမူစာ ﷺ ရောက်ခဲ့သောအခါ မြစ်ကိုတောင်ဝှေးဖြင့် ရိုက်လိုက်ပါက မြစ်သည် သူနှင့် သူလူများအတွက် ထွက်ပေါက်လမ်း တစ်ဆယ့်နှစ်သွယ်ဖြစ်သွားလိမ့်မည် ဟူသည်ကို ၎င်းက မေ့လျော့သွားခဲ့သည်။ ထိုနေရာတွင် ဘာလုပ်ရမှန်းမသိ ရပ်နေစဉ် ဖိရ်အောင်န်နှင့် သူလူများက ခပ်လှမ်းလှမ်းမှ ပေါ်ထွက်လာခဲ့သည်။ လုံးဝ မျော်လင့်ချက်ကင်းမဲ့သောအခါ ၎င်းတို့အော်ဟစ်ခဲ့ကြသည်မှာ **لَمُدْرَكُونَ** "ဇကန်မလွဲ ကျွန်ုပ်တို့သည် အမှန်ပင် အဖမ်းခံကြရပြီ"(၂၆း၆၁)ဟူ၍ဖြစ်သည်။ ထိုအရေးတကြီးအချိန်တွင် စိုက်ယိဒနာမူစာ ﷺသည် အလွှာဟ်အရှင် ကတိတော်ကို ပြန်လည်၍ သတိရမိတော့သည်။ သူသည် ရုတ်ချည်းပင် ရေကိုတောင်ဝှေးဖြင့်ရိုက်လိုက်ရာ မြစ်သည်ကွဲ၍ လမ်းတစ်ဆယ့်နှစ်သွယ်ဖြစ်သွားသည်။ သူနှင့်သူလူများက အလျင်အမြန်ဖြတ်သွားခဲ့ကြသည်။ ဖိရ်အောင်န်နှင့် သူ တပ်သားများသည် ထွက်ပေါက်လမ်းဖြစ်သော မြစ်ထဲမှလမ်းကြောင်းအတိုင်း လိုက်လာခဲ့ကြသည်။ သို့ရာတွင် ဗနီအစ္စရာအီလ် မျိုးနွယ်စုမှ နောက်ဆုံးတစ်ဦး တစ်ဖက်ကမ်းသို့ ချောချောမောမောရောက်သွားသောအခါ ဖိရ်အောင်နှင့် သူလူများသည် မြစ်လယ်တွင်သာ ရှိနေသေးသည်။ ထိုအချိန်၌ အလွှာဟ်အမိန့်တော်အရ မြစ်သည်နဂိုအတိုင်းရေများ ပြန်လည် စီးဆင်းစေပါသည်။ ထို့နောက် ဖိရ်အောင်န်နှင့် သူစစ်တပ်တစ်တပ်လုံးသည် စိုက်ယိဒနာမူစာ ﷺနှင့် သူလူများ မျက်မှောက်တွင်ပင် သေကြေ ပျက်စီးကုန်ကြရသည်။ စိုက်ယိဒနာမူစာ ﷺ၏ လူအချို့က ဖိရ်အောင်န်သည်သေတွင်းမှ လွတ်မြောက်လိမ့်မည်ဟု စိုးရိမ် ကြောက်ရွံ့မိကြသည်။ ထို့ကြောင့် မူစာ ﷺက ဖိရ်အောင်န်သေဆုံး

ပြီးဖြစ်ကြောင်း သူ့လူများသိရှိရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုပန်ခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်အမိန့်တော်ဖြင့် ဖိရ်အောင်နိအလောင်းသည် မြစ်ထဲမှပေါ်ထွက်၍ လူတိုင်းက သူ့ဘဝနိဂုံးချုပ်ကို မျက်မြင်ဒိဋ္ဌ ဖြစ်ခဲ့ကြသည်။

စိုက်ယိဒိနာမူစာ ﷺနှင့် ဗနီအစ္စရာအီလ်များ၏နယ်စပ်များသည် ခရီးဆက်လက်နင်ခဲ့ရာတွင် ရုပ်တုများကိုးကွယ်သော လူတစ်စုနှင့် တွေ့ခဲ့ကြရသည်။ ထိုရုပ်တုများကို ၎င်းတို့ကိုယ်တိုင် ထွင်းထုထားခဲ့ကြသည်။ ဗနီအစ္စရာအီလ်များ၏နယ်စပ်များသည် ၎င်းတို့မြင်ခဲ့ရသည်တို့၏ ဆွဲဆောင်မှုအရ စိုက်ယိဒိနာမူစာ ﷺအား **يٰمُوْسَى اجْعَلْ لَّنَآ اِلٰهًا كَمَا لَهُمْ اٰلِهَةٌ ۭ قَالَ اِنَّكُمْ قَوْمٌ تَجْهَلُوْنَ اِنَّ هٰٓؤُلَاۗءِ مُتَبَّرٌ مَّا هُمْ فِيْهِ** "အို (နဗီတမန်တော်) မူစာ၊ အသင်သည် ကျွန်ုပ်တို့အဖို့လည်း ၎င်းတို့၌ရှိသော ကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာတစ်ဆူကို ပြုလုပ်၍ပေးပါလော့။ ထိုအခါ (တမန်တော်) မူစာက ၎င်းတို့အား "အချင်းတို့၊ အသင်တို့သည် ဇကန်စင်စစ် (အလွန်တရာမျှ) အသိတရား ကင်းမဲ့ကြကုန်သော လူမိုက်များပင်ဖြစ်ကြကုန်သည်" ဇကန်မလွဲ ၎င်းတို့လုံးပမ်းလျက် ရှိခဲ့ကြကုန်သော အမှုကိစ္စများသည် ဖျက်ဆီးခြင်း ခံရပေမည်။ (၇း၁၃၈-၁၃၉)" ဟူ၍ ပြောခဲ့လေသည်။ စိုက်ယိဒိနာမူစာ ﷺက ၎င်း၏လူများ အတွက် အလ္လာဟ်အရှင်မြတ် ချပေးခဲ့သော မုအ်ဂျိဇာဟ်များနှင့် ၎င်းတို့အပေါ် အလ္လာဟ်အရှင့်ကောင်းချီး မင်္ဂလာများ ကျရောက်ပုံကို သတိပေးပြောဆိုခဲ့ကာ ၎င်းတို့တွင် ထိုကဲ့သို့ မိုက်မဲကောက်ကျစ်သည့် အတွေးအခေါ်များ မည်ကဲ့သို့ ပေါ်ပေါက်လာရပါသနည်းဟု မေးမြန်းခဲ့သည်။ ထိုကဲ့သို့ ပြစ်တင်မောင်းမဲပြီးနောက် တမန်တော်နှင့် သူ့လူများသည် ခရီးဆက်လက်ထွက်ခဲ့ရာ နေရာတစ်နေရာသို့ရောက်သောအခါတွင် စခန်းချခဲ့ကြပါသည်။ ထိုနေရာတွင် သူက သူ့လူ များကို "ကျွန်ုပ်သည် ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်နှင့်တွေ့ဆုံစဉ် သင်တို့သည် ဤနေရာတွင်သာ နေကြပါ။ ရက်သုံးဆယ်နောက်ပိုင်း ကျွန်ုပ်ပြန်လာခဲ့မည်။ ကျွန်ုပ်၏မရှိစဉ်အတွင်း ကျွန်ုပ်နောင်တော်ဟာရွန်က ကျွန်ုပ် ၏လက်ထောက်အဖြစ် ဆောင်ရွက်ပါလိမ့်မည်။ အသင်တို့သည် ကိစ္စအားလုံးတွင် သူ့အမိန့်နာခံကြရမည်" ဟု မှာကြားခဲ့သည်။

ထို့နောက် စိုက်ယိဒိနာမူစာ ﷺသည် သူရ်တောင်ပေါ်သွားကာ အလ္လာဟ်အရှင်အမိန့်တော်အရ တစ်ဆက်တည်း ရက်ပေါင်းသုံးဆယ် ဥပုသ်သီလ စောင့်ထိန်းခဲ့သည်။ ယင်းသို့လုပ်ရခြင်းမှာ အလ္လာဟ်အရှင်မြတ်နှင့် စကားပြောဆိုရန် ပြင်ဆင်ခြင်းဖြစ် သည်။ ရက်ပေါင်းသုံးဆယ် စဉ်ဆက်မပြတ်ဥပုသ်သီလ စောင့်ထိန်းပြီးသောအခါတွင် ၎င်း၏ပါးစပ်မှ အနံ့ဆိုးပေါ်ထွက်သည်ကို ခံစားမိခဲ့သည်။ ယင်းမှာလည်း ရက်ရှည်ဥပုသ်သီလ စောင့်ထိန်းသူများ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။ ထို့နောက် ယင်းကဲ့သို့သော အခြေအနေဖြင့် အလ္လာဟ်အရှင့် ရှေ့တော်မှောက်ရှိနေခြင်းနှင့် အလ္လာဟ်အရှင့်ထံမှ သတင်းစကား လက်ခံယူခြင်းတို့သည် အလွန်ပင် မရှိသေရာရောက်သည်ဟု ၎င်းကထင်မှတ်ခဲ့သည်။ ထို့ကြောင့် သူသည် အနီးအနားရှိ တောင်ပေါ်တွင် ပေါက်နေသောကောင်းသော အနံ့ထွက်သည့် မြက်တစ်မျိုးဖြင့် ၎င်း၏ပါးစပ်ကို သန့်ရှင်းစေခဲ့ပါသည်။ ခန်းနားကြီးကျယ်တော်မူ၍ ဂုဏ်သရေနှင့် ပြည့်စုံတော်မူသော အရှင်မြတ် ရှေ့တော်မှောက်ဝင်ရောက်သောအခါ အရှင်မြတ်က အဘယ်ကြောင့် ဥပုသ်သီလ ချိုးဖျက်ခဲ့ရပါသနည်းဟု မေးမြန်းတော်မူခဲ့သည်။ "အို-အရှင်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ရှေ့တော်မှောက်ရှိနေစဉ်တွင် ကျွန်တော်မျိုး၏နှုတ်မှ ထွက်ပေါ်မည့်အနံ့ဆိုးအားဖယ်ရှားရန်သက်သက်သာဖြစ်ပါသည်"ဟုပြန်လျှောက်တင်ခဲ့သည်။အလ္လာဟ်အရှင်မြတ်က "အို-မူစာ၊ သင် အသေအချာသိပါတယ်။ ဥပုသ်သီလဆောက်တည်သူတစ်ဦး ပါးစပ်မှထွက်ပေါ်လာသောအနံ့သည် ငါအရှင်မြတ်ထံတော်တွင် မွှေးကြိုင်သော ကတိုးနံ့သာတို့ထက် ပိုမိုချိပင် နှစ်လိုဖွယ်ရာဖြစ်သည်။ မင်းပြန်သွားပါ။ နောက်ထပ် ဆယ်ရက် ဥပုသ်သီလဆောက်တည်ပြီးမှ ငါအရှင်ထံ ပြန်လာခဲ့ပါ" ဟုမိန့်တော်မူခဲ့သည်။ စိုက်ယိဒိနာမူစာ ﷺသည် အလ္လာဟ်အရှင်မြတ် အမိန့်တော်ကို နာခံခဲ့သည်။

စိုက်ယိဒိနာမူစာ ﷺ ထွက်ခွာသွားပြီးနောက် ၎င်း၏နောင်တော် စိုက်ယိဒိနာဟာရွန် ﷺ က အစွရာအီလ်မျိုးနွယ်စုဝင်များကို စုရုံးစေပြီး ၎င်းတို့အားဦးတည်ပြောကြား "သင်တို့နှင့်အတူ များစွာသောပစ္စည်းများပါလာကြသည်။ ထိုပစ္စည်းများမှာ အီဂျစ်လူမျိုးများထံမှ အသင်တို့ငှားရမ်းခဲ့ကြသကဲ့သို့ အသင်တို့အား ယုံမှတ်အပ်နှံထားသည်များလည်း ဖြစ်နိုင်ပါသည်။ တစ်ချိန်တည်းတွင် သင်တို့ပိုင်သောပစ္စည်းများကို သင်တို့ကချေးငှားထားသကဲ့သို့ ၎င်းတို့ထံ သင်တို့က ယုံမှတ်အပ်နှံထားသည်များလည်း ရှိနိုင်ပါသည်။ သင်တို့ချန်ထားခဲ့သည်များကြောင့် သင်တို့တွင် ယခုပါလာသည်များကို သုံးနိုင်ခွင့်ရှိသည်ဟု သင်တို့ထင်မှတ်ကြသည်။ ထိုသို့သောလုပ်ရပ်ကို တရားဝင်သည်ဟု ကျွန်ုပ် မယူဆချေ။ ယခုအခါ ကျွန်ုပ်တို့သည် အီဂျစ်လူမျိုးများထံ သွားရောက်နိုင်ခြင်း မရှိသောကြောင့် သူတို့ပိုင်ပစ္စည်းများအားလုံးကို တွင်းတစ်တွင်းတူး၍ မြှုပ်နှံထားခဲ့ရန် ကျွန်ုပ်အကြံပြုပါသည်" ဗနီအစွရာအီလ်တို့သည် ဤအကြံပြုချက်ကို လက်ခံခဲ့၍ တွင်းထဲသို့ ပစ္စည်းတိုင်းကို ပစ်ထည့်ခဲ့ကြသည်။ စိုက်ယိဒိနာဟာရွန် ﷺ သည် ယင်းပေါ်တွင် မီးပုံကြီးဖို့၍ ယင်း ပစ္စည်းအားလုံး ပြာဖြစ်သည်ထိ မီးရှို့ပစ်ခဲ့သည်။ "ယခု ဤပစ္စည်းများမှာ တို့ဟာလည်းမဟုတ် သူတို့ဟာလည်းမဟုတ် တော့ချေ" ဟုပြောဆိုခဲ့သည်။

ဗနီအစွရာအီလ် ထို့အနက်မှ စာမိရီဟုခေါ်သော လူတစ်ဦးရှိသည်။ ၎င်းတို့သည် ဗနီအစွရာအီလ်မျိုးနွယ်ဝင်မဟုတ်သော်လည်း ၎င်းတို့နှင့်အတူ အီဂျစ်မှထွက်ခွာပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ သူသည် နွားမကို ကိုးကွယ်သော လူမျိုးနွယ်စုမှ လာခဲ့သူဖြစ်သည်။ သူသည် လေ့လာစူးစမ်းသူတစ်ဦးဖြစ်၍ ထူးဆန်းဖွယ်အဖြစ်အပျက်တစ်ခုကို သတိမူမိခဲ့သည်။ ယင်းမှာ စိုက်ယိဒိနာဂျစ်ဗ်ရာအီလ် ﷺ ခြေချသည့်နေရာတိုင်းတွင် ရှင်သန်ခြင်းဖြစ်ပေါ်သည်ကို စူးစမ်းမိခဲ့သည်။ သူသည် ထိုသို့သောနေရာတစ်နေရာမှ မြေကြီးလက်တစ်ဆုပ်ယူခဲ့ကာ ထွက်ခွာလာစဉ် စိုက်ယိဒိနာဟာရွန် ﷺ နှင့် တွေ့ဆုံခဲ့သည်။ စိုက်ယိဒိနာဟာရွန် ﷺ က ဤသူလက်ထဲ၌ အီဂျစ်လူမျိုးများပိုင်ဆိုင်သည့် အဖိုးတန်ပစ္စည်းတစ်ခုရှိလိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ စိုက်ယိဒိနာဟာရွန် ﷺ က သူ့အား အခြားသူများလိုပင် လက်ထဲမှအရာကို တွင်းထဲပစ်ခိုင်းသည်။ သို့ရာတွင် စာမိရီက သူ့လက်ထဲရှိအရာသည် စိုက်ယိဒိနာ ဂျစ်ဗ်ရာအီလ် ﷺ ၏ ခြေရာမှမြေဖြစ်ကြောင်း စိုက်ယိဒိနာဂျစ်ဗရာအီလ် ﷺ အကူအညီဖြင့် မြစ်ကိုဖြတ်ကူးခဲ့ကြရကြောင်း ပြောပြခဲ့သည်။ ဤမြေကို တွင်းထဲလွှင့်ပစ်ရမည်ဆိုပါက သူနှလုံးသားထဲရှိ အဖြစ်ချင်ဆုံးဆန္ဒတစ်ခုကို ဖြစ်ပေါ်စေရန် စိုက်ယိဒိနာဟာရွန် ﷺ က အလွှာဟ်အရှင်မြတ်ထံ ဒုအာတောင်းပေးရပါမည်ဟု ကတိတောင်းခဲ့သည်။ စိုက်ယိဒိနာဟာရွန် ﷺ က ကတိပေးခဲ့သောအခါ လက်ထဲရှိမြေကြီးကို တွင်းထဲပစ်ချခဲ့သည်။ ကတိထားခဲ့သည့်အတိုင်း စာမိရီ၏ဆန္ဒ ဖြည့်ဆည်းပေးရန် အလွှာဟ်အရှင့်ထံတော်တွင် ဒုအာဆုပန်ပေးခဲ့သည်။ ထိုစဉ် စာမိရီက "တွင်းထဲသို့ပစ်ချခဲ့သော ရွှေ၊ ငွေ၊ သံနှင့် ကြေးအားလုံးသည် နွားကလေးတစ်ကောင်ပုံ ဖြစ်သွားပါစေ" ဟုဆုတောင်းခဲ့သည်။ စိုက်ယိဒိနာဟာရွန် ﷺ သည် သူ့အတွက် ဒုအာဆုပန်ခဲ့ပြီးဖြစ်သောကြောင့် စာမိရီ၏ ဒုအာတောင်းဆုကိုလည်း အလွှာဟ်အရှင်မြတ်က လက်ခံခဲ့သည်။ ထို့ကြောင့် တွင်းထဲပစ်ချခဲ့သော အဖိုးတန်ပစ္စည်းများနှင့် အခြားသတ္ထုများသည် နွားငယ်လေးသွန်းလောင်းထားသည်ပုံအဖြစ် ပြောင်းလဲကာ အသက်မဲ့နေသော်လည်း နွားသိုးတစ်ကောင်အသံပြုသည်ကဲ့သို့ အသံထွက်နေပေသည်။ စိုက်ယိဒိနာအိပန်အဗ္ဗားစ် ﷺ ၏ အဆိုအရ ဤသည်မှာ သက်ရှိအရာမှ ပေါ်ထွက်လာသော အသံမဟုတ်၊ အခေါင်းတစ်ခုထဲသို့ လေဖြတ်သန်းသွားသောအခါ ပေါ်ထွက်လာသည့် အသံနိမ့်မျိုးနှင့် တူသည်။

ဤအံ့သြဖွယ်အဖြစ်အပျက်ကြောင့် ဗနီအစွရာအီလ်တို့တွင် အကြီးအကျယ် မစဉ်းစားတတ်အောင် ဖြစ်သွားကာ အုပ်စုများစွာ ကွဲသွားခဲ့ကြသည်။ စာမိရီက သူတို့အား ဤနွားငယ်သာလျှင် စစ်မှန်သောဘုရားဖြစ်၍ စိုက်ယိဒိနာမူစာ ﷺ သည် ဖြောင့်မတ်မှန်ကန်သောလမ်းမှ သွေဖည်သွားသည်ဟု ပြောခဲ့သည်။ အုပ်စုတစ်စုသည် သူ့ပြောဆိုမှုကို

လက်ခံ၍ နွားငယ်ကို ခဝပ်ကိုးကွယ်ကြသည်။ နောက်အုပ်စုတစ်စုက ဤကိစ္စအခြေအနေကို စိုက်ယိဒိနာမူစာ ﷺ မရှင်းပြသမျှကာလပတ်လုံး ၎င်းတို့၏ဆုံးဖြတ်ချက် မပေးဟု ဆုံးဖြတ်ခဲ့ကြသည်။ တတိယအုပ်စုမှာမူ စာမိရီ၏ အခိုင်အမာပြောဆိုချက်ကို ပယ်ချ၍ နွားငယ်ကို ဘုရားအဖြစ် ကိုးကွယ်ရန် လက်မခံခဲ့ကြချေ။

စိုက်ယိဒိနာဟာရွန် ﷺက ဤဖျက်လိုဖျက်ဆီးလုပ်မှုနှင့် မငြိမ်မသက်ဖြစ်မှုကို တွေ့ရသောအခါ၌ သူက လူအများအား ပြစ်တင်မောင်းမဲကာပြောသည်မှာ -

يٰقَوْمِ اِنَّمَا فُتِنْتُمْ بِهٖ ۚ وَاِنَّ رَبَّكُمُ الرَّحْمٰنُ فَاتَّبِعُوْنِيْ وَاَطِيْعُوْٓا اَمْرِيْ

"အို-ကျွန်ုပ်၏ အမျိုးသားတို့၊ ဇကနစင်စစ် အသင်တို့သည် ဤနွားရုပ်ကြောင့် လမ်းမှားခဲ့ကြရချေပြီ။ အမှန်စင်စစ်မှာမူကား အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သာတည်း။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကျွန်ုပ်၏ အမိန့်ကိုလိုက် နာကြလေကုန်။ (၂၀း၉၀)" ဟူ၍ဖြစ်သည်။

သို့ရာတွင် လူအများက သူ့အားမေးသည်မှာ စိုက်ယိဒိနာမူစာ ﷺသည် ရက်ပေါင်း(၃၀)ပြည့်ပြည့်နေ့တွင် ပြန်လာခဲ့မည်ဟု ကတိပေးထားခဲ့သော်လည်း ရက်ပေါင်းလေးဆယ် ပြည့်ခါနီးသည့်တိုင် အဘယ်ကြောင့် သူနှင့် ပတ်သက်၍ သတင်းမကြားရပါသနည်းဟူ၍ ဖြစ်သည်။ အချို့မိုက်မဲသောသူများက သူသည် သူ၏ အလွှာဟ်အား ပျောက်ဆုံးသွားကာ သူသည်ရှာဖွေနေဟန်တူသည်" ဟူ၍အကြံပြုကြသည်။

စခန်းတွင် ဤအဖြစ်အပျက်များ ဖြစ်ပျက်နေသောအခါ၌ စိုက်ယိဒိနာမူစာ ﷺ၏ ဥပုသ်ဆောက်တည်မှုသည် ရက်ပေါင်းလေးဆယ်ပြည့်သွားသောကြောင့် အလွှာဟ်အရှင်နှင့်စကားပြောသည်ဟူသည့် ဂုဏ်ပေးခြင်းခံရပါသည်။ ၎င်းနောက် ထိုအရှင်က ဗနီအစ္စရာအီလ်များနှင့်စုတွင် မငြိမ်မသက်ဖြစ်မှုအကြောင်း သူ့အား အသိပေးခဲ့ပါသည်။

فَرَجَعَ مُوْسٰٓى اِلٰى قَوْمِهٖ غَضْبَانَ اَسِفًا

"ထိုအခါ မူစာသည် မိမိအမျိုးသားတို့ထံ ဒေါသအမျက်ထွက်ကာ ဝမ်းနည်းပူဆွေးစွာပြန်လာခဲ့သည်။
(၂၀း၈၆)"

သူသည် တူရိတောင်မှ ယူဆောင်လာသော သောင်ရဲသ်ကျမ်းရေးမှတ်ထားသော သင်ပုန်းများအား ဘေးသို့ချကာ သူ၏ နောင်တော်စိုက်ယိဒိနာဟာရွန် ﷺ၏ ဆံပင်ကို ဆွဲလိုက်ပါသည်။ နောက်ပိုင်းတွင် သူ တည်တည်ငြိမ်ငြိမ်ဖြစ်သွားသောအခါ၌ ဖြစ်ပျက်ခဲ့သမျှကို ရှင်းလင်းပြောပြပါသည်။ မူစာ ﷺက သူ၏နောင်တော်ရှင်းပြချက်များကို လက်ခံကာ နောင်တော်အား ခွင့်လွှတ်ပါရန် အလွှာဟ်အရှင်မြတ်ထံ ဒုအာတောင်းပါသည်။ ထိုနောက် စိုက်ယိဒိနာမူစာ ﷺသည် စာမိရီထံသို့သွားရောက်ကာ ၎င်း၏ လုပ်ရပ်နှင့်ပတ်သက်၍ သူ့အားရှင်းလင်းပြသရန်ပြောခဲ့လေသည်။ စာမိရီက ဖြေကြားသည်မှာ -

فَقَبَضْتُ قَبْضَةً مِّنْ اَثَرِ الرَّسُوْلِ فَنَبَذْتُهَا وَكَذٰلِكَ سَوَّلَتْ لِيْ نَفْسِيْ

ကျွန်ုပ်သည် စေတမန်၏ (မြင်း) ခြေရာမှ (မြေကြီး)လက်တစ်ဆုပ်ကို ဆုပ်ယူခဲ့ပါသည်။ ထိုနောက် ကျွန်ုပ်သည်ထို (မြေကြီး)ကို (ဤနွားငယ်ကလေး၏ ခန္ဓာကိုယ်တွင်) ပစ်ထည့်ခဲ့ပါသည်။ စင်စစ် ကျွန်ုပ်၏ စိတ်နလုံးသည် ကျွန်ုပ်အား ဤအတိုင်းပင် ဖြားယောင်းခဲ့ပါသည်" ဟူ၍ဖြစ်သည်။

နောက် စိုက်ယိဒိနာမူစာ ﷺက သူ့အား အောက်ပါစကားများ ပြောကြားခဲ့လေသည်။

فَاذْهَبْ فَاِنَّ لَكَ فِى الْحَيٰوةِ اَنْ تَقُوْلَ لَا مِسَاسَ ۚ وَاِنَّ لَكَ مَوْعِدًا لَّنْ تُخْلَفَهٗ ۚ
وَانْظُرْ اِلٰٓى اِلٰهِكَ الَّذِىْ ظَلْتَ عَلَيْهِ عَاكِفًا ۭ لَنُحَرِّقَنَّهٗ ثُمَّ لَنَنْسِفَنَّهٗ فِى الْيَمِّ نَسْفًا ﴿٩٧﴾

(သို့ဖြစ်ပေရာ) ယင်းမူစာက (စာမိရီအား ဤသို့) ပြောကြားခဲ့လေ၏။ (အို-စာမိရီ) အသင်ထွက်သွားတော့၊ ဇကန်အမှန် အသင်၌ ဤဘဝသက်တမ်းတစ်လျှောက်တွင် (ခံစားရမည့်ပြစ်ဒဏ်သည်ကား) အသင်သည် (မိမိအပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်အား မည်သူမျှ) မထိရဟု ပြောဆိုခြင်းပင် ဖြစ်ပေသည်။ ၎င်းပြင် အသင့်အဖို့ (နောင် တမလွန်၌ ပြစ်ဒဏ်ခံစားရန်လည်း) ပြဋ္ဌာန်းချက်တစ်ခုရှိသေး၏။ အသင်သည် ယင်းပြဋ္ဌာန်းမှ လွတ်ဓစခြင်းကို အလျှင်း ခံရလိမ့်မည်မဟုတ်ပေ။ (၂၈း၉၇) တို့ဖြင့်ပြန်လည် ပြောကြားခဲ့သည်။

ယခုအခါ၌ ဗနီအစ္စရာအီလ်မျိုးစုတို့သည် ၎င်းတို့အား လမ်းလွဲသို့ရောက်သွားစေခဲ့ကြောင်း သိရှိသွားကြ ပါသည်။ ၎င်းနောက် စိုက်ယိဒိနာဟာရွန်မ်ﷺက နွားငယ်သည် ကိုးကွယ်ရာဘုရားမဟုတ်ဟု ငြင်းဆိုချက်ကို လက်ခံ သဘောတူခဲ့သောသူများကိုလည်း ချီးကျူးကြပါသည်။ ၎င်းတို့အား ခွင့်လွှတ်ပါရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းပေးပါရန် စိုက်ယိဒိနာမူစာﷺအား ရိုကျိုးစွာတောင်းဆိုခဲ့ပါသည်။ ၎င်းနောက် ယင်းတို့၏ပြစ်မှုဂုနာဟ် အတွက် ကဖာရဟ်အစားပေးပါမည်ဟူ၍လည်း ပြောပါသည်။ ထိုနောက် စိုက်ယိဒိနာမူစာﷺသည် ထိုသူများအနက် လူ(၇၀)အား အပင်ပန်းခံကာ ရွေးချယ်ခဲ့ပါသည်။ ထိုသူများသည် သူသိရသလောက် အကျင့်သီလကောင်းမွန်ပြီး ဘုရားတရား ကြည်ညိုကာ နွားငယ်အား ကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ခဲ့သောသူများဖြစ်ကြပါသည်။ အလ္လာဟ်အရှင်မြတ် ထံတော်မှ အသနားအကြင်နာတော်ကို တိုးလျှိုးတောင်းခံနိုင်စေရန်အတွက် ဤရွေးချယ်ထားသောသူတို့ကို သူက ဦးဆောင်ကာ တူရ်တောင်ပေါ်သို့ ခေါ်ဆောင်သွားခဲ့သည်။ သူတို့ တောင်၏အနီးသို့ရောက်သောအခါ၌ ပြင်းထန်သော ငလျင်တစ်ခုလှုပ်ကာ မြေပြင်တစ်ခုလုံး တုန်ခါသွားပါသည်။ ဤဖြစ်ရပ်ကြောင့် စိုက်ယိဒိနာမူစာﷺသည် သူခေါ်ဆောင် လာသော လူများအတွက်နှင့် အခြားသောသူ၏လူများအတွက်ပါ အရှက်ရကာ အလ္လာဟ်အရှင်မြတ်ထံတော်သို့ တိုးလျှိုး တောင်းပန်သည်မှာ-

رَبِّ لَوْ شِئْتَ اَهْلَكْتَهُمْ مِّنْ قَبْلُ وَاِيَّاىَ ۭ اَتُهْلِكُنَا بِمَا فَعَلَ السُّفَهَآءُ مِنَّا

"အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် (ဤအတိုင်းသာ) အလိုရှိ တော် မူခဲ့ပါမူ ထိုသူတို့အားလည်းကောင်း၊ ကျွန်တော်မျိုးအားလည်းကောင်း ယခင်မူလကပင် ပျက်စီးစေတော် မူပြီးဖြစ်အံ့။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့အနက်မှ အသိတရားကင်းမဲ့သော အချို့ လူဇာလတို့၏ ပြုမူ ချက်ကြောင့် သေကြေပျက်စီးစေတော်မူပါမည်လော" (ဂုး၁၅၅) ဟူ၍ဖြစ်သည်။

ထိုနောက် ဝဟီဖြင့်အသိပေးသည်မှာ ငလျင်လှုပ်ရခြင်း၏ အကြောင်းရင်းသည် စိုက်ယိဒိနာမူစာﷺ စုံစမ်း စစ်ဆေးမှုများပြုလုပ်ကာ သတိဝိရိယရှိစွာဖြင့် ရွေးချယ်ထားသော အဖွဲ့ထဲ၌ နွားငယ်အား ကိုးကွယ်ပြီး ယင်း နွား ကိုးကွယ်မှုကို ကြိုက်နှစ်သက် နေသေးသောလူ ပါဝင်နေသောကြောင့်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူစာﷺ၏ တောင်းဆုဒုအာကို အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။

وَرَحْمَتِىْ وَسِعَتْ كُلَّ شَىْءٍ ۭ فَسَاَكْتُبُهَا لِلَّذِيْنَ يَتَّقُوْنَ وَيُؤْتُوْنَ الزَّكٰوةَ وَالَّذِيْنَ هُمْ بِاٰيٰتِنَا يُؤْمِنُوْنَ ﴿١٥٦﴾
اَلَّذِيْنَ يَتَّبِعُوْنَ الرَّسُوْلَ النَّبِىَّ الْاُمِّىَّ الَّذِىْ يَجِدُوْنَهٗ مَكْتُوْبًا عِنْدَهُمْ فِى التَّوْرٰىةِ وَالْاِنْجِيْلِ

"သို့ရာတွင် ငါအရှင်မြတ်၏ ကရုဏာတော်သည်ကား အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ရှိချေပြီ။

သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုကရုဏာတော်ကို ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြသည့်ပြင် ဇကာသ်

ခေါ် တရားဝင်ဒါနကြေးကို ပေးဆောင်သော သူတို့အဖို့လည်းကောင်း၊ ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်တို့ကို ယုံကြည်သောသူတို့အဖို့လည်း ကောင်း မုချသတ်မှတ်ပြဋ္ဌာန်းတော်မူပေအံ့။ အကြင်သူတို့သည် အကြင် စာပေမတတ်သော ရစူလ်၊ နဗီတမန်တော်မြတ်၏ (အမိန့်တော်များ)ကို လိုက်နာကြကုန်၏။ ထိုသူတို့သည် ထိုရစူလ်၊ နဗီတမန်တော်မြတ်၏ (ဝိသေသဂုဏ်ထူးများ)ကို မိမိတို့ထံရှိ တောင်ရာတ် ကျမ်းတော်တွင်လည်းကောင်း၊ အင်ဂျီလ်ကျမ်းတော်တွင်လည်းကောင်း ရေးသားပြီးဖြစ်သည်ကို တွေ့ရှိကြလေသည်။ (ဂုဒ၁၆-၁၅၇)

စိုက်ယိဒိနာမူစာ ﷺ က လျှောက်ထားသည်မှာ "အို-အရှင်၊ ငင်းတို့၏ မကောင်းမှုလုပ်ရပ်တို့အတွက် ဝန်ချတောင်းပန်ခဲ့သော ကျွန်တော်မျိုး၏ လူများကိုယ်စား အရှင့်ထံကျွန်တော်မျိုး ဒုအာတောင်းခဲ့ပါသည်။ သို့ရာတွင် အရှင်၏ကရုဏာတော်သည် ဗနီအစ္စရာအီလ်များမှအပ လူတိုင်းအပေါ်၌ လွှမ်းခြုံထားသည်ဆိုကြောင်း ယခုပင် ကျွန်တော်မျိုးအား အသိပေးခဲ့ပါသည်။ အို-အရှင်၊ အခွင့်ထူးပေးခြင်းခံရ စာမတတ် (အုမ္မီ) တမန်တော်၏ နောက်လိုက်များထဲတွင် ကျွန်တော်မျိုးအား မွေးဖွားစေရန်အတွက် ကျွန်တော်မျိုးအား မွေးဖွားခြင်းကို အဘယ့်ကြောင့် နှောင့်နှေးမထားခဲ့ပါသနည်း" ဟူ၍ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ အလ္လာဟ်အရှင်က သူ့အားမိန့်သည်မှာ ဗနီအစ္စရာအီလ်များ၏ ဝန်ချတောင်းပန်မှုကို လက်ခံနိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ ထိုဗနီအစ္စရာအီလ် တစ်ဦးစီတို့၏ ဖခင်ဖြစ်စေ သားဖြစ်စေ နွားငယ်အားကိုးကွယ်မှုပြုခြင်းတွေ့ရပါက ထိုနေရာ၌ပင် သတ်ပစ်ရပါမည်။ ထိုစဉ် စိုက်ယိဒိနာမူစာ ﷺ က ဘုရားတရား ကြည်ညိုသောသူများဟု ယုံကြည်၍ ခေါ်လာသော လူ(၇၀)အနက်မှ နှလုံးသားထဲ၌ နွားငယ်အား ရိုသေကိုင်းရှိုင်းကြသူအချို့တို့သည် ဝန်ချတောင်းပန်ခဲ့ကာ ဤပြင်းထန်လွန်းသည့် အခြေအနေကို လိုက်နာ ဆောင်ရွက်ခဲ့ပါသည်။ ဘုရားတရားကြည်ညိုသောသူများဟု ယုံကြည်သော်လည်း ၎င်းတို့၏ နှလုံးသားထဲတွင် နွားငယ်အား ရိုသေကိုင်းရှိုင်းကြသော အချို့တို့သည် ဝန်ချတောင်းပန်ခဲ့ကာ သူတို့၏ ပြစ်မှုဂုနာဟ်များ အစားပေးသည့် ဤပြင်းထန်လွန်းသည့်အခြေအနေကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းအတွက် အလ္လာဟ်အရှင်သည် သတ်သောသူများနှင့် သတ်ဖြတ်ခြင်းခံသူများ၏ ပြစ်မှုဂုနာဟ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူခဲ့သည်။

စိုက်ယိဒိနာမူစာ ﷺ သည် သူ့လူများထံ သူရ်တောင်ပေါ်က ပြန်လာသောအခါ သူ့လူများ အကျိုးပျက်စီးမည့် အရာများ ပြုလုပ်နေကြောင်း သိရှိရသည့်အခါ၌ ဒေါသထွက်ကာ တောင်ထိပ်မှယူလာသော ကျောက်သင်ပုန်းများကို ဘေးသို့ချထားသည်ဆိုကြောင်း ပြန်လည်သတိရမိပါလိမ့်မည်။ ယခုအခါ ၎င်းသည် ထိုကျောက်သင်ပုန်းများကို ကောက်ယူ၍ သူ့လူများအား ထွတ်မြတ်သောနယ်မြေ(ဆီးရီးယား)သို့ခေါ်ဆောင်သွားခဲ့ပါသည်။ လမ်းတွင် မြို့ တစ်မြို့ကို ဖြတ်သန်းခဲ့ကြရသည်။ ထိုမြို့တွင် နေထိုင်သောသူများသည် သန်စွမ်းကြီးထွားသူများဖြစ်သည်။ ထိုသူများ၏ တစ်မူထူးခြားသော အသွင်အပြင်က မြင်သူတိုင်း၏ နှလုံးသားတွင် ကြောက်စိတ်ဝင်စေပါသည်။ ထိုသူများ၏ ရဲဝံ့မှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကို ဗနီအစ္စရာအီလ်များကြားသိခဲ့ရပြီးဖြစ်၍ စိုက်ယိဒိနာ မူစာ ﷺ က ထိုမြို့တွင်း ဝင်ရောက်ရန် အဆိုပြုသောအခါ ၎င်းတို့က ငြင်းဆန်၍ပြောကြသည်မှာ "အိုမူစာ ဤသူများသည် နိုင်ထက်စီးနင်းပြုလုပ်သူများဖြစ်ကာ ကျွန်ုပ်တို့သည် ထိုသူများကို မရင်ဆိုင်နိုင်ပါ။ ထိုသူများမြို့တွင်းရှိနေသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် မြို့တွင်းဝင်လိမ့်မည်မဟုတ်။ သို့သော်လည်း အကယ်၍ တစ်နည်းနည်းဖြင့် ၎င်းတို့ကို မြို့တွင်းမှထွက်စေခဲ့လျှင် ကျွန်ုပ်တို့သည် မြို့တွင်းသို့ ဝမ်းမြောက်ဝမ်းသာ ဝင်ရောက်ကြပါသည်"ဟူ၍ ဖြစ်သည်။ စိုက်ယိဒိနာမူစာ ﷺ သည် ထိုသူများနှင့် အချေအတင်ပြောဆိုကြပါသည်။ သို့ရာတွင် ထိုသူများက ခေါင်းမာစွာဖြင့်ဝင်ရောက်ရန် ငြင်းဆိုခဲ့သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် လူနှစ်ဦးကဗနီအစ္စရာအီလ်များကို မြို့တွင်းဝင်ရောက်ရန် ဖျောင်းဖျခဲ့ကြောင်း ဖော်ပြထားခဲ့သည်။ ဤတင်ပြချက်ဆင့်ပြန်သူယဇီးဒ် အီဗနိဟာရွန်အဆိုအရ စိုက်ယိဒိနာ

အပ္ပဒွလ္လာဟ် အိဗနိအမ္မားစ် ﷺက အာယသ်နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၎င်းသူနှစ်ဦးမှာ နာဗိစက်ညှဉ်းပန်းသော လူမျိုးစုများအနက်မှဖြစ်ကြောင်း ပြောပါသည်။ ထိုသူနှစ်ဦးသည် မြို့တွင်းမှထွက်လာခဲ့ကြပြီးနောက် စိုက်ယိဒိနာမူစာ ﷺ၏ သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ ထိုနောက် ဗနီအစ္စရာအီလ်များက သူတို့အမျိုးသားများကို ကြောက်ရွံ့နေခဲ့ကြကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် သူတို့က ဗနီအစ္စရာအီလ်တို့ကို "ကျွန်ုပ်တို့အမျိုးသားများ၏ သဘာဝကို သင်တို့ ကြောက်ရွံ့နေကြကြောင်း ကျွန်ုပ်တို့ ကောင်းကောင်း သဘောပေါက်ပါသည်။ သင်တို့သည် သူတို့၏ မြင့်မားသောအရပ်အမောင်းနှင့် လူဦးရေများမှကြောင့် သင်တို့ ကြောက်ရွံ့ခဲ့ကြပါသည်။ သို့ရာတွင် အမှန်တကယ်မှာ ထိုသူတို့တွင် နှလုံးသားမှာလည်း အင်အားမရှိ၊ သင်တို့နှင့် ရင်ဆိုင်ရန်လည်း သတ္တိမရှိချေ။ အကယ်၍ သင်တို့က မြို့တံခါးဝရောက်အောင်သွားခဲ့လျှင် သူတို့က အညံ့ခံ၍ သင်တို့ အောင်မြင်လိမ့်မည်အကြောင်း သင်တို့ တွေ့နေပါလိမ့်မည်" ဟုပြောခဲ့သည်။ ဋီကာရှင်အချို့ကမူ ဤသူနှစ်ဦးသည် ဗနီအစ္စရာအီလ်မျိုးနွယ်စုမှဖြစ်ကာ သူမျိုးနွယ်စုတို့ကို မြို့တွင်းဝင်ရောက်ရန် ဖျောင်းဖျခဲ့သည်ဟုဆိုသည်။ သို့သော်လည်း ထိုသူတို့နှစ်ယောက်၏ အကြံပြုချက်ကို ကြားခဲ့ရပြီးသည့်တိုင် သူတို့က လုံးလုံးလျားလျား ငြင်းဆန်ခဲ့၍ စိုက်ယိဒိနာမူစာ ﷺအား ကြောင်းကျိုး မဆီလျော်ဆုံးသော အနေအထားဖြင့် ပြောကြားခဲ့သည်ကို ကုရ်အာန်ကျမ်းတော် မြတ်တွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့သည်။

သူတို့ပြောသည်မှာ-

يٰمُوْسٰٓى اِنَّا لَنْ نَّدْخُلَهَآ اَبَدًا مَّا دَامُوْا فِيْهَا فَاذْهَبْ اَنْتَ وَرَبُّكَ فَقَاتِلَآ اِنَّا هٰهُنَا قٰعِدُوْنَ ﴿٢٤﴾

"အို-မူစာ ၎င်းတို့သည် ထိုနယ်မြေအတွင်း ရှိနေသမျှကာလပတ်လုံး မုချဇကန် ကျွန်ုပ်တို့သည် ယင်း(နယ်)မြေအတွင်းသို့ မည်သည့်အခါမျှ အလျှင်းဝင်ရောက်ကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်ကိုယ်တိုင် မိမိအရှင်မြတ်နှင့် တကွသွားရောက်ပြီး အသင်တို့နှစ်ဦးသာလျှင် တိုက်ခိုက်ကြလေကုန်။ ကျွန်ုပ်တို့မူကား ဤနေရာ၌ပင် ထိုင်၍နေကြကုန်အံ့" ဟုဖြစ်သည်။ (၅း၂၄)

အလ္လာဟ်အရှင်မြတ်၏ မြောက်မြားစွာသော အကျိုးကျေးဇူးနှင့် ကောင်းချီးများကို ဗနီအစ္စရာအီလ်တို့ အပေါ် ချပေးတော်မူသော်လည်း ထိုသူများ၏ ထောင်လွှားမှုများနှင့် အာခံမှုများကို စိုက်ယိဒိနာမူစာ ﷺ တွေ့ခဲ့ရသောအခါ ၎င်းတို့၏ အမျက်ထွက်စေသောလုပ်ရပ်နှင့် ပတ်သက်၍ဒုအာဆုမွန်တောင်းခံပေးရန် ရှောင်ကြဉ်ခဲ့သည်။ သို့ရာတွင် ထိုသူတို့၏ ရိုင်းစိုင်းစွာတုံ့ပြန်မှုသည် သူနှလုံးသားတွင် ဝမ်းနည်းမှုဖြင့် ပြည့်လျှံစေကာ ထိုသူများကို **فَاسِقِيْنَ**(စည်းဖောက်သူများ၊ ကျူးလွန်သူများဟု) သတ်မှတ်ကာ အလ္လာဟ်အရှင်မြတ်ထံ ၎င်းတို့အတွက် မကောင်းဆုတောင်းလိုက်သည်။ အလ္လာဟ်အရှင်မြတ်သည် သူ၏ဒုအာမွန်ကို လက်ခံခဲ့၍ ထိုသူများအား **فَاسِقِيْنَ** (စည်းကျော်သူများ)ဟု သတ်မှတ်ကာ မြင့်မြတ်သောနယ်မြေတွင်းသို့ ဝင်ရောက်ခွင့်ငြင်းပယ်၍ ကွင်းပြင်တွင် နှစ်ပေါင်းလေးဆယ်တိုင်တိုင် မနက်မှ ညနေတိုင်း ရည်ရွယ်ချက်မဲ့ တဝဲလည်လည် လျှောက်သွားစေခဲ့ပါသည်။ သို့သော်လည်း စိုက်ယိဒိနာ မူစာ ﷺသည် ၎င်းတို့နှင့်အတူရှိနေခြင်းကြောင့် အလ္လာဟ်အရှင်မြတ်က ၎င်းတို့ပြစ်ဒဏ်ခတ်နေသည့်တိုင် ၎င်းတို့ပေါ် မြောက်မြားစွာသော လက်ဆောင်များနှင့်တကွ ကျေးဇူးပြုခဲ့ပါသည်။ ရေမရှိသည့် သီးဟ်(ဆိုင်းနိုင်း)သဲကန္တာရထဲတွင် ၎င်းတို့ မည်သည့်နေရာသွားသွား နေပူဒဏ်မှ အကာအကွယ်ဖြစ်စေသည်။ တိမ်တိုက်တစ်ခုသည် ၎င်းတို့အပေါ် မိုးလျက်ရှိနေခဲ့သည်။ အစားအသောက်အတွက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ထံ **من وسلوى** (မန်နဆိုသည်မှာ သစ် တစ်မျိုးမှထွက်သော ပျစ်ချွဲချွဲအရာဖြစ်၍ စလ်ဝါဆိုသည်မှာ ငုံးကဲ့သို့သော ငှက်ဖြစ်သည်) ချပေးတော်မူခဲ့သည်။ အံ့ဖွယ်

မုအ်ဂျီဇာဟ်တစ်ရပ်အရ ၎င်းတို့၏ အဝတ်အစားများသည် မည်သည့်အခါမျှ စုတ်ပြဲခြင်းမရှိသကဲ့သို့ ညစ်ပေခြင်း လည်း မရှိခဲ့ပါ။ ထိုသူများကို လေးထောင့်စပ်စပ် ကျောက်တုံးတစ်တုံး ပေးအပ်ထားခဲ့ကာ စိုက်ယိဒိနာမူစာ ﷺအား သူလူများ ရေလိုအပ်လျှင် ၎င်း၏တောင်ဝှေးဖြင့် ယင်းကျောက်တုံးကို ရိုက်ရန်ပေးထားသည်။ ထိုသို့ရိုက်လျှင် ရေချို စမ်းချောင်း တစ်ဆယ့်နှစ်သွယ်သည် တစ်ဖက်လျှင် သုံးခုစီထွက်ကာ ပန်းထွက်စေပါသည်။ ယင်းမှ ဗနီအစ္စရာအီလ် မျိုးနွယ် တစ်ဆယ့်နှစ်စုက အားလုံးအငြင်းမပွားဘဲ သုံးစွဲနိုင်ပေသည်။ သူတို့ခရီးဆုံး၍ စခန်းချသောအခါ လေးထောင့်စတုရန်း ကျောက်တုံးသည် ရှိနေခဲ့ပြီးဖြစ်သည်။ (ကုရ်သုဗီ)

ဤဟဒီးစ်သုလ်ဖုသူန်၏ လက်ရှိဆင့်ပြန်ချက်အရ စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺက တမန်တော်မြတ်ﷺ ထံတော်မှ ဖြစ်သည်ဆိုကြောင်း ပြောပြခဲ့သည်။ ဤအဖြစ်အပျက်ကို စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺက သူကိုယ်တိုင် မတင်ပြခြင်း၊ သို့မဟုတ် တစ်စုံတစ်ဦးထံမှ ကြားသိ၍တင်ပြခြင်းသည် ကျန်ပ်အယူအဆအရ မှန်ကန်ကြောင်းအောက်ပါ အဖြစ်အပျက်က အထောက်အကူ ပြုပါသည်။

စိုက်ယိဒိနာမုအာဝိယာသ်ﷺက ဤဟဒီးစ်တော်ကို စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺထံမှ ကြားသိရသောအခါ အကြောင်းအရာ၏ တစ်စိတ်တစ်ပိုင်းမှာ မမှန်ကန်ဟုသူက ငြင်းဆိုခဲ့သည်။ ယင်းမှာ အီဂျစ်အမျိုးသားကို သတ်သူ (စိုက်ယိဒိနာမူစာ ﷺကို ဖိရ်အောင်နှလုများက မရှာဖွေနိုင်ခဲ့ကြပါ။ ပြီးခဲ့သောရက်က ရန်ဖြစ်ခဲ့သော အစ္စရာအီလ် လူမျိုးနှင့် ယနေ့ရန်ဖြစ်သော ဒုတိယအီဂျစ်အမျိုးသားက ဖော်ထုတ်ခဲ့ပါသည်။ စိုက်ယိဒိနာ မုအာဝိယာဟ်ﷺ၏ ကန့်ကွက်ချက်မှာ ဒုတိယအီဂျစ်လူမျိုးသည် ပြီးခဲ့သောရက်က လူသတ်မှုကို မသိရှိခဲ့သောကြောင့် စိုက်ယိဒိနာမူစာ ﷺကို လူသတ်တရားခံအဖြစ် ဖော်ထုတ်နိုင်စွမ်းမရှိပါ။ မျက်မြင်သက်သေဟူ၍ အစ္စရာအီလ်တစ်ဦးတည်းသာရှိသည်။

စိုက်ယိဒိနာမုအာဝိယာဟ်ﷺက ဟဒီးစ်၏ ဤအပိုင်းနှင့်ပတ်သက်၍ သံသယရှိကြောင်း ဖော်ပြခဲ့သောအခါ စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ်ﷺဒေါသထွက်ကာ စိုက်ယိဒိနာမုအာဝိယာသ်ﷺအား စအိဒ်အိဗနိမာလိက်ဇုဟ်ရီထံ ခေါ်သွားခဲ့သည်။ ထို့နောက် စအိဒ်အိဗနိမာလိက်ဇုဟ်ရီအား အီဂျစ်လူမျိုးသတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ တမန်တော်မြတ်ﷺ၏ ပြောကြားချက်ကို မှတ်မိပါသေးသလောဟု မေးမြန်းခဲ့သည်။ သူက မှတ်မိကြောင်း ဖြေကြားသောအခါ စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺက "သို့ဆိုလျှင် ဖိရ်အောင်နှကို လူသတ်တရားခံနှင့် ပတ်သက်သော အချက်အလက် ပေးသူမှာ အီဂျစ်လူမျိုးလော အစ္စရာအီလ်တစ်ဦးလော" ဟုမေး မြန်းခဲ့သည်။ စအိဒ်အိဗနိမာလိက်ﷺကပြောသည်မှာ သတင်းပေးသူမှာ အီဂျစ်လူမျိုးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစ္စရာအီလ်မျိုးနွယ်ဝင်က စိုက်ယိဒိနာမူစာ ﷺ လူသတ်မှုကျူးလွန်ခဲ့ကြောင်း ပြောကြားသည်ကိုကြားသိ၍ ဖိရ်အောင်နှကို တင်ပြခဲ့သည်။ အီမာမ်နစာအီက ဤ ရှည်လျားသည့် ဟဒီးစ်ကိုသူ၏ အလ်စုနာမ်အလ်ကုဗ်ရာ ဟူသောကျမ်း **كتاب التفسير** တွင် ဖော်ပြထားသည်။

သဗရီနှင့်အိဗနိဟာကင်မ်တို့က သူတို့၏အကျယ်ဖွင့်ကျမ်းတွင် ဤဟဒီးစ်တော်အသေးစိတ်ကို ပြန်လည် တင်ပြထားခဲ့သည်။ ထို့ပြင်ဤဟဒီးစ်သည် **مرفوع** (မရ်ဖုအ်) တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည့် ဟဒီးစ်မဟုတ်ဟု ၎င်းတို့၏အယူအဆကိုလည်း ဖော်ပြထားခဲ့သည်။ သို့သော်လည်း ယင်းတို့မှာ စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺ၏ ပြောကြားချက်များသာဖြစ်၍ ယင်းပြောကြားချက်များမှာ ကအဗ်ဗလ်အဟ်ဗရ်၏ အစ္စရေးတို့ဆင့်ပြန်ချက်များကို ပြန်လည် တင်ပြထားခြင်းဖြစ်၍ ယင်းဆင့်ပြန်ချက်များ ပြန်လည်တင်ပြခြင်းသည် ခွင့်ပြုနိုင်ပါသည်။ မည်သို့ပင်ဆိုစေပါမူ နေရာများစွာတွင် တမန်တော်မြတ်ﷺ၏ ပြောကြားချက်များ ပါဝင်သည်ဆိုသည်ကား မှန်ကန်ပါသည်။ အိဗနိကဆီးရိက ဤဟဒီးစ်တော်ကို ၎င်း၏ အကျယ်ဖွင့်ကျမ်းတွင် ပြန်လည်ဖော်ပြကာ သူကိုယ်တိုင် ငြင်းဆိုချက်များပေးပြီးနောက် ပြောသည်မှာ သဗရီ၊ အိဗနိအဗီဟာသင်မ်၊ ရှိက်ခ်ဗုလ်ဟဂျ်ဂျာဂျ်မိဖ်ဇီတို့ကဲ့သိုပင် ဤဆင့်ပြန်ချက်သည် **مَوْقُوف** ဖြစ်

ကြောင်း ယုံကြည်သည်။ ဆိုလိုသည်မှာ ယင်းဆင့်ပြန်ချက်သည် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်မဟုတ်ဘဲ စိုက်ယိဒိနာအိဝနိအဗ္ဗားစ်၏ ပြောကြားချက်တစ်ရပ်သာ ဖြစ်သည်ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာမူစာﷺ၏ အဖြစ်အပျက်မှ ရနိုင်သောရလဒ်များ၊ သင်ခန်းစာများနှင့် ကြီးမားသောအကျိုးကျေးဇူးများ

စိုက်ယိဒိနာမူစာﷺ၏ အဖြစ်အပျက်ကို ကုရ်အာန်ကျမ်းတော်မြတ်က အထူး အရေးပေးထားသည် ဆိုကြောင်းကို ယင်းအဖြစ်အပျက်အား စူရာဟ်အတော်များများတွင် အကြိမ်ကြိမ်ဖော်ပြနေခြင်းက ထင်ရှားစေပါသည်။ အကြောင်းမှာ ယင်းအဖြစ်အပျက်ထဲတွင် လူသားများအတွက် မြောက်မြားစွာသော သင်ခန်းစာများ၊ မြင့်မားသော အသိဉာဏ်နှင့် ပတ်သက်သည့် အဖြစ်အပျက်များနှင့် အလွှာဟ်အရှင်မြတ်၏ ကြီးကျယ်နိုင်နင်းတော်မူသော တန်ခိုးဂုဏ်တော်နှင့် ထူးခြားသောပြဿနာများ ပါဝင်သည်။ ယင်းအရာအားလုံးသည် စစ်မှန်သော အီမာန် သက်ဝင်ယုံကြည်သူတစ်ဦးအား စွဲမြဲခိုင်ခန့်စေကာ လက်တွေ့ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ လမ်းညွှန်မှုများ သူ့အတွက် အထောက်အကူပြုပါသည်။ ယင်းတို့မှ အချို့၏ အကျဉ်းချုပ်ကို အောက်ပါစာပိုဒ် များတွင် ဖော်ပြထားပါသည်။

ဖိရ်အောင်နှ၏ မိုက်မဲသောအကြံအစည်နှင့် အလွှာဟ်အရှင်မြတ်က ယင်းအကြံအစည်ကို မည်သို့ အလဟသ ဖြစ်စေခဲ့ကြောင်း

အစွမ်းရေးမျိုးနွယ်တွင်ဖွားမြင်သောကလေးငယ်တစ်ဦးသည်သူ့ကိုနန်းချလိမ့်မည်ဟုတင်လျှောက်ခဲ့သောအခါ ယင်းမျိုးနွယ်စုတွင် မွေးဖွားသောကလေးငယ်များကို သတ်ဖြတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။ နောက်ပိုင်း၌ သူ့ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် သံတမန်ရေးဆိုင်ရာအကြောင်းများကြောင့် သူသည်အမိန့်ကို ပြင်ဆင်ခဲ့၍ တစ်နှစ်ခြား တစ်ခါတွင် သတ်စေခဲ့ပါသည်။ အလွှာဟ်အရှင်မြတ်တွင် စိုက်ယိဒိနာမူစာﷺအား ကလေးများသတ်ဖြတ်ခြင်းကို ရပ်ဆိုင်းထားသည့်နှစ်တွင် မွေးဖွားစေတော်မူသော တန်ခိုးဂုဏ်တော်ကားရှိပါသည်။ သို့သော်လည်း အရှင်မြတ်၏ အလိုတော်မှာ မင်းဆိုးမင်းညစ်၏ ရက်စက်ကြမ်းကြုတ်သောအကြံအစည်သည် ကိုယ်ရှူးကိုယ်ပတ်၍ သူ့အပေါ် ပြန်လည်သက်ရောက်စေရန်ဖြစ်သည်။ ထို့ကြောင့် စိုက်ယိဒိနာမူစာﷺသည် မွေးကင်းစများကို သတ်ဖြတ်သောနှစ်တွင်ပင် မွေးဖွားစေရန် သတ်မှတ်ခဲ့ပါသည်။ ထို့နောက် အလွှာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကြီးကျယ်နိုင်နင်းတော်မူသော တန်ခိုး ဂုဏ်တော်အရ ဖိရ်အောင်နှက စိုက်ယိဒိနာမူစာﷺကို တာဝန်ယူစောင့်ရှောက်ကာ သူ့နန်းတော်တွင် ကြီးပြင်းစေရမည်ဟုသော အခြေအနေတစ်ရပ်ကို ဖန်တီးလိုက်ပါသည်။ ဖိရ်အောင်နှသည် သူ့အချုပ်အခြာအာဏာကို ခြိမ်းခြောက်နိုင်သော အစွမ်းရေးမျိုးနွယ်ဝင် ယောကျ်ားကလေးများကို သတ်ဖြတ်နေသည့်အချိန်မှာပင် စိုက်ယိဒိနာမူစာﷺသည် စည်းစိမ် အတိုးပြီးသည့် နန်းတော်တွင်းကြီးပြင်းလာကာ နန်းတော်တွင်းရှိလူတိုင်း၏ ချစ်ခင်ရိုသေမှုကို ခံစားခဲ့ရပါသည်။

စိုက်ယိဒိနာမူစာﷺ၏ မိခင်အတွက်ကျရောက်သော အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များ

အကယ်၍ စိုက်ယိဒိနာမူစာﷺက မည်သည့်နို့ထိန်းသည်၏ နို့ချို့ကိုမဆို လက်ခံသောက်သုံးခဲ့ပါလျှင် ၎င်းသည် ယင်းနို့ထိန်းသည်နှင့်ပင် ၎င်း၏ဘဝအစောပိုင်းကုန်ဆုံးခဲ့ရပါလိမ့်မည်။ သူမိခင်မှာလည်း သားနှင့်ခွဲခွာခဲ့ရခြင်းကြောင့် စိတ်ဒုက္ခအကြီးအကျယ် ရောက်ရပါလိမ့်မည်။ ထိုပြင်သူ့ကို မယုံကြည်သွေဖည်ငြင်းပယ်သူ အမျိုးသမီးတစ်ဦး၏ စောင့်ရှောက်မှုဖြင့် ကြီးပြင်းရပါလိမ့်မည်။ သို့ရာတွင် လူသားဉာဏ်မမီနိုင်သော ပြုစုပျိုးထောင်မှု ဆုံးဖြတ်ချက်အရ မယုံကြည်သွေဖည်ငြင်းပယ်သူ အမျိုးသမီး၏ ပြုစုပျိုးထောင်မှုမှ ကင်းလွတ်စေခဲ့ကာ ၎င်း၏မိခင်နှင့်လည်း ပြန်လည်

ပေါင်းစည်းစေခဲ့ပါသည်။ ဖိရဓောင်နန့် သူဇနီးသည် သူမကို ကျေးဇူးတင်ရှိရုံမျှမက လက်ဆောင်လည်းပေး၍ ဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခလည်း ကောင်းကောင်းပေးလေသည်။ စိုက်ယိဒနာမူစာ ﷺကို သူမအိမ် ခေါ်ဆောင်သွားစေနိုင်သောကြောင့် အခြားသောအစေခံများကဲ့သို့ ဖိရဓောင်နန်၏နန်းတော်ထဲတွင် နေထိုင်ရန် မလိုတော့ပါ။ فَتَبَارَكَ اللهُ أَحْسَنُ الْخَالِقِينَ

စက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်များအတွက် သတင်းကောင်း

ဟဒီးစ်တော်တစ်ရပ်အရ တမန်တော်မြတ် ﷺ မိန့်ကြားထားခဲ့သည်မှာ စက်မှုလုပ်ငန်းရှင် သို့မဟုတ် စီးပွားရေးသမား တစ်ဦးသည် ၎င်း၏အရောင်းအဝယ် လုပ်ငန်းတွင်လည်း စိုက်ယိဒနာမူစာ ﷺ၏ မိခင်ကမိမိသားငယ်ကို ကျွေးမွေး သုတ်သင်နေရင်း ၎င်း၏ ဝန်ဆောင်မှုအတွက် အခကြေးငွေရသကဲ့သို့ အလ္လာဟ်အရှင်မြတ်ထံ မျှော်လင့်ချက်ကောင်း ထားလျှင် ကုသိုလ်လည်းရ မိမိအလုပ်လည်း အောင်မြင်မည်ဖြစ်သည်။ (အိဗနီကဆီး၏) ဆိုလိုသည်မှာ အကယ်၍ ပန်းရံဆရာတစ်ဦးသည် ဗလီတစ်လုံး၊ ကျောင်းတစ်ဆောင် သို့မဟုတ် အများအသုံးပြုမည့် အဆောက်အဦးဆောက် လုပ်ရာတွင် သူလုပ်ခအပေါ်တွင်သာလျှင် သောကထားလျှင် လုပ်ခရပါလိမ့်မည်။ ဤသည်ထက် မပိုချေ။ သို့သော်လည်း အကယ်၍ သူသည်စိုက်ယိဒနာမူစာ ﷺ၏ မိခင်ကဲ့သို့ ဤအဆောက်အဦးများကို ရည်ရွယ်ချက်ကောင်းအတွက် အသုံးပြု၍ ဘုရားတရားရှိသေကိုင်းရှိုင်းသူများအတွက် အကျိုးဖြစ်စေလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အခြား လုပ်ငန်းများထက် ဤအဆောက်အဦးကို တည်ဆောက်ရန် ဦးစားပေးခဲ့မည်ဆိုလျှင် သူသည် လုပ်ခရရုံမျှမက ဘာသာရေးဆိုင်ရာ အကျိုးအမြတ်လည်း ရရှိပေလိမ့်မည်။

အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်ခံကျေးကျွန်များကို မြင်သူတိုင်းက ချစ်ခင်မြတ်နိုးကြသည်ဟူသော အထူး အရည်အချင်းတစ်ရပ် ပေးသနားတော်မူထားခဲ့သည်။

وَأَلْقَيْتُ عَلَيْكَ مَحَبَّةً مِّنِّي

"ထို့ပြင် ငါ့အရှင်မြတ်သည် (အသင့်အား မြင်သူတိုင်း ချစ်ခင်ခဲ့သောငှာ) အသင့်အပေါ်၌ မိမိအထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့ပေသည်။ (၂၀း၃၉)

ဤအာယသ်တော်က ရည်ညွှန်းသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင့်ရွေးချယ်ခံ ကျေးကျွန်များကို ရန်သူဖြစ်စေ မိတ်ဆွေဖြစ်စေ မြင်မြင်သမျှ လူအားလုံးက ၎င်းတို့ကို ချစ်ခင်မြတ်နိုးသွားစေခြင်းဟူသော အထူး ကျေးဇူးတော်တစ်ရပ် ပေးအပ်ထားတော်မူသည်။ တမန်တော်များသည် ဤကျေးဇူးတော်ကို အဆင့်ကြီးမားစွာ ခံစားရသော်လည်း သူတော်စင်များစွာမှာလည်း ဤသည်ကို ခံစားခဲ့ကြရကြောင်း သိရှိရပါသည်။

စိုက်ယိဒနာမူစာ ﷺက အီဂျစ်လူမျိုးတစ်ဦးအား သတ်ဖြတ်မှုကို ပြစ်မှုဝုန်းဟ်တစ်ခုအဖြစ် အဘယ်ကြောင့် သတ်မှတ်ခဲ့သနည်း

အစ္စရာအီမျိုးနွယ်ဝင် မုစ်လင်မ်တစ်ဦးနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူ အီဂျစ်နိုင်ငံသားတစ်ဦး ခိုက်ရန်ဖြစ်နေသည်ကို စိုက်ယိဒနာမူစာ ﷺ တွေ့ခဲ့သောအခါ ၎င်းက ထိုအီဂျစ်နိုင်ငံသားကို ထိုးကြိတ်ခဲ့ရာ ယင်း ထိုးကြိတ်မှုကြောင့် သေကြေခဲ့ရသည်။ ဤလုပ်ရပ်သည် ရှိုက်တွာန်၏ လုပ်ရပ်ဖြစ်ကြောင်း သူကဖော်ပြခဲ့ပြီး အလ္လာဟ်အရှင်မြတ်ထံ ခွင့်လွှတ်ပါရန် ဒုအာဆုမွန်တောင်းခံ ခဲ့သည်။ အရှင်မြတ်က ဒိုအာကိုလက်ခံခဲ့ပါသည်။

ဤနေရာ၌ ဓမ္မသတ်ပညာရှင်များ စဉ်းစားရန် အချက်တစ်ချက်ရှိသည်။ ဤအီဂျစ်လူမျိုးသည် မယုံကြည်သွေဖည်ငြင်းပယ်သူဖြစ်ကာ မုစ်လင်မ်မဟုတ်သူ အုပ်ချုပ်သောနိုင်ငံသားဖြစ်၍ စိုက်ယိဒိနာမူစာ ﷺနှင့် သူမှာ ငြိမ်ချမ်းရေး သဘောတူညီချက်လည်း မရှိခဲ့ပါ။ မုစ်လင်မ်များ အပြည့်အဝစောင့်ရှောက်မှု ခံစားနိုင်သည့် ဒင်မီ **دِمِّي** (မုစ်လင်မ်များ အုပ်ချုပ်သော နိုင်ငံတွင်နေထိုင်သော မုစ်လင်မ်မဟုတ်သူ) အဖြစ် သူ့ကို မသတ်မှတ်နိုင်ပါ။ သူသည် **دار الحرب** (ရန်သူနိုင်ငံ)၏ မုစ်လင်မ်မဟုတ်သူနိုင်ငံသား တစ်ဦးလည်းဖြစ်ကာ မုစ်လင်မ်ဥပဒေအရ ထိုက်ခဲ့သို့သော သူ့ကို သတ်ဖြတ်ခြင်းသည် ပြစ်မှုအထမမြောက်ချေ။ သို့ဆိုလျှင် အဘယ်ကြောင့် အီဂျစ်လူမျိုးအား သတ်ဖြတ်ခြင်းကို ရှိုက်တွာန် ၏လုပ်ရပ်နှင့် ပြစ်မှုတစ်ခုဟူ၍ ဖော်ပြရသနည်း။

မည်သည့် အကျယ်ဖွင့်ခြင်းများထဲတွင်မှ ဤကိစ္စရေးမထားပါ။ လွန်ခဲ့သောအချိန် အနည်းငယ်က ဟဇရတ် မောင်လာနာအရှ်ရဖ် အလီ ထာနဝီ၏ အမိန့်အရ ကျွန်တော်သည် ကျွန်တော်၏ အဟ်ကာမုလ် ကုရ်အာန် **احكام القرآن** ရေးသားသောအခါတွင် ဤကိစ္စအကြောင်းရောက်သောအခါ ဆရာသခင်ကြီး၏ လမ်းညွှန်မှု တောင်းခံခဲ့ပါသည်။ ဆရာသခင်ကြီး၏ ရှင်းလင်းပြသမှုမှာ စိုက်ယိဒိနာမူစာ ﷺနှင့် အီဂျစ်လူမျိုးတို့အကြားတွင် ပဋိညာဉ်ချုပ်ဆိုထားမှုလည်းမရှိ၊ အီဂျစ်လူမျိုးသည် ဇင်မီ(မုစ်လင်မ်မဟုတ်သူတစ်ဦးက မုစ်လင်မ်နိုင်ငံတွင်နေထိုင်သူ) အနေအထားလည်းမရှိချေ။ ၎င်းတို့နှစ်ဦးသည်လည်း တိုင်းပြည်၏အကြီးအကဲများ မဟုတ်ကြပါ။ သူတို့သည် ဖိရ်အောင်နှ်၏ နိုင်ငံသားများဖြစ်ကာ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးမရှိ ငြိမ်းငြိမ်းချမ်းချမ်းရှိကြသည်။ ဤသည်မှာ လက်တွေ့ လုပ်ဆောင်ရာတွင် တစ်ဦးနှင့်တစ်ဦးထားရှိကြသော ပဋိညာဉ်ထားခြင်းဟုရည်ညွှန်းသည်။ ထို့ကြောင့် အီဂျစ်လူမျိုးကို သတ်ဖြတ်ခြင်းသည် ဤရည်ညွှန်းထားသော ပဋိညာဉ်ကို ဖောက်ဖျက်ရာရောက်သဖြင့် သဘောသဘာဝအရ ပြစ်မှုဂုနာဟ်ဖြစ်လေသည်။ လူသတ်မှုမှာ ရည်ရွယ်ချက်နှင့်မဟုတ်ဘဲ မတော်တဆဖြစ်၍ သူ၏တမန်တော်ဖြစ်မှု၏ မြင့်မြတ်မှုကို အကြီးအကျယ် မထိခိုက်စေပါ။ ဤအတွက်ကြောင့် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံဟု မခွဲမခြားအလျင်က မုစ်လင်မ်နှင့် ဟိန္ဒူနှစ်မျိုးစလုံးသည် ဗြိတိသျှအုပ်စိုးမှု အောက်တွင် ရှိနေခဲ့သည်။ ထို့ကြောင့် ဟဇရတ်မောင်လာနာထာနဝီ ﷺက မုစ်လင်မ်များသည် ဟိန္ဒူတစ်ဦး၏ အသက်သတ်ဖြတ်ခြင်း သို့မဟုတ် ပစ္စည်းဥစ္စာယူခြင်းကို တရားဝင်သည်ဟု မမှတ်ယူချေ။

ချည်နဲ့သူများကို ကူညီခြင်းနှင့် ပရဟိတ လူမှုဝန်ထမ်းလုပ်ရပ်များသည် ဤကမ္ဘာလောကနှင့် နောင်တမလွန်နှစ်ဘဝစလုံးတွင် ဆုလာဘ်ရရှိ နိုင်သည်။

စိုက်ယိဒိနာမူစာ ﷺသည် မဒီယမ်၏မြို့ပြင်ရောက်ရှိခိုက်တွင် အမျိုးသမီးငယ်နှစ်ဦး ခပ်လှမ်းလှမ်းတွင် ရပ်နေကြသည်ကို တွေ့ခဲ့ရသည်။ ယင်းသို့ရပ်နေရခြင်းမှာ ထိုမိန်းကလေးငယ်များသည် သူတို့ဆိတ်များကို ရေတိုက်ရန် အတွက် ယောကျ်ားများနှင့် ယှဉ်၍လုပ်ဆောင်ရန် အားနည်းသောကြောင့် ဖြစ်ပါသည်။ ဤမိန်းကလေးငယ်များသည် သူ့အတွက် သူစိမ်းတစ်ရံဆံဖြစ်သကဲ့သို့ သူကိုယ်တိုင်မှာလည်း နေစရာအိမ်မရှိသော ခြေဦးတည့်ရာ လှည့်လည် သွားနေရသူတစ်ဦးဖြစ်သည်။ သို့ရာတွင် သူသည်ရည်မွန်၍ ယဉ်ကျေးသိမ်မွေ့သောသူတစ်ဦး ဖြစ်ခြင်းက ထိုမိန်းကလေးငယ်များကို အကူအညီပေးရန် စေ့ဆော်ခဲ့ပါသည်။ သူသည်သူမတို့ ဆိတ်များကို ရေတိုက်ပေးခဲ့သည်။ ဤကြောင်နာသော အပြုအမူက အလ္လာဟ်အရှင် ကျေနပ်နှစ်သက်မှုကို ရရှိခဲ့ပါသည်။ သူ၏ လောကီဆိုင်ရာ ဆုလာဘ်မှာ စိုက်ယိဒိနာ ရှူအိုက်ဗ် ﷺက သူ၏သမီးတစ်ဦးနှင့် သူ့ကို လက်ထပ်ထိမ်းမြားပေးခဲ့သည်။

တမန်တော်တစ်ဦးကအလုပ်ရှင် အခြားတမန်တော်တစ်ဦးက အလုပ်သမားဟူသော အခြေအနေနှင့် ပတ်သက်သည့် တွေးခေါ်မှုဒဿနနှင့် အကျိုးအမြတ်များ

စိုက်ယိဒိနာမူစာ ﷺသည် စိုက်ယိဒိနာရှုအိုက်ဗ် ﷺ၏အိမ်သို့ ဂုဏ်ပေးခံရသော ဧည့်သည်တစ်ဦးအဖြစ် ရောက်ရှိခဲ့ပါသည်။ စိုက်ယိဒိနာမူစာ ﷺနောက်သို့ ဖိရ်အောင်နှစ်၏ စစ်သားများလိုက်ခြင်းမှ စိတ်ချရပြီဟု စိုက်ယိဒိနာရှုအိုက်ဗ် ﷺက ယူဆသောအခါ သူ၏သမီးများ အကြံပြုချက်အရ စိုက်ယိဒိနာမူစာ ﷺအား အခကြေးငွေနှင့် အလုပ်လုပ်ပါရန် ကမ်းလှမ်းခဲ့သည်။ ဤကမ်းလှမ်းမှုတွင် အလ္လာဟ်အရှင်မြတ်၏ နက်နဲသောဒဿနနှင့် လူသားများအတွက် လမ်းညွှန်မှုပါဝင်သည်။

ပထမအချက်- စိုက်ယိဒိနာရှုအိုက်ဗ် ﷺသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သည်။ ခရီးသည်တစ်ဦးကို အချိန်ကာလတစ်ခုအတွက် အခကြေးငွေမတောင်းဘဲ ဧည့်ခံနိုင်ပါသည်။ သို့ရာတွင် စိုက်ယိဒိနာရှုအိုက်ဗ် ﷺသည် တမန်တော်အသိဉာဏ်အရ စဉ်းစားမိသည်မှာ စိုက်ယိဒိနာမူစာ ﷺသည် မြင့်မြတ်သော အကျင့်စာရိတ္တရှိသူတစ်ဦးဖြစ်ကာ သူ၏ဧည့်ဝတ်ကျပွန်မှုကို အချိန်ကြာမြင့်စွာ ခံစားနေမည်မဟုတ်ဘဲ အခြားတစ်နေရာသို့ ရွှေ့သွားခဲ့လျှင် မိမိမှာအခက်အခဲနှင့် ရင်ဆိုင်ရပါလိမ့်မည် ဟူ၍ဖြစ်သည်။ ထိုကြောင့် စိုက်ယိဒိနာရှုအိုက်ဗ် ﷺက အလုပ်လုပ်ရန် ပွင့်ပွင့်လင်းလင်း ကမ်းလှမ်းခဲ့သည်။ ဤနေရာ၌ သင်ခန်းစာတစ်ခုမှာ တစ်စုံတစ်ဦး၏ ဧည့်ဝတ်ကျပွန်သောကြောင့် အချိန်ကြာမြင့်စွာ နေထိုင်ခြင်းဖြင့် ထိုအိမ်ရှင့်အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းမှာ မလျော်ကန်ချေ။

ဒုတိယအချက်- အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူစာ ﷺကို တမန်တော်အဖြစ် အပ်နှင်းရန် ရွေးချယ်ပြီးဖြစ်သည်။ ထို့ပြင် အလုပ်ကြမ်းလုပ်ခြင်းနှင့် ပင်ပင်ပန်းပန်းလုပ်ခြင်းသည် တမန်တော်ဖြစ်ခြင်းအတွက် အကြိုလိုအပ်ချက်များ မဟုတ်သကဲ့သို့ အပြင်းအထန် ကြိုးပမ်းအားထုတ်မှုကြောင့်လည်း တမန်တော်မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် တမန်တော်ဖြစ်ခြင်းသည် အလ္လာဟ်အရှင်မြတ်အထံတော်မှ လက်ဆောင်သက်သက်သာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော ဟစ်ကမသ်ဉာဏ်တော်အရ ဆုံးဖြတ်ထားခဲ့သည်မှာ စာရိတ္တတည်ဆောက်ခြင်းနှင့် အခြားသူများကို ပြုပြင်ရန်အတွက် တမန်တော်များကို အချိန်ကာလအပိုင်းအခြားတစ်ခုအထိ အလွန်ပင်ပန်းသော ရုပ်ပိုင်းဆိုင်ရာများ လုပ်ဆောင်ရမည်ဟု သတ်မှတ်ထားခဲ့သည်။ စိုက်ယိဒိနာမူစာ ﷺ၏ ဘဝသည် စည်းစိမ်ချမ်းသာများနှင့် ကုန်ဆုံးခဲ့သည်။ ၎င်းပြင် လူသားများကို ဦးဆောင်သူတစ်ဦးအဖြစ်လည်းကောင်း၊ ထိုလူသားများ၏ ကိုယ်ကျင့်တရားဆိုင်ရာဘဝကို ပြုပြင်ရန်သတ်မှတ်ထားခဲ့သောကြောင့် စိုက်ယိဒိနာရှုအိုက်ဗ် ﷺထံတွင် သူအလုပ်လုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်က သူ့ကို ကြီးမားသောလုပ်ငန်း တာဝန်လုပ်ဆောင်စေရန် ရွေးချယ်ထားခဲ့မှုကို ပြင်ဆင်စေရန်အတွက် သူ့ကို အလုပ်ကြမ်းများဖြင့် ယဉ်ပါးစေပါသည်။

တတိယအချက်- စိုက်ယိဒိနာရှုအိုက်ဗ် ﷺ၏ ဆိတ်များကျောင်းသည့်အလုပ်ကို စိုက်ယိဒိနာမူစာ ﷺအား လုပ်စေပါသည်။ ပိုပြီး ထူးဆန်းအံ့ဖွယ်ရာမှာ တမန်တော်များစွာသည် တစ်ချိန်မဟုတ် တစ်ချိန်တွင် အလားတူလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြ ရပါသည်။ ဆိတ်တစ်ကောင်သည် ဆိတ်အုပ်မှထွက်သွားခြင်းသည် ဆိတ်ကျောင်းသူကို ကြီးစွာသော စိတ်အနှောက်အယှက် ဖြစ်စေပါသည်။ အကယ်၍ ဤသို့ကွဲသွားသည်ကို ကြည့်နေခဲ့လျှင် သူနစ်နာစေပါမည်။ သို့မဟုတ် ဝံပုလွေကိုက်စားခြင်း ခံရနိုင်သည်။ ထို့ပြင် အကယ်၍ သူကထိုဆိတ်ကို ရိုက်နှက်ပြစ်ဒဏ်ပေးခဲ့လျှင် နူးညံ့သော တိရစ္ဆာန်မှာ အနာတရဖြစ်ရပါလိမ့်မည်။ ထို့ကြောင့် သူသည် ဆိတ်အုပ်ပေါ်တွင် အလွန်စိတ်ရှည်ရပါမည်။ တမန်တော်များသည်လည်း ထိုသို့ပင်ဖြစ်သည်။ လမ်းလွဲနေသော လူသားထုကို လစ်လျူမရှုနိုင်သကဲ့သို့ ထိုသူများကို စည်းကမ်းကလနားပေးရာတွင်လည်း အလွန်အမင်း တင်းကြပ်၍မရပါ။ တမန်တော်များသည် ထိုသူများကို အလွန်

ကြီးမားသော သည်းခံခြင်းတရားဖြင့် ဆက်ဆံရပါမည်။

လုပ်ငန်းတစ်ခုအတွက် အကောင်းဆုံးသူကို မည်သို့ရွေးချယ်မည်နည်း

စိုက်ယိဒိနာရှုအိုက်ပ်ﷺ၏ သမီးကဖခင်ကို သူ့လုပ်ငန်းတွင် စိုက်ယိဒိနာမူစာﷺကို ခန့်သင့်သည်ဟု အကြံပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စိုက်ယိဒိနာမူစာﷺသည် ကျန်းမာသန်စွမ်း၍ ရိုးသားဖြောင့်မတ်သောကြောင့်ဖြစ်သည်။ **قَوِیُّ** (ကဝီယ်-ကျန်းမာသန်စွမ်း) ဟူသော စကားလုံးက ကျန်းမာသန်စွမ်းကာ အပ်နှင်းသောတာဝန်များကို စိတ်ကျေနပ်ဖွယ် ထမ်းဆောင်နိုင်စွမ်းရှိသူကို ရည်ညွှန်းသည်။ ထို့ပြင် **اَمِیۡن** (အမီးန်- ရိုးသားဖြောင့်မတ်ခြင်း) ဟူသည်က သူ့အတိတ်ဘဝမှတ်တမ်းများ သည် သူ၏ရိုးသားမှုနှင့် တည်ကြည်မှုကို သက်သေပြပါသည်။

ဤတိုတောင်းသော စကားလုံးနှစ်လုံးအား နက်နဲစွာစဉ်းစားတွေးတောကြည့်လျှင် ပုဂ္ဂလိက သို့မဟုတ် အများနှင့်ဆိုင်သောလုပ်ငန်းများနှင့်ရာထူးများအသီးသီးအတွက်ရွေးချယ်ရာတွင်လူတစ်ဦးတွင်ရှိရမည့်အရည်အသွေးအားလုံးပါဝင်သည်။ ခေတ်ပြိုင် အဖွဲ့အစည်းများတွင် ဝန်ထမ်းရွေးချယ်ရာတွင် သတ်မှတ်ထားသော အသေးစိတ်အချက်အလက်များသည်ပင်လျှင် ဤစကားလုံး နှစ်လုံးလောက်မပြီးပြည့်စုံချေ။ ယနေ့ခေတ်တွင် လျှောက်ထားသူတစ်ဦးကို ရွေးချယ်ရာတွင် ရိုးသားဖြောင့်မတ်ခြင်းဟူသည်ကို လျစ်လျူရှုကာ ပညာရပ်ဆိုင်ရာဘွဲ့ ဒီဂရီကိုသာလျှင် အထူးအလေး ပေးကြပါသည်။ လက်ရှိကာလတွင် ပုဂ္ဂလိကနှင့်အများပိုင် လုပ်ငန်းများတွင် တွေ့ရှိရသော အကျင့်ပျက်လာဘ်စားခြင်း၊ မငြိမ်မသက်ဖြစ်ခြင်းနှင့် မှားယွင်းစွာစီမံခန့်ခွဲမှုများသည် ဝန်ထမ်းများ၏ရိုးသားမှုနှင့်တည်ကြည်မှုတို့ကို လစ်လျူရှုခြင်းတို့ကြောင့်ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် အရည်အချင်းပြည့်မီ၍ အသိဉာဏ်ရှိသော်လည်း ရိုးသားမှုကင်းမဲ့က သူ၏ချို့တဲ့မှုနှင့် အကျင့်ပျက်လာဘ်စားမှုကို အကာအကွယ်ပြုရန် နည်းလမ်းများ တီထွင်ပေလိမ့်မည်။ ဤသည်ကပင် ပုဂ္ဂလိကနှင့် အများပိုင်လုပ်ငန်းများတွင် လာဘ်စားမှုများနှင့် လုပ်ငန်းမထိရောက်မှုများ ဖြစ်စေပါသည်။ အစ္စလာမ်သည် ယင်းအတွက်ကြောင့် ရိုးသားမှုနှင့် တည်ကြည်မှုကို အကြီးအကျယ်အလေးပေးထားသည်။ ယင်းအလေးပေးမှု၏ ကောင်းချီးမင်္ဂလာများကို ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။

မှော်ဆရာများနှင့် တမန်တော်များ၏ ချဉ်းကပ်ပုံခြားနားချက်

ဖိရဲအောင်နက မှော်ဆရာများကို ဦးတည်ပြောကြားရာတွင် တိုင်းပြည်အတွက် အန္တရာယ်ဖြစ်လာ၍ မှော်ဆရာများက မျိုးချစ်စိတ်ဖြင့် တုံ့ပြန်ရမည်ဟု သူကသတိပေးခဲ့သည်။ သို့ရာတွင် မှော်ဆရာများမှာ အခြေအနေအပေါ်မှ အမြတ်ထုတ်သည့်အနေဖြင့် အကယ်၍ ၎င်းတို့သည် စိုက်ယိဒိနာမူစာﷺကို အနိုင်ရခဲ့လျှင်ရမည့် ဆုလာဘ်နှင့် ပတ်သက်၍ ညှိနှိုင်းခဲ့သည်။ အခြားတစ်ဖက်တွင်မူ တမန်တော်များက သူတို့၏ လုပ်ဆောင်မှုများအတွက် မည်သည့် ဆုလာဘ်ကိုမျှ မမျှော်ကိုးကြောင်း ပြောင်ပြောင်တင်းတင်း ကြေညာခဲ့သည်။

وَمَاۤ اَسۡـَٔلُكُمۡ عَلَيۡهِ مِنۡ اَجۡرٍ

"စင်စစ် ငါသည် ဤအမိန့်တော်ကို ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍အသင်တို့ထံ မည်သည့် အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။" (၂၆း၁၀၉)

တမန်တော်တို့သည် တာဝန်ဝတ္တရား ထမ်းဆောင်မှုတွင် အကျိုးအမြတ်ကို မတောင်းခဲ့ပါ။ လောကီအကျိုးမမျှော်ကိုးခဲ့၍ ၎င်းတို့၏ အလုပ်များ ထိရောက်အောင်မြင်ခဲ့သည်။ နောင်းခေတ်ပိုင်းတွင်မူ ပညာရှင်များက ဓမ္မသတ်ပညာရှင်များကို အစ္စလာမ့်ဘဏ္ဍာတော်မှနေ၍ အဆင်ပြေစေရန်အလို့ငှာ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းကို လက်ခံခြင်းအား လက်ခံသင့်သည်၊ ပိုင်သည်ဟု သတ်မှတ်ခဲ့သည်။ ယင်းအချက်သည် မလွဲမရှောင်သာ ဆုံးဖြတ်ထားရခြင်း

ဆိုသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့ဝန်ဆောင်ခ သတ်မှတ်ယူခဲ့၍ ထိရောက်မှုတွင်ကား အနည်းနှင့်အများ အားနည်းမှုသက်ရောက်စေခဲ့ပါသည်။

အီဂျစ်မော်ဆရာများ၏ မျက်လှည့်အကြောင်း အမှန်တရား

အီဂျစ်မော်ဆရာများက ၎င်းတို့၏ တုတ်များနှင့်ကြိုးများကို တကယ့်မြွေများအနေဖြင့် ပြသခဲ့သည်။ မေး စရာမှာ သူတို့၏တုတ်များနှင့် ကြိုးများသည် အမှန်တကယ် မြွေအဖြစ် ပြောင်းသွားခဲ့သလောဟူ၍ဖြစ်သည် ကုရ်အာန် ကျမ်းတော်မြတ်က-

يُخَيَّلُ إِلَيْهِ مِن سِحْرِهِمْ أَنَّهَا تَسْعَىٰ

"ထိုအခါ ၎င်းတို့၏ ပဋ္ဌလက်အတတ်ကြောင့် ထိုသူတို့၏ ကြိုးများသည်လည်းကောင်း ထိုသူတို့၏ တုတ်ရှည် များသည်လည်းကောင်း ထိုမူစာ၏အမြင်၌ လှုပ်ရှားပြေးလွှားနေကြသည်ဟု ထင်ရလေသည်။" (၂၀း၆၉)

ဤသည်က ပြသသည်မှာ တုတ်များနှင့်ကြိုးများသည် အမှန်တကယ် မြွေများ ဖြစ်မသွားကြပါ။ သို့ရာတွင် စိတ်ညှို့ခံရကာ ယင်းတို့ကို ပြေးလွှားနေသောမြွေများဟု မှတ်ထင်ခဲ့ရသည်။ ဤသည်က ပဋ္ဌလက်ပညာအရ အရာ ဝတ္ထုများကို မပြောင်းလဲနိုင်ဟု မဆိုလိုချေ။ သို့သော်လည်း အီဂျစ်မော်ဆရာများတွင် ယင်းသို့သော အစွမ်းမရှိချေ။

လူမှုဘဝကိစ္စရပ်များတွင် မျိုးနွယ်စုများ ကွဲပြားခြင်းသည် အပြစ်မတင်ထိုက်ပါ

အစ္စလာမ်သည် ဒေသဆိုင်ရာ ဘာသာစကားဆိုင်ရာ ယုံကြည်မှုဆိုင်ရာနှင့် မျိုးနွယ်စုဆိုင်ရာ ကွဲပြားမှုများ သည် အမျိုးသား ရေးဝါဒ အခြေခံဖြစ်သည်ဆိုခြင်းကို ပြစ်တင်ရှုတ်ချထားသည်။ အစ္စလာမ်သာသနာက ထိုကဲ့သို့သော ကွဲပြားမှုများနှင့် ဘက်လိုက်ခြင်း အားလုံးကို ဖယ်ရှားခြင်းအား ခွင့်ပြုသောအပြုအမူအဖြစ် အားပေးသည်။ အစ္စလာမ် အမျိုးသားရေးရာနှင့်ဆိုင်သော မုစ်လင်မ်အဖွဲ့အစည်း၏ အုတ်မြစ်သည် ကွဲပြားခြားနားသော ပုံပန်းသဏ္ဌာန် လူမျိုး မျိုးရိုးစဉ်ဆက်နှင့် ယဉ်ကျေးမှုတို့ကို တစ်ခုတည်းသော နိုင်ငံအဖြစ် ဖွဲ့စည်းထားသည်။ မဒီနာမြို့၌ အစ္စလာမ်နိုင်ငံတော် အုတ်မြစ်ချရာတွင် တမန်တော်မြတ်ﷺ၏ ပထမခြေလှမ်းမှာ မူဟာဂျိရ်များနှင့် အာန်စာရ်တို့ကို တစ်ခုတည်းသော ညီအစ်ကိုရင်းချာ စုစည်းမှုမျိုးဖြင့် စုစည်းစေခဲ့ပါသည်။ တမန်တော်မြတ်ﷺ ၏ နောက်ဆုံးမိန့်ခွန်း (**حجة الوداع**) ထဲ၌ နောင် လာမည့်ကာလအတွက်ပါ ဥပဒေတစ်ရပ်ချမှတ်ခဲ့သည်မှာ ပထဝီမြေမျက်နှာပြင်ဆိုင်ရာ ဒေသ၊ လူမျိုးနှင့်ဘာသာ စကားတို့အပေါ် အခြေခံသည့်ဘက်လိုက်ခြင်းနှင့် ကွဲပြားခြင်းတို့သည် အစ္စလာမ်ဘာသာက ချေမှုန်းဖျက်ဆီးခဲ့သော ရုပ်တု များ ဖြစ်ကြောင်းပင်တည်း။ သို့ရာတွင် လူမှုဘဝ၏ ကိစ္စရပ်များတွင် ၎င်းတို့၏ ထင်ရှားပေါ်လွင်မှုများကိုမူ အသိ အမှတ်ပြုသည်။ ထို့ပြင် ကျိုးကြောင်းညီညွတ်သော ကန့်သတ်မှုဘောင် အတွင်းဖြစ်က ခွင့်ပြုသည်။ ဤသို့လုပ်ရခြင်းမှာ တစ်နယ်မြေနှင့်တစ်နယ်မြေ လူမျိုးစုတစ်စုနှင့်တစ်စုတို့တွင် ရှိကြသည့် နေထိုင်မှု၊ ဝတ်စားဆင်ယင်မှုနှင့် စားသောက်မှု စသည်တို့တွင်ရှိသော မတူကွဲပြားသည့် ဓလေ့ထုံးစံများကြောင့် ပေါ်ပေါက်မည့် မည်သည့်အခက်အခဲကိုမဆို ရှောင် ရှားရန်ဖြစ်သည်။

စိုက်ယိဒိနာမူစာﷺက အစ္စရေးတို့ကို အီဂျစ်ပြည်မှခေါ်ထုတ်လာသောအခါ အုပ်စုတစ်ဆယ်နှစ်စု ကွဲသွား ခဲ့သည်။ မြစ်ကို ဖြတ်ရမည့်အချိန်တွင် ၎င်းတို့ဖြတ်သန်းရန် လူမျိုးတစ်စုစီအတွက် ထွက်ပေါက်လမ်းတစ်ခုစီဖြစ်စေကာ ထွက်ပေါက်တစ်ဆယ့် နှစ်ပေါက်ဖြစ်စေခဲ့သည်။ အလားတူ သီးရိလွင်ပြင် (ဧရမရှိသော သဲကန္တာရတွင် ဗနီအစ္စရာအီလ် မျိုးနွယ်စုများ နှစ်ပေါင်းလေးဆယ် တဝဲလည်လည် လှည့်လည်သွားလာနေရပါသည်)တွင်ရှိ ကျောက်တုံးကို ရိုက်

လိုက်ရာ အံ့ဖွယ် မုအ်ဂျိဇာဟ်တစ်ရပ်အနေဖြင့် စမ်းရေချောင်း တစ်ဆယ့်နှစ်သွယ်ပေါ်ထွက်လာကာ ဗနီအစ္စရာအီလ် မျိုးနွယ်စု တစ်ဆယ့်နှစ်စုလုံးသည် ရေသုံးစွဲရာတွင် အချင်းချင်း ပဋိပက္ခ မဖြစ်ခဲ့ကြတော့ချေ။

လူမှုအသိုင်းအဝိုင်းတစ်ရပ်၏ ရေးရာများကို စီမံခန့်ခွဲရာတွင် လက်ထောက်တစ်ဦးခန့်အပ်ခြင်း

သူရ်တောင်ပေါ်တွင် ရက်ပေါင်း ၃၀ ဆုတောင်းမှုပြုလုပ်ရန်အတွက် စိုက်ယိဒိနာမူစာ ﷺ က ၎င်း၏လူများနှင့် ခွဲခွာရမည့်အချိန်တွင် စိုက်ယိဒိနာဟာရွန်ကို သူ မရှိစဉ်အတွင်း သူ၏လက်ထောက်အဖြစ် ခန့်အပ်ခဲ့သည်။ အချင်းချင်း စကားများခြင်း အငြင်းပွားခြင်း မဖြစ်စေရန် ကိစ္စရပ်အားလုံးတွင် စိုက်ယိဒိနာဟာရွန် ﷺ ၏ အဆုံးအဖြတ်ကို နာခံရမည်ဟု ၎င်း၏လူများအား အမိန့်ပေးခဲ့သည်။ ဤသည်က ပြဿသည်မှာ အုပ်စုတစ်စု သို့မဟုတ် မိသားစုတစ်စု၏ အကြီးအကဲသည် ခရီးသွားမည်ဆိုလျှင် တမန်တော်များ၏ အလေ့အထကို လိုက်နာကျင့်သုံးသည့်အနေဖြင့် ကျန်ရှိသူများ စည်းကမ်းရှိကာ တည်ငြိမ်စေရေးအတွက် လက်ထောက်တစ်ဦး ခန့်ထားသင့်သည်။

မုစ်လင်မ်များကြား ကွဲပြားမှုကို ဟန့်တားရန် သဘောမတူမနှစ်မြို့သော နည်းလမ်းကို ယာယီကျင့်သုံးနိုင်သည်

စိုက်ယိဒိနာမူစာ ﷺ မရှိစဉ်ကာလ၌ ဗနီအစ္စရာအီလ်များသည် နွားငယ်ကို စတင်ကိုးကွယ်လာသောအခါ အုပ်စုကွဲမည့်အရေးအတွက် စိုက်ယိဒိနာ ဟာရွန် ﷺ က ၎င်းတို့ကို ပြစ်တင်ကန့်ကွက်ခဲ့သည်။ ထို့ဆုံးဖြတ်ချက်သည် ဗနီအစ္စရာအီလ်တို့တွင် ကွဲပြဲစေမည့် ၎င်းတို့နှင့် အဆက်ပြတ်စေမည့် ကြမ်းတမ်းသော လုပ်ဆောင်မှုကား မဟုတ်ချေ။

إِنِّي خَشِيتُ أَن تَقُولَ فَرَّقْتَ بَيْنَ بَنِي إِسْرَائِيلَ وَلَمْ تَرْقُبْ قَوْلِي

"ဇကန်မလွဲ ကျွန်ုပ်မူကား အသင်သည် ကျွန်ုပ်(ပြောဆိုအံ့သော) စကားကိုစောင့်ဆိုင်း(၍နားထောင်) ခြင်း မရှိဘဲ (အို-ဟာရွန်) အသင်သည် အစ္စရာအီလ်မျိုးနွယ်တို့အချင်းချင်း သွေးကွဲအောင်ပြုခဲ့သည်ဟု ပြောဆိုမည်ကို စိုးရိမ်မိခဲ့သည်။" (၂၀း၉၄)

စိုက်ယိဒိနာမူစာ ﷺ သည် ဤရှင်းလင်းချက်ကိုလက်ခံကာ အလ္လာဟ်အရှင်မြတ်ထံတော်တွင် သူ့နောင်တော်အတွက် ဒုအာဆူမွန် တောင်းခံပေးခဲ့သည်။ ဤသည်က စည်းကမ်းချက်ဖြစ်စေသည်မှာ မုစ်လင်မ်များကြား မငြိမ်မသက်မှုနှင့် ကွဲပြားမှုများကို တားဆီးရန်အလို့ငှာ မကောင်းမှုလုပ်ရပ်တစ်ခုကို ယာယီကာလတစ်ခုအတွက် ပျော့ပျောင်းသော အမြင်ရှိရပေမည်။

တမန်တော်ဆိုင်ရာ လုပ်ငန်းစဉ်၏ အရေးကြီးသောမူ (စည်းကမ်းချက်)

ဖိရ်အောင်နိအား ဖြောင့်မတ်မှန်ကန်သောလမ်း ဖိတ်ခေါ်ရန် စိုက်ယိဒိနာမူစာ ﷺ နှင့် စိုက်ယိဒိနာဟာရွန် ﷺ တို့ကို အီဂျစ်နိုင်ငံသို့ သွားရောက်ရန် အမိန့်ပေးသောအခါ အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား ဖိရ်အောင်နိကို ညင်သာသော သဘောထားတစ်ရပ် ကျင့်သုံးဆက်ဆံရန် အမိန့်ပေးခဲ့သည်။ فَقُولَا لَهُ قَوْلًا لَّيِّنًا لَّعَلَّهُ يَتَذَكَّرُ أَوْ يَخْشَىٰ "၎င်းနောက် အသင်တို့နှစ်ဦးသည် ၎င်းအား နူးညံ့သိမ်မွေ့သောစကားကို ပြောဆိုကြလေကုန်။ ယင်းဖိရ်အောင်နိသည် တရားရကောင်း ရရှိပေလိမ့်မည်။ သို့တည်းမဟုတ် ၎င်းသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ပေလိမ့်မည်။ (၂၀း၄၄)" ဤနေရာတွင် အရေးကြီး သည့် စည်းကမ်းချက်တစ်ရပ်ကို အတိအလင်းကြေညာထားသည်မှာ လူအများကို ပြုပြင်ရန်နှင့် အကျင့်သီလကောင်းသော ဘဝတစ်ခုသို့ရောက်စေရန် ဆန္ဒရှိသူများသည် ၎င်းတို့ရင်ဆိုင်ရမည့်သူများသည် မည်မျှခေါင်းမာကာ တစ်ဖောက်ကန်းနိုင်ပါစေ ၎င်းတို့ကို အမြဲတမ်း နူးညံ့သိမ်မွေ့စွာနှင့် နှစ်လိုဖွယ်ဖြစ်အောင် ဆက်ဆံရမည်။ ထိုနည်းလမ်းများဖြင့်သာလျှင် တမန်တော်များက ထိုသူများထံယူဆောင်လာသည့် သတင်းစကားကို

ထိုသူများက အလေးထား စေရန် သွေးဆောင်နိုင်ပါလိမ့်မည်။

သူကိုယ်သူ ဘုရားတစ်ဆူအဖြစ် ကြေညာထားသော ဖိရ်အောင်နှသည် သူ့အသက်နှင့် သူ့ထီးနန်းကို ကာကွယ်ရန် ထောင်ပေါင်းများစွာသော အစွမ်းရာအီလ်ကလေးငယ်များကို သတ်ဖြတ်ခြင်းအတွက်လည်း အပြစ်ရှိပါသည်။ သူ့ထံသို့ အလ္လာဟ်အရှင်မြတ်က တမန်တော်နှစ်ပါးကို စေလွှတ်ခဲ့သောအခါတွင် အလ္လာဟ်အရှင်မြတ်က ထိုတမန်တော်နှစ်ပါးကို လမ်းညွှန်ချက်တစ်ရပ်ပေးခဲ့သည်မှာ ဖိရ်အောင်နှကို ညင်ညင်သာသာနှင့် ဆွေးဆောင်မှုအနေအထားဖြင့် ပြောဆိုရမည်။ သို့မှသာ သူတို့ယူဆောင်လာသည့် သတင်းစကားကို ဖိရ်အောင်နှက စဉ်းစားဆင်ခြင်နိုင်ပါလိမ့်မည်။ ဖိရ်အောင်နှ၏ ခေါင်းမာမှုနှင့် စဉ်းလဲသောလုပ်နည်းများကို ၎င်းမည်သို့သောအခါမှ စွန့်လွှတ်လိမ့်မည်မဟုတ်ကြောင်းသိပါလျက် အလ္လာဟ်အရှင်မြတ်က ဤလမ်းညွှန်မှုကို အလေးအနက်ပြုခဲ့သည်။ ဤနေရာ၌ ရည်ရွယ်သည်မှာ လူအများ ဆင်ခြင်စဉ်းစားနိုင်၍ ၎င်းတို့နလုံးသားများတွင် အလ္လာဟ်အရှင်မြတ်၏ ကြောက်ရွံ့ရိုသေစိတ်ပေါ်ပေါက်စေရန် တမန်တော်များ၏ လုပ်ရပ်များကိုပင် ထိုကဲ့သို့ လုပ်ပါဟု ပြဋ္ဌာန်းသတ်မှတ်ထားခဲ့သည်။

ခေတ်စားနေသည့် ကံမကောင်းအကြောင်းမလှသော တိမ်းညွတ်မှုတစ်ခုကား ပညာရှင်များကြားတွင် တစ်ဦးနှင့်တစ်ဦး ဝေဖန်နေကြခြင်းဖြစ်သည်။ ယင်းသို့လုပ်ခြင်းသည်ပင်လျှင် အစွလာမ်ကို အလုပ်အကျွေးပြုခြင်းဟု ၎င်းတို့က ထင်မှတ်နေကြသည်။ ဤကဲ့သို့သော တိမ်းညွတ်မှုကို ထိမ်းချုပ်ရန်လိုအပ်သည်။ ထိုပြင် အစွလာမ်ဘာသာ၏ စစ်မှန်သောသင်ကြားမှုကို ကျင့်သုံးသင့်ပါသည်။

အာယသ် (၄၅-၅၀)

قَالَا رَبَّنَآ اِنَّنَا نَخَافُ اَنْ يَّفْرُطَ عَلَيْنَآ اَوْ اَنْ يَّطْغٰى ﴿٤٥﴾ قَالَ لَا تَخَافَآ اِنَّنِيْ
مَعَكُمَآ اَسْمَعُ وَاَرٰى ﴿٤٦﴾ فَاْتِيٰهُ فَقُوْلَآ اِنَّا رَسُوْلَا رَبِّكَ فَاَرْسِلْ مَعَنَا بَنِيْٓ
اِسْرَآءِيْلَ ۖ وَلَا تُعَذِّبْهُمْ ۖ قَدْ جِئْنٰكَ بِاٰيَةٍ مِّنْ رَّبِّكَ ۖ وَالسَّلٰمُ عَلٰى مَنِ
اتَّبَعَ الْهُدٰى ﴿٤٧﴾ اِنَّا قَدْ اُوْحِيَ اِلَيْنَآ اَنَّ الْعَذَابَ عَلٰى مَنْ كَذَّبَ وَتَوَلّٰى
﴿٤٨﴾ قَالَ فَمَنْ رَّبُّكُمَا يٰمُوْسٰى ﴿٤٩﴾ قَالَ رَبُّنَا الَّذِيْٓ اَعْطٰى كُلَّ شَيْءٍ خَلْقَهٗ
ثُمَّ هَدٰى ﴿٥٠﴾

(ထိုအခါ) ယင်း(မူစာနှင့်ဟာရွန်)တို့နှစ်ဦးက အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဖာရောဘုရင်အမှုန် ကျွန်တော်မျိုးတို့သည် မိမိတို့အား ယင်းဖစ်ရှင်အောင်နှက အဆောတလျင် ဒုက္ခပေးမည်ကိုလည်းကောင်း၊ ယင်းသည် ဝိုမိုရှိပင်ဆိုးသွမ်းလာမည်ကိုလည်းကောင်း စိုးရိမ်မိကြပါသည်ဟု လျှောက်ထား ပန်ကြားခဲ့ကြလေသည်။[၄၅]

(သို့ဖြစ်ပေရာ) ထိုအရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင် တို့နှစ်ဦးသည် မစိုးရိမ်ကြလင့်။ ဖာရောဘုရင်အရှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူ၏။ ငါအရှင်မြတ်သည် (အလုံးစုံတို့ကို) ကြားတော်မူ၏။ ထိုပြင် ငါအရှင်မြတ်သည် (ဖြစ်

ပျက်သမျှတို့ကိုလည်း) မြင်တော်မူ၏။[၄၆] သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ယင်း ဖစ်ရိအောင်နိမ်ထံသို့ သွားကြပြီးလျှင် (ဤသို့)ပြောကြား ကြလေကုန်။ ဇကန်အမှန် ကျွန်ုပ်တို့သည် အသင်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရစူလ်တမန်တော် နှစ်ပါးပင် ဖြစ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်သည် အစ္စရာအီလီမျိုးနွယ်တို့အား ကျွန်ုပ်နှင့်အတူ ထည့်လိုက်လော့။ ထို့ပြင် အသင်သည် ၎င်းတို့အား ဒုက္ခမပေးလင့်။ ဇကန်မလွဲ ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ သက်သေလက္ခဏာတော်ကို ယူဆောင်လာခဲ့ကြပေသည်။ စင်စစ် ငြိမ်းချမ်းမှုသည် တရားလမ်းမှန်ကို လိုက်နာသူ၏အဖို့သာ ရှိပေသည်။[၄၇] ဇကန်စင်စစ် ပြစ်ဒဏ်သည် အကြင်သူ၏အပေါ်၌ပင် ကျရောက်မည် ဖြစ်ကြောင်း၊ အမှန်ပင် ကျွန်ုပ်တို့ထံ အမိန့်တော် ရောက်ရှိလာပြီးဖြစ်ပေသည်။ ထိုသူသည် (ကျွန်ုပ်တို့ ယူဆောင်လာခဲ့ကြသော အမိန့်ပညတ်တော်များကို) မဟုတ်မမှန်ဟူ၍ ငြင်းပယ်အံ့။ ၎င်းပြင် ထိုသူသည် (ယင်း အမိန့်ပညတ်တော်များမှ) မျက်နှာလွှဲဖယ် ကျောခိုင်းသွားအံ့။[၄၈]

ထို ဖစ်ရိအောင်နိမ်က "သို့ဖြစ်လျှင် အို-မူစာ။ အသင်တို့ နှစ်ဦးအား ဖန်ဆင်းတော်မူသောအရှင်သည် မည်သူနည်း" ဟု ပြောဆို(မေးမြန်း)လေ၏။[၄၉] (ထိုအခါ) ထိုမူစာက ကျွန်ုပ်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်သည် အသီးသီးသောအရာကို ယင်း အရာနှင့်ထိုက်သည့်အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီးလျှင် (ဧဆောင်ရွက်အံ့သော) နည်းလမ်းကို ညွှန်ပြတော်မူသော အရှင်မြတ်သည် ပင်ဖြစ်တော်မူသည်ဟု ပြောကြားခဲ့လေသတည်း။ (တစ်နည်း) ထိုအခါ ထိုတမန်တော်မူစာက ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်သည် အရာခပ်သိမ်းတို့ကို ၎င်းတို့နှင့် (လျော်ကန်သော) ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီး (ကျီး၊ ပြစ်၊ ဆိုး၊ ကောင်း) လမ်းညွှန်ပြတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ဖြေကြားခဲ့လေသည်။[၅၀]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာမူစာ ﷺ သည် အဘယ်ကြောင့် ကြောက်ရွံ့ထိတ်လန့်ရသနည်း

إِنَّنَا نَخَافُ (ဇကန်အမှန် ကျွန်တော်မျိုးတို့သည် စိုးရိမ်မိကြပါသည်) ဟူသော စကားလုံးက ဖော်ညွှန်းသည်မှာ ဤနေရာ၌ စိုက်ယိဒိနာမူစာ ﷺ နှင့် စိုက်ယိဒိနာဟာရွန် ﷺ တို့သည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့မှု နှစ်မျိုးနှစ်စားကို ဖော်ပြခဲ့ကြပါသည်။ ပထမစိုးရိမ်ကြောက်ရွံ့မှုကို أَنْ يَفْرُطَ ကဲ့ ထောက်ပြသည်။ ယင်းက စည်းဘောင်အားလုံးကို ကျော်လွန်ခြင်းဟုဆိုလိုသည်။ ထို့ကြောင့် ဝါကျ၏အဓိပ္ပာယ်မှာ "ဖိရိအောင်နိသည် ကျွန်ုပ်တို့၏ပြောကြားချက်ကို နားမထောင်မိအလျင်ကပင် ကျွန်ုပ်တို့အား တိုက်ခိုက်နိုင်သည်" ဟူ၍ဖြစ်သည်။ အခြားထိတ်လန့်ကြောက်ရွံ့မှုကို أَنْ يَطْغَى ဟူသော စကားလုံးဖြင့် ဖော်ပြထားခဲ့သည်။ ယင်းကဆိုလိုသည်မှာ စိုက်ယိဒိနာမူစာ ﷺ ၏ တောင်းဆိုမှုများကို နားထောင်ပြီးနောက် ဖိရိအောင်နိသည် ကလန်ကဆန်ပြုလုပ်ကာ စဉ်းလဲဖောက်ပြန်သွားပြီး အလွှာဟ်အရှင်မြတ်ကို မရိုသေသောအသုံးအနှုန်းများဖြင့် ပြောဆိုမည်ကို စိုက်ယိဒိနာမူစာ ﷺ က စိုးရိမ်ပူပန်မိသည်။

စိုက်ယိဒိနာမူစာ ﷺ အား တမန်တော်အဖြစ် ခန့်အပ်ခဲ့သောအခါ တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် အကူအညီရစေရန် စိုက်ယိဒိနာဟာရွန် ﷺ ကို သူ၏လက်ထောက်အဖြစ် ခန့်အပ်တော်မူပေးပါရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုပန်ခဲ့ကြောင်း ပြန်လည်သတိရမိပါလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က သူ၏ဒုအာဆုမွန်ကို လက်ခံခဲ့သည်။ တစ်ချိန်တည်းမှာပင် အလ္လာဟ်အရှင်မြတ်က သူကို **سَنَشُدُّ عَضُدَكَ بِأَخِيكَ وَنَجْعَلُ لَكُمَا سُلْطَانًا** **فَلَا يَصِلُونَ إِلَيْكُمَا** "ထိုအရှင်မြတ်က ယခုပင်ငါအရှင်မြတ်သည် အသင်၏ နောင်တော်ဖြင့် အသင်၏လက်ရုံးကို တိုး၍အားရှိစေတော်မူမည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင် တို့နှစ်ဦးအား ဂုဏ်အရှိန်တစ်မျိုးကို ချီးမြှင့်ပေး သနားတော်မူမည် ဖြစ်ရကာ ၎င်းတို့သည် အသင်တို့နှစ်ဦးအား မည်သို့မျှ ထိပါးနှိပ်ကြမည်မဟုတ်ပေ။ (၂၈း၃၅)" ဟူ၍ မိန့်ကြားကာ အသိပေးခဲ့သည်။ ထို့နောက် နောက်ထပ် သူတောင်းဆို သမျှကိုလည်း ပေးသနားမည့်အကြောင်း **قَدْ أُوتِيتَ سُؤْلَكَ يَا مُوسَىٰ** "အို-မူစာ၊ ဧကန်မလွဲ အသင်သည် မိမိတောင်းခံချက်ကို ချီးမြှင့်ပေး သနားတော်မူခြင်း ခံရလေပြီ။ (၂၀း၃၆)"ဟူ၍ မိန့်ထားသည်။ သူကို ချီးမြှင့်ထားသည်တို့အနက်မှ တစ်ခုကား **شرح صدر** (စိတ်နှလုံး အေးချမ်းသာယာခြင်း) ဖြစ်ကာ ယင်းကဆိုလိုသည်မှာ စိုက်ယိဒိနာမူစာ ﷺ အား ကြောက်ရွံ့ထိတ်လန့်ခြင်းကို မမှုမဖြုံကြောင်း ဖြစ်သည်။ ထို့ကြောင့် သူသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထိုသို့သော ခိုင်မြဲသည့် အာမခံခြင်းများရထားပါလျက် ဤအာယသ်ထဲ၌ သူက ကြောက်ရွံ့သည်ဟု ဖော်ပြထားမှုကို မည်သို့ရှင်းလင်းမည်နည်း။ ဤ မေးခွန်းအတွက် အဖြေတစ်ခုမှာ အောင်နိုင်ခြင်းနှင့် အန္တရာယ်မှ လုံခြုံစိတ်ချရခြင်းဟူသော ကတိတော်မှာ မဝိမပြင် ဟန်ရှိကာ အောင်နိုင်ခြင်းဆိုသည်မှာ ဖိရ်အောင်နှိမ်နှင့်သူလူများတို့ဖြင့် စကားအချေအတင် ပြောဆိုခြင်းတွင် အောင်မြင်ခြင်းဟု ရည်ညွှန်းနိုင်သည်။ အချေအတင်ပြောဆိုနိုင်သေးသည်မှာ အောင်နိုင်မှုသည် အကယ်၍ အီဂျစ်လူမျိုးများက သူ၏ အချေအတင်ပြောဆိုမှုများနှင့် ကြောင်းကျိုးညီညွတ်ခြင်းကို ကြားနာပြီးမှသော်လည်းကောင်း၊ သူ၏ အံ့ဖွယ် မုအ်ဂျီဇာဟ်များကို မြင်တွေ့ပြီးမှသော်လည်းကောင်း ရနိုင်ပါသည်။ ထို့ပြင် ဤဖြစ်နိုင်ချေအပြင် သူအချေအတင် မပြောဆိုမီ အချိန်မှာပင် သူကို တိုက်ခိုက်နိုင်ပါသည်။ ထို့အပြင် **شرح صدر** ဆိုသည်က သဘာဝအလျောက် ပေါ်ပေါက်လာ သော ကြောက်ရွံ့ထိတ်လန့်မှုကို ပယ်ရှားခြင်းဟု အဓိပ္ပာယ်မသက်ရောက်ပါ။

ဒုတိယအချက်မှာ ကြောက်စရာကောင်းသောအရာများကို ကြောက်ရွံ့ခြင်းသည် သဘာဝဆိုင်ရာ ပင်ကို မွေးရာပါ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကတိတော်ကို ပြည့်ပြည့်ဝဝယုံကြည်သော တမန်တော်များပင်လျှင် ဤသည်နှင့် မကင်းနိုင်ချေ။ စိုက်ယိဒိနာမူစာ ﷺ ကိုယ်တိုင်ပင်လျှင် မြွေအဖြစ် ပြောင်းလဲသွားသည် သူတောင်ဝှေးကို ကောက်ယူရန် ကြောက်ရွံ့ခဲ့သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က သူကို **لَا تَخَفْ**(အသင် သည် မကြောက်ပါနှင့်) ဟူ၍ စိတ်ချစေရန် မိန့်ခဲ့သည်။ ထိုကဲ့သို့သော အချိန်အခါများအားလုံးတွင် အလ္လာဟ်အရှင်မြတ် သည် ၎င်းတို့၏ ကြောက်စိတ်များကို အကျိုးကျေးဇူးရှိသော ကောင်းသတင်းများဖြင့် ဖယ်ရှားခဲ့သည်။ **فَخَرَجَ مِنْهَا خَائِفًا يَتَرَقَّبُ** "ထိုအခါ ထိုမူစာသည် ထိုမြို့မှ ထွက်ခွာသွားခဲ့လေသည်။ ရန်သူများလိုက်လာမည်ကို စိုးရိမ်လျက် (အလ္လာဟ် အရှင်မြတ်၏ အကူအညီကို) စောင့်မျှော်လျက်(၂၈း၂၁)" **فَأَصْبَحَ فِي الْمَدِينَةِ خَائِفًا** "တစ်ဖန် (ထို)မူစာသည် မြို့ထဲတွင် ကြောက်ရွံ့စိုးရိမ်စွာ စောင့်မျှော်လျက် နံနက်မိုးလင်းခဲ့ရာ (၂၈း၁၈)" နှင့် **فَأَوْجَسَ فِي نَفْسِهِ خِيفَةً مُّوسَىٰ** "သို့ဖြစ်ပေရာ မူစာသည် မိမိစိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။ (၂၀း၆၇) ဟူသော အာယသ်သုံးခုအား အလားတူ ကြောက်ရွံ့စိတ်ကို ဖော်ပြထားသည်ဟု ကိုးကားနိုင်သည်။ ဤ သဘာဝ ကြောက်ရွံ့စိတ်က တမန်တော်မြတ် ﷺ အား မဒီနာဟ်မြို့သို့လည်းကောင်း အခြားသော ဆွဟာဗဟ် သာဝကကြီးများကို ပထမဦးစွာ အဝီစီးနိုးယား နိုင်ငံသို့လည်းကောင်း၊ နောက်ပိုင်းတွင် မဒီနာဟ်မြို့သို့လည်းကောင်း ပြောင်းရွှေ့ စေခဲ့ပါသည်။ အဟ်ဇာဗ်စစ်ပွဲတွင်

မုစ်လင်မ်များက ရန်သူအင်အားကို တွေ့ရသောအခါတွင် အကြောက်လွန်၍ မြောက်မြားစွာသော ကိစ္စများတွင် အောင်နိုင်မှု ရလိမ့်မည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်က ကတိတော်ပြုထားတော် မူခဲ့သော်လည်း ၎င်းတို့အတွက် အကာ အကွယ်ဖြစ်စေသော တူးမြောင်းတူးခဲ့ကြသည်။ အမှန်တရားမှာ အဆုံး၌ ၎င်းတို့ အောင်မြင်မှုရမည်ဆိုကြောင်း စိုးစဉ်းမျှ သံသယမရှိသော်လည်း သူတို့ခံစားခဲ့ရသော ကြောက်ရွံ့မှုသည် အန္တရာယ်ကို ကြုံတွေ့သောအခါ ရုတ်တရက် ပေါ်ထွက်လာသည့် လူသား၏ ပြင်းပြသောဆန္ဒကြောင့် ဖြစ်သည်။ ယင်းရုတ်တရက် ပျံငြိပြသောဆန္ဒကို လူသားများ ဖြစ်သော တမန်တော်များကလည်း မရှောင်လွှဲနိုင်ချေ။

အလ္လာဟ်အရှင်မြတ်က إِنَّنِي مَعَكُمَآ أَسۡمَعُ وَأَرَىٰ "ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူ၏။ ငါ အရှင်မြတ်သည် (အလုံးစုံတို့ကို) ကြားတော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည် မြင်တော်မူ၏။" (၂၀း၄၆)" ဟူ၍ မိန့်ထားခဲ့သည်။ ဤနေရာပါ "အသင်တို့နှစ်ဦးနှင့်အတူ" ဟူသော စကားလုံးအား လူသားများ၏ အာရုံဖြင့်မခံစားနိုင်သော အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် အထောက်အပံ့ဟူသော အဓိပ္ပာယ်နှင့် သုံးစွဲထားပါသည်။

စစ်မှန်သောယုံကြည်မှုကို လက်ခံရန်နှင့် ဗန်အစ္စရာအီလ်တို့ကို အနှောင်အဖွဲ့မှလွတ်ကင်းစေရန် စိုက်ယိဒိနာမူစာ ﷺသည် ဖိရ်အောင်နိုက်ကို သွားရောက်တွေ့ဆုံခဲ့သည်။

ဤသည်က တမန်တော်များသည် လူသားတို့ကယ်တင်ခံရမှုအတွက် လမ်းညွှန်ခြင်းနှင့်အတူ ၎င်းတို့ကို လောကီဆိုင်နှင့် စီးပွားရေးဆိုင်ရာ အနှောင်အဖွဲ့များမှ ကင်းလွတ်စေခြင်းဟူသော တာဝန်ရှိသည်။ ထို့ကြောင့် ဤအာယသ်ထဲတွင် စိုက်ယိဒိနာမူစာ ﷺအား ဤတာဝန်နှစ်ရပ်အကြောင်း သတိပေးထားသည်။

အလ္လာဟ်အရှင်သည် အရာရာတိုင်းကို ဖန်ဆင်းတော်မူသည်။
အရာရာတိုင်းမှာ အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား အပ်နှံထားသည့် တာဝန်များကို ထမ်းဆောင်နေကြသည်။

ဤအချက်က ရှင်းလင်းမှုအချို့လိုအပ်သဖြင့် အောက်တွင် ရှင်းလင်းထားသည်။ အလ္လာဟ်အရှင်မြတ်က တမန်တော်ကို လမ်းညွှန်ချက်ပေးသည်ဆိုခြင်းမှာ ယင်းသည် ၎င်းတို့အပေါ် သဘာဝတာဝန်တစ်ရပ်အနေနှင့်ဖြစ်စေကာ ထိုကဲ့သို့သော အထူးညွှန်ကြားမှုသည် အသိဉာဏ်ပညာ ပေးခြင်းခံရသော လူသားများနှင့် ဂျင်န်များကိုသာ ဦးတည် ပြောကြားခဲ့သည်။ သတ်ဂ်ဒီးန် (ဖန်ဆင်းခြင်း)ဟု ခေါ်ဆိုသော နောက်ထပ်လမ်းညွှန်မှုတစ်မျိုးရှိသည်။ ဤသည်မှာ ဖန်ဆင်းခံအားလုံးနှင့် သက်ဆိုင်သည်။ အလ္လာဟ်အရှင်မြတ်သည် လူသားများနှင့် ဂျင်န်များကိုပေးထားသော ထိတွေ့ခံစားနိုင်မှုမျိုးမဟုတ်ဘဲ မီး၊ ရေ၊ လေ၊ မြေနှင့် အခြားဒြပ်ပေါင်းတို့ကို လူသားနှင့် ဂျင်န်များ၏ သဘောသဘာဝ မတူသော အထူးခံစားမှုတစ်မျိုးပေးထားသည်။ ဤအတွက်ကြောင့် အရာများကို တရားဝင်ခြင်း၊ တားမြစ်ခြင်းဟူသော ဥပဒေများသည် ယင်းအရာများနှင့် မသက်ဆိုင်ချေ။ ဤထိတွေ့ခံစားမှုအရ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းခံအားလုံးကို တာဝန်ဝတ္တရားများ အပ်နှင်းထားသည်။ ထို့ပြင် သတ်ဂ်ဒီးန်နှင့် လမ်းညွှန်ချက်တို့ ဤအမိန့်ကို နာခံသောအားဖြင့် ကမ္ဘာမြေကြီး၊ မိုးကောင်းကင်စသော အဖန်ဆင်းခံ အရာတိုင်းသည် သူတို့အတွက် သတ်မှတ်ထားသော လုပ်ငန်းစဉ်များကို မနားမနေ လုပ်ဆောင်နေကြသည်။ တာဝန် ဝတ္တရားများထမ်းဆောင်ရန် ဖန်ဆင်းခံရသည့် ရေ၊ လေ၊ မီးနှင့် မြေကြီးတို့သည် သူတို့၏ တာဝန်များကို ဖြည့်ဆည်း နေကြသည်။ သူတို့သည် အလ္လာဟ်အရှင်အမိန့်မပါဘဲ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားမှ မသွေဖည်ကြပါ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က မီးကိုပန်းမွှေ့ရာ (စိုက်ယိဒိနာအိပ်ရာအီလ်ﷺအတွက်) ဖြစ်သွားစေရန် အမိန့်ပေးသောအခါ၌ လည်းကောင်း၊ ရေများကို မီးအသွင်သို့ (စိုက်ယိဒိ

နာနူဟ်ﷺ أُغْرِقُوا فَأُدْخِلُوا نَارًا (၇၁:၂၅) ပြောင်းလဲစေရန် အမိန့်ပေးသောအခါတွင် လည်းကောင်း ပြောင်းလဲသွားခဲ့ကြသည်။ မွေးကင်းစကလေးငယ်ကို မိခင်ထံမှနို့စို့ရန်နှင့် ဆာလောင်သောအခါ သို့မဟုတ် နာကျင် သောအခါတို့တွင် အော်ငိုရန် မည်သူက သင်ကြားပေးပါသနည်း။ ယင်းမှာ ပုံမှန်လေ့ကျင့်မှုမပါဘဲ အဖန်ဆင်းခံတိုင်းသည် ယင်းကဲ့သို့ သောပညာကို အလ္လာဟ်၏လမ်းညွှန်ချက်ဖြင့် ရရှိသောကြောင့်ဖြစ်သည်။

အတိုချုပ်မှာ အဖန်ဆင်းခံအရာရာတိုင်းသည် သတ်ကဝီးန် (ဖန်ဆင်းခြင်း)၏ လမ်းညွှန်မှုတစ်ရပ်နှင့်အတူ အလ္လာဟ်အရှင်မြတ်က စီမံထားတော်မူခဲ့ခြင်း ဖြစ်သည်။ ယင်းလမ်းညွှန်မှုမှ သွေဖည်ရန် သူတို့တွင် အစွမ်း မရှိချေ။ လူသားနှင့်ဂျင်နီများကို ပေးထားခဲ့သည့် လမ်းညွှန်မှုမှာ မလိုက်နာမနေရ မဟုတ်။ သို့ရာတွင် လိုက်လိုကလိုက်နိုင်၍ မလိုက်နာလိုက မလိုက်နာနိုင်ချေ။ ဤလွတ်လပ်စွာ ရွေးချယ်မှုကြောင့် ကောင်းမှုကောင်းရာအတွက် ဆုလာဘ်ရခြင်းနှင့် သူတို့၏ ပြစ်မှုဂုနာဟ်အတွက် ပြစ်ဒဏ်ခတ်ခံရခြင်းကို ဖြစ်ပေါ်စေပါသည်။ اَعْطٰى كُلَّ شَىْءٍ خَلْقَهٗ ثُمَّ هَدٰى "အရှင်မြတ်သည် အသီးသီးသော အရာကို ယင်းနှင့်ထိုက်သည့် အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီး လျှင် (ဆောင်ရွက်အံ့သော)နည်းလမ်းကို ညွှန်ပြတော်မူသော အရှင်မြတ်သည်ပင်ဖြစ်တော်မူသည်။ (၂၀း၅၀)" ဟူသော အာယသ်က သတ်ကဝီးန်၏ လမ်းညွှန်မှု (تكوينى هدايت) ကိုရည်ညွှန်းသည်။

စိုက်ယိဒိနာမူစာﷺက ဦးစွာပထမအနေဖြင့် ဤလုပ်ရပ်အားလုံးသည် အလ္လာဟ်အရှင်သည်သာ လုပ်ဆောင်နိုင်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်းလုပ်ဆောင်နိုင်ကြောင်း မပြောဆိုနိုင်ကြောင်းကို ဖိရ်အောင်နှိုက်သတိပေးခဲ့သည်။ ဤအချေအတင်ပြောဆိုမှုကို ဖိရ်အောင်နှိုက် လုံးဝမငြင်းဆိုနိုင်ပါ။ သူသည် နဝေတိမ်တောင်ဖြစ်သွားကာ စိုက်ယိဒိနာမူစာﷺကို မေးခွန်းတစ်ခု မေးမြန်းခဲ့သည်။ ယင်းမေးခွန်း၏ အဖြေမှာအဂျစ်လူမျိုးများကို အကြီးအကျယ် ထိခိုက်နာကြည်းစေသော ပုံစံဖြစ်သည်။ မေးခွန်းကား လွန်လေပြီးသောခေတ်ကာလက ရုပ်တုများကိုးကွယ်ကြသူတို့၏ ရပ်တည်ချက်မှာ ဘယ်လိုလဲ။ သူတို့၏ ကံကြမ္မာက ဘာလဲဟူ၍ဖြစ်သည်။ ဖိရ်အောင်နှိုက်၏ ရည်ရွယ်ချက်မှာ အကယ်၍ စိုက်ယိဒိနာမူစာﷺ၏ ပြန်ကြားချက် (ဖိရ်အောင်နှိုက စိုက်ယိဒိနာမူစာﷺက ထိုသို့ပင်ပြုလုပ်မည်ဟု အသေအချာ တွက်ထားသည်)သည် ၎င်းတို့အားလုံး လမ်းမှားသို့ညွှန်ကြားခံရကာ ငရဲနှင့်ထိုက်တန်သည်ဟု ဖြေကြားခဲ့လျှင် သူသည် သူလူများကို စိုက်ယိဒိနာမူစာﷺကို ဆန့်ကျင်ရန် သွေးထိုးလှုံ့ဆော်နိုင်လိမ့်မည်။ သို့ရာတွင် စိုက်ယိဒိနာမူစာﷺ၏ဖြေကြားချက်မှာ အသိဉာဏ်ကြွယ်၍အမြော်အမြင်ရှိသောကြောင့် ဖိရ်အောင်နှိုက်၏မကောင်းသောအစီအစဉ်သည် လုံးဝ ဖျက်ဆီးခံလိုက်ရချေပြီ။

အာယသ် (၅၁-၅၉)

قَالَ فَمَا بَالُ الْقُرُوْنِ الْاُوْلٰى ﴿۵۱﴾ قَالَ عِلْمُهَا عِنْدَ رَبِّىْ فِىْ كِتٰبٍ ۚ لَا يَضِلُّ
رَبِّىْ وَ لَا يَنْسَى ﴿۵۲﴾ الَّذِىْ جَعَلَ لَكُمُ الْاَرْضَ مَهْدًا وَّ سَلَكَ لَكُمْ
فِيْهَا سُبُلًا وَّ اَنْزَلَ مِنَ السَّمَآءِ مَآءً ؕ فَاَخْرَجْنَا بِهٖۤ اَزْوَاجًا مِّنْ نَّبَاتٍ
شَتّٰى ﴿۵۳﴾ كُلُوْا وَ ارْعَوْا اَنْعَامَكُمْ ؕ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّاُولِى النُّهٰى ﴿۵۴﴾
مِنْهَا خَلَقْنٰكُمْ وَ فِيْهَا نُعِيْدُكُمْ وَ مِنْهَا نُخْرِجُكُمْ تَارَةً اُخْرٰى ﴿۵۵﴾

وَلَقَدْ اَرَيْنٰهُ اٰيٰتِنَا كُلَّهَا فَكَذَّبَ وَاَبٰى ﴿٥٦﴾ قَالَ اَجِئْتَنَا لِتُخْرِجَنَا مِنْ
اَرْضِنَا بِسِحْرِكَ يٰمُوْسٰى ﴿٥٧﴾ فَلَنَاْتِيَنَّكَ بِسِحْرٍ مِّثْلِهٖ فَاجْعَلْ بَيْنَنَا وَ
بَيْنَكَ مَوْعِدًا لَّا نُخْلِفُهٗ نَحْنُ وَلَاۤ اَنْتَ مَكَانًا سُوًى ﴿٥٨﴾ قَالَ مَوْعِدُكُمْ
يَوْمُ الزِّيْنَةِ وَاَنْ يُّحْشَرَ النَّاسُ ضُحًى ﴿٥٩﴾

(တစ်ဖန်) ထိုဖစ်ရိအောင်နှက "သို့ဖြစ်လျှင် ရှေးဟောင်းမျိုးနွယ်တို့၏ အခြေအနေသည် မည်သို့ ရှိခဲ့သနည်း" ဟု ပြောဆို(ပြန်)လေ၏။[၅၁] ယင်းမူစာသည် (ကျွှန်သို့) ပြောကြားခဲ့၏။ ထိုရှေးဟောင်းမျိုးနွယ်တို့နှင့် ပတ်သက်သောအသိကား ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် မှတ်တမ်းစာအုပ်၌ ရှိပေသည်။ (အမှန်စင်စစ်) ကျွန်ုပ်၏အရှင်မြတ်သည် မှောက်မှားတော်မူသည်လည်း မဟုတ်ပေ။ မေ့လျော့တော်မူသည်လည်း မဟုတ်ချေ။[၅၂] (ထိုအရှင်မြတ်သည်) အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည်ပင် ပထဝီမြေကို အခင်းအကျင်း ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် ယင်းပထဝီမြေ၌ အသင်တို့အဖို့ လမ်းများကိုလည်း ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည်ပင် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည်ပင် ထိုရေဖြင့် (အနှံ့အရသာ) ကွဲပြားခြားနားသော ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့ကို ပေါက်ရောက်စေတော်မူခဲ့၏။[၅၃] အသင်တို့သည် (မိမိတို့ကိုယ်တိုင်လည်း) စားသုံးကြလေကုန်။ ၎င်းပြင် မိမိတို့၏ခြေလေးချောင်း တိရစ္ဆာန်များကိုလည်း စားကျက်ချကြလေကုန်။ ဧကန်စင်စစ် (ကျွှန်သည်တို့)တွင် ဉာဏ်ရှင်များအဖို့ သက်သေသာဓကများရှိကုန်၏။[၅၄]

ယင်းပထဝီမြေကြီးမှပင် ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ယင်းပထဝီမြေကြီး၌ပင် ငါအရှင်မြတ်သည် (အသင်တို့အား တစ်ဖန် ပြန်လည်၍ ရောက်စေတော်မူပေမည်။ ထိုမှတစ်ပါး ယင်းပထဝီမြေကြီးမှပင် ငါအရှင်မြတ်သည် အသင်တို့အား ဒုတိယအကြိမ် ထွက်စေတော်မူအံ့သတည်း။[၅၅]

၎င်းပြင် ဧကန်စင်စစ် ငါအရှင်မြတ်သည် ယင်း ဖစ်ရိအောင်နှကို (မူစာအား ချီးမြှင့်တော်မူသော) မိမိ သက်သေလက္ခဏာတော် အလုံးစုံကို ပြသတော်မူခဲ့ပေသည်။ သို့ပါလျက် ၎င်းသည် (ယင်းသက်သေလက္ခဏာများကို) မဟုတ်မမှန်ဟူ၍ ဆိုခဲ့သည့်အပြင် (တစ်ဆူတည်းသော အလွှာဟ်အရှင်မြတ်အား ယုံကြည်ရန်လည်း) ငြင်းဆိုခဲ့လေသည်။[၅၆] (၎င်းပြင်) ယင်းဖစ်ရိအောင်နှသည် (ကျွှန်သို့) ပြောဆိုခဲ့လေ သည်။ အို-မူစာအသင်သည် မိမိ စုန်းအတတ်ဖြင့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏တိုင်းပြည် (အီဂျစ်)မှ နှင်ထုတ်ရန်လာခဲ့သလော။[၅၇] သို့ဖြစ်လျှင် ကျွန်ုပ်တို့သည်လည်း အသင် နှင့်ယှဉ်ပြိုင်ရန် ယင်းကဲ့သို့သောစုန်းအတတ်ကိုပင် ယူဆောင်လာခဲ့ကြမည်။ သို့ဖြစ်ပေရာ အသင်သည် ညီညာသော ကွင်းပြင်တစ်ခုခု (ပြိုင်ဆိုင်နိုင်ရန်) ကျွန်ုပ်တို့နှင့် မိမိ အကြားဝယ်

အချိန်တစ်ချိန်ကို ချိန်းဆိုသတ်မှတ်လော့။ ထိုချိန်းဆိုသောအချိန်ကို ကျွန်ုပ်တို့လည်း ပျက်ကွက်စေကြမည်မဟုတ်။ အသင်သည်လည်း မပျက်ကွက်လေနှင့်။[၅၈]

(ထိုအခါ) ယင်းမူစာက (အိုဖစ်ရအောင်နှံ) အသင်တို့၏ ချိန်းဆိုသော(နေ့)သည် ပွဲနေ့ပင်ဖြစ်သည်။ ၎င်းပြင် လူတို့သည်(လည်း) နေတက်ချိန်၌ စုရုံးပြီး ဖြစ်ကြရမည်ဟု ပြောကြားခဲ့လေသတည်း။[၅၉]

အကျယ်ဖွင့်ဆိုခြင်း

အာယသ်-၅၁က အစောပိုင်းကလူများအဆုံးသတ်မှုနှင့် ပတ်သက်သော မေးခွန်းကို ဖိရ်အောင်နက မေး ခဲ့ကြောင်း ကျွန်ုပ်တို့ကို ပြောပါသည်။ အကယ်၍ စိုက်ယိဒိနာမူစာ ﷺက သူတို့သည် လမ်းမှားရောက်ခဲ့၍ အားလုံး ဂျဟန္နမ်သွားရလိမ့်မည်ဟု ဒဲ့ဖြေခဲ့လျှင် စိုက်ယိဒိနာမူစာ ﷺသည် အခြားလူမျိုးများသာမက ၎င်းတို့၏ ဘိုးဘွားဘီဘင် များကိုပင်လျှင် အပြစ်တင်နေကြောင်း မထိမဲ့မြင် ပြောစရာရသွားပါလိမ့်မည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် သဘာဝအရ လူအများစိတ်ထဲတွင် သံသယများဖြစ်ပေါ်လိမ့်မည်။ ထို့ကြောင့် စိုက်ယိဒိနာမူစာ ﷺ အသိဉာဏ် ဟစ်က်မတ်အပြည့်ပါသော အဖြေတစ်ရပ်ပေးခဲ့၍ ဖိရ်အောင်နှံသည် သူလူများ လမ်းမှားရောက်စေရန် အခွင့်မသာတော့ ချေ။ စိုက်ယိဒိနာမူစာ ﷺက (အာယသ်-၅၂တွင် ဖော်ပြသကဲ့သို့) အလ္လာဟ် အရှင်တစ်ပါးတည်းသာလျှင် သူတို့၏ အဆုံးသတ်မှုကို သိတော်မူသည်ဟု ပြောခဲ့သည်။ ထိုအရှင်မြတ်သည် မည်သည့်အခါမှ အမှားတစ်ရပ်မပြုလုပ်သကဲ့သို့ အရှင်မြတ်သည် အရာရာကို မည်သည့်အခါမှ မေ့လျော့တော်မမူချေ။ "ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မှောက်မှား တိမ်းပါးတော်မူသည်မဟုတ်ပေ" ဟူသော ဝါကျ၏ ဆိုလိုရင်းမှာ လုပ်ချင်တာက တစ်ခု ဖြစ်တာက တစ်ခု မဖြစ်နိုင်ကြောင်းပင်တည်း။

အာယသ် ၅၃-ထဲ၌ သုံးနှုန်းထားသော **أَزْوَاجًا** (အစုံစုံတို့ကို) ဟူသောစကားလုံးက "အမျိုးမျိုး" (သို့) "မျိုးကွဲများ" ဟုအဓိပ္ပာယ် သက်ရောက်သည်။ **شَتَّىٰ** သည် **شَتِيتٌ** ၏ အများကိန်းဖြစ်ကာ "အမျိုးမျိုးသော" သို့မဟုတ် "အကွဲကွဲအပြားပြား"ဟု အဓိပ္ပာယ်ပေါက်သည်။ အာယသ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် လူ အများ သိရှိနားမလည်နိုင်သော မြောက်မြားစွာသော သစ်ပင်အမျိုးမျိုး ဖန်ဆင်းတော်မူထားခဲ့သည်။ ၎င်းတို့တစ်ခုစီ တွင် အထူးဂုဏ်သတ္တိများ ပါဝင်သည်။ ယင်းတို့သည် လူသားများအတွက် ကောင်းကျိုးဖြစ်စေသောကြောင့် တန်ဖိုး မဖြတ်နိုင်ပါ။ လူသားသည်အလ္လာဟ်အရှင်ဖန်ဆင်းတော်မူသည့် သစ်ပင်အားလုံး၏အသုံးချပုံနှင့် ၎င်းတို့တွင်ပါဝင်သော ဂုဏ်သတ္တိများကို အပြည့်အစုံ နားလည်သဘောပေါက်ရန် မဖြစ်နိုင်ချေ။ ရာစုနှစ်ပေါင်းများစွာပင် သိပ္ပံပညာရှင်များက ၎င်းတို့နှင့် ပတ်သက်သည်များကို ရှာဖွေဖော်ထုတ်ရန် လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် သုတေသနများပြုလုပ်၍ ၎င်း တို့၏ ဂုဏ်သတ္တိများစွာကို ဖော်ထုတ်ခဲ့ကြသည်။ သို့သော်လည်းလက်ရှိ ကျွန်ုပ်တို့သိရှိသမျှတို့သည် အပြီးတိုင် သိ သွားပြီဟု ပြောရန်ကား ခက်ခဲပေသည်။

နောက်အာယသ် ၅၄-က **إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّأُولِي النُّهَىٰ** "ဇကန်စင်စစ် (ဤသည်တို့)တွင် ဉာဏ်ရှင်များအဖို့ သက်သေသာဓကများ ရှိကုန်၏။ (၂၀း၅၄)" ဟု မိန့်ထားသည်။ **النُّهَىٰ** သည် **نُهْيَةٌ** (နဟ်ယတ်)၏ အများကိန်းဖြစ်ကာ **عَقْلَ**(အတ်ကဲလ်-အသိဉာဏ်)၏ အဓိပ္ပာယ်အဖြစ် သုံးနှုန်းထားသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကြောင့် အမြော် အမြင်နှင့် အသိ ဉာဏ်ရှိသူတစ်ဦးကို အန္တရာယ်ဖြစ်စေသော အပြုအမူများမှ ရှောင်ရှားစေနိုင်သည်။

လူသားတိုင်း၏ ဖွဲ့စည်းမှုတွင် ဝိဇ္ဇမျိုးစေ့နှင့်အတူ ၎င်းအား မြှုပ်နှံမည့်နေရာ၏ မြေကြီးလည်း ပါဝင်သည်

အာယသ် ၅၅-ပါ مِنْهَا خَلَقْنٰكُمْ "ယင်းမှပင် ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏"ပါ စကားလုံးများက အလွှာဟ်အရှင်မြတ်သည် အသင်တို့ကို မြေကြီးမှဖန်ဆင်းသည်ဟု ဆိုလိုသည်။ ဤအာယသ်သည် လူသားအားလုံးကို ဦးတည်ပြောကြားထားသော်လည်း မြေကြီးမှတိုက်ရိုက် ဖန်ဆင်းခံရသော စိုက်ယိဒိနာအာဒမ်ﷺမှအပ လူအားလုံးကို မြေကြီးမှမဟုတ်ဘဲ ဝိဇ္ဇမျိုးစေ့မှ ဖန်ဆင်းခဲ့သည်။ ဤသို့မြေကြီးမှ ဖန်ဆင်းသည်ဆိုသော အချက်နှင့်ပတ်သက်၍ ဖြစ်နိုင်သော ရှင်းလင်းချက်တစ်ခုမှာ စိုက်ယိဒိနာအာဒမ်ﷺသည် လူသားအားလုံး၏ ဖခင်ကြီးဖြစ်ကာ ၎င်းတို့ပင် မြေကြီးမှဖန်ဆင်းခဲ့သဖြင့် သူ၏သားစဉ်မြေးဆက်များကို အလားတူ မြေကြီးမှဖန်ဆင်းခြင်းဟု ဖော်ပြထားသည်။ အခြားသူများက ပြောကြသည်မှာ ဝိဇ္ဇမျိုးစေ့ကိုပင် မြေကြီးမှ ပြုလုပ်ထားသဖြင့် ယင်းမှ ပေါက်ဖွားလာသည်များမှာ မြေကြီးမှပင် ပေါက်ဖွားလာခြင်းဖြစ်သည်။ အီမာမ်အလ်ကုရ်သုဗီ အဆိုအရ ကုရ်အာန်ကျမ်းတော်မြတ်၏ စာသားများက လူသားကိုမြေကြီးမှ ဖန်ဆင်းခဲ့သည်ဆိုကြောင်း ရှင်းလင်းစွာ ညွှန်းထားသည်ဟု ဆိုသည်။

အာယသ် ၅၈-ပါ مَكَانًا سُوًى "ညီညာသောနေရာ ဌာနတစ်ခုတွင် "စကားလုံးများအရ ဖိရ်အော်န်က အကြံပြုသည်မှာ စိုက်ယိဒိနာမူစာﷺနှင့် သူ၏ပဋိပက္ခလက်ဆရာများ ယှဉ်ပြိုင်ကြမည့်နေရာသည် အီဂျစ်လူမျိုးများက စိုက်ယိဒိနာ မူစာﷺနှင့် ဗနီအစ္စရာအီလ်များ အဖြစ်နိုင်ဆုံးသွားလာရန် လွယ်ကူသည့်နေရာ ဖြစ်ရမည်ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာ မူစာﷺက ဤကမ်းလှမ်းချက်ကို လက်ခံကာပြိုင်ပွဲအတွက် အချိန်နှင့်နေ့ကို مَوْعِدُكُمْ يَوْمُ الزِّيْنَةِ وَاَنْ يُّحْشَرَ النَّاسُ ضُحًى အသင်တို့၏ ချိန်းဆိုသောနေ့သည် ပွဲနေ့ပင် ဖြစ်သည်။ ၎င်းပြင် လူတို့သည်(လည်း) နေတက်ချိန်၌ စုရုံးပြီးဖြစ်ရမည်။ (၂၀း၅၉)" ဟူ၍ပြောဆိုအကြံပြုခဲ့သည်။ يَوْمُ الزِّيْنَةِ စကားလုံးကို အသီးသီးသောပညာရှင်များက အမျိုးမျိုး ရှင်းလင်းပြခဲ့ကြသည်။ အချို့ကပြောသည်မှာ ဤနေ့သည် အီဂျစ်လူမျိုးများက ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ မြို့ပြင်တွင် စုရုံးခဲ့ကြသည့် အထူးပွဲတော်နေ့တစ်နေ့ဖြစ်သည်ဟု ပြောကြသကဲ့သို့ အချို့သောသူများက ဤနေ့သည် စနေနေ့ يَوْمُ السَّبْتِ ဟူ၍လည်းကောင်း ပြောကြသည်။ အချို့သောသူ များကမူ ဤနေ့သည် မုဟရမ်လ ဆယ်ရက် နေ့ عَاشُوْرَا နေ့ဟုပြောကြသည်။

ပြိုင်ပွဲအတွက် သတ်မှတ်မှုတွင်ရှိ ကြီးမားသောအကျိုးကျေးဇူး

သတ်မှတ်ထားသော နေရာတစ်ခုတွင် အီဂျစ်လူမျိုး အထက်တန်းလွှာနှင့် အောက်တန်းလွှာအားလုံး စုရုံးစေနိုင်သောနေ့ကို ပွဲတော်နေ့ဟုသတ်မှတ်ခြင်းသည် စိုက်ယိဒိနာမူစာﷺ၏ အသိဉာဏ်ကြွယ်ဝသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်သည်။ ပြိုင်ပွဲဂိုဏ်းပချိန်ကို နေတက်ချိန်အစောပိုင်းဟု သတ်မှတ်ရာတွင် အကြောင်းတစ်ချက် ရှိသည်။ ယင်းမှာ ထိုအချိန်၌ လူများသည် သူတို့၏ နိစ္စဓူဝလုပ်ငန်းလုပ်ဆောင်မှုများပြီးဆုံး၍ အခြားကိစ္စရပ်များကို လွတ်လပ်စွာ လုပ်ဆောင်နိုင်သောအချိန်ဖြစ်သည်။ ထို့ပြင် အစောပိုင်း နေတက်ချိန်တွင် နေ့အလင်းရောင်နှင့် မြင်နိုင်စွမ်းမှာ အကောင်းဆုံးအခြေအနေတွင် ရှိနေသကဲ့သို့ ပွဲကြီးပွဲကောင်းကြည့်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းကို ဝေးလံစွာနှင့်ကျယ်ပြန့်စွာ သတင်းဖြန့်ချိနိုင်ရန်အတွက် လူစုခွဲနိုင်ပါသည်။ ထို့ကြောင့် အလွှာဟ်အရှင်မြတ်၏ အကူအညီဖြင့် စိုက်ယိဒိနာမူစာﷺသည် အီဂျစ်ပဋိပက္ခလက်ဆရာများကို ပြတ်သားစွာအနိုင်ယူခဲ့သည် ဆိုသော သတင်းမှာ ထိုနေ့တွင်ပင် ဝေးလံခေါင်ဖျားသော နေရာတွင်ရှိသည့်လူများပင် သိရှိသွားခဲ့ကြသည်။

ပဋ္ဌလက်ပညာ(ဓမ္မာပညာ)- ယင်းတို့အမှန်တရားနှင့် ပုံစံများ၊ ယင်းနှင့်ပတ်သက်သည့် ဥပဒေသများ

ဤအကြောင်းအရာနှင့် ပတ်သက်သောအသေးစိတ် ဆွေးနွေးထားမှုများကို ဗူရဟ်ဘာကရဟ်တွင် ဟာရွတ်၊ မာရွတ်အကြောင်း မြန်မာဘာသာပြန်-မအာရိဖုလ် ကုရ်အာန်ကျမ်း အတွဲ-(၁) စာမျက်နှာ (၃၃၂မှ၃၄၈ ထိ)တွင် တင်ပြထားပါသည်။

အာယာသ် (၆၀-၇၆)

فَتَوَلّٰى فِرْعَوْنُ فَجَمَعَ كَيْدَهٗ ثُمَّ اَتٰى ﴿٦٠﴾ قَالَ لَهُمْ مُّوْسٰى وَيْلَكُمْ لَا
تَفْتَرُوْا عَلَى اللّٰهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ ۚ وَقَدْ خَابَ مَنِ افْتَرٰى ﴿٦١﴾
فَتَنَازَعُوْٓا اَمْرَهُمْ بَيْنَهُمْ وَاَسَرُّوا النَّجْوٰى ﴿٦٢﴾ قَالُوْٓا اِنْ هٰذٰنِ لَسٰحِرٰنِ
يُرِيْدٰنِ اَنْ يُّخْرِجٰكُمْ مِّنْ اَرْضِكُمْ بِسِحْرِهِمَا وَيَذْهَبَا بِطَرِيْقَتِكُمُ
الْمُثْلٰى ﴿٦٣﴾ فَاَجْمِعُوْا كَيْدَكُمْ ثُمَّ ائْتُوْا صَفًّا ۚ وَقَدْ اَفْلَحَ الْيَوْمَ مَنِ
اسْتَعْلٰى ﴿٦٤﴾ قَالُوْا يٰمُوْسٰٓى اِمَّآ اَنْ تُلْقِيَ وَاِمَّآ اَنْ نَّكُوْنَ اَوَّلَ مَنْ اَلْقٰى ﴿٦٥﴾
قَالَ بَلْ اَلْقُوْا ۚ فَاِذَا حِبَالُهُمْ وَعِصِيُّهُمْ يُخَيَّلُ اِلَيْهِ مِنْ سِحْرِهِمْ اَنَّهَا تَسْعٰى
﴿٦٦﴾ فَاَوْجَسَ فِيْ نَفْسِهٖ خِيْفَةً مُّوْسٰى ﴿٦٧﴾ قُلْنَا لَا تَخَفْ اِنَّكَ اَنْتَ الْاَعْلٰى
﴿٦٨﴾ وَاَلْقِ مَا فِيْ يَمِيْنِكَ تَلْقَفْ مَا صَنَعُوْا ۭ اِنَّمَا صَنَعُوْا كَيْدُ سٰحِرٍ ۭ
وَلَا يُفْلِحُ السّٰحِرُ حَيْثُ اَتٰى ﴿٦٩﴾ فَاُلْقِيَ السَّحَرَةُ سُجَّدًا قَالُوْٓا اٰمَنَّا بِرَبِّ
هٰرُوْنَ وَمُوْسٰى ﴿٧٠﴾ قَالَ اٰمَنْتُمْ لَهٗ قَبْلَ اَنْ اٰذَنَ لَكُمْ ۭ اِنَّهٗ لَكَبِيْرُكُمُ
الَّذِيْ عَلَّمَكُمُ السِّحْرَ ۚ فَلَاُقَطِّعَنَّ اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ وَّ
لَاُصَلِّبَنَّكُمْ فِيْ جُذُوْعِ النَّخْلِ ۡ وَلَتَعْلَمُنَّ اَيُّنَآ اَشَدُّ عَذَابًا وَّاَبْقٰى ﴿٧١﴾
قَالُوْا لَنْ نُّؤْثِرَكَ عَلٰى مَا جَاۗءَنَا مِنَ الْبَيِّنٰتِ وَالَّذِيْ فَطَرَنَا فَاقْضِ مَآ
اَنْتَ قَاضٍ ۭ اِنَّمَا تَقْضِيْ هٰذِهِ الْحَيٰوةَ الدُّنْيَا ﴿٧٢﴾ اِنَّآ اٰمَنَّا بِرَبِّنَا لِيَغْفِرَ
لَنَا خَطٰيٰنَا وَمَآ اَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ ۭ وَاللّٰهُ خَيْرٌ وَّاَبْقٰى ﴿٧٣﴾
اِنَّهٗ مَنْ يَّاْتِ رَبَّهٗ مُجْرِمًا فَاِنَّ لَهٗ جَهَنَّمَ ۭ لَا يَمُوْتُ فِيْهَا وَلَا يَحْيٰى ﴿٧٤﴾ وَ

مَنْ يَّأْتِهٖ مُؤْمِنًا قَدْ عَمِلَ الصّٰلِحٰتِ فَاُولٰٓئِكَ لَهُمُ الدَّرَجٰتُ الْعُلٰى ﴿٧٥﴾
جَنّٰتُ عَدْنٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ وَ ذٰلِكَ جَزٰٓؤُا مَنْ
تَزَكّٰى ﴿٧٦﴾

ထိုအခါ ဖစ်ရိအောင်နှသည် ပြန်သွားခဲ့ပေသည်။ တစ်ဖန် ၎င်းသည် မိမိလျှို့ဝှက်ကြံစည်ချက်များကို စုဆောင်းပြီးနောက် (ချိန်းချက်ထားသောနေရာသို့) လာခဲ့လေသည်။[၆၀] (ထိုအခါ) မူစာက ယင်းပဉ္စလက်ဆရာတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ အသင်တို့ အကျိုးယုတ်ပါစေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲခြင်း မပြုကြကုန်လင့်။ သို့ပြုခဲ့ကြပါလျှင် ထိုအရှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်ပေးတော်မူခြင်းအားဖြင့် လုံးဝ ပျက်စီးစေတော်မူမည်။ အမှန်စင်စစ်သော်ကား လီဆယ်ဖန်တီးသူသည် မျှော်လင့်သည့်အတိုင်း အထမမြောက် အကြံမှောက်ခဲ့သည်သာ။[၆၁]

ထို့နောက် ယင်းပဉ္စလက်ဆရာတို့သည် မိမိတို့ အရေးကိစ္စ နှင့်စပ်လျဉ်း၍ အချင်းချင်း ငြင်းခုံကွဲလွဲခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် တီးတိုး ဆွေးနွေး ခဲ့ကြပြန်သည်။[၆၂] (နောက်ဆုံးတွင် ဖစ်ရိအောင်နှ၏ ဘေးအန္တရာယ်ကို ကြောက်ရွံ့ကာ) ၎င်းတို့သည် (ဤသို့) ပြောဆို(ဆုံးဖြတ်)ခဲ့ကြကုန်၏။ ဇကန်စင်စစ် ဤ (မူစာနှင့်ဟာရွန်နှစ်ဦးတို့မှာ ပဉ္စလက်ဆရာနှစ်ဦးသာ ဖြစ်ကြကုန်၏။ ၎င်းတို့နှစ်ဦးသည် မိမိတို့၏ပဉ္စလက်အတတ်ဖြင့် အသင်တို့အား အသင်တို့၏တိုင်းပြည်မှ နှင်ထုတ်ကြရန် လည်းကောင်း၊ အသင်တို့၏ ကောင်းမွန်မြင့်မြတ်လှစွာသော(ဘာသာအယူဝါဒ)ယဉ် ကျေးမှုကို ဖျက်ဆီးပစ်ကြရန်လည်းကောင်း ကြံရွယ်ကြကုန်၏။[၆၃] သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ကြံစည်ချက်များကို စုဆောင်းပြီးလျှင် စီတန်း၍လာကြလေကုန်။ အကြောင်းမူကား ယနေ့အနိုင်ရသော သူသည်သာလျှင် စင်စစ် အောင်မြင်မှုရရှိမည် ဖြစ်သောကြောင့်ပင်။[၆၄]

(ထို့နောက်) ယင်းပဉ္စလက်ဆရာတို့က အိုး-မူစာ၊ အသင်သည် (မိမိတောင်ဝှေးကို ဦးစွာ)ပစ်ချလော့။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည်ပင် ဦးစွာပထမ (မိမိတို့၏ကြိုးများ၊ တုတ်ရှည်များကို) ပစ်ချကြမည်လောဟု ပြောဆိုခဲ့ကြလေသည်။[၆၅]ယင်းမူစာက "ထိုသို့မဟုတ်၊ အသင်တို့ပင် (ဦးစွာ) ပစ်ချကြလော့"ဟု ပြောကြားခဲ့ လေသည်။ ထိုအခါ ၎င်းတို့၏ပဉ္စလက်အတတ်ကြောင့် ထိုသူတို့၏ကြိုးများသည် လည်း ကောင်း၊ ထိုသူတို့၏ တုတ်ရှည်များသည် လည်းကောင်း ထိုမူစာ၏အမြင်၌ လူပ်ရှား ပြေးလွှားနေကြသည်ဟု ထင်ရလေသည်။[၆၆] သို့ဖြစ်ပေရာ မူစာသည် မိမိစိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။[၆၇] (ထိုအခါ) ငါအရှင်မြတ်က (မူစာအား ဤသို့) မိန့်ကြားတော်မူခဲ့၏။ (အိုး-မူစာ) အသင်သည် မကြောက်လေနှင့်၊ ဇကန်မလွဲ အသင် သည်သာလျှင် အောင်

နိုင်သူဖြစ်ပေမည်။[၆၈] ၎င်းအပြင် အသင်သည် မိမိလက်ယာ လက်ထဲ၌ရှိသော (တောင်ဝှေး)ကို ပစ်ချပါလေ။ ယင်း(တောင်ဝှေး)သည် ထိုပဉ္စလက် ဆရာတို့ ကြံစည်ပြုလုပ်ထားသည်တို့ကို ဝါးမျိုလိမ့်မည်။ စင်စစ် ၎င်းတို့ကြံစည် ပြုလုပ်ခဲ့သမျှတို့သည် ပဉ္စလက်ဆရာ(တို့)၏ ပရိယာယ်မျှသာ ဖြစ်ချေသည်။ အမှန်စင်စစ် ပဉ္စလက်ဆရာဟူသည် မည်သည့်နေရာသို့ သွားခဲ့စေကာမူ အောင်မြင်သည်ဟူ၍ကား မရှိချေ။[၆၉] ထို့နောက်သော်ကား ပဉ္စလက်ဆရာတို့သည် စဂျီဒဟ်၌ကျသွားကာ ပျံဝပ်ဦးချကာ ကျွန်ုပ်တို့သည် နဗီ တမန်တော် ဟာရွန်နှင့် (နဗီတမန်တော်) မူစာတို့၏ အရှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ပေပြီဟု ပြောဆိုခဲ့ကြလေသည်။[၇၀] (ထိုအခါ) ယင်းဖစ်ရိအောင်နက (ဤသို့) ပြောဆို(ကြိမ်းမောင်း)ခဲ့လေ၏။ အသင်တို့သည် ကျွန်ုပ် ခွင့်မပြုမီပင် ထိုမူစာအား ယုံကြည်ခဲ့ကြလေပြီ။ ဖကန်စင်စစ် ယင်းမူစာကား အသင်တို့အား ပဉ္စလက်အတတ်ပညာကို သင်ကြားပေးခဲ့သော (အာစရိယ) အကြီးအကဲပင် ဖြစ်၏။ သို့ဖြစ်ပေရာ ဖကန်အမှန် ကျွန်ုပ်သည် အသင်တို့၏ လက်များကို လည်းကောင်း၊ ခြေများကိုလည်းကောင်း၊ (လက်ယာလက်ဝဲ)ဘက် လွှဲဖြတ်တောက်မည် ဖြစ်သည်။ ၎င်းပြင် မလွှဲဖကန် ကျွန်ုပ်သည် အသင်တို့အား စွန့်ပလွှဲပင်များ၌ လက်ဝါးကပ်တိုင် တင်မည်။ (စွန့်ပလွှဲပင်များ၌ကားကြက်မည်)ဖြစ်သည်။ ထိုမှတစ်ပါး အသင်တို့သည် ကျွန်ုပ်တို့အနက် မည်သူ၏ပြစ်ဒဏ်သည်ပို၍ ပြင်းထန်သည်ကို လည်းကောင်း၊ ပို၍ ကြာရှည်တည်မြဲသည်ကို လည်းကောင်း အမှန်ပင် သိရှိကြပေမည်။[၇၁]

ထိုပဉ္စလက် ဆရာတို့က (ဤသို့)ပြောကြားခဲ့လေ၏။ (အို-ဖစ်ရိအောင်နှ) ကျွန်ုပ်တို့သည် အသင့်အား မိမိတို့ထံ ရောက်ရှိလာသော သက်သေသာဓကများထက် လည်းကောင်း၊ ကျွန်ုပ်တို့အား ဖန်ဆင်းတော်မူသော အရှင်မြတ်ထက်လည်းကောင်း၊ အလျှင်းနှစ်သက်ကြမည်မဟုတ်။ သို့ဖြစ်ပေရာ အသင်သည် မိမိ စီရင်ပြဋ္ဌာန်းလိုသည်ကို စီရင်ပြဋ္ဌာန်းပါလေ။ (စင်စစ်မှာ မူကား) အသင်၏ မျက်မှောက်လောကီဘဝ၌သာ စီရင်ပြဋ္ဌာန်းနိုင်မည်ဖြစ်သည်။[၇၂] ဖကန်မလွှဲ ကျွန်ုပ်တို့သည် မိမိကို ဖန်ဆင်းတော်မူသော အရှင်မြတ်အား ထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏ ပြစ်မှုများကိုလည်းကောင်း၊ ကျွန်ုပ်တို့အား ပဉ္စလက်အတတ်နှင့် စပ်လျဉ်း၍ အတင်းအကျပ် အသင်ပြုလုပ်စေခဲ့သည်ကို လည်းကောင်း၊ ခွင့်လွှတ်ချမ်းသာ ပေးတော်မူပါရန် သက်ဝင်ယုံကြည်ခဲ့ကြချေပြီ။ စင်စစ်မှာမူကား အလွှာဟ်အရှင်မြတ်သည် သာလျှင် အမွန်မြတ်ဆုံး၊ အမြဲဆုံး ဖြစ်တော်မူပေသည်။[၇၃]

ဖကန်စင်စစ် မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ အပြစ်ရှိသူ အဖြစ် ရောက်ရှိပါလျှင် ဖကန်မလွှဲ ထိုသူ၏အဖို့ ဂျဟန္နမ်ငရဲဘုံသည်သာလျှင် ရှိပေမည်။ ထိုသူသည် ယင်းငရဲဘုံ၌ အသက်သေဆုံးမည်လည်း မဟုတ်ပေ။ အသက်ရှင်မည်လည်း မဟုတ်ချေ။[၇၄] သို့ရာတွင် အကြင်သူသည် ထိုအရှင်မြတ်အထံတော်သို့ ဖကန်အမှန် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်

ခဲ့သော မုအ်မင်န် သက်ဝင်ယုံကြည်သူအဖြစ် ရောက်ရှိလာသည်ရှိသော် ထိုကဲ့သို့သော သူတို့အဖို့ မြင့် မြတ်လှစွာသော အဆင့်အတန်းများသည် ရှိပေမည်။[၇၅] (၀ါ) ထာဝစဉ် နေထိုင်ရမည့် ဥယျာဉ်များ ရှိပေမည်။ ယင်းဥယျာဉ်များ၏အောက်မှ စမ်းရေချောင်းများသည် စီးတွေ လျက်ရှိကြပေမည်။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ အမြဲနေထိုင်ကြရပေမည်။ စင်စစ်သော်ကား ဤသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းခဲ့သောသူ၏အကျိုးပင်တည်း။[၇၆]

အကျယ်ဖွင့်ဆိုခြင်း

အာယသ် ၆၀-တွင်ပါသည့် **فَجَبَعَ كَيْدَهُ** "၎င်းသည် မိမိလျှို့ဝှက်ကြံစည်ချက်များကို စုဆောင်းပြီးနောက်" စကားလုံးများက ဖိရ်အောင်နှသည် သူ၏ပစ္စလက်ဆရာများကို ၎င်းတို့၏ ပစ္စည်းပစ္စယများနှင့်အတူ စုရုံးစေခြင်းကို ရည်ညွှန်းသည်။ စိုက်ယိဒိနာအိဝနီ အဗွားစ်ﷺ အဆိုအရ ပစ္စလက်ဆရာ ခုနစ်ဆယ့်နှစ်ဦးဟု ဆိုသည်။ သို့ရာတွင် အခြားသူများက လေးရာမှစ၍ ကိုးထောင်ထိ အသီးသီးကိန်းဂဏာန်းများ တင်ပြကြသည်။ သူတို့ခေါင်းဆောင်မှာ ရှမ်အူးန် **شمعون** ဟု အမည်တွင်သည့် မျက်မမြင်တစ်ဦးဖြစ်သည်။

ပစ္စလက်ဆရာများအား ဦးတည်ပြောကြားသော စိုက်ယိဒိနာမူစာﷺ၏ ကြိုတင်ဟောကိန်းပါဝင်သည့်မိန့်ခွန်း

ပြိုင်ပွဲမဲစမှိုက စိုက်ယိဒိနာမူစာﷺသည် ပစ္စလက်ဆရာများကို ခင်မင်ရင်းနှီးသောအကြံပြုချက် စကားလုံးများ ပါဝင်သော ဦးတည်ပြောကြားချက်တစ်ခု ပြောကြားခဲ့ပါသည်။ ယင်းထဲတွင် အကယ်၍ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ မုအ်ဂျီဇ်ဇာတ်နိုးပြာဋိဟာ ပြသချက်များနှင့် အခြားသောအရှင်မြတ်၏ တန်ခိုးတော်များပြသမှုများကို အစဉ်တစိုက် ငြင်းဆိုမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုဂင်းတို့ပေါ် ကျရောက်မည်ဟူသော သတိပေးချက်ပါဝင်သည်။ သူအမှန်တကယ် ပြောခဲ့သည်မှာ-

وَيْلَكُمْ لَا تَفْتَرُوْا عَلَى اللّٰهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ ۚ وَقَدْ خَابَ مَنِ افْتَرٰى

"အသင်တို့ အကျိုးယုတ်ပါစေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲခြင်း မပြုကြကုန်လင့်။ သို့ပြုခဲ့လျှင် ထိုအရှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်ပေးတော်မူခြင်း အားဖြင့် လုံးဝပျက်စီးစေတော်မူမည်။ အမှန်စင်စစ်သော်ကား လီဆယ်ဖန်တီးသူသည် မျှော်လင့်သည့်အတိုင်း အထ မမြောက် အကြံမှောက်ခဲ့သည်သာ" (၂၀း၆၁)

ဖိရ်အောင်နှ၏ အထောက်အပံ့ အပြည့်အဝရထားသည့် ပစ္စလက်ဆရာများသည် စိုက်ယိဒိနာမူစာﷺ၏ အကြံပြုစကားများကို နားထောင်လိမ့်မည်ဟု မည်သို့မျှ မမျှော်လင့်နိုင်ချေ။ သို့သော်လည်း တမန်တော်များနှင့် ၎င်းတို့၏နောက်လိုက်များတွင် မမြင်နိုင်သောပါဝါ (အစွမ်း)များ ရှိပါသည်။ ထိုအစွမ်းကြောင့် သူတို့၏ ရိုးရိုးနှင့်ရှင်းရှင်း ပြောစကားသည် ထိန်းချုပ်၍မရနိုင်ဆုံးသော လွဲမှားနေသည့်စိတ်ဓာတ်များကို ထိုးဖောက်နိုင်စွမ်း ရှိပါသည်။ ထို့နောက် စိုက်ယိဒိနာမူစာﷺ၏ ဦးတည်ပြောကြားချက်ကြောင့် ပစ္စလက်ဆရာများတွင် ငြင်းခုံမှုနှင့်စိတ်ဝမ်းကွဲမှုများ ပေါ်ပေါက်ကာ အချို့သူများက ဤသို့ပြောကြားခြင်းသည် ပစ္စလက်ဆရာတစ် ဦးပြောကြားသည် မဟုတ်ဘဲ သာမာန်လူသား မဟုတ်သော အထက်ပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ဖြစ်သောကြောင့် ထိုသူနှင့် ဆက်လက်၍မယှဉ်တော့ဟု ဆုံးဖြတ်ခဲ့ကြသည်။ **فَتَنَازَعُوْٓا اَمْرَهُمْ بَيْنَهُمْ** "ထို့နောက် ယင်းပစ္စလက်ဆရာတို့သည် မိမိတို့အရေးကိစ္စနှင့် စပ်လျဉ်း၍

အချင်းချင်း ငြင်းခုံကွဲလွဲခဲ့ကြလေသည်။ وَ اَسَرُّوا النَّجْوٰی "ထို့နောက်ငင်းတို့သည် တီးတိုးဆွေးနွေးခဲ့ကြပြန်သည် (၂၀း၆၂)"အဆုံးတွင် ငင်းတို့က ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည်ဟု ဆက်လက်ဆုံးဖြတ်ခဲ့ကြသည်။ အဘယ်ကြောင့် ဆိုသော် ငင်းတို့ထင်မြင်ချက်မှာ စိုက်ယိဒိနာမူစာ ﷺနှင့် စိုက်ယိဒိနာဟာရွန် ﷺဟူသော ပဉ္စလက်ဆရာနှစ်ဦးမှာ ဖိရ်အောင်နှနှင့် သူလူများကို ငင်းတို့၏ ပဉ္စလက်ပညာဖြင့် အီဂျစ်နိုင်ငံမှ မောင်းထုတ်ရန် ဆန္ဒရှိကြသည်။ ထို့ပြင် သူတို့နှစ်ဦး၏ စံပြ ဘဝနေနည်းကိုလည်း ဖျက်ဆီးပစ်လိုသည်။ သူတို့၏ ဤဆုံးဖြတ်ချက်ကို အာယသ်-၆၃ ထဲတွင် အောက်ပါစကားလုံးများဖြင့် ဖော်ပြထားသည်။

اِنْ هٰذٰنِ لَسٰحِرٰنِ یُرِیْدٰنِ اَنْ یُّخْرِجٰكُمْ مِّنْ اَرْضِكُمْ بِسِحْرِهِمَا وَ یَذْهَبَا بِطَرِیْقَتِكُمُ الْمُثْلٰى

"ဧကန်စင်စစ် ဤ(မူစာနှင့်ဟာရွန်) နှစ်ဦးတို့မှာ ပဉ္စလက်ဆရာနှစ်ဦးသာ ဖြစ်ကြကုန်၏။ ငင်းတို့နှစ်ဦးသည် မိမိတို့၏ ပဉ္စလက်အတတ်ဖြင့် အသင်တို့အား အသင်တို့၏ တိုင်းပြည်မှနှင်ထုတ်ကြရန်လည်းကောင်း အသင်တို့၏ ကောင်းမွန်မြင့်မြတ်လှစွာသော (ဘာသာအယူဝါဒ) ယဉ်ကျေးမှုကို ဖျက်သိမ်းပစ်ရန်လည်းကောင်း ကြံရွယ်ကြကုန်၏။" (၂၀း၆၃)

مُثْلٰى စကားလုံးသည် اَمْثَلَ စကားလုံး၏ ကွက်တိလိင်ဖြစ်ကာ အလွန်ကောင်းမြတ်ခြင်းဟု အဓိပ္ပာယ်ပေါက်သည်။ ဆိုလိုသည်မှာ ဖိရ်အောင်နှကို ဘုရားအဖြစ်သတ်မှတ်ထားကာ အီဂျစ်လူမျိုးများသည် ငင်းတို့ဘာသာတရားသာလျှင် အကောင်းဆုံးဖြစ်သည်ဟု လည်းကောင်း စိုက်ယိဒိနာမူစာ ﷺနှင့် စိုက်ယိဒိနာဟာရွန် ﷺတို့သည် ထိုဘာသာတရားကို ဖျက်ဆီးကာ ငင်းတို့၏ ဘာသာတရားကို အစားထိုးလိုကြသည်ဟုလည်းကောင်း ယုံကြည်ခဲ့ကြသည်။ طَرِیْقَه စာသားထဲတွင် (ဘာသာအယူဝါဒ) (ယဉ်ကျေးမှု) ဟုဘာသာပြန်ထားသည် ဟူသောစကားလည်း သုံးနှုန်းနိုင်သည်။ ထို့ပြင် စိုက်ယိဒိနာအိဝနိအဗ္ဗာစ် ﷺနှင့် စိုက်ယိဒိနာအလီ ﷺတို့၏ အဆိုအရ ထိုစကားကို ဤနေရာ၌ အထက်ပါအဓိပ္ပာယ်အတိုင်း သုံးနှုန်းထားသည်။ ဆိုလိုရင်းမှာ ဤသူနှစ်ဦး (စိုက်ယိဒိနာမူစာ ﷺနှင့် စိုက်ယိဒိနာဟာရွန် ﷺတို့သည် သူတို့၏ ခေါင်းဆောင်များနှင့် အရေးကြီးသော နိုင်ငံသားများအားလုံးကို ရှင်းပစ်ချင်နေပါသည်။ ထို့ကြောင့် အီဂျစ် ပဉ္စလက်ဆရာများ၏ တာဝန်မှာစည်းလုံးညီညာစွာဖြင့် ငင်းတို့၏ အကောင်းဆုံးလုပ်ဆောင်မှုများဖြင့် ရန်သူကို အလဲထိုး အနိုင်ယူနိုင်ရန်ဖြစ်သည်။ فَاَجْمِعُوْا كَیْدَكُمْ ثُمَّ ائْتُوْا صَفًّا "သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ကြံစည်ချက်များကို စုဆောင်းပြီးလျှင် စီတန်း၍ လာကြလေကုန်။(၂၀း၆၄)" စစ်ပွဲတွင် စစ်သားများသည် ညီညာစွာတန်းစီထားခြင်းကတစ်ဖက်ရန်သူကို ကယောင် ချောက်ချား ဖြစ်စေရန် အကျိုးသက်ရောက်၍ အီဂျစ်ပဉ္စလက်ဆရာများကလည်း ပြိုင်ပွဲဝင်ရန်အတွက် ညီညာစွာဖြင့် တန်းစီခဲ့ကြသည်။

အီဂျစ်လူမျိုးများသည် သူတို့၏ အောင်မြင်မှုအပေါ် ယုံကြည်စိတ်ချကာ ချမ်းမြေ့သာယာသော အနေအထားဖြင့် စိုက်ယိဒိနာမူစာ ﷺအား ယှဉ်ပြိုင်မှုကို ငင်းကအလျင် စတင်လုပ်မည်လော၊ သို့တည်းမဟုတ် သူတို့က အလျင်စတင်ရမည်လောဟု မေးမြန်းခဲ့သည်။ စိုက်ယိဒိနာမူစာ ﷺက ငင်းတို့က စတင်ရန် ဖိတ်ခေါ်ခဲ့သည်။ "(အသင် တို့ပင် (ဦးစွာ)ပစ်ချကြလော့" ထို့ပြင် ဤကဲ့သို့ပြောခြင်းတွင် အကြောင်းပြချက် များစွာရှိသည်။ ပထမဦးစွာ စိုက်ယိဒိနာ မူစာ ﷺကို ပြိုင်ပွဲစတင်ရန် ဖိတ်ခေါ်ခဲ့ရာတွင် အီဂျစ်လူမျိုးများသည် သတ္တိရှိကြောင်းပြခဲ့ကြသည်။ ထို့နောက် ဤဖိတ်ခေါ်ချက်အတွက် တူညီသောရက်ရောမှုနှင့် ရဲစွမ်းသတ္တိရှိသော တုံ့ပြန်မှုပေးရမည်။ ဒုတိယအနေဖြင့် အီဂျစ်လူမျိုးများက စိုက်ယိဒိနာမူစာ ﷺကို စတင်ယှဉ်ပြိုင်ရန် ကမ်းလှမ်းမှုတွင် ပြိုင်ပွဲ၏ရလဒ်အပေါ် ငင်းတို့ယုံကြည်ချက်ရှိကြောင်းပြသခြင်းဖြစ်သည်။ သူတို့နိုင်ပြီးဖြစ်သည်ဟူသော သဏ္ဌာန်လည်း ဆောင်စေသည်။ စိုက်ယိဒိနာမူစာ ﷺဘက်ကကြည့်လျှင်ကား ငင်းတို့ကိုစတင်ရန် တန်ပြန်ကမ်းလှမ်းမှုတွင် ပြိုင်ပွဲရလဒ်သည် သူနိုင်ပြီးသားဖြစ်ကြောင်း ဆုံးဖြတ်ချက်

ထားကြောင်းကို အီဂျစ်လူမျိုးများ ထင်မှတ်စေပါသည်။ နောက်ဆုံးတွင် သူ၏ဣဿာကို မစီမံမီအလျင် စိုက်ယိဒိနာမူစာ ﷺက အီဂျစ်လူမျိုးများ၏ ပြကွက်ကို ကြည့်လိုပါသည်။ ထို့ကြောင့် ဤကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် အီဂျစ်လူမျိုးများသည် ၎င်းတို့၏ တုတ်များနှင့်ကြိုးများကို မြေကြီးပေါ် ပစ်ချလိုက်ကြသောအခါ ကြည့်ရှုနေသူများ အနေဖြင့် ပြေးလွှားနေသော မြွေများအဖြစ် ထင်မှတ်စေပါသည်။

يُخَيَّلُ اِلَيْهِ مِنْ سِحْرِهِمْ اَنَّهَا تَسْعٰى "ထိုအခါ ၎င်းတို့၏ ပဋိလက်အတတ်ကြောင့် ထိုသူတို့၏ ကြိုးများသည် လည်းကောင်း၊ ထိုသူတို့၏ တုတ်ရှည်များသည် လည်းကောင်း၊ ထိုမူစာ၏ အမြင်၌ လှုပ်ရှားပြေးလွှားနေကြသည်ဟု ထင်ရလေသည်။ (၂၀း၆၆)" အာယသ်က ဆိုလိုသည်မှာ အီဂျစ်ပဋိလက်ဆရာများသည် ကြည့်ရှုနေသူများကို စိတ် ညှို့ခဲ့သောကြောင့် ကြည့်နေသောသူများကို ထိုတုတ်များနှင့် ကြိုးများသည် မြေကြီးပေါ်၌ ပြေးလွှားနေသော မြွေများ သဖွယ် ပြောင်း၍ မြင်တွေ့ရသည်။ တကယ်ဆိုသော် ထိုကဲ့သို့ ပြောင်းလဲခြင်းမျိုး မရှိပါ။

فَاَوْجَسَ فِيْ نَفْسِهٖ خِيْفَةً مُّوْسٰى "သို့ဖြစ်ပေရာ မူစာသည် မိမိစိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။ (၂၀း၆၇)" ပတ်ဝန်းကျင် တွင် မြွေများ တွားသွားနေသည်ကို စိုက်ယိဒိနာမြင်ရသောအခါ ကြောက်စိတ်တစ်မျိုး ပေါ်ခဲ့သည်။ သို့ရာတွင် ထိုကြောက်စိတ်ကို မည်သူကိုမျှ ဖော်မပြခဲ့ပါ။ အကယ်၍ ဤကြောက်စိတ်သည် သူ၏ ပုဂ္ဂိုလ် ရေးလုံခြုံမှုအတွက် ပေါ်ပေါက်ခဲ့သည်ဆိုလျှင်ပင် ယင်းသို့ဖြစ်ခြင်းသည် အန္တရာယ်ရှိသောအခြေအနေ တစ်ရပ်အတွက် လူသား၏ သဘာဝဆိုင်ရာ တုံ့ပြန်မှုအဖြစ် မှတ်ယူနိုင်သည်။ ထို့ပြင် ဤသည်မှာ တမန်တော်တာဝန်ဝတ္တရားနှင့် မဆန့်ကျင်ပါ။ သူခံစားရသော ကြောက်ရွံ့စိတ်သည် သူဘဝ၊ သူအသက်အတွက် မဟုတ်သည်မှာ ထင်ရှားသည်။ သူပူပင်သည်မှာ အကယ်၍ ပြိုင်ပွဲကိုကြည့်ရန် လာရောက်သော ကြီးမားသောလူအုပ်က အီဂျစ်ပဋိလက်ဆရာများ အသာစီးရသွားကြောင်း ထင်မှတ်သွားခဲ့လျှင် သူ၏တာဝန်ဝတ္တရား ရည်ရွယ်ချက်မှာ အချည်းအနှီးဖြစ်သွားမည်ကိုပင် ဖြစ်သည်။ ဤ သံသယနှင့် ကြောက်စိတ်များကို နောက်အာယသ်ထဲတွင် အလ္လာဟ်အရှင်မြတ်က သူ့အား ယုံကြည်စိတ်ချစေရန် **لَا تَخَفْ اِنَّكَ اَنْتَ الْاَعْلٰى** "အသင်သည် မကြောက်လေနှင့်၊ ဇကာန်မလွဲအသင်သည်သာလျှင် အောင်နိုင်သူဖြစ်ပေမည်။ (၂၀း၆၈)" ဟူ၍ မိန့်သောအခါမှ ထိုကြောက်စိတ်များ ဖယ်ရှားသွားတော့သည်။

وَاَلْقِ مَا فِيْ يَمِيْنِكَ "၎င်းအပြင် အသင်သည် မိမိလက်ျာလက်ထဲ၌ရှိသော (တောင်ဝှေး)ကို ပစ်ချပါလော။ ၂၀း၆၉" အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူစာအား ဝဟီဖြင့် သူ၏လက်ျာလက်တွင်ရှိ တောင်ဝှေးကိုပစ်ချရန် အမိန့်ပေးခဲ့သည်။ ထိုနောက် တောင်ဝှေးကို ပစ်ချလိုက်သောအခါ တောင်ဝှေးသည် ကြီးမားသောမြွေတစ်ကောင်ဖြစ်သွားကာ အီဂျစ်ပဋိလက်ဆရာများက ပဋိလက်အတတ်ဖြင့် ပြုလုပ်ထားသည့် မြွေများအားလုံးကို စားပစ်လိုက်သည်။

ဖိရ်အော်ဉ်နှိမ်၏ ပဋိလက်ဆရာများ အစွမ်းမဲ့ဘာသာ ကူးပြောင်းသွားခြင်းနှင့် စိတ္တဇဟ်ပျံဝပ်ဦးချခြင်း

အီဂျစ်ပဋိလက်ဆရာများသည် သူတို့အတတ်ပညာတွင် ကျွမ်းကျင်သူများဖြစ်သောကြောင့် သူတို့မြင်တွေ့ခဲ့ရသည်မှာ ပဋိလက်အတတ်ကြောင့် မဟုတ်ဘဲ ကြီးကျယ်တော်မူသော တန်ခိုးရှင်တစ်ပါးကြောင့်ဖြစ်ရသော မုဒ်ဂျိဇာဟ် အံ့ဖွယ်တစ်ရပ်ဖြစ်ကြောင်း ချက်ချင်းသိရှိသွားကြသည်။ အကျိုးဆက်အားဖြင့် သူတို့သည် စိတ္တဇဟ်ပျံဝပ်ဦးချကာ စိုက်ယိဒိနာမူစာ ﷺနှင့် စိုက်ယိဒိနာဟာရွန်တို့၏ ဘုရားဖြစ်သော အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ကြောင်း ပွင့်ပွင့်လင်းလင်းကြေညာခဲ့ကြသည်။ ဆင့်ပြန်ချက်အချို့အရ ဤပဋိလက်ဆရာများသည် ဂျန္နသ်သုခဘုံနှင့် ငရဲ ဂျဟန္နမ်တို့ကို တစေ့တစောင်း မြင်တွေ့ခဲ့ရပြီးမှ စိတ္တဇဟ်ပျံဝပ်ဦးချခြင်းမှ ပြန်ထခဲ့ကြသည်ဟု ဆိုကြသည်။

رواه عبد بن حميد وابن ابي حاتم وابن المنذر عن عكرمه - روح

قَالَ اٰمَنْتُمْ لَهٗ قَبْلَ اَنْ اٰذَنَ لَكُمْ"ယင်းဖိရ်အောင်နိုက (ဤသို့) ပြောဆို(ကြိမ်းမောင်း)ခဲ့လေ၏။ အသင်တို့သည် ကျနော်ပ် ခွင့်မပြုမီပင် ထိုမူစာအား ယုံကြည်ခဲ့ကြလေပြီ။ (၂၀း၇၁)" လူပေါင်းများက်များစွာ ရှေ့မှောက်တွင် အရှက်ရခဲ့သောကြောင့် ဖိရ်အောင်နိသည် အလွန်အမင်း ဒေါသထွက်ခဲ့သည်။ ထို့နောက် သူ၏ကြိုတင်ခွင့်ပြုချက်မရဘဲ စိုက်ယိဒိနာမူစာ ﷺ ယူဆောင်လာခဲ့သည် ဘာသာသာသနာကို အဘယ်ကြောင့် လက်ခံရဲသနည်းဟု အော်ဟစ်ကြိမ်းမောင်းခဲ့သည်။ ဖိရ်အောင်နိက ပဋ္ဌလက်ဆရာအားလုံးသည် စိုက်ယိဒိနာမူစာ ﷺ သင်ကြားပေးထားသည့် တပည့်များဖြစ်ကြသောကြောင့် သူတို့သည် စိုက်ယိဒိနာမူစာ ﷺ နှင့် ပူးပေါင်း၍ အညံ့ခံခဲ့ခြင်းဖြစ်သည်ဟု သံသယဝင်ခဲ့သည်။

فَلَاُقَطِّعَنَّ اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ "သို့ဖြစ်ပေရာ ဇကန်အမှန် ကျနော်ပ်သည် အသင်တို့၏လက်များကိုလည်းကောင်း ခြေများကိုလည်းကောင်း (လက်ဝဲလက်ယာ)ဘက်လွှဲ၍ ဖြတ်တောက်မည် ဖြစ်သည်။ (၂၀း၇၁)" ဖိရ်အောင်နိသည် ပဋ္ဌလက်ဆရာများကို ထိုသို့ ကြောက်ဖွယ်လိလိ ပြစ်ဒဏ်ခတ်မှုဖြင့် ခြိမ်းခြောက်ခဲ့သည်။ သူက ထိုသူတို့ကို ခြေထောက်နှင့်လက်ကို ဘက်လွှဲ၍ ဖြတ်ပစ်မည်ဟုပြောသည်။ ဆိုလိုသည်မှာ ပထမညာလက်ဖြတ်၍ နောက်ဘယ်ခြေဖြတ်ခြင်းဖြစ်သည်။ ဤလုပ်နည်း လုပ်ဟန်သည် ဖိရ်အောင်နိ၏ ဥပဒေများအရ အပြစ်ပေးဟန်တူသည်။ وَلَاُصَلِّبَنَّكُمْ فِيْ جُذُوْعِ النَّخْلِ "ငင်းပြင်မလွဲဇကန် ကျနော်ပ်သည် အသင် တို့အား စွန်ပလွံပင်များ၌ လက်ဝါးကပ်တိုင်တင်မည်။(၂၀း၇၂)" ငင်းနောက် သူက ပြောသည်မှာ သူတို့လက်များနှင့် ခြေများကိုဖြတ်ပြီးနောက် ငင်းတို့ကို အစာရေစာ ပြတ်လပ်ပြီး သေဆုံးသည့်တိုင် စွန်ပလွံပင်များ၏ ပင်စည်တွင် ကားကြက်ထားမည်ဟု ပြောသည်။

قَالُوْا لَنْ نُّؤْثِرَكَ عَلٰى مَا جَآءَنَا مِنَ الْبَيِّنٰتِ وَالَّذِيْ فَطَرَنَا"ထိုပဋ္ဌလက်ဆရာတို့က (ဤသို့) ပြောကြားခဲ့လေသည်။ (အို-ဖိရ်အောင်နိ) ကျနော်ပ်တို့သည် အသင့်အား မိမိတို့ထံရောက်ရှိလာသော သက်သေသာဓကများထက်လည်းကောင်း ကျနော်ပ်တို့အား ဖန်ဆင်းတော်မူသော အရှင် မြတ်ထက်လည်းကောင်း အလျှင်းနှစ်သက်ကြမည်မဟုတ်။ (၂၀း၇၂) ပဋ္ဌလက်ဆရာများသည် မည်သို့ပင်ဖြစ်စေ ဖိရ်အောင်နိ၏ ခြိမ်းခြောက်မှုအပေါ်တွင် ယိမ်းယိုင်ခြင်း တွေဝေခြင်းမရှိဘဲ ခိုင်မြဲစွာ ရပ်တည်ခဲ့သည်။ ငင်းတို့က ဖိရ်အောင်နိကို ရှင်းရှင်းပြောခဲ့သည်မှာ အလွှာဟ်အရှင်မြတ်က ငင်းတို့ကိုပြသခဲ့သည့် အံဖွယ်မှအံ့ဂျီဇာဟ်များထက် ဖိရ်အောင်နိ၏ပြောဆိုချက် ပေးကမ်းမှုတို့ကို ဦးစားမပေးနိုင်ကြချေ။ စိုက်ယိဒိနာအိက်ရာမာဟ် ﷺ ပြောသည်မှာ ပဋ္ဌလက်ဆရာများက အလွှာဟ်အရှင်မြတ်ကို စဂျ်ဒဟ်ပျပ်ဝပ် ဦးချလိုက်သောအခါ ဂျန္နသ်သုခဘုံတွင် ငင်းတို့ဆုလာဘ် အဖြစ် ရရှိမည့် ပေါ်လွင်ထင်ရှားသော နေရာဌာနများနှင့် လက်ဆောင်များကို တစေ့တစောင်း မြင်စေခဲ့ပါသည်။ ကမ္ဘာပထဝီမြေကြီးနှင့် မိုးကောင်းကင်ကို ဖန်ဆင်းတော်မူသည့် တစ်ပါးတည်းသော အလွှာဟ်အရှင်မြတ်ကို ငင်းတို့ သက်ဝင်ယုံကြည်ကြောင်း အတည်ပြုကြကာ ဖိရ်အောင်နိ၏ဘုရားဖြစ်မှုကို ငြင်းပယ်ခဲ့ကြသည်။ ထို့နောက် ဖိရ်အောင်နိ၏ ခြိမ်းခြောက်မှုများကို ဂရုမစိုက်ဘဲ ငင်းတို့ပြောသည်မှာ "သင်ကြိုက်သလိုနည်းဖြင့် ကျနော်ပ်တို့ကို ပြစ်ဒဏ် ခတ်ပါလေ။ အသင်သည် ကျနော်ပ်တို့အသက်ရှင်နေသေးသရွေ့သာ ကျနော်ပ်တို့ကို ပြစ်ဒဏ်ခတ်နိုင်ပါသည်။ သို့သော် လည်း ကျနော်ပ်တို့သေဆုံးလျှင် သင်သည် ကျနော်ပ်တို့ကို လက်လှမ်းမီမည် မဟုတ်ချေ။ တစ်ဖက်တွင်မူ ကျနော်ပ်တို့ ဤကမ္ဘာတွင်နှင့် သေဆုံးပြီးနောက်တွင် အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်အတွင်း၌သာ ရှိနေပါမည်။ ထို့နောက် ကျနော်ပ်တို့သည် အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုကိုသာ ပိုမိုစိုးရိမ် ကြောက်ရွံ့မိပါသည်" ဟူ၍ ဖြစ်သည်။

وَمَآ اَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ "ကျနော်ပ်တို့အား ပဋ္ဌလက်အတတ်နှင့် စပ်လျဉ်း၍ အတင်းအကျပ် အသင်ပြုလုပ်စေခဲ့သည်ကို လည်းကောင်း (၂၀း၇၃)" ပဋ္ဌလက်ဆရာများသည် ဖိရ်အောင်နိက သူတို့ကို ပဋ္ဌလက်ပညာပြသမှုအား အတင်းအကြပ် မလုပ်စေခဲ့လျှင် သူတို့သည် ပြိုင်ပွဲဝင်ကြလိမ့်မည်မဟုတ်ဟု စွပ်စွဲခဲ့သည်။ ဤနေရာ၌

မေးစရာဖြစ်လာနိုင်သည်မှာ ပဉ္စလက်ဆရာများသည် ပြိုင်ပွဲသို့ဝင်းတို့ ဆန္ဒအရသာ လာခဲ့ကြကာ ပွဲမဲစမီကပင် အကယ်၍ သူတို့နိုင်ခဲ့လျှင် မည်သည့်ဆုလာဘ်ရမည်နည်းဟု ဖိရ်အောင်နှင့်ပင် ညှိနှိုင်းခဲ့ကြသည်။ သို့ဆိုပါလျှင် ဖိရ်အောင်နှက ဝင်းတို့ကို ပဉ္စလက်ပညာပြရန် အတင်းအကြပ်ခိုင်းခဲ့သည်ဟူသော စွပ်စွဲချက်ကို မည်သို့ တရားနည်း လမ်းကျနိုင်ပါသနည်း။ ဖြစ်နိုင်သည့် အဖြေတစ်ခုမှာ ပြိုင်ပွဲမဲစမီအလျင် ပဉ္စလက်ဆရာများကို ပြိုင်ပွဲဝင်ပြိုင်ခဲ့လျှင် ရက်ရောသော ဆုလာဘ်များ ပေးမည်ဟု ကတိပြုခံခဲ့ကြရသည်။ သို့သော်လည်း ပြိုင်ပွဲအစတွင် မုအ်ဇျိဇဟ် တန်ခိုး ပြာဋိဟာတို့ကို မြင်တွေ့ရသော အခါ ဝင်းတို့မနိုင်နိုင်ကြောင်း သိရှိရပြီးပြိုင်ပွဲမှ နောက်ဆုတ် ရုပ်သိမ်းလိုကြသည်။ ထို အခါမှသာလျှင် ဖိရ်အောင်နှက ပဉ္စလက်ဆရာများကို မူစာ ﷺ အား စိန်ခေါ်၍ ယှဉ်ပြိုင်ရန် အတင်းအကြပ် စေခိုင်း ခဲ့သည်။ အခြားရှင်းလင်းချက်သည် လူတိုင်းသည် ပဉ္စလက်ပညာ သင်ယူရမည်ဟူသည့် ဖိရ်အောင်နထုတ်ပြန်ခဲ့သော ဥပဒေကြောင့်လည်း ဖြစ်နိုင်သည်။

ဖိရ်အောင်နှ၏ ဇနီးအာစီယာ၏ လှုပကောင်းမွန်သော အဆုံးသတ်မှု

ကုရ်သုဗီက သူ၏အကျယ်ဖွင့်ဆိုချက်တွင် ဖော်ပြခဲ့သည်မှာ ဒုစရိုက်နှင့် ကောင်းမြတ်သည့်သီလတို့ ယှဉ်ပြိုင် နေစဉ်တွင် ပြိုင်ပွဲ၏ မိနစ်တိုင်းအခြေအနေကို သူမအား သတင်းပေးစေပါသည်။ ထို့နောက် စိုက်ယိဒိနာမူစာ ﷺ အောင်နိုင်ကြောင်း သူမ သိရှိရသောအခါတွင် ချက်ချင်း သူမက အီမာန်သက်ဝင်ယုံကြည်ကြောင်း ကြေညာခဲ့သည်။ သူဇနီးဘက်ပြောင်းသွားကြောင်း ဖိရ်အောင်နသိလိုက်သောအချိန်တွင် ကျောက်တုံးကြီးကို သူပေါ်ပစ်ချရန် အမိန့်ပေး ခဲ့သည်။ အာစီယာသခင်မသည် ကျောက်တုံးကြီးကျလာသည်ကို မြင်ရသောအခါ အထက်သို့ပင့်ကြည့်၍ အလွှာဟ် အရှင်မြတ်ထံတော်တွင် ဆုမွန်ဒုအာပြုခဲ့သည်။ အလွှာဟ်အရှင်မြတ်သည် သူမ၏ ဇီဝိန်ကိုချုပ်ငြိမ်းစေခဲ့သော ကြောင့် ကျောက်တုံးသည် သူမ၏ အသက်မဲ့ခန္ဓာကိုယ်ပေါ် ကျသွားခဲ့သည်။

ပဉ္စလက်ဆရာများ၏ ဘဝများအခြေခံမှစ၍ တော်လှန် ပြောင်းလဲခြင်း

إِنَّهُۥ مَن يَأْتِ رَبَّهُۥ مُجْرِمًا ... وَذَٰلِكَ جَزَٰٓؤُا۟ مَن تَزَكَّىٰ

"ဇကန်စင်စစ် မည်သူမဆိုမိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ အပြစ်ရှိသူ အဖြစ် ရောက်ရှိပါလျှင် ဇကန်မလွှ ထိုသူ၏အဖို့ ဂျဟန္နမ်ငရဲဘုံသည်သာလျှင် ရှိပေသည်။ သို့ရာတွင် အကြင် သူသည် ထိုအရှင်မြတ်ထံသို့ ဇကန်အမှန်ကောင်းမြတ်သေ အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့သော မုအ်မင်နသက်ဝင် ယုံကြည်သူအဖြစ် ရောက်ရှိလာသည်ရှိသော် ထိုကဲ့သို့သောသူတို့အဖို့ မြင့်မြတ်လှစွာသော အဆင့်အတန်းသည် ရှိပေမည်။ (၂၀း၇၄-၇၆)

ပဉ္စလက်ဆရာများပြောကြားခဲ့သည့် ဤစကားများသည် အစွလာမ့်ယုံကြည်ချက်များနှင့် နောက်တမလွန် ဘဝအကြောင်း ရည်ညွှန်းသည်။ ထိုပဉ္စလက်ဆရာများသည် လောလောလတ်လတ် မုစ်လင်မ်ဖြစ်ကာစများဖြစ်ပြီး ဘာသာတရားအသစ်၏ စည်းကမ်းများနှင့် တာဝန်ဝတ္တရားများကိုလည်း လမ်းညွှန်ပြသခြင်းမခံရသေးပါ။

ဤသည်မှာ စိုက်ယိဒိနာမူစာ ﷺ နှင့်တကွ ဝင်းတို့ ခဏတာ ရောနှောပေါင်းသင်းခြင်း၏ ရလဒ်ဖြစ်သည်။ ထို့ အတွက် အလွှာဟ်အရှင်မြတ်က တမဟုတ်ခြင်း၊ ဝင်းတို့သက်ဝင်ယုံကြည်သော ဘာသာအသစ်၏ လျှို့ဝှက်နက်နဲမှုများ ကို ပြသခဲ့ရာ ဝင်းတို့သည် ဖိရ်အောင်နှ၏ ခြိမ်းခြောက်မှုကို လုံးဝအကြောက်အလန့်မရှိတော့ပါ။ ထို့ကြောင့် သူတို့သည် အလွှာဟ်အရှင်မြတ်၏ သာသနာကို လက်ခံလိုက်သည်နှင့် သူတော်စင်အခြေအနေဖြစ်သွားကြသည်။ အခြားသူများ

ကမ္ဘ သူတော်စင်ဖြစ်ရန် အချိန်ကြာမြင့်စွာနှင့် ဖွဖွရှိရှိ ကြိုးပမ်းအားထုတ်ပြီးမှသာ ရကြသည်။ စိုက်ယိဒိနာ အိဗနိ အဗွားစ်ﷺနှင့် အုပိုက်ဒ်အိဗနိအုမိုင်းရ်ﷺတို့က ပြောခဲ့သည်မှာ နေ့အစတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ ဖြစ်ခဲ့ သော ပဋ္ဌလက်ဆရာများသည် ထိုနေ့မကုန်မီပင် သူတော်စင်များ ဖြစ်သွားရခြင်းမှာ အလွှာဟ်အရှင်မြတ်၏ အံ့ချီး ဖွယ်ရာ လုပ်ရပ်တစ်ခု ဖြစ်သည်။

အာယသ် (၇၇-၈၂)

وَلَقَدْ اَوْحَيْنَآ اِلٰى مُوْسٰٓى ۙ اَنْ اَسْرِ بِعِبَادِيْ فَاضْرِبْ لَهُمْ طَرِيْقًا فِى الْبَحْرِ
يَبَسًا ۙ لَّا تَخٰفُ دَرَكًا وَّلَا تَخْشٰى ﴿٧٧﴾ فَاَتْبَعَهُمْ فِرْعَوْنُ بِجُنُوْدِهٖ فَغَشِيَهُمْ
مِّنَ الْيَمِّ مَا غَشِيَهُمْ ﴿٧٨﴾ وَاَضَلَّ فِرْعَوْنُ قَوْمَهٗ وَمَا هَدٰى ﴿٧٩﴾ يٰبَنِيْٓ
اِسْرَآءِيْلَ قَدْ اَنْجَيْنٰكُمْ مِّنْ عَدُوِّكُمْ وَوٰعَدْنٰكُمْ جَانِبَ الطُّوْرِ الْاَيْمَنَ
وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوٰى ﴿٨٠﴾ كُلُوْا مِنْ طَيِّبٰتِ مَا رَزَقْنٰكُمْ وَلَا
تَطْغَوْا فِيْهِ فَيَحِلَّ عَلَيْكُمْ غَضَبِيْ ۚ وَمَنْ يَّحْلِلْ عَلَيْهِ غَضَبِيْ فَقَدْ هَوٰى
﴿٨١﴾ وَاِنِّيْ لَغَفَّارٌ لِّمَنْ تَابَ وَاٰمَنَ وَعَمِلَ صَالِحًا ثُمَّ اهْتَدٰى ﴿٨٢﴾

ဇကန်စင်စစ် ငါအရှင်မြတ်သည် မူစာ၏ထံသို့ (ဣသို့) ဝဟ်ယ်အဓိန့်တော် ထုတ်ပြန်ချမှတ်တော်မူခဲ့၏။ အသင်သည် ငါအရှင်မြတ်၏ကျွန်များကို ညဉ့်အချိန်၌ ခေါ်သွားပါလေ။ ထို့နောက် အသင်သည် ၎င်းတို့အဖို့ ပင်လယ်၌ သွေ့ခြောက်သောလမ်းကို ပြုလုပ်ပါလေ။ အသင်သည် (မိမိတို့အား ရန်သူများ) မှီလာကြမည်ကိုလည်း စိုးရိမ်ရမည် မဟုတ်၊ (မိမိတို့သည် ပင်လယ်၌ နစ်မြုပ်သွားကြမည်ကိုလည်း) ကြောက်ရမည် မဟုတ်ပေ။[၇၇]

ထို့နောက် ဖစ်ရ်အောင်နှသည် မိမိ စစ်သည်ဗိုလ်ပါတို့နှင့်တကွ ၎င်းတို့၏ နောက်မှ လိုက်လာခဲ့လေရာ ပင်လယ်မှရေများသည် ၎င်းတို့အား လွှမ်းမိုး (နစ်မြုပ်စေ)ခဲ့လေသည်။[၇၈] စင်စစ် ဖစ်ရ်အောင်နှသည် မိမိအမျိုးသားတို့အား တရားလမ်းမှန်ကို မပြဘဲ လမ်းမှားစေခဲ့လေသည်။[၇၉]

အို-အစ္စရာအီလီမျိုးနွယ်အပေါင်းတို့၊ ဇကန် အမှန်၊ ငါအရှင်မြတ်သည် အသင်တို့အား အသင်တို့၏ရန်သူ(၏ ဘေးအန္တရာယ်)မှ ကယ်တင် တော်မူခဲ့လေပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့အား (အသင်တို့၏) လက်ယာဘက်၌ရှိသော တူရိမည် သောတောင်၏ နံဘေး(သို့ လာကြရန်) ချိန်းချက်တော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါ အရှင်မြတ်သည် အသင်တို့အပေါ်၌ မန္နမုန့်ချိုတစ်မျိုး)ကိုလည်းကောင်း၊ စလ်ဝါ(ငုံး သတ္တဝါတစ်မျိုး)ကိုလည်းကောင်း ချပေးသနားတော်မူခဲ့လေသည်။ [၈၀] အသင်တို့

သည် ငါအရှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော် မူခဲ့သည့် စင်ကြယ်သန့်ရှင်းသော (စားဖွယ်များ)ကို စားသုံးကြလေကုန်။ သို့ရာတွင် အသင်တို့သည် ဤသည်နှင့်စပ်လျဉ်း၍ စည်းကမ်း မကျူးလွန်ကြကုန်လင့်။ သို့ကျူးလွန်ခဲ့သည်ရှိသော် ငါအရှင်မြတ်၏ အမျက်တော်သည် အသင်တို့၌ သက်ရောက်မည် ဖြစ်ပေသည်။ စင်စစ်မူကား မည်သူမဆို ငါအရှင်မြတ်၏အမျက်တော်သည် ထိုသူ၏အပေါ်၌ သက်ရောက်ခဲ့မူ ဇကန်မလွဲ ထိုသူသည် (ဂျဟန္နမ် ငရဲဘုံသို့) ကျသွားပေမည်။[၈၁] သို့ရာတွင် ဇကန်စင်စစ် ငါအရှင်မြတ်သည် အကြင်သူအား အမှန်စင်စစ် အလွန်တရာ ခွင့်လွှတ် တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုသူသည် နောင်တတရား ရရှိခဲ့သည့်ပြင် (အလွှာဟ် အရှင်မြတ်အားလည်း) သက်ဝင်ယုံကြည်ခဲ့ပေသည်။ ထိုမှတစ်ပါး ကောင်း မြတ်သော အကျင့်သီလများကိုလည်း ကျင့်မူ ဆောက်တည်ခဲ့ပေသည်။ ထို့နောက် တရားလမ်းမှန်ပေါ်၌ တည်ရှိနေခဲ့၏။[၈၂]

အကျယ်ဖွင့်ဆိုခြင်း

အမှားနှင့်အမှန် တန်ခိုးပြာဋိဟာနှင့် ပဋ္ဌလက်တို့ယှဉ်ပြိုင်ရာတွင် ပြတ်ပြတ်သားသား ရှုံးနိမ့်ခြင်းသည် ဖိရ်အောင်နိမ်၏ ဩဇာအာဏာကို ပြိုကွဲစေပါသည်။ ထို့နောက် ဗနီအစ္စရာအီလ်များသည် စိုက်ယိဒိနာမူစာ ﷺ၏ ခေါင်းဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာ ရှိနေခဲ့ကြသည်။ ထိုအခြေအနေ၌ အလွှာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူစာ ﷺကို သူလူများအား အဂျစ်ပြည်မှခေါ်ထုတ်သွားရန် အမိန့်ပေးခဲ့သည်။ သို့ရာတွင် ဤလုပ်ရပ်၌ အန္တရာယ်အပြည့်ရှိပေသည်။ ပထမဦးစွာ ဖိရ်အောင်နိမ်၏ လူများလိုက်မည့်အန္တရာယ်၊ ဒုတိယအနေဖြင့် မြစ်တစ်စင်းဖြစ်၍ ယင်းကိုဖြတ်ကျော်ရန် နည်းလမ်းမရှိခြင်း အန္တရာယ်များက သူတို့ထွက်ခွာမှုကို အတားအဆီးဖြစ်စေပါသည်။ အလွှာဟ်အရှင်မြတ်သည် စိုက်ယိဒိနာမူစာ ﷺ၏ စိတ်တွင် ဤစိုးရိမ်မှုနှစ်ရပ်စလုံးကို ပယ်ရှားစေကာ သူ၏ တောင်ဝှေးဖြင့် ရေမျက်နှာပြင်ကို ရိုက်လိုက်ပါက မြစ်ကြမ်းပြင်တွင် ၎င်းတို့ဖြတ်ကျော်နိုင်ရန် ခြောက်သွေ့သော လမ်းကြောင်းများပေါ်ထွက်လာကာ သူတို့အားလုံးလွတ်မြောက်ကြ၍ဖိရ်အောင်နိမ်၏လိုက်လံမှုအချည်းအနှီးဖြစ်သွားမည်ဆိုကြောင်း ၎င်းအား မိန့်ခဲ့သည်။ ဤအဖြစ်အပျက် အကြောင်းအရာကို ဤစူရာဟ်ပါ ဟဒီးစ်ဆုလ်ဖသူးန်တွင် အစောပိုင်းက ဖော်ပြခဲ့ပြီးဖြစ်သည်။

အချိန်ကျလာသောအခါ စိုက်ယိဒိနာမူစာ ﷺသည် ရေမျက်နှာပြင်ကို သူ၏တောင်ဝှေးနှင့် ရိုက်လိုက်သည်။ ထိုအခါရေထုသည် တကွဲတပြားစီဖြစ်သွားကာ ခြောက်သွေ့သောလမ်း တစ်ဆယ့်နှစ်သွယ်ဖြစ်သွားကြောင်း စူရဟ် အတ်ရှ်ရှုအ်ရာတွင် **فَكَانَ كُلُّ فِرْقٍ كَالطَّوْدِ الْعَظِيمِ** "(ရေ၏) အစုအပုံအသီးသီးတို့မှာ ကြီးမားလှစွာသော တောင်ကြီးပမာ ဖြစ်သွားကြလေ၏။ (၂၆း၆၃)" ဟူ၍ဖော်ပြထားသည်။ လူသွားလမ်းကြားရှိ ရေထုကြီးသည် ရေနံရံကြီးဖြစ်သွားကာ လူသွားလမ်းကြောင်း များတွင် လျှောက်နေသူများသည် တစ်ဦးနှင့်တစ်ဦး မြင်နိုင်၍ လမ်းကြောင်းတစ်ခုမှ တစ်ခုကြား စကားလည်း လှမ်း၍ ပြောဆိုနိုင်သည်။ ထို့ကြောင့် ၎င်းတို့တွင် လုံခြုံခြင်းဟူသောအသိ ရရှိသွားပါသည်။

အီဂျစ်နိုင်ငံမှ ထွက်ပြေးလာသည့် ဗနီအစ္စရာအီလ်တို့၏ အရေအတွက်နှင့် ဖိရ်အောင်နိမ်စစ်တပ်၏အင်အား

ရှုဟုလ်မအာနီကျမ်းအဆိုအရ စိုက်ယိဒိနာမူစာ ﷺသည် ဗနီအစ္စရာအီလ်များနှင့် အတူနေဝင်သည်နှင့် တစ်ပြိုင်နက် ပင်လယ်နီဆီသို့ ခရီးထွက်ခဲ့သည်။ အစောပိုင်းက ဗနီအစ္စရာအီလ်များသည် ၎င်းတို့၏ပွဲတော် နီးကပ်

လာရာ ထိုပွဲတော်ကို မြို့ပြင်တွင် ဆင်ယင် ကျင်းပလိမ့်မည်ဖြစ်ကြောင်း ကြေညာထားခဲ့သည်။ ဤအကြောင်းပြချက်နှင့် အတူ အီဂျစ်လူမျိုးများ သံသယမဝင်စေရန် ၎င်းတို့သည် ကော့ပ်(ခရိယာန်)များထံမှ ပွဲတော်ပြီးလျှင်ပြန်ပေးမည်ဟူသော ကတိနှင့် လက်ဝတ်ရတနာများကိုလည်း ငှားရမ်းခဲ့ကြသည်။ ထိုအချိန်က ဗနီအစ္စရာအီလ်များ၏ အရေအတွက်မှာ ခြောက်သိန်းသုံးထောင်ဖြစ်ကာ အချို့အဆိုများအရ ခြောက်သိန်းခုနစ်သောင်းဟု ဖော်ပြကြသည်။ ဤချဲ့ကားထား ဟန်ရှိ ကိန်းဂဏန်းများသည် အစ္စရေးဆင့်ပြန်ချက်များမှတစ်ဆင့် ဖော်ပြထားခြင်းဖြစ်သည်။ သို့သော်လည်း သေချာသည့်တစ်ခုမှာ ယင်းလူမျိုးများကို လူဦးရေထူထပ်သော လူမျိုးစုတစ်ဆယ့်နှစ်စု ပိုင်းခြားထားသည်။ ဤ များပြားသော အရေအတွက်မှာ အလွှာဟ်အရှင်မြတ်ထံတော်မှ လက်ဆောင်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ဖိုက်ယိဒိနာ ယူစွဖ်ﷺခေတ်ကာလက အီဂျစ်နိုင်ငံသို့ ပထမဦးစွာ ဆိုက်ရောက်လာခဲ့သူများသည် ညီနောင်တစ်ဆယ့်နှစ်ဦးသာ ဖြစ်သည်။ အီဂျစ်နိုင်ငံမှ ထွက်ပြေးလာသော ထိုညီနောင်တစ်ဆယ့်နှစ်ဦးမှ ဆင်းသက်လာသော မျိုးနွယ်တစ်ဆယ့်နှစ်စု၏ အရေအတွက်မှာ ခြောက်သိန်းကျော် သွားပါသည်။

ဗနီအစ္စရာအီလ်များ ထွက်ပြေးသွားကြောင်း ဖိရ်အောင်နှ်သိရှိသောအခါတွင် ကြီးမားသော စစ်တပ်တစ်ခု စုစည်း၍ တပ်သားခုနစ်သိန်းပါဝင်သော မြင်းသည်တော်ရှေ့ပြေးတပ်ကြီးဖြင့် ထိုသူတို့နောက် လိုက်ကြသည်။ ရှေ့မှ မြစ်တစ်စင်းသည် တားဆီးထားကြောင်း ဗနီအစ္စရာအီလ်များ တွေ့မြင်ခဲ့ရသည်။ ထို့ပြင် ဖိရ်အောင်နှ်၏ တပ်ကလည်း နောက်မှ အပူတပြင်းလိုက်နေကြောင်း ၎င်းတို့တွေ့သောအခါတွင် စိတ်ပျက်လက်ပျက်ဖြင့် အော်ဟစ်ခဲ့ကြသည်။ "မုဓကန်တို့တော့ အဖမ်းခံရတော့မှာပဲ" ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာမူစာﷺက ၎င်းတို့အား **إِنَّ مَعِيَ رَبِّيْ سَيَهْدِيْنِ** "မလွဲဧကန် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ငါနှင့်အတူရှိတော်မူပေရာ ယခုပင် ထိုအရှင်မြတ်သည် ငါ့အား (ပင်လယ်မှထွက်နိုင်ရန်) လမ်းညွှန်တော်မူမည်ဟု ပြောကြားခဲ့လေသည်။ (၂၆း၆၂)" ထို့နောက် အလွှာဟ်အရှင်မြတ်၏ အမိန့် တော်အရ စိုက်ယိဒိနာမူစာﷺက မြစ်ကိုသူ၏ တောင်ဝှေးနှင့်ရိုက်လိုက်သောအခါ ခြောက်သွေ့နေသော လူသွားလမ်း တစ်ဆယ့်နှစ်ခု ပေါ်ပေါက်လာကာ ဗနီအစ္စရာအီလ်မျိုးနွယ်စု ၁၂-စုသည် တစ်ဖက်ကမ်းသို့ လုံခြုံစိတ်ချစွာ ဖြတ်သန်း သွားလာနိုင်ခဲ့ပါသည်။ ဖိရ်အောင်နှ်သည် ဤအဖြစ်အပျက်ကို မြင်ခဲ့ရာတွင် ထိတ်လန့်သွားခဲ့သည်။ သို့ရာတွင် သူက ဤခြောက်သွေ့သောလမ်းများ ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ သူရောက်လာသည်ကို မြစ်က ကြောက်ရွံ့၍ ဤသို့ ဖြစ်သွားသည်ဟု ကြေညာကာ သူ့လူများကို နောက်မှ အတင်းအကြပ် လိုက်စေခဲ့ပါသည်။ ထိုသို့ပြောပြီးနောက် သူနောက်မှ သူ့စစ်တပ်ကြီး လိုက်ပါလာရန် အမိန့်ပေးကာမြင်းဖြင့် အသော့နှင့်၍ လိုက်သည်။ ထိုသူများ အားလုံး မြစ်လယ်ရောက်သောအခါ အလွှာဟ်အရှင်မြတ်က မြစ်ကို စီးဆင်းမြဲစီးဆင်းရန် အမိန့်ပေးခဲ့သောကြောင့် ထိုသူများ အားလုံးရေထဲ၌ နစ်မြုပ်သွားခဲ့သည်။ (ရူဟုလ်မအာနီ)

"၎င်းပြင်ငါအရှင်မြတ်သည် အသင်တို့အား (အသင်တို့၏) လက်ယာဘက်၌ရှိသော တူရိမည်သောတောင်နံဘေး(သို့ လာကြရန်) ချိန်းချက်တော်မူခဲ့လေသည်။ (၂၀း၈၀) ထိုသူတို့အားလုံး ဖိရ်အောင်နှ်၏ ခြိမ်းခြောက်မှုမှ ကယ်တင်ပြီးခဲ့ပြီးနောက် တစ်ဖက်ကမ်းသို့ လုံခြုံစိတ်ချစွာ ရောက်ရှိခဲ့သောအခါတွင် အလွှာဟ်အရှင်မြတ်သည် ဗနီအစ္စရာအီလ်များထံ စိုက်ယိဒိနာမူစာﷺမှတစ်ဆင့် ကတိတော်တစ်ခုပေးကာ မိန့်ကြားခဲ့သည်။ ယင်းမှာ ၎င်းတို့အားလုံး တူရိတောင်၏ယာဘက်မှသွားရမည်။ သို့မှသာစိုက်ယိဒိနာမူစာအားသောင်ရတ်ကျမ်းပေးနိုင်၍အလွှာဟ်အရှင်မြတ်က စိုက်ယိဒိနာမူစာﷺနှင့် စကားပြောဆိုခြင်းကို ၎င်းတို့ မြင်တွေ့နိုင်ကြမည်။

وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوٰى "ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့အပေါ်၌ မန္နာ(အချိုမုန့်တစ်မျိုး) ကိုလည်းကောင်း စလ်ဝါ (ငုံးသတ္တဝါတစ်မျိုး)ကိုလည်းကောင်း ချပေးသနားတော်မူခဲ့လေသည်။ (၂၀း၈၀) ဤအဖြစ်

အပျက်သည် ၎င်းတို့မြစ်ကို ဖြတ်ကူးခဲ့ပြီးနောက် မြင့်မြတ်သော မြို့တော်တစ်ခုထဲသို့ ဝင်ရောက်ရန် အမိန့်ပေးခံခဲ့ရသော အခါက ဖြစ်ပျက်ခဲ့သည်။ သို့ရာတွင် ထိုသူများက အမိန့်ကိုငြင်းဆိုခဲ့ကြသောကြောင့် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် သီးရိ(ဆိုင်းနိုင်း) တောင်ကြားလမ်းဟု ခေါ်တွင်သည့် တောင်ကြားလမ်းတစ်ခုတွင် အကန့်အသတ်ဖြင့် ချုပ်ချယ်ထား သည်။ သူတို့သည် ထိုနေရာတွင် နှစ်ပေါင်းလေးဆယ် နေထိုင်ခဲ့ကြရသည်။ ထိုပြင် ပြစ်ဒဏ်ခတ်ခံ နေရသော်လည်း အလ္လာဟ်အရှင်မြတ်ထံတော်မှ မန္နနှင့်စလ်ဝါ (အထူး အစားအသောက်တစ်မျိုး)ကို လက်ဆောင်အဖြစ် အမြဲမပြတ် ရရှိခဲ့ပါသည်။ ထိုသို့သော အလ္လာဟ်အရှင်မြတ်ထံတော်မှ လက်ဆောင်များသည် ၎င်းတို့ စားနပ်ရိက္ခာအလို့ငှာ ပေး ထားခဲ့သည်။

အာယသ် (၈၃-၈၉)

وَ مَآ اَعْجَلَكَ عَنْ قَوْمِكَ يٰمُوْسٰى ﴿۸۳﴾ قَالَ هُمْ اُولَآءِ عَلٰٓى اَثَرِىْ وَ عَجِلْتُ اِلَيْكَ رَبِّ
لِتَرْضٰى ﴿۸۴﴾ قَالَ فَاِنَّا قَدْ فَتَنَّا قَوْمَكَ مِنْۢ بَعْدِكَ وَ اَضَلَّهُمُ السَّامِرِىُّ ﴿۸۵﴾ فَرَجَعَ
مُوْسٰٓى اِلٰى قَوْمِهٖ غَضْبَانَ اَسِفًا ۚ قَالَ يٰقَوْمِ اَلَمْ يَعِدْكُمْ رَبُّكُمْ وَعْدًا حَسَنًا ۬ ؕ
اَفَطَالَ عَلَيْكُمُ الْعَهْدُ اَمْ اَرَدْتُّمْ اَنْ يَّحِلَّ عَلَيْكُمْ غَضَبٌ مِّنْ رَّبِّكُمْ فَاَخْلَفْتُمْ
مَّوْعِدِىْ ﴿۸۶﴾ قَالُوْا مَآ اَخْلَفْنَا مَوْعِدَكَ بِمَلْكِنَا وَ لٰكِنَّا حُمِّلْنَآ اَوْزَارًا
مِّنْ زِيْنَةِ الْقَوْمِ فَقَذَفْنٰهَا فَكَذٰلِكَ اَلْقَى السَّامِرِىُّ ﴿۸۷﴾ فَاَخْرَجَ لَهُمْ عِجْلًا جَسَدًا
لَّهٗ خُوَارٌ فَقَالُوْا هٰذَآ اِلٰهُكُمْ وَ اِلٰهُ مُوْسٰى ۙ فَنَسِىَ ﴿۸۸﴾ اَفَلَا يَرَوْنَ اَلَّا يَرْجِعُ اِلَيْهِمْ
قَوْلًا ۙ وَّ لَا يَمْلِكُ لَهُمْ ضَرًّا وَّ لَا نَفْعًا ﴿۸۹﴾

ဂင်းပြင် အိုး-မူစာ၊ မည်သည့်အရာသည် အသင့်အား မိမိအမျိုးသားတို့ထက် ဦးစွာ လာရောက် စေခဲ့ပါသနည်း။[၈၃] ယင်းမူစာက (ဤသို့)လျှောက်ထားခဲ့လေသည်။ ၎င်း တို့သည် ဤမှာ ကျွန်တော်မျိုး၏နောက်၌ပင် လိုက်ပါခဲ့ကြပါသည်။ အိုး-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည် အရှင်မြတ် အထံ တော်သို့ အရှင်မြတ် ကျေနပ်တော်မူပါရန် အလျင်လာခဲ့ခြင်းပင် ဖြစ်ပါသည်။[၈၄]

ထို အရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ (အိုး-မူစာ) ဇကန်စင်စစ် ငါအရှင်မြတ်သည် အသင်၏ နောက်ကွယ်တွင် အသင်၏ အမျိုးသားများအား စမ်းသပ် တော်မူခဲ့ လေသည်။ "စာမိရီ"သည် ၎င်းတို့အား လမ်းမှားစေခဲ့လေပြီ။[၈၅]

ထိုအခါ မူစာသည် မိမိ အမျိုးသားတို့ထံ ဒေါသအမျက်ထွက်ကာ ဝမ်းနည်းပူဆွေးစွာ ပြန်လာခဲ့ပြီးလျှင် (ဤသို့) ပြောဆိုခဲ့လေသည်။ အိုး-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူ သော အရှင်မြတ်သည် အသင်တို့အား ကောင်းမြတ်လှစွာသော

ကတိကိုပေးတော်မူခဲ့သည် မဟုတ်လော။ သို့ဖြစ်ပေရာ အသင်တို့အပေါ်၌ ချိန်းချက်ထားသော ထိုအချိန် ကာလသည် ရှည်လျားကြာညောင်းခဲ့လေပြီလော။ သို့တည်းမဟုတ် အသင်တို့သည် မိမိတို့အပေါ်၌ မိမိတို့အရှင်မြတ်၏ အမျက်တော်သက်ရောက်ခြင်းကို အလိုရှိသောကြောင့် ကျွန်ုပ်နှင့် ထားရှိပြီးဖြစ်သောကတိကို ဖောက်ဖျက်ခဲ့ကြလေသလော။[၈၆]

(ထိုအခါ) ယင်းအမျိုးသားတို့က (ဤသို့) ပြောကြားခဲ့ကြကုန်၏။ (အိုး-နဗီတမန်တော်မူစာ၊ စင်စစ်) ကျွန်ုပ်တို့သည် အသင်နှင့်ထားရှိခဲ့သော ကတိကို မိမိတို့ အလိုသဘောနှင့် ဖောက်ဖျက်ခဲ့ကြသည်မဟုတ်။ သို့ရာတွင် ကျွန်ုပ်တို့မှာမူကား (ကစ်ဗ်တီ) အမျိုးသားတို့ ၏ လက်ဝတ်လက်စားများကို သယ်ပိုး ယူဆောင်လာခဲ့ကြရလေသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်းလက်ဝတ်လက်စားများကို ပစ်ချခဲ့ကြပေသည်။ ထို့နောက် စာမိရီသည်လည်း ထိုနည်းအတိုင်းပင် ပစ်ချခဲ့လေသည်။[၈၇] ထို့နောက် ယင်းစာမိရီသည် ၎င်းတို့အဖို့ အသံထွက်သော နွားငယ်ကလေးတစ်ကောင်၏ ခန္ဓာကိုယ်အသွင်သဏ္ဌာန်တစ်ခုကို (သွန်းလောင်း) ထုတ်ယူလာခဲ့လေသည်။ (ထိုအခါ) ယင်းအမျိုးသားတို့က "ဤသည်ပင် အသင်တို့၏ ကိုးကွယ်ရာအရှင်၊ မူစာ၏ ကိုးကွယ်ရာအရှင်ဖြစ်သည်။ သို့သော် မူစာကား (မိမိ ကိုးကွယ်ရာအရှင်အား ဤမှာပင်)မေ့ထားခဲ့လေပြီ" ဟု (အချင်း ချင်း) ပြောဆိုကြလေသည်။[၈၈]

အသို့ပါနည်း။ ယင်းနွားကလေးမှာ မိမိတို့၏ မည်သည့် စကားကိုမျှ ပြန်ကြားနိုင်ခြင်းလည်း မရှိကြောင်း၊ မိမိတို့နှင့်ပတ်သက်၍ မည်သို့မျှပင် အကျိုးယုတ်စေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်း ပြုစွမ်းနိုင်ခြင်းမရှိသည်ကို ၎င်းတို့ မမြင်ကြလေသလော။[၈၉]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာမူစာ ﷺနှင့် ဗနီအစ္စရာအီလ်များသည် ဖိရ်အော်ဉ်နန်၏ဒုက္ခပေးမှုမှ လွတ်မြောက်ကာ မြစ်ကို လုံခြုံစိတ်ချစွာ ဖြတ်ကျော်ခဲ့ပြီးနောက် ခရီးဆက်လက် ထွက်ခွာခဲ့ကြသည်။ များမကြာမီ သူတို့သည် ရုပ်တုများကိုးကွယ်သည့်လူများထဲ ရောက်သွားခဲ့ကြသည်။ ထိုသူများက စိုက်ယိဒိနာမူစာ ﷺကို "ဤသူများသည် မြင်လည်းမြင်နိုင်ပြီး ထိတွေ့ဆုပ်ကိုင်နိုင်သော ရုပ်တုများကို ၎င်းတို့၏ ဘုရားများအဖြစ် ပြုလုပ်ထားခဲ့ကြသည်။ ကျွန်ုပ်တို့ အတွက်လည်း မြင်နိုင်၍ထိတွေ့နိုင်သော ဘုရားတစ်ဆူ ပြုလုပ်ပေးပါ" ဟု ပြောဆိုခဲ့ကြသည်။ စိုက်ယိဒိနာမူစာ ﷺက إِنَّكُمْ قَوْمٌ تَجْهَلُونَ إِنَّ هَٰؤُلَاءِ مُتَبَّرٌ مَّا هُمْ فِيهِ وَبَاطِلٌ مَّا كَانُوا يَعْمَلُونَ "အချင်းတို့၊ အသင်တို့သည် ဇကန်စင်စစ် (အလွန်တရာမျှ) အသိတရား ကင်းမဲ့ကြကုန်သော သူမိုက်များပင် ဖြစ်ကြကုန်သည်။ ဇကန်မလွဲ ၎င်းတို့လုံးပန်းလျက်ရှိကြသော အမှုကိစ္စများသည် ဖျက်ဆီးခြင်း ခံရပေမည်။ ထို့ပြင် ၎င်းတို့ ပြုလုပ်လျက်ရှိကြသော အမှုကိစ္စများသည် (လုံးဝ)အချည်းနှီး (အခြေအမြစ်မရှိသော)ကိစ္စများသာ ဖြစ်ကုန်၏" ဟု ဖြေကြားခဲ့လေသည်။

ထိုအချိန်မှာပင်အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာမူစာ ﷺကို သူရဲတောင်သို့ သူလူများကိုခေါ်ဆောင်လာရန် အမိန့်ပေးခဲ့သည်။ သူရဲတောင်ပေါ်တွင် သူသည် သောင်ရတ်ကျိမ်း လက်ခံရရှိပါလိမ့်မည်။ ထိုကျိမ်းသည် ၎င်းတို့အားလုံးအတွက် ကိုယဉပဒေနှင့် မူဝါဒဆိုင်ရာ အထောက်အထားတစ်ရပ် ဖြစ်စေပါလိမ့်မည်။ သို့သော် စိုက်ယိဒိနာ

မူစာﷺသည် သောင်ရတ်ကျမ်း လက်ခံရရန်အတွက် နေ့နှင့်ည ရက်ပေါင်းသုံးဆယ် အဆက်မပြတ် ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် ဒုအာတောင်းဆုပန်ခြင်းတို့ဖြင့် ပြင်ဆင်ရပေလိမ့်မည်။ နောက်ပိုင်းတွင် ဤအချိန်ကာလကို ဆယ်ရက်ထပ်တိုးခဲ့၍ စုစုပေါင်း ဥပုသ်သီလဆောက်တည်ရခြင်းမှာ နေ့ည ရက်လေးဆယ်ဖြစ်ခဲ့သည်။ ထို့နောက် စိုက်ယိဒိနာမူစာﷺ ဦးဆောင်၍ သူလူများကို တူရိတောင်ဆီသို့ ခေါ်ဆောင်ခဲ့သည်။ သို့ရာတွင် သူသည် သောင်ရတ်ကျမ်းလက်ခံရမှုတွင် စိတ်အားထက်သန်နေသောကြောင့် သူသည် သူလူများထက် ပို၍အလျင်သွားခဲ့သည်။ သို့မှသာ သတ်မှတ်ထားသည့် ရက်ပေါင်းသုံးဆယ် ဥပုသ်သီလဆောက်တည်ခြင်းကို စောရျပြီးစေလိမ့်မည်ဖြစ်သည်။ သူ မရှိစဉ်ကာလတွင် သူ့လက်ထောက်အဖြစ် စိုက်ယိဒိနာဟာရွန်ﷺကို ခန့်အပ်ခဲ့သည်။ ဗနီအစ္စရာအီလ်များသည် ခရီးကို ဆက်လက်၍ နှင်လာခဲ့သော်လည်း စိုက်ယိဒိနာမူစာﷺ သွက်သွက်သွားခဲ့သည်။ သူရိတောင်နားရောက်လျှင် ထိုသူတို့က သူ့ကိုမှီလာကောင်းမည်ဟု ထင်မှတ်ခဲ့သည်။ ထိုအချိန်တွင် စာမိရီဆိုသောသူက ဉာဏ်နီဉာဏ်နက်များသုံး၍ ထိုသူများကို နွားငယ်ကို ကိုးကွယ်စရာအဖြစ် သတ်မှတ်ရန် သွေးဆောင်ခဲ့သဖြင့် အုပ်စုသုံးစု ကွဲသွားခဲ့သည်။ ဤအကြောင်းမလှသောဖြစ်ပေါ်မှုတစ်ရပ်ကြောင့် ၎င်းတို့သူရိတောင်သို့သွားရာတွင် အကြီးအကျယ်နှောင့်နှေးစေခဲ့သည်။

အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာမူစာﷺကို အလျင်စလိုလုပ်မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။ ထို့ပြင် ယင်းမေးခွန်း နောက်ကွယ်ရှိ အသိဉာဏ်

စိုက်ယိဒိနာမူစာﷺသည် အလ္လာဟ်အရှင်မြတ် ရှေ့မှောက်ရောက်ခဲ့သောအခါ အလ္လာဟ်အရှင်မြတ်က သူ့အား အဘယ်ကြောင့် သူလူများထက်စော၍ ရောက်ရကြောင်း မေးမြန်းခဲ့သည်။ ဤမေးခွန်း၏ ထင်ရှားသော ရည်ရွယ်ချက်မှာ သူ၏လူများ၏ မကောင်းမှုလုပ်ရပ်ကို စိုက်ယိဒိနာမူစာﷺအား အသိပေးရန်ဖြစ်သည်။ စိုက်ယိဒိနာမူစာﷺအနေဖြင့် ထိုသူများက သူရှိမနေစဉ် ဘာလုပ်ခဲ့သည်ကိုမသိဘဲ သူရိတောင်ပေါ် ရောက်လာစေရန်သာ မျှော်လင့်နေခဲ့သည်။ (အိဗနိကဆီး၌) တစ်ဖက်တွင်မူ ရှုဟ့လ်မအာနီကျမ်းအရ မေးခွန်းတွင် စိုက်ယိဒိနာမူစာﷺအား အပြစ်တင်ထားဟန်ရှိသည်။ သူအလျင်စလို မြန်မြန်လာခဲ့သောကြောင့် သူလူများပေါ်သူ၏ ကွပ်ကဲမှုကင်းမဲ့ကာ စာမိရီက သူလူများကို လမ်းမှားရောက်စေခဲ့ပါသည်။ တမန်တော်တစ်ပါးအဖြစ် သူအနေအထားအရ သူလူများနှင့် အမြဲရှိကာ ထိုသူ များ၏ လုပ်ရပ်များကို စောင့်ကြပ်ကြည့်ရှုရမည်မှာ သူတာဝန်ဖြစ်သည်။ အသိဉာဏ်ကြွယ်သည့် ဋ္ဌိကာရှင်ကြီးက ဆက်လက်၍ လေ့လာမိသည်မှာ ဤမေးခွန်းသည် ခေါင်းဆောင်တစ်ဦး သူလူများနှင့် ခရီးသွားနေစဉ် သူလူများ နောက်တွင် အမြဲရှိနေရမည်ဟု ရည်ညွှန်းသည်။ ပမာဆိုသော် အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာလူသ်ﷺကို သူလူများအား မြို့တွင်းမှခေါ်ထုတ်၍ သူလူများနောက်တွင် ရှိနေရန်ကို وَاتَّبِعْ أَدْبَارَهُمْ "အသင်သည် ၎င်းတို့၏ နောက်မှလိုက်သွားပါလေ (၁၅း၆၅)" ဟုအမိန့်ပေးခဲ့သည်။

စိုက်ယိဒိနာမူစာﷺသည် စာမိရီ၏မကောင်းမှုလုပ်ရပ်ကို မသိရှိသောကြောင့် အလ္လာဟ်အရှင်မြတ်က ၎င်းအား မေးမြန်းသည်ကို ဖြေကြားရာတွင် သူသည် အလ္လာဟ်အမိန့်ကို အချိန်မဖြုန်းဘဲ ဖြည့်ဆည်းရန် စိတ်အား ထက်သန်နေ၍ဖြစ်ကြောင်း သို့မှသာ အလ္လာဟ်အရှင်မြတ်၏ ကြီးမားသောဆုလာဘ်နှင့် ထိုက်တန်သူဖြစ်သွားပေမည်။ ထို့ပြင် သူလူများက သူနောက်မှာရှိနေသောကြောင့် အချိန်မရွေး ရောက်လာနိုင်သည်ဟု ဖြေကြားခဲ့သည်။ ထိုအချိန်မှာပင် အလ္လာဟ်အရှင်မြတ်က သူအား သူလူများအပေါ် ကျရောက်သော မကောင်းမှုကြီးနှင့် ယင်းမကောင်းမှု ပေါ်ပေါက်စေရန် စာမိရီ မည်သို့ ဖန်တီးလုပ်ဆောင်ခဲ့ကြောင်း အသိပေးခဲ့ပါသည်။

စာမိရီသည်မည်သူနည်း

လူအချို့က ပြောသည်မှာ စာမိရီသည် အီဂျစ်လူမျိုး ကော့ပ်(ခရစ်ယာန်လူမျိုး) တစ်ဦးဖြစ်ကာ စိုက်ယိဒိနာမူစာ ﷺနှင့် အိမ်ချင်းကပ်လျက်နေထိုင်ပြီး အစွလာမ်ဘာသာ သက်ဝင်ယုံကြည်သူတစ်ဦး ဖြစ်သည်။ စိုက်ယိဒိနာမူစာ ﷺသည် ဗနီအစ္စရာအီလ်များကို အီဂျစ်နိုင်ငံမှ ခေါ်ထုတ်သွားသောအခါ သူသည်လည်း နိုင်ငံမှထွက်ခွာသွားသူများနှင့် အတူပါလာခဲ့သည်။ အချို့ကမူ သူသည် ဗနီအစ္စရာအီလ် လူမျိုးနွယ်စုများအနက်မှ မစီရာဟုခေါ်သော အုပ်စု၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ထိုမျိုးနွယ်မှာ ဆီးရီးယားနိုင်ငံတွင် ယခုတိုင် လူသိများသည်။ စိုက်ယိဒိနာစအီဒ အိဗနိဂျိုင်းရိ ﷺ အဆိုအရ စာမိရီမှာ ကိရမန်ခယ်မြေမှ ပါရှင်းလူမျိုးတစ်ဦးဖြစ်သည်ဟု ဆိုသည်။ စိုက်ယိဒိနာအိဗနိ အဗွားစ်ﷺက ပြောသည်မှာ သူသည် နွားကိုးကွယ်သောသူများမှ တစ်ဦးဖြစ်ကာ တစ်နည်းနည်းဖြင့် အီဂျစ်နိုင်ငံ ရောက်ရှိလာကာ ဗနီအစ္စရာအီလ်များ၏ ဘာသာဝင်တစ်ဦးအဖြစ် ဟန်ဆောင်ခဲ့သည်။ အမှန်စင်စစ်မှာ သူသည် အယောင်ဆောင် အရေခြုံတစ်ဦးဖြစ်သည်။(ကုရ်သုဝီ) နောက်အဆိုမှာ သူသည် အိန္ဒိယမှ နွားများကိုးကွယ်သော ဟိန္နူတစ်ဦးဖြစ်သည်။ ၎င်းသည် စိုက်ယိဒိနာမူစာ ﷺ၏ ဘာသာကို မှန်ကန်စွာ လိုက်နာကျင့်သုံးခဲ့သည်။ နောက်ပိုင်းတွင် မယုံကြည်သွေဖည်မှုဆီသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။ သို့တည်းမဟုတ် သူသည် စိုက်ယိဒိနာမူစာ ﷺ၏ ဘာသာဝင် အရေခြုံတစ်ဦး ဖြစ်သည်။ ယေဘုယျလက်ခံထားသော စာမိရီ၏အမည်မှာ မူစာအိဗနိဇဖာရ်ဖြစ်သည်။ စိုက်ယိဒိနာ အိဗနိအဗွားစ်ﷺမှတစ်ဆင့် အိဗနိဂျရီးရ်ကတင်ပြထားသည်မှာ သူသည် ဖိရ်အောင်နိုက အစ္စရာအီလ် မွေးကင်းစ ယောကျ်ားကလေးများအားလုံးကို သတ်ဖြတ်ပစ်ရန် အမိန့်ပေးခဲ့သောနှစ်က မွေးဖွားခဲ့သည်။ သူ၏မိခင်သည် အဆိုးဝါးဆုံးကို ကြောက်ရွံ့သဖြင့် ကလေးကို ဂူတွင်းထည့်ထား၍ ဂူကိုပိတ်ထားခဲ့သည်။ သူမသည် ကလေးထံ အချိန်ရတိုင်းသွား၍ အကောင်းဆုံး ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ တစ်ဖက်တွင် အလ္လာဟ်အရှင်မြတ်သည် ကလေးငယ်ကို ကြည့်ရှုစောင့်ရှောက်ရန်နှင့် အစာရေစာရရှိစေရန် ဂျစ်ဗရာအီလ်ﷺကို တာဝန်ပေးခဲ့သည်။ ဂျစ်ဗရာအီလ် ﷺသည် လက်တစ်ချောင်းကို ပျားရည်၊ ဒုတိယလက်ချောင်းတွင် ထောပတ်၊ တတိယလက်ချောင်းတွင် နို့သုတ်၍ ကလေးကို အစာကျွေးမွေးခဲ့သည်။ သူသည် အရွယ်ရောက် လူလားမြောက်သည်အထိ ဂူထဲတွင် နေထိုင်ခဲ့သည်။ ထို့နောက် အထက်တွင် တင်ပြခဲ့ပြီးသည့်အတိုင်း မယုံကြည်သွေဖည်သူ တစ်ဦးဖြစ်ကာ ဗနီအစ္စရာအီလ်တို့ အပေါ်တွင် ကြီးမားသောဒုက္ခ ကျရောက်စေခဲ့သည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြစ်ဒဏ်ခတ်ခံရသည့်အနေဖြင့် သူကိုယ်တိုင် ကြောက်ဖွယ် ကံကြမ္မာဆိုးနှင့် ကြုံတွေ့ခဲ့ရသည်။ ဤအဖြစ်အပျက်ကို ရည်ညွှန်း၍ ကဗျာဆရာတစ်ဦးက နှစ်ကြောင်းတွဲကဗျာကို အောက်ပါအတိုင်း စပ်ဆိုခဲ့သည်။

اذا المرء لم يخلق سعيدا تحيّرت عقول مربّيه وخاب المؤمل،
فموسى الذى ربّاه جبريل كافر وموسى الذى ربّاه فرعون مرسل،

"အကယ်၍လူတစ်ဦးသည် သူ့မွေးဖွားခြင်းတွင် ကံကြမ္မာမကောင်းပါက သူကိုစောင့်ရှောက်သော သူများ၏ စိတ်နလုံးများသည် နဝေတိမ်တောင်ဖြစ်ကြရသည်။ ထို့နောက် သူ့အပေါ် မျှော်လင့်ချက်ကြီးစွာ ထားကြသောသူများ သည် မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာကြပါ။ ကြည့်ကြစမ်းပါ၊ ဂျီဗရာအီလ်စောင့်ရှောက်ခဲ့သည့် မူစာဆိုသော သူသည် မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးဖြစ်သွားကာ ဖိရ်အောင်နိ ပြုစုစောင့်ရှောက်ခဲ့သော မူစာဆိုသောသူသည် အလ္လာဟ်အရှင့် တမန်တော်တစ်ပါး ဖြစ်သွားခဲ့ပါသည်။

اَلَمۡ يَعِدۡكُمۡ رَبُّكُمۡ وَعۡدًا حَسَنًا "အိုဟ်-ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အား ကောင်းမြတ်လှစွာသော ကတိကို ပေးတော်မူခဲ့သည် မဟုတ်လော။(၂၀း၈၆)" စိုက်ယိဒိနာ မူစာ ﷺသည် ဝမ်းနည်း ပူဆွေးမှုများနှင့် ဒေါသအမျက်များဖြင့် သူလူများထံ ပြန်လာခဲ့သည်။ ပထမဦးစွာ သူက သူလူများကို လမ်းညွှန်မှုရစေမည့် ကျမ်းတစ်စောင်ကို အလွှာဟ်အရှင်မြတ်က ပေးသနားတော်မူမည်ဆိုသော ကတိပေးကြောင်းနှင့် ထိုကျမ်းအတိုင်းလိုက်နာကျင့်သုံးလျှင် ၎င်းတို့သည် လောကီဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ရည်မှန်းချက်များ ရမည်ဆိုကြောင်း ပြန်လည် သတိရစေပါသည်။ ကျမ်းစာလက်ခံရန် ရည်ရွယ်ချက်ဖြင့် သူတို့နှင့်အတူ တူရ်တောင်ဆီသို့ ခရီး စတင် ထွက်ခဲ့ကြောင်း သူကပြောခဲ့သည်။

اَفَطَالَ عَلَيۡكُمُ الۡعَهۡدُ "အသင်တို့အပေါ်၌ ချိန်းချက်ထားသော ထိုအချိန်ကာလသည် ရှည်လျား ကြာညောင်းခဲ့လေပြီလော။ (၂၀း၈၆)" အလွှာဟ်အရှင်ကတိတော်ပြုထားခဲ့သော အချိန်သည် မကြာသေးပါ။ ယင်းကတိတော်ကို ဗနီအစ္စရာအီလ်များ မေ့သွားသည်မှာ မည်သို့မျှစဉ်းစားမရပါ။ သို့တည်းမဟုတ် အကယ်၍ သူတို့ သတိရအောက်မေ့ခဲ့လျှင် ယင်း ကတိတော်ဖြည့်ဆည်းမှု နှောင့်နှေးခြင်းအပေါ် စိတ်ပျက်ခြင်း၏ အကြောင်းပြကာ နွားကိုးကွယ်ခြင်းကို ယင်းအတွက်ဟု အကြောင်းပြမရပါ။

اَمۡ اَرَدۡتُّمۡ اَنۡ يَّحِلَّ عَلَيۡكُمۡ غَضَبٌ مِّنۡ رَّبِّكُمۡ "သို့တည်းမဟုတ် အသင်တို့သည် မိမိတို့အပေါ်၌ မိမိတို့အရှင်မြတ်၏ အမျက်တော်သက်ရောက်ခြင်းကို အလိုရှိသောကြောင့် ကျွန်ုပ်နှင့်ထားရှိပြီးဖြစ်သော ကတိကို ဖောက်ဖျက်ကြလေသလော။ (၂၀း၈၆)" သို့ရာတွင် အထက်ဖော်ပြပါ အကြောင်းပြချက်နှစ်ခုမှာ လက်ခံနိုင်ဖွယ် မရှိသောကြောင့် ၎င်းတို့သည် သိသိကြီးနှင့် အလွှာဟ် အရှင်မြတ်၏ အမျက်တော်ကို ဖိတ်ခေါ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ကောက်ချက်ချရပါသည်။

قَالُوۡا مَاۤ اَخۡلَفۡنَا مَوۡعِدَكَ بِمَلۡكِنَا "ကျွန်ုပ်တို့သည် အသင်နှင့်ထားရှိခဲ့သော ကတိကို မိမိတို့အလိုသဘော နှင့် ဖောက်ဖျက်ခဲ့ကြသည်မဟုတ် (၂၀း၈၇)"။ ဗနီအစ္စရာအီလ်များသည် နွားငယ်ကိုကိုးကွယ်ရန် ရွေးချယ်မှုသည် သူတို့၏ ရွေးချယ်မှုမဟုတ်ဘဲ စာမိရီ၏ နမူနာကို လိုက်နာခြင်းသာဖြစ်သည်ဟု ဆင်ခြေပေးကြသည်။

وَلٰكِنَّا حُمِّلۡنَاۤ اَوۡزَارًا مِّنۡ زِيۡنَةِ الۡقَوۡمِ "သို့ရာတွင် ကျွန်ုပ်တို့မှာမူကား (တစ်ဗ်တီ) အမျိုးသားတို့၏ လက်ဝတ်လက်စားများကို သယ်ပိုး ယူဆောင်လာခဲ့ကြရလေသည်။ (၂၀း၈၇)" **اَوۡزَار**(အောဇ်ဇာရ်) ဟူသောစကားလုံးသည် **وِزۡر**(ဝိဇ်ရ်)၏ အများကိန်းဖြစ်ကာ "ဝန်ထုပ်ဝန်ပိုး" ဟု အဓိပ္ပာယ်သက်ရောက်သည်။ တရားစီရင်မည့်နေ့တွင် လူတိုင်းသည်တစ်စုံတစ်ဦးအထုပ်အပိုးသယ်ဆောင်လာသကဲ့သို့၎င်းတို့၏ပခုံးပေါ်တွင်ဂုနာဟ်ပြစ်မှုဒုစရိုက်အထုပ်ကြီးသယ်လာရပေမည်။ ထို့ကြောင့် ဂုနာဟ်ပြစ်မှုကိုလည်း (ဝိဇ်ရ်) "အထုပ်အပိုး" ဟုခေါ်သည်။ **زِينَة** ဟူသော စကားလုံးမှာ လက်ဝတ်လက်စားဟု အဓိပ္ပာယ်သက်ရောက်၍ **قوم** (လူများ)ဟူသည် အီဂျစ်လူမျိုးများကို ရည်ညွှန်းသည်။ ပွဲတော်နေ့တွင် ဝတ်ဆင်ရန်ဟူသော အကြောင်းပြချက်နှင့် ဗနီအစ္စရာအီလ်များသည် အီဂျစ်များထံမှ လက်ဝတ်ရတနာများ ငှားရမ်းခဲ့ကြသည်။ သို့သော်လည်း သူတို့သည် အီဂျစ်နိုင်ငံမှ ထွက်ခွာသွားသောအခါတွင် ထိုလက်ဝတ်ရတနာများကို မူလပိုင်ရှင်များအား ပြန်လည် မပေးအပ်ခဲ့ရသေးပါ။ **اَوۡزَار** ဟုဖော်ပြထားသည့် ဤလက်ဝတ်လက်စားများကို "ဂုနာဟ်" ပြစ်မှု များဟူသော အဓိပ္ပာယ်ဖြင့် ဖော်ပြရခြင်းမှာ ထိုငှားရမ်းထားသည့် ပစ္စည်းများကို တရားဝင်ပိုင်ဆိုင်သူများကို ပြန်လည်မပေးအပ်ရခြင်းကြောင့် ဗနီအစ္စရာအီလ်များသည် ပြစ်မှုဂုနာဟ်တစ်ရပ်ကို ကျူးလွန်ခဲ့ကြသည်။ အစောပိုင်း စာမျက်နှာများတွင် ဖော်ပြခဲ့သော ဟဒီးစ်သုလ်ဖုသူးန်တွင်ပါရှိသော အသေးစိတ်များအရ စိုက်ယိဒိနာ ဟာရွန် ﷺသည် ၎င်းတို့၏ ပြစ်မှုကြောင်းကို သတိပေးခဲ့ကာ လက်ဝတ်လက်စားအားလုံးကို တွင်းတစ်တွင်းထဲသို့ ပစ်ချ

ရန် ညွှန်ကြားခဲ့သည်။ အခြား တင်ပြချက်များအရ အခြားသူပိုင်ပစ္စည်း လက်ဝယ်ရှိနေခြင်းသည် ဂုနာဟ်ပြစ်မှုတစ်ခု ကျူးလွန်ခြင်းဖြစ်သည်ဟု ပြော၍ လက်ဝတ်ရတနာများကို ကျင်းတစ်ခုထဲပစ်ချရန် အကြံပြုသူမှာ စာမိရီဖြစ်ကြောင်း ဖော်ပြထားသည်။ ဗနီ အစ္စရာအီလ်များက သူပြောသည့်အတိုင်း လုပ်ခဲ့ကြသည်။

မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပိုင်ဆိုင်ပစ္စည်းများသည် မုစ်လင်မ်များအတွက် မည်သည့်အချိန်တွင် တရားဝင် ဖြစ်လာသနည်း

မုစ်လင်မ်များအုပ်ချုပ်သည့် နိုင်ငံတစ်ခုတွင် ယင်းနိုင်ငံဥပဒေနှင့်အညီ နေထိုင်သော မုစ်လင်မ်မဟုတ်သူများကို ဇင်မီ ذِمِّيّ ဟုခေါ်သည်။ ထိုသို့သော လူများနှင့်အတူ မုစ်လင်မ်များနှင့် စာချုပ်ချုပ်ဆိုထားသော မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ၎င်းတို့၏ ပိုင်ဆိုင်ပစ္စည်းများကို လက်ဝယ်အပြည့် ထိန်းချုပ်နိုင်ခွင့်ရှိသည်။ ယင်းပစ္စည်းများမှ မည်သည့်အစိတ်အပိုင်းကိုမဆို ၎င်းတို့လက်မဲ့ဖြစ်စေခြင်းမှာ မုစ်လင်မ်များအတွက် တရားမဝင်ချေ။ သို့သော်လည်း ဇင်မီလည်းမဟုတ်၊ မုစ်လင်မ်များနှင့်လည်း စာမချုပ်ထားသော မယုံကြည်သွေဖည်သူများ၏ ပိုင်ဆိုင်ပစ္စည်းများကို ဓမ္မသတ်ပညာရှင်များက حَرْبِي (ရန်သူ၏နိုင်ငံမှ မယုံကြည် သွေဖည်ငြင်းပယ်သူ) ဟုဖော်ပြထားသည်။ ထိုသို့သော သူများ၏ ပိုင်ဆိုင်ပစ္စည်းများသည် မုစ်လင်မ်များအတွက် တရားဝင်သည်။

သို့ဆိုလျှင် ဗနီအစ္စရာအီလ်များ ငှားရမ်းခဲ့သော အီဂျစ်လူမျိုးများ ပိုင်ဆိုင်သည့် လက်ဝတ်ရတနာများကို ပြစ်မှုဂုနာဟ်ဟု စိုက်ယိဒိနာဟာရွန်ﷺက အဘယ့်ကြောင့် သတ်မှတ်၍ တွင်းထဲသို့ပစ်စေခဲ့ရသနည်း။ ဋီကာရှင် အများစုက ပေးထားသော ရှင်းလင်းချက်တစ်ရပ်မှာ ရန်သူနိုင်ငံမှ မယုံကြည်သွေဖည် ငြင်းပယ်သူများ၏ ပိုင်ဆိုင်ပစ္စည်းများသည် သုံ့ရပစ္စည်းများနှင့် တစ်တန်းတစ်စားတည်း ဖြစ်သည်။ အစ္စလာမ့်ကိုခေပဒေ မပြဋ္ဌာန်းမီအလျင်က သုံ့ရပစ္စည်းများနှင့် ပတ်သက်သည့်ဥပဒေမှာ မယုံကြည်သွေဖည် ငြင်းပယ်သူများ၏ ပိုင်ဆိုင်ပစ္စည်းများကို အတင်းအဓမ္မယူနိုင်သည်။ သို့ရာတွင် ယင်းပစ္စည်းကို ပုဂ္ဂိုလ်ရေး ကိုယ်ကျိုးအသုံးပြုခြင်းကို တားမြစ်ထားသည်။ ထိုသို့ သိမ်းဆည်းရခဲ့သည့် သုံ့ရပစ္စည်းများ (مال غنيمت) အားလုံးကို စုပုံထားရမည်။ ထိုစဉ် မိုးကောင်းကင်မှ မီးတောက်တစ်ခု ပမာဆိုသော် မိုးကြိုးလောင်မီးတစ်ခုက ထိုပစ္စည်းများအားလုံးကို လောင်ကျွမ်းစေခဲ့ပါသည်။ ဤသည်မှာ အလွှာဟ်အရှင်မြတ်က မယုံကြည်သွေဖည်သူများနှင့် စစ်ခင်းခြင်းကို လက်ခံကြောင်း အတည်ပြုခြင်းဖြစ်သည်။ တစ်ဖက်တွင် အကယ်၍ စုပုံထားသည့် သုံ့ရပစ္စည်းများ မီးလောင်ကျွမ်းမှုမရှိလျှင် အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ဆင်နွှဲခဲ့သော ထိုစစ်ပွဲကို အတည်ပြုခြင်းမရှိဟု မှတ်ယူကာ ထိုသုံ့ရပစ္စည်းများကို နိမိတ်မကောင်း (ကံမကောင်း)ဟု ယူဆကာ ယင်းပစ္စည်းများ အနီး မည်သူမျှ မချဉ်းကပ်ကြချေ။ အစ္စလာမ့်ရှရီအတ်က ဥပဒေအဟောင်းအချို့ကို သက်သာခွင့်ပေးထားသည်။ ရလဒ်မှာ မုစ်လင်မ်များအား ထိုသုံ့ရပစ္စည်းများကို ၎င်းတို့ ကိုယ်ကျိုးပုဂ္ဂိုလ်ရေးသုံးစွဲခြင်း ခွင့်ပြုခဲ့သည်။ ဤကိစ္စနှင့် ပတ်သော ဟဒီးစ်တော်တစ်ရပ် ဆွဟီးဒ် မုစ်လင်မ်ကျမ်းတွင်ပါရှိသည်။ ထိုစဉ်က တည်ဆဲဥပဒေများအရ အကယ်၍ ဗနီအစ္စရာအီလ်များ ငှားရမ်းခဲ့သော အီဂျစ်လူမျိုးများပိုင် လက်ဝတ်လက်စားများသည် သုံ့ရပစ္စည်းများဖြစ်သည်ဟု မှတ်ယူခဲ့လျှင်ပင် ဗနီအစ္စရာအီလ်များမှာ ထိုပစ္စည်းများကို ကိုယ်ကျိုးသုံးစွဲခွင့် မရှိပါ။ ထို့ကြောင့် ထိုအရာများအားလုံးကို စိုက်ယိဒိနာဟာရွန်ﷺ၏ အမိန့်အရ ကျွင်းထဲပစ်ရပါသည်။

ဤကိစ္စနှင့်ပတ်သက်သော သုတေသနပြုလုပ်မှုတစ်ခုကို အီမာမ်မုဟမ္မဒ်(ရဟေ့)က လုပ်ဆောင်ခဲ့ကာ ဓမ္မသတ်ဆိုင်ရာ ရှုထောင့်ကိုသူ၏ စာအုပ် سِيَر စီယရ်ထဲ၌ ဖော်ပြထားပါသည်။ ယင်းနှင့်ကိစ္စနှင့်ပတ်သက်သော အကျယ်ဖွင့်ဆိုချက်ကို စရပ်စ်ကိုက ပြုလုပ်ထားပါသည်။ သူ၏ နိဂုံးချုပ်မှုများသည် အလွန်လေးသာပြီး၊ အမှန်နှင့်

အနီးစပ်ဆုံးဖြစ်ပါသည်။ သူနိုဂုံးချုပ်ထားပုံမှာ ဟာဒီ(ရန်သူနိုင်ငံတွင် နေထိုင်သော မယုံကြည်သွေဖည်သူ) တစ်ဦး၏ ပစ္စည်းဥစ္စာများကို ကိစ္စရပ်တိုင်း၌ သုံးရပစ္စည်းများဟု မသတ်မှတ်နိုင်ပါ။ မုစ်လင်မ်များအတွက် တရားဝင်စေရန်အတွက် သုံးရပစ္စည်းဟုသတ်မှတ်နိုင်ရန် ဒါးလက်နက်ကိုင်စွဲကာ စနစ်တကျ တိုက်ခိုက်ခဲ့သော ဘာသာရေးစစ်ပွဲ (ဂျီဟာဒ်)မှ ရရှိရပါမည်။ တစ်ဖက်မှာ ဟာဒီ (ရန်သူနိုင်ငံသား) တစ်ဦး၏ဥစ္စာပစ္စည်းများကို ဘာသာရေးစစ်ပွဲမဆင်နွှဲဘဲဖြင့်ရရှိခဲ့ပါက ထိုပစ္စည်းများကို သုံးရပစ္စည်းဟု မသတ်မှတ်နိုင်ပါ။ ထိုကဲ့သို့ရရှိခဲ့သော ပစ္စည်းများကို **فَيْءٌ** (ဖိုင်) ဟုခေါ်ဆိုကာ ပိုင်ရှင်၏ ခွင့်ပြုချက်ရမှသာလျှင် မုစ်လင်မ်များ တရားဝင်သုံးစွဲနိုင်ပါသည်။ အစ္စလာမ်အုပ်ချုပ်သော တိုင်းပြည်မှ သတ်မှတ်ထားသော အခွန်အခများကို မယုံကြည်သွေဖည်သူများက လိုလိုလားလား ထမ်းဆောင်ခဲ့ပါက ထိုအခွန်အခ များသည် "ဖိုင်"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အောက်တွင် အကြုံးဝင်သွားကာ ဘာသာရေးစစ်ပွဲတစ်ခုမှ ရရှိခဲ့ခြင်းမဟုတ်သော်လည်း ၎င်းတို့အား အသုံးပြုခြင်း ခွင့်ပြုပါသည်။

ဗနီအစ္စရာအီလ်များငှားရမ်းခဲ့သော လက်ဝတ်ရတနာများသည် အထက်ဖော်ပြပါစာအတန်းအစားနှစ်ရပ်တွင် ပါဝင်ခြင်းမရှိပါ။ ထိုပစ္စည်းများအား (ဖိုင်)ဟုမခေါ်ဆိုနိုင်ခြင်းမှာ ယင်းပစ္စည်းတို့သည် အီဂျစ်လူမျိုးများထံမှ ငှားရမ်းခဲ့ကာ အီဂျစ်လူမျိုးများကလည်း ပိုင်ဆိုင်မှုကို လွှဲပြောင်းမပေးခဲ့ပါ။ သုံးရပစ္စည်းများဟု မခေါ်ဆိုနိုင်ခြင်းမှာ ယင်းတို့အား ဘာသာရေးစစ်ပွဲမဲ့ ရရှိခဲ့ခြင်း မဟုတ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အစ္စလာမ့် ရှရီအသ်တရားတော်အရ ဗနီအစ္စရာအီလ်များသည် ၎င်းတို့ကိုယ်ကျိုးအတွက် ထိုလက်ဝတ်ရတနာများကို တရားဝင်မသုံးစွဲနိုင်ပါ။

တမန်တော်မြတ်ﷺ မဒီနာဟ်မြို့သို့ ပြောင်းရွှေ့ခြင်းကိစ္စသည် လူသိများလှပါသည်။ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သောအခါ၌ တမန်တော်မြတ်ﷺလက်ဝယ် အရေဗီယားရှိ မယုံကြည်သွေဖည်သူများ၏ အဖိုးတန်ပစ္စည်း မြောက်မြားစွာ ရှိပါသည်။ တမန်တော်မြတ်ﷺ၏ ရိုးသားမှုနှင့် ကိုယ်ကျင့်တရား ကောင်းမှုအပေါ်၌ ယုံကြည်မှု အပြည့်အဝရှိသောကြောင့် ထိုပစ္စည်းများအား လုံခြုံမှုရှိစေရန်အတွက် အပ်နှံထားခဲ့ကြသည်။ တမန်တော်မြတ်ﷺ၏ အရည်အချင်းများကြောင့် သူ့အား အမီးန် (**اَمِيْن**ရိုးသားဖြောင့်မတ်သူ) ဟူသော ဘွဲ့ပေးထားပါသည်။ တမန်တော်မြတ်ﷺသည် ဤအပ်နှံထားသော ပစ္စည်းများနှင့်ပတ်သက်၍ အလွန်အမင်း ပူပင်သောကရောက်ခဲ့သောကြောင့် ယင်းပစ္စည်းများအား စိုက်ယိဒိနာအလီ﵁ထံ အပ်နှံထားခဲ့ပြီး ယင်းတို့အား ပိုင်ရှင်အစစ်များသို့ ပြန်လည်ပေးအပ်ရန် သီးသန့်မှာကြားခဲ့ပါသည်။ ဤသည်က မယုံကြည်သွေဖည် သူများပိုင်ဆိုင်သော အဖိုးတန် ပစ္စည်းများကို မုစ်လင်မ်များ ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲခြင်း တရားမဝင်ဖြစ်ကြောင်း ရှင်းလင်းစွာပြသပါသည်။

فَقَدْ فُنِهَا ဟူသည်က "သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်း(လက်ဝတ်လက်စားများ)ကို ပစ်ချခဲ့ကြ၏" ဟု အဓိပ္ပာယ် သက်ရောက်ပါသည်။ (အစောပိုင်းက အသေးစိတ်တင်ပြပြီးဖြစ်သော) "ဟဒီးစ်အလ်ဖုတွန်း"အရ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် စိုက်ယိဒိနာဟာရွန်﵁၏အမိန့်အရ ဟူ၍ဖြစ်ပါသည်။ အခြားသော တင်ပြချက်များ၌ စာမီရီက ဗနီအစ္စရာအီလ်များအား တွင်းထဲသို့ လက်ဝတ်ရတနာများ ပစ်ချရန်ဖြားယောင်းခဲ့သည် ဟူ၍ပြောကြပါသည်။ ဤအဆိုအမိန့်နှစ်ရပ်စလုံးသည် မှန်ကန်သည်ဆိုကြောင်း လုံးဝဖြစ်နိုင်ပါသည်။ (အောက်တွင်ဖော်ပြထားသည့်အတိုင်း)

فَكَذٰلِكَ اَلْقَى السَّامِرِيُّ "ထို့နောက် စာမီရီသည်လည်း ထိုနည်းအတိုင်းပင် ပစ်ချခဲ့လေသည်။" (၂၀း၈၇) (ဖော်ပြပြီးဖြစ်သော) စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗာစ် ﵁ သခင်ပြန်လည်တင်ပြခဲ့သော ဟဒီးစ်သုလ်ဖုတွန်းထဲ၌ ပါရှိသည်မှာ၊ ဗနီအစ္စရာအီလ်များ လက်ဝတ်ရတနာအားလုံးကို ပစ်ချခဲ့ပြီးသောအခါ၌ စိုက်ယိဒိနာဟာရွန်﵇ထိုပစ္စည်းများ အရည်ပျော်ကာ တစ်လုံးတစ်ခဲတည်း ဖြစ်သွားစေရန်အတွက် တွင်းထဲ၌မီးမွှေးစေရန် အမိန့်ပေးခဲ့ပါသည်။ ဤအဖိုးတန် ရတနာအား မည်ကဲ့သို့ပြုလုပ်ရမည်ဆိုသည့် ဆုံးဖြတ်ချက်ကို စိုက်ယိဒိနာမူစာ﵇ ပြန်လာသည်အထိ

ဆိုင်ငံ့ထားခဲ့ကြပါသည်။ ဤကိစ္စရပ်များ ပြီးဆုံးသည့်နောက်၌ စာမိရီသည် စိုက်ယိဒိနာဟာရွန်ﷺထံ ချဉ်းကပ်ခဲ့ပါသည်။ သူ၏ လက်သီးဆုပ်ထဲ၌ တစ်စုံတစ်ရာရှိနေခဲ့ပြီး ယင်းကို တွင်းထဲသို့ ပစ်ချခွင့်တောင်းခံခဲ့ပါသည်။ စိုက်ယိဒိနာဟာရွန်ﷺက သူ၏လက်သီးဆုပ်ထဲ၌ လက်ဝတ်ရတနာရှိသည်ဟု ထင်မှတ်ကာ ပစ်ချခွင့်ပေးခဲ့ပါသည်။ ထို့နောက် စာမိရီက ပြောသည်မှာ "ကျွန်တော်မျိုး မလွဲမသွေ ပစ်ချပါမည်၊ သို့ရာတွင် ကျွန်တော်မျိုးပစ်မချမီအလျင် ကျွန်တော်ဆန္ဒတစ်ခု ပြည့်ဝစေရန်အတွက် အရှင်က အလွှာဟ်ထံ ဒုအာတောင်းပေးပါဟူ၍ ပြောခဲ့လေသည်။ စိုက်ယိဒိနာ ဟာရွန်ﷺသည် စာမိရီ၏ မကောင်းသောအကြံအစည်ကို သတိမမူမိသောကြောင့် ထိုသူအတွက် အလွှာဟ်အရှင်မြတ်ထံ ဒုအာတောင်းပေးခဲ့ပါသည်။ ထို့နောက်မှ စာမိရီသည် သူ၏လက်သီးဆုပ်ကိုဖြေကာ လက်ထဲရှိပစ္စည်းကို တွင်းထဲသို့ပစ် ချလိုက်ပါသည်။ ပစ်ချလိုက်သောအရာသည် လက်ဝတ်ရတနာမဟုတ်ဘဲ ဂျိဗ်ရာအီလ်ﷺ၏ မြင်းခွာရာအောက်မှ ဖုန်မှုန့်များဖြစ်ပါသည်။ ထိုမြင်း၏ မြင်းခွာအောက်မှ ဖုန်မှုန့်များကြောင့် ရှင်သန်ခြင်းဖြစ်ကာ ကြီးထွားလာခြင်းကို သူမြင်တွေ့ ခဲ့ရသောကြောင့် သူသည် ထိုဖုန်မှုန့်များကို ကောက်ယူ သိမ်းဆည်းထားခဲ့ပါသည်။ ရှိုင်တွာန်၏ ပုံပိုးမှုဖြင့် ယခုအခါ၌ ဤဖုန်မှုန့်များအစွမ်းအရ နွားငယ်ရုပ်ထဲ၌ အသက်ဝင်စေလိုပါသည်။ ဤဖုန်မှုန့်၏ အံ့ဖွယ်ရာ အစွမ်းကြောင့်လား (သို့) စိုက်ယိဒိနာဟာရွန်ﷺ၏ ဒုအာကြောင့်လား မသိ၊ မည်သို့ပင်ဖြစ်ပါစေ၊ အရည်ပျော်ပြီး အတုံးအခဲဖြစ်နေသော ရွှေငွေတို့မှာ နွားငယ်တစ်ကောင်၏ အသွင်သဏ္ဌာန်သို့ ဖြစ်ပေါ်လာကာ နွားအော်သံများ စတင် ထွက်ပေါ်လာပါသည်။ အချို့သော ဆင့်ပြန်ချက်များထဲ၌ စာမိရီကိုယ်တိုင်က ဗနီအစ္စရာအီလ်များအား လက်ဝတ်ရတနာများကို တွင်းထဲသို့ ပစ်ချရန်သွေးဆောင်ခဲ့ပြီး ရွှေငွေများအရည်ပျော်သွားပြီးသည့်နောက်မှ အသက်မဲ့သော နွားငယ်တစ်ကောင်အား ထုဆစ်ခဲ့သည်ဟု ဖော်ပြကြပါသည်။ ထို့နောက် သူက စိုက်ယိဒိနာဂျိဗ်ရာအီလ်ﷺ စီးနင်းခဲ့သော မြင်း၏ခွာရာမှ ဖုန်များကို နွားရုပ်ပေါ်သို့ ဖြန်းလိုက်သောအခါမှ သက်ရှိနွားတစ်ကောင်ဖြစ်သွားပါသည်။ အစ္စရေးလ်ဆင့်ပြန်ချက်များအပေါ်၌ အခြေခံထားသော ဤအဖြစ်အပျက်များနှင့် အလားတူအဖြစ်အပျက်များကို ကုရ်တွုဗီသည် သူ၏အကျယ်ဖွင့်တွင်လည်းကောင်း၊ အခြားသောစာရေးဆရာများကလည်းကောင်း ဖော်ပြထားကြပါသည်။ ဤဆင့်ပြန်ချက်များကို လုံးဝ ယုံကြည်စိတ်မချရသကဲ့သို့ တစ်ချိန်တည်းမှာပင် ၎င်းတို့အား ငြင်းပယ်ရန်အတွက် ကျွန်ုပ်တို့တွင် လုံလောက်သော အကြောင်းပြချက်များ မရှိပါ။

فَأَخْرَجَ لَهُمْ عِجْلًا جَسَدًا لَّهُ خُوَارٌ "ထို့နောက် ယင်းစာမိရီသည် ၎င်းတို့အဖို့ အသံထွက်သော နွားငယ်ကလေးတစ်ကောင်၏ ခန္ဓာကိုယ်အသွင်သဏ္ဌာန်တစ်ခုကို (သွန်းလောင်း) ထုတ်ယူလာခဲ့လေသည်။ (၂၀း၈၈) အချို့သော ဋီကာရှင်များက ဤသည်မှာ အသက်မဲ့သော ခန္ဓာတစ်ခုဖြစ်ပါသည်။ အသံထွက်ခြင်းမှာ အထူးပြုလုပ်ချက်ဉာဏ်ဆင်ချက်ဖြစ်သည်ဟု ပြောကြပါသည်။ သို့ရာတွင် ဋီကာရှင်အများစုက ထိုနွားငယ်၌ အသက်ရှိသော လက္ခဏာများရှိသည်ဟု ယုံကြည်ကြပါသည်။

فَقَالُوا هَٰذَا إِلَٰهُكُمْ وَإِلَٰهُ مُوسَىٰ فَنَسِيَ "(ထိုအခါ) ယင်းအမျိုးသားတို့က" ဤသည်ပင် အသင်တို့၏ကိုးကွယ်ရာအရှင် မူစာ၏ကိုးကွယ်ရာ အရှင်ဖြစ်သည်။ သို့သော် မူစာကား(မိမိ ကိုးကွယ်ရာအရှင်အား ဤမှာပင်) မေ့ထားခဲ့လေပြီ" ဟု (အချင်းချင်း) ပြောဆို ကြလေသည်။ (၂၀း၈၈) အသံထွက်သော နွားတစ်ကောင်အား ထုဆစ်ပြီးသည့်နောက် စာမိရီနှင့်သူ၏ မိတ်ဆွေတို့က ဗိနီအစ္စရာအီလ်တို့ကို ပြောသည်မှာ "ဒီမှာမင်းတို့ဘုရားနဲ့ မူစာရဲ့ဘုရား။ မူစာ မေ့သွားဟန်တူပါတယ်။ ထို့ကြောင့် သူသည် ဘုရားရှာရန်အတွက် တစ်နေရာသို့ ထွက်သွားခဲ့ပါသည်" ဟူ၍ ဖြစ်သည်။

أَفَلَا يَرَوْنَ أَلَّا يَرْجِعُ إِلَيْهِمْ قَوْلًا وَلَا يَمْلِكُ لَهُمْ ضَرًّا وَلَا نَفْعًا "အသို့ပါနည်း ယင်းနွားကလေးမှာ မိမိတို့၏ မည်သည့်စကားကိုမျှ ပြန်ကြားနိုင်ခြင်းလည်းမရှိကြောင်း မိမိတို့နှင့်ပတ်သက်၍ မည်သို့မျှပင် အကျိုးယုတ်စေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်း ပြုစွမ်းနိုင်ခြင်းမရှိသည်ကို ၎င်းတို့ မမြင်ကြလေသလော" (၂၀း၈၉)။ သူတို့၏ မကောင်းမှုလုပ်ရပ်များအတွက် ဗနီအစ္စရာအီလ်များက စိုက်ယိမိနာ မူစာ ﷺအား ပေးသော ဆင်ခြေဖြစ်ပါသည်။ ယင်းဖြင့် ပြီးခဲ့သောအာယသ် အဆုံးသတ်ခဲ့ပါသည်။ ဤအာယသ်ထဲ၌ သူတို့၏ မိုက်မဲမှုကို ပြန်လည်သတိရစေရန်အတွက် နွားငယ်တွင်အသက်ရှိပြီး အသံထွက်ခြင်းဖြင့် ယင်းအား ၎င်းတို့ကိုးကွယ်ရာ အရာဟူ၍ မှတ်ယူရန် လုံလောက်သော အကြောင်းပြချက်ဖြစ်ပါသလားဟူ၍ မေးမြန်းထောက်ပြခဲ့ပါသည်။ ထိုနွားငယ်က ၎င်းတို့၏ တောင်းဆုဒုအာများကို မဖြည့်ဆည်းပေးနိုင်သလို ၎င်းတို့အား အန္တရာယ်ဖြစ်စေခြင်း၊ အကျိုးရှိစေခြင်း ဆိုသည့် အစွမ်းမရှိကြောင်းကို ၎င်းတို့ ကောင်းစွာသိရှိကြပါသည်။

အာယသ် (၉၀-၉၄)

وَلَقَدْ قَالَ لَهُمْ هٰرُوْنُ مِنْ قَبْلُ يٰقَوْمِ اِنَّمَا فُتِنْتُمْ بِهٖ ۚ وَاِنَّ رَبَّكُمُ الرَّحْمٰنُ
فَاتَّبِعُوْنِيْ وَاَطِيْعُوْٓا اَمْرِيْ ﴿٩٠﴾ قَالُوْا لَنْ نَّبْرَحَ عَلَيْهِ عٰكِفِيْنَ حَتّٰى يَرْجِعَ
اِلَيْنَا مُوْسٰى ﴿٩١﴾ قَالَ يٰهٰرُوْنُ مَا مَنَعَكَ اِذْ رَاَيْتَهُمْ ضَلُّوْٓا ﴿٩٢﴾ اَلَّا
تَتَّبِعَنِ ۭ اَفَعَصَيْتَ اَمْرِيْ ﴿٩٣﴾ قَالَ يَبْنَؤُمَّ لَا تَاْخُذْ بِلِحْيَتِيْ وَلَا بِرَاْسِيْ
ۚ اِنِّيْ خَشِيْتُ اَنْ تَقُوْلَ فَرَّقْتَ بَيْنَ بَنِيْٓ اِسْرَاۗءِيْلَ وَلَمْ تَرْقُبْ قَوْلِيْ ﴿٩٤﴾

အမှန်စင်စစ်သော်ကား ဟာရွန်က (မူစာ) ပြန်မရောက်မီကပင် ယင်းအမျိုးသားတို့အား(ဤသို့) ပြောဆို (သတိပေး)ခဲ့လေသည်။ "အို-ကျွန်ုပ်၏ အမျိုးသားတို့၊ ဇကန်စင်စစ် အသင်တို့သည် ဤနွားရုပ်ကြောင့် လမ်းမှားခဲ့ကြရချေပြီ။ အမှန်စင်စစ်မှာမူကား အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သာတည်း။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြလေ ကုန်။[၉၀] (ထိုအခါ) ယင်းအမျိုးသားတို့က ကျွန်ုပ်တို့သည် မိမိတို့ထံ မူစာ ပြန်မလာသမျှကာလပတ်လုံး ယင်းနွားရုပ်အပေါ်၌ အမြဲမပြတ် စွဲလမ်းလျက်ပင် ရှိကြမည်ဟု ပြောကြားခဲ့ကြ၏။[၉၁] (ထို့နောက်) ယင်းမူစာသည် (ပြန်လာပြီးလျှင် ဟာရွန်အား) အို-ဟာရွန်၊ အသင်သည် ၎င်းတို့ လမ်းမှားခဲ့ကြသည်ကို တွေ့မြင်ခဲ့သောအခါ၊[၉၂] အသင်အား ကျွန်ုပ်ထံ လိုက်လာခြင်းမှ မည်သည့်အရာက တားဆီးခဲ့ဘိသနည်း။ အသင်သည် ကျွန်ုပ်၏အမိန့်ကို ဖီဆန်ခဲ့လေသလောဟု ပြောကြားခဲ့လေ၏။[၉၃] (ထိုအခါ) ယင်းဟာရွန်က (ဤသို့)ပြောဆို (ဖြေကြား)ခဲ့၏။ အို-ကျွန်ုပ်၏မိခင်၏သား၊ အသင်သည် ကျွန်ုပ်၏မုတ်ဆိတ်ကို လည်းကောင်း၊ ကျွန်ုပ်၏ဦးခေါင်းကိုလည်းကောင်း ဆွဲကိုင်ခြင်း မပြုပါလေနှင့်။ ဇကန်မလွဲ

ကျွန်ုပ်မူကား အသင်သည် ကျွန်ုပ်(ပြောဆိုအံ့သော)စကားကို စောင့်ဆိုင်း(၍ နား ထောင်)ခြင်းမရှိဘဲ (အိုး-ဟာရွန်) အသင်သည် အစွရာအီလီမျိုးနွယ်တို့ အချင်းချင်း သွေး ကွဲအောင်ပြုခဲ့သည်ဟု ပြောဆိုမည်ကို စိုးရိမ်မိခဲ့သည်။[၉၄]

အကျယ်ဖွင့်ဆိုခြင်း

ဗနီအစွရာအီလ်များနွားငယ်အားကိုးကွယ်မှုဆိုသည့်မှားယွင်းသောလုပ်ရပ်ဖြင့် ထိုးနှက်ခြင်းခံရသောအချိန်၌ စိုက်ယိဒိနာမူစာ ﷺ၏ လက်ထောက်တစ်ဦးအနေဖြင့် ၎င်းတို့အား ကျိုးကြောင်းပြ ကန့်ကွက်ခဲ့သော် အကျိုးသက်ရောက်မှု မရှိခဲ့ပါ။ ထိုသူများသည် အုပ်စုသုံးခု ကွဲသွားကြသည်။ စိုက်ယိဒိနာဟာရွန် ﷺ အပေါ် သစ္စာရှိကာ စာမိရီ၏လမ်းမှားသို့ ရောက်စေမှုကို ငြင်းခဲ့သောသူများ၏ အရေအတွက်မှာ ကုရ်တွဲဗီကျမ်းအရ တစ်သောင်းနှစ်ထောင်ဖြစ်ပါသည်။ ဒုတိယအုပ်စုမှာ နွားကိုးကွယ်မှုကို ရွေးချယ်ခဲ့ကြပါသည်။ သို့ရာတွင် ထိုသူတို့က စိုက်ယိဒိနာမူစာ ﷺ ပြန်ရောက်လာခဲ့ပြီး ၎င်းတို့အား တားမြစ်ပါက ထိုလုပ်ရပ်ကို စွန့်လွှတ်မည်ဟူသော ခြွင်းချက်ထားရှိခဲ့ကြသည်။ တတိယအုပ်စုတွင် အလွန် စိတ်အားထက်သန်သောသူများ ပါဝင်ခဲ့ကြပါသည်။ ထိုသူများက စိုက်ယိဒိနာမူစာ ﷺ ပြန်လာခဲ့လျှင် သူတို့၏ လုပ်ရပ်ကို သူကထောက်ခံကာ သူကိုယ်တိုင်ပင် ၎င်းတို့နှင့်အတူ နွားကို ကိုးကွယ်လိမ့်မည်ဟု ယုံကြည်ကြသည်။ ထိုသူတို့သည် အကယ်၍ စိုက်ယိဒိနာမူစာ ﷺ က ကန့်ကွက်ပါလျှင်လည်း သူတို့၏ အယူဝါဒအသစ်ကို ဘယ်သော အခါမျှ စွန့်လွှတ်ကြလိမ့်မည်မဟုတ်ပါ။ စိုက်ယိဒိနာမူစာ ﷺ သူ၏လူများထဲသို့ ပြန်လည်၍ရောက်ရှိလာသောအချိန်၌ ထိုသူတို့၏ မကောင်းမှုလုပ်ရပ်နှင့်ပတ်သက်၍ ပြစ်တင်မောင်းမဲခဲ့ပါသည်။ (အစောပိုင်း အာယသ်များထဲတွင် ဖော်ပြပြီးဖြစ်သည်။) ထို့နောက် သူသည် စိုက်ယိဒိနာဟာရွန် ﷺ ဘက်သို့ ဒေါသတကြီးလှည့်ကာ ၎င်း၏မုတ်ဆိတ်နှင့်ဆံပင်ကို ဆွဲလိုက်ပါသည်။ စိုက်ယိဒိနာမူစာ ﷺ က ဗနီအစွရာအီလ်များ၏ မယုံကြည်သွေဖည်မှု (**كفر**) ထင်ရှားလာသောအခါ၌ အဘယ့်ကြောင့် သူရှိရာ တူရိတောင်သို့ မလိုက်လာရပါသနည်း။ ၎င်းနောက် အဘယ်ကြောင့် သူ့အမိန့်များကို မနာခံခဲ့ရပါသနည်းဟု စိုက်ယိဒိနာဟာရွန် ﷺ အားမေးမြန်းခဲ့သည်။

مَا مَنَعَكَ إِذْ رَأَيْتَهُمْ ضَلُّوٓا۟ أَلَّا تَتَّبِعَنِ "အသင်သည် ၎င်းတို့လမ်းမှားခဲ့ကြသည်ကို တွေ့မြင်ခဲ့သောအခါ အသင်အား ကျွန်ုပ်ထံလိုက်လာခြင်းမှ မည်သည့်အရာက တားဆီးခဲ့ဘိသနည်း။ (၂၀း၉၂) ဤအာယသ်ပါ အိစ်သိဗဟ် (လိုက်လာခြင်း)၏ အဓိပ္ပာယ်တစ်မျိုးမှာ ဗနီအစွရာအီလ်များ လမ်းမှန်ဆီသို့ ပြန်ခေါ်၍မရလောက်အောင် လမ်းများသို့ ရောက်ရှိနေကြောင်း စိုက်ယိဒိနာဟာရွန် ﷺ တွေ့ရှိရသောအခါ၌ သူသည် ထိုသူများအား စွန့်ခွာခဲ့ကာ တူရိတောင်တွင် ရှိ စိုက်ယိဒိနာမူစာ ﷺ နှင့် လာရောက် ပူးပေါင်းရမည် ဟူ၍ဖြစ်ပါသည်။ အချို့သော ဋီကာရှင်တို့ လက်ခံကျင့်သုံးသော "လိုက်ခြင်း"ဟူသောစကားလုံး၏ အခြားသောအဓိပ္ပာယ်မှာ ဗနီအစွရာအီလ်များ စစ်မှန်သောယုံကြည်မှုကို စွန့်လွှတ်ခဲ့သောအခါတွင် စိုက်ယိဒိနာဟာရွန် ﷺ သည် ၎င်းတို့အား စိုက်ယိဒိနာမူစာ ﷺ ရှိခဲ့ပါလျှင် ယင်းတို့အား တိုက်ခိုက်ခြင်းများ ပြုလုပ်သကဲ့သို့ တိုက်ခိုက်သင့်သည်ဟူ၍ ဖြစ်ပါသည်။ စိုက်ယိဒိနာမူစာ ﷺ က စိုက်ယိဒိနာဟာရွန် ﷺ သည် ဗနီအစွရာအီလ်များအား တိုက်ခိုက်လျှင် တိုက်ခိုက်ပါ၊ သို့မဟုတ်ပါမူ ထိုသူတို့ကို စွန့်ခွာကာ စိုက်ယိဒိနာမူစာ ﷺ ရှိရာ တူရိတောင်သို့လာရောက်ကာ သူနှင့် ပူးပေါင်းသင့်ပါသည်။ စိုက်ယိဒိနာဟာရွန် ထိုသူများနှင့်အတူ ရှိနေခြင်းသည် အသိဉာဏ်မဲ့သော လုပ်ရပ်ဟူ၍ စိုက်ယိဒိနာမူစာ ﷺ က ပြစ်တင်မောင်းမဲခဲ့ရသည်။ စိုက်ယိဒိနာဟာရွန် ﷺ က သူ့အား **يَبْنَؤُمَّ** "အို- ကျွန်ုပ်၏မိခင်သား" ဟူ၍ ဦးတည်ပြောကြားခြင်းက သူ့အပေါ်၌ ကြမ်းတမ်းသော ဆုံးဖြတ်ချက်များမချရန် စိုက်ယိဒိနာမူစာ ﷺ အား အသနားခံသည်ဟု ရည်ညွှန်းပါသည်။ စိုက်ယိဒိနာဟာရွန် ﷺ ပေးသောဆင်ခြေမှာ အကယ်၍သူသည်

ဗနီအစ္စရာအီလ် များနှင့် တိုက်ခိုက်ခဲ့ပါလျှင်လည်းကောင်း၊ ၎င်းတို့အား စွန့်ခွာခဲ့လျှင်လည်းကောင်း ဗနီအစ္စရာအီလ်များနှင့် သူ၏လူ တစ်သောင်းနှစ်ထောင်တို့ အချင်းချင်း ပဋိပက္ခဖြစ်မှုများ၊ မငြိမ်မသက်ဖြစ်မှုများ ပေါ်ပေါက်စေနိုင်သောကြောင့် ဟူ၍ဖြစ်ပါသည်။ စိုက်ယိဒိနာမူစာ ﷺ၏ ခွဲခွာချိန်တွင်ပေးခဲ့သော အကြံပြုမှု اخْلُفْنِيْ فِيْ قَوْمِيْ وَ اَصْلِحْ အသင်သည် ကျွန်ုပ်၏အမျိုးသားတို့တွင် ကျွန်ုပ်အားကိုယ်စားပြု၍ နေရစ်ခဲ့ပါ။ ထို့ပြင် အသင်သည် ၎င်းတို့အားပြုပြင်၍ ပေးပါ”ကို သူ ကောင်းမွန်စွာ နားလည် သဘောပေါက်ပါသည်။ ယင်းက ဆိုလိုသည်မှာ စိုက်ယိဒိနာဟာရွန် ﷺသည် သူလူများအားလုံးအား သွေးစည်း ညီညွတ်စေပြီး သဘောထားကွဲလွဲမှုများကို မည်သည့်နည်းနှင့်မဆို ဟန့်တားရမည်ဟူ၍ဖြစ်ပါသည်။ ထို့ပြင် စိုက်ယိ ဒိနာမူစာ ﷺ ပြန်လည်ရောက်ရှိလာပါက အခြေအနေကို စိတ်ကျေနပ်ဖွယ်ရာ ကိုင်တွယ်နိုင်လိမ့်မည်ဟူ၍ စိုက်ယိဒိနာဟာရွန် ﷺ မျှော်လင့်ခဲ့ပါသည်။ ထပ်ဆောင်း၍ သူက ဆင်ခြေပေးခဲ့ပါသည်။ ယင်းအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်နေရာ၌ اِنَّ الْقَوْمَ اسْتَضْعَفُوْنِيْ وَ كَادُوْا يَقْتُلُوْنَنِيْ ဟုတင်ပြထားသည်။ ယင်းကဆိုလိုသည်မှာ ဗနီအစ္စရာအီလ်များက ကျွန်ုပ်အား ထောက်ခံသူဦးရေ နည်းပါးမှုအရ ကျွန်ုပ်တွင် အင်အားမရှိဟု မှတ်ယူကာ ကျွန်ုပ်ကိုပင် သတ်ပစ်လုနီးနီးဖြစ်ခဲ့ပါသည်။ စိုက်ယိဒိနာမူစာ ﷺသည် စာမိရီဘက်သို့လှည့်ကာ ဤကိစ္စတစ်ခုလုံးအတွက် ၎င်း၏လုပ်ရပ်ကို သူအားရှင်းလင်းပြသရန် ပြောခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က စိုက်ယိဒိနာမူစာ ﷺသည် စိုက်ယိဒိနာဟာရွန် ﷺ၏ ဆင်ခြေများကို လက်ခံခြင်း၊ လက်မခံခြင်း သို့မဟုတ် စိုက်ယိဒိနာဟာရွန် ﷺ၏ အမှားသည် အိဂျ်သိဟားဒ် အများဆုံးဖြတ်ချက်ဖြစ်ဟု မှတ်ယူသည် မမှတ်ယူသည်ကို မရည်ညွှန်းထားပါ။ ၎င်းနောက် ကိစ္စရပ်ကိုပြီးပြတ်စေပါသည်။

တမန်တော်နှစ်ပါးတွင် ခြားနားမှုများ ဖြစ်ပေါ်ပါက နှစ်ဦးစလုံး၏ အယူအဆများသည် မှန်ကန်နိုင်ပါသည်

ဤကိစ္စနှင့်ပတ်သက်၍ စိုက်ယိဒိနာမူစာ ﷺ၏ အိဂျ်သိဟဒ်နည်းလမ်းဖြင့် ပြုလုပ်ထားသော ချိန်ချိန်ဆဆ အယူအဆမှာ ဖြစ်ပေါ်ခဲ့သော အခြေအနေမျိုးတွင် စိုက်ယိဒိနာဟာရွန် ﷺသည် သူ၏နောက်လိုက်များနှင့်အတူ ဗနီအစ္စရာအီလ်များနှင့် ခွဲခွာသင့်ပါသည်။ ၎င်းပြင် သူတို့နှင့်အတူရှိနေခြင်းက ၎င်းတို့နှင့် ပြေပြိမ်းခြင်း ဖြစ်ပါသည်။ တစ်ဖက်တွင် စိုက်ယိဒိနာဟာရွန်သည် အိဂျ်သိဟဒ်နည်းလမ်းဖြင့် သူခံစားရခဲ့သည်မှာ အကယ်၍ ခွဲခွာမှုမျိုးပြုလုပ်ခဲ့ပါက ယင်းလုပ်ရပ်ကြောင့် ဗနီအစ္စရာအီလ်များနှင့် ထာဝရခွဲခွာမှုမျိုးဖြစ်သွားစေကာ ၎င်းတို့တွင် ဂိုဏ်းပေါင်းမြောက်များစွာ ကွဲသွားစေနိုင်ပါသည်။ ၎င်းပြင် စိုက်ယိဒိနာမူစာ ﷺ ပြန်ရောက်လာပါက ၎င်းတို့လုပ်ရပ်၏ အမှားကို ၎င်းတို့ မြင်တွေ့နိုင်သည်ဟု သူက မျှော်လင့်ထားခဲ့ပါသည်။ ထို့ကြောင့် ထိုသူများနှင့် ပြေပြိမ်းခြင်းသည်၊ အသိဉာဏ်ကြွယ်သောလုပ်ရပ်ဟု စိုက်ယိဒိနာဟာရွန် ﷺက မှတ်ယူခဲ့ပါသည်။ တမန်တော်နှစ်ပါးတို့၏ ရည်မှန်းချက်မှာ အလ္လာဟ်အရှင်၏ အမိန့်များကို ကြပ်ကြပ်မတ်မတ် လိုက်နာခြင်းနှင့် ဗနီအစ္စရာအီလ်များသည် စစ်မှန်သောယုံကြည်ချက်အား လိုက်နာဆောင်ရွက်ခြင်းနှင့် ၎င်းတို့ အလ္လာဟ်တစ်ပါးတည်း တည်ရှိသည်ဆိုကြောင်း ယုံကြည်မှုကို အမြဲတစေ စွဲမြဲနေစေရန်ဖြစ်ပါသည်။ သို့သော်လည်း သူတို့ ကွဲပြားခြားနားသည်ကတော့ ဤရည်မှန်းချက်များကို ရရှိစေနိုင်သည့် နည်းလမ်းပင် ဖြစ်တော့သည်။ ယင်းမှာ မကျေမနပ်ဖြစ်သော သူများနှင့်ပြတ်ပြတ်သားသား အဆက်အသွယ်ဖြတ်ခြင်း (သို့) အဆုံးတွင် ကိစ္စရပ်များပြန်လည် ကောင်းမွန်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ထိုသူများ သည်းခံနေထိုင်ခြင်းပင်ဖြစ်ပါသည်။ အယူအဆနှစ်မျိုးစလုံးတွင် ကောင်းချီးမင်္ဂလာများရှိကာ ၎င်းတို့နှင့်ပတ်သက်၍ ခိုင်မြဲပြီး၊ အဆုံးသတ်ဖြစ်သော ဆုံးဖြတ်ချက်တစ်ခု ချ၍မရပါ။ အိဂျ်သိဟဒ်ပေါ် အခြေခံထားသော ကိစ္စရပ်များတွင် ဓမ္မသတ် ပညာရှင်များ ကွဲပြားခြားနားကြပါက မတူညီကွဲပြားသော အယူအဆများ ကိုင်စွဲထားသော ဓမ္မသတ်ရှင်တို့အား ဘာသာရေး

ဆိုင်ရာ ဥပဒေများကို ချိုးဖောက်သူများအဖြစ် စွဲချက်မတင်နိုင်ပါ။ စိုက်ယိဒိနာမူစာ ﷺက သူ၏ နောင်တော်၏ဆံပင်များကိုဆွဲခြင်းဆိုသည်မှာ သူရှိမနေစဉ်တွင် ပေါ်ပေါက်ခဲ့သောအခြေအနေနှင့်ပတ်သက်၍ သူစိတ်ဆိုးခြင်း၊ စိတ်ရှုပ်ခြင်းကိုသာ ပြသပါသည်။ သူ့နောင်တော်၏ ရှင်းလင်းတင်ပြချက်ကို ကြားသိရသောအခါ သူတို့ နှစ်ဦးအား ခွင့်လွှတ်ပါရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းခဲ့ပါသည်။

အာယသ် (၉၅-၉၈)

قَالَ فَمَا خَطْبُكَ يٰسَامِرِيُّ ﴿٩٥﴾ قَالَ بَصُرْتُ بِمَا لَمْ يَبْصُرُوْا بِهٖ فَقَبَضْتُ قَبْضَةً
مِّنْ اَثَرِ الرَّسُوْلِ فَنَبَذْتُهَا وَكَذٰلِكَ سَوَّلَتْ لِيْ نَفْسِيْ ﴿٩٦﴾ قَالَ فَاذْهَبْ فَاِنَّ لَكَ فِي
الْحَيٰوةِ اَنْ تَقُوْلَ لَا مِسَاسَ ۖ وَاِنَّ لَكَ مَوْعِدًا لَّنْ تُخْلَفَهٗ ۚ وَانْظُرْ اِلٰٓى اِلٰهِكَ الَّذِيْ
ظَلْتَ عَلَيْهِ عَاكِفًا ۭ لَنُحَرِّقَنَّهٗ ثُمَّ لَنَنْسِفَنَّهٗ فِي الْيَمِّ نَسْفًا ﴿٩٧﴾ اِنَّمَآ اِلٰهُكُمُ
اللّٰهُ الَّذِيْ لَآ اِلٰهَ اِلَّا هُوَ ۭ وَسِعَ كُلَّ شَيْءٍ عِلْمًا ﴿٩٨﴾

ထိုမူစာက "သို့ဖြစ်လျှင်၊ အို-စာမိရီ၊ အသင်၏ ရည်ရွယ်ချက်ကား အသို့နည်း"ဟု ပြောဆို(ဖေးမြန်း)ခဲ့လေသည်။[၉၅] (ထိုအခါ) ၎င်းစာမိရီက "ကျွန်ုပ်သည် အခြားသူတို့ မမြင်ခဲ့ကြသောအရာကို တွေ့မြင်ခဲ့ပါသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်သည် ဧစတာမန်၏ (မြင်း)ခြေရာမှ (မြေကြီး) လက်တစ်ဆုပ်ကို ဆုပ်ယူခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်သည် ထို(မြေကြီး)ကို (ဤနွားငယ်ကလေး၏ ခန္ဓာကိုယ်တွင်) ပစ်ထည့်ခဲ့ပါသည်။ စင်စစ် ကျွန်ုပ်၏ စိတ်နလုံးသည် ကျွန်ုပ်အား ဤအတိုင်းပင် ဖြားယောင်းခဲ့ပါသည်"ဟု ပြောဆို(ဖြေကြား)လေ၏။[၉၆]

(သို့ဖြစ်ပေရာ) ယင်းမူစာက (စာမိရီအား ဤသို့) ပြောကြားခဲ့ လေ၏။ (အို-စာမိရီ) အသင်သည်ထွက်သွားလော့။ဇကန်အမှန်အသင်၌ဤဘဝသက်တမ်းတစ်လျှောက်တွင် (ခံစားရမည့် ပြစ်ဒဏ်ကား) အသင်သည် (မိမိအပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်အား မည်သူမျှ)"မထိရ"ဟု ပြောဆိုခြင်းပင်ဖြစ်ပေသည်။ ၎င်းပြင် အသင့်အဖို့(နောင်တမလွန်၌ ပြစ်ဒဏ်ခံစားရန်လည်း) ပြဋ္ဌာန်းချက်တစ်ခု ရှိသေး၏။ အသင်သည် ယင်း ပြဋ္ဌာန်းချက်မှ လွှဲစေခြင်းကို အလျှင်းခံရလိမ့်မည် မဟုတ်ပေ။ ထို့ပြင် အသင်သည် အစဉ်မပြတ် စွဲလမ်းလျက်ရှိခဲ့သော မိမိကိုးကွယ်ရာကို ရှုလော့။ ဇကန်မလွဲ ငါတို့သည် ၎င်းအား မီးရှို့ပြီးနောက် အမှုန်စင်စစ် ၎င်း(၏ပြာ)ကို မြစ်ထဲ၌ ကြဲ(၍ မျှော)ကြမည် ဖြစ်သည်။[၉၇] (စင်စစ်မှာမူကား) အသင်တို့၏ ခဝပ်ကိုးကွယ်ရာ အရှင်သည် အကြင် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာအရှင် ဟူ၍ကားအလျှင်းမရှိပြီ။ ထိုအရှင်မြတ်သည် (မိမိ)အသိပညာတော်ဖြင့် အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ရှိတော်မူပေသတည်း။[၉၈]

အကျယ်ဖွင့်ဆိုခြင်း

بَصُرْتُ بِمَا لَمْ يَبْصُرُوْا بِهٖ"ကျွန်ုပ်သည် အခြားသူတို့ မမြင်ခဲ့ကြသောအရာကို တွေ့မြင်ခဲ့ပါသည်။ (၂၀း၉၆)" ဤနေရာ၌ ဂျစ်ဗရာအီလ်ﷺကို ရည်ညွှန်းထားသည်။ ဆင့်ပြန်ချက်တစ်ရပ်တွင် ပါရှိသည်မှာ ဗနီအစ္စရာအီလ်များ မြစ်တစ်ဖက် ကမ်းသို့ ချောမောစွာရောက်ရှိခဲ့သောအချိန်တွင် ဖိရဒေါင်နှံရန်နှင့် သူ့စစ်တပ်သည် ထွက်ပြေးတိမ်းရှောင်သူများ နောက်လိုက်ရန် မြစ်ထဲဝင်ရောက်သွားသောအခါ ဂျစ်ဗရာအီလ်ﷺသည် ထိုနေရာ၌ မြင်းစီးဖျဖြရှိနေသည်ဟူ၍ ဖြစ်သည်။ နောက်ဆင့်ပြန်ချက်တစ်ရပ်တွင် စိုက်ယိဒိနာမူစာﷺ မြစ်ကိုဖြတ်ကူးပြီးသောအခါ စိုက်ယိဒိနာဂျစ်ဗရာအီလ်ﷺသည် မြင်းတစ်ကောင်စီးကာ ရောက်လာခဲ့ပြီး စိုက်ယိဒိနာမူစာﷺကို တူရိတောင်သို့သွားရန် ဖိတ်ခေါ်ခဲ့သည်။ ထိုအချိန်၌ စိုက်ယိဒိနာဂျစ်ဗရာအီလ်အား စာမိရီတစ်ဦးမှအပ မည်သူကမျှ မမြင်တွေ့ခဲ့ကြရပါ။ ယင်းအကြောင်း စိုက်ယိဒိနာ အိဗနိအဗွားစ်ﷺက ဆင့်ပြန်ခဲ့သည်မှာ စာမိရီကို သူ့အမေကဂူထဲ၌ ထားပစ်ခဲ့စဉ်က သူ့ကို စိုက်ယိဒိနာ ဂျစ်ဗရာအီလ်ﷺက ကျွေးမွေးစောင့်ရှောက်ထားခဲ့၍ ဂျစ်ဗရာအီလ်ﷺကို ကောင်းကောင်း သိနေခဲ့သည်။

(ဗယာနုလ်ကုရ်အာန်)

فَقَبَضْتُ قَبْضَةً مِّنْ اَثَرِ الرَّسُوْلِ"သို့ဖြစ်ပေရာ ကျွန်ုပ်သည်စေတမန်၏ (မြင်း)ခြေရာမှ (မြေကြီး)လက်တစ်ဆုပ်စာကို ယူခဲ့သည်။ (၂၀း၉၆)" **رسول** (စေတမန်)ဟူသောစကားလုံးသည် ဂျစ်ဗရာအီလ်ကို ရည်ညွှန်းသည်။ ရှိုက်တွာန်က စာမိရီ၏နှလုံးသားထဲတွင် ဂျစ်ဗရာအီလ်ﷺ စီးနင်းသော မြင်းခွာအောက်ရှိ မြေကြီးများထဲ၌ တစ်နည်း မဟုတ်တစ်နည်း အသက်ရှင်စေသော လက္ခဏာများ မုချပါဝင်ရမည်။ ထို့ပြင် ထိုမြေကြီးအချို့ကို သူကောက်ယူသင့်သည်ဟူသော အတွေးထည့်သွင်းပေးလိုက်သည်။ ထို့ကြောင့် စာမိရီသည် ထိုအတိုင်း လုပ်ဆောင်ခဲ့သည်။ စိုက်ယိဒိနာအဗွားစ်ﷺ၏ ဆင့်ပြန်ချက်အရ

القی فی روعه انّه لا یلقیها علی شیء فَیَقُوْلُ کن کذا، الّا کان

"စာမိရီ အတွေးပေါက်ခဲ့သည်မှာ ဤမြေကြီးများကို အကယ်၍ တစ်စုံတစ်ခုအပေါ်"

"မင်းဒီလိုဖြစ်စေ" ဟုရွတ်ပြီး ပက်ခဲ့လျှင် ထိုမူရင်းအရာဝတ္ထုသည် သူပြောသည့်အတိုင်း ဖြစ်သွားလိမ့်မည် ဟူ၍ဖြစ်သည်။

အချို့သော ဋီကာရှင်များက တင်ပြသည်မှာ ဂျစ်ဗရာအီလ်စီးသောမြင်း၏ ခွာအောက်ရှိ မြေထဲတွင် ပေါက်နေသော မြက်များမှာ ပွားများပြီး ပေါက်ရောက်လျက်ရှိကြောင်း စာမိရီက ဂရုပြုမိသည်။ ယင်းမှ အသက်၏ အငွေ့အသက်များ ပါဝင်ကြောင်း ထုတ်နုတ်ဆင်ခြင်ကြည့်မိသည်။ **کذا فی الکمالین** သာဗီအီးန်များနှင့် ဋီကာရှင်အများစု၏ ခိုင်လုံမှုအရ ရူဟုလ်မအာနီကျမ်းကလည်း ဤရှင်းလင်းချက်ကို လိုက်နာသည်။ ထိုပြင် ယင်းတွင် ဒွိဟရှိသူများ ဖော်ပြခဲ့သည့် ဒွိဟသံသယများပေါ် မှတ်ချက်ပေးခြင်းလည်း ပါဝင်သည်။ **فجزاه الله خیرا الجزاء** (ဗဟာနုလ်ကုရ်အာန်)

နောက်ပိုင်းတွင် စာမိရီသည် ဗနီအစ္စရာအီလ်များ တွင်းထဲပစ်ချခဲ့သော လက်ဝတ်လက်စားများမှနေ၍ နွားငယ်တစ်ကောင်အဖြစ် ပုံသွင်းကာ ယင်းပေါ်တွင် မြေမှုန့်အချို့ ပက်ကြဲခဲ့သည်။ အလ္လာဟ်အရှင် မုအ်ဂျိဇာ အံ့ဖွယ်တစ်ရပ်အရ ယင်းရုပ်တုတွင်အသက်ဝင်လာသည့် လက္ခဏာများ ပေါ်လာသည်သာမက အသံပင် ထွက်နိုင်ပေသည်။ စာမိရီနှင့် သူ့နွားငယ်အကြောင်း အသေးစိတ်ကို ဤအတွဲ၏ စောစောပိုင်းစာမျက်နှာများတွင် ပါသည့် (ဟဒီးစ်သုလ်ဖုသူးန်)ထဲတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

فَاِنَّ لَكَ فِی الْحَیٰوةِ اَنْ تَقُوْلَ لَا مِسَاسَ

"အသင်သည် (မိမိအပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်အားမည်သူမျှ) "မထိရ"ဟု ပြောဆိုခြင်းပင်

ဖြစ်လေသည်။" (၂၀း၉၇)

ဤကမ္ဘာလောကအတွက် စိုက်ယိဒိနာမူစာ ﷺ အကြံပြုခဲ့သည့် စာမိရီအတွက် အပြစ်ဒဏ်ခတ်မှုမှာ လူတိုင်းသည် သူနှင့် ဆက်သွယ်ခြင်းမပြုရန်နှင့် သူနားမသွားရန် ဖြစ်သည်။ ထိုပြင် သူကိုလည်း မည်သူကိုမျှ မထိရန် အမိန့်ပေးခဲ့သည်။ တောရိုင်းတိရစ္ဆာန်တစ်ကောင်ကဲ့သို့ မည်သည့် လူမှုဆက်ဆံရေးမှမရှိစေဘဲ သူဘဝ အဆုံးသတ်ရန် စာမိရီကို ပြစ်ဒဏ်ပေးခဲ့သည်။ စိုက်ယိဒိနာမူစာ ﷺက စာမိရီကို ဒဏ်ခတ်ခြင်းသည် စာမိရီသာမက ဗနီအစ္စရာအီလ်များနှင့်ပါ သက်ဆိုင်သော ဥပဒေလော သို့တည်းမဟုတ် စာမိရီသည် အချို့သော ထူးဆန်းသည့် ခံစားမှုတစ်ရပ်ကြောင့် သူနှင့်မထိရန် လူများကို တားဆီးခြင်းလော ဟူသည်ကိုမူ မသိပါ။ ဆင့်ပြန်ချက်အချို့တွင် စာမိရီကိုထိသော မည်သူမဆိုသည် ထိသူနှင့်စာမိရီ နှစ်ဦးစလုံး ဖျားနာပါစေ (မအာလင်မ်) ဟူ၍ စိုက်ယိဒိနာမူစာ ﷺက ကျိန်ဆိုထားသည်ဟု ဖော်ပြပါသည်။ ထို့ကြောင့် သူသည် ဘဝတစ်လျှောက်လုံး လူအများမှပုန်း၍ နေရပါသည်။ ထို့နောက် တစ်စုံတစ်ဦးက သူဆီလာနေသည်ကို တွေ့လျှင် သူက **لامِسَاس**(ကျွန်ုပ်ကိုမထိပါနှင့်) ဟုဖော်ပြခဲ့သည်။ အလ်ဗဟ်ရုလ် အလ်မုဟီးတွဲကျမ်း၏ ခိုင်လုံမှုပေါ် ရှုဟုလ်မအာနီကျမ်းတွင် ဖော်ပြထားသည်မှာ စိုက်ယိဒိနာမူစာ ﷺသည် ကနဦးက စာမိရီကို ကွပ်မျက် ပစ်ရန် ရည်စူးခဲ့သော်လည်း အလွှာဟ်အရှင်မြတ်က စာမိရီသည် အလွန်ရက်ရောသူဖြစ်ကာ ဒုက္ခရောက်သူကို အကူ အညီပေးသော သူဖြစ်သဖြင့် ထိုသို့ မသတ်ဖြတ်ရန် ရပ်တန့်စေခဲ့သည်။

لَنُحَرِّقَنَّهٗဟူသော စကားလုံးသည် "ဇကန်မလွဲ ငါတို့သည် ၎င်းအား မီးတိုက်ကြအံ့" ဟုဆိုလိုရင်းဖြစ်သည်။ ဤနေရာ၌ မေးစရာတစ်ခုပေါ်လာသည်။ ရွှေငွေများနှင့် ထုဆစ်ထားသော နွားငယ်ကိုမည်သို့ မီးရှို့ပစ်ရမည်နည်း။ အဘယ်ကြောင့်ဆိုသော် ဤသတ္ထုများအားမီးရှို့လျှင် အရည်သာပျော်၍ ပြာမဖြစ်ချေ။ ဖြစ်နိုင်သည့်အချို့ကို တင်ပြထားသည်။ ပထမဦးစွာ ထိုနွားငယ်တွင် အသက်ရှိကြောင်းလက္ခဏာ ပေါ်ထွက်လာသောအခါ နွားငယ်မှာ ရွှေ ငွေဖြင့် ပြုလုပ်ထားသည့် သတ္တဝါမဟုတ်တော့ဘဲ အသွေးနှင့် အသားရှိသော သတ္တဝါတစ်ကောင်ဖြစ်သွားကာ ယင်းကို သတ်ဖြတ်ပြီး မီးရှို့နိုင်သည်။ ဒုတိယရှင်းလင်းချက်မှာ ယင်းသတ္တဝါကို အမှုန်အမွှားလေးများဖြစ်စေရန် တံစည်းဖြင့် စားနိုင်သည်။(အတ်ဒ္ဒုရ္ဂုလ်အလ်မန်သူရ်) တတိယရှင်းလင်းချက်မှာ ယင်းအား ဓာတုဗေဒဆိုင်ရာ နည်းလမ်းအချို့ဖြင့် လောင်ကျွမ်းစေနိုင်ပါသည်။(ရှုဟုလ်မအာနီ) စတုတ္ထရှင်းလင်းချက်တစ်ခု ရှိသေးသည်မှာ နွားငယ်ကို အံဖွယ်အချို့အားဖြင့် မီးလောင်ကျွမ်းစေနိုင်ပါသည်။ (ဗယာနုလ်ကုရ်အာန်)

အာယသ် (၉၉-၁၁၄)

كَذٰلِكَ نَقُصُّ عَلَيْكَ مِنْ اَنْۢبَآءِ مَا قَدْ سَبَقَ ۚ وَقَدْ اٰتَيْنٰكَ مِنْ لَّدُنَّا ذِكْرًا ﴿٩٩﴾ مَّنْ
اَعْرَضَ عَنْهُ فَاِنَّهٗ يَحْمِلُ يَوْمَ الْقِيٰمَةِ وِزْرًا ﴿١٠٠﴾ خٰلِدِيْنَ فِيْهِ ۭ وَسَاۗءَ لَهُمْ
يَوْمَ الْقِيٰمَةِ حِمْلًا ﴿١٠١﴾ يَّوْمَ يُنْفَخُ فِي الصُّوْرِ وَنَحْشُرُ الْمُجْرِمِيْنَ يَوْمَىِٕذٍ زُرْقًا
﴿١٠٢﴾ يَّتَخَافَتُوْنَ بَيْنَهُمْ اِنْ لَّبِثْتُمْ اِلَّا عَشْرًا ﴿١٠٣﴾ نَحْنُ اَعْلَمُ بِمَا يَقُوْلُوْنَ اِذْ يَقُوْلُ
اَمْثَلُهُمْ طَرِيْقَةً اِنْ لَّبِثْتُمْ اِلَّا يَوْمًا ﴿١٠٤﴾ وَيَسْـَٔلُوْنَكَ عَنِ الْجِبَالِ فَقُلْ يَنْسِفُهَا
رَبِّيْ نَسْفًا ﴿١٠٥﴾ فَيَذَرُهَا قَاۗعًا صَفْصَفًا ﴿١٠٦﴾ لَّا تَرٰى فِيْهَا عِوَجًا وَّلَآ اَمْتًا ﴿١٠٧﴾

يَوْمَئِذٍ يَّتَّبِعُوْنَ الدَّاعِيَ لَا عِوَجَ لَهٗ ۚ وَ خَشَعَتِ الْاَصْوَاتُ لِلرَّحْمٰنِ فَلَا تَسْمَعُ
اِلَّا هَمْسًا ﴿۱۰۸﴾ يَوْمَئِذٍ لَّا تَنْفَعُ الشَّفَاعَةُ اِلَّا مَنْ اَذِنَ لَهُ الرَّحْمٰنُ وَ رَضِيَ لَهٗ
قَوْلًا ﴿۱۰۹﴾ يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ وَ مَا خَلْفَهُمْ وَ لَا يُحِيْطُوْنَ بِهٖ عِلْمًا ﴿۱۱۰﴾ وَ عَنَتِ
الْوُجُوْهُ لِلْحَيِّ الْقَيُّوْمِ ؕ وَ قَدْ خَابَ مَنْ حَمَلَ ظُلْمًا ﴿۱۱۱﴾ وَ مَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ
وَ هُوَ مُؤْمِنٌ فَلَا يَخٰفُ ظُلْمًا وَّ لَا هَضْمًا ﴿۱۱۲﴾ وَ كَذٰلِكَ اَنْزَلْنٰهُ قُرْاٰنًا عَرَبِيًّا وَّ صَرَّفْنَا
فِيْهِ مِنَ الْوَعِيْدِ لَعَلَّهُمْ يَتَّقُوْنَ اَوْ يُحْدِثُ لَهُمْ ذِكْرًا ﴿۱۱۳﴾ فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ
ۚ وَ لَا تَعْجَلْ بِالْقُرْاٰنِ مِنْ قَبْلِ اَنْ يُّقْضٰۤى اِلَيْكَ وَحْيُهٗ ۫ وَ قُلْ رَّبِّ زِدْنِيْ عِلْمًا ﴿۱۱۴﴾

ယင်းကဲ့သို့ပင် ငါအရှင်မြတ်သည် အသင်၏ရှေ့ဝယ် လွန်လေပြီးသောဖြစ်စဉ်များ၏ အကြောင်း သတင်းများကို ပြန်ပြောင်းမိန့်ကြားတော်မူသည်။ ထင်းပြင် ငါအရှင်မြတ်သည် အသင်အား မိမိအထံတော်မှ (ကုရ်အာန်တည်းဟူသော) သတိပေးနှိုးဆော်သည့် ကျမ်းဂန်တစ်စောင်ကို ချီးမြှင့် ပေးသနားတော်မူခဲ့ လေသည်။[၉၉] မည်သူမဆို ယင်း (ကျမ်းတော်)မှ မျက်နှာလွှဲခဲ့ပါမူ ဇကာမလွှ ထိုသူသည် ကိယာမတ် ရှင်ပြန်ထရမည့်နေ့တွင် (အလွန်လေးလံသော) ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရမည် ဖြစ်ပေသည်။[၁၀၀] (ထိုသူတို့သည်) ယင်း(ဝန်ထုပ်ကို ထမ်းဆောင်သယ်ပိုးခြင်း၏)အဖြစ်၌ ထာဝစဉ် ခံစားလျက် ရှိကြပေမည်။ စင်စစ် ထိုဝန်ထုပ်သည် ၎င်းတို့အဖို့ ကိယာမတ် ရှင်ပြန်ထရမည့်နေ့တွင် အလွန်ဆိုးရွားလှသော ဝန်ထုပ်ပင် ဖြစ်ချိမ့်မည်။[၁၀၁] အကြင်နေ့တွင် တံပိုးခရာကို မှုတ်ပေမည်။ ထင်းပြင် ငါအရှင်မြတ်သည် ထိုနေ့တွင် အပြစ်ရှိသူတို့အား မျက်စိ ကန်းသူများအဖြစ် စုရုံးစေတော်မူမည်။[၁၀၂] (ထိုနေ့တွင်) ၎င်းတို့သည် မိမိတို့ အချင်းချင်း "အသင်တို့သည် သင်္ချိုင်းများတွင် ဆယ်ရက်မျှသာနေခဲ့ကြသည်"ဟု တီးတိုးပြောဆိုကြပေမည်။[၁၀၃] ငါအရှင်မြတ်သည် ၎င်းတို့ပြောဆိုကြသည့် (အကြောင်း)ကို ကောင်းမွန်စွာ သိတော်မူသောအရှင် ဖြစ်တော်မူပေသည်။ အကြင်အခါဝယ် ၎င်းတို့အနက် အကြံဉာဏ်အားဖြင့် အတော်ဆုံးသောသူက "အသင်တို့သည် (သင်္ချိုင်းများတွင်) တစ်ရက်မျှသာ နေခဲ့ကြသည်"ဟု ပြောဆိုခဲ့သတည်း။[၁၀၄]

ထင်းပြင် ထို(မက္ကာမြို့သား မိစ္ဆာဝါဒီ)တို့သည် အသင်အား တောင်များနှင့်စပ်လျဉ်း၍ (မည်သို့မည်ပုံဖြစ်မည်ကို) မေးမြန်းကြ ကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့)ပြောဆို (ဖြေကြား)ပါလေ။ (အချင်းတို့၊) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ယင်းတောင်များကို (အစိတ်စိတ် အပိုင်းပိုင်း ဖြစ်စေ၍) လွင့်ပါးစေတော်မူမည် ဖြစ်ပေသည်။[၁၀၅] တစ်ဖန် ထိုအရှင်မြတ်သည် ယင်း(ပထဝီမြေ)ကို ညီညာသော လွင်ပြင်အဖြစ် ကျန်ရစ်စေတော်မူမည် ဖြစ်ချေသည်။[၁၀၆] အသင်သည် ထို(ပထဝီမြေ)၌ မည်

သည့်ချိုင့်ဝှမ်းကိုမျှလည်းကောင်း၊ မည်သည့် ကုန်းကိုမျှလည်းကောင်း တွေ့မြင်လိမ့်မည် မဟုတ်ပေ။[၁၀၇]

ထိုနေ့တွင် လူတို့သည် ဆင့်ခေါ်သူ၏နောက်သို့ ကွေ့ကောက်ခြင်းမရှိဘဲ (ဖြောင့်တန်းစွာ) လိုက်ကြပေမည်။ ၎င်းပြင် "ရဟ်မာန်"အနန္တကရုဏာတော်ရှင်၏ ရှေ့တော်မှောက်ဝယ် (၎င်းတို့ ၏) အသံများမှာ ငြိမ်ဆိမ်၍သွားကြပေမည်။ သို့ဖြစ်ပေရာ အသင်သည် (တိုးတိုး ပြောဆိုချက်) ခြေသံမှတစ်ပါး မည်သည့်အသံကိုမျှ ကြားလိမ့်မည် မဟုတ်ပေ။[၁၀၈]

ထိုနေ့တွင် ကြားဝင်အသနားခံခြင်းသည် အကြင်သူမှတစ်ပါး (မည်သူတစ်ဦးတစ်ယောက်အဖို့မျှပင်)အကျိုးပေးလိမ့်မည်မဟုတ်ပေ။ထိုသူနှင့်ပတ်သက်၍"ရဟ်မာန်" အနန္တ ကရုဏာတော်ရှင်သည် ခွင့်ပြုတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်း၏ စကား တစ်စုံတစ်ရာကို နှစ်သက်တော်မူခဲ့ လေသည်။[၁၀၉] ထိုအရှင်မြတ်သည် ၎င်းတို့၏ရှေ့နောက် အဖြစ်အပျက် (အကြောင်းကိစ္စ)အလုံးစုံတို့ကို (အကြွင်းမဲ့) သိရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မူကား ထိုအရှင်မြတ် (သိတော်မူသော ယင်းအကြောင်းကိစ္စများ)ကို (မိမိတို့၏) အသိပညာဖြင့် ဝန်းခြုံ(၍ သိ)နိုင်ကြသည် မဟုတ်ပေ။[၁၁၀]

ထို့ပြင် (ထိုနေ့တွင် လူခပ်သိမ်းတို့၏) မျက်နှာများမှာ ထာဝရရှင်နေတော်မူသော၊ အစဉ်အမြဲ တည်ရှိနေတော်မူသောအရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အောက်ကျို့လျက် ရှိကြပေမည်။ ၎င်းပြင် ဇကန်မလွဲ မတရားမှုကို (ကျူးလွန်) ထမ်းဆောင်ခဲ့သော သူမှာမူကား အထမမြောက် အကြံမှောက်မည်သာတည်း။[၁၁၁] သို့ရာတွင် အကြင်သူသည် ကောင်း မြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ရုံမျှမက ထိုသူသည် မုအ်မင်နှ် သက်ဝင်ယုံကြည်သူလည်းဖြစ်ခဲ့မူ ထိုသူကား မတရားမှုကိုလည်းကောင်း၊ လျော့နည်း စေခြင်းကိုလည်းကောင်း၊ စိုးရိမ်ရမည် မဟုတ်ချေ တကား။[၁၁၂]

စင်စစ် ဤနည်း အတိုင်းပင် ငါအရှင်မြတ်သည် ယင်း(ကျမ်းဂန်)ကို စကားပြေပြစ်ကောင်းမွန်လှသော ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် ချပေးသနားတော် မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ် သည် ယင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ခြိမ်းခြောက်မှုများကို အနည်းနည်း အဖုံဖုံ မိန့်ကြားတော်မူခဲ့လေသည်။ သို့မှသာလျှင် ၎င်းတို့သည် ကြောက်ရွံ့ကြပေမည်။ သို့ တည်းမဟုတ် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့၌ (အသိတရား)သတိတရား ကို ဖြစ်ပေါ်စေမည်ဖြစ်ပေသည်။[၁၁၃] သို့ဖြစ်ပေရာ စိုးမိုးအုပ်ချုပ်တော်မူသော(ဘုရင်) အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်လှတော်မူ၏။ ထို့ပြင် အသင်သည် မိမိထံသို့ ထိုအရှင်မြတ်၏ "ဝဟ်ယ်"အမိန့်တော်ပြီးဆုံးသည်အထိ မကျရောက်မီ ကုရ်အာန်ကျမ်းတော်မြတ်(ကို ရွတ်ဖတ်သရဇ္ဈာယ်ရာ)၌ အလျင် စလို မပြုလေနှင့်။ ၎င်းပြင် အသင်သည် "အိုဟ်-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၌ အသိပညာကို တိုးပွားစေတော်မူပါ" ဟု လျှောက်ထား (အသနားခံ)ပါလေ။[၁၁၄]

အကျယ်ဖွင့်ဆိုခြင်း

وَقَدْ اٰتَيْنٰكَ مِنْ لَّدُنَّا ذِكْرًا "ငါအရှင်မြတ်သည် အသင်အားမိမိအထံတော်မှ သတိပေးနိုးဆော်သည့် (ကျမ်းတစ်စောင်) ပေးထားသည်။ (၂၀း၉၉)" ဋီကာရှင်အများစုအဆိုအရ လက်ရှိစာသားတွင် ပါဝင်သည်။ **ذِكْر** (သတိပေးနှိုးဆော်သောအရာ) ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုလိုသည်။

مَنْ اَعْرَضَ عَنْهُ فَاِنَّهٗ يَحْمِلُ يَوْمَ الْقِيٰمَةِ وِزْرًا "မည်သူမဆို ယင်း(ကျမ်းတော်)မှ မျက်နှာလွှဲခဲ့ပါမူ၊ ဇကန်မလွဲထိုသူသည် ကိယာမသ် ရှင်ပြန်ထ ရမည့်နေ့တွင် (အလွန်လေးလံသော) ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရမည် ဖြစ်ပေသည်။ (၂၀း၁၀၀)" ကုရ်အာန် ကျမ်းတော်မြတ်ကို မျက်နှာလွှဲခြင်းဆိုရာ၌ အသွင်အမျိုးမျိုး ရှိနိုင်သည်။ ယင်းကျမ်းတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ရာတွင် သင့်မြတ်လျော်ကန်သော ဂရုစိုက်မှုနှင့် အရိုသေပေးမှုမရှိခြင်း၊ ယင်းကျမ်းမြတ်ကို ဖတ်ရွတ်သရဇ္ဈာယ်မှုအား လေ့လာဆည်းပူးရန်လည်းကောင်း၊ ကျမ်းပါ အဓိပ္ပာယ်များကို သိရှိနားလည်ရန်လည်းကောင်း စိုးစဉ်းမျှဆန္ဒမရှိကြောင်း ဖော်ပြခြင်း။ အသံထွက်မှန်မှန်ဖြင့် ဖတ်ရမည်ကို အလေးမထားဘဲ မမှန်မကန်ဖတ်ရွတ်ခြင်း စသည်တို့ဖြစ်သည်။ ကျမ်းစာကို အာရုံစူးစိုက်မှုအပြည့်အဝမထားဘဲ ဖတ်ရွတ်သရဇ္ဈာယ်ခြင်း။ ယင်းကျမ်းစာကို ဖတ်ရွတ်သရဇ္ဈာယ်ခြင်းသည် အလ္လာဟ်အရှင် ကျေနပ်နှစ်သက်ရန်မဟုတ်ဘဲ လောကီဆိုင်ရာ ဆုလာဘ်များဖြစ်သည့် ဥစ္စာပစ္စည်းနှင့် ကျော်ကြားမှု ရလိုသောဆန္ဒဖြင့် ဖတ်ရွတ်ခြင်းတို့ဖြစ်သည်။ အလားတူ ကုရ်အာန်ကျမ်းတော်မြတ်က ချမှတ်ထားသော ဥပဒေများကို သိရှိနားလည်သဘောပေါက်ရန် မကြိုးစားခြင်း သို့တည်းမဟုတ် နားလည်သဘောပေါက်ပြီးမှ ထိုဥပဒေများကို မလိုက်နာခြင်း ထိုဥပဒေများနှင့် ဆန့်ကျင်စွာလုပ်ဆောင်ခြင်း စသည်တို့သည် ကျမ်းတော်မြတ်ကို အဆုံးစွန်မလေးစားမှုများဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ အခွင့်အရေးများနှင့် အခိုင်အမာ အချက်အလက်များကို လျစ်လျူရှုခြင်းသည် ကြီးမားသော ဂုနာဟ်ပြစ်မှုကြီးဖြစ်၍ ယင်းပြစ်မှုကျူးလွန်သူသည် တရားစီရင်မည့်နေ့တွင် ထိုပြစ်မှုဂုနာဟ်ကို လေးလံသော ဝန်ထုပ်ဝန်ပိုးသဖွယ် ခေါင်းပေါ်၌ ရွက်ထားရမည်။ ဆင့်ပြန်ချက်အချို့တွင် တင်ပြထားသည်မှာ လူတစ်ဦးသည် ဘဝသက်တမ်းတစ်လျှောက်လုံး၌ လုပ်ဆောင်ခဲ့သော မကောင်းမှုများနှင့် ပြစ်မှုဂုနာဟ်များမှာ ပြန်လည်ရှင်ပြန်ထရမည့် နေ့တွင် ခေါင်းပေါ်၌ လေးလံသော ဝန်ထုပ်ဝန်ပိုးအဖြစ် ရွက်ထားရပေမည်။

يُنْفَخُ فِى الصُّوْرِ "အကြင်နေ့တွင် တံပိုးခရာကို မှုတ်ပေးမည် (၂၀း၁၀၂)" စိုက်ယိဒိနာအိဗနိအုမရ်ﷺ အဆိုအရ ဘီဒိုအင် တစ်ဦးသည် တမန်တော်မြတ်ﷺကို **صور** စူရ်တံပိုးနှင့်ပတ်သက်၍ မေးမြန်းရာ၌ ယင်းအရာမှာ ဦးချိုကဲ့သို့သော အရာဖြစ်ကာ ယင်းကို မှုတ်လိမ့်မည်ဖြစ်ကြောင်း ဖြေကြားခဲ့လေသည်။ ဆိုလိုသည်မှာ ကောင်းကင်စေတမန်တစ်ဦးက ယင်းဦးချိုတံပိုးကိုမှုတ်လိုက်စဉ်တွင် ရာစုပေါင်းများစွာတွင် သေဆုံး၍မြှုပ်နှံထားခဲ့သောသူများသည် အသက်တစ်ဖန် ပြန်လည်ရှင်လာလိမ့်မည်။ အလ္လာဟ်အရှင်တစ်ပါးတည်းသာလျှင် စူရ်(တံပိုး)၏ စစ်မှန်သော သဘာဝကို သိတော်မူပါသည်။

وَلَا تَعْجَلْ بِالْقُرْاٰنِ مِنْ قَبْلِ اَنْ يُّقْضٰٓى اِلَيْكَ وَحْيُهٗ "ထို့ပြင် အသင်သည် မိမိထံသို့ အလ္လာဟ်အရှင်မြတ်၏ "ဝဟ်ယ်" အမိန့်တော်ပြီးဆုံးသည်အထိ မကျရောက်မီ ကုရ်အာန်ကျမ်းတော်မြတ်(ကို ရွတ်ဖတ်သရဇ္ဈာယ်ရာ)၌အလျင်စလိုမပြုလေနှင့်။" (၂၀း၁၁၄) စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺ၏ ခိုင်လုံမှုအရ ဆွဟီးဒ်ဟဒီးစ်တော်တွင် တင်ပြထားခဲ့သည်မှာ ဝဟီကျရောက်သည့်အစောပိုင်းအချိန်က ကောင်းကင်စေတမန်ဂျစ်ဗရာအီလ်ﷺသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တပုဒ်ကို သယ်ဆောင်လာကာ တမန်တော်မြတ်ﷺထံ ရွတ်ဖတ်သရဇ္ဈာယ် ပြခဲ့ရာ၌ တမန်တော်မြတ်ﷺ မေ့

မသွားစေရန်သူနှင့် အတူလိုက်၍ ရွတ်ဖတ်သရဇ္ဈာယ်ရသည်။ ထို့ကြောင့် ကိုယ်တော်မြတ်ﷺ သည် နှစ်ဆတိုး၍ ကြိုးပမ်းအားထုတ်ရသည်။ ဆိုလိုသည်မှာ ကောင်းကင်စေတမန် ဂျစ်ဗရာအီလ်ﷺ ရွတ်ဖတ်သရဇ္ဈာယ်စဉ်တွင် ရွတ်ဖတ်ခြင်းကိုနားထောင်၍ ကုရ်အာန်ကျမ်းတော်မြတ် အာယသ်၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ရန် ဖြစ်သည်။ ထို့နောက် အလွတ်ရရန် ထပ်၍ ကိုယ်တော်မြတ်ﷺက ရွတ်ဖတ်သရဇ္ဈာယ်ရသည်။ ဤအာယသ်ထဲတွင်နှင့် စူရာဟ်ကီယာမသ်၏ **لَا تُحَرِّكْ بِهٖ لِسَانَكَ** (၇၅း၁၆)တို့တွင် အလ္လာဟ်အရှင်မြတ်က ဤဝန်ထုပ်ဝန်ပိုးကို ပေါ့ပါးစေခဲ့သည်။ တမန်တော်မြတ်ﷺသည် ကုရ်အာန် ကျမ်းတော်မြတ်ပါ အာယသ်များကို အလွတ်ရရန်အတွက် စိတ်ပူရန်မလိုပါ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ် အရှင်မြတ်က ကိုယ်တော်မြတ်ﷺ မကြိုးပမ်းဘဲနှင့် အလွတ်ရစေရန် ပြုလုပ်မည်ဖြစ်ကြောင်း သူ့ကို စိတ်ချစေပါသည်။ တမန်တော်မြတ်ﷺက အဆက်မပြတ်လုပ်ဆောင်ရန် ညွှန်ကြားခဲ့ရာမှာ **رَبِّ زِدْنِيْ عِلْمًا** "အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏ အသိပညာကို တိုးပွားစေတော်မူပါ။(၂၀း၁၁၄)"ဟူသော ဒုအာကိုရွတ်ဆိုရန်ဖြစ်သည်။ ဤပြီးပြည့်စုံသည့် ဒုအာထဲတွင် ဝဟီကျရောက်ပြီးဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်၏ အစိတ်အပိုင်းများနှင့် ကျန်ရှိသည်များကို ယင်းတို့၏ စစ်မှန်သော အဓိပ္ပာယ်များအား နားလည်သဘောပေါက်နိုင်စွမ်း ရရှိရန် အသနားခံမှု ပါဝင်သည်။

အာယသ် (၁၁၅-၁၂၇)

وَ لَقَدْ عَهِدْنَآ اِلٰٓى اٰدَمَ مِنْ قَبْلُ فَنَسِيَ وَ لَمْ نَجِدْ لَهٗ عَزْمًا ﴿۱۱۵﴾ وَ اِذْ قُلْنَا
لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ فَسَجَدُوْٓا اِلَّآ اِبْلِيْسَ ؕ اَبٰى ﴿۱۱۶﴾ فَقُلْنَا يٰٓاٰدَمُ اِنَّ هٰذَا
عَدُوٌّ لَّكَ وَ لِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقٰى ﴿۱۱۷﴾ اِنَّ لَكَ اَلَّا تَجُوْعَ فِيْهَا
وَ لَا تَعْرٰى ﴿۱۱۸﴾ وَ اَنَّكَ لَا تَظْمَؤُا فِيْهَا وَ لَا تَضْحٰى ﴿۱۱۹﴾ فَوَسْوَسَ اِلَيْهِ الشَّيْطٰنُ قَالَ
يٰٓاٰدَمُ هَلْ اَدُلُّكَ عَلٰى شَجَرَةِ الْخُلْدِ وَ مُلْكٍ لَّا يَبْلٰى ﴿۱۲۰﴾ فَاَكَلَا مِنْهَا فَبَدَتْ لَهُمَا
سَوْاٰتُهُمَا وَ طَفِقَا يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ ۬ وَ عَصٰٓى اٰدَمُ رَبَّهٗ فَغَوٰى ﴿۱۲۱﴾
ثُمَّ اجْتَبٰهُ رَبُّهٗ فَتَابَ عَلَيْهِ وَ هَدٰى ﴿۱۲۲﴾ قَالَ اهْبِطَا مِنْهَا جَمِيْعًا ۚ بَعْضُكُمْ
لِبَعْضٍ عَدُوٌّ ۚ فَاِمَّا يَاْتِيَنَّكُمْ مِّنِّيْ هُدًى ۙ فَمَنِ اتَّبَعَ هُدَايَ فَلَا يَضِلُّ وَ لَا يَشْقٰى
﴿۱۲۳﴾ وَ مَنْ اَعْرَضَ عَنْ ذِكْرِيْ فَاِنَّ لَهٗ مَعِيْشَةً ضَنْكًا وَّ نَحْشُرُهٗ يَوْمَ الْقِيٰمَةِ اَعْمٰى
﴿۱۲۴﴾ قَالَ رَبِّ لِمَ حَشَرْتَنِيْٓ اَعْمٰى وَ قَدْ كُنْتُ بَصِيْرًا ﴿۱۲۵﴾ قَالَ كَذٰلِكَ اَتَتْكَ اٰيٰتُنَا
فَنَسِيْتَهَا ۚ وَ كَذٰلِكَ الْيَوْمَ تُنْسٰى ﴿۱۲۶﴾ وَ كَذٰلِكَ نَجْزِيْ مَنْ اَسْرَفَ وَ لَمْ يُؤْمِنْۢ بِاٰيٰتِ
رَبِّهٖ ؕ وَ لَعَذَابُ الْاٰخِرَةِ اَشَدُّ وَ اَبْقٰى ﴿۱۲۷﴾

ထင်ပြင် ဇကန်မလွှ ငါအရှင်မြတ်သည် အာဒမ်၏ထံသို့ အမိန့်တော်ထုတ်ပြန် ချမှတ်တော်မူခဲ့လေသည်။ သို့ရာတွင် ထိုအာဒမ်သည် (ယင်းအမိန့် တော်ကို) မေ့လျော့ခဲ့လေသည်။ စင်စစ် ငါအရှင်မြတ်သည် ယင်းအာဒမ်၌ တည်ကြည်ကြံ့ခိုင်မှုကို တွေ့တော် မမူခဲ့ချေ။[၁၁၅]

(ပြန်လည်အောက်မေ့ သတိရကြလေကုန်)။ တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် မလာအိကဟ် ကောင်းကင်တမန်များအား အသင်တို့သည် အာဒမ်၏ရှေ့ဝယ် စကျဒဟ် ပျိုဝပ်ဦးချကြလေကုန်ဟု မိန့်ကြားတော်မူခဲ့ရာ ဣဗ်လီစ်မှတစ်ပါး ကောင်းကင်တမန် အပေါင်းတို့သည် ပျိုဝပ်ဦးချခဲ့ကြလေသည်။ ယင်းဣဗ်လီစ်မှာမူကား (ပျိုဝပ်ဦးချခြင်းမပြုဘဲ အမိန့်တော်ကို) သွေဖည် ငြင်းပယ်ခဲ့လေသည်။[၁၁၆] ထိုအခါ ငါအရှင်မြတ်သည် (ဣဗ်လီစ်) မိန့်ကြားတော်မူခဲ့၏။ အို-အာဒမ်၊ ဤ(ဣဗ်လီစ်)ကား အသင်နှင့် အသင့်ခင်ပွန်း၏ ရန်သူပင်ဖြစ်ချေသည်။ သို့ဖြစ်ပေရာ ယင်းဣဗ်လီစ်သည် အသင်တို့နှစ်ဦးအား ဣန္ဒာတ်အမတသုခဘုံမှ နှင်မထုတ်စေနှင့်။ သို့ဖြစ်ခဲ့မူ အသင်သည် အကြောင်းမလှဖြစ်မည်သာ။[၁၁၇] ဇကန်အမှန် အသင်၌ ယင်းဣန္ဒာတ် အမတသုခဘုံတွင် ဆာလောင်ခြင်းလည်း ရှိလိမ့်မည် မဟုတ်ပေ။ ထင်ပြင် အသင်သည် အဝတ်ကင်းမဲ့မှုလည်း ဖြစ်ရလိမ့်မည်လည်း မဟုတ်ချေ။[၁၁၈] ထို့ပြင် ဇကန်စင်စစ် အသင်သည် ယင်းသုခဘုံ၌ ရေမွတ်သိပ်မည်လည်း မဟုတ်ပေ။ ထို့ပြင် အသင်သည် နေပူခံရမည်လည်း မဟုတ်ချေ။[၁၁၉]

ထို့နောက် ရှိုင်တွာန်မိန္ဓာကောင်သည် ယင်းအာဒမ်၏ စိတ်တွင်းဝယ် သွေးဆောင်ဖြားယောင်းခဲ့လေသည်။ ထင်းက (အာဒမ်အား) အို-အာဒမ်၊ ကျွန်ုပ်သည် အသင့်အား အစဉ်အမြဲ ရှင်နေသော သစ်ပင်ကိုလည်းကောင်း၊ ဟောင်းမြင်းဆွေးမြည့်ခြင်းမရှိသောဘိုးဘိုး အုပ်ချုပ်မှု(အာဏာ)ကိုလည်းကောင်း ညွှန်ပြရမည်လောဟုပြောဆိုခဲ့လေ၏။ [၁၂၀]

သို့ဖြစ်ပေရာ ထင်းတို့(ဇနီးမောင်နှံ)နှစ်ဦးသည် ထိုသစ်ပင်မှ(အသီးကို)စားသုံးခဲ့ကြလေ၏။ ထိုအခါ ထင်းတို့(ဇနီးမောင်နှံ)နှစ်ဦး၏ (ဖုံးအုပ်လျက်ရှိသော) အရှက်များသည် ထင်းတို့ရှေ့ဝယ် ပေါ်၍သွားခဲ့လေသည်။ ထို့နောက် ထင်းတို့နှစ်ဦးသည် မိမိတို့ (ကိုယ်)ကို ဣန္ဒာတ်အမတသုခဘုံမှ သစ်ရွက်များဖြင့် ဖုံးအုပ်ခြင်းကို စတင်ပြုလုပ် ခဲ့ကြလေသည်။ စင်စစ် အာဒမ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(၏ အမိန့်တော်)ကို ဆန့်ကျင်မိခဲ့လေရာ လမ်းမှန်မှ လွှဲခဲ့ရလေသည်။[၁၂၁] ထို့နောက် ယင်းအာဒမ်အား ထင်းကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် ရွေးချယ်တော် မူခဲ့လေရာ၊ ထိုအရှင်မြတ်သည် ထင်း၏ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူ(၍ ထင်း၏တောင်းပန်ချက်ကို သဘောတူ လက်ခံတော်မူ)ခဲ့လေသည်။ ထို့ပြင် တရားလမ်းမှန်ကိုလည်း ပြတော်မူခဲ့လေသည်။[၁၂၂] ထိုအရှင်မြတ်က (ဣဗ်လီစ်)မိန့်ကြားတော်မူခဲ့၏။ အသင်တို့နှစ်ဦးသည် ယင်းဣန္ဒာတ် အမတသုခဘုံမှ ဆင်းသွားကြလေကုန်။ အသင်တို့(၏ သား

သမီးများ)အနက် တစ်ဦးသည် တစ်ဦး၏ရန်သူပင်ဖြစ်ပေမည်။ ထို့နောက် အကယ်၍ အသင်တို့ထံ ငါအရှင်မြတ် အထံတော်မှ တစ်စုံတစ်ရာ တရားလမ်းညွှန် ရောက်ရှိလာသောအခါ မည်သူမဆို ငါအရှင်မြတ်၏ တရား လမ်းညွှန်အတိုင်း လိုက်နာခဲ့မူ ထိုသူသည် လမ်းမှားလိမ့်မည်လည်း မဟုတ်ပေ။ အထမမြောက် အကြံမောက် မည်လည်း မဟုတ်ချေ။[၁၂၃] သို့ရာတွင် မည်သူမဆို ငါအရှင်မြတ်၏ တရားဒေသနာတော်မှ မျက်နှာလွှဲခဲ့မူ ဇကန်မလွဲ ထိုသူ၌ ကျိပ်တည်းသော အသက်မွေးမြူမှုရှိပေမည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ကိယာမတ်နေ့တွင် မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူမည် ဖြစ်သည်။[၁၂၄] (ထိုအခါ) ထိုသူက "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုးသည် မျက်စိမြင်သူ (တစ်ဦး)ဖြစ်ခဲ့ပါလျက် အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူပါသနည်း"ဟု လျှောက်ထားပေမည်။[၁၂၅] (ထိုအခါ) ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူပေမည်။ (ဤကိစ္စသည်) ဤအတိုင်းပင် ဖြစ်ပေမည်။ ငါအရှင်မြတ်၏ သက်သေသာဓကများသည် အသင့်ထံ ရောက်ရှိလာခဲ့သောအခါ အသင်သည် ထိုသက်သေ သာဓကများကို (ယုံကြည်လက်ခံခြင်းမပြုဘဲ) စွန့်ထားခဲ့လေသည်။ ထိုနည်းအတိုင်းပင် ယနေ့ အသင်သည်လည်း စွန့်ထားခြင်းကို ခံရပေမည်။[၁၂၆]

စင်စစ်သော်ကား ဤအတိုင်းပင် ငါအရှင်မြတ်သည် အကြင်သူအား အစားပေးတော်မူပေမည်။ ထိုသူသည် စည်းမဲ့ကမ်းမဲ့ ပြုလုပ်ခဲ့ပေသည်။ ၎င်းပြင် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေသာဓကများကိုလည်း မယုံကြည်ခဲ့ချေ။ စင်စစ်ဇကန် တမလွန်ဘဝ၏ ပြစ်ဒဏ်သည်ကား ပိုမိုရှိပင် ပြင်းထန်လှ၏။ ၎င်းပြင် ပိုမိုရှိပင် တည်မြဲလှပေသတည်း။[၁၂၇]

အကျယ်ဖွင့်ဆိုခြင်း

ယခု ကျွန်ုပ်တို့သည် စိုက်ယိဒိနာအာဒမ်ﷺနှင့် ပတ်သက်သောအကြောင်းအရာ ရောက်ရှိလာချေပြီ။ ၎င်းနှင့် ပတ်သက်သည့်အကြောင်းအရာများမှာ ပြီးခဲ့သည့်စူရဟ်များဖြစ်သော စူရဟ်အလ်ဘကရဟ်နှင့် စူရစ်အလ်အာရာဖ်ထဲတွင်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအနေဖြင့် စူရဟ်ဟိဂျရ်နှင့် စူရဟ်အလ်ကဟာဖ်ထဲတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် နောက်လာမည့် စူရဟ်ဆွားဒ်ထဲတွင်လည်းကောင်း ဆက်လက်တွေ့ရပါလိမ့်မည်။ အဖြစ်အပျက်နှင့် လက်ရှိ အာယသ်များ ဆက်နွယ်မှုကို ဋီကာရှင်များက အမျိုးမျိုးရှင်းလင်း ပြသကြပါသည်။ ဤရှင်းလင်းပြသချက်များအနက်မှ အလွန်ထင်ရှားသည့် ရှင်းလင်းချက်သည် ပြီးခဲ့သောအာယသ် "كَذَٰلِكَ نَقُصُّ عَلَيْكَ مِنْ أَنۢبَآءِ مَا قَدْ سَبَقَ" ယင်းကဲ့သို့ ပင် ငါအရှင်မြတ်သည် အသင်၏ ရှေ့ဝယ် လွန်လေပြီးသောဖြစ်စဉ်များ၏ အကြောင်းသတင်းများကို ပြန်ပြောင်းမိန့်ကြားတော်မူသည်။(၂၀း၉၉)"ကို ရည်ညွှန်းသည်။ ယင်းထဲတွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ﷺကို အသိပေးသည်မှာ လွန်လေပြီးသော တမန်တော်များ၏ အဖြစ်အပျက်များကို ၎င်းအပေါ် ဝဟီချပေးခဲ့ရခြင်းမှာ တမန်တော်မြတ်ﷺ တမန်တော်ဖြစ်ခြင်း အကြောင်း သက်သေပြခြင်း၊ အတည်ပြုခြင်း ဖြစ်သည်။ ထို့နောက် တမန်တော်မြတ်ﷺ၏ နောက် လိုက်များကို အစောပိုင်းမျိုးဆက်များ ပြစ်မှုဂုနာဟ်ကျူးလွန်သောကြောင့် ပြစ်ဒဏ်ခတ်ခံရသည်ဆိုကြောင်း

ၵင်းတို့အား သတိပေးရန် ဖြစ်သည်။ ပထမဦးစွာ ညွှန်ကြားချက်အများဆုံးပါသော အဖြစ်အပျက်မှာ စိုက်ယိဒိနာအာဒမ်ﷺ၏ အဖြစ်အပျက် ဖြစ်သည်။ ယင်းထဲတွင် တမန်တော်မြတ်ﷺ၏ နောက်လိုက်များအား ရှင်းလင်းပြတ်သားစွာ သတိပေးထားသည်။ ထိုသတိပေးထားချက်မှာ ထိုရှိုက်တွာန်သည် လူသားများ၏ ရန်သူဟောင်းဖြစ်ကာ ၵင်း၏မြောက်ပင့်မှုများနှင့် သနား ကြင်နာမှုယောင်ဆောင်မှုများဖြင့် စိုက်ယိဒိနာအာဒမ်ﷺကို အမှားတစ်ခုကျူးလွန်ရန် လှည့်စားခဲ့သည်။ ထိုအမှားကြောင့် ၵင်းနှင့်ဇနီးတို့နှစ်ဦးစလုံးကို ဂျန္နသ်သုခဘုံမှ နှင်ထုတ်ခဲ့၍ ၵင်းတို့ဝတ်ဆင်ထားသော အဝတ်အစားများလည်း ဖယ်ရှားခံခဲ့ရပါသည်။ နောက်ပိုင်းတွင် သူတို့၏ ခွင့်လွှတ်မှုရရန် ဒုအာတောင်း ဆိုခဲ့သည့်အတွက် အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူကာ စိုက်ယိဒိနာအာဒမ်ﷺကို တမန်တော်အဆင့်သို့ မြှင့်တင်ပေးခဲ့သည်။

"**وَلَقَدْ عَهِدْنَآ إِلَىٰٓ ءَادَمَ مِن قَبْلُ فَنَسِىَ وَلَمْ نَجِدْ لَهُۥ عَزْمًا**"ၵင်းပြင် ဇကန်မလွဲ ငါအရှင်မြတ်သည် အာဒမ်၏ ထံသို့ အမိန့်တော်ထုတ်ပြန် ချမှတ်တော်မူခဲ့လေသည်။ သို့ရာတွင် ထိုအာဒမ်သည် (ယင်းအမိန့်တော်ကို) မေ့လျော့ခဲ့လေသည်။ စင်စစ် ငါအရှင်မြတ်သည် ယင်းအာဒမ်၌ တည်ကြည်ကြံ့ခိုင်မှုကို တွေ့တော်မမူခဲ့ချေ။ (၂၀း၁၁၅)" ဤနေရာပါ **عَهِدْنَآ** ဟူသောစကားလုံးကို **أَمَرْنَا** သို့မဟုတ် **وَصَّيْنَا** အနေဖြင့်သုံးနှုန်းထားသည်။ (အလ်ဗဟ်ရုလ်မုဟီးတ်)။ ထို့ပြင် အာယသ်၏အဓိပ္ပာယ်မှာ တမန်တော်မြတ်ﷺ မပွင့်ပေါ်မီ ရှည်လျားသော အချိန်ကာလက အလ္လာဟ်အရှင်မြတ်သည် သီးသန့်သစ်ပင်တစ်ပင်ကို သတ်မှတ်ထား ခဲ့သည်။ ထို့နောက် စိုက်ယိဒိနာအာဒမ်ﷺကို ထိုသစ်ပင်မှ ရှောင်ရှားရန်နှင့် ထိုသစ်ပင်မှထွက်သည်တို့ကို မစားသုံးရန် အမိန့်ပေးထားခဲ့သည်။ ထိုသစ်ပင်ကိုသာ တားဆီးထား၍ အခြားသစ် ပင်များမှ ထွက်ရှိသည်တို့နှင့် အလ္လာဟ်ထံတော်မှ အခြားလက်ဆောင်အားလုံးကို လွတ်လွတ်လပ်လပ် သုံးစွဲနိုင်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းတို့ကို ဂျန္နသ် သုခဘုံအတွင်း ပေါများကြွယ်ဝစွာ ပေးကမ်းထားသည်။ ၵင်းနောက် ဆက်လက်ဖော်ပြရလျှင် ရှိုက်တွာန်သည် သူ့ရန်သူဖြစ်ကြောင်း၊ သူ့မာယာပရိယာယ်များကို သတိထား ရှောင်ရှားရမည့်အကြောင်း၊ အနည်းငယ်လစ်ဟင်းလျင်ပင် အကြီးအကျယ်ဒုက္ခတွေ့နိုင်ကြောင်း သတိပေးခဲ့သည်။ သို့ရာတွင် သူသည်မေ့လျော့ရုံမျှမက တည်ကြည်ကြံ့ခိုင်မှုလည်း နည်းပါးခဲ့သည်။ ဤနေရာ၌ **نِسْيَان** မေ့လျော့ခြင်း၊ သတိမမူမိခြင်းဟု အဓိပ္ပာယ်သက်ရောက်သည် **نِسْيَان**(နိစ်ယာမ်)နှင့် လုပ်ငန်းအချို့ လုပ်ဆောင်ရာတွင် တည်ကြည်ကြံ့ခိုင်မှုရှိသည်ဟု အဓိပ္ပာယ်သက်ရောက်သည့် **عَزْم**(အဇမ်) ဟူသည့် စကားလုံးနှစ်လုံး သုံးနှုန်းထားသည်။ ဤစကားလုံးနှစ်လုံး၏ အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ နားလည် သဘောပေါက်ရန် စိတ်ဝယ်စွဲမှတ်ထားရမည်မှာ စိုက်ယိဒိနာအာဒမ်ﷺသည် အလ္လာဟ်အရှင်မြတ်က တမန်တော်များကို သစ္စာရှိခြင်း (မပြောင်းလဲခြင်း)နှင့် ရည်ရွယ်ချက်ခိုင်မာခြင်း ပေးအပ်ရာ၌ စိုက်ယိဒိနာအာဒမ်ﷺမှာ တစ်ပါး အပါအဝင် ဖြစ်သည်။ ထို့နောက်ထိုတမန်တော်များသည် ၵင်းတို့ တမန်တော်ဖြစ်ခြင်း၏ ထူးမြတ်မှုက မမှားယွင်းနိုင်ပါ။

ပထမစကားလုံးက စိုက်ယိဒိနာအာဒမ်ﷺ မေ့လျော့ခြင်းဖြစ်သည်ဟု ရည်ညွှန်းကာ မေ့လျော့ခြင်းဆိုသည်မှာ တမင်တကာ စိတ်အလိုလိုက်လုပ်ခြင်း မဟုတ်သောကြောင့် ယင်းသည်အပြစ်ဂုနာဟ်မဟုတ်ချေ။ **رفع عن امّتى الخطاوالنسيان**"ငါ၏နောက်လိုက်များအပေါ်၌ ၵင်းတို့၏အမှားများနှင့် မေ့လျော့မှုများအတွက် တာဝန်မတင်ရှိစေပါ" ဟူ၍ ဟဒီးစ်တစ်ရပ်တွင် လာရှိသည်။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် **لَا يُكَلِّفُ اللَّهُ نَفْسًا إِلَّا وُسْعَهَا** "အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထိုသူ၏စွမ်းအားထက်ပို၍ တာဝန်ပေးတော်မမူချေ။ (၂း၂၈၆)" ဟူသော ယေဘုယျကြေညာချက် ပါဝင်သည်။ တစ်ချိန်တည်းမှာပင် သတိပြုရမည်မှာ နည်းလမ်း များရှိရာ လူအများက ထိုနည်းလမ်းများကို ကျင့်သုံးလျှင် လူအများမေ့လျော့ခြင်းမှ တားဆီးနိုင်သည် ဆိုကြောင်းပင်တည်း။ တမန်တော်များသည် အလ္လာဟ်အရှင် ရှေ့တော် မှောက်တွင် အဆင့်အတန်းမြင့်မားကြသည့်အလျောက် အမှားပြုလုပ်

ခြင်းကို ရှောင်ကြဉ်ရန် နည်းလမ်းများနှင့် မေ့လျော့ခြင်းမှရှောင်ရှားရန် နည်းလမ်းများကို ကျင့်သုံးရန်မှာကား ၎င်းတို့အတွက် အထူးတာဝန်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ထိုနည်းလမ်းများကို သုံးစွဲရန်ရနိုင်ပါလျက် မေ့သွားလျှင် ၎င်းတို့တွင်တာဝန်ရှိသည်။ ထို့ကြောင့် ကျော်ကြားသည့် ဆူဖီကျနိုက်အလ်ဗတ်ဂဒါဒီ﵀က ဤအယူအဆကို အောက်ပါစကားလုံးများ **حسنات الابرار سيّئات المقرّبين** "သာမန်အကျင့်သီလနှင့် ပြည့်စုံသောသူများ၏ ကောင်းမှုကောင်းရာလုပ်ရပ်များကို အလ္လာဟ်အရှင့်ရှေ့တော်မှောက်တွင် မြင့်မားသော အဆင့် ရှိသူများက လုပ်ဆောင်ခဲ့လျှင် ထိုလုပ်ရပ်ကို ဂုနာဟ်ဖြစ်သော မကောင်းသည့်လုပ်ရပ်ဟု သတ်မှတ်ရပါမည်။ သာမန်လူအတွက် တင့်တယ်သော်လည်း အဆင့်အတန်း မြင့်မားသူအတွက် မသင့်လျော်ချေ" တို့ဖြင့် ဖော်ပြထားသည်။

လက်ရှိဆွေးနွေးနေသော အဖြစ်အပျက်သည် စိုက်ယိဒိနာအာဒမ်﵇အား တမန်တော်အဖြစ် ချီးမြှင့်ခြင်း မခံရမီက ဖြစ်ပါသည်။ ဆွန္နီပညာရှင်များအဆိုအရ ထိုအချိန်ကာလအလျင်က ကျူးလွန်ခဲ့သော အပြစ်များကြောင့် နဗီများသည် အပြစ်များမှကင်းစင်သည်ဆိုသည့် ခံယူချက်နှင့်မဆန့်ကျင်ပါ။ ၎င်းပြင် မေ့လျော့၍ဖြစ်ပျက်ခဲ့ရသော ကိစ္စဖြစ်သဖြင့် ယင်းအားဂုနာဟ်ပြစ်မှုဟု မမှတ်ယူထိုက်ပါ။ သို့ရာတွင် စိုက်ယိဒိနာအာဒမ်﵇သည် အဆင့်အတန်း မြင့်မားသော အလ္လာဟ်အရှင်၏ တမန်တော်တစ်ပါးဖြစ်သောကြောင့် အဆင့်လျော့ကျသွားကာ သူ့အား ပြစ်တင်မောင်းမဲခဲ့ပါသည်။ သူ၏ အဆင့်အတန်းလျော့ကျမှုအား **عِصْيَان** (မနာခံမှု) ဟု ဖော်ပြထားသည်။

အဇာမ် (တည်ကြည်ကြံ့ခိုင်မှု)သည် ဒုတိယစကားလုံးဖြစ်ကာ ထိုအာယသ်ထဲ၌ပါပင် စိုက်ယိဒိနာအာဒမ် ﵇ သည် တည်ကြည်ကြံ့ခိုင်မှု လိုအပ်နေသည်ဟု မိန့်ထားသည်။ အမှန်ဆိုလျှင် သူသည် အလ္လာဟ်အရှင်၏ အမိန့်တော်များအား လိုက်နာရန် ပြည့်ပြည့်ဝဝ ဆုံးဖြတ်ပြီးဖြစ်သော်လည်း ရှိုင်တွာန်၏ သွေးဆောင်ဖြားယောင်းမှုတို့က သူ၏ကြံ့ခိုင်မှုကို အားနည်းစေကာ၊ သတိလက်လွတ်ဖြစ်သွားသောကြောင့် သန္ဓိဋ္ဌာန်ချမှုကို လက်လွတ်သွားခဲ့ပါသည်။ **وَإِذْ قُلْنَا لِلْمَلَٰٓئِكَةِ** "ငါအရှင်မြတ်သည် မလာအိကဟ် ကောင်းကင်စေတမန်များအား" (၂၀း၁၁၆) ဤသည်ထဲ၌ စိုက်ယိဒိနာအာဒမ်﵇အား ဖန်ဆင်းပြီးသည့်နောက် အိဗ်လီစ်(ရှိုင်တွာန်)အပါအဝင် ကောင်းကင်စေတမန်များ အားလုံးတို့အား စိုက်ယိဒိနာအာဒမ်﵇ကို ဦးချရန် အမိန့်ပေးခဲ့သည်အကြောင်း အကျဉ်းချုပ်ဖော်ပြထားသည်။ ထိုအချိန်က အိဗ်လီစ်သည် ဂျန္နသ်သုခဘုံအတွင်း၌ နေထိုင်ပါသည်။ ကောင်းကင်စေတမန် အားလုံးတို့က နာခံခဲ့ကြသော်လည်း ရှိုင်တွာန်က ငြင်းဆိုခဲ့ပါသည်။ သူ၏ မာနကြီးမှုအရ သူ့အား မီးဖြင့်ဖန်ဆင်းကာ စိုက်ယိဒိနာအာဒမ်﵇အား ရွှံ့မှဖန်ဆင်းခဲ့သည်။ မီးသည် ရွှံ့ထက်အဆင့်မြင့်သောကြောင့် သူသည် စိုက်ယိဒိနာအာဒမ်﵇အား ဦးမချနိုင်ဟု အခိုင်အမာပြောဆိုခဲ့သည်။ သူ၏မောက်မာမှုနှင့် အလ္လာဟ်အရှင့်အမိန့်တော်ကို ငြင်းဆိုမှုအတွက် အပြစ်ဒဏ်ခတ်သည့်အနေဖြင့် သူ့အား အလ္လာဟ်အရှင်၏ ကရုဏာတော်မှ ကင်းဝေးစေကာ ဂျန္နသ်အတွင်းမှ နှင်ထုတ်ခဲ့ပါသည်။ စိုက်ယိဒိနာအာဒမ်﵇နှင့် စိုက်ယိဒါဟ်ဟောင်ဝါတို့အတွက်မှာမူ ဂျန္နသ်၏ တံခါးများအားလုံး ဖွင့်လှစ်ပေးကာ ယင်းရှိအပင်များ၏ အသီးအပွင့်များနှင့် အလ္လာဟ်အရှင်၏ ကောင်းချီးများကို သူတို့စိတ်ကြိုက်သုံးစွဲခွင့်ပေးပါသည်။ သို့ရာတွင် ဂျန္နသ်ထဲ၌ သီးသန့်သစ်ပင်တစ်မျိုးရှိကာ ယင်းသစ်ပင်အား ရှောင်ရှားရန်နှင့် ယင်းသစ်ပင်မှထွက်ရှိသမျှတို့ကို မည်သည့် အကြောင်းနှင့်မျှ မစားသုံးရန် ၎င်းတို့အား မိန့်ကြားထားသည်။ ဤအကြောင်းအရာကို စူရာဟ်အလ်ဗကရဟ်နှင့် စူရဟ်အလ်အအ်ရာဖ် ထဲ၌ ဖော်ပြပြီးဖြစ်ပါသည်။ ဤနေရာ၌ ယင်းအဖြစ်အပျက်ကို ထပ်လောင်းမဖော်ပြတော့ပါ။ အလ္လာဟ်အရှင်သည် စိုက်ယိဒိနာ အာဒမ်﵇အား အရှင်၏ညွှန်ကြားချက်များကို ဖော်ပြကာ ယင်းအမိန့်တော်များအား ပြည့်ပြည့်ဝဝလိုက်နာရန် ပြောကြားခဲ့ပါသည်။ ရှိုင်တွာန်၏ ပုန်ကန်သောလုပ်ရပ်ကို ရည်ညွှန်းလျက် ၎င်းသည် ရန်သူတစ်ဦးဖြစ်ကြောင်း စိုက်ယိဒိနာအာဒမ်﵇အား ပြောကြားခဲ့ပါသည်။ ၎င်းနောက် သူနှင့်သူ၏ ဇနီးသည်တို့သည်

ရှိုင်တွာန်၏ ဖြားယောင်းမှုတို့မှ ကာကွယ်တားဆီးရပါမည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် ရှိုင်တွာန်၏ လှည့်ဖြားမှုကို ခံခဲ့ရကာ အလွှာဟ်အရှင်၏ အမိန့်တော်များကို ဂရုမပြုပါက ၎င်းတို့သည် ဂျန္နသ်မှနှင်ထုတ်ခံရကာ ဒုက္ခများနှင့် ရင်ဆိုင်ရလိမ့်မည်ဆိုသည့်အကြောင်း **فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقٰى** ဟူ၍မိန့်ထားသည်။ **تَشْقٰى**(သရှ်ကာ) ဟူသာ စကားလုံးသည် **شَقَاوَة**(ရှကာဝဟ်)မှ ဆင်းသက်လာကာ၊ အဓိပ္ပာယ်နှစ်မျိုးသက်ရောက်ပါသည်။ ယင်းမှာ နောင်တမလွန်ဘဝနှင့် ဤလောကီဘဝတွင်ပါ ဒုက္ခသုက္ခ ကြုံတွေ့ရခြင်းဖြစ်သည်။ ဤနေရာ၌ ထိုစကားလုံး၏ အဓိပ္ပာယ်သည် လောကီအတွက်သာ သက်ရောက်ပါ သည်။ နောင်တမလွန်ဘဝတွင် ဒုက္ခရောက်စေသည်ဟူသော အဓိပ္ပာယ်မှာ တမန်တော်များကို မဆိုထားဘိ၊ ဘုရား တရား ကိုင်းရှိုင်းသော မုစ်လင်မ်များကိုပင် မသက်ရောက်စေပါ။ ဦးကာရှင်များကာ ဤစကားလုံးအား **هوان يأكل من كدّ يديه** သူသည် သူ၏ အသက်မွေးဝမ်းကျောင်းကို သူ၏လက်များဖြင့် ကြိုးကြိုးစားစား လုပ်ရပါမည်ဟူသော ဝါကျဖြင့် ရှင်းလင်းထားပါသည်။ (ကုရ်တွုဗီ) လက်ရှိစာသားများထဲ၌ စကားလုံး၏ ဒုတိယအဓိပ္ပာယ်ဖြစ်သော၊ ဤလောကီတွင် ဒုက္ခသုက္ခတို့နှင့် တွေ့ဆုံရမည်ဆိုသည်က ပို၍ဆီလျော်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နောက်တွင်ဖော်ပြမည့် အာယသ်ထဲ၌ လူသားဘဝ၏ အခြေခံလိုအပ်ချက်များဖြစ်သော အစားအသောက်၊ ဂရု၊ အဝတ်အထည်နှင့် နေထိုင်ရာနေရာထိုင်ခင်းများ အကြောင်းရည်ညွှန်းထားပါသည်။ ယင်းအရာများအား ဂျန္နသ်တွင် မည်သည့် ကြိုးပမ်းအားထုတ်မှုမျိုးမှ မပြုဘဲ လွယ်လင့်တကူ ရရှိနိုင်ပါသည်။ ဤအာယသ်ထဲ၌ အကယ်၍ စိုက်ယိဒိနာအာဒမ်ﷺသည် ဂျန္နသ်ထဲမှ နှင်ထုတ်ခြင်းခံရပါလျှင် အလွှာဟ်အရှင်သည် ဤလက်ဆောင်များအား ရုပ်သိမ်းတော်မူလိမ့်မည်ဖြစ်ကြောင်း အညွှန်းတစ်ခုလည်း ပါဝင်ပါသည်။ ဤနေရာ၌ လူသားဘဝတစ်ခု၏ အခြေခံဖြစ်သည့် လက်ဆောင်များအကြောင်းကိုသာ ဖော်ပြထားပြီး ဂျန္နသ်အတွင်း၌ ရရှိနိုင်သော အခြားကြီးမားသော ဆုလာဘ်များအကြောင်းကို မဖော်ပြဘဲထားသည်ကို သတိပြုထိုက်ပါသည်။ ဤကဲ့သို့ လုပ်ရခြင်း ၏ ရည်ရွယ်ချက်မှာ စိုက်ယိဒိနာအာဒမ်ﷺခြေတစ်လှမ်း မှားသွားရုံမျှဖြင့် ဤအကျိုးခံစားရမှုများအားလုံး သူလက်မဲ့ဖြစ်သွားစေပါလိမ့်မည်။ ဤအရာများအား သူရရှိပါလျှင် နဖူးမှချွေး ခြေမသို့ကျသည့်တိုင် သူပင်ပန်းကြီးစွာ လုပ်ဆောင် ရပါလိမ့်မည်ဟူ၍ စိုက်ယိဒိနာအာဒမ်ﷺအား သတိပေးခြင်းဖြစ်ပါသည်။ ဦးကာရှင်များစွာတို့က **فَتَشْقٰى** (သို့ဖြစ်လျှင် အသင်သည် ဒုက္ခတွေ့အံ့)၏ အဓိပ္ပာယ်အား အထက်ပါအတိုင်းပင် မှတ်ယူခဲ့ကြပါသည်။ စိုက်ယိဒိနာအာဒမ်ﷺ မြေပြင်သို့ ရောက်ရှိခဲ့သောအခါ၌ ကောင်းကင်စေတမန်ဂျိဗရာအီလ်ﷺက သူ့အား ဆန်နှင့်ဂျုံစေ့အချို့တို့ကို ပေးအပ်ကာ ထိုမျိုးစေ့များအား မည်သို့စိုက်ပျိုးရန် ဝင်းမှည့်လာသောကောက်ပဲသီးနှံတို့အား မည်သို့ရိတ်သိမ်းရန်နှင့် ပေါင်မုန့်လုပ်နိုင်စေရန် အတွက် ထိုအစေ့များ မည်သို့ကြိတ်ခွဲရေပုံကို သင်ကြားပေးခဲ့ပါသည်။ အဆုံး၌ ဤသို့ အဆင့်ဆင့် လုပ်ဆောင်ပြီးသည့်နောက် စားသောက်ရန် ထိုင်လိုက်သောအခါ၌ သူလက်ထဲမှပေါင်မုန့်သည် လက်ထဲမှ လွတ်ထွက်ကာ တောင်အောက်သို့ လိမ့်ဆင်းသွားပါသည်။ စိုက်ယိဒိနာအာဒမ်ﷺ ပေါင်မုန့်နောက်သို့လိုက်သွားကာ ပင်ပန်းကြီးစွာဖြင့် ပြန်လည်ရယူခဲ့ရပါသည်။ ထိုစဉ် ဂျိဗရာအီလ်ﷺက စိုက်ယိဒိနာအာဒမ်ﷺအား ပြောသည်မှာ အသင်နှင့် အသင့် သားစဉ်မြေးဆက်အားလုံးသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ လုပ်ဆောင်ရပါလိမ့်မည် ဟူ၍ ဖြစ်သည်။ (ကုရ်တွုဗီ)

ဇနီးသည်တစ်ဦးအတွက် အရေးကြီးသည့် လိုအပ်ချက်များ ရရှိစေခြင်းသည် သူမခင်ပွန်း၏တာဝန်ဖြစ်ပါသည်။

ဤအာယသ်၏ အစောပိုင်း၌ အလွှာဟ်အရှင်မြတ်က စိုက်ယိဒိနာအာဒမ်ﷺအား မိန့်ကြားစဉ်က အလွှာဟ်အရှင်သည် အရှင့်ဦးတည်ပြောကြားမှုထဲ၌ စိုက်ယိဒဟ်ဟောင်ဝါလည်း အကျုံးဝင်သည်ဆိုကြောင်းကို **عَدُوٌّ لَّكَ وَ لِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ** ဤ(အိပ်လိစ်)ကား အသင်နှင့် အသင့်ခင်ပွန်း၏ ရန်သူပင်ဖြစ်ချေသည်။ သို့ဖြစ်

ပေရာ ယင်းအိပ်လီစ်သည် အသင်တို့ နှစ်ဦးအား ဂျန္နသ်အမတသုခဘုံမှ နှင်မထုတ်စေနှင့်။ သို့ဖြစ်ခဲ့မူ အသင်သည် အကြောင်းမလှဖြစ်မည်သာ။ (၂၀း၁၁၇) ဟူ၍ မိန့်ထားလေသည်။ သို့ရာတွင် အာယသ်ဆုံးကာနီးတွင် **فَتَشْقٰى** "သို့ဖြစ်ခဲ့မူ အသင်သည် အကြောင်းမလှဖြစ်မည်သာ" ဟူသော စကားလုံးအား နှစ်ဦးအတွက် တွဲလျက်သုံးသော ပုံစံမျိုးမဟုတ်ဘဲ တစ်ဦးတည်းအတွက်သာ သုံးသောပုံစံဖြင့် သုံးစွဲထားသည်။ ဤသည်မှ အိမာမ်ကုရ်တွုဗီက ဥပဒေတစ်ခုထုတ်နတ်ခဲ့သည်မှာ သူ၏ဇနီးသည်အတွက် အရေးကြီးသည့် လိုအပ်ချက်များရရှိစေရန်ဆိုသော တာဝန်သည်ခင်ပွန်းသည်ကသာ ထိုတာဝန်ဝတ္တရားကို ဖြည့်ဆည်းရပါမည်။ **فَتَشْقٰى**ဟူသော စကားလုံးအား ဒုတိယလူ ဇကဝုစ်ကိန်းအနေဖြင့် သုံးစွဲခြင်းက စိုက်ယိဒိနာအာဒမ်ﷺအား ထောက်ပြထားခြင်းဖြစ်ပါသည်။ အကယ်၍ ၎င်းတို့အား ကမ္ဘာမြေသို့ ပို့ဆောင်ခဲ့ပါက သူအတွက်နှင့် စိုက်ယိဒဟ်ဟောင်ဝါအတွက်ပါ စားဝတ်နေမှုတာဝန်ဝတ္တရားသည် သူတစ်ဦးတည်းအပေါ်၌သာ ကျရောက်လိမ့်မည်ဟူ၍ ဖြစ်ပါသည်။

ထောက်ပံ့ခြင်းသည် တာဝန်တစ်ရပ်ဖြစ်သည်ဆိုကြောင်း ဖော်ပြချက်၌ ကိစ္စရပ်လေးခုသာ အကျုံးဝင်သည်။

သူ၏ဇနီးသည်အတွက် ခင်ပွန်းက ဖြည့်ဆည်းရမည့်အရာများသည် အစားအစာ ရေ၊ အဝတ်အစားများနှင့် နေရာထိုင်ခင်း ဖြစ်သည်ဆိုကြောင်း၊ ဤအာယသ်က ရှင်းလင်းစွာညွှန်းသည်ဟု ကုရ်တွုဗီကပြောပါသည်။ ဤနေရာများအပြင် သူမအား သူက ပေးကမ်းသည်များသည် လက်ဆောင်သာဖြစ်ပြီး သူ့အပေါ်၌ ထိုကဲ့သို့ဆောင်ရွက်ရန် တာဝန်မရှိပါ။ ဤသည်မှ ထုတ်နတ်ထားသေးသည်မှာ အစွယ်လမ်ဥပဒေအရ လူတစ်ဦးသည် အခြားသူတစ်ဦး (ပမာဆိုသော် နာမကျန်းဖြစ်နေပြီး ချို့တဲ့သောမိဘများအား ထောက်ပံ့ခြင်းသည် သားသမီးများ၏ တာဝန်ဖြစ်သည်) အား ထောက်ပံ့ရန် တာဝန်တင်ရှိပါက သူအပေါ်တွင် အထက်ဖော်ပြပါ လေးမျိုးသာ ပေးကမ်းရန် တာဝန်ရှိပါသည်။

إِنَّ لَكَ أَلَّا تَجُوعَ فِيهَا وَلَا تَعْرَىٰ ဇကေန်အမှန် အသင်၌ ယင်းဂျန္နသ်အမတသုခဘုံတွင် ဆာလောင်ခြင်းလည်း ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းပြင် အသင်သည် အဝတ်ကင်းမဲ့မှု၊ အစားကင်းမဲ့မှုလည်း ဖြစ်ရလိမ့်မည်မဟုတ်ချေ။ ထို့ပြင် ဇကေန်စင်စစ် အသင်သည် ယင်းသုခဘုံ၌ ရေမွတ်သိပ်မည်လည်း မဟုတ်ပေ။ ထို့ပြင် အသင်သည် နေပူခံရမည်လည်း မဟုတ်ချေ။ (၂၀း၁၁၈၊၁၁၉) အသက်ရှင်သန်မှုအတွက် လိုအပ်သောအရာ လေးမျိုးအား ရရှိရန်အတွက် ဂျန္နသ်တွင် တောင်းဆိုရန် လည်း မလိုပါ။ ကြိုးပမ်း လုပ်ဆောင်ရန်လည်း မလိုပါ။ ဂျန္နသ်တွင်းတွင် ဆာလောင်မွတ်သိပ်မှုမရှိဟု ဆိုသောကြောင့် အရသာရှိသော အစားအစာများ ရလိမ့်မည်မဟုတ်ဟု တစ်စုံတစ်ဦး သံသယဖြစ်စရာ မလိုပါ။ အလားတူစွာပင် ဂျန္နသ် တွင်း၌ ရေငတ်မွတ်မှု မရှိဟုဆိုသောကြောင့် အေးမြသောရေ သောက်ရလိမ့်မည်မဟုတ်ဟု မှတ်ယူပါက မမှန်ကန်ပါ။ အမှန်ဆိုရသော် ဆာလောင်ခြင်းနှင့် ရေငတ်ခြင်းတို့သည် အခက်အခဲဖြစ်ရလောက်အောင် အထိ ဂျန္နသ်ထဲတွင် ခံစားရ လိမ့်မည်မဟုတ်ပါ။ တစ်စုံတစ်ဦး ဆန္ဒရှိသည်နှင့် တစ်ပြိုင်နက် အစားအသောက်များ ရရှိစေနိုင်ကာ ၎င်းနောက် တစ်စုံတစ်ဦး ရေသောက်လိုပါက ချက်ချင်း အေးမြသောရေ ရရှိစေပါသည်။ တကယ်ဆိုရသော် တစ်စုံတစ်ဦးဆန္ဒရှိ လိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း ရရှိစေပါသည်။

فَوَسْوَسَ إِلَيْهِ الشَّيْطَانُ (الى قوله) وَعَصَىٰ آدَمُ رَبَّهُ فَغَوَىٰ "ထို့နောက် ရှိုက်တွာန်မိစ္ဆာကောင်သည် ယင်းအာဒမ်၏စိတ်တွင်းဝယ်.....စင်စစ်အာဒမ်သည်မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်(၏အမိန့်တော်)ကို ဆန့်ကျင်မိခဲ့လေရာ လမ်းမှန်မှလွဲခဲ့ရလေသည်။ (၂၀း၁၁၉-၁၂၀) ဤနေရာ၌ အကွက်ကျကျ မေးနိုင်သည်မှာ၊ အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာအာဒမ်ﷺနှင့် စိုက်ယိဒဟ်ဟောင်ဝါတို့အား သီးခြားသစ်ပင်တစ်ပင်ကို ရှောင်ရှားရန် ထိုအပင်မှ အသီးကိုမစားသုံးရန်နှင့် သူတို့၏ ရန်သူဖြစ်သော ရှိုင်တွာန်သည် ၎င်းတို့အား ဖြားယောင်းကာ ဂျန္နသ်မှ

နှင်ထုတ်ခံရစေနိုင်သောကြောင့် ထိုရွိုင်တွာန်၏ လုပ်ရပ်များကို သတိရှိစေရန်အတွက် သီးသီးသန့်သန့် သတိပေးထားပါ လျက်နှင့် အဘယ်ကြောင့် စိုက်ယိဒိနာအာဒမ် ﷺသည် ရွိုက်တွာန်၏ ထောင်ချောက်ထဲသို့ ၎င်းကိုယ်၎င်း အကျခံစေ ရပါသနည်း။ သူ၏လုပ်ရပ်သည်၊ အလ္လာဟ်အရှင်၏ အမိန့်တော်အား မနာခံမှုဖြစ်ကြောင်း ထင်ရှားသဖြင့် ယင်းလုပ်ရပ် သည် ဂုနာဟ် အပြစ်ဖြစ်သွားပါသည်။ အလ္လာဟ့် တမန်တော်များသည် ကြီးသော၊ ငယ်သော ဂုနာဟ်များမှ ကင်းလွတ် သည်ဆိုကြောင်း ပညာရှင်တို့က တညီတညွတ်တည်း မှတ်ယူထားကြပါသည်။ ၎င်းနောက် စိုက်ယိဒိနာအာဒမ်ﷺ သည်လည်း အလ္လာဟ်တမန်တော်တစ်ပါးဖြစ်ပါသည်။ သို့ဆိုပါလျှင် အလ္လာဟ်အရှင်က သူ့အားရှင်းလင်းပြတ်သားသော အသုံးအနှုန်းများဖြင့် သတိပေးထားပါလျက်နှင့် တားမြစ်ထားသော သစ်ပင်မှအသီးအား သူစားခြင်းလုပ်ရပ်ကို တစ်စုံ တစ်ဦးက မည်ကဲ့သို့ ရှင်းနိုင်ပါမည်နည်း။ ဤ မေးခွန်းများနှင့် ပတ်သက်သော အဖြေကိုစူရဟ်ဘကာရဟ်၏ အကျယ် ဖွင့်ဆိုချက်တွင် တွေ့ရှိနိုင်ပါသည်။ ယင်းထဲတွင် စိုက်ယိဒိနာအာဒမ်ﷺနှင့် သက်ဆိုင်သော **عَصٰى** (မနာခံခြင်း) နှင့် **غَوٰى** (လမ်းမှန်မှလွဲချော်ခြင်း)ဟူသော စကားလုံးများ သုံးစွဲထားမှုကိုလည်း ရှင်းလင်းထားပါသည်။ အလ္လာဟ်အရှင် ချမှတ်ထားသော အစွမ်းသတ္တိဥပဒေအရ စိုက်ယိဒိနာအာဒမ် ﷺ၏လုပ်ရပ်သည် ပြစ်မှုဂုနာဟ် ကျူးလွန်ခြင်း မဖြောက်ပါ။ သို့ရာတွင် သူသည် အလ္လာဟ်အရှင်မြင့်မားသော အခွင့်အရေးပေးခြင်းခံရသော အလ္လာဟ်အရှင်၏ တမန်တော်တစ်ပါး ဖြစ်ပါသည်။ ထို့ကြောင့် သူ၏သေးငယ်သော မှားယွင်းမှုအား **عصيان**(မနာခံခြင်း)ဟု ဖော်ထုတ်ပြသကာ ယင်း အတွက် အလ္လာဟ်အရှင်က ပြစ်တင်မောင်းမဲခဲ့ပါသည်။ ဤနေရာ၌ အခြားသောအချက်မှာဟူသော စကားလုံးတွင် အဓိပ္ပာယ်နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ "လက်မဲ့ဖြစ်စေခြင်း"နှင့် နောက်တစ်မျိုးမှာ "လမ်းမှန်မှ လွဲချော်ခြင်း" သို့မဟုတ် "လမ်းလွဲသို့ရောက်စေခြင်းဖြစ်ပါသည်။ အလ်ကုရိုက်ရှိနှင့် အလ်ကုတ္တုဗီတို့က ဤစကားလုံး၏ ပထမ အဓိပ္ပာယ်ကို လက်ခံကာ ဤအာယသ်ကို ရှင်းပြရာ၌ပြောသည်မှာ စိုက်ယိဒိနာအာဒမ်ﷺ၏ မှားယွင်းမှုအတွက် ပြစ်ဒဏ်မှာ ဂျန္နသ်တွင်း၌ သူရရှိသော စည်းစိမ်များ လက်မဲ့ဖြစ်သွားစေပါသည်။ ယင်း၏ ရလဒ်ကြောင့် သူ့ဘဝတွင် ခါးသီးမှုများ၊ ကြမ်းတမ်းမှုများ ရှိသွားစေပါသည်။

အလ္လာဟ်အရှင့်တမန်တော်များအကြောင်း ရည်ညွှန်းပြောဆိုရာ၌ ရှိသေလေးစားမှုပြသရန်မှာ မုစ်လင်မ်တိုင်း၏ တာဝန်ဖြစ်သည်။

ကာဒီအဗူဗကာ အိဗ်နိအလ်အရဗီ(ရဟွေ့) စိုက်ယိဒိနာအာဒမ်ﷺနှင့် သက်ဆိုင်သော **عَصٰى** (မနာခံခဲ့သည်) ဟူသောစကားလုံးကို သူ၏အဟ်ကမုလ်ကုရ်အာန်ကျမ်းထဲ၌ ဆွေးနွေးရာတွင် အလွန်အရေးပါသော မှတ်သားသင့် သည့် အချက်တစ်ခုပြု လုပ်ကာ သူရေးသည့်အတိုင်း အောက်တွင်ဖော်ပြထားပါသည်။

> **لا يجوز لاحدنا اليوم ان يخبر بذلك عن ادم الّا اذا ذكرناه فى اثناء قوله تعالى عنه اوقول نبيّه، فامّا ان يبتدئ ذلك من قبل نفسه فليس بجائز لنا فى ابائنا الادنين الينا المماثلين لنا فكيف فى ابينا الاقدم الاعظم الاكرم النّبى المقدّم الذى عذره الله سبحانه وتعالى وتاب عليه وغفر له (تفسير قرطبى وذكره فى البحر المحيط ايضا)**
>
> ယခုအခါ၌ ကျွန်ုပ်တို့ထဲမှ မည်သူမဆို ဤအာယသ် (သို့မဟုတ်) တမန်တော်မြတ်ﷺ၏ ဟဒီးစ်တစ်ပုဒ်ကို ရည်ညွှန်းပြောကြားမှုမျိုးမှအပ စိုက်ယိဒိနာအာဒမ်ﷺနှင့် သက်ဆိုင်သော **عِصْيان**(မနာခံခြင်း)ဟူသော စကားလုံးအား သုံးစွဲခြင်း ခွင့်မပြုပါ။ တကယ်ဆိုရသော် ကျွန်ုပ်တို့ ကဲ့သို့သော သိပ်မဝေးလှသေးသော ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များနှင့်ပတ်သက်၍ မသုံးစွဲသင့်

ဟုဆိုလျှင် အဘယ့်အတွက်ကြောင့် စိုက်ယိဒိနာအာဒမ်ﷺနှင့်ပတ်သက်၍ ဤစကားလုံး သုံးစွဲခြင်းကို ခွင့်ပြုနိုင်ရပါမည်နည်း။ စိုက်ယိဒိနာအာဒမ်ﷺသည် လူသားအားလုံးတို့၏ ဖခင်ကြီးဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များထက် လေးစားရှိသေမှု ပိုမိုမထိုက်တန်ပါသလော။ ဤမျှမကဘဲ သူသည် လေးစားဖွယ်ရှိသော အလ္လာဟ်အရှင်၏ တမန်တော်တစ်ပါးဖြစ်ကာ သူ၏ မှားယွင်းမှုအတွက် ကျိုးကြောင်းပြချက်ကို အလ္လာဟ်အရှင်ကလက်ခံကာ ခွင့်လွှတ်ပြီးလည်း ဖြစ်ပါသည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်နှင့်ပတ်သက်၍ **عِصْيَان**(မနာခံခြင်း)ဟူသော စကား လုံးသုံးစွဲခြင်းကို လုံးဝတားမြစ်ပါသည်။

ထိုအယူအဆကိုပင် ကိုရိုင်ရှိအဗူနာဆာက ဖော်ပြထားပြီးဖြစ်ပါသည်။ **اهْبِطَا مِنْهَا جَمِيعًا** ဟူသော စကားလုံးများက "အသင်တို့နှစ်ဦးသည် ယင်ဂျန္နသ်အမတသုခဘုံမှ ဆင်းသွားကြလေကုန်"(၂၀း၁၂၃)ဟူ၍ အဓိပ္ပာယ်သက်ရောက်သည်။ ဤအမိန့်တော်သည် စိုက်ယိဒိနာ အာဒမ်ﷺနှင့် ရှိုက်တွာန်တို့အား ရည်ညွှန်းနိုင်ပါသည်။ သို့ဆိုပါလျှင် **بَعْضُكُمْ لِبَعْضٍ عَدُوٌّ** "အသင်တို့(၏ သားသမီးများ)အနက် တစ်ဦးသည် တစ်ဦး၏ရန်သူပင် ဖြစ်ပေမည်" ဟူသော စကားလုံး၏ အဓိပ္ပာယ် သည် ရှင်းလင်းသွားပါတော့သည်။ (၁၂၃) ဆိုလိုသည်မှာ ၎င်းတို့နှစ်ဦးစလုံးတို့သည် ကမ္ဘာမြေတွင်လည်း ရန်သူများအဖြစ် ရှိနေကြပါလိမ့်မည်။ သို့သော်လည်း အကယ်၍များ ရှိုက်တွာန်သည် ဤအဖြစ်အပျက်များ မဖြစ်ပေါ်မီအလျင်ကပင် နိဗ္ဗာန်မှနှင့်ထုတ်ပြီးဖြစ်သည်ဟူ၍ ငြင်းခုန်ခဲ့ပါလျှင် ဤစကားလုံးများသည် စိုက်ယိဒိနာအာဒမ်ﷺနှင့် စိုက်ယိဒဟ် ယောင်ဂါﷺတို့အား ဦးတည်ပြောကြားခဲ့ပါသည်ဟူ၍ မှတ်ယူခဲ့ပါလျှင် မှန်ကန်မှုရှိနိုင်ပါသည်။ ယင်းသို့မှတ်ယူပါက အဓိပ္ပာယ်သက်ရောက်မှုသည် ၎င်းတို့မှ ပေါက်ဖွားလာသော သားသမီးများသည် တစ်ဦးနှင့်တစ်ဦး ရန်လိုစိတ်မွေးကာ အချင်းချင်းရန်ရှာမှုများ ပြုလုပ်ကြပါသည်။ ယင်းသို့ ပြုလုပ်သောကြောင့် မိဘများ၏ ဘဝသည် နာကြည်းသွားကြပါလိမ့်မည်။

وَمَنْ أَعْرَضَ عَنْ ذِكْرِي "သို့ရာတွင် မည်သူမဆို ငါအရှင်မြတ်၏ တရားဒေသနာတော်မှ မျက်နှာလွှဲခဲ့မူ၊" (၂၀း၁၂၄) ဤနေရာပါ စကားလုံးက ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ်ﷺကိုပါ ရည်ညွှန်းနိုင်သည်ဆိုကြောင်း အခြားသော အာယသ်များ **ذِكْرًا رَّسُولًا**(၆၅း၁၀) ဖော်ပြထားသည်။ နှစ်မျိုးစလုံးကို ရည်ညွှန်းသည်ဆိုပါက အဓိပ္ပာယ်သည် အကယ်၍ တစ်စုံတစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်သရဇ္ဈာယ်ခြင်း သို့မဟုတ် ယင်းကျမ်းပါ အမိန့်များအား လိုက်နာဆောင်ရွက်ခြင်းဆိုသည့် တာဝန်ဝတ္တရားကို ပျက်ကွက်ပါက သို့မဟုတ် အကယ်၍ တစ်စုံတစ်ဦးသည် တမန်တော်မြတ်ကြီး၏ အမိန့်အာဏာကို နာခံရန်ပျက်ကွက်ပါက ထိုသူအား ဤကမ္ဘာတွင် ကြမ်းတမ်းခက်တရော်ပြီး ပင်ပန်းသောဘဝအဖြစ်နှင့်လည်းကောင်း၊ ပြန်လည်ရှင်ထရမည့်နေ့တွင် အကန်းအဖြစ် ပြန်လည်ထရသည့်အဖြစ်မျိုး ပြစ်ဒဏ်ခတ်ခံရပါလိမ့်မည်။

မယုံကြည်သွေဖည်သူများ၏ ဘဝမှန်နှင့်မကောင်းမှုပြုသူများ ဤဘဝတွင် ကြမ်းတမ်းခက်တရော်မှုဖြင့် ကြုံတွေ့ရခြင်း အကြောင်း

ဤနေရာ၌ တစ်စုံတစ်ဦးက မေးမြန်းနိုင်သည်မှာ ဤကမ္ဘာလောကတွင် ရှားပါးခြင်းနှင့် နံချာခြင်းတို့သည် မယုံကြည်သွေဖည်သူများနှင့် ကောက်ကျစ်စဉ်းလဲသူများ သာမက ကောင်းမွန်ပြီး ဘုရားတရား ကြည်ညိုသူများကိုလည်း ထိခိုက်စေသည့်အကြောင်းပင် ဖြစ်ပါသည်။ တကယ်ဆိုရသော် အလ္လာဟ့်တမန်တော်များသည် ၎င်းတို့၏ လောကီဘဝတွင် ကြီးမားသောကံဆိုးမှုများနှင့် ဘေးဆိုးကြီးများကို ခံစားခဲ့ရပါသည်။ ဆအာဒ်နှင့်အခြားသူများ၏

ခိုင်လုံချက်အရ အလံဗုခါရီကျမ်းနှင့် အခြားသောဟာဒီးစ်ကျမ်းများပါ ဆင့်ပြန်ချက်တစ်ခုထဲ၌ တမန်တော်မြတ်ﷺက မိန့်ထားသည်မှာ တမန်တော်တို့သည် အပြင်းထန်ဆုံးစမ်းသပ်မှုများနှင့် ဘေးဒုက္ခကြီးများ ခံစားခဲ့ရကြောင်းနှင့် ဘုရားတရား ကြည်ညိုသူများ ၎င်းတို့သူတော်စင် အဆင့်မြင့်လေလေ ကြီးမားသောဒုက္ခများခံရလေလေဟူ ၍ ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် မယုံကြည်သွေဖည်သူများနှင့် မကောင်းမှုပြုသူများသည် စည်းစိမ်ချမ်းသာရပြီး ပေါကြွယ်မှုခံစားရပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ပါ ထိုသူတို့သည် ကြမ်းတမ်းခက်တရော်ပြီး ပင်ပန်းဆင်းရဲသော ဘဝဖြင့်ပြစ်ဒဏ်သင့်စေမည်ဟူသည့်နောင်တမလွန်ဘဝအာခိရသ်တွင်သာရည်ညွှန်းနိုင်ပါသည်။အဘယ်ကြောင့်ဆိုသော် အတွေ့အကြုံက ဤကမ္ဘာလောကတွင် ထိုသူများသည် စည်းစိမ်ရှိသောဘဝကိုပိုင်ဆိုင်သည်ဆိုကြောင်း ပြသပါသည်။

အထက်ပါ မေးခွန်းအဖြေမှာ ဤကမ္ဘာလောက၌ မကောင်းမှုပြုသူများ ပြစ်ဒဏ်ခံစားရမည်ဆိုသည်မှာ ၎င်းတို့ သချိုင်းတွင်ခံစားရမည့် ရိုက်နှက်ဆုံးမခြင်းဖြစ်ကာ ၎င်းတို့မခံမရပ်နိုင်လောက်အောင် ဆင်းရဲဒုက္ခဖြစ်စေမှုကို ရည်ညွှန်းပါသည်။ သချိုင်းများသည် ၎င်းတို့၏ နေထိုင်ရာအရပ်ဖြစ်ကာ သူတို့နေထိုင်ရာ တွင်းများက ကွဲထွက်လောက်အောင်အထိ ၎င်းတို့အားညှပ်ပါလိမ့်မည်။ စိုက်ယိဒိနာအဗူဟုရိုင်ရဟ်၏ ခိုင်လုံချက်အရ မုစ်နဒ်အလ်ဗဇ်ဇရ်ကျမ်းပါ ဆင့်ပြန်ချက်တစ်ခုထဲ၌ တမန်တော်ﷺ သခင်ကိုယ်တိုင် မိန့်ထားခဲ့သော **مَعِيْشَةً ضَنْكًا** "ထိုသူတို့သည် ကျပ်တည်းသောဘဝ" (၂၀း၁၂၄) ဆိုသောစကားလုံးတို့သည် ဤအာယသ်(၁၂၄)တွင်ပါရှိကာ သချိုင်းအတွင်းတည်ရှိမှု အခြေအနေကို ရည်ညွှန်းပါသည်။ (မဇ်ဟိရီ)

ဤစကားလုံးတို့နှင့်ပတ်သက်၍ စိုက်ယိဒိနာစအစ်ဒ် အဗ်နိဂျုဗိုင်းရ်ﷺ သခင်၏ အဓိပ္ပာယ်ဖွင့်ဆိုမှု နောက်တစ်မျိုးမှာ ဤသူတို့သည် ရောင့်ရဲခြင်းဆိုသည့် လက်ဆောင်ကင်းမဲ့စေကာ ဤကမ္ဘာလောကဓ၏ အကောင်းများအပေါ်၌ အတောမသတ် လောဘတက်စေပါသည်။ (မဇ်ဟိရီ) သို့ရာတွင် ဥစ္စာဓနမည်သို့ပင်ရရှိပါစေ ယင်းသည် ထိုသူများအား အေးချမ်းသာယာမှုနှင့် ရောင့်ရဲတင်းတိမ်မှု မပေးစွမ်းနိုင်ပါ။ ၎င်းတို့၏ လောဂီပိုင်ဆိုင်မှုများအမြဲတစေ တိုးပွားစေလိုမှုနှင့် ယင်းတို့လျော့နည်းသွားမည်ကို စိုးရိမ်သောစိတ်တို့သည် ၎င်းတို့အား အမြဲတစေပူပင်သောကရောက်စေမှုနှင့် မသက်မသာဖြစ်စေပါသည်။ ယေဘုယျ လေ့လာသိရှိရသည်မှာ စည်းစိမ်ချမ်းသာများကို စိတ်တိုင်းကျသုံးစွဲနိုင်သော ချမ်းသာကြွယ်ဝသော သူတို့သည် တကယ်ဆိုရသော် သူတို့စည်းစိမ်မခံစားနိုင်ပါ အဘယ်ကြောင့်ဆိုသော် စည်းစိမ်ဆိုသည်မှာ ရောင့်ရဲတင်းတိမ်မှုနှင့် စိတ်နလုံးငြိမ်းချမ်းသာယာမှသာ ခံစားနိုင်ပါသည်။

အာယသ် (၁၂၈-၁၃၅)

اَفَلَمْ يَهْدِ لَهُمْ كَمْ اَهْلَكْنَا قَبْلَهُمْ مِّنَ الْقُرُوْنِ يَمْشُوْنَ فِيْ مَسٰكِنِهِمْ ؕ اِنَّ فِيْ
ذٰلِكَ لَاٰيٰتٍ لِّاُولِي النُّهٰى ﴿۱۲۸﴾ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَكَانَ لِزَامًا وَّ اَجَلٌ
مُّسَمًّى ﴿۱۲۹﴾ فَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَ سَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَ
قَبْلَ غُرُوْبِهَا ۚ وَ مِنْ اٰنَآئِ الَّيْلِ فَسَبِّحْ وَ اَطْرَافَ النَّهَارِ لَعَلَّكَ تَرْضٰى ﴿۱۳۰﴾ وَ
لَا تَمُدَّنَّ عَيْنَيْكَ اِلٰى مَا مَتَّعْنَا بِهٖۤ اَزْوَاجًا مِّنْهُمْ زَهْرَةَ الْحَيٰوةِ الدُّنْيَا ۙ
لِنَفْتِنَهُمْ فِيْهِ ؕ وَ رِزْقُ رَبِّكَ خَيْرٌ وَّ اَبْقٰى ﴿۱۳۱﴾ وَ اْمُرْ اَهْلَكَ بِالصَّلٰوةِ وَ اصْطَبِرْ

عَلَيْهَا ؕ لَا نَسْـَٔلُكَ رِزْقًا ؕ نَحْنُ نَرْزُقُكَ ؕ وَالْعَاقِبَةُ لِلتَّقْوٰى ﴿۱۳۲﴾ وَقَالُوْا لَوْلَا
يَاْتِيْنَا بِاٰيَةٍ مِّنْ رَّبِّهٖ ؕ اَوَلَمْ تَاْتِهِمْ بَيِّنَةُ مَا فِى الصُّحُفِ الْاُوْلٰى ﴿۱۳۳﴾ وَلَوْ اَنَّاۤ
اَهْلَكْنٰهُمْ بِعَذَابٍ مِّنْ قَبْلِهٖ لَقَالُوْا رَبَّنَا لَوْلَاۤ اَرْسَلْتَ اِلَيْنَا رَسُوْلًا فَنَتَّبِعَ
اٰيٰتِكَ مِنْ قَبْلِ اَنْ نَّذِلَّ وَنَخْزٰى ﴿۱۳۴﴾ قُلْ كُلٌّ مُّتَرَبِّصٌ فَتَرَبَّصُوْا ۚ فَسَتَعْلَمُوْنَ
مَنْ اَصْحٰبُ الصِّرَاطِ السَّوِىِّ وَمَنِ اهْتَدٰى ﴿۱۳۵﴾

အသို့ပါနည်း၊ ငါအရှင်မြတ်သည် ၎င်းတို့အလျင် များစွာသော ရှေးလူဟောင်းတို့ကို ပျက်စီးစေတော်မူခဲ့ခြင်းသည် ၎င်းတို့အား တရားလမ်းမှန်ကို မရစေခဲ့လေသလော။ ၎င်းတို့သည် ထိုရှေးလူဟောင်းများ၏ နေထိုင်ရာနေရာများတွင် သွားလာလှုပ်ရှားလျက် ရှိကြပေသည်။ ဇကာနိစင်စစ် ဤသည်၌ ဆင်ခြင်တုံတရားရှိသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာ များသည် ရှိကုန်၏။[၁၂၈] စင်စစ် အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အမိန့်တော်တစ်ရပ်သည်လည်းကောင်း၊ သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလတစ်ခုသည်လည်းကောင်း မူလကပင် မရှိခဲ့ပါလျှင် အမှန်ပင် (ပြစ်ဒဏ်သည် ၎င်းတို့အပေါ်၌) မလွှဲမရှောင်သာ ဆိုက်ရောက်ခဲ့မည်သာ။[၁၂၉]

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့ပြောဆိုကြသော ကိစ္စနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ ထို့ပြင် အသင်သည် (မိမိ) ကျေနပ်မှုရှိအံ့သောငှာ နေမထွက်မီ လည်းကောင်း၊ နေမဝင်မီ လည်းကောင်း၊ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ (ထိုအရှင်မြတ် အား) ဂုဏ်တော်မွမ်းပါလေ။ ထို့ပြင် အသင်သည် ညဉ့်အချိန်များတွင်လည်းကောင်း၊ နေ့၏အစွန်များ၌ လည်းကောင်း၊ (ထိုအရှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။[၁၃၀]

ထို့ပြင် အသင်သည် ငါအရှင်မြတ်က ယင်း (ကာဖိရ်မိစ္ဆာဝါဒီ)တို့အနက် လူတန်းစား အမျိုးမျိုးတို့အား အကျိုးခံစားစေတော်မူခဲ့သော ဥစ္စာပစ္စည်းကို မိမိမျက်စိအစုံဖြင့် မော်၍ မှု မကြည့်ပါလေနှင့်။ (အမှန်သော်ကား) ငါအရှင်မြတ်သည် ယင်းဥစ္စာပစ္စည်းနှင့် စပ်လျဉ်း၍ ၎င်းတို့အား စမ်းသပ်တော်မူရန် လောကီဘဝ၏ ခမ်းနားသိုက်မြိုက်မှုအဖြစ်သာလျှင် (အကျိုး ခံစားစေတော်မူခြင်းပင်)ဖြစ်ချေသည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် ချီးမြှင့်တော်မူသော စာနပ်ရိက္ခာသည်သာလျှင် အကောင်းဆုံး၊ ထို့ပြင် (အကြာရှည်ဆုံး) အတည်မြဲဆုံးပင် ဖြစ်ပေသည်။[၁၃၁]

၎င်းပြင် အသင်သည် မိမိ အိမ်သူအိမ်သား တပည့်သာဝကတို့အား ဆွေလာတ်ဝတ်ပြုကြရန် အမိန့်ပေးလျက်ရှိပါလေ။ ထို့ပြင် အသင်ကိုယ်တိုင်လည်း ယင်းဆွေလာတ်ဝတ်ပြုမှုအပေါ်၌ မယိမ်းမယိုင် တည်ကြည်မြဲမြံစွာ ရှိပါလေ။ ငါအရှင်မြတ်သည် အသင့်ထံတွင်

စားနပ်ရိက္ခာကိုတောင်းခံတော်မူမည်မဟုတ်ပေ။(အမှန်မှာ)ငါအရှင်မြတ်သည်သာလျှင် အသင့်အား ရိက္ခာကို ချီးမြှင့်တော်မူလေသည်။ စင်စစ် နောက်ဆုံးအကျိုးဆက်သည် သူတော်စင်တို့အဖို့သာ ဖြစ်သည်။[၁၃၂]

ထို့ပြင် ၎င်းတို့က ယင်း(မုဟမ္မဒ်)သည် အဘယ်ကြောင့် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ကျွန်ုပ်ထံ ယူဆောင်၍မလာပါသနည်းဟု ပြောဆိုကြကုန်၏။ အသို့ပါနည်း။ ၎င်းတို့ထံ ရှေးကျမ်းများ၌ လာရှိသော ရှင်းလင်းချက်များသည် ရောက်ရှိမလာခဲ့လေသလော။ [၁၃၃] စင်စစ် အကယ်၍သာ ငါအရှင်မြတ်သည် ၎င်းတို့အား ထို(နဗီတမန်တော်မုဟမ္မဒ်၊ ထိုကုရ်အာန်မကျရောက်မီ)အလျင် ပြစ်ဒဏ် တစ်စုံတစ်ရာဖြင့် ပျက်စီးစေတော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့က "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးတို့ထံ ရစူလ်တမန်တော် တစ်ပါးပါးကို စေလွှတ်တော်မမူခဲ့ပါသနည်း။ သို့(စေလွှတ်တော်မူခဲ့)ပါလျှင် ကျွန်တော်မျိုးတို့သည် မိမိတို့ဂုဏ်အသရေ နိမ့်မကျကြမီအလျင်၌ လည်းကောင်း၊ ကျိုးယုတ်ရှက်ရ မဖြစ်ကြမီ အလျင်လည်းကောင်း အရှင်မြတ်၏ အမိန့်ပညတ်တော်များကို လိုက်နာကြမည်သာ ဖြစ်ပါသည်" ဟု ပြောဆိုကြပေမည်။[၁၃၄]

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်း တို့၊) အားလုံးပင် စောင့်မျော်၍နေသူများပင် ဖြစ်ကြပေရာ အသင်တို့သည်လည်း စောင့်မျော်ကြလေကုန်။ သို့(စောင့်မျော်ကြ)ပါလျှင် မကြာမြင့်မီ မည်သူတို့သည် ဖြောင့်မှန်သောလမ်းပေါ်၌ ရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း၊ မည်သူတို့သည် တရားလမ်းမှန် ရရှိခဲ့သူများဖြစ်ကြသည်ကိုလည်းကောင်း၊ အသင်တို့သည် သိရှိကြအံ့သတည်း။[၁၃၅]

အကျယ်ဖွင့်ဆိုခြင်း

အာယသ် ၁၂၈ ၏ပထမဝါကျပါ **هُدًى** (လမ်းညွှန်မှု) ဟူသော စကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်ကိုသော်လည်း ကောင်း တမန်တော်မြတ်ﷺကိုသော်လည်းကောင်း ရည်ညွှန်းနိုင်ပါသည်။ သို့ဆိုပါလျှင် အဓိပ္ပာယ်မှာ "မက္ကာမြို့ရှိလူတို့အား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို မနာခံ၍လည်းကောင်း တမန်တော်မြတ်ﷺ သယ်ဆောင်လာသော သတင်းစကားအား ကျောခိုင်းသွားသောကြောင့် ဖျက်ဆီးခြင်းခံရသော မျိုးနွယ်စုများနှင့် အဖွဲ့အစည်းများ၏ အဖြစ်အပျက်များ ထိုသူများ၏ မြေယာများနှင့် နေအိမ်များတွင် ယခုအခါ၌ ၎င်းတို့နေထိုင်လျက်ရှိသည် ဆိုကြောင်း ကုရ်အာန်ကျမ်းတော်မြတ်ကသော်လည်းကောင်း တမန်တော်မြတ်ﷺကသော်လည်းကောင်း ထိုသူများအား လမ်းညွှန်မှုမပေးခဲ့ပါသလော ဟူ၍ ဖြစ်နိုင်ပါသည်။ ဖြစ်နိုင်ချေတစ်ခုရှိသေးသည်မှာ **هُدًى** (လမ်းညွှန်မှု)ဟူသော စကားလုံးသည် အလ္လာဟ်အရှင်မြတ်ကို ရည်ညွှန်းနိုင်ပါသည်။ သို့ဆိုပါလျှင် အဓိပ္ပာယ်သည် " အလ္လာဟ် အရှင်က မညွှန်ကြားခဲ့ပါသလော" ဟူ၍ ဖြစ်ပါလိမ့်မည်။

فَاصْبِرْ عَلَىٰ مَا يَقُولُونَ "အသင်သည် ၎င်းတို့ပြောဆိုကြသော ကိစ္စနှင့်စပ်လျဉ်း၍ သည်းခံပါလေ" မက္ကာမြို့၏ လူများက တမန်တော်မြတ်ﷺယူဆောင်လာသော ဘာသာတရားကို ၎င်းတို့ငြင်းပယ်ခြင်းအတွက် အမျိုးမျိုးသော

ဆင်ခြေများ ပေးကြပါသည်။ ယင်းဆင်ခြေများတွင် တမန်တော်မြတ်ﷺအား ပဋ္ဌလက်ဆရာ၊ ကဗျာဆရာ၊ ဟူ၍ပင်မက သစ္စာမဲ့သူဟူ၍ပင် သမုတ်သော တမန်တော်မြတ်ကြီးအား ပုဂ္ဂိုလ်ရေးဆိုင်ရာ ဂုဏ်အသရေမဲ့စေသည့် မှတ်ချက်များ ပါဝင်ပါသည်။ ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်က မက္ကာဟ်မြို့ရှိ မယ်ုကြည်သွေဖည်သူတို့က တမန်တော်မြတ်ﷺအား ကိုယ်ရောစိတ်ပါ ဒုက္ခရောက်စေရန် ရည်စူးပြီးပြုလုပ်သော လုပ်ရပ်တို့ကို အကာအကွယ်ပေးစေမည့် လက်နက်နှစ်ခုကို အကြံပြုထားပါသည်။ တစ်ခုမှာ အမျက်ဒေါသဖြစ်စေသော အရာများအားလုံးကို ရင်ဆိုင်နိုင်စေရန်အတွက် သည်းခံခြင်း၊ ချုပ်တည်းခြင်းပြုလုပ်ရန်နှင့် တမန်တော်မြတ်ﷺသခင်ကိုယ်တော်တိုင် စိတ်ရောကိုယ်ပါ ဆွလာသ် ဝတ်ပြုမှု ပြုလုပ်ရန်ဖြစ်သည်ဆိုကြောင်းကို **وَسَبِّحْ بِحَمْدِ رَبِّكَ** "မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းခြင်းနှင့် တကွ (ထိုအရှင်မြတ်အား) ဂုဏ်တော်မွမ်းပါလေ" ဟူသော စကားလုံးများဖြင့် အကြံပြုထားပါသည်။

သည်းခံခြင်းနှင့်ဝတ်ပြုမှုများသည်သာ ရန်လိုမုန်းတီးမှုကို ကုသရန်ဆေးဖြစ်သည်

ဤကမ္ဘာရှိ လူတိုင်းတွင် ကြီးသူဖြစ်စေ ငယ်သူဖြစ်စေ ကောင်းသူဖြစ်စေ ဆိုးသူဖြစ်စေ ရန်သူများရှိပါသည်။ ၎င်းနောက် ထိုရန်သူများသည် မည်မျှပင် အားအင်ချည့်နဲ့ပါစေ တစ်ဖက်သားကို အန္တရာယ်ပေးနိုင်ပါသည်။ အကယ်၍ တစ်ဖက်သူတွင် ခွန်အားမရှိပါက ရန်သူက ၎င်းတို့ကို နောက်ကျောတွင် ဓားနှင့်ထိုးရန် ဝန်မလေးပါ။ မည်သည်မျှ မလုပ်နိုင်လျှင်သော်မှ တစ်ဖက်သားအား အလားတူထိခိုက်စေသည့် ညစ်ညမ်းသောစကားများကို အသုံးပြုပါလိမ့်မည်။ ထို့ကြောင့် လူတိုင်းသည် သူ၏ရန်သူ၏ ရန်လိုသောလုပ်ရပ်များမှ အကာအကွယ်ပြုရန် အမြဲ သတိရှိရပါမည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က ထိုကဲ့သို့သော အခြေအနေမျိုးအတွက် ကျွန်ုပ်တို့အသုံးပြုရန် အလွန် အကျိုးရှိသည့် လက်နက်နှစ်မျိုးကို ဖော်ပြထားသည်။ တစ်ခုမှာ သည်းခံခြင်းနှင့် မျှသိပ်ခြင်း တို့ဖြစ်ကာ လက်စားချေရန်အတွက် အမျိုးမျိုးသော အတွေးများကို ရှောင်ရှားရန်ဖြစ်သည်။ နောက်တစ်ခုမှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်အား ဝတ်ပြုခြင်း၊ ဆုတောင်းခြင်းတို့ ပြုရပါမည်။ လက်စားချေရန် အတွေးမျိုးစုံရှိနေသော သူတစ်ဦးသည် သူ၏ရန်သူအား သူ့တွင်ရှိ ဩဇာအာဏာများ သုံးလင့်ကစား ထိန်းချုပ်နိုင်ခြင်းမရှိဘဲ မကြာခဏဆိုသကဲ့သို့ အကြံအစည်များ ပျက်သွားခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်းတို့ ကြုံတွေ့ရပါသည်။ တစ်ဖက်တွင်မူ ဝတ်ပြုမှုများ တောင်းဆုဒုအာပြုမှုများ ပြုလုပ်သောသူတွင် အလ္လာဟ်အရှင်၏ ဆန္ဒတော်မရှိပါက၊ သူ့အား မည်သူကမျှ အန္တရာယ်မပြုနိုင်ကြောင်း အလ္လာဟ်အရှင်၏ ဆန္ဒတော်ထဲတွင် ဖုံးကွယ်ထားသည့် ရည်မှန်းချက်ရှိကြောင်းဆိုသည်တို့ကို ယုံကြည်သောကြောင့် သူ့အား စိတ်အေးချမ်းသာမှုရစေပါသည်။ ဤယုံကြည်ချက်က သူ့အား ကျေနပ်မှုရစေရုံသာမက သူ၏ရန်သူများ ရန်လိုသည့် လုပ်ရပ်များကြောင့် ဒေါသထွက်ခြင်းနှင့် လက်တုံ့ပြန်လိုသည့် အတွေးများအား သူ၏စိတ်ထဲမှ ကင်းရှင်းစေပါ သည်။ အာယသ်၏အဆုံး၌ **لَعَلَّكَ تَرْضَىٰ** "အသင်သည် ကျေနပ်အံ့သောငှာ" ဟူ၍ မိန့်ထားသည်က ဆိုလိုသည်မှာ "အကယ်၍ အသင်သည် ဤအကြံပြုမှုကို လိုက်နာပါက ပျော်ရွှင်ပြီး ရောင့်ရဲသည့်ဘဝတစ်ခု အသင်ရ ရှိပါလိမ့်မည်။

وَسَبِّحْ بِحَمْدِ رَبِّكَ "ထို့ပြင် အသင့်ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ အသင်သည် ဂုဏ်တော်ကို ထင်ရှားစေပါလေ။" (၂၀း၁၃၀) ဤနေရာ၌ အလ္လာဟ်အရှင်၏ သန့်ရှင်းစင်ကြယ်မှုကို ရွတ်ဆိုရန်ညွှန်ကြားပြီးသည့်နောက် ထိုအရှင်အား ချီးကျူးထောမနာပြုရန် ညွှန်ကြားထားပါသည်။ ဇိကိရ်ပြုခြင်း သို့မဟုတ် အခြားသော ခဝပ်ကိုးကွယ်မှုများ ပြုခြင်းဖြင့် အလ္လာဟ်အရှင်အား အော်ကမ္ဘသတိရနိုင်စွမ်း "သောင်ဖီးက်"ကို တစ်စုံတစ်ဦးအားပေးသနားခြင်းခံရပါက ထိုသူသည်ယင်းနှင့်ပတ်သက်၍ဂုဏ်မမောက်သင့်ပါ။ဂုဏ်မောက်မည့်အစား သူသည် အလ္လာဟ်အရှင်အား ချီးကျူးထောမနာပြုသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်သာ

ထိုသောင်ဖီးက် စွမ်းအားမပေးပါက သူသည် ထိုကဲ့သို့သော ခဝပ်ကိုးကွယ်မှုများ မလုပ်နိုင်ပါ။ ထို့နောက် အလ္လာဟ် အရှင့်သန့်စင်မှုများ ချီးကျူးထောမနာပြုမှုများ ရွတ်ဆိုခြင်း၊ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းနှင့် ချီးကျူး ထောမနာပြုခြင်းကို ဆိုလိုပါသည်။ ၎င်းပြင် သတ်မှတ်ထားသည် ဆွလာသ်ဝတ်ပြုခြင်းများဟူ၍လည်း ဆိုလိုပါသည်။ ဆက်လက်၍ ဖော်ပြထားသော သတ်မှတ်ထားသည့် အချိန်များဆိုသည်မှာ ဆွလာသ်ဝတ်ပြုရမည့် သတ်မှတ်ထားသည့် အချိန်များကို ရည်ညွှန်းသည် ဆိုသည်မှာထင်ရှားပါသည်။ ထို့ကြောင့် **قَبْلَ طُلُوْعِ الشَّمْسِ** "နေမထွက်မီ" ဟူသည်ကား နံနက်အစောပိုင်းတွင် ပြုလုပ်ရသော ဖဇျရ်ဆွလာသ်ဝတ်ပြုမှုကို ဆိုလိုပါသည်။ **قَبْلَ غُرُوْبِهَا** "နေမဝင်မီ" ဆိုသည်က နေ့အလယ်ပိုင်းပြုလုပ်သော ဇုဟ်ရ်ဆွလာသ် ဝတ်ပြုမှုနှင့် ညနေပိုင်းတွင် ပြုလုပ်ရသော အဆွာရ်ဆွလာသ် ဝတ်ပြုမှုကို ဆိုလိုပါသည်။ **وَمِنْ اٰنَآئِ الَّيْلِ** "ထိုနည်းတူစွာ ညဉ့်အချိန်များတွင်" ဟူသည်က နေဝင်ပြီးမှပြုလုပ်ရသော မဂ္ဂရိပ်၊ အီရှာနှင့် သတ်ဂျတ်ဆွလာသ် ဝတ်ပြုမှုများကို ဆိုလိုပါသည်။ **اَطْرَافَ النَّهَارِ** "နေ့၏အစွန်းဌ ဟူသည်က ဖဇျရ်နှင့်မဂ္ဂရိပ် ဆွလာသ်ဝတ်ပြုမှုများ အပေါ်ဌ ထပ်ဆောင်း အလေးအနက်ပြုရန် ရည်ညွှန်းထားပါသည်။

လောကီစည်းစိမ်ချမ်းသာများသည် ခဏပန်းသာဖြစ်ပြီး ယင်းတို့သည် အလ္လာဟ်အရှင်ကျေးဇူးတော်၏ သက်သေ လက္ခဏာများ မဟုတ်ပါ။ ထို့နောက်ကောင်းမြတ်သော မုစ်လင်မ်များအတွက် ယင်းသည် အန္တရာယ်အတွက် အချက်ပြမှု တစ်ခုပင်ဖြစ်သည်။

وَلَا تَمُدَّنَّ عَيْنَيْكَ "ထို့ပြင် အသင်သည် ဥစ္စာပစ္စည်းကို မိမိမျက်စိအစုံဖြင့် မော်၍မျှမကြည့်ပါလေနှင့်"။ ဤစကားလုံး များသည် တမန်တော် မြတ်ﷺအား ဦးတည်ပြောကြားခဲ့ကာ သူ၏နောက်လိုက်များအား လမ်းညွှန်ပေးရန် ရည်စူး ထားသည်။ ထိုသူများသည် လောကီစည်းစိမ်ခံစားမှုကို ကြိုက်နှစ်သက်ကြသောကြောင့် ထိုကဲ့သို့သော ခမ်းနား ကြီးကျယ်ပြီး ဝင်းလက်လျက်ရှိသော အရာတို့အား အာသာငမ်းငမ်း တတ်မက်သောအကြည့်မျိုးဖြင့် မကြည့် ရန် မိန့်ထားသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာများသည်ကြာရှည်မခံသော တခဏပန်းအရာများသာဖြစ်ပါသည်။ တမန်တော်မြတ်ﷺအပေါ်ဌ ချပေးထားတော်မူသော ကောင်းချီးများနှင့် အသနားတော်များ ၎င်းပြင် တမန်တော်မြတ် ﷺမှတစ်ဆင့် ၎င်း၏နောက်လိုက်များအပေါ်သို့ ချပေးထားသည်များသာ ထာဝရဖြစ်သောကြောင့် လောကီစည်းစိမ်များ ထက် ထိုအရာများကိုသာ ပိုမိုကြိုက်နှစ်သက်ရပါမည်။

အလ္လာဟ်အရှင်မြတ်အတွက် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်သော မယုံကြည်သွေဖည်သူများနှင့် မကောင်းမှုပြုသူများ သည် ချမ်းသာကြွယ်ဝပြီး၊ ကြီးပွားတိုးတက်ကြကာ ဘုရားတရားကိုင်းရှိုင်းပြီး ရိုကျိုးသောမုစ်လင်မ်များသည်၊ ဆင်းရဲ မွဲတေကာ ချို့တဲ့နေခြင်းကို လူအများ အမြဲစဉ်းစား၍ မရကြပါ။ ကြီးကျယ်ခမ်းနားပြီး အလွန်ရိုသေထိုက်သော စိုက်ယိ ဒိနာ အုမ္မရ်အလ်ဖာရွတ်သည်ပင်လျှင် ဤထင်ရှားသော ကွာဟမှုကြီးကို တွေ့ရှိရပုံမှာ တစ်နေ့သောအခါဌ တမန်တော် မြတ်ﷺ သီးသန့်နေထိုင်ရာ အခန်းတွင်းသို့ သူဝင်ရောက်ခဲ့သောအခါဌ တမန်တော်မြတ်ﷺသည် ကျူရိုးအကြမ်းဖြင့် ပြုလုပ်ထားသော ဖျာပေါ်ဌလဲလျောင်းနေခဲ့ကာ တမန်တော်မြတ်ﷺသခင်၏ကျောပြင်ဌ ကျူရိုးအရာများ ထင်နေသည် ကို သူတွေ့ခဲ့ရပါသည်။ စိုက်ယိဒိနာအုမ္မရ်ﷺသည် ထိုနေရာဌ မတ်တတ်ရပ်၍ ငိုကြွေးခဲ့ပါသည်။ ထို့နောက် သူက ပြောသည်မှာ "အို- အလ္လာဟ်တမန်တော်ﷺ ပါရှားနှင့် ဘိုင်ဇန်တိုင်းဘုရင်များသည် စည်းစိမ်ဥစ္စာ များဖြင့် နေရပါသော်လည်း အသင်သည် အလ္လာဟ်အရှင့်လက်ရွေးစင် တမန်တော်လည်းဖြစ် အရှင့်အချစ်ဆုံး တမန် တော်လည်းဖြစ်ပါလျက် နှင့် ကြမ်းတမ်းသောဘဝတွင် နေရသည်"ဟူ၍ဖြစ်သည်။ ဤပြောကြားချက်ကို တမန်တော် မြတ်ﷺက ဖြေကြားခဲ့သည် မှာ- "အို- ခတဗ်၏သား၊ အလ္လာဟ်အရှင်သည် ထိုသူများအား ၎င်းတို့ကြိုက်နှစ်သက်သည့်အရာများကို ပေးသနား

တော်မူပြီး နောင်တမလွန်ဘဝတွင်မူ သူတို့အတွက် ပြစ်ဒဏ်ခတ်မှုနှင့် နာကျင်စေမှုများကလွဲ၍ ဘာမျှရရှိလိမ့်မည်မဟုတ်ကြောင်းကို အသင် မသိပါသလော"ဟူ၍ဖြစ်သည်။ ထိုအကြောင်းကြောင့် တမန်တော်မြတ် ﷺသည် ဘဝ၏ လောကီစည်းစိမ်ချမ်းသာများကို ရရှိစေရန် နည်းလမ်းများရှိပါလျက်နှင့် ဤကောက်ကျစ်စဉ်းလဲသော ကမ္ဘာကြီး၏ခမ်းနားကြီးကျယ်မှုများနှင့် အချိုးအနှိုးဖြစ်မှုတို့မှ ကင်းစင်သည့်ဘဝတစ်ခုကို သူ့အတွက် ရွေးချယ်ခဲ့ပါသည်။ ကြိုးပမ်းအားထုတ်မပြုလုပ်ရဘဲ သူ့အတွက် ဥစ္စာဓနဝေစုရရှိခဲ့ပါလျှင်သော်မှ ချက်ချင်းဆိုသလို သူ့အတွက် မည်သည်မျှ ချန်ထားခြင်းမရှိဘဲ ဆင်းရဲမွဲတေသူများကို ဝေငှပေးလိုက်ပါသည်။ တစ်ချိန်တုန်းက တမန်တော်မြတ်ﷺ မိန့်ထားသော မိန့်ကြားချက်တစ်ခုကို စိုက်ယိဒိနာ အဗူစအိဒ်အလ်ခုဒ်ရီအား ကိုးကားလျက် အိဗ်နိအဗီဟာသင်က တင်ပြသည်မှာ-

ان اخواف ما اخاف علیکم ما یفتح الله علیکم من زهرة الدّنیا (ابن کثیر)

"အသင်တို့၏ ရှေ့မှောက်တွင်ရှိနေမည်ဖြစ်သော ဥစ္စာဓနများနှင့် လောကီ၏ခမ်းနားကြီးကျယ်မှုကြောင့် အသင်တို့အတွက် ကျွန်ုပ် စိုးရိမ်ပူပင်သောကရောက်ရပါသည်" ဟူ၍ဖြစ်သည်။ (အိဗ်နိကဆီး၏)

ဤဟဒီးစ်ထဲ၌ တမန်တော်မြတ်ﷺက ကြိုတင်မိန့်ကြားသည်။ မုစ်လင်မ်များ အောင်ပွဲရရှိမည်ဆိုကြောင်းနှင့် ကျယ်ပြန့်သော နယ်ပယ်များရရှိကာ ပြောမပြနိုင်လောက်အောင် များပြားသော ဥစ္စာဓနများနှင့် စည်းစိမ်ချမ်းသာများ ရရှိပါလိမ့်မည်။ သို့ရာတွင် ဤအလားအလာများကြောင့် တစ်စုံတစ်ဦးအား ကျေနပ်နှစ်သက်စေမှု မဖြစ်စေရပါ။ ထိုသည်အတိုင်း ဖြစ်ပေါ်လာပါက စိုးရိမ်စရာ အလွန်ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် စည်းစိမ်များတွင်ယစ်မူးနေခြင်းက လူအများသည် အလွှာဟ်အရှင်အတွက် မိမိတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို မေ့လျော့စေပါသည်။

တစ်စုံတစ်ဦး၏ ဆွေမျိုးသားချင်းများနှင့် အပေါင်းအဖော်များကို ၎င်းတို့၏ ဆွလာသ်ဝတ်ပြုဆောက်တည်မှုအား အချိန် မှန်မှန် ပြုလုပ်စေခြင်းနှင့် ယင်းနောက်ကွယ်ရှိဒဿန

وَأْمُرْ أَهْلَكَ بِالصَّلٰوةِ وَاصْطَبِرْ عَلَيْهَا"ငင်းပြင် အသင်သည် မိမိအိမ်သူအိမ်သား တပည့်သာဝကတို့အား ဆွလာသ်ဝတ်ပြုကြရန် အမိန့်ပေးလျက်ရှိပါလေ။ ထို့ပြင် အသင်ကိုယ်တိုင်လည်း ယင်းဆွလာသ်ဝတ်ပြုမှုအပေါ်၌ မယိမ်းမယိုင် တည်ကြည်မြဲမြံစွာ ရှိပါလေ။" (၁၃၂) ဤသည်တွင် တမန်တော်မြတ်ﷺအား သူ့မိသားစုဝင်များကို ဆွလာသ်ဝတ်ပြုမှုလုပ်ဆောင်ရန် ညွှန်ကြားရေးနှင့် ကိုယ်တိုင်လည်း ဆွလာသ်ဝတ် ပြုမှုကို မယိမ်းမယိုင် တည်ကြည်မြဲမြံစွာ လုပ်ဆောင်ရန်မိန့်ထားသည်။ ဤသည်တွင် တစ်သီးတစ်ခြားစီရှိသော အမိန့်နှစ်ခုအဖြစ် အမိန့်ပေးထားသည်။ တစ်ခုမှာ မိသားစုအတွက်ဖြစ်၍ နောက်တစ်ခုမှာ သူကိုယ်တိုင်အတွက် ဖြစ်သည်။ သို့သော်လည်း စင်စစ် လူတစ်ဦး ဆွလာသ်ဝတ်ပြုမှု စွဲမြဲစေရန်မှာ သူ့မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းတို့သည်လည်း ဤကိစ္စနှင့်ပတ်သက်၍ ၎င်းတို့တာဝန်ကို သတိမူမိစေရန် အဓိက အရေးကြီးသည်။ အဟ်လ်ဟူသော စကားလုံးသည် မိသားစုအတွက်သုံးနှုန်း၍ အလွန်ပြီးပြည့်စုံသောကြောင့် ယင်းတွင် ထိုသူ၏ဇနီးသားသမီးများနှင့် အပေါင်းအသင်းအားလုံး အကျုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများ အားလုံးသည် ပတ်ဝန်းကျင်ပေါ်၌ လွှမ်းမိုးမှုရှိကာ လူ့အဖွဲ့အစည်း၏ ပြီးပြည့်စုံစေသည့် သမူဟအစိတ်အပိုင်းတစ်ခု ဖြစ်ပေသည်။ ဤအာယသ်တော်သည် တမန်တော်မြတ်ﷺ အပေါ်ကျရောက်ခဲ့ပြီးနောက် မနက်ပိုင်း ဆွလာသ်ဝတ်ပြု ဆောက်တည်ချိန်ရောက်သော နံနက်တိုင်းတွင် စိုက်ယိဒိနာအလီ﵁နှင့် စိုက်ယိဒိနာဖာသိမာဟ်﵂တို့ အိမ်သို့ သွားရောက်ကာ **الصّلوة الصّلوة** (ဆွလာသ်ဝတ်ပြုဆောက်တည်ရန် လာကြလော့၊ ဆွလာသ်ဝတ်ပြုရန် လာကြလော့) ဟု အသံပေး ခေါ်ဆိုခဲ့သည်။ (ကုရ်သုဗီ)

တင်ပြချက်တစ်ရပ်တွင် စိုက်ယိဒိနာ အုရ်ဝါအ်အိဗနိဇုဗိုင်းရ်ﷺသည် ဥစ္စာပစ္စည်းများ ခင်းကျင်းထားသည်ကို မည်သည့်အချိန် မြင်တွေ့ခဲ့ရသည်ဖြစ်စေ သူသည် အိမ်သို့ချက်ချင်းပြန်၍ သူ့မိသားစုကို ဆွလာသ်ဝတ်ပြု ဆောက်တည်ရန်ခေါ်၍ ဤအာယသ်တော်ကို သူတို့အား ရွတ်ဖတ်သရဇ္ဈာယ်ပြခဲ့သည်။ ထို့ပြင် စိုက်ယိဒိနာ အုမရ်အိဗနိ ခသ္ဒ်သွားဗ်ﷺသည် သူ ဆွလာသ် (သဟ်ဂျတ်ဖ်)ဆွလာသ်ဝတ်ပြုရန် နိုးထသောအခါ သူ့မိသားစုကိုနှိုး၍ ဤအာယသ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြခဲ့သည်။ (ကုရ်သုဗီ)

တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုမှုများနှင့် အရှင်မြတ်၏ခဝပ်ကိုးကွယ်မှုတွင် နစ်မွန်းနေခဲ့ပါက အလ္လာဟ်အရှင်မြတ် က သူ၏ စားနပ်ရိက္ခာကို လွယ်ကူအဆင်ပြေစေရန် ကူညီတော်မူသည်

لَا نَسْـَٔلُكَ رِزْقًا "ငါအရှင်မြတ်သည် အသင့်ထံတွင် စားနပ်ရိက္ခာကို တောင်းခံတော်မူမည် မဟုတ်ပေ။ (၂၀း၁၃၄)" အလ္လာဟ်အရှင်မြတ်သည် လူအများကို သူတို့၏မိသားစုဝင်များ စားနပ်ရိက္ခာရရှိစေခြင်းနှင့် သူတို့စွမ်းအားပေါ်၌ အားကိုးခြင်းဆိုသည်တို့ကို မတောင်းဆိုပါ။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စရပ်အတွက် တာဝန်မှာ အလ္လာဟ်အရှင် တစ်ပါးတည်း၏တာဝန်ဖြစ်သည်။ လူသားသည် သူ့ကိုယ်သူပင် ထောက်ပံ့နိုင်စွမ်းမရှိ။ သူအကောင်းဆုံးလုပ်နိုင်သည်မှာ မြေကိုထွန်ယက်၍ သစ်စေ့စိုက်ပျိုးရန်သာ ရှိသည်။ သို့ရာတွင် သစ်စေ့အညောင့်ပေါက်ခြင်း သို့တည်းမဟုတ် ယင်းမှ သစ်ပင်ပေါက်စေခြင်းဟူသော အစွမ်းကား သူ့တွင်မရှိချေ။ ဤကိစ္စအားလုံးအတွက် လူသား၏ အခန်းကဏ္ဍမှာ အပင် ရင့်မာလာသည်ထိ စောင့်ရှောက်ရန်နှင့် ယင်းမှထွက်ရှိလာသည်တို့ကို သူ့ကိုယ်ရေးကိုယ်တာ သုံးစွဲနိုင်ပါသည်။ ထို့ပြင် ဆွလာသ်ဝတ်ပြု ဆောက်တည်မှုတွင် တစ်ချိန်လုံး ကုန်ဆုံးစေသူအတွက် အလ္လာဟ်အရှင်မြတ်က သူ၏ လုပ်ကိုင် ဆောင်ရွက်မှုဝန်ကို ခံနိုင်စွမ်းရှိစေပါသည်။(သိရ်မိဇီ) စိုက်ယိဒိနာအဗူဟုရိုင်ရဟ်ﷺကို ကိုးကား၍ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို အိဗနိမာဂျာဟ်ကျမ်းတွင် ဖော်ပြသည်မှာ-

يقول الله تعالى: يا ابن آدم تفرّغ لعبادتي املأ صدرك غنى واسد فقرك، وإلا تفعل ملأت صدرك شغلا ولم اسد فقرك (ابن كثير)

"အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်။ "အို- အာဒမ်၏သား မြေးတို့၊ အသင်တို့သည် ငါအရှင်မြတ်အား ခဝပ်ကိုးကွယ်မှုတွင် နှစ်မြှုပ်ထားပါ။ သို့ဆိုလျှင် သင်တို့ရင်ဝယ် ပြီးပြည့်စုံ၍ လိုအပ်ခြင်း ကင်းစေပါမည်။ သို့ရာတွင် အကယ်၍ သင်တို့သည် ငါအရှင်မြတ်အမိန့်ကို မနာခံလျှင် ငါအရှင်မြတ်သည် သင်တို့ရင်ဝယ် ပူပင်မှုနှင့် သောကများဖြင့် ပြည့်စေကာ လိုအပ်ချက်များကင်းစင်စေမည် မဟုတ်ချေ" (အိဗနိကဆီး၏) ဟူ၍ဖြစ်သည်။

لم اسد فقرك (ငါအရှင်မြတ်သည် သင်တို့အား လိုအပ်ချက်များမှ မကင်းလွတ်စေပါ) ဟူသော စကားလုံး၏ ဆိုလိုရင်းမှာ ထိုကဲ့သို့သောသူသည် အမြဲဆင်းရဲနေပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဥစ္စာဓနရလေလေ သူ့လောဘသည် တိုးလေလေဖြစ်ပေမည်။ တမန်တော်မြတ်ﷺ၏ မိန့်ကြားသည်ကို စိုက်ယိဒိနာအဗ္ဒဒွလ္လာဟ်အိဗနိမတ်စ်အူးဒ်ﷺ ကြားခဲ့သည်ကို ပြောသည်မှာ -

من جعل همومه همّا واحدا همّ المعاد، كفاه الله همّ دنياه، ومن تشعبت به الهموم في احوال الدّنيا لم يبال الله في أيّ اودية هلك رواه ابن ماجه (ابن كثير)

"လူတစ်ဦးသည် သူ၏ကြိုးပမ်းအားထုတ်မှုအားလုံးကို တမလွန်ဘဝအတွက် စူးစိုက်ကာ သောကပေးခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် သူ့သောကများ အားလုံးအတွက် တာဝန်ယူပါလိမ့်

မည်။ သို့ရာတွင် လူတစ်ဦးသည် လောကီကိစ္စရပ်များ အားလုံးအတွက် သောကထားပါက အလွှာဟ်အရှင်မြတ်သည် ၎င်းအား ပစ်ပယ်ထားပါလိမ့်မည်။" (အိဗနိကဆီး၏)

اَوَ لَمۡ تَاۡتِهِمۡ بَيِّنَةُ مَا فِى الصُّحُفِ الۡاُوۡلٰى "အရှင်မြတ်ထံတော်မှ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ကျွန်ုပ်ထံ ယူဆောင်၍ မလာပါသနည်းဟု ပြောဆိုကြကုန်၏။ အသို့ပါနည်း၊ ၎င်းတို့ထံ ရှေးကျမ်းများ၌လာရှိသော ရှင်းလင်းချက်များသည် ရောက်ရှိမလာခဲ့ လေသလော။ (၂၀း၁၃၃)" ယင်းက ဆိုလိုသည်မှာ သောင်ရတ်၊ အင်ဂျိလ်နှင့် စိုက်ယိဒိနာအိဝ်ရာဟီမ်ﷺကို ပေးခဲ့သည်။ ရှေးကျမ်းများအားလုံးတွင် နောက်ဆုံး တမန်တော်မုဟမ္မဒ်ﷺ၏ တမန်တော်ဖြစ်ခြင်း သက်သေလက္ခဏာများ ပါဝင်သည်။ တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်ခြင်းကို တစိုက်မတ်မတ် ငြင်းပယ်သူများအတွက် ထိုသက်သေ လက္ခဏာများမှာ မလုံလောက်ပါသလော။

فَسَتَعۡلَمُوۡنَ مَنۡ اَصۡحٰبُ الصِّرَاطِ السَّوِىِّ وَ مَنِ اهۡتَدٰى "မကြာမြင့်မီ မည်သူတို့သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ ရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း မည်သူတို့သည် တရားလမ်းမှန်ရရှိခဲ့သူများ ဖြစ်ကြသည်ကို လည်းကောင်း အသင်တို့သည် သိရှိကြအံ့သတည်း။ (၂၀း၁၃၅)" ယင်းကဆိုလိုသည်မှာ မိမိနည်းလမ်းများနှင့် လုပ်ရပ်သည်သာ အကောင်းဆုံးဖြစ်သည်ဟု လူတိုင်း လွတ်လပ်စွာ အခိုင်အမာပြောဆိုနိုင်သော်လည်း ဤကဲ့သို့ပြောဆိုမှုမျိုးတွင် မည်သည့်တန်ဖိုးမှ မရှိချေ။ အဘယ်ကြောင့်ဆိုသော် အမှန်ကန်ဆုံးလမ်းသည် အလွှာဟ်အရှင်မြတ် နှစ်သက်တော်မူသော လမ်းသာဖြစ်သည်။ ထို့ပြင် ပြန်လည် ရှင်ပြန်ထရမည့်နေ့တွင် မည်သူသည် လမ်းမှားလိုက်ခဲ့၍ မည်သူသည် ကယ်တင်ခြင်းခံရသော လမ်းလိုက်ခဲ့ကြောင်း သိရှိစေပါမည်။

اللّٰهمّ اهدنا لما اختلف فيه الى الحقّ باذنك
ولا حول ولا قوة الاّ بك ولا ملجأ ولا منجا منك الّا اليك

အလ်ဟမ်ဒုလိလ္လာဟ် စူရတ်တွာဟာ၏ အကျယ်ဖွင့်ဆိုခြင်း ဤတွင် ပြီးဆုံးသည်။

၂၀၁၂- အောက်တိုဘာ ၃၀-ရက်(အင်္ဂါ)နေ့
၁၃၃၃- ဇွလ်ဟိဂ္ဂျာဟ် ၁၄-ရက် (ဗုဒ္ဓဟူးနေ့) ည-၉း၀၀နာရီ

ခုရဟ်အလ်အန်ဗိယာအ်

(နဗီတမန်တော်များ)

စူရဟ်အလ်အန်ဗိယာအ်

နဗီတမန်တော်များကလွှ

စူရဟ်အလ်အန်ဗိယာအ်သည် မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။
ဤစူရဟ်တွင် အာယသ်တော် (၁၁၂)အာယသ် ပါရှိပြီး အပိုဒ်(၇)ပိုဒ် ရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော၊ မပြတ်မစဲ သနားညှာတာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၁၀)

اِقۡتَرَبَ لِلنَّاسِ حِسَابُهُمۡ وَ هُمۡ فِیۡ غَفۡلَةٍ مُّعۡرِضُوۡنَ ۚ﴿۱﴾ مَا یَاۡتِیۡهِمۡ مِّنۡ ذِکۡرٍ
مِّنۡ رَّبِّهِمۡ مُّحۡدَثٍ اِلَّا اسۡتَمَعُوۡهُ وَ هُمۡ یَلۡعَبُوۡنَ ۙ﴿۲﴾ لَاهِیَةً قُلُوۡبُهُمۡ ؕ وَ اَسَرُّوا
النَّجۡوَی ۖ الَّذِیۡنَ ظَلَمُوۡا ۖ هَلۡ هٰذَاۤ اِلَّا بَشَرٌ مِّثۡلُکُمۡ ۚ اَفَتَاۡتُوۡنَ السِّحۡرَ
وَ اَنۡتُمۡ تُبۡصِرُوۡنَ ﴿۳﴾ قٰلَ رَبِّیۡ یَعۡلَمُ الۡقَوۡلَ فِی السَّمَآءِ وَ الۡاَرۡضِ ۫ وَ هُوَ
السَّمِیۡعُ الۡعَلِیۡمُ ﴿۴﴾ بَلۡ قَالُوۡۤا اَضۡغَاثُ اَحۡلَامٍۭ بَلِ افۡتَرٰىهُ بَلۡ هُوَ شَاعِرٌ
ۖ فَلۡیَاۡتِنَا بِاٰیَةٍ کَمَاۤ اُرۡسِلَ الۡاَوَّلُوۡنَ ﴿۵﴾ مَاۤ اٰمَنَتۡ قَبۡلَهُمۡ مِّنۡ قَرۡیَةٍ
اَهۡلَکۡنٰهَا ۚ اَفَهُمۡ یُؤۡمِنُوۡنَ ﴿۶﴾ وَ مَاۤ اَرۡسَلۡنَا قَبۡلَکَ اِلَّا رِجَالًا نُّوۡحِیۡۤ
اِلَیۡهِمۡ فَسۡـَٔلُوۡۤا اَهۡلَ الذِّکۡرِ اِنۡ کُنۡتُمۡ لَا تَعۡلَمُوۡنَ ﴿۷﴾ وَ مَا جَعَلۡنٰهُمۡ جَسَدًا لَّا
یَاۡکُلُوۡنَ الطَّعَامَ وَ مَا کَانُوۡا خٰلِدِیۡنَ ﴿۸﴾ ثُمَّ صَدَقۡنٰهُمُ الۡوَعۡدَ فَاَنۡجَیۡنٰهُمۡ
وَ مَنۡ نَّشَآءُ وَ اَهۡلَکۡنَا الۡمُسۡرِفِیۡنَ ﴿۹﴾ لَقَدۡ اَنۡزَلۡنَاۤ اِلَیۡکُمۡ کِتٰبًا فِیۡهِ
ذِکۡرُکُمۡ ؕ اَفَلَا تَعۡقِلُوۡنَ ﴿۱۰﴾

လူသားတို့အား စစ်ဆေးရန် အချိန်ကာလသည် ၎င်းတို့နှင့် နီးကပ်၍လာခဲ့လေပြီ။ အမှန်သော်ကား ၎င်းတို့သည် မျက်နှာလွှဲလျက် ပေါ့ဆမှုဌာပင် ရှိကြသေး၏။[၁] ၎င်းတို့ထံ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ မည်သည့် သစ်လွင်သော သတိပေးနှိုးဆော်ချက်မဆို ရောက်လတ်သော် ၎င်းတို့သည် ယင်းသတိပေးနှိုးဆော်ချက်ကို ပြက်ရယ်ပြောင်လှောင်၍သာ နားထောင်ကြကုန်၏။[၂] ၎င်းတို့၏ စိတ်နလုံးများသည် (ယင်း သတိပေး နှိုးဆော်ချက်ကို) ဂရုမမူဘဲ(ရှိကြ၏)။ ၎င်းပြင် (ယင်း) ကျူးလွန်သောသူတို့က ဤသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာ ဖြစ် သည်။ သို့ပါလျက် အသင်တို့သည် မိမိတို့ သိမြင်ကြလျက်၌ ပဌလက်(ဆိုင်ရာစကား)ကို (နားထောင်ရန်) လာကြဦးမည်လောဟု လှုံ့ဆော်ဆွေးနွေးကြကုန်၏။[၃]

(နဗီတမန်တော်က) ငါ့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် မိုးကောင်းကင်၌(ရှိသောစကား)ကို ဖြစ်စေ၊ ပထဝီမြေ၌(ရှိသောစကား)ကို ဖြစ်စေ၊ (အလုံးစုံသော)စကားကို သိတော်မူ၏။ စင်စစ် ထိုအရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၄]

ထိုသို့မဟုတ်၊ စင်စစ်မှာကား ယင်း(မိစ္ဆာဝါဒီ)တို့က (ဤသို့)ပြောဆိုကြကုန်၏။ (ဤကုရ်အာန်ကျမ်းသည်)ကယောင်ချောက်ချားမြင်မက်သောအိပ်မက်မျှသာဖြစ်သည်။ ထိုမျှမက စင်စစ်မှာကား ယင်း(မုဟမ္မဒ်)သည် ဤ(ကုရ်အာန်ကျမ်းတော်)ကို ကြံဖန် (သီကုံး)ခဲ့သည်။ ထိုမျှသာမက စင်စစ်မူကား ယင်း(မုဟမ္မဒ်)သည် လက််ဆရာတစ်ဦးပင် ဖြစ်ပေသည်။ ထိုသို့မဟုတ်ခဲ့လျှင် ရှေးသူပေဘင်းများ (ရစူလ်တမန်တော်အဖြစ်) စေလွှတ်ခြင်း ခံခဲ့ရသကဲ့သို့ပင် ယင်း(မုဟမ္မဒ်)သည်လည်း ကျွန်ုပ်တို့ထံ တန်ခိုးပြာဋိဟာတစ်စုံတစ်ရာကိုယူလာသင့်၏။[၅]၎င်းတို့အလျောင်ငါအရှင်မြတ်ပျက်စီးစေတော်မူခဲ့သော မည်သည့်မြို့ရွာ(မှ မြို့သူရွာသားများ)မျှပင် (တန်ခိုးများကို တွေ့မြင်ကြပါလျက်နှင့်ပင်) သက်ဝင်ယုံကြည်ခဲ့ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ ဤသူတို့သည် သက်ဝင်ယုံကြည်ကြဦးမည်လော။[၆]

စင်စစ် ငါအရှင်မြတ်သည် အသင့်အလျောင်ကလည်း ယောကျ်ားများ ကိုသာလျှင် (ရစူလ်တမန်တော်များအဖြစ်) စေလွှတ်တော်မူခဲ့၏။ ငါအရှင်မြတ်သည် ၎င်းတို့ထံ "ဝဟ်ယ်" အမိန့်တော်ကို ပို့တော်မူလေသည်။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (မိမိကိုယ်တိုင်)မသိကြလျှင် (ရှေး)ကျမ်းဂန်ရရှိသူများအား မေးမြန်း(၍ ကြည့်)ကြလေကုန်။[၇] ၎င်းပြင် ငါအရှင်မြတ်သည် ယင်း(ရစူလ်တမန်တော်)တို့အား အစာအဟာရစား(သောက်)ခြင်းမပြုကြသော ခန္ဓာကိုယ်များ(အဖြစ်) ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့သည်လည်း မဟုတ်ပေ။ ထို(ရစူလ်တမန်တော်)များသည် (အသက် သေဆုံးခြင်း မရှိဘဲ) အမြဲထာဝရ (အသက်ရှင်)နေသူများလည်း မဖြစ်ခဲ့ကြချေ။[၈] ထို့နောက် ငါအရှင်မြတ်သည် ထို(ရစူလ် တမန်တော်)များအဖို့ (၎င်းတို့နှင့်ထားရှိတော်မူခဲ့သော) ကတိကို တည်စေတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ယင်း(ရစူလ် တမန်တော်)

များအား လည်းကောင်း၊ မိမိတို့ အလိုရှိတော်မူသောသူတို့အားလည်း ကောင်း ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် ငါအရှင်မြတ်သည် စည်းကမ်း ကျူးလွန်သူတို့အား ပျက်စီးစေတော်မူခဲ့၏။[၉]

မလွဲဖေကန် ငါအရှင်မြတ်သည် အသင်တို့ထံ အကြင်ကဲ့သို့သော ကျမ်းဂန် တစ်စောင်ကို ပေးသနားတော်မူခဲ့ပြီး ဖြစ်၏။ ယင်းကျမ်းဂန်တွင် အသင်တို့အား သတိပေးနှိုးဆော်ချက်(များ)ပါရှိ၏။ သို့ပါလျက် အသင်တို့သည် မသိ နားမလည်ကြလေသလော။[၁၀]

အကျယ်ဖွင့်ဆိုခြင်း

စူရာဟ်အမ်ဗီယာ၏အရေးပါမှု

စိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ် အိဗနိမတ်စ်အူးဒ် ﷺက ပြောခဲ့သည်မှာ စူရာဟ်အလ်ကားဖ်၊ မရ်ယာမ်၊ တွာဟာနှင့် အလ် အမ်ဗီယာစသော စူရာဟ်လေးခုသည် အစောပိုင်းကျရောက်ခဲ့သည့် စူရာဟ်များဖြစ်ကာ ယင်းတို့ကို ကျွန်ုပ် အလွန် တန်ဖိုးထားပြီး ကျွန်တော့်နှလုံးသားမှာ ဂရုစိုက် ထိန်းသိမ်းထားပါသောရတနာပင် ဖြစ်ပါသည်ဟု ပြောခဲ့၏။ (ကုရ်သုဗီ)

اِقْتَرَبَ لِلنَّاسِ حِسَابُهُمْ "လူသားတို့အား စစ်ဆေးရန်အချိန်ကာလသည် ၎င်းတို့နှင့်နီးကပ်၍လာခဲ့လေပြီ (၂၁း၁)" ဤသည်က ဆိုလိုသည်မှာ လူအများသည် ၎င်းတို့လုပ်ရပ်များနှင့်ပတ်သက်၍ စစ်ဆေးခြင်းပြုလုပ်နေမည့် နေ့သည် နီးကပ်လာချေပြီ။ ဤနေရာတွင် တရားစီရင်မည့်နေ့ကို ရည်ညွှန်းသည်။ ထို့ပြင် ယင်း၏ ချဉ်းကပ်ပုံမှာ လွန်လေပြီးသော ခေတ်ကာလရှိ တမန်တော်များ၏ အွမ္မသ်ကိုပြုလုပ်သကဲ့သို့ နောက်ဆုံးတမန်တော် စိုက်ယိဒိနာမုဟမ္မဒ် မုစ်သ္တဖာ ﷺ၏ အွမ္မသ်ထုကိုလည်း ယင်းအတိုင်းပြုလုပ်လိမ့်မည်။ ထို့ပြင် အကယ်၍ حِسَاب (စစ်ဆေးခြင်း) ဟူသော စကားလုံး၏ ဆိုလိုရင်းကို ယင်း၏ ယေဘုယျအဓိပ္ပာယ်အရ မှတ်ယူခဲ့လျှင် လူတစ်ဦး သေဆုံးပြီးလျှင်ပြီးခြင်း ရင်ဆိုင်ရမည့် ကဗရ် သချိုင်းအတွင်း စစ်ဆေးခြင်းလည်း အကျုံးဝင်သည်။ ဤအကြောင်းကြောင့် တစ်စုံတစ်ဦး၏ သေဆုံးခြင်းကို သူ၏ စစ်ဆေးမည့်နေ့ဟု မှတ်ယူပါသည်။ من مات فقد قامت قيامته (လူတစ်ဦး သေဆုံးသွားပါက သူ၏စစ်ဆေးမည့်နေ့ ရောက်ရှိလာပါမည်။) ထို့ကြောင့် နောက်ပိုင်းရှင်းလင်းချက်က ဤအာယသ်ကို ရှင်းလင်းစေသည်မှာ တစ်ဦးစီကို စစ်ဆေးမည့်နေ့သည် မဝေးတော့ပါ။ သူမည်မျှပင် အသက်ရှည်စွာနေပါစေ သေခြင်းတရားက မလွဲမသွေ ရောက်လာမည်။ မည်သူကမျှ ဘယ်အချိန်ကျရောက်မည်ကို မသိနိုင်ပါ။ ဤအာယသ်၏ လေးနက်သောသတင်းစကားက ယုံကြည်သူများဖြစ်စေ မယုံကြည်သူများ ဖြစ်စေ လောကီကိစ္စတွင်နစ်မွန်းနေ၍ ငိုက်မြည်းနေသော အခြေအနေတွင် ရှိကာ တစ်နေ့မဟုတ်တစ်နေ့ ယင်းအခြေအနေ ကျရောက်မည်ကို သတိမမူသောသူများအား သတိပေးရန်ဖြစ်သည်။ စင်စစ် တရားစီရင်မည့်နေ့ကို ဤသတိမူမိခြင်းက မကောင်းမှုအားလုံး၏ ရင်းမြစ် ဖြစ်သွားစေပါတော့သည်။

مَا يَأْتِيهِم مِّن ذِكْرٍ مِّن رَّبِّهِم مُّحْدَثٍ إِلَّا اسْتَمَعُوهُ وَهُمْ يَلْعَبُونَ ۝ لَاهِيَةً قُلُوبُهُمْ "ငင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ မည်သည့်သစ်လွင်သော သတိပေး နှိုးဆော်ချက်မဆို ရောက်လတ်သော် ၎င်းတို့သည် ယင်းသတိပေးနှိုးဆော်ချက်ကို ပြက်ရောပြောင်လောင်၍သာ နားထောင်ကြကုန်၏။ ၎င်းတို့၏ စိတ် နှလုံးများသည် ဂရုမမူဘဲရှိကြ၏။ (၂၁း၂-၃)" ဤအာယသ်က ကဗရ်သချိုင်းတွင်းနှင့် နောင်တမလွန်ဘဝတွင် ကျရောက်မည့် ပြစ်ဒဏ်ကို အလေးမထားဘဲ ယင်းပြစ်ဒဏ်များ လွတ်ကင်းရန် ကောင်းမှုကောင်းရာ လုပ်ဆောင်ခြင်းဖြင့် မပြင်ဆင်ကြ

သောသူများ၏ အခြေအနေကိုဖော်ပြသည်။ အာယသ်တော်က ဆက်လက်၍ ထိုသူများရှေ့တွင် ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်အသစ်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြသောအခါ ၎င်းတို့၏ ပေါ့ပေါ့တန်တန် သဘောထားကို ဖော်ပြထားသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရန်နှင့် တမလွန်ဘဝကို လုံးဝဥသုံး မေ့လျော့နေကြသည်။ အာယသ်ကို နည်းလမ်းနှစ်သွယ်ဖြင့် ရှင်းလင်းနိုင်ပါသည်။ တစ်နည်းမှာ ထိုသူတို့သည် ကုရ်အာန်ကျမ်းမြတ်ပါ အာယသ်များကို အလေးဂရုမပြုဘဲ သူတို့၏ ပျော်ရွှင်မှုထဲတွင်သာ ဆက်လက်၍ နစ်မွန်းနေကြသည်။ ဒုတိယနည်းမှာ ထိုသူများသည် ကုရ်အာန်ကျမ်းပါ အာယသ်တော်များကို ပြောင်လှောင် သရော်ကြပါသည်။

اَفَتَاْتُوْنَ السِّحْرَ وَ اَنْتُمْ تُبْصِرُوْنَ အသင်တို့သည် မိမိတို့သိမြင်ကြလျက်၌ ပစ္စလက်(ဆိုင်ရာစကား)ကို (နားထောင်ရန်)လာကြဦးမည်လော (၂၁း၃) ထိုသူများသည် ၎င်းတို့အချင်းချင်း တိတ်တဆိတ် ဆွေးနွေးကြသည်မှာ တမန်တော်မြတ်ﷺသခင်က သူတမန်တော်ဖြစ်သည်ဆိုကြောင်း အခိုင်အမာ ပြောဆိုချက်ကို လက်မခံသင့်ကြောင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကောင်းကင်စေတမန် တစ်ဦးမဟုတ်ဘဲ သာမန်လူသားတစ်ဦးသာဖြစ်ပါသည်။ ၎င်းတို့အနက်မှ အလွန်ခေါင်းမာသောသူများသည်ပင်လျှင် ကုရ်အာန်ကျမ်းတော်မြတ်အား အာဝဇ္ဇန်းရွှင်ခြင်း၊ နှစ်လိုဖွယ်ရှိခြင်းတို့ဖြင့် လူအများအားဆွဲဆောင်မှု မရှိဟူ၍ ၎င်းတို့မငြင်းနိုင်ပါ။ ထို့ကြောင့် လူအများ ကုရ်အာန်ကျမ်းတော်မြတ်အား ရှောင်ရှားစေရန်အတွက် ယင်းကျမ်းအား စုန်းကဝေ၊ မှော်အတတ်ပညာဟူ၍ သမုတ်ကြပါသည်။ ထိုသို့ ကုရ်အာန်ကျမ်းတော်မြတ်အား မှော်အတတ်ဟု သမုတ်လိုက်ခြင်းအားဖြင့် လူအများအား တမန်တော်မြတ်ﷺထံသို့ သွားရောက်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းကို နားဆင်ခြင်းမှ လူတို့အားဖြားယောင်း ဖျောင်းဖျနိုင်လိမ့်မည်ဟု ထင်မှတ်ကြပါသည်။ မုစ်လင်မ်များက ၎င်းတို့၏ မိုက်မဲသောအယူအဆများကိုသိရှိကာ ၎င်းတို့၏မှားယွင်းမှုကို ဖော်ထုတ်မည်ကိုစိုးသောကြောင့် ဤကိစ္စရပ်ကို ၎င်းတို့ တိတ်တဆိတ် ဆွေးနွေးကြဟန်တူပါသည်။

بَلْ قَالُوْۤا اَضْغَاثُ اَحْلَامٍ ယင်း(မိစ္ဆာဝါဒီ)တို့က (ဤသို့)ပြောဆိုကြကုန်၏။ (ဤကုရ်အာန်ကျမ်းသည်) ကယောင်ချောက်ချား မြင်မက်သော အိမ်မက်မျှသာ ဖြစ်သည်။ (၂၁း၃) ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ရှိုက်သွားနှင့်အတွေးအခေါ်များ ပါဝင်သော အိပ်မက်များအား اَضْغَاثُ اَحْلَامٍ ဟုခေါ်ပါသည်။ ထို့အတွက်ကြောင့် ဤအရဗီအသုံးအနှုန်းအား "ကယောင်ချောက်ချား အိပ်မက်များ"ဟု ဘာသာပြန်ဆိုထားပါသည်။ ဤအသုံးအနှုန်းက ဆိုလိုသည်မှာ ဦးစွာအနေဖြင့် မယုံကြည်သွေဖည် သူတို့က ဤကုရ်အာန်ကျမ်းတော်မြတ်ကို ပစ္စလက်ဟု ခေါ်ဆိုကြပါသည်။ ၎င်းနောက် သူတို့က ဤသည်မှာ ကယောင်ချောက်ချား အိပ်မက်များ စုစည်းထားမှုသာ ဖြစ်သည်။ ထို့နောက် သူတို့က ဤကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ မုကွဲပါဌ်တော်များဟုထင်စေရန် လိမ်လည်ဉာဏ်ဆင်ထားခြင်းဟု ပြောကြပါသည်။ အဆုံး၌ တမန်တော်မြတ်ﷺသည် ကဗျာဆရာတစ်ဦးဖြစ်ကာ ဤသည်မှာ သူ၏ ကဗျာစပ်ဆိုထားမှုဟူ၍ ပြောကြပါသည်။

فَلْيَاْتِنَا بِاٰيَةٍ "ယင်း(မုဟမ္မဒ်)သည်လည်း ကျွန်ုပ်တို့ထံ တန်ခိုးပြဋိဟာကို တစ်စုံတစ်ရာကို ယူလာသင့်၏။ (၂၁း၅)" ဤသည်က ဆိုလိုသည်မှာ တမန်တော်မြတ်ﷺသည် စစ်မှန်သော တမန်တော်တစ်ပါးဖြစ်သည်ဆိုကြောင်း သက်သေပြရန်အတွက် ကိုယ်တော်မြတ်သည် အချို့သော သီးသန့်တန်ခိုးပြဋိဟာများကို ပြသသင့်သည်ဟူ၍ ဖြစ်ပါသည်။ ဤတောင်းဆိုမှုကို တုံ့ပြန်သောအနေဖြင့် ဤအာယသ်တော်ထဲ၌ အလ္လာဟ်အရှင်က မိန့်ထားသည်မှာ လွန်လေပြီးသောကာလက လူများသည်လည်း ၎င်းတို့၏တမန်တော်များထံ ထိုကဲ့သို့သော တောင်းဆိုမှုများပြုလုပ်ခဲ့ကြပါသည်။ ၎င်းတို့၏တောင်းဆိုမှုများကို လိုက်လျောခဲ့သော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့ပါသည်။ သူတို့ စိတ်ကြိုက် တန်ခိုးပြဋိဟာများ ထိုသူများမြင်တွေ့ပြီးသည့်တိုင် အလ္လာဟ်အရှင်အား သက်ဝင်ယုံကြည်မှုမရှိခဲ့ပါ။ သူတို့စိတ်ကြိုက်၊ တန်ခိုးပြဋိဟာကို မြင်တွေ့ခဲ့ရပြီးသည့်တိုင် အလ္လာဟ်အရှင်အား သက်ဝင်ယုံကြည်မှုမရှိသော ထိုသူများကို ထိုအရှင်

၏ အမျက်တော်ရှစေဟု အမိန့်ချမှတ်ကာ အားလုံးတို့ကို ဖျက်ဆီးပစ်လိုက်ပါသည်။ အလ္လာဟ်အရှင်သည် အရှင့် အသနားတော်အရလည်းကောင်း၊ တမန်တော်မြတ်ﷺသခင်၏ မြင့်မြတ်သော အဆင့်အတန်းအရလည်းကောင်း၊ အလ္လာဟ်အရှင့်ဆန္ဒတော်ကို ငြင်းဆန်သူများ၏ မလွမဲသွေကြဲတွေ့ရမည့်ကံကြမ္မာကို တမန်တော်မြတ်ﷺ၏ အုမ္မသ် သားတို့အား ကင်း လွတ်မှု ပေးသနားခဲ့ပါသည်။ ထို့ကြောင့် ထိုသူများ စိတ်ကြိုက် တန်ခိုးပြာဋိဟာများကို မပြသသင့်ဟု မှတ်ယူခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် အစောပိုင်းကာလရှိ လူများကဲ့သို့ တန်ခိုးပြာဋိဟာများကို မြင်တွေ့ပြီးသည့်တိုင် မယုံကြည်သွေဖည်မှု၌ စွဲမြဲနေပါက ၎င်းတို့သည်လည်း ရှေးလူများကဲ့သို့ အလ္လာဟ်အရှင်၏ အမျက်တော်ရှခြင်း ခံရပါလိမ့်မည်။ ထို့နောက် أَفَهُمْ يُؤْمِنُونَ "ဤသူတို့သည် သက်ဝင်ယုံကြည်ကြဦးမည်လော" ဟူသည်ထဲ၌ ဤသူတို့သည် ၎င်းတို့စိတ်ကြိုက် တန်ခိုးပြာဋိဟာများကို မြင်ခဲ့ရသည့်တိုင် အမှန်တရားကို လက်ခံနိုင် ချေမရှိဟု ညွှန်းထားပါသည်။ ထို့ကြောင့် ယင်းတို့အား ၎င်းတို့ကြည့်လိုသော တန်ခိုးပြာဋိဟာများကို မပြသခဲ့ပါ။

فَسْـَٔلُوٓاْ أَهْلَ ٱلذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ "သိုဖြစ်ပေရာ အကယ်၍ အသင်တို့သည် (မိမိကိုယ်တိုင်) မသိကြ လျှင် (ရှေး)ကျမ်းဂန် ရရှိသူများအား မေးမြန်း(၍ ကြည့်)ကြလေကုန်။ (၂၁း၇) ဤအာယသ်ထဲ၌ တမန်တော်မြတ်ﷺ သခင် တမန်တော်ဖြစ်ကြောင်းကို လက်ခံခဲ့သော အင်နဂျီလ်(ဗဝံဂလိ)နှင့် သောင်ရသ်ကျမ်းပညာရှင်တို့အား أَهْلَ ٱلذِّكْرِ (ကျမ်းတတ်မြောက်သောပုဂ္ဂိုလ်) များဟုရည်ညွှန်းထားပါသည်။ ထိုသည်က အမှန်တကယ်ဆိုလိုသည်မှာ အသင်တို့ သည် ယခင်က တမန်တော်များသည် လူသားများလား ကောင်းကင်စေတမန်များ လား ဟူမသိရှိခဲ့ပါလျှင် ထိုတမန် တော်များသည် လူသားများသာဖြစ်ကြောင်း သိရှိသည့်၊ အင်နဂျီလ်နှင့် သောင်ရသ်ကျမ်းပညာရှင်တို့ထံ သွားရောက်ကာ မေးမြန်းစုံစမ်းသင့်ပါသည်။ ဤနေရာပါ أَهْلَ ٱلذِّكْرِ (ကျမ်းတတ်ပုဂ္ဂိုလ်များ)ဟူသည့် အသုံးအနှုန်း သည် ခရစ်ယာန်များနှင့် ဂျူးများအားလုံး (ထိုသူများအားလုံးသည် တမန်တော်မြတ်ﷺအား လည်းကောင်း တမန် တော်မြတ်ကြီးﷺ တမန်တော်ဖြစ်သည်ဆိုကြောင်းကို မယုံကြည်သော်လည်း) တို့ကိုလည်း ရည်ညွှန်းဟန် ရှိပါသည်။

ဥပဒေသ- ကုရ်တွဲဗီသည် ဤအာယသ်တော်အား အကျယ်ဖွင့်ရာ၌ပြောသည်မှာ ရှရီအသ်၏ဥပဒေများကို အကျွမ်း တဝင်မရှိသော မတတ်မသိ နားမလည်သူတို့သည် ပညာရှင်များထံမှ အသိပညာကိုရှာဖွေကာ ယင်းအသိပညာရပ်နှင့် အညီ လုပ်ဆောင်ရမည် ဟူ၍ဖြစ်ပါသည်။

ကျမ်းတော်မြတ်ကုရ်အာန်သည် အရပ်လူမျိုးများအတွက် ဂုဏ်ယူစရာ ဂုဏ်တက်စေရာဖြစ်ပါသည်။

ذِكْرُكُمْ فِيهِ كِتَٰبًا "ငါအရှင်မြတ်သည် အသင်တို့ထံအကြင်ကဲ့သို့သော ကျမ်းဂန်တစ်စောင်ကို ပေးသနား တော်မူခဲ့ပြီး ဖြစ်၏"။ (၂၁း၁၀) كِتَٰبًا(စာအုပ်) ဟူသည်က ကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုလိုကာ ذِكْرُ(အမည်) ဆိုသည်က ဂုဏ်သရေ၊ သာလွန်ခြင်းနှင့် ကျော်ကြားခြင်းတို့အတွက် သုံးစွဲထားပါသည်။ ဤနေရာ၌ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်အား အရဗီဘာသာဖြင့် ချပေးထားခြင်းသည် အရပ်လူမျိုးများအတွက် ကြီးကျယ်သော ဂုဏ် ပေးမှုတစ်ခုဖြစ်ပြီး ထာဝရဖြစ်သော ကျော်ကြားမှုအတွက် ဖြစ်ပါသည်။ ၎င်းနောက် ထိုသူတို့က ယင်းကျမ်းအား တန်ဖိုး ထားရပါမည်။ သမိုင်းကသက်သေပြသည်မှာ အလ္လာဟ်အရှင့်အသနားတော်နှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ ကောင်းချီးမင်္ဂလာတို့အရ ကမ္ဘာကိုစိုးမိုးကာ အချိန်ကြာမြင့်စွာ အုပ်ချုပ်ခဲ့ရပါသည်။ အရပ်များ ကမ္ဘာကို လွှမ်းမိုးခဲ့သည် ဆိုသည်မှာ မည်သည့်လူမျိုးစု သို့မဟုတ် ဘာသာစကား၏ သာလွန်မှုကြောင့်မဟုတ်ဘဲ ကုရ်အာန်ကျမ်းတော်မြတ် ကြောင့် ဖြစ်သည်ဆိုသည်မှာ ဘဝ၏အမှန်တရား ဖြစ်ပါသည်။ အကယ်၍သာ ကုရ်အာန်ကျမ်းတော်မြတ်သာ မရှိခဲ့ပါက မည်သူ ကမ္ဘ အရပ်များအကြောင်း သိကြလိမ့်မည် မဟုတ်ပါ။

အာယသ် (၁၁-၁၅)

وَ كَمْ قَصَمْنَا مِنْ قَرْيَةٍ كَانَتْ ظَالِمَةً وَّ اَنْشَاْنَا بَعْدَهَا قَوْمًا اٰخَرِيْنَ ﴿۱۱﴾
فَلَمَّاۤ اَحَسُّوْا بَاْسَنَاۤ اِذَا هُمْ مِّنْهَا يَرْكُضُوْنَ ﴿۱۲﴾ لَا تَرْكُضُوْا وَ ارْجِعُوْۤا
اِلٰى مَاۤ اُتْرِفْتُمْ فِيْهِ وَ مَسٰكِنِكُمْ لَعَلَّكُمْ تُسْـَٔلُوْنَ ﴿۱۳﴾ قَالُوْا يٰوَيْلَنَاۤ
اِنَّا كُنَّا ظٰلِمِيْنَ ﴿۱۴﴾ فَمَا زَالَتْ تِّلْكَ دَعْوٰىهُمْ حَتّٰى جَعَلْنٰهُمْ حَصِيْدًا
خٰمِدِيْنَ ﴿۱۵﴾

စင်စစ် ငါအရှင်မြတ်သည် များစွာသော ကျူးလွန်လျက်ရှိခဲ့သော မြို့ရွာများကို ပျက်စီးစေတော်မူခဲ့၏။ ၎င်းပြင် ယင်းမြို့ရွာများ (ပျက်စီးသွားပြီး) နောက်တွင် ငါအရှင်မြတ်သည် အခြားသောလူမျိုးများကို ပေါ်ထွန်းစေတော်မူခဲ့၏။[၁၁] သို့ဖြစ်ပေရာ ယင်းမြို့ရွာသားတို့သည် ငါအရှင်မြတ်၏ပြစ်ဒဏ် (သက်ရောက်လာသည်)ကို သိမြင်ကြသောအခါ ရုတ်တရက် ၎င်းတို့သည် ယင်းမြို့ရွာများမှ ထွက်ပြေးကြကုန်၏။[၁၂] (ထိုအခါ ကောင်းကင်တမန်များက ၎င်းတို့အား ပြက်ရယ်သောအားဖြင့်) "အသင်တို့သည် မပြေးကြကုန်လင့်။ အသင်တို့သည် စည်းစိမ်အဖြစ် ချီးမြှင့်ပေးသနားခြင်းခံခဲ့ကြရသော ဥစ္စာပစ္စည်းများ (ရှိရာ)သို့လည်းကောင်း၊ မိမိတို့ နေအိမ်များသို့လည်းကောင်း၊ ပြန်ခဲ့ကြလေကုန်၊ အသင်တို့သည် မေးမြန်းခြင်း ခံကြရသည်" (ဟု ပြောဆိုခဲ့ကြကုန်၏)။[၁၃] (ထိုအခါ) ယင်းမြို့သူရွာသားတို့က "ဩော်-ဖြစ်မှဖြစ်ရလေခြင်း၊ ဇကာနိစင်စစ် ကျွန်ုပ်တို့သည် သာလျှင် မတရားမှုကို ကျူးလွန်သူများ ဖြစ်ခဲ့ကြသည်တကား"ဟု ပြောဆို (ညည်းညူမြည်တမ်း) ခဲ့ကြကုန်၏။[၁၄] ၎င်းတို့၏ ထိုဟစ်အော်မြည်တမ်းမှုသည် (ဆက်လက်၍) ရှိမြဲအတိုင်းပင် ရှိနေခဲ့၏။ နောက်ဆုံးတွင် ငါအရှင်မြတ်သည် ၎င်းတို့အား ရိတ်သိမ်းပြီးဖြစ်သော လယ်ယာကို ငြိမ်းသွားသော မီး(ကဲ့သို့) ပြုလုပ်တော်မူခဲ့ပေသတည်း။[၁၅]

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်များထဲ၌ လူနေအိမ်ခြေများ ဖျက်ဆီးခြင်းခံရသည့်အကြောင်း ဖော်ပြထားသည်။ အချို့သောဋီကာရှင်များက ထိုလူနေအိမ်ခြေများသည် ယီမင်တွင်ရှိ ဟဇူရဟ်(حضور)နှင့် ကိလာဗဟ်(قلابة)တွင်ရှိ လူနေအိမ်ခြေများဟု မှတ်ယူကြပါသည်။ အလ္လာဟ်အရှင်သည် ထိုဒေသသို့ တမန်တော်တစ်ပါး စေလွှတ်တော်မူခဲ့သည်။ တမန်တော်၏အမည်နှင့် ပတ်သက်၍ ကွဲပြားမှုများ ရှိပါသည်။ အချို့က ထိုတမန်တော်၏အမည်မှာ မူစာအိဗနိမီရှာ ဟု ပြောကြသကဲ့သို့ အချို့သူများက ရှူအိုင်ဗ်ဟု ပြောကြပါသည်။ ထိုရှိအိုင်ဗ်သည် မဒ်ယမ်တွင်နေခဲ့သော ရှူအိုင်ဗ် မဟုတ်ပါ။ ထိုသူတို့က ၎င်းတို့ထံစေလွှတ်သော တမန်တော်အား သတ်ဖြတ်ပစ်ခဲ့ပါသည်။ ပြစ်ဒဏ်ခတ်သည့်အနေဖြင့် ထိုသူတို့ အား မယုံကြည်သွေဖည်သူ ဘုရင် နဗူကဒ်နဇ်ဇာက ချေမှုန်းပစ်ခဲ့ပါသည်။

ထိုဘုရင်အား ၎င်းတို့အပေါ်၌ အုပ်ချုပ်စေခြင်းမှာ ပါလက်စတိုင်းတွင် ဗနီအစ္စရာအီလ်များ ဖြောင့်မတ်မှန်ကန်

သောလမ်းမှ သွေဖည်ခဲ့သောအခါ၌ ပြစ်ဒဏ်ခတ်ရန်အတွက် ဘုရင်တစ်ပါး ပို့သက့ဲသို့ဖြစ်ပါသည်။ တကယ်ဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်က မည်သည့်လူနေအိမ်ခြေဟူ၍ တိတိကျကျ မဖော်ပြပါ။ ထို့ကြောင့် ကိစ္စကို ကြိုက်သလို ယူဆနိုင်ကာ ယီမန်ရှိ လူနေအိမ်ခြေများ ဆိုသည်မှာလည်း ထိုယူဆချက်တွင် အကျုံးဝင်နိုင်ပါသည်။

ﷲ اعلم အလ္လာဟ်အရှင်သာ သိတော်မူသောအရှင် ဖြစ်တော်မူပါ၏။

အာယသ် (၁၆-၂၉)

وَ مَا خَلَقْنَا السَّمَآءَ وَ الْاَرْضَ وَ مَا بَيْنَهُمَا لٰعِبِيْنَ ﴿۱۶﴾ لَوْ اَرَدْنَآ اَنْ
نَّتَّخِذَ لَهْوًا لَّاتَّخَذْنٰهُ مِنْ لَّدُنَّآ ۖ اِنْ كُنَّا فٰعِلِيْنَ ﴿۱۷﴾ بَلْ نَقْذِفُ بِالْحَقِّ عَلَى
الْبَاطِلِ فَيَدْمَغُهٗ فَاِذَا هُوَ زَاهِقٌ ؕ وَ لَكُمُ الْوَيْلُ مِمَّا تَصِفُوْنَ ﴿۱۸﴾ وَ لَهٗ
مَنْ فِى السَّمٰوٰتِ وَ الْاَرْضِ ؕ وَ مَنْ عِنْدَهٗ لَا يَسْتَكْبِرُوْنَ عَنْ عِبَادَتِهٖ
وَ لَا يَسْتَحْسِرُوْنَ ﴿۱۹﴾ يُسَبِّحُوْنَ الَّيْلَ وَ النَّهَارَ لَا يَفْتُرُوْنَ ﴿۲۰﴾ اَمِ اتَّخَذُوْٓا
اٰلِهَةً مِّنَ الْاَرْضِ هُمْ يُنْشِرُوْنَ ﴿۲۱﴾ لَوْ كَانَ فِيْهِمَآ اٰلِهَةٌ اِلَّا اللّٰهُ لَفَسَدَتَا ۚ
فَسُبْحٰنَ اللّٰهِ رَبِّ الْعَرْشِ عَمَّا يَصِفُوْنَ ﴿۲۲﴾ لَا يُسْـَٔلُ عَمَّا يَفْعَلُ وَ هُمْ يُسْـَٔلُوْنَ
﴿۲۳﴾ اَمِ اتَّخَذُوْا مِنْ دُوْنِهٖٓ اٰلِهَةً ؕ قُلْ هَاتُوْا بُرْهَانَكُمْ ۚ هٰذَا ذِكْرُ مَنْ مَّعِىَ
وَ ذِكْرُ مَنْ قَبْلِىْ ؕ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۙ الْحَقَّ فَهُمْ مُّعْرِضُوْنَ ﴿۲۴﴾
وَ مَآ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رَّسُوْلٍ اِلَّا نُوْحِىْٓ اِلَيْهِ اَنَّهٗ لَآ اِلٰهَ اِلَّآ اَنَا
فَاعْبُدُوْنِ ﴿۲۵﴾ وَ قَالُوا اتَّخَذَ الرَّحْمٰنُ وَلَدًا سُبْحٰنَهٗ ؕ بَلْ عِبَادٌ مُّكْرَمُوْنَ
﴿۲۶﴾ لَا يَسْبِقُوْنَهٗ بِالْقَوْلِ وَ هُمْ بِاَمْرِهٖ يَعْمَلُوْنَ ﴿۲۷﴾ يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ
وَ مَا خَلْفَهُمْ وَ لَا يَشْفَعُوْنَ ۙ اِلَّا لِمَنِ ارْتَضٰى وَ هُمْ مِّنْ خَشْيَتِهٖ مُشْفِقُوْنَ
﴿۲۸﴾ وَ مَنْ يَّقُلْ مِنْهُمْ اِنِّىْٓ اِلٰهٌ مِّنْ دُوْنِهٖ فَذٰلِكَ نَجْزِيْهِ جَهَنَّمَ ؕ كَذٰلِكَ نَجْزِى
الظّٰلِمِيْنَ ﴿۲۹﴾

စင်စစ် ငါအရှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်း(မိုးကောင်းကင်နှင့် ပထဝီမြေ) နှစ်ခုစ၏အကြားဌ ရှိသည်တို့ကို လည်းကောင်း ကစားသူအဖြစ် (အပျင်းပြေ) ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ။[၁၆]

အကယ်၍သာ ငါအရှင်မြတ်သည် အပျင်းပြေ ကစားစရာကိုသာ ပြုလုပ်ရန် ရည်စူးတော်မူခဲ့ပါလျှင် ငါအရှင်မြတ်သည် ယင်းကစားစရာကို ဇကာန်မုချ မိမိအထံတော်၌ ရှိသည်တို့အနက်မှပင် ပြုလုပ်ထားတော်မူပေမည်။ အကယ်၍သာ ငါအရှင်မြတ်သည် ပြုလုပ်တော်မူမည့်အရှင် ဖြစ်တော်မူခဲ့ပါလျှင်။[၁၇] ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား ငါ အရှင်မြတ်သည် အမှန်ကိုအမှားပေါ်၌ ပစ်ပေါက်တော်မူ၏။ ထိုအခါ ယင်းအမှန်သည် ထိုအမှား၏ ဦးနှောက်ကို ထွက်စေ၏။ ထိုအခါ ယင်းအမှားသည် ရုတ်တရက် ပျောက်ပျက်သွားလေ၏။ စင်စစ် အသင်တို့၌ မိမိတို့၏ ကြံဖန်စွပ်စွဲချက်များကြောင့် ပျက်စီးခြင်းသည် ရှိပေမည်။[၁၈]

စင်စစ်သော်ကား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း ရှိသူအားလုံးတို့သည် ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသောသူများပင်ဖြစ်ကြကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်၏အပါးတော်၌ ရှိနေသူတို့သည် ထိုအရှင်မြတ်အား ခပ်ခြင်းမှ မာန်ထောင်လွှားကြသည်မဟုတ်ပေ။ ဓောပန်းကြသည်လည်း မရှိပေ။[၁၉] ယင်း (အပါးတော်၌ ရှိသူတို့သည်) (ထိုအရှင်မြတ်) စင်ကြယ် သန့်ရှင်းတော်မူကြောင်းကို ဓနည်၌ မပြတ် မြွက်ဆိုဘာဝနာ စီးဖြန်းလျက်ရှိကြကုန်၏။ ရပ်တန့်ကြသည်ဟူ၍လည်း မရှိပေ။[၂၀]

သို့ပါလျက် ၎င်း(မုရှ်ရစ်က်)တို့သည် ပထဝီမြေမှ ဖြစ်သောအရာများကို ကိုးကွယ်ရာများ ပြုလုပ်ထားကြလေသလော။ ယင်းအရာများသည် ရှင်ပြန်စေနိုင်ကြ သည်(လော)။[၂၁] အကယ်၍သာ ယင်း(မိုးကောင်းကင်နှင့် ပထဝီမြေ)နှစ်ခုတွင် အလွှာဟ်အရှင်မြတ်အပြင် အခြား(ထာဝရတည်ရှိသော) ကိုးကွယ်ရာများ ရှိခဲ့ကြပါမူ (မိုးကောင်းကင်နှင့် ပထဝီမြေ) နှစ်ခုစလုံးမှာ မလွဲဧကန် ပျက်စီးခဲ့ပြီး ဖြစ်ကြပေမည်။ စင်စစ်သော်ကား "အရ်ရှ်" ပလ္လင်တော်ကို စိုးပိုင်တော်မူသော အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ ကြံဖန်စွပ်စွဲကြသည်တို့မှ (လုံးဝ) စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူ၏။[၂၂]ထိုအရှင်မြတ်သည် မိမိပြုလုပ်တော်မူသောကိစ္စများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း ခံရတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့မူကား (မိမိတို့ ပြုလုပ်ကြသော အမှုကိစ္စတို့နှင့် စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။[၂၃]

သို့ပါလျက် ယင်း(မုရှ်ရစ်က်)တို့သည် ထိုအရှင်မြတ်အပြင် ကိုးကွယ်ရာများ ပြုလုပ်ထားကြသလော။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် မိမိတို့၏ သက်သေသာဓက အထောက်အထားများကို ယူဆောင်ခဲ့ကြလေကုန်။ ဤသည် ငါနှင့်အတူ ရှိကြသောသူတို့အား သတိပေးနှိုးဆော်ချက်သည် လည်းကောင်း၊ ငါ၏အလျင် ရှိခဲ့ဖူးသောသူတို့အား သတိပေးနှိုးဆော်ချက်သည်လည်းကောင်း ဖြစ်ချေသည်။ သို့ပါလျက် ထိုသူတို့အနက် အများစုံးသောသူတို့မှာမူကား အမှန်ကိုမသိကြချေ။ သို့ဖြစ်ပေရာ ၎င်းတို့သည် မျက်နှာလွှဲ၍ နေကြ

ကုန်၏။[၂၄] စင်စစ် ငါအရှင်မြတ်သည် အသင့်အလျင် စေလွှတ်တော်မူခဲ့သော မည်သည့်ရာဇဝင်တမန်တော်၏ထံသို့မဆို ဇကန်အမှန် ငါအရှင်မှတစ်ပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်ဟူ၍ အမိန့်တော် ထုတ်ပြန်ချမှတ်တော်မူခဲ့သည်သာ ဖြစ်သည်။[၂၅]

ထိုမှတစ်ပါး ၎င်းတို့က "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် (မလာအိကဟ် ကောင်းကင်တမန်များအား) သားသမီး ပြုလုပ်တော်မူခဲ့သည်ဟု (စွပ်စွဲ)ပြောဆိုကြကုန်၏။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား (ကောင်းကင်တမန်သည် ထိုအရှင်မြတ်၏ သားသမီးများ မဟုတ်ကြချေ။ ထိုအရှင်မြတ်၏) မြင့်မြတ်သော ကျွန်များပင် ဖြစ်ကြကုန်၏။[၂၆] ယင်း(ကောင်းကင်တမန်)တို့မူကား ထိုအရှင်မြတ်၏ ရှေ့တော်သို့ကျူး၍ စကားပြောဆို နိုင်ကြသည် အလျှင်း မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ (တစ်သဝေမတိမ်း) လိုက်နာ ဆောင်ရွက်ကြကုန်၏။[၂၇] ထိုအရှင်မြတ်သည် ၎င်းတို့၏ ရှေ့နောက် အကြောင်းကိစ္စ အလုံးစုံတို့ကို (အကြွင်းမဲ့)သိတော်မူ၏။ ထိုမှတစ်ပါး ၎င်းတို့သည် ထိုအရှင်မြတ် ကျေနပ် နှစ်သက်တော်မူသောသူမှတစ်ပါး မည်သူ့အဖို့မျှ ကြားဝင်အသနားခံနိုင်ကြမည် မဟုတ်ပေ။ စင်စစ်သော်ကား ၎င်းတို့သည် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှုကြောင့် (အမြဲတစေ) ကြောက်ရွံ့လျက်ပင် ရှိကြကုန်၏။[၂၈] စင်စစ် ၎င်းတို့အနက် မည်သူမဆို ကျွန်ုပ်သည်လည်း ထိုအရှင်မြတ်အပြင် ကိုးကွယ်ရာအရှင် (တစ်ပါး)ဖြစ်သည်ဟု ပြော ဆိုပါမူ ငါအရှင်မြတ်သည် ၎င်းအား ဂျဟန္နမ်ငရဲဘုံ၏ ပြစ်ဒဏ်ကို ပေးတော်မူမည်။ ငါ အရှင်မြတ်သည် ကျူးလွန်သူတို့အား ဤနည်းအတိုင်းပင် ပြစ်ဒဏ်ပေးတော်မူသည်သာ ဖြစ်သည်။[၂၉]

အကျယ်ဖွင့်ဆိုခြင်း

"وَمَا خَلَقْنَا السَّمَآءَ وَالْاَرْضَ وَمَا بَيْنَهُمَا لٰعِبِيْنَ စင်စစ် ငါအရှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း...(၂၁း၁၆)" ယင်းကဆိုလိုသည်မှာ အလွှာဟ်အရှင်သည် မိုးကောင်းကင်နှင့် ပထဝီမြေကြီး ၎င်းနောက် ယင်းတို့အကြားရှိ အရာရာတိုင်းအား ကစားစရာသက်သက်အဖြစ် ဖန်ဆင်းထားသည်မဟုတ်ပါ။ ပြီးခဲ့သော အာယသ်များထဲ၌ လူနေအိမ်ခြေအချို့တို့အား ချေမှုန်းဖျက်ဆီးခဲ့သည်ဆိုကြောင်း ရည်ညွှန်းထားပါသည်။ ဤအာယသ်ထဲ၌ ပထဝီမြေနှင့် မိုးကောင်းကင်၊ ၎င်းနောက် အခြားဖန်ဆင်းထားသော အရာများအား ဖန်ဆင်းထားမှုသည် သတ်မှတ်ထားသော ပုံစံတစ်ခုအဖြစ်သက့ဲသို့ လူနေအိမ်ခြေများကို ဖျက်ဆီးခြင်းသည်လည်း တိကျပြတ်သားသော ရည်ရွယ်ချက်တစ်ခု၏ ရလဒ်ဖြစ်သည်ဆိုကြောင်း အကြံပြုထားပါသည်။ အလွှာဟ်အရှင်၏ အနန္တတန်ခိုးတော်နှင့် ထိုအရှင်တစ်ပါးတည်း တည်ရှိတော်မူသည်ဆိုသည့် ပေါ်လွင်ထင်ရှားစေသည်။ ဤအံ့ဖွယ်ရာများကို တွေ့မြင်ခဲ့ရပါလျက်နှင့် အဘယ်ကြောင့် ထိုသူများသည် အချည်းအနှီး ဖြစ်ပြီး မည်သည့်ပေါ်လွင်ထင်ရှားမှုမှ မရှိသည့် အရာများဟု ထင်ကြပါသနည်း။

لٰعِبِيْنَ ဟူသောစကားလုံးသည် لَعِبَ (ကစားစရာ) မှဆင်းသက်ကာ မည်သည့်အသုံးဝင်သော ရည်ရွယ်ချက် (ရာဃစ်ဗ်)ဟု အဓိပ္ပာယ်သက်ရောက်သကဲ့သို့ لهو (အပျင်းပြေ)ဆိုသည်ကာ အားလပ်ချိန် အပျော်သက်သက်ဖြစ်စေ ရုံကလွဲ၍ မည်သည့်ရည်ရွယ်ချက်မျှမရှိသောလုပ်ရပ်ဟု အဓိပ္ပာယ်သက်ရောက် ပါသည်။ တမန်တော်မြတ်ﷺကို လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း မယုံကြည်သွေဖည်သူများ၏ ငြင်းဆိုမှု၊ ၎င်းနောက် အလ္လာဟ်တစ်ပါးတည်း ရှိတော်မူခြင်းနှင့် ထိုအရှင်၏အနန္တတန်ခိုးတော်တို့ကို ငြင်းပယ်မှုတို့သည် ထိုအရာများနှင့် ပတ်သက်သော ပေါ်လွင်ထင်ရှားမှုများ မြောက်မြားစွာ ရှိပါသည်။ သို့ပင်ငြားလည်း ထိုသူတို့သည် ဤအရာများအားလုံးသည် ပျော်ရွှင်စရာနှင့် ကစားစရာများဟု ထင်မှတ်နေကြပါသည်။ အာယသ်တော်က ဤမှားယွင်းသော အယူအဆကို ငြင်းပယ်ကာ အလ္လာဟ်အရှင်၏ ဖန်ဆင်းမှုသည် အပျော်သဘော ကစားစရာမဟုတ်ကြောင်း မိန့်ထားပါသည်။ အနည်းငယ်မျှ စဉ်းစားကြည့်မည်ဆိုလျှင် စကြဝဠာအတွင်းရှိ အသေးငယ်ဆုံးသော မြူမှုန်ကလေးသည်ပင်လျှင် အသုံးချနိုင်ကာ အလ္လာဟ်အရှင် ဖန်ဆင်းသည်တိုင်းတို့တွင် ရည်ရွယ်ချက်တစ်ခုစီရှိပါသည်။ ယင်းသည်ကပင် အလ္လာဟ်အရှင်တစ်ပါးတည်းတည်ရှိမှု နှင့် အရှင့်အနန္တတန်ခိုးတော်ကို ဖော်ပြနေပါသည်။

لَوْ اَرَدْنَآ اَنْ نَّتَّخِذَ لَهْوًا لَّاتَّخَذْنٰهُ مِنْ لَّدُنَّآ اِنْ كُنَّا فٰعِلِيْنَ အကယ်၍သာ ငါအရှင်မြတ်သည် အပျင်းပြေကစားစရာကိုသာ ပြုလုပ်ရန် ရည်စူးတော်မူခဲ့ပါလျှင် ငါအရှင်မြတ်သည် ယင်းကစားစရာကို ဇကာန်မုချ မိမိအထံတော်၌ ရှိသည်တို့အနက်မှပင် ပြုလုပ်ထားတော်မူပေမည်။ (၂၁း၁၇) ဤသည်က ဆိုလိုသည်မှာ အကယ်၍သာ ငါအရှင်သည် ပျော်ရွှင်မှုတချို့ကို ဖန်ဆင်းမည်ဟုဆိုလျှင် မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးတို့ကို ဖန်ဆင်းစရာမလိုဘဲ ငါအရှင်ဝန်းကျင်တွင်ရှိ အရာများနှင့် ဖန်ဆင်းပါလိမ့်မည် ဟူ၍ဖြစ်ပါသည်။

အရဗီဘာသာစကား၌ لو ဟူသောစကားလုံးအား အမှန်တကယ်မရှိဘဲ စိတ်ကူးယဉ်သောအရာများအတွက် သုံးစွဲပါသည်။ ဤနေရာတွင်လည်း ထိုအဓိပ္ပာယ်ဖြင့် သုံးစွဲထားပါသည်။ ဆိုလိုသည်မှာ ပထဝီမြေကြီးနှင့် မိုးကောင်းကင်ရှိ အံ့ဖွယ်ရာတို့အား ပျော်စရာရွှင်စရာများဟု မှတ်ယူသော ဤမိုက်မဲသောလူတို့သည် ထိုကဲ့သို့သော ကြီးမားသော အတိုင်းအတာရှိသည့် ဖန်ဆင်းမှုသည် ပျော်ရွှင်စရာအတွက် ပြုလုပ်ထားသည် မဟုတ်ကြောင်းကို မသိရှိကြပါ။ ဤနေရာ၌ ညွှန်းထားသည်မှာ သာမန်အသိဉာဏ်ပညာရှိသောသူတစ်ဦးပင်လျှင် ဤကဲ့သို့သောလုပ်ငန်းရပ်တွင် လေးနက်သော ရည်ရွယ်ချက်မရှိဟု မပြောကြပါ။ အလ္လာဟ်အရှင်၏ သာလွန်ကြီးမြတ်မှုနှင့် ဂုဏ်မြင့်တင်မှုတွင် ပြောစရာပင် မလိုတော့ပါ။

အများတကာလက်ခံထားသော لَهو သည်ရည်ရွယ်ချက်မရှိသော ကစားစရာဟူ၍ဖြစ်ပါသည်။ ဤအဓိပ္ပာယ်ကိုပင် ဤအာယသ်ကို အဓိပ္ပာယ်ပြန်ဆိုရာ၌ သုံးစွဲထားသည်။ အချို့သော ဋီကာရှင်တို့က ဤ لَهو ဟူသော စကားလုံးအား တစ်ခါတစ်ရံတွင် ဇနီး သို့မဟုတ် သားသမီးများအတွက် သုံးစွဲပါသည်။ သို့ဆိုပါလျှင် ဤအာယသ်တော်၏ ဆိုလိုရင်းမှာ ဂျူးနှင့်ခရစ်ယာန်များ၏ လက်ခံယုံကြည်မှုတစ်ရပ်ကို ငြင်းဆိုထားခြင်းဖြစ်ပါသည်။ ထိုသူတို့က စိုက်ယိဒိနာ အုဇိုင်နှင့် စိုက်ယိဒိနာမစိဟ်ﷺတို့သည် အလ္လာဟ်အရှင့်သားတော်များဟု မှတ်ယူကြသည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် သားသမီးများ ရှိစေလိုသောဆန္ဒရှိပါက အရှင့်ပတ်ဝန်းကျင်တွင်ရှိ ဖန်ဆင်းခံများမှမဟုတ်ဘဲ အဘယ် ကြောင့် လူသားများမှ ဖြစ်စေရပါသနည်း။ (အလ္လာဟ်အရှင်သာ အကောင်းဆုံးသိတော်မူပါသည်။)

بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهٗ فَاِذَا هُوَ زَاهِقٌ" ငါအရှင်မြတ်သည် အမှန်ကိုအမှားပေါ်၌ ပစ်ပေါက်တော်မူ၏။ ထိုအခါ ယင်းအမှန်သည် ထိုအမှား၏ ဦးနှောက်ကို ထွက်စေ၏။ ထိုအခါ ယင်းအမှားသည် ရုတ်တရက်

ပျောက်ပျက်သွားလေ၏။(၂၁း၁၈) قذف ၏ ဝေါဟာရအရ အဓိပ္ပာယ်မှာ ပစ်ပေါက်ခြင်း၊ လွှင့်ပစ်ခြင်းဟူ၍ဖြစ်ကာ ဤနေရာ၌ ပစ်ပေါက်ခြင်းဟု ဘာသာပြန်ဆိုထားပါသည်။ يَدْمَغُ ဟူသည်က ဦးခေါင်းကို ပစ်ပေါက်ခြင်း (အစိတ်စိတ် အမြွှာမြွှာဖြစ်သွားစေရန်) ဟူ၍ဖြစ်ကာ زَاهِقٌ ဟူသည်က တစ်စုံတစ်ရာ အစအနပင် မကျန်ရအောင် ပျောက်ကွယ်သွားခြင်း ဖြစ်ပါသည်။

ဤအာယသ်က ရှင်းလင်းပြသည်မှာ အလ္လာဟ်အရှင်သည် ကမ္ဘာမြေနှင့် မိုးကောင်းကင်နှင့် ဤအံ့သြဖွယ်ရာ စကြဝဠာအား အပျော်ဖန်ဆင်းထားခြင်း မဟုတ်ပါ ဟူ၍ဖြစ်သည်။ ဤဖန်ဆင်းမှုသည် အမှားနှင့်အမှန်တို့အား ခွဲခြားသိရှိနိုင်စေရန် ဟူသောရည်ရွယ်ချက်ဖြင့် အသေအချာ စဉ်းစားကြံဆထားသော အစီအမံ၏ ရလဒ်ပင်ဖြစ်သည်။ ဖန်ဆင်းထားသော သဘာဝကြီးအား စူးစမ်းလေ့လာခြင်းဖြင့် လူအများအား လမ်းမှန်ဆီသို့ရောက်စေ၍ မကောင်းမှုမှ အကာအကွယ်ပေးပါသည်။ ဤအယူအဆ ဤအာယသ်တော်ထဲ၌ ပါဝင်စေပြီး မိန့်ကြားထားသည်။ ကောင်းမြတ်သော အကျင့်သီလများက မကောင်းမှုများသို့ ပစ်ပေါက်လိုကာ ယင်းမကောင်းမှု၏ဦးခေါင်း မည်သည့် အစအနမျှ မကျန်စေအောင် အပြီးအပြတ် ကွဲသွားစေပါသည်။

"وَمَنْ عِنْدَهُ لَا يَسْتَكْبِرُوْنَ عَنْ عِبَادَتِهٖ وَلَا يَسْتَحْسِرُوْنَ ငင်းပြင် ထိုအရှင်မြတ်၏ အပါးတော်၌ရှိသူတို့သည် ထိုအရှင်မြတ်အား ခဝပ်ခြင်းမှ မာန်ထောင်လွှားကြသည် မဟုတ်ပေ။ မောပန်းကြသည်လည်း မရှိပေ။ (၂၁း၁၉)" ယင်းကဆိုလိုသည်မှာ အလ္လာဟ်အရှင်နှင့်အတူ ရှိနေသော အလ္လာဟ့်ကျေးကျွန်များ ဖြစ်သည့် ကောင်းကင်စေတမန်များသည် ထိုအရှင်အား မရပ်မနား ခဝပ်ကိုးကွယ်မှု ပြုလုပ်နေကြပါသည်။ ထို့ကြောင့် အကယ်၍ လူသားတို့သည် ထိုအရှင်အား ခဝပ်ကိုးကွယ်မှုမပြုပါက အလ္လာဟ် အရှင်မြတ်အတွက် မည်သို့မျှမဖြစ်သော်လည်း ထိုလူသားများမှာမူ ဆုံးရှုံးသူများ ဖြစ်သွားပါလိမ့်မည်။ တစ်စုံတစ်ဦး၏ အခြေအနေနှင့် အခြားသူများအား နှိုင်းယှဉ်ခြင်းသည် လူသဘာဝ ဖြစ်ပါသည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက် မနားတမ်း ခဝပ်ကိုးကွယ်မှုလုပ်ရပ်များ မလုပ်ဆောင်ခြင်းတွင် ဖြစ်နိုင်ချေ နှစ်ခုရှိပါသည်။ တစ်ခုမှာ မည်သူတစ်ဦး တစ်ယောက်အား ဦးချခြင်းသည် မိမိဂုဏ်သိက္ခာကို ထိခိုက်သည်ဟု မှတ်ယူခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူသည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်မှု မပြုလုပ်ပါ။ ဒုတိယမှာ ကြားကာလတွင် ရပ်နားမှုမရှိဘဲ လူတစ်ဦး တစ်စုံတစ်ယောက်အတွက် တစိုက်မတ်မတ် ခဝပ်ကိုးကွယ်မှုပြုခြင်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာအရ မဖြစ်နိုင်ပါ။ ဤ ကန့်သတ်ချက်နှစ်ခုအရ အာယသ်၏အဆုံးပိုင်းတွင် ရှင်းလင်းပြသထားသည်မှာ ကောင်းကင်စေတမန်များသည် ဤ စေ့ဆော်မှုများမှ ကင်းစင်ကြပါသည်။ ထိုသူများက အလ္လာဟ်အရှင်အား အမြဲမပြတ် ခဝပ်ကိုးကွယ်မှုပြုနေခြင်းသည် ၎င်းတို့အတွက် ဂုဏ်သိမ်ငယ်မှုဖြစ်သလို မောပန်းခြင်း၊ အနားယူခြင်း အိပ်စက်ခြင်းတို့ မလိုပါ။ ဤအချက်ကို နိဂုံးချုပ် သွားစေရန်အတွက် နောက်အာယသ်ထဲ၌ يُسَبِّحُوْنَ الَّيْلَ وَالنَّهَارَ لَا يَفْتُرُوْنَ ယင်း (အပါးတော်၌ ရှိသူတို့သည်) (ထိုအရှင်မြတ်) စင်ကြယ် သန့်ရှင်း တော်မူကြောင်းကို နေ့ည၌မပြတ် မြွက်ဆို ဘာဝနာစီးဖြန်းလျက် ရှိကြကုန်၏။ ရပ်တန့်ကြသည်ဟူ၍လည်း မရှိပေ။ (၂၁း၂၀) ဟူ၍မိန့်ထားသည်။

စိုက်ယိဒိနာ အိဗနိဟာရိသ်က ကအဗ်အလ်အဟ်ဗရ်ﷺအား ကောင်းကင်စေတမန်တို့သည် သတ်စ်ဗီ (အလ္လာဟ်အရှင် သန့်ရှင်းစင်ကြယ်ကြောင်းကို ချီးကျူးထောမနာပြုခြင်း) ကို အဘယ်ကြောင့် မရပ်မနား ရွတ်ဆိုနိုင်ပါသနည်းဟု မေးမြန်းခဲ့သည်။ သူတို့ ဘာမျှ အခြားလုပ်စရာ မရှိဘူးလား။ အကယ်၍ သူတို့တွင် လုပ်ရန်အလုပ်ရှိသည်ဆိုပါလျှင် အလုပ်များလုပ်ဆောင်ခြင်းနှင့် သတ်စ်ဗီရွတ်ဖတ်ခြင်း ကိစ္စနှစ်ရပ်ကို တစ်ပြိုင်နက်တည်း မည်သို့လုပ်ဆောင်နိုင်ပါသနည်း။ ဤမေးမြန်းချက်ကို ကအဗ်ကဖြေကြားသည်မှာ "အို- ကျွန်ုပ်၏တူ၊ အသင် အခြားသော အလုပ်များကို

လုပ်နေခြင်းကို အသင်၏ အသက်ရှူမှုက ဟန့်တားပါသလော" ဟူ၍ဖြစ်သည်။ အမှန်တရားမှာ လူသားများ အသက်ရှူနေကျသကဲ့သို့ ကောင်းကင်စေတမန်များသည်လည်း သတ်စ်ဗီကို ရွတ်ဆိုနေကြပါသည်။ သူတို့ မည်သည်ကို လုပ်ဆောင်နေကြပါစေ၊ သတ်စ်ဗီကိုတော့ အဆက်မပြတ်ရွတ်ဆိုနေကြပါသည်။ (ကုရ်တွုဗီ၊ အလ်ဗဟ်အလ်မုဟီးတွ်)

أَمِ اتَّخَذُوٓاْ ءَالِهَةً مِّنَ ٱلۡأَرۡضِ هُمۡ يُنشِرُونَ "ငင်း (မုရှ်ရိုက်စ်)တို့သည် ပထဝီမြေမှဖြစ်သောအရာများကို ကိုးကွယ်ရာများ ပြုလုပ်ထားကြလေသလော။ ယင်းအရာများသည် ရှင်ပြန်စေနိုင်ကြသလော။ (၂၁း၂၁)" ဤနေရာ၌ ဘုရားအများကိုးကွယ်သူများ၏ မသိနားမလည်မှုကို အမျိုးမျိုးဖော်ထုတ်ပြသထားပါသည်။ အလ္လာဟ်အရှင်မြတ်က မိန့်ကြားထားသည် ရှင်စေခြင်း၊ သေစေခြင်းဆိုသည့် အစွမ်းမရှိသည့် ကမ္ဘာပေါ်တွင်ရှိ အဖန်ဆင်းခံများအနက်မှ အချို့တို့ကို ငင်းတို့၏ကိုးကွယ်ရာများဟု ပြုလုပ်ထားခြင်းသည် အလွန်မိုက်မဲပြီး မသိနားမလည်မှုပင်ဖြစ်သည်။ ဤအစွမ်းများကို အလ္လာဟ်အရှင်တစ်ပါးတည်းသာ ပိုင်ဆိုင်တော်မူပြီး ထိုအရှင်ကိုသာ ကိုးကွယ်ထိုက်သည်ဆိုကြောင်း لَوۡ كَانَ فِيهِمَآ ءَالِهَةٌ إِلَّا ٱللَّهُ لَفَسَدَتَا "အကယ်၍သာယင်း(မိုးကောင်းကင်နှင့်ပထဝီမြေ)နှစ်ခုတွင် အလ္လာဟ်အရှင်မြတ်အပြင် အခြား(ထာဝရတည်ရှိသော) ကိုးကွယ်ရာများရှိခဲ့ကြပါမူ (မိုးကောင်းကင်နှင့်ပထဝီမြေ)နှစ်ခုစလုံးမှာ မလွဲဧကန် ပျက်စီးခဲ့ပြီး ဖြစ်ကြပေမည် (၂၁း၂၂)" ဟူ၍မိန့်ထားသည်။ ဤသည်မှာ အလ္လာဟ် အရှင်တစ်ပါးတည်း တည်ရှိတော်မူကြောင်းကို အလေးပေးသည့် သာမန်သဘောသဘာဝရှိသော အချေအတင်ပြောဆိုမှုပင်ဖြစ်သည်။ ယင်းကို လုပ်လေ့လုပ်ထရှိသူများအပေါ်၌ အခြေခံထားပါသည်။ ဤသည်မှာ အလ္လာဟ်တစ်ပါးတည်းရှိသည်ဆိုကြောင်း တက္ကဗေဒနည်းဖြင့် သက်သေပြခြင်းဖြစ်သည်။ ငင်းနောက်ဤသည်ကို ရှင်းပြရန်အတွက် ဘာသာရေးဆိုင်ရာကျမ်းများ عِلۡمُ ٱلۡكَلَامِ အများအပြား ရှိပါသည်။ သာမန်သဘာဝအပေါ် အခြေခံထားသော အချေအတင်ပြောဆိုမှုဆိုသည် အကယ်၍သာ ဘုရားနှစ်ဆူရှိပြီး တစ်ဦးစီ၌ လွတ်လပ်သော အချုပ်အခြာအာဏာရှိသည်ဆိုပါလျှင် ထိုဘုရားနှစ်ဆူတို့၏ အမိန့်များသည် ကမ္ဘာပထဝီနှင့် မိုးကောင်းကင်ပါ ပျံ့နှံ့နေပါလိမ့်မည်။ ယင်းကိစ္စသည် ဖြစ်နိုင်ချေမရှိပါ။ အဘယ်ကြောင့်ဆိုသော် ကိစ္စရပ်တိုင်းတို့အတွက် ငင်းတို့နှစ်ဦးတွင် တူညီသောအယူအဆများ ရှိနိုင်သည် ဆိုခြင်းမှာ မည်သို့မျှ စဉ်းစား၍မရပါ။ ငင်းတို့နှစ်ဦး၏ အယူအဆများကွဲလွဲခြင်းသည် မလွဲမသွေဖြစ်ကာ ငင်းတို့၏ အာဏာကြောင့် ယင်းအယူအဆများနှင့်ပတ်သက်၍ ကွဲလွဲမှုများဖြစ်ကာ အမြဲလိုလိုရှုပ်ထွေးပြီး ပရမ်းပတာ ဖြစ်သွား ပါလိမ့်မည်။ အကြံပြုထားသည်မှာ ဘုရားနှစ်ဆူတို့သည် အမိန့်အာဏာများ မထုတ်ပြန်မီ ပြည့်ပြည့်စုံစုံ ဆွေးနွေးတိုင်ပင် ပြီးမှ လက်ခံသည်ဖြစ်စေ၊ ငြင်းဆိုသည်ဖြစ်စေ ဘာသာရေးစာအုပ်တွင် ပါရှိစေရပါမည်။ သတိပြုရန်မှာ အကယ်၍ ဘုရားနှစ်ဆူတို့သည် ပူးတွဲကာဆုံးဖြတ်ချက်များချမှတ်ခဲ့ပါလျှင် သို့ဆိုလျှင် မည်သူတွင်မှ အချုပ်အာဏာမရှိ ဖြစ်သွား ပါလိမ့်မည်။ ငင်းနောက် ခွဲဝေအုပ်ချုပ်ရသောဘုရားသည် ဘုရားမဟုတ်ပါ။ နောက်အာယသ်ပါ لَا يُسۡـَٔلُ عَمَّا يَفۡعَلُ وَهُمۡ يُسۡـَٔلُونَ "ထိုအရှင်မြတ်သည် မိမိပြုလုပ်တော်မူသော ကိစ္စများနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း ခံရတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ငင်းတို့ မူကား (မိမိတို့ ပြုလုပ်ကြသော အမှုကိစ္စတို့နှင့်စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်"(၂၁း၂၃) က အထက်ပါ အချေအတင် ပြောဆိုမှုကို အားဖြည့်ထားနိုင်သည်မှာ တစ်စုံတစ်ဦးသည် မိမိ၏လုပ်ရပ်များအတွက် အခြား သူတစ်ဦး၏ မေးမြန်းစစ်ဆေးခြင်းခံရပါက ထိုသူသည် ဘုရားမဖြစ်နိုင်ပါ။

هَٰذَا ذِكۡرُ مَن مَّعِيَ وَذِكۡرُ مَن قَبۡلِي "ဤသည် ငါနှင့်အတူရှိကြသော သူတို့အားသတိပေးနှိုးဆော်ချက်သည်လည်းကောင်း၊ ငါ၏အလျင် ရှိခဲ့ဖူးသောသူတို့အား သတိပေးနှိုးဆော်ချက်သည်လည်းကောင်း ဖြစ်ချေသည်။" (၂၁း၂၄) ဤအာယသ် ဘာသာပြန် ဆိုထားခြင်းက အခြေခံထားသော ذِكۡر ဆိုသည့် စကားလုံးကဆိုလိုသည်မှာ

"သတိပေးနှိုးဆော်ချက်" ဟုဆိုလိုပါသည်။ ၎င်းနောက် "ငါနှင့်အတူ ရှိကြသောသူတို့အား သတိပေးနှိုးဆော်ချက်သည်လည်းကောင်း" ဆိုသည်က ကုရ်အာန် ကျမ်းတော်မြတ်ကို ရည်ညွှန်းသကဲ့သို့ "ငါ၏အလျင် ရှိခဲ့ဖူးသောသူတို့အား သတိပေးနှိုးဆော်ချက်သည်လည်းကောင်း"ဟူသည်က သောင်ရသ်ကျမ်း၊ အင်နှ်ဂျီလ်(ဇဝံဂေလိ)ကျမ်းနှင့် ဇဗူရ(ဆာလံကျမ်း)တို့ကို ရည်ညွှန်းပါသည်။ ထိုကျမ်းတို့သည် အစောပိုင်းက အလ္လာဟ်အရှင် ချပေးတော်မူသောကျမ်းများဖြစ်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် အာယသ်တော်ကဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် (တမန်တော်မြတ်ﷺနှင့် သူ၏နောက်လိုက်များအပေါ် ချပေးသောကျမ်း)တွင်လည်းကောင်း ရှေးယခင်ကကျပြီးသော ကျမ်းများထဲ တွင်လည်းကောင်း အလ္လာဟ်အရှင်မြတ်မှ လွှဲ၍ အခြားသူတစ်ဦးတစ်ယောက်အား ကိုးကွယ်နိုင်သည်ဆိုသည့် ရည်ညွှန်းချက်များ မပါပါ။ သောင်ရသ်ကျမ်းနှင့် အင်နှ်ဂျီလ်(ဇဝံဂေလိ)ကျမ်းများသည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားသည့်တိုင် အလ္လာဟ်အရှင်နှင့် အခွင့်အာဏာကို ခွဲဝေယူနိုင်သည့်သူရှိသည်ဆိုကြောင်း ထိုကျမ်းများထဲတွင် ညွှန်းမထားပါ။ ဤအာယသ်နှင့်ပတ်သက်၍နောက် ရှင်းလင်းချက်တစ်မျိုးကို အလ်ဗဟ်အလ်မုဟီးတွ်ကျမ်းထဲ၌ ဖော်ပြထားသည်မှာ ဤအာယသ်ပါ **ذكر** (ဇိက်ရ်)ဆိုသည်က "ထုတ်ဖော်ပြသခြင်း"ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ဆိုလိုသည်မှာတမန်တော်မြတ်ﷺသခင်၏ခေတ်အခါသမယတွင်ရှိသောလူများအတွက်ဤကုရ်အာန်ကျမ်းတော်မြတ်သည် ထုတ်ဖော်ပြသချက်တစ်ခုဖြစ်ကာ ၎င်းတို့ အတွက် ရှုရိအသ်၏ဥပဒေများကို ထုတ်ဖော်ပြသပြီး ၎င်းတို့အား လူဘဝ၏စစ်မှန်သောလမ်းဆီသို့ ဖိတ်ခေါ်ပါသည်။ တစ်ချိန်တည်းမှာပင် ကုရ်အာန်ကျမ်းတော်မြတ်သည် တမန်တော်မြတ်ﷺသခင်၏အလျင် ရှိသောလူတို့အတွက်လည်း ထုတ်ဖော်ပြသမှု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် လွန်လေပြီးသော သူတို့၏ အကြောင်းအရာများနှင့် ဓလေ့များကို အမြဲရှင်သန်စေပါသည်။

"ယင်း (ကောင်းကင်တမန်)တို့မူကား ထိုအရှင်မြတ်၏ ရှေ့တော်သို့ ကျူးလွန် စကားပြောဆိုနိုင်ကြသည် အလျှင်းမဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ (တစ်သဝေမတိမ်း)လိုက်နာဆောင်ရွက်ကြကုန်၏။ (၂၁း၂၇)" ဤအာယသ်ကမက္ကာဟ်မြို့ရှိမယုံကြည်သွေဖည်သူများ၏ ကောင်းကင်စေတမန်များသည် အလ္လာဟ်အရှင်၏ သမီးတော်များဖြစ်သည်ဟူ၍ အခိုင်အမာပြောဆိုချက်ကို ငြင်းဆိုထားသည်။ ကောင်းကင်စေတမန် များသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ အလွန်ကြောက်ရွံ့ ရိုသေစွာရှိနေကာ သူတို့ကလည်း စကား စတင်မပြောသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်း မဆန့်ကျင်ဘဲနေသောကြောင့် ၎င်းတို့သည် ဘယ်ကဲ့သို့သောနည်းဖြင့် အလ္လာဟ်အရှင်၏ သားသမီးများ ဖြစ်နိုင်ပါမည်နည်း။ ၎င်းတို့သည် အလ္လာဟ်အရှင်အမိန့်ကို စောင့်ကြိုနေကာ ထိုအမိန့်များအတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ကြပါသည်။ ဤသည်က သက်ကြီးရွယ်အိုများနှင့် ရှိနေစဉ်တွင် ရိုသေသမှုပြုခြင်းဆိုသည့် အရေးကြီးသည့် လူကျင့်ဝတ်တစ်ခုကို ထောက်ပြပါသည်။ ဆိုလိုသည်မှာ ကိစ္စတစ်ရပ်အား လူတစ်စုကိုတင်ပြရာ၌ ထိုအုပ်စုတွင်ရှိ အသက်ကြီးသော သူတစ်ဦးက စကားစတင်မပြောမီ အခြားသော သူများက စတင်မပြောရပါ။ အသက်ကြီးသူတို့၏အလျင် စကားပြောဆိုခြင်းသည် သက်ကြီးရွယ်အိုများအား ရိုသေခြင်း နှင့်ဆိုင်သော အပြုအမူများနှင့် ဆန့်ကျင်ပါသည်။

အာယသ် (၃၀-၃၃)

اَوَلَمۡ يَرَ الَّذِيۡنَ كَفَرُوۡۤا اَنَّ السَّمٰوٰتِ وَ الۡاَرۡضَ كَانَتَا رَتۡقًا فَفَتَقۡنٰهُمَا ؕ وَ جَعَلۡنَا مِنَ الۡمَآءِ كُلَّ شَىۡءٍ حَىٍّ ؕ اَفَلَا يُؤۡمِنُوۡنَ ﴿۳۰﴾ وَ جَعَلۡنَا فِى الۡاَرۡضِ رَوَاسِىَ اَنۡ تَمِيۡدَ بِهِمۡ ۖ وَ جَعَلۡنَا فِيۡهَا فِجَاجًا سُبُلًا لَّعَلَّهُمۡ يَهۡتَدُوۡنَ ﴿۳۱﴾ وَ جَعَلۡنَا السَّمَآءَ سَقۡفًا مَّحۡفُوۡظًا ۚ وَّ هُمۡ عَنۡ اٰيٰتِهَا مُعۡرِضُوۡنَ ﴿۳۲﴾ وَ هُوَ الَّذِىۡ خَلَقَ الَّيۡلَ وَ النَّهَارَ وَ الشَّمۡسَ وَ الۡقَمَرَ ؕ كُلٌّ فِىۡ فَلَكٍ يَّسۡبَحُوۡنَ ﴿۳۳﴾

စင်စစ် မိုးကောင်းကင်များသည် လည်းကောင်း၊ ပထဝီမြေသည် လည်းကောင်း ပိတ်လျက်ရှိခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်း(မိုးကောင်းကင်နှင့် ပထဝီမြေ) နှစ်ခုစလုံးကို ဖွင့်ပေးတော်မူခဲ့သည်။ (ဤသည်ကို) ကာဖိရ်များ မသိမမြင်ခဲ့ကြလေသလော။ ထို့ပြင် ငါအရှင်မြတ်သည် ရေဖြင့် သက်ရှိသတ္တဝါခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့သည် သင်ဝင်ယုံကြည်ခြင်း မရှိကြလေသလော။[၃၀] ထို့မှ တစ်ပါး ငါအရှင်မြတ်သည် ပထဝီမြေ၌ ယင်းပထဝီမြေသည် ၎င်းတို့နှင့်တကွ လှုပ်ရှား (ယိမ်းယိုင်သွား)ခြင်းမရှိနိုင်ရန် တောင်များကို (ကျောက်ဆူးများအဖြစ်) ချထားတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့လိုရာသို့ ရောက်ရှိနိုင်ကြအံ့သောငှာ ယင်းတောင်များ၌ တောင်ကြားလမ်းများကို လမ်းများအဖြစ် ပြုလုပ်ထားတော်မူခဲ့လေသည်။ [၃၁]

၎င်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို (ပြိုပျက်ခြင်းမှ) ထိန်းသိမ်းပြီးဖြစ်သော အမိုးပြုလုပ်တော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် ယင်းမိုးကောင်းကင်ရှိ သက်သေ လက္ခဏာများမှ မျက်နှာလွှဲလျက် ရှိကြကုန်၏။[၃၂] စင်စစ် ထိုအရှင်မြတ်သည်ပင် ည၌ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ နေကိုလည်းကောင်း၊ လကို လည်းကောင်း ဖန်ဆင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ (ထိုကြယ်နက္ခတ်) အသီးသီးတို့သည် (မိမိတို့ သက်ဆိုင်ရာ)ကြိုယ်နက္ခတ်လမ်း အသီးသီးတွင် လှည့်ပတ်သွားလာ လှုပ်ရှားလျက်ပင် ရှိကြကုန်သတည်း။[၃၃]

အကျယ်ဖွင့်ဆိုခြင်း

اَوَلَمۡ يَرَ الَّذِيۡنَ كَفَرُوۡۤا (ဤသည်ကို) ကာဖိရ်များ မသိမမြင်ခဲ့ကြလေသလော။ (၂၁း၃၀) ဤနေရာပါ رُؤْيَتْ (ကြည့်ရှုရန် တွေးတောဆင်ခြင်ရန်) ဟူသောစကားလုံးအား ယင်း၏ ယေဘုယျအဓိပ္ပာယ်ဖြစ်သော အသိပညာဟူသည့်အနေဖြင့် သုံးစွဲထားပါသည်။ ယင်းအသိပညာအား မျက်မြင်ကိုယ်တွေ့ လေ့လာကြည့်ရှုခြင်းဖြင့်ရနိုင်သကဲ့သို့ တက္ကဗေဒနည်းဖြစ်သော ကောက်ချက်ချခြင်းဖြင့် ရရှိနိုင်ပါသည်။ ဆက်တိုက်ဖော်ပြမည့် ဆွေးနွေးမှုများ၌ တစ်စိတ်တစ်ဒေသအနေဖြင့် လေ့လာ ကြည့်ရှုခြင်းဖြစ်သကဲ့သို့ တစ်စိတ်တစ်ဒေသအဖြစ် တက္ကဗေဒနည်းဖြစ်သော ကောက်ချက်

ချနည်းတို့ပါဝင်သည်။

"اَنَّ السَّمٰوٰتِ وَ الْاَرْضَ كَانَتَا رَتْقًا فَفَتَقْنٰهُمَا" စင်စစ် မိုးကောင်းကင်များသည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း ပိတ်လျက်ရှိခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်း(မိုးကောင်းကင်နှင့် ပထဝီမြေ)နှစ်ခုစလုံးကို ဖွင့်ပေးတော်မူခဲ့သည်။ (၂၁း၃၀) رَتْق(ရတ်)ဟူသော စကားလုံးက ပိတ်သည်ဟု ဆိုလိုပါသည်။ ထင်နောက် فَتْق (ဖာက်)ဟူသော စကားလုံးက ဖွင့်သည်ဟု ဆိုလိုပါသည်။ ယင်းတို့နှစ်လုံးအား တွဲလျက်သုံးစွဲပါက အဓိပ္ပာယ်မှာ အလုပ်တစ်ခုနှင့်ပတ်သက်သော စီမံမှုနှင့် လုပ်ဆောင်မှုတွင် အပြည့်အဝ ထိန်းချုပ်မှုရှိခြင်း ဟူ၍ဖြစ်ပါသည်။ အာယသ်တော်၏ အဓိပ္ပာယ်ပြန်ဆိုမှုမှာ ပိတ်နေ သော မိုးကောင်းကင်နှင့် ကမ္ဘာပထဝီမြေကြီးတို့အား အလွှာဟ်အရှင်မြတ်က ပွင့်စေတော်မူသည် ဟူ၍ဖြစ်သည်။ အချို့သော ဋီကာရှင်တို့က "ပွင့်ခြင်း"နှင့်"ပိတ်ခြင်း" တို့နှင့်ပတ်သက်၍ အဓိပ္ပာယ်ရှင်းလင်းချက် အမျိုးမျိုးပေးကြပါသည်။ သို့ရာတွင် တမန်တော်မြတ်ﷺနှင့် ဆွေဟာဗဟ်များနှင့် ဋီကာရှင်အများစုက မိုးကောင်းကင်နှင့် မြေကြီးတို့အား ပိတ်ခြင်းဆိုသည်မှာ မိုးရွာသွန်းခြင်းနှင့် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ပေါက်ရောက်ခြင်းမှ ပိတ်ထားခြင်းကိုလည်းကောင်း၊ ယင်းတို့အား ပွင့်စေခြင်းဆိုသည်မှာ မိုးရွာသွန်းခြင်းနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ပေါက်ရောက်ခြင်းဟူ၍ လက်ခံကြပါသည်။ အောက်ဖော်ပြပါ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗနိအုမရ်ﷺသခင်နှင့် ပတ်သက်သော အဖြစ်အပျက်ကို အိဗနိအဗီဟာသင်၏ခိုင်လုံချက်အရ အိဗနိကဆီးရ်အကျယ်ဖွင့်ဆိုချက်တွင် ပြန်လည်တင်ပြထားပါသည်။ လူတစ်ဦးသည် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗနိအုမရ်ﷺ ထံသို့ သွားရောက်ခဲ့ကာ သူ့အား ဤအာယသ်တော်၏အဓိပ္ပာယ်ကို ရှင်းလင်းပြသပါရန် မေတ္တာရပ်ခံခဲ့သည်။ စိုက်ယိဒိနာအုမရ်ﷺက ထိုသူကို စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺသခင်ကို လက်ညှိုးထိုးပြကာ အာယသ်တော်၏ ရှင်းလင်းချက်ကို သူ့ထံသို့ သွားရောက်တောင်းခံစေပါသည်။ ထိုသူအား စိုက်ယိဒိနာအိဗနိအဗ္ဗားစ် ရှင်းလင်းပြောကြားသည်များကို သူ(စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗနိအုမရ်ﷺအား) အသိပေးပါရန် ပြောကြားခဲ့သည်။ ထိုသူသည် စိုက်ယိဒိနာ အိဗနိအဗ္ဗားစ်ﷺထံသွားရောက်ကာ အာယသ်ပါ رَتْقًا (ရတ်တကန်)နှင့် فَتَقْنَا (ဖတက်ကန်)ဟူသော စကားလုံးများ၏ အဓိပ္ပာယ်ကို မေးမြန်းခဲ့ပါသည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗနိအဗ္ဗားစ်ﷺက ပြန်လည်ဖြေကြားသည်မှာ အစ ကနဦး၌ မိုးကောင်းကင်ကြီးသည် ပိတ်နေကာ မိုးရွာသွန်းခြင်း မရှိခဲ့ပါ။ အလားတူပင် ကမ္ဘာပထဝီမြေကြီးသည် ပိတ်နေကာ ယင်းတွင် မည်သည်မျှ ပေါက်ရောက်ခြင်း မရှိပါ။ ကမ္ဘာပထဝီမြေပေါ်တွင် နေထိုင်ရန်အတွက် လူသားအား အလွှာဟ်အရှင် စေလွှတ်တော်မူသောအခါ၊ အရှင်သည် မိုးကောင်းကင်ကို ပွင့်စေပြီး မိုးရွာသွန်းစေပါသည်။ ထင်နောက် ကမ္ဘာပထဝီမြေကြီးအား ပွင့်စေကာ ယင်းတွင် ဟင်းသီးဟင်းရွက်နှင့် ကောက်ပဲသီးနှံပေါက်စေပါသည်။ အာယသ်တော်နှင့် ပတ်သက်သော ရှင်းလင်းပြသချက်ကို လေ့လာသိရှိပြီးသည့်နောက်တွင် ထိုသူသည် စိုက်ယိဒိနာအဗ်ဒုလ္လာဟ် အိဗနိအုမရ်ﷺထံ သွားရောက်က သူ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗနိအဗ္ဗားစ်ﷺ ထံမှ လေ့လာသိရှိခဲ့ရသမျှကို ပြန်လည်ပြောပြခဲ့ပါသည်။ ထို့နောက် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗနိအုမရ်ﷺက မှတ်ချက်ပြုသည်မှာ ကုရ်အာန် ကျမ်းတော်မြတ်နှင့် ပတ်သက်သော အသိပညာကို အလွှာဟ်အရှင်က စိုက်ယိဒိနာအဗ္ဗားစ်ﷺအပေါ်၌ ချီးမြှင့်ပေး သနားခဲ့သည်ဆိုသည်ကို သူ့တွင် သံသယ မရှိတော့ပါဟူ၍ဖြစ်သည်။ သူက ဆက်လက်ပြောသည်မှာ ယခင်ကဆိုလျှင် ကုရ်အာန် ကျမ်းတော်မြတ်နှင့် ပတ်သက်သော စိုက်ယိဒိနာအိဗနိအဗ္ဗားစ်၏ ရှင်းလင်းချက်များသည် ရဲရင့်သောလုပ်ဆောင်မှုများဖြစ်သည်ဟု မှတ်ယူခဲ့ပါသည်။ ယင်းသို့သော ရှင်းလင်းချက်များကို သူက သဘောမတူခဲ့ပါ။ သို့ရာတွင် ယခုအခါမှာမူ အလွှာဟ်အရှင်သည် စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺအား ကုရ်အာန်ကျမ်းတော်မြတ်ပါ အဓိပ္ပာယ်တို့နှင့် ပတ်သက်သော

အထူးထိုးထွင်းဉာဏ် ပေးသနားတော်မူခဲ့သည်ဆိုကြောင်းကို ယုံကြည်စိတ်ချသွားခဲ့ပါသည်။ ၎င်းနောက် စိုက်ယိဒိနာအိဗနိအဗ္ဗာစ်ﷺ ရှင်းပြခဲ့သော رَتْقٗ وَفَتْقٗ စကားလုံးတို့၏ အဓိပ္ပာယ်သည် လုံးဝမှန်ကန်ပါသည်။

စိုက်ယိဒိနာအိဗနိအဗ္ဗာစ်ﷺ နှင့်ပတ်သက်သော ဤအကြောင်းအရာကို အိဗနိမွန်ဒီးရ်နှင့် အဗူနူအိမ်းတို့မှ တစ်ဆင့် ရုဟုလ်မအာနီကျမ်းတွင်လည်း တင်ပြထားသည်။ ၎င်းနောက် မုတ်စ်တာဒတ်ကျမ်းရှင် ဟာကမ်အပါအဝင် ပညာရှင်တစ်စုတို့ကလည်း ဤဆင့်ပြန်ချက် မှန်ကန်သည်ဆိုကြောင်း လက်ခံခဲ့ကြပါသည်။

ဤဆင့်ပြန်ချက်ကို တင်ပြပြီးသည့်နောက် အိဗနိအတ္တီယဟ် အလ်အောင်ဖီက ပြောသည်မှာ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် "ဟစန်"ဖြစ်ကာ ပြီးပြည့်စုံပါသည်။ ၎င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်ပါ စာသားတို့နှင့်လည်း လိုက်လျောညီထွေ ရှိပါသည်။ ဤသည်ထဲတွင် မယုံကြည်သွေဖည်သူများနှင့် ပတ်သက်သော သင်ခန်းစာတစ်ရပ်နှင့် အချေအတင် ပြောဆိုမှုတစ်ခုလည်း ပါဝင်ပါသည်။ ၎င်းပြင် ယင်းထဲ၌ အလ္လာဟ်အရှင်တစ်ပါးတည်း တည်ရှိကြောင်းနှင့် ထိုအရှင်၏ အထူးရက်ရောမှုများအကြောင်းကို ဖော်ပြထားပါသည်။ ယင်းသည်ကပင် အရှင်တစ်ပါးတည်း တည်ရှိကြောင်း အခြေခံနှင့်အရှင်၏ ဂုဏ်တော်များကို အသိအမှတ်ပြုရာ ရောက်သွားပါသည်။ ဆက်လက်ဖော်ပြသော ဝါကျ وَجَعَلْنَا مِنَ الْمَاءِ كُلَّ شَيْءٍ حَيٍّ "ထို့ပြင် ငါအရှင်မြတ်သည် ရေဖြင့် သက်ရှိသတ္တဝါခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့၏" ကလည်းဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုခိုင်လုံစေပါသည်။အလ်ဗဟ်အလ်မုဟီးတွင်ကျမ်းကလည်းဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျင့်သုံးခဲ့ပါသည်။ ကုရ်တွုဗီကလည်း ဤရှင်းလင်းပြသချက်သည် အိစ်ဂ်ရီမဟ်၏ ရှင်းလင်းချက်မိန့်သကဲ့သို့ ဖြစ်သည်ဆိုကြောင်း ကြေညာခဲ့ပါသည်။* ၎င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်၏ နောက်ထပ်အာယသ် وَالسَّمَاءِ ذَاتِ الرَّجْعِ وَالْأَرْضِ ذَاتِ الصَّدْعِ ကလည်း ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ခံပါသည်။ သဘာရီကလည်း ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ခံပါသည်။

وَجَعَلْنَا مِنَ الْمَاءِ كُلَّ شَيْءٍ حَيٍّ "ထို့ပြင် ငါအရှင်မြတ် သည် ရေဖြင့် သက်ရှိသတ္တဝါခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့၏။ (၂၁း၃၀)" အလုံးစုံသော သက်ရှိသတ္တဝါများ ဖန်ဆင်းမှုတွင် ရေသည် အရေးကြီးသော အရာတစ်ခု ဖြစ်ပါသည်။ လောလောလတ်လတ်ပြုထားသော သုတေသနပြုချက်များအရ အသက်နှင့်ဝိညာဉ်ပါရှိသော လူသားများနှင့် တိရစ္ဆာန်တို့သာမက သစ်ပင်ပန်းမန်တွင်သာမက တွင်းထွက်ပစ္စည်းတွင်လည်း ရေပါဝင်ပါသည်။ ရေသည် ဖန်ဆင်းမှု

---

* စာရေးသူက အခြားသောပညာရှင်များ လက်ခံထားသည့်အတိုင်း ဤအာယသ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့ဖွယ်ဟန်ပန်မှာ ယင်းကျမ်းထဲ၌ သုံးစွဲထားသော စကားလုံးများတွင် အဓိပ္ပာယ်ဖွင့်ဆိုရာ၌ မတူညီသော ဖြစ်နိုင်ခြေများရှိပါသည်။ ကျမ်းတွင် သုံးစွဲထားသော "ရတ်က်" နှင့်"ဖာတ်"တို့တွင် အခြားသောအဓိပ္ပာယ် ရှိပါသည်။ ယင်းတို့မှာ "ကျစ်ကျစ်လျစ်လျစ် ဖြစ်စေခြင်း"နှင့် "တသီးတခြား ဖြစ်စေခြင်း" ဖြစ်ပါသည်။ အကယ်၍သာ အာယသ်ပါ ဤစကားလုံးများအား အထက်ဖော်ပြပါအဓိပ္ပာယ်ဟု မှတ်ယူခဲ့ပါလျှင် အာယသ်ကို "မိုးကောင်းကင်များနှင့် ပထဝီမြေကြီးတို့ ကျစ်ကျစ်လျစ်လျစ်နှင့် တပေါင်းတစည်းတည်း ဖြစ်နေခဲ့ကာ နောက်မှသာ ငါအရှင်သည် ယင်းတို့ကို တသီးတခြားစီ ဖြစ်စေပါသည်" ဟူ၍လည်း ဘာသာပြန်ဆိုနိုင်ပါသည်။ သို့ဆိုပါလျှင် အာယသ်တော်က ဖန်ဆင်းခြင်း၏ အစောပိုင်းကာလတွင်ရှိသော အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းပါလိမ့်မည်။ ဆိုလိုသည်မှာ မိုးကောင်းကင်နှင့် ပထဝီမြေတို့သည် မူလက တစ်ခုတည်းသောအရာဖြစ်ပါသည်။ ထို့နောက်မှ အလ္လာဟ်အရှင်သည် မိုး ကောင်းကင်နှင့်ပထဝီမြေကြီးအား သီးခြားဖြစ်စေခဲ့ပါသည်။ ခေတ်ပြိုင်သုတေသနပညာရှင်များ ပြုလုပ်ခဲ့သော အကြီးအကျယ် ထိတွေ့ ပေါက်ကွဲမှုကြီး The Big Bang'မဟာစကြဝဠာကြီး စတင်ဖြစ်ပေါ်လာစေသည့် ပေါက်ကွဲမှုကြီး'ဆိုသည်မှာ ဤရှင်းလင်းဖော်ပြချက်နှင့် နီးစပ်ပါသည်။ သို့ရာတွင် စိတ်ထဲ၌အမြဲတစေမှတ်ထားရမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ ဖော်ပြချက်များသည် မည်သည့်သိပ္ပံ သီအိုရီများနှင့် မပတ်သက်ပါ။ ၎င်း နောက် ကုရ်အာန်ကျမ်းတော်မြတ်သည် အစဉ်ပြောင်းလဲနေသော သီအိုရီများကဲ့သို့ မသတ်မှတ်ရပါ။ (မုဟမ္မဒ်သကီ အွန်ဆ်မာနီ)

သက်ရှိအရာများအားလုံး ကြီးထွားမှုနှင့်ပြောင်းလဲမှုများတွင် အလွန် အရေးကြီးသော ကဏ္ဍမှ ပါဝင်ပါသည်။

အိဗနိကဆီးရ်က အိမာမ်အဟ်မဒ်၏ ခိုင်လုံချက်အရ စိုက်ယိဒိနာအဗူဟုရိုင်ရဟ်ﷺသခင်၏ ပြောကြားချက်ကို ကိုးကားထားသည်။ သူက တမန်တော်မြတ်ﷺအား အရာဝတ္ထုများအားလုံး မည်ကဲ့သို့ဖန်ဆင်းထားသည်ဆိုကြောင်းကို ပြောပြပါရန် မေတ္တာရပ်ခံခဲ့သည်။ တမန်တော်မြတ်ﷺသခင်က အရာရာတိုင်းကို ရေဖြင့် ဖန်ဆင်းထားသည် ဆိုကြောင်း ဖြေကြားခဲ့လေသည်။ ထို့နောက် အဗူဟုရိုင်ရဟ်ﷺက တစ်စုံတစ်ဦးကို ဂျန္နသ်သို့ရောက်မည့် လုပ်ရပ်များအကြောင်း မေးမြန်းခဲ့လေသည်။ တမန်တော်မြတ်ﷺက ဖြေကြားခဲ့သည်မှာ-

افش السلام واطعم الطعام وصل الارحَامِ وقم باللیل والناس نیام ثمّ ادخل الجنّة بسلام.

(تفرد به احمد وهذا اسناد علی شرط الشیخین الخ)

အသင်တို့အချင်းချင်း စလာမ်ဆို နှုတ်ဆက်ခြင်းအမှုကို အကျင့်ဓလေ့ ဖြစ်ပါစေ။ (အခြားသူများ)ကို ကျွေးမွေးပါလေ။ ၎င်းနောက် ဆွေမျိုးများ၏ရပိုင်ခွင့်ကို သတိရှိပါလေ။ ၎င်းနောက် ညဉ့်အချိန်၌လူအများအိပ်စက်နေချိန်တွင် မတ်တတ်ရပ်(ဆွလာသ် ဝတ်ပြုနေခြင်း)နေပါ။ သို့ဆိုပါလျှင် ဂျန္နသ်အတွင်းသို့ ငြိမ်းချမ်းစွာ ဝင်ပါလေ” ဟူ၍ ဖြစ်ပါသည်။

وَ جَعَلْنَا فِی الْاَرْضِ رَوَاسِیَ اَنْ تَمِیْدَ بِهِمْ"ထိုမှတစ်ပါး ငါအရှင်မြတ်သည် ပထဝီမြေ၌ယင်းပထဝီမြေသည် ၎င်းတို့နှင့်တကွ လှုပ်ရှား(ယိမ်းယိုင်သွား)ခြင်းမရှိနိုင်ရန် တောင်များကို (ကျောက်ဆူးများအဖြစ်) ချထားတော်မူခဲ့လေသည်။ (၂၁း၃၁)”အရဗီဘာသာစကား၌ **میدان** (မိုဒ်)ဟူသောစကားလုံးသည် တုန်ခါသွားခြင်းဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ထို့ကြောင့် ဤအာယသ်၏အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်သည်ပထဝီမြေကြီးအား နေသားတကျရှိစေရန်အတွက် ယင်းအပေါ်၌ တောင်များထားရှိထားပါသည်။ အဘယ်ကြောင့်ဆို ပထဝီမြေကြီး၏ ပြင်းထန်သောလှုပ်ရှားမှု တစ်ရပ်ကြောင့် ယင်း အပေါ်တွင် နေထိုင်သူများအားလုံး ကြီးမားသော ဖရိုဖရဲဖြစ်မှု ဖြစ်သွားနိုင်ပါသည်။

كُلٌّ فِیْ فَلَكٍ یَّسْبَحُوْنَ"(ထိုဂြိုဟ်နက္ခတ်) အသီးသီးတို့သည် (မိမိတို့သက်ဆိုင်ရာ) ဂြိုဟ်နက္ခတ်လမ်း အသီးသီးတွင် လှည့်ပတ်သွားလာ လှုပ်ရှားလျက်ပင်ရှိကြကုန်သတည်း” (၂၁း၃၃) **فلك** (ဖလတ်က်) ဟူသောစကားလုံးအား စက်ဝန်းဖြစ်စေ၊ မည်သည့် အဝိုင်းအဝန်းသဏ္ဌာန်ရှိသော အရာများအတွက်မဆို သုံးစွဲပါသည်။ ဤအတွက်ကြောင့် **فلك** (ဖလတ်က်) ဟူသောစကားလုံးအား တစ်ခါတစ်ရံတွင် မိုးကောင်းကင်အတွက်လည်း သုံးစွဲပါသည်။ ဤအာယသ်ထဲ၌ယင်းက နေနှင့်လတို့လှည့်ပတ်သွားလာနေသည့်ပတ်လမ်းကြောင်းဟု ဆိုလိုပါသည်။ကုန်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများက အာကာသဟင်းလင်းပြင်တွင်ရှိ ပတ်လမ်းကြောင်းများ တည်ရှိမှုနေရာကို အတိအကျ မဖော်ပြထားပါ။ သို့ရာ တွင် အာကာသဟင်းလင်းပြင်ဆိုင်ရာ သုတေသနပြုမှုတို့က ဤပတ်လမ်းကြောင်းများသည် မိုးကောင်းကင်ထက် အတော်အတန်အောက်ကျသော အာကာသဟင်းလင်းပြင်တွင် တည်ရှိကြောင်းအတည်ပြုထားပါသည်။ ဤအာယသ်က နေသည်လည်း ပတ်လမ်းကြောင်းတစ်ခုမှ သွားလာလှုပ်ရှားနေကြောင်း ရည်ညွှန်းထားပါသည်။ ယခင်က သိပ္ပံပညာရှင်များသည် နေ၏ လှည့်ပတ်ခြင်းဆိုသည်ကို မယုံကြည်ခဲ့ကြပါ။ သို့ရာတွင် အလွန်ခေတ်မီသော သုနေသနပြုချက်တို့အရ ယင်းကို လက်ခံခဲ့ကြပါသည်။

အာယသ် (၃၄-၄၇)

وَ مَا جَعَلْنَا لِبَشَرٍ مِّنْ قَبْلِكَ الْخُلْدَ ؕ اَفَاْىِٕنْ مِّتَّ فَهُمُ الْخٰلِدُوْنَ ﴿۳۴﴾ كُلُّ
نَفْسٍ ذَآىِٕقَةُ الْمَوْتِ ؕ وَ نَبْلُوْكُمْ بِالشَّرِّ وَ الْخَيْرِ فِتْنَةً ؕ وَ اِلَيْنَا تُرْجَعُوْنَ
﴿۳۵﴾ وَ اِذَا رَاٰكَ الَّذِيْنَ كَفَرُوْۤا اِنْ يَّتَّخِذُوْنَكَ اِلَّا هُزُوًا ؕ اَهٰذَا الَّذِيْ يَذْكُرُ
اٰلِهَتَكُمْ ۚ وَ هُمْ بِذِكْرِ الرَّحْمٰنِ هُمْ كٰفِرُوْنَ ﴿۳۶﴾ خُلِقَ الْاِنْسَانُ مِنْ عَجَلٍ ؕ
سَاُورِيْكُمْ اٰيٰتِيْ فَلَا تَسْتَعْجِلُوْنِ ﴿۳۷﴾ وَ يَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ
كُنْتُمْ صٰدِقِيْنَ ﴿۳۸﴾ لَوْ يَعْلَمُ الَّذِيْنَ كَفَرُوْا حِيْنَ لَا يَكُفُّوْنَ عَنْ وُّجُوْهِهِمُ
النَّارَ وَ لَا عَنْ ظُهُوْرِهِمْ وَ لَا هُمْ يُنْصَرُوْنَ ﴿۳۹﴾ بَلْ تَاْتِيْهِمْ بَغْتَةً فَتَبْهَتُهُمْ
فَلَا يَسْتَطِيْعُوْنَ رَدَّهَا وَ لَا هُمْ يُنْظَرُوْنَ ﴿۴۰﴾ وَ لَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ
قَبْلِكَ فَحَاقَ بِالَّذِيْنَ سَخِرُوْا مِنْهُمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿۴۱﴾ قُلْ مَنْ
يَّكْلَؤُكُمْ بِالَّيْلِ وَ النَّهَارِ مِنَ الرَّحْمٰنِ ؕ بَلْ هُمْ عَنْ ذِكْرِ رَبِّهِمْ مُّعْرِضُوْنَ
﴿۴۲﴾ اَمْ لَهُمْ اٰلِهَةٌ تَمْنَعُهُمْ مِّنْ دُوْنِنَا ؕ لَا يَسْتَطِيْعُوْنَ نَصْرَ اَنْفُسِهِمْ وَ لَا
هُمْ مِّنَّا يُصْحَبُوْنَ ﴿۴۳﴾ بَلْ مَتَّعْنَا هٰۤؤُلَآءِ وَ اٰبَآءَهُمْ حَتّٰى طَالَ عَلَيْهِمُ الْعُمُرُ
ؕ اَفَلَا يَرَوْنَ اَنَّا نَاْتِي الْاَرْضَ نَنْقُصُهَا مِنْ اَطْرَافِهَا ؕ اَفَهُمُ الْغٰلِبُوْنَ ﴿۴۴﴾
قُلْ اِنَّمَاۤ اُنْذِرُكُمْ بِالْوَحْيِ ۫ وَ لَا يَسْمَعُ الصُّمُّ الدُّعَآءَ اِذَا مَا يُنْذَرُوْنَ ﴿۴۵﴾
وَ لَىِٕنْ مَّسَّتْهُمْ نَفْحَةٌ مِّنْ عَذَابِ رَبِّكَ لَيَقُوْلُنَّ يٰوَيْلَنَاۤ اِنَّا كُنَّا ظٰلِمِيْنَ
﴿۴۶﴾ وَ نَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ الْقِيٰمَةِ فَلَا تُظْلَمُ نَفْسٌ شَيْـًٔا ؕ وَ
اِنْ كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ اَتَيْنَا بِهَا ؕ وَ كَفٰى بِنَا حٰسِبِيْنَ ﴿۴۷﴾

စင်စစ် ငါအရှင်မြတ်သည် အသင့်အလျင် မည်သည့် လူသားတစ်ဦးတစ်ယောက်
၌မျှပင် သေခြင်း ကင်းသည့်အနေကို ပြုလုပ်တော်မမူခဲ့ချေ။ သို့ဖြစ်ပေရာ အကယ်၍
အသင်သည် သေဆုံးခဲ့ပါလျှင် ၎င်းတို့သည် အစဉ်ထာဝရ နေကြမည့်သူများ ဖြစ်ကြ
လေသလော။[၃၄] သက်ရှိသတ္တဝါတိုင်းသည် မရဏာသေခြင်းတရား(၏ရသာ)ကို မြည်း
စမ်းရမည့်သူများသာ ဖြစ်ကြကုန်၏။ စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ဆိုးသော

အခြေအနေဖြင့်လည်းကောင်း၊ ကောင်းသောအခြေအနေဖြင့် လည်းကောင်း၊ (ကောင်းစွာ) စမ်းသပ်တော်မူ၏။ ၎င်းပြင် ငါအရှင်မြတ် အထံတော်သို့ပင် အသင်တို့သည် ပြန်လည် ရောက်စေခြင်းကို ခံကြရပေမည်။[၃၅]

၎င်းပြင် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့သည် အသင့်အား မြင်ကြသောအခါ ပြက်ရယ် ပြောင်လှောင်သမှုပြုကြ၏။ အသင်တို့၏ ကိုးကွယ်ရာဘုရားများကို(ကဲ့ရဲ့) ပြောဆိုသူသည် ဤသူပင်လော။ စင်စစ်သော်ကား ၎င်းတို့သည် "ရဟ်မာန်"အနန္တ ကရုဏာတော်ရှင်နှင့် ပတ်သက်၍ ပြောဆိုခြင်းကိုပင် ငြင်းပယ်သူများ ဖြစ်ကြကုန်၏။ [၃၆]

မနုဿလူသားသည် အလျင်လိုမှုဖြင့် ဖန်ဆင်းခြင်း ခံခဲ့ရလေသည်။ မကြာမြင့်မီပင် ငါအရှင်မြတ်သည် မိမိသက်သေလက္ခဏာတော်များကို အသင်တို့အား ပြသတော်မူမည် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါ အရှင်မြတ်အထံတော်တွင် အလျင်မလိုကြကုန်လင့်။[၃၇] ထို့ပြင် ၎င်းတို့က "အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြပါလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ပြီးမြောက်ပါမည်နည်း"ဟု ပြောဆိုကြကုန်၏။[၃၈] အကယ်၍သာ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့သည် အကြင် အချိန်အခါကို သိကြပါမူ (ယင်းကဲ့သို့ ပြောဆိုကြမည် မဟုတ်ပေ)။ ထိုအချိန်အခါတွင် ယင်းသူတို့သည် မိမိတို့၏မျက်နှာများမှ လည်းကောင်း၊ မိမိတို့၏ ကျောက်ကုန်းများမှ လည်းကောင်း မီးကို တားဆီးနိုင်ကြမည် မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်းတို့သည် (မည်သည့်)အကူအညီကို(မျှ)လည်း ရရှိကြမည်မဟုတ်ပေ။[၃၉] စင်စစ်မှာကား ယင်းမီးသည် ၎င်းတို့၌ ရုတ်တရက် သက်ရောက်ပြီးလျှင် ၎င်းတို့အား တွေဝေသွား စေမည်ဖြစ်သည်။ ထိုအခါ ၎င်းတို့သည် ထိုမီးကို တွန်းလှန်နိုင်ကြမည်လည်း မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ရွှေ့ဆိုင်းခွင့်ကိုလည်း ရရှိကြမည်မဟုတ်ပေ။[၄၀]

၎င်းပြင် မချွတ်ဇကန် အသင့်အလျင်လည်း ရစူလ်တမန်တော်များသည် ပြက်ရယ်သမှုပြုခြင်းကို ခံခဲ့ကြရလေ၏။ သို့ဖြစ်ပေရာ ထိုရစူလ်တမန်တော်များအား ပြက်ရယ်သမှု ပြုကြသူတို့အား ထိုပြက်ရယ်သမှုပြုခြင်း၏ ပြစ်ဒဏ်သည် ဝိုင်းဝန်းခဲ့လေသည်။ [၄၁]

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့အား ညှဉ်ဉှဲလည်းကောင်း၊ နှေဉှဲလည်းကောင်း "ရဟ်မာန်"အနန္တကရုဏာတော်ရှင်(၏ ပြစ်ဒဏ်)မှ မည်သူသည် ကာကွယ်စောင့်ရှောက်၍ ထားပါသနည်း။ စင်စစ်မှာကား ၎င်းတို့သည် မိမိတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ မျက်နှာလွှဲ၍ နေသူများပင် ဖြစ်ကြကုန်၏။[၄၂] ၎င်းတို့၌ ငါအရှင်မြတ်အပြင် မိမိတို့အား ကာကွယ်အုံသော ကိုးကွယ်ရာများ ရှိကြလေသလော။ (စင်စစ်) ယင်းကိုးကွယ်ရာများသည် မိမိတို့ကိုယ်ကိုပင် ကူညီရန် တတ်စွမ်းနိုင်ကြသည် မဟုတ်ပေ။ ထိုနည်းတူစွာ ၎င်းတို့သည် ငါအရှင်မြတ်(၏ ပြစ်ဒဏ်မှ) ကာကွယ်စောင့်ရှောက်

ခြင်းကို ခံကြရမည်လည်း မဟုတ်ပေ။[၄၃]

စင်စစ်မှာကား ငါအရှင်မြတ်သည် ယင်းတို့ အားလည်းကောင်း၊ ယင်းတို့၏ အဘ၊ အဘိုး၊ ဘေးတို့အားလည်းကောင်း၊ (လောကီစည်းစိမ်များကို ချီးမြှင့်တော်မူခြင်းအားဖြင့်) အသက်တာ ရှည်လျားသွားသည်အထိ စံစားစေတော်မူခဲ့၏။ ငါအရှင်မြတ်သည် (မက္ကာမြို့၏)မြေကို ဘေးပတ်ဝန်းကျင်များမှ (တဖြည်းဖြည်း)ယုတ်လျော့(ကျဉ်းမြောင်း)အောင် ပြုလုပ်လာတော်မူသည်ကို ၎င်းတို့ သည် မမြင်ကြလေသလော။ သို့ဖြစ်ရာ ၎င်းတို့သည် အောင်မြင်သောသူများ ဖြစ်ကြမည်လော။[၄၄]

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) ငါသည် အသင်တို့အား "ဝဟ်ယ်"အမိန့်တော်ဖြင့် သတိပေး နှိုးဆော်ခြင်းသာ ဖြစ်သည်။ သို့ရာတွင် နားပင်းသူများမှာမူကား သတိပေး နှိုးဆော်ခြင်းခံကြရသောအခါ ဟစ်ခေါ်ခြင်းကိုပင် မကြားကြချေ။[၄၅] ထို့ပြင် စင်စစ် အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ပြစ်ဒဏ်မှ အငွေ့မျှပင် ၎င်းတို့၌ သက်ရောက်ခဲ့မူအမှန်ပင် ၎င်းတို့က "ကြော်-ကျွန်ုပ်တို့ ဖြစ်မှဖြစ်ရလေခြင်း၊ ကျွန်ုပ်တို့သည်သာလျှင် မတရားမှုကို ကျူးလွန်သောသူများဖြစ်ကြသည်"ဟု(ညည်းညူမြည်တမ်း)ပြောဆိုကြ ပေမည်။[၄၆]

စင်စစ် ငါအရှင်မြတ်သည် ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် မျှတသော ချိန်ခွင်များကို ထားရှိတော်မူသည်။ သို့ဖြစ်ပေရာ မည်သူတစ်ဦးတစ်ယောက်မျှ အနည်းငယ် စိုးစဉ်းမျှပင် မတရားသဖြင့် နှိပ်စက်ခြင်းကို ခံရမည်မဟုတ်ပေ။ စင်စစ် အကယ်၍ (တစ်ဦးတစ်ယောက်၌) မုန်ညင်းစေ့တစ်စေ့မျှ အလေးချိန်ရှိသော(ကောင်းမှုပင်) ရှိခြားသော်လည်း ငါအရှင်မြတ်သည် ယင်းမုန်ညင်းစေ့တစ်စေ့ ကိုလည်း (ရှေ့တော်မှောက်သို့) ယူလာတော်မူမည်သာဖြစ်သည်။ စင်စစ် ငါအရှင်မြတ်နှင့်ပင် စစ်ဆေးတော်မူသောအရှင် အဖြစ် လုံလောက်ပေသတည်း။[၄၇]

အကျယ်ဖွင့်ဆိုခြင်း

"وَ مَا جَعَلْنَا لِبَشَرٍ مِّنْ قَبْلِكَ الْخُلْدَ" စင်စစ်ငါအရှင်မြတ်သည် အသင့်အလျင် မည်သည့်လူသားတစ်ဦးတစ်ယောက်၌မျှပင် သေခြင်းကင်းသည့် အနေကို ပြုလုပ်တော်မမူခဲ့ချေ။ (၂၁း၃၄)" မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများကိုးကွယ်သူများ၏ စိုက်ယိဒိနာမစီ ﷺနှင့် စိုက်ယိဒိနာအိုဖိုင်း ရ ﷺတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ရာအဖြစ် လည်းကောင်း ကောင်းကင်စေတမန်များသည် အလ္လာဟ်အရှင်မြတ်၏ သားသမီးများဖြစ်သည်ဟူသော အခြေအမြစ်မရှိ ချဲ့ကားထားသည့် ယုံကြည်မှုများကို မမှန်ကန်ဆိုကြောင်း ခိုင်မာသည့် ဒဿနဆိုင်ရာ ငြင်းဆိုချက်တစ်ခုကို ရှေ့အာယသ်တော်များတွင် ဖော်ပြထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ကျိုးကြောင်းညီညွတ်၍ ဒဿနဆိုင်ရာ အချေအတင် ပြောဆိုမှုများကို စိတ်ကျေနပ်ဖွယ် ပြန်လည်ချေပရန် နည်းလမ်းမရှိသဖြင့် မက္ကာဟ်မြို့ရှိ မယုံကြည် သွေဖည်ငြင်းပယ်သူများသည် စိတ်ပျက်လက်ပျက်ဖြစ်ကာ တမန်တော်မြတ် ﷺ သေဆုံးစေရန် ဆန္ဒရှိနေကြသည်။ ဤအကြောင်းအရာကို نَتَرَبَّصُ بِهٖ رَيْبَ الْمَنُوْنِ (၅၂း၃၀) စသော အာယသ်များတွင်လည်းဖော်ပြထားသည်။ ဤအာယသ် ၃၄ ထဲ၌ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ သနားဖွယ်ဆန္ဒကို အဖြေနှစ်ခုပေးထားသည်။

တစ်ခုမှာ အကယ်၍ တမန်တော်မြတ်ﷺ စောစောစီးစီးသေသွားခဲ့လျှင်ပင် ယင်းက သူတို့ကို မည်သို့အကူအညီဖြစ်စေပါမည်နည်း။ တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်ခြင်းကို ငြင်းဆိုရန် တမန်တော်မြတ်ﷺသေဆုံးမှုကို ၎င်းတို့အတွက် အချေအတင် ပြောဆိုရန် အချက်ရသည်ဟု သူတို့တွေးထင်ခဲ့လျှင် သူတို့ အလွန်မှားယွင်းနေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့က တမန်တော်ဖြစ်သည်ဟု လက်ခံထားခဲ့သည့် အခြားတမန်တော်များသည်လည်း သေဆုံးချိန်တန်လျှင် သေဆုံးကြရသည်။ ထို့ကြောင့် အကယ်၍ အခြားတမန်တော်များ သေဆုံးခြင်းသည် ၎င်းတို့တမန်တော်များ ဖြစ်သည်ဆိုသည့် အဆင့်အတန်းတွင် ပြောင်းလဲမှုမရှိဆိုလျှင် တမန်တော်မြတ်ﷺ သေဆုံးခြင်းကလည်း ၎င်း၏တမန်တော်အဆင့်အတန်း မည်သို့ပြောင်းလဲပေမည်နည်း။ ဒုတိယအချက်မှာ အကယ်၍ သူတို့က ကိုယ်တော်မြတ်ﷺသခင်စောစောသေဆုံးမှုသည် ၎င်းတို့၏ သောကရောက် လိုတမပြည့်ခြင်း၏ ရည်ရွယ်ချက်ဖြစ်ခဲ့လျှင် သူတို့သိရမည်မှာ သေခြင်းတရားသည် စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်၍ လူတိုင်းသည် အနှေးနှင့်အမြန် သေဆုံးရမည် ဖြစ်ကြောင်း ပင်တည်း။

اگر بمرد عدو جائے شاد مانی نیست ☆ کہ زند گانیٔ مانیز جاودانی نیست

"အကယ်၍ ရန်သူတစ်ဦးသေဆုံးသွားလျှင် ယင်းနှင့်ပတ်သက်၍ ပျော်ရွှင်ရန် မလိုချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ အသက်သည်လည်း ထာဝရမဟုတ်ချေ"။

သေခြင်းတရားဆိုသည်မှာအဘယ်နည်း

အလ္လာဟ်အရှင်မြတ်က မိန့်ထားသည်မှာ كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ "သက်ရှိသတ္တဝါတိုင်းသည် မရဏသေခြင်းတရား(၏ အရသာ)ကို မြည်းစမ်းကြရမည့်သူများသာ ဖြစ်ကြကုန်၏။" ဤနေရာပါ ဝိညာဉ်ဆိုသည်မှာ ကမ္ဘာပေါ်ရှိ သက်ရှိအရာများ အားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုသက်ရှိအရာများအားလုံးသည် သေခြင်းတရားနှင့် ရင်ဆိုင်ရမည်ဖြစ်သော်လည်း ယင်းထဲတွင် ကောင်းကင်တမန်များ အကျုံးမဝင်ချေ။ ကောင်းကင်စေတမန်များသည် တရားစီရင်မည့်နေ့တွင် သေဆုံး မည်လော၊ ရှင်မည်လောဟူသည်နှင့်ပတ်သက်၍ အယူအဆ ကွဲလွဲမှုတစ်ရပ် ရှိသည်။ အချို့က ပြောသည်မှာ သူတို့သည် မိုးကောင်းကင်တွင်ရှိ အရာအားလုံးဖြစ်စေ၊ ကမ္ဘာတွင်ရှိ အရာအားလုံးဖြစ်စေ သက်ရှိ အရာအားလုံး သေဆုံးရမည်။ ထိုသေဆုံးမှုမှာ တစ်ခဏပန်းမျှ ဖြစ်နိုင်သည်။ သို့ရာတွင် အခြားသူများက ဤယေဘုယျ ဥပဒေထဲ၌ ကောင်းကင် စေတမန်များနှင့် ဂျုန္နသ်အတွင်းရှိ ဟူရ်များနှင့်ဂီလ်မာန်တို့သည် အကျုံးမဝင်ပါ။ (အလ္လာဟ် အရှင်မြတ်သာလျှင် အသိတော်မူဆုံး အရှင်ဖြစ်တော်မူသည်)ဟု ပြောကြသည်။ (ရှူဟုလ်မအာနီ) ပညာရှင်အများစုက သေဆုံးခြင်းသည် သေဆုံးပျက်စီးရမည့်လူ့ခန္ဓာမှ ဝိညာဉ်ထွက်ခွာခြင်းဟု ယုံကြည်ကြသည်။ ဝိညာဉ်သည် နူးညံ့ သိမ်မွေ့၍ ကောင်းမြတ်သော သက်ရှိအရာဖြစ်ကာ ယင်းကို အလင်းရောင်ဖြင့်ပြုလုပ်ထားသည်။ နှင်းဆီပန်းတွင် ရနံ့ ရှိနေသကဲ့သို့ ယင်းဝိညာဉ်မှာလည်း လူ့ခန္ဓာကိုယ်တွင် တည်ရှိနေပါသည်။ အိဗနိအလ်ကိုင်ယ်ယင်မ်က သူ၏ကျမ်းတွင် ဤအချက်ကို ပြတ်ပြတ်သားသား သက်သေပြထားသည်။ (ရှူဟုလ်မအာနီကျမ်း)

ذَآئِقَةُ الْمَوْتِ အသုံးအနှုန်းက လူတိုင်းသည် သေခြင်းတရား၏ နာကျင်မှုကိုခံစားရမည်ဟု ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ခန္ဓာကိုယ်နှင့်ဝိညာဉ်ကို အတူပူးတွဲထားမှုကို စဉ်းစားကြည့်လျှင် ၎င်းတို့တစ်ခုစီ ကွဲသွားခြင်းသည်လည်း နာကျင်မှုရှိပေလိမ့်မည်။

သူတော်စင်အချို့က သေခြင်းတရားသည် လောကီဘဝ၏ စမ်းသပ်မှုများနှင့် ဒုက္ခခံစားရခြင်းတို့မှ ကယ်တင်ခံရခြင်းဟုယုံကြည်ကြပါသည်။ ထို့နောက် သေဆုံးခြင်းသည် သူတို့၏ အမြင့်ဆုံးသောချစ်ခြင်းဆိုလိုသည်မှာ အလ္လာဟ်

အရှင်မြတ်နှင့် သူတို့နီးကပ်စေသော နည်းလမ်းဖြစ်သည်ဟုလည်း ယုံကြည်ကြသည်။ ဤကျေနပ် နှစ်သက်မှုသည် သေဆုံးခြင်း၏ ဒုက္ခနာကျင်မှုမဖြစ်ဟု မဆိုလိုချေ။ အဘယ်ကြောင့်ဆိုသော် မြင့်မားသောဆုလာဘ်ရရှိမည် ဖြစ်သောကြောင့် အနည်းငယ်နာကျင်မှုကို လွယ်ကူစွာခံနိုင်ရည် ရှိပေသည်။

လောကီဆိုင်ရာစည်းစိမ်များနှင့် ခဲယဉ်းကြပ်တည်းမှုများသည် စမ်းသပ်မှုတစ်ရပ်ဖြစ်သည်

وَنَبْلُوكُمْ بِالشَّرِّ وَالْخَيْرِ فِتْنَةً

"စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ဆိုးသောအခြေအနေဖြင့်လည်းကောင်း၊ ကောင်းသော အခြေအနေဖြင့်လည်းကောင်း (ကောင်းစွာ) စမ်းသပ်တော်မူ၏။ (၂၁း၃၅)"

ယင်းကဆိုလိုသည်မှာ လူသားအား ကောင်းသည့်အရာများနှင့် ဆိုးသည့်အရာများနှစ်မျိုးစလုံးနှင့် စမ်းသပ်ခဲ့သည် ဟူ၍ဖြစ်သည်။ شَرّ (အဆိုး)တွင် မနှစ်မြို့ဖွယ်ကိစ္စများဖြစ်သည့် နာမကျန်းဖြစ်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ နာကျင်ခြင်း၊ ဆင်းရဲမွဲတေခြင်း စသည်များ ပါဝင်သည်။ خير (အကောင်း)တွင် နှစ်လိုဖွယ်ဖြစ်သော ကျန်းမာရေးကောင်းခြင်း၊ ပျော်ရွှင်မှု၊ စည်းစိမ်နှင့်ပေါများခြင်းများ ပါဝင်သည်။ လူသားကို ဤကမ္ဘာလောကၠ စမ်းသပ်ရန်အလို့ငှာ ရောက်ရှိစေပါသည်။ ထို့ပြင် စမ်းသပ်မှုမှာ သူသည် အတိဒုက္ခများရင်ဆိုင်ရသောအခါ သည်းခံမှု၊ ခံနိုင်စွမ်းရည် ရှိရမည်။ ၎င်းနောက် သူ့ဘဝတွင် စည်းစိမ်ချမ်းသာနှင့် အေးချမ်းမှုရှိလျှင် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်သင့်သည်။ ပညာရှိသောသူများက ပြောကြသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များအတွက် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိခြင်းထက် ခက်ခဲသောအချိန်များတွင် သည်းခံခြင်းနှင့် ခံနိုင်စွမ်းရည်ရှိရေးမှာ ပို၍ခက်ခဲပေသည်။ စိုက်ယိဒိနာအုမရ်ﷺပြောကြားသည်ကို တင်ပြထားသည်မှာ-

بُلِينَا بِالضَّرَّاءِ فَصَبَرْنَا وَبُلِينَا بِالسَّرَّاءِ فَلَمْ نَصْبِرْ (روح المعانى)

"ကျန်ပ်တို့အား ဒုက္ခဖြင့် စမ်းသပ်ခဲ့သောအခါ ကျန်ပ်တို့သည် သည်းခံခဲ့သည်။ သို့သော်လည်း ကျန်ပ်တို့ကို ပျော်ရွှင်မှုများနှင့် စမ်းသပ်သောအခါတွင်မူ ကျန်ပ်တို့သည် သည်းခံမှုကို မထိန်းနိုင်ခဲ့ကြပါ။ (ဆိုလိုသည်မှာ ကျန်ပ်တို့သည် အလ္လာဟ်အရှင်မြတ်ကို ယင်းနှင့် လျော်ညီသော ကျေးဇူးတင်မှုကို မလုပ်ဆောင်နိုင်ခဲ့ပါ။) (ရူဟုလ်မအာနီကျမ်း)

အလျင်လိုမှုသည် မလိုလားဘွယ်ဖြစ်သည်

خُلِقَ الْإِنْسَانُ مِنْ عَجَلٍ "မနုဿလူသားသည် အလျင်လိုမှုဖြင့် ဖန်ဆင်းခြင်းခံခဲ့ရလေသည် (၂၁း၃၇)" عَجَلٍ (အဂျလ်)ဆိုသည်မှာ အလျင်လိုမှု သို့မဟုတ် အမြန်လုပ်မှုကို ဆိုလိုသည်။ စကားလုံးကို တစ်စုံတစ်ဦးသည် အချိန်မကျမီ ပြီးစီးစေလိုသော ဆန္ဒရှိမှုကိုဆိုလိုသည်။ ထို့ပြင် ဤဗီဇသည် ယင်း၏သဘာဝအရ ဆိုးဝါးသည်။ အခြားတစ်နေရာတွင် လူသား၏ အားနည်းချက်ကို ဖော်ကျူးရန် ဤစကားလုံးကို သုံးနှုန်းထားသည်။ ပမာဆိုသော် وَكَانَ الْإِنْسَانُ عَجُولًا ယင်းမှာ "စင်စစ်သော်ကား လူသားတို့သည် (သဘာဝအလျောက်ပင်) အလွန်အလျင်လိုသူများ ဖြစ်ကြကုန်သတည်း။ (၁၇း၁၁)" ဟူ၍မိန့်ထား သည်။ ဆိုလိုသည်မှာ သူသည် အလွန်စိတ်မရှည်ချေ။ စိုက်ယိဒိနာမူစာﷺက သူလူများကို နောက်တွင်ချန်ထား၍ သူရဲတောင်သို့ အလျင်အမြန်သွားခဲ့ရာတွင် ၎င်းကို အလ္လာဟ်အရှင်မြတ်က ပြစ်တင်မောင်းမဲခဲ့သည်။

တမန်တော်များနှင့် ဘာသာတရား ကြည်ညိုလေးစားသူများသည် အမိန့်ပေးထားခဲ့သော ဖြောင့်မတ်မှန်ကန်သည့် လုပ်ရပ်များကို လုပ်ဆောင်ရာတွင် တစ်ဦးနှင့်တစ်ဦး သာလွန်အောင် ကြိုးစားလုပ်ဆောင်ရာ၌ အလျင်စလိုနှင့်

တက်သုတ်ရိုက် မလုပ်ကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ဤလုပ်ရပ်များကို အချိန်မကျမီ မလုပ်ဆောင်ကြပါ။ စင်စစ် ထိုသူများသည် ဤလုပ်ရပ်များကို အချိန်ကျမှသာ လုပ်ဆောင်ကြသည်။ သို့ရာတွင် သူတို့သည် တစ်ဦးနှင့်တစ်ဦး အရည်အချင်းနှင့် အရေအတွက် သာလွန်ရန် ကြိုးစားကြသည်။

ဤနေရာပါ خُلِقَ الْاِنْسَانُ مِنْ عَجَلٍ "မနုဿလူသားသည် အလျင်လိုမှုဖြင့် ဖန်ဆင်းခြင်းခံခဲ့ရသည်။ (၂၁း၃၇)"က ဆိုလိုသည်မှာ အလျင်လိုမှု မြန်ဆန်မှုတို့သည် အားနည်းမှုများစွာတွင် တစ်ခုဖြစ်၍ ယင်းသည်လူသား၏ သဘာဝမွေးရာပါဖြစ်သည်။ လူသားတစ်ဦးကို သူ၏စာရိတ္တကို မွေးရာပါဇာတိဖြင့် ဖော်ထုတ်ပြရာတွင် အာရုဗ်တို့ပြောလေ့ရှိသည်မှာ ထိုသူသည် "ထိုဗီဇဖြင့် ပြုလုပ်ထားသည်" ဟူ၍ဖြစ်သည်။ ပမာဆိုသော် စိတ်တိုတတ်သောသူတစ်ဦးကို "ဒေါသနှင့် ပြုလုပ်ထား သောသူ" ဟုခေါ်ဆိုလိမ့်မည်။

سَاُورِيْكُمْ اٰيٰتِيْ "မကြာမြင့်မီ ငါအရှင်မြတ်သည် မိမိ၏သက်သေလက္ခဏာတော်များကို အသင်တို့အား ပြသတော်မူမည် ဖြစ်ပေသည်။ (၂၁း၃၇)" ဤနေရာပါ اٰيٰت (လက္ခဏာများ)ဟူသည်က တမန်တော်မြတ်ﷺ၏ ရိုးသားမှုကိုလည်းကောင်း၊ ကိုယ်တော်၏သတင်းစကားသည် အမှန်ဖြစ်ကြောင်းကိုလည်းကောင်း သက်သေခံရန် ပြသခဲ့သောတန်ခိုးပြာဋိဟာ မုအ်ဂျီဇာဟ်များနှင့် အဖြစ်အပျက်များကို ရည်ညွှန်းသည်။ (ကုရ်သုဗီ) ဤမုဟ်ဂျီဇာဟ် အံ့ဖွယ်များ (غزوه بدر) ဗဒရ်စစ်ပွဲ တွင်း ဖြစ်ပေါ်ခဲ့သည်။ မုစ်လင်မ်များသည် ချည့်နဲ့ပြီး စက်ဆုပ်ဖွယ်ရာများအဖြစ် ယူဆခံခဲ့ကာ ၎င်းတို့သည် ရန်သူများ အပေါ်တွင် ကြီးစွာသော အောင်နိုင်ခြင်းရရှိခဲ့သည်။

တရားစီရင်မည့်နေ့တွင် လုပ်ရပ်များကို ချိန်တွယ်ခြင်းနှင့် ဤရည်ရွယ်ချက်အတွက် အသုံးပြုမည့်ချိန်ခွင်များ

وَ نَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ الْقِيٰمَةِ "စင်စစ် ငါအရှင်မြတ်သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် မျှတသောချိန်ခွင်များကို ထားရှိတော်မူမည်။ (၂၁း၄၇)" موازين ဟူသောစကားလုံးသည် ميزان ၏အများကိန်းဖြစ်ကာချိန်ခွင်ဟု ဆိုလိုသည်။ ဤအာယသ်ထဲ၌ စကားလုံးကို အများကိန်းသုံးနှုန်းထားကာ ယင်းကို အချို့ဋီကာရှင်များက ရှင်းလင်းပြောပြသည်မှာ လူသား၏လုပ်ရပ်များကို ချိန်တွယ်ရန် ချိန်ခွင်များစွာကို အသုံးပြုကြလိမ့်မည်။ ကွဲပြားခြားနားသောချိန်ခွင်များသည် မတူကွဲပြားခြားနားသောပုဂ္ဂိုလ်များအတွက် သုံးစွဲပါလိမ့်မည်။ သို့တည်းမဟုတ် မတူညီကွဲပြားသောလုပ်ရပ်များအတွက် ကွဲပြား ခြားနားသော ချိန်ခွင်များ သုံးစွဲပါလိမ့်မည်။ သို့ရာတွင် ပညာရှင်အများစုက လုပ်ရပ်များအားလုံးကို ချိန်တွယ်ရန် ချိန်ခွင်တစ်ခုတည်းသာ ရှိလိမ့်မည်ဟု သဘောညီညွတ်ကြသည်။ ထို့ပြင် စကားလုံးကို အများကိန်းသုံးနှုန်းထားသောကြောင့် အစောဆုံးအချိန်မှ ကိယာမသ်နေ့တိုင်ရှိသော စိုက်ယိဒိနာ အာဒမ်ﷺ၏သား၊ သမီးအားလုံး၏လုပ်ရပ်များကို များစွာသောချိန်တွယ်ခြင်းနှင့် တိုင်းတာခြင်းများ ကိစ္စအတွက်အသုံးပြုပါလိမ့်မည်။ ယင်းတို့၏ အရေအတွက်ကို အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် သိတော်မူပါလိမ့်မည်။ قسط (ကိစ်သွ်)ဆိုသည်မှာ တရားမျှတမှုနှင့်သမာသမတ်ကျခြင်းကိုဆိုလိုသည်။ ထို့ကြောင့် အာယသ်တော်ကဆိုလိုသည်မှာ ချိန်တွယ်ရာတွင် ချိန်ခွင်ဖြင့် သမာသမတ်နှင့်တရားမျှတစွာ ချိန်တွယ်ပါလိမ့်မည်။ မည်သူ့ကိုမျှ မတရားလုပ်မည်မဟုတ်။ ဟာကင်မ်၏ မုစ်သဒါတ်က်ကျမ်းတွင် စိုက်ယိဒိနာ စလ်မန်ﷺတစ်ဆင့် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်တင်ပြထားသည်မှာ တရားစီရင်မည့်နေ့တွင် လုပ်ရပ်များကိုချိန်တွယ်ရန် အသုံးပြုမည့်ချိန်ခွင်သည် အရွယ်အစားနှင့်အကျယ်အဝန်း ဘယ်လောက်ကြီးသလဲဟူမူ ယင်းကိုတိုင်းရာတွင် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်ပါ ဝင်ဆန့်ပေသည်။ (မဇ်ဟိရီ)

ဟာဖိဇ် အဗုလ်ကာစင်မ် လာလ်ခိုက်က သူ၏ဆုနာမ်(سنن)ကျမ်းတွင် စိုက်ယိဒိနာအနားစ်ﷺမှတစ်ဆင့် ဆင့်ပြန်ချက်တစ်ရပ်တွင် တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်မှာ ချိန်ခွင်တစ်ခုစီတွင် ကောင်းကင်တမန်တစ်ပါးအား

တာဝန်ချထား၍ လူတိုင်းကို ယင်းဆီသို့ ခေါ်ဆောင်သွားပါလိမ့်မည်။ သူ့ကောင်းမှုလုပ်ရပ်သည် ပြစ်မှုဂုနာဟ်ထက် အချိန်စီးလျှင် ကောင်းကင်စေတမန်က လူတကာကြားနိုင်စေရန် ကြေညာရာတွင် မည်သူမည်ဝါသည် သူ၏စစ်ဆေးမှုကို အောင်မြင်သွားခဲ့၍ သူသည်ယခုအခါ မည်သည့်အရာ၏ ကင်းမဲ့ခြင်းမှရှိတော့မည်မဟုတ်ပါ။ ထို့ပြင် အကယ်၍ လူတစ်ဦးသည်သူ၏ ကောင်းမှုထက်ပြစ်မှုဂုနာဟ်က အချိန်စီးခဲ့လျှင် ကောင်းကင်စေတမန်က ဤစက်ဆုပ်ရွံရှာဖွယ် မည်သူမည်ဝါသည် အစစ်ဆေးခံရာတွင်ကျရှုံးခဲ့၍ ထာဝရခိုကိုးရာမဲ့ဖြစ်ပေမည်ဟု ကြေညာလိမ့်မည်။ ဟာဖိဇ်က စိုက်ယိဒိနာဟုဇိုင်ဖာဟ်ﷺ၏ ခိုင်လုံမှုအရ တင်ပြထားသေးသည်မှာ တရားစီရင်မည့်နေ့တွင် ချိန်ခွင်တွင် တာဝန်ချထားပေးခံရသူသည် စိုက်ယိဒိနာဂျိဗ်ရာအီလ် ﷺမှအပ မည်သူမျှမဖြစ်ပေ။

စိုက်ယိဒါဟ် အာအီရှာဟ်ﷺသခင်မကြီးမှ တစ်ဆင့် ဟာကင်မ်၊ ဝိုင်ဟကီနှင့်အာဂျူရီကျမ်းတို့တွင် ဆင့်ပြန်ထားခဲ့သည်မှာ တမန်တော်မြတ်ﷺထံ သူမက တရားစီရင်မည့်နေ့တွင် တမန်တော်မြတ်ﷺသည် မိသားစုဝင်များကို မှတ်မိနိုင်ပါ၏လောဟု စုံစမ်းမေးမြန်းခဲ့သည်။ ယင်းကို တမန်တော်မြတ်ﷺက တုံ့ပြန်ဖြေကြားခဲ့သည်မှာ ထိုတရားစီရင်မည့်နေ့တွင် မည်သူတစ်ဦးကမှ မည်သူ့ကိုမှ မမှတ်မိသောအချိန်အခါ သုံးရပ်ရှိပေသည်။ ပထမဦးစွာ သူတို့လုပ်ရပ်များကိုချိန်တွယ်ရန် လူအများကို ချိန်ခွင်ရှေ့ခေါ်လာသောအခါဖြစ်သည်။ တစ်စုံတစ်ဦး၏ ကောင်းမှုများသည် ပြစ်မှုဂုနာဟ်ထက် အချိန်စီးခြင်း၊ မစီးခြင်းကို မကြေညာမချင်း လူတိုင်းသည် တစ်ယောက်ကိုတစ်ယောက် မေ့လျော့နေကြပေလိမ့်မည်။ ဒုတိယအနေဖြင့် လုပ်ရပ်များ၏ မှတ်တမ်းများကို ယာဘက် လက်ထဲထည့်လျှင်သော်လည်းကောင်း (ယင်းသည် ကယ်တင်ခံရခြင်းအမှတ်လက္ခဏာဖြစ်သည်။) မှတ်တမ်းများကို လက်ဝဲလက်ထဲထည့်လျှင်သော်လည်းကောင်း၊ နောက်တွင်ထားလျှင်သော်လည်းကောင်း (ယင်းသည် ပြစ်ဒဏ်ခတ်ခံရခြင်းအမှတ်လက္ခဏာဖြစ်သည်) ဖြစ်ကာ ယင်းသည် အလ္လာဟ်အရှင် အမျက်တော်ရှုခံရခြင်းဖြစ်သည်။ တတိယအနေဖြင့် စွီရတ် صَرَاط တံတားပေါ် ဖြတ်လျှောက်ချိန်ဖြစ်သည်။ ဆိုလိုသည်မှာ ဤတံတားကို မဖြတ်ကျော်သေးသမျှ မည်သူသည် မည်သူ့ကိုမျှ မမှတ်မိနိုင်ပါ။ (မဇ်ဟိရီ)

وَإِنْ كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ أَتَيْنَا بِهَا "စင်စစ် အကယ်၍ (တစ်ဦးတစ်ယောက်၌) မုန်ညင်းတစ်စေ့မျှ အလေးချိန်ရှိသော (ကောင်းမှုပင်)ရှိသော်ငြားလည်း ငါအရှင်မြတ်သည် ယင်းမုန်ညင်းစေ့တစ်စေ့ကိုလည်း (ရှေ့တော်မှောက်သို့) ယူလာတော်မူမည်သာ ဖြစ်သည်။ (၂၁း၄၇)" ယင်းကဆိုလိုသည်မှာ စာရင်းစစ်ဆေးမည့်နေ့တွင် လူတိုင်း၏ လုပ်ရပ်များ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အားလုံးတင်ပြလိမ့် မည်။ သို့မှသာ စစ်ဆေးခြင်း ချိန်တွယ်ခြင်းများ ပြုလုပ်နိုင်လိမ့်မည်။

လုပ်ရပ်များ၏ ချိန်တွယ်ပုံနည်းလမ်း

ဖြစ်နိုင်ချေတစ်ခုမှာ ထင်ရှားကျော်ကြား၍ အများတကာသိကြသော ဟဒီးစ်တော်က ရည်ညွှန်းထားသည် حَدِيْثُ الْبِطَاقَةِ (ဟဒီးစ်အလ်ဗိသွာကတ်)အတိုင်း လူတစ်ဦး၏လုပ်ရပ်များကို ကောင်းကင်စေတမန်များ မှတ်တမ်းတင်ထားသည့်အတိုင်း စစ်ဆေးချိန်တွယ်မည်ဖြစ်သည်။**

နောက်ထပ်ဖြစ်နိုင်ချေတစ်ခုမှာ လူတစ်ဦး၏ကောင်းမှုလုပ်ရပ်များကို ရုပ်ဝတ္ထုတစ်ခုသဏ္ဌာန် ပြောင်းလဲပစ်ကာ ချိန်တွယ်ပါလိမ့်မည်။ အများအားဖြင့် ဆင့်ပြန်ချက်များသည် ဒုတိယအယူအဆကို ထောက်ခံကြသည်။ ထို့ပြင်

** (စာရေးသူက ဤနေရာတွင် ရှည်လျားသော ဟဒီးစ်တစ်ပုဒ်ကို ရည်ညွှန်းထားသည်။ ယင်းဟဒီးစ်တွင် ဖော်ပြထားသည်မှာ လူတစ်ဦး၏လုပ်ရပ်များ စစ်ဆေးနေချိန်တွင် ချိန်ခွင်တစ်ဖက်၌ ကလီမာဟ် لَا إِلٰهَ إِلَّا اللّٰهُ ရေးသားထားသည့်ကဒ်တစ်ခုထည့်လိုက်မည်။ ဤကဒ်ပြားသည် တစ်ဖက်တွင်ရှိသော အပြစ်ဂုနာဟ်တပုံတခေါင်းထက်ပို၍ အလေးစီးပေလိမ့်မည်။(မုဟမ္မဒ်သကီး အွတ်စ်မာနီ)

ပညာရှင်အများစုကလည်း ဤအမြင်ကို လက်ခံကျင့်သုံးသည်။

وَ وَجَدُوْا مَا عَمِلُوْا حَاضِرًا "ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့ကျင့်မူခဲ့သမျှကိုလည်း (မိမိတို့) ရှေ့ဝယ် အသင့်ရောက်ရှိနေသည်ကို တွေ့ရှိကြရပေမည်။(၁၈း၄၉)"ဟူသောအာယသ်နှင့် ကုရ်အာန်ကျမ်းတော်မြတ်ပါ အလားတူ အာယသ်များနှင့် ဆင့်ပြန်ချက်များစွာက ဤဒုတိယ အယူအဆကို အခိုင်အမာဖြစ်စေပါသည်။ (အတည်ပြုပါသည်။)

လုပ်ရပ်များ၏ စာရင်းစစ်ဆေးမှု

စိုက်ယိဒိနာ အာအီရှာဟ်ﷺ သခင်မမှ တစ်ဆင့် သိရ်မိဇီကျမ်းတွင် တင်ပြထားသည်မှာ လူတစ်ဦးသည် တမန်တော်မြတ်ﷺထံ လာရောက်၍ပြောသည်မှာ သူကိုလူလိမ်ဟုခေါ်သည့် ကျွန်နှစ်ဦး သူ့တွင်ရှိပါသည်။ ထိုကျွန်တို့က ၎င်းတို့၏လုပ်ဆောင်မှုတွင် မရိုးသား၊ သူ့အမိန့် မနာခံကြချေ။ လက်စားချေသည့်အနေဖြင့် ထိုသူများကို ကြိမ်းမောင်းကာ ရိုက်နှက်ခဲ့ပါသည်။ သို့ဆိုလျှင် သူ့ကျေးကျွန်များကို ရိုက်နှက်မှုသည် သူတို့မကောင်းမှုလုပ်ရပ်အတွက် ဖြစ်သည်ဟုဆိုလျှင် မည်သို့ဆုံးဖြတ်မည်နည်း။ တမန်တော်မြတ်ﷺက မိန့်သည်မှာ သူတို့၏ မကောင်းမှုလုပ်ရပ်နှင့် ၎င်းတို့ခံစားခဲ့ကြရသောပြစ်ဒဏ်ခတ်ခဲ့မှုသည် အညီအမျှဖြစ်နေလျှင်ကိစ္စမရှိချေ။ သို့ရာတွင် သူတို့ပြစ်မှုသည် ပြစ်ဒဏ်ခတ်မှုထက်ကျော်လွန်ခဲ့လျှင် ယင်းသည် သူတို့ကို မျက်နှာသာပေးခြင်းဟု မှတ်ယူရလိမ့်မည်။ သို့ရာတွင် တစ်ဖက်၌ အကယ်၍ပေးခဲ့သောပြစ်ဒဏ်ခတ်မှုသည် မကောင်းမှုလုပ်ရပ်ထက်ကျော်လွန်နေခဲ့လျှင် ထိုသူသည် ပြစ်ဒဏ်ပေးမှုနှင့် ပတ်သက်၍ တာဝန်ရှိကာ လက်စားချေရာတွင် လွန်ကဲမှုအတွက် ပြန်လည် အစားပေးရမည်။ ထို့နောက် ထိုသူသည် ထ၍ ထောင့်တစ်ထောင့်သွားကာ ထိုင်၍ငိုကြွေးနေခဲ့သည်။ တမန်တော်မြတ်ﷺက ထိုသူကို وَ نَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ الْقِيٰمَةِ "စင်စစ် ငါအရှင်မြတ်သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် မျှတသော ချိန်ခွင်များကို ထားရှိတော်မူမည်။(၂၁း၄၇)" ဟူသောအာယသ်တော်ကို ဖတ်ဖူးပါသလောဟု မေးမြန်းခဲ့သည်။ ထို့နောက် ထိုလူက ပြောသည်မှာ သူ့ ကျေးကျွန်များကို လွတ်လပ်ခွင့်ပေးရုံမှအပ သူ့တွင် ရွေးချယ်စရာ မရှိတော့ပါ။ သို့မှသာလျှင် သူသည် စစ်ဆေးမေးမြန်းခံရခြင်းမှ လွတ်ကင်းပါလိမ့်မည်။ (ကုရ်သုဗီ)

အာယသ် (၄၈-၅၀)

وَلَقَدْ اٰتَيْنَا مُوْسٰى وَهٰرُوْنَ الْفُرْقَانَ وَضِيَآءً وَّ ذِكْرًا لِّلْمُتَّقِيْنَ ﴿۴۸﴾ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ وَهُمْ مِّنَ السَّاعَةِ مُشْفِقُوْنَ ﴿۴۹﴾ وَهٰذَا ذِكْرٌ مُّبٰرَكٌ اَنْزَلْنٰهُ ؕ اَفَاَنْتُمْ لَهٗ مُنْكِرُوْنَ ﴿۵۰﴾

ဇကန်စင်စစ် ငါအရှင်မြတ်သည် မူစာနှင့်ဟာရွန်အား အမှားနှင့်အမှန်ကို ကွဲပြားခြားနားစေသော အလင်းရောင်တစ်ခုဖြစ်သော ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော မွတ္တကီသူတော်စင်တို့အဖို့ ဆုံးမစာတစ်စောင်ဖြစ်သော (တောင်ရာတ်)ကျမ်းကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။[၄၈] အကြင်သူ(တော်)တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်ကို မမြင်ကြပါဘဲလျက် ကြောက်ရွံ့ ရိုသေကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ကိယာမတ် ရှင်ပြန်ထမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်သူ များလည်း ဖြစ်ကြကုန်သည်။[၄၉] စင်စစ် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည်ကား ကျက်သရေ

မင်္ဂလာနှင့်ပြည့်စုံသော ဆုံးမစာတစ်စောင် ဖြစ်ပေသည်။ ငါအရှင်မြတ်သည် ယင်း ဆုံးမစာကို ချပေးသနားတော်မူခဲ့လေသည်။ သို့ပါလျက် အသင်တို့သည် ယင်းဆုံးမစာကို ငြင်းပယ်သူများပင် ဖြစ်ကြပေသလော။[၅၀]

အကျယ်ဖွင့်ဆိုခြင်း

اَلْفُرْقَانَ وَ ضِيَآءً وَّ ذِكْرًا لِّلْمُتَّقِيْنَ"အမှားအမှန်ကို ကွဲပြားခြားနားစေသော အလင်းရောင်တစ်ခုဖြစ်သော ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင် ကြကုန်သော မုသိသကီသူတော်စင်တို့အဖို့ (၂၁း၄၈)" သောင်ရတ်ကျမ်းပိုင်ဆိုင်သည့် အရည်အသွေး ဂုဏ်ထူးသုံးရပ်မှာ فرقان (ဝေဖန်ရန်စံ) ယင်းသည် အမှားနှင့်အမှန် ခွဲခြားပေသည်။ ဒုတိယမှာ ضياء (အလင်းရောင်)ဖြစ်ကာ ယင်းက နလုံးသားကို အမှန်တရား၏ ပေါ်လွင်ထင်ရှားမှုနှင့် အလင်းရောင်ကို ရစေရန် အထောက်အကူပြုသည်။ တတိယမှာ ذِكر (ဆုံးမခြင်း)ဖြစ်ကာ ယင်းသည် လူအများ လမ်းညွှန်မှုရစေရန် အရင်းအမြစ် တစ်ရပ်ဖြစ်သည်။ အချို့သူများက ဖုရ်ကာန် فرقان ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီအဖြစ် ရှင်းလင်းထားကြသည်။ စိုက်ယိဒိနာမူစာ ﷺသည် ယင်းအကူအညီကို တစ်ချိန်လုံး ရရှိခဲ့သည်။ ထိုအကူအညီကို ထင်ရှားစေသည်မှာ စိုက်ယိဒိနာမူစာ ﷺ ဖိရ်အောင်နှအိမ်တွင် ကြီးပြင်းလာရခြင်း၊ အဂျစ်ပစ္စလက်ဆရာများနှင့် ယှဉ်ပြိုင်မှုတွင် ဖိရ်အောင်နှ ရှုံးနိမ့်စေခြင်း၊ ဖိရ်အောင်နှနှင့် သူ့စစ်တပ်က နောက်မှလိုက်လာသောအခါ အလ္လာဟ် အရှင်မြတ်က မြစ်ထဲတွင် ခြောက်သွေ့သော လူသွားလမ်းများ ပေါ်ပေါက်စေကာ သူ့ကိုကယ်တင်ခဲ့ခြင်း၊ ထို့နောက် ဗနီအစ္စရာအီလ်များ တစ်ဖက်ကမ်းသို့ ချောမောစွာ ဖြတ်ခဲ့ပြီးနောက် ဖိရ်အောင်နှနှင့် သူ့စစ်တပ်ကို ရေတွင်နစ်မြုပ်စေ ခဲ့ခြင်း တို့ဖြစ်သည်။ ဤအဖြစ်အပျက်များ ပြီးသည့်နောက်တွင်ပင် အလ္လာဟ်အရှင်အကူအညီကို တစ်ချိန်လုံးရနေ ခဲ့သည်။ ကုရ်သုဗီက ထောက်ပြသည်မှာ ضياء (အလင်းရောင်)နှင့် ذِكر (ဆုံးမခြင်း)တို့သည် သောင်ရတ်ကျမ်း၏ ဂုဏ်ထူး အရည်အသွေးများ ဖြစ်သော်လည်း ဖုရ်ကန် فرقان (စံ)သည် သောင်ရသ်ကျမ်း၏ အရည်အသွေး မဟုတ် ချေ။ အဘယ်ကြောင့်ဆိုသော် فرقان ဟူသော စကားလုံးနောက်၌ စကားဆက်ဖြစ်သော ဝေါင်ဝ و ဟူသော စကားလုံး သုံးနှုန်းထားသောကြောင့်ဖြစ်သည်။ (အလ္လာဟ်အရှင်သာလျှင် သိတော်မူဆုံးဖြစ်သည်။)

အာယသ် (၅၁-၇၃)

وَلَقَدْ اٰتَيْنَآ اِبْرٰهِيْمَ رُشْدَهٗ مِنْ قَبْلُ وَكُنَّا بِهٖ عٰلِمِيْنَ ﴿۵۱﴾ اِذْ قَالَ لِاَبِيْهِ
وَقَوْمِهٖ مَا هٰذِهِ التَّمَاثِيْلُ الَّتِيْٓ اَنْتُمْ لَهَا عٰكِفُوْنَ ﴿۵۲﴾ قَالُوْا وَجَدْنَآ اٰبَآءَنَا
لَهَا عٰبِدِيْنَ ﴿۵۳﴾ قَالَ لَقَدْ كُنْتُمْ اَنْتُمْ وَاٰبَآؤُكُمْ فِيْ ضَلٰلٍ مُّبِيْنٍ ﴿۵۴﴾ قَالُوْٓا
اَجِئْتَنَا بِالْحَقِّ اَمْ اَنْتَ مِنَ اللّٰعِبِيْنَ ﴿۵۵﴾ قَالَ بَلْ رَّبُّكُمْ رَبُّ السَّمٰوٰتِ
وَالْاَرْضِ الَّذِيْ فَطَرَهُنَّ ۖ وَاَنَا عَلٰى ذٰلِكُمْ مِّنَ الشّٰهِدِيْنَ ﴿۵۶﴾ وَتَاللّٰهِ
لَاَكِيْدَنَّ اَصْنَامَكُمْ بَعْدَ اَنْ تُوَلُّوْا مُدْبِرِيْنَ ﴿۵۷﴾ فَجَعَلَهُمْ جُذٰذًا اِلَّا
كَبِيْرًا لَّهُمْ لَعَلَّهُمْ اِلَيْهِ يَرْجِعُوْنَ ﴿۵۸﴾ قَالُوْا مَنْ فَعَلَ هٰذَا بِاٰلِهَتِنَآ

اِنَّهٗ لَمِنَ الظّٰلِمِيْنَ ﴿٥٩﴾ قَالُوْا سَمِعْنَا فَتًى يَّذْكُرُهُمْ يُقَالُ لَهٗۤ اِبْرٰهِيْمُ ﴿٦٠﴾
قَالُوْا فَاْتُوْا بِهٖ عَلٰۤى اَعْيُنِ النَّاسِ لَعَلَّهُمْ يَشْهَدُوْنَ ﴿٦١﴾ قَالُوْۤا ءَاَنْتَ
فَعَلْتَ هٰذَا بِاٰلِهَتِنَا يٰۤاِبْرٰهِيْمُ ﴿٦٢﴾ قَالَ بَلْ فَعَلَهٗ ۖ كَبِيْرُهُمْ هٰذَا فَسْـَٔلُوْهُمْ
اِنْ كَانُوْا يَنْطِقُوْنَ ﴿٦٣﴾ فَرَجَعُوْۤا اِلٰۤى اَنْفُسِهِمْ فَقَالُوْۤا اِنَّكُمْ اَنْتُمُ الظّٰلِمُوْنَ
﴿٦٤﴾ ثُمَّ نُكِسُوْا عَلٰى رُءُوْسِهِمْ ۚ لَقَدْ عَلِمْتَ مَا هٰۤؤُلَآءِ يَنْطِقُوْنَ ﴿٦٥﴾ قَالَ
اَفَتَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُكُمْ شَيْـًٔا وَّ لَا يَضُرُّكُمْ ﴿٦٦﴾ اُفٍّ
لَّكُمْ وَ لِمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ ؕ اَفَلَا تَعْقِلُوْنَ ﴿٦٧﴾ قَالُوْا حَرِّقُوْهُ
وَ انْصُرُوْۤا اٰلِهَتَكُمْ اِنْ كُنْتُمْ فٰعِلِيْنَ ﴿٦٨﴾ قُلْنَا يٰنَارُ كُوْنِيْ بَرْدًا وَّ سَلٰمًا
عَلٰۤى اِبْرٰهِيْمَ ﴿٦٩﴾ وَ اَرَادُوْا بِهٖ كَيْدًا فَجَعَلْنٰهُمُ الْاَخْسَرِيْنَ ﴿٧٠﴾ وَ نَجَّيْنٰهُ وَ
لُوْطًا اِلَى الْاَرْضِ الَّتِيْ بٰرَكْنَا فِيْهَا لِلْعٰلَمِيْنَ ﴿٧١﴾ وَ وَهَبْنَا لَهٗۤ اِسْحٰقَ ؕ
وَ يَعْقُوْبَ نَافِلَةً ؕ وَ كُلًّا جَعَلْنَا صٰلِحِيْنَ ﴿٧٢﴾ وَ جَعَلْنٰهُمْ اَئِمَّةً يَّهْدُوْنَ
بِاَمْرِنَا وَ اَوْحَيْنَاۤ اِلَيْهِمْ فِعْلَ الْخَيْرٰتِ وَ اِقَامَ الصَّلٰوةِ وَ اِيْتَآءَ الزَّكٰوةِ ۚ وَ
كَانُوْا لَنَا عٰبِدِيْنَ ﴿٧٣﴾

ထိုင်းပြင် ဇကန်မလွဲ ငါအရှင်မြတ်သည် (တမန်တော်) အီဗ်ရာဟီမ်အား ရှေးဦးမဆွ
ကပင် ထိုင်း၏ဆင်ခြင်တုံတရားကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ စင်စစ် ငါအရှင်မြတ်သည်
ထိုအီဗ်ရာဟီမ်အား ကောင်းစွာ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[၅၁]
အကြင်အခါဝယ် ထိုအီဗ်ရာဟီမ်သည် မိမိဖခင်အားလည်းကောင်း၊ မိမိအမျိုးသားတို့အား
လည်းကောင်း (အရှင်းတို့၊) အသင်တို့ ဝွဲလမ်းကိုးကွယ်လျက် ရှိကြကုန်သော ဤရုပ်တု
များကား အဘယ်သို့သော အရာများနည်းဟု ပြောဆို(ဖေးမြန်း)ခဲ့လေသည်။[၅၂]ထို
အမျိုးသားတို့က ကျွန်ုပ်တို့သည် မိမိတို့၏အဘ၊ ဘိုးဘေးတို့အား ဤရုပ်တုများကို ကိုး
ကွယ်သူများအဖြစ် တွေ့ရှိခဲ့ကြသည်ဟု ပြောဆို (ဖြေကြား) ခဲ့ကြလေသည်။[၅၃]ထို
အီဗ်ရာဟီမ်က အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်
လည်းကောင်း ထင်ရှားစွာသော မှောက်မှားမှုဌာပင် ရှိခဲ့ကြကုန်သည်ဟု ပြောကြားခဲ့၏။
[၅၄] ထိုင်းတို့က (အို-အီဗ်ရာဟီမ်) အသင်သည် ကျွန်ုပ်တို့ထံ အမှန်ကို ယူဆောင်လာခဲ့
လေသလော၊ သို့တည်းမဟုတ် အသင်သည် ပြက်ချော် ပြောင်လှောင်သူတစ်ဦးပင် ဖြစ်
လေသလောဟု ပြောဆိုခဲ့ကြကုန်၏။[၅၅] ထိုအီဗ်ရာဟီမ်က ထိုသို့ အလျှင်းမဟုတ်၊

စင်စစ် အသင်တို့၏ အရှင်သခင်သည်ကား မိုးကောင်းကင်များနှင့်ပထဝီမြေကို ဖိုးပိုင်တော်မူသော အကြင်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ငါသည် ဤသည်နှင့် စပ်လျဉ်း၍ သက်သေများတွင် တစ်ဦးအပါအဝင်ဖြစ်သည်ဟု ပြောဆို(ဖြေကြား)ခဲ့လေသည်။[၅၆] ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏ကစမ်၊ ငါသည် အသင်တို့၏ (ကိုးကွယ်ရာဖြစ်သော) ရုပ်ပွားဆင်းတုများနှင့်စပ်လျဉ်း၍ အသင်တို့ ပြန်သွားကြပြီးနောက် လျှို့ဝှက်ကြံစည်မည် ဖြစ်သည်။[၅၇]

ထို့နောက် ထိုအီဗ်ရာဟီမ်သည် ယင်းရုပ်ပွား ဆင်းတုတော်များကို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်ခဲ့လေသည်။ သို့ရာတွင် ယင်းတို့အနက် အကြီးဆုံးကိုမူကား ချန်၍ထားခဲ့လေ၏။ သို့မှသာလျှင် ၎င်းတို့သည် ထိုတမန်တော် အီဗ်ရာဟီမ်ထံသို့ (စုံစမ်းရန်) ပြန်လာကြပေမည်။[၅၈] ယင်းအမျိုးသားတို့က ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မည်သူသည် ဤသို့ပြုလုပ်ခဲ့ပါဘိသနည်း။ ဇကန်မလွဲ ထိုသူသည် ကျူးကျော်စော်ကားသူ တစ်ဦးပင်ဖြစ်သည်ဟု ပြောဆိုခဲ့ကြကုန်၏။[၅၉] ယင်းအမျိုးသား တို့ (အနက် အချို့)က ကျွန်ုပ်တို့သည် အီဗ်ရာဟီမ်ဟုခေါ်တွင်သော လူငယ်တစ်ဦးအား ဤ(ကျွန်ုပ်တို့၏ကိုးကွယ်ရာ)တို့ကို (ပြစ်တင်) ပြောဆိုသည်ကို ကြားဖူးခဲ့ကြသည်ဟု ပြောကြကုန်၏။[၆၀] (ထိုအခါ) ယင်းအမျိုးသားတို့က သို့ဖြစ်လျှင် အသင်တို့သည် အီဗ်ရာဟီမ်အား လူအပေါင်းတို့၏ မျက်မှောက်သို့ ၎င်းတို့(အားလုံး အီဗ်ရာဟီမ်)အား မြင်နိုင်ကြအံ့သောငှာ ခေါ်ဆောင်ခဲ့ကြလေကုန်ဟု ပြောဆိုကြလေ၏။[၆၁] (အီဗ်ရာဟီမ်သည် ၎င်းတို့ ရှေ့မှောက်သို့ ရောက်သောအခါ) ၎င်းတို့က အို-အီဗ်ရာဟီမ် အသင်သည်ပင်လျှင် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို ဤသို့ ပြုလုပ်ခဲ့လေသလောဟု ပြောဆို(မေးမြန်း)ခဲ့ကြကုန်၏။[၆၂] ထို(အခါ) အီဗ်ရာဟီမ်က (ဤသို့) ပြောဆို (ဖြေကြား)ခဲ့၏။ အချင်းတို့၊ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့၏ အကြီးအကဲဖြစ်သော ဤ(ရုပ်ပွား ဆင်းတုကြီး)ကသာလျှင် ဤသို့ပြုလုပ်(ဟန် လက္ခဏာရှိ)သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုရုပ်တုများကိုပင် အကယ်၍ ၎င်းတို့သည် စကားပြောဆိုနိုင်ကြပါလျှင် (မေးမြန်း၍ကြည့်)ကြလေကုန်။[၆၃] ထိုအခါ ယင်းအမျိုးသားတို့သည် မိမိတို့၏စိတ်ထဲတွင် တွေးတောစဉ်းစားခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် (မိမိတို့အချင်းချင်း) "အသင်တို့သည်သာလျှင် အမှားကို ကျူးလွန်သူများဖြစ်ကြသည်" ဟု (ထုတ်ဖော်) ပြောဆိုခဲ့ကြကုန်၏။[၆၄] ထိုနောက် ၎င်းတို့သည် မိမိတို့၏ ဦးခေါင်းများကို အောက်သို့စိုက်လျက် (အို-အီဗ်ရာဟီမ်) ဤရုပ်ပွားဆင်းတုများ (အလျှင်း) စကားပြောဆိုနိုင်ကြသည် မဟုတ်ကြောင်းကို အသင်သည်အသိပင်ဖြစ်သည်ဟု ပြောဆိုခဲ့ကြကုန်၏။[၆၅]

ထို(အခါ) အီဗ်ရာဟီမ်က သို့ပါလျက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် အကြင်အရာကို ခဝပ်ကိုးကွယ်ကြလေသလော။ ထိုအရာသည် အသင်တို့အား လုံးဝ အကျိုးဖြစ်ထွန်းစေ နိုင်သည်လည်း မဟုတ်ပေ။ အသင်တို့အား အကျိုးယုတ်စေနိုင်သည်

လည်း မဟုတ်ပေ။ [၆၆] ထွေ် အသင်တို့သည် ၎င်းအလ္လာဟ်အရှင်မြတ်အပြင် အသင်တို့ကိုးကွယ်ကြသော အရာများသည်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်းလှ ပေသည်။ အသင်တို့သည် မသိနားမလည်ကြလေသလော။[၆၇] ယင်းအမျိုးသားတို့က (အချင်းတို့၊) အကယ်၍ အသင်တို့သည် (တစ်စုံတစ်ရာကို) ပြုလုပ်မည့် သူများပင် ဖြစ်ကြပါမူ ထိုအီဗ်ရာဟီမ်အား မီးတင်ရှို့လျက် မိမိတို့၏ ကိုးကွယ်ရာ ဘုရားများကိုဝိုင်း မကူညီကြလေကုန်ဟု ပြောဆိုကြကုန်၏။[၆၈]

(ထိုအခါ) ငါအရှင်မြတ်က "အိုး-မီး၊ သင်သည် အီဗ်ရာဟီမ်အပေါ်၌ အေးမြစွာလည်းကောင်း၊ သာယာစွာ လည်းကောင်းရှိလော့"ဟု မိန့်ကြားတော်မူခဲ့၏။ [၆၉] စင်စစ်သော်ကား ၎င်းတို့သည် ထိုအီဗ်ရာဟီမ် နှင့်ပတ်သက်၍ မကောင်းသော အကြံအစည်ကို ကြံရွယ်ခဲ့ကြကုန်၏။ သို့ရာတွင် ငါအရှင်မြတ်သည် ၎င်းတို့အား အကြံ မအောင်သော သူများပင် ဖြစ်စေတော်မူခဲ့၏။[၇၀] ထို့အပြင် ငါအရှင်မြတ်သည် ထို အီဗ်ရာဟီမ်အား လည်းကောင်း၊ လူတွင်အားလည်းကောင်း အကြင်နယ်မြေသို့ (စေလွှတ်တော်မူခြင်း အားဖြင့်) ကယ်တင်တော်မူခဲ့၏။ ငါအရှင်မြတ်သည် ယင်းနယ်မြေ၌ ကမ္ဘာသူ ကမ္ဘာသား တို့အဖို့ ကျက်သရေမင်္ဂလာ၊ သုခချမ်းသာများ ရှိစေတော်မူခဲ့၏။[၇၁] ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်အား အစွယာက်ကို(သားတော်အဖြစ်) လည်းကောင်း၊ ယအ်ကူဗ်ကို မြေးတော်အဖြစ်လည်းကောင်း ချီးမြှင့် ပေးသနားတော် မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် (၎င်းတို့အနက်) အသီးသီးအား သူတော်စင်များပင် ဖြစ်စေတော်မူခဲ့၏။[၇၂] ထိုနည်းတူစွာ ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ်၏ အမိန့်တော်နှင့် (ဝေနေယျသတ္တဝါများအား) တရားလမ်းမှန်ကို ညွှန်ပြကြလေသော ရှေ့ဆောင်ရှေ့ရပ်များအဖြစ်သို့ ချီးမြှင့်တော်မူခဲ့၏။ တစ်ဖန် ငါအရှင်မြတ်သည် ထိုသူတို့ထံ ကောင်းမြတ်သောအကျင့်အမူများကို ကျင့်မူဆောက်တည်ကြရန်လည်းကောင်း၊ ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ရန်လည်းကောင်း၊ ဇကာတ် ပေးဆောင်ရန် လည်းကောင်း "ဝဟ်ယ်" အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။ စင်စစ် ၎င်းတို့သည် ငါအရှင်မြတ်အား ခဝပ်ကိုးကွယ်သူများပင် ဖြစ်ခဲ့ကြကုန်သတည်း။[၇၃]

အကျယ်ဖွင့်ဆိုခြင်း

"وَتَاللَّهِ لَأَكِيدَنَّ أَصْنَامَكُمْ ၎င်းပြောင် အလ္လာဟ်အရှင်မြတ်၏ကစမ် ငါသည်အသင်တို့၏ (ကိုးကွယ်ရာဖြစ်သော) ရုပ်ပွားဆင်းတုများနှင့် စပ်လျဉ်း၍(၂၁း၅၇)" အာယသ်တော်၏ စာသားများ အထားအသိုအရ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် သူ အမွှသ်ထုရှေ့တွင် ပြောခဲ့သည်ဟု ရည်ညွှန်းသည်။ သို့ရာတွင် ဤရှင်းလင်းချက်က တစ်စုံတစ်ဦးကို စိတ်ထဲတွင် ဒွိဟသံသယ အနည်းငယ်ဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် "အီဒ်"ပွဲတော်သို့ သူမတက်ရောက်နိုင်ကြောင်း နာမကျန်းမှုအကြောင်းပြကာ (إِنِّي سَقِيمٌ) ငါသည် နာမကျန်းဖြစ်နေသည်။ ၃၇း၈၉) ခွင့်တောင်းခဲ့သည်။ ထိုသူတို့က ၎င်းတို့ ရုပ်တုများကျိုးပဲ့ပျက်စီးနေသည်ကို တွေ့ရသောအခါ ၎င်းတို့သည် ကျူးလွန်သူ (အပြစ်ရှိသူ)ကို ရှာဖွေကြသည်။ အကယ်၍ ထိုသူများက သူတို့ရုပ်တုများနှင့်ပတ်သက်၍ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ

ပြောကြားခဲ့သည်ကို ကြုံတင်သိရှိပြီး သူတို့"အိဒ်"ပွဲတော်သွားရာတွင် သူတစ်ယောက်သာ ကျန်ခဲ့သည် ဆိုသည်က သူပင်လျှင်ရုပ်တုများကို ရိုက်ချိုးဖျက်ဆီးသူဖြစ်ကြောင်း ထင်ရှားပေသည်။ သို့ဆိုပါလျှင် အဘယ်ကြောင့် ပြစ်မှုကျူးလွန်သူကို ရှာရန် လိုအပ်သနည်း။ ဤအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းချက်များ တစ်ခုထက်ပိုပြီး ရှိပါသည်။ တစ်ခုမှာ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ တစ်ဦးတည်းသာ ဤအယူအဆများလက်ကိုင်ထားပြီး လူအုပ်စုနှင့်မရောဘဲနေသဖြင့် လူအများက သူ့ကိုလျစ်လျူရှု၍ မေ့လျော့ထားခဲ့ကာ သူပြောဆိုခဲ့သမျှသည် အကျိုးသက်ရောက်မှုမရှိခဲ့ဟု ထင်မှတ်ခဲ့ကြသည်။ (ဘယာနလ်ကုရ်အာန်) ဒုတိယရှင်းလင်းချက်မှာ အပြစ်ရှိသူ (ကျူးလွန်သူ)ကို ရှာသူများသည် အုပ်စုထဲမှ မတူကွဲပြားသော အဖွဲ့များဖြစ်ကာ ရုပ်တုများနှင့်ပတ်သက်၍ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ ပြောကြားခဲ့သည်များကို မကြားမိခဲ့သောသူများ ဖြစ်ကြသည်။ တတိယရှင်းလင်းချက်ဖြစ်သည့် မုဂျာဟစ်ဒ်နှင့် ကသာဒါဟ်တို့၏ အယူအဆမှာ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် ဤ စကားများကို အခြားသူများရှေ့တွင် မပြောဆိုခဲ့ပါ။ သို့ရာတွင် ဤအခြေအနေကို စိတ်ထဲတွင်သာ စိတ်ကူးဖြင့် ပုံဖော်ခဲ့သည်။ သို့တည်းမဟုတ် သူနှလုံးသားထဲမှာသာ ပြောဆိုခဲ့ခြင်းဖြစ်သည်။ သို့တည်းမဟုတ် လူအများ ပွဲတော်သို့ ထွက်ခွာသွားပြီးနောက် သက်ကြီးရွယ်အိုတစ်ဦး သို့မဟုတ် နှစ်ဦးရှေ့တွင်သာ ပြောခဲ့ဟန်တူပေသည်။ နောက်ပိုင်း၌ရုပ်တုများကျိုးပဲ့ပျက်စီးကာ ယင်းကိုလုပ်ခဲ့သူအား လူအများလိုက်လံရှာဖွေသောအခါတွင် ဤ သက်ကြီးရွယ်အိုများက သူတို့ကို လှုံ့ဝှက်ချက်ဖွင့်ပြောခဲ့ခြင်းဖြစ်သည်။ (ကုရ်သုဗီ)

فَجَعَلَهُمْ جُذٰذًا (၂၁း၅၈) "جُذٰذ စကားလုံးသည် جِذٌّ အတွက် အများကိန်းဖြစ်ကာ အစိတ်စိတ်အပိုင်းပိုင်း သို့မဟုတ် အကျိုးအပဲ့ကို ဆိုလိုသည်။ ထို့ကြောင့် ယင်းကဆိုလိုသည်မှာ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺက ရုပ်တုများကို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် ချိုးဖျက်ခဲ့သည်။

اِلَّا كَبِيْرًا لَّهُمْ "ယင်းတို့အနက် အကြီးဆုံးကိုမူကား ချန်၍ထားခဲ့လေ၏။ (၂၁း၅၈)" ဆိုလိုသည်မှာ အကြီးဆုံးရုပ်တုကို သူနဂိုအတိုင်း ရှိနေစေခဲ့၍ ကျန်ရှိရုပ်တုများကို ချိုးဖဲ့ဖျက်ဆီးခဲ့သည်။ ချန်ခဲ့သည်ရုပ်တုကို မဖျက်ဆီးဘဲ ထားခဲ့သည်မှာ အရွယ်အစားကြီးမား၍သော်လည်းကောင်း၊ မယုံကြည်သွေဖည် ငြင်းပယ်သူများ အလွန့်အလွန် လေးစားသောကြောင့် လည်းကောင်း ဖြစ်နိုင်ပေသည်။

لَعَلَّهُمْ اِلَيْهِ يَرْجِعُوْنَ "သို့မှသာလျှင် ၎င်းတို့သည် ထိုတမန်တော် အိဗ်ရာဟီမ်ﷺထံသို့ (စုံစမ်းရန်) ပြန်လာကြပေမည်။ ၂၁း၅၈" ဤအသုံးအနှုန်းနှင့်ပတ်သက်၍ ရှင်းလင်းချက်သုံးမျိုး ရှိနိုင်သည်။ ရှင်းလင်းချက်တစ်ခုမှာ အကယ်၍သာ اِلَيْهِ (သူ့ထံသို့) ဟူသော ကံပုဒ်သည် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺဖြစ်ခဲ့လျှင် အဓိပ္ပာယ်မှာ သူကိုယ်တိုင် ကပင် မယုံကြည် သွေဖည်ငြင်းပယ်သူများက သူ့ကို အဘယ်ကြောင့် ရုပ်တုများကို ဖျက်ဆီးရသနည်းဟု မေးစေချင်ပါသည်။ သို့မှသာ သူတို့ ကိုးကွယ်ခဲ့သည့်တို့သည် သူတို့ကိုယ်သူတို့ပင်လျှင် မကာကွယ်နိုင်ကြောင်း သရော်လှောင်ပြောင်ရန် အခွင့် အရေးတစ်ရပ် ရလိမ့်မည်ဖြစ်သည်။ اِلَيْهِ يَرْجِعُوْنَ ၏ ဒုတိယဆိုလိုရင်းမှာ ရုပ်တုများကို သူဖျက်ဆီးခဲ့ရခြင်းမှာ မယုံကြည် သွေဖည်ငြင်းပယ်သူများသည် ထိုရုပ်တုများအစိတ်စိတ်ပိုင်းပိုင်း ဖြစ်နေသည်ကို မြင်တွေ့သော အခါ ရုပ်တုကိုးကွယ်မှု၏ အချည်းအနှီးဖြစ်မှုကို ဖျောင်းဖျရန် သွေးဆောင်ရန်ဟူသော ရည်ရွယ်ချက် ဖြင့်လည်းကောင်း၊ သူတို့သည် အိဗ်ရာဟီမ် ﷺ၏ဘာသာဘက်သို့ ပြန်လှည့်ရန် အကြောင်းရင်းအဖြစ်လည်းကောင်း မျှော်လင့်၍ဖြစ်သည်။ ကလ်ဗီက တတိယ ရှင်းလင်းချက်ကို ပေးထားသည်။ သူက اِلَيْهِ ဟူသောကံပုဒ်သည် كبير (အကြီးဆုံး) ဖြစ်သည်။ သို့ဆိုလျှင် ရှင်းလင်းချက်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများ ပြန်လည်ရောက်ရှိခဲ့သောအခါတွင် အကြီးဆုံးရုပ်တုမှ အပ အခြားရုပ်တုများ အစိတ်စိတ်အပိုင်းပိုင်းဖြစ်နေသည်ကို တွေ့ခဲ့ရသည်။ ထိုအကြီးဆုံး၏ ပခုံးပေါ်တွင် တူတစ်လက် တင်ထားသဖြင့် ထိုရုပ်တုအား ရှင်းလင်းချက် တောင်းခံနိုင်သည်။ သို့သော်လည်း ထိုရုပ်တုထံမှ မည်သည့်တုံ့ပြန်ချက်မှ

မရသောအခါ သူတို့ကိုယ်တိုင် ပင်ရုပ်တုများဘာမျှမတတ်နိုင် မစွမ်းဆောင်နိုင်ကြောင်း တွေ့ရှိပါလိမ့်မည်။

စိုက်ယိဒိနာ အိဗ်ရာဟီမ် ﷺ၏ စကားများသည် မမှန်ကန်သည်မဟုတ် အရိပ်အမြွက် ရည်ညွှန်းခြင်းသာဖြစ်သည်

"အိဗ်ရာဟီမ် ﷺက (ဤသို့) ပြောဆို (ဖြေကြားခဲ့၏) قَالَ بَلْ فَعَلَهُ كَبِيرُهُمْ هَٰذَا فَاسْأَلُوهُمْ إِن كَانُوا يَنطِقُونَ အချင်းတို့ ထိုသို့အလျှင်းမဟုတ် စင်စစ်မှာကား ၎င်းတို့၏ အကြီးအကဲဖြစ်သော ဤ(ရုပ်ပွားဆင်းတုကြီး)က သာလျှင် ဤသို့ပြုလုပ်(ဟန်လက္ခဏာ) ရှိသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုရုပ်တုများကိုပင် အကယ်၍ ၎င်းတို့သည် စကားပြောဆိုနိုင်ကြပါလျှင် (မေးမြန်း၍ ကြည့်)ကြလေကုန်။ (၂၁း၆၃)" စိုက်ယိဒိနာအိဗ်ရာဟီမ်၏ အုမ္မသ်သည် သူ့ကိုဖမ်းချုပ်၍ သူပြစ်မှုအတွက် အပြစ်ရှိကြောင်း ဝန်ခံရန် ပြောခဲ့သောအခါ၌ ၎င်းကပြောသည်မှာ "ရုပ်တုများအနက် အကြီးဆုံးရုပ်တုက လုပ်ဆောင်ခဲ့သည်။ အကယ်၍ သူသာ စကားပြောနိုင်သည်ဆိုလျှင် အဘယ်ကြောင့် သူ့ကို မမေးသနည်း" ဟူ၍ဖြစ်သည်။

ဤနေရာတွင် စဉ်းစားရန်အချက်မှာ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် ရုပ်တုများကို ချိုးဖဲ့ခဲ့ပါသည်။ ထို့ပြင် ယင်းကို ငြင်းဆိုခြင်းနှင့် ရုပ်တုအကြီးဆုံး၏ လုပ်ရပ်ဖြစ်ကြောင်း ပြောဆိုခြင်းသည် အမှန်တရားနှင့်ဆန့်ကျင်၍ မမှန်ကန်မှုတစ်ရပ် ဖြစ်သွားသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ၏ မြင့်မားသောအဆင့်အတန်းအရ ယင်းသို့ ကောက်ချက်ချခြင်းသည် အခြေအမြစ်မရှိချေ။ ဤကိစ္စရှင်းလင်းစေရန် ဋီကာရှင်များက ရှင်းလင်းချက်ပေါင်းစုံ တင်ပြကြသည်။ ယင်းတို့အနက် တစ်ခုမှာ သူ့အဆိုအမိန့်သည် ယူဆချက်တစ်ရပ် သဘာဝရှိပေသည်။ ဆိုလိုသည်မှာ လုပ်ရပ်သည် ထိုရုပ်တုကြီးကြောင့်ဟူသော ဖြစ်နိုင်ချေကို အဘယ်ကြောင့် မစဉ်းစားကြသနည်း။ ထို့ပြင် အကြောင်းအရာကို ဆန့်ကျင်သောယူဆချက်သည် လိမ်လည်မှုတစ်ရပ်မဟုတ် ဟူသည်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် إِنْ كَانَ لِلرَّحْمَٰنِ وَلَدٌ فَأَنَا أَوَّلُ الْعَابِدِينَ "အကယ်၍ အလ္လာဟ်အရှင်မြတ်၌ သားတစ်ဦးတစ်ယောက်ရှိပါအံ့။ ငါသည် ရှေးဦးပထမ (ထိုသားကို) ဆည်းကပ်ကိုးကွယ်သူဖြစ်အံ့ (၄၃း၈၁)" ဟု မိန့်ထားခဲ့သည်။ သို့ရာတွင် သဘောကျဆုံးနှင့် ဒဲ့ဒိုးဖြစ်သော ရှင်းလင်းချက်ကို အလ်ဗဟ်ရုလ်မုဟီးတွ်ကျမ်း၊ ကုရ်သုဗီကျမ်းနှင့် ရှုဟုလ်မအာနီကျမ်းများက လက်ခံကျင့်သုံးကြသည်။ ယင်းတွင် ဖော်ပြထားသည်မှာ سنادمجازی၁မှာ တင်စားချက် ဂုဏ်ရည်တစ်ရပ် ဖြစ်သည်။ ယင်းမှာ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ လုပ်ဆောင်ခဲ့သောလုပ်ရပ်သည် တင်စားသော ဂုဏ်ရည်နည်းလမ်းဖြင့် ရုပ်တုကြီးကို ဂုဏ်ဖော်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယင်းရုပ်တုကြီးမှာ အုပ်စုတစ်စုလုံးပေါ်တွင် လေးစားဖွယ်ကြီးစိုးနေမှုအရ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺက ရုပ်တုငယ်များကို ရုပ်တုကြီးက လုပ်ဆောင်ခဲ့သည်ဟု ပြောဆိုရန် ဆွဲဆောင်ခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ သူခိုးတစ်ဦး လက်ကိုဖြတ်ခဲ့ပြီးနောက် ဤသို့အဖြတ်ခံရခြင်းမှာ မည်သူ့ပေါ်တွင်မှ တာဝန်မရှိဘဲ သူလုပ်ရပ်အတွက် အဖြတ်ခံရခြင်းဖြစ်သည်ဟု ပြောဆိုခြင်းနှင့် တူပေသည်။

စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺက ရုပ်တုများ ကျိုးပဲ့ပျက်စီးခြင်းသည် ရုပ်တုကြီးကြောင့်ဟုဖြစ်စေရန် ထိုရုပ်တုကြီး၏ ပခုံးထက်တွင် ပုဆိန်တစ်လက် တင်ထားခဲ့သည်။ ထို့ကြောင့် စွပ်စွဲမှုများသည် ရုပ်တုဘက်သို့ လှည့်စေခဲ့ပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺက မယုံကြည်သွေဖည်ငြင်းပယ်သူများကို အခြားရုပ်တုများအား ဖျက်ဆီးသူမှာ မည်သူဖြစ်ကြောင်း ဤရုပ်တုကြီးကို မေးမြန်းစုံစမ်းကြည့်ရန် အကြံပြုသည့်စကားများက ဤသံသယဖြစ်ပေါ်စေမှုကို ပိုမိုအားဖြည့်စေပါသည်။ ဤသည်မှာ سنادمجازی ၁ တင်စားချက်ဖြစ်သည်။ ဤတင်စားချက်ကို ဆိုရိုးစကားဖြစ်သည်။ انبت الربیع البقلة နွေဦးမိုးသည် ကောက်ပင်များကို ပေါ်လွင်စေသည်ဟု ရှင်းလင်းအောင် ဖော်ပြစေပါသည်။ အမှန်တကယ်ဆိုရသော် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကောက်ပင်များပေါ်ထွက်စေ၍ ရှင်သန်စေသော်လည်း ယင်း

ကဲ့သို့ဖြစ်ပေါ်ချက်ကို မြင်နိုင်သောအကြောင်းဟု ပြောဆိုခြင်းကို မည်သူကမျှ လိမ်လည်ခြင်းဟု မပြောနိုင်ပါ။ ထိုနည်းတူစွာ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺက လုပ်ရပ်သည် ရုပ်တုကြီးကြောင့်ဖြစ်သည်ဟု ပြောဆိုရာတွင် ၎င်းသည် မမှန်ကန်သည်ကို ပြောဆိုခြင်း မဟုတ်ပါ။ ဤလုပ်ရပ်အတွက် သူ၏ပရိယာယ်ဆင် ကျင့်သုံးမှုသည် ဘာသာရေးအတွက် ကောင်းကျိုးများစွာ ဖြစ်ပေါ်စေသည်။ ယင်းတို့မှ တစ်ခုမှာ လူအများသည် ရုပ်တုကြီးက ရုပ်တုသေးများနှင့် တစ်တန်းတစ်စားတည်းထား ကိုးကွယ်ခြင်းကို စိတ်ဆိုးနေဟန်ဖြစ်သည်ကို သတိပြုစေရန်ဖြစ်သည်။ အကယ်၍ သူတို့ ထိုသို့ စဉ်းစားစေရန် ပြုလုပ်နိုင်ခဲ့လျှင် အလ္လာဟ်တစ်ပါးတည်းရှိသည်ကို ယုံကြည်သက်ဝင်ရန် လမ်းပွင့်သွားပြီးဖြစ်ပေလိမ့်မည်။ အကယ်၍ ရုပ်တုကြီးက အခြားရုပ်တုများနှင့် ယှဉ်တွဲကိုးကွယ်ခြင်းကို လက်မခံနိုင်ခဲ့လျှင် သက်ရှိအရာအပေါင်းကို ဖန်ဆင်းတော်မူ သည့် အလ္လာဟ်အရှင်မြတ်သည် အရှင့်အာဏာအား မည်သူနှင့်မျှ မျှဝေရန် သဘောတူညီနိုင်အံ့နည်း။

ဒုတိယအနေဖြင့် သူတို့စဉ်းစားနိုင်သေးသည်မှာ အကယ်၍ သူတို့ကိုးကွယ်သည့် ရုပ်တုများသည် သူတို့မှတ်ယူထား သကဲ့သို့ တကယ်တန်ခိုးရှိသည်ဆိုလျှင် အဘယ်ကြောင့် သူတို့ကို ဆိုးဝါးသောအကျိုးဆက်များမှ ကင်းလွတ်ခြင်းမရှိဘဲ ချိုးဖျက်ခံခဲ့ရပါသနည်း။ တတိယမှာ အကယ်၍ ရုပ်တုငယ်လေးများ ချိုးဖျက်ခံရခြင်းသည် ရုပ်တုကြီးကြောင့်ဟု စွဲချက်တင်နိုင်ခဲ့လျှင် သူကို အချက်ကျကျ မေးမြန်းခဲ့ကာ သူသည် ပြောနိုင်စွမ်း ရှိရပေမည်။ ထို့ကြောင့် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺက فَسْـَٔلُوْهُمْ اِنْ كَانُوْا يَنْطِقُوْنَ "သို့ဖြစ်ပေရာ အသင်တို့သည် ထိုရုပ်တုများကိုပင် အကယ်၍ ၎င်းတို့သည် စကားပြောဆို နိုင်ကြပါလျှင် (မေးမြန်း၍ ကြည့်ကြလေကုန်) (၂၁း၆၃)" ဟုပြောခဲ့လေသည်။ ထို့ကြောင့် သူပြောစကားများတွင် မေးသည့်အဓိပ္ပာယ်များ ထည့်ရန်မလိုချေ။ ယင်းတို့ကို ရိုးစင်း၍ ဖြောင့်ဖြောင့်တန်းတန်းနည်းဖြင့် အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။ လုပ်ရပ်များအတွက် ရုပ်တုကြီးအပေါ် အပြစ်ဖို့ခြင်းသည် တင်စားချက်နည်းလမ်းအနေဖြင့် ပြောခဲ့သည်။ ဤသည်မှာ အချက်အလက်များနှင့် မဆန့်ကျင်သကဲ့သို့ မမှန်ကန်မှုတစ်ခုလည်း ဖြစ်မသွားပါ။

စိုက်ယိဒိနာအိဗ်ရာဟီမ် ﷺကို ယိုးစွပ်ထားသည့် မမှန်ကန်သော အချက်သုံးချက်

ဤနေရာ၌ စဉ်းစားစရာအချက်မှာ ခိုင်လုံသောဆင့်ပြန်ချက်အချို့အရ တမန်တော်မြတ်ﷺကိုယ်တိုင်က ﴿ابراهيم عليه السلام لم يكذب غير ثلاث﴾ ဟူ၍ မိန့်ခဲ့လေသည်။ (ဗုခါရီနှင့်မုစ်လင်မ်ကျမ်း) စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် ကိစ္စသုံးရပ်မှအပ မည်သည့်အခါမျှ မမှန်ကန်သည်ကို မပြောဆိုခဲ့ပါ။ ထို့ပြင် ထိုကိစ္စရပ်သုံးခုကိုလည်း အလားတူ ထိုဟဒီးစ်တော်ထဲတွင်ပင် အသေးစိတ် ဖော်ပြထားသည်။ မမှန်ကန်မှုသုံးခုအနက် နှစ်ခုကို အလ္လာဟ်အရှင့် လမ်းတော်အတွက်သာလျှင် ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။ နှစ်ခုအနက်တစ်ခုမှာ ဤအာယသ် بَلْ فَعَلَهٗ كَبِيْرُهُمْ စင်စစ်မှာ ၎င်းတို့၏အကြီးအကဲဖြစ်သော ဤ(ရုပ်ပွားဆင်းတုကြီး)ကသာလျှင် ဤသို့ပြုလုပ် (ဟန် လက္ခဏာရှိ)သည်။ (၂၁း၆၃)" ဖြစ်သည်။ ဒုတိယမှာ အိဒ်ဓေနှုနှင့်ပတ်သက်၍ ထိုနေ့တွင် သူက မိသားစုကို اِنِّيْ سَقِيْمٌ "ကျွန်ုပ် နေမကောင်းပါ (၃၇း၈၉)" ဟုပြောဆိုခဲ့သည်။ ထို့ပြင် တတိယတစ်ခုမှာ သူဇနီးကို အန္တရာယ်ဒုက္ခမှ ကယ်တင်ရန် ပြောဆိုခဲ့ခြင်းဖြစ်သည်။ ဤအဖြစ်အပျက်မှာ သူသည်ဇနီး စိုက်ယိဒိနာ စာရာဟ်ﷺနှင့်အတူ ခရီးသွားခဲ့စဉ်က ဖြစ်ခဲ့သည်။ ၎င်းတို့သည် ရက်စက်ကြမ်းကြုတ်၍ အကျင့်စာရိတ္တပျက်ပြားနေသော အုပ်ချုပ်သူတစ်ဦး အုပ်ချုပ်နေသည့်အရပ်မှ ဖြတ်သွားစဉ်က ဖြစ်သည်။ ထိုအုပ်စိုးသူသည် အခြားသူများ၏ ဇနီးများကို ဖမ်း၍ မတရားကျင့်ကြံသူဖြစ်သည်။ သို့သော်လည်း ဖခင်များ သို့မဟုတ် အစ်ကိုများနှင့် အတူပါလာသူများကိုမူ ကင်းလွတ်ခွင့်ပေးပါသည်။ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺဤမြို့သို့ရောက်သောအခါ စုံတွဲတစ်တွဲရောက်ရှိနေကြောင်း ထိုအုပ်ချုပ်သူကို အကြောင်းကြားခဲ့သည်။

ထို့ကြောင့် သူက စိုက်ယိဒိနာစာရာဟ်ﷺသခင်မကိုဖမ်း၍ ရှေ့တော်မှောက် သွင်းစေပါသည်။ အုပ်ချုပ်သူ၏လူများက သူမကို ဖမ်းဆီးခေါ်ဆောင်ကာ ရောက်လာသောအခါ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺကို သူမနှင့် မည်သို့တော်စပ်ကြောင်း မေးမြန်းစုံစမ်းသည်။ ကောက်ကျစ်သော အုပ်ချုပ်သူ၏ ဆိုးသွမ်းသော ရည်ရွယ်ချက်ကို စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ စိုးရိမ်ကြောက်ရွံ့၍ သူမသည် သူညီမဖြစ်ကြောင်း ပြောကြားခဲ့သည်။ (ဤအဖြစ်အပျက်ကို ဟဒီးစ်တော်ထဲတွင် တတိယလိမ်လည်ပြောဆိုမှုဟု ရည်ညွှန်းထားသည်) ထိုသို့ကြေညာခဲ့သော်လည်း သူမကို ဖမ်းဆီးခေါ်ဆောင်သွားပါသည်။စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် သူမကို သူညီမဖြစ်ကြောင်းပြောကြားရန် သူမအားကြိုတင်မှာထားပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစွလာမ့်ဆွေမျိုးစပ်မှုအရ သူတို့သည် မောင်နှမဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးသည် ထိုနယ်မြေရှိ နှစ်ဦးတည်းသော မုစ်လင်မ်များဖြစ်၍ မုစ်လင်မ်များသည် တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုမောင်နှမများ ဖြစ်ကြသည် ဟူသောအဆိုအရ ၎င်းတို့သည် မောင်နှမဖြစ်ကာ ယင်းတော်စပ်မှုသည် ခိုင်လုံအတည်ဖြစ်သည်။ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺသည် သူကိုယ်တိုင်နှင့်ဇနီးအား ထိုအုပ်ချုပ်သူရန်မှ ကာကွယ်ရန် ခွန်အားမရှိသဖြင့် အလွှာဟ် အရှင် သနားကြင်နာမှု ရရှိရန် ဒုအာဆုမွန် စတင်တောင်းခံခဲ့သည်။ စိုက်ယိဒိနာ စာရာဟ်ﷺအား အုပ်ချုပ်သူရှေ့ ခေါ်လာ သောအခါ သူသည် သူမထံ ချဉ်းကပ်လာခဲ့သည်။ ပြစ်ဒဏ်ခတ်ခံရသည့် အနေဖြင့်ထိုသူသည် ဒုက္ခိတတစ်ဦးအဖြစ် ပြောင်းလဲသွားခဲ့သည်။ ထို့နောက် အုပ်ချုပ်သူက နဂိုပုံမှန်အတိုင်းပြန်ဖြစ်သွားစေရန် ဒုအာပြုပေးပါရန် သူမကို တောင်းပန်တိုးလျှိုးခဲ့သည်။ သူပုံမှန်ဖြစ်သွားလျှင် သူမကို ဘေးမသီ ရန်မခဘဲ လွှတ်ပေးပါမည်ဟု ပြောခဲ့သည်။ စိုက်ယိဒိနာစာရာဟ်ﷺက သူ့အတွက် ဒုအာဆုမွန်ပြုပြီး သူပုံမှန်ဖြစ်သွားသောအခါ ၎င်းသည် ကတိကိုဖောက်ဖျက်၍ သူမကိုထပ်မံ၍ ဘလက္ကာယပြုရန်ကြိုးစားခဲ့ရာ တစ်ဖန် ဒုက္ခိတတစ်ဦး ပြန်ဖြစ်သွားခဲ့သည်။ ဤသို့ သုံးကြိမ်သုံးခါဖြစ်ပြီး နောက်ဆုံးတွင် သူသည် လက်လျော့၍ စိုက်ယိဒိနာစာရာဟ်ကို စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺထံ ပြန်ပို့ခဲ့သည်။ ဤသည်မှာ ဟဒီးစ်တော်၏ အကျဉ်းချုပ်ဖြစ်သည်။ သို့ရာတွင် ဤဟဒီးစ်တော်တွင် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺကို လိမ်လည်မှုသုံးခုအဖြစ် ထင်ရှားစွာဖော်ပြထားသည်။ ဤသည်မှာ တမန်တော်ဖြစ်ခြင်း၏ အဆင့်အတန်း ဂုဏ်သိက္ခာ တို့နှင့် ဆန့်ကျင်သည်။ သို့ရာတွင် ဤဟဒီးစ်ထဲမှာပင် ဤစွပ်စွဲချက် တစ်ရပ်ဖြစ်မှန်ကန်မှုတစ်ရပ် ပါဝင်နေသည်။ ဆိုလိုသည်မှာ ထိုအဖြစ်အပျက်သုံးခုတို့က တမင်သက်သက် လိမ်လည်သည်ဟု ဖော်ပြမထားပါ။ ယင်းတို့သည် ပရိယာယ်ဆင်ခြင်း (تَوْرِيَة) သက်သက်ဖြစ်ကာ တစ်စုံတစ်ဦးသည် ရက်စက်မှုမှ မိမိကိုယ်ကို ကာကွယ်ရန် ပြောဆိုခြင်းဖြစ်လျှင် ခွင့်ပြုနိုင်၍ တရားဝင်ကာ လိမ်လည်မှုတစ်ရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်း အောက်တွင် အကျုံးမဝင်ချေ။ ယင်း၏အကြောင်းပြချက်ကို ထို ဟဒီးစ်ထဲတွင်ပင် ပေးထားသည်။ ဆိုလိုသည်မှာ အုပ်ချုပ်သူနှင့် သူ့လူများကို သူတို့ နှစ်ဦး မောင်နှမဖြစ်ကြောင်း စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺက ပြောကြားခဲ့ပြီး စိုက်ယိ ဒိနာ စာရဟ်ကိုလည်း ထိုသို့ပြောရန် ကြိုတင်မှာကြားပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တကယ်စင်စစ်တွင် စကြဝဠာလုံးဆိုင်ရာ မုစ်လင်မ်များ ညီ အစ်ကိုမောင်နှမဖြစ်ကြသည် ဟူသည့် ကျယ်ဝန်းသောအဓိပ္ပာယ်တွင် သူတို့နှစ်ဦးမှာ အစ်ကိုနှင့်ညီမဖြစ်သွားသောကြောင့်တည်း။ ဤသည်ကို သောင်ရီယာသ်(ပရိယာယ်ဆင်ခြင်း)ဟု ခေါ်ဆိုသည်။ ဤသို့ ပြောဆိုခြင်းတွင် သုံးနှုန်းသော စကားလုံးများကို ကွဲပြားစွာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ထို့ကြောင့် နားထောင်သူက တစ်မျိုးနားလည်၍ ပြောသူကလည်း တစ်မျိုးအဓိပ္ပာယ်နှင့် ဖြစ်နိုင်ပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် မတရားပြုမှုမှ မိမိကိုယ်ကို ကာကွယ်ရန် အလို့ငှာ သောင်ရီယာသ်ကိုသုံးစွဲလျှင် ယင်းသည်ခွင့်ပြုသည်ဟု အစွလာမ့်ဓမ္မသတ်ပညာရှင်များက တညီတညွတ်တည်း သဘောတူညီကြသည်။ ဤသည်မှာ ရှီအိုက်တို့၏ သကီယာဟ်(تَقِيَّة)ဖြောင့်လိမ်ခြင်းနှင့် လုံးဝဥသုံ ခြားနားသည်။ သကီယာဟ်တွင် မုသားပြောဆိုခြင်းသာမက ထိုပြောဆိုသည့်အတိုင်း လုပ်ဆောင်သည်။ သောင်ရီယာဟ်မှာမူ တကယ်တွင်မူ လိမ်လည်မှုသား

တစ်ရပ်မဟုတ် အဘယ်ကြောင့်ဆိုသော် ပြောသူသုံးနှုန်းသော စကားလုံးများတွင် သူ့ရည်ရွယ်ချက် ပါဝင်သည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺကိစ္စတွင် စိုက်ယိဒိနာစာရာဟ်ကို သူညီမ ဟုပြောဆိုခြင်းမှာ သူတို့နှစ်ဦးစလုံး မုစ်လင်မ်ဖြစ်နေ၍ ဆိုလိုရင်းမှန်ကန်သည်။ ထို့ပြင် အစွလာမ်သည် စကြဝဠာလုံးဆိုင်ရာ ညီအစ်ကို မောင်နှမတစ်ရပ်ကိုလည်း ပြဋ္ဌာန်းထားပါသည်။ တူညီသော အချေအတင် ပြောဆိုမှုကို သူ၏အခြားပြောဆိုချက် နှစ်ခုအတွက်လည်း ပြောနိုင်ပါသည်။ အထက်တွင် ရှင်းလင်းပြခဲ့သည့်အတိုင်း بَلْ فَعَلَهُ كَبِيرُهُمْ ဟုပြောခဲ့ခြင်းသည် သောင်ရိယာသ်အနေဖြင့်ဖြစ်ကာ တင်စားချက် اسناد مجازی အနေဖြင့် လုပ်ရပ်သည် ရုပ်တုကြီးကြောင့်ဖြစ်သည်ဟု ရည်ညွှန်းရန်ဖြစ်သည်။ သူ၏ ပြောကြားချက် إِنِّي سَقِيمٌ သည် သာမန်ပြောဆိုမှုဖြစ်ကာ سَقِيمٌ စကီးမ်သည် နေမကောင်း ခြင်းဟုဆိုလိုသည်။ သို့ရာတွင် ယင်းစကားလုံးသည် စိတ်ဓာတ်ကျခြင်း၊ စိတ်ထိခိုက်ခြင်းနှင့် အားအင်ချည့်နဲ့သည် ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်သည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺက إِنِّي سَقِيمٌ ဟုပြောဆိုခြင်းသည် ဒုတိယ အဓိပ္ပာယ်ဖော်ပြမှု အနေနှင့်ဖြစ်၍ ယင်းသည် မယုံကြည်သူများနှင့်ပတ်သက်၍ သူ၏ခံစားချက်အရဟုဆိုလျှင် လုံးဝ မှန်ကန်ပေသည်။ သို့သော်လည်း လူအများသည် ရေပန်းစားသော အဓိပ္ပာယ်ဖြစ်သည့် နာမကျန်းခြင်းဟု မှတ်ယူခဲ့ သည်။ ထို့နောက် ဟဒီးစ်တော်ပါ စကားလုံးများက လိမ်လည်မှုသုံးခုအနက် နှစ်ခါမှာ အလ္လာဟ်အရှင်မြတ်တစ်ပါး တည်းရှိခြင်းနှင့် မှန်ကန်ခြင်းတွင် ယုံကြည်မှုတိုးပွားရန် အကြံပြုခြင်းဖြစ်သည်။ ယင်းမှာ အပြစ်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦးသည်ဂုနာဟ်အပြစ်လုပ်ရပ်တစ်ခုကျူးလွန်ခြင်းအားဖြင့် အလ္လာဟ်အရှင်ကျေနပ်နှစ်သက်မှုမမျှော်လင့်နိုင်သောကြောင့်ဖြစ်သည်။

စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ၏ မုသားများခိုင်လုံခြင်းကို ငြင်းဆိုမှုသည် မသိနားမလည်မှုသက်သက် ဖြစ်သည်။

အရှေ့တိုင်းဘာသာစကားဆိုင်ရာ ကျွမ်းကျင်သူ အနောက်တိုင်းသား၏ ရေးသားချက်များနှင့် မီရဇာ ကာဒီယာနီ၏ လွှမ်းမိုးခံရသော မုစ်လင်မ်အချို့က ဤဆင့်ပြန်ချက်များသည် ယုံကြည်စိတ်ချရသူများ၏ ဆင့်ပြန်ချက်များဖြစ်သော်လည်း ဤပြောကြားချက်သည် မခိုင်လုံဟုပြောကြသည်။ အဘယ်ကြောင့်ဆိုသော် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ၏ လိမ်လည်မှုသည် ကုရ်အာန်အနှစ်သာရနှင့် ဆန့်ကျင်သည်ဟု စွပ်စွဲကြသည်။ ထို့ပြင် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺကို လိမ်လည်သူတစ်ဦးအဖြစ် တံဆိပ်ကပ်ရန် ထပ်ဆင့်ပြန်သူအားလုံး၏ ပြောကြားချက်များသည် ယုံကြည်စိတ်ချရမှုမရှိဟုပြောရခြင်းက ပိုကောင်းပေသည်။ ဤသည်မှ သူတို့က ဥပဒေသတစ်ခု ထုတ်ကြေးသည်မှာ ဆင့်ပြန်ချက်များ၏ အရင်းအမြစ် မည်မျှပင်ခိုင်မာပါစေ ယင်းတို့သည် ကုရ်အာန်၏ သင်ကြားပို့ချချက်နှင့် ဆန့်ကျင်နေလျှင် ယင်းကို ပယ်ချရမည် ဟူ၍ဖြစ်သည်။ ဤဥပဒေသည် လုံးဝခိုင်လုံ၍ အုမ္မသ်ထုတစ်ရပ်လုံး လက်ခံနိုင်ဖွယ်ဖြစ်သည်။ သို့သော် ဘာသာရေးဆိုင်ရာပညာရှင်များသည် သူတို့ဘဝတစ်လျှောက်လုံး ဟဒီးဆ်တစ်ခုစီတိုင်းကို သုတေသနပြုလုပ်ခြင်းဖြင့် ကုန်ဆုံးခဲ့ရာ သူတို့က ခိုင်လုံသည်ဟု လက်ခံထားခဲ့သော မည်သည့်ဟဒီးဆ်မှ ကုရ်အာန်ကျမ်းတော်မြတ်နှင့် မဆန့်ကျင်ခဲ့ပါ။ အသိဉာဏ်နည်းပါး၍ လမ်းမှားညွှန်ပြခံရသော ထိုသူများသည် ဟဒီးဆ်တစ်ပုဒ်ကို မတုံ့မဆိုင်းပယ်ချခဲ့ပါသည်။ ထို့ပြင်သူတို့ပယ်ချခြင်းသည် မှန်ကန်ကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဆန့်ကျင်သည်ဟူ၍ အကြောင်းပြကြသည်။ လက်ရှိကိစ္စရပ်တွက် မိန့်ကြားချက်ကိုယ်တိုင်က ရှင်းလင်းစေသည်မှာ မုသားများဟုအဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် စကားလုံးများကို သောင်ရိယာသ်သာလျှင် ဖြစ်သည်။ သောင်ရိယာဟ်၏ စကားလုံးများကို အဘယ် အတွက် လိမ်လည်မှုများဟု ခေါ်ဆိုထားသနည်းဟူသော မေးခွန်းနှင့်ပတ်သက်၍ပြောရလျှင် အဖြေမှာ အလ္လာဟ်အရှင် မြတ်နှင့် နီးစပ်သူများ၏ အနည်းငယ်မျှ တိမ်းချော်မှုသည် အရေးပါသည်ဟု ကောက်ယူရမည်။ ယင်းကို ပြီးခဲ့သော စူရဟ်တွာဟာ

ထဲတွင် စိုက်ယိဒိနာအာဒမ်ﷺ တိမ်းချော်၍ အမှားပြုလုပ်ခဲ့သောအခါ၌ عصٰى (အမိန့်ဖီဆန်ခဲ့သည် ၂၀း၁၂၁) ဟူသော စကားလုံးနှင့် غوٰى (လမ်းမှားရောက်ခြင်း) ဟူသောစကားလုံးများနှင့် ရည်ညွှန်းထားသည်ကို တွေ့ရသည်။ သာမန်လူများအတွက် သေးငယ်သောအမှားများသည် ခွင့်လွှတ်နိုင်သည်ဟု သတ်မှတ်ထားသော်လည်း အလ္လာဟ်အရှင် ချစ်ခင်မှုကို ရထားသောသူများသည် ထိုကဲ့သို့သော သေးငယ်သည့်ပြစ်မှု ကျူးလွန်ခဲ့လျှင် အလွန်ကြီးလေးသည်ဟု မှတ်ယူကြောင်း တွေ့မြင်နိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတွင် ထိုကဲ့သို့သော အခြေအနေမျိုး ကျရောက်သွားသော တမန်တော်များအပေါ် အလ္လာဟ်အရှင် မနှစ်မြို့ကြောင်း ဖော်ပြထားသည်။ ကျော်ကြား၍ လူသိများသော ရှဖ်ာအတ်(အလ္လာဟ်အရှင့် ရှေ့တော်မှောက်တွင် ကြားဝင်အသနားခံခြင်း) ဟဒီးဆ်တော်တွင် မိန့်ထားသည်မှာ ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် လူအားလုံးသည် အတူအကွစုရုံးနေကြပြီး စိုက်ယိဒိနာအာဒမ်ﷺမှစ၍ နောက်ဆုံးတမန်တော်မြတ်ﷺမပွင့်ပေါ်မီထိရှိခဲ့သော တမန်တော်များထံ ၎င်းတို့အတွက် ရှဖ်ာအတ် (ကြားဝင် အသနားခံ)၍ မြန်မြန်စစ်ဆေးပေးပါရန် မေတ္တာရပ်ခံကြလိမ့်မည်။ တမန်တော်တိုင်းသည် ၎င်းတို့၏တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တိမ်းချော်မှု သို့မဟုတ် အမှားများကိုဖော်ပြ၍ သူတို့ကို ရှဖ်ာအတ် မတောင်းခိုင်းရန် ပြောကြားလိမ့်မည်။ နောက်ဆုံးတွင် လူသားထုတစ်ရပ်လုံးက တမန်တော်များ၏ နောက်ဆုံးတမန်တော် စိုက်ယိဒိနာ မုဟမ္မဒ်ﷺထံ ချဉ်းကပ်ပါလိမ့်မည်။ ထို့နောက် ကိုယ်တော်မြတ်ﷺက အရှရ်ှဖ်ာအတ် အလ်ကုဗ်ရာ လုပ်ပါလိမ့်မည်။ ဤမိန့်ကြားချက်အရ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် ဤပြောကြားချက်များသည် သောင်ရီယာသ်ဖြစ်သောကြောင့် စင်စစ် လိမ်လည်မှုမဖြစ်သော်လည်း တမန်တော်တစ်ပါး၏ ဂုဏ်သိက္ခာကျစေသော နိမ့်စေသောကြောင့် ကြားဝင်အသနားခံမှု မတောင်းခံပေးနိုင်ကြောင်း ပြောပေမည်။ ဤချို့ယွင်းချက်ကို ဟဒီးဆ်တော်တွင် လိမ်လည်မှုတစ်ရပ်အဖြစ် ဖော်ပြထားခဲ့သည်။ ဤသည်မှာ တမန်တော်မြတ်ﷺ၏ အထူးအခွင့်အရေးအတွင်း ရှိပါသည်။ ထို့ပြင် ဤပြောကြားချက် ဆင့်ပြန်မှုရှိသလောက်ကို ကျွန်ုပ်တို့က ပြန်လည်တင်ပြနိုင်ပါသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ် သို့မဟုတ် ဤဟဒီးဆ်ကို ကိုးကားသည့်အချိန်မှအပ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် လိမ်လည်ပြောဆိုခဲ့သည်ဟု မည်သူမျှ ပြောခွင့်မရှိချေ။ စူရဟ်သွာဟာပါ စိုက်ယိဒိနာအာဒမ်ﷺနှင့်ဆက်နွယ်မှု အကျယ်ဖွင့်ဆိုချက်တွင် ကုရ်သုဗီနှင့် အလ် ဗဟ်ရုလ်မုဟီးတွ်တို့က ဤအယူအဆကို ကောက်ယူကြသည်။

ပြောကြားချက်မှ ပေါ်ထွက်လာသည့် ဖြူစင်ရိုးသားသည့်လုပ်ရပ်အတွက် သိမ်မွေ့သည့်အညွှန်းတစ်ရပ်

စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ ပြောကြားခဲ့သည်ဟုဆိုသော လိမ်လည်မှုသုံးခုအနက် နှစ်ခုမှာ အလ္လာဟ့်လမ်းတော်အတွက်ဟု ပြောဆိုခဲ့သည်။ သို့ရာတွင် စိုက်ယိဒိနာစာရာဟ်ﷺနှင့် ပတ်သက်သော တတိယလိမ်လည်မှုမှာ အလ္လာဟ်အရှင့်လမ်းတော်အတွက်မဟုတ်ဟု ပြောဆိုထားသော်လည်း တစ်စုံတစ်ဦး ဇနီး၏ကာအိန္ဒြေကို ကာကွယ်ပေးခြင်းမှာ ဘာသာရေးဆိုင်ရာတာဝန်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ ကုရ်သုဗီက အကျယ်ဖွင့်ဆိုထားရာတွင် အလွန်သိမ်မွေ့သောအကြံပြုမှုကို ကာသွီအဗူဗက်ရ် အိဗနိအလ်အာရဗီက ဖော်ပြထားသည်မှာ ဘာသာရေးကိုင်းရှိုင်းပြီး အလ္လာဟ်အရှင့်အား ကြောက်ရွံ့ရိုသေသည့်လူများ စိတ်အေးချမ်းမှုကို ဖြစ်တတ်စေပါသည်။ အကြောင်းမှာ လူတစ်ဦးသည် သူဇနီး၏ကာအိန္ဒြေကာကွယ်မှုသည် ဘာသာရေးဆိုင်ရာတာဝန်အပြုအမူတစ်ရပ်ဖြစ်သော်လည်း ပုဂ္ဂလိကဆိုင်ရာအကျိုး ဖြစ်ပေသည်။ ရောထွေးနေသော ရည်ရွယ်ချက်များကြောင့် ဤတတိယအဖြစ်အပျက်ကို အလ္လာဟ်အရှင့်အတွက် လုပ်ဆောင်သောလုပ်ရပ်များ အတန်းအစားတွင် အကျုံးမဝင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်က أَلَا لِلَّهِ الدِّينُ الْخَالِصُ "သတိပြုကြလေကုန်၊ သန့်သန့်ဖြစ်သော

ဆည်းကပ်ကိုးကွယ်မှုသည် အလ္လာဟ်အရှင်မြတ်နှင့်သာသက်ဆိုင်၏။ ၃၉း၃" ဟု မိန့်ထားသည်။ အကယ်၍သာ ကျွန်ုပ်တို့ကဲ့သို့သော သာမန်လူတစ်ဦးသည် ထိုကဲ့သို့သောအဖြစ်အပျက်တွင် ပါဝင်ပတ်သက်နေခဲ့လျှင် ထိုလုပ်ရပ်ကို အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုရစေသော လုပ်ရပ်တစ်ခုအဖြစ် သတ်မှတ်ပေလိမ့်မည်။ သို့ရာတွင် တမန်တော်များသည် အဆင့်အတန်းမြင့်သော ပုဂ္ဂိုလ်များဖြစ်၍ မြင့်မားသောအဆင့်အရာဆိုလျှင် အနည်းငယ်ကိုယ်ကျိုးပါဝင်နေသည်ဆိုလျှင်ပင် မိမိ၏အိခ်လားဆွ် စိတ်စေတနာဖြူစင်မှုနှင့် ပတ်သက်၍ အတိမ်းအစောင်းမခံနိုင်ပြီး ပြည့်စုံသော အရည်အချင်းနှင့် ဆန့်ကျင်နေသည်ဟု သတ်မှတ်သည်။

နာမ်ရွတ်၏ မီးပုံသည်စိုက်ယိဒိနာ အိဗ်ရာဟီမ်အတွက် နှစ်လိုဖွယ်ဥယျာဉ်အဖြစ် မည်သို့ဖြစ်သွားသည်ဆိုကြောင်း

မုအ်ဂျိဇာဟ်နှင့် သဘာဝလွန်အဖြစ်အပျက်များကို မယုံကြည်သောသူများက ဤအဖြစ်အပျက်ကို ထူးဆန်းသော အဓိပ္ပာယ်များ ပေးကြသည်။ တစ်စုံတစ်ခုကို ပြီးပြည့်စုံစေ၍ ယင်းကိုတွယ်ကပ်နေသော အရည်အသွေးသည် တစ်ခုနှင့်တစ်ခု ခွဲခွာ၍မရဟူသော ဒဿနိကဗေဒဆိုင်ရာ ယူဆချက်မှာ မှားယွင်းပေသည်။ စင်စစ် ဤကမ္ဘာတွင် မည်သည့်အရာမျှ အဓိက သို့မဟုတ် ခွဲခြားမရဟူသည် မရှိချေ။ အလ္လာဟ်အရှင်မြတ်က မီးကိုလောင်ကျွမ်းသည့် အရည်အချင်းနှင့် ရေကိုအေးစေသော အရည်အချင်း ပေးထားသည်။ သို့သော် ဤအရည်အချင်းများသည် ထုံးဓလေ့နှင့် အလေ့အထသာဖြစ်၍ ဆင်ခြင်တုံတရားနှင့် ညီညွတ်ရန် မလိုချေ။ မည်သည့်တွေးခေါ်ပညာရှင်မှ ယခုထက်တိုင် ဤအရည်အချင်းများသည် ကျိုးကြောင်းညီညွတ်ရမည်ဟု နားလည်သဘောပေါက်စေမည့် ငြင်းချက်တစ်ရပ်ကို မတင်ပြနိုင်ပါ။

ထို့ကြောင့် ဤဂုဏ်သတ္တိများသည် အလေ့အထမျှသာဖြစ်ပြီး အလ္လာဟ်အရှင် ဆန္ဒအလိုတော်ရှိပါက ထိုသည်များကို ပြောင်းလဲပစ်နိုင်ပါသည်။ အကယ်၍သာ အလ္လာဟ်အရှင်ဆန္ဒတော်ရှိတော်မူပါက မီးသည်အေးစေသော အရာဖြစ်နိုင်သကဲ့သို့ ရေသည်လည်း လောင်ကျွမ်းစေသည့်အရာ ဖြစ်နိုင်ပါသည်။ ၎င်းနောက် ထိုကဲ့သို့သောဖြစ်ရပ်အား ယထာဘူတနည်းအရ မဖြစ်နိုင်ဟူ၍ မမှတ်ယူနိုင်ပါ။ အလ္လာဟ်အရှင်သည် အရှင့်တမန်တော်များ၏ တာဝန်ဝတ္တရားများကို အထောက်အပံ့ပေးသည့်အနေဖြင့် တန်ခိုးပြာဋိဟာများ ပြသခြင်းသည် ဤကဲ့သို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က နမရွဒ်မီးများကို အေးစေဟု အမိန့်ပေးသောအခါ မီးက နာခံခဲ့ကြသည်။ ၎င်းနောက် အကယ်၍သာ بَرۡدٗا (အေးစေသည်) ဟူသော စကားလုံး၏ နောက်၌ سَلَٰمًا (ဘေးရန် ကင်းရှင်းစွာ) ဟူသော စကားလုံးမပါခဲ့ပါလျှင် မီးသည် ရေခဲကဲ့သို့ အေးမြသွားကာ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား ဒုက္ခဖြစ်စေနိုင်ပါသည်။ နူဟ်၏လူများ ရေတွင် နစ်မြုပ်ခဲ့ရသည့်အကြောင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က فَأُدۡخِلُواْ نَارٗا ၎င်းတို့သည် မိမိတို့၏ ပြစ်မှုတို့ကြောင့်ပင် နစ်မြုပ်စေခြင်းကို ခံခဲ့ကြရလေ၏။ တစ်ဖန် ၎င်းတို့သည် ငရဲမီးထဲသို့ ဝင်ရောက်စေခြင်းကို ခံခဲ့ကြရကုန်၏။ (၇၁း၂၅) ဟူ၍ မိန့်ထားသည်။

حَرِّقُوهُ (အသင်တို့သည် ထို(အိဗ်ရာဟီမ်)အား မီးတင်ရှို့ကြလေကုန်။ (၂၁း၆၈) ဆိုလိုသည်မှာ တစ်မျိုးသားလုံးနှင့် နမရွတ်က စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား မီးတင်ရှို့ရန် ဆုံးဖြတ်ခဲ့ကြသည်။ သမိုင်းဆိုင်ရာ တင်ပြချက်ထဲ၌ တစ်မျိုးသားလုံးတို့သည် ဤကိစ္စအတွက် တစ်လလုံးလုံး ထင်းများ စုဆောင်းနေခဲ့ကြပါသည်။ ထင်းများဖြင့် မီးဖိုပြီးသည့်နောက်၊ မီးများ အရှိန်အဟုန်ပြင်းစေရန်အတွက် ခုနစ်ရက်တိုင်တိုင် ယပ်ခတ်ပေးနေသောကြောင့် မီးတောက်များသည် မိုးကောင်းကင်ထိ ရောက်ပါသည်။ မီးများ အရှိန်ပြင်းစွာဖြင့် တောက်လောင်ခဲ့သောအခါ၌ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအားမီးထဲသို့ပစ်ချရန် ၎င်းတို့က ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ရာတွင် မီးသည်အလွန်အရှိန်အဟုန်ပြင်းစွာဖြင့်

တောက်လောင်နေသောကြောင့် မည်သူမျှအနားသို့မကပ်နိုင်ပါ။ထိုစဉ်ရှိုင်သွာန်က ၎င်းတို့အား စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺကို မီးထဲသို့ပစ်ချရန်အတွက် လောက်လွှဲစက်အသုံးပြုရန် အကြံပေးခဲ့ပါသည်။ လူအများက အလွှာဟ်အရှင်မြတ်၏ အဆွေတော်(خليل)အား မီးပင်လယ်ထဲသို့ ပစ်ချရန် စီမံနေသောအခါ၌ ကောင်းကင်စေတမန်တော်များအားလုံးနှင့် ကမ္ဘာမြေနှင့် မိုးကောင်းကင်တွင်ရှိ အဖန်ဆင်းခံများအားလုံးတို့က စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺနှင့် ပတ်သက်၍ တညီတညွတ်တည်း ဟစ်အော် မေးမြန်းခဲ့ကြပါသည်။ ထိုသို့ ပြုလုပ်ခဲ့သောကြောင့် အလွှာဟ်အရှင်က ၎င်းတို့အားလုံးအား စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား အကူအညီပေးရန် ခွင့်ပြုတော်မူခဲ့သည်။ ကောင်းကင်စေတမန်များက ၎င်းတို့၏ အကူအညီ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ လိုမလို မေးမြန်းခဲ့ပါသည်။ သူ့အား ကူညီရန်မှာ အလွှာဟ်အရှင်နှင့် လုံလောက်သည်ဆိုကြောင်းနှင့် ထိုအရှင်သည် သူ့အား စောင့်ကြည့်နေပါသည်ဟူ၍ ဖြေကြားခဲ့သည်။ ဂျိဗ်ရာအီလ်အလ်အမိန်းﷺက သူ မည်ကဲ့သို့သော အကူအညီများ ပေးရပါမည်နည်းဟု မေးခဲ့သောအခါ၌ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺက ဖြေကြားခဲ့သည်မှာ "ကျွန်ုပ် အမှန်တကယ် အကူအညီ လိုအပ်ပါသည်။ သို့ရာတွင် ထိုအကူအညီသည် အသင့်ထံမှ မဟုတ်ဘဲ အလွှာဟ်အရှင်မြတ်ထံတော်မှဖြစ်ပါသည့် ဟူ၍ဖြစ်သည်။

قُلْنَا يٰنَارُ كُوْنِيْ بَرْدًا وَّ سَلٰمًا عَلٰٓى اِبْرٰهِيْمَ (ထိုအခါ) ငါအရှင်မြတ်က "အို - မီး၊ အသင်သည် အိဗ်ရာဟီမ်အပေါ်၌ အေးမြစွာလည်းကောင်း၊ သာယာစွာလည်းကောင်း ရှိလော့" ဟုမိန့်ကြားတော်မူခဲ့သည်။ (၂၁း၆၉) အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺအတွက် မီးသည် အေးမြကာ သက်သောင့်သက်သာစွာ ဖြစ်သွားသည် ဟူသည့်အချက်နှင့် ပတ်သက်၍ ရှင်းလင်းချက်မှာ မီးသည်မီးအဖြစ်မှ ရပ်ဆိုင်းသွားကာ၊ နှစ်လိုဖွယ်ရာ၊ လေပြေလေညင်းကလေးအဖြစ် ပြောင်းလဲသွားခြင်း ဖြစ်နိုင်ပါသည်။ သို့သော်လည်း ပိုမိုလက်ခံနိုင်သော ရှင်းလင်းချက်တစ်ခုမှာ မီးသည်မီးအဖြစ်နှင့်ပင် ရှိနေခဲ့ပါသည်။ ထိုမီးသည် ယင်း၏ပတ်ဝန်းကျင်ရှိ အရာများအားလုံးကို လောင်ကျွမ်းခဲ့သည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား တုပ်နှောင်ထားသည့် ကြိုးများကို လောင်ကျွမ်းစေသော်လည်း စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺကိုမူ လောင်ကျွမ်းခြင်း မရှိပါ။

အချို့သော သမိုင်းဆိုင်ရာဖော်ပြချက်များထဲ၌ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် မီးထဲ၌ ခုနစ်ရက်တိုင်တိုင် ရှိနေခဲ့ပါသည်။ ၎င်းနောက် ထိုနေ့ရက်များသည် သူဘဝတစ်လျှောက်လုံးတွင် စည်းစိမ်ရှိဆုံးနေ့များဟူ၍ သူက အမြဲပြောလေ့ရှိပါသည်။ (မဇိဟရီ)

وَنَجَّيْنٰهُ وَلُوْطًا اِلَى الْاَرْضِ الَّتِيْ بٰرَكْنَا فِيْهَا لِلْعٰلَمِيْنَ

ထို့ပြင် ငါအရှင်မြတ်သည် ထိုအိဗ်ရာဟီမ်အားလည်းကောင်း၊ လူတွင်အားလည်းကောင်း အကြင်နယ်မြေသို့ (စေလွှတ်တော်မူ ခြင်းအားဖြင့်) ကယ်တင်တော်မူခဲ့၏။ ငါအရှင်မြတ်သည် ယင်းနယ်မြေ၌ ကမ္ဘာသူကမ္ဘာသားတို့အဖို့ ကျက်သရေမင်္ဂလာ၊ သုခချမ်းသာများရှိတော်မူ၏။ (၂၁း၇၁)

ဆိုလိုသည်မှာ ငါအရှင်သည် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺနှင့် စိုက်ယိဒိနာလူတွဲﷺအား နမရွဒ်ကြီးစိုးသော နယ်မြေ(အီရတ်)မှကယ်တင်ကာ ငြိမ်းချမ်းသာယာသော ဆီးရီးယားပြည်သို့ ပို့ဆောင်ပေးခဲ့သည်။ ထိုနေရာ၌ ငါအရှင်၏ ရက်ရောသောပေးကမ်းမှုသည် ထိုနေရာရှိလူများအတွက်သာမက တစ်ကမ္ဘာလုံးရှိ လူများအတွက်ပင် ဖြစ်သည်။ ဆီးရီးယားပြည်၏ အတွင်းပိုင်းရော အပြင်ပိုင်းရောမှာပါ အလွှာဟ်အရှင်၏ ရက်ရောစွာ ပေးကမ်းမှုများ ပြည့်လျှံနေပါသည်။ အတွင်းပိုင်းဆိုင်ရာ ရက်ရောမှုဆိုသည်မှာ ဤနယ်မြေ၌ မြောက်များစွာ သော တမန်တော်များ မွေးဖွားစေခဲ့ခြင်း ဖြစ်ပါသည်။ အပြင်ပိုင်းဆိုင်ရာ ရက်ရောမှုဆိုသည်မှာ ထိုနယ်မြေ၌ မျှတသော ရာသီဥတုရှိစေပြီး

သဘာဝအလှနှင့် စိမ်းလန်းစိုပြည်မှုများ စမ်းချောင်းများရှိစေပြီး အမျိုးမျိုးသော သစ်သီးဝလံပန်းမာလ် များ ပေါက်ရောက်စေပါသည်။

وَوَهَبْنَا لَهٗۤ اِسْحٰقَ ؕ وَ یَعْقُوْبَ نَافِلَةً "ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုအိဗ်ရာဟီမ်အား အိစ်ဟာက်ကို (သားတော်အဖြစ်)လည်းကောင်း ယအ်ကူးဗ်ကို မြေးတော်အဖြစ်လည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏ (၂၀း၇၂)" ဆိုလိုသည်မှာ အလ္လာဟ်အရှင် မြတ်သည် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ၏ ဒုအာတောင်းဆိုမှုအရ သူ့အား အိစ်ဟာက်ﷺ ဟူသော သားတော်တစ်ပါး ချီးမြှင့်ခဲ့ပါသည်။ ထပ်ဆောင်းကာ မြေးတော်ယအ်ကူးဗ်ﷺကိုလည်း ချီးမြှင့်ခဲ့ပါသည်။ ထို့အတွက်ကြောင့် သူ့အား နာဖိလဟ်ဟူ၍ ရည်ညွှန်းကြပါသည်။ ယင်းစကားလုံး၏ မူလအဓိပ္ပာယ်မှာ "အပို" ဟူ၍ဖြစ်ပါသည်။

အာယသ် (၇၄-၇၅)

وَ لُوْطًا اٰتَیْنٰهُ حُكْمًا وَّ عِلْمًا وَّ نَجَّیْنٰهُ مِنَ الْقَرْیَةِ الَّتِیْ كَانَتْ تَّعْمَلُ الْخَبٰٓىِٕثَ ؕ اِنَّهُمْ كَانُوْا قَوْمَ سَوْءٍ فٰسِقِیْنَ ﴿۷۴﴾ وَ اَدْخَلْنٰهُ فِیْ رَحْمَتِنَا ؕ اِنَّهٗ مِنَ الصّٰلِحِیْنَ ﴿۷۵﴾

ထိုမှတစ်ပါး ငါအရှင်မြတ်သည် လူတွ်အား ဆင်ခြင်တုံတရားကို လည်းကောင်း၊ အသိပညာကို လည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုလူတွ်အား အကြင်မြို့ရွာမှ ကယ်တင်တော်မူခဲ့၏။ ယင်းမြို့(သူ) ရွာ(သားတို့)သည် စက်ဆုပ်ရွံရှာဖွယ်များကို ကျူးလွန်လျက်ရှိခဲ့ကြကုန်၏။ ဇကန်မလွဲ၎င်းတို့သည် အလွန်ယုတ်မာသောအမျိုးသားများ၊ ကာဖဂုက် လိုက်စားကျူးလွန်သောသူများပင် ဖြစ်ခဲ့ကြကုန်၏။[၇၄] ၎င်းပြင် ထိုလူတွ်အား ငါအရှင်မြတ်သည် မိမိကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူခဲ့၏။ စင်စစ်ဇကန် ထိုလူတွ်ကား သူတော်စင်တို့တွင် ပါဝင်ခဲ့ပေသတည်း။[၇၅]

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်များထဲ၌ ဖော်ပြထားသော စိုက်ယိဒိနာလူတွ်ﷺအား လွတ်မြောက်စေခဲ့သော မြို့၏အမည်မှာ ဆိုဒွမ်ဟု ဖော်ပြထားပါသည်။ ဤမြို့တွင် မြို့နယ်ခုနစ်ခုရှိကာ မြို့နယ်ခြောက်ခုအား ဂျိဗြရာအီလ်ﷺက ပြောင်းပြန်လှန်ပစ်ခဲ့ပါသည်။ တစ်မြို့နယ်ကိုမူ စိုက်ယိဒိနာလူတွ်နှင့် သူ၏လူများအတွက် နဂိုအတိုင်း ရှိနေစေခဲ့ပါသည်။ (အိဗနိ အဗ္ဗာစ်၊ ကုရ်တွဗီ)

تَّعْمَلُ الْخَبٰٓىِٕثَ (၂၁း၇၄) خبائث (ခဗာအိသ်)သည် خبيث ၏ ဗဟုဝုစ်ကိန်းဖြစ်ကာ (ဆိုးညစ်သော၊ ယုတ်မာသော) ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ဆိုးညစ်ယုတ်မာသောအရာတို့ တပေါင်းတစည်းတည်းအနေဖြင့် خبائث ခဗာအစ်သ်ဟု ခေါ်ဆိုပါသည်။ တိရစ္ဆာန်များပင်မပြုလုပ်သော ၎င်းတို့၏ အလွန်စက်ဆုပ်ဖွယ်ရာလုပ်ရပ်သည် ဆိုဒိုမီ သို့မဟုတ် လိင်တူဆက်ဆံခြင်းပင် ဖြစ်သည်။ ဤလုပ်ရပ်၏ အလွန်ဆိုးညစ်ယုတ်မာသော သဘောသဘာဝကြောင့် ဤလုပ်ရပ်ကို ဇကဝုစ်ကိန်းအစား ဗဟုဝုစ်ကိန်း (၂၁း၅၄) خبائث(ခဗာအိသ်)ဖြင့် ရည်ညွှန်းထားဟန်ရှိသည်

ဟူ၍ အချို့သောဋီကာရှင်များက ရှင်းလင်းပြသထားကြသည်။ ဒုတိယရှင်းလင်းချက်မှာ ဆိုဒွန်မြို့မှလူများသည် အခြားမကောင်းသော အလေ့အထများရှိကြသည်။ အရက်သေစာသောက်စားခြင်း၊ သီဆိုခြင်း၊ မုတ်ဆိတ်ရိတ်ခြင်း၊ နှုတ်ခမ်းမွေးထားခြင်း၊ ပိုးထည်များ ဝတ်ဆင်ခြင်း၊ ကျောက်ခဲပစ်ပေါက်ခြင်း၊ လေချွန်ခြင်းစသည်တို့တွင် နစ်မွန်း နေကြပါသည်။ (ရွှလ်ဟုလ်မအာနီ)

အာယသ် (၇၆-၇၇)

وَ نُوْحًا اِذْ نَادٰی مِنْ قَبْلُ فَاسْتَجَبْنَا لَهٗ فَنَجَّیْنٰهُ وَ اَهْلَهٗ مِنَ الْكَرْبِ الْعَظِیْمِ ﴿۷۶﴾ وَ نَصَرْنٰهُ مِنَ الْقَوْمِ الَّذِیْنَ كَذَّبُوْا بِاٰیٰتِنَا ؕ اِنَّهُمْ كَانُوْا قَوْمَ سَوْءٍ فَاَغْرَقْنٰهُمْ اَجْمَعِیْنَ ﴿۷۷﴾

ထို့ပြင် (အို-နဗီတမန်တော်)နူဟ်(၏ အတ္ထုပ္ပတ္တိအကြောင်း)ကိုလည်း (ပြန်လည် သတိရပါလေ။ တမန်တော် အီဗ်ရာဟီမ်မပွင့်မီ) ရှေးကာလကပင် ထိုနူဟ်သည် (ငါ အရှင်မြတ်အား) ဟစ်ခေါ် ပန်ကြားခဲ့လေသည်။ ထိုအခါ ငါအရှင်မြတ်သည် ထိုနူဟ်၏ ဟစ်ခေါ်ပန်ကြားချက်ကို သဘောတူ လက်ခံတော်မူခဲ့ပေသည်။ ထို့နောက် ငါအရှင်မြတ် ထိုနူဟ်အားလည်းကောင်း၊ ထိုနူဟ်၏ဘက်တော်သားတို့အား လည်းကောင်း ကြီးစွာ သော ပူပင်သောက ဖြစ်ခြင်းမှ ကယ်တင်တော်မူခဲ့၏။[၇၆] ထိုမှတစ်ပါး ငါအရှင်မြတ် သည် ထိုနူဟ်အား ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသော အမျိုးသားတို့(၏ ဘေးအန္တရာယ်)မှ ကာကွယ်စောင့်ရှောက်တော် မူခဲ့၏။ ဇကန်မလွဲ့ ငါ့တို့သည် အလွန်ဆိုးရွားသော အမျိုးသားများပင် ဖြစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ငါ့တို့အားလုံးကို နစ်မြုပ်စေတော်မူခဲ့ပေသတည်း။[၇၇]

အကျယ်ဖွင့်ဆိုခြင်း

وَ نُوْحًا اِذْ نَادٰی مِنْ قَبْلُ

ရှေးကာလကပင် ထိုနူဟ်သည် (ငါအရှင်မြတ်အား) ဟစ်ခေါ်ပန်ကြားခဲ့လေသည်။ (၂၁း၇၆)

ဤတွင် مِنْ قَبْلُ (အလျင်က) ဆိုလိုသည်မှာ ပြီးခဲ့သော အာယသ်များပါ ၎င်းတို့၏အဖြစ်အပျက်များကို ဖော်ပြထားသော စိုက်ယိဒိနာအိဗ်ရာဟီမ်နှင့် စိုက်ယိဒိနာလူတို့ﷺတို့၏ အချိန်အခါသမယ အလျင်က ဟူ၍ဖြစ်သည်။ ဤ နေရာ၌ စိုက်ယိဒိနာနူဟ်ﷺ ဒုအာတောင်းခဲ့သည်ဟူ၍ အတိုချုပ် ဖော်ပြထားခဲ့သော်လည်း စူရတ်နူဟ်ထဲမှာမူ စိုက်ယိဒိနာ နူဟ်သည် သူ၏လူအား ကျိန်ဆိုခဲ့သည်ဆိုကြောင်း رَّبِّ لَا تَذَرْ عَلَى الْاَرْضِ مِنَ الْكٰفِرِیْنَ دَیَّارًا "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်၊ အရှင်မြတ်သည် ပထဝီမြေဝယ် ကာဖိရ်သွေဖည်ငြင်းပယ် သောသူတို့အနက် မည်သည့်နေထိုင်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်ထားတော်မမူပါနှင့်"ဟု မိန့်ထားသည်။ (၇၁း၂၆) နောက်တစ်နေရာ၌ သူ၏လူများသည် စိုက်ယိဒိနာနူဟ်အား လုံးဝမနာခံခဲ့ကြသောအခါ၌ အလ္လာဟ်အရှင်မြတ် ထံတော်သို့သူက اَنِّیْ مَغْلُوْبٌ فَانْتَصِرْ "ဇကန်စင်စစ်ကျွန်တော်မျိုးသည်အရေးမလှသူ(ဖိနှိပ်ခြင်းခံရသူ)ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီတော်မူပါ။ (၅၄း၁၀) ထို့ကြောင့် အရှင်ထိုသူတို့အား လက်စားချေ

တော်မူပါဟူ၍ ဒုအာတောင်းဆိုကြောင်း တင်ပြထားသည်။

"فَاسْتَجَبْنَا لَهٗ فَنَجَّيْنٰهُ وَاَهْلَهٗ مِنَ الْكَرْبِ الْعَظِيْمِ" ထိုအခါ ငါအရှင်မြတ်သည် ထိုနူဟ်၏ဟစ်ခေါ်ပန်ကြားချက်ကို သဘောတူ လက်ခံတော်မူခဲ့ပေသည်။ ထို့နောက် ငါအရှင်မြတ် ထိုနူဟ်အားလည်းကောင်း၊ ထိုနူဟ်၏ ဘက်တော်သားတို့အားလည်းကောင်း ကြီးစွာသော ပူပင်သောကဖြစ်ခြင်းမှ ကယ်တင်တော်မူခဲ့၏။" (၂၁း၇၆) ဤနေရာပါ "ကြီးစွာသော ပူပင်သောကဖြစ်ခြင်း" ဟူသော အသုံးနှုန်းသည် လူအားလုံးတို့အား ရေလွှမ်းမိုးမှုကြီး၏ အောက်၌ နစ်ခြင်း ချေမှုန်းဖျက်ဆီးခံရခြင်းကို ဆိုလိုသကဲ့သို့ စိုက်ယိဒိနာနူဟ်ﷺနှင့် သူ၏နောက်လိုက်များ ထိုသူများလက်ဝယ် ညှဉ်းပန်းနှိပ်စက်ခြင်းခံရခြင်းကိုလည်း ဆိုလိုနိုင်ပါသည်။

အာယသ် (၇၈-၈၂)

وَدَاوٗدَ وَسُلَيْمٰنَ اِذْ يَحْكُمٰنِ فِى الْحَرْثِ اِذْ نَفَشَتْ فِيْهِ غَنَمُ الْقَوْمِ ۚ وَكُنَّا لِحُكْمِهِمْ شٰهِدِيْنَ ﴿۷۸﴾ فَفَهَّمْنٰهَا سُلَيْمٰنَ ۚ وَكُلًّا اٰتَيْنَا حُكْمًا وَّعِلْمًا ۗ وَّسَخَّرْنَا مَعَ دَاوٗدَ الْجِبَالَ يُسَبِّحْنَ وَالطَّيْرَ ۗ وَكُنَّا فٰعِلِيْنَ ﴿۷۹﴾ وَعَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ لِتُحْصِنَكُمْ مِّنْۢ بَاْسِكُمْ ۚ فَهَلْ اَنْتُمْ شٰكِرُوْنَ ﴿۸۰﴾ وَلِسُلَيْمٰنَ الرِّيْحَ عَاصِفَةً تَجْرِىْ بِاَمْرِهٖۤ اِلَى الْاَرْضِ الَّتِىْ بٰرَكْنَا فِيْهَا ۗ وَكُنَّا بِكُلِّ شَىْءٍ عٰلِمِيْنَ ﴿۸۱﴾ وَمِنَ الشَّيٰطِيْنِ مَنْ يَّغُوْصُوْنَ لَهٗ وَيَعْمَلُوْنَ عَمَلًا دُوْنَ ذٰلِكَ ۚ وَكُنَّا لَهُمْ حٰفِظِيْنَ ﴿۸۲﴾

ထိုမှတစ်ပါး (အို-နဗီတမန်တော်)ဒါဝူဒ်(၏အတ္ထုပ္ပတ္တိအကြောင်း)ကို လည်းကောင်း၊ စုလိုင်မာန်(၏ အတ္ထုပ္ပတ္တိအကြောင်းကိုလည်းကောင်း ပြန်လည်၍ သတိရပါလေ)။ တစ်ရံရောအခါဝယ် ထို(သားအဖ) နှစ်ပါးတို့သည် လယ်ယာနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ကြကုန်၏။ အကြောင်အခါဝယ် အမျိုးသားတို့၏ ဆိတ်များသည် ယင်းလယ်ယာ၌ ညဉ့်အချိန်တွင် ဝင်ရောက်(ဖျက်ဆီး)ခဲ့ကြကုန်၏။ စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့၏ စီရင်ဆုံးဖြတ်မှုကို ရှုစားလျက်ပင် ရှိနေတော်မူခဲ့၏။[၇၈] ထိုရောအခါဝယ် ငါအရှင်မြတ်သည် စုလိုင်မာန်အား ယင်းအမှု(၏အဆုံးအဖြတ်)ကို သိနားလည်စေတော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် (ဒါဝူဒ်နှင့် စုလိုင်မာန် တမန်တော်နှစ်ပါးအနက်) အသီးသီးအားဆင်ခြင်တုံ တရားကိုလည်းကောင်း၊ အသိပညာကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ဒါဝူဒ်နှင့်အတူ တောင်များကို လိုက်နာစေတော်မူခဲ့ရာ ထိုတောင်များသည် (ဒါဝူဒ်နှင့်အတူ) ငါအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ဘာဝနာပွားလျက် ရှိကြပေသည်။ ထိုနည်းတူစွာ ငှက်တိရစ္ဆာန်များကိုလည်း (ဒါဝူဒ်နှင့် အတူ လိုက်နာစေတော်မူခဲ့သည်။) စင်စစ် ငါအရှင်မြတ်သည် (ယင်းကဲ့သို့)

ပြုလုပ်တော်မူသော အရှင် ဖြစ်တော်မူပေသည်။[၇၉]

ငှင်းပြင် ငါအရှင်မြတ်သည် ထို ဒါဝူဒ်အား အသင်တို့အကျိုးငှာ သံချပ်အင်္ကျီပြုလုပ်သော အတတ်ပညာကို သင်ပေးတော်မူခဲ့၏။ သို့မှသာလျှင် ယင်းသံချပ်အင်္ကျီသည် အသင်တို့အား အသင်တို့ စစ်တိုက်ခိုက်ရာတွင် ကာကွယ်နိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျေးဇူးတော်ကို သိတတ်သူများ ဖြစ်ကြလေသလော။[၈၀] ထိုမှတစ်ပါး (ငါအရှင်မြတ်သည်) စုလိုင်မာန်အား ပြင်းထန်စွာတိုက်ခတ်သောလေကို နှိုင်နင်းစေတော်မူခဲ့၏။ ယင်းလေသည် ထိုစုလိုင်မာန်၏အမိန့်နှင့် ငါအရှင်မြတ် ကျက်သရေမင်္ဂလာ၊ သုခချမ်းသာနှင့် ပြည့်စုံစေ တော်မူသောနယ်မြေသို့ တိုက်ခတ်သွားလာလေ၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အရာ ခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၈၁] ထိုမှတစ်ပါး ရှိုင်တွာန်မိစ္ဆာကောင်တို့တွင် အကြင် ရှိုင်တွာန်မိစ္ဆာကောင်များလည်း ရှိခဲ့ကြ၏။ ယင်း ရှိုင်တွာန်မိစ္ဆာကောင်များသည် ထိုစုလိုင်မာန်၏အကျိုးငှာ (သမုဒ္ဒရာ ပင်လယ်၌) ရေငုပ်ခြင်းကိုလည်းကောင်း၊ အခြားအလုပ်ကိစ္စ ဆောင်ရွက်ခြင်းကို လည်းကောင်း ပြုလုပ်ကြကုန်၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည်ပင် ယင်းရှိုင်တွာန် မိစ္ဆာကောင်တို့အား ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေသတည်း။ [၈၂]

အကျယ်ဖွင့်ဆိုခြင်း

نَفَشَتْ فِيْهِ غَنَمُ الْقَوْمِ "အကြင်အခါဝယ် အမျိုးသားတို့၏ဆိတ်များသည် ယင်းလယ်ယာ၌ ညဉ့်အချိန်တွင် ဝင်ရောက် (ဖျက်ဆီး)ခဲ့ကြကုန်၏။ (၂၁း၇၈)" အရဗီဘာသာစကား၌ نَفْش (လှည့်လည်ကျက်စားခြင်း)" ဟူသော အဓိပ္ပာယ်သက်ရောက် သည့်စကားလုံးကို ညဉ့်အချိန်၌ တိရစ္ဆာန်များ လယ်ကွင်းထဲသို့ဝင်ရောက်ကာ ဖျက်ဆီးခြင်းဟူ၍ အဓိပ္ပာယ်ကောက်ယူပါသည်။

فَفَهَّمْنٰهَا سُلَيْمٰنَ "ထိုရောအခါဝယ် ငါအရှင်မြတ်သည် စုလိုင်မာန်အား ယင်းအမှု(၏အဆုံးအဖြတ်)ကို သိနားလည်စေ တော်မူခဲ့၏။ (၂၁း၇၉)" ဤအသုံးအနှုန်းက အလ္လာဟ်အရှင်သည် စိုက်ယိဒိနာစုလိုင်မာန်ﷺအား ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်ကို အသိပေးတော်မူသည်ဟု ဆိုလိုပါသည်။ စိုက်ယိဒိနာဒါဝူဒ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် ဘာသာရေးဆိုင်ရာ ဓမ္မသတ်နှင့် ဝိရောဓိ မဖြစ်သော်လည်း စိုက်ယိဒိနာစုလိုင်မာန်၏ ဆုံးဖြတ်ချက်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်ပါသည်။ ထို့ကြောင့် ပိုမိုလျော်ကန်သင့်မြတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းဆုံးဖြတ်ချက်သည် နှစ်ဖက်စလုံးအား နစ်နာမှုမရှိဘဲ အကျိုးဖြစ်စေပါသည်။

အိမာမ်ဗဂါဝိﷺက ဤအကြောင်းအရာကို စိုက်ယိဒိနာအိဗနိအဗ္ဗာစ်၊ ကသာဒဟ်ﷺနှင့် ဇုဟုရီတို့၏ ခိုင်လုံမှုအရ တင်ပြထားသည်မှာ လူနှစ်ဦးတို့သည် စိုက်ယိဒိနာဒါဝူဒ်ﷺထံသို့ လာရောက်ခဲ့ကြပါသည်။ တစ်ဦးတွင် သိုးအုပ်တစ်အုပ်ရှိပြီး အခြားသူတစ်ဦးသည် ကောက်ပဲသီးနှံများ စိုက်ပျိုးထားသောလယ်တစ်ကွက် ပိုင်ဆိုင်ပါသည်။ လယ်ပိုင်ရှင်က သိုးအုပ်ပိုင်ရှင်နှင့် ပတ်သက်၍ တိုင်တန်းသည်မှာ သိုးများသည် ညဉ့်အခါ၌ လယ်ကွက်ထဲသို့ဝင်ရောက်ကာ ကောက်ပဲသီးနှံများအား စားပစ်လိုက်ကြပါသည်။ (တိုင်တန်းသူ၏တိုင်ကြားချက်ကို အတိုင်ခံရသူက လက်ခံဟန်ရှိပါသည်။ ၎င်းနောက် သိုးအုပ်၏တန်ဖိုးသည် ကောက်ပဲသီးနှံ လယ်ကွက်၏တန်ဖိုးနှင့် တူညီဟန်ရှိပါသည်။) ထို့ကြောင့်

စိုက်ယိဒိနာဒါဂူဒ်ﷺက သိုးအုပ်ပိုင်ရှင်သည် လယ်ကွက်ပိုင်ရှင်၏ ဆုံးရှုံးမှုအတွက် အလျော်ပေးသည့်အနေဖြင့် သူ၏ သိုးအုပ်အား လယ်ကွက်ပိုင်ရှင်အား အလျော်ပေးရမည်ဟု ဆုံးဖြတ်ချက်ကို ကြေညာခဲ့ပါသည်။ (ဤဆုံးဖြတ်ချက်သည် ဘာသာရေးဆိုင်ရာ ဓမ္မသတ်နှင့်အညီ ဖြစ်ပါသည်။ ဓမ္မသတ်အရ အကယ်၍ တစ်စုံတစ်ဦးသည် ကုန်ပစ္စည်းများအား ဖျက်ဆီးခဲ့ပါက လျော်ကြေးသည် ထိုပစ္စည်းများတန်ဖိုးအတိုင်း ဖြစ်ရပါမည်။) ဤကိစ္စတွင် ကောက်ပဲသီးနှံများ၏ တန်ဖိုးသည် သိုးအုပ်၏တန်ဖိုးနှင့် အညီဖြစ်သောကြောင့် ဤဆုံးဖြတ်ချက်ချခဲ့ပါသည်။ တိုင်ကြားသူနှင့် တိုင်ကြားခံရသူနှစ်ဦးတို့စိုက်ယိဒိနာဒါဂူဒ်ﷺ၏ တရားရုံးမှထွက်လာသောအခါ၌ စိုက်ယိဒိနာစုလိုင်မာန် ﷺနှင့် တွေ့ဆုံခဲ့ကြပါသည်။ သူက ထိုသူတို့အား ၎င်းတို့အမှုနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို စုံစမ်းမေးမြန်းသောအခါ၌ ထိုသူတို့က ဆုံးဖြတ်ချက်ကို ပြန်လည်ပြောပြကြပါသည်။ ဆုံးဖြတ်ချက်ကို ကြားရပြီးသည်နောက် သူကမှတ်ချက်ပြုသည်မှာ အကယ်၍သာ ဤအမှု၌ သူတရားသူကြီးအဖြစ် ဆောင်ရွက်ရပါလျှင် နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးရှိစေမည့် မတူသောဆုံးဖြတ်ချက်ချပါလိမ့်မည် ဟူ၍ဖြစ်သည်။ ထို့နောက် သူသည် သူ၏ဖခင် စိုက်ယိဒိနာဒါဂူဒ်ﷺထံသို့ သွားရောက်ကာ ထိုသူနှစ်ဦးကို ပြောခဲ့သည့်အတိုင်း ပြန်လည်ပြောပြခဲ့သည်။ ထိုအခါ စိုက်ယိဒိနာဒါဂူဒ်ﷺက နှစ်ဦးနှစ်ဖက်အား အကျိုးဖြစ်ထွန်းစေမည့် မည်ကဲ့သို့သောဆုံးဖြတ်ချက်မျိုး သူစိတ်ကူးထားပါနည်းဟူ၍ သူ့အား မေးမြန်းစုံစမ်းခဲ့လေသည်။ သူက ပြန်လည်ဖြေကြားသည်မှာ အကယ်၍သာ လယ်ကွက်ပိုင်ရှင်အား သိုးအုပ်ကိုပေးအပ်ပြီး ထိုသိုးများမှထွက်သောနို့၊ သိုးမွေး စသည်တို့မှ သူ အကျိုးအမြတ်ခံစားနိုင်သကဲ့သို့ သိုးအုပ်ပိုင်ရှင်ကိုလည်း လယ်ကွက်ကိုပေးကာ သူထွန်ယက် စိုက်ပျိုးနိုင်သောကြောင့် ယင်းလုပ်ရပ်သည် ပိုမိုမျှတပြီး သာတူညီမျှ ဖြစ်စေပါသည်။ လယ်ကွက်သည် ဆိတ်များမစားမီ အခြေအနေအတိုင်း ပြန်လည်ရောက်ရှိသွားပါက ပိုင်ရှင်နှစ်ဦးတို့သည် မိမိတို့မူလ ပိုင်ဆိုင်သည်များတို့ဖြင့် လဲလှယ်နိုင်ပါသည်။ စိုက်ယိဒိနာဒါဂူဒ်ﷺသည် ဤဆုံးဖြတ်ချက်အား လက်ခံအတည်ပြုပြီးသည့် နောက် ထိုသူနှစ်ဦးတို့အားပြန်လည်ခေါ်ယူခဲ့ကာ ဒုတိယဆုံးဖြတ်ချက်ကို ကြေညာခဲ့ပါသည်။ (မဇ်ဟိရီ၊ ကုရ်တွဲဗီ စသည်)

တရားသူကြီး(ကာဿွီ)တစ်ဦး၏ ချမှတ်ပြီးသော ဆုံးဖြတ်ချက်တစ်ခုအား ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုလုပ်နိုင်ပါသလော

စိုက်ယိဒိနာဒါဂူဒ် ﷺက ဆုံးဖြတ်ချက်တစ်ခုကို ကြေညာခဲ့ပါသည်။ စိုက်ယိဒိနာစုလိုင်မာန် ﷺ၏ အယူအဆများကို ကြားသိရပြီးသည့်နောက် သူက ထိုဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်ဆိုကြောင်း သတိမူမိပါလိမ့်မည်။ ဤနေရာ၌ မေးစရာတစ်ခုဖြစ်လာသည်မှာ ကာဒီ(တရားသူကြီး)တစ်ဦးသည် သူအစောပိုင်းက ချမှတ်ထားသော သူ၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်နိုင်သည့် အခွင့်အာဏာရှိပါသလောဟူ၍ဖြစ်သည်။

ကုရ်တွဲဗီသည် ဤကိစ္စနှင့်အလားတူ ကိစ္စရပ်များအတွက်ပါ အသေးစိတ်မြောက်များစွာဖြင့် ဆွေးနွေးထားပါသည်။ ယင်းဆွေးနွေးချက်၏အကျဉ်းချုပ်မှာ အကယ်၍ ကာဒီ(တရားသူကြီး) တစ်ဦး၏ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် ဘာသာရေးဆိုင်ရာ ဓမ္မသတ်နှင့် ဝိရောဓိဖြစ်နေလျှင်သော်လည်းကောင်း၊ လူအများစု၏ အယူအဆနှင့်ဆန့်ကျင်နေပါလျှင် အုမွသ်ထု၏ ညီညွတ်မှုအရ ယင်းကဲ့သို့သော ဆုံးဖြတ်ချက်သည် တရားမဝင်ပါ။ ထိုကဲ့သို့သော အခါမျိုးတွင် အခြားသောကာဒီ(တရားသူကြီး)က ထိုဆုံးဖြတ်ချက်၏ ပယ်ဖျက်ခြင်းကို ခွင့်ပြုရုံသာမက တာဝန်တစ်ရပ်လည်း တင်ရှိပါသည်။ ၎င်းနောက် ဘာသာရေးဆိုင်ရာ ဓမ္မသတ်နှင့်အညီ ဆုံးဖြတ်ချက်အသစ်တစ်ခု ချမှတ်ရပါမည်။ ၎င်းပြင် အရည်အချင်းမပြည့်သော ကာဒီ(တရားသူကြီး)ထံမှ သူ၏ရာထူးနှင့် အခွင့်အာဏာတို့ကို ရုပ်သိမ်းပစ်ရပါမည်။ သို့ရာ

တွင် အကယ်၍ ကာဒီ(တရားသူကြီး)တစ်ဦး၏ ဆုံးဖြတ်ချက်သည် ဘာသာရေးဆိုင်ရာ ဓမ္မသတ်နှင့် အိဂျ်သိဟားဒ် (اِجْتِهَاد)များအပေါ်၌ အခြေခံထားပါက မည်သည့်ကာဒီ(တရားသူကြီး)တို့ကမှ ထိုဆုံးဖြတ်ချက်ကို မရုပ်သိမ်းနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့လုပ်ဆောင်ခြင်းကို ခွင့်ပြုခဲ့ပါက တရားရေးဆိုင်ရာစနစ်ကြီး တစ်ခုလုံး ပြိုလဲသွားပါလိမ့်မည်။ ၎င်းပြင် အစွမ်းထက်တရားဥပဒေသည် လူအများမျိုးမျိုးတို့၏လက်ဝယ် ကစားစရာဖြစ်သွားပါလိမ့်မည်။ သို့သော်လည်း ကာဒီ(တရားသူကြီး)တစ်ဦးသည် အိဂျ်သိဟဒ်နှင့်အညီ ဆုံးဖြတ်ချမှတ်ပြီးသည်နောက် သူ၏ အစောပိုင်းက ဆုံးဖြတ်ချက်နှင့် အိဂျ်သိဟားဒ်သည် မှားယွင်းနေကြောင်းသိရှိပါက ထိုဆုံးဖြတ်ချက်အား ပြင်ဆင်ခြင်းသည် ခွင့်ပြုရုံသာမက နှစ်လိုဖွယ်ရာဖြစ်ပါသည်။ ၎င်းနောက် ထိုဆုံးဖြတ်ချက်ကို သူကိုယ်တိုင် ပြင်ဆင်ဆုံးဖြတ်ရပါမည်။ စိုက်ယိဒိနာအုမရ်ﷺက အဗူမူစာအလ်အပ်ရှ်အရီထံအသေးစိတ်များပါဝင်သော စာတစ်စောင်ရေးသားပေးပို့ခဲ့ပါသည်။ ယင်းစာထဲ၌ တရားစီရင်ခြင်းနှင့် ရုံးတွင်းရှိအမှုများနှင့် ပတ်သက်သောမူများကို အကျယ်တဝင့်ရေးသားထားပါသည်။ စိုက်ယိဒိနာအုမရ်ﷺကပြောသည်မှာ ဆုံးဖြတ်ချက်တစ်ခုချပြီးသည့်နောက် အိဂျ်သိဟားဒ်(اِجْتِهَاد) ပြောင်းလဲသွားပါက ထိုပြောင်းလဲသွားသော အိဂျ်သိဟားဒ်နှင့်အညီ ဆုံးဖြတ်ချက်ကိုလည်း ပြောင်းလဲချမှတ်ရပါမည်။ (ဤစာကို ဒါရ်ကွတ်နီက ဖော်ပြထားပါသည်။)

ထင်ရှားလှသော ဋီကာရှင် امام تفسير မုဂျာဟိဒ်(ရဟ့)အဆိုအရ ဆုံးဖြတ်ချက်နှစ်ခုစလုံးတို့သည် ယင်းတို့၏ ကိုယ်ပိုင်အခွင့်အာဏာအရ ရိုးသားဖြူစင်ပြီး မှန်ကန်ပါသည်။ စိုက်ယိဒိနာဒါဝူးဒ်ﷺ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် တရားရေးဆိုင်ရာဆုံးဖြတ်ချက်သက်သက်ဖြစ်ပြီး စိုက်ယိဒိနာစုလိုင်မာန်ﷺ၏ ဆုံးဖြတ်ချက်မှာမူ နှစ်ဦးနှစ်ဖက် ပြေငြိမ်းစေသော သဘောသဘာဝ ရှိပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်ပင်လျှင် وَالصُّلْحُ خَيْرٌ "(မည်သို့ပင်ဖြစ်စေကာမူ) ပြန်လည်သင့်မြတ်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ချေသည်။ (၄း၁၂၈)" ဟူ၍မိန့်ထားသည်။ ထို့ကြောင့် ဒုတိယ ဆုံးဖြတ်ချက်အား အလွှာဟ်အရှင်မြတ်က ချီးမွမ်းတော်မူခဲ့သည်။ (မဇ်ဟိရီ)။

စိုက်ယိဒိနာအုမရ်ﷺ သူ၏ကာဒီ(တရားသူကြီး)များအား ညွှန်ကြားထားသည်မှာ အငြင်းပွားမှုတစ်ခု ရောက်ရှိလာပါက နှစ်ဦးနှစ်ဖက် ပြေငြိမ်းမှုရရန်အတွက် ကြိုးစားရပါမည်။ ပြေငြိမ်းမှုလုပ်ဆောင်၍ မရသောအခါမှသာ ၎င်းတရားသူကြီးများသည် ဘာသာရေးဆိုင်ရာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ချက်ချရပါမည်။ ဤသို့လုပ်ဆောင်မှုကို လုပ်ဆောင်ခြင်းဖြင့် ရရှိသောအကျိုးအမြတ်မှာ သူဖော်ပြထားသည့်အတိုင်းဆိုလျှင် တရားဥပဒေအရ ဆုံးဖြတ်ချက်တစ်ခု၌ ချုံးနိမ့်သောသူသည် ထိုဆုံးဖြတ်ချက်ကို လက်ခံရန်မှအပ သူ့တွင် ရွေးချယ်ရန်မရှိပါ။ သို့သော်လည်း သူ၏နှလုံးသား၌ ပြိုင်ဘက်အား ရန်လိုခြင်း၊ မုန်းတီးများ ဖြစ်ပေါ်စေပါသည်။ ယင်းကဲ့သို့သော ဖြစ်ပေါ်မှုသည် မုစ်လင်မ်နှစ်ဦးအကြားတွင် ဖြစ်ပေါ်ပါက မကောင်းပါ။ တစ်ဖက်တွင်မူ တရားရင်ဆိုင်သူနှစ်ဖွဲ့အား ပြေငြိမ်းမှုပြုလုပ်ခြင်းကား မုန်းတီးခြင်း၊ မကောင်းသောစိတ်များထားခြင်းကို ဖယ်ရှားပစ်စေပါသည်။ (မုဒ်အီနလ်ဟုကူမ်)

ထို့ကြောင့် မုဂျာဟိဒ်(ရဟ့) တင်ပြခဲ့သောရှင်းလင်းချက်အရ ဤသည်မှာ အစောပိုင်းက ချမှတ်ပြီး ဖြစ်သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်း၊ ပြောင်းလဲခြင်းမျိုး မဟုတ်ပါ။ ဤသည်မှာ အငြင်းအခုံဖြစ်နေသော နှစ်ဦးနှစ်ဖက်တို့သည် ၎င်းတို့ ရုံးတော်မှမထွက်ခွာမီ ပြေငြိမ်းမှုအား လိုလိုလားလား လက်ခံခြင်းဖြစ်သည်။

အကယ်၍ မုသဟိဒ်နှစ်ဦးတို့သည် ၎င်းတို့၏ သီးခြား အိဂျ်သိဟတ်များအရ မတူညီသော ဆုံးဖြတ်ချက်နှစ်ခုချမှတ်ခဲ့ပါလျှင် နှစ်ဦးစလုံးသည် မှန်ကန်သည်ဟုမှတ်ယူရမည်လော၊ သို့မဟုတ် တစ်ဦးအားငြင်းပယ်ရမည်လော

များစွာသော ဋီကာရှင်တို့က ဤကိစ္စကို အကျဉ်းအားဖြင့်သော်လည်းကောင်း၊ အကျယ်တဝင့်သော် လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။ ယင်းမှ မွဂျ်တဟီဒီးန် (مُجْتَهِدِيْن) အားလုံးတို့၏ ကွဲပြားခြားနားမှုကို မှန်ကန်သည်ဟု မှတ်ယူရမည်လော၊ ၎င်းနောက် ဆန့်ကျင်သော ဆုံးဖြတ်ချက်နှစ်ခုအား ခိုင်လုံသည်ဟုမှတ်ယူရမည်လော၊ အကယ်၍ ဆန့်ကျင်ဘက်ဖြစ်နေပါက တစ်ခုအားလက်ခံကာ အခြားတစ်ခုကို ငြင်းပယ်ရမည်လော ဟူ၍ဖြစ်ပါသည်။ ကုရ်တွၛီက ဤကိစ္စရပ်အား အသေးစိတ် မြောက်မြားစွာဖြင့် တင်ပြထားသည်။ ကနဦးကပင် ဤကိစ္စရပ်အတွက် ဘာသာရေးဆိုင်ရာ ပညာရှင်များတွင် မတူကွဲပြားခြားနားသော အယူအဆများရှိကာ ၎င်းတို့၏ ကျိုးကြောင်းပြချက်များကိုလည်း ဖော်ပြထားသည်။ အားလုံးသောသူများသည် သူတို့အယူအဆများအတွက် အထောက်အကူပြုမှုများကို ဤအာယသ်တော်မှ ထုတ်လုပ်ခဲ့ကြပါသည်။ မတူညီသောဆုံးဖြတ်ချက်များသည်ပင်လျှင် မှန်ကန်သည်ဟု ထောက်ခံသောသူများက သူတို့၏ကျိုးကြောင်းပြချက်ကိုအာယသ်တော်၏နောက်ဆုံးဝါကျဖြစ်သော "وَكُلًّا اٰتَيْنَا حُكْمًا وَّعِلْمًا ငါအရှင်မြတ်သည် (ဒါဝူဒ်နှင့် စုလိုင်မာန် တမန်တော်နှစ်ပါးအနက်) အသီးသီးအား ဆင်ခြင်တုံတရားကိုလည်းကောင်း၊ အသိပညာကိုလည်းကောင်း ချီးမြှင့် ပေးသနားတော်မူခဲ့၏။ (၂၁း၇၉)" ဟူသည့်အပေါ်၌ အခြေခံထားသည်။ ဤဝါကျက ရှင်းလင်းသော အသုံးနှုန်းများဖြင့် ထောက်ပြထားသည်မှာ စိုက်ယိဒိနာဒါဝူဒ်ﷺနှင့် စိုက်ယိဒိနာစုလိုင်မာန်ﷺနှစ်ဦးစလုံးအား အလွှာဟ်အရှင်မြတ်သည် အသိပညာနှင့် ဆင်ခြင်တုံတရားတို့အား ချီးမြှင့်ထားကာ ၎င်းနောက် စိုက်ယိဒိနာဒါဝူဒ်ﷺအား ပြစ်တင်မောင်းမဲခြင်း၊ သူ၏အမှားအတွက် သတိပေးခြင်းမျိုးလည်း မပါရှိပါ။ ထို့ကြောင့် ဤသည်က စိုက်ယိဒိနာဒါဝူဒ်ﷺနှင့် စိုက်ယိဒိနာ စုလိုင်မာန်ﷺတို့ နှစ်ဦးစလုံး၏ ဆုံးဖြတ်ချက်များသည် ခိုင်လုံကာ မှန်ကန်သည်ဆိုကြောင်း သက်သေ ပြပါသည်။ သို့သော်လည်း စိုက်ယိဒိနာစုလိုင်မာန်ﷺပေးခဲ့သော ဆုံးဖြတ်ချက်သည် နှစ်ဦးနှစ်ဖက်အား အကျိုးရှိစေသောကြောင့် ယင်းဆုံးဖြတ်ချက်သည် နှစ်လိုဖွယ်ရာ ဖြစ်ပါသည်။ အိဂျ်သိဟာဒီ(اِجْتِهَادٌ) ကွဲလွဲမှုကြောင့် ဆုံးဖြတ်ဖျက်ချက်တစ်ခု သည်သာ မှန်ကန်ပြီး အခြားသောဆုံးဖြတ်ချက်အား ငြင်းပယ်ရမည် သို့မဟုတ် မခိုင်လုံဟုသတ်မှတ်ရမည်ဟူ၍ အချေအတင် ပြောဆိုသူများကလည်း ဤအာယသ်၏ ပထမဝါကျ فَفَهَّمْنٰهَا سُلَيْمٰنَ "ငါအရှင်မြတ်သည် စုလိုင်မာန်အား ယင်းအမှု(၏ အဆုံးအဖြတ်)ကို သိနားလည်စေတော်မူခဲ့၏။ (၂၁း၇၉)"ကို တင်ပြကြပါသည်။ စိုက်ယိဒိနာစုလိုင်မာန်ﷺ ဆုံးဖြတ်ချက်ကို သီးသန့်နှစ်သက်ရခြင်းမှာ ထိုဆုံးဖြတ်ချက်ကို သူ့အား အလွှာဟ်အရှင်မြတ်က ချပေးသနားတော်မူခြင်းကြောင့် ဖြစ်သည်ဟု ၎င်းတို့က ပြောကြပါသည်။ ထို့ကြောင့် စိုက်ယိဒိနာဒါဝူဒ်ﷺ ကြေညာခဲ့သောဆုံးဖြတ်ချက်သည် မမှန်ကန် သည့်တိုင် သူသည် ဤဆုံးဖြတ်ချက်အား သူ၏ အိဂျ်သိဟားဒ်(اِجْتِهَاد)မှတစ်ဆင့် ပြုလုပ်ခဲ့နိုင်သောကြောင့် အပြစ် အပေါင်းမှ ကင်းစင်ပါသည်။ ဤကိစ္စရပ်ကို ဓမ္မသတ်ကျမ်းများထဲ၌ များစွာသော အသေးစိတ်များနှင့် ဆွေးနွေးထားပါသည်။ ဤနေရာ၌ တစ်စုံတစ်ဦးသည် တမန်တော်မြတ်ﷺမိန့်ကြားထားသည်ကို စိတ်ထဲ၌ စွဲမှတ်ထားရသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည်၊ အိဂျ်သိဟားဒ်(اِجْتِهَاد) ပြုလုပ်ခဲ့ကာ အိဂျ်သိဟာဒ်နှင့် သက်ဆိုင်သော ဘာသာရေးမူများ အရ ဆုံးဖြတ်ချက်တစ်ခုပေးခဲ့ပါလျှင် သူ၏ အိဂျ်သိဟားဒ်သည် မှန်ကန်ပါက သူ ဆုလာဘ်နှစ်ခုရပါလိမ့်မည်။ တစ်ခုမှာ အိဂျ်သိဟားဒ်အတွက် သူ၏ကြိုးပမ်းမှုနှင့် ဒုတိယတစ်ခုမှာ မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်မှုအတွက် ဖြစ်ပါသည်။ သို့ရာတွင် သူ၏ အိဂျ်သိဟားဒ် မှားယွင်းသည့်တိုင် သူကြိုးပမ်းမှုအတွက် ဆုလာဘ်တစ်ခု ရပါသေးသည်။ (ဤဟဒီးဆ်အား ခိုင်လုံသောဟဒီးဆ်များပါဝင်သော ကျမ်းစာအုပ်များတွင် တင်ပြထားပါသည်။) ဤဟဒီးဆ်က ရှင်းလင်းပြသထား သေးသည်မှာ ပညာရှင်များအကြား

ဤကိစ္စနှင့်ပတ်သက်၍ ကွဲပြားခြားနားခြင်းသည် ဝါကျ၏အဓိပ္ပာယ်ရင်းမြစ်နှင့် ဆိုင်သောကြောင့်ဖြစ်သည်။

ဤကွဲပြားခြားနားချက် နှစ်ခုစလုံးသည် ခိုင်လုံသည်ဟု ယုံကြည်သူအတွက် အကျိုးဆက်မှာ မှားယွင်းသော မုဂျ်သဟိဒ် (مُجْتَهِدٌ)နှင့် ၎င်းတို့နောက်လိုက်များ၏ အိဂျ်သိဟဒ် (اِجْتِهَادٌ)သည်မှန်ကန်ကာ ယင်းအတိုင်း လုပ်ဆောင်ခြင်းက ၎င်းတို့အား ကယ်တင်ခံရခြင်းဆီသို့ ရောက်ရှိစေပါသည်။ ဆုံးဖြတ်ချက်တစ်ခုက မှန်ကန်ပြီး အခြားဆုံးဖြတ်ချက်တစ်ခုသည် မှားယွင်းသည်ဆိုသော အယူအဆအတွက် အကျိုးဆက်မှာ မှားယွင်းသော မုဂျ်သဟိဒ်၏ ဆုလာဘ်သည် လျော့နည်းသွားပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ အိဂျ်သိဟာဒ်သည် လုံးဝမှန်ကန်သော ဆုံးဖြတ်ချက် မဖြစ်သောကြောင့်ဖြစ်ပါသည် ဆိုသည်ထက် မပိုပါ။ သူသည် ပြစ်တင်ခံရခြင်းအားလုံးမှ ကင်းရှင်းပါလိမ့်မည်။ ၎င်းနောက် သူ၏နောက်လိုက်များအား ပြစ်မှုဂုနာဟ်ကျူးလွန်သူများဟု မှတ်ယူလိမ့်မည်မဟုတ်ပါ။ (ဤကိစ္စနှင့်ပတ်သက်၍ ပိုမိုသော အသေးစိတ်အချက်များကို သိရှိလိုသောသူများသည် ဤအကြောင်းအရာအား နှိုက်နှိုက်ချွတ်ချွတ် ဆွေးနွေးထားသော ကုရ်တုဗီအကျယ်ဖွင့်ဆိုချက်ကို ကြည့်ရှုပါရန် အကြံပြုပါသည်။)

လူတစ်ဦး၏ တိရစ္ဆာန်များက အခြားသူတစ်ဦးကို အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အခြားသူ၏ ပိုင်ဆိုင်ပစ္စည်းကို ဖျက်ဆီးစေခြင်း အတွက်မေးခွန်း

တစ်စုံတစ်ဦးက သူသည် စိုက်ယိဒိနာဒါဂူးဒ်ﷺ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်မှ ထုတ်နုတ်နိုင်သည်မှာ အကယ်၍ တစ်စုံတစ်ယောက်၏ တိရစ္ဆာန်များသည် ညဉ့်အခါ၌ သူတစ်ဦး၏ ပိုင်ဆိုင်ပစ္စည်းများကို ဖျက်ဆီးစေခဲ့လျှင် တိရစ္ဆာန် များပိုင်ရှင်သည် ဆုံးရှုံးနစ်နာသူကို သူ၏ဆုံးရှုံးမှုများအတွက် အစားပေးလျော်ရမည်။ သို့သော်လည်း စိုက်ယိဒိနာဒါဂူးဒ်ﷺ၏ တရားရေးဆိုင်ရာ ကိုဝဉပဒေနှင့်အညီ ပေးထားသောဆုံးဖြတ်ချက်ကို ထိုအချက်ဖြစ်ရပ်ကြောင့် တမန်တော်မြတ်ﷺ၏ရှရီအသ်တွင် လိုက်လုပ်ဆောင်ရန် မလိုချေ။ ဤသည်ကြောင့် ဓမ္မသတ်ပညာရှင် အကြီးအကဲများကြား ဤကိစ္စနှင့်ပတ်သက်၍ အယူအဆ ကွဲပြားခြားနားချက်တစ်ရပ် ဖြစ်သည်။ အီမာမ်ရှာဖိအီ ﷺ ထုတ်နုတ်ထားသော ဥပဒေသ အရဆိုလျှင် အကယ်၍ တစ်စုံတစ်ဦး၏ တိရစ္ဆာန်များသည် အခြားသူတစ်ဦး၏လယ်ကွင်းကို ညဉ့်အခါသွားရောက် ဖျက်ဆီးခဲ့သည်ဆိုလျှင် တိရစ္ဆာန်ပိုင်ရှင်သည် ဆုံးရှုံးမှုအတွက် အစားပေးလျော်ရပေမည်။ သို့သော်လည်း အကယ်၍ နေ့တွင် လယ်ကွင်းကို ဖျက်ဆီးခဲ့လျှင်မူကား တိရစ္ဆာန်ပိုင်ရှင်သည် ဆုံးရှုံးမှုအတွက် အစားပေးလျော်ရန် မလိုချေ။ ဤဥပဒေသည် စိုက်ယိဒိနာဒါဂူးဒ်ﷺ၏ ဆုံးဖြတ်ချက်မှ ကောက်ယူထားသည်ဟု ပြောနိုင်သည်။ သို့သော်လည်း စင်စစ် သူသည် ဤဥပဒေသကို တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်တစ်ရပ်ပေါ် အခြေခံထားသည်။ ဤမိန့်ကြားချက်ကို အီမာမ်မာလိက်၏ မုဝါတ်သာအ်ကျမ်းတွင် မုရ်စလ်(مُرْسَلٌ)အဖြစ် ဖော်ပြထားသည်။ ဤဟဒီးစ်တော်သည် စိုက်ယိဒိနာ ဗရာအ်အိဗနိအာဇိးဗ်ﷺပိုင်ဆိုင်သော ကုလားအုတ်တစ်ကောင်သည် တစ်စုံတစ်ဦး၏ သစ်သီးခြံတွင် ဝင်ရောက် ဖျက်ဆီးခဲ့ခြင်းနှင့်ပတ်သက်သည်။ ဤကိစ္စ တမန်တော်မြတ်ﷺကို တင်ပြသောအခါတွင် ကိုယ်တော်မြတ်ﷺက ဥပဒေထုတ်သည်မှာ ဤလယ်ကွင်းများနှင့်သစ်သီးခြံကို ညဉ့်အခါ ကာကွယ်စောင့်ရှောက်ရန်မှာ ပိုင်ရှင်တာဝန်ဖြစ်သည်။ အကယ်၍ ပိုင်ရှင်များက လိုအပ်သည်ကို လုပ်ဆောင်ထားပါလျက် တိရစ္ဆာန်များက ကောက်ပဲသီးနှံများကို ဝင်ရောက်ဖျက်ဆီးခဲ့ပါလျှင် တိရစ္ဆာန်ပိုင်ရှင်က ဆုံးရှုံးမှုအတွက် အစားပေးလျော်ရမည်။ တစ်ဖက်တွင်မူ အီမာမ်အဒ်ဖွမ် အဗူဟနီဖာဟ်ﷺနှင့် ကူဖာမှဓမ္မသတ်ပညာရှင်များ၏ အယူအဆမှာ အကယ်၍ တိရစ္ဆာန်ပိုင်ရှင်သော်လည်းကောင်း တိရစ္ဆာန်ထိန်းကျောင်းသူသော်လည်း ရှိနေပါလျက် ၎င်းတို့၏ ဂရုမစိုက်လျစ်လျူရှုမှုကြောင့် တိရစ္ဆာန်များက လယ်ကွင်း သို့မဟုတ် သစ်သီးခြံကို ဖျက်ဆီးခဲ့သည်ဆိုလျှင် နေ့တွင်ဖြစ်စေ ညတွင်ဖြစ်စေ ပျက်စီးဆုံးရှုံးမှုအတွက်

အစား ပေးလျော်ရန်မှာ ပိုင်ရှင်တာဝန်ဖြစ်သည်။ သို့ရာတွင် ထိန်းကျောင်းသူမပါဘဲ ပိုင်ရှင်ကလည်း ဂရုမစိုက်သည်မဟုတ်လျှင် တိရစ္ဆာန်များသည် လှည့်လည်သွားလာ၍ တစ်စုံတစ်ဦး၏ လယ်ကွင်းတွင်ဝင်၍ ဖျက်ဆီးခဲ့လျှင် ပိုင်ရှင်က အစားပေးလျော်ရန် တာဝန်မရှိချေ။ (ယင်းတွင် နေ့ဖြစ်စေ ညဖြစ်စေ) အီမာမ်အဗူဟနီဖာဟ်ﷺက ဤဥပဒေကို ဗူခါရီ ကျမ်း၊ မုစ်လင်မ်ကျမ်းနှင့် အခြားဟဒီးစ်ပညာရှင်များ၏ တင်ပြထားသော ဟဒီးစ် " جرح العجماء جبار " တိရစ္ဆာန်တစ်ကောင်ကြောင့် ဖြစ်ပေါ်ခဲ့သော အနာတရဖြစ်မှုအတွက် အစားမပေးလျော်ရချေ"အပေါ် အခြေခံထားသည်။ ယင်းက ဆိုလိုသည်မှာ တိရစ္ဆာန် ပိုင်ရှင်သည် သူ့တိရစ္ဆာန်ကြောင့် လယ်ကွင်းပိုင်ရှင်၏ မည်သည့်ပျက်စီးမှုအတွက်ကိုမျှ အစားပေး လျော်ရန် မလိုပါ။ (ပျက်စီးနေချိန်တွင် တိရစ္ဆာန်ပိုင်ရှင်သည်လည်းကောင်း တိရစ္ဆာန်ထိန်းကျောင်းသူသည်လည်းကောင်း တိရစ္ဆာန်နှင့် အတူတကွ ရှိမနေရပါ) ဤမိန့်ဆိုချက်က ဥပဒေသပြုလုပ်ခဲ့သည်မှာ ဖြစ်ပွားချိန်မှာ နေ့တွင်လည်း ကောင်း၊ ညဉ့်တွင် လည်းကောင်း ဖြစ်သည် ဖြစ်စေ အကယ်၍ တိရစ္ဆာန်ပိုင်ရှင်သည် သူ့တိရစ္ဆာန်ကို အခြားသူတစ်ဦး၏ လယ်ကွင်းအတွင်း တမင်တကာလွှတ်ခြင်း မဟုတ်လျှင်လည်းကောင်း၊ တိရစ္ဆာန်သည် အလိုအလျောက် လွတ်ပြေးခြင်း ဖြစ်ခဲ့လျှင် လည်းကောင်းဖြစ်ခဲ့လျှင် ထိုတိရစ္ဆာန်ပိုင်ရှင်သည် ပျက်စီးမှုများအတွက် တာဝန်မရှိပါ။

၄က်များနှင့်တောင်များက အလ္လာဟ်အရှင်မြတ်ကို ချီးကျူးထောမနာပြုခြင်း

"وَسَخَّرْنَا مَعَ دَاوُدَ الْجِبَالَ يُسَبِّحْنَ وَالطَّيْرَ ۚ وَكُنَّا فَاعِلِينَ" ငါအရှင်မြတ်သည် ဒါဝူဒ်နှင့်အတူတောင်များကို လိုက်နာစေတော်မူခဲ့ရာ ထိုတောင်များသည် (ဒါဝူဒ် နှင့်အတူ) ငါအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ဘာဝနာပွားလျက် ရှိကြပေသည်။ ထိုနည်းတူစွာ ၄က် တိရစ္ဆာန်များသည်လည်း (ဒါဝူဒ်နှင့်အတူ လိုက်နာစေတော်မူခဲ့သည်) ၂၁း၇၉"အလ္လာဟ်အရှင်မြတ်သည်စိုက်ယိဒိနာဒါဝူဒ်ﷺကိုအခြားပြင်ပဆိုင်ရာအကြွင်းမဲ့သာလွန်မှုများနှင့်အတူ သာယာနာပျော်ဖွယ်အသံကိုလည်း ချီးမြှင့်ခဲ့ပါသည်။ သူက ဇဝူရ်ကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်လျှင် ပျံသန်းနေသော ၄က်များက ရပ်တန့်၍ ၎င်းနှင့်အတူ ဖတ်ရွတ်သရဇ္ဈာယ် ကြသည်။ အလားတူပင် တောင်များနှင့်သစ်ပင်များကလည်း အလ္လာဟ်အရှင်မြတ်ကို ချီးကျူးထောမနာပြု သီဆိုနေ သကဲ့သို့သော အသံများ ထွက်ပေါ်လာပါသည်။ သူ့ကို သာယာနာပျော်ဖွယ်အသံ ချီးမြှင့်ထားခဲ့ခြင်းသည် သူ၏ အပြင် ပိုင်းဆိုင်ရာ ဂုဏ်ထူးဝိသေသဖြစ်၍ သူနှင့်အတူ ၄က်များနှင့် တောင်များက အလ္လာဟ်အရှင်ကို ချီးကျူးထောမနာကြခြင်းမှာ မုအ်ဂျိဇာဟ် အံ့ဖွယ်တစ်ရပ်ဖြစ်သည်။ ယခု အံ့ဖွယ်မုအ်ဂျိဇာဟ်တစ်ရပ်ဖြစ်ပေါ်ရန်အတွက် ၄က်များနှင့်တောင်များတွင် အသက်နှင့် အသိဉာဏ်ရှိရန် မုချမလိုအပ်ချေ။ အစောပိုင်းကတည်းက ဤဂုဏ်ထူးဝိသေသမရှိဘဲ အသိဉာဏ်ကို မုက်ဂျိဇာဟ်တစ်ရပ်က ပေးနိုင်သည်။ သို့သော်လည်း သိပ္ပံဆိုင်ရာသုတေသနက ကျောက်တုံးများနှင့် တောင်များတွင် အသက်နှင့်အသိပညာ အကန့်အသတ်တစ်ရပ်နှင့်ရှိကြောင်း သက်သေပြထားခဲ့သည်။

ဆွဟာဗဟ်သာဝကကြီးများအနက် စိုက်ယိဒိနာအဗူမူစာအလ်အရှ်ရီ်ﷺမှာ အလွန်သာယာနာပျော်ဖွယ်အသံရှိခဲ့ပါသည်။ တစ်ချိန်က ၎င်းကဲ့ရဲအာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်နေချိန်တွင် တမန်တော်မြတ်ﷺသည် သူ့အနားမှ ဖြတ်လျှောက်သွားခဲ့သည်။ ကိုယ်တော်မြတ်ﷺသည် ရပ်တန့်၍ ၎င်း၏ ရွတ်ဖတ်သရဇ္ဈာယ်မှုကို နားထောင်ခဲ့သည်။ ထို့နောက် တမန်တော်မြတ်ﷺက အဗူမူစာအလ်အရှ်အနီအား စိုက်ယိဒိနာဒါဝူဒ်ﷺ၏ သာယာနာပျော်ဖွယ်အသံကို အလ္လာဟ်အရှင်မြတ်က ချီးမြှင့်တော်မူခဲ့သည်ဟု မှတ်ချက်ချခဲ့သည်။ သူ၏ဖတ်ရွတ်သရဇ္ဈာယ်မှုကို တမန်တော်မြတ်ﷺနားဆင်ခဲ့ကြောင်း အဗူမူစာﷺသိရှိခဲ့သောအခါ၌ "အကယ်၍သာ ကိုယ်တော်မြတ်ﷺ နားဆင်နေ ေ

ကြောင်း ကျွန်တော်မျိုးသိခဲ့ရလျှင် ပို၍ဂရုတစိုက်ဖတ်ပါလိမ့်မည်" ဟုပြောဆိုခဲ့သည်။

အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာဒါဝူးဒ် ﷺအား သံချပ်အင်္ကျီပြုလုပ်နည်း ပေးကမ်းချီးမြှင့်ခဲ့သည်

وَعَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ "ထင်းပြင် ငါအရှင်မြတ်သည် ဒါဝူးဒ်အား အသင်တို့သည်အကျိုးငှာ သံချပ်အင်္ကျီပြုလုပ်သော အတတ် ပညာကို သင်ပေးတော်မူခဲ့၏။ ၂၁း၈၀" အဘိဓာန်အရ لَبُوْسٍ ဟူသော စကား လုံးသည် အကာအကွယ်ပြုရန် လည်ပင်း၌ ဝတ်ဆင်ထားသောအရာကို သုံးနှုန်းသည်။ ဤနေရာ၌ ယင်းကို သံချပ် အင်္ကျီအတွက် အသုံးပြုထားသည်။ ယင်းက စစ်ပွဲတွင် ရန်သူမှ အကာအကွယ်ဖြစ်စေရန် အသုံးဝင်သည်။ အခြား အာယသ်တွင် အလ္လာဟ်အရှင်မြတ်က وَاَلَنَّا لَهُ الْحَدِيْدَ ဟု မိန့်ထားသည်။ ယင်းမှာ "ထိုမှတစ်ပါး ငါအရှင်မြတ်သည် "ဒါဝူးဒ်"အဖို့ သံကို ပျော့ပျောင်းစေတော်မူခဲ့၏။ (၄၃း၁၀)" ဖြစ်သည်။ ဤသည်ကဆိုလိုသည်မှာ စိုက်ယိဒိနာဒါဝူးဒ်ﷺ ၏လက်များဖြင့် သံကိုပျားဖယောင်းကဲ့သို့ ပျော့ပျောင်းစေ သည်ကိုလည်းကောင်း သို့မဟုတ် ယခုခေတ် ပန်းပဲဖိုများတွင် ပြုလုပ်နေကျအတိုင်း သံကိုအပူပေး၍ ပျော့ပျောင်းစေကာ ပုံသွင်းခြင်းအား သူ့ကို သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

လူသားများအတွက် အကျိုးဖြစ်ထွန်းစေသည့် ကျွမ်းကျင်မှုများသည် နှစ်လိုဖွယ်ဖြစ်၍ ယင်းတို့သည် တမန်တော်များ၏ လုပ်ရပ်များနှင့် အလားတူသည်။

အထက်ပါအာယသ်ကလည်း သံချပ်အင်္ကျီပြုလုပ်ခြင်းလုပ်ငန်း၏ အကျိုးကျေးဇူးကို ရှင်းလင်းပြသထား သည်ဟု ဆိုလိုသည်မှာ لِتُحْصِنَكُمْ مِّنْۢ بَاْسِكُمْ "သို့မှသာလျှင် ယင်းသံချပ်ကာအင်္ကျီသည် အသင်တို့အား အသင်တို့ စစ်တိုက်ခိုက်ရာတွင် ကာကွယ်နိုင်မည်ဖြစ် ပေသည်။ ၂၁း၈၀" ဤလိုအပ်ချက်တစ်ရပ်မှာ ဘာသာရေးဆိုင်ရာနှင့် လောကီရေးဆိုင်ရာ ရည်ရွယ်ချက်နှစ်ရပ်စလုံးအတွက် စကြဝဠာလုံးဆိုင်ရာ လိုအပ်ချက်ဖြစ်သည်။ ထို့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်က ဤအတတ်ပညာကို စိုက်ယိဒိနာဒါဝူးဒ် ﷺကို လက်ဆောင်တစ်ရပ်အဖြစ် သူ့ကိုသင်ကြားပေး ခဲ့သည်။ ထို့ကြောင့် လူများ၏လိုအပ်ချက်ကို တာဝန်ထမ်းသော မည်သည့်ကျွမ်းကျင်မှုကိုမဆို သင်ကြားပေးခြင်း၊ သင်ယူခြင်းသည် မြင့်မြတ်သော အပြုအမူတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ယင်းသည် လူသားများအတွက်သာဖြစ်၍ ငွေကြေးအမြတ်အစွန်း မဖြစ်စေရပါ။ မတူကွဲပြားသော တမန်တော်များသည် ၎င်းတို့ခေတ်အခါကာလတွင် မတူကွဲပြား သော ကျွမ်းကျင်မှုများ တတ်မြောက်ခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။ ပမာဆိုသော် စိုက်ယိဒိနာအာဒမ်ﷺသည် ထွန် ယက်စိုက်ပျိုးမှုတွင် ကျွမ်းကျင်သည်။ တမန်တော်မြတ်ﷺ မိန့်ကြားခဲ့သည်မှာ စက်မှုအတတ်ပညာရှင်တစ်ဦးသည် လူများကို အလုပ် အကျွေးပြုရန် ဟူသော ရည်ရွယ်ချက်ဖြင့် သူ့ထုတ်ကုန်ကို ထုတ်လုပ်လျှင် တမန်တော်မူစာﷺ၏ မိခင်နှင့် တူပေမည်။ ထိုမိခင်ကြီးသည် သူ့သားငယ်ကို ကျွေးမွေးသုတ်သင်သည်သာမက ယင်းအလုပ်အတွက် အခ ကြေးငွေပင် ရရှိခဲ့ပါသည်။ အလားတူ စက်မှုပညာရှင်တစ်ဦးသည် လူသားကို အလုပ်အကျွေးပြုရန်အတွက် စံထား၍ လုပ်လျှင် အကျိုးနှစ်ဆရပေမည်။ တစ်ခုမှာ လူအများကို အလုပ်အကျွေးပြုခြင်းဖြစ်၍ အခြားတစ်ခုမှာ သူ့ စက်မှု ထုတ်ကုန်များကို ဈေးကွက်ချရောင်းခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာအကျိုးအမြတ် ရရှိပါသည်။

စိုက်ယိဒိနာစုလိုင်မာန်ﷺအား လေက နာခံစေရန်ပြုလုပ်ခြင်းနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ

ဟစန်အလ်ဗစရီﷺက အောက်ပါအဖြစ်အပျက်ကို တင်ပြထားသည်။ တစ်ချိန်က စိုက်ယိဒိနာစုလိုင်မာန် ﷺ သည် သူ၏မြင်းတပ်အား စစ်ဆေးခဲ့ပါသည်။ ထိုစစ်ဆေးမှု၌ သူမည်မျှ စိတ်ဝင်စားသွားသနည်းဟူမူ သူ အဆွရ်

ဆွလာသ်ဝတ်ပြုမှုလွတ်သွားပါသည်။ သူသည် သူ၏လစ်ဟင်းမှုအား သတိရသောအခါ၌ အလွန်ဝမ်းနည်းသွားပါသည်။ သူ၏လစ်ဟင်းမှုသည် ဤမြင်းများကြောင့်ဖြစ်ရသည်ဆိုကာ မြင်းများအား မြင်းတပ်မှ ဖယ်ရှားပစ်လိုက်သည်။ ဤလုပ်ရပ်သည် အလ္လာဟ်အရှင် ကျေနပ်နှစ်သက်မှုရရှိစေရန်နှင့် သူ၏မေ့လျော့မှုကို ကျေရာကျေကြောင်း ဖြစ်စေသောကြောင့် အလ္လာဟ်အရှင်သည် သူ၏အမိန့်အား လေက နာခံစေခြင်းဆိုသည့် ဆုလာဘ်ချီးမြှင့်ခဲ့ပါသည်။ လေသည် ပိုမိုကောင်းမွန်၍ ပိုမိုမြန်ဆန်စွာ သယ်ယူ ပို့ဆောင်ပေးသည့်အရာ ဖြစ်ပါသည်။ ဤအဖြစ်အပျက်ကို စူရာဟ်ဆွဒ် (سورة ص) အကျယ်ဖွင့်ဆိုရာ၌ အကျယ်တဝင့်ဖော်ပြပါမည်။ (အင်နှရာအလ္လာဟ်)။

"وَ لِسُلَيْمٰنَ الرِّيْحَ عَاصِفَةً" (ငါအရှင်မြတ်သည်) စုလိုင်မာန်အား ပြင်းထန်စွာတိုက်ခတ်သောလေကို နှိုင်နင်းစေတော်မူခဲ့၏။"(၂၁း၈၁)။ ဤဝါကျသည် အစောပိုင်းကအာယသ်ဖြစ်သော "وَ سَخَّرْنَا مَعَ دَاوٗدَ ငါအရှင်မြတ်သည် ဒါဝူးဒ်နှင့်အတူ တောင်များကို လိုက်နာတော်မူခဲ့၏" (၂၁း၇၉) အဆက်ဖြစ်သည်။ ထို့ကြောင့် ဤသည်ကဆိုလိုသည်မှာ အလ္လာဟ်တအာလာသည် ၄က်များနှင့်တောင်များအား ဒါဝူးဒ်ﷺအားနာခံစေကာ သူဇဝုရ်ကျမ်းကို ရွတ်ဆိုသောအခါ၌ ထို၄က်များနှင့်တောင်များက သူနှင့်အတူ ရွတ်ဆိုသကဲ့သို့ပင် စုလိုင်မာန်ﷺ လေများကနာခံစေပြီး ၎င်းသွားလိုသည့်နေရာသို့ လေက ၎င်း၏ အတောင်ပေါ်သို့တင်ကာ မြန်မြန်ရောက်စေရန် အလ္လာဟ်အရှင်မြတ်က ပြုလုပ်ပေးသနားထားပါသည်။ ဤနေရာ၌ မှတ်သားထိုက်သည်မှာ ဒါဝူးဒ်ﷺအား ၄က်များနှင့်တောင်များက နာခံမှုကို ဖော်ပြရာ၌ مَعَ (နှင့်အတူ) ဟူသော စကားလုံးကို သုံးစွဲထားသည်။ သို့ရာတွင် စုလိုင်မာန်ﷺအား လေများက နာခံမှုဖော်ပြရာ၌ لام (အတွက်) ဟူသော စကားလုံးကို သုံးစွဲထားသည်။ ဤကဲ့သို့ သုံးစွဲထားမှု၌ နာခံခြင်းသည် မတူကွဲပြားသည်ဆိုကြောင်း နူးညံ့သော အညွှန်းပါဝင်ပါသည်။ ဒါဝူးဒ်ﷺကိစ္စ၌ ၄က်များနှင့်တောင်များသည် အလ္လာဟ်အရှင်အား ချီးကျူးထောမနာမှုကို တစ်ပြိုင်နက်တည်း သီကျူးရာ၌ သူ၏မည်သို့သော အမိန့်မှမပါပါ။ သို့ရာတွင် စိုက်ယိဒနာ စုလိုင်မာန်ﷺ၏ ကိစ္စတွင်မူ သူသွားလိုသည့်အချိန် သူသွားလိုသည့်နေရာတို့ကို လေများက သယ်ယူပို့ဆောင်ပေးရာ၌ သူ၏အမိန့်အရသာဖြစ်သည်။ (အလ်ဗိုင်ဒါဝီအား ကိုးကား၍ ရူဟုလ်မအာနီကျမ်း)

သူ၏အကျယ်ဖွင့်ဆိုမှု၌ အိဗနိကဆီးရ်က ပိုမိုသောအသေးစိတ်တို့ဖြင့် စုလိုင်မာန်ﷺ လေများပေါ်၌ သူစီးနင်းသွားသော ကြမ်းပြင်အကြောင်းကိုဖော်ပြထားသည်။ ယင်းကြမ်းပြင်ကို သစ်သားဖြင့်ပြုလုပ်ထားကာ အရွယ်အစား အလွန်ကြီးမားလှသောကြောင့် ယင်းအပေါ်၌ အစိုးရအရာရှိများနှင့်အတူ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော စစ်တပ်ကြီး တစ်တပ်ကိုပင် တင်ဆောင်နိုင်ပါသည်။ ၎င်းနောက် လေသည် ထိုသူများအားလုံးကို သွားလိုသောနေရာသို့ အမိန့်အတိုင်း ပို့ဆောင်ပေးပါသည်။ နှစ်လတာကြာ သွားရမည့်ခရီးကို တစ်ရက်တည်းနှင့်ရောက်အောင် ပို့ဆောင်ပေးနိုင်ပါသည်။

စိုက်ယိဒနာစအိဒ် အိဗနိဂျုဗိုင်း၏ ခိုင်လုံမှုအရ အဗီဟာသင်က ဆင့်ပြန်ထားသည်မှာ ဤကြမ်းပြင်ပေါ်၌ ထိုင်ခုံခြောက်သိန်းပါရှိကာ စုလိုန်မာန်ﷺနှင့် သက်ဝင်ယုံကြည်သူ လူသားများသည် ရှေ့ပိုင်းတွင်ထိုင်ကြကာ နောက်ပိုင်းတွင် သက်ဝင်ယုံကြည်သော ဂျင်နီများထိုင်ကြပါသည်။ ထို့နောက် နေ၏အပူဒဏ် အကာအကွယ်ရစေရန်အတွက် ၄က်များအား အပေါ်မှ လိုက်ပါပျံသန်းရန် အမိန့်ပေးခဲ့ပါသည်။ ထို့နောက် စုလိုင်မာန်ﷺ၏အမိန့်အရ လေသည် ကြမ်းပြင်ကြီးအား သတ်မှတ်ထားသော ခရီးဆုံးသို့ ပို့ဆောင်ပေးပါသည်။ အချို့သော ဆင့်ပြန်ချက်များက တင်ပြထားသည်မှာ ဤလေကြောင့် ခရီးတစ်လျှောက်လုံးတွင် စိုက်ယိဒနာစုလိုင်မာန်ﷺသည် အလွန်ရိုကျိုးစွာဖြင့် သူ၏ဦးခေါင်းကို ညွတ်ထားကာ အလ္လာဟ်အရှင်အား ဒုအာတောင်းဆုပြုကာ ကျေးဇူးတင်ရှိနေပါသည်။ သူ၏ ဦးခေါင်းသည် ဝဲယာဘက်ကို မလှည့်ပါ။

عَاصِفَةً (ပြင်းထန်သော) رِيْحَ عَاصِفَةً ဟူသောစကားလုံး၏ ဝေါဟာရအဓိပ္ပာယ်မှာ ပြင်းထန်ပြီး လျင်မြန်သော လေ ဟူ၍ဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ လေ၏အရည်အသွေးတစ်ခုအား رُخَاءً ဟူ၍ ပေးထားပါသည်။ ယင်း၏အဓိပ္ပာယ်မှာ လေပြည်လေညင်း ဖြစ်ပါသည်။ ယင်းလေပြည်လေညင်းသည် ဖုန်မှုန့်များ မထစေသကဲ့သို့ လှုပ်ခါးလည်း မထကြွစေပါ။ ဤအဓိပ္ပာယ်ဖွင့် ဆိုချက်များအရဆိုလျှင် လေ၏အရည်အသွေးများသည် ဝိရောဓိဖြစ်နေပါသည်။ သို့ရာတွင် ဤဝိရောဓိနှစ်ခု ပြေလည်နိုင်စေသည်မှာ နှစ်လတာမျှကြာသော ခရီးအား တစ်ရက်တည်းဖြင့် ပြီးမြောက်စေခဲ့သော်လည်း မည်သည့်လှိုင်းထကြွမှုမျိုးမျှ မဖြစ်ခဲ့ပါဟု တင်ပြထားသည်။ ဤကြမ်းပြင်လေထဲ၌ ပျံသန်းနေစဉ် ပျံသန်းမှုကြောင့် ပေါ်ထွက်လာသော လေ၏အရှိန်သည် မည်သည့်ဂက်ကိုမျှ အန္တရာယ်မပေးပါ။

စုလိုင်မာန်ﷺအား ဂျင်နှင့်ရှိုင်တွာန်များ၏ နာခံမှု

وَ مِنَ الشَّيٰطِيْنِ مَنْ يَّغُوْصُوْنَ لَهٗ وَ يَعْمَلُوْنَ عَمَلًا دُوْنَ ذٰلِكَ وَ كُنَّا لَهُمْ حٰفِظِيْنَ ထိုမှတစ်ပါး ရှိုင်တွာန်မိစ္ဆာကောင်တို့တွင် အကြင် ရှိုင်တွာန်မိစ္ဆာကောင်များလည်း ရှိခဲ့ကြ၏။ ယင်း ရှိုင်တွာန်မိစ္ဆာကောင်များသည် ထိုစုလိုင်မာန်အကျိုးငှာ (သမုဒ္ဒရာပင်လယ်၌) ရေငုပ်ခြင်းကိုလည်းကောင်း၊ အခြား အလုပ်ကိစ္စဆောင်ရွက်ခြင်းကိုလည်းကောင်း ပြုလုပ်ကြကုန်၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည်ပင် ယင်းရှိုင်တွာန် မိစ္ဆာကောင်တို့အား ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။ (၂၁း၈၂)" ဆိုလိုသည်မှာ အလ္လာဟ်အရှင်သည် ဂျင်နှင့်ရှိုင်တွာန်များအား စိုက်ယိဒိနာစုလိုင်မာန်ﷺအား နာခံရန်ပြုလုပ်ထားတော်မူခဲ့ပြီး ထိုသူ များသည် စုလိုင်မာန်ﷺ အတွက် မြစ်အတွင်းမှ ပုလဲများကို ငုပ်ယူပေးကြပါသည်။ ဤလုပ်ငန်းအပြင် ထိုသူများသည် သူ့အတွက် အခြားသော လုပ်ငန်းများ လုပ်ဆောင်ပေးသည်ဆိုကြောင်း အချို့သော အာယသ်များတွင်ဖော်ပြထားသည်။

يَعْمَلُوْنَ لَهٗ مَا يَشَآءُ مِنْ مَّحَارِيْبَ وَ تَمَاثِيْلَ وَ جِفَانٍ كَالْجَوَابِ "ထိုဂျင်နှံတို့သည် ထိုစုလိုင်မာန်၏ အကျိုးငှာ ၎င်းအလိုရှိသော ကြီးကျယ်သော အဆောက်အဒုံများကို လည်းကောင်း (ကျောက်၊ ကြေးနီ၊ ဖန် စသည်များဖြင့်ပြီးသော)ရုပ်တုများကိုလည်းကောင်း၊ ရေကန်ကြီးများတမျှရှိ ဇလုံများကို ပြုလုပ်ပေးကြကုန်၏။" စိုက်ယိဒိနာစုလိုင်မာန်ﷺသည် ၎င်းတို့အားအလုပ်ကြမ်းများ လုပ်စေခဲ့ပါသည်။ ၎င်းပြင် အမျိုးမျိုးသော စီမံကိန်းများတွင်လည်း လုပ်ဆောင်စေခဲ့ပါသည်။

ရှိုင်တွာန်များ

ဤသည်တို့သည် မီးဖြင့်ဖန်ဆင်းထားသည့် နာမ်ဝိညာဉ်အရာများဖြစ်ကာ အသိဉာဏ်ပညာနှင့် နားလည်သဘောပေါက်နိုင်စွမ်းရှိကာ လူသားများကဲ့သို့ပင် ရှရီအသ်၏ဥပဒေများကို လိုက်နာကျင့်သုံးရန် တာဝန်တင်ရှိပါသည်။ ရှရီအသ်၏ဥပဒေများကို ဖြည့်ဆည်းသောသူများအား ဂျင်နှံဟုဖော်ပြကာ ရှရီအသ်ဥပဒေများကို မနာခံဘဲ မယုံကြည်သွေဖည်မှုတွင် စွဲမြဲနေသောသူတို့အား ရှိုင်တွာန်ဟုခေါ်ပါသည်။ စိုက်ယိဒိနာစုလိုင်မာန်ﷺ နာခံစေရန်ပြုလုပ်ထားသော ဂျင်နှံအားလုံးသည် ယုံကြည်သူရော မယုံကြည်သူများပါ ပါဝင်သည်ဆိုသည်မှာ ထင်ရှားပါသည်။ စိုက်ယိဒိနာစုလိုင်မာန်ﷺ၏ လက်အောက်ခံအဖြစ် တရားဝင်မထားရှိမီအလျင်ကပင် သက်ဝင်ယုံကြည်သော ဂျင်နှံများသည် သူ၏ဆန္ဒများကို ဖြည့်ဆည်းခြင်းသည် ၎င်းတို့၏ ဘာသာရေးဆိုင်ရာ တာဝန်တစ်ရပ်ဟု မှတ်ယူပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့အား စုလိုင်မာန်ﷺအား နာခံမှုပြုလုပ်ထားသည့်အကြောင်းကို သီးသန့်ဖော်ပြရန် မလိုပါ။ ထို့ကြောင့် စိုက်ယိဒိနာစုလိုင်မာန်

ﷺအား ဂျင်နီများက နာခံစေခြင်းဟူသောစာသား၌ (မယုံကြည်သွေဖည်သူဂျင်နီများ) ရှိုင်တွာန်များကိုသာ ရည်ညွှန်းပါသည်။ ထိုဂျင်နီများသည် မယုံကြည်သွေဖည်ပြီး အာခံလင့်ကစား ၎င်းတို့အား သူ့ကို နာခံစေပါသည်။ ဤအကြောင်းကြောင့် အာယသ်တော်၏အဆုံး၌ "စင်စစ်သော်ကား ငါအရှင်မြတ်သည်ပင် ယင်းရှိုင်တွာန်မိစ္ဆာကောင်တို့အား ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။"(၂၁း၈၂) ဟူသော ဝါကျထည့်သွင်းထားပါသည်။ စုလိုင်မာန်ﷺအား မယုံကြည်သွေဖည်သော ဂျင်နီများက အန္တရာယ်ပေးနိုင်ပါသည်။ သို့သော် အလ္လာဟ်အရှင်မြတ်သည် သူ့အား ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်ကြောင်း ထိုသူများက သူ့အား မည်သည့် အန္တရာယ်မှ မပေးနိုင်ပါ။

အလ္လာဟ်အရှင်သည် အလွန်မာကျောသိပ်သည်းသော သံနှင့်တောင်တို့အား စိုက်ယိဒိနာဒါဝူဒ်ﷺအား နာခံစေရန် လုပ်ထားသော်လည်း စိုက်ယိဒိနာစုလိုင်မာန်ﷺကိုမူ နူးညံ့ပြီး ထိတွေ့သိမြင်၍မရသော လေနှင့်ဂျင်နီတို့၏ အရှင်သခင် ဖြစ်စေသည်ဆိုကြောင်းကို သတိမူမိပါလိမ့်မည်။ ဤသည်က အလ္လာဟ်အရှင်သည် တစ်ပါးတည်း တည်ရှိတော်မူပြီး ထိုအရှင်၏ အာဏာစက်သည် ဖန်ဆင်းခံအရာအားလုံးအပေါ်၌ လွှမ်းမိုးထားသည်ဆိုကြောင်း ပြသပါသည်။

(ရာဇီ၏ အကျယ်ဖွင့်ဆိုချက်)

အာယသ် (၈၃-၈၄)

وَ اَيُّوْبَ اِذْ نَادٰى رَبَّهٗۤ اَنِّیْ مَسَّنِیَ الضُّرُّ وَ اَنْتَ اَرْحَمُ الرّٰحِمِیْنَ ﴿۸۳﴾
فَاسْتَجَبْنَا لَهٗ فَكَشَفْنَا مَا بِهٖ مِنْ ضُرٍّ وَّ اٰتَیْنٰهُ اَهْلَهٗ وَ مِثْلَهُمْ مَّعَهُمْ
رَحْمَةً مِّنْ عِنْدِنَا وَ ذِكْرٰى لِلْعٰبِدِیْنَ ﴿۸۴﴾

ငှင်းပြင် (အို-နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်)အိုက်ယူးဗ်(၏အတ္ထုပ္ပတ္တိအကြောင်း)ကို(လည်း ထုတ်ဖော်ပြောကြားပါလေ)။ တစ်ရံရောအခါဝယ် ထိုအိုက်ယူးဗ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား (အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊) ဇကာန်မလွဲကျွန်တော်မျိုး၌ ဘေးဥပါဒ်သက်ရောက်ပါပြီ။ စင်စစ်သော်ကား အရှင်မြတ်သည် သနားကရုဏာပြုတတ်သူတို့တွင် သနားကရုဏာပြုတော်မူဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်ဟု ဟစ်ခေါ်တသပန်ကြားခဲ့လေ၏။[၈၃] ထိုအခါ ငါအရှင်မြတ်သည် ထိုအိုက်ယူးဗ်၏ အသနားခံ ပန်ကြား ချက်ကို သဘောတူ လက်ခံတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုအိုက်ယူးဗ်၌ သက်ရောက်ခဲ့သော ဘေးဥပါဒ်ကို ပျောက်ကင်းစေတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုအိုက်ယူးဗ်အား ၎င်း၏အိမ်ထောင်စုသား၊ သားမယား၊ သားသမီးများ(ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်)အပြင် ထိုသူတို့နှင့်အတူ ထိုသူတို့ကဲ့သို့ အလားတူကိုလည်း မိမိအထံတော်မှ ကရုဏာတော်အဖြစ်လည်းကောင်း၊ ဝတ်ပြုကိုးကွယ်သူများအဖို့ သတိရစေသော အထိမ်းအမှတ်အဖြစ် လည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့ပေ သတည်း။ [၈၄]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာ အိုက်ယူးဗ်ﷺ၏ အကြောင်း

စိုက်ယိဒိနာ အိုက်ယူးဗ်ﷺအကြောင်းသည် များသောအားဖြင့် ဂျူးတို့၏ ဆင့်ပြန်ချက်များအပေါ် အခြေခံထားသည်။ ယင်းတို့မှ ဟဒီးဆ်ပညာရှင်များက သမိုင်းဆိုင်ရာခိုင်လုံသည်ဟု ယူဆသည်များကို ဤနေရာ၌ တင်ပြပါမည်။ ကုရ်အာန်ကျမ်းတော်မြတ်က ကျွန်ုပ်တို့ကို မိန့်ထားသည်မှာ ၎င်းသည်ဆိုးဝါးသော ရောဂါတစ်မျိုးခံစားခဲ့ရသည်ဆိုကြောင်းနှင့် သူသည် ဒုက္ခများကို သည်းခံ၍ကြံ့ကြံ့ခံခဲ့ကြောင်း တင်ပြထားခဲ့သည်။ အဆုံးတွင် ပြန်လည်ကောင်းမွန်လာစေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒုအာဆုမွန်တောင်းခံခဲ့ရာ ယင်းကို လက်ခံတော်မူခဲ့သည်။ သူနာမကျန်းဖြစ်စဉ်အတွင်း သူမိသားစုဝင်များနှင့်မိတ်ဆွေများ အားလုံးပျောက်ကွယ်သွားခဲ့ပါသည်။ ထိုသူတို့သည် သေဆုံးသွားကြနိုင်သကဲ့သို့ သူကိုစွန့်ပစ်ထားခြင်းလည်း ဖြစ်နိုင်သည်။ ထိုနောက် အလ္လာဟ်အရှင်မြတ်သည် သူ့ကို လုံးဝကျန်းမာစေတော်မူ၍ သူ့ကိုတူညီသော သားသမီးများ ပေးကမ်းချီးမြှင့်ရုံမျှမက ထပ်တိုး၍ပင် ပေးခဲ့သည်။ ဤအဖြစ်အပျက်၏ ကျန်သောအစိတ်အပိုင်းများကို ကျွန်ုပ်တို့သည် ခိုင်လုံသောမိန့်ကြားချက်များမှသော် လည်းကောင်း၊ သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများမှ လည်းကောင်း သိရှိရပါသည်။ ဟာဖိဇ်အိဗ်နိကဆီးရ်သည် အဖြစ်အပျက်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာအိုက်ယူးဗ် ﷺအား ဘဝအစောပိုင်းမှာပင် ရုပ်ပိုင်းဆိုင်ရာ စည်းစိမ်ဥစ္စာများ အမျိုးမျိုးဖြစ်သည့် ဥစ္စာဓနများ၊ ပိုင်ဆိုင်ပစ္စည်းများ၊ ကြီးကျယ်ခမ်းနားသော အိမ်များ၊ အစေခံများနှင့် သားသမီးများ ချီးမြှင့်ပေးကမ်း တော်မူခဲ့သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်များကို သမား ရိုးကျစမ်းသပ်တော်မူခဲ့သည့်အတိုင်း အိုက်ယူးဗ်ﷺကိုလည်း နောက်ပိုင်းတွင် အစမ်းသပ်ခံစေကာ ထိုအရာများအားလုံး ကင်းမဲ့သွားစေခဲ့ပါသည်။ ထိုအပြင် သူသည် အလွန်ပြင်းထန်သော ကုဋ္ဌနူနာကဲ့သို့သော ရောဂါတစ်မျိုးခံစားခဲ့ရကာ နှလုံးသားနှင့်လျှာမှအပ ခန္ဓာကိုယ်တစ်ကိုယ်လုံးရှိ အစိတ်အပိုင်းများအားလုံးကို ထိခိုက်ခံရပါသည်။ ဤ စိတ်မချမ်းမြေ့ဖွယ် အခြေအနေတွင်ပင် ၎င်းသည် နှလုံးသားနှင့် နှုတ်လျှာတို့ဖြင့် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒုအာဆုမွန်တောင်းခံ၍ ကျေးဇူးတင်နေခဲ့ပါသည်။ ဤပြင်းထန်သောဝေဒနာကြောင့် သူ့ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများနှင့် အိမ်နီးချင်းအားလုံးက သူ့ကိုပစ်ပယ်၍ မြို့ပြင်ရှိ အမှိုက်ပုံတစ်ခုနားတွင် ထားခဲ့သည်။ သူ့ကိုပြုစုလေ့ရှိသည့် ဇနီးမှအပ မည်သူမှ သူ့အနား မသွားကြပါ။ သူမသည် စိုက်ယိဒိနာယူစွဖ်ﷺ၏ သမီးသော်လည်းကောင်း၊ မြေးသော်လည်းကောင်း ဖြစ်ကာ အမည်မှာ လိုင်ယာဖြစ်၍ မိရှားအိဗနိယူစွဖ်ﷺ၏ သမီးဖြစ်သည်။(အိဗနိကဆီးရ်) စိုက်ယိဒိနာအိုက်ယူးဗ် ﷺ၏ ဥစ္စာဓနများအားလုံး ကုန်ဆုံးသွားသောအခါ သူ့အတွက်နှင့်သူမအတွက်ပါ အသက်မွေးဝမ်းကျောင်းမှုတစ်ခုပြုလုပ်၍ နာမကျန်းမှုကို ပြုစုစောင့်ရှောက်ခဲ့သည်။ စိုက်ယိဒိနာအိုက်ယူးဗ်ﷺအတွက်မှာ အသစ်အဆန်းလည်းမဟုတ် သလို အံ့သြစရာလည်း မဟုတ်ချေ။ တမန်တော်မြတ်ﷺက **اشدّ النّاس بلاء الانبياء الصّالحون ثمّ الامثل فالامثل** ဟူ၍မိန့်ခဲ့သည်။ ဆိုလိုသည်မှာ တမန်တော်များသည် အလွန်ပြင်းသောစမ်းသပ်ချက်များ ရင်ဆိုင်ခဲ့ရပြီးနောက် ယုံကြည်သက်ဝင်သူများသည် ၎င်းတို့၏ ဘာသာတရား ကြည်ညိုလေးစားမှု အဆင့်အလျောက် စမ်းသပ်ခံကြရပါသည်။ အခြားဆင့်ပြန်ချက်တွင် တင်ပြထားသည်မှာ လူတိုင်းအား ၎င်းတို့ဘာသာတရားပေါ်တွင် စွဲမြဲမှုနှင့် ကိုင်းရှိုင်းမှုအရ အစမ်းသပ်ခံကြရပါသည်။ ယုံကြည်မှု ပြင်းထန်လေလေ ခက်ခဲသောစမ်းသပ်မှုများဖြင့် စမ်းသပ်ခံရသောကြောင့် သူရမည့်ဆုလာဘ်မှာ ခံစားရသောဒုက္ခသုက္ခနှင့် အချိုးညီ ရရှိပေလိမ့်မည်။ စိုက်ယိဒိနာအိုက်ယူးဗ်ﷺသည် တမန်တော်အားလုံးအနက် သူ၏ကိုင်းရှိုင်းမှု စွဲမြဲခြင်းနှင့်ဒုက္ခသုက္ခများကို သည်းခံခြင်းတို့ကြောင့် ပေါ်လွင်ထင်ရှားသော

အဆင့် ရှိပေသည်။ ယင်းမှာ စိုက်ယိဒိနာဒါဝူးဒ်ﷺက အလ္လာဟ်အရှင်ကို ကျေးဇူးတင်ခြင်း အတွက် ထင်ရှားသကဲ့သို့ပင် ဖြစ်သည်။ စိုက်ယိဒိနာအိုက်ယူးဗ်ﷺသည် ကြီးကျယ်သောစမ်းသပ်မှုကို သည်းခံရာတွင် စံပြတစ်ခုဖြစ်ပေသည်။ ယဇီးဒ်အိဗန် မိုက်စရာက တင်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာအိုက်ယူးဗ်ﷺ၏ လောကီဆိုင်ရာ ပိုင်ဆိုင်မှုများ ကင်းမဲ့စေ၍ အလွန်ပြင်းထန်သော စမ်းသပ်မှုများဖြင့် ခံစားစေသောအခါ အလ္လာဟ်အရှင်မြတ်ကိုသာ အောက်မေ့တသ သတိရ၍ ထိုအရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ် ရန်ဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် စိတ်နှင့်ကြိုးပမ်းမှု အားလုံးကို အာရုံပြုခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်က ၎င်းအား လောကီစည်းစိမ်အမျိုးမျိုးနှင့် သားသမီးများ ပေးကမ်း ချီးမြှင့်ခြင်း၊ ၎င်းနှလုံးသားတွင် ထိုသားသမီး များ၏ ချစ်ခင်မြတ်နိုးမှု ပြည့်သွားခြင်းဖြင့် ထိုအရှင်မြတ်ကို ကျေးဇူးတင်ရှိ သကဲ့သို့ အရှင်မြတ်က သားသမီးများကို ရုပ်သိမ်းတော်မူ၍ နှလုံးသားတွင် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် လုံးဝ ဥသုံးခဝပ်ကိုးကွယ်ခြင်းဖြင့် ဖြည့်ဆည်းနေရ၍ အရှင်မြတ်ကို ကျေးဇူးတင်ရှိနေပါသည်။

စိုက်ယိဒိနာအိုက်ယူးဗ်ﷺ၏ ဒုအာဆုမွန်တောင်းခံခြင်းသည် သည်းခံခြင်းနှင့်မဆန့်ကျင်ပါ။

စိုက်ယိဒိနာအိုက်ယူးဗ်ﷺကို စမ်းသပ်ခြင်းမှာ အလွန်ပင်ပြင်းထန်သည်။ သူသည် လောကီဆိုင်ရာ ပိုင်ဆိုင်မှုများအားလုံး ဆုံးရှုံးသည်သာမက အလွန်ဆိုးဝါးသော ရောဂါတစ်ခုလည်း ကျရောက်ခဲ့သည်။ ယင်းရောဂါကြောင့် လူအပေါင်းက သူ့ကိုရှောင်ရှားခဲ့ကြသည်။ မြို့ပြင်ရှိ အမှိုက်ပုံကြီးနားတွင် ခုနစ်နှစ်နှင့် လအနည်းငယ် နေထိုင်ခဲ့ရသည်။ စိတ်ဓာတ်မကျသကဲ့သို့ သူကံကြမ္မာအတွက်လည်း မညည်းညူခဲ့ပါ။ သူသည် သည်းမခံနိုင်ဖွယ် ဒုက္ခခံစားနေရသော အချိန်တစ်ချိန်တွင် ဇနီးလိုင်ယာက အလ္လာဟ်အရှင်မြတ်၏ အသနားတော်ရရန် အလ္လာဟ်အရှင့်ထံ ဒုအာတောင်းဆုပန်ရန် ပြောခဲ့သောအခါ ၎င်းက နှစ်ပေါင်းခုနစ်ဆယ်တိုင် ကျန်းမာရေးကောင်းကာ ပိုက်ဆံဖြင့်ဝယ်ရသမျှ စည်းစိမ်အားလုံး ခံစားပြီးမှ ခုနစ်နှစ်သာဆင်းရဲခြင်းနှင့် နာကျင်မှုခံစားရသည်ကို ညည်းညူရခြင်းကား မထိုက်တန်ချေဟုပြန်ပြောခဲ့သည်။ သူ၏ တမန်တော်ဆိုင်ရာ ဆုံးဖြတ်ချက်၊ ကိုယ်ကျင့်တရားနှင့် သည်းခံခြင်းတို့က သူ့အခြေအနေကို အလ္လာဟ်အရှင့်ထံ အသနားခံခြင်းမှ ဟန့်တားစေခဲ့သည်။ ယင်းသည် အလ္လာဟ်အရှင်အလိုတော်အတိုင်း မေးခွန်းမထုတ်ဘဲ နာခံခြင်းဟူသည်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု အဓိပ္ပာယ်သက်ရောက်သွားပါလိမ့်မည်။ (သို့သော်လည်း ဒုက္ခသုက္ခရောက်ခြင်းမှ ကင်းဝေးရန်အလ္လာဟ်အရှင့် အသနားတော်တောင်းခံခြင်းသည် သည်းခံခြင်းဟု အဓိပ္ပာယ်မသက်ရောက်ချေ။) အဆုံးစွန်တွင် တစ်စုံတစ်ရာဖြစ်သွားခြင်းသည် သူ့ကို အရှင်မြတ်အသနားတော်အား ဒုအာဆုမွန်တောင်းခံစေခဲ့သည်။ သို့ရာတွင် အစောပိုင်းဖော် ပြထားသည်မှာ ယင်းသည် ဒုအာတောင်းခံခြင်းသက်သက်သာဖြစ်၍ စောဒကတက်ခြင်းဟု မပေါ်လွင်ချေ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် သူ၏ အလွန်သည်းခံခြင်းကို အသိအမှတ်ပြုကြောင်း ﴿وَجَدْنَٰهُ صَابِرًا﴾ "ဇကန်စင်စစ် ငါအရှင်မြတ်သည် ထို"အိုက်ယူးဗ်"အား သည်းခံသူအဖြစ် တွေ့ရှိတော်မူခဲ့၏။ ၃၈း၄၄" ဤအဖြစ်အပျက်နှင့် ပတ်သက်၍ မြောက်မြားစွာသော ဖော်ပြချက်များရှိကာ ရှည်လျားသဖြင့် ချန်ထားပါသည်။

စိုက်ယိဒိနာအပွဒုလ္လာဟ် အိဗနိအဗွားစ်ﷺ၏ ခိုင်လုံမှုအရ အိဗနိအဗီဟာသင်မ်က တင်ပြထားသည်မှာ စိုက်ယိဒိနာအိုက်ယူးဗ်ﷺ၏ ဒုအာတောင်းဆုကို လက်ခံခဲ့ပြီးသောအခါ၌ သူ့အား ဖနောင့်ဖြင့် မြေကြီးပွတ်ရန် ပြောကြားခဲ့သည်။ ထို့နောက် သန့်ရှင်းလတ်ဆတ်သော စမ်းချောင်းတစ်ခု ပန်းထွက်လာခဲ့သည်။ သူသည် ထိုရေဖြင့် ရေချိုးခြင်း၊ သောက်သုံးခြင်းဖြင့် သူ့ရောဂါပျောက်ကင်းပါလိမ့်မည်ဟု ပြောခဲ့သည်။ စိုက်ယိဒိနာအိုက်ယူးဗ်ﷺသည် ပြောသည့်အတိုင်း လုပ်ဆောင်သောအခါ ခန္ဓာကိုယ်ပေါ်ရှိ အနာများ ပျောက်ကင်း၏။ အရေပြားနှင့်အရိုးများသည် မူလပုံသဏ္ဌာန်နှင့် မူလအနေအထားအတိုင်း ဖြစ်သွားခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် သူ့ထံ ဂျန္နသ်သုခဘုံမှ

အဝတ်အထည်များ ချပေး၍ ယင်းတို့ကို ဝတ်ဆင်ကာ အမျိုက်ပုံ၏ ခပ်လှမ်းလှမ်းတွင် ထိုင်နေခဲ့သည်။ သူဇနီးက သူထံလာနေကျအတိုင်းလာခဲ့ရာ သူကိုမတွေ့သဖြင့် ငိုကြွေးခဲ့သည်။ ခပ်လှမ်းလှမ်း ထောင့်တစ်နေရာတွင် ထိုင်နေသော အိုက်ယူးဗ်ﷺကို သူမမမှတ်မိတော့ပါ။ အဘယ်ကြောင့်ဆိုသော် သူအသွင်အပြင် လုံးဝပြောင်းလဲသွား သောကြောင့် ဖြစ်သည်။ သူမက သူ့ဘက်လှည့်၍ ဤနားမှာရှိ နာမကျန်းသူတစ်ဦး ဘယ်များသွားသလဲ သို့တည်းမဟုတ် ခွေးများ၊ ဝံပုလွေများ စားသောက်ခံသွားရသလားဟု မေးမြန်းခဲ့သည်။ သူမက အချိန်အတော်ကြာ စကားပြောခဲ့သော သူမှာ သူမ၏ ခင်ပွန်းဖြစ်နေကြောင်း သူမ မသိခဲ့။ ထို့နောက် စိုက်ယိဒိနာအိုက်ယူးဗ်ﷺက သူမည်သူမည်ဝါဖြစ်ကြောင်း ဖွင့်ပြောသည့်တိုင် သူမက မမှတ်မိချေ။ သူမကိုပင် ပြက်ရယ်ပြုနေသလောဟု မေးမြန်းခဲ့သည်။ စိုက်ယိဒိနာအိုက်ယူးဗ်ﷺက သူမကိုမှတ်မိစေရန် သူအား တစ်ဖန်ပြန်ကြည့်စေခိုင်းသည်။ သူက အလွှာဟ်အရှင့်ထံ အရှင့်သနားတော် တောင်းခံပြီးနောက် အလွှာဟ်အရှင်က သူ့ခန္ဓာကိုယ်ကို ရောဂါပျောက်ကင်းစေအောင် ကုသပေးခဲ့ကြောင်း သူမအား ပြောပြခဲ့သည်။ စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺက ဤသည်နောက်၌ အလွှာဟ်အရှင်မြတ်က အိုက်ယူးဗ်ﷺကို စည်းစိမ်ဥစ္စာ အလုံးစုံနှင့် ယခင်ထက် အရေအတွက်ပိုများသော သားသမီးများ ချီးမြှင့်တော်မူခဲ့သည်။ (အိဗနိကဆီး၏)

စိုက်ယိဒိနာအိဗနိမတ်စ်အူးဒ်ﷺက ပြောသည်မှာ စိုက်ယိဒိနာအိုက်ယူးဗ်ﷺတွင် သား ၇ ဦးနှင့် သမီး ၇ ဦး ရှိခဲ့သည်။ သို့သော်လည်း ၎င်းအစမ်းသပ်ခံနေစဉ်အတွင်း ထိုကလေးများအားလုံး သေဆုံးခဲ့ကြသည်။ သူဒုက္ခသုက္ခ ပြီးငြိမ်းသွားသောအခါ အလွှာဟ်အရှင်မြတ်က သူသားသမီးများကို ပြန်လည်ရှင်ပြန်စေကာ ဇနီးကလည်း သားသမီးများ ထပ်ထပ်မွေးကြောင်း ကုရ်အာန် ကျမ်းတော်မြတ်တွင် "ထို့ပြင် ထိုသူတို့နှင့်အတူ ထိုကဲ့သို့သော အလားတူကိုလည်း ၁၈၄"ဟူ၍ ရည်ညွှန်းထားသည်။ သာအ်လဗီအဆိုအရ ဤတင်ပြချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ စာသားနှင့် အလွန်နီးစပ်သည်။ (ကုရ်သုဗီ)

ပညာရှင်အချို့ကပြောသည်မှာ သူကိုအလျင်ရှိခဲ့ပြီးသော သားသမီးအရေအတွက်ကဲ့သို့ပင် နောက်ထပ် ယင်းအရေအတွက်နှင့် အလားတူ သားသမီး ချီးမြှင့်ခဲ့သည်။ ထို့နောက် وَمِثْلَهُمْ مَّعَهُمْ (၎င်းတို့နှင့်အလားတူ) ဆိုသည်က အရေအတွက်တူညီသော မြေးများ ချီးမြှင့်ခြင်းကို ရည်ညွှန်းသည်။ (အလွှာဟ်အရှင်မြတ်သာလျှင် အသိတော်မူဆုံး ဖြစ်သည်။)

အာယသ် (၈၅-၈၆)

وَإِسْمَٰعِيلَ وَإِدْرِيسَ وَذَا الْكِفْلِ ۖ كُلٌّ مِّنَ الصَّٰبِرِينَ ﴿٨٥﴾ وَأَدْخَلْنَٰهُمْ فِى رَحْمَتِنَآ ۖ إِنَّهُم مِّنَ الصَّٰلِحِينَ ﴿٨٦﴾

၎င်းပြင် (အို- နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်)အီစ်မာအီလ်၊ (နဗီတမန်တော်)အီဒ္ဒရိစ်၊ (နဗီတမန်တော်)ဇုလ်ကိဖ်တို့(၏ အတ္ထုပ္ပတ္တိအကြောင်းများ)ကိုလည်း (ထုတ်ဖော်ပြောကြားပါလေ။ ထိုနဗီတမန်တော်)အသီးသီးတို့သည် ခန္တီတရားရှိသူတို့တွင် ပါဝင်ခဲ့ကြကုန်၏။[၈၅] ထိုမှတစ်ပါး ငါ့အရှင်မြတ်သည် ၎င်း(နဗီတမန်တော်)တို့အား မိမိကရုဏာတော်အတွင်း ပါဝင်စေတော် မူခဲ့၏။ ဇကန်စင်စစ် ထိုနဗီတမန်တော်တို့ကား သူတော်စင်တို့တွင် ပါဝင်ခဲ့ကြကုန်သတည်း။[၈၆]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာဇူလ်ကိဖ်သည် နဗီတမန်တော်တစ်ပါးလော သို့မဟုတ် သူတော်စင်တစ်ပါးလောနှင့် သူ၏ ထူးဆန်း အံ့သြဖွယ်အကြောင်း

အထက်ပါအာယသ်နှစ်ခုထဲတွင် လူသုံးဦးအကြောင်း ဖော်ပြထားခဲ့သည်။ ဤသုံးဦးအနက် စိုက်ယိဒိနာ အိစ်မာအီလ်ﷺနှင့် စိုက်ယိဒိနာအိဒ္ဒရိးစ်ﷺတို့သည် တမန်တော်ဖြစ်သည်ဆိုခြင်းမှာ သံသယမရှိချေ။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့ကို ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာတော်တော်များများတွင် တမန်တော်အဖြစ် ဖော်ပြထားခဲ့သည်။ အိဗနိကဆီးရ်အယူအဆမှာ အထက်ပါအာယသ်များထဲတွင် ၎င်းကို အခြားတမန်တော်နှစ်ဦးနှင့် အတူဖော်ပြထားခြင်းက ၎င်းသည်လည်း တမန်တော်တစ်ပါး ဖြစ်ကြောင်း ပြသပါသည်။ သို့သော်လည်း အခြားဆင့်ပြန်ချက်များတွင် ၎င်းကို တမန်တော်များအတန်းအစား၌ ထည့်သွင်းမထားပါ။ သူတို့က ပြောကြသည်မှာ သူသည်သူတော်စင်တစ်ပါး သို့မဟုတ် ဘာသာတရား ကိုင်းရှိုင်းရိုသေသူ တစ်ဦးဖြစ်သည်ဟူ၍ဖြစ်သည်။

သဖိစီရ်ပညာရှင် ခေါင်းဆောင်အီမာမ်အိဗနိဂျရီးရ်ﷺက မုဂျာဟစ်ﷺ၏ ခိုင်လုံမှုအရ တင်ပြထားခဲ့သည်မှာ စိုက်ယိဒိနာယာစအ်ﷺ (၎င်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် တမန်တော်တစ်ပါးအဖြစ် ရည်ညွှန်းထားသည်) သည် အသက်အရွယ်အိုမင်းလာ၍ အားအင်ချည့်နဲ့လာသောအခါ သူသက်ရှိထင်ရှားရှိစဉ် သူကိုယ်စား တမန်တော် တစ်ပါး၏ တာဝန်ကိုထမ်းဆောင်နိုင်သူတစ်ဦးအား ခန့်အပ်ရန် စဉ်စားမိခဲ့သည်။ သူသည် ယင်းကိစ္စအတွက် သူ၏ သာဝက အားလုံးကို စုစည်းကာ ဤရည်ရွယ်ချက်အတွက် သူ့လက်ထောက်တစ်ဦးအဖြစ် ခန့်အပ်လိုသော သူ့ဆန္ဒကို ထုတ်ဖော်ပြခဲ့ပါသည်။ ထိုခန့်အပ်ခံရမည်သူမှာ စည်းကမ်းချက်သုံးခုနှင့် ညီညွတ်ရမည်ဟု ပြောသည်။ ယင်းမှာ ထိုသူသည် တစ်နှစ်ပတ်လုံး ဥပုသ်သီလစောင့်တည်ခြင်း ညဉ့်အချိန်ကို ဆွလာသ်ဝတ်ပြုဆောက်တည်မှုဖြင့် အချိန်ကုန်ဆုံးခြင်းနှင့် မည်သည့်အခါမျှ ဒေါသအမျက်မထွက်ရ ဟူ၍ဖြစ်သည်။ လူသိနည်း၍ လူအများက မနှစ်မြို့သောသူတစ်ဦးက မတ်တပ်ရပ်၍ ယင်းအလုပ်အတွက် သူလုပ်ပါမည့်အကြောင်း ပြောဆိုခဲ့သည်။ စိုက်ယိဒိနာယာစအ်ﷺက သူကို တစ်နှစ်ပတ်လုံး ဥပုသ်သီလ စောင့်ထိန်းခဲ့သလော၊ ညဉ့်အချိန်၌ ဆွလာသ်ဝတ်ပြုခြင်းဖြင့် ကုန်ဆုံးခဲ့သလော၊ မည်သည့်အခါမှ ဒေါသအမျက် မထွက်ခဲ့သလောဟု မေးမြန်းခဲ့သည်။ ထိုလူက ထိုသုံးရပ်လုံး လုပ်ဆောင်ခဲ့ကြောင်း ဖြေကြား၍ ဤကိစ္စရပ်များ ဖြည့်ဆည်းခဲ့ကြောင်း အတည်ပြုခဲ့သည်။ စိုက်ယိဒိနာယာစအ်ﷺက ထိုသူ၏ ပြောကြားချက်များကို ယုံကြည်ဟန်မရှိသောကြောင့် သူ့ကိုငြင်းပယ်ခဲ့သည်။ ရက်အနည်းငယ်ကြာပြီးနောက် စိုက်ယိဒိနာယာစအ်ﷺသည် အစည်းအဝေးကို တစ်ဖန်ပြန်လည်ကျင်းပ၍ သူ၏သတ်မှတ်ချက်သုံးခုကို ပြန်လည်ဖော်ပြကာ သူ၏ဆွဟာဗတ် သာဝကကြီးများကို ဤကန့်သတ်ချက်နှင့် ကိုက်ညီခြင်းရှိမရှိ မေးမြန်းခဲ့သည်။ လူတိုင်းက ထိုင်လျက်ပင်ရှိသော်လည်း ယခင်လူကမူ မတ်တပ်ရပ်၍ သူသည် ထိုအချက်သုံးချက်နှင့် ကိုက်ညီပါသည်ဟု ပြောခဲ့သည်။ ထို့နောက် စိုက်ယိဒိနာယာစအ်ﷺက ထိုသူကို လက်ထောက်အဖြစ် ခန့်အပ်ခဲ့သည်။ စိုက်ယိဒိနာယာစအ်ﷺက စိုက်ယိဒိနာဇူလ်ကိဖ်ကို သူ့လက်ထောက်အဖြစ် ရွေးချယ်ခဲ့ကြောင်း ရှိုင်တွာန်သိရှိရသောအချိန်၌ ရှိုင်တွာန်က သူ့လက်ထောက်များကို စိုက်ယိဒိနာဇူလ်ကိဖ်ထံ သွားရောက်၍ လက်ထောက်အဖြစ်မှ ဖယ်ရှားခံရစေနိုင်သည့် လုပ်ဆောင်မှု လုပ်ဆောင်ရန် အလို့ငှာ ဖြားယောင်းသွေးဆောင်ရေးအတွက် စေလွှတ်ခဲ့သည်။ ရှိုင်တွာန်လက်ထောက် အားလုံးက ထိုသူကို အန္တရာယ်ပေးရန် မစွမ်းနိုင်ကြကြောင်း ပြောကြသည်။ ရှိုင်တွာန်(အိဗ်လီးစ်)က ပြောသည်မှာ "ကောင်းပြီ ငါ့တာဝန် ထားလိုက် ငါကသူ့ကို သွေးဆောင်မည်" ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာဇူလ်ကိဖ်သည် သူပြောကြားခဲ့သည့်အတိုင်း တစ်နေကုန် ဥပုသ်သည်စောင့်ထိန်း၍ တစ်ညဉ့်လုံး ဆွလာသ်ဝတ်ပြု ဆောက်တည်ခဲ့ကာ နေ့လယ်ခင်းတွင် အနည်းငယ် အိပ်စက်ငိုက်မျည်းခဲ့သည်။ ရှိုင်တွာန်သည် စိုက်ယိဒိနာဇူလ်ကိဖ် နေ့လယ်ခင်း အိပ်တော့မည်အချိန်တွင် သွားရောက်၍ တံခါးကိုခေါက်ခဲ့သည်။ အိပ်ရာမှထ၍ မည်သူလဲဟု မေးမြန်းစုံစမ်းခဲ့သည်။ ရှိုင်တွာန်က "ကျွန်တော်သည် ညှဉ်းပန်းနှိပ်စက်ခံ သူအိုတစ်ဦးဖြစ်ပါသည်" ဟု ပြန်ကြားခဲ့သည်။ ထို့ကြောင့် သူက တံခါးဖွင့်ပေး၍ ရှိုင်တွာန်ကို အိမ်ထဲဝင်စေခဲ့သည်။ ရှိုင်တွာန်သည် အိမ်ထဲဝင်၍ သူ့အုပ်စုရှိလူများနှင့် ဆွေမျိုးသားချင်းများက သူ့အပေါ်ရက်စက်မှု၊ မတရားလုပ်မှုများဖြစ်သော ယုံတမ်းစကားကို ပြောကြားခဲ့ပါသည်။ ရှိုက်တွာန်က သူ့အကြောင်း အချိန်ဆွဲကာပြောနေသဖြင့် စိုက်ယိဒိနာဇူလ်ကိဖ်အတွက် လုပ်နေကျ ခဏတာ အိပ်စက်မှုမလုပ်နိုင်တော့ပါ။ ထို့ကြောင့် သူက အဖိုးအို(ရှိုင်တွာန်)ကို သူအိမ်အပြင်ထွက်မှသာ လာရောက်သင့်ကြောင်း သို့မှသာ သူက တရားမျှတအောင် ဆောင်ရွက်ပေးနိုင်မည်ဟု ပြောကြားခဲ့ပါသည်။

နောက်ပိုင်းတွင် စိုက်ယိဒိနာဇူလ်ကိဖ်သည် တရားရုံးတွင် စောင့်နေခဲ့သော်လည်း ထိုအဖိုးအိုမှာ ပေါ်မလာခဲ့ပါ။ နောက်မနက်ခင်းတွင်လည်း သူသည် တရားရုံးတွင် အဖိုးအိုကို စောင့်ဆိုင်းနေသော်လည်း ပေါ်မလာခဲ့ပါ။ ထို့နောက် နေ့လယ်ခင်း သူအိပ်စက်တော့မည်အလုပ်တွင် တံခါးကို လာခေါက်ပါတော့သည်။ မည်သူမည်ဝါနည်းဟု မေးမြန်းစုံစမ်းခဲ့ရာ ရှိုင်တွာန်က "အနိုပ်စက်ခံအဖိုး အိုတစ်ဦးပါ"ဟု တစ်ဖန်ပြောကြားခဲ့သည်။ ထို့ကြောင့် တံခါးကိုဖွင့်၍ ၎င်းကိုပြောသည်မှာ" ကျွန်တော်ရုံးသို့လာရန် သင့်ကိုမနေ့က မပြောခဲ့သလော၊ သို့သော် သင်မလာခဲ့။ ယခုမနက်လည်း သင်မလာခဲ့ပါ" ဟူ၍ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ ရှိုင်တွာန်ကဖြေသည်မှာ "လူကြီးမင်းခင်ဗျာ၊ ကျွန်ုပ်ရန်သူများသည် အလွန်ကောက်ကျစ်စဉ်းလဲကြသည်။ သင်ရုံးထိုင်သော တရားရုံးက ထိုသူများကို ကျွန်ုပ်ရသင့်သည်ကို ပြန်ပေးရန်သိရှိသောအခါ၌ ထိုသူများက ရုံးတော်ပြင်ပမှာ ဖြေရှင်းရန် သဘောတူခဲ့ကြသည်။ သို့ရာတွင် သင်ရုံးဆင်းသွားသည်နှင့် သူတို့က ကတိကိုဖျက်လိုက်ကြသည်" ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာဇူကိဖ်က တစ်ဖန် သူ့ကို ရုံးထိုင်စဉ်လာရောက်ရန် ပြောကြားခဲ့သည်။ ဤစကားပြောဆိုမှုသည် အချိန်ကြာသွားခဲ့သဖြင့် ယနေ့တွင်လည်း နေလယ်ခင်း အိပ်စက်အနားယူနေကျ မအိပ်လိုက်ရပါ။ ထို့နောက် သူသည် ရုံးတော်သွား၍ အဖိုးအိုကိုစောင့်ခဲ့သော်လည်း ပေါ်မလာခဲ့ပါ။ နောက်တစ်နေ့တွင် သူသည် အဖိုးအိုအား မွန်းလွဲသည့်တိုင် စောင့်ခဲ့သော်လည်း အချည်းအနှီးပင်ဖြစ်သည်။ နှစ်ရက် အိပ်ရေးပျက်ခဲ့သဖြင့် အိမ်ရောက်သောအခါ အလွန်အိပ်ချင်နေခဲ့သည်။ ထို့ကြောင့် သူက သူ့မိသားစုကို မည်သူ့ကိုမှ တံခါးမခေါက်စေရန် မှာကြားခဲ့သည်။ အဖိုးအိုသည် တစ်ဖန် ပြန်လည်ရောက်လာခဲ့၍ တံခါးခေါက်မည်အလုပ်တွင် မိသားစုဝင်များက တားဆီးခဲ့သည်။ ထို့ကြောင့် သူသည် လေဝင်ပေါက်တစ်ခုမှ အိမ်ထဲဝင်ခဲ့၍ စိုက်ယိဒိနာဇူလ်ကိဖ်၏ အခန်းတံခါးကို ခေါက်ခဲ့သည်။ စိုက်ယိဒိနာဇူကိဖ်သည် အိပ်ရာမှထလာ၍ အိမ်တံခါးပိတ်ထားပါလျက် အဖိုးအို အိမ်ထဲရောက်နေကြောင်း သူတွေ့ခဲ့ရသည်။ ထို့ကြောင့် သူမည်သို့ အိမ်ထဲဝင်ခဲ့ကြောင်း မေးမြန်းခဲ့သည်။

သူသည်ရုတ်တရက်ချက်ချင်းသူ့ရှေ့ရောက်နေသော သူမှာရှိုင်တွာန်ဖြစ်ကြောင်းသတိမူလိုက်မိသောကြောင့် သူ့ကို "မင်းသည် အလွှာဟ်ရန်သူ အိဗ်လီးစ်မဟုတ်လား"ဟု မေးခဲ့သည်။ ရှိုင်တွာန်က သူရှိုင်တွာန်ဖြစ်ကြောင်း ဝန်ခံ၍ မှတ်ချက်ပြုခဲ့သည်မှာ" အသင်သည် ကျွန်ုပ်အစီအမံအားလုံးကို ကပျက်ယပျက်ဖြစ်စေကာ အသင့်ကို ဖြားယောင်းရန် ကျွန်ုပ်ပြုလုပ်တားသည့် အစီအစဉ်အားလုံး အလဟသ ဖြစ်စေခဲ့ပါသည်။ ကျွန်ုပ်ရည်ရွယ်ချက်မှာ အသင်ကို တစ်နည်းနည်းနှင့် စိတ်ဆိုးအမျက်ဒေါသထွက် ရန်ဖြစ်၍ သင်သည် စိုက်ယိဒိနာယာစအ်ﷺ ရှေ့မှောက်တွင် အသင် အခိုင်အမာပြောထားမှုတစ်ခုသည် မှားယွင်းကြောင်း သက်သေပြပြီးဖြစ်ပေမည်" ဟူ၍ဖြစ်သည်။ ဤအဖြစ်အပျက်အရ ထိုသူကို ဇူလ်ကိဖ်ဟူသော ဘွဲ့ထူးပေးခဲ့သည်။ ယင်း၏အဓိပ္ပာယ်မှာ ပဋိညာဉ်ကို စောင့်ထိန်း၍ တာဝန်ဝတ္တရားများကို သစ္စာရှိရှိ

ထမ်းရွက်သူဟူ၍ဖြစ်သည်။ သူသည် ထိုဘွဲ့ထူးနှင့် လုံးဝထိုက်တန်ပေသည်။ (အိဗနိကဆီးရ်)

မတ်စ်နာဗ်၏ အဟ်မဒ်ကျမ်းတွင် နောက်ထပ်ဆင့်ပြန်ချက်တစ်ရပ် တင်ပြထားသည်။ ယင်းတွင် ထိုသူ၏ အမည်မှာ ဇူလ်ကိဖ်အစား အလ်ကိဖ် ဖြစ်နေသည်။ ထို့ကြောင့် အိဗနိကဆီးရ်က ဤဆင့်ပြန်ချက်ကို တင်ပြပြီးနောက် ထိုသူသည် ဤအာယသ်တွင် ဖော်ပြထားသော ဇူလ်ကိဖ်မဟုတ်ဘဲ အခြားသူတစ်ဦးဖြစ်နေကြောင်း သူလေ့လာမိသည်ဟု ဖော်ပြထားသည်။ ဆင့်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

စိုက်ယိဒိနာ အဗ္ဒဒွလ္လာဟ်အိဗနိအုမရ်ﷺတင်ပြထားခဲ့သည်မှာ သူသည် တမန်တော်မြတ်ﷺထံမှ ဟဒီးဆ် တစ်ပုဒ်ကို တစ်ကြိမ်မဟုတ် ခုနစ်ကြိမ်မက ကြားဖူးခဲ့ပါသည်။ ယင်းဟဒီးစ်ထဲတွင် ကိဖ်လ် အမည်ရှိသူတစ်ဦးသည် ဗနီအစ္စရာအီလ်မျိုးနွယ်စုတွင်ရှိခဲ့ကာ ထိုသူမှာ မည်သို့သော ဂုနာဟ်အပြစ်ကိုမှ မရှောင်သူဖြစ်သည်။ တစ်ချိန်က အမျိုးသမီးတစ်ဦး သူထံရောက်လာခဲ့သောအခါ အသပြာဂီနီခြောက်ဆယ်ပေး၍ သူနှင့်လိင်ဆက်ဆံရန် သွေးဆောင်ခဲ့သည်။ သူသည် လိင်ဆက်ဆံရန် စတင်သောအချိန်တွင် အမျိုးသမီးက ငိုယိုကာ တုန်ခါသွားခဲ့သည်။ သူမကို မည်သည့်အကြမ်းဖက်မှုမှမလုပ်ရဘဲ သူမ မည်သို့ဖြစ်သွားရကြောင်း မေးမြန်းစုံစမ်းခဲ့သည်။ အမျိုးသမီးက သူ၏ ဆိုးဝါးသော အခြေအနေများအရ သူက ထိုအပြုအမူကိုလုပ်ရခြင်းဖြစ်၍ သူမဘဝတစ်လျှောက်တွင် မည်သည့်အခါမှ ကာမသုမိစ္ဆာစာရကံ မကျူးလွန်ခဲ့ဘူး၍ သူစိတ်သောကရောက်ခဲ့ရကြောင်း ဖြေကြားခဲ့သည်။ ဤသည်ကို ကြားရသောအခါ ထိုသူက သူပေးခဲ့သည့်ပိုက်ဆံယူပြီး ထွက်သွားခိုင်းခဲ့ပါသည်။ သူက မည်သည့်အခါမျှ မည်သည့်ပြစ်မှုမှ မကျူးလွန်တော့ကြောင်း သူမကို ကတိပေးခဲ့သည်။ ဖြစ်ပျက်ခဲ့သည်မှာ ထိုညတွင်ပင် သူသေဆုံးကွယ်လွန်ခဲ့၍ နောက်နေ့ မနက်တွင် သူ၏တံခါးပေါ်တွင် မည်သူမည်ဝါရေးထားသည်ကို မသိရသော အလ္လာဟ်အရှင်မြတ်သည် ကိဖ်လ်အား ခွင့်လွှတ်တော်မူသည် غَفَرَ اللّٰهُ لِلْكِفْلِ ဟူသော ရေးသားချက်ကို တွေ့မြင်ခဲ့ရသည်။ ဤအဖြစ် အပျက်ကို အိဗနိကဆီးရ်က မတ်စ်နဒ်အဟ်မဒ်ကျမ်းမှ ကိုးကားပြီးနောက် လေ့လာမိသည်မှာ ခိုင်လုံသောဟဒီးစ်ခြောက်စောင်ထဲတွင် ဤဟဒီးစ်ကိုဖော်ပြထားခြင်းမရှိပါ။ ယင်း၏ခိုင်လုံမှုမှာ အားနည်းသည်။ အကယ်၍ ဆင့်ပြန်ချက် မှန်ကန်လျှင်ပင် ဆင့်ပြန်ချက်မှာ ဇူလ်ကိဖ်မဟုတ်ဘဲ ကိဖ်လ်ဟုဖော်ပြထားသည်။ ယင်းက အခြားသူတစ်ဦးဖြစ်သည်ဟု ဆိုလိုနေသည်။ (အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံးဖြစ်သည်။)

ဤအဖြစ်အပျက်ကို ခြုံငုံလိုက်လျှင် ဇူလ်ကိဖ်သည် တမန်တော်ယာစအ်ﷺ၏ လက်ထောက်ဖြစ်ကာ သူ၏ ကောင်းမြတ်သော အကျင့်သီလကြောင့် သူ့အမည်ကို တမန်တော်များနှင့် ယှဉ်တွဲဖော်ပြထားဟန်တူပါသည်။ ဖြစ်နိုင်သေးသည်မှာ ကနဦးက ၎င်းသည် စိုက်ယိဒိနာယာစအ်ﷺ၏ လက်ထောက်ဖြစ်သည်။ နောက်ပိုင်းတွင် အလ္လာဟ် အရှင်မြတ်က သူကို တမန်တော်တစ်ပါး၏ အဆင့်အတန်းသို့ မြှင့်တင်ပေးခဲ့သည်ဟုလည်း ဆိုနိုင်သည်။

အာယသ် (၈၇-၈၈)

وَذَا النُّوْنِ اِذْ ذَّهَبَ مُغَاضِبًا فَظَنَّ اَنْ لَّنْ نَّقْدِرَ عَلَيْهِ فَنَادٰى فِى الظُّلُمٰتِ
اَنْ لَّآ اِلٰهَ اِلَّآ اَنْتَ سُبْحٰنَكَ ۖ اِنِّىْ كُنْتُ مِنَ الظّٰلِمِيْنَ ﴿٨٧﴾ فَاسْتَجَبْنَا لَهٗ ۙ وَ
نَجَّيْنٰهُ مِنَ الْغَمِّ ۗ وَكَذٰلِكَ نُـْۨجِى الْمُؤْمِنِيْنَ ﴿٨٨﴾

ထို့ပြင် (အို-နဗီတမန်တော်၊ အသင်သည်) "ဖွန်နူန်" ငါးရှင် (နဗီတမန်တော်ယူနွတ်စ်၏ အတ္ထုပ္ပတ္တိအကြောင်း)ကိုလည်း (ပြောကြားပါလေ)။ တစ်ရံရောအခါဝယ် ထိုငါးရှင် (နဗီတမန်တော် ယူနွတ်စ်)သည် (မိမိ၏ အများသားတို့ အပေါ်ဝယ်) ဒေါသအမျက် ထွက်ကာ (မိမိမြို့ရွာဒေသမှထွက်ခွာ၍) သွားခဲ့လေသည်။ တစ်ဖန် ထိုငါးရှင်က ငါအရှင်မြတ်သည် ၎င်း၏အပေါ်၌ အလျှင်း ကျပ်တည်းစေတော်မူသည် မဟုတ်ဟူ၍ ထင်မြင်ခဲ့လေသည်။ ထို့နောက် ၎င်းသည် အမှောင်များအတွင်းဝယ် (အို-အလ္လာဟ်အရှင်မြတ်၊) အရှင်မြတ်မှတစ်ပါး ဓဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပါ။ အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ ဧကန်မလွဲ ကျွန်တော်များသည် သာလျှင် အပြစ်ကျူးလွန်သူဖြစ်ပါ၏၊တကားဟု ဟစ်ခေါ် တသ အသနားခံ ပန်ကြားခဲ့လေသည်။[၈၇] ထိုအခါဝယ် ငါအရှင်မြတ်သည် ၎င်း၏ (အသနားခံပန်ကြားချက်)ကို သဘောတူ လက်ခံတော်မူ၍ ၎င်းအား (ပူပင်သောကဖြစ်ခြင်းမှ) ကယ်တင်တော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ဤနည်းနှင်နှင် ကယ်တင်လေ့ရှိတော်မူပေသတည်း။[၈၈]

အကျယ်ဖွင့်ဆိုခြင်း

وَذَا النُّوْنِ(၂၁း၈၇)"စိုက်ယိဒိနာယူနွတ်စ် အိဝနိမတ္တာ ﷺ၏ အဖြစ်အပျက်များကို ကုရ်အာန်ကျမ်းတော်မြတ်၏ စူရတ်ယူနွတ်စ် စူရတ်အလ်အန်ဗိယာ၊ စူရတ်အတ်စ်ဆွားဖားတ်နှင့် စူရတ်နူးရ်တို့တွင် ဖော်ပြထားသည်။ အချို့နေရာများတွင် သူကိုသူနာမည် အရင်းဖြင့် ဖော်ပြထားသကဲ့သို့ အခြားနေရာများတွင် ဖွန်နူးန် သို့မဟုတ် စဟီဗုလ်ဟူးတ်ဟူသော ဘွဲ့များဖြင့် ဖော်ပြထားသည်။ နူးန်နှင့်ဟူးတ်တို့၏ အဓိပ္ပာယ်မှာ ငါးဟူ၍ဖြစ်သည်။ ထို့ကြောင့် ဖွန်နူးန်နှင့် စဟီဗုလ်ဟူးတ်တို့ကို "ငါးရှင်"ဟုဘာသာပြန်၍ရပါသည်။စိုက်ယိဒိနာယူနွတ်စ် ﷺသည်အလ္လာဟ်အရှင်အလိုတော်အရ ငါးတစ်ကောင်၏ဝမ်းဗိုက်ထဲတွင် ထူးဆန်းသောအခြေအနေများနှင့် ရက်အနည်းငယ် နေခဲ့ရသည်။ ဤအဖြစ်အပျက်ကြောင့် ၎င်းကို တစ်ခါတစ်ရံ ဖွန်နူးန် သို့မဟုတ် စဟီဗုလ်ဟူးတ်ဟု ရည်ညွှန်းခဲ့သည်။

ယူနွတ်စ် ﷺ၏အကြောင်း

အိဝနိကဆီးရ်၏ အကျယ်ဖွင့်ဆိုချက်အရ စိုက်ယိဒိနာယူနွတ်စ် ﷺသည် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားပောကြားရန် မော်စလ်ဒေသရှိ မြို့နယ်တစ်ခုဖြစ်သော နိုင်နီဗာဟ်ရှိလူများထံ စေလွှတ်ခံခဲ့ရသည်။ စိုက်ယိဒိနာယူနွတ်စ် ﷺသည် ထိုသူများကို အစွမ်းလာမ်ဘာသာသို့ ဖိတ်ခေါ်ခဲ့ပြီး စစ်မှန်သောဘာသာတရား ကျင့်သုံးရန်နှင့် ကောင်းမြတ်သောလုပ်ရပ်များ လုပ်ဆောင်ကျင့်သုံးရန် ပြောကြားခဲ့သည်။ သို့သော်လည်း ထိုသူများက သူ၏ဖိတ်ခေါ်ချက်ကို ငြင်းပယ်၍မောက်မာပြီး ရန်လိုသော အပြုအမူပြုလုပ်ခဲ့သည်။ ယူနွတ်စ် ﷺသည် စိတ်ပျက်လက်ပျက်ဖြစ်ပြီး ဒေါသဖြစ်ကာ ထိုသူများအား အလ္လာဟ်အရှင်မြတ်၏ အမျက်တော်က ထိုနေရာရှိသူတို့အပေါ်ကို သုံးရက်အတွင်း ကျရောက်လိမ့်မည်ဖြစ်ကြောင်းပြော၍ ထိုနေရာမှထွက်ခွာခဲ့သည်။ သူသည် ထိုမြို့နယ်မှထွက်ခွာပြီးနောက် ထိုလူများက သူ၏ သတိပေးချက်မှာ အမှန်တကယ်ဖြစ်လာနိုင်ကြောင်း ၎င်းတို့သတိပြုမိ ခဲ့ကြသည်။ (ဆင့်ပြန်ချက်အချို့အရ ကျရောက်မည့်ဘေး ဒုက္ခ၏လက္ခဏာများကို ထိုသူများ အမှန်တကယ်မြင်တွေ့ခဲ့ရသည်)။ ထို့ကြောင့် ထိုသူများက

ဝန်ချတောင်းပန်ကာ ၎င်းတို့၏ ပြစ်မှုဂုနာဟ်များအတွက် ခွင့်လွှတ်မှုတောင်းခံခဲ့ကာ သူတို့အားလုံးသည် သူတို့၏ ကျွဲနွား တိရစ္ဆာန်များနှင့်အတူ အနီးရှိ သစ်တောထဲသို့ ဝင်ရောက်သွားခဲ့ကြသည်။ ထို့နောက် ထိုသူများက ဝမ်းနည်းကြောကွဲမှုဖြစ်ကြကာ အလ္လာဟ်အရှင် ခွင့်လွှတ်မှုနှင့် အကာအကွယ်ပေးမှုကို တောင်းခံခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့၏ ရိုးသားသောအပြစ်ရှိသည်ဟု ခံစားရမှုနှင့် သူတို့၏အပြစ်များအတွက် ဝမ်းနည်းမှုကို လက်ခံတော်မူကာ ကျရောက်မည့် ဘေးဆိုးကြီး၏အန္တရာယ်မှ ကင်းလွတ်စေခဲ့သည်။ ဤအဖြစ်အပျက်များ ဖြစ်ပျက်နေစဉ် စိုက်ယိဒိနာယူနွတ်စ်ﷺက သူလူများ ဖျက်ဆီးခြင်းခံရသည်ဟူသော သတင်းကို စောင့်မျှော်နေခဲ့သည်။ သို့ရာတွင် လေမုန်တိုင်းကျရောက်ခဲ့ပြီး သူလူများ ဘေးမသီရန်မခဖြစ်ကြောင်း သူသိရှိသွားသောအချိန်၌ ၎င်းတို့ကသူ့ကို လူလိမ်တစ်ဦးဟု သတ်မှတ်မည်ကို စိုးရိမ်သောကရောက်ခဲ့သည်။ ဆင့်ပြန်ချက်အချို့အရ သူလူများ၏ ဓလေ့ထုံးစံတစ်ခုမှာ အကယ်၍ လူတစ်ဦးသည် လူလိမ်ဖြစ်ကြောင်း သက်သေပြခဲ့ပါက ထိုသူ့ကို ကွပ်မျက်ခြင်းဖြစ်သည်။ (မဇ်ဟိရီ)။ ထို့ကြောင့် စိုက်ယိဒိနာယူနွတ်စ်ﷺသည် သူ့အသက်အတွက် စိုးရိမ်ကာ သူလူများထံပြန်သွားမည့်အစား အခြားတစ်နေရာသွားရန် ဆုံးဖြတ်ခဲ့သည်။ သူသွားရာတွင် မြစ်တစ်စင်းတွေ့ရှိရာ ထိုမြစ်ကိုဖြတ်ကူးရန် လှေတစ်စင်းပေါ် တက်ခဲ့သည်။ မြစ်ကို ဖြတ်ကျော်စဉ် လှေသည် ဝဲတစ်ခုတွင်မိသွား၍ နစ်မြုပ်လုနီးနီး ဖြစ်သွားသည်။ လှေစီးသူများက အကယ်၍ ခရီးသည်တစ်ဦးကို လှေမှဖယ်လိုက်လျှင် အလေးချိန်လျော့၍ လှေနစ်မြုပ်နိုင်သည့် အန္တရာယ်မှ ကင်းဝေးနိုင်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ မည်သူ့ကို လျော့ရမည်ဆိုခြင်းကို မဲနှိုက်ရွေးရန် ဆုံးဖြတ်ခဲ့ကြသည်။ ကံတရားအရ စိုက်ယိဒိနာ ယူနွတ်စ် ﷺ မဲကျသွားခဲ့သည်။ လှေပေါ်ပါသူများက သူ၏မြင့်မားသောအဆင့်အတန်းကို သတိပြုမိသဖြင့် မြစ်ထဲပစ်ချရန် ငြင်းဆန်ခဲ့ကြသည်။ မဲကိုဒုတိယအကြိမ်နှင့် တတိယအကြိမ်နှိုက်ခဲ့ရာ နှစ်ကြိမ်လုံး သူပင်လျှင် မဲကျခဲ့သည်။ ဤအဖြစ်အပျက်ကို ကုရ်အာန်ကျမ်းတော်မြတ်တစ်နေရာတွင် فَسَاهَمَ فَكَانَ مِنَ الْمُدْحَضِينَ (ထိုယူနွတ်စ်သည် (သဘော်သားများ) မဲစာရေးတံချရာတွင် ပါဝင်မဲချစေခဲ့ရာ ၎င်းမှာ အရေးရှုံးနိမ့်သူဖြစ်ခဲ့ရလေ၏။ ၃၇း၁၄၁)ဟု ဖော်ပြထားသည်။ ထိုစဉ် စိုက်ယိဒိနာယူနွတ်စ်ﷺသည် သူဝတ်ဆင်ထားသော အပိုအဝတ်အစားများကိုချွတ်၍ မြစ်ထဲခုန်ချခဲ့လေသည်။ ရုတ်တရက်ချက်ချင်း အလ္လာဟ်အရှင့်အမိန့်တော်အရ ကက်စပီယမ်ပင်လယ်မှ ငါးကြီးတစ်ကောင်သည် ထိုနေရာရောက်လာကာ စိုက်ယိဒိနာယူနွတ်စ်ﷺကို မျိုချခဲ့လေသည်။ (အိဗနိမတ်စ်အူးဒ်ﷺ၏တင်ပြချက်) အလ္လာဟ်အရှင်မြတ်က ငါးကြီးကိုထပ်မံ၍ အမိန့်ပေးထားသည်မှာ ၎င်းအား အစာအဖြစ်မမှတ်ယူရန်၊ သူ၏ခန္ဓာကိုယ် (အရိုးနှင့်အသားနှစ်ခုစလုံး)ကို မည်သည့်အန္တရာယ်မှမကျရောက်စေရန်နှင့် ၎င်းကို အကျဉ်းသားတစ်ဦးအဖြစ် ဝမ်းဗိုက်တွင် ရက်အနည်းငယ်ထားရန် ဖြစ်သည်။ (အိဗနိကဆီး၏)

သူလူများကို အလ္လာဟ်အရှင်မြတ်၏ သီးသန့်အမိန့်မပါဘဲထား၍ ထွက်ခွာသွားခဲ့ခြင်း၊ သူသည် ငါး၏ဝမ်းဗိုက်ထဲတွင် ရက်အနည်းငယ် နေထိုင်ခဲ့ရခြင်းတို့သည် သူပေါ့လျော့မှုအတွက် အလ္လာဟ်အရှင်မြတ် မနှစ်မြို့တော်မူကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ရည်ညွှန်းထားသည်။

စိုက်ယိဒိနာယူနွတ်စ်ﷺက သူလူများကို သုံးရက်အတွင်း ပျက်စီးမှု မလွမဲသွေကျရောက်မည်ဟု သတိပေးခြင်းသည် သူကိုယ်ပိုင်ဆုံးဖြတ်ချက်မဟုတ်ဘဲ အလ္လာဟ်အရှင့်ဝဟီအပေါ်တွင် အခြေခံထားသည်ဟု စိတ်ချလက်ချမှတ်ယူနိုင်သည်။ အလားတူ သူလူများကို ခွဲခွာခဲ့ခြင်းသည်လည်း အသစ်အဆန်းမဟုတ်ချေ။ ထိုကဲ့သို့သော အခြေအနေများတွင်ရှိခဲ့သော တမန်တော်များသည်လည်း လုပ်လေ့ရှိသောလုပ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းသည်လည်း အလ္လာဟ်အရှင်အမိန့်နှင့် ခွင့်ပြုချက်အရလုပ်ဆောင်ခြင်းဖြစ်ပေမည်။ ထို့ကြောင့် ယခုချိန်ထိတိုင်အလ္လာဟ်အရှင်မြတ်၏ မနှစ်မြို့မှု ရင်ဆိုင်သော မှားယွင်းသည့်လုပ်ရပ်များ သူမလုပ်ခဲ့ပါ။ သို့ရာတွင် နောက်ပိုင်း၌ အလ္လာဟ်အရှင်မြတ်သည်

သူလူများ၏ ဝန်ချတောင်းပန်မှုနှင့် သတိသံဝေဂကို လက်ခံတော်မူခဲ့၍ ထိုသူများ ပျက်စီးခြင်းအန္တရာယ်မှ ကင်းလွတ်စေခဲ့ပါသည်။ ထိုအချိန်၌ စိုက်ယိဒိနာယူနွတ်စ်ﷺသည် သူလူများထံ ပြန်ရပါမည်။ သို့ရာတွင် သူလူများထံပြန်မသွားဘဲ ခွဲခွာ၍ ၎င်းတို့မှ ဝေးရာထွက်ခွာသွားခြင်းသည် သူ၏ကိုယ်ပိုင်ဆုံးဖြတ်ချက် (اجتهاد၁) အပေါ်၌ အခြေခံသည်။ သူတွက်ဆခဲ့သည်မှာ အကယ်၍ သူလူများထံပြန်သွားခဲ့လျှင် သူသင်ကြားပို့ချချက်သည် အကျိုးမသက်ရောက်ဘဲ အချည်းအနှီး ဖြစ်ပါလိမ့်မည်။ သူကိုဖမ်းဆီး၍ ကွပ်မျက်မည့်အန္တရာယ်ကလည်း ရှိနေသည်။ ဤအကြောင်းများကြောင့် သူလူများကို ခွဲခွာခြင်းလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ကဲ့ရဲ့ပြစ်တင်ထိုက်သော လုပ်ရပ်ဖြစ်လိမ့်မည်မဟုတ်ဟု မျှော်လင့်ထားခဲ့သည်။ ရွှေ့ပြောင်းရန် သူ၏ဆုံးဖြတ်ချက်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ရှင်းလင်းပြတ်သားသည့် ညွှန်ကြားချက်ကို စောင့်ဆိုင်းခြင်းမပြုဘဲ သူကိုယ်ပိုင်ဆုံးဖြတ်ချက် (အိဂျ်သိဟားဒ်(اجتهاد၁) ပေါ်အခြေခံထားသော်လည်း ယင်းသည် ပြစ်မှုဂုနာဟ်မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ တမန်တော်တစ်ပါးသည် အလ္လာဟ်အရှင်မြတ်ထံမှ ဝဟီ وحى ကို စောင့်ဆိုင်းခြင်းမရှိဘဲ မိမိကိုယ်ပိုင် ဆုံးဖြတ်ချက်ချခြင်းကိုမူကား အလ္လာဟ်အရှင် နှစ်သက်တော်မမူချေ။ ဤသည်မှာ ပြစ်မှုမဟုတ်သော်လည်း မလိုလားဖွယ်ရာ အပြုအမူတစ်ရပ်ဖြစ်သည်။ တမန်တော်များ၊ အလ္လာဟ်အရှင်နှင့် အလွန်နီးကပ်သောသူများ၏ အဆင့်အတန်းသည် အလွန်မြင့်မားလှသည်။ ထိုသို့သောသူများက ဤသို့သော မလိုလားဖွယ်လုပ်ရပ် လုပ်လိမ့်မည်ဟု မမျှော်လင့်ပါ။ သူတို့၏ သေးငယ်သောအမှားသည် အလ္လာဟ်အရှင် မနှစ်မြို့မှုကိုရစေကာ အရှင်မြတ်၏ ပြစ်တင်မောင်းမဲခြင်းကိုလည်း ခံရပါသည်။ ထို့ကြောင့် သူသည် ဤသို့သော အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရပါသည်။

သဖီစီရ်အလ်ကုရ်သုဒီ၏ကျမ်းတွင် အလ်ကုရိုက်ရှီ၏တင်ပြချက်ကိုကိုးကား၍ စိုက်ယိဒိနာယူနွတ်စ်ﷺ ဤသို့ ဖြစ်ပျက်ခဲ့သည်မှာ သူလူများထံကျရောက်မည့် လေမုန်တိုင်းကိုဖယ်ရှားပြီးသည့်အချိန်မှ ဖြစ်သည်။ ထိုသို့ ဖယ်ရှားခြင်းသည် သူ့ဆန္ဒနှင့်ဆန့်ကျင်ပါသည်။ ထို့နောက် ငါး၏ဝမ်းဗိုက်တွင် ရက်အနည်းငယ်နေရခြင်းသည် ပြစ်ဒဏ်ခတ်မှုမဟုတ်ဘဲ ပြုပြင်ရန်အတွက်သာ ဖြစ်သည်။ ပမာဆိုသော် လူများသည် ၎င်းတို့၏ ငယ်ရွယ်သော သားသမီးများကို သတိပေးသည့်အနေဖြင့် သူတို့သားသမီးများကို ပြုပြင်သည့် လုပ်ရပ်လုပ်သည့်အတိုင်းပင် ဖြစ်သည်။ (ကုရ်သုဒီ)

အဖြစ်အပျက်နောက်ကြောင်းကို လေ့လာသိရှိပြီးနောက် အာယသ်များ၏ ဆိုလိုရင်းကို နားလည်ရန် ပို လွယ်ကူ ပေသည်။ ယင်း၏ဆိုလိုရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

"ذَهَبَ مُغَاضِبًا နဗီတမန်တော်ယူနွတ်စ်သည် (မိမိအမျိုးသားတို့အပေါ်ဝယ်) ဒေါသထွက်ကာ (မိမိမြို့ရွာဒေသမှ ထွက်ခွာ၍)သွားခဲ့လေသည်။" (၂၁း၈၇) ဒေါသသည် သူလူများအပေါ် ဖြစ်သည်မှာ ထင်ရှားသည်။ စိုက်ယိဒိနာအိဗနိ အဗ္ဗားစ်ﷺကလည်း ထိုကဲ့သို့ပင် ရှင်းလင်း ပြသထားသည်။

"فَظَنَّ أَن لَّن نَّقْدِرَ عَلَيْهِ တစ်ဖန်ထိုငါးရှင်ကငါအရှင်မြတ်သည်ငင်း၏အပေါ်၌အလျှင်းကြပ်တည်းစေတော်မူသည် မဟုတ်ဟူ၍ထင်မြင်ခဲ့လေသည်။"(၂၁း၈၇) အဘိဓာန်အရ نَقْدِر ဟူသောစကားလုံးတွင် မတူညီသော ဆိုလိုရင်းသုံးမျိုးရှိသည်။ အကယ်၍ قدر ဟူသော စကားလုံးမှ ဆင်းသက်လာလျှင် ဆိုလိုရင်းမှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာယူနွတ်စ်ﷺကို ထိန်းချုပ်နိုင်စွမ်း ပေးလိမ့်မည်မဟုတ်ဟု ၎င်းကထင်မှတ်ခဲ့သည်။ ဤသည်မှာ လက်မခံနိုင်သော ရှင်းလင်းပြသချက်ဖြစ်သည်မှာ ထင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်မှုစ်လင်မ်ကမှ ထိုကဲ့သို့သော အတွေး သူ့စိတ်တွင် မပေါ်ပေါက်နိုင်ပါ။ တမန်တော်များဆိုလျှင်ကား ပြောစရာပင် မလိုချေ။ နောက်တစ်နည်းဆိုရလျှင် အကယ်၍ نَقْدِر ဟူသောစကားလုံးသည် قْدِر ဟူသောစကားလုံးမှ ဆင်းသက်သည်ဟုယူဆလျှင် ဆင်းရဲခြင်းဖြင့် ထင်ရှားစေသည် သို့မဟုတ် ကျဉ်းမြောင်းသွားစေသည်ဟု ဆိုလိုရင်းဖြစ်လိမ့်မည်။ ယင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်း

တော်မြတ်တွင် မိန့်ထားသည်မှာ-

اَللّٰهُ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ مِنْ عِبَادِهٖ وَيَقْدِرُ لَهٗ အလ္လာဟ်အရှင်မြတ်သည်မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ချီးမြှင့် ပေးသနားတော်မူ၏။ ထိုနည်းတူစွာ ထိုအလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား တိုင်းထွာ၍ပေးတော်မူ၏။ (၂၉း၆၂) သဖိစီရ်အီမာမ်ရှင်များဖြစ်ကြသော အသွာ၊ စအီးဒ်အိဗနိ ဂျုဗိုင်းရ်၊ ဟစန်ဗဆွရီနှင့် အခြားပညာရှင်များစွာက ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို လိုက်နာလက်ခံကျင့်သုံးသည်။ သို့ဆိုလျှင် အာယသ်တော်က ဆိုလိုသည်မှာ အကယ်၍ သူသည် သူလူများကို စွန့်ခွာခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ကြွယ်တည်းကျဉ်းမြောင်းသောအခြေအနေတွင် ထားတော်မူမည်မဟုတ်ဟု စိုက်ယိဒိနာယူနွတ်စ်ﷺတွေးတောခဲ့သည်။ ဤဒုတိယရှင်းလင်းချက်ကို ဋီကာရှင်အများစုက လက်ခံကျင့်သုံးသည်။ (အထက်ဖော်ပြပါစာသား၏ အဓိပ္ပာယ်ပြန်ဆိုမှုသည် ဤရှင်းလင်းချက်ပေါ် အခြေခံထားသည်။) တတိယဖြစ်နိုင်ချေမှာ نَقْدِيْر သည် تَقْدِيْر မှဆင်းသက်သည်။ သို့ဆိုလျှင် အာယသ်တော်ကဆိုလိုသည်မှာ သူလူများနှင့် သူခွဲခွာခဲ့လျှင် သူကိုပြစ်တင်ခံရလိမ့်မည်မဟုတ်ဟု စိုက်ယိဒိနာယူနွတ်စ်ﷺက စွပ်မြဲစွာမှတ်ယူခဲ့သည်။ ကသာဒါဟ်၊ မုဂျာဟစ်ဒ်နှင့် ဖရ်ရာအ်တို့က ဤရှင်းလင်းချက်ကို လက်ခံသည်။

စိုက်ယိဒိနာယူနွတ်စ်ﷺ၏ ဒုအာကို လူအများသည် သူတို့လိုအပ်ချက်အတွက် တစ်ချိန်လုံးတွင် တောင်းဆိုနေကြပါသည်

وَ كَذٰلِكَ نُـْٔجِى الْمُؤْمِنِيْنَ စင်စစ်သော်ကား ငါအရှင်မြတ်သည် မုအ်မင်နသက်ဝင်ယုံကြည်သူတို့အား ဤနည်းနှင့် ကယ်တင်လေ့ ရှိတော်မူ ပေသတည်း။ (၂၁း၈၈)" ဆိုလိုသည်မှာ ငါအရှင်မြတ်သည် စိုက်ယိဒိနာယူနွတ်စ် ﷺ အား သူ၏ဒုက္ခများ၊ ပူပင်သောကများမှ ကင်းလွတ်စေတော်မူခဲ့သလို အခြားသောသက်ဝင်ယုံကြည်သူ(الْمُؤْمِنِيْنَ)တို့က ငါအရှင်ဘက်သို့ လှည့်ကာ ၎င်းတို့၏ ပြစ်မှုဂုနာဟ်တို့အား ဖြူစင်ရိုးသားစွာ ဝန်ချတောင်းပန်ခဲ့ပါလျှင် ငါအရှင် သည် ထိုသူတို့အား ကယ်တင်တော်မူမည်။

တမန်တော်မြတ်ﷺ မိန့်ထားသော ဟဒီးစ်တော်တစ်ပုဒ်အရ အကယ်၍ မုစ်လင်မ်တစ်ဦးသည် စိုက်ယိဒိနာယူနွတ်စ်ﷺ ငါး၏ဝမ်းဗိုက်အတွင်းရှိစဉ်အခါက တောင်းဆိုခဲ့သော لَآ اِلٰهَ اِلَّآ اَنْتَ سُبْحٰنَكَ اِنِّىْ كُنْتُ مِنَ الظّٰلِمِيْنَ (၂၁း၈၇) ဒုအာအတိုင်း သူ၏လိုအင်ဆန္ဒများအတွက် တောင်းခံခဲ့လျှင် အလ္လာဟ်အရှင်သည် သူ၏ဒုအာကို လက်ခံတော်မူကာ သူ၏ ဆန္ဒကို ဖြည့်ဆည်းပေးတော်မူပါလိမ့်မည်။ (အဟ်မဒ်၊ သိရ်မိဇီ၊ မဇ်ဟိရီ)

အာယသ် (၈၉-၉၀)

وَ زَكَرِيَّآ اِذْ نَادٰى رَبَّهٗ رَبِّ لَا تَذَرْنِىْ فَرْدًا وَّ اَنْتَ خَيْرُ الْوٰرِثِيْنَ ﴿۸۹﴾
فَاسْتَجَبْنَا لَهٗ ۫ وَوَهَبْنَا لَهٗ يَحْيٰى وَاَصْلَحْنَا لَهٗ زَوْجَهٗ ؕ اِنَّهُمْ كَانُوْا يُسٰرِعُوْنَ
فِى الْخَيْرٰتِ وَيَدْعُوْنَنَا رَغَبًا وَّ رَهَبًا ؕ وَ كَانُوْا لَنَا خٰشِعِيْنَ ﴿۹۰﴾

ထို့ပြင် (အို-နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်)ဇကရီယာ(၏ အကြောင်း) ကိုလည်း (ပြောကြားပါလေ)။ အခါတစ်ပါး၌ ထို(နဗီတမန်တော်) ဇကရီယာသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူ

တော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးအား (အမွေစား အမွေဆက်ခံသူ မရှိသောသူ အဖြစ်) တစ်ဦးထီးတည်း စွန့်ထားတော်မမူပါနှင့်။ စင်စစ်သော်ကား အရှင်မြတ်သည် အကောင်းဆုံးသော အမွေစားအမွေခံ ဖြစ်တော်မူပါသည်"ဟု ဟစ်ခေါ်တသ ပန်ကြားခဲ့လေ၏။[၈၉]ထိုရောအခါဝယ် ငါအရှင်မြတ်သည် ထို (နဗီတမန်တော်)ဇကရီယာ(၏ ပန်ကြားချက်)ကို သဘောတူလက်ခံတော်မူ၍ ၎င်းအား (သားတော် နဗီတမန်တော်) ယဟ်ယာကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုဇကရီယာ၏ ဇနီးကြင်ရာ(၏ မြုံခြင်းဝေဒနာကို ပျောက်ကင်းစေတော်မူ၍ သန္ဓေတည်နိုင်သော အခြေအနေသို့) နေသားတကျ ဖြစ်အောင် ပြုပြင်၍ ပေးတော်မူခဲ့၏။ ဇကန်အမှန် ထို(နဗီတမန်တော်)တို့သည် ကောင်းမှုသုစရိုက်များကို ဆောလျင်စွာ ပြုလုပ်တတ်သူများ ဖြစ်ခဲ့ကြကုန်၏။ ထို့ပြင် ငါအရှင်မြတ်အား စိတ်ပါဝင်စားစွာလည်းကောင်း၊ ကြောက်ရွံ့စွာလည်းကောင်း ဟစ်ခေါ်တသလေ့ ရှိခဲ့ကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည် ငါအရှင်မြတ်အား ကျိုးနွံသူများလည်း ဖြစ်ခဲ့ကြကုန်သတည်း။[၉၀]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာဇကရီယာ ﷺ သည် သူ၏အမွေကိုဆက်ခံသော သားတစ်ဦးရလိုသောကြောင့် အလွှာဟ်အရှင်မြတ်ထံတော်၌ ဒုအာတောင်းဆိုခဲ့ပါသည်။ သို့ရာတွင် သူ သားတော်တစ်ဦး ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အလွှာဟ်အရှင်သည်သာ အလွန်ကောင်းမွန်သော အမွေဆက်ခံသူဖြစ်ကြောင်း اَنْتَ خَيْرُ الْوٰرِثِيْنَ စင်စစ်သော်ကား အရှင်မြတ်သည် အကောင်းဆုံးသော အမွေစား အမွေခံဖြစ်တော်မူပါသည်" ဟူ၍ မှတ်ယူထားသည်။ ဤသည်မှာ တမန်တော်များ၏ ရိုသေကိုင်းရှိုင်းမှုကို ထင်ရှားစေခြင်းဖြစ်ကာ တမန်တော်တို့၏ အဓိကဂရုပြုရမည်မှာ အလွှာဟ်အရှင်မြတ်သာဖြစ်ပြီး အကယ်၍ သူတို့အတွေးထဲ၌ တစ်စုံတစ်ဦးပေါ်ပေါက်လာလျှင်သော်မှ သူတို့၏ အဓိက ရည်ရွယ်ချက်ကို ဂရုပြုခြင်းမှ တိမ်းချော်မသွားစေသင့်ပါ။

يَدْعُوْنَنَا رَغَبًا وَّ رَهَبًا ထို့ပြင်ငါအရှင်မြတ်အား စိတ်ပါဝင်စားစွာလည်းကောင်း၊ ကြောက်ရွံ့စွာလည်းကောင်း ဟစ်ခေါ်တသ လေ့ရှိ၏။ (၂၁း၉၀) ဤသည်ကို အဓိပ္ပာယ်ပြန်ဆိုနိုင်သည်မှာ ထိုသူများသည် အလွှာဟ်အရှင်အား စည်းစိမ်းချမ်းသာ ရှိနေစဉ်တွင်နှင့် ဒုက္ခရောက်နေစဉ်တွင်ပါ၊ တသနေကြသည် ဟူ၍ဖြစ်သည်။ ဤအာယသ်၏ အခြားသော အဓိပ္ပာယ်ပြန်ဆိုမှုမှာ ထိုသူတို့သည် ၎င်းတို့ ဒုအာတောင်းဆိုနေစဉ်တွင်၊ မျှော်လင့်ခြင်းနှင့် ကြောက်ရွံ့မှုကြားတွင် ရှိနေကြပါ သည်။ မျှော်လင့်သည်က သူတို့၏အပြစ်များကို ခွင့်လွှတ်ပေးသနားတော်မူလိမ့်မည် ဖြစ်ခြင်းနှင့် ကြောက်ရွံ့ခြင်းမှာ ၎င်းတို့၏ ချို့တဲ့မှုများကြောင့် အလွှာဟ်အရှင်မနှစ်မြို့မှု ဖြစ်မည်တို့ဖြစ်ပါသည်။

အာယသ် (၉၁)

وَ الَّتِيْۤ اَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيْهَا مِنْ رُّوْحِنَا وَ جَعَلْنٰهَا وَ ابْنَهَاۤ اٰيَةً لِّلْعٰلَمِيْنَ ﴿۹۱﴾

ထင်ပြင် (အို-နဗီတမန်တော်၊ အသင်သည်) အကြင်အမျိုးသမီး၏ အတွင်ပွတ္တိ အကြောင်းကိုလည်း (ပြောကြားပါလေ)။ ထို(အမျိုးသမီး)သည် မိမိဂုဏ်အသရေကို စောင့်စည်းထိန်းသိမ်းခဲ့လေ၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို(အမျိုးသမီး)၌ မိမိ အထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ထို (အမျိုးသမီး)အား‌လည်းကောင်း၊ ထို(အမျိုးသမီး)၏ သားတော်အား‌လည်းကောင်း ကမ္ဘာသူ ကမ္ဘာသား‌ခပ်သိမ်းတို့အဖို့ သက်သေ လက္ခဏာတော်တစ်ရပ် ပြုလုပ်တော်မူခဲ့ပေသတည်း၊)[၉၁]

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်က တမန်တော်မြတ်ﷺအား သူ၏လူများကို မိမိ၏စိတ်ဆန္ဒများကို ထိန်းချုပ်ထားသော ဘုရားတရားကြည်ညိုကိုင်းရှိုင်းသူ အမျိုးသမီးတစ်ယောက်အကြောင်းကို ပြောကြားရန် ညွှန်ကြားသည်။ ၎င်းနောက် အရှင်သည် ဂျိဗရာအီလ်ﷺမှတစ်ဆင့် အသက်ဇီဝိန်ကို မှုတ်သွင်းစေခဲ့ကာ (စိုက်ယိဒိနာအီစာ‌ﷺ)ဟူသော သားတော်တစ်ပါးကို သူမက မွေးဖွားစေခဲ့ပါသည်။ ထိုသားအား ဖခင်မရှိဘဲနှင့် ကလေးမွေးစေနိုင်သော အလွှာဟ်အရှင်တန်ခိုးတော်၏ လက္ခဏာသင်္ကေတဖြစ်စေပါသည်။ ထိုကဲ့သို့ပင် စိုက်ယိဒိနာအာဒမ်ﷺအား အမိရောအဖပါမရှိဘဲနှင့် ဖြစ်စေတော်မူခဲ့ပါသည်။

အာယသ် (၉၂-၁၀၅)

إِنَّ هٰذِهٖٓ أُمَّتُكُمْ أُمَّةً وَّاحِدَةً ۖ وَّ أَنَا رَبُّكُمْ فَاعْبُدُوْنِ ﴿٩٢﴾ وَ تَقَطَّعُوْٓا
أَمْرَهُمْ بَيْنَهُمْ ۭ كُلٌّ إِلَيْنَا رٰجِعُوْنَ ﴿٩٣﴾ فَمَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ وَ هُوَ
مُؤْمِنٌ فَلَا كُفْرَانَ لِسَعْيِهٖ ۚ وَ إِنَّا لَهٗ كٰتِبُوْنَ ﴿٩٤﴾ وَ حَرٰمٌ عَلٰى قَرْيَةٍ
أَهْلَكْنٰهَآ أَنَّهُمْ لَا يَرْجِعُوْنَ ﴿٩٥﴾ حَتّٰٓى إِذَا فُتِحَتْ يَأْجُوْجُ وَ مَأْجُوْجُ وَ
هُمْ مِّنْ كُلِّ حَدَبٍ يَّنْسِلُوْنَ ﴿٩٦﴾ وَ اقْتَرَبَ الْوَعْدُ الْحَقُّ فَإِذَا هِيَ شَاخِصَةٌ
أَبْصَارُ الَّذِيْنَ كَفَرُوْا ۭ يٰوَيْلَنَا قَدْ كُنَّا فِيْ غَفْلَةٍ مِّنْ هٰذَا بَلْ كُنَّا ظٰلِمِيْنَ
﴿٩٧﴾ إِنَّكُمْ وَ مَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ حَصَبُ جَهَنَّمَ ۭ أَنْتُمْ لَهَا وٰرِدُوْنَ
﴿٩٨﴾ لَوْ كَانَ هٰٓؤُلَآءِ اٰلِهَةً مَّا وَرَدُوْهَا ۭ وَ كُلٌّ فِيْهَا خٰلِدُوْنَ ﴿٩٩﴾ لَهُمْ
فِيْهَا زَفِيْرٌ وَّ هُمْ فِيْهَا لَا يَسْمَعُوْنَ ﴿١٠٠﴾ إِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِّنَّا
الْحُسْنٰٓى ۙ أُولٰٓئِكَ عَنْهَا مُبْعَدُوْنَ ﴿١٠١﴾ لَا يَسْمَعُوْنَ حَسِيْسَهَا ۚ وَ هُمْ فِيْ

مَا اشْتَهَتْ اَنْفُسُهُمْ خٰلِدُوْنَ ﴿۱۰۲﴾ لَا يَحْزُنُهُمُ الْفَزَعُ الْاَكْبَرُ وَ تَتَلَقّٰىهُمُ
الْمَلٰٓئِكَةُ ؕ هٰذَا يَوْمُكُمُ الَّذِيْ كُنْتُمْ تُوْعَدُوْنَ ﴿۱۰۳﴾ يَوْمَ نَطْوِي السَّمَآءَ
كَطَيِّ السِّجِلِّ لِلْكُتُبِ ؕ كَمَا بَدَاْنَاۤ اَوَّلَ خَلْقٍ نُّعِيْدُهٗ ؕ وَعْدًا عَلَيْنَا ؕ
اِنَّا كُنَّا فٰعِلِيْنَ ﴿۱۰۴﴾ وَ لَقَدْ كَتَبْنَا فِي الزَّبُوْرِ مِنْۢ بَعْدِ الذِّكْرِ اَنَّ الْاَرْضَ
يَرِثُهَا عِبَادِيَ الصّٰلِحُوْنَ ﴿۱۰۵﴾

ဇကန်မလွဲ ဤ(အစ္စလာမ်သာသနာတော်ပင်) အသင်တို့၏ တစ်ခုတည်းသော သာသနာတော်ဖြစ်ပေသည်။ ၎င်းပြင် ငါအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ် အားသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။[၉၂]

သို့ရာတွင် လူတို့သည် မိမိတို့ အချင်းချင်းပင် မိမိတို့၏ (သာသနာ့)အရေးကိစ္စကို အပိုင်းပိုင်း ပြုလုပ်ခဲ့ကြကုန်၏။ (စင်စစ်သော်ကား) အားလုံးတို့သည် ငါအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်၍ လာကြရမည့်သူများပင် ဖြစ်ကြကုန်၏။[၉၃] သို့ဖြစ်ပေရာ မည်သူမဆို ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူအံ့။ ၎င်းပြင် ထိုသူသည် "မုအ်မင်နိ်" သက်ဝင်ယုံကြည်သူလည်း ဖြစ်အံ့။ သို့ဖြစ်လျှင် ထိုသူ၏ ကြိုးပမ်းအားထုတ်မှုသည် ပယ်ရှားခြင်းခံရမည် မဟုတ်ပေ။ မချွတ်ဇကန် ငါအရှင်မြတ်သည် ယင်း အားထုတ်မှုကို ရေးသားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၉၄]

စင်စစ်သော်ကား မည်သည့်မြို့ရွာမဆို ငါ အရှင် မြတ်သည် ဖျက်ဆီးတော်မူခဲ့ပါလျှင် ထိုမြို့သူမြို့သားတို့အား (ဤလောကသို့ ၎င်းတို့ ပြန်လာကြရန် မဖြစ်နိုင်ပေ)။[၉၅] နောက်ဆုံးတွင် "ယအ်ဇူဇူ"နှင့် "မအ်ဇူဇူ" (လူမျိုးတို့သည် လွတ်လပ်ခဲ့ကြပြီ)၊ (ဖွင့်ပေးခြင်းခံရသောအခါ) (ကမ္ဘာမြေဝယ်ရှိ) ကုန်းမြင့်တိုင်းမှ လျင်မြန်စွာ (ဆင်း၍)လာကြပေမည်။[၉၆] ၎င်းပြင် မှန်ကန်စွာ ချိန်းချက်ထားသော အချိန်ကာလ (ကိယာမတ်နေ့) သည် နီးကပ်၍ လာခဲ့သောအခါ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့၏မျက်လုံးများကား ပြူးကျယ်လျက် ရှိကြပေမည်။ (ထိုအခါ ၎င်းတို့ သည်) ဧည်ာ-ဖြစ်မှဖြစ်ရလေခြင်း၊ မချွတ်ဇကန် ကျွန်ုပ်တို့သည် ဤ(ကိယာမတ်နေ့)ကို ဂရုမထား မေ့လျော့၍သာ နေခဲ့ကြလေသည်။ စင်စစ်မှာကား ကျွန်ုပ်တို့သည်သာလျှင် အပြစ် ကျူးလွန်သူများ ဖြစ်ကြသည်ဟု ညည်းညူမြည်တမ်း ကြပေမည်။[၉၇]

ဇကန် စင်စစ် အသင်တို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အသင်တို့ ကိုးကွယ်ကြသည်များသည် လည်းကောင်း၊ ဂျဟန္နမ်ငရဲဘုံ၏ လောင်စာများပင် ဖြစ်ကြကုန်၏။ အသင်တို့အားလုံးပင် ယင်းဂျဟန္နမ် ငရဲဘုံတွင်းသို့ ဆိုက်ရောက်ရမည့် သူများသာ ဖြစ်ကြကုန်၏။[၉၈] အကယ်၍သာ ဤသည်တို့သည် ကိုးကွယ်ရာများ

ဖြစ်ကြပါလျှင် ယင်းဂျာဟန္နမ် ငရဲဘုံတွင်းသို့ ဆိုက်ရောက် ကြမည်မဟုတ်ပေ။ သို့ရာတွင် (ယခုသော်ကား) ၎င်းတို့အားလုံးပင် ယင်းဂျာဟန္နမ်ငရဲဘုံ၌ အမြဲထာဝရ နေထိုင်ကြရမည့်သူများ ဖြစ်ကြချေပြီ။[၉၉] ၎င်းတို့၌ ယင်းဂျာဟန္နမ်ငရဲဘုံတွင်း ညိုးညဲ့ ညည်းတွားခြင်းသာလျှင် ရှိပေမည်။ ထို့ပြင် ၎င်းတို့သည် ယင်းဂျာဟန္နမ် ငရဲဘုံ၌ (မည်သည့်စကား၊ မည်သည့် အသံကိုမျှ) ကြားကြလိမ့်မည် မဟုတ်ပေ။[၁၀၀] ဇကာန်မလွဲ အကြင်သူတို့သည် ငါအရှင်မြတ် အထံတော်မှ မူလကပင် ထိုသူတို့အဖို့ ကောင်းကျိုး ပြဋ္ဌာန်းပြီးဖြစ်၏။ ထိုသူတို့သည် ယင်းဂျာဟန္နမ်ငရဲဘုံမှ ဝေးစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေမည်။[၁၀၁] ၎င်းတို့သည် ယင်းဂျာဟန္နမ်ငရဲဘုံ၏ လေသံကို သဲ့သဲ့မျှပင် ကြားကြရလိမ့်မည်မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် မိမိတို့ စိတ်ကြိုက် စည်းစိမ်များတွင် ထာဝစဉ် မွေ့လျော်ခံစားသူများပင် ဖြစ်ကြပေမည်။[၁၀၂] ၎င်းတို့အား ထိုအကြီးဆုံးသော ထိတ်လန့်ဖွယ် (ဖြစ်သော ကိယာမတ်နေ့)သည်ပင်လျှင် စိတ်ဒုက္ခ ရောက်စေမည်မဟုတ်။ ၎င်းပြင်(ထိုနေ့တွင်) မလာအိကဟ် ကောင်းကင်တမန်တော်များက ၎င်းတို့အား "ဤနေ့သည်ကားချိန်းချက်ထားသောနေ့ဖြစ်သည်"ဟူ၍ပင်ကြိုဆိုဧည့်ခံကြအံ့သတည်း။[၁၀၃] (အို-နဗီတမန် တော်) အကြင် (နေ့၏အကြောင်းကိုလည်း ပြောကြားပါဧလေ။ ထို)နေ့တွင် ငါအရှင်မြတ် သည် မိုးကောင်းကင်ကို ရေးသားထားသော မှတ်တမ်းစာရွက်ကို လိပ်ဘိသကဲ့သို့ပင် ခေါက်လိပ်တော်မူမည်။ ငါအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပထမအကြိမ် စတင် ဖန်ဆင်းတော်မူဘိသကဲ့သို့ ထိုအရာကိုပင် ထပ်မံ၍ ပြုလုပ်(ဖန်ဆင်း)တော်မူပေမည်။ (ဤသည် ငါအရှင်မြတ်) မိမိအပေါ်၌ ကတိပြု(တာဝန်ယူ)တော်မူခြင်းပင် ဖြစ်ပေရာ ဇကာန်အမှန် ငါအရှင်မြတ်သည် (မိမိကတိတော်အတိုင်း) ပြုလုပ်တော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၁၀၄] မချွတ်မလွဲ ငါအရှင်မြတ်သည် "လောက်ဟ်မဟ်ဖုဇ်" သင်ပုန်း(၌ ရေးသားတော်မူပြီး)နောက် ကောင်းကင်ကျကျမ်းများတွင်(လည်း) ဇကာန်စင်စစ် မြေကို ငါအရှင်မြတ်၏ သူတော်စင်ကျွန်များပင် အမွေဆက်ခံကြမည်ဟု ရေးသားတော်မူခဲ့ပြီး ဖြစ်ပေသတည်း။[၁၀၅]

အကျယ်ဖွင့်ဆိုခြင်း

ယခုထိတိုင်စူရတ်သည် တမန်တော်များ၏အဖြစ်အပျက်များ ယင်းအဖြစ်အပျက်များနှင့် သက်ဆိုင်များစွာသော အခြေခံမူအချို့နှင့်သာမန်မူများအကြောင်း ဖော်ပြခဲ့ပါသည်။ အခြေခံယုံကြည်ချက်များဖြစ်သော အလ္လာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်း တမန်တော်ဖြစ်ခြင်းနှင့် ပြန်လည်ရှင်ထရမည့်နေ့ဆိုသည်တို့မှာ တမန်တော် အားလုံးနှင့် သက်ဆိုင်ကာ ယင်းအခြေခံများသည် ထိုတမန်တော်တို့ လူအများအား စစ်မှန်သော ယုံကြည်ချက်ကို လိုက်နာရန် အတွက် ဖိတ်ခေါ်မှုတွင် အခြေခံအုတ်မြစ်ဖြစ်ပါသည်။

وَحَرٰمٌ عَلٰى قَرْيَةٍ اَهْلَكْنٰهَآ اَنَّهُمْ لَا يَرْجِعُوْنَ စင်စစ်သော်ကား မည်သည့်မြို့ရွာမဆို ငါအရှင်မြတ်သည် ဖျက်ဆီးတော်မူခဲ့ပါလျှင် ထိုမြို့သူမြို့သား တို့အား (ဤလောကသို့ ၎င်းတို့ပြန်လာကြရန် မဖြစ်နိုင်ပေ။) (၂၁း၉၅) ဤအာယသ်အတွက် ဋီကာရှင်များက မတူညီ သော အဓိပ္ပာယ်နှစ်မျိုး ဖွင့်ဆိုထားကြသည်။ တစ်ခုမှာ အလ္လာဟ်အရှင်

ဖျက်ဆီးတော်မူခဲ့သော မြို့ရွာနှင့်လူများသည် အသက်တစ်ဖန် ပြန်လည်မရှင်သန်တော့ပါ။ ဒုတိယရှင်းလင်းချက်မှာ အလွှာဟ်အရှင်ဖျက်ဆီးတော်မူခဲ့သော မြို့ရွာ သည် ဤကမ္ဘာပေါ်၌ တစ်ဖန်ပြန်လည် မပေါ်ပေါက်ဟူသည်ကို အတည်ပြုပြီးဖြစ်သည်။(ကုရ်တွၢဗီ)။ ထို့ကြောင့် ဤအာယသ်တော်၏အဓိပ္ပာယ်မှာ သေဆုံးပြီးသည့်နောက် သောင်ဗဟ် ဝန်ချတောင်းပန်မှုတံခါးသည် ပိတ်ခဲ့ပြီးဖြစ်ပါ သည်။ ၎င်းနောက် တစ်စုံတစ်ဦးသည် ဤကမ္ဘာမြေသို့ပြန်လာကာ သူ၏ပြစ်မှုဝုနာဟ်များ ကြေအေးစေရန် ကောင်းမှု ကောင်းရာ လုပ်ရပ်များကိုလည်း မလုပ်ဆောင်နိုင်ပါ။ တရားစီရင်မည့်နေ့၌ အပြီးအပြတ် ဆုံးဖြတ်ချက်ချပါလိမ့်မည်။

"حَتَّىٰٓ إِذَا فُتِحَتۡ يَأۡجُوجُ وَمَأۡجُوجُ وَهُم مِّن كُلِّ حَدَبٖ يَنسِلُونَ" နောက်ဆုံးတွင် "ယအ်ဇျူဇျ်"နှင့်"မအ်ဇျူဇျ်"(လူမျိုးတို့သည် လွတ်လပ်ခဲ့ကြပြီး) (ဖွင့်ပေးခြင်းခံရသော အခါ) (ကမ္ဘာမြေ ဝယ်ရှိ) ကုန်းမြင့်တိုင်းမှ လျင်မြန်စွာ (ဆင်း၍) လာကြပေမည် (၂၁း၉၆)။ ပြီးခဲ့သော အာယသ်ထဲ၌ မယုံကြည်သွေဖည်ခြင်းဖြင့် သေဆုံးသွားခဲ့သောသူများသည် ဤကမ္ဘာသို့ မည်သည့်အခါမျှ ပြန်လည်ရောက်ရှိမည် မဟုတ်ကြောင်း မိန့်ကြားထားသည်။" နောက်ဆုံးတွင် "ယအ်ဇျူဇျ်"နှင့်"မာအ်ဇျူဇျ်" လူမျိုးတို့သည် လွတ်လပ်ခဲ့ကြပြီး (ဖွင့်ပေးခြင်းခံရသောအခါ) ဟူသောစာစု၏ စစ်မှန်သော ဆိုလိုရင်းမှာ ထိုကဲ့သို့သောသူမျိုးတို့သည် ဘယ်သောအခါမှ ပြန်လည်ရောက်ရှိလိမ်မည်မဟုတ် ဟူ၍ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ယာဇျူဇျ်နှင့်မာဇျူဇျ်ပေါ်ထွက်လာခြင်း သည် ကမ္ဘာကြီးပျက်စီးမည့်နေ့ နီးလာပြီဆိုသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

စိုက်ယိဒိနာဟုဒိုင်ဖာဟ်ﷺမှတစ်ဆင့် ဆွဟီးမုစ်လင်မ်ကျမ်းထဲ၌ တင်ပြထားသည်မှာ သူနှင့်အခြားသော ဆွဟာဗဟ်များသည် ဆွေးနွေးမှုတစ်ခုလုပ်နေစဉ်တွင် တမန်တော်မြတ်ﷺ သူတို့ထံသို့ရောက်ရှိလာကာ သူတို့ မည်သည်ကို စဉ်းစားနေပါသနည်း ဟူ၍ မေးမြန်းစူးစမ်းခဲ့ပါသည်။ သူတို့က (ကိယာမသ် ကမ္ဘာပျက်မည့်နေ့) အကြောင်းကို ဆွေးနွေးနေကြောင်း ဖြေကြားခဲ့ပါသည်။ ထိုစဉ် တမန်တော်မြတ်ﷺသခင်က မိန့်ကြားသည်မှာ ကိယာမသ်သည် လက္ခဏာ(၁၀)မျိုး ပေါ်ထွက်ပြီးမှသာ ဖြစ်ပါလိမ့်မည်။ ၎င်းနောက် ယာဇျူဇျ်နှင့်မာဇျူဇျ်တို့ ထွက်ပေါ်လာသည်ဆိုခြင်းမှာ ယင်းတို့အနက်မှ တစ်ခုဖြစ်ပါသည်။

فُتِحَتۡ "လွတ်လပ်စေခြင်းကိုခံခဲ့ရအံ့" ဟူသော စကားလုံးသည် ယာဇျူဇျ်နှင့်မာဇျူဇျ်တို့အတွက် သုံးထားပါသည်။ ယင်းကရည်ရွယ်သည်မှာ သတ်မှတ်ထားသည့်အချိန် မရောက်မချင်း ၎င်းတို့အား ချုပ်နှောင်ထားကာ အချို့သော အတားအဆီးများ၏ နောက်ကွယ်၌ထားရှိကာ ကမ္ဘာပျက်မည့်နေ့ နီးကပ်လာသောအခါမှသာ လွှတ်ပေးပါလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်အရ ထင်ရှားသည်မှာ ၎င်းတို့အား ထိန်းချုပ်ထားမှုသည် ဇုလ်ကရ်နိုင်း ပြုလုပ်ထားသော တံတိုင်းဖြစ်ကာ ယင်းတံတိုင်းသည် ကိယာမသ်ဖြစ်ရန် နီးသောအချိန်အခါ၌ ပျောက်ကွယ်သွားပါလိမ့်မည်။ ယာဇျူဇျ်၊ မာဇျူဇျ်နှင့် ဇုလ်ကရ်နိုင်းတို့၏ အကြောင်းကို အသေးစိတ်အတော်အတန်ဖြင့် စူရတ်အလ်ကဖ်ထဲ၌ ဖော်ပြပြီးဖြစ်ပါသည်။ စာရှုသူသည် ယင်းကို ပြန်လည်လေ့လာနိုင်ပါသည်။

"مِن كُلِّ حَدَبٖ يَنسِلُونَ" နောက်ဆုံးတွင် ယာဇျူဇျ်နှင့်မအ်ဇျူဇျ် (လူမျိုးတို့သည် လွတ်လပ်ခဲ့ကြပြီ) ဖွင့်ပေးခြင်းခံရသောအခါ ကမ္ဘာမြေပေါ်ရှိ ကုန်းမြင့်တိုင်းမှ လျင်မြန်စွာ ဆင်း၍လာကြပေမည်။ ၂၁း၉၆" حَدَبٖ ဟူသော စကားလုံးသည် မို့မောက် နေသောနေရာဖြစ်ကာ ယင်းသည် တောင်တစ်တောင်ဖြစ်နိုင်သကဲ့သို့ မြေပေါ်ပုံထားသော အရာလည်း ဖြစ်နိုင်သည်။ စူရတ်အလ်ကားဟ်ဖထဲ၌ ယအ်ဇျူဇျ်နှင့်မအ်ဇျူဇျ်တို့ကို မြောက်ပိုင်းတောင်များအလွန်တွင် ချုပ်နှောင်ထားခဲ့ကြောင်း ကျွန်ုပ်တို့ သိရှိခဲ့ရသည်။ ထို့ကြောင့် သူတို့ ထွက်လာကြတော့မည်ဆိုပါက သူတို့သည် တောင်စောင်းများမှ အစုလိုက် အပြုံလိုက် ထွက်လာကြမည်ကို တွေ့ရမည်ဖြစ်သည်။

إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ اللَّهِ حَصَبُ جَهَنَّمَ "ဇကန်စင်စစ် အသင်တို့သည်လည်းကောင်း အလ္လာဟ်အရှင်မြတ်မှတစ်ပါး အသင်တို့ကိုးကွယ်ကြသည် များသည်လည်းကောင်း ဂျဟန္နမ်ငရဲဘုံ၏ လောင်စာများပင်ဖြစ်ကြကုန်၏။ ၂၁း၉၈"ဤနေရာ၌မေးခွန်းတစ်ရပ်ထွက်ပေါ်လာနိုင်သည်မှာဤအာယသ်အားအချို့လူများကိုးကွယ်ကြသည့် စိုက်ယိဒိနာမစီအ်ﷺ စိုက်ယိဒိနာ အုဇိုင်းရ်ﷺနှင့် ကောင်းကင်စေတမန်များကိုစွဲသည် ဤအာယသ်နှင့် ပတ်သက်ဆက်စပ်သလော ဟူ၍ဖြစ်သည်။ ကုရ်သုဒီက သူ့သဖီရ်ကျမ်းတွင် ပေးထားသောအကြောင်းအရာအရ ဤကိစ္စကို စိုက်ယိဒိနာအိဝနိအဗ္ဗားစ်ﷺက လုံလုံလောက်လောက် ဖြေရှင်းထားသည်။ စိုက်ယိဒိနာအဗ္ဗားစ်ﷺ စဉ်စားမိသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် လူအများ၏ ဒွိဟဖြစ်စရာ အာယသ်တစ်ခုပါသော်လည်း ထိုအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်ကို မမေးမြန်းခဲ့ကြပါ။ သူဆက်ပြောသည်မှာ ဤကဲ့သို့ဖြစ်ရခြင်းသည် လူအများက ၎င်းတို့၏ဒွိဟသံသယအတွက် ပြတ်ပြတ်သားသား အဖြေတစ်ခု တွေ့ရှိခဲ့လျှင်သော် လည်းကောင်း သို့မဟုတ် သူတို့သည် လုံးဝဂရုမစိုက်ဘဲ ဤကိစ္စသည် စုံစမ်း စစ်ဆေးရလောက်အောင် အရေးမကြီးဟု မှတ်ယူသောကြောင့်လည်းကောင်း ဖြစ်ပေသည်။ လူများက သူ့ကို ထိုအာယသ်သည် မည်သည့်အာယသ်နည်းဟုမေးသောအခါ သူက إِنَّكُمْ وَمَا تَعْبُدُونَ အာယသ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြသည်။ ထို့နောက် သူကပြောသေးသည်မှာ ဤအာယသ်ကျရောက်ခဲ့သောအခါတွင် မယုံကြည် သွေဖည်ငြင်းပယ်သော ကုရိုက်ရှ်များသည် အလွန်စိတ်ဆိုး ဒေါသဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်း အာယသ်သည် သူတို့ဘုရားများကို စော်ကားရာရောက်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် အိဗနိအလ်ဇီဗာရာ(ကျမ်းတတ်ပညာရှင်)ထံသို့ဆည်းကပ်၍ ဤအကြောင်း မကျေနပ်ကြောင်း ပြောကြားခဲ့သည်။ သူကဖြေသည်မှာ အကယ်၍သူသာ ထိုနေရာ၌ရှိခဲ့လျှင် သူပေးမည့်အဖြေက အားလုံးကို ရှုပ်ထွေးသွားစေပါသည်။ သူက ထပ်ပြီးပြင်းပြင်းထန်ထန် မေးသောအခါ သူက ထိုသူများကို ခရစ်ယာန်များနှင့် ဂျူးများ ကိုးကွယ်ကြသော စိုက်ယိဒိနာမစီအ်ﷺနှင့် စိုက်ယိဒိနာ အုဇိုက်ရ်ﷺတို့သည်လည်း ဘာဖြစ်သွားမလဲဟု မေးမြန်းပေလိမ့်မည်။ (အဓိပ္ပာယ်မှာ ထိုသူများ **معاذ الله** တို့သည်လည်း ဂျဟန္နမ်သို့ ကျကြမည်လော ဟူ၍ဖြစ်သည်။) မယုံကြည်သွေဖည်ငြင်းပယ်သည့် ကိုရိုက်ရှ်များသည် ဤကဲ့သို့ကြားရခြင်းကို အလွန်ကျေနပ်နှစ်သိမ့်ကာ မုဟမ္မဒ်ﷺသည် ၎င်းတို့၏မေးခွန်းကို အဖြေပေးလိမ့်မည်မဟုတ်ကြောင်း အသေအချာ ယူဆခဲ့ကြသည်။ ထိုအချိန်၌ အလ္လာဟ်အရှင်မြတ်က إِنَّ الَّذِينَ سَبَقَتْ لَهُم مِّنَّا الْحُسْنَىٰ أُولَٰئِكَ عَنْهَا مُبْعَدُونَ "ဇကန်မလွဲ အကြင်သူတို့သည် ငါအရှင်မြတ်အထံတော်မှ မူလကပင် ထိုသူတို့အဖို့ကောင်းကျိုးပြဋ္ဌာန်းပြီးဖြစ်၏။ ထိုသူတို့သည် ယင်းဂျဟန္နမ်ငရဲဘုံမှ ဝေးစေခြင်းကိုခံကြရမည့် သူများပင် ဖြစ်ကြပေမည်။ ၂၁း၁၀၁" အာယသ်ကို ပို့ချပေးတော်မူခဲ့သည်။ ဆိုလိုသည်မှာ အရှင်မြတ်၏ အသနား တော်နှင့် ကောင်းမွန်သော ရလဒ်များကို သေချာစေပြီးသော သူများသည် ထိုင်ရဲမှ ကင်းကွာအောင် ထားပါလိမ့်မည်။ အလားတူ အိဗနိအလ်ဇီဗာအ်ရာအတွက် ဤကုရ်အာန်ကျမ်းမြတ်၏ အာယသ်တော် وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا إِذَا قَوْمُكَ مِنْهُ يَصِدُّونَ (၄၃း၅၇)" ကိုချပေးခဲ့သည်။ ဆိုလိုသည်မှာ အိဗနိအလ်ဇီဗာအ်ရာက သူမျိုးနွယ်စုဝင်များကို စိုက်ယိဒိနာ မရ်ယာမ်၏ဥပမာကိုတင်ပြခဲ့သောအခါ၌ ကိုရိုက်ရှ်များသည် နှစ်ထောင်းအားရ ခဲ့ကြသည်ဟု ဥပမာပေးခဲ့သည်။

لَا يَحْزُنُهُمُ الْفَزَعُ الْأَكْبَرُ "ဂင်းတို့အား ထိုအကြီးဆုံးသော ထိတ်လန့်ဖွယ်(ဖြစ်သော ကိယာမသ်နေ့)သည် ပင်လျှင် စိတ်ဒုက္ခ ရောက်စေမည် မဟုတ်။ ၂၁း၁၀၃" စိုက်ယိဒိနာအိဝနိအဗ္ဗားစ်ﷺက الْفَزَعُ الْأَكْبَرُ "(ထိုအကြီးဆုံးသော ထိတ်လန့်ဖွယ်)ဆိုသည်မှာ (**صور**) တံပိုး ဒုတိယအကြိမ်မှုတ်ခြင်းကို ရည်ညွှန်းသည်။ ယင်းသို့မှုတ်ခဲ့သောအခါတွင် သေဆုံးပြီးသူ အားလုံးစုရုံးစေ၍ ကမ္ဘာလောကတွင် သူတို့လုပ်ခဲ့သော လုပ်ရပ်များနှင့် ပတ်သက်သည့်စာရင်း တင်ပြရပါမည်။ အခြားသူအချို့ကမူ الْفَزَعُ الْأَكْبَرُ (ထိုအကြီးဆုံးသောထိတ်လန့်ဖွယ်)ဆိုသည်မှာ

စူရ်တံပိုး ပထမအကြိမ်မှုတ်ခြင်းကိုခေါ်သည်ဟုဆိုကြသည်။ အိဗနိအလ်အရဗီက ပြောခဲ့သည်မှာ စူရ်တံပိုးကို သုံးကြိမ်မှုတ်ပါလိမ့်မည်။ ပထမကြိမ်မှာ **اَلْفَزَعُ الْاَكْبَرُ** ဟု ခေါ်၍ လူတိုင်းသည် ယင်းကြောင့် လုံးဝ ကြောက်ရွံ့ထိတ်လန့်ကြပေမည်။ ယင်းကို ဤနေရာ၌ **نَفْخُةُ الْفَزَعِ** (အကြီးဆုံးသော ထိတ်လန့်မှု)အဖြစ် ရည်ညွှန်းခဲ့သည်။ ဒုတိယအကြိမ် စူရ်တံပိုးမှုတ်ခြင်းကို **نَفْخُةُ الصَّعق**ဟုခေါ်၍ယင်းကြောင့်လူအားလုံးသေဆုံးကြလိမ့်မည်။တတိယစူရ်တံပိုးမှုတ်ခြင်းကို **نَفْخُةُ الْبَعْث** ဟုခေါ်၍ ယင်းကြောင့် အားလုံး ပြန်လည်ရှင်ပြန်ထ လာကြလိမ့်မည်။ မုစ်နဒ်၊ အဘူယအ်လာနှင့် ဗိုင်ဟကီကျမ်း၊ အဗ်ဒိအိဗနိဟူမိုဒ်ကျမ်း၊ အဗူအလ်ရှိက်ခ်၊ အိဗနိဂျရီးရ်အလ်သဗရီ အစရှိသောကျမ်းများတွင် ကိုးကားထားသည့် အဗူဟုရိုင်ရဟ်ﷺ၏ ဟဒီးစ်တပုဒ်က ဤဖော်ပြချက်ကို အထောက်အကူ ဖြစ်စေပါသည်။ (မဇ်ဟရီ)

يَوْمَ نَطْوِى السَّمَآءَ كَطَىِّ السِّجِلِّ لِلْكُتُبِ "အကြင်နေ့တွင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို ရေးသားထားသော မှတ်တမ်းစာရွက်ကို ခေါက်လိပ်ပြီးသကဲ့သို့ပင် ခေါက်လိပ်တော်မူမည်။ ၂၁း၁၀၄" စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺ အဆိုအရ **سِجِلّ** ဟူသော စကားလုံး၏ဆိုလိုရင်းမှာ စာအုပ်တစ်ခု၏ စာရွက်တစ်ရွက်ဖြစ်သည်။ အလီအိဗနိအဗီသွာလ်ဟာဟ်၊ အော်ဖီ၊ မုဂျာဟစ်ဒ်၊ ကသာဒါဟ်၊ အိဗနိဂျရီးရ်နှင့် အိဗနိကဆီးရ်တို့ကလည်း ဤ စကားလုံး၏အဓိပ္ပာယ်ကို ထိုနည်းအတိုင်း ကျင့်သုံးလိုက်နာကြသည်။ အာယသ်ပါ **كُتُب** စကားလုံးသည် **اَلْمَكْتُوب** အတွက် သုံးနှုန်းထားသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ရာရေးသားထားခြင်း ဖြစ်သည်။ ထို့ကြောင့် အာယသ်၏ဆိုလိုရင်းမှာ မိုးကောင်းကင်ကြီးကို ၎င်း၏ရေးသားခြင်းများနှင့်အတူ စက္ကူလိပ်လိုက်သကဲ့သို့ လိပ်လိုက်ပေမည်။ (အိဗနိကဆီးရ်)

စိုက်ယိဒိနာအဗ္ဗဒုလ္လာဟ် အိဗနိအုမရ်ﷺ၏ ခိုင်လုံမှုအရ ဆွဟီးဒ်အလ်ဗုခါရီကျမ်းပါ အကြောင်းအရာ တစ်ခုတွင် တမန်တော်မြတ်ﷺ မိန့်ကြားခဲ့သည်မှာ တရားစီးရင်မည့်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင် ခုနစ်ထပ်နှင့် မြေခုနစ်ထပ်အား ၎င်းတို့နှစ်ခုတွင်ရှိ ဖန်ဆင်းခံအရာအားလုံးနှင့်အတူလိပ်ကာ အရှင်မြတ်လက်တော်တွင် ထားရှိတော်မူလိမ့်မည်။ ထိုအရာများအားလုံးသည့် နှမ်းစေ့လောက်သာရှိပါလိမ့်မည်။ (အိဗနိကဆီးရ်)

وَلَقَدْ كَتَبْنَا فِى الزَّبُوْرِ مِنْۢ بَعْدِ الذِّكْرِ اَنَّ الْاَرْضَ يَرِثُهَا عِبَادِىَ الصّٰلِحُوْنَ "မချွတ်မလွဲငါအရှင်မြတ်သည် ဇဗူရ် ကောင်းကင်ကျကျမ်းတွင် ရေးသားတော်မူခဲ့သည်။ ဇကန်စင်စစ် မြေကို ငါအရှင်မြတ်၏ သူတော်စင်ကျွန်များပင် အမွေဆက်ခံကြမည်ဟု ရေးသားတော်မူခဲ့ပြီး ဖြစ်ပေသတည်း။" (၂၁း၁၀၅) **زَبُوْر** (ဇဗူရ်)၏ အများကိန်းဖြစ်ကာ စာအုပ်ဟု ဆိုလိုသည်။ ယင်းသည် စိုက်ယိဒိနာဒါဝူဒ်ﷺကို ချပေးသည့် ကျမ်းအမည်လည်း ဖြစ်သည်။ လက်ရှိစာသားပါ စကားလုံး၏အဓိပ္ပာယ်နှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးကွဲပြားသည်။ စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺ၏ ဖော်ပြချက်အရ အာယသ်တော်ထဲမှ **ذِكْر** ဟူသောစကားလုံးသည် သောင်ရတ်ကျမ်းကိုရည်ညွှန်း၍ **زبور** ဆိုသည်မှာ သောင်ရတ်ကျမ်းနောက်မှကျရောက်သော အခြားကျမ်းများကိုရည်ညွှန်းသည်။ ၎င်းတို့မှာ ဇဗူရ်(ဆာလံကျမ်း)၊ အင်ဂျီလ် (ဇဝံဂေလိကျမ်း)နှင့် ကုရ်အာန်တို့ ဖြစ်သည်။ (အိဗနိဂျရီးရ်) အထက်ပါရှင်းလင်းချက်ကို ဒဟ်ယာက်က လက်ခံကျင့်သုံးသည်။ သို့သော်လည်း အိဗနိဇိုက်ဒ်က ရှင်းလင်းပြသခဲ့သည်မှာ **ذِكْر** သည် **لوح محفوظ** (ထိန်းသိမ်းထားသော ကျောက်သင်ပုန်း)ကို ရည်ညွှန်း၍ **زبور** သည် တမန်တော်များကို ချပေးသည့်ကျမ်း အားလုံးကို ဆိုလိုသည်။ ဇာဂျ်ဂျားဂျ်ကလည်း ဤရှင်းလင်းချက်ကို လက်ခံကျင့်သုံးသည်။ (ရှုဟုလ်မအာနီ)

اَلْأَرض ၂၁း၁၀၅ပါ "မြေ" ဟူသောစကားလုံး "ဋီကာရှင်အားလုံးက ဤအာယသ်ထဲမှ စကားလုံးသည် ဂျန္နသ်၏မြေကို ရည်ညွှန်းသည်ဟု သဘောတူညီကြသည်။ အိဗနိဂျရီးရ်က စိုက်ယိဒိနာအဗ္ဗားစ်ထံမှ ဤရှင်းလင်းချက်ကို တင်ပြခဲ့သည်။ မုဂျာဟီဒ်၊ အိဗနိဂျူဗိုင်းရ်၊ အစ်က်ရီမာဟ်၊ စွတ်ဒီနှင့် အဗ်အလ်အောင်လိယာဟ်တို့ကလည်း ဤရှင်းလင်း ချက်ကို လက်ခံကျင့်သုံးကြသည်။ အီမာမ်ရာဇီက ဤရှင်းလင်းချက်ကို ထောက်ခံသည့် နောက်ထပ်

အာယသ် တစ်ခု ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှိသည်ဟု ပြောခဲ့သည်။ အာယသ်မှာ وَاَوْرَثَنَا الْاَرْضَ نَتَبَوَّاُ مِنَ الْجَنَّةِ حَيْثُ نَشَآءُ "ဤ(ဂျန္နသ်သုခဘုံ၏)မြေကို ကျွန်တော်မျိုးတို့အား အမွေအဖြစ် ပိုင်ဆိုင်စေတော်မူပြီးဖြစ်ရာ ကျွန်တော်မျိုးတို့မှာ "ဂျန္နသ်"သုခဘုံတွင် မိမိတို့ အလိုရှိရာ နေရာများ၌ နေထိုင်နိုင်ကြပေသည်" ဟု (ဝမ်းမြောက်စွာ) ပြောဆိုကြပေသည်။ ၃၉း၇၄" အာယသ်ထဲတွင် ဘာသာရေး ကိုင်းရှိုင်းရှိသေသူများသည် ارض ကို အမွေအဖြစ် ဆက်ခံရမည်ဟု သုံးနှုန်းထားခြင်းကလည်း ဤအယူအဆကို ပိုမိုခိုင်မာစေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောကမြေကို ယုံကြည်သူများနှင့် မယုံကြည်သူများ အားလုံး အမွေဆက်ခံနိုင်သည်။ ဘုရားတရား ကြည်ညိုကိုင်းရှိုင်းသူများသည် ارض မြေကို အမွေဆက်ခံရမည်၏ နောက်၌ ကိယာမသ်အကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် အများသိပြီးဖြစ်သည့် ကိယာမသ်ပြီးနောက် ကမ္ဘာမြေ သည် ရှိလိမ့်မည်မဟုတ်ဘဲ ဂျန္နသ်၏မြေသာလျှင် ရှိပါလိမ့်မည်၊ စိုက်ယိဒိနာအိဗနိအဗ္ဒူးစ်ﷺ၏ အခြားတင်ပြချက်တွင် ပြောထားသည်မှာ ارض ဟူသော စကားလုံးသည် မြေဟူ၍သာ အဓိပ္ပာယ်ဆိုလိုရင်းဖြစ်၍ ယင်းတွင် ကမ္ဘာလောက မြေနှင့်အတူ ဂျန္နသ်သုခဘုံ၏ မြေပါ အကျုံးဝင်သည်။ ဂျန္နသ်သုခဘုံမြေကို ဘုရားတရားကိုင်းရှိုင်းရှိသေသူများ အမွေ ဆက်ခံရလိမ့်မည်ဆိုခြင်းကား ထင်ရှားသည်။ ကမ္ဘာလောက မြေနှင့် ပတ်သက်၍လည်း တစ်ချိန်ချိန်တွင် ကမ္ဘာလောက မြေတစ်ခုလုံးကို ဘုရားတရားကိုင်းရှိုင်းရှိသေသူများ ပိုင်ဆိုင်လိမ့်မည်ဆိုကြောင်း ကုရ်အာန်ကျမ်းတော်မြတ် နေရာများ စွာတွင် မိန့်ထားသည်။ ယင်း သို့သောအာယသ်မှ တစ်ခုမှာ اِنَّ الْاَرْضَ لِلّٰهِ ۖ يُوْرِثُهَا مَنْ يَّشَآءُ مِنْ عِبَادِهٖ ۚ وَالْعَاقِبَةُ لِلْمُتَّقِيْنَ "ဧကန်စင်စစ် (ဤ)ကမ္ဘာမြေသည် အလ္လာဟ်အရှင်မြတ် စိုးပိုင်တော်မူသော ကမ္ဘာမြေပြင်သာ ဖြစ်ချေသည်။ ထိုအရှင်မြတ်သည် ယင်းကမ္ဘာမြေကို မိမိ၏ ကျွန်တို့အနက် အလိုရှိတော်မူသော သူတို့အားစိုးပိုင်စေတော်မူလေသည်။ သို့ရာတွင် နောက်ဆုံးအကျိုးသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေခန့်ငြားသော သူတော်စင်များအဖို့သာ ဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။ (၇း၁၂၈)

နောက်ထပ် အခြားအာယသ်တစ်ခုတွင် وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا مِنْكُمْ وَعَمِلُوا الصّٰلِحٰتِ لَيَسْتَخْلِفَنَّهُمْ فِى الْاَرْضِ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သောသူတို့အား (ဤသို့) ကတိပေးတော်မူသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အလျင် ရှိခဲ့ကြကုန်သောသူတို့အား (ကမ္ဘာမြေဝယ်) အုပ်ချုပ်စေတော်မူခဲ့သည့်နည်းတူ ၎င်းတို့အားလည်း အုပ်ချုပ်စေတော်မူမည်။ (၂၄း၅၅)" ဟူ၍ဖြစ်သည်။

အခြားအာယသ်တွင်လည်း اِنَّا لَنَنْصُرُ رُسُلَنَا وَالَّذِيْنَ اٰمَنُوْا فِى الْحَيٰوةِ الدُّنْيَا وَيَوْمَ يَقُوْمُ الْاَشْهَادُ "ဧကန်မလွဲ ငါအရှင်မြတ်သည် မိမိ ရဏ္ဍာလ်တမန်တော်တို့အားလည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း ၎င်းမျက်မှောက်လောကီဘဝ၌လည်း ကူညီစောင်မလျက် ရှိတော်မူ၏။ သက်သေများရပ်ကြမည့် "ကိယာမသ်" ရှင်ပြန်ထမည့်နေ့တွင်လည်း (ကူညီစောင်မတော်မူမည်) ၄၀း၅၁" ဟု မိန့်ထားသည်။

ကမ္ဘာကြီး၏ ကောင်းမွန်သော အစိတ်အပိုင်းများကို ဘုရားတရားကိုင်းရှိုင်းရှိသေသည့် အီမာန်သက်ဝင်ယုံကြည်သူများ၏ ထိန်းချုပ်ထားမှုကို သမိုင်းက မြင်တွေ့ခဲ့ရပြီးလေပြီ။ စိုက်ယိဒိနာမဟ်ဒီﷺ၏ အချိန်အတွင်း၌လည်း သူ၏ထိန်းချုပ်မှုအောက်၌ တစ်ဖန် ပြန်လည်ရောက်ပါလိမ့်မည်။ (ရှဟုလ်မအာနီနှင့် အိဗနိကဆီးရ်)

အာယသ် (၁၀၆-၁၁၂)

إِنَّ فِي هَٰذَا لَبَلَاغًا لِّقَوْمٍ عَابِدِينَ ﴿١٠٦﴾ وَمَا أَرْسَلْنَاكَ إِلَّا رَحْمَةً لِّلْعَالَمِينَ
﴿١٠٧﴾ قُلْ إِنَّمَا يُوحَىٰ إِلَيَّ أَنَّمَا إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ ۖ فَهَلْ أَنتُم مُّسْلِمُونَ
﴿١٠٨﴾ فَإِن تَوَلَّوْا فَقُلْ آذَنتُكُمْ عَلَىٰ سَوَاءٍ ۖ وَإِنْ أَدْرِي أَقَرِيبٌ أَم بَعِيدٌ مَّا
تُوعَدُونَ ﴿١٠٩﴾ إِنَّهُ يَعْلَمُ الْجَهْرَ مِنَ الْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ ﴿١١٠﴾ وَإِنْ
أَدْرِي لَعَلَّهُ فِتْنَةٌ لَّكُمْ وَمَتَاعٌ إِلَىٰ حِينٍ ﴿١١١﴾ قَالَ رَبِّ احْكُم بِالْحَقِّ ۗ وَ
رَبُّنَا الرَّحْمَٰنُ الْمُسْتَعَانُ عَلَىٰ مَا تَصِفُونَ ﴿١١٢﴾

မလွဲမေကန် ဤ(ကုရ်အာန်ကျမ်းတော်)၌ ခဝပ်ကိုးကွယ်သူတို့အဖို့ အမှန်ပင် (ရှင်းလင်းသော) အကြောင်းကြားချက်သည် ရှိပေသည်။[၁၀၆] စင်စစ်သော်ကား (အိုး-နဗီတမန်တော်) ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာခပ်သိမ်းတို့အဖို့ ကရုဏာတော်အဖြစ် နှင့်သာလျှင် စေလွှတ်တော်မူခဲ့ပေသည်။[၁၀၇]

(အိုး-နဗီတမန်တော်) အသင်သည် (ငှင်းတို့အား အချင်းတို့) တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မြတ်သည်သာလျှင် အသင်တို့၏ ကိုးကွယ်ရာအရှင်ဖြစ်တော်မူကြောင်း ငါ့ထံသို့ "ဝဟ်ယ်" အမိန့်တော် ပေးပို့ခြင်းခံရသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (အမိန့်တော်ကိုနာခံသူ) မုစ်လင်မ်များ ဖြစ်ကြမည်လောဟု ပြောဆို(မေးမြန်း)ပါလေ။ [၁၀၈] သို့ပါလျက် အကယ်၍ ငှင်းတို့သည် မျက်နှာလွှဲငြင်းဆန်ခဲ့ကြပါလျှင် အသင်သည် (ငှင်းတို့အား အချင်းတို့) ငါသည် အသင် တို့အား တိလင်းထင်ရှားစွာ အသိပေး(ကြေညာ)ခဲ့ပြီးဖြစ်သည်။ အသင်တို့ ချိန်းချက် ခြင်းခံကြရသောကိစ္စသည် နီးသည် ဝေးသည်ကိုမူ ငါမသိဟု ပြောကြားပါလေ။[၁၀၉] ဇကန်မလွှဲ ထိုအရှင်မြတ်သည် (အသင်တို့၏) ထင်ရှားစွာ ပြောဆိုချက်ကိုလည်း သိရှိတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် အသင်တို့ လျှို့ဝှက်ထားကြသည်ကိုလည်း သိရှိတော်မူပေသည်။[၁၁၀] ထို့ပြင် ယင်းချိန်းချက်မှု(ကို ဆောလျင်စွာ ပြုတော်မမူဘဲ ဆိုင်းငံ့၍ထားတော်မူခြင်း)သည် အသင်တို့အား စမ်းသပ်ခြင်း ဖြစ်တန်ရာသည်။ သတ်မှတ်ထားသော အချိန်ကာလတိုင်အောင် အကျိုးကျေးဇူး ခံစားခွင့်ပေးထားခြင်းလည်း ဖြစ်တန်ရာသည်။ ငါသည် အတိအကျ မသိပေ။[၁၁၁]

(နဗီတမန်တော်မြတ်သည် ဤသို့)လျှောက် ထားပန်ကြားခဲ့လေသည်။ အိုး-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်၊ အရှင်မြတ်သည် မှန်ကန်စွာ စီရင်ဆုံးဖြတ်၍ ပေးသနားတော်မူပါ၊ စင်စစ် ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ ထိုအရှင်

မြတ်သည် အသင်တို့ ထုတ်ဖော်ပြောဆို ကြံကုန်သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ အကူအညီတောင်းခြင်းကို ခံရတော်မူသော အရှင်လည်း ဖြစ်တော်မူပေ သတည်း။ [၁၁၂]

အကျယ်ဖွင့်ဆိုခြင်း

"وَمَآ أَرۡسَلۡنَٰكَ إِلَّا رَحۡمَةٗ لِّلۡعَٰلَمِينَ" စင်စစ်သော်ကား (အို- နဗီတမန်တော်၊ ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာခပ်သိမ်းတို့အဖို့ ကရုဏာတော်အဖြစ်နှင့်သာလျှင် စေလွှတ်တော်မူခဲ့ပေသည်။ عَالَمِيْن သည် **عالم** ၏ အများကိန်းဖြစ်ကာ ကမ္ဘာဟု အဓိပ္ပာယ်သက်ရောက်သည်။ ယင်းတွင် လူသားများ၊ တိရစ္ဆာန်များ၊ သစ်ပင်ပန်းပင်များ၊ ဂျင်န်များစသည့် အဖန်ဆင်းခံ အားလုံး အကျုံးဝင်သည်။ အာယသ်၏ဆိုလိုရင်းကို မှန်ကန်စွာ နားလည်ရန်ဆိုလျှင်ကား တစ်စုံတစ်ဦးသည် စကြဝဠာ တစ်ခုလုံး၏ အနှစ်သာရမှာ အလ္လာဟ်အရှင်အား ဆုတောင်းပတ္ထနာပြုခြင်းနှင့် ထိုအရှင့်ကို ခဝပ်ကိုးကွယ်ခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ရမည်။ ဤအနှစ်သာရသည် ဤကမ္ဘာမှခွဲခွာသွားလျှင်နှင့် အလ္လာဟ်အရှင့်ကို ခဝပ်ကိုးကွယ်သူ တစ်ဦးတလေမျှ မကျန်ရှိတော့သောအခါ ယင်းကမ္ဘာအတွင်းရှိ အရာရာတိုင်းမှာ ပျက်စီးသွားပါလိမ့်မည်။ တစ်နည်းဆိုရလျှင် ထိုနေ့သည် ကိယာမသ်နေ့ ဖြစ်ပါလိမ့်မည်။ အလ္လာဟ်အရှင်အား ဆုတောင်းပတ္ထနာပြုခြင်းနှင့် ခဝပ်ကိုးကွယ်ခြင်းဆိုသည်မှာ သက်ရှိသတ္တဝါအားလုံး၏ အနှစ်သာရဖြစ်ကြောင်း နားလည်သဘောပေါက်သွားပါက တမန်တော်မြတ်ﷺကို ကမ္ဘာခပ်သိမ်း၏အကြင်နာကရုဏာဟု ဖော်ပြခြင်း၏အကြောင်းရင်း ထင်ရှားသွားပါမည်။ အဘယ်ကြောင့် ဆိုသော် တမန်တော်မြတ်ကြီး၏ သင်ကြားပို့ချချက်များနှင့် သန့်ရှင်းစင်ကြယ်သော ၎င်း၏ဘဝတို့သည်သာ ကိယာမသ်နေ့တိုင် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်မှုကို ရှင်သန်စေပါသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺက ကြေညာခဲ့သည်မှာ "ငါကိုယ်တော်သည် အလ္လာဟ်အရှင်မြတ် စေလွှတ်ခြင်းခံရသော ရဟ်မသ်ကောင်းချီးမင်္ဂလာဖြစ်သည်။ إِنَّا رَحۡمَةٞ مُهۡدَاةٞ ဖြစ်သည်။ (အဗူဟုရိုင်ရဟ်ﷺကို ကိုးကား၍ အိဗနိ အစာကီးရ်၏တင်ပြချက်) တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို စိုက်ယိဒိနာအုမရ်ﷺက တင်ပြထားသည်မှာ إِنَّا رَحۡمَةٞ مُهۡدَاةٞ بِرَفۡعِ قَوۡمٖ وَخَفۡضِ آخَرِيۡنَ ဖြစ်သည်။ ဆိုလိုသည်မှာ "ငါကိုယ်တော်မြတ်သည် အလ္လာဟ် အရှင်မြတ် စေလွှတ်တော်မူခြင်းခံရသည့် ကောင်းချီးမင်္ဂလာဖြစ်သည်။ ထို့ကြောင့် (အလ္လာဟ်အရှင်အမိန့်နှင့် နာခံသူများ)ကို မြှင့်တင်ကာ (အလ္လာဟ်အရှင် အမိန့်ဖီဆန်သူများ)ကို နိမ့်ကျစေတော်မူသည်။ (အိဗနိကဆီးန်)

ထို့ကြောင့် ရှိရ်ဂ်နှင့်ကုဖ်ရ် လျော့နည်းစေရန်နှင့် အလ္လာဟ်အရှင်အမိန့်တော်များကို ကျူးလွန်စည်းဖောက်သူများအားပြန်လည်ပြုပြင်ရန်ဟူသောမျှော်လင့်ချက်ဖြင့်မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့်ဂျီဟားဒ်စစ်ခင်းခြင်းသည် ကြင်နာသနား ကရုဏာ၏ အပြုအမူတစ်ရပ်ဖြစ်သည်။

အလ်ဟမ်ဒုလိလ္လာဟ် စူရဟ်အလ်အန်ဗိယာ၏ အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီးသည်။

၁၄၃၄-ခုနှစ် မုဟရမ်လ ၈-ရက် သောကြာနေ့ ည ၈း၄၀
၂၀၁၂-ခုနှစ် နိုဝင်ဘာလ ၂၂-ရက် ကြာသပတေးနေ့

စူရာဟ်အလ်ဟဇ္ဇ်



စူရဟ် အလ်ဟဂ်ျ
ဟဂ်ျ်ပြုခြင်းကလွှာ

စူရဟ်အလ်ဟာဂ်ျ်သည် မဒီနာမြို့တွင် ကျရောက်ခဲ့သည်။
ယင်းတွင် အာယသ် (၇၈)အာယသ်နှင့် ရုကူအဲ့(၁၀)ပိုဒ် ပါဝင်သည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

မပြတ်မစဲ သနားကြင်နာတော်မူသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၂)

يٰۤاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ ۚ اِنَّ زَلْزَلَةَ السَّاعَةِ شَيْءٌ عَظِيْمٌ ۝١ يَوْمَ
تَرَوْنَهَا تَذْهَلُ كُلُّ مُرْضِعَةٍ عَمَّاۤ اَرْضَعَتْ وَ تَضَعُ كُلُّ ذَاتِ حَمْلٍ حَمْلَهَا وَ
تَرَى النَّاسَ سُكٰرٰى وَ مَا هُمْ بِسُكٰرٰى وَ لٰكِنَّ عَذَابَ اللّٰهِ شَدِيْدٌ ۝٢

အို...လူခပ်သိမ်းတို့၊ အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေကုန်။ ဇကန်စင်စစ် ကိယာမတ်၏ မြေငလျင်လှုပ်ခြင်းသည် အကြီးအကျယ် ကြောက်မက်ဖွယ် ကိစ္စတစ်ရပ်ပင် ဖြစ်ချေသည်။[၁] ယင်း မြေငလျင်လှုပ်ခြင်းကို အသင်တို့ တွေ့မြင်ကြသောနေ့တွင် နို့တိုက်သောမိခင်တိုင်းသည် မိမိ နို့တိုက်လျက်ရှိသော ကလေးကို (လုံးဝ) မေ့လျော့၍ သွားပေမည်။ ၎င်းပြင် သန္ဓေရှိသူတိုင်းသည်လည်း (ကြောက်ရွံ့ထိတ်လန့်ကာ) မိမိ၌ရှိသော သန္ဓေလျှာ ကျပေမည်။ ထို့မှတစ်ပါး အသင်သည် လူတို့အား မူးယစ်တွေဝေ မိန်းမောနေသူများအဖြစ် တွေ့မြင်ပေမည်။ စင်စစ် ၎င်းတို့သည် မူးယစ်တွေဝေ မိန်းမောနေသူများ (အလျှင်း)မဟုတ် သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကား ပြင်းထန်လှပေသတည်း။[၂]

အကျယ်ဖွင့်ဆိုခြင်း
အထူးသွင်ပြင်လက္ခဏာများ

ဋီကာရှင်များက ဤစူရဟ်သည် မက္ကီသို့မဟုတ် မဒနီဖြစ်ကြောင်းနှင့် ပတ်သက်၍ ကွဲပြားကြပါသည်။ အိဗနိအဗ္ဗာစ်ﷺက ကွဲပြားသောအချိန်အခါများပေါ် အယူအဆနှစ်ရပ် ဖော်ပြထားသည်။ သို့သော်လည်း ဋီကာရှင်အများစုက စူရဟ်မှာမက္ကီနှင့် မဒနီ နှစ်မျိုးစလုံးပေါင်းစပ်မှု တစ်ခုဟုယုံကြည်သည်။ ယင်းအယူအဆကို ကုရ်သုဗီက နှစ်သက်သည်။ သူက ဤစူရဟ်၏ အခြားထူးခြားမှုများကိုလည်း ဖော်ပြထားခဲ့သည်။ ယင်းတို့မှာ အချို့အာယသ်များသည် ညဉ့်အခါမှာ ကျရောက်ခဲ့၍ အချို့သည် နေ့အခါမှာ ကျရောက်ခဲ့သည်။ အချို့အာယသ်များမှာ တမန်တော်မြတ်ﷺ ခရီးသွားနေစဉ် ကျရောက်ခဲ့၍ အချို့မှာ ခရီးမသွားစဉ်ကျရောက် ခဲ့သည်။ အချို့မှာ မက္ကာမှာကျ၍ အချို့မှာမဒီနာမြို့မှာ ကျရောက်ခဲ့သည်။ အချို့မှာ စစ်တိုက်နေစဉ်ကျရောက်ခဲ့၍ အချို့မှာ အေးချမ်းနေစဉ် ကျရောက်ခဲ့သည်။ ဤစူရာဟ်၏ အချို့

အာယသ်များမှာ နာစိခ်ဟ် ကုရ်အာန်၏အာယသ်ကို အခြားအာယသ်များဖြင့်ဖျက်သိမ်းခြင်း)ဖြစ်ကာ အချို့မှာ မာန်စူးခ် အခြားအာယသ်များဖြင့် ကုရ်အာန်ကျမ်းတော်မြတ် အာယသ်ကို ဖျက်သိမ်း)ခြင်းဖြစ်သည်။ အချို့မှာ မုဟ်ကာမ် ဖြစ်သကဲ့သို့ အခြားအာယသ်များမှာ မုသရှာဗိဟ် (مُتَشَابِه)ဖြစ်သည်။ စင်စစ်မှာ ဤအာယသ်တွင် ဝဟီကျခြင်း အတန်းအစား အားလုံးပါဝင်သည်။

يَا أَيُّهَا النَّاسُ اتَّقُوا رَبَّكُمُ "အို-လူခပ်သိမ်းတို့၊ အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသည့် အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြကုန်။(၂၂း၁)" ဤအာယသ်သည် တမန်တော်မြတ်ﷺ ခရီးသွားနေစဉ် ကျရောက်ခဲ့သည်။ တမန်တော်မြတ်ﷺသည် အသံကျယ်လောင်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သောကြောင့် ကိုယ်တော်မြတ်အသံကြားခဲ့သော ဆွဟာဗဟ် သာဝကကြီးများသည် ကိုယ်တော့်ထံပါး စုဝေးခဲ့ကြကုန်သည်။ ထို့နောက် ကိုယ်တော်မြတ်က ထိုသူတို့ကို "ဤ အာယသ်ထဲတွင် ဖော်ပြထားသော ပြန်လည်ရှင်ပြန်ထခြင်း၏ ကသောင်းကနင်းဖြစ်မှု မည်သည့်အခါဖြစ်မည်ဆိုသည်ကို သင်တို့သိကြပါသလော" ဟုမိန့်ကြားခဲ့သည်။ သူတို့က "အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်သာလျှင် အသိတော်မူဆုံးဖြစ်ပါသည်" ဟုဖြေကြားခဲ့ကြသည်။ ထို့နောက် ကိုယ်တော်မြတ်ﷺက မိန့်သည်မှာ "ထိုနေ့သည်ကား အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာအာဒမ်ﷺအား ငရဲသို့ကျရောက်မည်ဟု သတ်မှတ်ခံထားရသူများကို ရှင်ပြန်ထ စေသောနေ့ဖြစ်သည်။ စိုက်ယိဒိနာအာဒမ်ﷺက ထိုသူများမည်သူတို့ဖြစ်ကြောင်း အလ္လာဟ်အရှင့်ထံ တင်လျှောက်ခဲ့ရာ လူတစ်ထောင်လျှင် ကိုးရာကိုးဆယ့်ကိုးဦး ဂျဟန္နမ်ငရဲသို့ သွားရလိမ့်မည်ဟု အလ္လာဟ်အရှင်က ၎င်းကို သိစေခဲ့သည်။ တမန်တော်မြတ်ﷺထပ်၍ မိန့်သည်မှာ "ထိုအချိန်သည် ကလေးငယ်များသည် ကြောက်ရွံ့မှုကြောင့် အိုမင်းရင့်ရော်သွားကာ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် သန္ဓေသားများလျှာကျစေသောနေ့ဖြစ်သည်" ဟူ၍ဖြစ်သည်။ ဤသည်ကိုကြားရသော ဆွဟာဗဟ်များသည် ထိတ်လန့်ကြောက်ရွံ့၍ တမန်တော်မြတ်ﷺကို လျှောက်ထားခဲ့သည်မှာ "အို-အလ္လာဟ့်တမန်တော်၊ ကျွန်ုပ်တို့အနက် မည်သူသည် ဤကြောက်ရွံ့ဖွယ် ကံကြမ္မာမှလွတ် မြောက်ကြပါမည်နည်း" တမန်တော်မြတ်ﷺက "အသင်တို့ စိတ်အေးအေးထားပါ။ (یأجوج ومأجوج)ယအ်ဂျူဂျ်နှင့် မအ်ဂျူဂျ်တို့၏ လူများတစ်ထောင် ငရဲကျတိုင်း သင်တို့ထဲမှတစ်ဦး ငရဲသို့ကျပါလိမ့်မည်" ဟုဖြေကြားခဲ့သည်။ ဤအဖြစ်အပျက်သည် အပူ စအီးအ်အလ်ခုရ်ဒီ ﷺ၏ ခိုင်လုံမှုအရ ဆွဟီးဒ်မုစ်လင်မ်ကျမ်းတွင် တင်ပြထားခဲ့သည်။ အခြားတင်ပြချက်များလည်းရှိသေးသည်။ ထိုတင်ပြချက်များအရ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်တင်ပြထား သည်မှာ "ပြန်လည်ရှင်ပြန်ထမည့်နေ့တွင် အသင်သည် အုပ်စုနှစ်စုကို တွေ့ရပါလိမ့်မည်။ ထိုအုပ်စုနှစ်ခုသည် အနီး အနားရှိသူများ အရေအတွက်ထက်ပိုများနေလိမ့်မည်။ အုပ်စုနှစ်စုအနက် တစ်စုမှာ ယအ်ဂျူဂျ်နှင့်မအ်ဂျူဂျ်တို့၏ မျိုးနွယ်စုမှဖြစ်ကာ အခြားအုပ်စုမှာ ရှိုက်တွာန်နှင့် သူ၏ သားစဉ်မြေးဆက်များနှင့် အစောပိုင်းကသေဆုံးခဲ့သော စိုက်ယိဒိနာအာဒမ်ﷺ၏ သားစဉ်မြေးဆက်တို့ ဖြစ်သည်။ ထို့ကြောင့် ၉၉၉ ယောက်ဟူသော လူများစုသည် ဤသူများအနက်မှ ဖြစ်လိမ့်မည်။ ကုရ်သုဗီနှင့် အခြားသူများက ဤဆင့်ပြန်ချက်ကို တင်ပြခဲ့သည်။

ပြန်လည်ရှင်ပြန်ထမည့်နေ့၏ ငလျင်သည် မည်သည့်အချိန်ဖြစ်မည်နည်း

ယင်းကိစ္စသည် သေဆုံးသူများ ပြန်လည်ရှင်ပြန်ထပြီး အလျင်လော သို့မဟုတ် နောက်မှလော။ အချို့သူများက ငလျင်သည် တရားစီရင်မည့်နေ့အလျင်တွင် ဖြစ်မည်ဟု ထင်မြင်ယူဆကြသည်။ ထို့နောက် ယင်းသည် ကမ္ဘာပျက်စီးမည့် ကိယာမသ်နေ့၏ နောက်ဆုံးလက္ခဏာဖြစ်သည်။ ငလျင်လှုပ်ခြင်းအကြောင်းကို ကုရ်အာန် ကျမ်းတော်မြတ်၏ အာယသ်အချို့တွင် ရည်ညွှန်းထားသည်မှာ-

اِذَا زُلْزِلَتِ الْاَرْضُ زِلْزَالَهَا ۙ﴿۱﴾

"ပထဝီမြေသည် မိမိငလျင်လှုပ်ခြင်း မိမိသွက်သွက်ခါတုန်လှုပ်ခြင်းဖြင့် တုန်လှုပ်ခြင်းကို ခံရလေသောအခါ (၉၉း၁)"

وَّحُمِلَتِ الْاَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَّاحِدَةً ۙ﴿۱۴﴾

"ထို့ပြင် ပထဝီမြေသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း၊ ပင့်မြှောက်(ဖယ်ရှား)ခြင်းကို ခံခဲ့ရပြီးလျှင် တစ်ချက်တည်း ညက်ညက်ကြေအောင် ထုထောင်းခြင်းကို ခံခဲ့ကြရသော် (၆၉း၁၄)"

اِذَا رُجَّتِ الْاَرْضُ رَجًّا ۙ﴿۴﴾

အကြောင်အခါဝယ် ကမ္ဘာမြေသည် ပြင်းထန်စွာ တုန်လှုပ်စေခြင်းကို ခံရပေမည်။ (၅၆း၄)"

အထက်ဖော်ပြပါအာယသ်များထဲမှ ကောက်နုတ်ချုပ်များကို ဟဒီးစ်တွင် အချို့သောသူများက ထုတ်နုတ်ကြသည်မှာ ငလျင်သည် ကမ္ဘာကြီးပျက်ခါ၊ ပြန်လည်ရှင်ထပြီးမှ ဖြစ်ပေါ်ပါလိမ့်မည်။ တကယ်ဆိုရသော် ဤအယူအဆနှစ်ခုတွင် မဆီလျော်မှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် အယူအဆတစ်ခုစီအတွက် ကျမ်းတော်မြတ်ကုရ်အာန်ပါ အာယသ်များနှင့် တမန်တော်မြတ်၏အဟ်ဒီးစ်များအား အထောက်အကူပြုနိုင်ရန် ကိုးကားနိုင်ပါသည်။ (အလ္လာဟ် အရှင်မြတ်သာ အကောင်းဆုံး သိတော်မူပါသည်။)

ဤအာယသ်က ပြန်ရှင်ထရမည့်ငလျင်၏ ရုပ်ပုံလွှာကိုဖော်ပြပါသည်။ ထိုကဲ့သို့ ငလျင်လှုပ်ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များသည် ၎င်းတို့၏ သန္ဓေသားများ လျော့ကျသွားကာ သားငယ်များကို နို့တိုက်ကျွေးနေကြသော ၎င်းတို့၏ သားသမီးများကို မှတ်မိကြလိမ့်မည်မဟုတ်ပါ။ အကယ်၍ ငလျင်သည် ကမ္ဘာမပျက်မီ ဤလောကဘဝလှုပ်ပါက ဤအဖြစ်အပျက် အားလုံးတို့အတွက် ဒွိဟဖြစ်စရာ မလိုပါ။ သို့ရာတွင် ငလျင်သည် ကမ္ဘာပျက်ပြီးမှ လှုပ်ခဲ့ပါက ရှင်းလင်းချက်သည် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် ကမ္ဘာပျက်မည့်နေ့၌ ကိုယ်ဝန်နှင့်အတူ ရှင်ပြန်ထရပါလိမ့်မည်။ ၎င်းနောက် မိသားငယ်အား နို့တိုက်ကျွေးနေစဉ် သေဆုံးသွားပါက မိမိသားကို နို့ချိုတိုက်ကျွေးလျက် ရှင်ပြန်ထရပါမည်။ (ကုရ်တွုဗီ) အလ္လာဟ်အရှင်သာလျှင် အကောင်းဆုံးသိတော်မူသော အရှင်ဖြစ်တော်မူပါသည်။

အာယသ် (၃-၁၀)

وَ مِنَ النَّاسِ مَنْ يُّجَادِلُ فِى اللّٰهِ بِغَيْرِ عِلْمٍ وَّ يَتَّبِعُ كُلَّ شَيْطٰنٍ مَّرِيْدٍ ۙ﴿۳﴾
كُتِبَ عَلَيْهِ اَنَّهٗ مَنْ تَوَلَّاهُ فَاَنَّهٗ يُضِلُّهٗ وَ يَهْدِيْهِ اِلٰى عَذَابِ السَّعِيْرِ ﴿۴﴾
يٰۤاَيُّهَا النَّاسُ اِنْ كُنْتُمْ فِىْ رَيْبٍ مِّنَ الْبَعْثِ فَاِنَّا خَلَقْنٰكُمْ مِّنْ تُرَابٍ
ثُمَّ مِنْ نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ مِنْ مُّضْغَةٍ مُّخَلَّقَةٍ وَّ غَيْرِ مُخَلَّقَةٍ لِّنُبَيِّنَ
لَكُمْ ؕ وَ نُقِرُّ فِى الْاَرْحَامِ مَا نَشَآءُ اِلٰۤى اَجَلٍ مُّسَمًّى ثُمَّ نُخْرِجُكُمْ طِفْلًا
ثُمَّ لِتَبْلُغُوْۤا اَشُدَّكُمْ ۚ وَ مِنْكُمْ مَّنْ يُّتَوَفّٰى وَ مِنْكُمْ مَّنْ يُّرَدُّ اِلٰۤى اَرْذَلِ
الْعُمُرِ لِكَيْلَا يَعْلَمَ مِنْۢ بَعْدِ عِلْمٍ شَيْـًٔا ؕ وَ تَرَى الْاَرْضَ هَامِدَةً فَاِذَاۤ

اَنْزَلْنَا عَلَيْهَا الْمَآءَ اهْتَزَّتْ وَ رَبَتْ وَ اَنْۢبَتَتْ مِنْ كُلِّ زَوْجٍۭ بَهِيْجٍ ﴿۵﴾
ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَ اَنَّهٗ يُحْيِ الْمَوْتٰى وَ اَنَّهٗ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۶﴾ وَّ
اَنَّ السَّاعَةَ اٰتِيَةٌ لَّا رَيْبَ فِيْهَا ۙ وَ اَنَّ اللّٰهَ يَبْعَثُ مَنْ فِي الْقُبُوْرِ ﴿۷﴾ وَ
مِنَ النَّاسِ مَنْ يُّجَادِلُ فِي اللّٰهِ بِغَيْرِ عِلْمٍ وَّ لَا هُدًى وَّ لَا كِتٰبٍ مُّنِيْرٍ ﴿۸﴾
ثَانِيَ عِطْفِهٖ لِيُضِلَّ عَنْ سَبِيْلِ اللّٰهِ ؕ لَهٗ فِي الدُّنْيَا خِزْيٌ وَّ نُذِيْقُهٗ يَوْمَ
الْقِيٰمَةِ عَذَابَ الْحَرِيْقِ ﴿۹﴾ ذٰلِكَ بِمَا قَدَّمَتْ يَدٰكَ وَ اَنَّ اللّٰهَ لَيْسَ بِظَلَّامٍ
لِّلْعَبِيْدِ ﴿۱۰﴾

စင်စစ် လူတို့အနက် အကြောင်သို့သောသူလည်း ရှိ၏။ ထိုသူသည် အသိပညာမရှိဘဲ လျက် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ အငြင်းအခုံပြုသည်။ ၎င်းပြင် ထိုသူသည် ဆိုးသွမ်းပုန်ကန်သော "ရှိုင်တွာန်" မိစ္ဆာကောင် အသီးသီး၏ နောက်သို့လိုက်သည်။[၁] (အမှန်သော်ကား)ထို"ရှိုင်တွာန်"မိစ္ဆာကောင်နှင့်ပတ်သက်၍စီရင်ပြဋ္ဌာန်းပြီးဖြစ်သည်မှာ မည်သူမဆို ယင်း"ရှိုင်တွာန်"မိစ္ဆာကောင်အား အဆွေခင်ပွန်းပြုလုပ်ခဲ့မှု ယင်း"ရှိုင်တွာန်" မိစ္ဆာကောင်သည် ထိုသူအား လမ်းမှားစေခြင်းကိုလည်းကောင်း၊ ထိုသူအား အလျှံပြောင် ပြောင် တောက်လောင်သော ငရဲမီး၏ပြစ်ဒဏ်သို့ လမ်းညွှန်ခြင်းကိုလည်းကောင်း ဇကန် မလွဲပြုလုပ်မည်ဖြစ်သည်ဟု စီရင်ပြဋ္ဌာန်းပြီး ဖြစ်ချေသတည်း။[၄]

အို-လူခပ်သိမ်းတို့၊ အကယ်၍ အသင်တို့သည် ရှင်ပြန်ထခြင်းနှင့်စပ်လျဉ်း၍ ဒွိဟ သံသယ ဖြစ်နေကြပါလျှင် (အသင်တို့သည် မိမိတို့နှင့် မိမိတို့၏ ပတ်ဝန်းကျင်ကို လေးနက်စွာ စဉ်းစား၍ ကြည့်ကြလေကုန်)။ ဇကန်အမှန် ငါအရှင်မြတ်သည် အသင်တို့ ရှေ့ဝယ် (မိမိ တန်ခိုးတော်ကို) ထင်ရှားစေခြင်းငှာ အသင်တို့အား (ပထမသော်) မြေကြီး ဖြင့် လည်းကောင်း၊ ထို့နောက် သုက်ရည်ဖြင့်လည်းကောင်း၊ ထို့နောက် သွေးခဲဖြင့် လည်းကောင်း၊ ထို့နောက် အင်္ဂါစုံလင် ပုံကျသော အသားတုံးဖြင့်လည်းကောင်း၊ အင်္ဂါမစုံ ပုံမကျသော အသားတုံးဖြင့် လည်း ကောင်း (အဆင့်ဆင့်) ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် သားအိမ်များတွင် မိမိအလိုရှိရှိတော်မူသည်ကို (သုက်ရည်ကို)သတ် မှတ် ပိုင်းခြားအပ်သော အချိန်ကာလ တိုင်အောင် တည်စေတော်မူပြီးနောက် အသင်တို့ အား (အမိဝမ်းတွင်းမှ အပြင်သို့ နို့စို့ အရွယ်) ကလေးသူငယ်အဖြစ် ထွက်စေတော်မူ၏။ ထို့နောက် အသင်တို့သည် မိမိတို့၏ လူလားမြောက်သောအရွယ်သို့ ရောက်ရှိနိုင်ကြရန် (ငါအရှင်မြတ်သည် မွေးမြူတော်မူ ပြန်၏။) ၎င်းပြင် အသင်တို့အနက် (အရွယ်မရောက် လူလားမမြောက်မီပင်) အသက် သေဆုံးရသူလည်း ရှိ၏။ ထိုနည်းတူစွာ အသင်တို့တွင် အယုတ်ညံ့ဆုံးသော အသက် အရွယ်သို့ ပြန်ရောက်ရသောသူလည်း ရှိ၏။ ထို့ကြောင့်

ငင်းသည် (အရာရာကို) သိရှိပြီး နောက်သော်မှပင် မည်သည့် တစ်စုံတစ်ရာကိုမျှ မသိနိုင်တော့ချေ။ ထိုမှတစ်ပါး အသင်သည် ပထဝီမြေကို သွေ့ခြောက်လျက် တွေ့မြင်လေသည်။ တစ်ဖန် ငါအရှင်မြတ်သည် ယင်းပထဝီမြေပေါ်ဝယ် (မိုး)ရေကို (ရွာသွန်း၍) ကျစေတော်မူသောအခါ ယင်းမြေ(မှ သစ်ပင်ဝါးပင်များ) ပေါက်ရောက် လူပ်ရှားလာလေသည်။ ထို့ပြင် တိုးတက်မြင့်မားလာ လေသည်။ ထို့ပြင် အထူးနှစ်မြို့ဖွယ်ဖြစ်သော (သစ်သီးသစ်ဥ ကောက်ပဲသီးနှံ) အမျိုး အစား အသီးသီးတို့ကို ပေါက်ရောက်စေလေသည်။[၅]

ဤသည်တို့ ဖြစ်ရခြင်းအကြောင်း ကား ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် အမှန်တည်ရှိတော်မူသော အရှင်ဖြစ်တော်မူခြင်း ကြောင့်လည်းကောင်း၊ ဇကန်အမှန် ထိုအရှင်မြတ်သည်ပင် သေသူအပေါင်းကို ရှင်စေတော်မူမည့်အရှင် ဖြစ်တော်မူခြင်းကြောင့် လည်းကောင်း၊ မလွဲဇကန် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင် ဖြစ်တော်မူ ခြင်းကြောင့်လည်းကောင်း ဖြစ်ချေသည်။[၆]

ထိုမှတစ်ပါး ဇကန်မလွဲ ကိယာမတ်သည် လည်း (မုချ)ဆိုက်ရောက်မည်ဖြစ်သည်။ ယင်းကိယာမတ်နှင့် စပ်လျဉ်း၍ ယုံမှားသံသယ ဖြစ်ဖွယ်ရာ အလျှင်းမရှိပြီ။ ငင်းပြင် အလ္လာဟ်အရှင်မြတ်သည် သချိုင်းများတွင် ရှိသူတို့ကို ဇကန်စင်စစ် ရှင်ပြန်ထစေတော်မူမည် ဖြစ်သတည်း။[၇]စင်စစ် လူတို့တွင် အသိပညာ လုံးဝမရှိဘဲလျက်လည်းကောင်း၊ မည်သည့်သက်သေ ထင်ရှားတင်ပြချက်မျှ မရှိဘဲလျက် လည်းကောင်း၊ မည်သည့်ရှင်းလင်းစေသောကျမ်းဂန်မျှမရှိဘဲလျက်လည်းကောင်းအလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ အငြင်းအခုံ ပြုတတ်သူလည်း ရှိပေသည်။[၈] (မာန် မာနထောင်လွှားကာ) မိမိလည်ပင်းကိုလိမ်လျက် (သူတစ်ပါးတို့အား လည်း) အလ္လာဟ် အရှင်မြတ်၏လမ်းတော်မှ လွှဲမှားစေခြင်းငှာ ထိုသူ၌ (ဤ)ပစ္စုပ္ပန်လောကတွင်လည်း ကျိုးယုတ် ရှက်ရဖြစ်ခြင်းသည် ရှိ၏။ "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင်လည်း ငါ အရှင်မြတ်သည် ထိုသူအား (ကျမ်းဂေါင်စေသောငရဲ)မီး၏ ပြစ်ဒဏ်ကို မြည်းစမ်းစေ တော်မူမည် ဖြစ်ပေသည်။[၉] ဤသို့ဖြစ်ရခြင်းမှာ အသင်၏ လက်နှစ်ဖက်သည် တင်ကူး ၍ပို့ခဲ့သော (ပြစ်မှုဒုစရိုက်များ)ကြောင့်ပင်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (မိမိ)ကျွန်များအား နှိပ်စက်ကလူပြုတော်မူသောအရှင် မဟုတ်ပြီ။[၁၀]

အကျယ်ဖွင့်ဆိုခြင်း

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِى اللّٰهِ بِغَيْرِ عِلْمٍ "စင်စစ်လူတို့တွင် အသိပညာလုံးဝမရှိဘဲလျက်လည်းကောင်း၊ မည်သည့်သက်သေ ထင်ရှားတင်ပြချက်မျှ မရှိဘဲလျက်လည်းကောင်း မည်သည့်ရှင်းလင်းစေသော ကျမ်းဂန်မျှမရှိဘဲလျက်လည်းကောင်း အလ္လာဟ်အရှင်မြတ် နှင့်ပတ်သက်၍ အငြင်းအခုံပြုတတ်သူလည်း ရှိပေသည်။(၂၂း၈) ဤအာယသ်သည် နဒီးအိဗနိအလ်ဟာရစ် ဆိုသူအတွက် သီးသန့်ကျရောက်ခဲ့ပါသည်။ ထိုသည် အလွန်ရန်လိုသူတစ်ဦးဖြစ်သည်။ သူက ကောင်းကင်စေတမန်များသည် အလ္လာဟ်အရှင်၏ သမီးတော်များဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်သည် ပုံပြင်စာအုပ်တစ်အုပ်ဖြစ်ကာ ယင်း စာအုပ်ထဲ၌ ရှေးယခင်လူများ၏ ဒဏ္ဍာရီများ ပါဝင်သည်ဟု အခိုင်

အမာပြောဆိုသည်။ တရားစီရင်မည့်နေ့နှင့် သေသူများ ရှင်ပြန်ထရမည်ဆိုသည်ကို သူကငြင်းဆိုပါသည်။ ဤအာယသ်သည် သီးသန့်လူတစ်ဦးနှင့် သက်ဆိုင်သော်လည်း ယင်းပါသတင်းစကားက ထိုသို့အခြေအနေတွင်ရှိကာ ကောက်ကျစ်စဉ်းလဲမှု လုပ်သောသူများအား ရည်ညွှန်းပါသည်။

မိခင်၏သားအိမ်ထဲ၌ရှိသော သန္ဓေသား၏ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံ

فَإِنَّا خَلَقْنَٰكُم مِّن تُرَابٍ ဖကန်အမှန်ငါအရှင်မြတ်သည်အသင်အား(ပထမသော်)မြေကြီးဖြင့်လည်းကောင်း ဖန်ဆင်းတော်မူခဲ့၏။(၂၂း၅) လူသားတစ်ဦး၏ပုံစံ ဖြစ်ပေါ်မလာမီအလျင် သန္ဓေသားသည် မိခင်၏သားအိမ်ထဲ၌ အမျိုးမျိုးသော အဆင့်များ ကျော်ဖြတ်လာပုံကို ဤအာယသ်တော်ထဲ၌ ဖော်ပြထားသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အသေးစိတ် ဟဒီးစ်တစ်ပုဒ်ကို စိုက်ယိဒိနာအိဗနိ မတ်စ်အူဒ်ﷺ ခိုင်လုံချက်အရ ဆွဟီးဗုခါရီကျမ်းထဲ၌ ပြန်လည်ဖော်ပြထားပါသည်။ ယင်းဖော်ပြချက်၌ တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ လူသားတစ်ဦးနှင့် သက်ဆိုင်သော အရာများ၏ မူလပုံစံသည် အမျိုးသမီး၏သားအိမ်ထဲ၌ ရက်ပေါင်း ၄၀ကြာ တည်ရှိပြီးသည့်နောက် ယင်းသည် သွေးခဲတစ်ခုဖြစ်သွားပါသည်။ နောက်ထပ်ရက်(၄၀)ကြာသောအခါ သွေးခဲသည် အသားတုံးတစ်တုံး ဖြစ်သွားပါသည်။ ယင်းနောက် အလ္လာဟ်အရှင်သည် ကောင်းကင်စေတမန်တစ်ဦးအား စေလွှတ်ကာ ထိုအသားတုံးထဲသို့ ဝိညာဉ် မှုတ်သွင်းစေခဲ့ပါသည်။ ၎င်းနောက် ကိစ္စလေးရပ်ကို မှတ်တမ်းတင်သည်မှာ (၁) အသက်မည်မျှ ကြာရှည်စွာ နေထိုင် ရမည် (၂) စားနပ်ရိက္ခာ မည်မျှရရှိမည် (၃) ထိုသူ မည်ကဲ့သို့သော လုပ်ရပ်များ လုပ်ဆောင်မည်နှင့် (၄) သူ၏နိဂုံးသည် ကံကောင်းမည်၊ ကံဆိုးမည် တို့ဖြစ်ပါမည်။ (ကုရ်တွုဗီ)

အဗ်ဒုလ္လာဟ်အိဗနိမတ်စအူဒ်ﷺ ခိုင်လုံချက်နှင့်ဘဲ အိဗနိအဗီဟာသင်နှင့် အိဗနိဂျရီးရ်တို့ ဆင့်ပြန်ခဲ့သော နောက်ထပ်ဟဒီးစ်တစ်ပုဒ် ရှိပါသည်။ ထိုဆင့်ပြန်ချက်ထဲ၌ပါရှိသည်မှာ သန္ဓေမျိုးစေ့သည် အဆင့်အမျိုးမျိုး ကျော်ဖြတ်ကာ အသားတုံးဖြစ်သွားသောအခါ၌ တစ်ဦးစီ တစ်ဦးစီ၏ တိုးတက်မှုဖြစ်ပေါ်မှုကို စောင့်ကြည့်ရန် တာဝန်ပေးခြင်းခံရသော ကောင်းကင်စေတမန်က يَا رَبِّ مُخَلَّقَةٌ أَوْ غَيْرُ مخلّقة ဟူ၍ ပြောဆိုကာ အလ္လာဟ်အရှင့်ထံတော်မှ လမ်းညွှန်မှုတောင်းခံခဲ့ပါသည်။ ဆိုလိုသည်မှာ ထိုအသားတုံးသည် အလ္လာဟ်အရှင့်ဆန္ဒတော်အရ သက်ရှိ လူသားတစ်ဦးဖြစ်စေရန်အတွက် ဆက်လက်ကြီးထွားခွင့် ပြုမပြုဖြစ်ပါသည်။ အကယ်၍ အလ္လာဟ်အရှင်မြတ် غَيْرُ مخلّقة ဟုမိန့်တော်မူခဲ့ပါက သားအိမ်သည် သန္ဓေသားကို လျော့ကျစေကာ၊ သက်ရှိသူတစ်ဦးအဖြစ် မွေးဖွားစေရန်အတွက်အဆင့်မြင့်များဆီသို့ မရောက်တော့ပါ။ အခြားတစ်ဖက်တွင် အလ္လာဟ်အရှင်မြတ်က مخلّقة ဟုမိန့်ကြားပါက ကောင်းကင်စေတမန်က ယောကျ်ားလေးလော၊ မိန်းကလေးလော ကံကြမ္မာဆိုးမည်လော၊ ကောင်းမည်လော၊ မည်မျှကြာအသက်ရှင်နေထိုင်မည်နည်း။ သူ၏ဘဝကို မည်ကဲ့သို့ ကုန်ဆုံးစေမည်နည်းနှင့် မည်သည့်အခါ သေဆုံးမည်တို့ကို အလ္လာဟ်အရှင်မြတ်ထံ မေးမြန်းလျှောက်ထားပါသည်။ ကောင်းကင်စေတမန်အား တစ်ထိုင်တည်းမှာပင် ဤကိစ္စနှင့်ပတ်သက်သော သတင်းအချက်အလက်များပေးခဲ့ပါသည်။ (အိဗနိကဆီး) စိုက်ယိဒိနာအိဗနိအဗ္ဗာစ်ကလည်း غَيْرُ مخلّقة ဟူသော စကားလုံးတို့အား ဤနည်းအတိုင်းပင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ (ကုရ်တွုဗီ)

مُخَلَّقَةٍ وَّ غَيْرِ مُخَلَّقَةٍ (အဂ်ိစုံပုံကျသည်ဖြစ်စေ၊ အဂ်ိမစုံ ပုံမကျသည်ဖြစ်စေ) (၂၂း၅) အထက်ပါ ရည်ညွှန်းထားသောအာယသ်အရ သားအိမ်ထဲ၌ လူသားမျိုးစေ့သည် သတ်မှတ်ထားသော အချိန်ကာလအတိုင်း အပြည့်အဝ ရှိနေခဲ့ပါလျှင် ယင်းသည် သာမန်လူသားတစ်ဦးအဖြစ် မွေးဖွားပါလိမ့်မည်။ ယင်းသို့မွေးဖွားခြင်းအား مُخَلَّقَةٍ (အဂ်ိစုံ) ဟု ဆိုလိုပါသည်။ သန္ဓေမျိုးစေ့အား လျော့ကျရန်သတ်မှတ်ထားပါက ယင်းအား غَيْرِ مُخَلَّقَةٍ (အဂ်ိမစုံ) ဟုခေါ်ပါသည်။

သို့သော်လည်း ဤစကားလုံးနှစ်လုံးအား ကွဲပြားခြားနားစွာ ရှင်းပြခဲ့သော အခြားသောဋီကာရှင်များလည်း ရှိပါသေးသည်။ သူတို့အဆိုအရ ကြီးထွားမှုအဆင့်ဆင့်တို့အား ကျော်ဖြတ်ခဲ့သောသန္ဓေသားတွင် ခြေ၊ လက်များ အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းများ ကျန်းကျန်းမာမာ၊ သန်မာစွာ၊ အချိုးကျကျရှိပါက ယင်းသန္ဓေသားအား مُخَلَّقَةٍ (အင်္ဂါစုံ)ဟု ခေါ်ဆိုပါသည်။ တစ်ဖက်တွင်မူ သန္ဓေသားတွင် အချိုးအစားမကျဘဲ ပုံပျက်ပန်းပျက် ခြေလက်များရှိနေပါက ယင်းအား غَيْرِ مُخَلَّقَةٍ (အင်္ဂါမစုံ)ဟုခေါ်ဆိုပါသည်။ ဒုတိယအဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထက်တွင်အာယသ် အဓိပ္ပာယ်ပြန်ဆိုထားမှုနှင့် အလွန်နီးစပ်ပါသည်။

ثُمَّ نُخْرِجُكُمْ طِفْلًا "အသင်တို့အား (အဓိဝမ်းတွင်းမှ အပြင်သို့နို့စို့အရွယ်) ကလေးသူငယ်အဖြစ် ထွက်စေတော်မူ၏။" (၂၂း၅) ထို့နောက် အလ္လာဟ်အရှင်သည် လုံးဝစွမ်းဆောင်နိုင်စွမ်းမရှိသော ကလေးသူငယ်အား မိခင်၏ သားအိမ်တွင်းမှ မွေးစေခဲ့ပါသည်။ ထိုကလေးသူငယ်၏ ခန္ဓာကိုယ်ကဲ့သို့ပင် မြင်ခြင်း၊ ကြားခြင်း၊ အာရုံခံစားမှုများ၊ ဦးနှောက်၏စွမ်းဆောင်မှုစသည့် အခြားသောစွမ်းရည်များလည်း ချည့်နဲ့ကြပါသည်။ ရုပ်ပိုင်းဆိုင်ရာတွင်လည်း ချည့်နဲ့ပါသည်။ ဤစွမ်းဆောင်မှုများသည် အချိန်တဖြည်းဖြည်း ကုန်ဆုံးပြီးမှသာလျှင် အစွမ်းကုန်စွမ်းဆောင်နိုင်မှုရပါသည်။ ثُمَّ لِتَبْلُغُوٓا۟ أَشُدَّكُمْ ထို့နောက် အသင်တို့သည် မိမိတို့၏ လူလားမြောက်သောအရွယ်သို့ ရောက်ရှိနိုင်ကြရန် (ငါအရှင်မြတ်သည် မွေးမြူတော်မူပြန်၏) ဟူသည့်စကားလုံးများက ဤသည်ကိုပင် ဆိုလိုသည်။ أَنْعم (အန်အွမ်)သည် نِعْمَة (နိအ်မ)၏ ဗဟုဝုစ်ကိန်းဖြစ်သကဲ့သို့ اشد (အရှဒ်)သည် شِدَّة (ရှစ်ဒသ်)၏ ဗဟုဝုစ်ကိန်း ဖြစ်ပါသည်။ ဤစကားလုံးများ၏ အဓိပ္ပာယ်မှာ စွမ်းဆောင်နိုင်မှုများ ၎င်းတို့၏ အထွတ်အထိပ်သို့ရောက်ရှိ သည်တိုင် တဖြည်းဖြည်းတိုးတက်လာမှုဖြစ်ပါသည်။ ထိုတိုးတက်လာမှုသည် လူတစ်ဦး၏ ပျိုမြစ်နုနယ်မှုအတွက် အထိပ်အရောက်ချိန်ဖြစ်ပါသည်။

لِكَيْلَا يَعْلَمَ بَعْدَ عِلْمٍ شَيْـًٔا "အယုတ်ညံ့ဆုံး အသက်အရွယ်သို့ (၂၂း၅)" ယင်းက လူသား၏ အစွမ်းနှင့်အာရုံခံစားမှုများပျက်စီးယိုယွင်းသည့် လူဘဝ၏အဆင့်ကိုဆိုလိုသည်။ တမန်တော်မြတ်ﷺသည် ထိုကဲ့သို့သောဘဝမျိုးမှ အကာအကွယ်ရရန် အလ္လာဟ်အရှင်မြတ်ထံ တောင်းပန်တိုးလျှိုးခဲ့သည်။ နစာအီကျမ်းက စိုက်ယိဒိနာစအာဒ်ﷺကို ကိုးကားခဲ့၍ ပြောသည်မှာ တမန်တော်မြတ်ﷺသည် အောက်ပါဒုအာကို မကြာခဏ ထပ်ကာတလဲလဲ တောင်းတော်မူခဲ့သည်။ (ကုရ်သုဗီ)

اَللّٰهُمَّ اِنِّیْ اَعُوْذُبِكَ مِنَ الْبُخْلِ وَاَعُوْذُبِكَ مِنَ الْجُبْنِ وَاَعُوْذُبِكَ مِنْ اَنْ اُرَدَّ اِلٰی اَرْذَلِ الْعُمُرِ وَاَعُوْذُبِكَ مِنْ فِتْنَةِ الدُّنْیَا وَعَذَابِ الْقَبْرِ

"အို- အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် နှမြောတွန့်တို စေးနဲမှုမှလည်းကောင်း၊ သူရဲဘောကြောင်ခြင်းမှ လည်းကောင်း၊ အကူအညီမဲ့အသက်အရွယ် ရောက်ခြင်းမှ လည်းကောင်း၊ ဤကမ္ဘာ၏ဆွဲဆောင်မှုအပေါင်းနှင့် ကဗရ်သခိုင်း၏ ဒုက္ခသုက္ခအပေါင်းမှလည်းကောင်း ကာကွယ်မှုရရှိရန် တောင်းခံအပ်ပါသည်။"

မွေးဖွားပြီးနောက် လူသားဘဝ၏ အမျိုးမျိုးသော အဆင့်ဆင့်အကြောင်း။

စိုက်ယိဒိနာအနတ်စ် အိဗနိမာလိက်ﷺကို ကိုးကားထားသော မုစ်နဒ်အဟ်မဒ်ကျမ်းနှင့် မုစ်နဒ်အဗူယအ်လာကျမ်းတို့တွင် တမန်တော်မြတ်ﷺ တစ်ချိန်က မိန့်ခဲ့သည်မှာ "အရွယ်မရောက်သေးသော ကလေးငယ်တစ်ဦး၏ ကောင်းသောလုပ်ရပ်များသည် ၎င်း၏ဖခင် သို့မဟုတ် မိဘနှစ်ပါးတို့၏ စာရင်းတွင်ရေးသွင်းပါသည်။ သို့သော်လည်း

သူ၏မကောင်းမှုလုပ်ရပ်များအတွက်မူ သူမိဘများစာရင်းတွင်လည်းကောင်း သူစာရင်းတွင်လည်းကောင်း မရေးသွင်းပါ။ လူလားမြောက် အရွယ်ရောက်ခဲ့ပြီးနောက် သူအမည်နှင့်စာရင်းဖွင့်ကာ သူကိုအကာအကွယ်ပေးရန်နှင့် သူ၏အင်အားပေးရန် ကောင်းကင်စေတမန်နှစ်ဦး ခန့်ထားခဲ့သည်။ သူအသက်လေးဆယ်ပြည့်၍ မုစ်လင်မ်တစ်ဦး ဖြစ်နေသေးလျှင် အလွှာဟ်အရှင်မြတ်သည် သူ့ကို ရူးသွပ်ခြင်း၊ ကုဋ္ဌနူနာနှင့် ခရုသင်းဖြစ်ခြင်းမှ ကင်းလွတ်စေပါသည်။ သူအသက်ငါးဆယ်ရောက်လျှင် အလွှာဟ်အရှင်မြတ်သည် သူ၏မှတ်တမ်းကို လျော့ပေါ့ပေးစေသည်။ အသက် ခြောက်ဆယ်ပြည့်လျှင် အလွှာဟ်အရှင်မြတ်က သူအတွေးအခေါ်ကို အလွှာဟ်အရှင့်ဘက်သို့ လှည့်စေသော ဆန္ဒဖြစ်ပေါ်စေသည်။ အသက်ခုနစ်ဆယ်တွင် မိုးကောင်းကင်တွင်နေသူ အားလုံးက သူ့ကိုချစ်ခင်ကြသည်။ အသက်ရှစ်ဆယ် ရောက်လျှင် အလွှာဟ်အရှင်မြတ်သည် သူ၏ကောင်းမှုလုပ်ရပ်များကိုသာ မှတ်တမ်းတင်၍ သူ၏လစ်ဟင်းမှုများကို လျစ်လျူရှုတော်မူသည်။ အသက်ကိုးဆယ်အရွယ်တွင် အလွှာဟ်အရှင်မြတ်သည် သူ၏အပြစ်ဂုနာဟ်အားလုံးကို ပယ်ဖျက်ပေးတော်မူ၍ သူ၏ဆွေမျိုးသားချင်းများအတွက် ကြားဝင်အသနားခံခွင့် ပေးတော်မူသည်။ ထို့ပြင် ကြားဝင်အသနားခံမှုကိုလည်း လက်ခံတော်မူသည်။ ထို့နောက် သူ့ကို اسير الله في الأرض (အလွှာဟ်အရှင်မြတ်၏ ယုံမှတ်အပ်နှံသူ)နှင့် امين الله (ကမ္ဘာမြေတွင် အလွှာဟ်အရှင်မြတ်၏အကျဉ်းသား ယင်းသို့ခေါ်ဆိုရခြင်းမှာ ထိုအသက်အရွယ်၌ သူခွန်အားများကုန်ဆုံး၍ ပတ်ဝန်းကျင်ကို စိတ်ဝင်စားမှုမရှိတော့ဘဲ သူဘဝကို အကျဉ်းသားတစ်ဦးကဲ့သို့ ကုန်ဆုံးစေသည်) ဟူသောဘွဲများ ပေးအပ်လေသည်။ ထို့ပြင် သူဘဝသက်တမ်း အဆိုးဆုံးအချိန်ရောက်သောအခါ သူကျန်းမာစဉ်နှင့် သန်စွမ်းစဉ်ပြုလေ့ရှိသော ကောင်းမှုကောင်းရာလုပ်ရပ်များအား ဆက်လက်မှတ်တမ်းတင်၍ ပြစ်မှုဂုနာဟ်များကို လုံးဝမှတ်တမ်းမတင်တော့ပါ" ဟူ၍ဖြစ်သည်။

ဤဟဒီးစ်ကို မုစ်နဒ်အဗူယအ်လာမ တင်ပြပြီးနောက် ဟာဖိဇ် အိဗနိကဆီးရ်က ပြောသည်မှာ -

هذا حديث غريب جدا وفيه نكارة شديدة.

ဤဟဒီးစ်သည် ဂါရီးဗ်(ဆင့်ပြန်သူတစ်ဦးထံမှသာ တင်ပြခြင်းဖြစ်ပြီး) ယင်းသည် အလွန့်အလွန် မွန်ကရ် (ခိုင်လုံသောဆင့်ပြန်ခြင်းနှင့် ဆန့်ကျင်သည့် အားနည်းသော ဆင့်ပြန်သူတစ်ဦး၏ တင်ပြချက်) ဖြစ်သည်။

ထို့နောက် သူက ထပ်၍

ومع هذا قد رواه الامام احمد بن حنبل في مسنده موقوفًا ومرفوعًا

(ဤအကြောင်းများရှိလျက် အီမာမ်အဟ်မဒ် အိဗနိဟမ်ဗလ်ကသူ၏ မုစ်နဒ်ကျမ်းထဲတွင် နှစ်ခုစလုံးသည် တမန်တော်မြတ်ﷺ၏မိန့်ကြားချက်နှင့် ဆွဟာဗီတစ်ဦး၏ ပြောကြားချက်ဖြစ်သည်။ ဆင့်ပြန်ချက်များသည် တူကြသည် ثَانِيَ عِطْفِهِ "မိမိလည်ပင်းကိုလိမ်လျက်" ၂၂း၉) "အိသွဖိဟူသော စကားလုံးသည် တစ်ဖက်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ဤအသုံးအနှုန်းသည် "လူတစ်ဦး၏ တစ်ဖက်သို့လှည့်သည်" ဟုဆိုလို၍ တစ်နည်းဆိုရလျှင် "ဆန့်ကျင်သည်" ဟူ၍ဖြစ်သည်။

အာယသ် (၁၁-၁၃)

وَ مِنَ النَّاسِ مَنْ يَّعْبُدُ اللّٰهَ عَلٰى حَرْفٍ ۚ فَاِنْ اَصَابَهٗ خَيْرُ ِۨ اطْمَاَنَّ بِهٖ ۚ وَ
اِنْ اَصَابَتْهُ فِتْنَةُ ِۨ انْقَلَبَ عَلٰى وَجْهِهٖ ۚ خَسِرَ الدُّنْيَا وَ الْاٰخِرَةَ ؕ ذٰلِكَ هُوَ
الْخُسْرَانُ الْمُبِيْنُ ﴿۱۱﴾ يَدْعُوْا مِنْ دُوْنِ اللّٰهِ مَا لَا يَضُرُّهٗ وَ مَا لَا يَنْفَعُهٗ ؕ
ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ﴿۱۲﴾ يَدْعُوْا لَمَنْ ضَرُّهٗۤ اَقْرَبُ مِنْ نَّفْعِهٖ ؕ لَبِئْسَ
الْمَوْلٰى وَ لَبِئْسَ الْعَشِيْرُ ﴿۱۳﴾

ထင်းပြင် လူတို့တွင် ဘေးအစွန်းဖျား၌ (ရပ်တည်၍)အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်သူလည်း ရှိပေသည်။ တစ်ဖန် အကယ်၍ ထိုသူ၌ အကျိုးကျေးဇူး တစ်စုံတစ်ရာသက်ရောက်ခဲ့သည်ရှိသော် ထိုသူသည် ထိုအခြေအနေကို နှစ်သိမ့်ကျေနပ်ခဲ့လေသည်။ သို့ရာတွင် အကယ်၍ ထိုသူ၌ စမ်းသပ်မှု တစ်စုံတစ်ရာ သက်ရောက်ခဲ့မှု ထိုသူသည် မိမိမျက်နှာလှည့်၍ ပြန်သွားခဲ့လေသည်။ ထိုသူသည် (ဤ)ပစ္စက္ခ လောကီဘဝကို လည်းကောင်း၊ နောင်တမလွန် ဘဝကို လည်းကောင်း (နှစ်ခုစလုံးကိုပင်) လက်လွတ် ဆုံးရှုံးခဲ့လေသည်။ ဤသည် ထင်ရှားသော ပျက်စီးဆုံးရှုံးမှု ပင်တည်း။[၁၁] (စင်စစ်သော်ကား) ထိုသူသည် အလ္လာဟ်အရှင်မြတ်အားစွန့်၍ မိမိအား အကျိုးယုတ်စေနိုင်ခြင်း မရှိသော အရာကိုလည်းကောင်း၊ မိမိအား အကျိုးဖြစ်ထွန်းစေနိုင်ခြင်း မရှိသောအရာကို လည်းကောင်း ဟစ်ခေါ်လျက် ရှိပေသည်။ ဤကား (အမှန်တရားနှင့်) အလွန်ဝေးလံသော လမ်းမှားခြင်းပင်။[၁၂] (အမှန်စင်စစ်) ထိုသူသည် အကြောင်အရာကို ဟစ်ခေါ်လျက် ရှိပေသည်။ ထိုအရာ၏ အကျိုးယုတ်စေမှုသည် ၎င်း၏အကျိုးဖြစ်စေခြင်းထက် ပိုမို၍ပင် နီးကပ်လျက်ရှိပေသည်။ စင်စစ် (ထိုသူဟစ်ခေါ်လျက်ရှိသော အရာမှာမူကား) အလွန်ယုတ်ညံ့သော ကြည့်ရှု ထောက်မသူ၊ ထင်းပြင် အလွန်ယုတ်ညံ့သော အဆွေ ခင်ပွန်းပင် ဖြစ်ပေသတည်း။[၁၃]

အကျယ်ဖွင့်ဆိုခြင်း

"وَ مِنَ النَّاسِ مَنْ يَّعْبُدُ اللّٰهَ عَلٰى حَرْفٍ ထင်းပြင် လူတို့တွင် ဘေးအစွန်းဖျား၌ (ရပ်တည်၍) အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်သူလည်း ရှိပေသည်။ (၂၂း၁၁)" စိုက်ယိဒိနာ အိဗနိအဗွားစ်ﷺမှတစ်ဆင့် ဗူခါရီနှင့်အဗီဟာသီးမ်တို့ တင်ပြထားခဲ့သည်မှာ တမန်တော်မြတ်ﷺ မဒီနာမြို့သို့ ရွှေ့ပြောင်းကြွမြန်းသောအခါတွင် လူအများသည် ကိုယ်တော်မြတ်ထံပါး စုရုံးရောက်လာကာ ဘာသာအယူဝါဒအသစ်ကို လက်ခံခဲ့ကြသည်။ သို့ရာတွင် ထိုသူများ အနက် အချို့မှာ အစွလာမ်ဘာသာသို့ ပြောင်းလဲခြင်း၌ လုံးဝစစ်မှန်မှု မရှိချေ။ ထိုသူများသည် ယုံကြည်မှုမရှိဘဲ ကိုယ်ကျိုးစီးပွားအတွက်ဖြစ်သည်။ အကယ်၍ မုစ်လင်မ်ဖြစ်ပြီးနောက် အခွင့်အခါသာ၍ သားသမီးနှင့်သူတို့ စီးပွားရေးတိုးတက်ကြီးပွားလာလျှင် အစွလာမ်ဘာသာသည် ကောင်းမွန်သောဘာသာတစ်ခုအဖြစ် မှတ်ကြလိမ့်မည်။ သို့သော်လည်း

ၔင်းတို့ ကိုယ်ကျိုးစီးပွားမဖြစ်ခဲ့လျှင်မူ အစွလာမ်ဘာသာကို ရှုတ်ချပြစ်တင်ပေလိမ့်မည်။ ထိုသူတို့သည် အခွင့်အရေး သမားများဖြစ်၍ ၔင်းတို့၏ တစ်ကိုယ်ကောင်းဆန်သော အကျိုးစီးပွားရလိုမှုအတွက် ဟိုဘက်သည်ဘက် ပြောင်းလဲ သွားနိုင်ကြောင်း ဖော်ပြရန် ဤအာယသ်တော် ကျရောက်ခဲ့ခြင်းဖြစ်သည်။

အာယသ် (၁၄-၁၆)

اِنَّ اللّٰهَ يُدۡخِلُ الَّذِيۡنَ اٰمَنُوۡا وَ عَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجۡرِىۡ مِنۡ تَحۡتِهَا الۡاَنۡهٰرُ ؕ اِنَّ اللّٰهَ يَفۡعَلُ مَا يُرِيۡدُ ﴿۱۴﴾ مَنۡ كَانَ يَظُنُّ اَنۡ لَّنۡ يَّنۡصُرَهُ اللّٰهُ فِى الدُّنۡيَا وَ الۡاٰخِرَةِ فَلۡيَمۡدُدۡ بِسَبَبٍ اِلَى السَّمَآءِ ثُمَّ لۡيَقۡطَعۡ فَلۡيَنۡظُرۡ هَلۡ يُذۡهِبَنَّ كَيۡدُهٗ مَا يَغِيۡظُ ﴿۱۵﴾ وَ كَذٰلِكَ اَنۡزَلۡنٰهُ اٰيٰتٍۭ بَيِّنٰتٍ ۙ وَّ اَنَّ اللّٰهَ يَهۡدِىۡ مَنۡ يُّرِيۡدُ ﴿۱۶﴾

ဖကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သောသူတို့အား အကြင် ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ ထိုဥယျာဉ်များအောက်မှ စမ်းရေချောင်းများသည် စီးဝေလျက် ရှိကြပေမည်။ ဖကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိ ရည်ရွယ်တော် မူသောကိစ္စကို (ပြီးမြောက်အောင်) ပြုလုပ်တော်မူပေသတည်း။[၁၄]

မည်သူမဆို အလ္လာဟ် အရှင်မြတ်သည် ထိုရစူလ်တမန်တော်(မုဟမ္မဒ်)အား (ဤ) ပစ္စက္ခ မျက်မှောက်လောက တွင် လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း အလျှင်း အကူအညီပေး တော်မူ မည်မဟုတ်ဟု ထင်မြင်ယူဆလျက်ရှိလျှင် ထိုသူသည် ကြိုးတစ်ချောင်းကို မိုးကောင်းကင် အထိ ဆန့်တန်းဆွဲချိတ်ရမည်။ ထို့နောက် ၔင်းသည် (ယင်းအကူအညီကို) ဖြတ်တောက် (ရပ်စဲစေ)ရမည်။ (တစ်နည်း) ထိုသူသည် ကြိုးတစ်ချောင်းကို (ယူကာ) မိမိလည်ပင်းကို ချည်၍ (အိမ်)ခေါင်မိုးအထိ ဆွဲငင် ဆန့်တန်းပြီးနောက် (မိမိလည်မျိုကို)ညှစ်သတ်ရမည်။ တစ်ဖန် မိမိကြံစည်ချက်သည် (မိမိအား) အမျက်ထွက်စေသောကိစ္စကို ပျောက်လွင့်စေသလောဟု စဉ်းစားဆင်ခြင်၍ ကြည့်ရပေမည်။[၁၅]

စင်စစ်သော်ကား ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ထင်ရှားလှစွာသော သက်သေလက္ခဏာ အာယတ်တော်များအဖြစ် ချပေးသနားတော်မူခဲ့ပေသည်။ ဖကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိရည်စူးတော်မူသော သူအား တရားလမ်းမှန်ကို ညွှန်ပြ တော်မူပေသတည်း။[၁၆]

အကျယ်ဖွင့်ဆိုခြင်း

مَنْ كَانَ يَظُنُّ "အကြင်သူသည် ထင်မြင်ယူဆလေသည်။ (၂၂း၁၅)" ယင်းကဆိုလိုသည်မှာ အစွမ်းမဲ့ရန်သူများက သာသနာ့လမ်းတော်တွင် အတားအဆီးများထားရှိခြင်းနှင့် အလ္လာဟ်အရှင်မြတ်သည် တမန်တော် မြတ်ﷺနှင့် အရှင်မြတ်၏ ဘာသာကိုစွန့်လွှတ်ခြင်းတို့ကို ဆန္ဒပြုခြင်းတို့သည် အလ္လာဟ်အရှင်မြတ်က တမန်တော် မြတ်ﷺကို တမန်တော် အဖြစ်မှ ဂုဏ်သိမ်ခြင်းနှင့်ဝဟီများ ကျရောက်ခြင်းရပ်တန့်မှသာ ဖြစ်မည်ဆိုကြောင်း ထိုသူများ ရှင်းလင်းစွာ နားလည်သဘောပေါက်စေပါသည်။ (နအူးဇုဗိလ္လာဟ်)။ အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးကို တမန်တော်အဖြစ် ခန့်အပ်၍ ဝဟီပို့ချခြင်း ပေးအပ်နှင်း ချီးမြှင့်ခဲ့လျှင် အရှင်မြတ်သည် ထိုသူကို ဤကမ္ဘာလောကနှင့် တမလွန်အာခိရသ်တွင်ပါ အပြည့်အဝ ထောက်ကူပေးခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ပြီးဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် တမန်တော်တစ်ပါးနှင့် သူတာဝန်ဝတ္တရား ဆောင်ရွက်မှု တိုးတက်ခြင်းကို ရပ်တန့်လိုလျှင် သူသည် တမန်တော် မြတ်ﷺအား သူတာဝန်ဝတ္တရားမှ ရပ်ဆိုင်းခြင်း သို့မဟုတ် ဝဟီကျရောက်ခြင်း၏ ကွင်းဆက်ကို ဖြတ်တောက်နိုင်ခြင်း အစွမ်းရှိရပါမည်။ တစ်စုံတစ်ဦးသည် ဝဟီကျရောက်ခြင်း ကွင်းဆက်ကို ဖြတ်တောက်လိုလျှင် သူသည် မိုးကောင်းကင် တက်၍ ဖြတ်တောက်ရမည်။ ထို့နောက် ယင်းသို့သောလုပ်ရပ်သည် မဖြစ်နိုင်သောကြောင့် မည်သို့သော ဒေါသမီး မီးတောက်ကမှ အစွမ်းဘာသာကို အန္တရာယ်မပြုနိုင်ပါ။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အိဗနိ ဇိက်ဒ်မှတစ်ဆင့် အလ်ဒုရ် အလ်မာန်သူးရ်တွင် ဖော်ပြထားသည်။ စာရေးသူကမူ ဤသည်မှာ အလျော်ကန် အသင့်တော်ဆုံးသော အဓိပ္ပာယ်ဖြစ်သည် ဟုဆိုသည်။

ကုရ်သုဗီက ဤအာယသ်၏ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အကောင်းဆုံးဟု မှတ်ယူသည်။ အခြားသူများက ဤအာယသ်ပါ ءامن (မိုးကောင်းကင်) ဟူသောစကားလုံးသည် တစ်စုံတစ်ဦးအိမ်၏ မျက်နှာကျက်ဟု ယူဆသည်။ ထို့နောက် အာယသ်က ဆိုလိုသည်မှာ အစွမ်းဘာသာနှင့် တမန်တော်မြတ်ﷺကို ရန်လိုစိတ်မွေးသူများသည် ယင်းတို့ကို မည်သည့်အန္တရာယ်မပေးနိုင်ဟူကြောင်း အသေအချာ သတိပြုရမည်။ ထို့ကြောင့် ထိုသူအတွက် အကောင်းဆုံးလုပ်နိုင်သည်မှာ ကိုယ်ကိုကိုယ်ဆုံးမသည့်အနေဖြင့် ဆွံကြိုးချသေရန်သာ ရှိတော့သည်။ (မဇ်ဟိရီနှင့်အခြား)

အာယသ် (၁၇-၁၈)

إِنَّ الَّذِيْنَ اٰمَنُوْا وَ الَّذِيْنَ هَادُوْا وَ الصّٰبِـِٔيْنَ وَ النَّصٰرٰى وَ الْمَجُوْسَ وَ
الَّذِيْنَ اَشْرَكُوْٓا ۖ اِنَّ اللّٰهَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيٰمَةِ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ
شَهِيْدٌ ﴿۱۷﴾ اَلَمْ تَرَ اَنَّ اللّٰهَ يَسْجُدُ لَهٗ مَنْ فِى السَّمٰوٰتِ وَ مَنْ فِى الْاَرْضِ
وَ الشَّمْسُ وَ الْقَمَرُ وَ النُّجُوْمُ وَ الْجِبَالُ وَ الشَّجَرُ وَ الدَّوَآبُّ وَ كَثِيْرٌ مِّنَ
النَّاسِ ؕ وَ كَثِيْرٌ حَقَّ عَلَيْهِ الْعَذَابُ ؕ وَ مَنْ يُّهِنِ اللّٰهُ فَمَا لَهٗ مِنْ مُّكْرِمٍ ؕ
اِنَّ اللّٰهَ يَفْعَلُ مَا يَشَآءُ ﴿۱۸﴾ السجدة

ဇကန်စင်စစ် "မုအ်မင်နှ်" သက်ဝင်ယုံကြည်သူတို့သည် လည်းကောင်း၊ ရေဝတီဘာသာဝင်တို့သည် လည်းကောင်း၊ ဆွာဗီတို့သည် လည်းကောင်း၊ နဆွဲရာနီ တို့သည် လည်းကောင်း၊ မဂျူစီ(မီးကိုးကွယ်သူ)တို့သည် လည်းကောင်း၊ "မုရှ်ရစ်ဂ်" တစ်စုံတစ်ရာကို အလျှာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သူတို့သည် လည်းကောင်း၊ မလွဲ ဇကန် အလျှာဟ်အရှင်မြတ်သည် ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့စပ်ကြားဝယ် စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။ စင်စစ်ဇကန်အလျှာဟ်အရှင်မြတ်သည်အရာခပ်သိမ်းတို့ကို (မျက်မြင်ဒိဋ္ဌ) သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။ [၁၇]

ဇကန်မလွဲ မိုးကောင်းကင်များ၌ ရှိသူတို့သည် လည်းကောင်း၊ ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ ဓနသည်လည်းကောင်း၊ လသည်လည်းကောင်း၊ ကြယ် နက္ခတ်များသည်လည်းကောင်း၊ တောင်များသည် လည်းကောင်း၊ သစ်ပင်များသည်လည်းကောင်း၊ တိရစ္ဆာန်များသည် လည်းကောင်း၊ မြောက်မြားစွာသော လူတို့သည် လည်းကောင်း အလျှာဟ်အရှင်မြတ်အားသာလျှင် ဦးချကြသည်ကို အသင်သည် မသိပါသလော။ သို့ရာတွင် (လူတို့အနက်) မြောက်မြားစွာသောသူတို့အပေါ်၌ ပြစ်ဒဏ်သည် အတည်ဖြစ်လေပြီ။ စင်စစ်သော်ကား မည်သူအားမဆို အလျှာဟ်အရှင်မြတ်သည် ဂုဏ်အသရေယုတ်ညံ့စေတော်မူပါလျှင်၊ ထိုသူအား (ဂုဏ်အသရေ) ချီးမြှင့်မည့်သူဟူ၍ တစ်ဦး တစ်ယောက်မျှပင် မရှိတော့ပြီ။ ဇကန်စင်စစ် အလျှာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို ပြုလုပ်တော် မူပေသတည်း။[၁၈]

အကျယ်ဖွင့်ဆိုခြင်း

အာယသ်(၁၇)ထဲ၌ အလျှာဟ်အရှင်သည် သက်ဝင်ယုံကြည်သူတို့ကိုလည်းကောင်း၊ မတူညီသော အယူဝါဒများမှ သက်ဝင်ယုံကြည်သူမဟုတ်သူတို့ကို လည်းကောင်း၊ ပြန်လည်ရှင်ထရမည့်နေ့၌ စီရင်ဆုံးဖြတ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလျှာဟ်အရှင်မြတ်သည် သိတော်မူသောအရှင်ဖြစ်တော်မူသည် ဟူ၍မိန့်ထားသည်။ ထိုဆုံးဖြတ်ချက်သည် ဘာဖြစ်လိမ့်မည်ဆိုသည်ကို ကုရ်အာန်ကျမ်းတော်မြတ် နေရာများများတွင် မိန့်ကြားထားသည်။ ယင်းမှာ ကောင်းမြတ်သော မုစ်လင်မ်များသည် ထာဝရငြိမ်းချမ်းပြီး စည်းစိမ်ရှိသောဘဝကိုရရှိကာ မယုံကြည်သွေဖည်သူများမှာမူ ထာဝရပျက်စီးခြင်းဘဝနှင့်ကြုံတွေ့ရပါမည်။ နောက်အာယသ်ထဲ၌ "စဂျ်ဒဟ်"(ဦးချခြင်း)ဆိုသည့်စကားလုံးအား သုံးစွဲထားခြင်းကြောင့် ဖန်ဆင်းခံအရာအားလုံးတို့သည် သက်ရှိဖြစ်စေ၊ သဘာဝတွင်းထွက် ကျောက်သံပတ္တမြားများနှင့် သစ်ပင်ပန်းပင်များဖြစ်စေ အားလုံးတို့သည် နာခံရိုသေကြပြီး အလျှာဟ်အရှင်မြတ်၏အထွတ်အထိပ်အာဏာကို ဦးညွတ်ကြပါသည်။ ထိုသို့ဦးညွတ်ခြင်းကြောင့် လူသားများအား အုပ်စုနှစ်စု ကွဲသွားစေပါသည်။ တစ်အုပ်စုမှာ အလျှာဟ်အရှင်မြတ်အားနာခံကြကာ ထိုအရှင်အား "ဦးချ"ကြသော အုပ်စုထဲတွင် အကျုံးဝင်သွားပါသည်။ အခြားအုပ်စုမှာ ပုန်ကန်ကာ အလျှာဟ်အရှင့်အား ဦးညွတ်ရန် ငြင်းဆန်ကြပါသည်။ ဆိုလိုသည်မှာ နာခံရိုကျိုးရန် ငြင်းဆိုသောသူများဖြစ်ကြပါသည်။ "စဂျ်ဒဟ်"(ဦးချခြင်း)ဟူသော စကားလုံးအား ဤနေရာ၌ အလျှာဟ်အရှင်၏ဆန္ဒတော်နှင့် အမိန့်တော်တို့အား နှိမ့်ချရိုကျိုးခြင်းဟူသည့် ကျယ်ဝန်းသောအဓိပ္ပာယ်ဖြင့် သုံးစွဲထားပါသည်။ အဘယ်ကြောင့်ဆိုသော် အဖန်ဆင်းခံများအားလုံးသည် မိမိနည်းမိမိဟန်ဖြင့် အလျှာဟ်အရှင်အား ရိုကျိုးနာခံကြပါသည်။ လူသားများသည် စဂျ်ဒဟ်

အား မြေပြင်ကို နဖူးဖြင့်ထိခြင်းဖြင့် ပြုလုပ်ကြသကဲ့သို့ အခြားသောအဖန်ဆင်းခံများက အလ္လာဟ်အရှင် ယင်းတို့အား အပ်နှင်းထားသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းအားဖြင့် စဂျ်ဒဟ် ပြုလုပ်ကြပါသည်။

အဖန်ဆင်းခံအားလုံး အလ္လာဟ်အရှင်မြတ်အား နာခံခြင်းဆိုသည့် မှန်ကန်မှု

မျိုးရိုးဗီဇအရ စကြဝဠာတစ်ခုလုံးနှင့် ယင်းတွင်ရှိ အဖန်ဆင်းခံအားလုံးသည် ၎င်းတို့၏ ဖန်ဆင်းရှင်၏ ဆန္ဒတော်နှင့် စီမံမှုအောက်ရှိသည်ဆိုသည်မှာ အလ္လာဟ်အရှင်၏ (သက္ကဝင်းန်) ကြိုတင်စီမံထားသည့် လမ်းညွှန်မှုအရ ဖြစ်သည်။ ဤသဘောအရဆိုလျှင် "ရိုကျူးနာခံခြင်း"သည် ကြိုတင်ဆုံးဖြတ်ပြီးသော အရာဖြစ်ကာ မွေးရာပါဖြစ်ပါသည်။ မုစ်လင်မ်ဖြစ်စေ၊ မယုံကြည်သူဖြစ်စေ၊ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ၊ ကျောက်သံပတ္တမြားဖြစ်စေ၊ သစ်ပင်ဖြစ်စေ၊ မည်သည့်အဖန်ဆင်းခံကမျှ စကြဝဠာလုံးဆိုင်ရာ ဖန်ဆင်းခြင်း၏ဥပဒေကို မလွန်ဆန်နိုင်ပါ။ မြူမှုန်ကလေးနှင့်၊အမြင့်မားဆုံးတောင်ကြီးပင်လျှင် အလ္လာဟ်အရှင် ဆန္ဒမရှိပါက အနည်းငယ်မျှ မရွေ့လျားနိုင်ပါ။ အလ္လာဟ်အရှင်အား ရိုကျူးနာခံခြင်း နောက်တစ်မျိုး ရှိပါသေးသည်။ ယင်းမှာ တစ်စုံတစ်ဦးသည် မည်သည့်ထိန်းချုပ်မှုမှမပါရှိဘဲ မိမိသဘော အရအရှင့်အား‌ရိုကျူးခြင်းဖြစ်ပါသည်။ ဤအချက်သည် ယုံကြည်သူတစ်ဦးနှင့် မယုံကြည်သူတစ်ဦးတို့ကို ကွဲပြား ခြားနားစေပါသည်။ သက်ဝင်ယုံကြည်သူတစ်ဦးသည် အလ္လာဟ်အရှင်အား နာခံရိုကျူးမှုကို အမြဲတစေ ရိုးသား ဖြူစင်စွာ လုပ်ဆောင်ပါသည်။ မယုံကြည်သူတစ်ဦးမှာမူ အရှင်မြတ်တည်ရှိတော်မူကြောင်းကို ငြင်းဆိုပါသည်။ ဤအာယသ်တွင် မုစ်လင်မ်တစ်ဦးနှင့် ကာဖိရ်(မယုံကြည်သူ)တို့အကြား ကွဲပြားခြားနားခြင်းကို ဖော်ပြသောကြောင့် ဤနေရာ၌ "စဂျ်ဒဟ်"(ဦးချခြင်း)ဆိုသည်မှာ ကြိုတင်စီမံထားပြီး မွေးရာပါနာခံခြင်းတစ်မျိုးကိုသာ မရည်ညွှန်းဘဲ မိမိဆန္ဒအလျောက် ဦးညွတ်ရှိသေခြင်းလည်း အကျုံးဝင်ပါသည်။ အသိဉာဏ်ရှိသောလူသားများနှင့် ဂျင်နီများသည်သာ အကန့်အသတ်မပါဘဲ မိမိဆန္ဒအလျောက်ဦးညွတ်ရိုကျူးခြင်းလုပ်နိုင်ကာ ဆင်ခြင်တုံတရားကင်းမဲ့သောတိရစ္ဆာန်များ၊ သစ်ပင်ပန်းမာလ်များနှင့် ကျောက်သံပတ္တမြားများတို့သည် ၎င်းတို့သဘောအလျောက် နာခံခြင်းမပြုလုပ်နိုင်ဟူ၍ မမှတ်ယူသင့်ပါ။ တကယ်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏စာသားများအရ သက်သေပြနိုင်သည်မှာ အဖန်ဆင်းခံတိုင်းတွင် ဆင်ခြင်တုံတရားနှင့်အသိဉာဏ် ရှိကြပါသည်။ အတိုင်းအတာသာ ကွာခြားပါသည်။ လူသားများနှင့်ဂျင်နီများသည် ပြီးပြည့်စုံသော ဉာဏ်ပညာအဆင့်ရှိသောကြောင့် ခွင့်ပြုထားသည်၊ တားမြစ်ထားသည်ဆိုသည်တို့နှင့် ပတ်သက်သော ဥပဒေကို တိတိကျကျလိုက်နာနိုင်ပါသည်။ အခြားသောအဖန်ဆင်းခံများကိုမူ အလ္လာဟ်အရှင်သည် ၎င်းတို့၏ လိုအပ်ချက်အရသာ အသိဉာဏ်ပေးထားပါသည်။ လူများက အသိဉာဏ်ပညာ အဆင့်အတန်း အမြင့်မားဆုံး ပိုင်ဆိုင်ကြပါသည်။ ၎င်းတို့နောက်မှ တိရစ္ဆာန်များဖြစ်ကာ ၎င်းတို့၏နောက်တွင် သစ်ပင်ပန်းမာလ်များဖြစ်ပြီး တွင်းထွက် သတ္တုများသည် နောက်ဆုံးဖြစ်ပါသည်။ တိရစ္ဆာန်များတွင်ရှိသော အသိဉာဏ်ပညာကို အလွယ်တကူ ထိတွေ့နားလည်နိုင်ပါသည်။ ၎င်းနောက် သစ်ပင်ပန်းမန်များတွင်ရှိသော အသိပညာကိုမူ အကယ်၍ တစ်စုံတစ်ဦး တစိုက် မတ်မတ် လုပ်ဆောင်ပါက သိရှိလေ့လာနိုင်ပါသည်။ သို့သော်လည်း တွင်းထွက်သတ္တုများတွင်ရှိသော အသိပညာသည် အလွန်နည်းပါးပြီး ဖုံးကွယ်နေသောကြောင့် လွယ်လင့်တကူ သိရှိနားမလည်နိုင်ပါ။ သို့သော်လည်း ထိုအရာများတွင် အသိဉာဏ်ပညာရှိရုံမျှမက ကိစ္စရပ်များအတွက် ဆုံးဖြတ်နိုင်စွမ်းရှိသည်ဆိုကြောင်း အလ္လာဟ်အရှင်က ရှင်းလင်းစွာ မိန့်ထားခဲ့သည်။ မိုးကောင်းကင် မြေပထဝီနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က قَالَتَآ أَتَيۡنَا طَآئِعِينَ "ကျွန်တော်မျိုးတို့သည် ကျေနပ်စွာလာခဲ့ကြပါပြီဟု လျှောက်ထားခဲ့ကြ၏။"(၄၁း၁၁) ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်သည်၊ မိုးကောင်းကင်နှင့် ပထဝီမြေတို့အား ၎င်းတို့ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ၊ အလ္လာဟ်အရှင့် ဆန္ဒတော်ကို

ရိုကျိုးနာခံရမည်ဟု အမိန့်ပေးခဲ့သောအခါ၌ ၎င်းတို့နှစ်ခုစလုံးက အလ္လာဟ်အရှင်မြတ်၏ အမိန့်အာဏာတော်ကို လိုလို လားလားလက်ခံကြောင်း လျှောက်ထားခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ وَاِنَّ مِنۡهَا لَمَا يَهۡبِطُ مِنۡ خَشۡيَةِ اللّٰهِ "အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ လေးစားခြင်းအားဖြင့် လျှောလိမ့်နိမ့်ဆင်းလာသော အရာများလည်း အမှန်ပင် ရှိကြကုန်၏။ (၂:၇၄)" ဟူ၍မိန့်ထားသည်။ ယင်းကဆိုလိုသည် မှာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သောကြောင့် ကျောက်ဆောင်များသည် ဦးချကြသည်။ အလားတူစွာပင် မရေမတွက်နိုင်သော ဆင့်ပြန်ချက်များထဲ၌ တောင်များ၊ တစ်တောင်နှင့်တစ်တောင် စကားပြောဆိုခြင်း (သို့) အခြား သောအဖန်ဆင်းခံများ ၎င်းတို့တွင် အသိဉာဏ်ပညာရှိသည် ဆိုကြောင်း သက်သေလက္ခဏာများ ပြသခြင်းဆိုသည် များအတွက် သက်သေပြချက်များ ပါဝင်ပါသည်။ ထို့ကြောင့် ဤအာယသ်တော်ထဲတွင် အရိုအသေပြုခြင်းဆိုသည်အတွက် အသုံးပြုထားသော "စဂျ်ဒဟ်" (ဦးချခြင်း)ဟူသောစကားလုံးက မိမိသဘောအလျောက် အရိုအသေပေးခြင်းဟုဆိုလိုပါသည်။ ဤအာယသ်၏ အဓိပ္ပာယ်ဖွင့်ဆိုမှုသည် လူသားများနှင့်ဂျင်နီတို့မှအပ အားလုံးသောအဖန်ဆင်းခံများသည် မိမိတို့ဆန္ဒအလျောက် စိတ်ရောကိုယ်ပါ အလ္လာဟ်အရှင့်အမိန့်အာဏာတော်ကို လေးစားရိုသေကြသည်။ လူသားများနှင့်ဂျင်နီများတွင်သာ အုပ်စုနှစ်အုပ်စုကွဲသွားကာ တစ်အုပ်စုသည် အလ္လာဟ်အရှင့်ဆန္ဒတော်ကို ရိုကျိုးနာခံကာ အခြားတစ်အုပ်စုသည် အလ္လာဟ်အရှင့် အမိန့်အာဏာတော်ကို ငြင်းဆန်ပြီး အလ္လာဟ်အရှင်မြတ်အား ရိုကျိုးနာခံခြင်း မပြုခဲ့ပါ။ ထို့ကြောင့် မနှစ်မြို့ဖွယ်ရာ ဖြစ်သွားပါသည်။ အလ္လာဟ်အရှင်သာ အကောင်းဆုံး သိတော်မူပါသည်။

အာယသ် (၁၉-၂၄)

هٰذٰنِ خَصۡمٰنِ اخۡتَصَمُوۡا فِىۡ رَبِّهِمۡ‌ ۖ فَالَّذِيۡنَ كَفَرُوۡا قُطِّعَتۡ لَهُمۡ ثِيَابٌ مِّنۡ نَّارٍ‌ يُصَبُّ مِنۡ فَوۡقِ رُءُوۡسِهِمُ الۡحَمِيۡمُ ۚ﴿۱۹﴾ يُصۡهَرُ بِهٖ مَا فِىۡ بُطُوۡنِهِمۡ وَالۡجُلُوۡدُ ؕ﴿۲۰﴾ وَلَهُمۡ مَّقَامِعُ مِنۡ حَدِيۡدٍ ﴿۲۱﴾ كُلَّمَاۤ اَرَادُوۡۤا اَنۡ يَّخۡرُجُوۡا مِنۡهَا مِنۡ غَمٍّ اُعِيۡدُوۡا فِيۡهَا ۟ وَذُوۡقُوۡا عَذَابَ الۡحَرِيۡقِ ﴿۲۲﴾ اِنَّ اللّٰهَ يُدۡخِلُ الَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجۡرِىۡ مِنۡ تَحۡتِهَا الۡاَنۡهٰرُ يُحَلَّوۡنَ فِيۡهَا مِنۡ اَسَاوِرَ مِنۡ ذَهَبٍ وَّلُؤۡلُؤًا‌ ؕ وَلِبَاسُهُمۡ فِيۡهَا حَرِيۡرٌ ﴿۲۳﴾ وَهُدُوۡۤا اِلَى الطَّيِّبِ مِنَ الۡقَوۡلِ ۚ وَهُدُوۡۤا اِلٰى صِرَاطِ الۡحَمِيۡدِ ﴿۲۴﴾

ဤအုပ်စုနှစ်စုကား မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် ပတ် သက်၍ အငြင်းပွားခဲ့ကြသော အုပ်စုနှစ်စုပင်။ သို့ဖြစ်ပေရာ မယုံမကြည် သွေဖည်ငြင်း ပယ်ခဲ့ကြသော သူတို့အဖို့ မီးဖြင့်ပြီးသော အဝတ်အထည်များသည် ကိုက်ညှပ် (ချုပ်စပ်) ပြီး ဖြစ်ပေမည်။ (ထို့ပြင်) ၎င်းတို့၏ဦးခေါင်းများထက်မှ ကျိုက်ကျိုက်ဆူသောရေ သွန်း လောင်းခြင်းခံရမည်။[၁၉] ထိုရေကြောင့် ထိုသူတို့၏ ဝမ်းဗိုက်များ၌ရှိသောအရာ (အူသိမ် အူမ၊ အသည်း၊ နှလုံး)စသည်တို့သည် လည်းကောင်း၊ အသားအရေတို့သည် လည်းကောင်း၊ အရည်ပျော်၍ သွားကြပေမည်။[၂၀] ထိုမှ

တစ်ပါး ၎င်းတို့အဖို့ သံတုတ်များ လည်း ရှိကြပေမည်။[၂၁] ၎င်းတို့သည် ဒုက္ခဆင်းရဲမှုကြောင့် ယင်း(ဂျဟန္နမ်ငရဲဘုံ)မှ ထွက်ရန်ကြံရွယ်ကြသည့်အခါတိုင်း ယင်း(ဂျဟန္နမ်ငရဲဘုံ)ထဲသို့ပင် ပြန် လည်ပို့ခြင်းကို ခံကြရပေမည်။ ထို့ပြင် (ကောင်းကင်တမန်များက ၎င်းတို့အား ယခုသော်) အသင်တို့ သည် မီးဖွေး ပြစ်ဒဏ်ကိုပင် မြည်းစမ်းလျက် ရှိကြလေကုန်(ဟု ပြောဆိုကြအံ့)သတည်း။)[၂၂]

ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သက်ဝင် ယုံကြည်ခဲ့ကြသည့်ပြင် ကောင်းမြတ် သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်သော သူတို့အား အကြင်ဥယျာဉ် များသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုဥယျာဉ်များအောက်မှ ချောင်းများစီးဝေလျက် ရှိကြပေမည်။ ထိုသူသည် ယင်းဥယျာဉ်များတွင် ရွှေလက်ကောက် (လက်မောင်းပတ်)များဖြင့် လည်းကောင်း၊ ပုလဲများဖြင့်လည်းကောင်း တန်ဆာဆင်ယင်ပေးခြင်းကို ခံကြရပေမည်။ ထိုမှ တစ်ပါး ယင်းဥယျာဉ် များတွင် ၎င်းတို့၏ ဝတ်စားတန်ဆာများသည် ပိုးအဝတ်များပင်ဖြစ်ချေမည်။[၂၃] စင်စစ် ၎င်းတို့ သည် (ဤပစ္စက္ခဘဝတွင်) စင်ကြယ်သန့်ရှင်းသောစကား (ကလိမဟ် တွိုက်ယိဗဟ်)ကိုလည်း ညွှန်ကြားပြသခြင်း ခံခဲ့ကြရလေသည်။ ထိုမှတစ်ပါး ချီးမွမ်း ထောမနာပြုခြင်းကို ခံယူထိုက်တော်မူ သော အရှင်မြတ်၏လမ်းတော်ကိုလည်း ညွှန်ကြားပြသခြင်း ခံခဲ့ကြရကုန်သတည်း။

အကျယ်ဖွင့်ဆိုခြင်း

هَٰذَٰنِ خَصۡمَانِ ٱخۡتَصَمُواْ "ဤအုပ်စုနှစ်စုကား မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် ပတ်သက်၍ အငြင်းပွား ခဲ့ကြသောအုပ်စု နှစ်ပင်။" (၂၂း၁၉) ဤအာယသ်၏ စကားလုံးများ ယေဘုယျကျမှုအရ အုပ်စု နှစ်အုပ်စုနှင့် ပတ်သက်ပါသည်။ ထိုအုပ်စုများသည် ရှေးခေတ်ကာလက ရှိနိုင်ခဲ့သကဲ့သို့ ယခုခေတ်ကာလတွင်လည်း ရှိနိုင်သော၊ မုစ်လင်မ်များနှင့် မယုံကြည်သွေဖည်သူ အုပ်စုများဖြစ်ကြသည်။ သို့သော်လည်း ဤအာယသ်တော် ကျ ရောက်ခြင်း၏နောက်ခံအကြောင်းဖြစ်သည့် သီးသန့်အဖြစ်အပျက်သည် ဗဒရ်စစ်မြေပြင်၌ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော အုပ်စုနှစ်အုပ်စု၏ အကြောင်းဖြစ်ပါသည်။ စိုက်ယိဒိနာအလီ၊ ဟမ်ဇာနှင့်အုပိုင်ဒဟ်တို့သည် မုစ်လင်မ်များကို ကိုယ်စား ပြုကာ တိုက်ခိုက်ခဲ့ကြ၍ မယုံကြည်သွေဖည်သူများဘက်မှ အုသ်ဗဟ်ဗင်ရာဗီရဟ်၊ သူ၏သားဝလိဒ်နှင့် သူ့ညီရွိုင်ဗဟ် တို့က ကိုယ်စားပြု တိုက်ခိုက်ခဲ့ကြပါသည်။ ထိုသို့ ရင်ဆိုင်တိုက်ခိုက်ရာ၌ မယုံကြည်သွေဖည်သူ သုံးဦးစလုံးသည် သတ်ဖြတ်ခြင်းခံခဲ့ရကာ စိုက်ယိဒိနာအလီနှင့်ဟမ်ဇာဟ်ﷺတို့သည် မည်သည့်ဒဏ်ရာမျှမရှိဘဲ စိုက်ယိဒိနာအုပိုင်ဒဟ် သည် အကြီးအကျယ်ဒဏ်ရာရရှိ၍ တမန်တော်မြတ်ﷺ၏ ခြေတော်ရင်း၌ ကွယ်လွန်သွားခဲ့ပါသည်။ ဤအာယသ် ကျရောက်ခြင်းသည် ဗဒရ်စစ်မြေပြင်မှ စစ်သည်တော်တို့နှင့်ပတ်သက်၍ ကျရောက်သည်ဆိုကြောင်း အသိအမှတ်ပြုပြီး ဖြစ်ကာ ဗုခါရီနှင့်မုစ်လင်မ်ကျမ်းများထဲ၌ ခိုင်လုံသောဆင့်ပြန်ချက်များအရ တင်ပြထားသည်။ သို့ရာတွင် ယင်းတွင် ပါသော သတင်းစကားသည် ထိုသူများအတွက်သာမဟုတ် ခေတ်အဆက်ဆက်တွင်ရှိမည့် မုစ်လင်မ်အုမ္မသ်ထုကြီး တစ်ခုလုံးအတွက် လွှမ်းခြုံထားပါသည်။

ဂျန္နသ်တွင်နေထိုင်သူများ ရွှေလက်ကောက်များဝတ်ဆင်ခြင်း၏ ကျိုးကြောင်းပြပညာ

ဤနေရာ၌ အချက်တစ်ချက် ပေါ်ထွက်လာနိုင်သည်မှာ လက်ကောက်များဆိုသည်မှာ အမျိုးသမီးများသာ ဝတ်ဆင်သော လက်ဝတ်လက်စားများဖြစ်ကာ အမျိုးသားများဝတ်ဆင်ပါက မနှစ်မြို့သောအကြည့်ဖြင့် ကြည့်ခြင်းခံရ ပါသည်။ ဤငြင်းဆိုချက်သည် လုံးဝမဆီလျော်ပါ။ အဘယ်ကြောင့်ဆိုသော် ခေတ်အဆက်ဆက်၌ ဘုရင်များသည်

အဖိုးတန်လက်ဝတ်လက်စားများ သရဖူများနှင့် လက်ကောက်များကို သူတို့၏ဥစ္စာဓန ကုံလုံကြွယ်ဝမှု၊ ဩဇာတိက္ကမ ကြီးမားမှုတို့၏ သင်္ကေတများအဖြစ် ဆင်မြန်းခဲ့ပါသည်။ ဆူရာကဟ်အိဗနိမာလိစ်က်သည် အစ္စလာမ်ဘာသာသို့ မဝင် ရောက်မီအလျင်က တမန်တော်မြတ်ﷺ မက္ကာဟ်မှ မဒီနာဟ်သို့ ကြွရောက်လာစဉ်အချိန်အခါက တမန်တော်မြတ်ﷺ အား ဖမ်းဆီးရန်အလို့ငှာ နောက်မှအပူတပြင်းလိုက်လာခဲ့သည့် အဖြစ်အပျက်က လူတိုင်းသိပြီး ဖြစ်ပါသည်။ သူသည် တမန်တော်မြတ်ﷺသခင်အား မီလုခါနီးတွင် အလ္လာဟ်အရှင်၏ ဆန္ဒတော်အရ သူ၏မြင်းသည် သဲထဲ၌ကျွံသွားပါတော့ သည်။ ထိုအရေးကြီးသောအချိန်၌ သူသည် သူ၏ အမှားနှင့်ဂုနာဟ်လုပ်ရပ်ကို ဝန်ချတောင်းပန်ကာ သူ၏ ဘေးကြပ် နံကြပ်အခြေအနေမှ ကယ်တင်ခြင်းခံရစေရန်အတွက် တမန်တော်မြတ်ﷺက အလ္လာဟ်အရှင်ထံ ဒုအာ တောင်းပေးပါ ရန် တိုးလျှိုးတောင်းပန်ခဲ့ပါသည်။ တမန်တော်မြတ်ﷺ၏ တောင်းဆုဒုအာအရ သဲထဲတွင်ကျွံနေသော သူ့မြင်းအား ကယ်တင်ပြီးသောအခါ၌ အိဗနိမာလစ်က်အား ကတိပေးသည်မှာ ပါရှားဘုရင်သည် မုစ်လင်မ်များလက်ဝယ် ကျရှုံးပြီး သည့်နောက် ဘုရင်၏လက်ကောက်များအား သုံ့ရပစ္စည်းအဖြစ် သိမ်းပိုက်ပြီးသောအခါ၌ သူ့အားပေးမည်ဟူ၍ ဖြစ်ပါ သည်။ ထို့ကြောင့် ခလီဖတ်ကြီး စိုက်ယိဒိနာအုမရ်ﷺလက်ထက်၌ မုစ်လင်မ်များသည် ပါးရှားပြည်အား အောင်နိုင်ခဲ့ကာ ပါးရှားဘုရင်ဝတ်ဆင်သော လက်ကောက်များအား အခြားသော သုံ့ရပစ္စည်းများနှင့်အတူ မဒီနာဟ်မြို့သို့ သယ်ဆောင် လာခဲ့ကြပါသည်။ ဆူရာကဟ်အိဗနိမာလစ်က်က ထိုလက်ကောက်များ သူပိုင်ဆိုင်သည်ဆိုကြောင်း တင်ပြရာ စိုက်ယိ ဒိနာအုမရ်ﷺက သူ့အား ပေးအပ်ခဲ့ပါသည်။ အတိုချုပ်ဆိုရသော် သရဖူဆောင်းခြင်းသည် တော်ဝင် အခွင့်အရေး တစ်ရပ်ဖြစ် အမျိုးသားများ၏ သာမန်လုပ်ထုံးလုပ်နည်း မဟုတ်ပါ။ အလားတူစွာပင် အမျိုးသားများ လက်ကောက်ဝတ် ခြင်းသည် တောင်ဝင်အခွင့်ထူးတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ဂျန္နသ်အတွင်းရှိ အမျိုးသားများသည် အလ္လာဟ်အရှင့် ကျေးဇူးတော်နှင့် ဂုဏ်ပေးမှု၏ သင်္ကေတအဖြစ် လက်ကောက်များ ဝတ်ဆင်ကြပါလိမ့်မည်။ ဤအာယသ်အရ လည်း ကောင်း၊ စူရတ်ဖာသွိရ်အရ လည်းကောင်း လက်ကောက်များသည် ရွှေဖြင့်လုပ်ထားသည်ဟု ဖော်ပြသည်။ သို့ရာတွင် စူရတ်နိစားအ်ထဲ၌ ယင်းတို့ကို ငွေဖြင့်ပြုလုပ်လိမ့်မည်ဟု ဖော်ပြပါသည်။ ဤအတွက်ကြောင့် ဋီကာရှင်များက ဂျန္နသ်တွင်းရှိ ဘုရားတရား ကြည်ညိုကိုင်းရှိုင်းသူများသည် ရွှေ၊ ငွေနှင့်ပုလဲများဖြင့် ပြုလုပ်ထားသော လက်ကောက်များ ဝတ်ဆင်လိမ့်မည်ဟုသော အယူအဆရှိကြပါသည်။ ဤအာယသ်ထဲ၌ ပုလဲများနှင့်ပြုလုပ်ထားသော လက်ကောက်များ အကြောင်း ဖော်ပြထားသည်။

အမျိုးသားများအတွက် ပိုးထည်အဝတ်အစားများအား တားမြစ်ထားခြင်း

အာယသ်ထဲ၌ မိန့်ထားသည်မှာ ဂျန္နသ်သို့ရောက်သွားသောသူများသည် ပိုးထည်အဝတ်အစားများ ဝတ်ဆင် ထားလိမ့်မည် ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ၊ ၎င်းတို့၏ အဝတ်အစားများ ကော်ဇောများ အခန်းဆီးများစသည်တို့သည် ဤကမ္ဘာလောက၌ အကောင်းဆုံးအဝတ်အထည်ဟု သတ်မှတ်ထားသည့် ပိုးထည်ဖြင့်ပြု ရက်လုပ်ပါလိမ့်မည်။ နားလည်သဘောပေါက်ထားရမည်မှာ ဂျန္နသ်တွင်အသုံးပြုသော ပိုးထည်နှင့် ဤကမ္ဘာတွင် အသုံးပြုသော ပိုးထည် တို့သည် နာမည်အရသာတူသော်လည်း အရည်အသွေးမှာ မည်သို့မျှယှဉ်၍မရပါ။

စိုက်ယိဒိနာအိဗနိအုမရ်ﷺ စစ်မှန်ချက်အရ အီမာမ်နစာအီ ဗဇ္ဇာရ်နှင့်ဗိုင်ဟကီတို့၏ တင်ပြချက်ထဲ၌ တစ်ချိန်က တမန်တော်မြတ်ﷺမိန့်ကြားချက်ကို ဖော်ပြထားသည်မှာ ဂျန္နသ်အတွင်းရှိလူများ ဝတ်ဆင်သည့် အဝတ် အစားများသည် ပိုးထည်နှင့်ရက်လုပ်ထားကာ ထိုပိုးချည်အား သစ်သီးဝလံထွက်ရှိသောအပင်မှ ထုတ်ယူပါလိမ့်မည်။ စိုက်ယိဒိနာဂျာဗီး၏ ﷺ၏ အဆိုအမိန့်တစ်ခု၌လည်း ဂျန္နသ်ထဲ၌ ပိုးချည်ထွက်သော သစ်ပင်တစ်ပင်ရှိကာ ယင်းပိုးချည်မှ

ပြုလုပ်ထားသော ပိုးထည်များကို ဂျန္နသ်အတွင်းရှိလူများ ဝတ်ဆင်ကြပါလိမ့်မည်။ (မဇ်ဟိရီ)

စိုက်ယိဒိနာအပူဟုရိုင်ရဟ်ﷺ၏ ခိုင်လုံချက်အရ အိမာမ်နစာအီက ဟဒီးစ်တစ်ပုဒ် တင်ပြထားပါသည်။ ယင်း ဟဒီးစ်ထဲ၌ တမန်တော်မြတ်ﷺမိန့်သည်မှာ-

من لبس الحرير في الدنيا لم يلبسه في الآخرة، ومن شرب الخمر في الدنيا لم يشربه في الآخرة، ومن شرب في آنية الذهب والفضة في الدنيا لم يشرب بها في الآخرة" ثم قال: " لباس أهل الجنة وشراب أهل الجنة وآنية أهل الجنة

ဤကမ္ဘာလောက၌ ပိုးထည်ဝတ်ဆင်သောသူသည် နောက် တမလွန်ဘဝ၌ ဝတ်ဆင်ရလိမ့်မည်မဟုတ်ပါ။ ဤကမ္ဘာလောက၌ ဝိုင်အရက်သောက်သောသူသည် နောင်ဘဝတွင် သို့ ချို့မြသော နတ်သုဒ္ဓါအရည်နှင့် ကင်းမဲ့ပါလိမ့်မည်။ အစားအသောက်များအတွက် တစ်စုံတစ်ဦးသည် အဖိုးတန်ရတနာသတ္တုများနှင့် ပြုလုပ်ထားသည့်ပစ္စည်းများကို သုံးစွဲပါက နောက်တမလွန်ဘဝတွင် ထိုသည်တို့ကို သုံးစွဲရလိမ့်မည် မဟုတ်ပါ။ ထို့နောက် တမန်တော်မြတ်ﷺက ဤအရာသုံးမျိုးတို့သည် ဂျန္နသ်အတွင်းရှိ လူများအတွက် သီးသန့်ဖြစ်သည်ဆိုကြောင်း ထပ်ဆောင်းပြောကြားပါသည်" ဟူ၍ဖြစ်သည်။ (နစာအီအား ကိုးကားလျက် ကုရ်တွဗ်ဗီ)

ဆိုလိုသည်မှာ လူတစ်ဦးသည် ဤလောကီဘဝ၌ ဤဖိမ်ခံပစ္စည်းသုံးခုအပေါ်၌ အချိန်ကုန်ခံကာ သတိသံဝေဂ မရခဲ့ပါလျှင် သူဂျန္နသ်ထဲဝင်ခဲ့ပါလျှင်သော်မှ ဤအရာသုံးခုမှ ကင်းမဲ့နေပါလိမ့်မည်။ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗနိအုမာရ်ﷺအဆိုအရ တမန်တော်မြတ်ﷺကမိန့်သည်မှာ လူတစ်ဦးသည် ဤကမ္ဘာလောက၌ ဝိုင်(အရက်)သောက်သုံးခဲ့ပြီး ဝန်ချတောင်းပန်ခြင်းမပြုလုပ်ခဲ့ပါလျှင် နောင်တမလွန်ဘဝ၏ ဂျန္နသ်တွင်ရှိ ထူးမြတ်နတ်သုဒ္ဓါကို လက်မဲ့ဖြစ်စေပါမည်။ (ကုရ်တွဗ်ဗီ)

စိုက်ယိဒိနာအပူစအစ်ဒ်အလ်ခုဒ်ရီﷺက နောက်ထပ်ဟဒီးစ်တော်တစ်ပုဒ် တင်ပြထားပါသည်။ ယင်းထဲ၌ တမန်တော်မြတ်ﷺ မိန့်ကြားသည်မှာ-

من لبس الحرير في الدنيا لم يلبسه في الآخرة، وان دخل الجنّة، لبسه اهل الجنّة ولم يلبسه هو (رواه ابو داؤد الطيالسي في مسنده وقال قرطبي اسناده صحيح)

"ဤကမ္ဘာလောက၌ ပိုးထည်ဝတ်ဆင်ခဲ့သောသူသည် နောက်တမလွန် ဘဝတွင် သူဂျန္နသ်ထဲသို့ ရောက်ရှိလျှင်သော်မှ ပိုးထည်ဝတ်ဆင်ရလိမ့်မည် မဟုတ်ပါ။ သူမှအပ ဂျန္နသ်အတွင်းရှိအခြားသောသူအားလုံးသည် ပိုးထည်များ ဆင်မြန်းကြပါလိမ့်မည်" ဟူ၍ဖြစ်သည်။

ဤနေရာ၌ အချက်တစ်ချက်ပေါ်ထွက်လာသည်မှာ လူတစ်ဦးသည် ဂျန္နသ်သို့ ရောက်ရှိပြီးသည့်နောက် သူတွင် တစ်စုံတစ်ရာကင်းမဲ့နေပါက သူဝမ်းနည်းပူဆွေးပါလိမ့်မည်။ ဂျန္နသ်ဆိုသည် ထိုကဲ့သို့သော ကိစ္စများမဖြစ်ရသောနေရာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဂျန္နသ်သို့ရောက်သော သူတိုင်းသည် စိတ်လက် သက်သောင့်သက်သာဖြစ်ကာ ပူပင်သောက ကင်းရပါမည်။ တစ်ဖက်တွင် တစ်စုံတစ်ရာကင်းမဲ့နေပါလျက်နှင့် ဝမ်းနည်းပူဆွေးမှုမဖြစ်ခဲ့ပါလျှင် ကင်းမဲ့ခြင်းဆိုသည်မှာ အဓိပ္ပာယ်မရှိပါ။ ဤကိစ္စနှင့် ပတ်သက်၍ ကုရ်တွဗ်ဗီက အလွန်သဘောတွေ့လောက်သော ရှင်းလင်းချက်တစ်ခု ပေးထားပါသည်။ သူကပြောသည်မှာ အီမာန်နှင့်ပတ်သက်၍ သူ၏ကောင်းမှုလုပ်ရပ်များ၊ ရိုသေကိုင်းရှိုင်းမှုတို့အရ အလ္လာဟ်အရှင်၏ ဦးစားပေးမှု ခံရပါသည်။ ဂျန္နသ်တွင် အလ္လာဟ်အရှင်၏ ဦးစားပေးမှုအရ လူအများအား အဆင့်အမျိုးမျိုး သတ်မှတ်ကာ မတူညီသောနေရာထိုင်ခင်းများ ရရှိပါလိမ့်မည်။ လူတိုင်းသည် ဤမတူညီမှုများကို

သတိမူမိကြပါလိမ့်မည်။ အလ္လာဟ်အရှင်သည် သူ၏နှလုံးအတွင်းသို့ တည်ငြိမ်မှုနှင့် ရောင့်ရဲမှုတို့ ထည့်သွင်းပေး ထားသောကြောင့် ဂျန္နသ်ထဲရှိလူများသည် ဤမတူညီမှုတို့ကြောင့် ဝမ်းနည်းပူဆွေးမှု မဖြစ်တော့ပါ။ والله سبحانه وتعالى اعلم

وَ هُدُوْۤا اِلَى الطَّيِّبِ مِنَ الْقَوْلِ "စင်စစ် ၎င်းတို့သည် (ဤပစ္စက္ခဘဝတွင်) စင်ကြယ်သန့်ရှင်းသောစကား (ကလိမဟ်တွင်ငိုယိုဗဟ်)ကိုလည်း ညွှန်ကြားပြသခြင်း ခံခဲ့ကြရလေသည်။ ဤသည်မှာ ကလိမဟ်တွင်ငိရိုဗဟ် لَا إِلٰهَ إِلَّا اللّٰهُ ကို ရည်ညွှန်းသည် ဟူ၍ စိုက်ယိဒိနာအိဗနိန်အဗ္ဗားစ်ﷺက ပြောပါသည်။ အခြားသူများက ဤသည်မှာ ကုရ်အာန်က ျမ်းတော်မြတ်ဖြစ်သည်ဆိုကြောင်း ပြောကြပါသည်။ (ကုရ်တွဗီ) တကယ်ဆိုရသော် ဤအာယသ်၏ ဆိုလိုရင်းထဲ၌ ထိုအရာများအားလုံး ပါဝင်ပါသည်။

အာယသ် (၂၅)

اِنَّ الَّذِيْنَ كَفَرُوْا وَ يَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ وَ الْمَسْجِدِ الْحَرَامِ الَّذِيْ جَعَلْنٰهُ لِلنَّاسِ سَوَآءَ ِۨ الْعَاكِفُ فِيْهِ وَ الْبَادِ ؕ وَ مَنْ يُّرِدْ فِيْهِ بِاِلْحَادٍۭ بِظُلْمٍ نُّذِقْهُ مِنْ عَذَابٍ اَلِيْمٍ ﴿۲۵﴾

ဇကန်စင်စစ် အကြင်သူတို့သည် သွေဖည် ငြင်းပယ်ခဲ့ကြသည့်ပြင် (သူတစ်ပါးတို့ အား လည်း) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှလည်းကောင်း၊ အကြင်ရှိသေအပ်သော မတ်စ်ဂျိဒ် ဗလီဝတ်ကျောင်းတော်မှလည်းကောင်း ပိတ်ပင်တားဆီးကြကုန်၏။ ငါ့အရှင် မြတ်သည် ယင်းဗလီ ဝတ်ကျောင်းတော်ကို ယင်း၌ အမြဲနေထိုင်သောသူ၊ ပြင်ပမှ (ခေတ္တ ခဏ) လာရောက်သောသူဟူ၍ (ခွဲခြားခြင်းမရှိဘဲ) လူသားတို့အဖို့ ညီတူညီမျှ (အခွင့် အရေးခံစားရာ ဗဟိဗ္ဗာန)အဖြစ် ပြဋ္ဌာန်းထား တော်မူခဲ့၏။ သို့ရာတွင်မူကား မည်သူမဆို ယင်းဗလီဝတ်ကျောင်းတော်၌ တစ်စုံတစ်ရာ အယူဝါဒ ဖောက်ပြန်မှု၊ တစ်စုံတစ်ရာ မတရားမှုကို [(တစ်နည်း) တစ်စုံတစ်ရာ အယူဝါဒ ဖောက်ပြန်မှုကို မတရားသဖြင့်] ကြံရွယ်သည်ရှိသော် ငါ့အရှင်မြတ်သည် ထိုသူအား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မြည်းစမ်းစေတော် မူအံ့သတည်း။[၂၅]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်ထဲတွင် ယုံကြည်သက်ဝင်သူများနှင့် မယုံကြည် သွေဖည်ငြင်းပယ်သူတို့ကြား အချင်းချင်း ရန်လိုခြင်းအကြောင်းကို ဖော်ပြထားသည်။ ဤရန်လိုခြင်း၏ အချက်တစ်ချက်ကို ဤအာယသ်တော်တွင်းတွင် ဖော်ပြ ထားသည်မှာ မယုံကြည် သွေဖည်ငြင်းပယ်သူများသည် အမှားတွင်စွဲမြဲနေရုံမျှမက အခြားသူများ ကောင်းမြတ်သော လမ်းလိုက်ခြင်းမှလည်း အဟန့်အတားပြုကြသည်။ ထိုသူများသည် တမန်တော်မြတ်ﷺနှင့် ဆွဟာဗဟ်သာဝကများကို မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်အတွင်း ဟဂျ်ပြုလုပ်ရာတွင် ဝတ်ဆင်သည့်ဝတ်ရုံများဖြင့် ဝင်ရောက်ခြင်းအား တားမြစ်ဟန့်တားကြသည်။ အစဉ်အလာအရ မြင့်မြတ်သော ဝတ်ကျောင်းတော်နှင့် ဝတ်ကျောင်းတော်တည်ရှိရာ မက္ကာမြို့အစိတ်အပိုင်းသည် ဟဂျ်ဘုရားဖူးကျင့်စဉ်များအနက် အရေးကြီးကဏ္ဍတွင် ပါရှိနေကာ ထိုနေရာသည် ၎င်းတို့

ပိုင်ဆိုင်ပစ္စည်းလည်း မဟုတ်သဖြင့် ယင်းနေရာသို့ မည်သူတစ်ဦးတစ်ယောက်၏ ဝင်ရောက်ခြင်းကိုမှ ၎င်းတို့ ငြင်းဆို ပိုင်ဆိုင်ခွင့်မရှိပါ။ ယင်းနေရာသည် ဒေသခံဖြစ်စေ၊ အခြားဒေသမှလာရောက်သူဖြစ်စေ လွတ်လွတ်လပ်လပ် ဝင်ထွက် နိုင်သောနေရာဖြစ်သည်။ အာယသ်တော်က ဆက်ပြောသည်မှာ မြင့်မြတ်သော ဝတ်ကျောင်းတော်အတွင်း (ဟရမ် ပရဝုဏ် တစ်ခုလုံးကို ဆိုလိုသည်)၌ မကြည်ညိုမလေးစားဖြစ်သော အပြုအမူပြုလုပ်သူ၊ ယင်းမှာ လူအများအား ဗလီ ဝတ်ကျောင်းတော်အတွင်း ဝင်ရောက်ခြင်းမှ ဟန့်တားခြင်းကိုပြုလုပ်ပါက အလ္လာဟ်အရှင်မြတ်ထံမှ အလွန်ပြင်းထန် သော အပြစ်ဒဏ်ကျရောက်ပေမည်။ အထူးသဖြင့် မက္ကာမြို့ရှိ မယုံကြည်သွေဖည်သူများအတွက်မူ အထူးပြောစရာ မလိုချေ။ ထိုသူတို့သည် ပြစ်ဒဏ်ခတ်မှု နှစ်ဆခံကြရလိမ့်မည်။ တစ်ခုမှာ မယုံကြည် သွေဖည်ငြင်းပယ်သူဖြစ်ခြင်းနှင့် နောက်တစ်ခုမှာ ဟဂျ်ဘုရားဖူးရန် မြင့်မြတ်သောဗလီဝတ်ကျောင်းတော်အတွင်း ဝင်ရောက်သူများကို ဟန့်တားခြင်း အတွက် ဖြစ်သည်။ အပြစ်ဖြစ်စေသော လုပ်ရပ်အလုံးစုံအထူးသဖြင့် ရှိရိုက်နှင့် ကုဖ်ရိုကို တားမြစ်ပြီးဖြစ်ကာ ၎င်းတို့ သည် အလွန်ကြီးလေးသောအပြစ်များ ဖြစ်သည်။ ယင်းပြစ်မှုကြီးများအတွက် ပြစ်ဒဏ်ခတ်မှုမှာ အချိန်မရွေး နေရာ မရွေးတွင် ကျရောက်နိုင်သည်။ သို့ရာတွင် ယင်းကဲ့သို့သောလုပ်ရပ်များကို ဟရမ်ပရဝုဏ်အတွင်း လုပ်ဆောင်ခြင်း သည် အပြစ်နှစ်ဆရစေနိုင်သောကြောင့် ယင်းတို့ကို ဤနေရာ၌ အထူးအလေးပေးဖော်ပြထားသည်။

"وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ" ထိုသူတို့သည် (သူတစ်ပါးတို့အားလည်း) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ တားဆီးကြကုန်၏ (၂၂း၂၅)" سَبِيْلِ اللّٰهِ (အလ္လာဟ်အရှင်မြတ်၏လမ်းတော်) ဟူသော စကားလုံးသည် အစွယ်လာမ်ကို ဆိုလိုသည်။ ထို့ပြင် အာယသ်၏အဓိပ္ပာယ်မှာ ထိုသူများသည် ၎င်းတို့ကိုယ်တိုင် အစွယ်လာမ်ဘာသာကို ပယ်ရုံသာမက အခြားသူများ ထို ဘာသာကိုလက်ခံခြင်းမှ ပိတ်ပင်တားဆီးကြသည်။

သူတို့၏ ဒုတိယပြစ်မှုမှာ ထိုသူတို့သည် မုစ်လင်မ်များကို မြင့်မြတ်သောဝတ်ကျောင်းတော် (အလ်မာတ်စ်ဂျီဒ် အလ်ဟရမ်) တွင်းဝင်ရောက်ခြင်းမှ ပိတ်ပင်တားဆီးကြသည်။ (၂၂း၂၅)။ တကယ်ဆိုလျှင် အလ်မတ်စ်ဂျီဒ်အလ်ဟရမ် ဆိုသည်မှာ بيت اللّٰه (အလ္လာဟ်အရှင့်အိမ်တော်၊ မြင့်မြတ်သောကာအ်ဗာဟ်)၏ ဝန်းကျင်တွင် ဆောက်လုပ်ထားသော ဗလီဝတ်ကျောင်းတော်တစ်ခု၏ အမည်ဖြစ် သည်။ ထိုဝတ်ကျောင်းတော်သည် မက္ကာမြို့ ဟရမ်၏ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့သော်လည်း အလ်မတ်စ်ဂျီဒ် အလ်ဟရမ်ဟူသော အသုံးအနှုန်းသည် မက္ကာမြို့ရှိ ဟရမ်တစ်ခုလုံးအတွက် သုံးလေ့ရှိသည်။ ဤအဖြစ်အပျက်တွင်လည်း ထိုသို့သုံးစွဲထားပါသည်။ ထို့ကြောင့် မက္ကာမြို့ရှိ မယုံကြည်သွေဖယ် ငြင်းပယ်သူများသည် မုစ်လင်မ်များကို မြင့်မြတ်သောဗလီ ဝတ်ကျောင်းတော်မှသာမက မက္ကာမြို့ ဟရမ်ပုရဝုဏ်တစ်ခုလုံးမှလည်း ပထုတ်ထားသည်။ (မြောက်များစွာသော ဆင့်ပြန်ချက်များမှ သက်သေပြပြီး ဖြစ် သည်)။ ထို့နောက် ဤအာယသ်ထဲတွင် သုံးနှုန်းထားသော الْمَسْجِدِ الْحَرَامِ စကားလုံးများက ဟရမ်တစ်ခုလုံးကို အကျုံးဝင်စေသည်။ ဤအဖြစ်အပျက်ပါ الْمَسْجِدِ الْحَرَامِ ဟူသော စကားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားနေရာ၌လည်း ဟရမ် တစ်ခုလုံးအကျုံးဝင်စေသည့် သဘောသက်ရောက်စေသည့်အနေဖြင့် وَصَدُّوْكُمْ عَنِ الْمَسْجِدِ الْحَرَامِ (၄၈း၂၅)ဟု သုံးနှုန်းထားသည်။

မက္ကာရှိ ဟရမ်အတွင်းတွင် မုစ်လင်မ်များအားလုံး၏ တူညီသော အခွင့်အရေး၏ ဆိုလိုရင်း

အလ်ဒူရုလ်မန်သူး၏ အဆိုအရ လက်ရှိစာသားပါ အလ်မတ်စ်ဂျီဒ် အလ်ဟရမ်ဟူသော အသုံးအနှုန်းသည် ဟရမ်တစ်ခုလုံးကို ဆိုလိုကြောင်း စိုက်ယိဒိနာအီဗနိအဗ္ဗာစ်ﷺမှတစ်ဆင့် တင်ပြထားခဲ့သည်။ မုစ်လင်မ်အုမ္မင်ထု တစ်ရပ်လုံးနှင့် ဓမ္မသတ်ပညာရှင်အားလုံး တညီတညွတ်တည်း လက်ခံထားသည်မှာ ဟရမ်နှင့်မက္ကာ၏ ဇရိယာ

နယ်မြေဖြစ်ကြသော ဟဇ္ဇ်ပြုလုပ်သူများ စအီပြုလုပ်သည့် စဖာနှင့်မရိဝါကြားနေရာ ထို့ပြင် မိနာ၏ဇရိယာများနှင့် အာရဖတ်၊ မုဇ်ဒလိဖာဟ်တို့သည် မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံးအတွက် အကျိုးဖြစ်ထွန်းစေရန် ဝကဖ်ပြုလုပ်ထားသောကြောင့် ယခင်ကလည်း မည်သူတစ်ဦးတစ်ယောက်မျှ မပိုင်ဆိုင်သကဲ့သို့ နောင်တွင်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်လိမ့်မည် မဟုတ်ချေ။ ဓမ္မသတ်ပညာရှင်အချို့က ဤစည်းကမ်းကို ကျင့်သုံး၍ မက္ကာမြို့ရှိ ကိုယ်ပိုင်အိမ်များနှင့် ဟရမ်ဇရိယာတွင်ရှိ ကွင်းပြင်သည်လည်း မုစ်လင်မ်အားလုံးအတွက် ဝကဖ်ဟုယူဆလျှင် မုစ်လင်မ်တစ်ဦးသည် ၎င်းကြိုက်သည့် နေရာနေထိုင်ကာ ထိုအဆောက်အဦးနှင့် နယ်မြေကို ငှားရမ်းခြင်း၊ ရောင်းချခြင်း ခွင့်မပြုဟု ဆိုကြသည်။ သို့သော်လည်း အခြားဓမ္မသတ်ပညာရှင်များက ဤအယူအဆကို လက်မခံကြချေ။ ထို့ပြင် ဤပစ္စည်းများ ပိုင်ဆိုင်မှုသည် ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်၍ အိမ်များကိုရောင်းခြင်း ငှားခြင်းပြုလုပ်နိုင်သည်ဟု ယုံကြည်ကြသည်။ စိုက်ယိဒိနာအုမရ်ﷺက ပြစ်မှုကျူးလွန်သူများအတွက် အကျဉ်းထောင်အဖြစ် အသုံးပြုရန် မက္ကာမြို့တွင် စုဖ်ဝမ်အိဗနီအုမိုင်ယဟ်၏ အိမ်ကိုဝယ်ခဲ့ကြောင်း မှာ အများအတည်ပြုခဲ့ပြီးဖြစ်ခဲ့သည်။ အီမာမ်အဗူဟနီဖာဟ်အနေဖြင့် ဤအယူအဆနှစ်မျိုးစလုံးကို ထုတ်ပြန်ခဲ့သော်လည်း ဟမ်နဗီဓမ္မသတ်ပညာရှင်များကမူ ဒုတိယအယူအဆကို အလေးပေးကာ ဓမ္မသတ် ဖသ်ဝါထုတ်ပြန်ခဲ့သည်။ (ရှူဟုလ်မအာနီ) ဤအာယသ်ထဲတွင် တမန်တော်မြတ်ﷺနှင့် ဆွဟာဗဟ်များကို ဟရမ်၏ဇရိယာအချို့တွင် ဝင်ရောက်ခြင်းကို မက္ကာမြို့ရှိ မယုံကြည် သွေဖည်ငြင်းပယ်သူများက ငြင်းပယ်ခဲ့ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ထိုနယ်မြေများသည် အုမ္မသ်ထု၏ တညီတညွတ်တည်း သဘောတူညီချက်အရ ဝကဖ် ဖြစ်ကာ မည်သူကမျှ ၎င်းတို့ဝင်ရောက်ခြင်းကို မတားမြစ်နိုင်ပါ။

وَمَنْ يُّرِدْ فِيْهِ بِاِلْحَادٍ بِظُلْمٍ "သို့ရာတွင်မူကား မည်သူမဆို ယင်းဗလီဝတ်ကျောင်းတော်၌ တစ်စုံတစ်ရာ မတရားမှုကို ကြံရွယ်သည်ရှိသော်(၂၂း၂၅)" **اِلْحَادٍ** ဟူသောစကားလုံးသည် စာပေဝေါဟာရအရ လမ်းမှန်မှ သွေဖည်သွားခြင်းကို ဆိုလိုသည်။ မုဂျာဟစ်ဒ်နှင့် ကသာဒါဟ်တို့က ဤစကားလုံးကို အလ္လာဟ်အရှင်တစ်ပါးတည်း တည်ရှိကြောင်း မယုံကြည်ခြင်းနှင့် ငြင်းပယ်ခြင်း(ကုဖ်ရိန်နှင့် ရှိရ်ဂ်)ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသကဲ့သို့ အခြားဋီကာရှင်များက ဤစကားလုံး၏ စာပေဝေါဟာရ အဓိပ္ပာယ်တွင် ဂုနာဟ်အပြစ်မျိုးစုံအားလုံး မည်မျှပါဝင်သနည်းဆိုလျှင် တစ်စုံတစ်ဦး၏ အစေခံကို ဆဲရေး တိုင်းထွာခြင်းသည်ပင်လျှင် ဤထဲတွင်ပါဝင်သည်ဟုဆိုကြ သည်။

စိုက်ယိဒိနာအသွာﷺက ဤစကားလုံး၏ ဆိုလိုရင်းကို ထပ်ဆင့်ချဲ့ထွင်ထားသည်မှာ ဟရမ်ပရဝုဏ်အတွင်း အိလ်ဟာဒ် ပြုလုပ်ခြင်းဆိုသည် အဲ့ဟ်ရာမ်ဝတ်ရုံမဝတ်ဆင်ဘဲ ဟရမ်အတွင်းဝင်ရောက်ခြင်း၊ ဟရမ်တွင်းတားမြစ်ထားသော အမဲလိုက်ခြင်း၊ သစ်ပင်ခုတ်ခြင်း၊ စသည့်တို့ကို ဖောက်ဖျက်ခြင်းဖြစ်သည်။ ဤနေရာတွင် ရှင်းလင်းရန် လိုအပ်သည်မှာ ဘာသာရေးဆိုင်ရာ ကိုဓဉဃေက တားမြစ်ထားသောအရာအားလုံးသည် နေရာတိုင်းတွင် တားမြစ်ထားခြင်းဖြစ်ကာ ကျူးလွန်ခဲ့လျှင် ပြစ်ဒဏ်သင့်ပေမည်။ ဤအာယသ်ထဲတွင် ဟရမ်ကို အထူးတလည် ရည်ညွှန်းထားခြင်းသည် ယင်းပရဝုဏ်အတွင်း ပြုလုပ်သော မည်သည့်ကောင်းမှု လုပ်ရပ်အတွက်မဆို ရက်ရက်ရောရော ဆုလာဘ်ပေးမည်ဖြစ်သကဲ့သို့ ယင်းပရဝုဏ်အတွင်း ပြစ်မှုဂုနာဟ်ကျူးလွန်လျှင် ကြီးလေးစွာ ပြစ်ဒဏ်ခတ်မည့်အကြောင်း အလေးအနက်ပြုရန်ဖြစ်သည်။(မုဂျာဟစ်ဒ်) စိုက်ယိဒိနာအဗွဒွလ္လာဟ် အိဗနိမတ်စ်အူးဒ်ﷺက အိလ်ဟာဒ်ဟူသော စကားလုံး၏ အခြားအဓိပ္ပာယ်ဖွင့်ဆိုမှုတစ်ခု တင်ပြထားသည်။ ယင်းကဆိုလိုသည်မှာ မည်သည့်နေရာတွင်မဆို ဂုနာဟ်တစ်ခုပြုလုပ်ရန် စိတ်ကူးရုံမျှဖြင့် ပြစ်ဒဏ်ခတ်မခံရဘဲ အမှန်တကယ် ကျူးလွန်မှသာ ပြစ်ဒဏ်ခတ်ခံရမည်။ သို့ရာတွင် ဟရမ်ပရဝုဏ်တွင်မူ ပြစ်မှုဂုနာဟ်ကျူးလွန်ရန် စဉ်းစားရုံမျှဖြင့် ပြစ်မှုကျူးလွန်ပြီးဟု မှတ်ယူကာ ပြစ်ဒဏ်ပေးခံရမည်။ ကုရ်သုဗီက အိဗနိအုမရ်ﷺမှ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို လိုက်နာကျင့်သုံး၍ ထောက်ခံခဲ့သည်။ စိုက်ယိဒိနာ အဗွ

ဒွလ္လာဟ် အိဗနိအ္ဟမရ်ﷺသည် ဟဂ်ျ်ပြုလုပ်ရန်သွားသည့်အခါတိုင်း ဟရမ်၏အပြင်တွင် တဲတစ်လုံးနှင့် ဟရမ်အတွင်းတွင် တဲတစ်လုံး ထိုးလေ့ရှိခဲ့သည်။ အကယ်၍ သူ့အိမ်ထောင်စုဝင် တစ်ဦးဦးကို ပြစ်တင်မောင်းမဲဆုံးမရန် လိုအပ်ခဲ့လျှင် သူသည် ဟရမ်ပရဝုဏ် အပြင်ဘက်၌ ဆောက်ထားသောတဲတွင် သွားရောက်ပြစ်တင်မောင်းမဲသည်။ လူအများက သူ့ကို ဤသို့လုပ်ခြင်းအတွက် အကြောင်းမေးမြန်းရာ သူ့အဖြေကား လူတစ်ဦးသည် သမားရိုးကျ ဒေါသဖြစ်သောအခါ သုံးစွဲသည့်စကားလုံးများ ﻻ وَاللّٰه သို့မဟုတ် بلى وَاللّٰه တို့သည် ဟရမ်ပရဝုဏ်တွင်း သုံးနှုန်းပါက إِلْحَادٌ فِي الْحَرَمِ "ဟရမ်ပရဝုဏ် အတွင်းတွင် ပြစ်မှုဂုနာဟ်တစ်ရပ်ကျူးလွန်ခြင်း" ဟူသည်အရ ပြစ်မှုဂုနာဟ် ကျူးလွန်ကြောင်း အတည်ဖြစ်သွားသည်။ (မဇ်ဟီရီ)

အာယသ် (၂၆-၂၉)

وَ اِذْ بَوَّاْنَا لِاِبْرٰهِيْمَ مَكَانَ الْبَيْتِ اَنْ لَّا تُشْرِكْ بِيْ شَيْـًٔا وَّ طَهِّرْ بَيْتِيَ لِلطَّآئِفِيْنَ وَ الْقَآئِمِيْنَ وَ الرُّكَّعِ السُّجُوْدِ ﴿۲۶﴾ وَ اَذِّنْ فِي النَّاسِ بِالْحَجِّ يَاْتُوْكَ رِجَالًا وَّ عَلٰى كُلِّ ضَامِرٍ يَّاْتِيْنَ مِنْ كُلِّ فَجٍّ عَمِيْقٍ ﴿۲۷﴾ لِّيَشْهَدُوْا مَنَافِعَ لَهُمْ وَ يَذْكُرُوا اسْمَ اللّٰهِ فِيْۤ اَيَّامٍ مَّعْلُوْمٰتٍ عَلٰى مَا رَزَقَهُمْ مِّنْۢ بَهِيْمَةِ الْاَنْعَامِ ۚ فَكُلُوْا مِنْهَا وَ اَطْعِمُوا الْبَآئِسَ الْفَقِيْرَ ﴿۲۸﴾ ثُمَّ لْيَقْضُوْا تَفَثَهُمْ وَ لْيُوْفُوْا نُذُوْرَهُمْ وَ لْيَطَّوَّفُوْا بِالْبَيْتِ الْعَتِيْقِ ﴿۲۹﴾

ထိုမှတစ်ပါး (အိုး-နဗီတမန်တော်၊ ပြန်လည် သတိရပါလေ၊) တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် (နဗီတမန်တော်) အီဗ်ရာဟီမ်အား (ထူးမြတ်သော) အိမ်တော်၏နေရာကိုညွှန်ပြ၍ ပေးတော်မူခဲ့၏။ (ထို့နောက် ဤသို့ အမိန့်တော်ထုတ်ပြန်တော်မူခဲ့၏။ အိုး-အီဗ်ရာဟီမ်) အသင်သည် မည်သည့် တစ်စုံတစ်ရာကိုပင် ငါအရှင်မြတ်နှင့် တွဲဖက် (နှိုင်းယှဉ်ကိုးကွယ်)ခြင်းကို မပြုပါလေနှင့်။ ထို့ပြင် အသင်သည် ငါအရှင်မြတ်၏ (ထူးမြတ်လှသော) အိမ်တော်ကို တွဝါဖ်လှည့်သူတို့အဖို့ လည်းကောင်း၊ "ကိယာမ်" ရပ်သူတို့အဖို့ လည်းကောင်း၊ "ရုကူအ်" ဦးညွတ်သူတို့နှင့် "စဂျီဒ်" ပျဉ်ဝပ် ဦးချသူတို့အဖို့ လည်းကောင်း သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်၍ထားရှိပါလေ။[၂၆] ၎င်းပြင် အသင်သည် လူခပ်သိမ်းတို့အား (ထူးမြတ်လှစွာသော ယင်းအိမ်တော်သို့ လာရောက် ဖူးမျော်) ဟဂ်ျ်ပြုကြရန် ကြေညာ(ဖိတ်ခေါ်)ပါလေ။ (ထိုအခါ) လူတို့သည် အလွန်ဝေးလံသော လမ်းခရီးတိုင်းမှ ခြေကျင်လည်းကောင်း၊ ကျဲလှပ်ပိန်ချုံးသော ကုလားအုတ် အသီးသီး ပေါ်၌ စီးနင်း၍လည်းကောင်း အသင့်ထံသို့ လာရောက်ကြပေမည်။[၂၇] မိမိတို့အဖို့ အကျိုးကျေးဇူးရှိရာများသို့ ရောက်ရှိကြအံ့သောငှာလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော ခြေလေးချောင်း တိရစ္ဆာန်အပေါ်၌ သတ်မှတ်ထားသော နေ့ရက်များတွင် (ရွတ်ဖတ်) တသ

ကြအံ့သောဎာ လည်းကောင်း။ ထို့နောက် (တမန်တော်မြတ်၏ တပည့်သားတို့၊) အသင်တို့သည်လည်း ယင်းတိရစ္ဆာန်များအနက်မှ မိမိတို့ ကိုယ်တိုင်လည်း စားသုံးကြလေကုန်။ မရှိ ဆင်းရဲသော ဒုက္ခိတများအားလည်း ကျွေးမွေးကြလေကုန်။[၂၈] ထို့နောက် ၎င်းတို့သည် ကြေးညှော်ကို (သုတ်သင်) ပယ်ရှားကြရမည်။ ထို့ပြင် မိမိတို့၏ (တာဝန်များ) အဓိဋ္ဌာန်များကို ပြီးဆုံးအောင်ဆောင် ရွက်ကြရမည်။ ထိုမှတစ်ပါး ရှေးကျသောအိမ် (ကအ်ဗဟ်ကျောင်း)တော်ကို တွဝါဖ် လှည့်ကြရမည်ဖြစ်ချေ သတည်း။[၂၉]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်ထဲ၌ မုစ်လင်မ်များအား မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်အတွင်းနှင့် ဟရမ်ပရဝုဏ်အတွင်းသို့ ဝင်ရောက်ခြင်းမှဟန့်တားသော မယုံကြည်သွေဖည်သူများအား ပြင်းထန်သော ပြစ်ဒဏ်ခတ်မှုကျရောက်မည်ဆိုကြောင်း သတိပေးချက်ပါဝင်ပါသည်။ ဤအာယသ်ထဲ၌ ဗိုင်သုလ္လာဟ်၏ အမြင့်ဆုံးသော အဆင့်အတန်းနှင့် ပေါ်လွင်ထင်ရှားမှုကို ဖော်ပြထားသည်။ ယင်းပေါ်လွင်ထင်ရှားမှုနှင့် အမြင့်ဆုံးသော အဆင့်အတန်းက ထိုသူတို့၏ မကောင်းသောလုပ်ရပ်များကို အဆပေါင်းမြောက်မြားစွာ တိုးပွားသွားစေပါသည်။

အလ္လာဟ်အိမ်တော် (မြင့်မြတ်သော ကအ်ဗဟ်ကျောင်းတော်) အဆောက်အအုံ စတင်ဆောက်လုပ်ခြင်း

وَإِذْ بَوَّأْنَا لِإِبْرَٰهِيمَ مَكَانَ ٱلْبَيْتِ "တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် (နဗီတမန်တော်)အား (ထူးမြတ်သော) အိမ်တော်၏နေရာကို ညွှန်ပြ၍ ပေးတော်မူခဲ့၏။" (၂၂း၂၆) ဗဟူဟူသောစကားလုံးသည် စာပေဝေါဟာရအရ "တစ်စုံတစ်ဦးအား သူ၏နေထိုင်ရာကို သတ်မှတ်ပေးခြင်း" ဟူ၍အဓိပ္ပာယ်သက်ရောက်ပါသည်။ ဗိုင်သုလ္လာဟ်တည်ရှိသောနေရာကို အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ အား သတ်မှတ်ပေးခဲ့သည်ဆိုသည့်အချက်ကို ဤအာယသ်တော်က သတိမူစေပါသည်။ ဤနေရာ၌ သူသည် ဆီးရီးယားပြည်မှ ပြောင်းရွှေ့လာပြီးသည့်နောက် ထိုနေရာ၌ အခြေချနေထိုင်ခြင်း မရှိသေး ဆိုသည့် အညွှန်းတစ်ခုပါဝင်သည်။

مَكَانَ ٱلْبَيْتِ "အိမ်တော်၏နေရာကို" ဟူ၍ ရည်ညွှန်းထားခြင်းက အလ္လာဟ်အရှင်အိမ်တော်သည် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺမရောက်ရှိခင်အလျင်ကပင် တည်ရှိခဲ့ပြီးကြောင်း အကြံပြုပါသည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်ရသော ခိုင်လုံမှုအရ အိမ်တော်၏ ပထမအုတ်မြစ်ချခြင်းကို စိုက်ယိဒိနာအာဒမ်ﷺအား ကမ္ဘာမြေပြင်သို့ ပို့ဆောင်သည့်အချိန်ကပင် လုပ်ဆောင်ခဲ့ပါသည်။ ၎င်းနောက် သူနှင့်သူနောက်မှ ပွင့်သောတမန်တော်များအားလုံးသည် ဤသည်ကို တဝဖ်လှည့်ကြပါသည်။ စိုက်ယိဒိနာနူးဟ်ﷺအချိန်အခါက ရေလွှမ်းမှုကြောင့် ယင်း၏အပေါ်ပိုင်းအဆောက်အအုံကို ရွှေ့ပြောင်းခဲ့သော်လည်း အုတ်မြစ်မှာမူရှိမြဲရှိနေခဲ့ပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား ဤနေရာသို့လာရောက်စေခဲ့ပြီးသည့်နောက် အလ္လာဟ်အရှင်မြတ်က أَن لَّا تُشْرِكْ بِى شَيْـًٔا "မည်သည့် တစ်စုံတစ်ရာကိုပင် ငါအရှင်မြတ်နှင့် (တွဲဖက်နှိုင်းယှဉ်ကိုးကွယ်)ခြင်းကို မပြုပါလေနှင့်။" (၂၂း၂၆) စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် ရှုရိစ်က်ပြစ်မှုကို ကျူးလွန်လိမ့်မည်မဟုတ်ဆိုသည်မှာ ထင်ရှားပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားအများကိုးကွယ်သူတို့က ၎င်းတို့၏ရုပ်တု များကို စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺက ဖျက်ဆီးခဲ့သည်ဟု ယိုးစွပ်ကာ ထိုသူများ၏ ညှဉ်းပန်းနှိပ်စက်မှုအတော်အတန်ကို သူခံခဲ့ရပြီးဖြစ်ပါသည်။ ဤနေရာ၌ ရည်ရွယ်သည်မှာ ဘုရားအများကိုးကွယ်မှုသည် ကြီးမားသောပြစ်မှုဂုန်တ် ဖြစ်သည်ဆိုကြောင်း လူအများအားသတိပေးရန် ဖြစ်သည်။ ထိုအချိန်သမယ၌ ဗိုင်သုလ္လာဟ်မတည်ရှိသေး

သော်လည်း အလ္လာဟ်အရှင်၏ ဒုတိယအမိန့်တော်မှာ وَ طَهِّرْ بَيْتِيَ "ငါအရှင်မြတ်၏အိမ်တော်ကို အသင်သည် သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပါလေ(၂၂း၂၆)ဟူ၍ ဖြစ်သည်။ ကိစ္စရပ်၏အမှန်တရားမှာ ဗိုင်သုလ္လာဟ်ဆိုသည်မှာ အုတ်များ၊ အင်္ဂတေများနှင့်သာ ဆောက်လုပ်ထားသော အဆောက်အအုံမဟုတ်ပါ။ ထိုအခေါ်အဝေါ်သည် တစ်ချိန်တုန်းက ဗိုလ်သုလ္လာဟ်တည်ရှိခဲ့သော မြင့်မြတ်သောနယ်မြေတစ်ခုလုံး အကျုံးဝင်ပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား မူလအုတ်မြစ်များအပေါ်၌ တစ်ဖန်ပြန်လည်တည်ဆောက်စေရန် အမိန့်ပေးခဲ့ပါသည်။ နေရာအား သန့်ရှင်းရန်ဟူသော အမိန့်နှင့်ပတ်သက်၍ ကုရ်တွၛီကပြောသည်မှာ ထိုအချိန်တွင် جُرهم (ဂျွန်ဟန်) عمالقه (အမာလကိုက်) မျိုးနွယ်စုများသည်ထိုနေရာ၌ရုပ်တုများထားရှိကာကိုးကွယ်ခဲ့ကြပါသည်။(ကုရ်တွၛီ)ဤအမိန့်၏ဒုတိယအပူအဆာအနာဂတ်မျိုးဆက်များသည် ဤနေရာအား မယုံကြည်သွေဖည်မှုနှင့် ဘုရားအများကိုးကွယ်မှုများမှ ကင်းရှင်းစေရန် ပြုလုပ်ရုံသာမက ထိုနေရာ၏ အပြင်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်မှုကို အထူးဂရုပြုစေပါသည်။

စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား ပေးခဲ့သော တတိယအမိန့်မှာ وَ أَذِّنْ فِي النَّاسِ بِالْحَجِّ "အသင်သည် လူခပ်သိမ်းတို့အား (ထူးမြတ်လှစွာသော ယင်းအိမ်တော်သို့ လာရောက်ဖူးမြော်) ဟဂ်ျပြုကြရန် ကြေညာ(ဖိတ်ခေါ်)ပါလေဟူ၍ဖြစ်သည်။ (၂၂း၂၇) စိုက်ယိဒိနာအိဗနီ အဗ္ဗားစ်မှတစ်ဆင့် အိဗနိအဗီဟာသင်၏ ပြန်လည်တင်ပြချက်ထဲ၌ ပါရှိသည်မှာ အလ္လာဟ် အရှင်က စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺအား ဤကြေညာချက်ကို ကြေညာရန် အမိန့်ပေးခဲ့သောအခါ၌ သူက ရိုကျိုးစွာလျှောက်ထားခဲ့သည်မှာ သူရှိနေသောနေရာသည် လူနေအိမ်ခြေကင်းမဲ့ပြီး နားထောင်မည့်သူ တစ်ဦးတလေမျှ မရှိပါ၊ ၎င်းနောက် လူနေအိမ်ခြေရှိသောနေရာရှိ လူအများကြားသိရန်အတွက် သူတွင် နည်းလမ်းများ မရှိပါ။ အလ္လာဟ်အရှင်က သူ့အားမိန့်သည်မှာ သူသည် ကြေညာရန်သာဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ လူများထံသို့ ထိုကြေညာချက်ရောက်ရှိရန်ဆိုသည်မှာ အလ္လာဟ်အရှင် ကိုယ်တော်တိုင်၏ တာဝန်သာဖြစ်ကြောင်း မိန့်ကြားခဲ့လေသည်။ ထိုစဉ် စိုက်ယိဒိနာ အိဗ်ရာဟီမ်သည် مقام ابراهيم (အိဗ်ရာဟီမ်ရပ်တည်ရာဌာန)မှနေ၍ ကြေညာခဲ့သောအခါ၌ အလ္လာဟ်အရှင်သည် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ၏အသံကို ကမ္ဘာမြေတစ်ခွင်လုံးမှ ကြားသိစေရန် အသံချဲ့ပေးလိုက်ပါသည်။ ဆင့်ပြန်ချက် တစ်ခုထဲ၌လည်း စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည်(جبل ابي قبيس) ဂျဗဗလိအဗူကုဗိုက်စ် တောင်ထိပ်မှနေ၍ ကြေညာခဲ့သည်ဟူ၍ ဖော်ပြထားသည်။ သူသည် သူ၏နားများထဲသို့ သူ၏လက်ချောင်းများထည့်ကာ အရပ်လေးမျက်နှာသို့ မျက်နှာမူလျက် "အို-လူအများတို့၊ အလ္လာဟ်အရှင်သည် အရှင့်အိမ်တော်အား တည်ထောင်ပြီးဖြစ်ပါသည်။ ထိုအိမ်တော်သို့ လာရောက်၍ ဟဂ်ျပြုရန်မှာ မပြုမနေရတာဝန် ဖြစ်ပါသည်။ ထို့ကြောင့် အသင်တို့၏ဖန်ဆင်းရှင်အမိန့်ကို နာခံကြလော့ ဟူ၍ ကြွေးကြော်ခဲ့သည်။

ဤဆင့်ပြန်ချက်ထဲ၌ ဖော်ပြထားသည်မှာ အလ္လာဟ်အရှင်သည် ဤကြေညာချက်အား သက်ရှိထင်ရှား ရှိနေသူများသာမက ကိယာမသ်တိုင်မမွေးသေးသည့် ကလေးများကို ကြားသိစေရမည်ဟူ၍ အမိန့်ပေး စီရင်ပြဋ္ဌာန်းခဲ့သည်။ ၎င်းနောက် ဟဂ်ျပြုရမည်ဟု သတ်မှတ်ခြင်းခံမည့်သူများက ဤဖိတ်ခေါ်ချက်ကို لَبَّيْكَ اللَّهُمَّ لَبَّيْك ဟူသော စကားများဖြင့် တုံ့ပြန်ခဲ့ကြသည်။ စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺက ပြောသည်မှာ ဟဂ်ျပြုစဉ်ရွတ်ဆိုရသော "သလဗီယဟ်" သည် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ၏ ဖိတ်ခေါ်ချက်ကို တုံ့ပြန်သည်မှ စတင်ခဲ့သည် ဟူ၍ဖြစ်သည်။ (ကုရ်တွၛီ၊ မဇ်ဟိရီ)

ဆက်လက်၍ အာယသ်တော်က စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ၏ ကြေညာချက်ကြောင့် အတည်ပြုပြီးသော ဓလေ့ထုံးစံတစ်ခုကို ဖော်ပြထားသည်။ ယင်းမှာ يَأْتُوكَ رِجَالًا وَّ عَلَى كُلِّ ضَامِرٍ يَّأْتِيْنَ مِنْ كُلِّ فَجٍّ عَمِيْقٍ (၂၂း၂၇) ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အရပ်လေးမျက်နှာရှိ လူများသည် ဗိုင်သုလ္လာဟ်သို့ လာကြပါလိမ့်မည်။ အချို့သည် ခြေလျင်၊ အချို့သည် အစီးအနင်းများဖြင့် လာကြပါလိမ့်မည်။ ခရီးရှည်လျားစွာလာခဲ့ရသောကြောင့် အစီးအနင်းဖြင့်

အသုံးပြုသော တိရစ္ဆာန်များ ကျုံလှိုဏ်ခန်းများ သွားကြတော့သည်။ ထိုရှေးယခင်ကစ၍ ယနေ့ထက်တိုင် နှစ်ပေါင်းထောင်ပေါင်းများစွာ ကုန်လွန်ခဲ့သော်လည်း ရှေးယခင်ကပင် ထိုလူအများသည် ဗိုင်သုလ္လာဟ်သို့လာရောက်ကာ ဟဂ်ျပြုလုပ်ကြပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ၏ နောက်မှပွင့်သော တမန်တော်များအားလုံးနှင့် ယင်းတို့၏ နောက်လိုက်များသည် ဤဓလေ့ထုံးစံကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ခဲ့ကြပါသည်။ စိုက်ယိဒိနာအီစာﷺ၏နောက်၌ ရှည်လျားသော မသိနားမလည်မှု အခါသမယအတွင်းမှာပင် ရုပ်တုကိုးကွယ်ခြင်းဆီသို့ လျော့ဆင်းသွားသည့် အရပ်များသည်ပင်လျှင် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ ခေတ်အခါသမယမှစတင် အမွေရရှိခဲ့သော ဟဂ်ျကျင့်စဉ်များအား တိတိကျကျနှင့် သစ္စာရှိရှိ လုပ်ဆောင်ခဲ့ကြပါသည်။

لِيَشْهَدُوْا مَنَافِعَ لَهُمْ "မိမိတို့အဖို့ အကျိုးကျေးဇူးရှိရာများသို့ ရောက်ရှိကြအံ့သောငှာလည်းကောင်း" (၂၂း၂၈) ဟူသည်က ဆိုလိုသည်မှာ လူအများဟဂ်ျလုပ်ဆောင်ရန်အတွက် တက်တက်ကြွကြွ ခရီးနှင်လာခြင်းသည်ထင်း တို့၏အကျိုးကျေးဇူးအတွက် ဟူ၍ဖြစ်ပါသည်။ "အကျိုးကျေးဇူးများ"ဟူသော စကားလုံးအား (တိကျအညွှန်းစကားလုံး မပါဘဲ) ယေဘုယျ နာမ်အဖြစ် သုံးထားခြင်းဟာ ဟဂ်ျပြုခြင်း မှရရှိနိုင်မည့် စကြဝဠာလုံးဆိုင်ရာ အကျိုးကျေးဇူးများကို ထောက်ပြပါသည်။ နာမ်ပိုင်းဆိုင်ရာ ဆုလာဘ်များအပြင် ရုပ်ဝတ္ထုဆိုင်ရာ အကျိုးအမြတ်များလည်း ရရှိနိုင်ပါသည်။ လူအများသည် ဟဂ်ျပြုရာတွင် ကုန်ကျမည့်စရိတ်များကို ကာမိစေရန်အတွက် နှစ်ရှည်လများ၊ မဆုတ်မနစ်ငွေကြေးများ စုဆောင်းမှုသည် အဘယ်သောအခါမျှ ကြွေးမြီမတင်ရှိပါ။ သို့ရာတွင် မင်္ဂလာဆောင်များ၊ နန်းတော်တမျှ အိမ်ကြီးများ ဆောက်လုပ်မှုကြောင့် လူအများ ဒေဝါလီခံသွားရသည်ဆိုကြောင်း သိရှိပြီးဖြစ်ပါသည်။ ဟဂ်ျသို့မဟုတ် အွမ္မရဟ်အတွက် သုံးစွဲခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဆင်းရဲမွဲတေသွားသည်မရှိဆိုသည်က သာမန်အသိ ဖြစ်ပါသည်။ ဤသို့သော အိဗာဒသ် ခဝပ်ကိုးကွယ်မှု ပြုလုပ်သောကြောင့် အလ္လာဟ်အရှင်သည် ကောင်းချီးများ မည်မျှ ပေးခဲ့ပါသနည်းဟူမူ လူအတော်များများတွင် ဟဂ်ျကျင့်စဉ်များပြီးသည့်နောက်၌ ရုပ်ဝတ္ထုဆိုင်ရာ မြောက်မြားစွာသော အကျိုးအမြတ်ရရှိသည်ဆိုကြောင်း အချို့သောဆင့်ပြန်ချက်များထဲ၌ လာရှိပါ သည်။ နာမ်ပိုင်းဆိုင်ရာ အကျိုးအမြတ်များမှာမူ မြောက်မြားစွာ ရှိပါသည်။ တစ်ခုမှာ စိုက်ယိဒိနာအဗူဟုရိုင်ရဟ်ﷺ တင်ပြသော ဟဒီးစ်တစ်ပုဒ် ထဲ၌ ပါရှိပါသည်။ ထိုဟဒီးစ်တော်ထဲ၌ တမန်တော်မြတ်ﷺသခင်မိန့်သည်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်နှစ်သက်မှုရရန်အတွက် ဟဂ်ျလုပ်ဆောင်ခဲ့ပါက သူပြန်လည်ရောက်ရှိသောအချိန်၌ သူသည်မွေးကင်းစကလေးသူငယ်တစ်ဦးကဲ့သို့ ဖြူစင် သန့်ရှင်းပြီး အပြစ်ကင်းစင်ပါလိမ့်မည်။ (ဗုခါရီ၊ မုစ်လင်မ်၊ မဇ်ဟီရီ)

အထက်တွင် ဖော်ပြပြီးဖြစ်သော ဟဂ်ျလုပ်ဆောင်မှုမှရရှိသော နာမ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုဆိုင်ရာ အကျိုးအမြတ်များအပြင် နောက်ထပ်အကျိုးကျေးဇူးတစ်ခုရှိသေးသည်ဆိုကြောင်း وَيَذْكُرُوا اسْمَ اللّٰهِ فِيْٓ اَيَّامٍ مَّعْلُوْمٰتٍ عَلٰى مَا رَزَقَهُمْ مِّنْۢ بَهِيْمَةِ الْاَنْعَامِ "အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော ခြေလေးချောင်းတိရစ္ဆာန်အပေါ်၌ သတ်မှတ်ထားသော နေ့ရက်များ (ရွတ်ဖတ်) တသကြအံ့သောငှာလည်းကောင်း"(၂၂း၂၈)ဟူသောဝါကျထဲ၌ ဖော်ပြထားပါသည်။ ဤနေရာ၌ စိတ်ထဲ၌စွဲမှတ်ထားရန် အရေးကြီးသည်မှာ ဟဂ်ျပြုလုပ်စဉ်တွင် တိရစ္ဆာန်များအား ဇဗရိပြုလုပ်ခြင်းသည် ၎င်းတို့၏ အသားအတွက်မဟုတ်ဘဲ ထိုတိရစ္ဆာန်အား ဇဗရိပြုလုပ်နေစဉ်တွင် အလ္လာဟ်အရှင်၏ နာမတော်ကို တသ ရွတ်ဆိုရန် ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် အိဗာဒသ်ပြုခြင်း၏ အနှစ်သာရဖြစ်သည်။ ဤတိရစ္ဆာန်များ၏ အသားကိုစားသောက်ခြင်း ဟုလာဟ်(တရား၀င်)ပြုလုပ်ထားခြင်းသည် အလ္လာဟ်အရှင့်ထံမှ ထပ်ဆောင်းဆုလာဘ်ဖြစ်ပါသည်။ اَيَّامٍ مَّعْلُوْمٰتٍ "သတ်မှတ်ထားသော နေ့ရက်များ"ဟူသည်က တိရစ္ဆာန်များအား ဇဗရိပြုလုပ်နိုင်သည့် ဇွလ်ဟိဂ်္ဂျလ် လ၏ ၁၀၊၁၁၊၁၂ နေ့များကို ရည်ညွှန်း

ပါသည်။ عَلٰى مَا رَزَقَهُمْ مِّنْۢ بَهِيْمَةِ الْاَنْعَامِ "ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူသော ခြေလေးချောင်းတိရစ္ဆာန်အပေါ်၌(၂၂း၂၈)ဟူသော စကားလုံးတို့သည် ယေဘုယျအနေဖြင့် သုံးစွဲထားခြင်းကြောင့် ဝါဂျိဗ်ဖြစ်စေ နဒီလ်ဖြစ်စေ ကုရ်ဘာနီပြုလုပ်ခြင်းများ အကျုံးဝင်ပါသည်။

فَكُلُوْا مِنْهَا "ထို့နောက် အသင်တို့သည်လည်း ယင်းတိရစ္ဆာန်များအနက်မှ စားသုံးကြလေကုန်။" كُلُوْا ဟူသော စကားလုံးအား အမိန့်ပေးသည့်ဟန်ဖြင့် သုံးစွဲထားသော်လည်း ဤတိရစ္ဆာန်တို့၏ အသားစားသုံးခြင်းသည် မပြုမနေရ တာဝန်ဟူ၍မဆိုလိုပါ။ ဤအသားများအား စားသုံးခြင်းကို ခွင့်ပြုသည်။ တရားဝင်သည်ဟူသော အဓိပ္ပာယ်ဖြင့်သာ သုံးစွဲထားပါသည်။ ယင်းအကြောင်းကို အမဲလိုက်ခြင်း ခွင့်ပြုသည်ဆိုကြောင်း မိန့်ထား သည်။ وَاِذَا حَلَلْتُمْ فَاصْطَادُوْا "ငင်းနောက် အသင်တို့သည် မိမိတို့ အဲဟ်ရမ်ဝတ်ရုံကို ချွတ်ပြီးကြလေသောအခါ အမဲလိုက်ခြင်းကို (ပြုလိုက) ပြုကြလေကုန် (၅း၂) ထဲ၌ ဖော်ပြထားသည်။

ဥပဒေသ

ယေဘုယျအနေဖြင့် ဟဂ်ကာလအတွင်း အခြားအချိန်များ၌ မက္ကာမြို့တွင် တိရစ္ဆာန်များကို ဇဗာဟ်ပြုလုပ်ရမည့်အခြေအနေများ ပေါ်ပေါက်ပါသည်။ ထိုကဲ့သို့ ဇဗာဟ်ပြုလုပ်သည့် အမျိုးအစားအနက် မပြုမနေရ ပြုလုပ်ရသည့် အမျိုးအစားမှာ ဟရမ်ပရဝုဏ်အတွင်း တိရစ္ဆာန်များသတ်ဖြတ်ခြင်း ပြစ်မှုဂုနာဟ်အတွက် အပြစ်ဒဏ် ကြေငြိမ်းစေရန် (ဒဏ်ကြေး)ပြုလုပ်ခြင်းဖြစ်သည်။ ဓမ္မသတ်ကျမ်းများထဲတွင် သတ်ဖြတ်ခြင်းခံရသည့် တိရစ္ဆာန် အမျိုး အစားနှင့် တရားမဝင်သတ်ဖြတ်ခံရသည့် တိရစ္ဆာန်များ တစ်ကောင်စီအတွက် အစားပေးရမည့် တိရစ္ဆာန်အမျိုးအစား ကိုလည်း အသေးစိတ်ဖော်ပြထားသည်။ အလားတူ အကယ်၍ လူတစ်ဦးသည် အဲဟ်ရာမ်ဝတ်ရုံ ဝတ်ဆင်လျက်နှင့် တားမြစ်ထားသောလုပ်ရပ်တစ်ခုကို လုပ်ဆောင်ခဲ့လျှင် သူသည်လည်း တိရစ္ဆာန်တစ်ကောင်ကို ဇဗာဟ် လည်လှီး သတ်ဖြတ်ရမည်။ ဓမ္မသတ် ပညာရှင်များက ဤကဲ့သို့သော ဇဗာဟ်လုပ်နည်းကို دم الجناية (ပြစ်မှုဂုနာဟ်တစ်ခုကို ကြေပေး စေရန် အတွက် ဇဗာဟ်လုပ်ခြင်း) ဟုခေါ်ကြသည်။ ဤနေရာတွင် အခြေအနေတစ်ရပ်စီကို ထိန်းချုပ်ထားသော သီးသန့် ဥပဒေများရှိကြသည်။ ကုလားအုတ်တစ်ကောင်၊ သိုး၊ နွားမတစ်ကောင်ကို အချို့သောကိစ္စရပ်များတွင် ကြေ ပေးစေရန် လုပ်ဆောင်ရသကဲ့သို့ အချို့သောကိစ္စရပ်များတွင် ဆိတ် (သို့) သိုးတစ်ကောင် ဇဗာဟ်လုပ်ခြင်းဖြင့် လုံလောက်သော ပုံမှန်မဟုတ်သည့် အခြေအနေအချို့ ရှိပါသည်။ မတူညီသော ပုံမှန်မဟုတ်သည့် တတိယ အမျိုး အစား တစ်မျိုးလည်း ရှိသည်။ ယင်းသို့သောအခြေအနေတွင် တိရစ္ဆာန်တစ်ကောင် ဇဗာဟ်ပြုလုပ်ရန်မလို။ သူ့အမှားအတွက် ဆွဒကာဟ် ပေးဆောင်ခြင်းဖြင့် အပြစ်မှလွတ်ကင်းသည်လည်း ရှိပေသည်။ ဤနေရာတွင် ထိုကဲ့သို့သော ကိစ္စရပ်များကို အသေးစိတ် မဆွေးနွေးတော့ပါ။ သို့သော်လည်း ဤအကြောင်းနှင့်ပတ်သက်သည့် အရေးကြီးသည့် သတင်းအချက်အလက်များကို ကျွန်ုပ်(မုဖ်သီရှ်ဖီး)၏ အဟ်ကာမုလ်ဟဂ် احكام الحج ကျမ်းတွင် တွေ့နိုင်ပါသည်။ အပြစ်ဂုနာဟ် သို့မဟုတ် မမှန်ကန်သော လုပ်ရပ်တစ်ခုအတွက် ပြေငြိမ်းစေရန် တိရစ္ဆာန်တစ်ကောင် ဇဗာဟ်လုပ် သတ်ဖြတ်ရာ၌ ယင်း၏အသားကို မရှိဆင်းရဲနွမ်းပါးသူသာ စားထိုက်သည်။ ဇဗာဟ်လုပ်သူနှင့် အခြားချမ်းသာသူများ မစားထိုက်ပါ။ ဤအယူအဆကို ဓမ္မသတ်ပညာရှင်အားလုံးက လက်ခံကြသည်။ အခြားဇဗာဟ်လုပ်မှုတွင်မူ ယင်းသည် ဝါဂျိဗ် သို့မဟုတ် နဒီလ်ဖြစ်ပါစေ ကုရ်ဗာနီလုပ်သူ၊ သူ့ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများ၊ ချမ်းသာသူဖြစ်သည့်တိုင် ထို အသားကို စားသုံးနိုင်သည်။ ထို့ပြင် လက်ရှိအာယသ်ကလည်း ထိုသို့ဇဗာဟ်ပြုလုပ်ခြင်းကို ရည်ညွှန်းသည်။ ဤ နေရာတွင်လည်း အသားများ၏ သုံးပုံတစ်ပုံကို မရှိဆင်းရဲသားများနှင့် လိုအပ်သူများကို ဝေငှရမည်ဟု ထောက်ခံ ထားကြ

သည်။ ဤအာယသ်၏ ဒုတိယပိုင်းဖြစ်သော "وَ اَطْعِمُوا الْبَآىِٕسَ الْفَقِيْرَ ထို့ပြင် မရှိဆင်းရဲသားနှင့် ဒုက္ခရောက်နေသူများကိုလည်း ကျွေးမွေးကြလေကုန်" (၂၂း၂၈) ဟူသည်က ဤအချက်ကို ရှင်းလင်းပြသသည်။

"ثُمَّ لْيَقْضُوْا تَفَثَهُمْ ထို့နောက် ၎င်းတို့သည် ကြေးညှော်ကို (သုတ်သင်) ဖယ်ရှားကြရမည်။ (၂၂း၂၉)" **تَفَث** ဟူသော စကားလုံးသည် လူခန္ဓာကိုယ်ပေါ်ရှိသော အညစ်အကြေးဟု အဓိပ္ပာယ်သက်ရောက်သည်။ လူတစ်ဦးသည် အဲဟ်ရာမ်နှင့် ရှိနေစဉ်တွင် သူ့အမွှေးအမှင်များကို ရိတ်ခြင်း၊ ညှိခြင်း၊ နှုတ်ခြင်းမပြုရသကဲ့သို့ လက်သည်းကိုလည်း မလှီးမဖြတ်ရ၊ ရေမွှေးအမွှေးနံ့သာလည်း သုံးစွဲခွင့်မရှိချေ။ ထိုကဲ့သို့သောအခြေအနေမျိုး၌ သူ၏အမွေးအမှင်များအောက် လက်သည်း များကြားနှင့် ခန္ဓာကိုယ်ပေါ်တို့တွင် အညစ်အကြေးများ ရှိသည်ဆိုသည်မှာ သဘာဝကျပါသည်။ ဤအာယသ်ထဲတွင် ဟဂျ်ပြုလုပ်သူများသည် ကုရ်ဗာနီဇာဟ် လုပ်ပြီးသည်နှင့် သူတို့၏အညစ်အကြေးများကို သန့်စင်နိုင်ပါသည်။ ဆိုလိုသည်မှာ သူတို့သည် အဲဟ်ရာမ်ဝတ်ရုံကိုချွတ်ပြီး (သူတို့၏ ပုံမှန်အဝတ်အစားကို ဝတ်ဆင်ကာ) ဦးခေါင်းရိတ်၍ လက်သည်းညှပ်နိုင်သည်။ ဤအာယသ်ထဲတွင် ဦးစွာကုရ်ဗာနီဇာဟ်လုပ်ပြီးမှ အညစ်အကြေးကို ဖယ်ရှားနိုင်သည်ဟု ရည်ညွှန်းထားသည်။ ထို့ကြောင့် ဤလုပ်ရပ်နှစ်ခုကို ယင်းအစီအစဉ်အတိုင်း လုပ်ရမည်ဟု အကြံပြုထားသည်။ ဝါဂျစ်ဗ် ကုရ်ဗာနီ ဇာဟ်လုပ်၍ မပြီးမချင်း ခေါင်းရိတ်ခြင်း သို့မဟုတ် ခြေသည်း လက်သည်း လှီးဖြတ်ခြင်းကို တားမြစ်သည်။ မည်သူမဆို ထိုတားမြစ်ချက်ကို ဖောက်ဖျက်ခဲ့လျှင် တိရစ္ဆာန်တစ်ကောင်ကို ဒမ် (ပြစ်မှုအတွက် ကြေပေးစေရန်) ဇာဟ် ပြုလုပ်ရမည်။

ဟဂျ်နှင့်ပတ်သက်သည့် အမျိုးမျိုးသော လုပ်ရပ်များလုပ်ဆောင်ရာတွင် အစီအစဉ်မှန်ကန်မှုကို လိုက်နာဆောင်ရွက်ခြင်း

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တွင် ဖော်ပြထားသည်။ ဟဂျ်လုပ်ငန်းစဉ်အမျိုးမျိုးကို အစီအစဉ်တကျလုပ်ခြင်းသည် စွန္နသ်တော်တစ်ရပ်ဖြစ်ကြောင်း ဓမ္မသတ်ပညာရှင်များနှင့် အွမ္မသ်ထု အညီအညွတ် သဘောတူညီကြသည်။ သို့သော်လည်း ယင်းသည် ဝါဂျစ်ဗ်ဖြစ်နိုင်သလောဟူသည်နှင့် ပတ်သက်၍မူ အယူအဆ ကွဲပြားကြသည်။ အီမာမ်အဗူဟနီဖာဟ်နှင့် အီမာမ်မာလိက်တို့က အစီအစဉ်အလိုက် လုပ်ဆောင်ခြင်းသည် ဝါဂျစ်ဗ်ဖြစ်သည်ဟူသော အယူအဆရှိသည်။ မည်သည့် တိမ်းစောင်းလွဲချော်မှုကိုမဆို "ဒမ်"ဖြင့် ပေးလျော်ရမည်။ အီမာမ်ရှာဖီအီကမူ ယင်းသည်စွန္နသ်တော်ဖြစ်ကာ တိမ်းစောင်းလွဲချော်ခြင်းသည် ဟဂျ်ပြုလုပ်ခြင်းဖြင့် ရရှိမည့်ဆုလာဘ် လျော့နည်းသွားရခြင်းသာဖြစ်သည်။ ဝါဂျစ်ဗ်နေဖြင့် တိရစ္ဆာန်တစ်ကောင် ဇာဟ်လုပ်ရန်မလိုချေ ဟုဆိုသည်။ စိုက်ယိ ဒိနာအိဝန်အဗ္ဗားစ်ﷺ၏ ဥပဒေသတစ်ရပ်ရှိသည်မှာ "من قدّم شيئًا من نسكه او اخّره فليهرق دما မည်သူမဆို ဟဂျ်ကျင့်စဉ်အတွင်း အစီအစဉ်များ ပြောင်းလဲသွားခဲ့လျှင် သူသည် တိရစ္ဆာန်တစ်ကောင် ဇာဟ်ပြုလုပ်ရမည်" (မဇ်ဟ်ရီ)။ သဟာဝီက ဤဆင့်ပြန်ချက်ကို အမျိုးမျိုးသောမူကွဲများဖြင့် တင်ပြထားခဲ့သည်။ ထပ်၍ စိုက်ယိ ဒိနာစအိဒ် အိဝန်ဂျူဝိုင်ရ်ﷺ ကာသာဒါဟ်၊ နခါအီနှင့် ဟစံအလ်ဗဆ္ဆရီတို့က ဟဂျ်ကျင့်စဉ်၏ အစီအစဉ်တွင် မည်သည့် အပြောင်း အလဲတွင်မဆို တိရစ္ဆာန်တစ်ကောင် ဇာဟ်ပြုလုပ်ခြင်း ဝါဂျစ်ဗ်ဖြစ်သည်ဟူသော အယူအဆကို ထောက်ခံသည်။ ဤအကြောင်းနှင့် ပတ်သက်သည့် ပြည့်စုံသောအသေးစိတ်များကို သဖ်စီရ်မဇ်ဟီရီကျမ်းတွင် ဆွေးနွေးထားသည်။

"وَ لْيُوْفُوْا نُذُوْرَهُمْ ထို့ပြင် မိမိတို့၏ (တာဝန်များ) အဓိဋ္ဌာန်များကို ပြီးဆုံးအောင် ဆောင်ရွက်ကြရမည်။ (၂၂း၂၉)" نُذُوْرَ သည် نذر ၏ အများကိန်းဖြစ်ကာ "အဓိဋ္ဌာန်" ဟုအဓိပ္ပာယ်သက်ရောက်သည်။ လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သိမ့်စေရန် (ယင်းသို့မဟုတ်လျှင် တာဝန်မရှိ) ဟူ၍ လုပ်ရပ်တစ်ခုကို လုပ်မည်ဟု

နူတ်အားဖြင့် ကတိပြု(ကိုး)ခဲ့လျှင် ယင်းသို့လုပ်ဆောင်ခြင်းသည် အဓိဋ္ဌာန်(ကိုးခြင်း) (နဇရ်)ဖြစ်သွားကာ ယင်းကိစ္စ လုပ်ဆောင်ရန်မှာ သူ့အတွက် ဝါဂျစ်ဝ်ဖြစ်သည်ဟု အွမ္မသ်ထုတစ်ခုလုံး တညီတညွတ်တည်း သဘောတူညီကြသည်။ ထိုလုပ်ဆောင်မည့်လုပ်ရပ်သည် ဂုနာဟ်ထိုက်ခြင်း၊ တားမြစ်ထားခြင်း မရှိစေရပါ။ အကယ်၍ လူတစ်ဦးသည် ဂုနာဟ် ဖြစ်စေသော လုပ်ရပ်တစ်ခု လုပ်ဆောင်မည်ဟု (ကိုး)အဓိဋ္ဌာန်ပြုလုပ်ခဲ့လျှင် သူသည် ထို(ကိုးခြင်း)အဓိဋ္ဌာန် ဖြည့်ဆည်းရန် တာဝန်မရှိရုံမျှမက ထိုလုပ်ရပ်လုပ်ဆောင်ရန်လည်း ခွင့်မပြုချေ။ သို့ရာတွင် သူသည် ကတိပျက်ကွက်မှုအတွက် ဒဏ်ကြေး ပေးဆောင်ရမည်။ အဗူဟနီဖာဟ်နှင့် အခြားဘာသာရေးပညာရှင်များ အဆိုအရ (ကိုးခြင်း) အဓိဋ္ဌာန်ပြုသော လုပ်ရပ်သည် တစ်နည်းမဟုတ်တစ်နည်း တိုက်ရိုက် အိဗာဒတ်လုပ်ဆောင်ခြင်း (အိဗာဒတ် မတ်က်စူဒါဟ်)မျိုး ဖြစ်ရမည်။ ထို့ကြောင့် အကယ်၍ တစ်စုံတစ်ဦးသည် နဖိလ်ဆွလာသ်ဝတ်ပြုမှုများ နဖိလ်ရိဇာဟ် ဥပုသ်သီလစောင့်ခြင်း၊ နဖိလ် ဆွဒကာဟ်လုပ်ခြင်း၊ နဖိလ်ကုရ်ဗာနီအစရှိသည်တို့ လုပ်မည်ဟု (ကိုး)အဓိဋ္ဌာန်ပြုလျှင် ဤအဓိဋ္ဌာန်(ကိုးခြင်း)ကို မည်သည့် အခြေအနေမျိုးတွင်မဆို ဖြည့်ဆည်းရမည်။ ဤလက်ရှိအာယသ်မှာ ယင်းအကြောင်းအရာကို အလေးအနက် ပြုထားသည်။

ဥပဒေသ

နူတ်လျှာဖြင့် ကြေညာခြင်းမပြုဘဲ နှလုံးသားထဲမှပြုလုပ်သော ရည်မှန်းချက်သည် နဇရ်(ကိုးခြင်း) အဓိဋ္ဌာန်ပြုခြင်းမဟုတ်ဟု သတိမူရမည်။ သဖိစီရ်မဇ်ဟီရီကျမ်းထဲတွင် နဇရ်နှင့်ပတ်သက်သော ဥပဒေသများကို အသေးစိတ်များစွာဖြင့် ဖော်ပြထားသည်။

မေးခွန်းတစ်ခုနှင့်ယင်း၏အဖြေ

တစ်စုံတစ်ဦးသည်ဟဂျ်ကိစ္စနှင့်ပတ်သက်သော နဇရ်အကြောင်းမေးမြန်းနိုင်ပါသည်။ ပြီးခဲ့သောဝါကျများတွင် ဟဂျ်၏ဥပဒေများဖြစ်သော ဇဟာဟ်လုပ်ခြင်း၊ အဲဟ်ရာမ်ချွတ်ခြင်း စသည်တို့ကို ဖော်ပြထားသည်။ အလားတူ ရှေ့လာမည့် ဝါကျတွင် သဝါးဖ်ဖေ့ ဇိယာရတ်နှင့် ပတ်သက်သည့်များကို ဖော်ပြထားသည်။ (ကိုးခြင်း) အဓိဋ္ဌာန်များနှင့် ပတ်သက်သော ပညတ်ချက်များအရ နေရာတိုင်း အချိန်တိုင်းတွင် ဖြည့်ဆည်းရမည်ဟူသော သီးသန့်အနေအထား ရှိပါလျက်နှင့် အဘယ်ကြောင့် အဓိဋ္ဌာန်ပြုခြင်း(ကိုးခြင်း)ကို ဖြည့်ဆည်းရမည့် အမိန့်ပညတ်ချက်ကို ဟဂျ်ဥပဒေသများတွင် ထည့်ထားရသနည်း။

ဤသည်နှင့်ပတ်သက်၍ ဖြစ်နိုင်သောရှင်းလင်ချက်မှာ လူတစ်ဦးသည် ဟဂျ်ပြုလုပ်ရန် ရည်စူးချက်ဖြင့် ခရီးစတင်ထွက်ခွာခဲ့သောအခါတွင် သူ့နှလုံးသားက သူ့ကိုကောင်းမှုကောင်းရာ လုပ်ရပ်များ မြောက်မြားစွာ လုပ်ရန်နှင့် ဆွလာသ်ဝတ်ပြုမှုတွင် အချိန်များများလုပ်ဆောင်ရန် စေ့ဆော်နှိုးဆွပါသည်။ ထို့ကြောင့် သူက အဓိဋ္ဌာန်အမျိုးမျိုး (ကိုးခြင်း) ပြုလုပ်ပါသည်။ အထူးသဖြင့် ဟဂျ်ပြုလုပ်စဉ် နောက်ထပ် တိရစ္ဆာန်ကိုထပ်၍ ဇဟာဟ်လုပ်မည်ဟု (ကိုးခြင်း) အဓိဋ္ဌာန်ပြုခြင်းသည် သာမန်လုပ်ဆောင်လေ့ရှိသော လုပ်နေကျဖြစ်သည်။ စိုက်ယိဒိနာအိဝနိအဗ္ဗားစ်ﷺ အဆိုအရ ဤစာသားပါ နဇရ်(ကိုးခြင်း) (အဓိဋ္ဌာန်)ဟူသောစကားလုံးသည် တိရစ္ဆာန်တစ်ကောင်ကို ဇဟာဟ်ပြုလုပ်မည်ဟု ဆိုလိုရင်း ဖြစ်သည်။ ဟဂျ်ကျင့်စဉ်များတွင် ပါဝင်သော နဇရ်(အဓိဋ္ဌာန်) (ကိုးခြင်း)နှင့် ပတ်သက်မှုမှာ အခြားအခြေအနေတွင် ဝါဂျစ်ဝ်မဖြစ်သောအရာများသည် အဓိဋ္ဌာန်ပြုလုပ်ခြင်း(ကိုးခြင်း)ကြောင့် ဝါဂျစ်ဝ်ဖြစ်သွားသည်။ မူလက တားမြစ်ခြင်း မရှိသောအရာများသည် တရားမဝင်ဖြစ်သွားသည်။ အလားတူပင် အဲဟ်ရာမ်ဝတ်ရုံ ဝတ်ဆင်ထားသော အခြေအနေ

ကြောင့် အခြားအခြေအနေ၌ ခွင့်ပြုထားသောအရာများသည် တရားမဝင်ဖြစ်သွားသည်။ ဤကိစ္စရပ်များ၏ ဥပဒေသများမှာ ချုပ်ထားသော အဝတ်အထည်ဝတ်ဆင်ခြင်း၊ ရေမွှေးသုံးခြင်း၊ အမွေးအမှင်ရိတ်ခြင်း၊ လက်သည်း ခြေသည်းလှီးဖြတ်ခြင်း စသည်တို့ဖြစ်သည်။ ထို့ကြောင့် စိုက်ယိဒိနာအိခ်ရိမာဟ်ﷺက ဤအာယသ်ပါ နဇရ်ဟူသော စကားလုံးကို အဓိပ္ပာယ် ဖွင့်ဆိုထားသည်မှာ ဟဂ်ျ်ကျင့်စဉ်အတွင်း ဝါဂျစ်ပ်ဖြစ်သော လုပ်ရပ်များနှင့် တာဝန်များကိုဆိုလိုသည်။

وَلْيَطَّوَّفُوْا بِالْبَيْتِ الْعَتِيْقِ "ထိုမှတစ်ပါး ရှေးကျသောအိမ်(ကအ်ဗဟ်)ကို တဝါးဖ်လှည့်ကြရမည် ဖြစ်ချေသတည်း (၂၂း၂၉)" ဤနေရာပါ တဝါးဖ်ဟူသော စကားလုံးသည် သဝါဖုဇ်ဖီယာရာသ်ကို ရည်ညွှန်းသည်။ ယင်းကျင့်စဉ်ကို ခဲပေါက်ပြီး၊ ဇဟာဟ်ပြုလုပ်ပြီးနောက် ဇီလ်ဟဂ်လ ၁၀-ရက်နေ့တွင် ပြုလုပ်ရသည်။ ဤကျင့်စဉ်မှာ ဟဂ်ျ်ကျင့်စဉ်၏ ဒုတိယမြောက် ဝါဂျစ်ပ်တာဝန်ဖြစ်သည်။ ပထမဝါဂျစ်ပ်မှာ ဝုကူဖ်ဖုလ်အရဖာသ်ဖြစ်ပြီး ယင်းကျင့်စဉ်ကို အစောပိုင်းက ကျင့်ဆောင်ပြီးဖြစ်သည်။ ဤတဝါဖ်ပြီးနောက် အဲဟ်ရာမ်ဝတ်ထားခြင်း အခြေအနေလုံးဝပြီးဆုံး၍ ကန့်သတ်ချက်အားလုံး ဖယ်ရှားပြီး ဖြစ်သည်။ (ရှုဟုလ်မအာနီကျမ်း)

اَلْبَيْتِ الْعَتِيْقِ စကားလုံးက အဘိဓာန်အရ "လွတ်မြောက်ပြီးသောအိမ်" ဟုဆိုလိုသည်။ ဗိုင်သွလ်လာဟ်အား **اَلْبَيْتِ الْعَتِيْقِ** ဟုခေါ်ရခြင်းမှာ တမန်တော်မြတ်ﷺ အဆိုအရ ယင်းအိမ်တော်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် မင်းဆိုးမင်းညစ်များ၏ချုပ်ချယ်မှုနှင့် ကြီးစိုးမှုတို့မှ ကင်းလွတ်စေခဲ့ကာ နောင်တွင်လည်း ထိုသူများမည်သည့်အခါမျှ မကြီးစိုးနိုင်တော့ပါ။ (رواه ترمذى وحسنه والحاكم وصحح وابن جرير والطبرانى وغيرهم ရှုဟုလ်မအာနီ) ဆင်တပ်၏ဖြစ်ရပ်က ဤကိစ္စကို ထင်ရှားစေပါသည်။ မယုံကြည်သွေဖည်သူများသည် ၎င်းတို့စွမ်းပကားဖြင့် မက္ကာမြို့ကိုလွှမ်းမိုးရန် ကြိုးစားမှု အချည်းအနှီး ဖြစ်သွားခဲ့သည်။

عتيق ဟူသော စကားလုံး၏ အခြားအဓိပ္ပာယ်မှာ ရှေးကျခြင်း ဟူ၍ဖြစ်သည်။ ယင်းအဓိပ္ပာယ်ကို ဘာသာပြန်ရာတွင် သုံးစွဲထားသည်။ (အယ်ဒီတာ)

အာယသ် (၃၀-၃၃)

ذٰلِكَ ۚ وَمَنْ يُّعَظِّمْ حُرُمٰتِ اللّٰهِ فَهُوَ خَيْرٌ لَّهٗ عِنْدَ رَبِّهٖ ؕ وَاُحِلَّتْ لَكُمُ
الْاَنْعَامُ اِلَّا مَا يُتْلٰى عَلَيْكُمْ فَاجْتَنِبُوا الرِّجْسَ مِنَ الْاَوْثَانِ وَ
اجْتَنِبُوْا قَوْلَ الزُّوْرِ ﴿۳۰﴾ حُنَفَآءَ لِلّٰهِ غَيْرَ مُشْرِكِيْنَ بِهٖ ؕ وَمَنْ يُّشْرِكْ
بِاللّٰهِ فَكَاَنَّمَا خَرَّ مِنَ السَّمَآءِ فَتَخْطَفُهُ الطَّيْرُ اَوْ تَهْوِيْ بِهِ الرِّيْحُ فِيْ مَكَانٍ
سَحِيْقٍ ﴿۳۱﴾ ذٰلِكَ ۚ وَمَنْ يُّعَظِّمْ شَعَآئِرَ اللّٰهِ فَاِنَّهَا مِنْ تَقْوَى الْقُلُوْبِ ﴿۳۲﴾
لَكُمْ فِيْهَا مَنَافِعُ اِلٰٓى اَجَلٍ مُّسَمًّى ثُمَّ مَحِلُّهَآ اِلَى الْبَيْتِ الْعَتِيْقِ ﴿۳۳﴾

(အမိန့်တော်သည်) ဤသည်ပင်၊ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ ရိုသေအပ်သော အမိန့်ပညတ်တော်များကို ရိုသေခန့်ညားပါလျှင် ယင်းရိုသေ ခန့်ညားမှုသည် ထိုသူအဖို့ ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် အကောင်းဆုံးပင် ဖြစ်ပေသည်။ စင်စစ် အသင်တို့ရှေ့ဝယ် ဖတ်ကြားဖော်ပြပြီးဖြစ်သောတိရစ္ဆာန်များမှ

တစ်ပါး ကျန်ခြေလေးချောင်း တိရစ္ဆာန်များကို အသင်တို့အဖို့ "ဟလာလ်" တရားဝင် (စားသုံး) ခွင့်ပြုပြီးဖြစ်ချေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ဆင်းတုများတည်းဟူသော အညစ်အကြေးမှ ရှောင်ရှားကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် မုသားပြောဆိုခြင်းမှလည်း ကြဉ်ရှောင်ကြလေကုန်။[၃၀] (တစ်ဆူတည်းသော)အလ္လာဟ်အရှင်မြတ်ဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့်ကြလျက် (မည်သည့် တစ်စုံတစ်ရာကိုမျှပင်) ထိုအရှင်မြတ်နှင့် တွဲဖက်(နှိုင်းယှဉ်ကိုးကွယ်)သူများ မဖြစ်ကြဘဲ။ စင်စစ်သော်ကား မည်သူမဆို (တစ်စုံတစ်ရာကို) အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက် (နှိုင်းယှဉ်ကိုးကွယ်)ပါလျှင် ထိုသူသည် မိုးကောင်းကင်မှ ကျလာဘိသကဲ့သို့ပင်။ ထို့နောက် ၎င်းအား (အသေသားစားသော) ငှက်တိရစ္ဆာန်များက သုတ်ယူမည် ဖြစ်ပေသည်။ သို့တည်းမဟုတ် လေသည် ၎င်းအား ဝေးလံစွာသောနေရာသို့ (ပို့ဆောင်) ပစ်ချမည်ပင် ဖြစ်ချေသတည်း။ [၃၁]

(အမိန့်တော်သည်) ဤသည်ပင် စင်စစ်မူကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်များကို ရိုသေခန့်ညားပါလျှင် ယင်းရိုသေခန့်ညားမှုသည် စိတ်နလုံး များမှ ရိုသေလိုက်နာမှုပင် ဖြစ်ပေသည်။[၃၂]

အသင်တို့အဖို့ သတ်မှတ်ထားသော အချိန်ကာလတိုင် အောင် ယင်းအထိမ်းအမှတ်တော်များ (ကုရ်ဗာနီ သားကောင်များ) အကျိုးခံစားခွင့် ရှိပေသည်။ ထို့နောက် ယင်းသားကောင်များ(ကို လှီးဖြတ်ရန်)နေရာကား ရှေးဟောင်းအိမ်တော်၏ အနီး၌ ပင် ဖြစ်ချေသတည်း။[၃၃]

အကျယ်ဖွင့်ဆိုခြင်း

حُرُمٰتِ اللّٰهِ (၂၂း၃၀) ဟူသည် အလ္လာလ်အရှင်မြတ်က သန့်စင်ထားသော အရာများဖြစ်သည်။ ယင်းမှာ ဘာသာရေးဆိုင်ရာ ဥပဒေများ ဖြစ်သည်။ ထိုဥပဒေများသည် ဤကမ္ဘာလောကနှင့် နောင်တမလွန်ဘဝတွင်ပါ ကောင်းစားစေသော အရင်းအမြစ်များဖြစ်သည်။ ယင်းကောင်းချီးများသည် ဥပဒေများကို လေ့လာလိုက်စား၍ ဥပဒေအတိုင်း လိုက်နာကျင့်သုံးသော ဘာသာတရား ကိုင်းရှိုင်းရိုသေသည့် မုစ်လင်မ်များအတွက်ဖြစ်သည်။

وَ اُحِلَّتْ لَكُمُ الْاَنْعَامُ اِلَّا مَا يُتْلٰى عَلَيْكُمْ "စင်စစ်အသင်တို့ရှေ့ဝယ် ဖတ်ကြားဖော်ပြပြီးဖြစ်သော တိရစ္ဆာန်များမှတစ်ပါး ကျန်ခြေလေးချောင်း တိရစ္ဆာန်များကို အသင်တို့အဖို့ "ဟလာလ်"တရားဝင် (စားသုံး)ခွင့်ပြုပြီး ဖြစ်ချေသည်။ ၂၂း၃၀" اَنعام (ကျွဲနွားတိရစ္ဆာန်)ဟူသော စကားလုံးထဲတွင် ကုလားအုတ်များ၊ နွားမများ၊ ဆိတ်များ၊ သိုးများစသည့်တို့ပါဝင်သည်။ ထိုသတ္တဝါများကို အဲဓိရာမ်ဝတ်ဆင်ထားသည့် အချိန်အပါအဝင် တစ်ချိန်လုံး တရားဝင် သတ်မှတ်ထားသည်။ထိုနောက်အာယသ်ထဲတွင် اِلَّا مَا يُتْلٰى عَلَيْكُمْ"အသင်တို့ရှေ့ဝယ်ဖတ်ကြားဖော်ပြပြီးဖြစ်သော တိရစ္ဆာန်များမှတစ်ပါး ၂၂း၃၀"ဟူသော ခြွင်းချက်တစ်ရပ် ပါဝင်သည်။ ဤခြွင်းချက်ပါ တိရစ္ဆာန်များကို တစ်စုံတစ်ဦးသည် အဲဟ်ရာမ် ဝတ်ဆင်ထားစဉ်၌ဖြစ်စေ၊ ဝတ်မထားဘဲရှိစဉ် အချိန်၌ဖြစ်စေ အားလုံးသောအခြေအနေများအတွက် တရားမဝင်ဟု သတ်မှတ်ထားသည်။ ဤတိရစ္ဆာန်များနှင့် ပတ် သက်သည့် အသေးစိတ်များကို အခြားအာယသ်များတွင် ဖော်ပြထားသည်။ ပမာအားဖြင့် အသေသား၊ ရိုက်နက်သတ် ထားသော တိရစ္ဆာန်၊ အလ္လာလ်အရှင့် နာမတော်မတသဘဲ လည်လှီးဖြတ်ထားသော တိရစ္ဆာန် သို့မဟုတ် အခြားတစ်စုံတစ်ဦး၏ အမည်တသ၍ လှီးဖြတ်ထားသော တိရစ္ဆာန်တို့ ဖြစ်သည်။

فَاجْتَنِبُوا الرِّجْسَ مِنَ الْاَوْثَانِ "သို့ဖြစ်ပေရာ အသင်တို့သည် ဆင်းတုများတည်းဟူသော အညစ်အကြေးမှရှောင်ရှားကြလေကုန်။ ၂၂း၃၀" رِجس ဟူသောစကားလုံးသည် အညစ်အကြေး သို့မဟုတ် ကိုယ်ကျင့်တရား ဆိုင်ရာ မသန့်ရှင်းမှုဟု အဓိပ္ပာယ် သက်ရောက်သည်။ ထို့ပြင် اَوْثَانِ သည် ثن و ထ၏ အများကိန်းဖြစ်ကာ ရုပ်တုများကို ဆိုလိုသည်။ ရုပ်တုများကို အညစ်အကြေးဟု ဖော်ပြရခြင်းမှာ ထိုအရာများသည် လူနလုံးသားနှင့်စိတ်တွင် ကိုယ်ကျင့်တရားဆိုင်ရာ မသန့်ရှင်းမှုနှင့် ပြည့်နှက်စေပါသည်။

وَاجْتَنِبُوْا قَوْلَ الزُّوْرِ "ထို့မှတစ်ပါး အသင်တို့သည် မုသားပြောဆိုခြင်းမှလည်း ကြဉ်ရှောင်ကြလေကုန် ၂၂း၃၀" وَقَوْلَ الزُّوْرِ ဟူသော စကားစုသည် မုသားပြောဆိုခြင်းဟု အဓိပ္ပာယ်သက်ရောက်သည် အမှန်တရားနှင့် ဆန့်ကျင်သည်တို့မှာ လိမ်လည်ပြောဆိုမှုနှင့် မှားယွင်းမှုဖြစ်သည်။ ယင်းထဲတွင် ပျက်စီးယိုယွင်းနေသော ယုံကြည်မှုများနှင့် ဓလေ့များ သို့မဟုတ် မမှန်မကန် သက်သေထွက်ဆိုခြင်းတို့ ပါဝင်သည်။ တမန်တော်မြတ်ﷺတစ်ချိန်က မိန့်တော်မူခဲ့သည်မှာ "ကြီးမားသော ပြစ်မှုဂုနာဟ်များတွင် အလျှာလ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲ ကိုးကွယ်ခြင်း၊ မိဘအမိန့်ဖီဆန်ခြင်း၊ မမှန်သက်သေ ထွက်ဆိုခြင်း၊ စကားပြောဆိုရာတွင် လိမ်လည်ပြောဆိုခြင်း" တို့ပါဝင်သည်။ ကိုယ်တော်မြတ်က وَقَوْلَ الزُّوْرِ (မမှန်ကန်သောစကားပြောဆိုမှု) ဟူသော စကားစုကို ထပ်ကာတလဲလဲ မိန့်တော်မူခဲ့သည်။ (ဗုခါရီ)

وَمَنْ يُّعَظِّمْ شَعَآىِٕرَ اللّٰهِ "မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်များကို ခန့်ညားပါလျှင် ယင်း ရှိသေ ခန့်ညားမှုသည် စိတ်နလုံးများမှ ရှိသေလိုက်နာမှုပင် ဖြစ်ပေသည်။ ၂၂း၃၂" شَعَآىِٕرَ သည် شَعِيْرَه ၏ အများကိန်းဖြစ်ကာ "အထိမ်းအမှတ်" တစ်ခု "ပေါ်လွင်ထင်ရှားသည့် လက္ခဏာတစ်ရပ်" ဟုဆိုလိုရင်းဖြစ်ကာ အခြားသော အယူဝါဒ သို့မဟုတ် အုပ်စုဝင်များ၏ သီးသန့်အမှတ်အသားများကို ရည်ညွှန်းသည် شَعَآىِٕرِ ဆိုသည်မှာ မုစ်လင်မ်တစ်ဦး၏ သွင်ပြင်လက္ခဏာများကို ယေဘုယျဖော်ပြသော အထူးဥပဒေများ ဖြစ်သည်။ ဟဂ်နှင့်ပတ်သက်သည့်ဥပဒေအများဆုံးသည် ဤအတန်းအစားတွင်ပါဝင်သည်။

فَاِنَّهَا مِنْ تَقْوَى الْقُلُوْبِ "ယင်းရှိသေခန့်ညားမှုသည် စိတ်နလုံးများမှ ရှိသေလိုက်နာမှုပင်ဖြစ်သည်။ ၂၂း၃၀" ဤသည်က ဆိုလိုသည်မှာ شَعَآىِٕرَ اللّٰهِ (အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်များ)ကို ရှိသေခြင်းသည် နလုံးသား၏ ရှိသေခန့်ညားမှု သက်သေလက္ခဏာဖြစ်သည်။ ဤသည်က ရည်ညွှန်းသည်မှာ အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော် များကို တစ်စုံတစ်ဦး၏ နလုံးသားတွင် သတ်ဂ်ဝါ (အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေခြင်း) ရှိသူများကသာ လေးစားခန့်ညားကြသည်။ ထို့နောက် သတ်ဂ်ဝါဆိုသည်မှာ နလုံးသားတွင်းမှ အရည်အချင်းဖြစ်သည်။ တစ်စုံတစ်ဦးသည် နလုံးသားတွင် ဤအရည်အချင်းနှင့်တကွ ပြည့်စုံနေမည်ဆိုလျှင် သူ၏လုပ်ရပ်တိုင်းတွင် ဤအရည်အချင်း ရောင်ပြန်ဟပ်နေမည်။

لَكُمْ فِيْهَا مَنَافِعُ اِلٰٓى اَجَلٍ مُّسَمًّى "အသင်တို့အဖို့ သတ်မှတ်ထားသော အချိန်ကာလတိုင်အောင် ယင်းအထိမ်းအမှတ်တော်များ (ကုရ်ဗာနီသားကောင်များ) အကျိုးခံစားခွင့်ရှိပေသည်။ ၂၂း၃၃"။ ယင်းက ဆိုလိုသည်မှာ ခြေလေးချောင်းသတ္တဝါများကို ဟရမ်ပရဝုဏ်ထဲတွင် ကုရ်ဗာနီပြုလုပ်ရန် هَدْى (ဟာဒီ)အဖြစ် သီးသန့်မထားသမျှ ကာလပတ်လုံး မုစ်လင်မ်များအတွက် ၎င်းတို့၏အကျိုး (၎င်း၏ နို့သောက်ခြင်း၊ စီးနင်းခြင်း၊ သို့မဟုတ် ကုန်စည် တင်ပို့သယ်ဆောင်ခြင်း) အတွက် အသုံးပြုခြင်းကို တရားဝင်ပြုလုပ်ထားသည်။ လူတစ်ဦးသည် ဟရမ်ပရဝုဏ်အတွင်း ကုရ်ဗာနီပြုလုပ်ရန်ဟူသည့် သီးသန့်ရည်ရွယ်ချက်ထားရှိခဲ့လျှင် ယင်းတိရစ္ဆာန်ကို "ဟဒီ"အဖြစ်ဖော်ပြသည်။ ထို့နောက် အရေးတကြီး အခြေအနေမှအပ ထိုတိရစ္ဆာန်မှ မည်သည့်အကျိုးအမြတ်မှ မယူရပါ။ လူတစ်ဦးသည် ကုလားအုတ်

တစ်ကောင်ကို "ဟဒီ"ဟုသတ်မှတ်ပြီးဆွဲသွားစဉ် ထိုသူသည် လမ်းမလျှောက်နိုင်၍သော်လည်းကောင်း၊ အခြားအစီးအနင်းလည်း မရနိုင်ဟုဆိုလျှင် ထိုကုလားအုတ်ကို တရားဝင်စီးနင်း၍ သွားပို့နိုင်သည်။

ثُمَّ مَحِلُّهَآ اِلَى الْبَيْتِ الْعَتِيْقِ "ထို့နောက် ယင်းသားကောင်များ(ကိုလိုးဖြတ်ရန်) နေရာကား ရှေးဟောင်းအိမ်တော်၏အနီးဌိပင် ဖြစ်ချေသည်။ ၂၂း၃၀" ဤနေရာပါ الْبَيْتِ الْعَتِيْقِ စကားလုံးသည် ဟရမ်ပရဝုဏ်တစ်ခုလုံးအကျုံးဝင်စေသည်။ ပြီးခဲ့သောအာယသ်ထဲတွင် "အလ်မတ်စ် ဂျီဒ် အလ်ဟရမ်" ဟူသော စကားလုံးကို ဟရမ်ဇရိယာတစ်ခုလုံးအတွက် သုံးစွဲထား သကဲ့သို့ပင်ဖြစ်သည်။ ထို့နောက် မဟီလ် (နေရာ)ဆိုလိုသည်မှာ ဟဒီဟုသတ်မှတ်ထားသော တိရစ္ဆာန်ကို လှီးဖြတ် သောနေရာဖြစ်သည်။ ထို့ကြောင့် ဟရမ်တစ်ခုလုံးကို ဟဒီတိရစ္ဆာန်များ သတ်ဖြတ်ရာနေရာအဖြစ် ကြေညာထားသည်။ အာယသ်တော်၏ ဆိုလိုရင်းမှာ ဟဒီ(ဟဂ်ျပြုလုပ်စဉ်အတွင်း ကုရ်ဗာနီအတွက် သတ်မှတ်ထားသော တိရစ္ဆာန်များ)သည် ဟရမ်ပရဝုဏ်အတွင်း ဇဗာဟ်လုပ် လှီးဖြတ်နိုင်သည်။ ဟရမ်ဇရိယာပြင်ပဖြစ်သော မိနာနှင့် မက္ကာမြို့၏ အခြားနေရာအားလုံးတွင် ဇဗာဟ်လုပ်မရပါ။ (ရူဟုလ်မအာနီ)

အာယသ် (၃၄-၃၇)

وَلِكُلِّ اُمَّةٍ جَعَلْنَا مَنْسَكًا لِّيَذْكُرُوا اسْمَ اللّٰهِ عَلٰى مَا رَزَقَهُمْ مِّنْۢ بَهِيْمَةِ الْاَنْعَامِ ؕ فَاِلٰهُكُمْ اِلٰهٌ وَّاحِدٌ فَلَهٗۤ اَسْلِمُوْا ؕ وَبَشِّرِ الْمُخْبِتِيْنَ ﴿۳۴﴾ الَّذِيْنَ اِذَا ذُكِرَ اللّٰهُ وَجِلَتْ قُلُوْبُهُمْ وَالصّٰبِرِيْنَ عَلٰى مَاۤ اَصَابَهُمْ وَالْمُقِيْمِى الصَّلٰوةِ ۙ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿۳۵﴾ وَالْبُدْنَ جَعَلْنٰهَا لَكُمْ مِّنْ شَعَآئِرِ اللّٰهِ لَكُمْ فِيْهَا خَيْرٌ ۖ فَاذْكُرُوا اسْمَ اللّٰهِ عَلَيْهَا صَوَآفَّ ۚ فَاِذَا وَجَبَتْ جُنُوْبُهَا فَكُلُوْا مِنْهَا وَاَطْعِمُوا الْقَانِعَ وَالْمُعْتَرَّ ؕ كَذٰلِكَ سَخَّرْنٰهَا لَكُمْ لَعَلَّكُمْ تَشْكُرُوْنَ ﴿۳۶﴾ لَنْ يَّنَالَ اللّٰهَ لُحُوْمُهَا وَلَا دِمَآؤُهَا وَلٰكِنْ يَّنَالُهُ التَّقْوٰى مِنْكُمْ ؕ كَذٰلِكَ سَخَّرَهَا لَكُمْ لِتُكَبِّرُوا اللّٰهَ عَلٰى مَا هَدٰىكُمْ ؕ وَبَشِّرِ الْمُحْسِنِيْنَ ﴿۳۷﴾

စင်စစ် ငါအရှင်မြတ်သည် သာသနာဝင် အုပ်စုတိုင်းအဖို့ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့် ပေးသနားတော်မူခဲ့သော အခြေလေးချောင်း တိရစ္ဆာန်များအပေါ်၌ တသကြအဲ့သောငှာ ကုရ်ဗာနီပြုခြင်းကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့၏။စင်စစ်သော်ကား အသင်တို့၏ ကိုးကွယ်ရာ အရှင်သည် တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မြတ်ပင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ လိုက်နာကြလေကုန်။ ထို့ပြင် (အို-နဗီ တမန်တော်) အသင်သည် ကျိုးနွံသောသူတို့အား ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ပြောကြားပါ

လေ။[၃၄] အကြောင် (ကျိုးနွံသော)သူတို့အား (ငင်းတို့ရှေ့ဝယ်) အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ပြောဆိုခဲ့ သောအခါ ငင်းတို့၏ စိတ်နလုံးများသည် ထိတ်လန့်တုန်လှုပ်၍ သွားကြလေသည်။ ထို့ပြင် (အသင်သည်) မိမိတို့၌ သက်ရောက်သော ဘေးဒုက္ခများနှင့် စပ်လျဉ်း၍ သည်းခံခြင်းတရားထား ရှိကြသော သူတို့အားလည်းကောင်း၊ ဆွလာတ် ဝတ်ပြုမှု ကို အမြဲမပြတ် ဆောက်တည်ကြသော သူတို့အားလည်းကောင်း၊ မိမိတို့အား ငါအရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူခဲ့သော ပစ္စည်းဥစ္စာများအနက်မှ လှူဒါန်း သုံးစွဲကြသောသူတို့အားလည်းကောင်း၊ (သတင်းကောင်းကို ပြောကြားပါလေ။)[၃၅]

စင်စစ် ငါအရှင်မြတ်သည် ကုရ်ဗာနီ ကုလားအုတ်များကို အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်၏ (သာသနာ့) အထိမ်းအမှတ်များအနက် အထိမ်းအမှတ်တစ်ရပ် ပြုလုပ်တော်မူခဲ့၏။ အသင်တို့အဖို့ ယင်းကုရ်ဗာနီ ကုလားအုတ်များတွင် ကောင်းကျိုးသည် ရှိပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်း ကုရ်ဗာနီ ကုလားအုတ်များအပေါ်ဝယ် (ငင်းတို့အား) စီတန်းရပ်စေလျက် အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို ရွတ်ဆိုတသ(၍ ကုရ်ဗာနီ ပြုလုပ်)ကြလေကုန်။ ထို့နောက် ယင်းကုရ်ဗာနီကုလားအုတ်များသည် ဘေးစောင်း လဲကျ သွားကြလေသောအခါ အသင်တို့သည် ငင်းတို့(၏ အသား)အနက်မှ မိမိတို့ ကိုယ်တိုင်လည်း စားသုံးကြလေကုန်။ (လက်ဖြန့် တောင်းခံခြင်းမပြုဘဲ) ရောင့်ရဲတင်းတိမ် (မှုဖြင့် သိက္ခာစောင့်စည်း)သူအား လည်းကောင်း၊ (သိက္ခာမစောင့်စည်းနိုင်ဘဲ ဖွင့်ဟ) တောင်းရမ်းသူအားလည်းကောင်း ကျွေးမွေးကြလေကုန်။ ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည်အသင်တို့ကျေးဇူးတင်အံ့သောငှာ ယင်းကုရ်ဗာနီ ကုလားအုတ်များကို အသင်တို့၏ လက်အောက်ခံ ဖြစ်စေတော်မူခဲ့ပေသတည်း။[၃၆] အလ္လာဟ်အရှင်မြတ်အထံတော်သို့ ယင်းကုရ်ဗာနီ သားကောင်တို့၏ အသားများသည် အလျှင်း ရောက်ရှိသည်မဟုတ်ပေ။ ထိုနည်းတူစွာ ယင်းကုရ်ဗာနီ သားကောင်တို့၏အသွေးများသည်လည်း အလျှင်း ရောက်ရှိသည် မဟုတ်ပေ။ စင်စစ် အသင်တို့၏ ရိုသေလေးမြတ်မှု၊ အမိန့်တော်ကို ရိုသေလိုက်နာမှု၊ ကောင်းမြတ်သော အကျင့်သီလသည်သာလျှင် ထိုအရှင်မြတ်အထံတော်သို့ ရောက်ရှိပေသည်။ ဤနည်းနှင်နှင် အသင်တို့သည် မိမိတို့အား တရားလမ်းမှန်ကို ညွှန်ပြတော်မူသောကြောင့် အလ္လာဟ်အရှင်မြတ် ကြီးမြတ်တော်မူကြောင်း ရွတ်ဆို ချီးကျူးကြအံ့သောငှာ ထိုအရှင်မြတ်သည် ယင်း ကုရ်ဗာနီ သားကောင်များကို အသင်တို့၏ လက်အောက်ခံများ ပြုလုပ်ထားတော်မူပေသည်။ (အိုး-နဗီတမန်တော်၊) အသင်သည် စေတနာဖြူစင်သော သူတို့အား ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပြောကြားပါလေ။[၃၇]

အကျယ်ဖွင့်ဆိုခြင်း

وَلِكُلِّ أُمَّةٍ جَعَلْنَا مَنْسَكًا "စင်စစ် ငါအရှင်မြတ်သည် သာသနာဝင်အုပ်စုတိုင်းအဖို့ ကုရ်ဗာနီပြုလုပ်ခြင်းကို ငါအရှင်မြတ် ပြုလုပ်တော်မူခဲ့၏။ ၂၂း၃၄"။ အာရဗီဘာသာစကား၌ مَنْسَكَ နှင့် نُسُكُ စကားလုံးများသည် တိရစ္ဆာန်

များကို ဇဗဟ် ကုရ်ဗာနီပြုခြင်း၊ ဟဇ္ဇ်ကျင့်စဉ်များနှင့် အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ခြင်းစသည့် ကိစ္စများအတွက် ဆိုလိုရင်းဖြစ်သည်။ ဤစကားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတို့၌ အထက်အဓိပ္ပာယ်သုံးခုအနက်မှ တစ်ခုမဟုတ်တစ်ခုအနေဖြင့် သုံးနှုန်းထားသည်။ လက်ရှိစာသားထဲတွင် စကားလုံးသည် အဓိပ္ပာယ်သုံးမျိုးစလုံးဖြစ်နိုင်သည်။မူဂျာဟစ်ဒ်နှင့်ဋီကာရှင်အချို့ကဤနေရာပါ مَنْسَكًا သည်တိရစ္ဆာန်ကိုဇဗဟ်ပြုကုရ်ဗာနီလုပ်ခြင်းဟုမှတ်ယူကြသည်။ သို့ဆိုလျှင် အာယသ်တော်က ဆိုလိုနိုင်သည်မှာ ကုရ်ဗာနီမပြုမနေရ ဝါဂျစ်ဗ်ဖြစ်သည်ဟု ဆိုလိုသည်။ ယင်းကုရ်ဗာနီပြုလုပ်ခြင်းကို ဤအုမ္မသ်ထုအပေါ် တာဝန်တင်ထားသည်မှာ အသစ်အဆန်း မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် အခြားသူများ အားလုံးသည်လည်း မလွဲမသွေ လုပ်ဆောင်ရပါမည်။ တစ်ဖက်တွင်မူ ကသာဒါဟ်အဆိုအရဤစကားလုံးသည် ဟဇ္ဇ်ကျင့်စဉ်ဆိုလိုသည်။ထို့ကြောင့် အာယသ်တော်က ဆိုလိုသည်မှာ လက်ရှိအုမ္မသ်ထုအပေါ် ပြဋ္ဌာန်းထားသည့် ကျင့်စဉ် များသည် အစောပိုင်းခေတ်ရှိ သူများတို့အပေါ်၌လည်း မပြုမနေရဟု ပြုလုပ်ထားပါသည်။ အိဗနိအရဖတ်က مَنْسَكَ ဟူသောစကားလုံးကို အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့ကြောင့် အာယသ်တော်က ဆိုလိုနိုင်သည်မှာ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းကို လွန်လေပြီးသောခေတ်ကာလတွင်ရှိလူများကိုမပြုမနေရဟု သတ်မှတ်ထားခဲ့သည်။ခဝပ်ကိုးကွယ်မှုပုံစံကွဲပြားခြားနားသော်လည်း အနှစ်သာရမှာမူ မပြောင်းလဲပါ။

وَ بَشِّرِ الْمُخْبِتِيْنَ"(အို-နဗီတမန်တော်) အသင်သည် ကျိုးနွံသောသူတို့အား ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ပြောကြားပါလေ။ **خَبت** ဟူသောစကားလုံးက "ချိုင့်ဝင်နေသောမြေ"ဟူ၍ဖြစ်ပါသည်။ **خبيت** ဟူသောစကားလုံးက မိမိ ကိုယ်မိမိ ရိုကျိုးနှိမ့်ချသောသူ ဟူ၍ဖြစ်ပါသည်။ အမရ်ဗင်အောက်စ် အဆိုအရ **مُخْبِتِيْن** ဟူသောစကားလုံးသည် အခြားသူများအပေါ်တွင် မမှန်မကန်မပြုလုပ်ပါ။ အကယ်၍ တစ်စုံတစ်ဦးက သူတို့အပေါ်၌ မမှန်မကန်ပြုလုပ်ပါက လက်စား ချေသောသူများဖြစ်ကြပါသည်။ စုဖ်ယန်က သတိမူမိသည်မှာ ထိုသူတို့သည် အလ္လာဟ်အရှင်ဆန္ဒတော်ပေါ်၌ ကျေနပ်ရောင့်ရဲကြပြီး စည်းစိမ်ချမ်းသာရသည်ဖြစ်စေ၊ ဒုက္ခဆင်းရဲရောက်သည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အခြေအနေများအားလုံးတို့နှင့် လိုက်လျောညီထွေစွာ နေထိုင်ကြပါသည်။

وَجِلَتْ قُلُوْبُهُمْ ၎င်းတို့၏ စိတ်နလုံးများသည် ထိတ်လန့်တုန်လှုပ်၍ သွားကြလေသည်။ **وجل** ၏အဓိပ္ပာယ်မှာ ခန့်ညားထည်ဝါပြီး နူးညံ့သိမ်မွေ့သောအရာတစ်ခုကြောင့် ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်သွားစေသည်ဟူ၍ဖြစ်ပါသည်။ ဤစကားလုံးများသည် ဘုရားတရား ကိုင်းရှိုင်းသောသူများ၏ အခြေအနေကို ဖော်ပြပါသည်။ ထိုသူများ၏ရှေ့၌ အလ္လာဟ်အရှင်မြတ်၏နာမတော်ကို ထုတ်ဖော်ပြောပြသည့်အချိန်တိုင်း အလွန်ကြီးမားသောထိတ်လန့် ကြောက်ရွံ့မှုက ထိုသူတို့အပေါ် လွှမ်းမိုးသွားပါသည်။

وَالْبُدْنَ جَعَلْنٰهَا لَكُمْ مِّنْ شَعَآئِرِ اللّٰهِ لَكُمْ" စင်စစ် ငါအရှင်မြတ်သည် ကုရ်ဗာနီကုလားအုတ်များကို အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်၏ (သာသနာ့)အထိမ်း အမှတ်များအနက် အထိမ်းအမှတ်တစ်ရပ်ပြုလုပ်တော်မူခဲ့၏။ (၂၂း၃၆) အစောပိုင်းက ရှင်းပြပြီးခဲ့သကဲ့သို့ شَعَآئِر အထိမ်းအမှတ်များ ဟူသည်မှာ ကျင့်စဉ်များနှင့် ခဝပ်ကိုးကွယ်မှုဆိုင်ရာအထူးပုံစံများဖြစ်ကြပါသည်။ထိုသည်များသည်အစွလာမ်ဘာသာ၏အထိမ်းအမှတ်များဖြစ်ပါသည်။ တိရစ္ဆာန်များကို ဇဗဟ်လုပ်ခြင်း ဆိုသည်မှာ လည်း ယင်းတို့အနက်မှ အမှတ်လက္ခဏာတစ်ခုဖြစ်ကာ၊ ယင်းလုပ်ရပ်ကို ပြဋ္ဌာန်းထားသော အလေးပေးမှုများနှင့် ပြုလုပ်ရပါမည်။

فَاذْكُرُوا اسْمَ اللّٰهِ عَلَيْهَا صَوَآفَّ"သို့ဖြစ်ပေရာ အသင်တို့သည် ယင်းကုရ်ဗာနီကုလားအုတ်များအပေါ်ဝယ် (၎င်းတို့အား) စိတန်းရပ်စေလျက် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို ရွတ်ဆိုတသ(၍ ကုရ်ဗာနီပြုလုပ်)ကြလေကုန်။

(၂၂း၃၆) **صواف** (စီတန်း မတ်တတ်ရပ်စေလျက်)ဟု အထက်တွင် အဓိပ္ပာယ်ပြန်ဆိုထားခဲ့သော) ဟူသော စကားလုံးသည် **مَصْفُوْفَة** ဟူသော စကားလုံးအတွက် သုံးစွဲထားကာ တန်းစီခြင်းဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗနိအုမရ်ﷺ၏အဆိုအရ အာယသ်တော်ဟာဆိုလိုသည်မှာ လှုံ့ဖြိတ်မည့်ကုလားအုတ်အား ခြေသုံးချောင်းပေါ်၌ မတ်တတ်ရပ် စေပြီး ရှေ့ခြေတစ်ချောင်းကိုမူ ကွေးကာ၊ ကြိုးတုပ်နှောင်ထားရပါမည်။ ဤသည်မှာ ကုလားအုတ်တစ်ကောင်အား လှုံ့ဖြိတ်ရာ၌ အကောင်းဆုံးနည်းလမ်းဖြစ်ကာ စွန့်တ်တော်နှင့်လည်း ညီညွတ် ပါသည်။ အခြားသော တိရစ္ဆာန်များကိုမူ လှုံ့လျောင်းသည့် အနေအထားတွင် လှုံးဖြိတ်ရပါမည်။ ယင်းသို့ပြုလုပ်ခြင်းသည် စွန့်နှသ်ဖြစ်ပါသည်။

فَاِذَا وَجَبَتْ جُنُوْبُهَا ထို့နောက် ယင်းကုရ်ဗာနီကုလားအုတ်များသည် ဘေးစောင်းလဲကျသွားသောအခါ **وَجَبَتْ** ပထမအရဗီ စကားလုံးအား **سَقَطَتْ** စကားလုံး၏ အဓိပ္ပာယ်အတိုင်း သုံးစွဲထားသည်။ ယင်းကဆိုလိုသည်မှာ တိရစ္ဆာန်လဲကျ၍ သေဆုံးသွားသည် ဟူ၍ဖြစ်ပါသည်။ **اَلْقَانِعَ وَ الْمُعْتَرَّ** (လက်ဖြန့်တောင်းခံခြင်း မပြုဘဲ) ရောင့်ရဲတင်းတိမ်(မှုဖြင့် သိက္ခာစောင့်စည်း)သူအား လည်းကောင်း၊ အစောပိုင်းအာယသ်ထဲ၌ ကုရ်ဗာနီပြုလုပ်ပြီးသော၊ တိရစ္ဆာန်များ၏ အသားစားပိုင်ခွင့်ရှိသောလူတို့အား **بَائِس فَقِيْر** ဟူသောစကားလုံးဖြင့် ဖော်ပြထားပါသည်။ အဓိပ္ပာယ်မှာ ဆင်းရဲပြီးတတ်စွမ်းနိုင်ခြင်းမရှိသောသူများ ဟူ၍ဖြစ်ပါသည်။ ဤစကားလုံးနှစ်လုံးအား **قَانِع** နှင့် **مُعْتَر** ဟူသော စကားလုံးတို့ဖြင့် ထပ်ဆင့်ရှင်းလင်းထားပါသည်။ **قَانِع** ဟူသောစကားလုံးက ဆင်းရဲသူဖြစ်ကာ တောင်းရမ်းခြင်းမပြုဘဲ နှင့် လူအများပေးသည်တို့ဖြင့် ရောင့်ရဲသောသူဟု ရည်ညွှန်းပါသည်။ **مُعْتَر** ဟူသောစကားလုံးက နှုတ်ဖြင့် ဖွင့်ဟ၍ တောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ၊ တစ်စုံတစ်ရာ ရရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် နေရာတစ်ခုသို့ သွားရောက်သူဟူ၍ ဖြစ်ပါသည်။ (မဇ်ဟိရီ)

ဟဇ္ဇ်၏ထူးခြား သည့် ကျင့်စဉ်များသည် စစ်မှန်သော ရည်ရွယ်ချက်မဟုတ်ပါ။
သို့ရာတွင် ထိုကျင့်စဉ်များတွင်ပါရှိသော အလ္လာဟ်အရှင်အား စစ်မှန်သောကိုးကွယ်မှုနှင့် အရှင်ဆန္ဒတော်ကို ရိုကျိုးခြင်းသည်သာ စစ်မှန်သော ရည်ရွယ်ချက် ဖြစ်ပါသည်။

لَنْ يَّنَالَ اللّٰهَ لُحُوْمُهَا အလ္လာဟ်အရှင်မြတ်အထံတော်သို့ ယင်းကုရ်ဗာနီသားကောင်၏ အသွေး၊ အသားများသည် အလျှင်း ရောက်ရှိသည်မဟုတ်ပေ။ ယင်းကဆိုလိုသည်မှာ တိရစ္ဆာန်များအား ကုရ်ဗာနီပြုလုပ်ခြင်းသည် ကိုးကွယ်မှုဆိုင်ရာ အလွန်မြင့်မားသော သဏ္ဌာန်ဖြစ်ပါသည်။ တိရစ္ဆာန်များ၏ အသွေး၊ အသားများသည် အလ္လာဟ် အရှင်မြတ်ထံတော်သို့ မရောက်ရှိသကဲ့သို့ ကုရ်ဗာနီ၏စစ်မှန်သော ရည်ရွယ်ချက်သည် ဤအရာနှစ်ခုမဟုတ်ပါ။ ကုရ်ဗာနီ၏စစ်မှန်သော ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို တသရွတ်ဆိုခြင်းနှင့် အရှင့်အမိန့်တော်များအား စစ်မှန်သောခဝ်ကိုးကွယ်မှုဖြင့် လိုက်နာလုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ဤဥပဒေသည် ခဝ်ကိုးကွယ်ခြင်းဆိုင်ရာ အခြားသော လုပ်ရပ်များနှင့်လည်း သက်ဆိုင်ပါသည်။ ပမာဆိုသော် ဆွလာသ်ဝတ်ပြုခြင်း၏ ရည်ရွယ်ချက်သည် ခြေလက်များလှုပ်ရှားရုံသာ မဟုတ်သကဲ့သို့ ရိဇာဉပုသ်ဆောက်တည်ခြင်း၏ ရည်ရွယ်ချက်သည် အစားစားခြင်းကို ငြင်းပယ်ရန် သက်သက်မဟုတ်ပါ။ ဤခဝ်ကိုးကွယ်မှုဆိုင်ရာ ကျင့်စဉ်များ၏ စစ်မှန်သော ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်၏ အမိန့်များကို ရိုးသားဖြူစင်စွာနာခံခြင်းပင် ဖြစ်သည်။ ဤခဝ်ကိုးကွယ်မှုဆိုင်ရာ ကျင့်စဉ်များ၌ ရိုးသားဖြူစင်မှု ကင်းမဲ့ နေပါက ဝိဉာဉ်မဲ့နေသော ခန္ဓာကိုယ်နှင့် တူပါသည်။ မည်သို့ပင်ဖြစ်ပါစေ ဤခဝ်ကိုးကွယ်ခြင်းဆိုင်ရာပုံစံများသည် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်က ခဝ်ကိုးကွယ်ခြင်းဆိုင်ရာ

ပုံစံအမျိုးမျိုးတို့အား ပြဋ္ဌာန်းတော်မူခဲ့ပါသည်။ အလ္လာဟ်အရှင်သာ အကောင်းဆုံးသိတော်မူပါသည်။ واللهُ اعلم

အာယသ် (၃၈)

إِنَّ اللَّهَ يُدَافِعُ عَنِ الَّذِينَ آمَنُوا ۗ إِنَّ اللَّهَ لَا يُحِبُّ كُلَّ خَوَّانٍ كَفُورٍ ﴿٣٨﴾

ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သော သူတို့မှ (မုရှ်ရစ်က်တို့၏ ဘေးအန္တရာယ်များကို) တွန်းလှန်ပယ်ရှားတော်မူမည်။ [(တစ်နည်း) မုအ်မင်န် သက်ဝင်ယုံကြည်သောသူတို့ဘက်မှ (မုရှ်ရစ်က်တို့၏ ဘေးအန္တရာယ်များကို) ခုခံကာကွယ်တော်မူမည်။] ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မည်သည့် သွေဖည် ငြင်းပယ်သော သစ္စာဖောက်သူကိုမျှ နှစ်သက်တော်မူသည် မဟုတ်ပေ။[၃၈]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်များထဲ၌ မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်သူတို့က တမန်တော်မြတ်ﷺနှင့် ဆွဟာဗဟ် ﷺ တို့အား အုပ္ပရာဟ်ပြုရန်အတွက် ဟရမ်ပရဝုဏ်အတွင်းထဲသို့လည်းကောင်း၊ မြင့်မြတ်သော ဗလီဝတ်ကျောင်းတော် အတွင်းသို့လည်းကောင်း မည်သို့တားဆီးခဲ့ပုံနှင့်၊တမန်တော်မြတ်ﷺနှင့် အဖွဲ့တို့သည် အဲရာမ်ဝတ်ဆင်ထားကာ မက္ကာဟ်မြို့နှင့် သိပ်မဝေးသော ဟုဒိုင်ဗီယာသို့ ရောက်ခဲ့သည့်အကြောင်း ဖော်ပြခဲ့သည်။ ဤအာယသ်ထဲ၌ အလ္လာဟ်တအာလာက မယုံကြည်သွေဖည်သူတို့ မုစ်လင်မ်များအား နောင်တွင် မည်သည့်အခါမျှ အန္တရာယ်မပေးနိုင်စေရန် ထိုသူတို့ အစွမ်း၊ အာဏာများကို ရုပ်သိမ်းတော်မူမည် ဟူသောကတိဖြင့် နှစ်သိမ့်ထားပါသည်။ ဖော်ပြပါ အဖြစ်အပျက်သည် ဟိဂျ်ရီ ၆-ခုနှစ်တွင် ဖြစ်ပျက်ခဲ့ပါသည်။ ထိုအချိန်မှစတင်၍ မယုံကြည်သွေဖည်သူများ၏ အစွမ်း၊ အာဏာနှင့် စိတ်ဓာတ်တို့သည်၊ တဖြည်းဖြည်းယိုယွင်းလာကာ ဟိဂျ်ရီ ၈-ခုနှစ်၌ မုစ်လင်မ်များက မက္ကာဟ်မြို့တော်အား သိမ်းပိုက်အောင်နိုင်ခဲ့ပါသည်။ နောက်လာမည့် အာယသ်များထဲ၌ ဤအဖြစ်အပျက်၏ အသေးစိတ်တို့ပါဝင်ပါသည်။

အာယသ် (၃၉-၄၁)

أُذِنَ لِلَّذِينَ يُقَاتَلُونَ بِأَنَّهُمْ ظُلِمُوا ۚ وَإِنَّ اللَّهَ عَلَىٰ نَصْرِهِمْ لَقَدِيرٌ ﴿٣٩﴾
الَّذِينَ أُخْرِجُوا مِن دِيَارِهِم بِغَيْرِ حَقٍّ إِلَّا أَن يَقُولُوا رَبُّنَا اللَّهُ ۗ وَلَوْلَا
دَفْعُ اللَّهِ النَّاسَ بَعْضَهُم بِبَعْضٍ لَّهُدِّمَتْ صَوَامِعُ وَبِيَعٌ وَصَلَوَاتٌ وَ
مَسَاجِدُ يُذْكَرُ فِيهَا اسْمُ اللَّهِ كَثِيرًا ۗ وَلَيَنصُرَنَّ اللَّهُ مَن يَنصُرُهُ ۗ إِنَّ اللَّهَ
لَقَوِيٌّ عَزِيزٌ ﴿٤٠﴾ الَّذِينَ إِن مَّكَّنَّاهُمْ فِي الْأَرْضِ أَقَامُوا الصَّلَاةَ وَآتَوُا
الزَّكَاةَ وَأَمَرُوا بِالْمَعْرُوفِ وَنَهَوْا عَنِ الْمُنكَرِ ۗ وَلِلَّهِ عَاقِبَةُ الْأُمُورِ ﴿٤١﴾

(ယခုသော်) တိုက်ခိုက်ခြင်းခံနေကြရသော (မုစ်လင်မ်)တို့သည် (ခုခံ တိုက်ခိုက်) ခွင့် ရရှိလေပြီ။ အကြောင်းမူကား ၎င်းတို့သည် နာဝီစက်ညှဉ်းပန်းခြင်းကို ခံခဲ့ကြရလေသည်။ ၎င်းပြင် ဇကန်မလွဲအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကူညီ စောင်မနိုင်စွမ်း ရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[၃၉] အကြင်သူသည် ကျွန်ုပ်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်ကား အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုကြခြင်းမှတစ်ပါး (မည်သည့် အကြောင်းမျှမရှိဘဲ) မတရားသဖြင့် မိမိတို့နေအိမ်များမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရရာလေသည်။ စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည် လူတို့အား တစ်ဦးကိုတစ်ဦးဖြင့် ကာကွယ်တော်မူခြင်းမရှိပါမူ ခရစ်ယာန် ဘုန်းတော်ကြီးကျောင်းများသည်လည်းကောင်း၊ ခရစ်ယာန်ဝတ်ကျောင်းများသည် လည်းကောင်း၊ ယဟူဒီဝတ်ကျောင်းများသည် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ နာမံတော်များကို များပြားစွာ ရွတ်ဆိုလျက်ရှိသော မုစ်လင်မ်တို့၏ဗလီ ဝတ်ကျောင်းများသည်လည်းကောင်း ဖြိုဖျက်ခြင်း ခံကြရမည်အမှန်ပင်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်မြတ်အား ကူညီသောသူကို မုချကူညီတော်မူမည် ဖြစ်ပေသည်။ ဇကန်မလွဲအလ္လာဟ်အရှင်မြတ်သည် အင်အားပြည့်စုံတော်မူသောအရှင်၊ တန်ခိုး အာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၄၀]

အကြင်သူတို့သည် အကယ်၍ ငါအရှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ် လွှမ်းမိုးအုပ်စိုးမှုကို ပေးတော်မူခဲ့ပါလျှင် ၎င်းတို့သည် ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြပေမည်။ ၎င်းပြင် ဇကာတ်ကိုလည်း ပေးဆပ်ကြပေမည်။ ကောင်းမြတ်သော ကိစ္စများကိုလည်း အမိန့် ပေးကြပေမည်။ မကောင်းမှုများမှလည်း တားမြစ်ကြပေမည်။ အမှန်သော်ကား အရေးကိစ္စ(အလုံးစုံ)တို့၏နောက်ဆုံးအကျိုးသည် အလ္လာဟ်အရှင်မြတ် အထံတော်၌သာ ရှိပေသည်။[၄၁]

အကျယ်ဖွင့်ဆိုခြင်း

မယုံကြည်သွေဖည်သူတို့ကို တိုက်ခိုက်ရန်အတွက်ပေးသော ပထမဦးဆုံးအမိန့်

မက္ကာမြို့ရှိ မယုံကြည်သွေဖည်သူများသည် မုစ်လင်မ်များအပေါ် ၎င်းတို့၏ ကျူးလွန် ညှဉ်းပန်းမှုများကို အရှိန်အဟုန်တိုး၍ လုပ်ဆောင်လာကြပါသည်။ ၎င်းနောက် ထိုမယုံကြည်သွေဖည်သူများ၏ နာဝီစက်မှုဒဏ်ရာများဖြင့် လူအများ မဒီနာဟ်သို့ နေ့စဉ် ရောက်ရှိလာကြသည်၊ ဟဂျ်ရသ်မတိုင်မီ အချိန်အခါတုန်းက မယုံကြည်သွေဖည်သူများ၏ စဉ်ဆက်မပြတ် ညှဉ်းပန်းနာဝီစက်မှုကို ခုခံကာကွယ်ရန်အတွက် တမန်တော်မြတ်ﷺထံ လာရောက်ခွင့်တောင်းသော သက်ဝင်ယုံကြည်သူတို့၏ အရေအတွက်သည် သိသိသာသာ တိုးပွားလာပါသည်။ သို့ရာတွင် တမန်တော်မြတ်ﷺက ထိုသူတို့ကို သည်းခံရန် အကြံပြုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ထိတိုင်အောင် မယုံကြည်သွေဖည်သူများအား လက်နက်စွဲကိုင် တွန်းလှန်ရန်ဆိုသည့် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ကို တမန်တော်မြတ်ﷺသခင် မရရှိသေးပါ။ ဤအခြေအနေသည် (၁၀)နှစ်တိုင် ကြာခဲ့ပါသည်။ (ကုရ်တွဗီ)

အဆုံး၌ အခြေအနေသည် အလွန်ဆိုးရွားလာခဲ့သောကြောင့် တမန်တော်မြတ်ﷺသည် မက္ကာဟ်မြို့မှ စွန့်ခွာရန်မှအပ ရွေးချယ်ရန်မရှိတော့ပါ။ တမန်တော်မြတ်ﷺသည် စိုက်ယိဒိနာအဗူဗကရ်ﷺသခင်နှင့်အတူ ခရီးထွက်ခွာစဉ်က မိန့်သည်မှာ اخرجوا نبيّهم ليهلكنّ (ထိုသူများသည် သူတို့၏ တမန်တော်အား နှင်ထုတ်ခဲ့ကြလေပြီ။ ၎င်းတို့ပျက်စီးမည့် အချိန်လည်း ရောက်လာပါတော့မည် ဟူ၍ဖြစ်သည်။ တမန်တော်မြတ်ﷺ မဒီနာဟ်မြို့သို့ ရောက်ပြီးသောအခါ၌ မယုံကြည်သွေဖည်သူများအား လက်နက်စွဲကိုင် တော်လှန်ရန်ခွင့်ပြုသည့် ဤအာယသ် ကျရောက်ခဲ့သည်။ (رواه النسائي والترمذي عن ابن عباس) ကုရ်တွဂ်ဗီ)

စိုက်ယိဒိနာ အိဝန်အဗ္ဘာစ်၏ ခိုင်လုံမှုအရ သိရှိမိဇီ၊ နဆာအီ၊ အိဝန်မာဂျ၊ အိဝန်ဟိဗ္ဗာန်၊ ဟာကင်မ်နှင့် အခြားသူများက တင်ပြကြသည်မှာ ဤအာယသ်သည် မယုံကြည်သွေဖည်သူများအား ခုခံတော်လှန်ရန် မုစ်လင်မ်များအား ခွင့်ပြုခဲ့သော ပထမဦးဆုံး အာယသ်တော်ဖြစ်ပါသည်။ ဤအာယသ်တော်အလျင်ကျခဲ့သော အာယသ်တော် ၇၀ များထဲ၌ လက်နက်စွဲကိုင်တော်လှန်ခြင်းကို တားမြစ်ထားခဲ့ပါသည်။

ဂျိဟာဒ်စစ်ပွဲနှင့် မယုံကြည်သွေဖည်သူများနှင့် ရင်ဆိုင်ခဲ့သောစစ်ပွဲများ၏ နောက်ကွယ်ရှိ ဒဿန။

وَ لَوْ لَا دَفْعُ اللّٰهِ النَّاسَ "အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူတို့အား တစ်ဦးကိုတစ်ဦးဖြင့် ကာကွယ်တော်မူခြင်း မရှိပါမူ" (၂၂း၄၀) အကယ်၍ အလ္လာဟ်အရှင်သည် လူအချို့တို့ကို အခြားသောသူတို့က တွန်လှန်ဖယ်ရှားပစ်ခြင်း မရှိပါလျှင်၊ အလ္လာဟ်အရှင်၏နာမတော်ကို မြောက်မြားစွာဖတ်ရွတ်သရဇ္ဈာယ်နေကြသော၊ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်တို့၏ ကျောင်းများ ယဟူဒီတို့၏ ဝတ်ပြုရာနေရာများနှင့် မုစ်လင်မ်တို့၏ ဗလီဝတ်ကျောင်းတော်များသည် ဖျက်ဆီးခြင်း ခံရပါလိမ့်မည်။ မယုံကြည်သွေဖည်သူများအား လက်နက်စွဲကိုင် တိုက်ခိုက်ရန်ဆိုသည့် အမိန့်သည် အသစ်အဆန်း မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် အစောပိုင်းက တမန်တော်များနှင့် ၎င်းတို့၏နောက်လိုက်များသည်လည်း ဤကဲ့သို့သောအမိန့်ကို အလ္လာဟ်အရှင်မြတ်ထံတော်မှ ရရှိခဲ့ကြသည်။ ၎င်းနောက် ဤအမိန့်၏နောက်ကွယ်ရှိ ဒဿနမှာ လက်နက်စွဲကိုင် တော်လှန်မှုမပြုပါက မည်သည့်ဘာသာတရားမျှ လုံခြုံမည်မဟုတ်ပါ။ ၎င်းပြင် ထိုဘာသာတရားတို့၏ ခဝပ်ကိုးကွယ်မှုပြုလုပ်သည့်နေရာများသည်လည်း မယုံကြည် သွေဖည်သူများ၏ ဖျက်ဆီးခြင်းကို ခံရလိမ့်မည်။

အလ္လာဟ်တစ်ပါးတည်းသာ ကိုးကွယ်ခြင်းဆိုသည့် အုတ်မြစ်ကိုချကာ ဝဟီနည်းဖြင့် တည်ဆောက်ထားသော မြောက်မြားစွာသော ဘာသာတရားများ ရှိပါသည်။ အချိန်ကြာမြင့်လာသောအခါ၌ ထိုဘာသာတရားများ၏ အခြေခံတို့ ပြောင်းလဲလာခဲ့ကြကာ မြောက်မြားစွာသော ပြင်ဆင်ပြောင်းလဲမှုများ ထည့်သွင်းခြင်း ခံရသောကြောင့် ထိုဘာသာတရားများသည် မယုံကြည်သွေဖည်ခြင်းနှင့် ဘုရားအများ ကိုးကွယ်ခြင်းဆီသို့ ပြောင်းလဲသွားကြသည်။ သို့ရာတွင် ဤကဲ့သို့သော ကိစ္စရပ်များ မပေါ်ပေါက်မီအလျင်က များစွာသော စစ်မှန်သော ဘာသာတရားများ ရှိခဲ့ကြပါသည်။ ၎င်းနောက် ထိုဘာသာတရားများ၏ ခဝပ်ကိုးကွယ်ရာနေရာများကို ရှိသေခြင်းနှင့် ခုခံကာကွယ်ခြင်းတို့သည် ထိုဘာသာတရား၏ နောက်လိုက်များ တာဝန်ဖြစ်ပါသည်။ ဤအာယသ်သည် ထိုကဲ့သို့သော ခဝပ်ကိုးကွယ်သည့်နေရာများကိုသာ ရည်ညွှန်းပါသည်။ ၎င်းနောက် ယင်းထဲ၌ တမန်တော်နှင့် ဝဟီတို့ဖြင့် တည်ဆောက်ထားခြင်းမရှိသော ဘာသာတရားများ၏ ထွတ်မြတ်သောနေရာများ အကျုံးမဝင်ပါ။ (ပမာဆိုသော် မီးကိုကိုးကွယ်သော မေဂျီယံများ၊ ရုပ်တု ကိုးကွယ်သော ဟိန္ဒူများ) အဘယ်ကြောင့်ဆိုသော် ထိုနေရာများအား အရှိအသေပေးရန် မထိုက်ဟု ယူဆပါသည်။ ဤအာယသ်

ပါ صَوَامِعُ သည် صومعه ၏ ဗဟုဝုစ်ကိန်းဖြစ်ကာ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ရသေ့များ ခဝပ်ကိုးကွယ်မှု ပြုလုပ်သည့် ဘုန်းတော်ကြီးကျောင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ၎င်းနောက် بِيَعٌ သည် بيعة ၏ ဗဟုဝုစ်ကိန်း ဖြစ်ကာ ခရစ်ယာန်ချာချ်ကျောင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ صلوت သည် صَلُوت၏ ဗဟုဝုစ်ကိန်းဖြစ်ကာ ဂျူးဝတ်ကျောင်းတော်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ၎င်းနောက် مساجد ဆိုသည်မှာ မုစ်လင်မ်များ ဝတ်ပြုရာ ဗလီဝတ်ကျောင်းတော် ဖြစ်ပါသည်။

ဤအာယသ်ကဆိုလိုသည်မှာ မတူညီသော အခါသမယများတွင်ရှိသော ယုံကြည်သက်ဝင်သူတို့အား မယုံကြည်သူများနှင့် စစ်ခင်းရန် ခွင့်မပြုခဲ့ပါက မည်သည့်စစ်မှန်သော ဘာသာတရားမျှလုံခြုံစိတ်ချစွာ ရှိနေခဲ့မည် မဟုတ်ပါ။ ၎င်းနောက် စိုက်ယိဒိနာမူစာ ﷺ စိုက်ယိဒိနာ(အီစာ)ﷺနှင့် တမန်တော်မြတ်ﷺတို့၏ မတူညီသောအချိန်များတွင်ရှိ ၎င်းတို့ဘာသာတရားများသည်လည်း ဖျက်ဆီးခြင်း ခံရပါလိမ့်မည်။ (ကုရ်တူဗီ)

ဖြောင့်မတ်မှန်ကန်စွာ ညွှန်ကြားခြင်းခံရသော ခလီဖတ်များ(خلفاء راشدين)နှင့်ပတ်သက်သော ကုရ်အာန်ကျမ်းတော်မြတ်၏ ကြိုတင်ဟောကိန်းများနှင့် ယင်းတို့၏ပေါက်မြောက်အောင်မြင်မှု

"اَلَّذِيْنَ اِنْ مَّكَّنّٰهُمْ فِى الْاَرْضِ အကြင်သူတို့သည် အကယ်၍ ငါအရှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ် လွှမ်းမိုးအုပ်စိုးမှုကို ပေးတော်မူခဲ့ပါလျှင် (၂၂း၄၁) ဤအာယသ်ပါ الذين (ထိုသူများ)ဟူသော စကားလုံးက ပြီးခဲ့သောအာယသ်ပါ اَلَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ بِغَيْرِ حَقٍّ အကြင်သူတို့သည် မတရားသဖြင့် မိမိတို့နေအိမ်များမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရရှာလေသည်။ (၂၂း၄၀)ပါ လူများအား ရည်ညွှန်းပါသည်။ ထိုကဲ့သို့သောသူများကို ရည်ညွှန်းကာ အာယသ်တော်က မိန့်ကြားသည်မှာ အကယ်၍သာ ထိုသူများအား ဤကမ္ဘာလောကကြီးအား အုပ်ချုပ်စေပါက ထိုသူတို့သည် ကောင်းမှုကောင်းရာ လုပ်ရပ်များတိုးပွားစွာ လုပ်ဆောင်စေခြင်း၊ ဆွလာသ်ဝတ်ပြုမှုများ လုပ်ဆောင်စေခြင်း၊ ဇကာသ်များပေးဆောင်စေခြင်း၊ လူအများအား ကောင်းမှုကောင်းရာ လုပ်ရန်ညွှန်ကြားခြင်းနှင့် မကောင်းမှုလုပ်ရပ်များမှ တားမြစ်ခြင်းတို့ကို ပြုလုပ်ပါလိမ့်မည်။ ဤအာယသ်များသည် မုစ်လင်မ်များ ကမ္ဘာပေါ်ရှိ မည်သည့်နေရာကိုမျှ လွှမ်းမိုးနိုင်ခြင်းမရှိသော အချိန် ဟိဂျ်ရသ်ပြုပြီးကာစအချိန်တွင် ကျရောက်ခဲ့သည်ဆိုကြောင်း ဖော်ပြပြီးဖြစ်ပါသည်။ ဤသည်၏ဆိုလိုရင်းမှာ အနာဂတ်ကာလ၏ တစ်ချိန်ချိန်တွင် ဤသူများသည် အာဏာရရှိလာကာ အစိုးရအဖွဲ့များဖွဲ့ပြီး ဤအာယသ်တွင်ဖော်ပြသည့်အတိုင်း အစွလာမ်ဘာသာအား အလုပ်အကျွေးပြုကြလိမ့်မည်ဟု အလ္လာဟ်အရှင်က ကြိုတင်အသိပေးခြင်းဖြစ်ပါသည်။ ဤအာယသ်ကို ရည်ညွှန်းလျက် စိုက်ယိဒိနာအုဆ်မာန်ﷺက ثناء قبل بلاء ဟူ၍ ပြောခဲ့လေသည်။ ဆိုလိုသည်မှာ ထိုသူများအမှန်တကယ် ချီးမွမ်းထိုက်သည့်လုပ်ရပ်များ မလုပ်မီအလျင်ကပင် ဤအာယသ်တော်က ထိုသူများကို ချီးမွမ်းထားပါသည်။ အချိန်တန်သောအခါ၌ ဤကြိုတင်ဟောကိန်း မှန်ကန်ခဲ့သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က اَلَّذِيْنَ اُخْرِجُوْا "ထိုသူတို့သည် မတရားသဖြင့် မိမိတို့နေအိမ်များမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရရှာလေသည်။(၂၂း၄၀)ဟူသော စကားလုံးများဖြင့် ဖော်ထုတ်ပြသခဲ့သော ဖြောင့်မတ်မှန်ကန်စွာ လမ်းညွှန်ခြင်း ခံရသော ခလီဖတ်ကြီးလေးပါးနှင့်အတူ မက္ကဟ်မြို့မှ မိဂျာဟိဒ်ဒီးန် (ပြောင်းရွှေ့နေထိုင်သူများ)သည် အစိုးရအဖွဲ့ဖွဲ့ကာ သူတို့၏ အာဏာစက်ကို အလွန်ကျယ်ပြန့်သော နေရာများအထိ ဖြန့်ကျက်လျက် သူတို့၏ ဩဇာအာဏာကို ဆွလာသ်ဝတ်ပြုမှုများ လုပ်ဆောင်စေခြင်း၊ ဇကာသ်ဒါနပေးဝေလှူခြင်းစနစ်ကို အားဖြည့်ခြင်းနှင့် မကောင်းမှုကို တားမြစ်၍ ကောင်းရာလုပ်ရန် ညွှန်ကြားခြင်းတို့ကို ကျင့်သုံးခဲ့ပါသည်။ များစွာသောပညာရှင်တို့က ခလီဖတ်လေးပါး အာဏာရလာ

မှုသည် အလ္လာဟ်အရှင့်ကြိုတင်ဟောကိန်း တိုက်ရိုက်မှန်ကန်ကြောင်း ရှင်းလင်းသည့် သက်သေပြချက်ဖြစ်သည် ဆိုသော အယူအဆရှိကြပါသည်။ ၎င်းနောက် ခလီဖတ်များ၏ အုပ်ချုပ်ရေးစနစ်သည် အလ္လာဟ်အရှင်၏ ဆန္ဒတော်နှင့် အညီ တည်ဆောက်ထားပါသည်။ (ရှလ်ဟုမအာနီ)

ဤအာယသ်ကျရောက်စေသည့် အဖြစ်အပျက်မှန် အခြေအနေများအကြောင်း ဆွေးနွေးပြီးသည့်နောက် တစ်ချိန်တည်းမှာပင် အလေးအနက်ပြုရမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က ယေဘုယျစကားလုံးများနှင့် စာစုများ သုံးစွဲထားမှုကြောင့် ယင်းတွင်ပါရှိသော ရည်ရွယ်ချက်သည် သီးသန့်အခြေအနေ တစ်ရပ်အတွက်သာ ကန့်သတ်ထားသည်မဟုတ်ဘဲ စကြဝဠာလုံးဆိုင်ရာ အလားတူ အခြေအနေများအတွက်ကိုလည်း ရည်ညွှန်းပါသည်။ ဤကဲ့သို့သော ဆင်ခြင်တုံတရားအရ ဒါဟတ်က်(ﷺ)က ပြောသည်မှာ ဤအာယသ်ထဲ၌ အလ္လာဟ်အရှင်က အုပ်ချုပ်မှုအခွင့်အာဏာပေးထားသော လူတိုင်းသည် ခလီဖတ်ကြီးလေးပါး အုပ်ချုပ်စဉ်က လုပ်ဆောင်ခဲ့သကဲ့သို့ ကိစ္စရပ်တိုင်းအား ထိုနည်းအတိုင်း လုပ်ဆောင်ရမည်ဟူသော အမိန့်ပညတ်ချက်တစ်ခု ပါဝင်ပါသည်။ (ကုရ်တွဗီ)

အာယသ် (၄၂-၅၁)

وَاِنْ يُّكَذِّبُوْكَ فَقَدْ كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ وَّعَادٌ وَّثَمُوْدُ ﴿٤٢﴾ وَقَوْمُ اِبْرٰهِيْمَ
وَقَوْمُ لُوْطٍ ﴿٤٣﴾ وَّاَصْحٰبُ مَدْيَنَ ۚ وَكُذِّبَ مُوْسٰى فَاَمْلَيْتُ لِلْكٰفِرِيْنَ ثُمَّ
اَخَذْتُهُمْ ۚ فَكَيْفَ كَانَ نَكِيْرِ ﴿٤٤﴾ فَكَاَيِّنْ مِّنْ قَرْيَةٍ اَهْلَكْنٰهَا وَهِيَ
ظَالِمَةٌ فَهِيَ خَاوِيَةٌ عَلٰى عُرُوْشِهَا وَبِئْرٍ مُّعَطَّلَةٍ وَّقَصْرٍ مَّشِيْدٍ ﴿٤٥﴾ اَفَلَمْ
يَسِيْرُوْا فِى الْاَرْضِ فَتَكُوْنَ لَهُمْ قُلُوْبٌ يَّعْقِلُوْنَ بِهَآ اَوْ اٰذَانٌ يَّسْمَعُوْنَ
بِهَا ۚ فَاِنَّهَا لَا تَعْمَى الْاَبْصَارُ وَلٰكِنْ تَعْمَى الْقُلُوْبُ الَّتِىْ فِى الصُّدُوْرِ
﴿٤٦﴾ وَيَسْتَعْجِلُوْنَكَ بِالْعَذَابِ وَلَنْ يُّخْلِفَ اللّٰهُ وَعْدَهٗ ۗ وَاِنَّ يَوْمًا عِنْدَ
رَبِّكَ كَاَلْفِ سَنَةٍ مِّمَّا تَعُدُّوْنَ ﴿٤٧﴾ وَكَاَيِّنْ مِّنْ قَرْيَةٍ اَمْلَيْتُ لَهَا وَهِيَ
ظَالِمَةٌ ثُمَّ اَخَذْتُهَا ۚ وَاِلَىَّ الْمَصِيْرُ ﴿٤٨﴾ قُلْ يٰٓاَيُّهَا النَّاسُ اِنَّمَآ اَنَا لَكُمْ
نَذِيْرٌ مُّبِيْنٌ ﴿٤٩﴾ فَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ مَّغْفِرَةٌ وَّرِزْقٌ
كَرِيْمٌ ﴿٥٠﴾ وَالَّذِيْنَ سَعَوْا فِىْٓ اٰيٰتِنَا مُعٰجِزِيْنَ اُولٰٓئِكَ اَصْحٰبُ الْجَحِيْمِ ﴿٥١﴾

စင်စစ်အကယ်၍ ၎င်းတို့သည် အသင့်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြပါလျှင် (ယင်းသို့ငြင်းပယ်ခြင်းကား အထူးအဆန်းမဟုတ်ပေ)။ ဇကာန် မလွဲထိုသူတို့ထက်အလျင် (နဗီတမန်တော်)နှုတ်၏ အမျိုးသားတို့သည်လည်းကောင်း၊ အာဒ်၏အမျိုးသားတို့သည်

လည်းကောင်း၊ ဆမူဒ်၏အမျိုးသားတို့သည် လည်းကောင်း မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြပြီး ဖြစ်သည်။[၄၂] ထိုနည်းတူစွာ (နဗီတမန်တော်) အီဗ်ရာဟီမ်၏ အမျိုးသားတို့သည်လည်းကောင်း၊ (နဗီတမန်တော်) လူတွ်၏ အမျိုးသားတို့သည်လည်းကောင်း။[၄၃] မဒ်ယန်မြို့သားတို့သည်လည်းကောင်း၊ (ငြင်းပယ်ခဲ့ကြကုန်၏)။ ထိုမှတစ်ပါး (နဗီ တမန်တော်) မူစာသည်လည်း (Copt အမျိုးသားတို့ဘက်မှ) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်းကို ခံခဲ့ရလေသည်။ ထိုအခါ ငါအရှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အား (ပြစ်ဒဏ်ခတ်ခြင်းမှ ခေတ္တ)ရွှေ့ဆိုင်းထားတော်မူခဲ့၏။ ထို့နောက် ငါအရှင် မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့ရှိခဲ့ဘိသနည်း။[၄၄] စင်စစ် မြောက်များစွာသော မြို့ရွာများကို ငါအရှင်မြတ်သည် ယင်းမြို့၊ ရွာ(သား)များ မတရားကျူးလွန်သူများ ဖြစ်နေကြစဉ် ဖျက်ဆီးတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ယင်းမြို့ရွာများ(ရှိ တိုက်တာ အိမ်ဂေဟာအစရှိသော အဆောက်အအုံများ ပြိုကျကာ နံရံများ)မှာ ယင်းအဆောက်အအုံများ၏ ခေါင်မိုးများပေါ်သို့ ပြိုကျ(ပျက်စီး)လျက် ရှိနေပေသည်။ ထို့ပြင် များစွာသော ပျက်စီးနေသည့် ရေတွင်းများသည်လည်းကောင်း၊ မြင့်စွင့်သော တိုက်တာအိမ် ဂေဟာအစရှိသည့် အဆောက်အအုံများသည် လည်းကောင်း၊ (ယခုတိုင်အောင် လက်ငုတ်လက်စအဖြစ်) ကျန်ရှိနေသေး၏။[၄၅]

သို့ပါလျက် ၎င်းတို့သည် ပထဝီမြေဝယ် လှည့်လည်သွားလာမှုကို မပြုခဲ့ကြလေသလော။ သို့ပြုခဲ့ကြလျှင် ထိုသူတို့၌ နားလည်နိုင်သော စိတ်နလုံးများသော်လည်းကောင်း၊ ကြားနိုင်သောနားများသော်လည်းကောင်း၊ ရှိလာကြပေမည်။ အကြောင်းမူကား မျက်စိများသည် ကန်းသွားကြသည် မဟုတ်ပေ။ စင်စစ်မှာကား ရင်များ၌ရှိသော စိတ်နလုံးများသည်သာလျှင် ကန်းသွားလေ့ရှိကြသတည်း။[၄၆]

၎င်းပြင် ထိုသူတို့သည် အသင့်ထံ (လာရောက်ကြ၍) ပြစ်ဒဏ်ကို အဆောတလျင်တောင်းဆိုကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိကတိကို အလျှင်းမျက်ကွက်တော်မူမည် မဟုတ်ပေ။ ၎င်းပြင် ဇကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်၌ နေ့တစ်နေ့သည် အသင်တို့ရေတွက်ကြသော အနှစ်တစ်ထောင်ကဲ့သို့ပင် ဖြစ်ပေသည်။[၄၇] စင်စစ် မြောက်များစွာသော မြို့ရွာများရှိ၏။ ငါအရှင်မြတ်သည် ထိုမြို့ရွာ(သား)တို့ကို ပြစ်မှုကျူးလွန်သူများ ဖြစ်နေကြစဉ် (ပြစ်ဒဏ်ခတ်ခြင်းမှ) ရွှေ့ဆိုင်း တော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်းမြို့(သား)တို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ၎င်းပြင် (ထိုသူတို့အားလုံးသည်) ငါအရှင်မြတ်အထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြမည် ဖြစ်ချေသတည်း။[၄၈]

(အိ-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ၊ အို-လူသား အပေါင်းတို့၊ ငါသည် အသင်တို့အဖို့ ထင်ရှားစွာ သတိပေး နှိုးဆော်သူတစ်ဦးမျှ ဖြစ်ပေသည်။[၄၉]

သို့ဖြစ်ရာ သက်ဝင်ယုံကြည်ခဲ့ကြသော၊ ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ကြကုန်သော သူတို့အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လ ည်းကောင်း၊ မြင့်မြတ်သော စားနပ်ရိက္ခာသည် လည်းကောင်း ရှိချိမ့်မည်။[၅၀] သို့ရာတွင် ငါအရှင်မြတ်၏ သက်သေ လက္ခဏာတော်များ နှင့် စပ်လျဉ်း၍ (နဗီတမန်တော်မြတ် အားလည်းကောင်း၊ မုစ်လင်မ်တို့အားလည်းကောင်း နှိမ်နင်းရန် (ရှုံးနိမ့်စေရန်) ကြိုးပမ်း (ဆောင်ရွက်)သူတို့မူကားထိုသူတို့သည်ပင်လျှင်ငရဲသားများဖြစ်ကြကုန်သတည်း။[၅၁]

အကျယ်ဖွင့်ဆိုခြင်း

ကိစ္စရပ်များနှင့်ပတ်သက်သော ထိုးထွင်းဉာဏ်ရရှိရန်နှင့် အတိတ်ဖြစ်ရပ်များမှ သင်ခန်းစာများ ရရန်အလို့ငှာ ခရီးသွား ခြင်းသည် ဘာ့သာရေးဆိုင်ရာ မျှော်မှန်းချက်များမှ တစ်ခုဖြစ်သည်

أَفَلَمْ يَسِيرُوا۟ فِى ٱلْأَرْضِ فَتَكُونَ لَهُمْ قُلُوبٌ "သို့ပါလျှင် ၎င်းတို့သည် ပထဝီမြေပေါ်တွင် လှည့်လည်သွား လာမှု မပြုခဲ့ကြလေသလော။ သို့ဖြစ်ခဲ့လျှင် ထိုသူတို့၌ နားလည်နိုင်သော စိတ်နလုံးသည်လည်းကောင်း (၂၂း၄၆)" ဤအာယသ်က ခရီးသွားခြင်းကို အားပေးသည်။ ခရီးသွားရာတွင် ခရီးသည် သူမျက်လုံးကို ကျယ်ကျယ်ဖွင့်၍ သမိုင်း သင်ခန်းစာကို နလုံးသွင်းရမည်။ فَتَكُونَ لَهُمْ قُلُوبٌ "သို့ပြုခဲ့ကြလျှင် ထိုသူတို့၌ နားလည်နိုင်ကြသော စိတ်နလုံးများ ရှိလာပေမည်" (၂၂း၄၀)" ဟူသော စကားစုက အကြံပြုသည်မှာ လူတစ်ဦးသည် လွန်လေပြီးသောအခါသမယ၏ သမိုင်းများကို ဂရုတစိုက်လေ့လာခြင်းနှင့် ကမ္ဘာပေါ်တွင် အမျိုးမျိုးသောခေတ်တွင် နေထိုင်ခဲ့ကြသည့် လူများ၏ အဖြစ်အပျက်များကို လေ့လာခြင်းတို့ဖြင့် ထိုသူသည် အသိ ဉာဏ်ပညာရရှိနိုင်သည်။ သမိုင်း၏အဖြစ်အပျက်တိုင်းတွင် ထိုးထွင်းဉာဏ်ပညာရှိသူတစ်ဦးအတွက် သင်ခန်းစာတစ်ခု ပါရှိသည်။ ယင်းသူက သမိုင်းသည်အဖြစ်အပျက်များနှင့် အကြောင်းအရာများကို မှတ်တမ်းတင်ရုံ သက်သက်ဖြစ်သည်ဟု မမှတ်ယူကြချေ။ မာလိက်အိဗနိဒီနာရ်ﷺကို ကိုးကား၍ အိဗနိအဗီဟာသင်မ်က သူ၏ကျမ်း التفكر တွင် ရေးသားသည်မှာ အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာ မူစာﷺကို သံဖိနပ်စီး၍ လက်တွင် သံဖြင့်လုပ်သည့် တောင်ဝှေးစွဲကိုင်ကာ သံဖိနပ်များဟောင်းနွမ်း၍ သံတောင်ဝှေး ကျိုးပဲ့သည့် တိုင် ကမ္ဘာတစ်လွှားခရီးသွားရန် အမိန့်ပေးခဲ့သည်။ (ရှုဟုလ်မအာနီ) အကယ်၍ ဤဆင့်ပြန်ချက် မှန်ကန်လျှင် အတိတ်မှ အသိပညာရှင်နှင့် သင်ခန်းစာရယူရန်ဟု ယင်းကဆိုလိုသည်။

ပြန်လည်ရှင်ပြန်ထရမည်နေ့ တစ်နေ့သည် ကျွန်ုပ်တို့ တွက်ချက်မှုအရ နှစ်ပေါင်းတစ်ထောင်နှင့် မည်ကဲ့သို့ တူညီသွား ရပါသနည်း

إِنَّ يَوْمًا عِندَ رَبِّكَ كَأَلْفِ سَنَةٍ (၂၂း၄၇) ဟူသော အာယသ်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ တစ်နေ့တာ သည် ကျွန်ုပ်တို့တွက်ချက်သော နှစ်ပေါင်းတစ်ထောင်နှင့် တူညီသည်ဟု ဆိုလိုရင်းဖြစ်သည်။ ဤအာယသ်ကို နည်း လမ်းနှစ်သွယ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ပထမဆိုလိုရင်းမှာ ဤအာယသ်သည် ပြန်လည်ရှင်ပြန်ထရမည့်နေ့ကို ရည်ညွှန်းသည်။ ထိုနေ့တွင် အဖြစ်အပျက်များမှာ အလွန်ထိတ်လန့်ဖွယ်နှင့် အလွန်ပြင်းထန်ပေသည်။ ထိုနေ့သည် ကျွန်ုပ်တို့ တွက်ချက်နည်းအရ နှစ် ပေါင်းတစ်ထောင်တိုင်အောင် မဆုံးနိုင်ကြောင်း တွေ့ရလိမ့်မည်။ ဋီကာရှင်များစွာက ဤအာယသ်ကို အထက်ပါ ဖွင့်ဆိုချက်အတိုင်း ပြန်ဆိုကြပါသည်။

ဤအာယသ်၏ အခြားအဓိပ္ပာယ် ပြန်လည်ရှင်ပြန်ထမည့်နေ့သည် အမှန်တကယ်ကြာရှည်၍ လောကီကမ္ဘာထဲ နှစ်တစ်ထောင်ခန့် ကြာလိမ့်မည် ဖြစ်သည်။ ဤအယူအဆကို စိုက်ယိဒိနာအပူဟုရိုင်ရဟ်ﷺ၏ ခိုင်လုံမှု အပေါ်တွင် မှစ်နဒ်အဟ်မဒ်ကျမ်းနှင့် သီရ်မီဇီကျမ်းတို့တွင် တင်ပြထားသည်။ ထိုတင်ပြချက်တွင် တစ်ချိန်က တမန်တော်မြတ် ﷺ သည် ဆင်းရဲနွမ်းပါးသော မုဟာဂျိရီးန်(မက္ကာဟ်မှပြောင်းရွှေ့သွားသူများ) များကိုဦးတည်၍ မိန့်ကြားခဲ့သည်မှာ ပြန်လည်ရှင်ပြန်ထမည့်နေ့နှင့်ပတ်သက်သော အပြည့်အဝထွန်းလင်းတောက်ပသည့် သတင်းကောင်းအကြောင်း ကျွန်ုပ်ပေးမည်။ ထိုနေ့သည် အသင်တို့သည် ချမ်းသာကြွယ်ဝသူများထက် နေ့တစ်ဝက်စောလျှင် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်။ ထိုနောက် နောင်တမလွန်ဘဝ၏ တစ်ရက်သည် ကျွန်ုပ်တို့၏ နှစ်ပေါင်းတစ်ထောင်နှင့် ညီသောကြောင့် သူဆင်းရဲများသည် ချမ်းသာသူများထက် နှစ်ပေါင်းငါးရာစောလျှင် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်ဟူ၍ ဖြစ်သည်။ သီရ်မီဇီကျမ်းက ဤဟဒီးစ်တော်ကို 'ဟစံ' ဟဒီးစ်အဖြစ် သတ်မှတ်သည်။ (မဇ်ဟိရီ)

သံသယတစ်ခုနှင့် ယင်းအတွက် ရှင်းလင်းချက်

စူရာဟ်မအ်ရီဂျ်ထဲတွင် အသင်တို့၏ဖန်ဆင်းရှင်နှင့် အတူတကွရှိနေသည့် တစ်ရက်သည် နှစ်ပေါင်းငါးသောင်းနှင့် တူညီပါလိမ့်မည်ဟူ၍ كَانَ مِقْدَارُهُۥ خَمْسِينَ أَلْفَ سَنَةٍ "ယင်းနေ့၏ အတိုင်းအတာသည် ဤပစ္စက္ခ၏ နှစ်ပေါင်းငါးသောင်းနှင့် ညီမျှသည် (၇၀း၄)" ဟူ၍မိန့်ထားသည်။ ဤအာယသ်ကိုလည်း လက်ရှိအာယသ် ရှင်းလင်းချက်နှစ်ခုအရ ရှင်းလင်းပြသနိုင်သည်။ ပထမအနေဖြင့် လူတိုင်းသည် ထိုနေ့၌ ပြင်းထန်မှု အဆင့်အမျိုးမျိုး ခံစားကြရလိမ့်မည်။ အချို့သူအတွက် ယင်းပြင်းထန်စွာ နာကျင်မှုသည် နှစ်ပေါင်းတစ်ထောင်ကြာမြင့်သည်ဟု ထင်မှတ်စေကာ အချို့အတွက်မှာမူ နှစ်ပေါင်း ငါးသောင်းကြာမြင့်သည်ဟု ထင်မှတ်သွားစေသည်။ အကယ်၍ ဒုတိယရှင်းလင်းချက်အရ ဤအာယသ်ကို ရှင်းလင်းရလျှင် အာယသ်တစ်ခုသည် ပြန်လည်ရှင်ပြန်ထသည်နေ့၏ တစ်ရက်သည် နှစ်ပေါင်းတစ်ထောင်နှင့်တူညီ၍ အာယသ်တစ်ခုသည် နှစ်ပေါင်းငါးသောင်းနှင့် တူညီသည်ဟူသော ဖီလာဆန့်ကျင်မှုရှိနိုင်သည်။ ဤဖီလာဆန့်ကျင်မှုဟု ခေါ်ခြင်းကို မော်လာနာအရှရဖ်အလီထာနဝီက သူ၏ ဗယာနုလ်ကုရ်အာန်ကျမ်း အကျယ်ဖွင့်ဆိုခြင်းတွင် ပေါင်းစည်းထားသည်မှာ ဤကွဲလွဲချက်သည် မတူညီသော မိုးနဲ့မြေဆုံရာမျဉ်း Horizone (မိုးကုပ် စက်ဝိုင်း) ကြောင့် ဖြစ်သည်။ ဤကမ္ဘာလောကၟ၌ ကျွန်ုပ်တို့သည် မတူညီသော မိုးကုတ်စက်ဝန်းအရ နေ့အတိုင်း အတာနှင့် ညအတိုင်းအတာ မတူညီကြောင်းတွေ့ရသည်။ (သုညလတ္တီကျွေးဒ်ပေါ်၌ ၂၄နာရီဖြစ်ကာ ဧဝဒီဂရီလတ္တီကျွေးဒ်ပေါ်၌ တစ်နှစ်ဖြစ်သည်။ အလားတူဖြစ်နိုင်သည်မှာ မတူညီသော မိုးကုပ်စက်ဝိုင်းကြောင့် ပြန်လည်ရှင်ပြန် ထမည့်နေ့ အတိုင်းအတာသည် မတူညီကွဲပြားသွားသည်။ ထို့ပြင်အကယ်၍ ဤအတိုင်းအတာသည် နေ့မျဉ်းအောက်ရှိလျှင် နှစ်ပေါင်းတစ်ထောင်ကြာလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နေ သို့မဟုတ် ကမ္ဘာ၏လှည့်လည်မှု နှေးကွေး သောကြောင့်ဖြစ်သည်။ ၎င်းနောက် သတ်မှတ်မျဉ်းအောက် အဆင်းဆယ်နိမ့်ကျလျှင် အဆင်းဆယ်ခန့် ရှည်လျားသော နေ့တစ်နေ့ကို တွေ့ရလိမ့်မည်။) အလ္လာဟ်အရှင်မြတ်သာလျှင် အသိတော်မူဆုံးဖြစ်သည်။

အာယသ် (၅၂-၅၇)

وَ مَاۤ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رَّسُوْلٍ وَّ لَا نَبِيٍّ اِلَّاۤ اِذَا تَمَنّٰۤى اَلْقَى الشَّيْطٰنُ
فِيْۤ اُمْنِيَّتِهٖ ۚ فَيَنْسَخُ اللّٰهُ مَا يُلْقِي الشَّيْطٰنُ ثُمَّ يُحْكِمُ اللّٰهُ اٰيٰتِهٖ ؕ وَ اللّٰهُ
عَلِيْمٌ حَكِيْمٌ ﴿۵۲﴾ لِّيَجْعَلَ مَا يُلْقِي الشَّيْطٰنُ فِتْنَةً لِّلَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ
وَّ الْقَاسِيَةِ قُلُوْبُهُمْ ؕ وَ اِنَّ الظّٰلِمِيْنَ لَفِيْ شِقَاقٍۭ بَعِيْدٍ ﴿۵۳﴾ وَّ لِيَعْلَمَ الَّذِيْنَ
اُوْتُوا الْعِلْمَ اَنَّهُ الْحَقُّ مِنْ رَّبِّكَ فَيُؤْمِنُوْا بِهٖ فَتُخْبِتَ لَهٗ قُلُوْبُهُمْ ؕ وَ اِنَّ
اللّٰهَ لَهَادِ الَّذِيْنَ اٰمَنُوْۤا اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۵۴﴾ وَ لَا يَزَالُ الَّذِيْنَ كَفَرُوْا
فِيْ مِرْيَةٍ مِّنْهُ حَتّٰى تَاْتِيَهُمُ السَّاعَةُ بَغْتَةً اَوْ يَاْتِيَهُمْ عَذَابُ يَوْمٍ عَقِيْمٍ
﴿۵۵﴾ اَلْمُلْكُ يَوْمَئِذٍ لِّلّٰهِ ؕ يَحْكُمُ بَيْنَهُمْ ؕ فَالَّذِيْنَ اٰمَنُوْا وَ عَمِلُوا الصّٰلِحٰتِ
فِيْ جَنّٰتِ النَّعِيْمِ ﴿۵۶﴾ وَ الَّذِيْنَ كَفَرُوْا وَ كَذَّبُوْا بِاٰيٰتِنَا فَاُولٰٓئِكَ لَهُمْ عَذَابٌ
مُّهِيْنٌ ﴿۵۷﴾

စင်စစ် ငါအရှင်မြတ်သည် အသင့်အလျှင် ရစူလ်တမန်တော်များကို လည်းကောင်း၊ နဗီတမန်တော်များကို လည်းကောင်း စေလွှတ်တော်မူခဲ့၏။ ထို(ရစူလ် သို့မဟုတ်နဗီ)တမန်တော်သည် (တစ်စုံတစ်ရာကို) ရွတ်ဖတ်သရဖျာယ်သောအခါ ရှိုင်တွာန်မိစ္ဆာကောင်သည် ထို(ရစူလ် သို့မဟုတ် နဗီ)တမန်တော်၏ ရွတ်ဖတ်သရဖျာယ်မှု (ကျမ်းချက်)နှင့် စပ်လျဉ်း၍ (မယုံကြည်သောသူ၊ မတည်မငြိမ်ဖြစ်နေသောသူတို့၏ စိတ်တွင်းဝယ် ဒွိဟ သံသယကို) ထည့်သွင်းလေ့ရှိခဲ့၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ရှိုင်တွာန်မိစ္ဆာ ကောင် ထည့်သွင်းသမျှ(သော ဒွိဟသံသယမှုများ)ကို ပပျောက်စေတော်မူလေ၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် မိမိအာယတ်တော်များကို (ပိုမိုရှင်ပင်)တည်တံ့ ခိုင်မြဲတော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေ သတည်း။[၅၂] (ဤသို့ဖြစ်ရခြင်းမှာ) ထိုအရှင်မြတ်သည် ရှိုင်တွာန်မိစ္ဆာကောင် ထည့်သွင်းသည့် (ဒွိဟသံသယမှုများ)ကို စိတ်တွင်းရောဂါဝေဒနာရှိနေသူတို့အဖို့ လည်းကောင်း၊ စိတ်နလုံး ခက်ထန်မာကျောသူတို့အဖို့ လည်းကောင်း စမ်းသပ်မှုပြုတော်မူရန် ဖြစ်ပေသည်။ ဇကာနမလွဲ မတရားကျူးလွန်သောသူတို့သည် ဝေးလံစွာသောကွဲပြားမှုဒဏ်(ငြင်းခုံမှုဒဏ်)ရှိနေကြကုန်၏။[၅၃] ထိုမှတစ်ပါး (ဤသို့ဖြစ်ရခြင်းမှာ) အသိပညာရှိမြင့်ပေးသနားတော်မူခြင်း ခံကြရသောသူတို့သည် ဤ(ကုရ်အာန်ကျမ်း တော်မြတ်) ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အမှန်ဖြစ်ကြောင်း သိရှိကြ

ရန်လည်း ဖြစ်ပေသည်။ သို့(သိရှိ်ကြ)လျှင် ၎င်းတို့သည် ဤ(ကုရ်အာန် ကျမ်းမြတ်)ကို (ပိုမို၍ပင်) ယုံကြည်လာကြပေမည်။ တစ်ဖန် ၎င်းတို့၏ စိတ်နလုံးများသည်လည်း ယင်း(ကုရ်အာန် ကျမ်းမြတ်)၏ရှေ့ဝယ် (သာ၍ပင်) ညွှတ်ပျောင်း ယိမ်းညွှတ်လာကြမည် ဖြစ်သည်။ ဇကာန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင် ယုံကြည်သူတို့အား ဖြောင့်မတ်သောလမ်းကို ညွှန်ပြတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူပေသတည်း။ [၅၄]

စင်စစ်သော်ကား မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြသောသူတို့သည် ထိုသူတို့အပေါ်ဝယ် ကိယာမတ် ရောက်လာသည့်တိုင်အောင် သို့မဟုတ် ထိုသူတို့ထံ အကြောင်းမလှသော (အမင်္ဂလာဖြစ်သော)နေ့၏ ပြစ်ဒဏ်ရောက်လာသည့်တိုင်အောင် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)နှင့် စပ်လျဉ်း၍ ဒွိဟသံသယ၌ပင် ရှိမြဲရှိနေကြပေမည်။[၅၅] ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အရှင်မြတ်၌သာ ရှိပေမည်။ ထိုအရှင်မြတ်သည် ၎င်းတို့ အကြား၀ယ် စီရင်ဆုံးဖြတ်တော်မူမည်။ ထို့နောက် အကြင်သူတို့သည် သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူ ဆောက်တည်ခဲ့ကြကုန်၏။ (ထိုသူတို့သည်) သုခချမ်းသာနှင့်ပြည့်စုံသော ဥယျာဉ်များ၌ ရှိကြပေမည်။[၅၆] သို့ရာတွင် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ငါအရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြကုန်၏။ ထိုသူတို့မှာကား ၎င်းတို့၌ဝဂ်အင်ဧေးသိမ်စေသော ပြစ်ဒဏ်သည် ရှိရေ၊ အံ့သတည်း။[၅၇]

အကျယ်ဖွင့်ဆိုခြင်း

مِنْ رَّسُوْلٍ وَّلَا نَبِيٍّ "မည်သည့် ရစူလ်တမန်တစ်ပါး မည်သည့်နဗီတစ်ပါး ၂၂း၅၂" ဤသည်က رَسُول နှင့် نَبِي စကားလုံးတို့သည် အဓိပ္ပာယ်မတူညီကြောင်း ပြသသော်လည်း မတူညီမှု၏တိကျသော သဘောသဘာဝကိုမူ တညီတညွတ်တည်း သဘောတူညီမှု မရှိကြပါ။ ကျွန်ုပ်တို့ ကိစ္စရပ်အတွက် نَبِي ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်က သူလူ များကိုပြုပြင်ရန်နှင့် အလ္လာဟ်ထံမှ ဝဟီလက်ခံရရှိခြင်းဟူသော တာဝန်အပ်နှင်းခံရသူဟု နားလည် သဘောပေါက်လျှင် လုံလောက်သည်။ ထိုတမန်တော် نَبِي သည် ကျမ်းစာတစ်စောင်နှင့် ရှရီအတ်တစ်ခု ရရှိ နိုင် ပါသည်။ သို့မဟုတ်ပါက ယခင်က ရှိပြီးသောကျမ်းစာနှင့် ရှရီအတ်ပါ သတင်းစကားကို သယ်ဆောင်ပေးရန် အမိန့် ပေးခံရလိမ့်မည်။ စိုင်ယိဒိနာ မူစာ ﷺ နှင့် အီစာ ﷺ တို့သည် ပထမအတန်းအစားတွင် ပါဝင်၍ စိုက်ယိဒိနာဟာရွန်မှာမူ သောင်ရတ်ကျမ်းပါ မူစာ ﷺ ၏ရှရီအတ်ပါ သင်ကြားပို့ချချက်များကို ဖြန့်ချိရန် ညွှန်ကြားခံရသဖြင့် သူသည် ဒုတိယ အတန်းအစားတွင် ပါဝင်သည်။ အခြားတစ်ဖက်တွင် نَبِي တစ်ပါးသည် အလ္လာဟ်အရှင်မြတ်ထံမှ ကျမ်းတစ်စောင်နှင့် ရှရီအတ်တစ်ခုလက်ခံရရှိသူဖြစ်သည်။ ထို့ကြောင့် ရစူလ်တိုင်းသည် နဗီတစ်ပါးလည်းဖြစ်သည်။ သို့ရာတွင် နဗီတိုင်း မှာ ရစူလ်တစ်ပါးမဟုတ်ချေ။ ဤထင်ရှားသိသာမှုများသည် လူသားများနှင့်သာ သက်ဆိုင်သည်။ အလ္လာဟ်အရှင်မြတ်ထံ တော်မှ ဝဟီသယ်ဆောင်လာသည့် ကောင်းကင်စေတမန်တစ်ပါးကို ရစူလ်ဟုခေါ်ဆိုခြင်းသည် ဤရပ်တည်မှုနှင့် မဆန့်ကျင်ပါ။ ဤအကြောင်းအရာကို ဤအတွဲအစ စူရဟ်မရ်ယာမ်ထဲတွင် အသေးစိတ် ဆွေးနွေးပြီးဖြစ်သည်။

اَلْقَى الشَّيْطٰنُ فِيْٓ اُمْنِيَّتِهٖ "ရှိုက်သွာန်မိစ္ဆာကောင်သည် ထို(ရစူလ် သို့မဟုတ် နဗီ) တမန်တော်၏ ရွတ်ဖတ်သရဇ္ဈာယ်မှု (ကျမ်းချက်)နှင့်စပ်လျဉ်း၍ (မယုံကြည်သောသူ၊ မတည်မငြိမ်ဖြစ်နေသောသူတို့၏ စိတ်တွင်းဝယ်

ဒွိဟသံသယကို) ထည့်သွင်းလေ့ရှိခဲ့၏။ ၂၂း၅၂" ဤအာယသ်ပါ تَمَنّٰى စကားလုံးကို قَرَأَ ၏ သံကွဲကြောင်းတူအဖြစ် သုံးနှုန်းထားသည်။ ထို့ကြောင့် اُمْنِيَّـتِـهٖ သည် قِرَاءت (ရွတ်ဖတ်သရဇ္ဈာယ်ခြင်း)ဟု အဓိပ္ပာယ်သက်ရောက်လိမ့်မည်။ ဤအာယသ်တော်က ရှင်းလင်းထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ သတင်းစကားနှင့်ပတ်သက်၍ မယုံကြည်သွေဖည်သူများ၏ အငြင်းအခုံ ပြုခြင်းသည် အသစ်အဆန်း မဟုတ်ပါ။ အလားတူ အတိတ်က တမန်တော်များသည် ၎င်းတို့အား သစ္စာတရား၏သတင်းစကားကိုတင်ပြသောအခါယင်းအစောပိုင်းလူများက ဒွိဟသံသယများဖြစ်ကြသည်။ ရှိုက်သွာန်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများ နှလုံးသားထဲသို့ ဒွိဟသံသယ သွတ်သွင်းခဲ့သည်။ အာယသ်၏ ဤရှင်းလင်းချက်မှာ အလွန်ရှင်းလင်း၍ ခဲ့ဒိုးဖြစ်သည်။ ဤရှင်းလင်းချက်ကို အဗူဟိုင်ယမ်က သူ၏ အလ်ဗဟ်ရုလ် မုဟီးတွ်ကျမ်းတွင် လက်ခံကျင့်သုံးထားသကဲ့သို့ ဋီကာရှင်များစွာကလည်း လက်ခံကျင့်သုံးကြသည်။ သို့သော်လည်း ဟဒီးစ်ကျမ်းအချို့တွင် ခိုင်လုံသောအရင်းအမြစ်များဖြင့် သက်သေပြမထားသည့် ဟဒီးစ်တစ်ပုဒ်တင်ပြထားသည်။ ဤအဖြစ်အပျက်ကို حَدِيْثُ الْغَرَانِيْق "ဟဒီးစ်သုလ်ဂရာနိုက်"အဖြစ် လူသိများသည်။ ပညာရှင်အချို့က ဤအဖြစ်အပျက်သည် မိစ္ဆာဒိဋ္ဌိများနှင့် အစွလာမ့်ရန်သူများက တီထွင်ထားခဲ့သည်ဟု ယုံကြည်ကြသည်။ သို့သော် လည်း ဤဟဒီးစ်ကို မှတ်သားထိုက်သည်ဟု ယုံကြည်သောသူများက ဒုက္ခသုက္ခခံကာ ငြင်းချေမရသော ခြွင်းချက်မရှိ အငြင်းမပွားနိုင်သော ကုရ်အာန်နှင့် စွန္နသ်တော်များ၏ ဥပဒေနှင့်ပတ်သက်သော ဒွိဟသံသယများကို ဖယ်ရှားရန် ကြိုးစားခဲ့ကြသည်။ ဤအာယသ်၏ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ကို အထက်တွင် ရှင်းပြပြီးဖြစ်သည်။ အဖြစ်အပျက်က ဤဆိုလိုရင်း၏ ဆင်ခြေကို မထိခိုက်စေနိုင်ပါ။

ဤအဖြစ်အပျက်ကို အာယသ်အကျယ်ဖွင့်ဆိုခြင်း အဓိကအချက်ပြုလုပ်ခြင်းမှာ မလိုလားအပ်သည့် ဒွိဟများ ပွားစေပါသည်။ ထို့နောက် ဒွိဟသံသယများနှင့် ပတ်သက်သောအဖြေကို ကြိုးစားရှာဖွေခြင်းသည် အချည်းအနှီးဖြစ်ပြီး လုံးဝ မလိုလားအပ်သော လုပ်ရပ်ဖြစ်သည်။

အာယသ် (၅၈-၅၉)

وَالَّذِيْنَ هَاجَرُوْا فِيْ سَبِيْلِ اللّٰهِ ثُمَّ قُتِلُوْٓا اَوْ مَاتُوْا لَيَرْزُقَنَّهُمُ اللّٰهُ رِزْقًا حَسَنًا ۭ وَاِنَّ اللّٰهَ لَهُوَ خَيْرُ الرّٰزِقِيْنَ ۝ لَيُدْخِلَنَّهُمْ مُّدْخَلًا يَّرْضَوْنَهٗ ۭ وَاِنَّ اللّٰهَ لَعَلِيْمٌ حَلِيْمٌ ۝

ဂုဏ်ပြင် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ သာသနာ့လမ်းစဉ်၌ (မိမိတို့၏ အိုး အိမ်စည်းစိမ်ခပ်သိမ်းတို့ကိုစွန့်၍) ရွှေ့ပြောင်းခဲ့ကြရ၏။ ထို့နောက် ထိုသူတို့သည် သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်ဖြစ်စေ၊ သေဆုံးခဲ့ကြသည်ဖြစ်စေ ဧကန်အမှန် အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား အလွန်ကောင်းမြတ်သော စားနပ်ရိက္ခာမျိုးကို ချီးမြှင့်ပေး သနားတော်မူပေမည်။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် အကောင်းဆုံး (အပေါများဆုံး)စားနပ်ရိက္ခာ ချီးမြှင့် ပေးသနားတော်မူသော အရှင်ဖြစ်တော်မူပေသည်။ [၅၈] ဧကန်မလွဲ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ နှစ်သက်ကြအံ့သော နေရာဌာနကို ဝင်ရောက်စေ တော်

မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အလုံးစုံကိုသိမြင်တော်မူသောအရှင်၊ အလွန်တရာ သည်းခံတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူ၏။[၅၉]

အကျယ်ဖွင့်ဆိုခြင်း

အလ္လာဟ်အရှင်မြတ်အတွက် မိမိတို့၏ အိုးအိမ် စည်းစိမ်များကို စွန့်ခွာခဲ့ပြီး အကယ်၍ သတ်ဖြတ်ခြင်းခံရသည်ဖြစ်စေ၊ သဘာဝအလျောက်သေဆုံးခဲ့လျှင်ဖြစ်စေ၊ မုချဧကန် ထိုသူတို့သည် ဆုလာဘ်ပေးခြင်းခံရလိမ့်မည်။ အကယ်၍ ထိုသူတို့သည် ဤလောကီဘဝ၌ အကျိုးအမြတ် မရရှိခဲ့ပါကလည်း ထိုသူတို့အတွက် နောင်တမလွန်ဘဝ၌ ဆုလာဘ်များရှိနေပါလိမ့်မည်။

အာယသ် (၆၀)

ذٰلِكَ ۚ وَمَنْ عَاقَبَ بِمِثْلِ مَا عُوْقِبَ بِهٖ ثُمَّ بُغِيَ عَلَيْهِ لَيَنْصُرَنَّهُ اللّٰهُ ؕ
اِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ﴿٦٠﴾

ဤသည်ပင် (အသင့်အား ငါအရှင် ပြောကြားတော်မူသော အရေးကိစ္စများဖြစ်၏)။ ၎င်းပြင် အကြင်သူသည် မိမိဒုက္ခပေးခြင်းကို ခံခဲ့ရသည်နှင့်အညီအမျှ ပြန်လှန် ဒုက္ခပေး ခဲ့လေသည်။ ထို့နောက်တစ်ဖန် ထိုသူသည် ကျူးလွန်စော်ကားခြင်းကို ခံခဲ့ရပြန်သည် ရှိသော် မချွတ်ဧကန် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ကူညီတော်မူမည် ဖြစ်၏။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူပေသတည်း။[၆၀]

အကျယ်ဖွင့်ဆိုခြင်း

အစောပိုင်းက ဖော်ပြခဲ့သော အာယသ်တစ်ခုထဲ၌ အလ္လာဟ်အရှင်သည် မတရားနှိပ်စက်ညှဉ်းပန်းခြင်းခံရသောသူတို့အား ကူညီတော်မူသည်ဆိုကြောင်း وَاِنَّ اللّٰهَ عَلٰى نَصْرِهِمْ لَقَدِيْرٌ ۙ ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကူညီ စောင်မနိုင်စွမ်း ရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (၂၂း၃၉) ဟုဖော်ပြထားသည်။ အချို့သောသူတို့သည် သူတို့၏ ဒုက္ခများကို သည်းခံခဲ့ကာ ညှဉ်းပန်းနှိပ်စက်သူများကို ကလဲ့စားမချေကြပါ။ သို့ရာတွင် အချို့သောသူများမှာမူ ဖိနှိပ်ချုပ်ချယ်သူတို့အား ထိုက်ထိုက်တန်တန် ပြန်လည် ကလဲ့စားချေကြပါသည်။ သို့ဆိုပါက နှစ်ဦးနှစ်ဖက်၏ ပြဿနာသည် ပြီးဆုံးသွားပြီဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ညှဉ်းပန်းနှိပ်စက်သူများက ကလဲ့စားချေသူများအား ပြန်လည် ကလဲ့စားချေပါက ထိုသည်လည်း ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်သွားပါသည်။ ထိုကဲ့သို့ ပြန်လည် ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသောသူများကိုလည်း အလ္လာဟ်အရှင် ကူညီတော်မူသည်ဟု ဤအာယသ်က ကတိပြုထားပါသည်။ အခြားတစ်ဖက်တွင်မူ အာယသ်အတော်များများထဲ၌ သူတို့သည် ဒုက္ခများကို တည်တည်ငြိမ်ငြိမ်ဖြင့် သည်းခံကာ ဖိနှိပ်သူတို့အား ကလဲ့စားမချေသော မုစ်လင်မ်များအတွက် အလ္လာဟ်အရှင်မြတ်၏ ချစ်ကြည်မှုကို ကတိပြုထားပါသည်။ အာယသ်အချို့တို့မှာ-

فَمَنْ عَفَا وَ اَصْلَحَ فَاَجْرُهٗ عَلَى اللّٰهِ

(မိမိတို့အချင်းချင်း၏ အရေးကိစ္စများကို ပြေလည်) ကောင်းမွန်အောင် ပြုပြင်ခဲ့ပါမူ ထိုသူအား အကျိုးပေးခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ တာဝန်ပင်ဖြစ်၏။ (၄၂း၄၀)

وَ اَنْ تَعْفُوْۤا اَقْرَبُ لِلتَّقْوٰى

အမှန်စင်စစ် အသင်တို့၏ ခွင့်လွှတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်း တည်းဟူသော "တက္ကဝါ" တရားနှင့် ပိုမိုချဉ်ပင် နီးစပ်လှပေသည်။ (၂း၂၃၇)

وَ لَمَنْ صَبَرَ وَ غَفَرَ اِنَّ ذٰلِكَ لَمِنْ عَزْمِ الْاُمُوْرِ

သို့ရာတွင် မည်သူမဆို သည်းခံခြင်းကိုလည်းကောင်း၊ ခွင့်လွှတ်ခြင်းကိုလည်းကောင်း ပြုခဲ့ပါလျှင် ဇကာမလွဲ ဤသို့ပြုလုပ်ခြင်းကား သတ္တိနှင့်သက်ဆိုင်သော အမှုကိစ္စတို့တွင် အမှန်ပင် အပါအဝင်ဖြစ်ချေသတည်း။ (၄၂း၄၃) ဟူ၍ ဖြစ်ကြပါသည်။

ဤအာယသ်များထဲ၌ ကလဲစားချေခြင်းထက် ခွင့်လွှတ်ခြင်းကို အားပေးအားမြှောက် ပြုထားပါသည်။ ခွင့်လွှတ်ခြင်းသည် လူသားအချင်းချင်း ဆက်ဆံရာ၌ သဘောထားကြီးသော နည်းလမ်းပင် ဖြစ်ပါသည်။ ဤနည်းအတိုင်း ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားပို့ချချက်က ရပ်တည်ခဲ့ပါသည်။ ၎င်းနောက် ဤနည်းအား ခမ်းနား ကြီးကျယ်ပြီး ထွတ်မြတ်သော ထူးခြားချက်ဟု ခေါ်ဆိုပါသည်။ အကယ်၍ လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူသော လုပ်နည်းလုပ်ထုံးနှင့်ဆန့်ကျင်ကာ သူတို့မတရားပြုသူအား လက်စားချေခဲ့ပါလျှင်ထိုသူအပေါ်၌ အလ္လာဟ်အရှင်၏အကူအပံ့များ ကင်းမဲ့သွားမည်လောဟု မေးနိုင်ပါသည်။ သို့ရာတွင် ထိုသံသယအား ဤအာယသ်၏အဆုံး၌ ဖြေဖျောက်ထားသည်မှာ اِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ဟူ၍ဖြစ်ပါသည်။ ဆိုလိုသည်မှာ သူ၏ချွတ်ချော်မှုကြောင့် သူ့အား တစ်ဖန် ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်ပါက အလ္လာဟ်အရှင်သည် သူ့အား ကူညီတော်မူပါလိမ့်မည် ဟူ၍ဖြစ်ပါသည်။ (ရူဟုလ်မအာနီ)

အာယသ် (၆၁-၆၆)

ذٰلِكَ بِاَنَّ اللّٰهَ يُوْلِجُ الَّيْلَ فِى النَّهَارِ وَ يُوْلِجُ النَّهَارَ فِى الَّيْلِ وَ اَنَّ اللّٰهَ
سَمِيْعٌۢ بَصِيْرٌ ﴿٦١﴾ ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَ اَنَّ مَا يَدْعُوْنَ مِنْ دُوْنِهٖ هُوَ
الْبَاطِلُ وَ اَنَّ اللّٰهَ هُوَ الْعَلِيُّ الْكَبِيْرُ ﴿٦٢﴾ اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ مِنَ السَّمَآءِ
مَآءً ۫ فَتُصْبِحُ الْاَرْضُ مُخْضَرَّةً ؕ اِنَّ اللّٰهَ لَطِيْفٌ خَبِيْرٌ ﴿٦٣﴾ لَهٗ مَا فِى السَّمٰوٰتِ
وَ مَا فِى الْاَرْضِ ؕ وَ اِنَّ اللّٰهَ لَهُوَ الْغَنِىُّ الْحَمِيْدُ ﴿٦٤﴾ اَلَمْ تَرَ اَنَّ اللّٰهَ سَخَّرَ
لَكُمْ مَّا فِى الْاَرْضِ وَ الْفُلْكَ تَجْرِىْ فِى الْبَحْرِ بِاَمْرِهٖ ؕ وَ يُمْسِكُ السَّمَآءَ اَنْ
تَقَعَ عَلَى الْاَرْضِ اِلَّا بِاِذْنِهٖ ؕ اِنَّ اللّٰهَ بِالنَّاسِ لَرَءُوْفٌ رَّحِيْمٌ ﴿٦٥﴾ وَ هُوَ الَّذِىْۤ
اَحْيَاكُمْ ۫ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ ؕ اِنَّ الْاِنْسَانَ لَكَفُوْرٌ ﴿٦٦﴾

ဤ(သို့ ကူညီတော်မူခြင်းကား) အလ္လာဟ်အရှင်မြတ်သည် ညဉ့်(၏)အစိတ်အပိုင်း)ကို နေ့၏အတွင်း၌ ဝင်စေတော်မူ၍ နေ့(၏)အစိတ်အပိုင်း)ကို ညဉ့်၏အတွင်း၌ ဝင်စေတော်မူသောကြောင့် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် (မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ ဆုတောင်းပတ္ထနာကို) အလွန်ကြားတော်မူသောအရှင်၊ (ထိုသူတို့၏ အခြေအနေကိုလည်း) အလွန်မြင်သောကြောင့် လည်းကောင်း ဖြစ်ပေသည်။[၆၁] ဤ(သို့ ကူညီတော်မူခြင်းကား) အလ္လာဟ်အရှင်မြတ်သည်သာလျှင် မှန်ကန်သောအရှင်ဖြစ်တော်မူ၍ ထိုသူတို့ ဟစ်ခေါ်(တသ ကိုးကွယ်)ကြသောအရာ များမှာမူကား (လုံးဝ) မှားသောကြောင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အလွန်မြင့်မြတ်တော်မူသောအရှင်၊ အလွန်ကြီးကဲတော်မူသောအရှင် ဖြစ်တော်မူသောကြောင့် လည်းကောင်း ဖြစ်ချေသတည်း။[၆၂]

ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးရေကို ရွာ သွန်းစေတော်မူခဲ့ရာ ပထဝီမြေမှာစိမ်းစိမ်းစိုစို ဖြစ်လာသည်ကို အသင်သည် မသိမမြင် ဂေသဇေလာ။ ဇကန်မလွှဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ချစ်ခင်သနားကြင်နာ တော်မူသော၊ အလွန်တရာ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ [၆၃] မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ ကမ္ဘာမြေဝယ်ရှိသမျှတို့သည်လည်းကောင်း ထိုအရှင်မြတ်ပိုင်ဆိုင်သော အရာများချည်းသာ ဖြစ်ကုန်၏။ ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် မှီခိုအားထားခြင်း ကင်းမဲ့တော်မူသော၊ ချီးမွမ်းထောမနာကို ခံယူထိုက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[၆၄]

သင်သည် မသိမမြင်ဂေသဇေလာ။ ဇကန်မလွှဲ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ ပထဝီမြေဝယ် ရှိသည်တို့ကို နိုင်နင်းစေတော်မူခဲ့၏။ (အသုံးဝင် စေတော်မူခဲ့၏)။ ထို နည်းတူစွာ (ထိုအရှင်မြတ်သည်) သဘော်(စသည်တို့)ကိုလည်း (အသင်တို့အဖို့ နိုင်နင်း စေတော်မူခဲ့၏။) ယင်းသဘော်သည် ထိုအရှင်မြတ်၏ အမိန့်တော်နှင့် သမုဒ္ဒရာပင်လယ်၌ သွားလာ လှုပ်ရှားလျက်ရှိပေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်ကို ပထဝီမြေပေါ်သို့ ပြိုကျမသွားရန် တားဆီး(ထိန်းသိမ်း)၍ ထားတော်မူသည်။ (သို့ရာတွင် အချိန်တန်၍) ထိုအရှင်၏အမိန့်တော်ရှိလာက (ပြိုကျသွားမည် ဖြစ်သည်၊) မချွတ်ဇကန် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အပေါ်ဝယ် အလွန်နူးညံ့သိမ်မွေ့တော်မူသော၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[၆၅] ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား အသက်ရှင်ခြင်းကို ချီးမြှင့်တော်မူခဲ့သော အရှင်ဖြစ်တော်မူသည်။ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့အား အသက်သေစေတော်မူမည်။ ထို့နောက်တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့အား အသက်ရှင် စေတော်မူမည်ဖြစ်သည်။ ဇကန်မလွှဲ လူသားသည် အလွန်တရာ ကျေးဇူးကန်းသူ အမှန်ပင် ဖြစ်ချေသတည်း။[၆၆]

အကျယ်ဖွင့်ဆိုခြင်း

سَخَّرَ لَكُمْ مَّا فِي الْأَرْضِ"ဇကနမလွဲအလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ ပထဝီမြေဝယ်ရှိသည်တို့ကို နိုင်နင်းစေတော်မူခဲ့၏။ (၂၂း၆၅) ဤသည်က ဆိုလိုသည်မှာ ကမ္ဘာပေါ်ရှိ အရာရာတိုင်းအား လူသား၏ ထိန်းချုပ်မှုအောက်တွင်ထားရှိသည် ဟူ၍ဖြစ်ပါသည်။ ဤသည်အရာဆိုလျှင် တောင်များ၊ မြစ်များ၊ တိရစ္ဆာန်များ၊ ငှက်များနှင့် အလားတူ ထောင်ပေါင်း မြောက်မြားစွာသောအရာတို့သည် လူသား၏အမိန့်ကို နာခံပါသလောဟူ၍ မေးစရာဖြစ်လာပါသည်။ သို့ရာတွင် တစ်စုံ တစ်ရာအား တစ်စုံတစ်ဦးကို အလုပ်အကျွေးပြုစေခြင်းဆိုသည်မှာ ထိုအရာအား ထိုသူ၏ထိန်းချုပ်မှုအောက်၌ ထားရှိခြင်းပင်ဖြစ်သည်။ ၎င်းနောက် ဤအာယသ်ပါ "စပ်ခရ" နိုင်နင်းစေခြင်းဟူသော စကားလုံးအား "အသုံးဝင်စေခြင်း"ဟူသော အဓိပ္ပာယ်သက်ရောက်စေရန် သုံးစွဲထားပါသည်။ ထို့ကြောင့် အာယသ်ကဆိုလိုသည်မှာ အထက်ဖော်ပြပါ အာယသ်အားလုံးတို့သည် အလ္လာဟ်အရှင်၏အမိန့်တော်အရ လူသားအား တစ်ချိန်လုံးအသုံးဝင်စေပါသည်။ထိုအရာအားလုံးတို့အား လူသား၏ထိန်းချုပ်မှုအောက်၌ထားရန် ဆိုသည်ကို အလ္လာဟ်အရှင်မြတ်တန်ခိုးတော်၏အစွမ်းတွင် ရှိတော်မူပါသည်။ သို့ရာတွင် ထိုကဲ့သို့ လုပ်ဆောင်လိုက်ပါက လူသားသာလျှင် ဆုံးရှုံးသောသူ ဖြစ်သွားပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူသား၏ ပင်ကိုသဘာဝများ၊ စိတ်ဆန္ဒများနှင့် လိုအပ်ချက်များသည် ကွဲပြားခြားနားကြပါသည်။ အကယ်၍ လူတစ်ဦးက မြစ်တစ်စင်းအား သီးသန့်တစ်နေရာဆီသို့ စီးဆင်းစေခဲ့ပြီး အခြားသူတစ်ဦးဟာ ဆန့်ကျင်ဘက်စီးဆင်းစေခဲ့ပါလျှင် ကစဉ့်ကလျားဖြစ်မှုနှင့် ဖရိုဖရဲဖြစ်မှုများနှင့် ရှုပ်ထွေးမှုများ ဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် အရာဝတ္ထုများအား အမိန့်ပေးခြင်းကို အရှင့်အတွက်သာ သီးသန့်ဖြစ်စေပါသည်။ သို့ရာတွင် ပေါ်ထွက်လာသော အကျိုးအမြတ်များသည် လူသားတို့က ရရှိစေပါသည်။

အာယသ် (၆၇-၇၀)

لِكُلِّ أُمَّةٍ جَعَلْنَا مَنْسَكًا هُمْ نَاسِكُوهُ فَلَا يُنَازِعُنَّكَ فِي الْأَمْرِ وَادْعُ
إِلَىٰ رَبِّكَ ۖ إِنَّكَ لَعَلَىٰ هُدًى مُسْتَقِيمٍ ﴿٦٧﴾ وَإِنْ جَادَلُوكَ فَقُلِ اللَّهُ أَعْلَمُ
بِمَا تَعْمَلُونَ ﴿٦٨﴾ اللَّهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيَامَةِ فِيمَا كُنْتُمْ فِيهِ
تَخْتَلِفُونَ ﴿٦٩﴾ أَلَمْ تَعْلَمْ أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاءِ وَالْأَرْضِ ۗ إِنَّ ذَٰلِكَ
فِي كِتَابٍ ۗ إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿٧٠﴾

ငါအရှင်မြတ်သည် သာသနာဝင် အုပ်စုတိုင်းအဖို့ (ကိုးကွယ်ဆည်းကပ်ရန်) ပညတ်တရားတစ်ခုကို သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူခဲ့ရာ ၎င်းတို့သည် ယင်းပညတ်တရားနှင့်အညီ ကိုးကွယ်ဆည်းကပ် လိုက်နာသူများ ဖြစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (ဤသူတို့သည်) ယင်းအရေးကိစ္စ၌ အသင်နှင့်ငြင်းခုံခြင်းကို မပြုကြရာချေ။ ၎င်းပြင် အသင်သည် (လည်း) မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်သို့ (၎င်းတို့အား) ဖိတ်ခေါ်လျက်ရှိပါလေ။ ဇကနမလွဲ အသင်သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ပေါ်၌ တည်ရှိပေသည်။[၆၇]

သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်နှင့် အငြင်းအခုံ ပြုခဲ့ကြသည်ရှိသော် အသင်သည် (၎င်းတို့အား ဤသို့)ပြောဆိုပြန်ကြားပါလော။ (အချင်းတို့၊ ဓကန်စင်စစ်) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ အပြုအမူတို့ကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၆၈] အလ္လာဟ်အရှင်မြတ်သည် အသင်တို့ အကြားဝယ် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် အသင်တို့ ကွဲလွဲလျက်ရှိခဲ့ကြသော အရေးကိစ္စများ နှင့် စပ်လျဉ်း၍ (လက်တွေ့)စီရင် ဆုံးဖြတ်တော်မူအံ့သတည်း။[၆၉]

ဓကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်၌ရှိသမျှတို့ကိုလည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့ကိုလည်းကောင်း၊ (အကြွင်းမဲ့)သိရှိတော်မူသည်ကို အသင်မသိလေသလော။ ဓကန်စင်စစ် ထို(အရာများ)သည် မှတ်တမ်းတွင်ရှိပေသည်။ ဓကန်မလွဲ အလ္လာဟ်အရှင်မြတ်အဖို့ ယင်း(အဆုံးအဖြတ်)ကား လွယ်ကူလှပေသတည်း။[၇၀]

အကျယ်ဖွင့်ဆိုခြင်း

لِكُلِّ أُمَّةٍ جَعَلْنَا مَنْسَكًا "ငါအရှင်မြတ်သည် သာသနာဝင်အုပ်စုတိုင်းအဖို့ (ကိုးကွယ်ဆည်းကပ်ရန်) ပညတ်တရားတစ်ခုကို သတ်မှတ်ပြဋ္ဌာန်း ပေးတော်မူခဲ့၏။ ဤဝါကျကို ဤစူရဟ်၏ အာယသ်(၃၄)ထဲ၌ တစ်ပုံစံတည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် **مَنْسَك**(မန်စတ်က်)ဟူသောစကား၏အဓိပ္ပာယ်သည်အာယသ်တစ်ခုနှင့်တစ်ခုတွင် မတူညီကြပါ။ အစောပိုင်း အာယသ်(၃၄)ထဲ၌ မန်စတ်က်နှင့် **نسك** နစကဟူသော စကားလုံးများအား ဟဂျ်ကျင့်စဉ်များနှင့်ပတ်သက်၍ သုံးစွဲထားကာ ကုရ်ဗာနီပြုလုပ်မည့် တိရစ္ဆာန်များဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ လက်ရှိ အာယသ်ထဲတွင်မန်စတ်က်ဟူသောစကားလုံးအားကုရ်ဗာနီပြုလုပ်ခြင်းဆိုင်ရာဥပဒေများ(သို့)ခဝပ်ကိုးကွယ်မှုဆိုင်ရာ ယေဘုယျ ဥပဒေများ အတွက် သုံးစွဲထားပါသည်။ ထို့အတွက်ကြောင့် အာယသ်(၃၄) နှင့်မတူဘဲ လက်ရှိအာယသ်၏ အစ၌ သမ္မန္ဓစကားလုံး"**و**" (နှင့်အတူ) မပါဝင်ပါ။

ဤအာယသ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်မျိုးမှာ မယုံကြည်သွေဖည်သူများသည် တိရစ္ဆာန်များအား သတ်ဖြတ်ခြင်းနှင့် ပတ်သက်၍ မုစ်လင်မ်များနှင့် အကျိုးမရှိသော ငြင်းခုံမှုများ ပြုလုပ်လေ့ရှိပါသည်။ ထိုသူများက အစွလာမ်ဘာသာသည် ၎င်းတို့၏နောက်လိုက်များ ကိုယ်တိုင်သတ်ဖြတ်ထားသော တိရစ္ဆာန်များ၏အသားများကို စားခွင့်ပြုသော်လည်း အလ္လာဟ်အရှင် သတ်ဖြတ်ထားသော တိရစ္ဆာန်များ၏အသား (ဆိုလိုသည်မှာ) အသေသားစားခြင်းကိုမူ တားမြစ်ထားခြင်းမှာ ထူးဆန်းသည်ဟု သူတို့က ထင်မှတ်ကြပါသည်။ မယုံကြည်သွေဖည်သူများ၏ ကန့်ကွက်ချက်များကို ဖြေကြားရန်အတွက် လက်ရှိအာယသ် ကျရောက်ခဲ့ပါသည်။ (ရှုဟုလ်မအာနီ) ထို့ကြောင့် ဤနေရာပါ **مَنْسَك** ဟူသောစကားလုံး၏အဓိပ္ပာယ်သည် "တိရစ္ဆာန်များအား လှီးဖြတ်သောနည်းလမ်း"ကို ရည်ညွှန်းပါသည်။ အာယသ်တစ်ခုလုံးအား ခြုံငုံပြောဆိုရာတွင် အလ္လာဟ်အရှင်သည် လူမျိုးစုတိုင်းအား ကိုယဉပဒေတစ်မျိုးစီ ချပေးပါသည်။ ၎င်းနောက်တိရစ္ဆာန်များ လှီးဖြတ်ခြင်းဆိုင်ရာ ကိုယဉပဒေများသည် ကိုယဉပဒေ တစ်ခုနှင့်တစ်ခု မတူကြပါ။ တမန်တော်မြတ်ﷺသခင်အတွက် ချပေးထားသောတိရစ္ဆာန်များ လှီးဖြတ်ခြင်းနှင့်ဆိုင်သောဥပဒေများသည် လွတ်လပ်ပြီး ပြီးပြည့်စုံသောကြောင့် ယင်းကို တစ်စုံတစ်ဦး၏ မှန်းဆချက်များ မဆိုထားဘိ အစောပိုင်းရှိ ရှရီအသ်နှင့်နှီးယှဉ်ခြင်းကိုပင် ခွင့်မပြုပါ။ အသေကောင်များ၏ အသားများစားခြင်းကို အစောပိုင်း ကိုယဉပဒေများက တားမြစ်ထားသည် ဆိုသည်မှာလည်း လူသိများပါသည်။(ရှုဟုလ်မအာနီ) ထိုသည်အပေါ် အခြေခံ၍ တမန်တော်မြတ်ﷺသခင်နှင့် ငြင်းခုံခြင်းသည်

မသိ နားမလည်မှု သက်သက်သာဖြစ်ပါသည်။

သို့သော်လည်း ဋီကာရှင်အများစုတို့က ဤအာယသ်ကို နောက်တစ်နည်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ သူတို့က ပြောကြသည် မှာ ဤနေရာပါ မန်စက **مَـنْسك** ဟူသော အဓိပ္ပာယ်မှာ ရှရီအသ်၏ ယေဘုယျအဓိပ္ပာယ်များ ဖြစ်သည်။ အဘိဓာန်အရ **مَـنْسَك** မန်စက ကဆိုလိုသည်မှာ ရည်ရွယ်ချက်ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ သီးသန့်ကိစ္စရပ်တစ်ခုအတွက် ပြုလုပ်ရန်သတ်မှတ်ထားသောနေရာဟူ၍ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ဟဂ်၏ ကျင့်စဉ်များအား မနာစေက **مناسك** ဟုခေါ်ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ဟဂ်ကျင့်စဉ်တစ်ခုစီအတွက် သတ်မှတ်ထားသောနေရာတွင်သာ လုပ်ဆောင်ရပါသည်။ (အိဗနိကဆီး၌)။ အဘိဓာန်ပါ **نُسُك** ၏ အဓိပ္ပာယ်မှာ "ဘုရားတရား ကိုင်းရှိုင်းခြင်းနှင့် အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း"ဟူ၍ဖြစ်ပါသည်။ ၎င်းနောက် ကုရ်အာန် ကျမ်းတော်မြတ်ပါ أَرِنَا مَنَاسِكَنَا ကျွန်တော်မျိုးအား သာသနာရေး၌ လိုက်နာကြရမည်ဖြစ်သော နည်းနာနိသျည်း အစီအစဉ်တို့ကိုလည်း စနစ်တကျ ကျင့်သုံးနိုင်ကြစေခြင်းငှာ သင်ကြားပြသ ပေးသနားတော်မူပါ။ (၂း၁၂၈)ဟူသည်က ဤအဓိပ္ပာယ်အတိုင်း သုံးစွဲထားပါသည်။ **مَنَاسك** မနာစစ်က်ဆိုသည်မှာ ခဝပ်ကိုးကွယ်ခြင်းဆိုင်ရာ ဥပဒေများဟု ဆိုလိုပါသည်။ စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺကလည်း ဤဒုတိယအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျင့်သုံးပါသည်။ အိဗနိဂျရီး၌၊ အိဗ်နီခဆီး၌၊ ကုရ်တွျဗီ၊ ရှုဟုလ်မအာနီ စသည်တို့ကလည်း စကားလုံး၏ အဓိပ္ပာယ်ဖွင့်ဆိုမှုကို လက်ခံကျင့်သုံးခဲ့ကြပါသည်။ ၎င်းပြင် အာယသ်တော်ပါ အချက်အလက်များကလည်း ဤအဓိပ္ပာယ်ဖွင့်ဆိုမှုကို ထောက်ခံပါသည်။ ဤနေရာများအား တင်ပြပြီးသည့်နောက် အာယသ် တော်ကဆိုလိုသည်မှာ မယုံကြည်သွေဖည်သူများနှင့် ဘုရားအများကိုးကွယ်သူများသည် ၎င်းတို့၏ ဘိုးဘွားဘီဘင် ဘာသာတရားထဲ၌ ထိုဥပဒေများမပါဟု အကြောင်းပြကာ အစွဲလာမ်ကိုဓဥပဒေများအား အငြင်းအခုံပြုလုပ်သည် ဆိုသည်မှာ ထင်ရှားပါသည်။ ၎င်းတို့ ရှင်းလင်းစွာ နားလည် သဘောပေါက်ရမည်မှာ ဥပဒေစာအုပ် အဟောင်း (သို့) ရှရီအသ်အဟောင်းနှင့် ဥပဒေစာအုပ်အသစ် သို့မဟုတ် ရှရီအသ်အသစ်တို့အား ခိုင်းနှိုင်းခြင်းသည် မှားယွင်းနေရာထားမှုနှင့် မဆီလျော်မှု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အလွှာဟ်အရှင်သည် မျိုးနွယ်စုတိုင်းတို့အား ၎င်းတို့ အချိန် အခါသမယ၌ သီးသန့်ရှရီအသ်နှင့် ကျမ်းစာတစ်အုပ် ပေးသနားတော်မူပါသည်။ နောက်ထပ်ကျမ်းစာ သို့မဟုတ် ရှရီအသ်အသစ်တစ်ခု မပေါ်ပေါက်မချင်း ရှရီအသ်အဟောင်းကို လိုက်နာခြင်းသည် တာဝန်တစ်ရပ်ဖြစ်သည်။ ၎င်း နောက် ရှရီအသ်အသစ်တစ်ခု ပေါ်ပေါက်လာပါက ထိုရှရီအသ်အသစ်ကို လိုက်နာရန် လူများအပေါ်၌ တာဝန်ဖြစ်ပါသည်။ ၎င်းနောက် ရှရီအသ်အသစ်ပါ ဥပဒေများသည် ရှရီအသ်အဟောင်းပါ ဥပဒေများနှင့် ဝိရောဓိဖြစ်နေပါက ရှရီအသ်အဟောင်းပါ ဥပဒေများသည် တရားမဝင်ဖြစ်သွားသောကြောင့် ရှရီအသ်အသစ်ပါ ဥပဒေများကိုသာ လိုက်နာရပါမည်။ ထို့ကြောင့် နောက်ဆုံးကျမ်းနှင့် ရှရီအသ်ကို လက်ခံရရှိတော်မူသော တမန်တော်မြတ်ﷺသခင်ကို မည်သူကမျှ ထိုဥပဒေများနှင့်ပတ်သက်၍ တမန်တော်မြတ်ﷺသခင်နှင့် အချေအတင်ပြောဆိုခွင့် မရှိပါ။ فَلَا يُنَازِعُنَّكَ فِي الْأَمْرِ သို့ဖြစ်ပေရာ (ဤသူတို့သည်) ယင်းအရေးကိစ္စ၌ အသင်နှင့်ငြင်းခုံခြင်းကို မပြုကြရာချေ၊ (၂၂း၆၇)ဟူသည်က အထက်ပါ အဓိပ္ပာယ်ကို သက်ရောက်စေပါသည်။ ဆိုလိုသည်မှာ ယခုအခါ၌ တမန်တော်မြတ်ﷺသခင်သည် ကျမ်းစာအုပ်အသစ် တစ်စောင်နှင့် ကိုဓဥပဒေအသစ်များ ယူဆောင်လာသောကြောင့် ထိုဥပဒေများနှင့် ပတ်သက်၍ ငြင်းခုံခြင်း ရှုပ်ထွေးမှု ဖြစ်စေခြင်းများကို မည်သူတစ်ဦးတစ်ယောက်တွင်မှ လုပ်ပိုင်ခွင့်မရှိပါ။

ဤသည်က အာယသ်တော်၏ အဓိပ္ပာယ်ဖွင့်ဆိုမှု နှစ်မျိုးစလုံးတွင် ဝိရောဓိမရှိ ဆိုကြောင်း ပြသပါသည်။ ဖြစ်နိုင်သေးသည်မှာ ဤအာယသ်အား တိရစ္ဆာန်များကို လှီးဖြတ်ခြင်းနှင့်ပတ်သက်သော သီးသန့်ငြင်းခုံမှုများအတွက် ချပေးပါသည်။ သို့ရာတွင် ယေဘုယျဥပဒေအရ အသားများအား သီးသန့်အဖြစ်အပျက်တွက် ရည်ညွှန်းကာ အဓိပ္ပာယ်

မဖွင့်ဆိုဘဲ သာမန်လူများ နားလည်သဘောပေါက်နိုင်သည့် အနေအထားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရပါမည်။ ထို့ကြောင့် အာယသ်ပါစကားလုံးများသည် ရှရီအသ် ဥပဒေများအားလုံးနှင့် သက်ဆိုင်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါသည်။ ထို့ကြောင့် အဓိပ္ပာယ်ဖွင့်ဆိုမှု နှစ်မျိုးစလုံး၏ အနှစ်သာရမှာ အလ္လာဟ်အရှင်သည် မျိုးနွယ်စုအသီးသီးတို့အား ယင်းတို့အတွက် သီးသန့်ဥပဒေများ ပေးထားရာ၌ အသေးစိတ်များနှင့်ပတ်သက်သော မတူညီမှုများ ပါဝင်ပါသည်။ နောက်ဆုံးချပေးသော ဥပဒေများကိုသာ လူအများက လိုက်နာကျင့်သုံးရပါမည်။ မတူညီမှုများနှင့် ပတ်သက်သော ပြဿနာများ မပေါ်ပေါက်စေရပါ။ ထို့အတွက်ကြောင့် ဤအာယသ်၏အဆုံး၌ اُدۡعُ اِلٰی رَبِّكَ اِنَّكَ لَعَلٰی هُدًی مُّسۡتَقِيۡمٍ "ၔင်းပြင် အသင်သည်(လည်း) မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်လက်သို့ (ၔင်းတို့အား) ဖိတ်ခေါ်လျက်ရှိပါလေ။ ဇကန်မလွဲအသင်သည် ဖြောင့်မတ် မှန်ကန်သော တရားလမ်းစဉ်ပေါ်၌ တည်ရှိပေသည် (၂၂း၆၇)ဟူ၍မိန့်ထားသည်။ ယင်းထဲ၌ တမန်တော်မြတ်ﷺအား မယုံကြည်သွေဖည်သူများ၏ လျှို့ဝှက်ကြံစည်မှုများ၊ ငြင်းခုံမှုများကို ဂရုမစိုက်ဘဲ မိမိ၏ တာဝန်ကိုသာ ဆက်လက် လုပ်ဆောင်ပါလေဟု အကြံပြုထားသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကိုလိုက်နေကာ သူအားဆန့်ကျင်သူများသည် နက်ရှိုင်းသောအမှားတွင် ရှိနေကြပါသည်။

ဒီဟသံသယနှင့်ယင်း၏အဖြေ

အာယသ်(၆၇)ထဲ၌ အလ္လာဟ်အရှင်သည် အစောပိုင်းရှိ မျိုးနွယ်အုပ်စုများအား ၔင်းတို့ကိုယ်ပိုင် ရှရီအသ်သို့မဟုတ် ဥပဒေများ ပေးသနားထားသည်မှာ ထင်ရှားပါသည်။ တမန်တော်မူစာ၏ ကိုခဉပဒေများနှင့် ခရစ်ယာန်ကိုခဉပဒေများသည် ဤကိစ္စရပ်အတွက် ဥပမာဖြစ်ကြပါသည်။ ဂျူးများနှင့် ခရစ်ယာန်များက သူတို့၏ ကိုခဉပဒေများသည် အလ္လာဟ်အရှင်ချပေးထားခြင်းကြောင့် အစွလာမ့်ကိုခဉပဒေများနှင့်အတူ ခွင့်ပြုသင့်သည်ဟူ၍ ငြင်းခုံနိုင်ပါသည်။ ဤကဲ့သို့ ငြင်းခုံမှုတွင် မှားယွင်းသောငြင်းခုံမှု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှရီအသ်အသစ်တစ်ခု ကျရောက်လာခြင်း၊ အစောပိုင်းကရှိသော ရှရီအသ်ပယ်ဖျက်ပြီးဖြစ်သည်ဆိုသည်မှာ အများသိသော အတည်ပြုပြီးသည့် အချက်ဖြစ်ပါသည်။ ဤအယူအဆအား အားပေးသည့်အနေဖြင့် အစွလာမ့်ရှရီအသ်အား အန်တုသော မယုံကြည် သွေဖည်သူများသည် ကြီးလေးသော ပြစ်ဒဏ်ခတ်ခံရမည်ဆိုကြောင်း وَاِنۡ جٰدَلُوۡكَ فَقُلِ اللّٰهُ اَعۡلَمُ بِمَا تَعۡمَلُوۡنَ သို့ရာတွင် အကယ်၍ ၔင်းတို့သည် အသင်နှင့်အငြင်းအခုံပြုခဲ့ကြသည်ရှိသော် အသင်သည် (ၔင်းတို့အား)ဤသို့) ပြောဆိုပြန်ကြားပါလေ။ (အချင်းတို့၊ ဇကန်စင်စစ်) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ အပြုအမူတို့ကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏ (၂၂း၆၈) ဟူ၍မိန့်ကာ သတိပေးထားသည်။

အာယသ် (၇၁-၇၄)

وَ يَعۡبُدُوۡنَ مِنۡ دُوۡنِ اللّٰهِ مَا لَمۡ يُنَزِّلۡ بِهٖ سُلۡطٰنًا وَّ مَا لَيۡسَ لَهُمۡ بِهٖ عِلۡمٌ ؕ
وَ مَا لِلظّٰلِمِيۡنَ مِنۡ نَّصِيۡرٍ ﴿۷۱﴾ وَ اِذَا تُتۡلٰی عَلَيۡهِمۡ اٰيٰتُنَا بَيِّنٰتٍ تَعۡرِفُ فِیۡ
وُجُوۡهِ الَّذِيۡنَ كَفَرُوا الۡمُنۡكَرَ ؕ يَكَادُوۡنَ يَسۡطُوۡنَ بِالَّذِيۡنَ يَتۡلُوۡنَ عَلَيۡهِمۡ
اٰيٰتِنَا ؕ قُلۡ اَفَاُنَبِّئُكُمۡ بِشَرٍّ مِّنۡ ذٰلِكُمۡ ؕ اَلنَّارُ ؕ وَعَدَهَا اللّٰهُ الَّذِيۡنَ

كَفَرُوْا ؕ وَ بِئْسَ الْمَصِيْرُ ﴿۷۲﴾ يٰۤاَيُّهَا النَّاسُ ضُرِبَ مَثَلٌ فَاسْتَمِعُوْا لَهٗ ؕ
اِنَّ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ لَنْ يَّخْلُقُوْا ذُبَابًا وَّ لَوِ اجْتَمَعُوْا لَهٗ ؕ وَ اِنْ
يَّسْلُبْهُمُ الذُّبَابُ شَيْـًٔا لَّا يَسْتَنْقِذُوْهُ مِنْهُ ؕ ضَعُفَ الطَّالِبُ وَ الْمَطْلُوْبُ
﴿۷۳﴾ مَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖ ؕ اِنَّ اللّٰهَ لَقَوِيٌّ عَزِيْزٌ ﴿۷۴﴾

စင်စစ်သော်ကား၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်၍ အကြင်အရာများကို ကိုးကွယ် ဆည်းကပ်ကြကုန်၏။ ထိုအရှင်မြတ်သည် ယင်းအရာများ(ကို ကိုးကွယ်နိုင်ခွင့် ရှိကြောင်းနှင့် စပ်လျဉ်း၍) မည်သည့် သက်သေခံတစ်စုံတစ်ရာကိုမျှ ချပေးတော်မူခဲ့သည်မရှိပေ။ ယင်းအရာများ(ကို ကိုးကွယ်ဆည်းကပ်မှု)နှင့်စပ်လျဉ်း၍ ၎င်းတို့၌ မည်သည့် အသိပညာ အထောက်အထား တစ်စုံတစ်ရာမျှလည်း မရှိခဲ့ချေ။ ၎င်းပြင် မတရားသောသူတို့အား ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။[၇၁]

ထို့ပြင် ၎င်းတို့ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားသော အာယတ်တော် များကို ဖတ်ကြားသောအခါ အသင်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြသောသူတို့၏ မျက်နှာများတွင် မနှစ်မြို့မှု၊ သွေဖည်ငြင်းဆန်မှုကို တွေ့မြင်ရပေမည်။ ၎င်းတို့သည် မိမိတို့ရှေ့ဝယ် ငါအရှင်မြတ်၏ အာယတ်တော်များကို ဖတ်ကြားသူတို့အား (ကိုယ်ထိ လက်ရောက်) တိုက်ခိုက်လုနီးနီး ဖြစ်ကုန်ကြပေသည်။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) သို့ဖြစ်မူ ငါသည် အသင်တို့အား ထို့ထက်ပင် ပိုမိုဆိုးရွားလှသောအရာကို ကြားသိစေရမည်လော။ (ထိုအရာကား ငရဲ)မီးပင်။ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်သွေဖည် ငြင်းပယ်သောသူတို့အား ယင်းမီး(ထဲသို့ လားစေတော်မူမည်)ကို ချိန်းချက်ထားတော်မူခဲ့လေသည်။ စင်စစ်သော်ကား ယင်းငရဲမီးသည် အလွန်ဆိုးရွားလှသော ပြန်လည်ရာဌာနပင် ဖြစ်ချေသတည်း။[၇၂]

အို-လူခပ်သိမ်းတို့၊ ဥပမာပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းမည်ဖြစ်ရာ အသင်တို့သည် ယင်းဥပမာ ပုံဆောင်ချက်ကို (ကောင်းစွာ) နားထောင်ကြလေကုန်။ မုချဇကန် အလ္လာဟ်အရှင်မြတ် အားစွန့်၍ အသင်တို့ ဟစ်ခေါ်(တသ ဆည်းကပ်ကိုးကွယ်လျက် ရှိ)ကြသော အရာများမှာ ၎င်းတို့အားလုံး (တစည်းတလုံးတည်း) စုရုံး (ကြိုးပမ်း အားထုတ်)ကြသည့်တိုင်အောင် ယင်ကောင်တစ်ကောင်ကိုမျှပင် အလျှင်းဖန်ဆင်းနိုင်ကြမည် မဟုတ်ပေ။ ထိုမှတစ်ပါး အကယ်၍ ထိုယင်ကောင်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာကို လုယူပါလျှင် (သုတ်သွားပါလျှင်) ၎င်းတို့သည် ယင်းအရာကိုပင် ထိုယင်ကောင်၏ထံမှ ပြန်လုယူနိုင်ကြမည်မဟုတ် ချေ။ ရှာဖွေဆည်းပူး (ကိုးကွယ်ဆည်းကပ်)သောသူနှင့် ရှာဖွေဆည်းပူး (ကိုးကွယ် ဆည်းကပ်)ခြင်း ခံရသောသူသည် အားနည်းချည့်နဲကြပေတကား။[၇၃]

ထင်းတို့သည် အလ္လာဟ်အရှင်မြတ်အား ရိုသေကိုင်းရှိုင်းရန် တာဝန်ရှိသည်နှင့်အညီ ရိုသေ ကိုင်းရှိုင်းကြသည် မဟုတ်ပေ။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ခွန်အား ပြည့်စုံတော်မူသော၊ တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၇၄]

အကျယ်ဖွင့်ဆိုခြင်း

ဘုရားအများကိုကွယ်ခြင်းနှင့်ရုပ်တုကိုးကွယ်ခြင်းတို့သည်အချည်းအနှီးဖြစ်သည်ဆိုကြောင်းပုံဆောင်ချက်တစ်ခုကိုးကားကာ ဖော်ပြခြင်း

ضُرِبَ مَثَلٌ ဟူသော စကားလုံးများအား ယေဘုယျအနေဖြင့် အဖြစ်အပျက်တစ်ခုအား ဥပမာတစ်ခုအနေဖြင့် ဖော်ပြရာ၌ သုံးစွဲထားပါသည်။ သို့သော်လည်း ဤနေရာ၌ ထိုစကားလုံးများအား အထက်ပါအဓိပ္ပာယ်အဖြစ် သုံးစွဲ မထားပါ။ သို့ရာတွင် ရုပ်တုကိုးကွယ်ခြင်း၏မိုက်မဲမှုကို ပုံဆောင်ချက်တစ်ခုဖြင့် ဖော်ပြထားပါသည်။ မယုံကြည်သွေဖည်သူများအား ပြောသည်မှာ ၎င်းတို့၏ဆန္ဒများ ပြည့်ဝစေမှုရစေရန် ရှာကြံသော ရုပ်တုများသည် မည်မျှ တတ်စွမ်းနိုင်မှု မရှိပါသနည်းဟူမူ သူတို့အားလုံး စုပေါင်း၍ လုပ်ဆောင်လျှင်သော်မှ အင်မတန်ရိုးစင်းသော အရာတစ်ခုဖြစ်သည့် ယင်ကောင်တစ်ကောင်ကိုပင် ဖန်ဆင်းနိုင်စွမ်း မရှိပါ။ တကယ်တမ်းဆိုရသော် ထိုရုပ်တုများသည် ၎င်းတို့အား ကိုးကွယ်သူများက နေ့စဉ်ပူဇော်ပသသော စားသောက်ဖွယ်ရာများ ယင်များအုံခြင်းကိုပင် မကာကွယ်နိုင်ပါ။ သို့ဖြစ်ပါလျှင် အသင်တို့အား ကပ်ဘေးကြီးမှ မည်သို့ကာကွယ်အံ့နည်း။ ရုပ်တုကိုးကွယ်သူများ၏ နံ့ချာမှုနှင့် မိုက်မဲမှုများကို အာယသ်၏အဆုံး၌ ضَعُفَ الطَّالِبُ وَ الْمَطْلُوْبُ ရှာဖွေဆည်းပူး (ကိုးကွယ်ဆည်းကပ်)သောသူနှင့် ရှာဖွေဆည်းပူး (ကိုးကွယ် ဆည်း ကပ်)ခြင်းခံရသောသူသည် အားနည်း ချည့်နဲ့ကြပေတကား(၂၂း၇၃) ဟူ၍ ဖော်ပြထားသည်။ ဆိုလိုသည်မှာ အကိုး ကွယ်ခံပစ္စည်းများသည် ထိုမျှချည့်နဲ့ပြီး အစွမ်းမရှိပါက ကိုးကွယ်သူများက ပို၍ဆိုးပါလိမ့်မည်။

مَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား ရိုသေကိုင်းရှိုင်းရန် တာဝန်ရှိသည်နှင့်အညီ ရိုသေကိုင်းရှိုင်းကြသည် မဟုတ်ပေ။ (၂၂း၇၄) ဤသည်ကဆိုလိုသည်မှာ ထိုသူများသည် အလွန်မိုက်မဲပြီး ကျေးဇူးတရား မသိတတ်သောကြောင့် အလ္လာဟ်အရှင်၏ တန်ခိုးတော်ကို မသိရှိဘဲ သူတို့၏အစွမ်းမရှိသောရုပ်တုတို့အား အလ္လာဟ်အရှင်နှင့်တစ်တန်းတစ်စားတည်း ထားကြပါသည်။

အာယသ် (၇၅-၇၈)

اَللّٰهُ يَصْطَفِيْ مِنَ الْمَلٰٓئِكَةِ رُسُلًا وَّ مِنَ النَّاسِ ؕ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ۝٧٥ يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ وَ مَا خَلْفَهُمْ ؕ وَ اِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝٧٦ يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا ارْكَعُوْا وَ اسْجُدُوْا وَ اعْبُدُوْا رَبَّكُمْ وَ افْعَلُوا الْخَيْرَ لَعَلَّكُمْ تُفْلِحُوْنَ ۝٧٧ۚ وَ جَاهِدُوْا فِى اللّٰهِ حَقَّ جِهَادِهٖ ؕ هُوَ اجْتَبٰىكُمْ وَ مَا جَعَلَ عَلَيْكُمْ فِى الدِّيْنِ مِنْ حَرَجٍ ؕ مِلَّةَ اَبِيْكُمْ اِبْرٰهِيْمَ ؕ هُوَ سَمّٰىكُمُ

الْمُسْلِمِيْنَ ۙ مِنْ قَبْلُ وَ فِيْ هٰذَا لِيَكُوْنَ الرَّسُوْلُ شَهِيْدًا عَلَيْكُمْ وَ تَكُوْنُوْا شُهَدَآءَ عَلَى النَّاسِ ۚ فَاَقِيْمُوا الصَّلٰوةَ وَ اٰتُوا الزَّكٰوةَ وَ اعْتَصِمُوْا بِاللّٰهِ ؕ هُوَ مَوْلٰىكُمْ ۚ فَنِعْمَ الْمَوْلٰى وَ نِعْمَ النَّصِيْرُ ﴿۷۸﴾

အလ္လာဟ်အရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အနက်မှ လည်းကောင်း၊ လူတို့အနက်မှလည်းကောင်း စေတမန်များ(တမန်တော် များ)ကို ရွေးချယ်တော်မူခဲ့၏။ ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော ကောင်းစွာမြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။[၇၅]

ထိုအရှင်မြတ်သည် ၎င်းတို့၏ ရှေ့ နောက် အဖြစ်အပျက် အလုံးစုံတို့ကို (အကြွင်းမဲ့) သိရှိတော်မူပေသည်။ စင်စစ်သော် ကား အရေးကိစ္စ အဝဝတို့မှာ အလ္လာဟ်အရှင်မြတ်အထံတော်သို့ပင် ပြန်လည် ရောက်ရှိကြမည်သာတည်း။[၇၆]

အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ သည် မိမိတို့ အောင်မြင်ကြအံ့သောငှာ "ရုကူအ်"ဦးညွှတ်(၍ နေ)ကြလေကုန်။ ထို့ပြင် အသင်တို့သည် "စဂျ်ဒဟ်"ပျိုဝပ်ဦးချ(၍ နေ)ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ခဝပ်ကိုးကွယ်(၍ နေ)ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ကောင်းမြတ်သော အမှုကိစ္စများကိုလည်း ပြုလုပ်(၍ နေ)ကြလေကုန်။ [၇၇] ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ (သာသနာတော် အရေးတွင်) ထိုအရေးကိစ္စ၌ သက်စွန်ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသည်နှင့်အညီ သက်စွန်ကြိုးပမ်း ဆောင်ရွက်(၍ နေ)ကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား ရွေးချယ်တော်မူခဲ့ပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ ဖခင် (နဗီတမန်တော်) အီဗ်ရာဟီမ်၏သာသနာနည်းတူ အသင်တို့အပေါ်၌လည်း "ဒီန်"သာသနာတော်၌ မည်သည့် ကျပ်တည်းခဲယဉ်းမှု တစ်စုံတစ်ရာကိုမျှပင် ပြုတော်မမူခဲ့ချေ။ ရစူလ်တမန်တော်မြတ် (မုဟမ္မဒ်)သည် အသင်တို့နှင့် ပတ်သက်၍ အသိသက်သေ ဖြစ်အံ့သောငှာလည်းကောင်း၊ အသင်တို့သည်လည်း လူခပ်သိမ်းတို့နှင့် ပတ်သက်၍အသိသက်သေများဖြစ်ကြအံ့သောငှာ လည်းကောင်း ထိုအရှင်မြတ်သည်ပင် အသင်တို့အား ယခင်ကလည်း (မုစ်လင်မ်များဟူ၍ အမည်ပညတ်တော်မူခဲ့ပေသည်။) (ယခု) ဤ(ကုရ်အာန် ကျမ်းတော်မြတ်)တွင်လည်း "မုစ်လင်မ်"များဟူ၍ပင် အမည် ပညတ်ထားတော်မူလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် "ဆွလာတ်" ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် "ဇကာတ်" ကိုလည်း ပေးဆောင်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် (မိမိတို့ အရေးကိစ္စတို့တွင်) အလ္လာဟ်အရှင်မြတ်အားသာလျှင် စွဲမြဲစွာ ဆုပ်ကိုင်ထားကြလေကုန်။ ထိုအရှင်မြတ်သည်ပင် အသင်တို့၏ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ (ထိုအရှင်မြတ်သည်) အဘယ်မျှ

လောက် ကောင်းမြတ်လှသော၊ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အရှင် ဖြစ်တော်မူပါဘိသနည်း၊ ၎င်းပြင် အဘယ်မျှလောက် ကောင်းမြတ်လှသော၊ ကျည်စောင်မတော်မူသောအရှင် ဖြစ်တော်မူဘိသနည်း။[၇၈]

အကျယ်ဖွင့်ဆိုခြင်း

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱرۡكَعُواْ وَٱسۡجُدُواْ وَٱعۡبُدُواْ رَبَّكُمۡ အသင်တို့သည် မိမိတို့အောင်မြင်ကြအံ့သောငှာ "ရုကူအ်" ဦးညွှတ်(၍နေ)ကြလေကုန်။ ထို့ပြင် အသင်တို့သည် "စဂျ်ဒဟ်" ပျံဝပ်ဦးချ (၍နေ)ကြလေကုန်၊ ၎င်းပြင် အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ခဝပ်ကိုးကွယ်(၍ နေ)ကြလေကုန်။ (၂၂း၇၇) ဤစူရဟ်၏အာယသ်(၁၈)သည် "စဂျ်ဒဟ်"အာယသ်တော် ဖြစ်သည် ဆိုကြောင်း ဓမ္မသတ်ရှင်များ တညီတညွတ်တည်း ဆုံးဖြတ်ကြပါသည်။ ဆိုလိုသည်မှာ မည်သူမဆို ဤအာယသ်(၁၈)အား ရွတ်ဖတ်ခြင်း (သို့) ရွတ်ဖတ်မှုပြုခြင်းကို တစ်စုံတစ်ဦးကြားပါက စဂျ်ဒဟ်ဦးချမှု ပြုလုပ်ရပါမည်။ သို့ရာတွင် လက်ရှိအာယသ်နှင့်ပတ်သက်၍ အယူအဆ ကွဲပြားမှုရှိပါသည်။ အိမာမ်အဗူဟနီဖဟ်၊ အိမာမ်မာလစ်က်နှင့် ဆုဖိယာန်သောင်ရိ(ရ)တို့က လက်ရှိအာယသ်သည် စဂျ်ဒဟ် အာယသ်မဟုတ်ဟုထင်မှတ်ကြပါသည်။ဆိုလိုသည်မှာဤအာယသ်ကိုဖတ်ရွတ်သည်ဖြစ်စေ၊နားထောင်သည်ဖြစ်စေ၊ စဂျ်ဒဟ်ပြုရန် တာဝန်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်ထဲ၌ စဂျ်ဒဟ်ဦးချရန်ဆိုသောအမိန့်အား ရုကူဦးညွှတ်ရန်အမိန့်နှင့် ပေါင်းစပ်ထားပါသည်။ ဤကဲ့သို့သော အခြေအနေမျိုး၌ လက်ရှိစဂျ်ဒဟ်နှင့် ပတ်သက်မှုသည် ဆွေးနွေးသဝတ်ပြုမှုများတွင် ပြုလုပ်နေကြ စဂျ်ဒဟ်ကို ဆိုလိုကြောင်း ထင်ရှားစွာ ရည်ညွှန်းပါသည်။ ပမာဆိုသော် ပညာရှင်အားလုံးက တညီတညွတ်တည်း ယူဆကြသည်မှာ وَٱسۡجُدِي وَٱرۡكَعِي مَعَ ٱلرَّٰكِعِينَ "ထို့ပြင် အသင်သည် "စဂျ်ဒဟ်" ပျံဝပ်ဦးချလျက်နေပါလေ။ ထို့ပြင်အသင်သည် ရုကူလ် ကိုင်းညွှတ်ရှိကျိုးသူ တို့နှင့်အတူတကွ ရုကူလ် ကိုင်းညွှတ်ရှိကျိုးလျက်နေပါလေ (၃း၄၃) ဟူသော အာယသ်ပါ စဂျ်ဒဟ်သည် ဆွေးနွေးသဝတ်ပြုမှုများတွင် ပြုလုပ်နေကြ စဂျ်ဒဟ်ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိအာယသ်ပါ စာသားများအရ အီမာမ် ရာဖဒီအီနှင့် အီမာမ်အဟ်မဒ်တို့တွင် ဆန့်ကျင်ဘက်အယူအဆများရှိပြီး ဟဒီးစ်တစ်ပုဒ်ကို ကိုးကားခဲ့ပါသည်။ ယင်းဟဒီးစ်ထဲ၌ စူရာဟ်ဟာဂျ်ထဲတွင် စဂျ်ဒဟ် အာယသ်နှစ်ခုပါဝင်သောကြောင့် အခြားစူရဟ်များထက် ပိုမိုထွတ်မြတ်ကြောင်း မိန့်ထားပါသည်။ အိမာမ်အဗူဟနီဖဟ်က ဤဟဒီးစ်၏ ခိုင်လုံမှုကို စောဒကတက်ပါ သည်။

وَجَٰهِدُواْ فِي ٱللَّهِ حَقَّ جِهَادِهِۦ "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ (သာသနာတော်အရေးတွင်) ထို အရေးကိစ္စ၌ သင့်စွန့် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသည်နှင့်အညီ သင့်စွန့်ကြိုးပမ်းဆောင်ရွက်(၍ နေ)ကြလေကုန်။ (၂၂း၇၈) **جهاد** (ဂျိဟားဒ်)နှင့် **مُجَاهَدَة** မုဂျာဟဒဟ်ဆိုသော စကားလုံးများက ရည်မှန်းချက်တစ်ခုရရှိရန်အတွက် တစ်စုံတစ်ဦးသည် အစွမ်းကုန်ကြိုးစားကာ ဒုက္ခခံရမည်ဟူ၍ အဓိပ္ပာယ်သက်ရောက်ပါသည်။ (ထို့ကြောင့် စကားလုံး အား အထက်တွင် "သင့်စွန့်ကြိုးပမ်း"ဟု ဘာသာပြန်ဆိုထားသည်) မုစ်လင်မ်များသည် မယုံကြည်သွေဖည်သူများနှင့် စစ်ခင်းရာ၌ အမြင့်မားဆုံးသော ကြိုးပမ်းမှုများ ပြုလုပ်ရပါမည်။ ထို့အတွက်ကြောင့် ဤကဲ့သို့သော စစ်ခင်းမှုကို "ဂျိဟားဒ်" ဟု ခေါ်ဆိုပါသည်။ ၎င်းနောက် **حَقّ جِهَادِهِۦ** (အလ္လာဟ်အရှင်မြတ်အပေါ်၌ တင်ရှိသော သင့်စွန့်ကြိုးပမ်း ဆောင်ရွက်မှု)ဟူသည်က ဤကြိုးပမ်းအားထုတ်မှုများနှင့် စွန့်လွှတ်မှုအားလုံးတို့သည် အလ္လာဟ်အရှင်ကျေနပ် နှစ် သက်မှုနှင့် ကောင်းချီးများ ရရှိရန် သက်သက်ဟု ရည်စူးရပါမည်။ ၎င်းနောက် လောကီဆုလာဘ်များဖြစ်သော ဂုဏ်

သတင်းကျော်ကြားမှုနှင့် သုံ့ရပစ္စည်းများ အပေါ်၌ အာရုံမထားရပါ။

စိုက်ယိဒိနာအိဗနိအဗ္ဗားစ်ﷺက "အလ္လာဟ်အရှင်အပေါ်၌ တင်ရှိသော သက်စွန့်ကြိုးပမ်းမှု" ဟူသောစာစုအား ရှင်းလင်းရာ၌ ဂျိဟားဒ်စစ်ပွဲ ဆင်နွှဲရာတွင် အလုံးစုံသော ဝေဖန်မှုတို့ကိုဂရုမမူဘဲ တစ်စုံတစ်ဦးသည် အစွမ်းကုန် ကြိုးပမ်းရပါမည်ဟု ပြောပါသည်။ အချို့သော ဋီကာရှင်များက ဤအာယသ်ပါ ဂျိဟားဒ်ဟူသော စကားလုံးသည် တစ်စုံတစ်ဦး ခဝပ်ကိုးကွယ်မှုလုပ်ရပ်များ လုပ်ရာတွင် ရှရီအသ်ပါ ဥပဒေများအား ပြည့်ပြည့်ဝဝ နာခံပြီး ရိုးသားဖြူစင်စွာ လုပ်ဆောင်ရမည်ဟု ဆိုလိုပါသည်။ ဒါဟားဂ်နှင့် မုကာဒိလ်တို့က ပြောသည်မှာ အလ္လာဟ်အရှင့်အပေါ် တင်ရှိသော သက်စွန့်ကြိုးပမ်းမှု ဆိုလိုသည်မှာ အလ္လာဟ်အရှင့် အမိန့်တော်များနှင့်အညီ လုပ်ဆောင်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား ပြုလုပ်ရန်တာဝန်ရှိသည့် ခဝပ်ကိုးကွယ်မှုများ လုပ်ဆောင်ခြင်း ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗနိ အဗ္ဗားစ်က ဂျိဟားဒ်ဆိုသည်မှာ နားဖိနှင့် ယင်းဇ်၏နိမ့်ကျသောဆန္ဒများမှ လွတ်ကင်းရန် ကြိုးပမ်းခြင်းဟု ထင်ပါသည်။ အိမာမ်ဗဂါဝီက ဂျီဗီးရ်အိဗနိအဗ်ဒုလ္လာဟ်ထံမှရရှိသော ဟဒီးစ်တစ်ပုဒ်ကို အခြေခံ၍ ဤအယူအဆကို ထောက်ခံပါသည်။ ယင်းဟဒီးစ်ထဲ၌ ဆွဟာဗဟ်တစ်စု ဂျိဟားဒ်စစ်ပွဲ၌ ပြန်လာသောအခါ၌ တမန်တော်မြတ်ﷺသခင်က မိန့်တော်မူသည်မှာ **قدمتم خير مقدم من الجهاد الاصغر الى الجهاد الاكبر. قال: مجاهدة العبد لهواه، رواه بيهقي وقال هذا اسناد فيه ضعف** ("အသင်တို့သည် ငယ်သောဂျိဟားဒ်စစ်ပွဲမှ ပြန်လာခဲ့ပြီး အကြီးစားဂျိဟားဒ်ဆီသို့ ဆက်လက်သွားရပါမည်" ဤသည်ကဆိုလိုသည်မှာ အတွင်းစိတ်နှင့် ယင်းဇ်၏နိမ့်ကျသောဆန္ဒများကို တိုက်ခိုက်ခြင်းသည် ဘယ်သောအခါမှ ရပ်လိမ့်မည်မဟုတ်ပါ။ ဗိုင်ဟကီကလည်း ဤဟဒီးစ်ကို တင်ပြထားပါသည်။ သို့ရာတွင် ဤဟဒီးစ်က အားနည်းသောဆင့်ပြန်သူများ ပါဝင်သည်ဟူ၍ သူက ထင်မှတ်ပါသည်။ သဖိစ်ရ်မဇ်ဟီရီကျမ်းထဲ၌ ဤဒုတိယအဓိပ္ပာယ်ဖွင့်ဆိုမှုကို ကျင့်သုံးထားကာ ဆက်၍ပြောသည်မှာ မုစ်လင်မ်များသည် ဂျိဟားဒ်စစ်ပွဲ ဆင်နွှဲနေသော်လည်း တကယ်ဆိုရသော် မုစ်လင်မ်တို့သည် စိတ်ရိုင်းများနှင့် စစ်ခင်းနေကြပါသည်။ ဟဒီးစ်ထဲ၌ ယင်းကဲ့သို့ စိတ်ရိုင်းများနှင့်စစ်ခင်းခြင်းကို ၎င်းတို့ ဂျိဟားဒ်စစ်ပွဲမဲ့အပြန် ဟူ၍ဖော်ပြထားသည်။ ဤနေရာ၌ ညွှန်းထားသည်မှာ စစ်မြေပြင်မှာပင် ဤစိတ်ရိုင်းများနှင့်စစ်ခင်းခြင်း ဆက်လက်ဖြစ်ပွားနေသော်လည်း ဓလေ့ထုံးစံနှင့် အသုံးအနှုန်းအရ ယင်းစိတ်ရိုင်းများနှင့် စစ်ခင်းမှုသည် ပြီးပြည့်စုံသော နာမ်ပိုင်းဆိုင်ရာပြသူ တမန်တော်မြတ်ﷺ၏ ကြပ်မတ်မှုအောက်တွင်သာ အကျိုးဖြစ်ထွန်းပါလိမ့်မည် ဟူ၍ဖြစ်သည်။

တမန်တော်မြတ် မုဟမ္မဒ်ﷺ၏ အမှုသည် အလ္လာဟ်အရှင်၏ ရွေးချယ်ခြင်းခံရသော အမှုသည်ဖြစ်သည်

هُوَ اجْتَبٰىكُمْ "ထိုအရှင်မြတ်သည် အသင်တို့အား ရွေးချယ်တော်မူခဲ့လေသည်။(၂၂း၇၈) စိုက်ယိဒိနာ ဝါသိလဟ် အိဗနိအတ်စ်ကာ၏ တင်ပြချက်တစ်ခုထဲ၌ တစ်ချိန်က တမန်တော်မြတ်ﷺသခင်က မိန့်ကြားသည်မှာ အလ္လာဟ်တအာလာသည် စိုက်ယိဒိနာအိစ်မာအီလ်ﷺ၏ သားစဉ်မြေးဆက်မှ ကိနာနဟ်ကို ရွေးချယ်ခဲ့ပါသည်။ ၎င်းနောက် အရှင်သည် ကိနာနဟ်မှ ကိုရိုက်ရှ်တို့ကို ရွေးချယ်ခဲ့ပါသည်။ ၎င်းနောက် ကိုရိုက်ရှ်တို့မှ ဗနီဟာရှင်ကို ရွေးချယ်ခဲ့ပါသည်။ ထို့နောက် အရှင်သည် ဗနီဟာရှင်တို့အနက်မှ ကျွန်ုပ်အား ရွေးချယ်ခဲ့ပါသည်" ဟူ၍ဖြစ်သည်။ (မုစ်လင်မ်-မဇ်ဟိရီ)

وَمَا جَعَلَ عَلَيْكُمْ فِي الدِّيْنِ مِنْ حَرَجٍ "ဒီန်" သာသနာတော်၌ မည်သည့်ကျပ်တည်းခဲယဉ်းမှု တစ်စုံတစ်ရာကိုမျှပင် ပြုတော်မမူခဲ့ချေ။(၂၂း၇၈) ဤသည်က ဆိုသည်မှာ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် အလ္လာဟ်အရှင်သည်

အသင့်အား မည်သို့သော ခက်ခဲမှုကိုမျှ မဖြစ်စေပါ။ ဤသည်မှ အချို့သော ပညာရှင်များက နိဂုံးချုပ်ပြောကြားသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် စစ်မှန်စွာ ဝန်ချတောင်းပန်ခဲ့ပါလျှင် အစွယ်လာမ်ဘာသာ၌ ခွင့်လွှတ်၍မရသော အပြစ်ဟူ၍မရှိသကဲ့သို့ ရှင်ပြန်ထရမည့်နေ့၌ လူတစ်ဦးအား ကယ်တင်ခွင့်မရစေနိုင်သော ပြစ်မှုဂုနဟ်မရှိပါ။ တစ်ဖက်တွင်မူ ရှေးယခင် အုမ္မသ်ထုများတွင် ဝန်ချ တောင်းပန်ခြင်း ပြုလျက်နှင့်ပင်လျှင် ခွင့်လွှတ်၍မရသော ပြစ်မှုဂုနာဟ်များ ရှိကြသည်။ စိုက်ယိဒိနာ အိဗနိအဗ္ဗားစ်အဆိုအရ "ကျပ်တည်းမှု"ဆိုသည်မှာ ဗနီအစ္စရာအီလ်များအပေါ်၌ သတ်မှတ်ထားသော တင်းကြပ်ပြီး ပြင်းထန်သောဥပဒေများကို ရည်ညွှန်းပါသည်။ ထိုသည်များအား ကုရ်အာန်ကျမ်းတော်မြတ်က **اصر** (ဝန်ထုပ်ဝန်ပိုး)နှင့် **إِغْلَال** (သံကွင်း သံကြိုး များ)ဟူသော စကားလုံးများ သုံးစွဲထားပါသည်။ အခြားသောသူများက "ဟာရဂျ်"(ကြပ်တည်းမှု) ဆိုသည်မှာ လူသားတို့၏ ခံနိုင်ရည်ထက် ကျော်လွန်နေသော ခက်ခဲမှုဟု ဆိုလိုပါသည်။ အစွယ်လာမ်ဘာသာ၌ ခံနိုင်ရည်စွမ်းမရှိသော ထိုကဲ့သို့သော ဥပဒေမျိုးများမရှိသော်လည်း အချို့သော ဥပဒေများကိုမူ၊ အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ရပါမည်။ သို့ရာတွင် ထိုကဲ့သို့သောကြိုးပမ်းမှုများသည် လူသားအားလုံးတို့၏ လုပ်ဆောင်မှုများ အောင်မြင်ရန်အတွက် လိုအပ်သောအရာများဟု သတ်မှတ်ထားခဲ့သည်။ ပညာရေး၊ ကူးသန်း ရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်းများစသည့် နယ်ပယ်များတွင် အောင်မြင်မှုသည် မဆုတ်မနစ် လုပ်ဆောင်မှုအပေါ်၌ တည်မှီပါသည်။ သို့ရာတွင် ထိုကဲ့သို့သော လုပ်ရပ်မျိုးများသည် အောင်မြင်မှုမရရှိနိုင်ဟု မပြောနိုင်ပါ။ တစ်ခါတစ်ရံ၌ ပတ်ဝန်းကျင်နှင့် သဟဇာတမတည့်မှု (သို့) လုပ်ငန်းမကျွမ်းကျင်မှုတို့ကြောင့် အခက်အခဲများ ကြုံတွေ့နိုင်ပါသည်။ သို့ရာတွင် ဤအခက်အခဲများအား အကြပ်အတည်း ဖြစ်ခြင်းဟု မခေါ်ဆိုနိုင်ပါ။ ၎င်းနောက် ထိုအခက်အခဲများအား စဉ်ဆက်မပြတ် ကြိုးကြိုးစားစား လုပ်ဆောင်ခြင်းဖြင့် ကျော်လွှား နိုင်ပါသည်။

သဖီစီရ်မဇ်ဟီရီကျမ်းထဲ၌ ကာရီဆနာအုလ္လာ၏ အခြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြောပြသည်မှာ အလ္လာဟ်အရှင်သည် အခြားသောမျိုးနွယ်စုများအနက်မှ မုစ်လင်မ်များအား အရှင့်ကောင်းချီးများ ပေးသနားတော်မူရန် အတွက် ရွေးချယ်ခံပြီးသည့်နောက်တွင် မုစ်လင်မ်များကလည်း အလ္လာဟ်အရှင်နှင့် အရှင့်သာသနာတော်အတွက် အလုပ်အကျွေးပြုရန် အပြင်းအထန်ဆုံးသော အခက်အခဲများကို လိုလိုလားလား လက်ခံခဲ့ကြပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အခက်အခဲနှင့် ဒုက္ခများကပင်လျှင် သူတို့၏ နာခံခြင်းကို မဟန့်တားနိုင်ပါ။ ၎င်းတို့သည် ထိုအခက်အခဲနှင့် ဒုက္ခများအား လိုလိုလားလား ပျော်ပျော်ရွှင်ရွှင် သည်းခံခဲ့ကြပါသည်။ စိုက်ယိဒိနာ အနားစ်တင်ပြသော ဟဒီးစ်တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺသခင်က မိန့်သည်မှာ **جعلت قرة عيني في الصلوة** ဆွလာသ်ဝတ်ပြုမှုကြောင့် ငါ၏ မျက်လုံးများ အေးမြစေပါသည်။ (အဟ်မဒ်နှင့် နစာအီ) **مِلَّةَ أَبِيكُمْ إِبْرَاهِيمَ** "အသင်တို့၏ဖခင် (နဗီတမန်တော်) အိဗ်ရာဟီမ်၏ သာသနာ့နည်းတူ" (၂၂း၇၈) ဤသည်ကဆိုလိုသည်မှာ ဤမျိုးနွယ်စုသည် အသင်တို့၏ ဖခင်အိဗ်ရာဟီမ်ﷺ၏ မျိုးနွယ်စုဖြစ်သည်။ ဤစကားလုံးများသည် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ၏ သားစဉ်မြေးဆက်မှ ပေါက်ပွားလာသော အလ္လာဟ်အရှင်ကောင်းချီး မင်္ဂလာများ ခံစားခွင့်ရှိ ကုရိုက်ရှ်များအား ရည်ညွှန်းပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်သည် ကုရိုက်ရ်များအား ကောင်းချီးမင်္ဂလာ ပေးအပ်ပါသည်။ ဟဒီးစ်တစ်ပုဒ်ထဲ၌ မိန့်ထားသည်မှာ-

الناس تبع لقريش هى هذا الشان، مسلمهم تبع لمسلمهم، وكافرهم تبع لكافرهم (رواه البخارى ومسلم)

ဤဘာသာတရားကို လူအများတို့သည် ကုရိုက်ရှ်များကဲ့သို့ လိုက်နာကျင့်သုံးခဲ့သည်။ ကုရိုက်ရှ်မျိုးနွယ်မှ သက်ဝင်ယုံကြည်သူများ နောက်သို့ သက်ဝင်ယုံကြည်သော လူအများ လိုက်ကြပါသည်။ သက်ဝင်ယုံကြည်ခြင်းမရှိသော ကုရိုက်ရှ်များနောက်သို့ သက်ဝင်ယုံကြည်မှုမရှိသော လူအများက လိုက်ကြပါသည်။ (မဇ်ဟီရီ)

အခြားသူများက أَبِيكُمْ إِبْرَاهِيمَ (အသင်တို့၏ ဖခင်အိဗ်ရာဟီမ်ဟူသော စကားလုံးတို့သည် မုစ်လင်မ်အားလုံးတို့အား ဦးတည်ပြောကြားသည်ဟု ပြောကြပါသည်။ ထိုသို့ပြောရခြင်းမှာ တမန်တော်မြတ်ﷺကိုယ်တော်တိုင် ပင်လျှင် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺက ဆင်းသက်လာခဲ့ပြီး ကိုယ်တော်မြတ်ﷺသည် မုစ်လင်မ်အားလုံးတို့၏ နာမ်ပိုင်းဆိုင်ရာ ဖခင်ဖြစ်သောကြောင့် ဖြစ်သည်။

هُوَ سَمّٰىكُمُ الْمُسْلِمِيْنَ ۙ مِنْ قَبْلُ وَ فِيْ هٰذَا "ထိုအရှင်မြတ်သည်ပင် အသင်တို့အား ယခင်ကလည်း (မုစ်လင်မ်များဟူ၍ အမည်ပညတ် တော်မူခဲ့လေသည်။ (ယခု) (ကုရ်အာန်ကျမ်းတော်မြတ်)တွင်လည်း "မုစ်လင်မ်"များဟူ၍ပင် အမည်ပညတ်ထားတော် မူလေသည်။ (၂၂း၇၈) စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီအလျင်ကပင် တမန်တော်မြတ်ﷺသခင်၏ နောက်လိုက်များနှင့် အခြားသော သက်ဝင်ယုံကြည်သူများအား မုစ်လင်မ်များဟူ၍ အမည်ပေးထားခဲ့ပါသည်။ နောက်ပိုင်းတွင် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဤကဲ့သို့ပင် ခေါ်ဆိုထားသည်ကို ကုရ်အာန်ကျမ်းတော်မြတ်ပါ ဒုအာတောင်းဆိုမှုတစ်ခု رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِنْ ذُرِّيَّتِنَآ أُمَّةً مُّسْلِمَةً لَّكَ "အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်သည် ကျွန်တော်မျိုးတို့အား မိမိ၏ အမိန့်တော်ကိုခံယူသူ မုစ်လင်မ်နှစ်ဦး ဖြစ်စေတော်မူပါ။ ထိုနည်းတူစွာ ကျွန်တော်မျိုးတို့၏သားစဉ် မြေး ဆက်ကိုလည်း အရှင်၏ အမိန့်တော်ကိုနာခံကြသူ မုစ်လင်မ်များ ဖြစ်စေတော်မူပါ။"(၂း၁၂၈)က ထင်ရှားစေပါသည်။

သက်ဝင်ယုံကြည်သူများအား ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ မုစ်လင်မ်များဟု ပညတ်ထားခြင်းသည် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ၏ တိုက်ရိုက်လုပ်ဆောင်ချက် မဟုတ်ပါ။ သို့သော်လည်း သူက ဤနာမည်ကို ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီ အလျင်ကပင် အကြံပြုထားသောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က ဤနာမည်ကို လက်ခံကျင့်သုံးခဲ့သည်။ ထို့ကြောင့် ထိုအမည်သည် စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺ ပညတ်ခဲ့သည်ဟု ပြောကြပါသည်။

لِيَكُوْنَ الرَّسُوْلُ شَهِيْدًا عَلَيْكُمْ وَ تَكُوْنُوْا شُهَدَآءَ عَلَى النَّاسِ "ရစူလ်တမန်တော်မြတ် (မုဟမ္မဒ်)သည် အသင်တို့နှင့်ပတ်သက်၍ အသိသက်သေဖြစ်အံ့သောငှာ လည်းကောင်း၊ အသင်တို့သည်လည်း လူခပ်သိမ်းတို့နှင့် ပတ်သက်၍ အသိသက်သေများ ဖြစ်ကြအံ့သောငှာလည်း ကောင်း" (၂၂း၇၈)ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ တမန်တော်မြတ်ﷺက ကိုယ်တော်သည်အလ္လာဟ်အရှင်၏ အမိန့်များကို ကိုယ်တော်၏အုမ္မသ်ထုထံသို့ ပို့ဆောင်ခဲ့သည်ဟု တင်ပြခဲ့သောအခါ၌ ကိုယ်တော်၏အုမ္မသ်ထုတစ်ခုလုံးက ဟုတ်မှန်ကြောင်း ဝန်ခံပြောဆိုပါလိမ့်မည်။ သို့ရာတွင် အခြားသောတမန် တော်များက အလားတူတင်ပြချက်များ ပြုလုပ်သောအခါ၌ သူတို့၏ အုမ္မသ်ထုက ပြောချက်များကို ငြင်းဆိုပါလိမ့်မည်။ တစ်ချိန်တည်းမှာပင် တမန်တော်မြတ်ﷺ၏အုမ္မသ်ထုသည် ရှေ့သို့တိုးတက်လာကာ တမန်တော်တိုင်းသည် အလ္လာဟ်အရှင့် အမိန့်တော်များအား သူတို့၏ သက်ဆိုင်ရာအုမ္မသ်ထုထံသို့ ပို့ဆောင်ခဲ့သည်ဆိုသည့် အချက်ကို သက်သေခံကြပါလိမ့်မည်။ မုစ်လင်မ်အုမ္မသ်ထုသည် အစောပိုင်းအချိန်အခါက မရှိခဲ့သောကြောင့် ဤသက်သေထွက်ချက်သည် အလေးအနက်မထားသင့်ဟု စောဒကတက်ကြပါလိမ့်မည်။ ဤစောဒကတက်မှုကို မုစ်လင်မ်များက ပြန်လည်ဖြေကြားသည်မှာ ဤကိစ္စရပ်များကို ၎င်းတို့သည် ၎င်းတို့၏ တမန်တော်မြတ်ကြီးထံမှ လေ့လာသိရှိခဲ့ရကြောင်းနှင့် တမန်တော်မြတ်ﷺ၏ သစ္စာရှိမှုနှင့် ဖြောင့်မတ်တည်ကြည်မှုကို အားလုံးက လက်ခံပြီးဖြစ်သည်ဟူ၍ဖြစ်ပါသည်။ ဤသည်မှာ စိုက်ယိဒိနာ အဗူစအစ်အလ်ခုဒ်ရီﷺသခင်၏ ခိုင်လုံချက်အရ ဗုခါရီနှင့်အခြားကျမ်းများပါ ဟဒီးစ်တစ်ပုဒ်၏ အကျဉ်းချုပ်သာ ဖြစ်ပါသည်။

فَاَقِيْمُوا الصَّلٰوةَ وَ اٰتُوا الزَّكٰوةَ သို့ဖြစ်ပေရာ အသင်တို့သည် "ဆွလာသ်" ဝတ်ပြုမှုကိုဆောက်တည်ကြလေကုန်။ ၎င်းပြင်အသင်တို့သည် "ဇကားသ်"ကိုလည်း ပေးဆောင်ကြလေကုန်။ (၂၂း၇၈) ဤသည်ကဆိုလိုသည်မှာ

အလ္လာဟ်အရှင်သည် အသင်တို့ အပေါ်၌ အကန့်အသတ်မရှိ ကျေးဇူးများ ပေးသနားတော်မူခဲ့သောကြောင့် အသင်တို့ ကလည်း အရှင့်အား ကျေးဇူးတင်ရှိကြောင်း ပြသရန် အရှင့်အမိန့်တော်များကို ကြိုးကြိုးစားစားနာခံခြင်းသည် အသင်တို့၏တာဝန်ဖြစ်ပါသည်။ ဆွလာသ်ဝတ်ပြုခြင်းနှင့် ဇကာသ်ပေးဆောင်ခြင်းဆိုသည့် အမိန့်နှစ်ရပ်ကို သီးသန့် ဖော်ပြ ရခြင်းမှာ ဆွလာသ်ဝတ်ပြုမှုသည် လူသားခန္ဓာကိုယ်ဖြင့် လုပ်ဆောင်ရသောတာဝန် ဝတ္တရားများအနက် အလွန် အရေး ကြီးသည့် တာဝန်ဖြစ်ပါသည်။ ၎င်းနောက် ဇကာသ်ပေးဆောင်ခြင်းသည် ဥစ္စာဓနများနှင့် ပတ်သက်သော အမိန့်များ အနက် အလွန်အရေးကြီးသော အမိန့်ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါက အလ္လာဟ်အရှင်၏ အမိန့်တော်များ အားလုံးတို့ကို နာခံကာ လိုက်နာကျင့်သုံးရမည် ဟူ၍လည်းဆိုလိုပါသည်။

وَاعْتَصِمُوْا بِاللّٰهِ "၎င်းပြင် အသင်တို့သည် (မိမိတို့အရေးကိစ္စတွင်) အလ္လာဟ်အရှင်မြတ်အားသာလျှင် စွဲမြဲစွာ ဆုပ်ကိုင်ထားကြလေကုန်။ ဤသည်က ဆိုလိုသည် ဘုရားတရားကိုင်းရှိုင်းသော မုစ်လင်မ်များသည် သူတို့ ကိစ္စရပ်များ အားလုံးအတွက် သူတို့၏ယုံကြည်မှုကို အလ္လာဟ်အရှင်ထံတော်သာ ထားသင့်သည်။ ၎င်းပြင် အရှင်ထံ တော်၌သာ အကူအညီ တောင်းခံသင့်သည်။ စိုက်ယိဒိနာအိဝနိအဗွားစ်၏ အဆိုအရ ဘုရားတရားကိုင်းရှိုင်းသော မုစ်လင်မ်များသည် ဤကမ္ဘာ နှင့် နောင်းကမ္ဘာတွင်ရှိ စက်ဆုပ်ရွံရှာဖွယ်ရာ အရာအားလုံးတို့မှ အကာအကွယ်ရရှိရန်ကို အလ္လာဟ်အရှင်မြတ်အထံတော်၌သာ တောင်းခံသင့်သည်။ အခြားသော အဓိပ္ပာယ်ပြန်ဆိုသူများက ဤစကားလုံးများ၏ အဓိပ္ပာယ်မှာ ကောင်းမြတ်သော မုစ်လင်မ်များသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ကိုစွဲမြဲစွာ ဆုပ်ကိုင်ထား ရမည်ဟူ၍ ကောက်ယူသည်။ ၎င်းနောက် အောက်ပါ ဟဒီးစ်တစ်ပုဒ်အား ကိုးကားထားပါသည်။

تركت فيكم امرين لن تضلّوا ما تمسّكتم بهما، كتاب الله وسنّة رسوله

(رواه مالك في المؤطاء مرسلا - مظهرى)

အသင်တို့နှင့်အတူ ကျွန်ုပ် ပစ္စည်းနှစ်ခု ချန်ထားရစ်ပါသည်။ အကယ်၍ အသင်တို့သည် ထိုပစ္စည်းနှစ်ခု အား စွဲမြဲစွာဆုပ်ကိုင်ထားပါက အသင်တို့ဘယ်သောအခါမျှ လမ်းလွဲသို့ ရောက်လိမ့်မည်မဟုတ်ပါ။ ယင်းပစ္စည်း တစ်ခုမှာ အလ္လာဟ်အရှင်၏ ကျမ်းစာအုပ်ဖြစ်ပြီး ဒုတိယမှာ အရှင့်ရစူလ်၏ စွန္နသ်တော်ဖြစ်ပါသည်။ (မဇ်ဟိရီ)

အလ်ဟမ်ဒုလစ်လ္လာ

စူရတ်ဟဂ်ျ် အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီး၏။

၁၂.၁၂.၂၀၁၂ ဟိဂျ်ဂျရီ ၁၄၃၄ မုဟရမ်လ ၂၇ ရက်

سُورَةُ المُؤمِنُونَ

စူရာဟ်အလ်မုအ်မိနူန်

(, lkd nfbrsm;)



စူရဟ်အလ်မုအ်မိနူန်

ယုံကြည်သူများကလွှာ

စူရဟ်အလ်မုအ်မိနူန်သည် မက္ကာဟ်မြို့၌ ကျရောက်ခဲ့သည်။
ယင်းတွင် အာယသ် (၁၁၈)နှင့် ရုကူအ်အပိုဒ် (၇)ပိုဒ် ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

စဉ်ဆက်မပြတ် သနားကြင်နာ ညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၁၁)

قَدۡ اَفۡلَحَ الۡمُؤۡمِنُوۡنَ ۙ﴿۱﴾ الَّذِيۡنَ هُمۡ فِىۡ صَلَاتِهِمۡ خٰشِعُوۡنَ ۙ﴿۲﴾ وَ الَّذِيۡنَ
هُمۡ عَنِ اللَّغۡوِ مُعۡرِضُوۡنَ ۙ﴿۳﴾ وَ الَّذِيۡنَ هُمۡ لِلزَّكٰوةِ فٰعِلُوۡنَ ۙ﴿۴﴾ وَ الَّذِيۡنَ هُمۡ
لِفُرُوۡجِهِمۡ حٰفِظُوۡنَ ۙ﴿۵﴾ اِلَّا عَلٰٓى اَزۡوَاجِهِمۡ اَوۡ مَا مَلَكَتۡ اَيۡمَانُهُمۡ فَاِنَّهُمۡ
غَيۡرُ مَلُوۡمِيۡنَ ۚ﴿۶﴾ فَمَنِ ابۡتَغٰى وَرَآءَ ذٰلِكَ فَاُولٰٓئِكَ هُمُ الۡعٰدُوۡنَ ۚ﴿۷﴾ وَ الَّذِيۡنَ
هُمۡ لِاَمٰنٰتِهِمۡ وَ عَهۡدِهِمۡ رٰعُوۡنَ ۙ﴿۸﴾ وَ الَّذِيۡنَ هُمۡ عَلٰى صَلَوٰتِهِمۡ يُحَافِظُوۡنَ ۘ﴿۹﴾
اُولٰٓئِكَ هُمُ الۡوٰرِثُوۡنَ ۙ﴿۱۰﴾ الَّذِيۡنَ يَرِثُوۡنَ الۡفِرۡدَوۡسَ ؕ هُمۡ فِيۡهَا خٰلِدُوۡنَ ﴿۱۱﴾

ဇကန်မလွှဲ (အကြင်) "မုအ်မင်န်" သက်ဝင် ယုံကြည်သူတို့သည် အောင်မြင်ခဲ့ကြ ချေပြီ။[၁] ထို("မုအ်မင်န်" သက်ဝင်ယုံကြည်)သူတို့သည် မိမိတို့ ဆွလာတ်ဝတ်ပြုရာ၌ ကျိုးနွံသူများ ဖြစ်ကြကုန်၏။[၂] ၎င်းပြင် ထို("မုအ်မင်န်" သက်ဝင်ယုံကြည်) သူတို့သည် အချည်းနှီး အကျိုးမဲ့ အမှုကိစ္စတို့မှ ရှောင်ဖယ်သူများလည်း ဖြစ်ကြကုန်၏။[၃] ထို့ပြင် ထို('မုအ်မင်န်' သက်ဝင်ယုံကြည်)သူတို့သည် (မိမိတို့ စိတ်နှလုံးများ) စင်ကြယ်သန့်ရှင်း အံ့သောငှာ (ကောင်းမှုများကို) ပြုလုပ်သူများဖြစ်ကြကုန်၏။*[၄] ထို့မှတစ်ပါး ထို ('မုအ်မင်န်' သက်ဝင်ယုံကြည်)သူတို့သည် (ကာမဧသုမိစ္ဆာစာရကံ ကျူးလွန်ခြင်းမှ) မိမိတို့၏ အရှက်အင်္ကျီများကို စောင့်စည်းထိန်းသိမ်းသူများလည်း ဖြစ်ကြကုန်၏။[၅]**

*** ဇကားသ်ဆိုသည်မှာ အစွမ်းသတ္တိ ဒုတိယမကျိုင် အဖြစ် ပြဋ္ဌာန်းကာ မပြုမနေရ အလှူဒါနအဖြစ် သိရှိထားသော်လည်း ဤစကားစု၏ စာပေဝေါဟာရ ဆိုင်ရာအဓိပ္ပာယ်မှာ 'သန့်ရှင်းစင်ကြယ်စေခြင်း'ဟူ၍ ဖြစ်ပါသည်။ အဓိပ္ပာယ် ဖွင့်ဆိုချက်နှစ်မျိုးစလုံး ဤနေရာ၌ ဖြစ်နိုင်ချေရှိသည်။ ဒုတိယအဓိပ္ပာယ်က ကိုယ်ကျင့်တရားများ ဖြစ်သော အတွင်းပိုင်းဆိုင်ရာ အရည်အချင်းများကို သန့်ရှင်းစင်ကြယ်စေခြင်းဟု ရည်ညွှန်းပါသည်။ အချို့သော ဋီကာရှင်တို့က ဤအာယသ်တော်ကို အထက်ပါ ဆိုလိုရင်းအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ထို့အတွက်ကြောင့် ဟသန(ဖာအိလူန်)ဟူသောစကားလုံး၏ဝေါဟာရဆိုင်ရာအဓိပ္ပာယ်ပြန်ဆိုချက်ကို 'ထမ်းဆောင်သူများ'ဟု ကျွန်ုပ်တို့ သုံးစွဲထားသည်။ 'ဖာအိလူးန်'၏ အဓိပ္ပာယ်တစ်ခုမှာ 'ပေးသောသူများ'ဖြစ်ကာ ယင်းအတိုင်း သုံးစွဲပါက ပထမအဓိပ္ပာယ်ဖွယ်ဆိုချက်နှင့်သာ ကိုက်ညီပါလိမ့်မည်။

မိမိတို့၏ဇနီးကြင်ရာများ သို့မဟုတ် မိမိတို့ လက်ယာလက်များက ပိုင်ဆိုင်သော (တရားဝင်) ကျွန်မိန်းမများမှတစ်ပါး၊ အကြောင်းမူကား (မိမိတို့ ဇနီးကြင်ရာများနှင့်သော် လည်းကောင်း၊ တရားဝင် ကျွန်မိန်းမများနှင့်သော်လည်းကောင်း၊ သံဝါသပြုခြင်းအားဖြင့်) ထိုသူတို့သည် ပြစ်တင်ခြင်းခံထိုက်သူများ မဟုတ်သောကြောင့်ပင်။[၆] သို့ရာတွင် မည်သူမဆို ထို(ဇနီး ကြင်ရာများ သို့မဟုတ် တရားဝင်ကျွန်မများ)မှ ကျော်လွန်၍ (အခြားအမျိုးသမီးများကို) တောင့်တရှာဖွေခဲ့မူ ယင်းကဲ့သို့ သူတို့သည်သာလျှင် စည်းကမ်းကို ကျူးလွန်သူများ ဖြစ်ကြကုန်၏။[၇] ၎င်းပြင် ထို(“မုအ်မင်နှ်” သက်ဝင်ယုံကြည်)သူတို့သည် မိမိတို့ယုံကြည်လွှဲအပ်ခြင်းခံရသော တာဝန်များကိုလည်းကောင်း၊ မိမိတို့၏ ကတိဝန်ခံချက်များ ကိုလည်းကောင်း၊ စောင့်ထိန်းသူများလည်း ဖြစ်ကြကုန်၏။[၈] ထို့ပြင် ထို(“မုအ်မင်နှ်” သက်ဝင်ယုံကြည်) သူတို့သည် မိမိတို့၏ ဆွေလာတ်ဝတ်ပြုမှု (တာဝန်)ကို ဂရုဓမ္မပြုသူ များလည်း ဖြစ်ကြကုန်၏။[၉] ထို(“မုအ်မင်နှ်” သက်ဝင်ယုံကြည်)သူတို့သည်ပင်လျှင် အမွေခံမည့်သူများ ဖြစ်ကြကုန်၏။[၁၀] ၎င်းတို့သည် ဖိရ်ဒေါက်စ် (တည်း ဟူသော ဥယျာဉ်)ကို အမွေခံကြပေမည်။ ၎င်းတို့သည် ယင်း ဖိရ်ဒေါက်စ်တွင် အစဉ်ထာဝရ နေ ထိုင်မည့်သူများပင် ဖြစ်ကြကုန်သတည်း။[၁၁]

အကျယ်ဖွင့်ဆိုခြင်း

စူရဟ် အလ်မုအ်မိနူန်း၏ အကျိုးကျေးဇူးများနှင့် ထူးခြားသောလက္ခဏာများ

စိုက်ယိဒိနာ အုမ္မာရ် အလ်ဖာရူက်ကို ကိုးကားကာ အဟ်မဒ်၏ မုစ်နဒ်ကျမ်းထဲတွင် တင်ပြထားသည်။ တမန်တော်မြတ်ﷺထံ မည်သည့်အခါတွင်မဆို ဝဟီကျရောက်ပါက အနီးအနားတွင်ရှိသောသူများသည် ပျားမြည်သံကဲ့သို့သော အသံတစ်ခု ကြားရသည်။ တစ်နေ့သောအခါ၌ ထိုကဲ့သို့သောအသံ သူတို့ကြားသိခဲ့သောအခါတွင် ဝဟီနှင့်ပတ်သက်သည်များကို လေ့လာဆည်းပူးရန်ဟူသော မျှော်လင့်ချက်ဖြင့် သူတို့ စောင့်ဆိုင်းနေကြသည်။ ဝဟီ လက်ခံရရှိပြီးသည့်နောက် တမန်တော်မြတ်ﷺ သူ၏ မူလအခြေအနေသို့ ပြန်ရောက်ခဲ့သောအခါ၌ တမန်တော်မြတ်ﷺသည် ကအ်ဗာဟ်ဘက်သို့ မျက်နှာမူပြီး ထိုင်ချကာ အလ္လာဟ်အရှင်ထံ အောက်ပါဒုအာကို တောင်းဆိုပါသည်။

اَللّٰهُمَّ زِدْنَا وَلَا تَنْقُصْنَا وَاَكْرِمْنَا وَلَا تُهِنَّا وَاَعْطِنَا وَلَا تَحْرِمْنَا وَآثِرْنَا
وَلَا تُؤْثِرْ عَلَيْنَا وَارْضَ عَنَّا وَارْضِنَا

အို-အလ္လာဟ်၊ ကျွန်ုပ်တို့အား များစွာသော ကောင်းချီးမင်္ဂလာများ ပေးသနားတော်မူပါ။ ၎င်းနောက် ကျွန်တော်များအပေါ်၌ လျော့နည်းမသွားစေပါနှင့်။ ၎င်းနောက် ကျွန်တော်မျိုးတို့အား သိက္ခာရှိစေတော်မူပါ။ ကျွန်တော်မျိုးတို့အား ပေးသနားစေတော်မူပါ။ ကျွန်တော်မျိုးတို့အား လက်မဲ့မဖြစ်ပါစေနှင့်။ ကျွန်တော်မျိုးတို့၏ ရန်သူများထက် ကျွန်တော်မျိုးတို့အား ဦးစားပေးတော်မူပါ။ ၎င်းနောက် ကျွန်တော်မျိုးတို့ထက် ကျွန်တော်မျိုးတို့၏ ရန်သူအား ဦးစားမပေးပါနှင့်။ ကျွန်တော်မျိုးတို့ကို ကျေနပ်နှစ်သက်တော်မူပါ။ ကျွန်တော်မျိုးတို့အား ကျေနပ်ဝမ်းမြောက်စေတော်မူပါ။

ထို့နောက် တမန်တော်မြတ်ﷺက သူ၏သာဝကကြီးများကို ပြောကြားသည်မှာ “ယခုတွင်ပင် ကျွန်ုပ်ထံ အာယသ် ၁၀ ခု ကျရောက်ခဲ့ပါသည်။ မည်သူမဆို ယင်းအာယသ်များနှင့် အာယသ်ပါအတိုင်း လိုက်နာကျင့်သုံးပါက

ထိုသူသည် ဂျန္နသ်သို့ ရောက်ရှိလိမ့်မည်" ဟူ၍ဖြစ်သည်။ ထို့နောက် တမန်တော်မြတ်ﷺသခင်က စူရဟ် အလ်မုအ်မိနူန်၏ ပထမ ၁၀ အာယသ်ကို ဖတ်ရွတ်သရဇ္ဈာယ်ခဲ့ပါသည်။ (အိဗနိကဆီး၍)

နဆာအီက သူ၏(ကိသာဗုလ်သဖိစီရ်) كتاب التفسير ကျမ်းထဲ၌ ယဇိဒ်အိဗနိဗဗ်နူးစ်ကို ကိုးကားဖော်ပြထားသည်မှာ တစ်ချိန်တုန်းက ယဇိဒ်အိဗနိဗဗ်နူးစ်သည် စိုက်ယိဒဟ် အာအိရှဟ်သခင်မကြီးအား တမန်တော်မြတ်ﷺ၏ အလေ့အကျင့်နှင့် အပြုအမူများအကြောင်းကို မေးမြန်းစုံစမ်းခဲ့ပါသည်။ သူမက ဖြေကြားသည်မှာ သူ၏အမူ အကျင့်များသည် ကုရ်အာန်ကျမ်းတော်မြတ်ပါ အတိုင်းပင်ဖြစ်သည်။ ထို့နောက် သူမက ကုရ်အာန်ကျမ်းတော်မြတ်၏ ဤ ၁၀ အာယသ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပြီး ပြောသည်မှာ "ဤအာယသ်များသည် တမန်တော်မြတ်ﷺ၏ အပြုအမူ အလေ့အကျင့်တို့ကို ဖော်ပြသည်။"

ဖလာဟ် ဆိုသည်မှာ အဘယ်နည်း။ ယင်းအား မည်သည့်နေရာမှ မည်ကဲ့သို့ ရရှိနိုင်ပါမည်နည်း။

قَدْ اَفْلَحَ الْمُؤْمِنُوْنَ

"ဇကန်မလွဲ(အကြင်) မုအ်မင်န် သက်ဝင်ယုံကြည်သူတို့သည် အောင်မြင်ခဲ့ကြချေပြီ။" (၁၃း၁)

(အထက်၌ အောင်မြင်ခြင်းဟု ဘာသာပြန်ဆိုထားသော) ဖလာဟ်ဟူသော စကားလုံးအား ကုရ်အာန် ကျမ်းတော်မြတ်နှင့် စွန္နသ်တော် နေရာများစွာတွင် သုံးစွဲထားသည်။ ဆွလာသ်ဝတ်ပြုရန်အတွက် တစ်နေ့ ငါးချိန် အဇာန် ဆိုခြင်းသည် မုစ်လင်မ်များကို ဖလာဟ်သို့ ဖိတ်ခေါ်ပါသည်။ ယင်းက လိုအင်ဆန္ဒများအားလုံး ပြည့်ဝစေခြင်းပြီး ကံကြမ္မာဆိုးများမှ ကာကွယ်ပြီးဖြစ်စေသည်ဟု ဖော်ညွှန်းပါသည်။ ယင်း၏အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အလွန်ပြီးပြည့်စုံသောကြောင့် ယင်းစကားလုံးအား တစ်စုံတစ်ဦးဆန္ဒ၏ အထွတ်အထိပ်ဟု မှတ်ယူပါသည်။ (ကမူစ်)။ သို့ရာတွင် မည်သည့်ဆန္ဒမဆို ဖြည့်ဆည်းပြီးဖြစ်စေခြင်း သို့မဟုတ် ကံကြမ္မာ၏ အပြောင်းအလဲတို့မှ လုံးဝကင်းလွတ်စေခြင်း ဆိုသည့် အလုံးစုံ ဖလာဟ်ကို ကြီးကျယ်သောဘုရင်များ သို့မဟုတ် အလ္လာဟ်အရှင်၏ လေးစားဖွယ်ရာ တမန်တော်များ ကိုပင် မပေးပါ။ မည်သို့ပင်ဖြစ်ပါစေ ကောင်းမွန်သော ကံကြမ္မာများ ဆုံးရှုံးခြင်း သို့မဟုတ် လျော့နည်းခြင်း သို့မဟုတ် ကပ်ဆိုးကြီး ကျရောက်ရမည်ဟူသော သောကဆိုသည်တို့သည် အမြဲတစေရှိသော စိုးရိမ်သော ကြောင့်ကြမ္မာပင်ဖြစ်သည်။ ထိုစိုးရိမ်ကြောင့်ကြမ္မာကို မည်သည့်သက်ရှိလူသားမျှ မကင်းလွတ်နိုင်ပေ။

ထို့ကြောင့် ပြည့်စုံသော အလုံးစုံသော ဖလာဟ်သည် ဤကမ္ဘာလောကၻ မရရှိနိုင်သည် ဆိုသည်မှာ ထင်ရှားပါသည်။ ဤကမ္ဘာလောကသည် ဒုက္ခသုက္ခများ ရှိသောနေရာပင် ဖြစ်ပါသည်။ ယင်းတွင် မည်သည့်အရာမှ ထာဝရတည်ရှိခြင်း မရှိဘဲ အဆုံးၻ အရာတိုင်းသည် ပျက်စီးရပါမည်။ သို့ရာတွင် အဖိုးမဖြတ်နိုင်သော ပစ္စည်းကို နောက်ကမ္ဘာတွင်ရှိသော ဂျန္နသ်တွင် ရရှိပါလိမ့်မည်။ ထိုဂျန္နသ်ထဲၻ လူများ၏ အလုံးစုံသော ဆန္ဒများအား မဆိုင်းမတွ ဖြေရှင်းပေးပါလိမ့်မည်။ وَ لَهُمْ مَّا يَدَّعُوْنَ "ၵင်းတို့အဖို့ ၵင်းတို့ တောင်းသမျှသော အရာများသည် ရှိကြပေမည်။" ထိုကမ္ဘာတွင် ဝမ်းနည်း ပူဆွေးမှု၊ ဒုက္ခရောက်မှုများ မရှိပါ။ လူတိုင်းသည် ထိုဂျန္နသ်အတွင်းသို့ အောက်ပါစကားများ ရွတ်ဆိုကာ ဝင်ရောက်ကြပါလိမ့်မည်။

اَلْحَمْدُ لِلّٰهِ الَّذِيْٓ اَذْهَبَ عَنَّا الْحَزَنَ ؕ اِنَّ رَبَّنَا لَغَفُوْرٌ شَكُوْرٌ ۨ الَّذِيْٓ اَحَلَّنَا دَارَ الْمُقَامَةِ مِنْ فَضْلِهٖ

ချီးမွမ်းထောမနာအပေါင်းတို့သည် ကျွန်တော်မျိုးတို့မှ ပူပင်သောကကို ပျောက်စေတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်၏။ မလွဲဇကန် ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အရှင်၊ အလွန်တရာ ရက်ရော

စွာ ကျေးဇူးတုံ့ပြန်တော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူ၏။ အကြင်အရှင်မြတ်သည် မိမိကျေးဇူး တော်နှင့် ကျွန်တော်မျိုးတို့အား အမြဲထာဝရနေရအံ့သော နေရာဌာန နေရာချပေးတော်မူ၏။

(၃၅း၃၄-၃၅)

ဤအာယသ်တော်က အကြံပြုသေးသည်မှာ ဤလောကတွင် မည်သူမဆိုသည် (တစ်ချိန်မဟုတ် တစ်ချိန်တွင်) နာကျင်မှုများ၊ ဒုက္ခရောက်မှုများကို မခံစားရသောသူ မရှိပါ။ ထို့ကြောင့် လူအများ ဂျန္နသ်တွင်းသို့ ဝင်ရောက်သောအခါ၌ ၎င်းတို့သည် ဒုက္ခသုက္ခများအားလုံးတို့မှ ကယ်တင်ခြင်းခံရပြီဟု ပြောကြပါသည်။ စူရဟ် အလ်အအ်လာ ထဲ၌ قَدْ اَفْلَحَ مَنْ تَزَكّٰى တစ်စုံတစ်ဦးသည် ပြစ်မှုဂုနာဟ်များမှ မိမိကိုယ်ကိုမိမိ သန့်စင်အောင် လုပ်ပြီးမှသာလျှင် ဖလာဟ်ရရှိမည် ဆိုကြောင်း

بَلْ تُؤْثِرُوْنَ الْحَيٰوةَ الدُّنْيَا ۖ﴿١٦﴾ وَالْاٰخِرَةُ خَيْرٌ وَّاَبْقٰى ﴿١٧﴾

"ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား အသင်တို့သည် လောကီဘဝကိုပင် ဦးစားပေးနေကြကုန်၏။ အမှန်သော်ကား တမလွန်ဘဝသည် ပိုမိုး၍ ကောင်းမြတ်သည့်ပြင် ပိုမိုး၍ပင် တည်မြဲပေသည်" (၈၇း၁၆၊ ၁၇) ဟူ၍ ဖြစ်သည်။

အတိုချုပ်ဆိုရသော် ပြီးပြည့်စုံသော ဖလာဟ်သည် ဂျန္နသ်တွင်သာရသည်ဟု ဆိုသော်လည်း ထိုစကားလုံး၏ ကျဉ်းမြောင်းသောအဓိပ္ပာယ်အရ ဤကမ္ဘာလောကတွင်မှာပင် အလ္လာဟ်အရှင်သည် အရှင်၏ကျေးကျွန်များအား ဖလာဟ် ပေးသနားထားတော်မူပါသည်။ ဆိုလိုသည်မှာ အရှင်သည် သူ၏ကျေးကျွန်များအား ကြီးပွားစေခြင်းနှင့် အနာတရ ဖြစ်မှုတို့မှ ကင်းဝေးစေခြင်းတို့ ဖြစ်ပေသည်။ ဤလက်ရှိအာယသ်ထဲ၌ အလ္လာဟ်အရှင်သည် အရည်အချင်း ခုနစ်ခုနှင့် ပြည့်စုံသော သက်ဝင်ယုံကြည်သူများအား ဖလာဟ် ပေးသနားတော်မူမည်ဟု ကတိပေးထားပါသည်။ ထိုအရည်အချင်းများအား အာယသ်ထဲတွင် ဖော်ပြထားကာ ယင်းထဲတွင် နောင်တမလွန်တွင်မှသာ ရနိုင်သော၊ ပြီးပြည့်စုံသော ဖလာဟ် အကျုံးဝင်စေပါသည်။ ထိုပြီးပြည့်စုံသော ဖလာဟ် ရရှိစေရန်အတွက် ဤကမ္ဘာတွင် ရရှိမည့်ဖလာဟ်များတွင် ထပ်ဆောင်းထားခြင်းသာ ဖြစ်ပါသည်။

ဤနေရာ၌ တစ်စုံတစ်ဦးက မေးနိုင်သည်။ ဤအာယသ်တွင် ဖော်ပြထားသော အရည်အချင်း ခုနစ်ရပ်ကို ပိုင်ဆိုင်သော သက်ဝင်ယုံကြည်သူတို့အတွက် နောင်တမလွန်ဘဝတွင် ပြီးပြည့်စုံသည့် ဖလာဟ် ကတိပြုထားချက်ကို သဘောပေါက်နိုင်သော်လည်း သာမန်အတွေ့အကြုံအရ ဖလာဟ် (ကြီးပွားခြင်းနှင့် အောင်မြင်ခြင်း) လက်ခံရရှိသူများသည် အများအားဖြင့် မယုံကြည်သွေဖည်သူများနှင့် ဘုရားတရား မကိုင်းရှိုင်းသောသူများ ဖြစ်ကြသည်။ တစ်ဖက်တွင် တမန်တော်များနှင့် အခြားသော ပြုပြင်ပြောင်းလဲသူများသည် ခေတ်အဆက်ဆက်တိုင်းတွင် လူဘဝ၏ ကသီလင်တဖြစ်ခြင်းများကို ခံစားခဲ့ရပါသည်။ ဤသည်၏အဖြေမှာ ပြီးပြည့်စုံသော ဖလာဟ်သည် နောင်တမလွန်ဘဝတွင်သာ ရရှိမည်ဖြစ်သောကြောင့် ဤကမ္ဘာလောက၌ လူတိုင်းလူတိုင်းသည် ကောင်းမွန်ပြီး ဘုရားတရား ကြည်ညိုသည် ဖြစ်စေ၊ ကောက်ကျစ်ပြီး မယုံကြည်သူဖြစ်ပါစေ နာကျင်မှုနှင့် ခက်ခဲမှုတို့ကို အတိုင်းအတာတစ်ခုအထိ မလွဲမသွေ ရင်ဆိုင်ရပါမည်။ အလားတူပင် လူတိုင်းလူတိုင်း ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ၎င်းတို့၏ဆန္ဒအချို့တို့ကို ဤကမ္ဘာမှာတွင် ဖြည့်ဆည်းပေးခြင်းခံရပါသည်။ ဤကဲ့သို့သော အခြေအနေမျိုး၌ အတန်းအစားနှစ်ခုတွင် မည်သည့်အတန်းအစားသည် ဖလာဟ် လက်ခံရရှိသော အတန်းအစားဟူ၍ တစ်စုံတစ်ဦးသည် မည်သို့ ဆုံးဖြတ်နိုင်အံ့နည်း။ ဤမေးခွန်းအတွက် အဖြေကို ကံကြမ္မာကသာ ဖြေကြားနိုင်ပါလိမ့်မည်။

လူသားအတွေ့အကြုံနှင့် လေ့လာဆည်းပူးမှုတို့က ရရှိသော လုံလောက်သည့် သက်သေပြချက်တို့အရ အထက်ဖော်ပြပါ အရည်အချင်းခုနစ်ခု ပိုင်ဆိုင်သည့် ဘုရားတရား ကြည်ညိုသောသူများသည် မကြာခဏဆိုသလို ဒုက္ခများနှင့် စမ်းသပ်မှုများ ဤကမ္ဘာတွင် ကြုံတွေ့ခဲ့ရသော်လည်း မကြာမီအချိန်အတွင်းမှာပင် ထိုသူတို့သည် ဒုက္ခအပေါင်းမှ ကင်းလွတ်ကာ သူတို့၏ဆန္ဒများ ပြည့်စုံသွားကြပါသည်။ သူတို့ အသက်ရှင်နေသမျှ ကာလပတ်လုံး တစ်ကမ္ဘာလုံးက သူတို့ကို လေးစားကြပါသည်။ ၎င်းနောက် သူတို့ သေဆုံးပြီးနောက်လည်း ၎င်းတို့အား လေးစားကာ တသသ ဖြစ်နေကြပါသည်။

ပြီးပြည့်စုံသော သက်ဝင်ယုံကြည်သူတစ်ဦး၏ အရည်အချင်းခုနစ်ခု၊ ထိုအရည်အချင်းများကို အခြေခံ၍ ဤကမ္ဘာတွင်နှင့် နောင်တမလွန်ဘဝတွင်ပါ သူ့အတွက် ဖလာဟ် ကတိပေးခြင်း ခံရပါသည်။

အရာရာတိုင်းထက် အခြေခံကျကာ မူလဖြစ်သော အလွန်အရေးကြီးပြီး မူလပထမကျသော အရည်အချင်းမှာ ထိုသူသည် စစ်မှန်သော သက်ဝင်ယုံကြည်သူတစ်ဦး ဖြစ်ရပါမည်။ ဤအာယသ်တွင် ဖော်ပြထားသော အခြားသော အရည်အချင်း ခုနစ်ခုကို အောက်တွင် ဆွေးနွေးထားပါသည်။

ပထမအရည်အချင်း မှာ ဆွလာသ်ဝတ်ပြုနေစဉ်တွင် **خُشُوع** (ခုရှူ) (စာသားများထဲ၌ အာရုံစူးစိုက်မှုဟု ဘာသာပြန်ထားသည်)ရှိခြင်း။

ဤစကားလုံး၏ စာပေဝေါဟာရအဓိပ္ပာယ်မှာ "တည်ငြိမ်ခြင်း" ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း ယင်း၏ ဘာသာရေးဆိုင်ရာ အသုံးအနှုန်းက ဆိုလိုသည်မှာ "နှလုံးသားတွင် ပြီးပြည့်စုံသော အာရုံစူးစိုက်မှု အခြေအနေတစ်ခု ဖြစ်စေရန်" ဟူ၍ဖြစ်ပါသည်။ သို့မှသာ သူသည် သူ၏နှလုံးသားထဲ၌ သိလျက်နှင့်ပင် အလွှာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းမှလွဲ၍ မည်သည့်အတွေးမျိုးမှ မဝင်စေရပါ။ ဤသည်က ဆိုလိုသေးသည်မှာ လူတစ်ဦးသည် ဆွလာသ်ဝတ်ပြုနေစဉ်တွင် မလိုလားအပ်ဘဲ သူ၏ခန္ဓာကိုယ်နှင့် ခြေလက်များအား ရွေ့လျားခြင်းမှ ရှောင်ရှားရပါမည်။ (ဗယာနွလ်ကုရ်အာန်) အထူးသဖြင့် သူသည် ကိုယ်ခန္ဓာလှုပ်ရှားမှု၊ အပြုအမူများမှ ရှောင်ရှားရပါမည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသခင်က ယင်းတို့ကို တားမြစ်ခဲ့ပါသည်။ ၎င်းနောက် ဓမ္မသတ်ရှင်များကလည်း ယင်းတို့ကို **مَكْرُوْهَات** (ဆွလာသ်အတွင်း မကျရှုပ်ဖြစ်စေသောအရာများ) ဟူသောခေါင်းစဉ်အောက်၌ စုစည်းထားခဲ့ပါသည်။ သဖိစီရိမဇ်ဟိရီကျမ်းက **خُشُوع** (ခုရှူ)၏ အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို စိုက်ယိဒိနာ အမရ် အိဗနိ ဒိနာရ်ﷺအား ကိုးကား၍ ဖော်ပြခဲ့ပါသည်။ အခြားသောပညာရှင်များကလည်း ဤစကားလုံးအတွက် အမျိုးမျိုးသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပေးကြပါသည်။ တကယ်ဆိုရသော် ထို အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် နှလုံးသားနှင့် ခန္ဓာကိုယ်တို့၏ တည်ငြိမ်အေးချမ်းမှုအတွက် ထပ်ဆောင်းအသေးစိတ်များသာ ဖြစ်ပါသည်။ ပမာဆိုသော် စိုက်ယိဒိနာ မုဂျာဟိဒ် အဆိုအရ **خُشُوع** (ခုရှူ)ဆိုသည်မှာ တစ်စုံတစ်ဦး၏ မျက်လွှာချခြင်းနှင့် အသံတိုးညင်းစွာ ရှိုနခြင်းပင် ဖြစ်ပါသည်။ စိုက်ယိဒိနာ အလီﷺ၏အဆိုအရ (ခုရှူ)ဆိုသည်မှာ တစ်စုံတစ်ဦး ဘေးဘီသို့ စွေစောင်းကြည့်ခြင်းမှ ရှောင်ရှားခြင်း ဖြစ်ပါသည်။ စိုက်ယိဒိနာ အသွာက ပြောသည်မှာ အဓိပ္ပာယ်သည် "ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းနှင့်မျှ ဆော့မကစားခြင်း" ဟူ၍ဖြစ်ပါသည်။ စိုက်ယိဒိနာ အဗူဒရ်ﷺတင်ပြသော ဟဒီးဆ်တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺသခင်က မိန့်ကြားသည်မှာ "တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုစဉ်အတွင်း အလွှာဟ်အရှင်အား အလေးထားမှုအပေါ်၌ သူအားရုံစိုက်နေသမျှ ကာလပတ်လုံး အလွှာဟ်အရှင်သည်လည်း ထိုကျေးကျွန်အား မပြတ်စောင့်ကြည့်နေပါသည်။ သို့ရာတွင် သူ၏အလေးထားမှု အခြားတစ်နေရာသို့ ရောက်သွားကာ ဘေးဘီသို့ စောင်းကြည့်လိုက်ပါက အလွှာဟ်အရှင်သည်လည်း သူ့ထံမှ

ဖဲကြဉ်သွားပါသည်။ (မဇ်ဟီရီ) တမန်တော်မြတ်ﷺက စိုက်ယိဒိနာ အနပ်စ်ﷺအား ဆွလာသ်ဝတ်ပြုနေစဉ်တွင် သူ စဂျ်ဒစ်ချမည့်နေရာကိုသာ စူးစိုက်ကြည့်နေရန်နှင့် ဝဲ၊ ယာသို့ စောင်းလှည့်မကြည့်ရန် ညွှန်ကြားခဲ့သည်ဆိုကြောင်း တင်ပြခဲ့သည်" ဟူ၍ ညွှန်ကြားခဲ့သည်။

စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်ﷺက ပြောသည်။ လူတစ်ဦး ဆွလာသ်ဝတ်ပြုနေစဉ်တွင် သူ၏မုတ်ဆိတ်နှင့် ဆော့ကစားနေသည်ကို တွေ့မြင်ခဲ့ရပါသည်။ တမန်တော်မြတ်ﷺက မှတ်ချက်ပြုသည်မှာ **لو خشع قلب هذا لخشعت جوارحه** (အကယ်၍သာ သူ၏နှလုံးသားထဲ၌ ခုရူသာ ရှိနေခဲ့ပါလျှင် သူ၏ခန္ဓာကိုယ်နှင့် ခြေလက်များသည် ငြိမ်သက်နေကြပါလိမ့်မည်) ဟူ၍ ဖြစ်သည်။

ဆွလာသ်ဝတ်ပြုနေစဉ်တွင် ခုရူ မည်မျှအရေးကြီးပါသနည်း

အိမာမ်ဂါဇာလီ၊ ကုရ်တူဗီနှင့် အခြားသောပညာရှင်များက ဆွလာသ်ဝတ်ပြုစဉ်တွင် ခုရူသည် မပြုမနေရ ဖရဇ်တာဝန်ဖြစ်ပါသည်။ ၎င်းနောက် ပြီးပြည့်စုံသော ခုရူမပါဘဲ ပြုလုပ်သော ဆွလာသ်ဝတ်ပြုမှုသည် ဆွလာသ်မပြုသကဲ့သို့ပင်ဖြစ်သည်ဟူသော အယူအဆ ရှိပါသည်။ သို့သော်လည်း အခြားသောသူများက ခုရူသည် ဆွလာသ်ဝတ်ပြုခြင်း၏ အနှစ်သာရဖြစ်ကာ ယင်းမပါဘဲ ပြုလုပ်သော ဆွလာသ်ဝတ်ပြုမှုများသည် ဆွလာသ်ဝတ်ပြုခြင်း၏ စစ်မှန်သော ရည်ရွယ်ချက်ကို ကင်းမဲ့စေသော်လည်း ထိုခုရူဆွလာသ်ဝတ်ပြုမှု တရားဝင်ဖြစ်စေရန်အတွက် မရှိမဖြစ်အခြေအနေဟု မမှတ်ယူနိုင်ပါ။ ၎င်းနောက် ခုရူကင်းမဲ့ခြင်းကြောင့် ဆွလာသ်ဝတ်ပြုမှုများ ပြန်လည်လုပ်ဆောင်ရန် မလိုပါ။

ဟကီမုလ်အွမ္မသ် ဟဇရတ်ထာနဝီက ဗယာနလ်ကုရ်အာန်ကျမ်းထဲ၌ ရေးသားထားသည်မှာ ခုရူသည် ဆွလာသ်ဝတ်ပြုမှုများလက်ခံအတည်ပြုရန်အတွက် အရေးကြီးသည့်အချက်မဟုတ်သော်လည်း ဆွလာသ်ဝတ်ပြုမှုကို အလွှာဟ်အရှင် လက်ခံတော်မူရန်အတွက် အရေးပါသောအရာဖြစ်ပါသည်။ ဤရှုထောင့်မှကြည့်လျှင် ခုရူသည် မပြုမနေရ ဖရဇ်ဖြစ်ပါသည်။ တဗ်ရာနီက သူ၏ အလ်မူဂျင်း အလ်ခဗီးရ်ကျမ်းထဲ၌ စိုက်ယိဒိနာ အဗူဒရ်ဒါဟ်၏ ခိုင်လုံချက်အရ ဟဒီးဆ်တစ်ပုဒ် တင်ပြထားပါသည်။ ထိုဟဒီးဆ်ထဲ၌ တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ "ဤအွမ္မသ်ထုထဲမှ ပထမဦးဆုံး ရုပ်သိမ်းခြင်းခံရမည့်အရာသည် ခုရူဖြစ်ပါသည်။ မည်မျှအထိနည်းဟူမူ မည်သူတစ်ဦးတစ်ယောက်ကမျှ ခုရူကို မကျင့်သုံးသော အချိန်တစ်ချိန်သို့ ရောက်သွားပါလိမ့်မည်။"

ဒုတိယအရည်အချင်း ကောင်းမြတ်သောမုစ်လင်မ်တစ်ဦး၏ ဒုတိယအရည်အသွေးမှာ သူသည် ပေါ့ပေါ့တန်တန်ဖြစ်ပြီး အချည်းအနှီးဖြစ်စေသောအရာများမှ ရှောင်ကြဉ်ပါသည်။ **لَغْوَ** (လာဂ်ကို စာသားထဲ၌ အချည်းအနှီးဖြစ်စေသော အရာများဟု ဘာသာပြန်ဆိုထားသည်)က ဆိုလိုသည်မှာ ဘာသာရေးဆိုင်ရာ မည်သည့်ဆုလာဘ်ကိုမျှ မရစေသော၊ အချည်းအနှီးပြောဆိုမှုနှင့် လုပ်ရပ်များဖြစ်ပါသည်။ ယင်းတို့၏ အဆုံးအစွန်ပုံစံတွင် မုချဇကန် အန္တရာယ်ဖြစ်စေသော ဂုနာဟ်ပြစ်မှုလုပ်ရပ်များ ပါဝင်သောကြောင့် လုံးဝရှောင်ရှားရပါမည်။ လာဂ်၏ အပျော့စားပုံစံသည် အသုံးမဝင်သကဲ့သို့ အန္တရာယ်လည်း မရှိပါ။ သို့သော် ဤအလေ့အကျင့်ကို စွန့်လွှတ်ခြင်းသည် မုစ်သဟဗ် ဖြစ်ပါသည်။ ဟဒီးဆ်တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺသခင်က မိန့်ကြားသည်မှာ **من حسن اسلام المرأ تركه مالا يعنيه** "တစ်စုံတစ်ဦး ကောင်းမြတ်သော မုစ်လင်မ်တစ်ဦးဖြစ်ရန် တစ်စိတ်တစ်ဒေသမှာ သူ့အတွက် အသုံးမကျသည် များကို သူစွန့်လွှတ်ရမည်"ဟူ၍ဖြစ်သည်။ ဤသည်ကြောင့် တစ်စုံတစ်ဦး မကောင်းမှုလုပ်ရပ်များမှ မိမိကိုယ်မိမိ ကာကွယ်ခြင်းသည် ကောင်းမြတ်သောမုစ်လင်မ်တစ်ဦး၏ အရည်အချင်းဟူ၍ ဤအာယသ်ထဲ၌ ဖော်ပြထားသည်။

တတိယအရည်အချင်းမှာ ဇကားသ်ဖြစ်ပါသည်။ ဝေါဟာရအရ ယင်း၏အဓိပ္ပာယ်မှာ "သန့်ရှင်းစင်ကြယ်ရန်" ဟူ၍ ဖြစ်ပါသည်။ သို့ရာတွင် ဘာသာရေးဆိုင်ရာ အသုံးအနှုန်းအရ ယင်း၏အဓိပ္ပာယ်မှာ သတ်မှတ်ထားသော အခြေအနေများအတိုင်း တစ်စုံတစ်ဦးက ဥစ္စာဓနအစိတ်အပိုင်းအချို့ကို အလှူဒါနပြုခြင်း ဟူ၍ဖြစ်ပါသည်။ ကုရ်အာန် ကျမ်းတော်မြတ်ထဲ၌ ဤအဓိပ္ပာယ်နှင့်ပင် ယေဘုယျ သုံးစွဲထားပါသည်။ ဤစကားလုံး၏ အဓိပ္ပာယ်ကို ဤအာယသ် အတွက်လည်း သုံးစွဲနိုင်ပါသည်။လက်ရှိစာသားပါထိုစကားလုံး၏အဓိပ္ပာယ်နှင့်ပတ်သက်၍အချို့သောပညာရှင်များက မေးခွန်းထုတ် ထားသည်မှာ ထိုအာယသ် မက္ကာဟ်မြို့၌ ကျရောက်ခဲ့ပါသည်။ ထိုအချိန်က ဇကားသ်ကို မပြုမနေရတာဝန်ဟု မသတ်မှတ်ရသေးပါ။ (မဒီနဟ်သို့ ဟစ်ဂျရသ်ကြွပြီးမှသာလျှင် ဇကားသ်အား မပြုမနေရ တာဝန်ဟု ပြုလုပ်ထားသည်။) အိဝနိကဆီးရိန့်နှင့် အခြားသောဋီကာရှင်များက ဤကန့်ကွက်ချက်ကို ဖြေကြားသည်မှာ ဇကားသ်သည် မပြုမနေရတာဝန်အဖြစ် မက္ကာဟ်မှာတွင်ကတည်းက ပြုလုပ်ထားပြီဖြစ်ကြောင်း အခိုင်အမာ ပြောဆိုကြပါသည်။ ယင်းကို စူရဟ်အလ် မုဇမ်မိလ်ဖြင့် သက်သေပြနိုင်ပါသည်။ ထိုစူရဟ်သည်အများ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ မက္ကာဟ်တွင် ကျရောက်သောစူရဟ်ဖြစ်ပါသည်။ ယင်းစူရဟ်ထဲ၌ **وَاٰتُوا الزَّكٰوةَ** နှင့်အတူ **اَقِيْمُوا الصَّلٰوةَ** (ဇကားသ်ဒါန ကြေး ပေးဆောင်ကြပါလေ)ဟု ဖော်ပြထားပါသည်။ သို့သော်လည်း ဇကားသ်ငွေများ ကောက်ခံခြင်းနှင့်ပတ်သက်သော အစီအမံများနှင့် ဇကားသ် ထိုက်ခြင်းနှင့် ပတ်သက်သော အသေးစိတ်များကိုမူ မက္ကာဟ်မြို့တွင် သတ်မှတ်ပါသည်။ ဇကားသ်အား မပြုမနေရ တာဝန်အဖြစ် သတ်မှတ်ခဲ့သည်ဟု ယူဆသော ပညာရှင်များက ဤနေရာပါ စကားလုံးအား ယင်း၏ သာမန်ဝေါဟာရ ဆိုလိုရင်းဖြစ်သည့် တစ်စုံတစ်ဦးအား သန့်ရှင်းစင်ကြယ်စေရန်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုရမည့် အကြောင်း ယုံကြည်ပါသည်။ ဤစကားလုံး၏ အဓိပ္ပာယ်အား အထောက်အကူပေးသည့် အညွှန်း ဤအာယသ်ထဲတွင် ပါဝင်ပါသည်။ ကုရ်အာန် ကျမ်းတော်မြတ်ထဲ၌ မပြုမနေရ ဇကားသ်တာဝန်အကြောင်း ဖော်ပြရာ၌ သုံးစွဲသော စကားလုံးသည် **اٰتُوا الزَّكٰوةَ** နှင့် **اِيْتَاۤءُ الزَّكٰوةِ، يُؤْتُوْنَ الزَّكٰوةَ** (ယင်းတို့က ဇကားသ်ပေးဆောင်ခြင်းဟု ရည်ညွှန်းပါသည်)ဟူသော စကားလုံးများကို သုံးစွဲပါသည်။ ဤနေရာ၌မူ သုံးစွဲသောစကားလုံးများသည် **لِلزَّكٰوةِ فٰعِلُوْنَ** (ဇကားသ်တာဝန်ကို ထမ်းဆောင်သူများ) ဟူ၍ ဖြစ်ပါသည်။ ယင်းသို့သုံးစွဲထားခြင်း က စကားလုံးအား ယင်း၏ပညာရပ်ဆိုင်ရာအဓိပ္ပာယ်ဖြင့် သုံးစွဲမထားကြောင်း ရှင်းလင်းစွာ ရည်ညွှန်းပါသည်။ ထို့ပြင် **فٰعِلُوْنَ** (လုပ်ဆောင်သောသူများ) ဟူသော စကားလုံးသည် **فعل** (လုပ်ဆောင်ချက်)ဟူသော စကားလုံးနှင့် ဆက်နွယ်ပါသည်။ ၎င်းနောက် ဇကားသ်ဆိုသည်မှာ လုပ်ရပ်တစ်ခုမဟုတ်ဘဲ ဥစ္စာဓန၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သောကြောင့် ထိုစကားလုံး **تَزْكِيَة** အား ဥစ္စာဓန အစိတ်အပိုင်းတစ်ခုအတွက် သုံးစွဲထားမှုအတွက် သင့်တင့် လျောက်ပတ်သော ရှင်းလင်းချက်တစ်ခု လိုအပ်ပါသည်။ အကယ်၍သာ ဇကားသ်ဆိုသောစကားလုံး၏ ပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ကို လက်ခံ ကျင့်သုံးခဲ့ပါက ဇကားသ်သည် မပြုမနေရတာဝန်ဖြစ်သောကြောင့် မုစ်လင်မ်များ အားလုံးအပေါ်တွင် တာဝန်ရှိသည်ဆိုသည်က ငြင်းဆိုဖွယ်ရာ မရှိပါ။ ၎င်းနောက် ဤစကားလုံး၏ အဓိပ္ပာယ်သည် ဝိညာဉ်အားသန့်ရှင်းစင်ကြယ်ခြင်းဟု မှတ်ယူခဲ့ပါလျှင် တစ်စုံတစ်ဦး၏နှလုံးသားများကို မသန့်ရှင်းစေသည့် ပြစ်မှုဂုနာဟ်များဖြစ်သော ဘုရားအများ ကိုးကွယ်ခြင်း၊ အဇေါ်ခြင်း၊ အချည်းအနှီးဖြစ်စေခြင်း၊ မနာလိုဝန်တိုခြင်း၊ မုန်းတီးခြင်း၊ လောဘတက်ခြင်း၊ ကပ်စေး နည်းခြင်း စသည်တို့ကို သန့်ရှင်းစင်ကြယ်စေရန်မှာ မပြုမနေရ တာဝန်ဖြစ်သွားပါသည်။ ထိုကဲ့သို့ လုပ်ဆောင်မှုကို **تَزْكِيَة** သက်ဂီယာဟ် ဟုခေါ်ဆိုပါသည်။ ဤအရာအားလုံးအား တားမြစ်ထားကာ ကြီးလေးသော ပြစ်မှုဂုနာဟ်ဖြစ်သောကြောင့် တစ်စုံတစ်ဦး၏ ဝိညာဉ်အား ထိုသည်များမှ သန့်ရှင်းစင်ကြယ်စေခြင်းသည် မပြုမနေရ တာဝန်ဖြစ်ပါသည်။

စတုတ္ထအရည်အချင်းမှာ တစ်စုံတစ်ဦး၏ အရှက်အင်္ဂါများအား တရားမဝင်သော လုပ်ရပ်များမှ ကာကွယ်ရမည် ဆိုကြောင်းကို "وَ الَّذِيْنَ هُمْ لِفُرُوْجِهِمْ حٰفِظُوْنَ ، اِلَّا عَلٰٓى اَزْوَاجِهِمْ اَوْ مَا مَلَكَتْ اَيْمَانُهُمْ" ထို့မှတစ်ပါး ထို('မုအ်မင်နိ်' သက်ဝင်ယုံကြည်)သူတို့သည် (ကာမေသုမိစ္ဆာစာရက်ကျူးလွန်ခြင်းမှ) မိမိတို့၏ အရှက်အင်္ဂါများကို စောင့်စည်းထိန်းသိမ်းသူများလည်း ဖြစ်ကြကုန်၏။ မိမိတို့၏ ဇနီးကြင်ရာများ သို့မဟုတ် မိမိတို့၏ လက်ယာလက်များက ပိုင်ဆိုင်ထားသော ကျွန်မများမှ တစ်ပါး၊ အကြောင်းမူကား (မိမိတို့ ဇနီးကြင်ရာများနှင့် သော်လည်းကောင်း၊ တရားဝင် ကျွန်မိန်းမများနှင့်သော်လည်းကောင်း၊ သံဝါသပြုခြင်းအားဖြင့်) ထိုသူတို့သည် ပြစ်တင်ခြင်းခံထိုက်သူများ မဟုတ်သောကြောင့်ပင်။ (၂၃း၅-၆) ဟူ၍ မိန့်ထားသည်။ ထိုသူတို့သည် ၎င်းတို့၏ လိုအပ်ချက်များကို ၎င်းတို့၏ ဇနီးမယားများနှင့်လည်းကောင်း၊ တရားဝင် ပိုင်ဆိုင်ထားသော ကျွန်မများနှင့်လည်းကောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဖြေဖျောက်ကြပါသည်။ ၎င်း နောက် တရားမဝင်သည့် လုပ်ရပ်များကို ရှောင်ရှားကြပါသည်။ ထိုသူများနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က فَاِنَّهُمْ غَيْرُ مَلُوْمِيْنَ(ထိုသူတို့သည်ပြစ်တင်ခြင်းခံထိုက်သူများမဟုတ်သောကြောင့်ပင် ၂၃း၆) ဟူ၍ မိန့်ထားသည်။ ယင်းက ဆိုလိုနိုင်သေးသည်မှာ ကာမဆန္ဒအား ထိန်းသိမ်း၍ တင်းကြပ်စွာ ချုပ်တည်းထားရပါမည်။ စိတ်ဆန္ဒများအား ပြေပျောက်စေသည့် နည်းလမ်းတစ်ခု ဖြစ်မသွားစေရပါ။

فَمَنِ ابْتَغٰى وَرَآءَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْعٰدُوْنَ သို့ရာတွင် မည်သူမဆို ထို(ဇနီးကြင်ရာများ သို့မဟုတ် တရားဝင် ကျွန်မိန်းမများ)မှ ကျော်လွန်၍ (အခြား အမျိုးသမီးများကို) တောင့်တရာဖွေခဲ့မူ ယင်းကဲ့သို့သော သူတို့သည်သာလျှင် စည်းကမ်းကို ကျူးလွန်သူများ ဖြစ်ကြကုန်၏။(၂၃း၇) တစ်စုံတစ်ဦး၏ဆန္ဒအား မိမိ၏ဇနီးသည် သို့မဟုတ် တရားဝင် ပိုင်ဆိုင်ထားသော ကျွန်မတို့မှအပ အခြားသူများနှင့် ဖြေဖျောက်ခြင်းကို တင်းတင်းကြပ်ကြပ် တားမြစ်ထားပါသည်။ တားမြစ်ချက်ထဲတွင် ကာမေသုမိစ္ဆာ စာရက် (တရားတော်ဆိုင်ရာ ကိုဓဥပဒေများအရ လက်ထပ်ပိုင်ခွင့်မရှိသော အမျိုးသမီးနှင့် လက်ထပ်ခြင်းသည် ကာမေသုမိစ္ဆာစာရက် ကျူးလွန်ရာ ရောက်ပါသည်)ကိုလည်း အကျုံးဝင်စေပါသည်။ မိမိ၏ဇနီးသည် သို့မဟုတ် ကျွန်မသည် ရာသီပန်းပွင့်နေချိန်တွင်သော်လည်းကောင်း လိင်ဆက်ဆံခြင်းကို တားမြစ်ပါသည်။ ထိုသူမများနှင့် သဘာဝလွန်ဆက်ဆံသောနည်းဖြင့် ဆက်ဆံခြင်းကိုလည်း တားမြစ်ပါသည်။ သို့မဟုတ် လိင်တူဆက်ဆံခြင်း၊ တိရစ္ဆာန်များနှင့် လိင်ဆက်ဆံခြင်းတို့ကိုလည်း တားမြစ်ပါသည်။ အများစုသောဓမ္မသတ်ရှင်များက လက်ကိုအသုံးပြု၍ သုက်ရည်ထွက်စေခြင်းကိုလည်း တားမြစ်မှုတွင် အကျုံးဝင်စေပါသည်။ (သဖိစီရ် ဗယာနွလ် ကုရ်အာန်၊ ကုရ်တွဗီ၊ အလ်ဗဟ်ရုလ်မုဟီးတွ် စသည်)

ပဉ္စမအရည်အချင်း။ ကောင်းမြတ်သော မုစ်လင်မ်တစ်ဦး၏ ပဉ္စမအရည်အချင်းမှာ သူ့အပေါ်၌ထားရှိသော وَ الَّذِيْنَ هُمْ لِاَمٰنٰتِهِمْ وَ عَهْدِهِمْ رٰعُوْنَ ယုံကြည်မှုအရ သူသည် မှန်မှန်ကန်ကန်နှင့် သစ္စာရှိရှိ ထမ်းဆောင်ရပါမည်။ ထို('မုအ်မင်နိ်' သက်ဝင်ယုံကြည်)သူတို့သည် မိမိတို့ ယုံကြည်လွှဲအပ်ခြင်းခံရသော တာဝန်များကိုလည်းကောင်း၊ မိမိတို့၏ကတိဝန်ခံချက်များကိုလည်းကောင်း စောင့်ထိန်း သူများလည်း ဖြစ်ကြကုန်၏။(၂၃း၈) أَمَانَات (ယုံကြည်လွှဲအပ်ခြင်းခံရသော တာဝန်များ) ဟူသောစကားလုံးထဲ၌ လူတစ်ဦးက လုပ်ဆောင်ပါမည်ဟု တာဝန်ယူထားသော အရာရာတိုင်း ပါဝင်ပါသည်။ သို့မဟုတ် သူ့အား ယုံကြည်အပ်နှံကာ ထိန်းသိမ်းစောင့်ရှောက်ထားစေသည့် အရာများဖြစ်ပါသည်။ ထိုစကားလုံးတွင် အမျိုးအစား များပြားမြားစွာ ပါဝင်သောကြောင့် ယင်းအား ဗဟုဝုစ်ကိန်းအဖြစ် သုံးစွဲထားသည်။ သို့ပါသောကြောင့်ယင်းထဲ၌အလွှာဟ်အရှင်အခွင့်အရေးများသို့မဟုတ်လူသားများအခွင့်အရေးများနှင့်သက်ဆိုင်သော အမျိုးမျိုးသော ယုံကြည်အပ်နှံမှုများ အကျုံးဝင်ပါသည်။ ဘာသာရေးဆိုင်ရာဥပဒေများက တရားဝင်ပြုလုပ်စေရန်သော်လည်းကောင်း၊ ရှောင်ကြဉ်ရန် တားမြစ်ထားလျှင်သော်လည်းကောင်း မလိုလားအပ်ဟု ကြေညာထားသည့် မပြုမနေရ

ဟု ကြေညာထားသော အမိန့်ပညတ်ချက်များနှင့် တာဝန်များအား စေ့စေ့စပ်စပ် ဆောင်ရွက်မည်ဆိုပါလျှင် အလွှာဟ် အရှင်မြတ်၏ အခွင့်အရေးနှင့်ပတ်သက်သော ယုံကြည်အပ်နှံမှုများကိုသာ လုပ်ဆောင်ရပါမည်။ လူသားများ၏ အခွင့်အရေးနှင့်ပတ်သက်သော ယုံကြည်အပ်နှံမှုများကိုထမ်းဆောင်ရာ၌ ဤထမ်းဆောင်မှုတွင် များစွာသောအသွင်သဏ္ဌာန် ရှိကြပါသည်။ လူသိအများဆုံးဖြစ်သည့် အသွင်သဏ္ဌာန်တစ်ခုမှာ မိမိအား ယုံကြည်၍ အပ်နှံထားသည့် မည်သည့်ကုန်ပစ္စည်မျိုးမဆို ပိုင်ရှင်က ပြန်လည်ပေးအပ်ရန် တောင်းဆိုလာခဲ့လျှင် ထိုသူကို မြန်မြန်နှင့် မှန်ကန်တိကျစွာ ပြန်လည်ပေးအပ်ရပါမည်။ လျှို့ဝှက်စွာရရှိသော မည်သည့်သတင်းအချက် အလက်မဆိုတို့သည် ယုံကြည်အပ်နှံမှုတစ်ခုဖြစ်သွားပါသည်။ သတင်းပေးသူ၏ ခွင့်ပြုချက်မပါဘဲလျက် တစ်စုံတစ်ဦးကို ပြန်လည်ဖြောပြခြင်းသည် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ခြင်းဖြစ်ပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားအချင်းချင်း အလုပ်ကိစ္စတစ်ရပ်နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် အလုပ်ပမာဏ၊ ပြီးရမည့် အချိန်ကာလနှင့် လုပ်အားခကြေးငွေ စသည့် သဘောတူညီချက်များသည် ယုံကြည်အပ်နှံမှုတစ်ခုဖြစ်သွားကာ နှစ်ဦးနှစ်ဖက်စလုံးအတွက် တာဝန်များဖြစ်သွားပါသည်။ ၎င်းနောက် တစ်ဦးဦးက ဤသဘောတူညီချက်ကို ဖောက်ဖျက်ခြင်းသည် ယုံကြည်အပ်နှံမှုကိုဖောက်ဖျက်ရာ ရောက်ပါသည်။ ထို့ကြောင့် ယုံကြည်အပ်နှံမှု ကို လုပ်ဆောင်ခြင်းဆိုသည်မှာ အရာရာတိုင်းကို လွှမ်းခြုံထားသော စကားလုံးဖြစ်ပါသည်။

ဆဋ္ဌမအရည်အချင်း။ ပြီးပြည့်စုံသော မုစ်လင်မ်တစ်ဦး၏ ဆဋ္ဌမအရည်အချင်းမှာ သူပြုလုပ်ထားသောပဋိညာဉ်အား ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။ عَهْد ပဋိညာဉ်ဟူသော စကားလုံးတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်မျိုး ပါဝင်ပါသည်။ ပထမအမျိုးမှာ အဖွဲ့အစည်းနှစ်ခုတို့နှင့်ပတ်သက်သော တာဝန်ဝတ္တရားများကို အပြန်အလှန်ဖော်ပြထားခြင်းကို ပဋိညာဉ်ဟု ခေါ်ဆိုပါ သည်။ ယင်းပဋိညာဉ်အား နှစ်ဖက်စလုံးက လိုက်နာရမည်မှာ တာဝန်ဖြစ်ပါသည်။ အကယ်၍ တစ်ဖက်ဖက်က ဤ ပဋိညာဉ်အား ချိုးဖောက်ပါက ယင်းသည် လိမ်လည်လှည့်ဖြားခြင်းဖြစ်ကာ အစွဲလာမ်ဘာသာက ထိုသည်တို့ကို တားမြစ်ပါသည်။ နောက်တစ်မျိုးမှာ လူတစ်ဦးသည် မိမိဆန္ဒအလျောက် အခြားသူတစ်ဦးအား တစ်စုံတစ်ရာပေးမည်ဟု ကတိပြုခြင်း သို့မဟုတ် အလုပ်တစ်ခု လုပ်ပေးမည်ဟု တာဝန်ယူခြင်း ဖြစ်ပါသည်။ ဤသို့သော လုပ်ဆောင်ခြင်းကို وَعْد (ကတိကဝတ်)ဟုခေါ်တွင်ကာ ယင်းအား ဖြည့်ဆည်းမှုသည် ရှရီအသ်တရားတော်များအရ မပြုမနေရတာဝန် ဖြစ်ပါသည်။ ဟဒီးဆ်တစ်ပုဒ်ထဲ၌ العِدَة دين (ကတိတစ်ခုပေးခြင်းသည် အကြွေးယူခြင်းနှင့် တူပါသည်) ဟဒီးဆ်တော်က ဆိုလိုသည်မှာ ကတိသည် အကြွေးတစ်ခုနှင့်တူသည်။ ၎င်းနောက် ထိုကတိအား ဖြည့်ဆည်းမှုသည် အကြွေးအား ပေးဆပ်သကဲ့သို့ လုပ်ဆောင်ရမည်။ မတူညီမှုတစ်ခု၊ အကြွေးပြန်လည်ဆပ်မှုသည် ရုံးတော်က အမိန့်အာဏာ သုံးနိုင်သော်လည်း မိမိဆန္ဒအလျောက် ပြုလုပ်ထားသော ကတိအတွက်ကိုမူ ထိုသို့ လုပ်ဆောင်၍မရပါ။ မည်သို့ပင်ဖြစ်ပါစေ ကတိ တစ်ခုပြုထားသောသူတွင် ထိုကတိအား လိုက်နာရန်ဆိုသည်မှာ ကိုယ်ကျင့်တရားအရ ချုပ်နှောင်ပြီးသော ကိစ္စရပ်ဖြစ်ပါသည်။ ၎င်းနောက် သူ၏ကတိ မဖြည့်ဆည်းနိုင်ကြောင်းကို ဘာသာရေးဆိုင်ရာ အကြောင်းပြချက်မရှိဘဲလျက် ဖြည့်ဆည်းရန် ပျက်ကွက်ပါက ယင်းသည် ပြစ်မှုဂုနာဟ်တစ်ခု ဖြစ်သွားပါလိမ့်မည်။

သတ္တမအရည်အချင်း။ وَ الَّذِيْنَ هُمْ عَلٰى صَلَوٰتِهِمْ يُحَافِظُوْنَ (ထို့ပြင် ထိုမုအ်မင်နှ်သက်ဝင်ယုံကြည်သူတို့သည် မိမိတို့၏ ဆွလာတ်ဝတ်ပြုမှု(တာဝန်)ကို ဂရုမမူပြုသူများ ဖြစ်ကြကုန်၏။ (၂၃း၉) ဤနေရာတွင် ဆွလာတ်ဝတ်ပြုမှုများဟူသည် သတ်မှတ်ချိန်များအတိုင်း ပုံမှန်ဝတ်ပြုမှုများကို ဆိုလိုသည်။ صَلَوَات (ဆွလာတ်ဝတ်ပြုမှုများ)ဟု ဗဟုဝုစ်ကိန်းကိုသုံးထားသဖြင့် ဆွလာတ်ငါးကြိမ်စလုံး အကျုံးဝင်ပေသည်။ ရှေ့ပိုင်းအာယသ်တော်များတွင် صلوة ဆွလာတ်ဝတ်ပြုမှုဟု ဧကဝုစ်ကိန်းကို သုံးခဲ့ခြင်းမှာ ဖရသွ်၊ ဝါဂျိ်၊ စွန္ဒတ် သို့ မဟုတ် နဖိလ်စသည် ခွဲခြားမှုမရှိဘဲ ဆွလာတ်ဝတ်ပြုမှုအားလုံး၏အနှစ်သာရ 'ခုရှူ' ကို လေးနက်ပေါ်လွင်စေရန် ဖြစ်၏။

စေ့ငုစွာ လေ့လာမည်ဆိုပါလျှင် အထက်ပါ အရည်အချင်း ခုနစ်ရပ်သည် အလွှာဟ်အရှင်မြတ်ကို လည်းကောင်း၊ လူသားအချင်းချင်း အပေါ်သို့လည်းကောင်း ပေးဆပ်ရမည့် တာဝန်ဝတ္တရားများနှင့် ယင်းတာဝန်ဝတ္တရားများကို ထိန်းချုပ်ထားသည့် ဥပဒေသများအကြောင်း ဖြစ်သည်ကို တွေ့ရပေမည်။ ဤအရည်အချင်းများကို ပိုင်ဆိုင်ပြီး စောင့်ထိန်းသောသူသည် ပြည့်စုံသော 'မုအ်မင်နဲ်'(ယုံကြည်သက်ဝင်သူ)ဖြစ်ပြီး ယခုဘဝနှင့် နောင်ဘဝ နှစ်ဌာနစလုံး၌ 'ဖလာဟ်'(အောင်မြင်မှု)နှင့် ထိုက်တန်သူဖြစ်၏။ မှတ်သားအပ်သည်မှာ ဤအရည်အချင်းခုနစ်ရပ်သည် ဆွလာတ်နှင့် စ၍ ဆွလာတ်နှင့်ဆုံးသည်ဖြစ်၍ သတ်မှတ်ထားသောပုံစံအနေအထားနှင့် လိုအပ်သောအချက်များ ပြည့်စုံပါဝင်သည့် ဆွလာတ်ဝတ်ပြုမှုကို ဆောင်ရွက်လျှင် ကျန်ရှိသော အရည်အချင်းများသည် အလိုအလျောက် ဖြစ်ထွန်းလာမည် ဖြစ်ပေသည်။

أُولَٰئِكَ هُمُ الْوَٰرِثُونَ، الَّذِينَ يَرِثُونَ الْفِرْدَوْسَ

ထိုမုအ်မင်နဲ်(သက်ဝင်ယုံကြည်သူ)တို့သည်ပင်လျှင် အမွေခံမည့်သူများဖြစ်ကြကုန်၏။

(၂၃း၁၀) ၎င်းတို့သည် ဖိရ်ဒေါက်စ်တည်းဟူသော ဥယျာဉ်ကို အမွေခံကြပေမည်။ (၂၃း၁၁)

အထက်တွင်ဖော်ပြခဲ့သော အရည်အချင်းများနှင့် ပြည့်စုံသူ ကောင်းမြတ်သော မုစ်လင်မ်များသည် ဂျန္နတ်သုခဘုံကို အမွေခံကြရမည့် အမွေစားများဖြစ်ကြောင်း ဤအာယသ်တော်တွင် ကြေညာတော်မူသည်။ ကွယ်လွန်သူတစ်ဦး၏ ဥစ္စာပစ္စည်းများသည် အမွေစားများထံသို့ လွှဲပြောင်းရောက်ရှိမည်မှာ သေချာသကဲ့သို့ အရည်အချင်းခုနစ်ရပ်ကို ပိုင်ဆိုင်ကြသူများသည်လည်း ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်မှာ သံသယရှိစရာ မလိုပေ။ မှတ်သားသင့်သည်မှာ အရည်အချင်း ခုနစ်ရပ်ကို မဖော်ပြမီအလျင် ထိုသို့သောသူများသည် အောင်မြင်မှုရကြမည့် အကြောင်းကို ဦးစွာဖော်ပြသည်။ ထို့နောက်မှ အရည်အချင်းခုနစ်ရပ်ကို ဖော်ပြပြီး နောက်ဆုံးစာကြောင်းတွင် ထိုသို့သော အရည်အချင်းများကို ပိုင်ဆိုင်သူများသည် ဂျန္နသ်ကို အမွေဆက်ခံကြရမည်ဟု ဖော်ပြ၏။ ထိုကြောင့် ဖလာဟ်(အောင်မြင်မှု) အပေါင်းအား ဂျန္နသ်၌သာလျှင် ရရှိမည်ဖြစ်ကြောင်း ညွှန်ပြလေသည်။

အာယသ် (၁၂-၂၂)

وَلَقَدْ خَلَقْنَا الْاِنْسَانَ مِنْ سُلٰلَةٍ مِّنْ طِيْنٍ ﴿١٢﴾ ثُمَّ جَعَلْنٰهُ نُطْفَةً فِيْ قَرَارٍ مَّكِيْنٍ
﴿١٣﴾ ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً فَخَلَقْنَا الْعَلَقَةَ مُضْغَةً فَخَلَقْنَا الْمُضْغَةَ عِظٰمًا
فَكَسَوْنَا الْعِظٰمَ لَحْمًا ۗ ثُمَّ اَنْشَاْنٰهُ خَلْقًا اٰخَرَ ۗ فَتَبٰرَكَ اللّٰهُ اَحْسَنُ الْخٰلِقِيْنَ ﴿١٤﴾
ثُمَّ اِنَّكُمْ بَعْدَ ذٰلِكَ لَمَيِّتُوْنَ ﴿١٥﴾ ثُمَّ اِنَّكُمْ يَوْمَ الْقِيٰمَةِ تُبْعَثُوْنَ ﴿١٦﴾ وَلَقَدْ
خَلَقْنَا فَوْقَكُمْ سَبْعَ طَرَآئِقَ ۖ وَمَا كُنَّا عَنِ الْخَلْقِ غٰفِلِيْنَ ﴿١٧﴾ وَاَنْزَلْنَا
مِنَ السَّمَآءِ مَآءً بِقَدَرٍ فَاَسْكَنّٰهُ فِي الْاَرْضِ ۖ وَاِنَّا عَلٰى ذَهَابٍ بِهٖ لَقٰدِرُوْنَ ﴿١٨﴾
فَاَنْشَاْنَا لَكُمْ بِهٖ جَنّٰتٍ مِّنْ نَّخِيْلٍ وَّاَعْنَابٍ ۖ لَكُمْ فِيْهَا فَوَاكِهُ كَثِيْرَةٌ

وَّ مِنۡهَا تَاۡكُلُوۡنَ ﴿۲۱﴾ وَ شَجَرَةً تَخۡرُجُ مِنۡ طُوۡرِ سَيۡنَآءَ تَنۡۢبُتُ بِالدُّهۡنِ وَ صِبۡغٍ
لِّلۡاٰكِلِيۡنَ ﴿۲۲﴾ وَ اِنَّ لَكُمۡ فِى الۡاَنۡعَامِ لَعِبۡرَةً ؕ نُسۡقِيۡكُمۡ مِّمَّا فِىۡ بُطُوۡنِهَا وَ لَكُمۡ
فِيۡهَا مَنَافِعُ كَثِيۡرَةٌ وَّ مِنۡهَا تَاۡكُلُوۡنَ ﴿۲۱﴾ وَ عَلَيۡهَا وَ عَلَى الۡفُلۡكِ تُحۡمَلُوۡنَ ﴿۲۲﴾

မချွတ်မလွဲ ငါအရှင်မြတ်သည် လူသားကို ရွှံ့မြေ၏ အဆီအနှစ်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။[၁၂] ထို့နောက် ငါအရှင်မြတ်သည် ထိုလူသား(၏ အဆက်အနွယ်)ကို လုံခြုံသော နေရာတစ်ခု (သားအိမ်တွင်း)၌ ကလလရေကြည် ဖြစ်စေတော်မူခဲ့၏။[၁၃] ထို့နောက် ငါအရှင်မြတ်သည် ယင်း ကလလရေကြည်ကို ဝေွးခဲအဖြစ် ဖန်ဆင်းတော် မူခဲ့ပြန်၏။ တစ်ဖန် ငါအရှင်မြတ်သည် ယင်းဝေွးခဲကို အသားတုံးအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။ တစ်ဖန် ငါအရှင်မြတ်သည် ယင်းအသားတုံးကို အရိုးများအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်းအရိုးများကို အသားဖြင့် တန်ဆာဆင်မြန်း၍ပေးတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်း(အသားဖြင့် ဆင်မြန်းပြီးဖြစ်သော အရိုးများ)ကို အခြား ဖန်ဆင်းအပ်သော အရာတစ်ခုအဖြစ် ဖြစ်ပေါ်၍ လာစေတော်မူခဲ့၏။ သို့ဖြစ်ပေရာ အကောင်းဆုံးသော ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှထူးကဲမြင့်မြတ်လှဘိပါသနည်း။[၁၄] တစ်ဖန် ဓကန်အမှန် အသင်တို့သည် ထို(ထူးဆန်းအံ့ဖွယ်ဖြစ်သော အခြေအနေတို့ကို ကျော်လွန်ပြီး)နောက် အမှန်ပင် အသက် သေဆုံးကြရမည့်သူများ ဖြစ်ကြကုန်၏။[၁၅] တစ်ဖန် ဓကန်မလွဲအသင်တို့သည် ကိယာမတ်နေ့တွင် ရှင်ပြန်ထကြရအံ့သတည်း။[၁၆] ၎င်းပြင် မချွတ်ဓကန် ငါအရှင်မြတ်သည် အသင်တို့၏ ထက်ဝယ် (မိုး)ခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အဖန်ဆင်းခံတို့ကို လျစ်လျူရှုထားတော်မူသောအရှင် မဟုတ်ပေ။[၁၇] ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ (မိုး)ရေကို (သင့်တော်သော) အတိုင်းအတာ ချိန်ဆချက်နှင့် တကွ ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ငါ အရှင်မြတ်သည် ထို(မိုး)ရေကို ပထဝီမြေဝယ် ရပ်တည် စေတော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ထို(မိုး)ရေကို ပပျောက်စေခြင်းငှာ တတ်စွမ်းနိုင်တော်မူသောအရှင်လည်း ဖြစ်တော်မူပေသည်။[၁၈] ထို့နောက် ငါအရှင်မြတ်သည် ထို(မိုး)ရေဖြင့် အသင်တို့အဖို့ စွန်ပလွံခြံများကို လည်းကောင်း၊ စပျစ်ခြံများကိုလည်းကောင်း၊ ပေါက်ရောက်စေတော်မူခဲ့၏။ အသင်တို့အဖို့ ယင်းခြံများတွင် မြောက်မြားစွာသော သစ်သီးဝလံများသည် ရှိ၏။ ထို့ပြင် အသင်တို့သည် ယင်းခြံများမှ စားသုံးကြကုန်၏။[၁၉]ထိုမှတစ်ပါး (ငါအရှင်မြတ်သည်) သံလွင်ပင်ခေါ် သစ်ပင်တစ်မျိုးကိုလည်း (ပေါက်ရောက်စေတော်မူခဲ့၏)။ ထိုသစ်ပင်သည် သိနဲတောင်၌ ပေါက်ရောက်လေ့ရှိသည်။ ထိုသစ်ပင်သည် ဆီကိုလည်းကောင်း၊ စားသုံးသူတို့အဖို့ ဟင်းလျာကိုလည်းကောင်း ထွက်စေသည်။[၂၀] ထိုမှတစ်ပါး ဓကန်စင်စစ် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန်(များဖြစ်သော ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်တို့)တွင် ဆင်ခြင်သုံးသပ်ရန်

အချက်သည် အမှန်ပင်ရှိပေသည်။ ငါအရှင်မြတ်သည် အသင်တို့အား ၎င်းတို့၏ဝမ်းတွင်း၌ရှိသော (နို့ရည်)ကို တိုက်ကျွေးတော်မူပေသည်။ ထို့ပြင် အသင်တို့အဖို့ ၎င်းတို့တွင် များစွာသော အကျိုးကျေးဇူးများသည်လည်း ရှိလေသည်။ ထို့ပြင်တစ်ဝ အသင်တို့သည် ၎င်းတို့အနက်မှ စားသုံးကြလေသည်။[၂၁] ထိုမှတစ်ပါး အသင်တို့သည် ယင်းတိရစ္ဆာန်များပေါ်၌လည်းကောင်း၊ သင်္ဘောများပေါ်၌လည်းကောင်း စီးနင်း(သွားလာ တင်ဆောင်)ကြကုန်သတည်း။[၂၂]

အကျယ်ဖွင့်ဆိုခြင်း

ရှေ့ပိုင်း အာယတ်တော်များတွင် လူသားသည် ဖလာဟ်(အောင်မြင်မှု)ကို ယခုဘဝနှင့် နောင်ဘဝ နှစ်ဌာန စလုံး၌ ဆွတ်ခူးရရှိရန်မှာ ထိုလူသား၏အချိန်ကို အလ္လာဟ်အရှင်မြတ်အား မဆုတ်မနစ် လေးမြတ်စွာ ခဝပ် ကိုးကွယ်ရာတွင် အသုံးပြုခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံဆောင်ရွက်ခြင်း၊ ကိုယ်စိတ်နှစ်ပါးကို အမြဲသန့်စင်အောင်ထားခြင်း၊ လူသားအချင်းချင်းအပေါ် ထားရှိရမည့် တာဝန်ဝတ္တရားများ၊ ပေးဆပ်ရမည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းများဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ယခု အာယသ်တော်တွင်မူ စကြဝဠာအပေါင်းကို လွှမ်းခြုံ တော်မူနေသော အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်အကြောင်းနှင့် ယင်းသို့ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူ ကြောင်းကို လူသားမျိုးနွယ်အား အဆင့်ဆင့် ဖန်ဆင်းပုံကို သာဓကပြတော်မူ၏။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်မှ အသိဉာဏ်ပညာများ ပေးသနားတော်မူခြင်းခံရသူတစ်ဦးသည် ဤအာယသ်တော်များ၏ အနက်အဓိပ္ပာယ်ကို စေ့စေ့ငုငုတွေးတောဆင်ခြင်မှုပြုပါက ၎င်းသူသည် လောကီ လောကုတ္တရာ နှစ်ဖြာလုံးတွင် အောင်မြင်မှု (ဖလာဟ်) ရရှိနေမည့် ဦးတည်ရာလမ်းကို မလွဲမသွေ ရွေးချယ်မည်ဖြစ်ပေသည်။

وَلَقَدْ خَلَقْنَا الْإِنسَانَ مِن سُلَالَةٍ مِّن طِينٍ

၎င်းပြင် ငါအရှင်မြတ်သည် လူသားအား ရွှံ့မြေ၏ အဆီအနှစ်မှ ဖန်ဆင်းတော်မူခဲ့၏။ (၂၃း၁၂)

سُلَالَةٌ (စုလာလဟ်)ဟူသည် 'အဆီအနှစ်'ကိုဆိုလိုပြီး طِينٍ ဟူသည် 'စိုနေသောမြေကြီး သို့မဟုတ် ရွှံ့မြေ'ဟု အဓိပ္ပာယ်ရသည်။ အာယသ်တော်သည် လူသားကို မြေကြီးမှ ထုတ်ယူသော သီးသန့်အရာများဖြင့် ဖန်ဆင်းတော်မူခဲ့သည်ဟု ဆိုလိုသည်။ လူသားမျိုးနွယ်များအား ဖန်ဆင်းမှုကို အာဒမ်ﷺဖြင့် စတင်ခဲ့ပြီး အာဒမ်ﷺ ကိုယ်တိုင်မှာမူ မြေဆီမြေနှစ်မှ ဖန်ဆင်းခြင်း ခံခဲ့ရသည်။ ထို့ကြောင့် ပထမဆုံးဖန်ဆင်းမှုသည် မြေကြီးနှင့်ဆက်နွယ်ခဲ့သည်။ ထို့နောက် တွင်မှ လူတစ်ဦး၏မျိုးစေ့သည် အခြားလူတစ်ဦးအား ဖြစ်ပေါ်စေရန် နည်းလမ်းဖြစ်လာခဲ့၏။ နောက်အာယသ်တော်တွင် ثُمَّ جَعَلْنَاهُ نُطْفَةً ထိုလူသား(အဆက်အနွယ်)ကို လုံခြုံသော နေရာတစ်ခုၦ ကလလ ရေကြည်ဖြစ်စေတော်မူခဲ့၏။ (၂၃း၁၃)ဟု တူညီသော အကြောင်းအရာကို ကွဲပြားစွာဖြင့် ဖော်ပြခဲ့သည်။ အချုပ်မှာ ဦးစွာပထမ အာဒမ်ﷺကို မြေကြီးဖြင့် ဖန်ဆင်းခဲ့သည်။ ထို့နောက် ယင်းမြေမှပင် သန့်စင်ပြုပြင်ထားသောအရာဖြစ်သည့် သုက်ရည်ဖြင့် လူသားများဆက်လက်ဖြစ်ပေါ်စေခြင်းပင်ဖြစ်၏။ ဤသည်မှာ ဤအာယသ်တော်နှင့် ပတ်သက်၍ ပညာရှင်အများစု၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပေသည်။ အခြား ရှုထောင့်တစ်ခုမှာ سُلَالَةٍ مِّن طِينٍ (ရွှံ့မြေ၏အဆီအနှစ်)ဟူသည် လူသား မျိုးစေ့ကို ဆိုလိုခြင်းဖြစ်နိုင် သည်။ မြေကြီးထဲရှိ ယင်းမျိုးစေ့မှ အပင်ပေါက်သည့်သဖွယ် လူသားဖြစ်လာခဲ့သည်ဟူလို။

လူသားအား ဖန်ဆင်းပုံ အဆင့်(၇)ဆင့်

အထက်ပါအာယသ်တော်၌ လူသားအား ဖန်ဆင်းပုံ အဆင့်(၇)ဆင့်ကို ဖော်ပြထား၏။ ယင်းအဆင့်များမှာ-

(၁) سُلَٰلَةٍ مِّن طِينٍ - ရွှံ့မြေ၏အဆီအနှစ်
(၂) نُطۡفَةً - သုက်ရည်စက်
(၃) عَلَقَةً - သွေးခဲ
(၄) مُضۡغَةً - အသားတုံး
(၅) عِظَٰمٗا - အရိုးများ
(၆) - အရိုးများကို အသားဖြင့် ဆင်ယင်ပေးခြင်း နှင့်
(၇) - ဖန်ဆင်းမှုဖြစ်စဉ်အား ကလေးငယ်၏ကိုယ်တွင်းသို့ ဝိညာဉ်မှုတ်သွင်းပေးခြင်းဖြင့် အဆုံးသတ်သည်။

သာဝကကြီးအဗ္ဗားစ်ﷺအကြောင်း စိတ်ဝင်စားဖွယ် ဇာတ်လမ်းတစ်ပုဒ်

ကုရ်တုဗီက ၎င်း၏ရှင်းလင်းဖွင့်ဆိုချက်တွင် စိတ်ဝင်စားဖွယ် ဇာတ်လမ်းတစ်ပုဒ်ကို ဆက်နွှယ် ဖော်ပြခဲ့သည်။ အဗ္ဗားစ်ﷺသခင်ကြီးသည် لَيۡلَةَ ٱلۡقَدۡرِ လိုင်လတွလ်ကဒရ်ညဉ့်မြတ် ကျရောက်သည့်ရက်စွဲအတိအကျကို အဆုံးအဖြတ်ပေးရန် ဖြစ်လာသောအခါ ဤအာယသ်တော်ပေါ်တွင် မူတည်ဆင်ခြင်တွေးဆမှု ပြုခဲ့သည့်အကြောင်းဖြစ်သည်။ ဇာတ်လမ်းမှာ တစ်နေ့သော် အုမရ်ﷺသခင်ကြီးသည် တမန်တော်မြတ်ﷺ၏ ထင်ရှားသော သာဝကကြီးအချို့နှင့်အတူ ထိုင်ကြစဉ် ၎င်းတို့အား ရမ်ဇာန်လ၏ မည်သည့်ရက်တွင် လိုင်လတွလ်ကဒရ်ညဉ့်မြတ် ကျရောက်မည်နည်းဟု မေးမြန်းကြည့်ခဲ့၏။ ထိုအခါ ယင်းသူတို့က 'အလ္လာဟ်အရှင်သာလျှင် အဖြေကို သိပါလိမ့်မည်' ဟူသည့် အဖြေမှတစ်ပါး မည်သူမျှ ရက်ကို တိကျစွာ မပြောနိုင်ခဲ့ကြပေ။ ထိုအခါ အုမရ်ﷺသခင်ကြီးက ထိုထိုင်ဝိုင်းတွင် အသက်အငယ်ဆုံး ဖြစ်သော သာဝကကြီး အိဗနိ အဗ္ဗားစ်ﷺဘက်သို့လှည့်၍ 'အသင့်မှာရော ဒီမေးခွန်းအတွက် အဖြေများ ရှိပါသလား' ဟု မေးမြန်းခဲ့၏။ ထိုအခါ အိဗနိ အဗ္ဗားစ်ﷺက 'အို-အမီရွလ်မို့အ်မေနီးန်၊ အလ္လာဟ်အရှင်မြတ်သည် မိုးခုနစ်ထပ်နှင့် မြေခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ ထိုအရှင်မြတ်သည် လူသားအား အဆင့်(၇)ဆင့်ဖြင့် ဖန်ဆင်းတော်မူပြီးနောက် အစာ၊ အာဟာရကို (၇)ခုသော နေရာရင်းမြစ်မှ ပေးသနားတော်မူခဲ့သည်။ ထို့ကြောင့် ကျွန်တော့်အထင် လိုင်လတွလ် ကဒရ်ညဉ့်မြတ်သည် ရမ်ဇာန်လမြတ်၏(၂၇)ညဉ့်ဖြစ်မည်မှာသေချာပါသည်' ဟု ပြောဆိုခဲ့၏။ ဤသို့သော ဆက်စပ်တွေးခေါ်ပုံကို အုမရ်ﷺသခင်ကြီး ကြားရသော် သာဝကကြီးများအား 'တွေ့ကြပြီလား၊ ဒီလူငယ်လေးက အသင်တို့ မပေးနိုင်တဲ့အဖြေကို ပေးလိုက်ပြီ' ဟု ဆိုခဲ့ပေသည်။ ဤဇာတ်လမ်းကို အိဗနိ အဗီရွိင်ဟာဟ်၏မူစ်နာဒ်တွင် အကျယ်တဝင့် ထပ်ဆင့်ဖော်ပြထား၏။ အိဗနိအဗ္ဗားစ်ﷺက လူသားအားဖန်ဆင်းပုံခုနစ်ဆင့်ကို ပြောစဉ်က သူစိတ်ဝယ် ဤအာယသ်တော်ကို ထင်ရှားစွာ ကြား ယောင်နေခဲ့၏။ လူသားအတွက် အာဟာရကိုပေးသော ရင်းမြစ်ခုနစ်ခုအတွက်မူ စူရဟ် အဗစတွင် ပါဝင်သည့်-

فَأَنۢبَتۡنَا فِيهَا حَبّٗا وَعِنَبٗا وَقَضۡبٗا وَزَيۡتُونٗا وَنَخۡلٗا

"တစ်ဖန်ငါအရှင်မြတ်သည် ဤပထဝီမြေ၌ ကောက်ပဲသီးနှံကို ပေါက်စေတော်မူ၏။ စပျစ်ပင် ကို လည်းကောင်း၊ ဟင်းသီးဟင်းရွက်ကိုလည်းကောင်း၊ သံလွင်ပင်ကိုလည်းကောင်း၊ စွန်ပလွံပင်ကို လည်းကောင်း၊ (သစ်ပင်ပန်းပင်များ) ထူထပ်စေသော ဥယျာဉ်များကိုလည်းကောင်း၊

သစ်သီးဝလံ များကိုလည်းကောင်း၊ ကျွဲနွားတိရစ္ဆာန်အစာကိုလည်းကောင်း (ပေါက်ရောက်စေတော်မူ၏။)" (၈၀း၂၇-၃၁)

ဤအာယသ်တော်တွင်ဖော်ပြသည့် (၈)မျိုးသောအရာတို့အနက် ပထမ(၇)မျိုးမှာ လူသားများအတွက်အစားအစာဖြစ်ပြီး (၈)ခုမြောက်မှာ တိရစ္ဆာန်များအတွက် ဖြစ်လေသည်။

ကုရ်အာန်သုံးဘာသာစကား၏ အလှအပနှင့် အာဝဇ္ဇန်းရွှင်မှုမှာ လူသားအား ဖန်ဆင်းပုံအဆင့် (၇)ဆင့်ကို ဖော်ပြရာ၌ တစ်ပုံစံတည်းမရှိခြင်းက သက်သေခံသည်။ လူသား၏ အသားတုံးဘဝမှ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲမှုကို ဖော်ပြရာတွင် **ثم** (ယင်းသည့်နောက်)ဟူသောစကားလုံးကို အချို့နေရာတွင် သုံးခြင်းဖြင့် ဖြစ်စဉ်မှာ နေးကွေးကြောင်း သို့မဟုတ် နောက်ကျကြောင်းကို ဖော်ညွှန်းပြီး အချို့နေရာများတွင်မူ **ف** ကို ရှေ့ဆက်စကားလုံးအနေသုံးခြင်းဖြင့် ပြောင်းလဲမှုဖြစ်စဉ်၌ အရပ်အနားမရှိဘဲ တစ်ဆက်တည်းဖြစ်ကြောင်း ညွှန်ပြလေသည်။ မိခင်၏သားအိမ်အတွင်း လူသားအသားတုံး၏ ပြောင်းလဲမှုဖြစ်စဉ်မှာ အချိန်ယူရသော်လည်း အခြားပြောင်းလဲမှုများမှာ တိုတောင်းသောအချိန်အတွင်း ဖြစ်ပေါ်နိုင်ပေသည်။ ဤနည်းဖြင့် **ثم** ဟူသောစကားလုံးကို ပြောင်းလဲမှု၏ ပထမ နှစ်ဆင့်တွင် သုံးထား၏။ ဦးစွာ سُلَٰلَةٖ مِّن طِينٖ (ရွှံ့မြေ၏အဆီအနှစ်)မှ မျိုးစေ့ ثُمَّ جَعَلۡنَٰهُ نُطۡفَةٗ (ထို့နောက် ငါအရှင်မြတ်သည် လူသား(၏ အဆက်အနွယ်)ကို လုံခြုံသော နေရာတစ်ခု (သားအိမ်အတွင်း)၌ သုက်ရည်ကို ဖြစ်စေတော်မူခဲ့၏။) ယခုအခါ မြေကြီးမှ အစားအစာထုတ်လုပ်ခြင်း၊ ယင်းအစားအစာမှ သီးသန့်ခြုံစင်ကို လူခန္ဓာကိုယ်မှ စုပ်ယူပြီး မျိုးစေ့အဖြစ်သို့ ပြောင်းလဲပေးခြင်းတို့မှာ အချိန်ကြာသောဖြစ်စဉ်များဖြစ်ကြောင်းကို သိကြပေပြီ။ အလားတူပင် တတိယအဆင့်ဖြစ်သည့် **نطفة** (သုက်ရည်စက်)မှ **مضغة** (သွေးခဲ)သို့ ပြောင်းလဲခြင်းမှာလည်း အကောင်အထည်ဖော်ရန် အချိန်များစွာကုန်ပြီး ကုရ်အာန်ကျမ်းမြတ်တွင် ثُمَّ أَنشَأۡنَٰهُ خَلۡقًا ءَاخَرَ (ထို့နောက် ငါအရှင်မြတ်သည် ယင်း ကလလ ရေကြည်ကို သွေးခဲအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။ ၂၃း၁၄) ဟု မိန့်တော်မူခဲ့၏။ နောက်အဆင့် သုံးဆင့်ဖြစ်သည့် **علقة** (သွေးခဲ)မှ **مضغة** (အသားတုံး) **مضغة** မှ အရိုးများ၊ တတိယအနေဖြင့် အရိုးပေါ်တွင် အသား တန်ဆာဆင်ပေးခြင်း များမှာ အချိန်တိုအတွင်း ဖြစ်ပေါ်နိုင်ချေရှိသော ကိစ္စများဖြစ်ပေသည်။ ထို့ပြင် ဤပြောင်းလဲမှုသုံးရပ်အတွက် **ف** ကို သုံးထားခြင်းမှာ အဖြတ်အတောက်မရှိ တစ်ဆက်တည်းပြောင်းလဲခြင်းကို ညွှန်ပြလေသည်။ နောက်ဆုံးအဆင့် ပြောင်းလဲမှုသည် ဝိညာဉ်နှင့်အသက်ကို မူတ်သွင်းပေးခြင်းဖြင့် မမွေးရသေးသော ကလေးငယ်အခြေ အနေသို့ ရောက်ရှိစေခြင်းပင် ဖြစ်သည်။ ထို့ပြင် လူတို့၏တွက်ဆမှုအရ သက်မဲ့အရာတစ်ခုထဲသို့ အသက်နှင့်ဝိညာဉ် ထည့်သွင်းပေးခြင်းမှာ အချိန်ကာလ ကြာမြင့်ဖွယ်ရှိသောကြောင့် ဤနေရာတွင် **ثم** ဟူသောစကားလုံးကို နောက်ဆုံး အဆင့် ပြောင်းလဲခြင်းကို ဖော်ပြရာ၌ သုံးထားပြန်ပေသည်။

လူသားအား ဖန်ဆင်းမှု နောက်ဆုံးအဆင့် - အသက်နှင့်ဝိညာဉ် ထည့်သွင်းခြင်း

ဤပြောင်းလဲမှုကို ကျမ်းမြတ်ကုရ်အာန်က ثُمَّ أَنشَأۡنَٰهُ خَلۡقًا ءَاخَرَ (ထို့နောက် ငါအရှင်မြတ်သည် ယင်း(အသားနှင့် ဆင်မြန်းပြီးသော အရိုးများ)ကို အခြားဖန်ဆင်းအပ်သော အရာတစ်ခုအဖြစ် ဖြစ်ပေါ်လာစေတော်မူခဲ့၏။ ၂၃း၁၄)ဟု ဖော်ပြခဲ့၏။ ဤထူးခြားချက်မှာ လူသားအား ဖန်ဆင်းခြင်း၏ ရှေ့ပိုင်း(၆)ဆင့်သည် ရုပ်ဝတ္ထုပိုင်းနှင့် ပတ်သက်သော်လည်း နောက်ဆုံးအဆင့်သည် နာမ်လောကမှ ဝိညာဉ်ကို ခန္ဓာကိုယ်ထဲ ရွှေ့ပြောင်းပေးခြင်း ဖြစ်၏။ ထို့ကြောင့်ပင် خَلۡقًا ءَاخَرَ (ထူးခြားထင်ရှားသော အခြားဖန်ဆင်းမှုတစ်မျိုး)ဟူ၍ ဖော်ပြခဲ့သည်။

ဇီဝဝိညာဉ်နှင့် တကယ့်ဝိညာဉ်

"ငါအရှင်မြတ်သည် ယင်း(အသားနှင့် ဆင်မြန်းပြီးသော အရိုးများ)ကို အခြားဖန်ဆင်းအပ်သော အရာတစ်ခု အဖြစ် ဖြစ်ပေါ်လာစေတော်မူခဲ့၏" ဟူသည့်အာယသ်တော်နှင့်ပတ်သက်၍ အိဗနိအဗ္ဗာစ်၊ မူဂျာဟိဒ်၊ ရှအ်ဘီ၊ အိက်ရိမဟ်၊ ဒဟာက်နှင့် အဗူအာလီယဟ်တို့က ခန္ဓာကိုယ်အတွင်းသို့ အသက်ဝိညာဉ် မူတ်သွင်းသည်ဟု ဆိုလိုကြောင်း ဖွင့်ဆိုကြသည်။ တဖ်စီရ်မဇ်ဟီရီကမူ ဇီဝဝိညာဉ်ကို ရည်ညွှန်းခြင်း ဖြစ်နိုင်ကြောင်း ဖော်ပြသည်။ သို့ဆိုလျှင် ဝိညာဉ်နှစ်မျိုးနှစ်စား ရှိရပေမည်။ 'ဇီဝဝိညာဉ်'ဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းတွင် တည်ရှိနေသည့် သိမ်မွေ့၍ နားလည်ရန်ခက်ခဲသည့် အရာတစ်မျိုးဖြစ်သည်။ ဤသို့သောဝိညာဉ်မျိုး ရှိကြောင်းကို ဆေးသိပ္ပံပညာရှင်များနှင့် တွေးခေါ်ပညာရှင်များက အသိအမှတ်ပြုခဲ့ကြ၏။ ဇီဝဝိညာဉ်ကို ကိုယ်ခန္ဓာအစိတ်အပိုင်းများအား ဖန်ဆင်းပြီးနောက်မှ ဖန်ဆင်းခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ၎င်းအား ဖန်ဆင်းမှုကို အာယသ်တော်တွင် **ثُمَّ** (ထို့နောက်)ဖြင့် ဖော်ပြခဲ့သည်။ အခြားဝိညာဉ်အမျိုးအစားမှာ 'တကယ့်ဝိညာဉ်'ဖြစ်သည်။ တကယ့်ဝိညာဉ်သည်ဝိညာဉ်ကမ္ဘာနှင့် သက်ဆိုင်ပြီး လူသားများကို မဖန်ဆင်းမီ ရှေးပဝေသဂ်ကတည်းက ဖန်ဆင်းခံခဲ့ရသောအရာဖြစ်သည်။ ထို့ပြင် ယင်းတကယ့်ဝိညာဉ်များကို အလ္လာဟ်အရှင်မြတ်က စုရုံးစေတော်မူခဲ့ပြီး 'ကျွန်ုပ်သည် အသင်တို့၏ ကိုးကွယ်ရာအရှင်သခင်ဖြစ်သည် မဟုတ်လော'ဟု မေးမြန်းတော်မူခဲ့ရာ ၎င်းတို့က 'ဟုတ်မှန်ပါသည်'ဟု ဖြေကြားခဲ့ကြ၏။ ဤကဲ့သို့ ကြိုတင်ဖန်ဆင်းခဲ့သော တကယ့်ဝိညာဉ်နှင့် ဇီဝဝိညာဉ်တို့ကို မည်သို့မည်ပုံ အလ္လာဟ်အရှင်မြတ်က ဆက်စပ် ပေးသည်ဆိုခြင်းကိုမူ မည်သူမျှ မသိနိုင်ပေ။ လူတစ်ဦး၏အသက်ရှင်မှုသည် ဤဆက်စပ်ပေးမှုအပေါ်တွင် မူတည်လေသည်။ လူတစ်ဦး၏ ဇီဝဝိညာဉ်သည် တကယ့်ဝိညာဉ်နှင့် ပြတ်တောက်သွားသောအချိန်တွင် ထိုသူ သေဆုံးလေသည်။ ထို့ကြောင့် အာယသ်တော်ပါ 'တစ်ခြားဖန်ဆင်းမှု' ဟူသည် ဝိညာဉ်နှစ်မျိုးကို ဆက်စပ်ပေးခြင်းအား ရည်ညွှန်းသည် ဖြစ်နိုင်ကောင်းပေသည်။

فَتَبٰرَكَ اللّٰهُ اَحْسَنُ الْخٰلِقِيْنَ "သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။" (၂၃း၁၄) **خلق** နှင့် **تَخْلِيق** စကားလုံးသည် ဘာမျှမရှိခြင်းမှ တစ်စုံတစ်ရာကို ဖန်ဆင်းခြင်းဟု အဓိပ္ပာယ်ရသည်။ ယင်းသည် အလ္လာဟ်အရှင်မြတ်၏ အထူးသီးသန့် ဂုဏ်တော်တစ်ပါးဖြစ်၏။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားဖန်ဆင်းရှင် မရှိ။ ကောင်းကင်တမန်သည်လည်းကောင်း၊ လူသားသည်လည်းကောင်း မည်သည့်အရာကိုမျှ ဖန်ဆင်းနိုင်စွမ်း မရှိခဲ့။ သို့သော် တစ်ခါတစ်ရံ ဤစကားနှစ်လုံးကို အလ္လာဟ်အရှင် ဖန်ဆင်းထားတော်မူသည့်အရာများအား ပုံသဏ္ဌာန်ပြောင်းလဲခြင်းအားဖြင့် လည်းကောင်း၊ ပြန်လည် စုစည်းတည်ဆောက်ခြင်းအားဖြင့်လည်းကောင်း အရာဝတ္ထုအသစ်ဖြစ်ပေါ်စေခြင်းသဘောဖြင့်လည်း သုံးလေ့ရှိသည်။ ဤသို့ပြုလုပ်သူ လူသားကိုလည်း အရာတစ်ခုကိုဖန်တီးသူဟု ခေါ်ကြသည်။ ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ကြားသည်မှာ **تَخْلُقُوْنَ اِفْكًا** (ထိုမှတစ်ပါး အသင်တို့သည် မုသား(အယူဝါဒ)ကို လီဆယ်ဖန်တီးကြကုန်၏။ ၂၉း၁၇) ဟု လာရှိ၏။ ထို့ပြင် အီစာ ﷺ၏ အကြောင်းဖော်ပြချက်တွင် **اَنِّيْٓ اَخْلُقُ لَكُمْ مِّنَ الطِّيْنِ كَهَيْـَٔةِ الطَّيْرِ** (ကျွန်ုပ်သည် မုချဇကန် အသင်တို့(ယုံကြည် အံ့သောငှာ) ရွှံ့မြေဖြင့် ငှက်တိရစ္ဆာန်၏ ပုံသဏ္ဌာန်ကဲ့သို့ ငှက်ရုပ်ပြုလုပ်ပြီးနောက် .... ၃း၄၉) ဟု ပါရှိ၏။ ဤသည်တို့တွင် **خَالِق** (ဖန်ဆင်းခြင်း) ဟူသောစကားလုံးမှာ ပစ္စည်းတစ်မျိုးထုတ်လုပ်ခြင်းကို တင်စား သုံးနှုန်းထားခြင်း ဖြစ်၏။

ဤနေရာတွင် **خَالِقِيْنَ** (ဖန်ဆင်းရှင်များ)ဟူ၍ ဗဟုဝုစ်ကိန်းကို သုံးထားခြင်း၏ အဓိပ္ပာယ်မှာ ဝတ္ထုပစ္စည်းများကို တီထွင်ထုတ်လုပ်ကြသော သာမန်လူသားများတို့လည်း **خَالِقِيْنَ** (ဖန်ဆင်းရှင်များ)ဟု တင်စားခေါ်ဝေါ်ခြင်း

ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ဖန်ဆင်းရှင်များထဲတွင် အတော်ဆုံးဖြစ်ပေသည်။

ثُمَّ إِنَّكُمْ بَعْدَ ذٰلِكَ لَمَيِّتُوْنَ

(တစ်ဖန် ဇကာနအမှန် အသင်တို့သည် ထို(ထူးဆန်းအံ့သြဖွယ်ဖြစ်သော အခြေအနေတို့ကို ကျော်လွန်ပြီး)နောက် အမှန်ပင် အသက်သေဆုံးကြရမည့်သူများ ဖြစ်ကြကုန်၏။။ ၂၃း၁၅)

ရှေ့တွင်ဖော်ပြခဲ့သော အာယသ်တော်သုံးခုမှာ လူသားအား ဖန်ဆင်းခြင်းအကြောင်းဖြစ်ပြီး ဤအာယသ်နှင့် နောက်အာယသ်မှာ အသက်သွင်းခြင်း ဖြစ်၏။ ဤအာယသ်၌ အလ္လာဟ်အရှင်မြတ်က လူသားသည် ဖန်ဆင်းခံရပြီး နောက် ကမ္ဘာမြေဝယ် အချိန်ကာလတစ်ခုတိုင် ရှင်သန်နေထိုင်မည်ဖြစ်သော်လည်း နောက်ဆုံးတစ်နေ့ သူ၏ သေမင်းနှင့် တွေ့ဆုံခြင်းမှ ရှောင်လွှဲ၍ ရမည်မဟုတ်ကြောင်း မိန့်တော်မူခဲ့၏။ ထို့နောက် အလ္လာဟ်အရှင်မြတ် မိန့်တော်မူခဲ့သည်မှာ လူသားသည် တရားစီရင်မည့်နေ့တွင် ရှင်ပြန်ထရမည့်အကြောင်း ثُمَّ إِنَّكُمْ يَوْمَ الْقِيٰمَةِ تُبْعَثُوْنَ (တစ်ဖန် ဇကာန်မလွဲ အသင်တို့သည် 'ကိယာမသ်'နေ့တွင် ရှင်ပြန်ထကြရခဲ့သတည်း။ ၂၃း၁၆) ဟုဖြစ်၏။ ထို့ကြောင့် ထိုသူ၏ ဤလောကီဝယ် ပြုမူကျင့် ဆောင်ခဲ့သမျှသည် ချိန်တွယ်ခြင်းခံရမည်။ ထို့နောက် သူနှင့်ထိုက်တန်သည့် ဂျန္နသ်သုခဘုံ သို့မဟုတ် ဂျဟန္နမ်ငရဲဘုံသို့ လားရမည်ဖြစ်ပေသည်။ ဤသည်မှာ လူသားတစ်ဦး၏ဘဝ မည်သို့အဆုံးသတ်မည့် အကြောင်းပင်ဖြစ်၏။ရှေ့တွင်ဆက်၍ဖော်ပြသည်မှာထိုသူတစ်ဦး၏ဤလောကီဘဝနှင့်နောင်တွေ့ကြုံရမည့်ဘဝတို့၏ ကြားကာလ အဖြစ်အပျက်များအကြောင်း အတိုချုပ်ဖြစ်သည်။ ထို့အပြင် အလ္လာဟ်အရှင်ထံတော်မှ ထိုသူအား ပေးသနားတော်မူမည့် လက်ဆောင်မွန်နှင့် ကောင်းချီးဩဘာများအကြောင်းလည်း ပါဝင်လေသည်။ ဤသည်ကို မိုးကောင်းကင်များအား ဖန်ဆင်းခြင်းအကြောင်းဖြင့် စကားဦးသန်းတော်မူခဲ့၏။

وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَآئِقَ

ၔင်းပြင် မချွတ်ဇကန် ငါအရှင်မြတ်သည် အသင်တို့ထက်ဝယ် (မိုး) ခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ (၂၃း၁၇)

طَرَآئِق သည် **طريقه** ၏ ဗဟုဝုစ်ကိန်းဖြစ်ပြီး **طَبَقَه** (အလွှာ၊ အထပ်)နှင့် အဓိပ္ပာယ်တူ ဖြစ်သည်။ ဤသို့ဆိုလျှင် အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက်ဝယ် မိုးကောင်းကင်(၇)ထပ်ကို တစ်ထပ်ပေါ် တစ်ထပ်ဆင့်လျက် ဖန်ဆင်းတော်မူခဲ့သည်ဟု အဓိပ္ပာယ်ရပေမည်။ **طريقه**၏ ပို၍အသုံးများသော အခြားအဓိပ္ပာယ်ဖြစ်သည့် 'လမ်း သို့မဟုတ် လမ်းကြောင်း' ကိုယူသော် အာယသ်တော်မှာ ယင်းမိုးကောင်းကင်များသည် အလ္လာဟ် အရှင်မြတ်ထံတော်မှ အမိန့်တော်များကိုယူဆောင်၍ ကမ္ဘာမြေသို့ ပို့ရန်အတွက် ကောင်းကင်တမန်များ အသုံးပြုသည့် လမ်းကြောင်းသဖွယ် ဖြစ်သည်ဟု အဓိပ္ပာယ်ရ၏။

وَمَا كُنَّا عَنِ الْخَلْقِ غٰفِلِيْنَ စင်စစ်သော်ကား ငါအရှင်မြတ်သည် အဖန်ဆင်းခံတို့ကို လျစ်လျူရှုထားတော်မူသောအရှင် မဟုတ်ပေ။ (၂၃း၁၇) ဤအာယသ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် လူသားအား ဖန်ဆင်းပြီးသည်နှင့် စွန့်ပစ် ထားတော်မူလိုက်သည်မဟုတ်ဘဲ ထာဝစဉ် ယင်းလူသား၏ လိုအပ်ချက်များကို ဂရုထားတော်မူသည်။ ယင်းလူသား၏ အာဟာရနှင့် ဖွံ့ဖြိုးမှုအတွက် နည်းလမ်းများကို ပေးသနားတော်မူသည်။ အလ္လာဟ် အရှင်မြတ်သည် ဦးစွာ မိုးကောင်းကင်များကို ဖန်ဆင်းတော်မူခဲ့သည်။ ထိုမိုးကောင်းကင်မှ မြေကမ္ဘာပေါ်သို့ မိုးရေများကို ပို့လွှတ်တော်မူပြီး လူသားတို့၏ အာဟာရအတွက် အစားအစာကို ထုတ်လုပ်ပေးတော်မူခဲ့သတည်း။

လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အံ့ဖွယ်ရေပေးဝေမှုစနစ်

وَاَنْزَلْنَا مِنَ السَّمَآءِ مَآءًۢ بِقَدَرٍ فَاَسْكَنّٰهُ فِى الْاَرْضِ ۖ وَاِنَّا عَلٰى ذَهَابٍۢ بِهٖ لَقٰدِرُوْنَ

"ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ မိုး(ရေ)ကို (သင့်တော်သော) အတိုင်းအတာ ချိန်ဆချက်နှင့်တကွ ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ငါအရှင်မြတ်သည် ထို(မိုး)ရေကို ပထဝီမြေဝယ် ရပ်တည်စေတော်မူခဲ့၏။ စင်စစ်သော် ကား ငါအရှင်မြတ်သည် ထို(မိုး)ရေကို ပပျောက်စေခြင်းငှာ တတ်စွမ်းနိုင်တော်မူသော အရှင်လည်း ဖြစ်တော်မူ ပေသည်။" (၂၃း၁၈)

بِقَدَرٍ (အတိုင်းအဆဖြင့်)ဟူသောစကားစုကို ထည့်သွင်းထားသည်ကို ကြည့်ခြင်းဖြင့် လူသားသည် အဘယ်မျှ ချည့်နဲ့၍ စွမ်းအားမဲ့သည်ကို ပြသပေသည်။ အဘယ်ကြောင့်ဆိုသော် ရေမရှိဘဲလျက် မည်သည့် လူ သို့မဟုတ် သားရဲ တိရစ္ဆာန်မျှ အသက်မရှင်နိုင်သလို အတိုင်းအတာတစ်ခုထက် ရေပိုရှိသွားပြန်ကလည်း သေကြေပျက်စီးခြင်း ဖြစ်လာနိုင်သည်။ ကောင်းကင်မှ ဒလဟောကျလာသော မိုးရေများကြောင့် ရေလွှမ်းမိုးမှုဖြစ်ရခြင်းမှာ လူသားတို့အတွက် ပဟေဠိပင်ဖြစ်၏။ သို့သော်လည်း ကြင်နာသနားတော်မူသော အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ လိုအပ်ချက်များကို ဖြည့်စွမ်းပေးရုံမျှသာ မိုးရေကို လွှတ်တော်မူပေသည်။ ရေလွှမ်းမိုးခြင်းကို ခံထိုက်သူများဟု အလ္လာဟ်အရှင်မြတ်သတ်မှတ်သည့်သူများ၏ နေရာများမှတစ်ပါး ရေကြီးရေလျှံခြင်း မဖြစ်စေရပေ။ အခြားစဉ်းစားစရာ အချက်မှာ အကယ်၍ လူသားသည် ၎င်းအတွက် နေ့စဉ် လိုအပ်သည့်ရေပမာဏကို နေ့စဉ်မပြတ်တမ်း ရွာသောမိုးမှ ရယူရမည် ဆိုပါက အဆင်ပြေနိုင်မည်မဟုတ်သည့်ပြင် ဒုက္ခရောက်စရာပင် ရှိ၏။ အဘယ်ကြောင့်ဆိုသော် လူသည် နေ့စဉ်နှင့်အမျှ အဆက်မပြတ်မိုးရွာသော ပတ်ဝန်းကျင်မျိုးတွင် ရှင်သန်နေထိုင်နိုင်သည့် သဘာဝ မရှိပေ။ ထိုသို့သော အခြေအနေမျိုးတွင် လုပ်ကိုင်စားရန်လည်း ဖြစ်နိုင်မည်မဟုတ်ချေ။ တစ်ဖက်မှကြည့်လျှင် အကယ်၍ လူတို့အတွက် တစ်နှစ်စာ သို့မဟုတ် ခြောက်လစာ သို့မဟုတ် သုံးလစာ လိုအပ်မည့်ရေကို တစ်ကြိမ်တည်းနှင့် အပြတ် မိုးရွာချပေးလိုက်ပြီး ယင်းရေများကို သိုလှောင်ထားစေကာ နေ့စဉ်လိုအပ်သလောက် ပမာဏကို ရယူသုံးစွဲကြစေမည် ဆိုပါကလည်း မဖြစ်နိုင်ပြန်ပေ။ အဘယ်ကြောင့်ဆိုသော် လုံလောက်သည့် သိုလှောင်စရာ မရှိသည့်ပြင် ထိုရေသည် ညစ်ညမ်းလျက် သောက်သုံးရန်မသင့်ဘဲ ဖြစ်သွားပေမည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် ရေကိုချိန်ဆ၍ ချပေးသနားတော်မူသည်။ နည်းလမ်းမှာ ကျလာသောမိုးရေအား မြေကြီးနှင့်အပင်များက ပြည့်ဝစွာစုပ်ယူပြီးနောက် ပိုလျှံသောမိုးရေတို့သည် အင်းအိုင် သို့မဟုတ် သဘာဝအလျောက်ဖြစ်နေသော ချိုင့်ခွက်များဆီသို့ စီးဆင်းသွားကြသည်။ ထိုနေရာများမှ ရေကို လူနှင့်တိရစ္ဆာန်တို့သည် မိမိတို့လိုအပ်သလောက် ယူငင်သုံးစွဲကြသည်။ သို့သော် ယင်းသို့ စုဆောင်းထားသည့် ရေသည် အချိန်ကာလတစ်ခုထိသာ ခံမည်ဖြစ်၏။ ထို့ပြင် ဒေသမတူသော နေရာများမှ လူများသည် အဆက်မပြတ် ရရှိမည့် ရေချို့ကို လိုအပ်နေမည်သာဖြစ်သည်။ ဆိုလိုသည်မှာ အင်းအိုင်များနှင့် ဝေးကွာသောနေရာရှိ လူများအတွက် ရေသန့်ကို မပြတ်တမ်းရရှိရန်မှာ ခက်ခဲပေမည်။ ဤအခက်အခဲများကို ပြေလည်စေရန်အတွက် အလ္လာဟ်အရှင်မြတ်သည် ရေသန့်အဆက်မပြတ်ရရှိရေးစနစ်တစ်ခုကို ပုံစံချပေးတော်မူခဲ့၏။ များပြားလှသောရေကို ရေခဲနှင့်နှင်းများအဖြစ် အသွင်ပြောင်းစေကာ သန့်ရှင်းသော၊ လေထုညစ်ညမ်းမှုကင်းသော တောင်တန်းကြီးများ၏ထိပ်တွင် ထားပေးတော်မူသည်။ ယင်းနှင်းများ၊ ရေခဲများ အရည်ပျော်သော် ရရှိသောရေသည် တောင်၏ စိမ့်ပေါက်ကလေးများမှတစ်ဆင့် အောက်သို့ စိမ့်ဝင်သွားကာ မြေအောက်ရေကြော(လမ်းကြောင်း)များ ပျံ့နှံ့ဖြစ်ပေါ်စေသည်။ ထိုနောက် ထိုရေများသည် မြေပေါ်တွင် စမ်းချောင်းများ၊ မြစ်များ၊ ချောင်းများအဖြစ် စီးထွက်လာကြသည်။ ဤစီးဆင်းနေသော ရေကောင်းရေသန့်များအား လူနှင့်တိရစ္ဆာန်တို့ သောက်သုံးရန်အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးအတွက်လည်းကောင်း သုံးစွဲကြရ

ပေသည်။ ထို့ပြင် ရေအချို့သည် မြေအောက်နက်သည်အထိ စိမ့်ဝင်သွားပြီး မြေဆီလွှာထု၏အောက်၌ မြေအောက်ရေ ဖြစ်သွား၏။ ယင်းမြေအောက်ရေကို တွင်းများတူးဖော်၍ စုပ်ယူသုံးစွဲကြသည်။ ဤစနစ်နှင့် ဖြစ်စဉ်တစ်ခုလုံးကို ကုရ်အာန်ကျမ်းမြတ်တွင် တိုရှိရိုးရှင်းသော စာကြောင်းလေးဖြစ်သည့် فَاَسْكَنّٰهُ فِى الْاَرْضِ (၂၃း၁၈)ဖြင့် ခြုံငုံမိစေသည်။ အချက်တစ်ခုမှာ သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်သည် ရေကို မြေပေါ်သို့ စုပ်ဆွဲတင်နိုင်လောက်သည့် အနက်၌သာ ထားရှိတော်မူခြင်းဖြစ်သည်။ သို့မဟုတ်က သဘာဝအလျောက် အောက်သို့ စိမ့်ဝင်ကျဆင်းသွားသောရေသည် အပေါ်သို့ ဆွဲတင်ရန် မဖြစ်နိုင်သည့်အနက်အထိ ရောက်ရှိသွားနိုင်ပေသည်။ ဤသဘောကို وَاِنَّا عَلٰى ذَهَابٍ بِهٖ لَقٰدِرُوْنَ (စင်စစ်သော်ကား ငါအရှင်မြတ်သည် ထို(မိုး)ရေကို ပပျောက်စေခြင်းငှာ တတ်စွမ်းနိုင်တော်မူသော အရှင်လည်း ဖြစ်တော်မူပေသည်။ (၂၃း၁၈)

ကုရ်အာန်က ဆက်လက်ဆိုသည်မှာ ယင်းသို့ ပုံမှန်ပေးဝေနေသော ရေဖြင့် အလ္လာဟ်အရှင်မြတ်သည် စွန်ပလွံနှင့် စပျစ်ခြံများကိုလည်းကောင်း၊ မြောက်မြားစွာသော သစ်သီးဝလံ အမျိုးအစားများကိုလည်းကောင်း ပေါက်ရောက်စေတော်မူခဲ့သည်။ လူတို့သည် ၎င်းအနှံ့အရသာနှင့်ပြည့်စုံသော သစ်သီးဝလံများကို စားသုံးကြသည်။ အချို့ကို နောင်သုံးစွဲရန်အတွက် ကြာရှည်ခံအောင် ပြုလုပ်ထားကြသည်။ وَ مِنْهَا تَاْكُلُوْنَ (ထို့ပြင် အသင်တို့သည် ယင်းခြံများမှ စားသုံးကြ ကုန်၏။ ၂၃း၁၉) ထို့ပြင် ယင်းတို့၏ အသုံးဝင်ပုံနှင့် အကျိုးကျေးဇူးများကြောင့် သံလွင်သီးနှင့် သံလွင်ဆီများအကြောင်းကို အထူးတလည် ဖော်ပြထားသည်။ ဆိုင်းနိုင်းရှိ တူရ်တောင်တွင် သံလွင်ပင်များ ပေါများစွာ ပေါက်ရောက်သည်ကို ရည်ညွှန်း၍ وَ شَجَرَةً تَخْرُجُ مِنْ طُوْرِ سَيْنَآءَ (ထို့မှတစ်ပါး (ငါအရှင်မြတ်သည်) သံလွင်ပင် ခေါ်သစ်ပင်တစ်မျိုးကိုလည်း (ပေါက်ရောက်စေတော်မူ ခဲ့၏) ထိုသစ်ပင်သည် သိနတောင်၌ ပေါက်ရောက်လေ့ရှိသည်။ ၂၃း၂၀) ဆိုင်းနိုင်းသည် တူရ်တောင်တန်းရှိရာဒေသ၏ အမည်ဖြစ်သည်။ သံလွင်ဆီသည် ခန္ဓာကိုယ်အား နှိပ်နယ်ရာ၌လည်းကောင်း၊ မီးထွန်းရာ၌လည်းကောင်း၊ ဟင်းလျာ ချက်ပြုတ်ရာ၌လည်းကောင်း အသုံးပြုနိုင်သည်။ ဤအကြောင်းကို အာယသ်တော်၌ تَنْۢبُتُ بِالدُّهْنِ وَ صِبْغٍ لِّلْاٰكِلِيْنَ (ထိုသစ်ပင်သည် ဆီကိုလည်းကောင်း၊ စားသုံးသူတို့အဖို့ ဟင်းလျာကိုလည်းကောင်း ထွက်စေသည်။ ၂၃း၂၀) ဟု ဖော်ပြခဲ့သည်။ သံလွင်ပင်နှင့် တူရ်တောင်ကို ဆက်စပ်ဖော်ပြရသည့်အကြောင်းမှာ ဤသစ်ပင်သည် ထိုတောင်ပေါ်၌ ပထမဆုံး ပေါက်ခဲ့သောကြောင့် ဖြစ်၏။ တချို့က တမန်တော်နူဟ် ﷺ လက်ထက် ရေလွှမ်းမိုးမှုကြီး ဖြစ်ပြီးသည့်နောက် မြေကမ္ဘာ တွင် ပထမဆုံး ပေါက်ရောက်သော သစ်ပင်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ (မဇ်ဟိရီ)

ထို့နောက် လူသားတို့အကျိုးအတွက် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော ကောင်းချီးမင်္ဂလာများစွာနှင့် မြောက်မြားစွာသော လက်ဆောင်များအကြောင်း ဖော်ပြချက်တစ်ခု လာရှိ၏။ ထိုအကြောင်းကို စေ့စေ့တွေးလျက် လူသားသည် အလ္လာဟ်အရှင်မြတ်အား ရိုကျိုးရှိုးကြရပေမည်။ အာယသ်တော်လာ မိန့်ဆိုချက်များမှာ وَ اِنَّ لَكُمْ فِى الْاَنْعَامِ لَعِبْرَةً (ထို့မှတစ်ပါး ဧကန်စင်စစ် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန်(များဖြစ်သော ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်) တို့တွင် ဆင်ခြင်သုံးသပ်ရန်အချက်သည် အမှန်ပင်ရှိပေသည်။ ၂၃း၂၁) ဟူ၍ဖြစ်၏။ ဤအာယသ်တော်က ညွှန်းဆိုသော စဉ်းစားဆင်ခြင်ရန်အချက်ကို نُسْقِيْكُمْ مِّمَّا فِىْ بُطُوْنِهَا "ငါအရှင်မြတ်သည် အသင်တို့အား ၎င်းတို့၏ ဝမ်းတွင်း၌ ရှိသော (နို့ရည်)ကို တိုက်ကျွေး တော်မူပေသည်။ ၂၃း၂၁" ဟု ဆက်၍ဖော်ပြခဲ့သည်။ ကျွဲ၊ နွား၊ ကုလားအုတ် စသည့်တိရစ္ဆာန်များက လူသားတို့အား အလုပ်အကျွေးပြုပုံတချို့မှာ အလွန်သန့်စင်၍ အာဟာရပြည့်ဝသော နို့၊ တစ်နည်းနည်း အသုံးဝင်သော ၎င်းတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ၊ အမွေး၊ သားရေ၊ အူ စသည့် တိုင်းပြည်၏ စီးပွားရေးကို အထောက်အကူပြုသော စက်ရုံသုံး ကုန်ကြမ်းများ၊ လူတို့နှစ်ခြိုက်စွာ စားကြသည့် ဟလာလ်အသားများ

وَمِنْهَا تَاْكُلُوْنَ"ငင်းတို့အနက်မှ စားသုံးကြလေသည်။ ၂၃း၂၁" ဖြစ်ကြသည်။ ထို့ပြင် ငင်းတို့အား လှေ၊ သင်္ဘောများနည်းတူ စီးနင်းရန်၊ တစ်နေရာမှ တစ်နေရာသို့ ကုန်ပစ္စည်းများ သယ်ပို့ရန် အသုံးပြုကြသည်။ နောက်ဆုံး အကျိုးကျေးဇူးတွင် လှေ၊ သင်္ဘောများကို ထည့်သွင်းဖော်ပြခြင်းမှာ ယင်းတိရစ္ဆာန်များအား သယ်ယူပို့ဆောင်ရေးအတွက်ပါ အသုံးပြု၍ရသောကြောင့်ဖြစ်၏။ وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُوْنَ"ထိုမှတစ်ပါး အသင်တို့သည် ယင်းတိရစ္ဆာန်များပေါ်၌လည်းကောင်း၊ သင်္ဘောများပေါ်၌လည်းကောင်း စီးနင်း (သွားလာတင်ဆောင်)ကြကုန်သတည်း။ ၂၃း၂၂" ဘီးတပ်စီးနင်းသွားလာသော ယာဉ်အမျိုးအစားအားလုံးသည် ဝန်ဆောင်မှုပေးပုံချင်းတူသောကြောင့် ဖုလ်က်(လှေ၊ သင်္ဘော)တွင် အကျုံးဝင်သည်။

အာယသ် (၂၃-၃၀)

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَقَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ
اِلٰهٍ غَيْرُهٗ ؕ اَفَلَا تَتَّقُوْنَ ﴿۲۳﴾ فَقَالَ الْمَلَؤُا الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖ مَا
هٰذَاۤ اِلَّا بَشَرٌ مِّثْلُكُمْ ۙ يُرِيْدُ اَنْ يَّتَفَضَّلَ عَلَيْكُمْ ؕ وَلَوْ شَآءَ اللّٰهُ لَاَنْزَلَ
مَلٰٓئِكَةً ۚ مَّا سَمِعْنَا بِهٰذَا فِيْۤ اٰبَآئِنَا الْاَوَّلِيْنَ ﴿۲۴﴾ اِنْ هُوَ اِلَّا رَجُلٌۢ بِهٖ
جِنَّةٌ فَتَرَبَّصُوْا بِهٖ حَتّٰى حِيْنٍ ﴿۲۵﴾ قَالَ رَبِّ انْصُرْنِيْ بِمَا كَذَّبُوْنِ ﴿۲۶﴾
فَاَوْحَيْنَاۤ اِلَيْهِ اَنِ اصْنَعِ الْفُلْكَ بِاَعْيُنِنَا وَوَحْيِنَا فَاِذَا جَآءَ اَمْرُنَا وَ
فَارَ التَّنُّوْرُ ۙ فَاسْلُكْ فِيْهَا مِنْ كُلٍّ زَوْجَيْنِ اثْنَيْنِ وَاَهْلَكَ اِلَّا مَنْ سَبَقَ
عَلَيْهِ الْقَوْلُ مِنْهُمْ ۚ وَلَا تُخَاطِبْنِيْ فِي الَّذِيْنَ ظَلَمُوْا ۚ اِنَّهُمْ مُّغْرَقُوْنَ ﴿۲۷﴾
فَاِذَا اسْتَوَيْتَ اَنْتَ وَمَنْ مَّعَكَ عَلَى الْفُلْكِ فَقُلِ الْحَمْدُ لِلّٰهِ الَّذِيْ نَجّٰىنَا
مِنَ الْقَوْمِ الظّٰلِمِيْنَ ﴿۲۸﴾ وَقُلْ رَّبِّ اَنْزِلْنِيْ مُنْزَلًا مُّبٰرَكًا وَّاَنْتَ خَيْرُ
الْمُنْزِلِيْنَ ﴿۲۹﴾ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ وَّاِنْ كُنَّا لَمُبْتَلِيْنَ ﴿۳۰﴾

ငင်းပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (နဗီတမန်တော်)နူဟ်အား ငင်း၏အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့၏။ ထိုအခါ ထိုနူဟ်က အို-ငါ၏ အမျိုးသားတို့၊ အသင်တို့သည် အလွှာဟ်အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ ထိုအရှင်မြတ်မှ တစ်ပါး အသင်တို့၌ ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ၊ သို့ပါလျက် အသင်တို့သည် (အခြားအရာများကို) ထိုအရှင်မြတ်နှင့်တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ခြင်းမှ မကြောက်ရွံ့ကြလေသလော။[၂၃] ထိုအခါ ထိုနူဟ်၏အမျိုးသားတို့အနက် မယုံမကြည် သွေဖည် ငြင်းပယ်ကြကုန်သော အကြီးအကဲတို့က (အချင်းတို့၊) ဤနူဟ်သည် အသင်တို့ကဲ့သို့ပင်

လူသားတစ်ဦးသာလျှင် ဖြစ်ပေသည်။ ၎င်းသည် အသင်တို့ထက် ကြီးကဲမြင့်မြတ်ရန် ကြံရွယ်နေခြင်းပင် ဖြစ်ချေသည်။ စင်စစ် အကယ်၍သာ အလွှာဟ်အရှင်မြတ်သည် (ကျွန်ုပ်တို့အား တရားလမ်းမှန်သို့ ရောက်စေရန်) အလိုရှိတော်မူခဲ့ပါလျှင် ကောင်းကင်တမန်များကိုသာ စေလွှတ်တော်မူခဲ့ပေမည်။ ကျွန်ုပ်တို့သည် ဤ(တစ်ဆူတည်းသော ကိုးကွယ်ရာ အရှင်ဟူသော) စကားကို မိမိတို့ ရှေးသူဟောင်းများဖြစ်သော ဘိုးဘေးတို့ထံမှ (တစ်ခါဘူးမျှပင်) မကြားခဲ့ဘူးကြချေ။[၂၄] (စစ်စစ်) ဤနှဟ်သည် ရှုးသွပ်ခြင်း (ဝေဒနာ စွဲကပ်လျက်)ရှိသော သူ(ရှူး)တစ်ဦးမျှပင် ဖြစ်ပေရာ အသင်တို့သည် ၎င်းနှင့် ပတ်သက်၍ ကာလအတန်ကြာသည့်တိုင်အောင် စောင့်မျှော်(၍သာကြည့်နေ)ကြလေကုန်။[၂၅] ထို(နဗီတမန်တော်)နှဟ်က အို-ကျွန်တော်များအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်များအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောကြောင့် အရှင်မြတ်သည် ကျွန်တော်များအား ကူညီစောင်မတော်မူပါဟု လျှောက်ထားအသနားခံခဲ့လေသည်။[၂၆] ထိုအခါ ငါအရှင်မြတ်သည် ထို(နဗီတမန်တော်) နှဟ်၏ ထံသို့ (ဤသို့) "ဝဟ်ယ်" အမိန့်တော် ထုတ်ပြန်တော်မူခဲ့၏။ (အို-နှဟ်၊) အသင်သည် ငါအရှင်မြတ်၏ အမိန့်တော်အရ ငါအရှင်မြတ်၏ မျက်စိအောက်တွင် သင်္ဘောကို ပြုလုပ်တည်ဆောက်ပါလော။ ထို့နောက် ငါအရှင်မြတ်၏အမိန့်တော် ရောက်ရှိလာ၍ မုန်ဒိုသည် ဆူပွက်လာသောအခါ အသင်သည် (တိရစ္ဆာန်)အမျိုးအစား အသီးသီးတို့မှ တစ်စုံစီကို လည်းကောင်း၊ အသင်၏ အိမ်သူအိမ်သားတို့အနက် အမိန့်တော် ထုတ်ပြန်ပြီးဖြစ်သော သူမှတစ်ပါး ကျန်အိမ်သူအိမ်သားတို့ကို လည်းကောင်း၊ ထိုသင်္ဘော(ပေါ်)တွင် တင်ဆောင်ပါလော။ သို့ရာတွင် (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ကလူ ပြုကြကုန်သောသူတို့နှင့်ပတ်သက်၍မူကား အသင်သည် ငါအရှင်မြတ်အထံတော်တွင် (တစ်စုံတစ်ရာကို) လျှောက်ထားပန်ကြားခြင်းကို မပြုလေနှင့်။ ဇကန်မလွဲ`ၚင်းတို့သည် နစ်မြုပ်စေခြင်းခံကြရမည့်သူများပင် ဖြစ်ကြကုန်သည်။[၂၇] တစ်ဖန် အသင်နှင့်တကွ အသင်နှင့်အတူ (လိုက်ပါကြကုန်သော)အဖော်များပါ သင်္ဘောပေါ်တွင် ကျန်စွာ ထိုင်ပြီးကြသောအခါ အသင်သည် "ချီးမွမ်းထောမနာ အပေါင်းတို့သည် ကျွန်တော်များတို့အား မတရားသဖြင့် နှိပ်စက်ကြကုန်သောအမျိုးသားတို့(၏)ဘေးအန္တရာယ်)များမှကင်းလွတ်စေတော်မူသော အလွှာဟ်အရှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူပါသည်" ဟု ရွတ်ဆိုပါလော။[၂၈] ထိုမှတစ်ပါး အသင်သည် (သင်္ဘောပေါ်မှ ဆင်းသောအခါ) "အို-ကျွန်တော်များတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်များအား ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံစွာ၊ ပြည့်စုံသောနေရာသို့ ဆင်းသက်စေတော်မူပါ။ စင်စစ် အရှင်မြတ်သည် အကောင်းဆုံးသော ဆင်းသက်စေတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်"ဟု လျှောက်ထား ပန်ကြားပါလော။[၂၉] ဇကန်မလွဲ` ဤသည့် (အတ္ထုပ္ပတ္တိအကြောင်း)တွင် (အလွှာဟ်အရှင်မြတ်၏ များစွာသော) သက်သေ လက္ခဏာများသည်

ရှိကြပေသည်။ ၎င်းပြင် ဓကန်စင်စစ် ငါအရှင်မြတ်သည် စမ်းသပ်တော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၃၀]

အကျယ်ဖွင့်ဆိုခြင်း

وَفَارَ التَّنُّوْرُ "ထို့ပြင် မုန့်ဖိုသည် ဆူပွက်လာသောအခါ ၂၃း၂၇" تَنُّوْر ဟူသောစကားလုံးသည် ပြားသော၊ ဝိုင်းသောမုန့်ပြုလုပ်ရာတွင်အသုံးပြုသည့်မီးဖိုကို ဆိုလိုသည်။ ၎င်းပြင်ယင်းစကားလုံးကိုကမ္ဘာမြေကြီးတစ်ခုလုံးဟူသောသဘောဖြင့်လည်း သုံး၏။ အချို့က تَنُّوْر သည် ကူဖာဟ် ဗလီရှိ မုန့်ဖိုဟူ၍လည်းကောင်း၊ အချို့က ဆီးရီးယားနိုင်ငံတစ်နေရာရှိ မုန့်ဖိုဟူ၍လည်းကောင်း အမျိုးမျိုးယုံကြည်ကြ၏။ တမန်တော်နူဟ်ﷺအား အလ္လာဟ်အရှင်မြတ်က မုန့်ဖိုမှရေများ ဆူပွက်စပြုလျှင် ရေလွှမ်းမိုးမှုကြီး ဖြစ်လာတော့မည့် လက္ခဏာပင်ဖြစ်သည်ဟု အသိပေးထားတော်မူခဲ့၏။ (မဇ်ဟိရီ) တမန်တော်နူဟ်ﷺ၊ ရေလွှမ်းမိုးမှုကြီးနှင့် သူ၏သင်္ဘောအကြောင်းများကို ရှေ့ပိုင်းစူရာဟ်များတွင် တင်ပြခဲ့ပြီးဖြစ်သည်။ (ကြည့်- အဂ်လိပ် အတွဲ 4၊ စာမျက်နှာ 626-643) (မြန်မာပြန် အတွဲ ၈၊ စာမျက်နှာ ၃၂၂-၃၅၁)

အာယသ် (၃၁-၄၀)

ثُمَّ اَنْشَاْنَا مِنْۢ بَعْدِهِمْ قَرْنًا اٰخَرِيْنَ ﴿۳۱﴾ فَاَرْسَلْنَا فِيْهِمْ رَسُوْلًا مِّنْهُمْ اَنِ
اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اَفَلَا تَتَّقُوْنَ ﴿۳۲﴾ وَقَالَ الْمَلَاُ مِنْ
قَوْمِهِ الَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِلِقَآءِ الْاٰخِرَةِ وَاَتْرَفْنٰهُمْ فِى الْحَيٰوةِ الدُّنْيَا ۙ
مَا هٰذَآ اِلَّا بَشَرٌ مِّثْلُكُمْ ۙ يَاْكُلُ مِمَّا تَاْكُلُوْنَ مِنْهُ وَيَشْرَبُ مِمَّا تَشْرَبُوْنَ
﴿۳۳﴾ وَلَئِنْ اَطَعْتُمْ بَشَرًا مِّثْلَكُمْ اِنَّكُمْ اِذًا لَّخٰسِرُوْنَ ﴿۳۴﴾ اَيَعِدُكُمْ اَنَّكُمْ
اِذَا مِتُّمْ وَكُنْتُمْ تُرَابًا وَّعِظَامًا اَنَّكُمْ مُّخْرَجُوْنَ ﴿۳۵﴾ هَيْهَاتَ هَيْهَاتَ
لِمَا تُوْعَدُوْنَ ﴿۳۶﴾ اِنْ هِىَ اِلَّا حَيَاتُنَا الدُّنْيَا نَمُوْتُ وَنَحْيَا وَمَا نَحْنُ
بِمَبْعُوْثِيْنَ ﴿۳۷﴾ اِنْ هُوَ اِلَّا رَجُلٌ افْتَرٰى عَلَى اللّٰهِ كَذِبًا وَّمَا نَحْنُ لَهٗ
بِمُؤْمِنِيْنَ ﴿۳۸﴾ قَالَ رَبِّ انْصُرْنِىْ بِمَا كَذَّبُوْنِ ﴿۳۹﴾ قَالَ عَمَّا قَلِيْلٍ
لَّيُصْبِحُنَّ نٰدِمِيْنَ ﴿۴۰﴾ فَاَخَذَتْهُمُ الصَّيْحَةُ بِالْحَقِّ فَجَعَلْنٰهُمْ غُثَآءً ۚ فَبُعْدًا
لِّلْقَوْمِ الظّٰلِمِيْنَ ﴿۴۱﴾

ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် အခြားမျိုးနွယ်ကို ဖန်ဆင်းတော်မူခဲ့၏။[၃၁] တစ်ဖန် ငါအရှင်မြတ်သည် ထိုမျိုးနွယ်တွင် ၎င်းတို့အနက်မှပင် ရာစူလ် တမန်တော်တစ်ပါးကို စေလွှတ်တော်မူ(၍ဤသို့မိန့်မှာတော်)မူခဲ့၏။ အသင်တို့သည် အလ္လာဟ်

အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ ထိုအရှင်မြတ်မှ တစ်ပါး အသင်တို့အဖို့ ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ၊ သို့ပါလျက် အသင်တို့သည် မကြောက်ရွံ့ကြလေသလော။[၃၂] ၎င်းပြင် ထိုရစူလ်တမန်တော်၏ အမျိုးသားတို့အနက် အကြင် အကြီးအကဲတို့သည် မယုံမကြည် သွေဖည် ငြင်းပယ်ခဲ့ကြ၏။ ၎င်းပြင် တမလွန်ဘဝနှင့် တွေ့ကြုံရင်ဆိုင်ရမည်ကိုလည်း မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြသေး၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့အား (ဤမျက်မှောက်) လောကီဘဝတွင် စည်းစိမ်ချမ်းသာကိုလည်း ပေးတော်မူခဲ့၏။ ၎င်းတို့က (မိမိတို့ အမျိုးသားတို့အား-အချင်းတို့၊) ဤသူသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှဖြစ်၏။ ၎င်းသည် အသင်တို့ စားသုံးကြကုန်သော အရာများကို စားသုံးလေသည်။ ၎င်းပြင် အသင်တို့ သောက်ကြကုန်သောအရာများကိုပင် သောက်သုံးလေသည်ဟု ပြောဆိုခဲ့ကြကုန်၏။[၃၃] အကယ်၍ အသင်တို့သည် မိမိတို့ကဲ့သို့သော လူသားတစ်ဦး(၏အမိန့်ကို လိုက်နာခဲ့ကြသည်ရှိသော် ဇကန်မလွဲ အသင်တို့သည် ဆုံးရှုံးသူများသာလျှင် ဖြစ်ကြပေမည်။[၃၄] ၎င်းက အသင်တို့ သေဆုံးကြပြီးနောက် မြေကြီးဖြစ်၍ အရိုးများသာကျန်သောအခါ ဇကန်အမှန် အသင်တို့သည် (သချိုင်းတွင်းမှ) ပြန်ထွက်ကြရမည့်သူများဖြစ်ကြသည်ဟု) အသင်တို့အား ပြောဆိုသည်မဟုတ်လော။ [၃၅] ဝေးလေစွ၊ ဝေးလေစွ၊ အသင်တို့ ပြောဆိုခြင်း ခံကြရသောကိစ္စသည် အလျှင်း မဖြစ်နိုင်ပြီ။[၃၆] အသက်ရှင်ခြင်းဟူသည် ကျွန်ုပ်တို့၏ လောကီ ဘဝ၌ အသက်ရှင်ခြင်းမှတစ်ပါး အခြားမရှိပြီ။ ကျွန်ုပ်တို့(အနက် အချို့)သည် သေဆုံးကြလေသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့(အနက် အချို့)မှာ အသက်ရှင်လျက် ရှိနေကြပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ရှင်ပြန်ထကြရမည့်သူများ အလျှင်းမဟုတ်ပြီ။[၃၇] ဤသူသည် အလွှာဟ် အရှင်မြတ်အပေါ်၌ မဟုတ်မမှန် မုသားစကားကို လီဆယ်ပြောဆိုသူတစ်ဦးမျှ ဖြစ်ပေရာ ကျွန်ုပ်တို့သည် ၎င်းအား ယုံကြည်မည့်သူ အလျှင်းမဟုတ်ကြချေ။[၃၈] (ထိုအခါ) ထိုရစူလ်တမန်တော်က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူသော အရှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြပေရာ အရှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါဟု လျှောက်ထားပန်ကြားခဲ့လေသည်။[၃၉](ထိုအခါ) ထိုအရှင်မြတ်က (အို-နဗီတမန်တော်) ၎င်းတို့သည် အမှန်ပင် မကြာမြင့်မီ ကာလအတွင်း နောင်တရမည့်သူများ ဖြစ်ကြသည်(ဟု မိန့်ကြားတော်မူခဲ့လေ၏။)[၄၀]ထို့နောက် အလွန်ပြင်းထန် ကျယ်လောင်စွာသောအသံသည် မှန်ကန်သော ချိန်းဆိုချက်နှင့်အညီ ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အားအမှိုက်သရိုက်များ (ကဲ့သို့) ချေမှုန်းတော်မူခဲ့၏။ သို့ဖြစ်ပေရာ မတရားကျူးလွန်သော (ထို)အမျိုးသားတို့မှာ (ကရုဏာတော်မှ) ကင်းဝေးခဲ့ကြရကုန်သတည်း။[၄၁]

အကျယ်ဖွင့်ဆိုခြင်း

ရှေ့ပိုင်းအာယသ်တော်များတွင် ၎င်း၏အမျိုးသားများအား ဖြောင့်မတ်မှန်ကန်သော တရားလမ်းတော်သို့ ညွှန်ကြားပြသရန် စေလွှတ်ခြင်းခံခဲ့ရသော တမန်တော်နူဟ်ﷺ၏ ဇာတ်ကြောင်းကို ပြောပြခဲ့၏။ ယခုဆက်လက်ဖော်ပြသည့် အာယသ်တော်များတွင်မူ အမည်နာမ မဖော်ပြထားသည့် အခြားသောတမန်တော်များနှင့် ၎င်းတို့ လမ်းမှန်ကို ညွှန်ပြရမည့် ၎င်းတို့၏အမျိုးသားများအကြောင်း အကျဉ်းချုပ်ပါရှိ၏။ အချို့သောကိုးကားချက်များ၊ သွယ်ဝိုက်သော ရည်ညွှန်းချက်များပေါ်တွင် မူတည်၍ ရှင်းလင်းဖွင့်ဆိုသူများက အာယသ်တော်များသည် အားဒ်နှင့်ဆမူဒ် လူမျိုးစုများအား လမ်းမှန်သို့ ညွှန်ကြားပြသရန် စေလွှတ်ခြင်းခံကြရသော တမန်တော်ဟူးဒ်ﷺ သို့မဟုတ် တမန်တော်ဆွာလိဟ်ﷺတို့အား ရည်ညွှန်းခြင်းဖြစ်သည်ဟု ကောက်ချက်ချကြ၏။ ယခုဇာတ်လမ်းတွင် ဤမျိုးနွယ်စုနှစ်ခုလုံးသည် မည်သည့်နေရာမှ လာမှန်းမသိသော ကျယ်လောင်ပြင်းထန်လှသည့်အသံဖြင့် ဖျက်ဆီးခြင်းခံကြရကြောင်း ဖော်ပြခဲ့သည်။ သို့ရာတွင် အခြားသောအာယသ်တော်များ၌ ကြောက်မက်ဖွယ်အော်ဟစ်သံဖြင့် ဖျက်ဆီးခြင်းခံရသည်မှာ ဆမူဒ်မျိုးနွယ်စုဖြစ်ကြောင်း သက်သတ်မှတ်မှတ် ဖော်ပြခဲ့၏။ ထို့ကြောင့် အချို့သောပညာရှင်များက **قَرْنًا آخَرِيْن** (အခြား မျိုးဆက်)ဟူသော စကားလုံးသည် ဆမူဒ်များကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ဆိုကြ၏။ အခြားရှင်းလင်းချက်တစ်ခုတွင် **صَيْحَة** (ကြောက်မက်ဖွယ် အော်ဟစ်သံ)သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်သောပြစ်ဒဏ်ကို ယေဘုယျ သဘောမျိုးဖြင့် သုံးသည်ဖြစ်ခဲ့လျှင် အားဒ်မျိုးနွယ်စုသည်လည်း အပါအဝင်ဖြစ်မည်ဟု ဆို၏။

اِنْ هِيَ اِلَّا حَيَاتُنَا الدُّنْيَا نَمُوْتُ وَنَحْيَا وَمَا نَحْنُ بِمَبْعُوْثِيْنَ

"အသက်ရှင်ခြင်းဟူသည် ကျွန်ုပ်တို့၏ လောကီဘဝ၌ အသက်ရှင်ခြင်းမှတစ်ပါး အခြားမရှိပြီ။ ကျွန်ုပ်တို့ (အနက် အချို့)သည် သေဆုံးကြလေသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့(အနက် အချို့)မှာ အသက်ရှင်လျက်ပင် ရှိကြပေသည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထကြရမည့်သူများ အလျှင်းမဟုတ်ပြီ။" (၂၃း၃၇)

ဤသည်မှာ မယုံမကြည် သွေဖည်သူများက 'တရားစီရင်မည့်နေ့'အား ငြင်းပယ်သည့် စောဒကပင် ဖြစ်၏။ သို့သော် ကံဆိုးလှစွာပင် များစွာသော မုစ်လင်မ်တို့၏ လုပ်ရပ်များနှင့် အပြုအမူများသည်လည်း ထပ်တူထပ်မျှ ငြင်းပယ်မှု သဘောမျိုးဆောင်နေသည်ကို ခံစားမိရသည်။ ၎င်းတို့သည် ရောက်ရှိလာမည့် တမလွန်ဘဝကို လုံးလုံးလျားလျား သတိမမူမိ ဖြစ်နေကြဟန် တူသည်။ အလ္လာဟ်တအာလာသည် ထိုသူတို့အား အယူလွဲသူများ၏ လက်ခုပ်တွင်းမှ လွတ်မြောက်စေရန် ယုံကြည်မှုကို ပေးသနားတော်မူပါစေ။

အာယသ် (၄၂-၅၀)

ثُمَّ اَنْشَاْنَا مِنْۢ بَعْدِهِمْ قُرُوْنًا اٰخَرِيْنَ ﴿۴۲﴾ مَا تَسْبِقُ مِنْ اُمَّةٍ اَجَلَهَا وَمَا يَسْتَاْخِرُوْنَ ﴿۴۳﴾ ثُمَّ اَرْسَلْنَا رُسُلَنَا تَتْرَا ؕ كُلَّمَا جَآءَ اُمَّةً رَّسُوْلُهَا كَذَّبُوْهُ فَاَتْبَعْنَا بَعْضَهُمْ بَعْضًا وَّ جَعَلْنٰهُمْ اَحَادِيْثَ ۚ فَبُعْدًا لِّقَوْمٍ لَّا يُؤْمِنُوْنَ ﴿۴۴﴾ ثُمَّ اَرْسَلْنَا مُوْسٰى وَاَخَاهُ هٰرُوْنَ ۙ بِاٰيٰتِنَا وَ سُلْطٰنٍ مُّبِيْنٍ

﴿٤٥﴾ اِلٰى فِرْعَوْنَ وَ مَلَا۟ئِهٖ فَاسْتَكْبَرُوْا وَ كَانُوْا قَوْمًا عَالِيْنَ ﴿٤٦﴾ فَقَالُوْۤا
اَنُؤْمِنُ لِبَشَرَيْنِ مِثْلِنَا وَ قَوْمُهُمَا لَنَا عٰبِدُوْنَ ﴿٤٧﴾ فَكَذَّبُوْهُمَا فَكَانُوْا
مِنَ الْمُهْلَكِيْنَ ﴿٤٨﴾ وَ لَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ لَعَلَّهُمْ يَهْتَدُوْنَ ﴿٤٩﴾
وَ جَعَلْنَا ابْنَ مَرْيَمَ وَ اُمَّهٗۤ اٰيَةً وَّ اٰوَيْنٰهُمَاۤ اِلٰى رَبْوَةٍ ذَاتِ قَرَارٍ وَّ مَعِيْنٍ ﴿٥٠﴾

ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏ နောက်တွင် အခြားသော မျိုးနွယ်တို့ကို ဖန်ဆင်းတော်မူခဲ့၏။[၄၂] မည်သည့်အုပ်စုမျှပင် မိမိတို့နှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလထက် စောနိုင်သည်လည်း မဟုတ်ပေ။ နောက်ကျနိုင်သည်လည်း မဟုတ်ချေ။[၄၃] ထို့နောက် ငါအရှင်မြတ်သည် မိမိရစူလ်တမန်တော်များအား တစ်ပါးပြီးတစ်ပါး စေလွှတ်တော်မူခဲ့၏။ မည်သည့်အခါမျိုးမဆို အုပ်စုတစ်စု၏ထံသို့ ၎င်း၏ ရစူလ်တမန်တော်သည် (ပွင့်)ရောက်ခဲ့ပါလျှင် ယင်းအုပ်စုသည် ထိုရစူလ်တမန်တော်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသည်သာ။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား တစ်ဦး၏နောက်သို့ တစ်ဦးကို လိုက်စေတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား (တရားရဖွယ်ရာအကြောင်းများ) ပြုလုပ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ သက်ဝင်ယုံကြည်ခြင်း မရှိသောသူတို့သည် (ကရဏာတော်မှ) ကင်းဝေးခဲ့ကြရလေသတည်း။[၄၄] ထို့နောက် ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာအားလည်းကောင်း၊ ထို(နဗီတမန်တော်)မူစာ၏ နောင်တော် (နဗီတမန်တော်)ဟာရွန်အား လည်းကောင်း၊ မိမိအမိန့်ပညတ်တော်များနှင့် ထင်ရှားလှစွာသော သက်သေသာဓကနှင့်တကွ စေလွှတ်တော်မူခဲ့၏။[၄၅] ဖာရိဧအောင်နှ၏ထံသို့လည်းကောင်း၊ ထိုဖာရိဧအောင်နှ၏ မှူးမတ်တို့ထံသို့ လည်းကောင်း၊ သို့ရာတွင် ၎င်းတို့သည် မောက်မာခဲ့ကြကုန်၏။ စင်စစ် ၎င်းတို့သည် (ဧရုံဦးမဆွကပင်) မောက်မာသူများ ဖြစ်ခဲ့ကြကုန်၏။[၄၆] သို့အတွက်ကြောင့်ပင် ၎င်းတို့သည် (ကျွှန်သို့) ပြောဆိုခဲ့ကြကုန်၏။ ကျွန်ုပ်တို့သည် မိမိတို့ကဲ့သို့သော လူသားနှစ်ဦးကိုပင် ယုံကြည်ကြရမည်လော။ စင်စစ်သော်ကား ၎င်းတို့နှစ်ဦး၏ အမျိုးသားတို့မှာ ကျွန်ုပ်တို့၏လက်အောက်ခံ ကျေးကျွန်များပင် ဖြစ်ကြကုန်၏။[၄၇] အချုပ်မှာ ၎င်းတို့သည် ထို(နဗီတမန်တော်)မူစာနှင့် (နဗီတမန်တော်)ဟာရွန်၊ နှစ်ပါးစလုံးကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ယင်း(ဖစ်ရိဧအောင်နှနှင့် မှူးမတ်)တို့သည် ပျက်စီးခဲ့ကြရကုန်သည်။[၄၈] အမှန်သော်ကား (ဖစ်ရိဧအောင်နှနှင့် ၎င်း၏မှူးမတ်များသေကြေပျက်စီးကြပြီးနောက်) ငါအရှင်မြတ်သည် တမန်တော်မူစာအား တောင်ရာတ်ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့မှသာလျှင် (တမန်တော်မူစာ၏) ယင်း အစွမ်းသတ္တိလီလာအမျိုးသားများ တရားလမ်းမှန်ကို ရရှိကြပေမည်။[၄၉] စင်စစ် ငါအရှင်မြတ်သည် မရိယမ်၏သားတော်(အီစာ)နှင့် ထိုသားတော်၏မယ်တော် (မရိယမ်)အား ကြီးကျယ်သော သက်သေလက္ခဏာတော်တစ်ပါး ပြုလုပ်တော်မူခဲ့၏။ ထိုမှတစ်ပါး

ငါအရှင်မြတ်သည် ထိုသားအမိန့်ပါးစလုံးကို တည်းခိုရန် သင့်လျော်၍ စိုပြည်သော၊ စီးတွေသောရေများလည်းရှိသော ကမ္ဘာ့ခိုလှုံစေတော်မူခဲ့၏။[၅၀]

အကျယ်ဖွင့်ဆိုခြင်း

وَ اٰوَيْنٰهُمَاۤ اِلٰى رَبْوَةٍ ذَاتِ قَرَارٍ وَّ مَعِيْنٍ "ငါအရှင်မြတ်သည် ထိုသားအမိန့်ပါးစလုံးကို တည်းခိုရန် သင့်လျော်၍စိုပြည်သော၊စီးတွေသောရေများလည်းရှိသောကမ္ဘာ့ခိုလှုံစေတော်မူခဲ့၏။"ဘယာနလ်ကုရ်အာန်ကျမ်းအရ ဤအာယသ်တော်သည် တမန်တော်အီစာ ﷺနှင့် ၎င်း၏မယ်တော်တို့အား တမန်တော်အီစာ ﷺ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းကပင် သတ်ဖြတ်ရန် သူယုတ်မာတစ်ဦးက သန္ဓဋ္ဌာန်ချထားသည့် အဖြစ်အပျက်ကို ရည်ညွှန်း၏။ သားအမိနှစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ စောင့်ရှောက်မှုဖြင့် ခိုလှုံရန် ကုန်းမြင့်တစ်ခုကို ရှာတွေ့ခဲ့ကြသည်။ ယင်းနေရာတွင် တမန်တော် အီစာ ﷺ အရွယ်ရောက်၍ တမန်တော်အဖြစ် ချီးမြှောက်အပ်နှင်းခံရသည့်တိုင် အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ (ဤ ရှင်းလင်းဖွင့်ဆိုချက်ကို မအ်ရိဖုလ်ကုရ်အာန်၏ ခုလာစွာအိတဖ်စီရ် သဖ်စီရ်အကျဉ်းမှ ရယူသည်။)

အာယသ် (၅၁-၅၆)

يٰۤاَيُّهَا الرُّسُلُ كُلُوْا مِنَ الطَّيِّبٰتِ وَ اعْمَلُوْا صَالِحًا ؕ اِنِّيْ بِمَا تَعْمَلُوْنَ
عَلِيْمٌ ﴿۵۱﴾ وَ اِنَّ هٰذِهٖۤ اُمَّتُكُمْ اُمَّةً وَّاحِدَةً وَّ اَنَا رَبُّكُمْ فَاتَّقُوْنِ ﴿۵۲﴾
فَتَقَطَّعُوْۤا اَمْرَهُمْ بَيْنَهُمْ زُبُرًا ؕ كُلُّ حِزْبٍۭ بِمَا لَدَيْهِمْ فَرِحُوْنَ ﴿۵۳﴾ فَذَرْهُمْ فِيْ
غَمْرَتِهِمْ حَتّٰى حِيْنٍ ﴿۵۴﴾ اَيَحْسَبُوْنَ اَنَّمَا نُمِدُّهُمْ بِهٖ مِنْ مَّالٍ وَّ بَنِيْنَ ﴿۵۵﴾
نُسَارِعُ لَهُمْ فِي الْخَيْرٰتِ ؕ بَلْ لَّا يَشْعُرُوْنَ ﴿۵۶﴾

အို-ရစူလ်တမန်တော်အပေါင်းတို့၊ အသင်တို့သည် (ဟလာလ်) စင်ကြယ်သန့်ရှင်းသောအရာများကို စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ကြလေကုန်။ ဧကန်အမှန် ငါအရှင်မြတ်သည် အသင်တို့ ကျင့်မူကြသည်တို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၅၁] ၎င်းပြင် ဧကန်မလွဲ ဤသည် အသင်တို့၏ သာသနာပင်။ တစ်ခုတည်းသော သာသနာ။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေရာ အသင်တို့သည် ငါအရှင်မြတ်အားသာလျှင် ကြောက်ရွံ့ကြလေကုန်။[၅၂] သို့ရာတွင် ထိုနောက်လိုက်များသည် မိမိတို့အချင်းချင်းတွင် မိမိတို့၏ သာသနာကို အပိုင်းပိုင်း ပိုင်းဖြတ်(ကာ အုပ်စုအသီးသီး ဖြစ်သွား)ခဲ့ကြကုန်၏။ အုပ်စုတိုင်းသည် မိမိတို့၌ရှိသော (သာသနာ)နှင့် ပျော်ပိုက်လျက် ရှိကြကုန်၏။ [၅၃] သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား ၎င်းတို့၏မောက်မှားမှု၌ပင် သတ်

မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် စွန့်ထားပါလေ။[၅၄] အသို့ပါနည်း။ ၎င်းတို့သည် ထင်မှတ်ကြလေသလော။ ငါအရှင်မြတ်သည် ၎င်းတို့အား ဥစ္စာပစ္စည်းနှင့် သားရတနာများ ပေးသနားတော်မူသည်မှာ၊[၅၅] ၎င်းတို့အား ငါအရှင်မြတ်သည် ကောင်းကျိုးများကို ဆောလျင်စွာ ပေးတော်မူသည်ဟု။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့သည် မသိ နားမလည်ကြချေ။[၅၆]

အကျယ်ဖွင့်ဆိုခြင်း

يَٰٓأَيُّهَا ٱلرُّسُلُ كُلُوا۟ مِنَ ٱلطَّيِّبَٰتِ وَٱعْمَلُوا۟ صَٰلِحًا "အို-ရစူလ်တမန်တော်အပေါင်းတို့၊ အသင်တို့သည် (ဟလာလ်) စင်ကြယ်သန့်ရှင်းသောအရာများကို စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ကြလေကုန်။ ဧကန်အမှန် ငါအရှင်မြတ်သည် အသင်တို့ ကျင့်မူကြသည်တို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော် မူ၏။" (၂၃း၅၁)

طَيِّبَٰت ဟူသောစကားလုံးမှာ ကောင်းမွန်သော၊ စင်ကြယ်သန့်ရှင်းသောအရာများဟု အဓိပ္ပာယ်ရသည်။ အစွယ်ဟမ့်ဉပဒေများက တားမြစ်ထားသောအရာများမှာ မသန့်စင်သည့်ပြင် သာမန်အသိရှိသူများကပင် လိုလားနှစ်ခြိုက်ဖွယ် မရှိသောကြောင့် طَيِّبَٰت ဟူသောစကားလုံးမှာ အစွယ်ဟမ့်ရှရီအသ်က ခွင့်ပြုထားသည့် အပြင်ပန်းလှပကောင်းမွန်ရုံမက အတွင်းသဘာဝအားဖြင့်လည်း သန့်စင်သောအရာများကို ရည်ညွှန်းပေသည်။ဤအာယသ်တော်အရ ပွင့်လေပြီးသော တမန်တော် အပေါင်းအား အလ္လာဟ်အရှင်မြတ်သည် အရာနှစ်ခုကို လိုက်နာကြရန် အမိန့်ပေးတော်မူခဲ့သည်။ ယင်းနှစ်ခုမှာ ရှရီအသ်က ခွင့်ပြုသည့် စင်ကြယ်သန့်ရှင်းသော အစားအစာကိုစားရန်နှင့် ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ရန်တို့ဖြစ်၏။ ဤအမိန့်တော်များကို စဉ်းစားဆင်ခြင်ကြည့်လျှင် ဤအမိန့်မှာ အပြစ်ဟူသမျှ ကင်းစင်လှသော တမန်တော်များအား မိန့်ကြားတော်မူခြင်း ဖြစ်သည့်တိုင် ၎င်းတို့၏နောက်လိုက်များအနေဖြင့်လည်း ဤအမိန့်တော်များနှင့်အညီ ဘဝကိုပုံသွင်း၍ နေထိုင်စားသောက်သွားကြရန် လိုအပ်လှပေသည်။ ယင်းအချက်သည် ဤအာယသ်တော်၏ တကယ့်ဆိုလိုရင်းပင်ဖြစ်၏။ ပညာရှင်များက ဤအမိန့်တော်နှစ်ရပ်ကို ယှဉ်တွဲမိန့်ကြားရခြင်းမှာ ဟလာလ်အစားအစာကို စားသုံးခြင်းသည် လူသားတို့၏ လုပ်ဆောင်ချက်များပေါ်တွင် အလွန်အရေးပါသော သက်ရောက်မှုရှိ၏။ လူတစ်ဦးသည် ဟလာလ်ကိုစားသုံးခြင်းဖြင့် ယင်းသူ၏ ကောင်းမြတ်သော အကျင့်သီလ ဆောက်တည်မှုကို အထောက်အပံ့ဖြစ်စေသည်ဟု ဆိုကြ၏။ သို့ရာတွင် အကယ်၍ စားသောအစာသည် ဟလာလ်မဖြစ်ပါက ၎င်းသူ၏ရည်ရွယ်ချက်(နိယသ်) မည်မျှကောင်းသည်ဖြစ်စေ ထိုသူပြုသမျှ ကောင်းမှုများအောင်မြင် ပြည့်ဝရန် အဟန့်အတား ဖြစ်စေမည်သာဖြစ်၏။ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ လူတစ်စုသည် ခရီးပြင်း တစ်ခုကို နှင်လာကြသဖြင့် မောဟိုက်နွမ်းနယ်ကာ ဖုန်အလိမ်းလိမ်းကပ်လျက် ရှိကြသည်။ ၎င်းတို့သည် လက်များကို မြှောက်လျက် 'အို-အရှင်၊ အို-အရှင်' ဟု တမ်းတကာ ဆုပန်ကြ၏။ သို့သော် ၎င်းတို့သည် ဟရာမ်အစားအစာများကို စားကြသည့်ပြင် ဟရာမ် ဟူ၍ တားမြစ်ထားသည့်အရာဖြင့် ပြုလုပ်သောအဝတ်အထည်များကို ဝတ်ဆင်ကြသောကြောင့် ၎င်းတို့၏ တောင်းဆု များကို အလ္လာဟ်အရှင်မြတ်က ဖြည့်စွမ်းပေးရန်မှာ မျှော်လင့်ချက်နည်းလှသည် ဟူ၏။ (ကုရ်သုဗီ) ဤသို့ဖြင့် မိမိ၏ခဝပ် ကိုးကွယ်မှုကို အလ္လာဟ်အရှင် ဖြည့်စွမ်းပေးတော်မူလိမ့်မည်ဟု မျှော်လင့်နေသူတစ်ဦးသည် မိမိ၏စားသောက်မှုကို အထူးအလေးထားကာ ဟရာမ်အစားအစာများ စားသောက်ခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

وَاِنَّ هٰذِهٖۤ اُمَّتُكُمْ اُمَّةً وَّاحِدَةً "ထင်းပြင် ဇကန်မလွဲဤသည် အသင်တို့၏ သာသနာပင်။ တစ်ခုတည်းသော သာသနာ။"(၂၃း၅၂) **اُمَّة**ကို အုပ်စုတစ်စု သို့မဟုတ် တမန်တော်တစ်ပါး၏ နောက်လိုက်များဟု ဖော်ပြသုံးစွဲထားသည်။ တစ်ခါတစ်ရံ ထင်းစကားလုံးကို ယုံကြည်မှု(အီမာန်)၊ အယူဝါဒ သို့မဟုတ် ဘဝနေနည်း ပုံစံသဘောဖြင့်လည်း သုံး၏။ ဥပမာ- အာယသ်တော် وَجَدْنَاۤ اٰبَآءَنَا عَلٰۤى اُمَّةٍ (ကျွန်ုပ်တို့သည် ဘ၊ ဘိုး၊ ဘေးတို့အား သာသနာ့လမ်းစဉ်တစ်ခုပေါ်၌ တွေ့ရှိခဲ့ကြ၏။၄၃း၂၂)ယခုအာယသ်တော်တွင်မူအစွမ်းသတ္တိဆိုသည့်စကားလုံးကို ဘဝနေနည်းပုံစံသဘောဖြင့်သုံးထား၏။

فَتَقَطَّعُوْۤا اَمْرَهُمْ بَيْنَهُمْ زُبُرًا "သို့ရာတွင် ထိုနောက်လိုက်များသည် မိမိတို့အချင်းချင်းတွင် မိမိတို့၏ သာသနာကို အပိုင်းပိုင်း ပိုင်းဖြတ်(ကာ အုပ်စုအသီးသီး ဖြစ်သွား)ခဲ့ကြကုန်၏။ အုပ်စုတိုင်းသည် မိမိတို့၌ရှိသော (သာသနာ)နှင့် ပျော်ပိုက်လျက် ရှိကြကုန်၏။" (၂၃း၅၃) زُبُر ဟူသောစကားလုံးသည် زَبُوْر (ကျမ်းစာတစ်အုပ်)၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အပေါင်းနှင့် ၎င်းတို့၏ နောက်လိုက်များအား မိမိ ချမှတ်တော်မူခဲ့သည့် တစ်ခုတည်းသောသာသနာကို အခြေခံ စည်းမျဉ်းစည်းကမ်းများ၊ ယုံကြည်မှုများနှင့် သက်ဆိုင်သော ကိစ္စရပ်များ အားလုံးတွင် စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားကြရန် အမိန့်ပေးတော်မူခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် မတူကွဲပြားသော တမန်တော်များ၏ နောက်လိုက်အစုစုတို့သည် အုပ်စုများ၊ ဂိုဏ်းဂဏများ ကွဲပြားသွားခဲ့ကြသည်။ ထို့ပြင် အုပ်စု သို့မဟုတ် ဂိုဏ်းတစ်ခုစီသည် ကွဲပြားသော ဘဝ နေနည်းပုံစံကို မိမိတို့ဖာသာ ရွေးချယ်ခဲ့ကြသည့်ပြင် မိမိတို့၏ ကိုယ်ပိုင် ယုံကြည်ချက်များကို ထည့်သွင်းထားသော ကျမ်းစာများကို မွေးစားခဲ့ကြ၏။ တစ်ခါတစ်ရံ **زبر** ကို **زُبُرَه** (အပိုင်းအစ သို့မဟုတ် အုပ်စု)၏ ဗဟုဝုစ်ကိန်းအဖြစ် သုံးစွဲ၏။ ဤအဓိပ္ပာယ်သည် ဤနေရာတွင် ပို၍သင့်လျော်ပြီး အာယသ်တော်၏ မိန့်ဆိုချက်မှာ 'ဤလူများသည် အခြေခံဘာသာရေး ခံယူချက်များ၌ပင် ကွဲပြားခဲ့ကြ၏' ဟူ၍ဖြစ်၏။ မှတ်သားသင့်သည်မှာ မဂ္ဂါသဟီဒီန် (အရည်အချင်းပြည့်ဝသော သာသနာ့ပညာရှင်များ)အကြား၌ အရေးမပါသော အကြောင်းအချက်လေး အချို့အပေါ် သဘောထား ကွဲလွဲမှု ဖြစ်ခြင်းမျိုးမှာ ဤအာယသ်တော်ပါ ရှုတ်ချပြစ်တင်ခြင်းခံရသော ကွဲပြားမှုမျိုးတွင် အပါအဝင် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ယင်းသို့သော ကွဲလွဲမှုလေးများသည် သာသနာကို ကွဲပြားအောင် မဖြစ်နိုင်သကဲ့သို့ ဤသို့သော ကွဲလွဲမှုများကို စွဲကိုင်သူများကိုလည်း သီးခြားဂိုဏ်းဂဏများ မဖြစ်စေနိုင်ပေ။ ဤသို့သော အဓိပ္ပာယ်ကောက်ပုံ ပုံနှင့် သာမညကွဲလွဲမှုများကို ဂိုဏ်းဂဏအရောင်ဆိုးမည်ဆိုပါက မသိနားမလည်မှု၏ အမြင့်ဆုံး ဒီဂရီသို့ ရောက်သွားပြီး မည်သည့်သာသနာ့ပညာရှင်ကမျှ ထောက်ခံလိမ့်မည်မဟုတ်ပေ။

အာယသ် (၅၇-၆၂)

اِنَّ الَّذِيْنَ هُمْ مِّنْ خَشْيَةِ رَبِّهِمْ مُّشْفِقُوْنَ ﴿۵۷﴾ وَ الَّذِيْنَ هُمْ بِاٰيٰتِ رَبِّهِمْ
يُؤْمِنُوْنَ ﴿۵۸﴾ وَ الَّذِيْنَ هُمْ بِرَبِّهِمْ لَا يُشْرِكُوْنَ ﴿۵۹﴾ وَ الَّذِيْنَ يُؤْتُوْنَ مَاۤ اٰتَوْا وَّ
قُلُوْبُهُمْ وَجِلَةٌ اَنَّهُمْ اِلٰى رَبِّهِمْ رٰجِعُوْنَ ﴿۶۰﴾ اُولٰٓئِكَ يُسٰرِعُوْنَ فِى الْخَيْرٰتِ
وَ هُمْ لَهَا سٰبِقُوْنَ ﴿۶۱﴾ وَ لَا نُكَلِّفُ نَفْسًا اِلَّا وُسْعَهَا وَ لَدَيْنَا كِتٰبٌ يَّنْطِقُ
بِالْحَقِّ وَ هُمْ لَا يُظْلَمُوْنَ ﴿۶۲﴾

ဖကန်စင်စစ် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ ရိုသေခန့်ညားမှုကြောင့် စိုးရိမ်မကင်း ဖြစ်နေကြသူတို့သည်လည်းကောင်း။[၅၇] မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို ယုံကြည်သူတို့သည် လည်းကောင်း၊[၅၈] မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် (တစ်စုံတစ်ရာကိုမျှ) တွဖက်နှိုင်းယှဉ် (ကိုးကွယ်)မှုကို မပြုကြသောသူတို့သည် လည်းကောင်း၊[၅၉] အကြင်သူတို့သည်လည်းကောင်း၊ ထိုသူတို့သည် မိမိတို့ ပေးကမ်း (စွန့်ကြဲ)ကြသည်များကို ပေးကမ်း(စွန့်ကြဲ)လျက် ရှိကြောင်းသော်လည်း မိမိတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ ပြန်သွားကြရမည် ဖြစ်သောကြောင့် ၎င်းတို့၏စိတ်နှလုံးများမှာမူကား ထိတ်လန့်စိုးရိမ်လျက်ရှိကြကုန်၏။ [၆၀] ထိုသူတို့သည် ကောင်းမှုများကို ကြိုးပမ်းဆောင်ရွက်ကြသည် ဖြစ်ပေရာ ၎င်းတို့သည်ပင် ယင်း ကောင်းကျိုးများကို ရှေးဦးစွာ ရရှိကြမည့်သူများ ဖြစ်ကြကုန်သတည်း။[၆၁] အမှန်စင်စစ် ငါအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၎င်း၏ စွမ်းရည်ထက်ပို၍ တာဝန် ထမ်းဆောင်စေတော်မူသည် မဟုတ်ပေ။ ၎င်းပြင် ငါအရှင်မြတ်အထံတော်တွင် မှတ်တမ်းစာအုပ်တစ်အုပ် ရှိနေပေရာ ထိုမှတ်တမ်းစာအုပ်သည် တိကျမှန်ကန်စွာ ထုတ်ဖော်ပြောဆိုမည်ဖြစ်၏။ သို့ရာတွင် ၎င်းတို့သည် (စိုးစဉ်းမျှပင်) မတရားနှိပ်စက်ခြင်းကို ခံကြရမည် မဟုတ်ပေ။[၆၂]

အကျယ်ဖွင့်ဆိုခြင်း

وَ الَّذِيْنَ يُؤْتُوْنَ مَآ اٰتَوْا وَّ قُلُوْبُهُمْ وَجِلَةٌ "အကြင်သူတို့သည်လည်းကောင်း၊ ထိုသူတို့သည် မိမိတို့ ပေးကမ်း(စွန့်ကြဲ)ကြသည်များကို ပေးကမ်း (စွန့်ကြဲ)လျက် ရှိကြောင်းသော်လည်း" (၂၃း၆၀) يُؤْتُوْنَ သည် ءاتىٰ မှ ဆင်းသက်လာပြီး 'ပေးကမ်းသည်၊ သုံးစွဲသည်'ဟု အဓိပ္ပာယ်ရ၏။ صَدَقَات (သူဆင်းရဲများအား ပေးကမ်းစွန့်ကြဲခြင်း) သဘောဖြင့် ရှင်းလင်းဖွင့်ဆိုချက်များတွင် သုံးကြ၏။ အာအိရှာ ﷺ သခင်မက ဆင့်ပြန်သည်မှာ ဤအာယသ်တော်ပါ يُؤْتُوْنَ مَآ اٰتَوْا (မိမိတို့ ပေးကမ်း(စွန့်ကြဲ)ကြသည်များကို ပေးကမ်း(စွန့်ကြဲ)လျက် ရှိကြသော်ငြားလည်း။ ၂၃း၆၀) သည် လှူဒါန်းခြင်း၊ ဝတ်ပြုခြင်း၊ ဥပုသ်စောင့်ထိန်းခြင်းစသည့် ကောင်းမှုများအားလုံးကို ခြုံငုံမိ၏။ ဟဒီးဆ်တော် တစ်ရပ်တွင် ဤသည့် ကောင်းမှုမျိုးစုံကိုလုပ်ဆောင်သော်လည်း တစ်ဖက်မှ သောက်စား၊ နိုးဝှက်နေသူများရော၍ အာယသ်တော်တွင် အကျုံးဝင်ပါသလားဟု အာအိရှာ ﷺ သခင်မက တမန်တော်မြတ် ﷺ အား လျှောက်ထားခဲ့သည်။ တမန်တော်မြတ် ﷺ က 'အို-ဆစ်ဒီးဂ် ﷺ ၏သမီး၊ အသင်မပြောသလို မဟုတ်၊ ဤသူများသည် ဥပုသ်သီလ စောင့်ထိန်းကြ၏။ ဆွလာတ် ဝတ်ပြု ကြ၏။ လှူဒါန်းပေးကမ်းကြ၏။ သို့တိုင် မိမိတို့ပြုသည့် ကောင်းမှုများတွင် ချို့ယွင်းချက်လေးများပါရှိနိုင်သဖြင့် အလွှာဟ်အရှင်မြတ် လက်ခံမှ လက်ခံပါ့ မလားဆိုသည့် ပူပင်ကြောင့်ကြနေသူများ ဖြစ်သည်။ ယင်းသူတို့သည် ကောင်းမှုများကို အားတက်သရော လုပ်ဆောင်ကြပြီး ကောင်းကျိုးချမ်းသာကို ရှေးဦးစွာ ရကြမည့်သူများ ဖြစ်၏' ဟု ပြန်ကြားခဲ့ပေသည်။ (အဟ်မဒ်၊ သိရ်မိဇီ၊ အိဗ်နမာဂျာဟ်၊ မဇ်ဟိရီ)

ဟစန်အလ်ဘစရီက ပြောကြားသည်မှာ ကောင်းမှုများကို ပြုလုပ်သူတို့အား သူသိခဲ့၏။ ထိုသူများသည် မကောင်းမှုများကို ကျူးလွန်ခဲ့ကြသူများထက်ပင် ပို၍ကြောက်ရွံ့ထိတ်လန့်နေသူများ ဖြစ်ကြ၏။ (ကုရ်သုဗီ)

أُولَٰئِكَ يُسَارِعُونَ فِي الْخَيْرَاتِ وَهُمْ لَهَا سَابِقُونَ

"ထိုသူတို့သည် ကောင်းမှုများကို ကြိုးပမ်းဆောင်ရွက်ကြသည် ဖြစ်ပေရာ ၎င်းတို့သည်ပင် ယင်း ကောင်းကျိုးများကို ရှေးဦးစွာ ရရှိကြမည့်သူများ ဖြစ်ကြကုန်သတည်း။" (၂၃း၆၁)

يُسَارِعُونَ فِي الْخَيْرَاتِ ၏အဓိပ္ပာယ်မှာ သာမန်လူများသည် လောကီအကျိုးအမြတ်များနောက်သို့ လိုက်ရာတွင် ပြိုင်ဘက်များကို ဖြတ်ကျော်တက်နိုင်ရန် ကြိုးစားဘိသကဲ့သို့ သူတော်ကောင်းများသည်လည်း လောကုတ္တရာ ဆုလာဘ်များ ရရှိရန်အတွက် သာသနာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရာတွင် သူထက်ငါ သာအောင် အားထုတ် ကြိုးပမ်းကြလေသည်။

အာယသ် (၆၃-၇၇)

وَلَوِ اتَّبَعَ الْحَقُّ اَهْوَآءَهُمْ لَفَسَدَتِ السَّمٰوٰتُ وَ الْاَرْضُ وَ مَنْ فِيْهِنَّ ؕ بَلْ اَتَيْنٰهُمْ بِذِكْرِهِمْ فَهُمْ عَنْ ذِكْرِهِمْ مُّعْرِضُوْنَ ﴿۷۱﴾ اَمْ تَسْـَٔلُهُمْ خَرْجًا فَخَرَاجُ رَبِّكَ خَيْرٌ ۖ وَّ هُوَ خَيْرُ الرّٰزِقِيْنَ ﴿۷۲﴾ وَ اِنَّكَ لَتَدْعُوْهُمْ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۷۳﴾ وَ اِنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ عَنِ الصِّرَاطِ لَنٰكِبُوْنَ ﴿۷۴﴾ وَ لَوْ رَحِمْنٰهُمْ وَ كَشَفْنَا مَا بِهِمْ مِّنْ ضُرٍّ لَّلَجُّوْا فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿۷۵﴾ وَ لَقَدْ اَخَذْنٰهُمْ بِالْعَذَابِ فَمَا اسْتَكَانُوْا لِرَبِّهِمْ وَ مَا يَتَضَرَّعُوْنَ ﴿۷۶﴾ حَتّٰۤى اِذَا فَتَحْنَا عَلَيْهِمْ بَابًا ذَا عَذَابٍ شَدِيْدٍ اِذَا هُمْ فِيْهِ مُبْلِسُوْنَ ﴿۷۷﴾

ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့၏ စိတ်နှလုံးများသည် ဤအချက်နှင့် စပ်လျဉ်း၍ မသိမိုက်မဲမှုဥပင် ရှိနေကြပေသည်။ ထိုမှတစ်ပါး ၎င်းတို့၌ ၎င်းတို့ လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြကုန်သော အခြား ဆောင်ရွက်ချက်များလည်း ရှိကြသေး၏။[၆၃] နောက်ဆုံးတွင် ငါအရှင်မြတ်သည် ၎င်းတို့အနက်မှ စည်းစိမ်ရှင်တို့အား ပြစ်ဒဏ်ဖြင့် ဖမ်းဆီးကွပ်မျက်တော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် အော်ဟစ်ငိုကြွေးကြပေသည်။[၆၄] (ထိုအခါ ၎င်းတို့သည် ငါအရှင်မြတ်အထံတော်မှ) အသင်တို့သည် ဤနေ့တွင် အော်ဟစ်ငိုကြွေးခြင်းကို မပြုလုပ်ကြကုန်လင့်၊ အကြောင်းသော်ကား (ယနေ့ပင်) အသင်တို့သည် ငါအရှင်မြတ်အထံတော်မှ (မည်သို့မျှ)ကူညီစောင်မတော်မူခြင်းကို ခံကြရမည် မဟုတ်ပြီ(ဟု အဖြေရရှိကြမည်ဖြစ်၏။)[၆၅] ဧကန်မလွဲ ငါအရှင်မြတ်၏ အာယတ်တော်များသည် အသင်တို့ရှေ့ဝယ် ဖတ်ကြားခြင်းကို ခံခဲ့ကြရလေသည်။ ထိုအခါ အသင်တို့သည် မိမိတို့၏ခြေဖနောင့်များသို့ ပြန်ဆုတ်ခဲ့ကြလေသည်။[၆၆] မထီလေးစား ပြုလုပ်ကြလျက် ဤ(ကုရ်အာန် ကျမ်းတော်မြတ်)နှင့်စပ်လျဉ်း၍ ညဉ့်အချိန်များတွင် အကြောင်းမဲ့ အချည်းနှီးသော စကားများကို ပြောဆိုကြလျက်။[၆၇] သို့ပါလျက် ၎င်းတို့

သည် အလ္လာဟ်အရှင်မြတ်၏ (ဤ)အာယတ်တော်(များ)ကို နက်နဲစွာ ဆင်ခြင် သုံးသပ်ခြင်း မပြုခဲ့ကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့၏ ရှေးဟောင်း(လူကြီးများ ဖြစ်ကြသော) အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့ထံ ရောက်ရှိမလာခဲ့ဘူးသော အရာသည် (ယခု) ၎င်းတို့ထံရောက်ရှိလာခဲ့လေသလော။[၆၈] သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့ (ထံပွင့်ရောက်လာသော) ရစ္စလ်တမန်တော်အား မသိခဲ့ကြသောကြောင့် ထိုရစ္စလ် တမန်တော်အား ငြင်းပယ်ခဲ့ကြလေသလော။[၆၉] သို့တည်းမဟုတ် ၎င်းတို့သည် ထို ရစ္စလ် တမန်တော်၌ ရူးသွပ်ခြင်းဝေဒနာရှိသည်ဟု ပြောဆိုကြလေသလော။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ထိုရစ္စလ်တမန်တော်သည် ၎င်းတို့ထံ အမှန်တရားကို ဆောင်ယူခဲ့လေသည်။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာမူကား အမှန်တရားကို စက်ဆုပ်သူများပင် ဖြစ်ကြကုန်၏။[၇၀] စင်စစ်သော်ကား အကယ်၍သာ အမှန်တရားသည် (အလ္လာဟ်အရှင်မြတ်သည်)၎င်းတို့၏အလိုဆန္ဒများကို လိုက်နာခဲ့ပါလျှင်၊ မိုးကောင်းကင်များသည် လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း အမှန်ပင် ပျက်စီးသွားခဲ့ကြမည်သာ။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ငါအရှင်မြတ်သည် ၎င်းတို့ထံ ၎င်းတို့အဖို့ အဆုံးအမ ဩဝါဒကို ထုတ်ပြန်ပို့ဆောင်တော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့သည် မိမိတို့အဖို့ ဖြစ် သော အဆုံးအမဩဝါဒမှပင် မျက်နှာလွှဲခဲ့ကြကုန်၏။[၇၁] သို့တည်းမဟုတ် အသင်သည် ၎င်းတို့ထံ တစ်စုံတစ်ရာ အခကြေးငွေကို တောင်းဆိုလေသလော။ (ဤသို့လည်း မဟုတ်၊ အဘယ့်ကြောင့်ဆိုသော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ အခကြေးငွေသည် အကောင်းဆုံးပင်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် ရိက္ခာပေးသူတို့အနက် အကောင်းဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၇၂] စင်စစ်သော်ကား ဇကာမလွဲ အသင်သည် ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သော တရားမှန်သို့ အမှန်ပင် ဖိတ်ခေါ်လျက် ရှိပေသည်။[၇၃] သို့ရာတွင် ဇကာစင်စစ် တမလွန်ဘဝကို မယုံကြည်သော သူတို့မှာမူကား (ထိုဖြောင့်မတ်မှန်ကန်သော)တရားလမ်းမှ လွှဲဖယ်သူများပင် ဖြစ်ကြကုန်၏။[၇၄] စင်စစ် အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ သနားကရုဏာ ပြုတော်မူခဲ့သော်၊ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့၌ သက်ရောက်နေသော ဘေးဒုက္ခကို ပပျောက်စေတော်မူခဲ့သော်၊ ၎င်းတို့သည် မိမိတို့၏ လမ်းမှားမှု၌ပင် တဝဲလည်လည် ဖြစ်ကြလျက် ဓါဠိးမာမြဲ မာနေကြမည်သာတည်း။[၇၅] ၎င်းပြင် မလွဲဖကန် ငါအရှင်မြတ်သည် ထိုသူတို့အား ပြစ်ဒဏ်ဖြင့် ဖမ်းဆီး ကွပ်မျက်တော်မူခဲ့လေသည်။ သို့တစေလည်း ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ကျိုးနွံနိမ့်ကျ လာခဲ့ကြသည်လည်း မရှိပေ။ တိုးလျှိုးတောင်းပန် အသနား ခံခဲ့ကြသည်လည်း မရှိချေ။[၇၆] နောက်ဆုံးတွင် အကြင်အခါဝယ် ငါ အရှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြင်းထန်လှသော ပြစ်ဒဏ်၏တံခါးကို ဖွင့်လှစ်တော်မူခဲ့ပါလျှင် ထိုအခါတွင်မူ ၎င်းတို့သည် မျှော်လင့်ချက် လုံးဝ ကင်းသွားကြပေမည်။[၇၇]

အကျယ်ဖွင့်ဆိုခြင်း

بَلْ قُلُوبُهُمْ فِي غَمْرَةٍ "ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့၏ စိတ်နလုံးများသည် ဤအချက်နှင့် စပ်လျဉ်း၍ မသိ မိုက်မဲမှုဌာပင် ရှိနေကြပေသည်။" غَمْرَة ၏ မူရင်းအဓိပ္ပာယ်မှာ 'လူတစ်ယောက်အား နစ်မြုပ်စေအောင် သို့မဟုတ် ဖုံးလွှမ်းသွားနိုင်အောင် နက်သောရေ' ဖြစ်သည်။ ဤစကားလုံးကို သုံးထားသည်မှာ 'ကွယ်ကာထားခြင်း သို့မဟုတ် တစ်စုံတစ်ခုအား ဖုံးအုပ်ထားသောအရာ' ဆိုသည့်သဘောကို ပေါ်လွင်စေရန် ဖြစ်၏။ အာယသ်တော်၏ ဆိုလိုရင်းမှာ အယူလွဲသူ မိစ္ဆာဒိဋ္ဌိတို့၏ စိတ်နလုံးများကို မသိနားမလည်မှု ဖုံးလွှမ်းနှစ်မြုပ်ထားသောကြောင့် ထိုသူတို့ ထံသို့ (ဖြောင့်မှန်သော တရားလမ်းစဉ်) အလင်းရောင်သည် မရောက်ရှိပေ ဟူ၍ဖြစ်သည်။

وَلَهُمْ أَعْمَالٌ مِّنْ دُونِ ذَٰلِكَ

"ထိုမှတစ်ပါး ၎င်းတို့၌ ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြကုန်သော အခြား ဆောင်ရွက်ချက်များ လည်း ရှိကြသေး၏။"

ဆိုလိုသည်မှာ ကိုးကွယ်ရာအရှင် တစ်ပါးတည်းရှိခြင်းကို ငြင်းပယ်ခြင်းနှင့် တရားစစ်တရားမှန်ကို လက်မခံ ခြင်းများအပြင် ၎င်းတို့သည် အခြားသော လွဲမှားသည့် အပြုအမူများတွင် သူတို့ကိုယ်သူတို့ နစ်မွန်းနေစေသည်။

مُتْرَفِيهِمْ (၎င်းတို့အနက်မှ စည်းစိမ်ရှင်တို့။ ၂၃း၆၃) مُتْرَف စကားလုံးသည် تَرَفْ မှဆင်းသက်လာပြီး စည်းစိမ်ကြွယ်ဝမှုဟု အဓိပ္ပာယ်ရသည်။ ဤအာယသ်တော်က အလွှာဟ်အရှင်မြတ်၏ပြစ်ဒဏ်သည် မယုံကြည်သွေဖည် သူများထံသို့ ဆင်းရဲချမ်းသာမရွေး ကျရောက်သည်။ ဤနေရာတွင် ချမ်းသာကြွယ်ဝသူများကို အထူးသဖြင့် ဖော်ပြရ ခြင်းမှာ ၎င်းတို့သည် ကျရောက်မည့်ဘေးဒုက္ခအန္တရာယ်များနှင့် ကံဆိုးမိုးမှောင်အတွက် လုံလောက်သော အကာ အကွယ် အစီအမံ များကို ပြုလုပ်မည့်သူများဖြစ်ကြ၏။ သို့ရာတွင် အလွှာဟ်အရှင်မြတ်ထံတော်မှ ပြစ်ဒဏ်ခတ်မှု ကျ ရောက်လာသောအခါ သူတို့ကိုယ်သူတို့ လုံးဝ အကာအကွယ်မဲ့သူများအဖြစ် တွေ့မြင်ကြရပေမည်။ သာဝကကြီး အတွားစ်ﷺ၏ ဆင့်ပြန်ချက်အရ ကျရောက်မည့်ပြစ်ဒဏ်ဟူသည် ဗဒရ်စစ်ပွဲတွင် မုစ်လင်မ်လက်ဝယ် မကွာမြို့သား မိစ္ဆာဒိဋ္ဌိများ ညက်ညက်ကျေ ချေမှုန်းခံရခြင်းကို သွယ်ဝိုက်၍ ရည်ညွှန်းခြင်းဖြစ်သည်။ အချို့ဋီကာရှင်များကမူ မကွာမြို့ သားများ ခံစားခဲ့ကြရသည့် ဆိုးဝါးလှသော ငတ်မွတ်ခေါင်းပါးမှုဘေးဒဏ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုသူတို့သည် အသေသားနှင့် ကြောင်များ၊ ခွေးများကို စားရန် နှိုးဆော်ကြသောကြောင့် တမန်တော်မြတ်ﷺက ၎င်းတို့အပေါ် ကျိန်ဆဲ ခဲ့ခြင်း၏ရလဒ်ဖြစ်သည်ဟု ဆိုကြ၏။

တမန်တော်မြတ်ﷺနှင့် သာဝကကြီးများသည် မိစ္ဆာဒိဋ္ဌိများ၏ ဆိုးဝါးစွာပြုမူဆက်ဆံခြင်းကို ခံကြရသော်လည်း ဘယ်သောအခါမျှ ညည်းညူနေခြင်းမရှိဘဲ သည်းခံခဲ့ကြ၏။ သို့တိုင် ထိုသူတို့ပေးသောဒုက္ခနှင့် ညှဉ်းပန်းမှုဒဏ်များကို မခံနိုင်တော့သည့်အဆုံးတွင် တမန်တော်မြတ်ကြီးﷺသည် ၎င်းတို့အတွက် ပြစ်ဒဏ်ကို အောက်ပါအတိုင်း လျှောက်ထား အသနားခံတော့သည်။

اللّٰهمّ اشدد وطأتك على مضر واجعلها عليهم سنين كسنى يوسف،

رواه بخارى ومسلم. (قرطبى ومظهورى)

အို-မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ မုဿရ်မျိုးနွယ်စုအပေါ် ပြင်းထန်သော ပြစ်ဒဏ် ကျစေတော်မူပါ။ ၎င်းပြင် ထိုသူတို့၏ မြေယာများကို ယူစုဖွဲ့၏ မြေယာများကဲ့သို့ အသုံးမဝင်အောင် ပြုတော်မူပါ။

مُسْتَكْبِرِيْنَ بِهٖ سٰمِرًا تَهْجُرُوْنَ(မထီလေးစားပြုလုပ်ကြလျက်၊ (ကုရ်အာန်ကျမ်းတော်မြတ်)နှင့် စပ်လျဉ်း၍ ညဉ့်အချိန်များတွင် အကြောင်းမဲ့ အချည်းနှီးသောစကားများကို ပြောဆိုကြလျက် ၂၃း၆၇) ဤအာယသ်တော်ပါ စကားလုံး سٰمِرًا(ငင်းအပေါ်၌)သည် ဟရမ်(မက္ကာမြို့၏ အထွတ်အမြတ်နေရာ)ကို ရည်ညွှန်းကြောင်းကို များစွာသော ရှင်းလင်းဖွင့်ဆိုသူများက ယူဆကြသည်။ အာယသ်တော်တွင် ဟရမ်ဟူ၍ သတ်သတ်မှတ်မှတ် ဖော်ပြခြင်းမရှိသော်လည်း မက္ကာမြို့သား ကုရိုက်ရှ်များ အထူးမာန်တက် ဝင့်ကြွားစရာအရာမှာ ဟရမ်ဖြစ်ခြင်းကြောင့် ငင်းကို သီးသန့်ထုတ်ဖော်ရန် မလိုအပ်ပေ။ အာယသ် တော်၏ ရည်ရွယ်ချက်မှာ အလွှာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်များအား ငင်းတို့ငြင်းပယ်ခြင်း၏ အကြောင်းရင်းများကို ဖော်ပြရန်သာဖြစ်သည်။ ပထမအချက်မှာ ငင်းတို့သည် ဟရမ်၏ အိမ်နီးချင်းများ၊ ဟရမ်ကို စောင့်ရှောက် ထိန်းသိမ်း သူများ ဖြစ်ရခြင်းအပေါ် ထားရှိသည့် ငင်းတို့၏ မာန်ဝင့်မှုဖြစ်သည်။ အခြားအချက်နှစ်ရပ်မှာ နောက်စကားလုံးနှစ်လုံးတွင် ဖော်ညွှန်းထားသည်။

سَامِرًا စကားလုံးသည် سَمَرَ မှ ဆင်းသက်လာပြီး 'လသာသော ညများ'ဟု အဓိပ္ပာယ်ရသည်။ အာရဗ်လူမျိုးများသည် လသာသောညများတွင် လူစုလျက် ပုံပြင်၊ ဇာတ်လမ်းများ ပြောခြင်းကို ဝါသနာထုံ၏။ ဤသို့ဖြင့် سَمَرَ ကို ပုံတိုပတ်စများ ဟူ၍ လည်းကောင်း၊ سَامِرًا ကို ပုံပြောကောင်းသူဟူသည့် သဘောဖြင့်လည်းကောင်း သုံးစွဲလာခဲ့သည်။ ထိုစကားလုံးမှာ အနည်းကိန်းအဖြစ်သုံးသော်လည်း ဤအာယသ်တွင် မကြာခဏ အများကိန်း စကားလုံးတစ်ခုအဖြစ်လည်း သုံးခဲ့သည်။ ထို့ကြောင့် မက္ကာမြို့သား မုရှ်ရစ်က်များ၏ တရားဒေသနာများအပေါ် စိတ်ဝင်စားမှုမရှိဘဲ ပုံတိုပတ်စပြောခြင်း၌ ဝါသနာထုံခြင်းသည် ငင်းတို့ငြင်းပယ်မှု၏ ဒုတိယအကြောင်းရင်းပင် ဖြစ်၏။ တတိယအကြောင်းရင်းမှာ တမန်တော်မြတ်ﷺနှင့်ပတ်သက်ပြီး အဓိပ္ပာယ်မဲ့သောစကားများ၊ မလျော်ကန်သော မှတ်ချက်များ ပြောကြားခြင်း၌ ငင်းတို့၏ မွေ့လျော်မှုပင်ဖြစ်တော့သည်။ ၂၃း၆၇ မှ تَهْجُرُوْنَ သည် هُجر မှဆင်းသက်၍ ဟမ်ဇဟ် အက္ခရာပေါ်မှ ဒွမ္မအမှတ်အသား (ـّ)တစ်ခုဖြစ်ကာ အချည်းအနှီးစကားပြောဆိုခြင်းဟု ဆိုလိုသည်။

အေရှာဆွလာတ်အပြီး ပုံပြင်ပြောခြင်းကို ဝိတ်ပင်တားမြစ်ခြင်း

ရှေးအထက်ကျော်ကာရီကပင် ပုံပြင်ပြောခြင်းမှာ အာရဗ်များနှင့် ပါရှင်းလူမျိုးများကြားတွင် ရေပန်းစားသော ဝါသနာ ဖြစ်ခဲ့၏။ ဤဓလေ့သည် အချိန်ဖြုန်းခြင်းသာမက အချို့သော မကောင်းမှုများကိုလည်း ဖြစ်ပွားစေခဲ့၏။ ဤအလေ့အကျင့်ကို ဟန့်တားရန်ရည်ရွယ်၍ တမန်တော်မြတ်ﷺသည် မုစ်လင်မ်များအား အိရှာဆွလာတ် ဝတ်မပြုမီ အလျင် မအိပ်ကြရန် တစ်နည်းအားဖြင့် အိရှာဆွလာတ်ပြီးသည့်နောက် အိပ်ကြရန် အမိန့်ထုတ်တော်မူခဲ့၏။ ဤအမိန့်နောက်ကွယ်ရှိဒဿနမှာ လူတစ်ဦး၏ နေ့စဉ်လှုပ်ရှား ဆောင်ရွက်မှုများသည် အိရှာဆွလာတ်နှင့်အတူ ပြီးဆုံးခြင်းသို့ရောက်၏။ အိရှာဆွလာတ်သည် လူတစ်ဦး၏ နောက်ဆုံး လှုပ်ရှားဆောင်ရွက်မှု ဖြစ်နိုင်သကဲ့သို့ တစ်နေ့တာအတွင်း ပြုလုပ်ခဲ့သမျှ ပြစ်မှုဒုစရိုက်များကို ခဝါချသည့် ဝတ်ပြုမှု လည်း ဖြစ်နိုင်ပေသည်။ တစ်ဖက်မှကြည့်လျှင် အကယ်၍ အိရှာဆွလာတ်ဝတ်ပြုအပြီးတွင် တောင်စဉ်ရေမရပြောသော စကားဝိုင်းသို့ သွားထိုင်ခြင်းဖြင့် ထိုသူသည် မုသားအားပေးခြင်း၊ သူတစ်ပါးအား အပုပ်ချခြင်းနှင့် အခြားသော အကုသိုလ်ဖြစ်စေသည့် အရာများကို ကျူးလွန်မိသကဲ့သို့ ဖြစ်ကာ အပြစ်မကင်း ဖြစ်ရပေသည်။ ဤအကျင့်ဓလေ့၏ အခြားသော မကောင်းသည့်အချက်မှာ ထိုသူသည် အိပ်ရာဝင်နောက်ကျသဖြင့် အိပ်ရာထနောက်ကျမည်။ ထို့ကြောင့် နံနက်စောစော ဆွလာတ်များ လွတ်သွားနိုင်ပေသည်။ သာဝကကြီးအုမရ်ﷺသည် အိရှာဆွလာတ်များအပြီး ပုံပြင် နားထောင်နေသူများကို တွေ့ရပါက ဆုံးမလေ့ရှိခဲ့၏။ သူက ၎င်းတို့အား အိပ်ရာစောစောဝင်ကြရန်၊ သို့ပြုခြင်းဖြင့် အလွှာဟ်အရှင်မြတ်၏ မဟာကရုဏာတော်ကြောင့်

ညဉ့်လယ်ဆွလာတ်ဝတ်ပြုမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုလေ့ ရှိခဲ့ပေသည်။ (ကုရ်သုဗီ)

အာယသ်တော် ၆၈၊ ၆၉ နှင့် ၇၀ သည် တမန်တော်မြတ်ﷺ ယူဆောင်လာခဲ့သော တရားစစ်တရားမှန်ကို လက်ခံရန် မယုံကြည်သွေဖည်သူများအား ဟန့်တားခဲ့ပုံရသော အချက်(၅)ချက်ကို ဖော်ပြထားသည်။ ထိုအချက်တစ်ခုစီကို ပြန်လည်ချေပ မိန့်ကြားထားတော်မူသည်။ ဤနည်းအားဖြင့် တစ်ဖက်မှကြည့်လျှင် တရားစစ်တရားမှန်ကို လက်ခံရန် ငြင်းပယ်ကြသော အယူလွဲသူများ၏ စောဒကများကို ချေဖျက်ပြီးဖြစ်သလို အခြားတစ်ဖက်မှကြည့်လျှင်လည်း သဘောမတူ၍ မရသော အကြောင်းခံများနှင့် မငြင်းပယ်နိုင်သော သက်သေလက္ခဏာများက မည်သည့် စိတ်ထားမှန်ကန်သူကိုမဆို မိမိတို့၏အမှားကို သိမြင်စေပြီး တမန်တော်မြတ်ﷺအပေါ်တွင် ၎င်းတို့၏ အကြောင်းမဲ့မုန်းတီးမှုနှင့် အကောင်းမမြင်နိုင်သည့် အဂတိတရားများကြောင့်သာဖြစ်ကြောင်းကို အာယသ်တော် بَلْ جَآءَهُمْ بِالْحَقِّ وَاَكْثَرُهُمْ لِلْحَقِّ كٰرِهُوْنَ "ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ထိုရစူလ်တမန်တော်သည် ၎င်းတို့ထံ အမှန်တရားကို ယူခဲ့လေသည်။ သို့ရာတွင် ၎င်းတို့အနက်မှ အများစုမှာမူကား စက်ဆုပ်သူများဖြစ်ကြကုန်၏။ ၂၃း၇၀" က မိန့်ဆိုထား၏။ တစ်နည်းအားဖြင့် ခိုင်လုံသော အကြောင်း ယုတ္တိမရှိပါဘဲလျက် တမန်တော်မြတ်ﷺ၏ သာသနာပြုလုပ်ငန်းကို ဆန့်ကျင်ကြခြင်းမှာ ၎င်းတို့သည် အမှန်တရားကို မနှစ်ခြိုက်သည်သာမက တမန်တော်မြတ်ﷺ ယူဆောင်လာခဲ့သည့် သတင်းစကားကို အလေးထားဂရုပြုရမည်ကို မလိုလားသောကြောင့်လည်း ဖြစ်၏။ ဤသို့ဖြစ်ရခြင်းသည် ၎င်းတို့၏ အငြင်းပွားဖွယ်မရှိသော သြဇာအာဏာကို မက်မောတွယ်တာခြင်းနှင့် ယင်းအာဏာကို အခြားသူနှင့် ခွဲဝေယူရမည်ကို နောက်တွန့်နေကြသောကြောင့် ဖြစ်သည် မှာ သံသယဖြစ်ဖွယ် မရှိချေ။

اَمْ لَمْ يَعْرِفُوْا رَسُوْلَهُمْ

"သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့ (ထံ ပွင့်ရောက်လာသော) ရစူလ်တမန်တော်အား မသိခဲ့ကြသော ကြောင့် ထိုရစူလ်တမန်တော်အား ငြင်းပယ်ခဲ့ကြလေသလော။" (၂၃း၆၉)

စစ်မှန်သောသာသနာကို ငြင်းပယ်ကြသည်မှာ သတင်းသယ်ဆောင်လာသူသည် လူစိမ်းတစ်ဦးဖြစ်၍ ၎င်း၏ အကျင့်စာရိတ္တနှင့် မျိုးရိုးကို မသိကျွမ်းသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ သို့သော်လည်း တမန်တော်မြတ်ﷺသည် ဂုဏ် သရေရှိ ကုရိုက်ရှ်မျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ကာ မက္ကာမြို့တွင်မွေး၍ မက္ကာမြို့၌ပင် ၎င်းတို့နှင့်အတူ ကြီးပြင်း လာခဲ့သူဖြစ်သည်။ တမန်တော်မြတ်ﷺ၏ ဘဝဇာတ်ကြောင်းမှာ ၎င်းတို့၏ရှေ့၌ ဖွင့်ထားသော စာအုပ်သဖွယ် ဖြစ်၏။ တမန်တော်အဖြစ် ချီးမြှောက်ခြင်းမခံရမီက ထိုသူသည် မက္ကာမြို့သား မယုံကြည်သူများကြားဝယ် امين (ယုံကြည်ထိုက်သူ)နှင့် صادق(ဖြောင့်မှန်သူ)ဟု ထင်ရှားခဲ့သည်။ ထိုသူ၏ အကျင့်စာရိတ္တ၊ ပြုမူနေထိုင်ပုံများ နှင့် ပတ်သက်၍ မည်သူမျှလက်ညှိုးထိုးစရာ မရှိခဲ့ပေ။ ဤသို့ဖြင့် ထိုသူတို့သည် တမန်တော်မြတ်ﷺနှင့် ၎င်း သယ်ဆောင်လာသော သတင်းစကားကို ငြင်းပယ်ရခြင်းမှာ တမန်တော်ကိုလည်းကောင်း၊ သူ၏မျိုးရိုးစဉ်ဆက်ကို မသိ၍ဖြစ်သည်ဟု လျှောက် လဲနိုင်တော့မည် မဟုတ်ချေ။

وَلَقَدْ اَخَذْنٰهُمْ بِالْعَذَابِ فَمَا اسْتَكَانُوْا لِرَبِّهِمْ وَمَا يَتَضَرَّعُوْنَ

"၎င်းပြင် မလွဲဧကန် ငါအရှင်မြတ်သည် ထိုသူတို့အား ပြစ်ဒဏ်ဖြင့် ဖမ်းဆီး ကွပ်မျက်တော်မူခဲ့လေသည်။ သို့ တစေလည်း ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့ တော်မှောက်တွင် ကျိုးနွံနိမ့်ကျ လာခဲ့ကြသည်လည်းမရှိပေ။ တိုးလျှိုးတောင်းပန်အသနားခံခဲ့ကြသည်လည်း မရှိချေ။" (၂၃း၇၆)

ရှေ့အာယသ်တော်တွင် ဖော်ပြခဲ့သလို မယုံကြည်သွေဖည် ငြင်းပယ်သူများသည် ၎င်းတို့၏ ပြစ်မှုများအတွက် ပေးဆပ်ခြင်းခံကြရသောအခါ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင်လည်းကောင်း၊ တမန်တော်မြတ်ﷺထံတော်တွင်လည်းကောင်း သနားကရုဏာအတွက် လျှောက်ထား အသနားခံကြ၏။ အလွန်တရာ သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်က ၎င်းတို့၏ ဘေးဒုက္ခများကို လျော့ပါးစေတော်မူသောအခါ ၎င်းတို့သည် မကောင်းသော အလေ့အကျင့်များ၊ စဉ်းလဲသောအပြုအမူများဆီသို့ ပြန်သွားကြလေသည်။ ဤအာယသ်တော်သည် မိမိတို့၏ မှားယွင်းသော လုပ်ရပ်များကြောင့် အပြစ်ပေးခံခဲ့ကြရသည့် မယုံကြည်သွေဖည်သူတို့၏ အလားတူဖြစ်ရပ်တစ်ခုနှင့် ဆက်နွယ်လျက်ရှိ၏။ ထိုသူတို့သည်လည်း တမန်တော်မြတ်ﷺ၏ ကြားဝင်အသနားခံ လျှောက်ထားပေးခြင်းကြောင့် ဘေးဒုက္ခများမှ လွတ်မြောက်သွားကြသောအခါ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ကျိုးနွံလာခြင်းမရှိကြဘဲ ရုပ်တုကိုးကွယ်မှုနှင့် မယုံကြည်ငြင်းပယ်မှုများကို ဆက်၍ ပြုမြဲပြုခဲ့ကြ၏။

မက္ကာမြို့သားများအပေါ် ငတ်မွတ်ခေါင်းပါးမှု ဘေးကြီးကျရောက်ခြင်းနှင့် ယင်းကပ်ဘေးကြီးမှ တမန်တော်မြတ်ﷺ၏ ဆုတောင်းအသနားခံပေးမှုဖြင့် လွတ်မြောက်ရခြင်းအကြောင်း

တမန်တော်မြတ်ﷺက မက္ကာမြို့သားများအပေါ် ငတ်မွတ်ခေါင်းပါးမှုပြစ်ဒဏ်ကို ချမှတ်တော်မူပါရန် အလ္လာဟ် အရှင်မြတ်ထံ ဆုပန်ကြားခဲ့ကြောင်းကို ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုတောင်းဆုကို အလ္လာဟ်အရှင် လက်ခံတော်မူခဲ့ခြင်းကြောင့် ထိုသူများသည် ကြီးစွာသောဒုက္ခနှင့် ကြုံတွေ့ရပြီး တိရစ္ဆာန်အသေကောင်များကိုပင် စားသောက်ရသည့်ဘဝသို့ ရောက်ရှိခဲ့ကြရ၏။ နောက်ဆုံးတွင် အဘူစုဖ်ယာန်သည် မဒီနာမြို့၌ တမန်တော်မြတ်ﷺ ရှေ့တော်မှောက် ဝင်ရောက်ခစားပြီး ဤသို့ ပြောဆိုခဲ့၏။ 'အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် သင့်အား ကျွန်ုပ် မေတ္တာရပ်ခံပါတယ်။ အလ္လာဟ်အရှင်မြတ်သည် သင့်အား ကမ္ဘာတစ်ဝှမ်းအတွက် ကရုဏာတော်အဖြစ် စေလွှတ်တော်မူခဲ့သည်ဟု သင်ပြောခဲ့သည်မဟုတ်လော။' တမန်တော်မြတ်ﷺက 'ဟုတ်တယ်၊ ကျွန်ုပ်ပြောခဲ့ပါတယ်။ ကျွန်ုပ်ပြောခဲ့တာဟာလည်း မှန်သောစကားဖြစ်ပါတယ်' ဟု ပြန်ကြားခဲ့၏။ ထိုအခါ အဘူစုဖ်ယာန်က 'သင်သည် ဗဒရ်စစ်ပွဲတွင် သင်၏ မျိုးနွယ်စုခေါင်းဆောင်များကို သင့်ဓားဖြင့် သုတ်သင်ခဲ့တယ်။ အခုလည်း သင်ဟာ သူတို့ကို အငတ်ဘေးနဲ့ သတ်ဖြတ်နေပြန်တယ်။ ကျွန်ုပ် အနှုးအညွတ် တောင်းပန်ပါတယ်။ ဒီကျိန်စာကို ကျွန်ုပ်တို့ ခေါင်းပေါ်မှ ဖယ်ရှားပေးပါရန် အလ္လာဟ်အရှင်မြတ်ထံ ဆုပန်ပေးပါဦး' ဟု ပြောဆိုခဲ့၏။ ထို့နောက် တမန်တော်မြတ်ﷺသည် မက္ကာမြို့သားများအား ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒဏ်မှ လွတ်မြောက်ခွင့်ပေးတော်မူပါရန် အလ္လာဟ်အရှင်မြတ်ထံ အသနားခံ ဆုပန်ပေးခဲ့ရာ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်၏ ဆုတောင်းကို ပြည့်ဝစေတော်မူခဲ့၏။ အာယသ်တော် وَلَقَدْ اَخَذْنٰهُمْ بِالْعَذَابِ فَمَا اسْتَكَانُوْا لِرَبِّهِمْ (၂၃း၇၆)သည် ဤဖြစ်ရပ်ကို ရည်ညွှန်း မိန့်ဆို တော်မူခဲ့ခြင်း ဖြစ်လေသည်။ (မဇ်ဟိရီ)

အာယသ် (၇၈-၉၂)

وَهُوَ الَّذِيْٓ اَنْشَاَ لَكُمُ السَّمْعَ وَالْاَبْصَارَ وَالْاَفْـِٕدَةَ ؕ قَلِيْلًا مَّا تَشْكُرُوْنَ ﴿۷۸﴾
وَهُوَ الَّذِيْ ذَرَاَكُمْ فِى الْاَرْضِ وَاِلَيْهِ تُحْشَرُوْنَ ﴿۷۹﴾ وَهُوَ الَّذِيْ يُحْيٖ وَيُمِيْتُ
وَلَهُ اخْتِلَافُ الَّيْلِ وَالنَّهَارِ ؕ اَفَلَا تَعْقِلُوْنَ ﴿۸۰﴾ بَلْ قَالُوْا مِثْلَ مَا قَالَ

الْاَوَّلُوْنَ ﴿۸۱﴾ قَالُوْٓا ءَاِذَا مِتْنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ ﴿۸۲﴾ لَقَدْ
وُعِدْنَا نَحْنُ وَاٰبَآؤُنَا هٰذَا مِنْ قَبْلُ اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ﴿۸۳﴾ قُلْ لِّمَنِ
الْاَرْضُ وَمَنْ فِيْهَآ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۸۴﴾ سَيَقُوْلُوْنَ لِلّٰهِ ؕ قُلْ اَفَلَا تَذَكَّرُوْنَ
﴿۸۵﴾ قُلْ مَنْ رَّبُّ السَّمٰوٰتِ السَّبْعِ وَرَبُّ الْعَرْشِ الْعَظِيْمِ ﴿۸۶﴾ سَيَقُوْلُوْنَ لِلّٰهِ ؕ قُلْ
اَفَلَا تَتَّقُوْنَ ﴿۸۷﴾ قُلْ مَنْۢ بِيَدِهٖ مَلَكُوْتُ كُلِّ شَيْءٍ وَّهُوَ يُجِيْرُ وَلَا يُجَارُ عَلَيْهِ
اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۸۸﴾ سَيَقُوْلُوْنَ لِلّٰهِ ؕ قُلْ فَاَنّٰى تُسْحَرُوْنَ ﴿۸۹﴾ بَلْ اَتَيْنٰهُمْ
بِالْحَقِّ وَاِنَّهُمْ لَكٰذِبُوْنَ ﴿۹۰﴾ مَا اتَّخَذَ اللّٰهُ مِنْ وَّلَدٍ وَّمَا كَانَ مَعَهٗ مِنْ اِلٰهٍ ۚ اِذًا
لَّذَهَبَ كُلُّ اِلٰهٍۢ بِمَا خَلَقَ وَلَعَلَا بَعْضُهُمْ عَلٰى بَعْضٍ ؕ سُبْحٰنَ اللّٰهِ عَمَّا يَصِفُوْنَ ﴿۹۱﴾
عٰلِمِ الْغَيْبِ وَالشَّهَادَةِ فَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿۹۲﴾

စင်စစ်သော်ကား ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ နားများကိုလည်းကောင်း၊ မျက်စိများကိုလည်းကောင်း၊ စိတ်နှလုံးများကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့၏။ (သို့ရာတွင်) အသင်တို့သည် အနည်းငယ် စိုးစဉ်းမျှသာလျှင် ကျေးဇူးသိတတ်ကြကုန်၏။[၇၈] ၎င်းပြင် ထိုအရှင်မြတ်သည်ပင် အသင်တို့အား ပထဝီမြေဝယ် ပျံ့နှံ့ ပွားများစေတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့ပင် စုရုံးကြရပေမည်။[၇၉] ထို့ပြင် ထိုအရှင်မြတ်သည်ပင် အသက်ရှင်စေတော်မူသည်၊ အသက်သေစေ တော်မူသည်၊ ထိုမှတစ်ပါး ည၌နှင့်နေ့တို့၏ (အလှည့်ကျ) အပြောင်းအလဲသည်လည်း ထိုအရှင်မြတ် (လက်တော်တွင်း)၌သာ ရှိပေသည်။ သို့ပါလျက် အသင်တို့သည် အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။[၈၀] ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့သည် ရှေးသူဟောင်းတို့ ပြောဆို ခဲ့ကြသည့်နည်းတူ ပြောဆိုကြကုန်၏။[၈၁] ထိုရှေးသူဟောင်းတို့က ပြောဆိုခဲ့ကြသည်မှာ ကျွန်ုပ်တို့သည် သေဆုံးကြပြီးနောက် မြေကြီးဖြစ်၍ အရိုးများသာ ကျန်ရှိကြသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။[၈၂] "မချွတ်ဇောကန် ဤသည်ကို ကျွန်ုပ်တို့သည် လည်းကောင်း၊ ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည် လည်းကောင်း၊ ရှေးယခင်ကပင် ကတိပေး ချိန်းချက်ခြင်းကို ခံခဲ့ကြရလေပြီ။ (စင်စစ်သော်ကား) ဤသည် ရှေးသူဟောင်းတို့၏ (ယုတ္တိကင်းမဲ့သော) ဒဏ္ဍာရီမျှသာဖြစ်ချေသတည်း။"[၈၃] (အို-နဗီတမန်တော်) အသင်သည် (ယင်း မက္ကာမြို့သား မုရှ်ရစ်ဂ်တို့အား ဤသို့)ပြောဆို မေးမြန်းပါလေ။ (အချင်းတို့၊) အကယ်၍ အသင်တို့သိရှိကြလျှင် (ငါ့အား ပြောပြကြလေကုန်၊) ပထဝီ မြေကိုလည်းကောင်း၊ ထိုပထဝီမြေ၌ရှိသူတို့ကိုလည်းကောင်း မည်သူ စိုးပိုင်သနည်း။[၈၄] ၎င်းတို့က

အလ္လာဟ်အရှင်မြတ် စိုးပိုင်တော်မူသောအရာများဖြစ်သည်ဟု အမှန်ပင် ဖြေကြားကြပေလိမ့်မည်။ (ထိုအခါ) အသင်သည် (ၔင်းတို့အား အချင်းတို့၊) သို့ပါလျက် အသင်တို့သည် မဆင်ခြင် မသုံးသပ်ကြလေသလောဟု ပြောကြားပါလေ။[၈၅] (အို-နဗီတမန်တော်) အသင်သည် (ၔင်းတို့အား အချင်းတို့၊) မိုးခုနစ်ထပ်ကို စိုးပိုင်တော်မူသောအရှင်သည် လည်းကောင်း၊ မြင့်မြတ်လှစွာသော "အရ်ရှ်"ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်သည် လည်းကောင်း မည်သူနည်းဟု မေးမြန်းပါဦးလေ။[၈၆] (ဤသည်တို့လည်း) အလ္လာဟ်အရှင်မြတ် စိုးပိုင်တော်မူသောအရာများ သာဖြစ်သည်ဟု ၔင်းတို့က အမှန်ပင် ဖြေကြားကြပေလိမ့်မည်။ (ထိုအခါ ၔင်းတို့အား အချင်းတို့၊) သို့ပါလျက် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ရွံ့ကြလေသလောဟု ပြောကြားပါလေ။[၈၇] (အို- နဗီတမန်တော်) အသင်သည် ၔင်းတို့အား ဤသို့ ပြောဆိုမေးမြန်းပါလေ။ (အချင်းတို့) အကယ်၍ အသင်တို့သည် သိရှိကြလျှင် (ငါ့အား ပြောပြကြလေကုန်)။ ထိုအရှင်သည် မည်သူနည်း။ အရာခပ်သိမ်းတို့ကို စိုးပိုင်ခွင့်သည် ထိုအရှင်မြတ်၏လက်တော်တွင်း၌ရှိ၏။ ၔင်းပြင် ထိုအရှင်မြတ်သည် ကာကွယ်စောင့်ရှောက်တော်မူ၏။ သို့ရာတွင် ထိုအရှင်နှင့် ဆန့်ကျင်၍မူကား မည်သူတစ်ဦးတစ်ယောက်မျှပင် ကာကွယ် စောင့်ရှောက်နိုင်ခြင်း မရှိခဲ့ချေ။[၈၈] (ဤမည်သော ဂုဏ်တော်များလည်း) အလ္လာဟ်အရှင်မြတ်၌သာ ရှိကြောင်း အမှန်ပင် ၔင်းတို့က ဖြေကြားကြပေလိမ့်မည်။ (ထိုအခါ ၔင်းတို့အား) အသင်က "သို့ဖြစ်လျှင် အသင်တို့သည် အဘယ်ကြောင့် တွေဝေနေကြပါသနည်း" ဟု ပြောကြားပါလေ။[၈၉] ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား ငါ့အရှင်မြတ်သည် ၔင်းတို့ထံ အမှန်တရားကို ထုတ်ပြန်ပို့ဆောင်တော်မူခဲ့၏။ ထို့ပြင် ၔင်းတို့သည် (ထို) အမှန်တရားကို ငြင်းပယ်ရာတွင် မုသားပြောဆိုသူများပင် ဖြစ်ကြကုန်သတည်း။[၉၀] အလ္လာဟ်အရှင်မြတ်သည် သားတော်ဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရွေးချယ် ပြုလုပ်ထားတော်မူသည် မဟုတ်ပေ။ ထိုနည်းတူစွာ ထိုအရှင်နှင့်အတူ ကိုးကွယ်ရာဟူ၍လည်း (အခြား) တစ်ဦးတစ်ယောက်မျှပင် အလျှင်းမရှိခဲ့ချေ။ သို့ရှိခဲ့ပါမူ ကိုးကွယ်ရာတိုင်းသည် မိမိဖန်ဆင်းထားသော အရာခပ်သိမ်းတို့ကို အမှန်ပင် ခေါ်ဆောင်၍ ထွက်ခွာသွားခဲ့မည် သာမက ထို ကိုးကွယ်ရာတို့အနက် တစ်ဦးသည် တစ်ဦး၏အပေါ်၌ မှုချ လွှမ်းမိုးခဲ့မည်သာ။ အလ္လာဟ်အရှင်မြတ်သည် ၔင်းတို့ ကြံဖန်စွပ်စွဲ ပြောဆိုကြကုန်သော အကြောင်းကိစ္စတို့မှ လုံးဝ စင်ကြယ်သန့်ရှင်းတော်မူ၏။[၉၁] မျက်ကွယ်၌ ရှိသမျှတို့ကိုလည်းကောင်း၊ မျက်မှောက်၌ ရှိသမျှတို့ကိုလည်းကောင်း၊ အကြွင်းမဲ့ သိမြင်တော်မူသောအရှင်၊ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၔင်းတို့ တွဲဖက်နှုံးယှဉ် ကိုးကွယ်ကြသည်တို့ထက် လွန်စွာ မြင့်မြတ်လှတော်မူပေသတည်း။[၉၂]

အကျယ်ဖွင့်ဆိုခြင်း

وَ هُوَ يُجِيْرُ وَ لَا يُجَارُ عَلَيْهِ "ငင်းပြင် ထိုအရှင်မြတ်သည် ကာကွယ်စောင့်ရှောက်တော်မူ၏။ သို့ရာတွင် ထို အရှင်နှင့် ဆန့်ကျင်၍မူကား မည်သူတစ်ဦးတစ်ယောက်မျှပင် ကာကွယ် စောင့်ရှောက်နိုင်ခြင်း မရှိချေ။" (၂၃း၈၈) အာယသ်တော်၏ ဖွင့်ဆိုချက်မှာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် မိမိအလိုတော်အရ တစ်စုံတစ်ဦးအား ဒုက္ခဝေဒနာများမှ လွတ်မြောက်စေ နိုင်တော်မူသည်။ သို့သော် တစ်ဦးတစ်ယောက်အပေါ် ချမှတ်တော်မူသော ပြစ်ဒဏ်မှ မည်သူမျှ ကယ်တင်နိုင်စွမ်းမရှိချေ။ ဤသည် ဤလောကတွင် ကြုံတွေ့နေရသည့် မှန်ကန်သောအချက်ပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမြတ်သောသူများအား အလ္လာဟ်အရှင်မြတ်က ဆုချီးမြှင့်ခြင်းကို မည်သူမျှ မတားဆီးနိုင်သကဲ့သို့ အလ္လာဟ် အရှင်မြတ်က ပြစ်ဒဏ်ခတ်ရန် ရွေးချယ်သူတစ်ဦးကိုလည်း မည်သူကမျှ မကာကွယ်နိုင်ပေ။ တမလွန်ဘဝတွင်လည်း ဤအတိုင်းပင် မှန်ကန်နေမည်သာ ဖြစ်၏။ (ကုရ်သုဗီ)

အာယသ် (၉၃-၁၀၀)

قُلْ رَّبِّ اِمَّا تُرِيَنِّيْ مَا يُوْعَدُوْنَ ﴿٩٣﴾ رَبِّ فَلَا تَجْعَلْنِيْ فِى الْقَوْمِ الظّٰلِمِيْنَ ﴿٩٤﴾ وَ اِنَّا عَلٰٓى اَنْ نُّرِيَكَ مَا نَعِدُهُمْ لَقٰدِرُوْنَ ﴿٩٥﴾ اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ السَّيِّئَةَ ؕ نَحْنُ اَعْلَمُ بِمَا يَصِفُوْنَ ﴿٩٦﴾ وَ قُلْ رَّبِّ اَعُوْذُ بِكَ مِنْ هَمَزٰتِ الشَّيٰطِيْنِ ﴿٩٧﴾ وَ اَعُوْذُ بِكَ رَبِّ اَنْ يَّحْضُرُوْنِ ﴿٩٨﴾ حَتّٰٓى اِذَا جَآءَ اَحَدَهُمُ الْمَوْتُ قَالَ رَبِّ ارْجِعُوْنِ ﴿٩٩﴾ لَعَلِّيْٓ اَعْمَلُ صَالِحًا فِيْمَا تَرَكْتُ كَلَّا ؕ اِنَّهَا كَلِمَةٌ هُوَ قَآئِلُهَا ؕ وَ مِنْ وَّرَآئِهِمْ بَرْزَخٌ اِلٰى يَوْمِ يُبْعَثُوْنَ ﴿١٠٠﴾

(အို-နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပါလေ။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ အကယ်၍ အရှင်မြတ်သည် ထို(ကာဖိရ် ဘွဖည် ငြင်းပယ်သော)သူတို့ ချိန်းချက်ခြင်းခံကြရကုန်သော (ပြစ်ဒဏ်)ကို ကျွန်တော်မျိုးအား ပြသတော်မူလျှင်။[၉၃] အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ထိုအခါ အရှင်မြတ်သည် ကျွန်တော်မျိုးအား မတရား ကျူးလွန်သော အမျိုးသားတွင် ပါဝင်စေတော်မမူပါနှင့်။[၉၄] စင်စစ်သော်ကား ဇကန် မလွဲ ငါအရှင်မြတ်သည် ငင်းတို့အား ချိန်းချက်တော်မူသော (ပြစ်ဒဏ်ကို) အသင့်အား ပြသတော်မူရန် တတ်စွမ်းနိုင်တော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူ၏။[၉၅] (အို-နဗီ တမန်တော်) အသင်သည် (ထိုကာဖိရ်ဘွဖည်ငြင်းပယ်သောသူတို့၏) ဆိုးရွားသောပြုမူ ချက်တို့ကို အကောင်းဆုံးသောနည်းဖြင့် တွန်းလှန်ပါလေ၊ ငါအရှင်မြတ်သည် (အသင့် အား) ငင်းတို့ကြံဖန် ပြောဆို စွပ်စွဲကြသည်များကို ကောင်းစွာ သိရှိတော် မူပေသည်။[၉၆] ငင်းပြင် အသင်သည် (ဤသို့) လျှောက်ထား ပန်ကြားပါလေ။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ကျွန်တော်မျိုးသည် ရှိုင်တွာန် မိစ္ဆာကောင်တို့၏ တိုက်တွန်းနှိုးဆော်ချက်တို့မှ

(လွတ်ကင်းရန်) အရှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။[၉၇] ထိုနည်းတူစွာ ကျွန်တော်မျိုးသည် မိမိထံသို့ ထိုရွှင်တွာန်မိစ္ဆာကောင်များ ရောက်ရှိမလာနိုင်ကြရန်လည်း အရှင်မြတ်၏အကာအကွယ်ကိုရလိုပါ၏။[၉၈] (ထိုကာဖိရ်တို့သည် နောင်တရကြမည့်သူ မဟုတ်ပေ၊) နောက်ဆုံးတွင် ၎င်းတို့အနက် တစ်ဦးတစ်ယောက်၏ထံသို့ မရဏသေခြင်း တရားသည် ရောက်ရှိလာသောအခါ ထိုသူသည် (ဤသို့) လျှောက်ထားလေ၏။ "အိုကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ပြန်လွှတ်တော်မူပါ။[၉၉] ကျွန်တော်မျိုးသည် မိမိစွန့်ထားခဲ့သော (လောကသို့ ပြန်သွား၍) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူ ဆောက်တည်အံ့သောဗှာ၊ "အလျှင်း မဖြစ်နိုင်ပြီ။ ဧကန်စင်စစ် ဤသည်ကား ထိုသူသည် (မိမိနှုတ်ဖြင့်သာ) ပြောဆိုနေသော စကားတစ်ခွန်းမျှပင်။ စင်စစ် ၎င်းတို့၏ရှေ့ဝယ် ၎င်းတို့ ရှင်ပြန်ထကြရမည့်နေ့ တိုင်အောင် အကာအဆီးတစ်ခု ရှိနေချေပြီတကား။"[၁၀၀]

အကျယ်ဖွင့်ဆိုခြင်း

قُلْ رَّبِّ اِمَّا تُرِيَنِّيْ مَا يُوْعَدُوْنَ ،رَبِّ فَلَا تَجْعَلْنِيْ فِى الْقَوْمِ الظّٰلِمِيْنَ

"(အို-နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပါလေ။ အို-ကျွန်တော်မျိုး ၏ အရှင်မြတ်၊ အကယ် ၍ အရှင်မြတ်သည် ထို(ကာဖိရ် သွေဖည်ငြင်းပယ်သော)သူတို့ ချိန်းချက်ခြင်းခံကြရကုန်သော (ပြစ်ဒဏ်)ကို ကျွန်တော်မျိုးအား ပြသတော်မူလျှင်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ထိုအခါ အရှင်မြတ်သည် ကျွန်တော်မျိုးအား မတရား ကျူးလွန်သော အမျိုးသားတွင် ပါဝင်စေတော်မမူပါနှင့်။" (၂၃း၉၃-၉၄)

ကျမ်းမြတ်ကုရ်အာန်တွင် မယုံကြည်သူများကို ပြစ်ဒဏ်ခတ်မည့် သတိပေးချက်များ ပါရှိသည့် အာယသ်တော်များစွာပါဝင်သည်။ ပြစ်ဒဏ်ဆုကို 'တရားစီရင်မည့်နေ့' တွင် ချီးမြှင့်မည်မှာ သေချာသောကိစ္စတစ်ခုဖြစ်သည့်တိုင်ယင်း ပြစ်ဒဏ်ဆုကို ဤဘဝတွင် (တမန်တော်မြတ်ﷺ သက်တော်ထင်ရှားရှိနေစဉ်ကာလ၌ပင်) ချီးမြှင့်ခြင်းကိုလည်း ခံရနိုင်ပေသည်။ ထို့ပြင် လူမျိုးတစ်မျိုး သို့မဟုတ် လူတစ်စုအပေါ်သို့ အလ္လာဟ်အရှင်မြတ်၏ အမျက်တော် ကျရောက်သည့်အခါ အပြစ်ကျူးလွန်သူများအပေါ်သို့သာ ကွက်၍ ကျရောက်သည်မဟုတ်ဘဲ ကောင်းမြတ်သူများကိုပါ ရော၍ထိခိုက်စေနိုင်သည်။ ဤသို့ဖြစ်ခဲ့လျှင် ထိုကောင်းမြတ်သူများသည် နောင်ဘဝတွင် အပြစ်ပေးခြင်း မခံကြရသည့်အပြင် ၎င်းတို့နှင့် မထိုက်တန်သော ပြစ်ဒဏ်ကို လူလောကတွင် ခံခဲ့ကြရသည့်အတွက် ပေးလျော်(အစားပေး)သည့်အနေဖြင့် အပိုဆုများ ချီးမြှင့်ခြင်းကို ခံကြရနိုင်ပေသည်။ وَاتَّقُوْا فِتْنَةً لَّا تُصِيْبَنَّ الَّذِيْنَ ظَلَمُوْا مِنْكُمْ خَاصَّةً "၎င်းပြင် အသင်တို့သည် အကြင်ပြစ်ဒဏ်ကို ကြဉ်ရှောင်ကြလေကုန်။ ထိုပြစ်ဒဏ်သည် အသင်တို့အနက်မှ မတရားကျူးလွန်သူတို့ အပေါ်၌သာလျှင် သီးသန့်၍ အလျှင်းသက်ရောက်လိမ့် မည် မဟုတ်ချေ။" (၈း၂၅)ဟု ကုရ်အာန်ကျမ်းမြတ်က ဆိုသည်။ ဤအာယသ်တော်များတွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺအား အကယ်၍ အလ္လာဟ်၏ အမျက်ဒေါသသည် ငြင်းပယ်သူ ကာဖိရ်များအပေါ်တွင် တမန်တော် သက်ရှိထင်ရှားရှိနေစဉ် ကျရောက် မည်ဆိုပါက တမန်တော်မြတ်ﷺအား ထိုသူများထံမှဝေးရာသို့ ဖယ်ရှားပေးတော်မူပါဟု အရှင်မြတ်ထံ ဆုပန်ရန် မိန့်ကြားတော်မူခဲ့သည်။ ဤကဲ့သို့ဆုမျိုး ပန်ကြားတောင်းခံစေခြင်းမှာ တမန်တော်မြတ်ﷺသည် အပြစ်ကင်းစင်သူ၊ အမှားမလုပ်သူဖြစ်

သည့်တိုင် အလ္လာဟ်အရှင်မြတ်အား အချိန်တိုင်း သတိရနေစေရန်နှင့် ကရုဏာတော်ကို တောင်းခံနေစေရန် ရည်ရွယ်တော်မူသည်။ ဤသို့ဖြင့် တမန်တော်သည် တမလွန်တွင် မိမိကိုယ်တိုင် ရရှိမည့်ဆုလာဘ်ကို တိုးပွားစေမည်ဖြစ်သည်။

وَاِنَّا عَلٰٓى اَنْ نُّرِيَكَ مَا نَعِدُهُمْ لَقٰدِرُوْنَ

"ဇကန်မလွှဲ ငါအရှင်မြတ်သည် ၎င်းတို့အား ချိန်းချက်တော်မူသော (ပြစ်ဒဏ်ကို) အသင့်အား ပြသတော်မူရန် တတ်စွမ်းနိုင်တော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူ၏။" (၂၃း၉၅)

အချို့သော အကျယ်ဖွင့်ဆိုသူများက အလ္လာဟ်အရှင်မြတ်သည် ကတိတော် ထားရှိတော်မူသည့်တိုင် တမန်တော်မြတ်ﷺအား ထောက်ထားမှုကြောင့် တမန်တော်မြတ်ﷺအတူ ပါဝင်နေထိုင်သည့် အွမ္မသ်ထုတစ်ရပ်လုံးကို ပြစ်ဒဏ်ခတ်တော်မူလိမ့်မည်မဟုတ်ဟု ဆိုကြသည်။ " وَمَا كَانَ اللّٰهُ لِيُعَذِّبَهُمْ وَاَنْتَ فِيْهِمْ " အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွင် အသင်(နဗီတမန်တော်)ရှိနေစဉ် ၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူမည် မဟုတ်ပေ။" (၈း၃၃) သို့ရာတွင် အခြေ အနေ၊ အကြောင်းကိစ္စ၏ ထူးခြားမှုအပေါ်မူတည်၍ အချို့သောသူများအား ကတိတော် အတိုင်း ရွေးချယ်ပြီး ပြစ်ဒဏ် ခတ်တော်မူခဲ့၏။ တမန်တော်မြတ်ﷺ၏သက်တမ်းအတွင်း၌ပင် မက္ကာမြို့မှ ကာဖိရ်များအား အငတ်ဘေးဖြင့် လည်းကောင်း၊ ဗဒရ်စစ်ပွဲ၌ မုစ်လင်မ်များလက်တွင်း ရှုံးနိမ့်စေခြင်းဖြင့်လည်းကောင်း ပြစ်ဒဏ် ခတ်တော်မူခဲ့သည်မှာ "ဇကန်မလွှဲ ငါအရှင်မြတ်သည် ၎င်းတို့အား ချိန်းချက်တော်မူသော (ပြစ်ဒဏ်ကို) အသင့်အား ပြသတော်မူရန် တတ် စွမ်းနိုင်တော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူ၏။" (၂၃း၉၅)၌ လေးနက်ပေါ်လွင်ပေသည်။

اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ السَّيِّئَةَ

"ဆိုးဝါးသော ပြုမူချက်တို့ကို အကောင်းဆုံးသောနည်းဖြင့် တွန်းလှန်ပါလေ။" (၂၃း၉၆)

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺအား မကောင်းမှုကို ကောင်းမှုဖြင့်လည်းကောင်း၊ ဖိနပ် ချုပ်ချယ်မှုကို တရားမျှတမှုဖြင့်လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်မှုကို ကရုဏာဖြင့်လည်းကောင်း ရင်ဆိုင်ရန် ညွှန်ကြားတော်မူသည်။ ဤအကျင့်အမူကောင်းများကို အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ﷺအား သင်ပေးတော် မူခဲ့၏။ မုစ်လင်မ်များအကြား အမှုကိစ္စများကို ပြေငြိမ်းအောင်ဆောင်ရွက်ရာတွင် ဤအကျင့်အမူကောင်းများကို တွေ့ရှိရပေသည်။ နောက်ပိုင်း မုစ်လင်မ်များအား အလ္လာဟ်အရှင်မြတ်က **جهاد** ဂျီဟာဒ်ကို ခွင့်ပြုခဲ့ချိန်၌ ကာဖိရ် မုရှ်ရစ်ကများနှင့်ပတ်သက်၍ ဤညွှန်ကြားချက်များကို ဖျက်သိမ်းခဲ့သည်။ သို့သော်ငြားလည်း ဂျီဟာဒ်၌ပင် ရန်သူကို အကြင်နာတရားထားကာ ဆက်ဆံကြရန် မုစ်လင်မ်များအား မိန့်ကြားတော်မူခဲ့သည်။ ဥပမာအားဖြင့် မုစ်လင်မ်များအား ဆန့်ကျင်တိုက်ခိုက်သည့်စစ်ပွဲများတွင် ပါဝင်ပတ်သက်ခြင်းမရှိသော အမျိုးသမီးများ၊ ကလေးသူငယ်များကိုလည်းကောင်း၊ ဘုန်းကြီးများကိုလည်းကောင်း သတ်ဖြတ်ခြင်းမပြုရန် တားမြစ်တော်မူခဲ့သည်။ အလားတူပင် ရန်သူ အလောင်းများကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ခုတ်ထစ်ပစ်ခြင်းကိုလည်း တင်းကြပ်စွာ တားမြစ်တော်မူခဲ့သည်။ ဤသို့ တားမြစ်ရသည့် အကြောင်းမှာ ရှိုင်တွာန်သည် စစ်မြေပြင်တွင် လူကျင့်ဝတ်တရားများနှင့်ဆန့်ကျင်သော အမှုများကို ကျူးလွန်ရန် စိတ်ကို နှိုးဆွပေးနိုင်သောကြောင့် ဖြစ်၏။ ထို့ကြောင့် တမန်တော်မြတ်ﷺအား နောက်အာယသ်တော်တွင် ရှိုင်တွာန်၏ ဆိုးဝါးသောအမှုများကို ကျူးလွန်စေရန် သွေးဆောင်ခြင်းမှ ကာကွယ်မှုပေးတော်မူပါရန် တောင်းခံ ပန်ကြားစေတော်မူသည်။

وَقُلْ رَّبِّ اَعُوْذُبِكَ مِنْ هَمَزٰتِ الشَّيٰطِيْنِ، وَاَعُوْذُبِكَ رَبِّ اَنْ يَّحْضُرُوْنِ

"၎င်းပြင် အသင်သည် (ဤသို့) လျှောက်ထား ပန်ကြားပါလေ။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ကျွန်တော်မျိုးသည် ရှိုင်တွာန်မိစ္ဆာကောင်တို့၏ တိုက်တွန်းနှိုးဆော်ချက်တို့မှ (လွတ်

ကင်းရန်) အရှင်မြတ်၏ အကာအကွယ်ကို ရလို ပါ၏။ ထိုနည်းတူစွာ ကျွန်တော်မျိုးသည် မိမိထံသို့ ထိုရွှင်တွာန်မိစ္ဆာကောင်များ ရောက်ရှိမလာနိုင်ကြရန်လည်း အရှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။" (၂၃း၉၇-၉၈)

هَمَزَ ဟုမဇာ၏ အခြေခံ ကြိယာပုံစံလှုပ်ရှားမှုဟူသည့် စကားလုံးသည် 'တွန်းသည်၊ ဖိသည်' ဟု အဓိပ္ပာယ်ရပြီး တစ်ခါတစ်ရံ 'နောက်ကွယ်မှ ခေါ်သည်'အဓိပ္ပာယ်ဖြင့် သုံးကြသည်။ ဤဒုအာသည် အလွန်ပြီးပြည့်စုံပြီး ရှိုင်တွာန်၏ ပရိယာယ်နှင့် အန္တရာယ်မှကင်းဝေးရန် အတွက် မကြာ ခဏ တောင်းခံသောဒုအာဖြစ်သည်။ တမန်တော်မြတ်ﷺသည် ဤဒုအာကို ရုတ်တရက် ဒေါသပေါက် ကွဲခြင်းများမှ ရှောင်ကြဉ်နိုင်ရန်အတွက် မကြာခဏ တောင်းခံကြရန် မုစ်လင်မ်များအား တိုက်တွန်းခဲ့သည်။ အဘယ် ကြောင့်ဆိုသော် ရုတ်တရက် ဒေါသပေါက်ကွဲခြင်းသည် ရှိုင်တွာန်၏ လှုံ့ဆော်မှု ဖြစ်ပြီး လူတို့အား မိမိကိုယ်မိမိ မထိန်းချုပ်နိုင်ဘဲ ဖြစ်သွားစေနိုင်သောကြောင့် ဖြစ်၏။ ထို့ပြင် ဤဒုအာသည် ရှိုင်တွာန်နှင့်ဂျင်နီများ၏ တိုက်ခိုက်မှုများကိုလည်း တွန်းလှန်ပေသည်။ သာဝကကြီးခါလစ်ဒ်ﷺသည် အိပ်မပျော်သောရောဂါကို ခံစားခဲ့ရသောအခါ တမန်တော်မြတ်ﷺက အောက်ပါဆုမွန်ကို အိပ်ရာမဝင်မီ ဖတ်ရွတ်ရန် အကြံပေးတော်မူခဲ့၏။

أَعُوْذُ بِكَلِمَاتِ اللهِ التَّامَّةِ مِنْ غَضَبِ اللهِ وَعِقَابِهِ وَمِنْ شَرِّ عِبَادِهِ وَمِنْ هَمَزَاتِ الشَّيَاطِيْنِ وَأَنْ يَّحْضُرُوْنِ

"ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော စကားလုံးများဖြင့် အရှင်မြတ်၏ အမျက်တော်နှင့် ပြစ်ဒဏ်မှလည်းကောင်း၊ အရှင်မြတ်၏ကျွန်များ မကောင်းမှုဒုစရိုက်များမှလည်းကောင်း၊ ရှိုင်တွာန်များ၏ ထိုးနှက်ချက်များနှင့် ၎င်းတို့ ကျွန်တော်မျိုးထံ လာရောက်ခြင်းမှလည်းကောင်း ကင်းဝေးစေရန် အလ္လာဟ်အရှင်မြတ်၏ ကာကွယ်မှု ကို အသနားခံပါသည်။"

သာဝကကြီးခါလစ်ဒ်ﷺသည် အကြံပေးသည့်အတိုင်း လိုက်နာလုပ်ဆောင်ခဲ့ရာ မကြာမီပင် အိပ်မပျော်သော ရောဂါ ပျောက်ကင်းသွားခဲ့တော့၏။

أَنْ يَّحْضُرُوْنِ "ကျွန်တော်မျိုးသည် မိမိထံသို့ ထိုရွှင်တွာန် မိစ္ဆာကောင်များ ရောက်ရှိမလာနိုင်ကြရန်လည်း အရှင်မြတ်၏ အကာအကွယ်ကိုရလိုပါ၏။" (၂၃း၉၈) ဆွဟီးဟ် မုစ်လင်မ်ကျမ်းလာ ဟဒီးဆ်တော်တစ်ပုဒ်အရ တမန်တော်မြတ်ﷺက မိန့်ကြားခဲ့သည်မှာ ရှိုင်တွာန်သည် လူသားတို့၏ အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်သည့်ပြင် လူတို့အား မကောင်းမှုများ ပြုလုပ်စေ ရန် တိုက်တွန်းတတ်သည်။ ဤဒုအာသည် ၎င်းတို့၏ တိုက်တွန်းကြိုးပမ်းမှုများအတွက် အကောင်းဆုံး အကာအကွယ် ပင် ဖြစ်သည်။ (ကုရ်သုဗီ)

رَبِّ ارْجِعُوْنِ "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ပြန်လွှတ်တော်မူပါ။" (၂၃း၉၉) အယူမှားသူ ကာဖိရ်တစ်ဦးထံသို့ သေခြင်းတရားသည် ချဉ်းကပ်လာသောအခါ၊ ထို့ပြင် ၎င်းသူသည် တရားစီရင်မည့်နေ့တွင် မိမိထံကျရောက်လာမည့် ပြစ်ဒဏ်သည် မိမိအား စောင့်စားနေသည်ကို ခံစားသိရှိလာသောအခါ ဤကမ္ဘာလောကသို့ ပြန်ရန် ဆန္ဒပြင်းစွာ ဖြစ်မိသည်။ သို့မှသာ ၎င်းသူသည် ကောင်းမှုများကို ပြုလုပ်ခြင်း ဖြင့် မိမိနှင့် ကောင်းစွာထိုက်တန်ခဲ့သော ပြစ်ဒဏ်မှ လွတ်မြောက်ခွင့်ရမည်ဟု မျှော်လင့်ပေသည်။

အိပ်နဂျရိုင်ဂျ်၏ ဆင့်ပြန်ချက်ကို အိပ်နဂျရီးရ်ကပြန်ပြောခဲ့သည်မှာ တစ်ကြိမ်၌ တမန်တော်မြတ်ﷺ မိန့်ကြားတော်မူခဲ့၏။ မုစ်လင်မ်ကောင်းတစ်ယောက် သေဆုံးချိန်တွင် ကရုဏာရှင် ကောင်းကင်တမန်များနှင့် ထိုသူ၏ရှေ့ဝယ် ဖြန့်ခင်းထားသော ကောင်းကင်ဘုံ၏ စည်းစိမ်ချမ်းသာများကို မြင်တွေ့ရသည်။ ကောင်းကင်တမန်များက ထိုသူအား ကမ္ဘာမြေသို့ ပြန်ပို့ခြင်း ခံလိုစိတ်ရှိပါသလောဟု မေးမြန်းရာ မပြန်ချင်ကြောင်း၊ ထိုသူက ဒုက္ခ၊ ဝေဒနာ၊ ရွံပွေးပွေလီမှုများဖြင့် ပြည့်နှက်နေသော နေရာသို့ပြန်သွားရန် ငြင်းဆန်သည်။ ထိုသူ၏ ပြင်းပြသောဆန္ဒမှာ မိမိအား အလ္လာဟ်အရှင်

မြတ်၏ ရှေ့တော်မှောက်သို့ ခေါ်ဆောင်သွားခြင်း ခံရရန်သာဖြစ်မည်။ သို့သော် ကာဖိရ်တစ်ယောက်အား ထိုမေးခွန်းကိုပင် မေးသောအခါ ထိုသူ၏အဖြေမှာ رَبِّ ارْجِعُوْنِ (ကမ္ဘာမြေသို့ ပြန်ပို့ခြင်း ခံရပါလို၏) ဟူ၍ဖြစ်သည်။

كَلَّا ؕ اِنَّهَا كَلِمَةٌ هُوَ قَآئِلُهَا وَ مِنْ وَّرَآئِهِمْ بَرْزَخٌ اِلٰى يَوْمِ يُبْعَثُوْنَ

"အလျှင်း မဖြစ်နိုင်ပြီ။ ဇကန်စင်စစ် ဤသည်ကား ထိုသူသည် (မိမိနှုတ်ဖြင့်သာ) ပြောဆိုနေသော စကားတစ်ခွန်းမျှပင်။ စင်စစ် ၎င်းတို့၏ရှေ့ဝယ် ၎င်းတို့ ရှင်ပြန်ထကြရမည့်နေ့ တိုင်အောင် အကာအဆီးတစ်ခု ရှိနေချေပြီ တကား။" (၂၃း၁၀၀)

بَرْزَخٌ (ဘရ်ဇာခ်)ဆိုသောစကားလုံးသည် အတားအဆီးဟု အဓိပ္ပာယ်ရသည်။ အခြေအနေနှစ်ခု သို့မဟုတ် အရာဝတ္ထုနှစ်ခုအား ပိုင်းခြားထားသောအရာကို ညွှန်းဆိုသည်။ ထို့ကြောင့် 'ဘရ်ဇာခ်'သည် သေဆုံးချိန်နှင့် တရားစီရင်မည့်နေ့၏ ကြားကာလဟု အဓိပ္ပာယ်ရသည်။ ဤအာယသ်တော်၏ ဆိုလိုရင်းမှာ သေဆုံးပြီးနောက် ဤလောကသို့ ပြန်ပို့ခြင်း ခံရလိုသည့် အယူလွဲသူတစ်ဦး၏ ဆန္ဒမှာ အချည်းနှီးသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဘရ်ဇာခ်သို့ ရောက်ရှိနေပြီဖြစ်၍ ပြန်သွားရန် မဖြစ်နိုင်တော့သလို ဒုတိယအကြိမ် အသက်ရှင်ခွင့်ကိုလည်း တရားစီရင်သည့်နေ့တိုင်အောင် ၎င်းအား ပေးခြင်းခံရမည် မဟုတ်ပေ။ ထိုနေ့တွင် သေသူအားလုံးသည် သေရာမှတစ်ဖန် ပြန်ရှင်ကာ ထကြရမည်ဖြစ်သည်။

အာယသ် (၁၀၁-၁၁၅)

فَاِذَا نُفِخَ فِى الصُّوْرِ فَلَاۤ اَنْسَابَ بَيْنَهُمْ يَوْمَئِذٍ وَّ لَا يَتَسَآءَلُوْنَ ﴿۱۰۱﴾ فَمَنْ
ثَقُلَتْ مَوَازِيْنُهٗ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿۱۰۲﴾ وَ مَنْ خَفَّتْ مَوَازِيْنُهٗ
فَاُولٰٓئِكَ الَّذِيْنَ خَسِرُوْۤا اَنْفُسَهُمْ فِىْ جَهَنَّمَ خٰلِدُوْنَ ﴿۱۰۳﴾ تَلْفَحُ وُجُوْهَهُمُ
النَّارُ وَ هُمْ فِيْهَا كٰلِحُوْنَ ﴿۱۰۴﴾ اَلَمْ تَكُنْ اٰيٰتِىْ تُتْلٰى عَلَيْكُمْ فَكُنْتُمْ بِهَا
تُكَذِّبُوْنَ ﴿۱۰۵﴾ قَالُوْا رَبَّنَا غَلَبَتْ عَلَيْنَا شِقْوَتُنَا وَكُنَّا قَوْمًا ضَآلِّيْنَ ﴿۱۰۶﴾
رَبَّنَاۤ اَخْرِجْنَا مِنْهَا فَاِنْ عُدْنَا فَاِنَّا ظٰلِمُوْنَ ﴿۱۰۷﴾ قَالَ اخْسَـُٔوْا فِيْهَا وَ
لَا تُكَلِّمُوْنِ ﴿۱۰۸﴾ اِنَّهٗ كَانَ فَرِيْقٌ مِّنْ عِبَادِىْ يَقُوْلُوْنَ رَبَّنَاۤ اٰمَنَّا فَاغْفِرْ
لَنَا وَ ارْحَمْنَا وَ اَنْتَ خَيْرُ الرّٰحِمِيْنَ ﴿۱۰۹﴾ فَاتَّخَذْتُمُوْهُمْ سِخْرِيًّا حَتّٰۤى
اَنْسَوْكُمْ ذِكْرِىْ وَ كُنْتُمْ مِّنْهُمْ تَضْحَكُوْنَ ﴿۱۱۰﴾ اِنِّىْ جَزَيْتُهُمُ الْيَوْمَ بِمَا
صَبَرُوْۤا ۙ اَنَّهُمْ هُمُ الْفَآئِزُوْنَ ﴿۱۱۱﴾ قٰلَ كَمْ لَبِثْتُمْ فِى الْاَرْضِ عَدَدَ سِنِيْنَ
﴿۱۱۲﴾ قَالُوْا لَبِثْنَا يَوْمًا اَوْ بَعْضَ يَوْمٍ فَسْـَٔلِ الْعَآدِّيْنَ ﴿۱۱۳﴾ قٰلَ اِنْ لَّبِثْتُمْ

اِلَّا قَلِيْلًا لَّوْ اَنَّكُمْ كُنْتُمْ تَعْلَمُوْنَ ﴿١١٤﴾ اَفَحَسِبْتُمْ اَنَّمَا خَلَقْنٰكُمْ عَبَثًا وَّ
اَنَّكُمْ اِلَيْنَا لَا تُرْجَعُوْنَ ﴿١١٥﴾

ထို့နောက် တံပိုးမှုတ်သောအခါ ၎င်းတို့အချင်းချင်းတွင် သွေးတော်စပ်ခြင်းများလည်း အလျှင်း ရှိလိမ့်မည် မဟုတ်ပေ။ အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြမည်လည်း မဟုတ်ချေ။[၁၀၁] ထို့ကြောင့် (ထိုနေ့တွင် ကောင်းမှုဘက်၌) အလေးချိန်သာသောသူတို့သည်သာလျှင် အောင်မြင်မှု ရရှိသူများ ဖြစ်ကြကုန်၏။[၁၀၂] သို့ရာတွင် (ကောင်းမှုဘက်တွင်) အလေးချိန် ပေါ့လျော့နေသူတို့မူကား မိမိတို့ကိုယ်ကို မိမိတို့ပင် ဆုံးရှုံးစေခဲ့သူများ ဖြစ်ကြပေရာ (၎င်းတို့သည်) ဂျဟန္နမ်ငရဲဘုံ၌ ထာဝစဉ် နေထိုင်ကြရပေမည်။ [၁၀၃] (ငရဲ)မီးသည် ၎င်းတို့၏မျက်နှာများကို လောင်ကျွမ်းလျက်ရှိပေမည်။ ထို့ပြင် ၎င်းတို့သည် ယင်းငရဲဘုံ၌ ရုပ်ဆင်းသဏ္ဌာန် ပျက်ယွင်းလျက် ရှိကြမည်ဖြစ်သတည်း။[၁၀၄] (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဤသို့ မိန့်ကြားတော်မူပေမည်။) "ငါ့အရှင်မြတ်၏ အာယတ်တော်များသည် အသင်တို့ရှေ့မှောက်တွင် ဖတ်ကြားခြင်း ခံခဲ့ရသောအခါ၊ အသင်တို့သည် ယင်းအာယတ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်လေ့ရှိခဲ့ကြသည် မဟုတ်လော။"[၁၀၅] ထိုအခါ ၎င်းတို့သည် (ဤသို့) လျှောက်ထားကြပေမည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ (စင်စစ်) ကျွန်တော်မျိုးတို့၏ ကုသိုလ်ကံဆိုးမှုသည် ကျွန်တော်မျိုးတို့အပေါ်၌ လွှမ်းမိုးဖိစီးခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် လမ်းမှားသူများလည်း ဖြစ်ခဲ့ကြပါသည်။[၁၀၆] အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤဂျဟန္နမ်ငရဲဘုံမှ ထုတ်ယူတော်မူပါ၊ တစ်ဖန် အကယ်၍ ကျွန်တော်မျိုးတို့သည် (ဤသို့သော အပြုအမူမျိုးကို) ထပ်မံ၍ပြုလုပ်ခဲ့ကြပါလျှင်၊ ထို အခါ ကျွန်တော်မျိုးတို့သည် ပြစ်မှုကျူးလွန်သူများ အမှန်ပင်ဖြစ်ကြပါမည်။[၁၀၇] (ထိုအခါ) ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်။ အသင်တို့သည် ယင်းဂျဟန္နမ်ငရဲဘုံ၌ ဂုဏ်ရည်သေးသိမ်စွာ မောင်းထုတ်ခြင်းခံရသူများအဖြစ် ရှိနေကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ့အရှင်မြတ်နှင့် အလျှင်း စကားမပြောဆိုကြကုန်လင့်။[၁၀၈]ကောန်စင်စစ် ငါ့အရှင်မြတ်၏ ကျွန်တို့အနက် လူတစ်စုသည် ရှိခဲ့ကြကုန်၏။ ၎င်းတို့သည် (ငါ့အရှင်မြတ် အထံတော်တွင် ဤသို့) လျှောက်ထား ပန်ကြားလျက် ရှိခဲ့ကြကုန်၏။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါသည်၊ ထို့အတွက် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ် ငြိမ်းချမ်းသာခွင့် ပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သနားတော်မူပါ။ စင်စစ်သော်ကား အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာလွန် သနားကြင်နာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်။[၁၀၉] ထိုအခါ အသင်တို့သည် ၎င်းတို့အား ပြက်ရော်ပြောင်လှောင်ဖွယ်ရာများ ပြုလုပ်ခဲ့ကြကုန်၏။ နောက်ဆုံးတွင် ၎င်းတို့အား အသင်တို့၏

ပြက်ချော်မှုသည်အသင်တို့ကိုငါအရှင်မြတ်အားသတိရခြင်းမှမေ့ပျောက်စေခဲ့ကုန်သည်။ ၎င်းပြင် အသင်တို့သည် ထိုသူတို့အပေါ်၌ ရယ်မောလျက်ပင် ရှိခဲ့ကြကုန်၏။[၁၁၀] ယနေ့ ငါအရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ သည်းခံမှုကြောင့် ကောင်းကျိုးကို ချီးမြှင့်တော် မူလိုက်ပြီ။ မုချဖကန် ၎င်းတို့သည်သာ အောင်မြင်သူများ ဖြစ်ကြကုန်သတည်း။[၁၁၁] ထိုအရှင်မြတ်သည် (၎င်းတို့အား) အသင်တို့သည် ကမ္ဘာမြေဝယ် နှစ်ပရိစ္ဆေဒ အရေအတွက်အားဖြင့် မည်မျှကြာအောင် နေခဲ့ကြသနည်းဟု မိန့်ကြားတော်မူမည်။[၁၁၂] (ထိုအခါ) ၎င်းတို့က ကျွန်တော်များတို့သည် တစ်နေ့တိတိသော် လည်းကောင်း၊ တစ်နေ့လျော့လျော့သော်လည်းကောင်း နေခဲ့ကြပါသည်။ သို့ပါ၍ အရှင်မြတ်သည် ရေတွက်သူ(များဖြစ်ကြသော "မလာအိကဟ်" ကောင်းကင်တမန်)တို့အား မေးမြန်း၍ ကြည့်တော်မူပါဟု လျှောက်ထားကြပေမည်။[၁၁၃] ထိုအခါ ထိုအရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူမည်။ အသင်တို့သည် (ကမ္ဘာမြေဝယ်) အနည်းငယ်မျှသာ ကြာမြင့်ခဲ့ကြပေသည်။ အကယ်၍သာ (ဤသည်ကို) အသင်တို့သည် (ယခင်ကပင်) သိရှိခဲ့ကြလျှင် ကောင်းလေစွတကား။[၁၁၄] အသင်တို့သည် မိမိတို့အား ငါအရှင်မြတ်က အချည်းနှီး အကျိုးမဲ့သာ ဖန်ဆင်းတော်မူခဲ့သည်ဟူ၍ လည်းကောင်း၊ အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ ပြန်လည်ရောက်ရှိကြရမည်မဟုတ်ဟူ၍ လည်းကောင်း ထင်မှတ်ခဲ့ကြလေသလော။[၁၁၅]

အကျယ်ဖွင့်ဆိုခြင်း

فَإِذَا نُفِخَ فِي الصُّورِ فَلَا أَنسَابَ بَيْنَهُمْ

"ထို့နောက် တံပိုးမှုတ်သောအခါ ၎င်းတို့အချင်းချင်းတွင် သွေးတော်စပ်ခြင်းများလည်း အလျှင်း ရှိလိမ့်မည် မဟုတ်ပေ။" (၂၃း၁၀၁)

တရားစီရင်တော်မူမည့်နေ့တွင် صور စူရ်တံပိုး နှစ်ကြိမ်မှုတ်မည်။ ပထမအကြိမ်မှုတ်မည့် တံပိုးသံကြောင့် ကမ္ဘာ မြေကြီး၊ မိုးကောင်းကင်များနှင့် ယင်းတို့ကြားရှိ သက်ရှိမှန်သမျှ သေကြေပျက်စီးကြမည်။ ဒုတိယတံပိုးသံထွက်ပေါ်လာသောအခါ သေပြီးသောအရာတိုင်းသည် ပြန်ရှင်လာကြမည်။ ဤသည်ကို အာယသ်တော် ثُمَّ نُفِخَ فِيهِ أُخْرَىٰ فَإِذَا هُمْ قِيَامٌ يَنظُرُونَ "ထို့နောက်တစ်ဖန် ယင်းတံပိုး မှုတ်ခဲ့ပြန်သော် ၎င်းတို့မှာ ရုတ်တရက် မတ်တပ်ရပ်လျက် ကြည့်နေကြပေမည်" (၃၉း၆၈) တွင် ရှင်းလင်း ဖော်ပြထား၏။ အာယသ်တော် ၁၀၁ ပါ တံပိုးမှုတ်ခြင်းသည် ပထမအကြိမ်လော သို့မဟုတ် ဒုတိယအကြိမ်ကို ရည်ညွှန်းခြင်းဖြစ်သည် ဆိုခြင်းအပေါ် အယူအဆ ကွဲလွဲမှုရှိသည်။ အိဗနိ ဂျုဗိုင်းရ်အဆိုအရ စိုက်ယိဒိနာ အိဗနိ အဗ္ဗာစ်ﷺ တွေးတောမိသည်မှာ ပထမစူရ်တံပိုးမှုတ်သည်ကို ရည်ညွှန်းခြင်းဖြစ်သည်။ တစ်ဖက်တွင် စိုက်ယိဒိနာ အဗ္ဒုလ္လာဟ် အိဗနိ မတ်စ်အူးဒ်ﷺက ပြောသည်မှာ ဤသည်ကို ဒုတိယစူရ်တံပိုးမှုတ်ခြင်းကို ရည်ညွှန်းသည်ဟု ဆိုသည်။ အသွာﷺသည် အိဗနိ အဗ္ဗာစ်ﷺကလည်း ထိုရှုထောင့်ကို အထောက်အကူပြုထားကြောင်း ယင်းကို သဖ်စီရ် မဇ်ဟိရီကျမ်းတွင် ဖော်ပြထားခဲ့သည်။ သာဝကြီး အဗ္ဗဒ္ဒလ္လာဟ် အိဗနိ မတ်စ်အူးဒ်ﷺက မိန့်ကြားသည်မှာ တရားစီရင်မည့်နေ့တွင် လူတိုင်းသည် စုရပ် مَحْشَر တွင် စုရုံးခြင်းခံရမည်။ ထိုနေရာတွင် အလ္လာဟ်အရှင်မြတ် ခန့်အပ်တော်မူသော သံတော်ဆင့်သည် တစ်ဦးချင်းအား အမည်၊ အဘအမည်များဖြင့်

တိုက်ဆိုင်စစ်ဆေးမည်။ ထို့နောက် မည်သူမဆို မိမိထံမှ ရသင့်ရထိုက်သည်များရှိပါက ရှေ့ကိုတိုး၍ တောင်းခံ ရယူနိုင်ကြောင်း ဖိတ်ခေါ်လိမ့်မည်။ ဤကြေညာချက်သည် လူတိုင်းအား ကျေနပ်မှု ဖြစ်စေမည်။ သားနှင့်အဖကြား၊ ခင်ပွန်းနှင့်ဇနီးကြား၊ မောင်နှင့်နှမကြား ရသင့်ရထိုက်သည်များ ရှိခဲ့ပါက တောင်းခံရယူကြရမည်။ ဤအခြေအနေကို فَلَآ اَنْسَابَ بَيْنَهُمْ (ၦင်းတို့အချင်းချင်းတွင် သွေး တော်စပ်ခြင်းများလည်း အလျှင်း ရှိလိမ့်မည် မဟုတ်ပေ။၂၃း၁၀၁) ဟု ဖော်ပြထားသည်။ ထို့ပြင် يَوْمَ يَفِرُّ الْمَرْءُ مِنْ اَخِيْهِ ، وَ اُمِّهٖ وَ اَبِيْهِ ، وَ صَاحِبَتِهٖ وَ بَنِيْهِ (အကြင်နေ့တွင် လူသည် ထွက်ပြေး(တိမ်းရှောင်)အံ့။ မိမိညီအစ်ကိုထံမှလည်းကောင်း၊ မိမိအမိထံမှလည်းကောင်း၊ မိမိအဖထံမှ လည်းကောင်း၊ မိမိဇနီးကြင်ရာထံမှလည်းကောင်း၊ မိမိသားသမီးထံမှလည်းကောင်း။ ၈၀း၃၄-၃၆)

မဟ်ရှရ် (တရားစီရင်မည့်နေ့ စုရပ်)တွင် သက်ဝင်ယုံကြည်သူများနှင့် သွေဖည်သူများအကြား အခြေအနေချင်း ကွဲပြား ခြားနားပုံ

အထက်တွင်ဖော်ပြခဲ့သော အခြေအနေမျိုးမှာ မယုံကြည်သွေဖည်သူများနှင့်သာ သက်ဆိုင်ပေသည်။ ၎င်းတို့သည် မိမိတို့၏ တစ်ကိုယ်ကောင်းစိတ်ထားကြောင့် ချစ်ခင်သူများ၊ ရင်းချာသောဆွေမျိုးများကို စွန့်ပစ်ကြမည်။ ယုံကြည်သူများအဖို့မူ အလွှာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ-اَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ "ငါအရှင်မြတ်သည် ၎င်းတို့၏ သားမြေးတို့အား ၎င်းတို့နှင့်အတူ ပူးပေါင်းထားတော်မူမည်။" (၅၂း၂၁) ဖြစ်၏။ ဆိုလိုသည်မှာ မုစ်လင်မ်ကောင်းတို့၏ သားသမီးများ သည် ၎င်းတို့ကိုယ်တိုင်လည်း ယုံကြည်သက်ဝင်သူများ ဖြစ်ကြလျှင် ၎င်းတို့၏မိဘများနှင့် ပေါင်းဆုံပေးခြင်း ခံကြရမည်။ ဟဒီးဆ်တော်တစ်ပုဒ်အရ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့၏။ "တရားစီရင်မည့်နေ့တွင် အရွယ်မရောက်မီ သေဆုံးခဲ့ကြသော မုစ်လင်မ်ကလေးသူငယ်များသည် ဂျန္နတ်မှရေကိုသယ်လျက် ထွက်လာကြမည်။ လူတို့က ရေကို တောင်းခံကြသောအခါ ၎င်းတို့က 'ရေဟာ ကျွန်တော်လိုက်ရှာနေကြတဲ့ ကျွန်တော်တို့ရဲ့ မိဘများအဖို့ပါ'ဟု ပြန်ပြောကြလိမ့်မည်။" ဆိုလိုရင်းအကျဉ်းချုပ်မှာ မဟ်ရှရ်တွင် သွေဖည်ငြင်းပယ်သူများအဖို့ ကူညီမည့်သူမရှိသလို ချစ်သူခင်သူများကို မှတ်မိသူလည်း ရှိလိမ့်မည်မဟုတ်။ မုစ်လင်မ်များအတွက်မူ အခြေအနေမှာ လုံးဝပြောင်းပြန်ဖြစ်သည်။ ယုံကြည်သက်ဝင်သူအချင်းချင်း ကူညီရိုင်းပင်းကြမည့်အပြင် အခြားမုစ်လင်မ်များအတွက် ကြားဝင်ပေးကြပေမည်။

သာဝကကြီးအုမရ်ﷺမှတစ်ဆင့် အိဗနိကဆီးရ်က ဆင့်ပြန်သော ဟဒီးဆ်တော်တစ်ပုဒ်၌လည်း တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့၏။ "တရားစီရင်မည့်နေ့တွင် မျိုးရိုးတော်စပ်မှု၊ သားချင်းတော်စပ်မှုများသည် ပြတ်စဲသွားမည်သို့ရာတွင် တမန်တော်မြတ်ﷺ၏ မျိုးတော်စပ်မှု၊ သားချင်းတော်စပ်မှုများသည် ပြတ်စဲမည် မဟုတ်ပေ။ ပညာရှင်များကဖွင့်ဆိုသည်မှာ မုစ်လင်မ်အမွှမသ်အားလုံးသည် တမန်တော်မြတ်ﷺ၏ မိသားစုဝင်များချည်း ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည် အွမွှသ်၏ဖခင်ဖြစ်ပြီးကြင်ရာတော်များမှာ မိခင်များဖြစ်ကြသောကြောင့်ပင်။

وَ لَا يَتَسَآءَلُوْنَ "အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြမည်လည်း မဟုတ်ချေ။"(၂၃း၁၀၁) သို့ရာတွင် အခြား အာယသ်တော်တစ်ပါးမှာ وَ اَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَسَآءَلُوْنَ "ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့အချင်းချင်းတစ်ဦးဘက်သို့တစ်ဦး လှည့်ကာ အပြန် အလှန် မေးမြန်းကြပေမည်။" (၃၇း၂၇) နောက်အာယသ်နှင့်ပတ်သက်၍ သာဝကကြီး အိဗနိ အဗ္ဗာစ်ﷺက မိန့်ကြားသည်မှာ မဟ်ရှရ်၌ စခန်းများရှိပြီး စခန်းတစ်ခုနှင့်တစ်ခု၌ (စိတ်)အခြေအနေချင်း မတူညီကြချေ။ လူများသည် မဟ်ရှရ် စုရုံးခံရသည့်အတွက် မှင်တက်ကာ စကားမပြောနိုင်ဘဲဖြစ်မည့် အချိန်တစ်ခုရှိသည်။ အခြားအခန်းတစ်ခု၌မူ အလျင်က ၎င်းတို့အပေါ် လွှမ်းမိုးထားသော ထိတ်လန့်တုန်လှုပ်မှု အနည်း

ငယ် ပြေလျော့သည့်အချိန်၌ တစ်ဦးနှင့်တစ်ဦး စကား ပြောဆိုကြပေမည်။ (မဇ်ဟိရီ)

فَمَنْ ثَقُلَتْ مَوَازِيْنُهٗ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿١٠٢﴾

وَمَنْ خَفَّتْ مَوَازِيْنُهٗ فَاُولٰٓئِكَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ فِيْ جَهَنَّمَ خٰلِدُوْنَ ﴿١٠٣﴾

"ထို့ကြောင့် (ထိုနေ့တွင် ကောင်းမှုဘက်၌) အလေးချိန်သာသောသူတို့သည်သာလျှင် အောင်မြင်မှုရရှိသူများ ဖြစ်ကြကုန်၏။ သို့ရာတွင် (ကောင်းမှုဘက်တွင်) အလေးချိန် ပေါ့လျော့နေသူတို့မူကား မိမိတို့ကိုယ်ကို မိမိတို့ပင် ဆုံးရှုံးစေခဲ့သူများ ဖြစ်ကြပေရာ (ငင်းတို့သည်) ဂျဟန္နမ်ငရဲဘုံ၌ ထာဝစဉ် နေထိုင်ကြရပေမည်။" (၂၃း၁၀၂-၁၀၃)

ဤအာယသ်တွင် သက်ဝင်ယုံကြည်သူများနှင့် အယူကွဲသူများအကြား နှိုင်းယှဉ်ချက်၊ ငင်းတို့၏ ပြုကျင့်ဆောင်ရွက်မှုများနှင့် ငင်းတို့အား စောင့်ကြိုနေမည့် အဆုံးသတ်တို့ ပါဝင်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ပြပါရှိသည့် အထောက်အထားများအရ သက်ဝင်ယုံကြည်သူများ၏ အကုသိုလ်ထည့်သော ချိန်ခွင်ခွက်သည် လုံးဝနတ္ထိဖြစ်နေမည်ဖြစ်သော်လည်း မယုံကြည်သွေဖည်သူများ၏ ကုသိုလ်ထည့်သော ချိန်ခွင်ခွက်မှာ ဗလာ ဖြစ်နေမည်။ ကုရ်အာန်၏အခြားတစ်နေရာတွင် "သို့ဖြစ်ပေရာ ငါအရှင်မြတ်သည်လည်း ကိယာမသ် ရှင်ပြန်ထမည့်နေ့တွင် မည်သည့် အလေးချိန်ကိုမျှပင် ငင်းတို့အဖို့ သတ်မှတ်၍ပေးတော်မူမည်မဟုတ်ပေ" (၁၈း၁၀၅) ဟု ပါရှိ၏။ အဓိပ္ပာယ်မှာ တရားစီရင်မည့်နေ့တွင် အယူလွဲသူများနှင့် ငင်းတို့၏ ပြုမူလုပ်ဆောင်ချက်များသည် မည်သည့်အလေးချိန်မျှ ရှိလိမ့်မည်မဟုတ်ပေ။ ဤသည်မှာ ပြည့်ဝသောမုစ်လင်မ် သက်ဝင်ယုံကြည်သူများနှင့် မယုံကြည်သွေဖည်သူများနှင့်ပတ်သက်၍ ဖော်ပြထားခြင်းဖြစ်သည်။ အပြစ်ကျူးလွန်ကြသော မုစ်လင်မ်များအတွက်မူ ငင်းတို့ ပြုကျင့်ခဲ့သည့် ကောင်းမှုနှင့် မကောင်းမှုများကို ချိန်ခွင်၏ခွက်နှစ်ခုတွင်ထည့်၍ ချိန်တွယ်မည်ဆိုသည်မှတစ်ပါး ကုရ်အာန်ကျမ်းမြတ်၌ အခြားသတ်သတ်မှတ်မှတ် ဖော်ပြချက် မရှိခေ။ ထို့အတူ ငင်းတို့ရရှိမည့် အပြစ်ဒဏ်နှင့် ဆုလာဘ်များအကြောင်းကိုလည်း မတွေ့ရပေ။ ဖြစ်နိုင်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်နေစဉ်ကာလအတွင်းက သာဝကကြီးအပေါင်းသည် ဖြောင့်မှန်သူများဖြစ်ကြပြီး ယေဘုယျအားဖြင့် ကြီးမားသော ပြစ်မှုဒုစရိုက်များမှ ကင်းစင်ကြသူများ ဖြစ်ခဲ့ကြ၏။ သို့သော် အကယ်၍ တစ်စုံတစ်ယောက်သည် မရည်ရွယ်ဘဲနှင့် အပြစ်ကျူးလွန်မိခဲ့သည်ရှိသော် ထိုသူသည် နောင်တရသဖြင့် အလ္လာဟ်အရှင်၏ ခွင့်လွှတ်မှုကို ပေးသနားခြင်း ခံခဲ့ရလေသည်။ (မဇ်ဟိရီ)

ကုရ်အာန်ကျမ်းမြတ်တွင် ကောင်းမှုနှင့် မကောင်းမှုများကို ရောယှက်ပြုလုပ်သူများနှင့် ပတ်သက်သည့် အာယသ်တော်တစ်ပုဒ် ပါရှိ၏။ فَلَا نُقِيْمُ لَهُمْ يَوْمَ الْقِيٰمَةِ وَزْنًا "ထိုသူတို့သည် ကောင်းသောအကျင့်အမူနှင့် မကောင်းသောအကျင့်အမူကို ရောနှော ပြုလုပ်ခဲ့ကြလေသည်" (၉း၁၀၂) သာဝကကြီး အဗ္ဗားစ်ﷺက ယင်းသို့သောသူများနှင့် ပတ်သက်၍ မိန့်ကြားခဲ့သည်မှာ အကယ်၍ ငင်းတို့၏ကောင်းမှုသည် မကောင်းမှုထက် ကျော်လွန်ပါက တစ်ခုလေးပင် ပိုသည့်တိုင် ဂျန္နတ်သို့ သွားကြရမည်။ အကယ်၍ မကောင်းမှုတစ်ခုတည်း ပိုသည်ဖြစ်စေ ဂျဟန္နမ်သို့ လားကြရမည်။ သို့ရာတွင် ယုံကြည်သူ မုစ်လင်မ်တစ်ဦးအား ငရဲသို့ပို့ခြင်း၏ ရည်ရွယ်ချက်မှာ ရွှေ၊ သံ စသည့် သတ္တုများတွင် ပါဝင်နေသည့် အညစ်အကြေး များကို ဖယ်ရှားရန်အတွက် မီးအပူပေး၍ သန့်စင်ခြင်းကဲ့သို့ပင် ဖြစ်သည်။ ငင်းတို့တွင် အပြစ်များ ကင်းစင်သွားသည်နှင့် ဂျန္နတ်သို့ ဝင်ခွင့်ရကြပေမည်။ ထို့ပြင်သာဝကကြီး အဗ္ဗားစ်ﷺ၏ အဆိုအရ တရားစီရင်မည့်နေ့တွင် ချိန်ခွင်သည် မည်မျှ တိကျ၍ အသေးစိတ် ချိန်တွယ်နိုင်သနည်းဆိုသော် ဂျုံစေ့လေးတစ်စေ့သည်ပင်လျှင် ချိန်ခွင်လျှာကို စောင်းသွား စေနိုင်၏။ ထို့ပြင် လူတစ်ဦး၏ ကောင်းမှုနှင့် မကောင်းမှု အလေးချိန်ချင်း ညီမျှနေပါက ထိုသူသည် أَصْحَابُ الْأَعْرَافِ (အအ်ရဖ်၏ လူများ)နှင့် သွားပေါင်းရပြီး ဂျန္နတ်နှင့် ဂျဟန္နမ်တို့

အကြားတွင် ၎င်းအတွက် ဆုံးဖြတ်ချက် ကျလာသည့်တိုင်အောင် အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းနေရမည်ဖြစ်သည်။ သို့သော် နောက်ဆုံးတွင် ထိုသူသည်လည်း ဂျန္နတ်သို့ သွားရ ပေလိမ့်မည်။ (အိဗနိ အဗီဟာတင်မ်၊ မဇ်ဟိရီ) အထက်ပါ သာဝကကြီး အဗ္ဒားစ်ﷺ၏ အကြောင်းအရာတွင် အပြစ် ကျူးလွန်သူယုံကြည်သူများနှင့်သာ သက်ဆိုင်ပြီး မယုံကြည်သူများအကြောင်း ဖော်ပြထားခြင်း မရှိပေ။

ပြုမူဆောင်ရွက်ချက်များကို မည်ကဲ့သို့ ချိန်တွယ်မည်နည်း

ပြုမူဆောင်ရွက်ချက်များကို ချိန်တွယ်သည့်နည်းနာနှင့်ပတ်သက်၍ အဆိုအမျိုးမျိုး ရှိ၏။ ထိုအဆိုအားလုံးမှာ ဟဒီးဆ်တော်မှ လာသည်ချည်းပင်ဖြစ်သည်။ အဆိုတစ်ရပ်မှာ ယုံကြည်သက်ဝင်သူများနှင့် မယုံကြည်သူများကို တရားမျှတမှု ချိန်ခွင်တွင်ထည့်၍ ချိန်ခြင်းခံရမည်။ အယူလွဲသူတစ်ဦးသည် မည်မျှ ဝဖြိုးသည်ဖြစ်စေ ချိန်ခွင်လျှာကို တိမ်းစောင်းစေလိမ့်မည် မဟုတ်ပေ။ ဗုခါရီ၊ မုစ်လင်မ်၊ အဗူဟုရိုင်ရဟ်တို့ကို ကိုးကား၍ အခြားအဆိုတစ်ရပ်မှာ ထိုသူတို့၏ ပြုမူဆောင်ရွက်ချက်များကို ရေးမှတ်ထားသည့် ပုရပိုက်လိပ်များကို ချိန်တွယ်မည်။ ဤအဆိုကို သာဝကကြီး အဗ္ဒုလ္လာဟ် အိဗနိအုမရ်ﷺ၏ ဆင့်ပြန်ချက်မှ တိရ်မိဇီ၊ အိဗနိမာဂျာဟ်၊ အိဗနိဟစ်ဗ္ဗာန်တို့က ဖော်ပြသည်။ တတိယအဆိုတစ်ရပ်အရ လူလောကတွင် အလေးချိန်မဲ့ပြီး ထိကိုင်၍မရသော လူတစ်ယောက်၏ ပြုမူဆောင်ရွက်ချက်များကို အစိုင်အခဲအဖြစ် ပြောင်းလွဲစေလျက် တရားစီရင်မည့်နေ့တွင် ချိန်ခွင်ပေါ်တင်၍ ချိန်တွယ်မည်။ ဤအဆိုကို တပ်ရာနီက သာဝကကြီး အိဗနိ အဗ္ဒားစ်ﷺမှတစ်ဆင့် တမန်တော်မြတ်ﷺ၏မိန့်ကြားချက်ကို ဆင့်ပြန်ခဲ့သည်။ ဟဒီးဆ်တော်များအပြည့်အစုံကို တဖ်စီရ်မဇ်ဟိရီတွင် ကြည့်ရှုနိုင်ပါသည်။ အဗ္ဒုလ်ရဇ္ဇာက်က ၎င်း၏စာအုပ်ပါ အခန်း فَضْلُ الْعِلْمِ (အသိပညာ၏ ကောင်းခြင်းများ)တွင် ကိုးကားဖော်ပြထားသည်။ ဟဒီးဆ်တော်တစ်ပုဒ်အဆိုအရ တရားစီရင် မည့်နေ့၌ ပုဂ္ဂိုလ်တစ်ဦး၏ ပြုမူဆောင်ရွက်ချက်များကို ချိန်ခွင်တွင်ထည့်ရာ ချိန်ခွင်လျှာမှာ ညီမျှနေသည်။ ထို့နောက် မိုးတိမ်များနှင့်သဏ္ဌာန်တူသောအရာကို ယူဆောင်လာပြီး ကောင်းမှုချိန်ခွင်ခွက်ထဲသို့ ထည့်လိုက်သောအခါ ယင်း ခွက်မှာ အောက်သို့ အိကျသွားလိမ့်မည်။ ထို့နောက် ထိုသူအား ကောင်းမှုချိန်ခွင်ခွက်ထဲသို့ ဖိချလိုက်သည့် အရာသည် မည်သည့်အရာနည်းဟု မေးမြန်းရာ ထိုသူက မသိပါဟု ပြောကြားလိမ့်မည်။ ထိုအခါ ယင်းအရာသည် အခြားမဟုတ် အသင် ဆည်းပူးလေ့လာခဲ့ပြီး အခြားသူများအား မျှဝေပေးခဲ့သည့် အသိပညာပင်ဖြစ်ကြောင်း ထိုသူအား အသိပေးမည်ဖြစ်သည်။ ဒဟာဗီက သာဝကကြီး အင်မရာန် အိဗနိ ဟုစိုင်ﷺထံမှ ကြားသိရသော ဟဒီးဆ်တော်တစ်ပုဒ်ကို فَضْلُ الْعِلْمِတွင် ထည့်သွင်းဖော်ပြထားခဲ့သည်မှာ တမန်တော်မြတ်ﷺ မိန့်ကြားတော်မူခဲ့၏။ "တရားစီရင်မည့်နေ့တွင် သာသနာ့ အာဏာနည်များ၏သွေးနှင့် ပညာရှင်များ၏မင် (ထိုသူများသည် သာသနာ့စာပေများကိုရေးသားပြုစုခဲ့ကြသည်)တို့ကို ချိန်ခွင်၏တစ်ဖက်စီတွင် ထည့်၍ချိန်ရာ ပညာရှင်များ၏မင်ဘက်မှ အလေးသာသည်ကို တွေ့ရလိမ့်မည်။" (မဇ်ဟိရီ)ချိန်တွယ်ပုံနှင့်ပတ်သက်သည့် အဆိုအမျိုးမျိုးကို တင်ပြပြီးသည့်နောက် တဖ်စီရ် မဇ်ဟိရီတွင် မည်သည့်အဆိုကိုမျှ မဟုတ်တန်ရာဟု မပြောနိုင်ကြောင်း ဆိုခဲ့၏။ ဤသို့ဖြင့် အဆိုသုံးရပ်သည် မညီညွတ်မှု မရှိတော့ပေ။

وَهُمْ فِيهَا كَالِحُونَ "ထို့ပြင် ၎င်းတို့သည် ယင်းဂေဟဘုံ၌ ရုပ်ဆင်းသဏ္ဌာန်ပျက်ယွင်းလျက် ရှိကြမည် ဖြစ်သတည်း။" (၂၃း၁၀၄) كَالِحُونَ စကားလုံးသည် နှုတ်ခမ်းများစေ့၍မရဘဲ သွားများပေါ်ကာ လွန်စွာရုပ်ဆိုးသူ တစ်ယောက်ဟု အဓိပ္ပာယ်ရ၏။ ဆိုလိုသည်မှာ အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းများ လန်နေကာ သွားများ အတိုင်းသား ပေါ်နေသော ဂေဟသို့ ပို့ခံရမည့်သူတစ်သီးတွင် ရှိမည့်ရုပ်သဏ္ဌာန်ကို ပြောခြင်းဖြစ်သည်။

وَلَا تُكَلِّمُوْنِ "ငင်းပြင် အသင်တို့သည် ငါအရှင်မြတ်နှင့် အလျှင်း စကားမပြောဆိုကြကုန်လင့်။" (၂၃း၁၀၈) ဟစန် အလ်ဘစရီ၏အဆိုအရအလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူပြီးသည့်နောက် ငရဲသို့ပစ်ချခြင်းခံရသူများသည် လူသားများကဲ့သို့ စကားပြောဆိုနိုင်တော့မည် မဟုတ်ဘဲ အချင်းချင်း တိရစ္ဆာန်များကဲ့သို့သာ အသံပြုနိုင်ကြတော့မည်။ ဗိုင်ဟကီနှင့် အပေါင်းပါများက မုဟမ္မဒ် အိဗနိ ကအဗ်အား ကိုးကားခြင်ပြောကြားသည်။ ကုရ်အာန်တွင် ဖော်ပြသည်မှာ ငရဲသို့ ပြစ်ဒဏ်ချမှတ်ခံရသောသူများ ငါးခုသောအသနားခံချက်ကို ပြုလုပ်ကြမည်။ ထိုအသနားခံချက် ငါးခုအနက်မှ လေးခုကို ဖြေကြားတော်မူပြီးသည့်နောက် ငါးခုမြောက် အသနားခံချက်အတွက်မူ ငါအရှင်အား စကားမဆိုကြလေနှင့်ဟူ၍ ပြန်ကြားတော်မူခဲ့လေသည်။ သို့အားဖြင့် ဤသည်တို့မှာ ၎င်းတို့ နောက်ဆုံးရွတ်ဆိုခဲ့သော စကားလုံးဖြစ်ကြပြီး နောက်ထပ် စကားပြောနိုင်ကြတော့မည်မဟုတ်ချေ။ (မဇ်ဟိရီ)

အာယသ် (၁၁၆-၁၁၈)

فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ ۚ لَآ اِلٰهَ اِلَّا هُوَ ۚ رَبُّ الْعَرْشِ الْكَرِيْمِ ﴿١١٦﴾ وَمَنْ
يَّدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۙ لَا بُرْهَانَ لَهٗ بِهٖ ۙ فَاِنَّمَا حِسَابُهٗ عِنْدَ رَبِّهٖ ۭ اِنَّهٗ
لَا يُفْلِحُ الْكٰفِرُوْنَ ﴿١١٧﴾ وَقُلْ رَّبِّ اغْفِرْ وَارْحَمْ وَاَنْتَ خَيْرُ الرّٰحِمِيْنَ ﴿١١٨﴾

စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့ အချည်းနှီး ပြုလုပ်တော်မူခြင်းမှ) လုံးဝ ကင်းစင် မြင့်မြတ်လှတော်မူသော၊ ဘုရင်မင်းမြတ် အစစ်အမှန် ဖြစ်တော်မူ၏။ ထို အရှင်မြတ်မှတစ်ပါး ခဝ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်း မရှိပြီ။ (ထိုအရှင်မြတ်သည်) မြင့်မြတ်လှစွာသော "အရ်ရှ်"ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။[၁၁၆] စင်စစ်သော်ကားမည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ်၍ အကြောင်းမဲ့၊ အထောက် အထားမဲ့၊ အခြားကိုးကွယ်ရာ တစ်စုံတစ်ရာကို ဟစ်ခေါ် ဆည်းကပ် ကိုးကွယ်သည်ရှိသော်၊ ထိုသူအား စစ်ဆေးရန်မှာ ၎င်းအား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ် အထံတော်၌သာလျှင် ရှိပေသည်။ မလွဲဧကန် ကာဖိရ်သွေဖည် ငြင်းပယ်သောသူတို့ကား အောင်မြင်မှု ရရှိကြမည် မဟုတ်ပေ။[၁၁၇] ၎င်းပြင် (အို-နဗီတမန်တော်) လျှောက်ထားပန်ကြားလေလော့။ "ကျွန်တော်မျိုး၏ အရှင်မြတ်၊ ခွင့်လွှတ်တော်မူပါ၊ သနားကြင်နာတော်မူပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သနား ကြင်နာသူအပေါင်းတွင် အကောင်းဆုံးဖြစ်တော်မူပါသည်။"[၁၁၈]

အကျယ်ဖွင့်ဆိုခြင်း

ဤစူရဟ်အလ်မုအ်မင်နူန်း၏ နောက်ဆုံးအာယသ်တော်အချို့ဖြစ်သည့် အာယသ်တော် ၁၁၅ မှ ၁၁၈ တွင် ထူးခြားသည့် ကောင်းမြတ်ခြင်း ရှိ၏။ ဘဂါဝီနှင့် သာအ်လဘီတို့က သာဝကကြီး အိဗနိ မတ်စ်အူးန်ﷺထံမှတစ်ဆင့် ကြားသိရသည်မှာ သူသည် နာမကျန်းဖြစ်နေသူတစ်ဦးကို မမျှော်လင့်ဘဲ တွေ့ခဲ့ရ၏။ ထိုအခါ သူက ထိုဖျားနာနေသူ၏

အနီးသို့တိုးကပ်၍ အထက်ပါအာယသ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်လေရာ ထိုသူ၏ဝေဒနာမှာ ပျောက်ကင်းသွားတော့သည်။ တမန်တော်မြတ်ﷺက အသင် ထိုသူ၏ နားနားကပ်၍ မည်သည့်အရာများကို တိုးတိုး ရွတ်ဆိုလိုက်ပါသနည်းဟု မေးမြန်းရာ သာဝကကြီး အဗ္ဒုလ္လာဟ် အိဗနိ မတ်အူးန်ﷺက သူသည် အာယသ်တော် ၁၁၅ မှ ၁၁၈ ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြောင်း ဖြေကြားခဲ့၏။ ထိုအခါ တမန်တော်မြတ်ﷺက ရုတ်ချည်းပင် "ကျွန်ုပ်သည် ကျွန်ုပ်၏ အသက်(ဘဝ)ကို ပိုင်စိုးတော်မူသော အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုပြောမည်။ အကယ်၍ လူတစ်ဦးသည် စစ်မှန်သော ယုံကြည်ချက်ဖြင့် ဤအာယသ်တော်များကို တောင်တစ်တောင်၏အပေါ်တွင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့လျှင် ယင်းတောင်သည် ၎င်း၏နေရာမှ မိမိဖာသာ ရွှေ့ပြောင်းသွားပေမည်"ဟု မိန့်တော်မူခဲ့သည်။ (ကုရ်သုဗီနှင့် မဇ်ဟိရီ)

رَبِّ اغْفِرْ وَ ارْحَمْ "ကျွန်တော်မျိုး၏အရှင်မြတ်၊ ခွင့်လွှတ်တော်မူပါ။ သနားကြင်နာတော်မူပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သနား ကြင်နာသူအပေါင်းတွင် အကောင်းဆုံးဖြစ်တော်မူပါသည်။" (၂၃း၁၁၈) ဤနေရာတွင် ခွင့်လွှတ်ခြင်းနှင့် ကရုဏာကို တောင်းခံရခြင်း အကြောင်းရင်း ဖော်ပြမထားချေ။ မည်သည့်အရာကို ခွင့်လွှတ်ရမည်နည်း။ မည်သူ့အပေါ် ကရုဏာ ထားရှိရပါမည်နည်း။ ထင်ရသည်မှာ ဘေးဒုက္ခအန္တရာယ်များ ကျရောက်ခြင်းမှ ခွင့်လွှတ်ခြင်းကိုလည်းကောင်း၊ အလိုဆန္ဒဟူသမျှကို ဖြည့်စွမ်းပေးတော်မူပါမည့်အကြောင်း ကရုဏာတော်ကို တောင်းခံခြင်းသည်လည်းကောင်း ဖြစ်ဟန်တူပေသည်။ ကာယဒုက္ခကင်းဝေးစေရန်နှင့် ဥစ္စာပစ္စည်းစုဆောင်းရရှိရန်မှာ လူသားတို့ လူပ်ရှားဆောင်ရွက်နေမှုများ၏ အဓိကရည်မှန်းချက်ဖြစ်သဖြင့် ဤဆုတောင်းသည် ဤအချက်နှစ်ခုလုံးကို ခြုံငုံမိပေသည်။(မဇ်ဟိရီ) ထို့ပြင် တမန်တော်မြတ်ﷺအား အပြစ်ကင်းစင်သူဖြစ်သည့်တိုင် ဤခွင့်လွှတ်ခြင်းနှင့် ကရုဏာအတွက် ဆုတောင်းကို ရွတ်ဖတ်သရဇ္ဈာယ်ရန် အမိန့်ပေးတော်မူခဲ့ခြင်း၏ အကြောင်းရင်းမှာ တမန်တော်မြတ်ﷺ၏ နောက်လိုက်များအား ဤဆုတောင်း(ဒုအာ)၏ ထူးမြတ်မှုကို အရေးထားကြစေရန် ဖြစ်ပေသည်။ (ကုရ်သုဗီ)

စူရတ်မုအ်မင်နူန်သည် قَدْ اَفْلَحَ الْمُؤْمِنُوْنَ "ဇကန်မလွဲ(အကြင်) မုအ်မင်န် သက်ဝင်ယုံကြည်သူတို့သည် အောင်မြင်ခဲ့ကြ ချေပြီ" (၂၃း၁) ဖြင့် အစပြုပြီး اِنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ "မလွဲဇကန် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့ကား အောင်မြင်မှုရရှိကြမည် မဟုတ်ပေ" (၂၃း၁၁၇)ဖြင့် အဆုံးသတ်သည်ကို ထောက်ရှု၍ အောင်မြင်မှုသည် ယုံကြည်သက်ဝင်သူများထံသို့သာ ရောက်ရှိလာမည်ဖြစ်ပြီး မယုံကြည်သွေဖည်သူများအတွက် ဝေစုဝေပုံရှိလိမ့်မည် မဟုတ်ကြောင်း သိရပေသည်။

အလ်ဟမ်ဒုလိလ္လာဟ်

ဟစ်ဂျရီသက္ကရာဇ် ၁၄၃၄ ၊ ရှောင်ဝလ်လ ၂၁ ရက် ကြာသပတေးနေ့

ခရစ်သက္ကရာဇ် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် စူရတ်မုအ်မိနူန် အကျယ်ဖွင့်ဆိုခြင်း

မြန်မာဘာသာပြန် ပြီးစီးပါသည်။



سُورَةُ النُّور



စူရာဟ်အန်နူရ်

(a&mijfcnfawmf)



စူရဟ်အန်နူရ်

စူရဟ်အန်နူရ်သည် မဒီနာမြို့၌ ကျရောက်ပြီး ယင်းတွင် အာယသ် (၆၄)နှင့် အပိုဒ်အားဖြင့် (၉)ပိုဒ် ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

စဉ်ဆက်မပြတ် သနားကြင်နာ ညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၂)

سُوۡرَةٌ اَنۡزَلۡنٰهَا وَفَرَضۡنٰهَا وَاَنۡزَلۡنَا فِيۡهَاۤ اٰيٰتٍۢ بَيِّنٰتٍ لَّعَلَّكُمۡ تَذَكَّرُوۡنَ ﴿۱﴾ اَلزَّانِيَةُ وَالزَّانِىۡ فَاجۡلِدُوۡا كُلَّ وَاحِدٍ مِّنۡهُمَا مِائَةَ جَلۡدَةٍ ۖ وَّلَا تَاۡخُذۡكُمۡ بِهِمَا رَاۡفَةٌ فِىۡ دِيۡنِ اللّٰهِ اِنۡ كُنۡتُمۡ تُؤۡمِنُوۡنَ بِاللّٰهِ وَالۡيَوۡمِ الۡاٰخِرِ ۚ وَلۡيَشۡهَدۡ عَذَابَهُمَا طَآئِفَةٌ مِّنَ الۡمُؤۡمِنِيۡنَ ﴿۲﴾

(ဤသည်) ကဏ္ဍတစ်ခုပင် ငါအရှင်မြတ်သည်ပင် ယင်းကဏ္ဍကို ချပေးထားတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည်ပင် ယင်းကဏ္ဍကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့ တရားရကြအံ့သောငှာ ယင်းကဏ္ဍ၌ ထင်ရှားစွာ သော အာယတ်တော်များကို ချပေးတော်မူခဲ့သည်။[၁] ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သော မိန်းမသည်လည်းကောင်း၊ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သော ယောကျ်ားသည်လည်းကောင်း အသင်တို့သည် ၎င်းတို့နှစ်ဦးအနက် တစ်ဦးစီကို ကြိမ်ဒဏ် အချက်ပေါင်းတစ်ရာစီ ရိုက်ကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်ကြလျှင် ၎င်းတို့နှစ်ဦးအပေါ်၌ ကရုဏာသက်ရောက်မှုသည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ကို လိုက်နာဆောင်ရွက်ရာတွင် ချုပ်တည်းခြင်း အလျင်းမရှိစေရ။ ထို့ပြင် ၎င်းတို့နှစ်ဦးအား ပြစ်ဒဏ်ပေးသည်ကို "မုအ်မင်န်" သက်ဝင်ယုံကြည်သူတစ်စုသည် လာရောက် ကြည့်ရှုကြရမည် ဖြစ်သတည်း။[၂]

ဤကဏ္ဍ၏ ဝိသေသလက္ခဏာအချို့

ဤစူရဟ်သည် ယေဘုယျအားဖြင့် အကျင့်သီလစောင့်ထိန်းခြင်းဆိုင်ရာ ရှရီအဟ်၏ စည်းမျဉ်းစည်းကမ်းများနှင့် အမျိုးသမီးများအတွက် 'ဟိဂျာဗ်'ကို ပြဋ္ဌာန်းခြင်းများနှင့် ပတ်သက်၏။ ဤစည်းမျဉ်းစည်းကမ်းများသည် 'ဇိနာ' (ကာမေသုမိစ္ဆာစာရကံ)အတွက် ပြစ်ဒဏ်သတ်မှတ်ချက်နှင့် နီဂုံးချုပ်သည်။ ပြီးခဲ့သောစူရဟ် (အလ်မုအ်မိနူန်)တွင် ဤလောကီနှင့်တမလွန်ဘဝ နှစ်ခုစလုံး၌ အောင်မြင်မှုရရှိရန်အတွက် လိုအပ်သောအခြေခံအရည်အချင်းများကို ဖော်ပြခဲ့၏။ ၎င်းတို့အနက် အရည်အချင်းတစ်ရပ်မှာ ဥပဒေနှင့်ဆန့်ကျင်သော လိင်ကိစ္စများမှ မိမိအရှက်အင်္ဂါများကို စောင့်ထိန်းခြင်းဖြစ်၏။ (အာယတ်တော် ၄) ယခု စူရဟ်က ယင်းအရည်အချင်းကို ရရှိစေရန်အတွက် ရည်ရွယ်လျက် အသေး

စိတ်စည်းမျဉ်းများကို ဖော်ပြထား၏။ ထို့အတွက် ဤစူရဟ်ကို သင်ယူကြရန် အမျိုးသမီးများအား အထူးတလည် ညွှန်ကြားခြင်း ဖြစ်ပေသည်။ သာဝကကြီးအုမရ်ﷺက ကူဖာမြို့မှလူများထံ ညွှန်ကြားချက်တစ်စောင်ထုတ်ရာတွင် အမျိုးသမီးများအား စူရဟ်အန်နူရ်ကို သင်ပေးရန် အကြံပြုခဲ့သည်။

ရှင်းလင်းဖွင့်ဆိုချက်

ဤစူရဟ်၏ ပထမအာယတ်တော်မှာ စူရဟ်ပါ အဓိန့်ပညတ်တော်များကို အထူးအလေးအနက် ထားကြရန် အကြိုစကား မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ယင်း၏နောက် ပထမဦးဆုံး အဓိန့်တော်သည် အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ပြစ်ဒဏ်ပေးခြင်းနှင့် သက်ဆိုင်ပြီး စူရဟ်၏ရည်ရွယ်ချက်နှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ၎င်းမှာ အကျင့်သီလ စောင့်ထိန်းရန် မျက်စိနှင်ပင် မကျူးကျော်ရန် ဖြစ်သည်။ မျက်စိအကြည့်ကို ထိန်းသိမ်းရန် အကြောင်းနှင့် နေအိမ်များအတွင်းသို့ ခွင့်ပြုချက်မရဘဲ မဝင်ရောက်ရန်အကြောင်းတို့မှာ မကြာမီ နောက်မှလိုက်ပါလာမည်ဖြစ်သည်။ အိမ်ထောင်ရေးဖောက်ပြန်မှုကို ကျူးလွန်ခြင်းမှာ လူတစ်ယောက်သည် စိတ်ဆန္ဒအလိုကိုလိုက်၍ ချင့်ချိန်နှိုင်းဆမှုကို ဥပေက္ခာပြုသောအခါတွင် ပေါ်ပေါက်တတ်သည့်အမှုကိစ္စမျိုးဖြစ်သည်။ အလ္လာဟ်အရှင်၏ပညတ်ချက်များကို ပြောင်ပြောင်တင်းတင်း ပုန်ကန်ခြင်းဖြစ်၏။ ထို့ကြောင့်လည်း အစ္စလာမ်တွင် အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ပြစ်ဒဏ်သည် လူသားတို့ကျူးလွန်ကြသည့် အခြားသော ပြစ်မှုများအတွက် ကုရ်အာန်၌ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များနှင့် နှိုင်းယှဉ်လျှင် အပြင်းထန်ဆုံးဖြစ်ပေသည်။ အိမ်ထောင်ရေးဖောက်ပြန်မှုသည် ၎င်းကိုယ်၌က ပြစ်မှုကြီးဖြစ်ရုံမက ၎င်းနှင့်အတူ အခြားအမှုအခင်းများကိုပါ ဆွဲခေါ်လာတတ်သောကြောင့် လူမှုဖွဲ့စည်းပုံစနစ်တစ်ခုလုံးကို ပျက်စီးစေနိုင်သည်။ အကယ်၍ သတ်ဖြတ်မှုများနှင့် ရက်စက်ယုတ်မာမှုများ ဖြစ်ပွားရခြင်းအကြောင်းရင်းကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာစူးစမ်းလျှင် အမှုအများစုသည် အမျိုးသမီးများနှင့် တရားမဝင် ပတ်သက်မှုကြောင့်ဖြစ်ကြောင်း သိရှိရပေလိမ့်မည်။ သို့အတွက်ကြောင့် ဤကဲ့သို့စက်ဆုပ်ဖွယ်ကောင်းသောပြစ်မှုမျိုး လုံးဝပပျောက်စေရန်အလို့ငှာ အစ္စလာမ်ပြစ်ဒဏ်ကို အဖွင့်အာယတ်တော်များတွင် ဖော်ပြခဲ့ခြင်းဖြစ်၏။

အိမ်ထောင်ရေးဖောက်ပြန်ခြင်းသည် ကြီးမားသော ရာဇဝတ်မှုဖြစ်သည့်ပြင် များစွာသောပြစ်မှုများ ပေါင်းဆုံရာလည်း ဖြစ်၏။ ထို့အတွက်ကြောင့် အစ္စလာမ်တွင် ၎င်း၏ပြစ်ဒဏ်သည် လွန်စွာကြီးလေးသည်။

ကျမ်းမြတ်ကုရ်အာန်နှင့် မုတဝါတီရ်အဟာဒီသ်တို့ကိုယ်တိုင်က ပြစ်မှုလေးမျိုး၏ ပြစ်ဒဏ်များကို သတ်မှတ်ပေးခဲ့သည်။ ၎င်းတို့သည် တရားသူကြီး သို့မဟုတ် အစိုးရအုပ်ချုပ်သူ၏ စီရင်ဆုံးဖြတ်ပိုင်ခွင့် မဟုတ်ချေ။ ဤပြစ်ဒဏ်များကို အစ္စလာမ်ဥပဒေသိပ္ပံပညာရပ် အခေါ်အဝေါ်အရ 'ဟုဒူဒ်'ဟုခေါ်သည်။ ဤပြစ်ဒဏ်များမှလွဲ၍ ကျန်ပြစ်မှုများ၏ ပြစ်ဒဏ်များကို သတ်မှတ်မထားချေ။ တရားသူကြီး သို့မဟုတ် အုပ်ချုပ်သူက ပြစ်မှုအမျိုးအစား၊ ကျူးလွန်သူ၏ အနေအထား၊ ပြစ်မှုနောက်ခံစသည့် အချက်များပေါ်တွင်မူတည်၍ ရာဇဝတ်မှုမပြန့်ပွားအောင် ထိန်းချုပ်ရေးဦးတည်ချက်ဖြင့် သင့်တော်သလို ပြစ်ဒဏ်စီရင်ပိုင်ခွင့် ရှိပေသည်။ ယင်းကဲ့သို့ ပြစ်ဒဏ်စီရင်မှုများကို အစ္စလာမ်ဥပဒေသိပ္ပံပညာရပ်တွင် ပြစ်မှုဆိုင်ရာဥပဒေများဟု ခေါ်ဆိုသည်။ အစ္စလာမ် 'ဟုဒူဒ်'များ (၄)ခုရှိ၏။

(၁) ခိုးမှု

(၂) အပြစ်မဲ့ အိမ်နွေးသိကၠာရှိသော အမျိုးသမီးများအား မတရားစွပ်စွဲပြောဆိုမှု

(၃) အရက်သေစာသောက်စားမှု

(၄) အိမ်ထောင်ရေးဖောက်ပြန်မှု (သူတစ်ပါးအိမ်ရာပြစ်မှားမှု)

ဤပြစ်မှုအသီးသီးသည် ဆိုးဝါးရုံသာမက လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးသည့်အပြင် တစ်လောကလုံးကို မကောင်းမှုများဖြင့် ညစ်ထေးစေသည်။ သို့တိုင် အိမ်ထောင်ရေးဖောက်ပြန်မှု သို့မဟုတ် သူတစ်ပါး အိမ်ရာပြစ်မှားမှု၏ ဆိုးကျိုးနှင့် အကျိုးဆက်ကြီးမားပုံမှာ လူတန်ဖိုးများကို ပျက်စီးစေရာတွင် အခြားပြစ်မှုများကို မယှဉ်နိုင်ချေ။

(၁) သူတစ်ပါး၏ ဇနီး၊ သမီး၊ နှမ စသည်များကို စော်ကားကျူးလွန်ခြင်းသည် မိမိကိုယ်မိမိ ဖျက်ဆီးခြင်းမှ တစ်ပါး အခြားမဟုတ်ပေ။ ဂုဏ်သရေရှိယောကျ်ားကောင်းတစ်ဦးအဖို့ ၎င်း၏မိသားစုဝင် အမျိုးသမီးတို့၏ စင်ကြယ်မှု ဆုံးရှုံးရခြင်းသည် ၎င်း၏ဥစ္စာပစ္စည်းနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်းထက် သာပို၍ဆိုးဝါးလှသည်။ ထိုအကြောင်းကြောင့်ပင် မိမိတို့၏မိသားစုဝင် အမျိုးသမီးများ စော်ကားခံရခြင်းအတွက် မိမိတို့၏အသက်များကိုပင် ပဓာနမထားတော့ဘဲ စော်ကားသူကို လိုက်လံသတ်ဖြတ်မှုမျိုးများကို မကြာခဏ ကြုံတွေ့ရခြင်းဖြစ်သည်။ ဤလက်စားချေလိုစိတ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ခြင်းဖြင့် မိသားစု တစ်စုပြီးတစ်စု ပျက်စီးဆုံးရှုံးနေကြလေသည်။

(၂) လူ့အဖွဲ့အစည်းတစ်ခုတွင် တရားမဝင်သော လိင်မှုကိစ္စသောင်းကျန်းလာပါက မိသားစု၏မျိုးရိုးစဉ်ဆက်သည် ပျက်သုဉ်းလေတော့၏။ အမေ၊ နှမ၊ သမီး စသည့်တို့နှင့် လက်ထပ်ခြင်းမပြုရန် တားမြစ်ထားသည်။ သို့သော် ထိုထွတ်မြတ်သော တော်စပ်မှုသည် တဖြည်းဖြည်းပျောက်ကွယ်သည့်အခါ ၎င်းတို့နှင့်လည်း လက်ထပ်နိုင်သည့်အဖြစ် ရောက်သွားသည်။ ဤသည်မှာ အိမ်ထောင်ရေးဖောက်ပြန်မှုထက်ပင် ပို၍ဆိုးဝါးသောပြစ်မှု ဖြစ်လေသည်။

(၃) ကမ္ဘာတစ်ဝှမ်း ပရမ်းပတာဖြစ်မှု၊ ဆူပူနှောင့်ယှက်မှုများကို ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်မည်ဆိုလျှင် အများစုမှာ မိန်းမနှင့်ဥစ္စာပစ္စည်းများကို အကြောင်းခံကြောင်း တွေ့ရှိရသည်။ စည်းကမ်းဥပဒေများကသာလျှင် ငြိမ်ဝပ်ပိပြားရေးကို အာမခံနိုင်မည်ဖြစ်သကဲ့သို့ အမျိုးသမီးများနှင့် ဥစ္စာဓနကိုလည်း သင့်တော်သည့်ပုံစံဖြင့် အကာအကွယ်ပေးနိုင်မည်ဖြစ်၏။ ထို့ပြင် ၎င်းသူတို့အားလည်း သတ်မှတ်ထားသည့်စည်းကို ကျော်ခွင့်မပြုရန် လိုပေသည်။ ဤနေရာတွင် အိမ်ထောင်ရေးဖောက်ပြန်မှု၏ဆိုးဝါးပုံကို မီးမောင်းထိုးပြရန် ရည်ရွယ်သည်မဟုတ်။ အထက်တွင် ဖော်ပြခဲ့သော အချက်များသည် ဤပြုကျင့်မှု၏ဆိုးဝါးပုံများကို လူ့အဖွဲ့အစည်းက သိရှိရန် လုံလောက်ပေသည်။ ထို့ကြောင့်ပင် အစွလာမ်က ဖောက်ပြန်မှုအတွက်ပြစ်ဒဏ်ကို အခြားပြစ်မှုများထက် ပိုမိုပြင်းထန်အောင် သတ်မှတ်ထားခြင်း ဖြစ်သည်။ ပြစ်ဒဏ်ကို အာယတ်တော်၌ အောက်ပါစကားလုံးများဖြင့် ဖော်ပြထား၏။

الزَّانِيَةُ وَالزَّانِي فَاجْلِدُوا كُلَّ وَاحِدٍ مِّنْهُمَا مِائَةَ جَلْدَةٍ

ကာမေသုမိစ္ဆာစာရက်ကျူးလွန်သော မိန်းမသည်လည်းကောင်း၊ ကာမေသုမိစ္ဆာစာရက် ကျူးလွန်သော ယောကျ်ားသည်လည်းကောင်း အသင်တို့သည် ၎င်းတို့နှစ်ဦးအနက် တစ်ဦးစီကို ကြိမ်ဒဏ်အချက်ပေါင်းတစ်ရာစီ ရိုက်ကြလေကုန်။ (၂၄း၂)

ကာမေသုမိစ္ဆာစာရက်ကျူးလွန်သော အမျိုးသမီးကို ဦးစွာဖော်ပြပြီး နောက်မှ အမျိုးသားကိုဖော်ပြသည်။ နှစ်ဦးစလုံးအတွက် ပြစ်ဒဏ်မှာ အတူတူပင် ဖြစ်သည်။ အမိန့်ပညတ်တော်များ၏ အစဉ်အလာသဘောမှာ များသောအားဖြင့် အမိန့်တော်သည် အမျိုးသားများကိုသာ ရည်ညွှန်း၍ ထုတ်ပြန်သယောင်ရှိသော်လည်း ၎င်းအမိန့်တော်တွင် အမျိုးသမီးများပါ အကျုံးဝင်ကြောင်း သွယ်ဝိုက်၍ သိနိုင်ပေသည်။ အမျိုးသမီးများကို သီးခြားရည်ညွှန်းရန် မလိုအပ်သည့်သဘောဖြစ်၏။ ကုရ်အာန်ကျမ်းမြတ်တစ်စောင်လုံးတွင် အမိန့်ပညတ်များ ထုတ်ပြန်ရာ၌ **يَا أَيُّهَا الَّذِينَ آمَنُوا** စကားစုဖြင့် ပုလ္လင်ကို အသုံးပြုသည့်တိုင် အမျိုးသမီးများလည်း ယင်းအထဲတွင် အပါအဝင် ဖြစ်ပေသည်။ အလ္လာဟ်

တအာလာသည် အမျိုးသမီးများအား မိမိတို့ကိုယ် မိမိတို့ လုံခြုံအောင် ဖုံးလွှမ်းထားရန် ပညတ်တော်မူသည့်နည်းတူ လူသားတစ်ရပ်လုံး နှင့် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် ထုတ်ပြန်သော အမိန့်ပညတ်တော်များတွင် အမျိုးသမီးများကို ဖော်ညွှန်းခြင်းမပြုဘဲ မြွှုပ်ထားခြင်းမှာ ဉာဏ်ပညာအမြော်အမြင် ဖြစ်နိုင်ကောင်း၏။ သို့သော် ဤသည့် အမိန့်ပညတ်တော်များသည် အမျိုးသားများနှင့်သာသက်ဆိုင်ပြီး အမျိုးသမီးများအတွက်သက်သက် မိန့်ကြားတော်မူခဲ့၏။ ဥပမာ- **وَأَقِمْنَ الصَّلَاةَ وَآتِينَ الزَّكَاةَ** (၃၃း၃၃) ထို့ပြင် အမျိုးသား၊ အမျိုးသမီး နှစ်ရပ်လုံးကိုရည်ညွှန်းရန်ဖြစ်ပါက ထားရှိသည့် အစီအစဉ်မှာ ပထမအမျိုးသား၊ ထို့နောက်မှ အမျိုးသမီး ဖြစ်လေ့ရှိ၏။ ခိုးမှုအတွက် ပြစ်ဒဏ်သတ်မှတ်သော အာယတ်တော် **وَالسَّارِقُ وَالسَّارِقَةُ فَاقْطَعُوا أَيْدِيَهُمَا** "ခိုးသူယောကျ်ားဖြစ်စေ၊ ခိုးသူမိန်းမပင်ဖြစ်စေ အသင်တို့သည် ၎င်းတို့ နှစ်ဦးစလုံး၏ လက်များကို ဖြတ်တောက်ကြလေကုန်" (၅း၃၈)၌ ထိုအစီ အစဉ်အတိုင်း ခိုးသူယောကျ်ား အရင်၊ ခိုးသူမိန်းမ နောက်ဖော်ပြခဲ့သည်။ သို့သော် အိမ်ထောင်ရေးဖောက်ပြန်သည့် ပြစ်မှုတွင်မူ အမျိုးသမီးကို အကြောင်းတိုက်ဆိုင်၍ သာမန်ဖော်ပြရုံဖြင့် လုံလောက်သည်ဟုသဘောမထားဘဲ တိတိပပ ရည်ညွှန်းရန်လိုအပ်ခဲ့၏။ ဒုတိယအချက်မှာ အမျိုးသမီးကို အမျိုးသားထက်အလျင် ဦးစားပေးဖော်ပြသည်။ ဤနေရာတွင် ဉာဏ်ပညာမြော်မြင်မှုအချက်များစွာပါရှိ၏။ ဦးစွာပထမ အမျိုးသမီးများမှာ အားနွဲ့သူများအဖြစ် သတ်မှတ်ခံရပြီး ၎င်းတို့၏ ကိုယ်ကာယအတွက် ထောက်ထားညှာတာဖွယ်ရာဖြစ်သည်။ အကယ်၍၎င်းတို့အား သတ်သတ်မှတ်မှတ်မဖော်ပြခဲ့လျှင် အမျိုးသမီးများသည် ဤပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရကြသူများဖြစ်သည်ဟု ထင်မှတ်မှားနိုင်ပေသည်။ အမျိုးသမီးကို ရှေ့တန်းတင်၍ ဖော်ပြထား၏။ အဘယ်ကြောင့်ဆိုသော် ဖောက်ပြန်မှုသည် ရိုင်းစိုင်းသောအမှုကိစ္စဖြစ်၍ သူမအနေဖြင့် ဤကဲ့သို့အမှုမျိုးကို ကျူးလွန်ရန်မှာ လွန်စွာမှ အကြောက်တရားကင်းမဲ့ခြင်းနှင့် အရေးမထားခြင်းများ ရှိမှဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် သဘာဝတရားက သူမ၏စရိုက်တွင် အရှက်အကြောက်ကို ထည့်ထားပေးသည့်ပြင် စင်ကြယ်မှုကို စောင့်ထိန်းရန်လည်း တိုက်တွန်းနေသောကြောင့်ဖြစ်၏။ သဘာဝတရားကပင် အမျိုးသမီးတို့၏ လုံခြုံမှုအတွက် အရာများစွာပေးအပ်ထား၏။ သို့အတွက်ကြောင့် သူမဘက်မှ ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ခြင်းသည် အမျိုးသားဘက်မှ ကျူးလွန်ခြင်းထက် ပို၍ လေးနက်ပေသည်။ ဤသည်နှင့်ဆန့်ကျင်၍ ခိုးမှု၌မူ အမျိုးသားများအတွက် ပို၍ကြီးသောပြစ်မှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား အလ္လာဟ်တအာလာက ခွန်အားကို ချီးမြှင့်ထား တော်မူသည်။ ထိုအလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသည့် ဆုလာဘ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ အမျိုးသားသည် အလ္လာဟ်အရှင်မြတ်၏ဆုလာဘ်ကို အခွင့်အရေးယူလျက် အလုပ်လုပ်ကာ ဝမ်းစာရှာရန် လိုအပ်သည်။ သူတစ်ပါးပစ္စည်း ခိုးယူခြင်းဖြင့် အသက်မွေးရန်မဟုတ်ပေ။ ခိုးခြင်းသည် ထိုသူအတွက် ရှက်ဖွယ်နှင့် ဒုစရိုက်ပင် ဖြစ်သည်။ အမျိုးသမီးများတွင် ထိုအခြေအနေမျိုးကို မရရှိကြသည့်အတွက် အကယ်၍ သူမတို့သည် ခိုးမှုကို ကျူးလွန်သည်ရှိသော် သူမတို့၏ ပြစ်မှုမှာ နှိုင်းယှဉ်၍ဆိုရလျှင် အမျိုးသားတို့၏ပြစ်မှုလောက် မကြီးမားချေ။

فَاجْلِدُوا (၂၄း၂)တွင် **جلد**စကားလုံးမှာ 'ကြာပွတ်ဖြင့်ရိုက်သည်'ဟု အဓိပ္ပာယ်ရသည်။ **جِلْد** (သားရေ) ဆိုသည့်စကားလုံးမှ ဆင်းသက်လာသည်။ အချို့ရှင်းလင်းဖွင့်ဆိုသူများက **جلد**စကားလုံးကိုသုံးခြင်းမှာ ရိုက်ချက်သည် အလယ်အလတ် ဖြစ်စေရန် (တစ်နည်း) အရေပြားကိုထိခိုက်ရုံမျှသာဖြစ်ပြီး အသားထဲထိ နက်ဝင်မသွားစေရန် သွယ်ဝိုက်ညွှန်းဆိုခြင်းဖြစ်သည်ဟု အကြံပြုကြသည်။ တမန်တော်မြတ်ﷺ ကိုယ်တော်တိုင်ကလည်း ရိုက်ချက်ပြင်းလွန်းသဖြင့် အသားများ စုတ်ပြတ်သွားခြင်း မဖြစ်ရန် လည်းကောင်း၊ ရိုက်ချက်ပျော့လွန်း၍ မနာကျင်ဘဲရှိနေမည်စိုး၍ လည်းကောင်း ကြိမ်ဒဏ်ကို အလယ်အလတ်ချိန်၍ ဆောင်ရွက်ရန် တိုက်တွန်းတော်မူခဲ့သည်။ တမန်တော်မြတ်ﷺ၏ အဟဒီးစ်ကို ဆင့်ပြန်ပြော သူအဆင့်ဆင့်မှ ထပ်ဆင့် ထုတ်ပြန်ခဲ့ကြသည်။

ကြိမ်ဖြင့် အချက်၁၀၀ ရိုက်ရန်ပြစ်ဒဏ်သည် အိမ်ထောင်မရှိသူ ယောကျ်ား မိန်းမများအတွက် ဖြစ်သည်။ အိမ်ထောင်သည်များအတွက် ပြစ်ဒဏ်မှာ သေသည့်တိုင် ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ခြင်းဖြစ်သည်။

ဤအချက်နှင့်ပတ်သက်၍ မှတ်သားထိုက်သည်မှာ အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် အမိန့်တော်များမှာ တဖြည်းဖြည်းချင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပေါ့သောပြစ်ဒဏ်မှ ပြင်းထန်သောပြစ်ဒဏ်သို့ ပြောင်းရွှေ့သွားသည်။ ကုရ်အာန်ကျမ်းမြတ်တွင် ဖော်ပြခဲ့သည့်အတိုင်း အရက်ကို တဖြည်းဖြည်းချင်း တားမြစ်သကဲ့သို့ပင် ဖြစ်၏။ ဤအကြောင်း အသေးစိတ်ကို ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ အိမ်ထောင်ရေးဖောက်ပြန်မှုအပေါ် ပထမဦးဆုံး အမိန့်ပညတ်မှာ စူရတ်အန်နိစာ၏ အာယတ်တော် ၁၅ နှင့် ၁၆ တို့ ဖြစ်ကြသည်။ ယင်းတို့မှာ-

وَاللَّاتِي يَأْتِينَ الْفَاحِشَةَ مِن نِّسَائِكُمْ فَاسْتَشْهِدُوا عَلَيْهِنَّ أَرْبَعَةً مِّنكُمْ ۖ فَإِن شَهِدُوا فَأَمْسِكُوهُنَّ فِي الْبُيُوتِ حَتَّىٰ يَتَوَفَّاهُنَّ الْمَوْتُ أَوْ يَجْعَلَ اللَّهُ لَهُنَّ سَبِيلًا. وَاللَّذَانِ يَأْتِيَانِهَا مِنكُمْ فَآذُوهُمَا ۖ فَإِن تَابَا وَأَصْلَحَا فَأَعْرِضُوا عَنْهُمَا ۗ إِنَّ اللَّهَ كَانَ تَوَّابًا رَّحِيمًا

"ထို့ပြင်တစ်ဝ အသင်တို့၏ဇနီးမိန်းမတို့အနက်မှ အကြင်မိန်းမတို့သည် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြပါလျှင် အသင်တို့သည် ထိုဇနီးမိန်းမများအပေါ်၌ မိမိတို့အနက်မှ (ယောကျ်ား)လေးယောက်တို့ကို သက်သေထားရှိကြလေကုန်။ အကယ်၍ ထိုသူလေးဦးတို့က (အမှန်အကန်) သက်သေခံခဲ့ကြပါမူ အသင်တို့သည် ယင်းမိန်းမတို့အား အိမ်များအတွင်း၌ ထိုသူမတို့ အသက်သေဆုံးသည်တိုင်အောင်ဖြစ်စေ၊ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည် ထိုသူမတို့အဖို့ တစ်စုံတစ်ရာနည်းလမ်းကို ပြုလုပ်ပေးသည့်တိုင်အောင်ဖြစ်စေ အကျဉ်းချထားကြလေကုန်။ (၄း၁၅) ၎င်းပြင် အသင်တို့အနက်မှ အကြင်သူနှစ်ဦးတို့သည် ယင်းကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြပါမူ အသင်တို့သည် ထိုသူနှစ်ဦးကို ဒုက္ခပေးကြလေကုန်။ တစ်ဖန် အကယ်၍ ထိုသူ တို့နှစ်ဦးသည် (နောင်တတရားရရှိကာ မိမိတို့ အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခြင်းငှာ) ဝန်ချတောင်းပန်ကြ၍ (မိမိတို့ကိုယ်ကို) ပြုပြင်သွားခဲ့ကြပါမူ အသင်တို့သည် ယင်းသူတို့နှစ်ဦး(အား ဒုက္ခပေးခြင်း)မှ ရှောင်ရှားကြလေကုန်။ ဇကာနိစင်စစ် အလ္လာဟ်အရှင်မြတ်သည် (ဝန်ချ တောင်းပန်သူများဘက်သို့) အကြိမ်ကြိမ် ကရုဏာတော်နှင့် ပြန်လှည့်တော်မူသောအရှင်၊ အလွန်သနားညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။ (၄း၁၆)

အထက်ပါ အာယတ်တော်နှစ်ရပ်၏ အသေးစိတ်ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်များကို စူရတ်အန်နိစာ ခေါင်းစဉ်အောက်တွင် ပေးခဲ့ပြီးဖြစ်၏။ ၎င်းတို့ကိုထပ်မံဖော်ပြခြင်းဖြင့် ကာမေသုမိစ္ဆာစာရမှုအတွက် ပြစ်ဒဏ်၏ ပဏာမအဆင့်ကို မှတ်မိစေရန် ဖြစ်၏။ ဤအာယတ်တော်များ အိမ်ထောင်ရေးဖောက်ပြန်မှု အမှန်တကယ်ဖြစ်ကြောင်း ခိုင်မာစေရန်အတွက် အမျိုးသားသက်သေ ၄ ဦး လိုအပ်ကြောင်း ဖော်ပြထားသည်။ ဒုတိယအချက်မှာ ပြစ်ဒဏ်အနေဖြင့် အမျိုးသမီးအား အိမ်တွင်းအကျဉ်းချထားရန်လည်းကောင်း၊ ကျူးလွန်သူ နှစ်ဦးစလုံးအား ဒုက္ခခံစားစေရန်လည်းကောင်း ပြဋ္ဌာန်း၏။ တစ်ချိန်တည်းမှာပင် ဤသည်မှာ အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် နောက်ဆုံး အမိန့်ပညတ်ချက်မဟုတ်ကြောင်း နောက်ထပ် အမိန့်ညွှန်ကြားချက်များ ဆက်လက်ထုတ်ပြန်တော်မူဦးမည့်အကြောင်း အရိပ်အမြွက် မိန့်တော်မူသည်။ ဤသည်မှာ "أَوْ يَجْعَلَ اللَّهُ لَهُنَّ سَبِيلًا" အလ္လာဟ်အရှင်မြတ်သည် ထိုသူမတို့အဖို့ တစ်စုံတစ်ရာနည်း

လမ်းကို ပြုလုပ်ပေးသည့်တိုင် (၄:၁၅)"၏ အဓိပ္ပာယ်ပင် ဖြစ်လေသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း အမျိုးသမီးများအား အိမ်တွင်းအကျဉ်းချထားရန်နှင့် နှစ်ဦးစလုံးအား ဒုက္ခ ခံစားစေရန်ဟူသည် ပြစ်ဒဏ်များမှာ ထိုခေတ်အချိန်က လုံလောက်သောပြစ်ဒဏ်များပင် ဖြစ်သည်။ သို့ရာတွင် ဒုက္ခ ခံစားစေရမည့် အကန့်အသတ်၊ ပမာဏနှင့် ပုံစံများကိုမူ ဖွင့်ဆိုမထားချေ။ ကုရ်အာန်၏စကားသုံးနှုန်းမှုအရဆိုလျှင် အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ကနဦးပြစ်ဒဏ်မှာ ပြင်းထန်စွာ ဒဏ်ခတ်ရန်ဖြစ်သည်။ မည်ရွေ့မည်မျှ ပြင်းထန်ရမည်ဆိုခြင်းကို ရှရီအဟ်က သတ်မှတ်ပေးမထားဘဲ တရားသူကြီး သို့မဟုတ် အုပ်ချုပ်သူအစိုးရအား ဆုံးဖြတ်ပိုင်ခွင့် ပေးထား၏။ ယင်းကို 'တအ်ဇီးရ်' ဟုခေါ်သည်။ စူရဟ်အန်နူရ်ပါ ယခုအာယတ်တော်များ ကျရောက်လာသောအခါ သာဝကကြီး အဗ္ဗဒ္ဒလ္လာဟ် အိဗ်နုအဗ္ဗာစ်(ﷺ)က စူရဟ်အန်နိစာတွင် ကတိထားတော်မူခဲ့ သော أَوْ يَجْعَلَ اللَّهُ لَهُنَّ سَبِيلًا "အလ္လာဟ်အရှင်မြတ်သည် ထိုသူမတို့အဖို့ တစ်စုံတစ်ရာနည်း လမ်းကို ပြုလုပ်ပေး သည့်တိုင် (၄:၁၅)"ပင် ဖြစ်ပေသည်ဟု ပြောဆိုခဲ့၏။ ထို့ကြောင့် ယခုမူ စူရဟ်အန်နူရ်ပါ ဤအာယတ်တော်က အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးကို ကြိမ်လုံး သို့မဟုတ် ကြာပွတ်ဖြင့် အချက်တစ်ရာရိုက်ရန် ပြဋ္ဌာန်းခဲ့လေပြီ။ ထို သည့်နောက် သာဝကကြီး အဗ္ဗဒ္ဒလ္လာဟ် အိဗ်နုအဗ္ဗာစ်(ﷺ)သည် ကာမေသုမိစ္ဆာစာရမှု ကျူးလွန်သည့် အိမ်ထောင်မရှိ သော ယောကျ်ားနှင့် မိန်းမတို့ကို ကြိမ်ဒဏ် ၁၀၀ စီ ပေးခဲ့သည်။ ထို့နောက် ပြောသည်မှာ-

الرجم للثّيب والجلد للبكر

> ပြဋ္ဌာန်းသည်မှာ အကယ်၍ အိမ်ထောင်ရှင်အမျိုးသားနှင့် အမျိုးသမီးတို့သည် ဤပြစ်မှုကို ကျူးလွန်ပါက ၎င်းတို့အား သေသည့်တိုင်အောင် ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ရမည်။ အိမ်ထောင်မရှိသူ တရားခံအတွက် ပြစ်ဒဏ်မှာမူ ကြိမ်ဒဏ် ၁၀၀ ဖြစ်သည်။
>
> (ဆွဟီဟ် ဗုခါရီ၊ ကိတာဗ်ဗွတ်တဖ်စီရ်၊ စာမျက်နှာ-၆၅၇)

စူရဟ်အန်နူရ်၏ အာယတ်တော်၌ အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် အချက် ၁၀၀ ရိုက်ရမည်ဆိုသော်လည်း အမျိုးအစားခွဲခြားမှု မပါဝင်ပေ။ ထို့ကြောင့် ထင်ရှားသည်မှာ သူသည် အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ခြင်းနှင့် ကာမေသုမိစ္ဆာစာရမှုအတွက် ကြိမ်ဒဏ် ၁၀၀ ဆိုသည့်ပြစ်ဒဏ်များကို အခြားခိုင်လုံသော ဟဒီးဆ်တော်အချို့မှ တွေ့ရှိခဲ့ခြင်း ဖြစ်ရပေမည်။ ထို့ပြင် သာဝကကြီး အုဗာဒဟ် အိဗ်နု စာမစ်(ﷺ) မှ တစ်ဆင့် ဆွဟိဟ်မွတ်စလင်မ်၊ မုစ်နာဒ်အဟ်မဒ်၊ စူနာန်နဆာအီ၊ အဗူဒါဝူဒ်၊ တိရ်မိဇီနှင့် အိဗ်နုမာဂျဟ်တို့က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့၏။

خذوا عنّي خذوا عني قد جعل الله لهنّ سبيلا، البكر بالبكر جلد مائة وتغريب عام، والثّيب بالثّيب جلد مائة والرّجم (ابن كثير)

> ကျွန်ုပ်ထံမှ အသိပညာကို ရယူကြလော့။ အလ္လာဟ်တအာလာက ယခု 'အမျိုးသမီးများအတွက် နည်းလမ်း' (ယခင်က အလ္လာဟ်အရှင်မြတ် ကတိထားတော်မူခဲ့သော)ကို ပြဋ္ဌာန်းတော်မူလိုက်ပြီ။ ကျွန်ုပ်ထံမှ အသိပညာကို ရယူကြကုန်လော့။ ၎င်းမှာ အိမ်ထောင်မရှိသော အမျိုးသားနှင့် အမျိုးသမီးအတွက် ကြိမ်ဒဏ် ၁၀၀ နှင့် နယ်နှင်ဒဏ် တစ်နှစ် ဖြစ်သည်။ အိမ်ထောင်ရှင် အမျိုးသားနှင့် အမျိုးသမီးအတွက် ကြိမ်ဒဏ် ၁၀၀ နှင့် ခဲဖြင့်ပေါက်သတ်ခြင်း ဖြစ်ပေသည်။

ဟဒီးစ်တော်တွင် အိမ်ထောင်မရှိသော အမျိုးသားနှင့် အမျိုးသမီးအတွက် စူရဟ်အန်နူရ်၌ ပြဋ္ဌာန်းခဲ့သော ကြိမ်ဒဏ် ၁၀၀ အပြင် ကျူးလွန်သူအမျိုးသားအား တစ်နှစ် နယ်နှင်ဒဏ်ပေးရန်ကိုပါ ထပ်မံထည့်သွင်း ဖော်ပြထား၏။

ဤနေရာတွင် ကျူးလွန်သူအမျိုးသားအား တစ်နှစ် နယ်နှင်ဒဏ်ပေးခြင်းသည် မပြုမနေရလား သို့မဟုတ် တရားသူကြီး၏ ဆုံးဖြတ်ပိုင်ခွင့်လား (တရားသူကြီးက လိုအပ်သည်ဟု ထင်မြင်ယူဆပါမှ ထိုသူအား နယ်နှင်ဒဏ်ပေးရမည်လား။) ဆိုသည်နှင့်ပတ်သက်၍ ဓမ္မပညာရှင်များကြားတွင် ယူဆပုံကွဲလွဲလျက် ရှိ၏။ အိမာမ် အဒ်ဇွမ် အဗူဟနီဖာ رحمه الله က တရားသူကြီး၏ စီရင်ဆုံးဖြတ်ပိုင်ခွင့် ဖြစ်သည်ဟု ယူဆ၏။ ဒုတိယအနေနှင့် ဤဟဒီးစ်တော်အရ အိမ်ထောင်ရှင် အမျိုးသားနှင့် အမျိုးသမီးကို ခဲပေါက်သတ်ခြင်းမပြုမီ ကြိမ်ဒဏ် ၁၀၀ ကို အရင်ပေးရဦးမည်ဖြစ်သည်။ သို့သော် အခြားဟဒီးစ်များအရလည်းကောင်း၊ တမန်တော်မြတ် ﷺ နှင့် ပထမခလီဖာကြီးလေးပါးတို့၏ ဆောင်ရွက်ပုံများကို ထောက်ရှု၍လည်းကောင်း ပြစ်ဒဏ်နှစ်ခုကို တစ်ပေါင်းတည်းမပေးရန် အတည်ပြုခဲ့ကြသည်။

အိမ်ထောင်ရှင်များအား ခဲပေါက်သတ်ခြင်း ပြစ်ဒဏ်ကိုသာ ပေးရန်ဖြစ်၏။ ဤဟဒီးစ်တော်တွင် မှတ်သားရမည့် အဓိကအချက်မှာ တမန်တော်မြတ် ﷺ က စူရဟ်အန်နိစာ၏အာယတ်တော် "أَوْ يَجْعَلَ اللَّهُ لَهُنَّ سَبِيلًا အလ္လာဟ် အရှင်မြတ်သည် ထိုသူမတို့အဖို့ တစ်စုံတစ်ရာနည်းလမ်းကို ပြုလုပ်ပေး သည့်တိုင် (၄း၁၅)"ကို ရှင်းပြခဲ့သည်။ ရှင်းပြနေရင်း သူသည် စူရဟ်အန်နူးရ်တွင် ဖော်ပြခဲ့သည့် ကြိမ်ဒဏ် ၁၀၀ အပြင် အချို့အချက်များကို ထပ်မံဖြည့်စွက်ခဲ့သည်။ ဤအချက်များမှာ-

(၁) ကြိမ်ဒဏ် ၁၀၀ မှာ အိမ်ထောင်မရှိသူ ယောကျ်ားနှင့်မိန်းမအတွက်သာလျှင် ဖြစ်သည်။

(၂) နယ်နှင်ဒဏ် တစ်နှစ်ကို ထပ်တိုးသည်။

(၃) ရဂျမ် သို့မဟုတ် ကျောက်ခဲနှင့်ပစ်ပေါက်ခြင်း (အိမ်ထောင်ရှင် ယောကျ်ားနှင့်မိန်းမအား ကျောက်ခဲဖြင့် သေသည့်တိုင် ပစ်ပေါက်ခြင်း) တို့ဖြစ်ကြသည်။

သို့ရာတွင် ထင်ရှားသည်မှာ တမန်တော်မြတ် ﷺ ၏ စူရဟ်အန်နူးရ်၏အာယတ်တော်သို့ ထပ်မံဖြည့်စွက်မှုများမှာ အလ္လာဟ်တအာလာ၏ အမိန့်တော်အရသာလျှင်ဖြစ်ကြောင်း "إِنْ هُوَ إِلَّا وَحْيٌ يُوحَىٰ ယင်းပြောဆိုမှုကား (အလ္လာဟ် အရှင်မြတ် အထံတော်မှ) ထုတ်ပြန်ခြင်းခံရသော ထုတ်ပြန်ချက်သာလျှင် ဖြစ်ချေသည်။ (၅၃း၄)" အရ သိနိုင်ပေသည်။ တမန်တော်မြတ် ﷺ အဖို့လည်းကောင်း တမန်တော်မြတ် ﷺ ထံမှ တိုက်ရိုက်ကြားနာရသူများအဖို့လည်းကောင်းမှ၊ ပါဠိတော်များသည် ကုရ်အာန်ပုံစံအသွင်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ မြင့်မြတ်မှုမှာ အတူတူပင်ဖြစ်သည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က ဤအိမ်ထောင်ရှင်ဖောက်ပြန်သူအား ခဲပေါက်သတ်ခြင်း ပြစ်ဒဏ်ကို သူ၏ သာဝကကြီးများစွာ၏ရှေ့မှောက်၌ ကျင့်သုံးခဲ့သည်။ တမန်တော်မြတ် ﷺ က မာအိဇ်နှင့် ဂါမိဒီယတ် တို့အား ရဂျမ် သို့မဟုတ် ခဲပေါက်သတ်ခြင်းပြစ်ဒဏ်ပေးခဲ့သည့် အကြောင်းကို ခိုင်မာသောသူများ၏ ဩဝါဒတော်ကျမ်းများတွင် မှတ်တမ်းတင်ထားပေသည်။ ထို့ပြင် သာဝကကြီး အဗူဟုရိုင်ရဟ် رضي الله عنه နှင့် ဇိုက်ဒ်အိပ်နုခါလစ်ဒ်ဂျုဟာနီ رضي الله عنه တို့မှ တစ်ဆင့် ဆင့်ပြန်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ခိုင်လုံသော ဩဝါဒတော်ကျမ်းများတွင် ဖော်ပြခဲ့သည်။ ဖြစ်ပျက်ပုံမှာ အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးသည် သူမ၏အစေခံဖြစ်သူနှင့် ဖောက်ပြန်ခဲ့၏။ ထိုအစေခံလူငယ်လေး၏ ဖခင်ဖြစ်သူက သူ၏သားကို တမန်တော်မြတ် ﷺ ရှေ့မှောက်သို့ ခေါ်ဆောင်လာခဲ့သည်။ သူ၏ဝန်ခံချက်ကြောင့် အခင်းဖြစ်ပွားခြင်းမှာ ခိုင်လုံသွား၏။ ထို့နောက် တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ- لاقضين بينكما بكتاب الله "ကျွန်ုပ်သည် အသင်၏အမှုကို အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်အရ စစ်ဆေးစီရင်မည်။" ထို့နောက် တမန်တော်မြတ် ﷺ က စစ်ဆေးပြီး အိမ်ထောင်မရှိသူ လူငယ်အပြစ်သားအား ကြိမ်ဒဏ် ၁၀၀ရိုက်ရန်နှင့် အိမ်ထောင်ရှင် အမျိုးသမီးအား ခဲပေါက်သတ်ရန် စီရင်ချက်ချတော်မူခဲ့သည်။ ထို့နောက် အမျိုးသမီး၏ ဝန်ခံထွက်ဆိုချက်ကို ရယူခဲ့သော သာဝကကြီးအုနိုက်စ် رضي الله عنه အား ပြစ်ဒဏ်စီရင်မှုကို ကြီးကြပ်ဆောင်ရွက်ရန် ညွှန်ကြားတော်မူခဲ့သည်။ ထို့နောက် ပြစ်

ဒဏ်စီရင်မှုကို တမန်တော်မြတ်ﷺ၏ အမိန့်တော်အတိုင်း ဆောင်ရွက်ခဲ့လေသည်။ (အိဗနီကဆီး၌)

အထက်ပါသြဝါဒအရဆိုလျှင် တမန်တော်မြတ်ﷺသည် အပြစ်သားတစ်ဦးကို ကြိမ်ဒဏ် ၁၀၀ ပေးပြီး အခြားတစ်ဦးကို ခဲပေါက်သတ်သည့်ပြစ်ဒဏ် ပေးတော်မူခဲ့သည်။ ထို့ပြင် ထိုသူနှစ်ဦးစလုံးအား အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်အရ စီရင်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ တကယ်တမ်း စူရဟ်အန်နူး၏၌ ကြိမ်ဒဏ် ၁၀၀ ကိုသာရည်ညွှန်းပြီး ခဲပေါက်သတ်ခြင်းကို ဖော်ပြမထားချေ။ အကြောင်းမှာ အလ္လာဟ်တအာလာက တမန်တော်မြတ်ﷺအား အမိန့်ပြဋ္ဌာန်းချက်၏ ရှင်းလင်းချက်အပြည့်အစုံနှင့် အသေးစိတ်များကို ထုတ်ပြန်ချမှတ်ပေးတော်မူခဲ့သည်။ ထိုအရာအားလုံး အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်၏ ဘောင်အတွင်း ကျရောက်ခဲ့၏။ သို့သော်လည်း ထိုအထဲမှ အချို့သောအရာများသည် စူရဟ်အန်နူး၌တွင် တိကျစွာမပါဝင်ခဲ့၊ ဖော်ပြခြင်းမခံခဲ့ရပေ။

ဗုခါရီနှင့်မွတ်စလင်မ်တို့သည် အိဗ်နုအဗ္ဗာစ်မှတစ်ဆင့် သာဝကကြီးအုမရ်ﷺ၏ မိန့်ကြားချက်ကို မှတ်တမ်းတင်ခဲ့ကြသည်။ စာသားများမှာ-

قال عمر بن الخطاب وهو جالس على منبر رسول الله صلى الله عليه وسلم إن الله بعث محمدا صلى الله عليه وسلم بالحق وأنزل عليه الكتاب فكان مما أنزل عليه آية الرجم قرأناها ووعيناها وعقلناها فرجم رسول الله صلى الله عليه وسلم ورجمنا بعده فأخشى إن طال بالناس زمان أن يقول قائل ما نجد الرجم في كتاب الله فيضلوا بترك فريضة أنزلها الله وإن الرجم في كتاب الله حق على من زنى إذا أحصن من الرجال والنساء إذا قامت البينة أو كان الحبل أو الاعتراف (مسلم، صـ٦٥، ج٢)

သာဝကကြီးစိုက်ယိဒိနာ အုမာရ်အိဗ်နုခသွားဗ်ﷺ တမန်တော်မြတ်ﷺ၏တရားဟောစင်မြင့်တွင် ထိုင်နေရင်း မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် မုဟမ္မဒ်ﷺအား အမှန်တရားနှင့်တကွ စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ကျမ်းတော်မြတ်ကုရ်အာန်ကိုလည်း ၎င်းထံသို့ ထုတ်ပြန်ပို့ချပေးတော်မူခဲ့၏။ ထို့ကြောင့် ၎င်းထံ ထုတ်ပြန်ပို့ချပေးတော်မူခဲ့သည်များတွင် ကျောက်ခဲဖြင့်ပစ်ပေါက်သတ်ခြင်း **رجم** အာယတ်တော်သည်လည်း အပါအဝင်ဖြစ်၏။ ထိုအာယတ်တော်ကို ကျွန်ုပ်တို့ ရွတ်ဖတ်ခဲ့ကြသည်။ အလွတ်ကျက်ခဲ့ကြသည်။ နားလည်အောင်လုပ်ခဲ့ကြသည်။ ယခုသော် ကျွန်ုပ် စိုးရွံ့မိသည်။ အချိန်ကုန်လွန်လာခဲ့သည်နှင့်အမျှ တစ်ဦးတစ်ယောက်က ကျွန်ုပ်တို့သည် အလ္လာဟ်၏ကျမ်းတော်၌ ခဲပေါက်သတ်ခြင်း(ရဂျ်မ်) အမိန့်ပညတ်တော်ကို မတွေ့မိပါဟု ပြောဆိုလာနိုင်ပေသည်။ ဤသို့ဖြင့် အလ္လာဟ်အရှင် ထုတ်ပြန်တော်မူသော သာသနာ့တာဝန် ဝတ္တရားတစ်ခုကို မလိုက်နာတော့ဘဲ လမ်းလွဲသွေဖည် ဖြစ်ကုန်နိုင်ကြပေသည်။ အသင်တို့၏စိတ်ဝယ် ရှင်းလင်းစွာ ရှိကြလေ။ ခဲပေါက်သတ်ခြင်း(ရဂျ်မ်) အမိန့်ပညတ်တော်အား လက်ထပ်ထားသော **محصن** အမျိုးသား သို့မဟုတ် အမျိုးသမီးအပေါ်တွင် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်ကြောင်း သက်သေအထောက်အထား ခိုင်လုံသောအခါ သို့မဟုတ် ကိုယ်တိုင်ဝန်ခံသောအခါ သို့မဟုတ် ကိုယ်ဝန်ရှိသောအခါ အတည်ဖြစ်စေရမည်။

ဤအဆိုမျိုးကို ဆွဟီးဟ်အလ်ဗုခါရီ၌လည်း ပို၍အသေးစိတ်စွာ ဖော်ပြခဲ့သည်။ (ဗုခါရီ၊ စာ ၁၀၀၉၊ အတွဲ ၂) ထို့ပြင် နစာအီတွင် အောက်ပါစာသားများအတိုင်း ဆင့်ပြန်ထားသည်။

انا لانجد من الرجم بدًا، فانّه حد من حدود الله، ألا وان رسول الله صلى الله عليه وسلم قد رجم ورجمنا بعده، ولو لا ان يقول قائلون ان عمر زاد فى كتاب الله ماليس فيه لكتبت فى ناحية المصحف، وشهد عمر بن الخطاب وعبد الرحمن بن عوف وفلان وفلان ان رسول الله صلى الله عليه وسلم رجم ورجمنا بعده. الحديث (ابن كثير)

ကျွန်ုပ်တို့၌ ခဲပေါက်သတ်ခြင်းပြစ်ဒဏ် (ရဂျမ်)ကိုရှောင်လွှဲရန် အခြားရွေးချယ်စရာ မရှိပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်ပြဋ္ဌာန်းတော်မူသော ပြစ်ဒဏ်များထဲမှ ပြစ်ဒဏ်တစ်ခု ဖြစ်သောကြောင့်ပင်။ အသင်တို့စိတ်ဝယ် အလွန်ရှင်းလင်းစွာ ရှိကြလေကုန်။ တမန်တော်မြတ်ﷺကိုယ်တော်တိုင်သည်လည်းကောင်း၊ တမန်တော်မြတ်ﷺမရှိသည့်နောက် ကျွန်ုပ်တို့သည်လည်းကောင်း ခဲပေါက်သတ်ခြင်းပြစ်ဒဏ်ကို ချမှတ်ခဲ့ကြသည်။ အကယ်၍များ လူတွေက 'အုမာရ်သည် အလ္လာဟ်၏ကျမ်းတော်ထဲ၌ သူထည့်ချင်သည့်အချက်တစ်ခုကို ထပ်ဖြည့်ထည့်ထားသည်ဟု ပြောကြမည်ကို မစိုးရိမ်ရလျှင် ကျွန်ုပ်သည် ဤအချက်ကို ကုရ်အာန်၏ထောင့်တစ်နေရာတွင် ရေးထည့်ဖြစ်ခဲ့ပေမည်။' ထို့ပြင် တမန်တော်မြတ်ကြီးﷺသည် ခဲပေါက်သတ်သည့်ပြစ်ဒဏ် စီရင်တော်မူခဲ့သည်ဖြစ်ကြောင်း အုမရ်အိပ်နခသွားပ်ﷺသည် သက်သေ၊ အဗွဒူရဟ်မာန်ﷺသည် သက်သေနှင့် အခြားအခြားသော ဘဝကကြီးများသည် သက်သေများ ဖြစ်ကြကုန်သတည်း။ (အိပ်နခသီး၏)

ဘဝကကြီးအုမာရ်ﷺ၏ မိန့်ဆိုချက်သည် စူရဟ်အန်နူးရ်ပါ အာယတ်တော်အပြင် ခဲပေါက်သတ်သည့် ပြစ်ဒဏ်နှင့်ပတ်သက်သော အခြားသီးသန့်အာယတ်တော်ရှိသေးကြောင်းကို သက်သေပြုဟန်တူပေသည်။ သို့ရာတွင် ဘဝကကြီးအုမာရ်ﷺက ယင်းအာယတ်တော်၏ စာသားများကိုလည်းကောင်း အကယ်၍ စူရဟ်အန်နူးရ်ပါ အာယတ်တော်အပြင် သီးခြားအာယတ်တော်ရှိသေးသည်ဟုဆိုလျှင် အဘယ်ကြောင့် ကုရ်အာန်တွင် ၎င်းကိုထည့်ရ ခြင်းဖြစ်သည်ကိုလည်းကောင်း၊ အဘယ်ကြောင့် ၎င်းကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမပြုသည်ကို လည်းကောင်း ပြောပြခြင်း မရှိခဲ့ချေ။ သူပြောခဲ့သည်မှာ အလ္လာဟ်အရှင်၏ ကျမ်းတော်ထပ်ဖြည့်သည့်အတွက် သူ့ကို လူတွေက ပြစ်တင်ကြမည်ကို မစိုးရိမ်ရဘူးဆိုလျှင် သူသည် ဤအာယတ်တော်ကို ကုရ်အာန်၏ထောင့်တစ်နေရာတွင် ရေးခဲ့လိမ့်မည်ဟူ၍သာ ဖြစ်၏။ (အလ်နစာအီ)

ဤဆင့်ပြန်ချက်၌ သေချာဂဏာ စဉ်းစားဆင်ခြင်ရန် လိုအပ်သည်မှာ ယင်းသည် ကုရ်အာန်၏ အာယတ်တော်တစ်ပုဒ်ဖြစ်ပြီး အခြားအာယတ်တော်များကဲ့သို့ပင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုရမည်ဆိုပါက ဘဝကကြီးအုမာရ်ﷺသည် လူတို့၏ ပြစ်တင်ဝေဖန်ပြောဆိုခြင်း ခံရမည်ကိုကြောက်ပြီး အဘယ်ကြောင့် ချန်ထားခဲ့ပါသနည်း။ သူသည် အလ္လာဟ် အရှင်မြတ်၏ အမိန့်ပြဋ္ဌာန်းချက်များနှင့် ပတ်သက်လာလျှင် လွန်စွာပြင်းထန်သူအဖြစ် ကျော်ကြားသူဖြစ်၏။ အခြား မှတ်သားထိုက်သည့်အချက်မှာ ဤအာယတ်တော်ကို သူသည် ကုရ်အာန်၌ထည့်သွင်းခဲ့မည်ဟု မဆိုခဲ့ချေ။ သို့သော် ကုရ်အာန်၏ ဘေးမျဉ်းကွက်လပ်တွင် ရေးသားခဲ့မည်ဟူ၍သာ ဆိုခဲ့ခြင်းဖြစ်သည်။

ဤအရာအားလုံးသည် တမန်တော်မြတ်ﷺ အာယတ်တော်နှင့်ပတ်သက်၍ ရှင်းလင်းပြခဲ့စဉ်က အိမ်ထောင်မရှိသူ ယောကျ်ားနှင့်မိန်းမအား ကြိမ်ဒဏ် ၁၀၀၊ အိမ်ထောင်ရှိသူများအား ခဲပေါက်သတ်ပြစ်ဒဏ်များပေးရန် အချက်ကို တိကျစွာ ဖော်ပြခဲ့သည်ကို ဘဝကကြီးအုမရ်ﷺ ကြားသိခဲ့သည်ဆိုသည့်ကောက်ချက်ကို အထောက်အကူပြုပေသည်။ သူသည် ကြားသိခဲ့ရသော ဤအချက်ကို အလ္လာဟ်အရှင်၏ကျမ်းတော်မှ အာယတ်တော်တစ်ပုဒ်ကဲ့သို့ သဘောထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ဖြစ်ခြင်းနှင့် ကိုယ်တိုင်ကျင့်သုံးခဲ့ခြင်းတို့

ကြောင့် ဖြစ်သည်။ သာဝကကြီး အုမရ်ﷺသခင်သည် တမန်တော်မြတ်ﷺ၏ ရှင်းလင်းပြမှုမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိန့်တော်နှင့် ညီညွတ်သည်ကိုလည်းကောင်း၊ ကျမ်းတော်မြတ်၏ အာယတ်တော်တစ်ပုဒ် အမှန်တကယ် မဟုတ်ခြင်းကို လည်းကောင်း ကောင်းစွာသိပါသည်။ ဤသို့မဟုတ်လျှင် အာယတ်တော်ကို ရှိသင့်ရှိထိုက် သောနေရာတွင် ရေးချခြင်းမှ သူကိုမည်သည့် ဩဇာကမျှ တားဆီးနိုင်မည်မဟုတ်ခဲ့ချေ။ သူ၏ 'ကုရ်အာန်ဘေးမျဉ်း ကွက်လပ်တွင် ရေးခဲ့မည်'ဆိုသည့် သဘောထားကလည်း ထိုအကြောင်းသည် ကုရ်အာန်၏အစိတ်အပိုင်းတစ်ခု မဟုတ်ဘဲ စူရဟ် အန်နူးရ်၏ အာယတ်တော်အကြောင်း ရှင်းပြချက်တစ်ခုမျှသာဖြစ်သည်ကို ထပ်ဆင့်သက်သေပြထားခြင်းပင် ဖြစ်၏။ ဤအကြောင်းရပ်နှင့်သက်ဆိုင်သော အဓိန့်ပညတ်ချက်ကို မှန်ကန်သောစကားအသုံးအနှုန်းများဖြင့် ဖော်ပြသည့် ဆင့်ပြန်ချက်များ ရှိခဲ့သော်လည်း အထောက်အထားနှင့် စစ်မှန်မှုအားနည်းခြင်းကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ ရှင်းလင်းချက်တွင်ထည့်သွင်းခြင်း မပြုခဲ့ကြပေ။ ဖုကဟာ ဓမ္မသတ်ပညာရှင်များက ထိုကဲ့သို့သော အာယတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပယ်ဖျက်ခဲ့ကြသော်လည်း အဓိန့်တော်တစ်ရပ်အဖြစ်မှမူ ပယ်ဖျက်ခြင်း မပြုခဲ့ကြသော ဥပမာကဲ့သို့ဖြစ်သည်။ ဥပမာ ပေးခြင်းသာဖြစ်သည်။

ဤအကြောင်းအရာ၏ လိုရင်းအချုပ်မှာ စူရဟ်အန်နူးရ်တွင် ဖော်ပြသည့် ကြိမ်ဒဏ် ၁၀၀ ပြစ်ဒဏ်သည် အိမ်ထောင်မရှိသူ ယောကျ်ားနှင့်မိန်းမအတွက် သက်သက်သာလျှင်ဖြစ်ပြီး အိမ်ထောင်ရှင်များအတွက်ပြစ်ဒဏ်မှာ ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ခြင်း(ရဂျမ်) ဖြစ်ကြောင်း တမန်တော်မြတ်ﷺအသေးစိတ် ရှင်းလင်းတော်မူခဲ့သည်။ ဤသို့ ရှင်းလင်းချက်ကို အာယတ်တော်တွင် စာသားအဖြစ် ကမ္ဘည်းတင်သော်လည်း ဤအာယတ်တော် ထုတ်ပြန်ပို့ချပေးခြင်းခံရသော၊ ချီးကျူးမြောက်စားခြင်းခံရသော ပုဂ္ဂိုလ်သည် စိုးစဉ်းမျှ ဒွိဟမရှိဘဲ ၎င်းကို ဂရုတစိုက် ဆောင်ရွက်ခဲ့လေသည်။ တမန်တော်မြတ်ﷺသည် ဤအကြောင်းအရာကို နှုတ်ဖြင့်ရှင်းပြရုံမျှမက များစွာသောသာဝကကြီးများရှေ့မှောက်၌ ဤပြစ်ဒဏ်ကို ကြိမ်ဖန်များစွာ စီရင်ခဲ့သည့် အထောက်အထားမှာ ခိုင်လုံသော၊ အပြတ်အတောက်မရှိသော ဆင့်ပြန်သူအဆင့်ဆင့်အားဖြင့် ကျွန်ုပ်တို့ထံ ရောက်ရှိခဲ့သည်။ ထို့ကြောင့် 'ရဂျမ်'သည် ကုရ်အာန်၏ပြဋ္ဌာန်းချက်တစ်ရပ်ဟု ပြောနိုင်သည် သို့မဟုတ် အပြတ်အတောက်မရှိသော သက်သေကွင်းဆက်များဖြင့် ခိုင်မာစေခဲ့သော ဓလေ့ဖြစ်သည်ဟု ပြောနိုင်ပေသည်။ သာဝကကြီး စိုက်ယိဒိနာအလီﷺကလည်း ခဲပေါက်သတ်သည့် စီရင်ဆုံးဖြတ်ချက်ကို တမန်တော်မြတ်ﷺ စတင်ချမှတ် ကျင့်သုံးစေတော်မူခဲ့ကြောင်း ပြောဆိုခဲ့သည်။

အရေးကြီးသောသတိပေးချက်တစ်ခု

အထက်ပါရှင်းလင်းချက်တွင် 'အိမ်ထောင်ရှိသော' နှင့် 'အိမ်ထောင်မရှိသော' ဟူသည့်စကားလုံးများကို ရှင်းလင်းဖော်ပြရာတွင် လွယ်ကူစေရန်အတွက် သုံးထား၏။ အဆိုအမိန့်များတွင် အသုံးပြုသည့် တကယ့်စကားလုံးများမှာ **غير محصن** သို့မဟုတ် **بكر** နှင့် **ثيب** များ ဖြစ်ကြသည်။ အစွလာမ့်ဥပဒေသိပ္ပံတွင် **غير محصن** ၏နေရာမှန်မှာ စစ်မှန်သောနိကဟ်ဖြင့် မိမိ၏ကြင်ဖက်နှင့် ကိုယ်လက်နှီးနှောသည့် စိတ်မှန်သောသူဖြစ်သည်။ ဤအကြောင်းအရာတွင် အိမ်ထောင်ရှိသော ဟူသည့် စကားလုံးကိုသုံးတိုင်း ယင်းအဓိပ္ပာယ်ကိုဆောင်ပေသည်။ တိုတောင်းမှုနှင့် လွယ်ကူမှုအတွက်သာ 'အိမ်ထောင် ရှိသော' ဟူသောစကားလုံးကို သုံးခဲ့ခြင်းဖြစ်၏။

အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် အဆင့်ဆင့်ပြောင်းလဲလာသော ပြစ်ဒဏ်ဒီဂရီ(၃)မျိုး

ကုရ်အာန်၏အာယတ်တော်များနှင့် ယင်းတို့ကို ရည်ညွှန်းဖော်ပြသည့် ဟဒီးစ်တော်များကို ဆင်ခြင်သုံးသပ်

ကြည့်ပါလျှင် ကာမေသုမိစ္ဆာစာရမူအတွက်ပြစ်ဒဏ်သည် အစပိုင်းတွင်ပေါ့ပါးကြောင်း ထင်ရှားပေသည်။ ပြစ်မှုကျူးလွန်သူ (ယောကျ်ားနှင့်မိန်းမ)အား ဒုက္ခခံစားစေရန် တရားသူကြီး သို့မဟုတ် အုပ်ချုပ်သူအစိုးရက မိမိသဘောအလျောက် သင့်တော်ရာအပြစ်ကို ပေးနိုင်သည်။ ထို့ပြင် အမျိုးသမီးအား အိမ်တွင် အကျဉ်းချထားရသည်။ ဤပြစ်ဒဏ်ကို စူရတ်အန်နိစာတွင် ပြဋ္ဌာန်းထား၏။ ဒုတိယကာလသည် စူရတ်အန်နူးရ်ကို ထုတ်ပြန်တော်မူပြီး နှစ်ဦးစလုံးကို ကြိမ်ဒဏ် ၁၀၀ စီရိုက်ရန် ပြဋ္ဌာန်းသောအခါ ဖြစ်သည်။ တတိယကာလမှာ ယခုဆွေးနွေးခဲ့သည့် အာယတ်တော်ကို ထုတ်ပြန်တော်မူခဲ့ပြီးသည့်နောက် တမန်တော်မြတ်ﷺက ကြိမ်ဒဏ် ၁၀၀ ကို အိမ်ထောင်မရှိသူများအားပေးရန် ကန့်သတ်လိုက်သည်။ သို့သော် အိမ်ထောင်ရှင်ယောကျ်ားနှင့် မိန်းမတို့သည် ဤအမှုကိုကျူးလွန်ကြပါက ၎င်းတို့၏ပြစ်ဒဏ်သည် သေသည့်တိုင် ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ခြင်း(ရဂျ်မ်) ဖြစ်စေရမည်ဟု ညွှန်ကြားသောအခါ တတိယ ဒီဂရီဖြစ်လာသည်။

အစွလာမ့်တရားဥပဒေတွင် အကယ်၍ ပြစ်မှုတစ်ခု၏ပြစ်ဒဏ်သည် ပြင်းထန်ပါက ပြစ်မှုခိုင်လုံကြောင်း သက်သေပြရန် အခြေအနေများသည်လည်း ခက်ခဲပေသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အစွလာမ်တွင် အိမ်ထောင်ရေးဖောက်ပြန်မှု၏ပြစ်ဒဏ်သည် အခြားသော ပြစ်မှုအားလုံး၏ပြစ်ဒဏ်များနှင့် နှိုင်းယှဉ်ပါက အပြင်းထန်ဆုံးဖြစ်သည်နှင့်အညီ ပြစ်မှုခိုင်လုံကြောင်း သက်သေပြရသည့်အခြေအနေများသည်လည်း တူညီစွာ ခက်ခဲပေသည်။ အကယ်၍ ဒွိဟသံသယ အနည်းငယ်ရှိရုံမျှဖြင့် အမြင့်ဆုံးပြစ်ဒဏ် 'ဟာဒ်' حد သည် ပလပ်ခြင်းခံရမည်။ ထို့ပြင် 'တအ်ဇီး'ရ်' နည်းလမ်းအားဖြင့် ပြစ်မှုနှင့်ထိုက်တန်သော ပြစ်ဒဏ်ကိုသာပေးခြင်း ခံရမည်ဖြစ်သည်။ အခြားသောအမှုများတွင် အမျိုးသားနှစ်ယောက် သို့မဟုတ် အမျိုးသား တစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက်တို့အတွက် ထွက်ဆိုချက်သည် ၎င်းအဖြစ်အပျက်ကို သက်သေခံရန်အတွက် လိုအပ်၏။ သို့ရာတွင် ကာမေသုမိစ္ဆာစာရမူ၏ အမြင့်ဆုံးပြစ်ဒဏ် رجز အတွက်ဆိုလျှင် မျက်မြင်သက်သေ အမျိုးသားလေးဦး လိုအပ်၏။ ၎င်းတို့သည် ဒွိဟသံသယ မြူမှုန်မျှမရှိဘဲ သက်သေထွက်ဆိုကြရမည်ဖြစ်သည်။ ကာမေသုမိစ္ဆာစာရမူတွင် အထောက်အထား၏တင်းကျပ်မှုကို ပို၍ဆိုးဝါးစေသောအနေအထားတစ်ရပ်မှာ အိမ်ထောင်ရေးဖောက်ပြန်မှုတစ်ခု၌ အကယ်၍ သက်သေခံသူတစ်ဦး၏ အထောက်အထားသည် ပယ်ချခံရပါက ၎င်းသက်သေကိုယ်တိုင် ဆိုးဝါးစွာ နာကျင်ခံစားရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသူသည် အိမ်ထောင်ရေးဖောက်ပြန်မှု၏ မမှန်မကန် စွပ်စွဲခြင်း قذف အတွက် တရားစွဲဆိုခြင်း ခံရနိုင်သည့်ပြင် ကြိမ်ဒဏ် ၈၀ အပြစ်ပေးခံရနိုင်ပေသည်။ ထို့ကြောင့် ဒွိဟအနည်းဆုံး ဒီဂရီရှိသည်ဆိုလျှင်ပင် မည်သူမျှ ကာမေသုမိစ္ဆာစာရမူတွင် သက်သေခံရဲကြမည်မဟုတ်ပေ။ သို့ရာတွင် အိမ်ထောင်ရေး ဖောက်ပြန်မှု ကျူးလွန်ကြောင်း မျက်မြင်သက်သေတော့ မရှိ သို့သော် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးအား သံသယဖြစ်ဖွယ်ကောင်းသော၊ တရားမဝင်သော ပုံစံအနေအထားမျိုးနှင့် တွေ့ရသည်ရှိသော် တရားသူကြီးက 'တအ်ဇီး'ရ်" နည်းလမ်းအားဖြင့် ကြိမ်ဒဏ်ကို အမှုပေါ်ကိုလိုက်၍ သင့်တော်သလောက် ချမှတ်နိုင်ပေသည်။ ကာမေသုမိစ္ဆာစာရမူအတွက် ပြစ်ဒဏ်နှင့် ပြစ်မှုဆိုင်ရာအသေးစိတ်အကြောင်းအရာများကို ဖွေကာကျမ်းစာအုပ်များတွင် ကြည့်နိုင်ပါသည်။

လိင်တူဆက်ဆံခြင်းနှင့် တိရစ္ဆာန်များနှင့် လိင်ဆက်ဆံခြင်းဆိုင်ရာ အဓိန်ပြဋ္ဌာန်းချက်များ

ဆွေးနွေးရန်အချက်ဖြစ်သည့် အကယ်၍ အမျိုးသားတစ်ဦးသည် အခြားအမျိုးသားတစ်ဦးနှင့် သို့မဟုတ် တိရစ္ဆာန်တစ်ကောင်နှင့် လိင်မှုကိစ္စတွင်ပျော်မွေ့ပါက ကာမေသုမိစ္ဆာစာရမှု၌ အကျုံးဝင်-မဝင်၊ ကာမေသုမိစ္ဆာစာရမှု၏

ပြစ်ဒဏ်နှင့် တူ-မတူ ဆိုသည်များကို စူရဟ်အန်နိစာ၏ ရှင်းလင်းဖွင့်ဆိုချက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအပြုအမူကို ဘာသာစကားဝေါဟာရဆိုင်ရာအနေနှင့်ဖြစ်စေ ရုရီအဟ်ဝေါဟာရအနေနှင့်ဖြစ်စေ ကာမေသုမိစ္ဆာစာရမှုဟု မခေါ်ဝေါ်ချေ။ သို့အတွက် ကာမေသုမိစ္ဆာစာရမှုအတွက် ပြစ်ဒဏ်ကို ဤအမှုကိစ္စမျိုးအတွက် ချမှတ်၍မရချေ။ သို့သော် ပြစ်ဒဏ်ချင်း၏ ပြင်းထန်ကြီးလေးပုံချင်းကတော့ မကွာလှပေ။ သာဝကကြီး ﷺ များသည် ဤကဲ့သို့သောပြစ်မှုမျိုး ကျူးလွန်သူများကို အရှင်လတ်လတ် မီးရှို့သတ်သည့် ပြစ်ဒဏ်ပေးခဲ့ကြသည်။

وَلَا تَأْخُذْكُم بِهِمَا رَأْفَةٌ فِي دِينِ اللَّهِ

ၛင်းတို့နှစ်ဦးအပေါ်၌ ကရုဏာသက်ရောက်မှုသည် အသင်တို့အား အလ္လာဟ် အရှင်မြတ်၏ အမိန့်ပညတ်ကို လိုက်နာဆောင်ရွက်ရာတွင် ချုပ်တည်းခြင်း အလျှင်းမရှိစေရ။(၂၄း၂) အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ပြစ်ဒဏ်သည် အလွန်ပြင်းထန်သဖြင့် ဤပြစ်ဒဏ်ကို စီရင်ရသူများအနေနှင့် သနားစိတ်၊ သက်ညှာသော စိတ်ခံစားချက်များ ရှိနိုင်သည်။ သို့အတွက်ကြောင့် အရေးကြီးသော သာသနာရေးရာ တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်ရာ၌ မည်သည့် ထောက်ထားစာနာမှုမျိုးကိုမျှ ခွင့်မပြုကြောင်း ပြဋ္ဌာန်းခဲ့လေသည်။ သနားကြင်နာမှု(သို့မဟုတ်) ကရုဏာနှင့် ခွင့်လွှတ်ခြင်း(သို့မဟုတ်) လွတ်ငြိမ်းခွင့်ပေးခြင်းဆိုသည်များမှာ အမြဲတမ်း ချီးကျူးဂုဏ်ပြုထိုက်သော တရားများဖြစ်ကြသည်။ သို့ရာတွင် ရာဇဝတ်ကောင်များအား မေတ္တာ၊ ကရုဏာထားခြင်းမှာမူ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ဆိုးကျိုးကိုသာ သက်ရောက်စေမည်ဖြစ်သည်။ ထို့ကြောင့်လည်း ၎င်းလုပ်ရပ်ကို တားမြစ်ခဲ့၍ ခွင့်မပြုခြင်း ဖြစ်သည်။

وَلْيَشْهَدْ عَذَابَهُمَا طَائِفَةٌ مِّنَ الْمُؤْمِنِينَ

ထို့ပြင် ၎င်းတို့နှစ်ဦးအား ပြစ်ဒဏ်ပေးသည်ကို မုအ်မင်နိသက်ဝင်ယုံကြည်သူ တစ်စုသည် လာရောက်ကြည့်ရှုကြရမည်ဖြစ်သတည်း။ (၂၄း၂) ကာမေသုမိစ္ဆာစာရမှု၏ ပြစ်ဒဏ်ကို စီရင်ဆောင်ရွက်ချိန်၌ မွတ်စလင်မ်အုပ်စုတစ်ခုသည် ကြည့်ရှုရန် ရောက်ရှိနေကြရမည်ဖြစ်သည်။ အစ္စလာမ်၏ထုံးစံအရ ပြစ်ဒဏ်စီရင်ဆောင်ရွက်ခြင်းကို (အထူးသဖြင့် 'ဟူဒူး၌') လူထု ရှေ့မှောက်၌ ဆောင်ရွက်လေ့ရှိ၏။ သို့မှသာ ကြည့်မြင်ရသူအပေါင်းသည် သတိတရား ရ၍ ထားကြမည်ဖြစ်သည်။ မွတ်စလင်မ်လူထုတစ်ရပ်၏ ရှေ့မှောက် အပြစ်ပေးခြင်းကို ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မှု ပြစ်ဒဏ်ခတ်ခြင်း စီရင်ချိန်တွင် တိုက်ရိုက်ရှိနေစေခြင်းသည် ဤပြစ်ဒဏ်ခတ်ခြင်း၏ ထူးခြားချက်ဖြစ်သည်။

အစ္စလာမ်သည် ကနဦးတွင် ရာဇဝတ်ပြစ်မှုများကို လူသိရှင်ကြား ကြေညာရန် မလိုအပ်ပေ။ သို့သော် ယင်းပြစ်မှုများသည် အထောက်အထားခိုင်မာပြီဟုဆိုလျှင် ရာဇဝတ်ကောင်များအား သိက္ခာကျအောင် ပြုလုပ်ခြင်းမှာ ဉာဏ်ပညာ၏ လိုအပ်ချက်ဖြစ်သွား၏။

အစ္စလာမ့်ဥပဒေများသည် ရိုင်းပြခြင်း၊ အရှက်ကင်းမဲ့ခြင်းများကို ထိန်းချုပ်ရန်အတွက် အရှည်ကိုမျှော်တွေးသော ကန့်သတ်ချက်များကို ပြဋ္ဌာန်းခဲ့သည်။ အမျိုးသမီးများသည် မိမိတို့ကိုယ်ကို လုံခြုံအောင် ဖုံးအုပ်ခြင်းမှာ မပြုမနေရ ဖြစ်သည်။ အမျိုးသားများသည် အမျိုးသမီးများအား မလျော်သောအကြည့်ဖြင့် မကြည့်ကြရ။ လျှပ်ပေါ်လော်လီသော အပြုအမူမျိုး ဖြစ်လာနိုင်သဖြင့် အမျိုးသမီးများ လက်ကောက်သံတချွင်ချင် ထွက်စေခြင်း၊ သီချင်းဆိုခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည်။ သို့ရာတွင် အကယ်၍တစ်စုံတစ်ယောက်သည် အစ္စလာမ်၏ အဆုံးအမသြဝါဒများကို ခံယူချင်ပုံရလျှင် ထိုသူအား လူရှင်းရာတွင် သွန်သင်ညွှန်ပြခြင်းပြုလုပ်သင့်သည်။ ထိုသူအား သိက္ခာကျ အရှက်ရအောင် ပြုခွင့်မရှိချေ။ သို့သော် အကယ်၍ တစ်ဦးတစ်ယောက်သည် ကန့်သတ်ချက်အားလုံးကို ကျူးကျော်၍ အစ္စလာမ့်ဥပဒေသိပ္ပံ

ပညာအရ ထင်ရှားပေါ်လွင်အောင် ပြုရမည်။ သူ၏ပြစ်မှုကို လျှို့ဝှက်ထားခြင်းဖြင့် ကျန်လူများအား ထိုအပြစ်မျိုးကို ကျူးလွန်ရန် အားပေးသကဲ့သို့ ဖြစ်ပေမည်။ ဤသို့ဖြင့် အစွလာမ်သည် ရာဇဝတ်ပြစ်မှုအတိုင်းအတာတစ်ခုအထိ လူသိရှင်ကြား မဖြစ်စေရန် ဂရုစိုက်သည်။ ပြစ်မှုထင်ရှားသည်နှင့် ထိုအတိုင်းအတာနှင့်ထပ်တူ အပြစ်ကျူးလွန်သူကို လူပုံလယ်တွင် အရှက်ရစေရန်အတွက် အလေးထားဆောင်ရွက်လေသည်။ ဤအကြောင်းကြောင့်ပင် အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ပြစ်ဒဏ်စီရင်ခြင်းကို လူသိရှင်ကြား ဆောင်ရွက်စေရုံမျှမက မွတ်စလင်မ်တစ်စုကို ပြစ်ဒဏ်စီရင်ရာတွင် ရှိနေစေခြင်းဖြစ်သည်။

အာယသ် (၃)

اَلزَّانِیْ لَا یَنْكِحُ اِلَّا زَانِیَةً اَوْ مُشْرِكَةً ۪ وَّ الزَّانِیَةُ لَا یَنْكِحُهَاۤ اِلَّا زَانٍ اَوْ مُشْرِكٌ ۚ وَ حُرِّمَ ذٰلِكَ عَلَى الْمُؤْمِنِیْنَ ۝۳

ကာမေသုမိစ္ဆာစာရကျူးလွန်သော ယောကျ်ားသည်ကား ကာမေသုမိစ္ဆာစာရ ကျူးလွန်သော သို့မဟုတ် တစ်စုံတစ်ရာကို အလျှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သော မိန်းမအပြင် အခြား(သူတော်စင် အမျိုးသမီးများ)နှင့် ထိမ်းမြားသည် မဟုတ်ပေ။ ထိုနည်းတူစွာ ကာမေသုမိစ္ဆာစာရ ကျူးလွန်သောမိန်းမနှင့်လည်း ကာမေသုမိစ္ဆာစာရ ကျူးလွန်သောယောကျ်ား သို့မဟုတ် တစ်စုံတစ်ရာကို အလျှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သောယောကျ်ားနှင့်သာလျှင် ထိမ်းမြားလေသည်။ စင်စစ် ဤ(ကာမေသုမိစ္ဆာစာရကျူးလွန်သော မိန်းမများနှင့်ထိမ်းမြားမှု)သည် "မုအ်မင်နိ" သက်ဝင်ယုံကြည်သောသူတို့အပေါ်၌ ဟရာမ်ဟူ၍ တားမြစ်ထားပြီး ဖြစ်ချေသတည်း။[၃]

ရှင်းလင်းဖွင့်ဆိုချက်

ကာမေသုမိစ္ဆာစာရကံနှင့် သက်ဆိုင်သည့် ဒုတိယအမိန့်ပညတ်ချက်

ပထမအမိန့်ပညတ်ချက်သည်ကာမေသုမိစ္ဆာစာရမှု၏ပြစ်ဒဏ်နှင့်သက်ဆိုင်ပြီးပြီးခဲ့သောအာယတ်တော်တွင် ဖော်ပြခဲ့ပြီးဖြစ်၏။ ဒုတိယအမိန့်ပြဋ္ဌာန်းချက်သည် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်ခဲ့ကြသူ အမျိုးသားများ သို့မဟုတ် အမျိုးသမီးများအား လက်ထပ်ခြင်းအကြောင်းဖြစ်သည်။ တစ်စုံတစ်ရာကို အလျှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သော အမျိုးသား၊ အမျိုးသမီးနှင့် လက်ထပ်ခြင်းကိုလည်း ယှဉ်တွဲဖော်ပြထား၏။ ရှင်းလင်းဖွင့်ဆိုသူများသည် ဤအာယတ်တော်အား ရှင်းလင်းပြရာတွင် အမြင်ချင်း ကွဲပြားကြသည်။ သို့သော် အရိုးရှင်းဆုံးနှင့် စိတ်အချရဆုံး အဓိပ္ပာယ်မှာ ကာမေသုမိစ္ဆာစာရသည် စက်ဆုပ်ရွံရှာဖွယ်အမှုဖြစ်သည်။ ထို့ပြင် ဤသို့သောအမှုမျိုးတွင် မွေ့လျော်သူမည်သူမဆိုသည် ၎င်း၏စာရိတ္တနှင့် လူတန်ဖိုးကို ဆုံးရှုံးရသည်။ ၎င်းပြင် မိမိနှင့်စရိုက်ချင်းတူသည့်သူများကိုသာ သဘောကျပြီး လက်ထပ်လေ့ရှိပေသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် ဤအာယတ်တော်၏ရည်ရွယ်ချက်သည် အမိန့်ပညတ်တစ်ခု၏ အစိတ်အပိုင်းမဟုတ်ဘဲ နေ့စဉ်ဘဝတွင် မြင်တွေ့နေရသည့် ဘဝ၏အကြောင်းအချက်တစ်ခုသာ ဖြစ်လေသည်။ ဤသည်ညစ်ညမ်းသော ကာမေသုမိစ္ဆာစာရမှုအပေါ် ရောင်ပြန်ဟပ်မှုတစ်ခု ဖြစ်သည်။ ကျယ်ပြန့်စွာသက်ရောက်သည့် ထိခိုက်

နစ်နာစေမှုနှင့် ဆိုးကျိုးဖြစ်လေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အာယတ်တော်ကမိန့်သည်မှာ ကာမေသုမိစ္ဆာစာရမှုသည် လူ့ကျင့်ဝတ်သိက္ခာအတွက် အဆိပ်အတောက်တစ်ခုဖြစ်သည်။ ထို့ပြင် ၎င်းအဆိပ်ပြင်းသော အကျိုးတရားများက လူ၏စိတ်အမူအကျင့်ကို ဖျက်ဆီးပစ်လေသည်။ ထိုသူသည် အကောင်းနှင့်အဆိုးကို မခွဲခြားနိုင်တော့။ မကောင်းမှုများကို တိုး၍နှစ်ခြိုက်လာသည်။ 'ဟလာလ်'နှင့်'ဟရာမ်' ဆိုသည်များကို အရေးမထားတော့။ မည်သည့်အမျိုးသမီးမဆို ကာမေသုမိစ္ဆာစာရစိတ်နှင့် ကြုံကျက်နှစ်သက်သည်။ ထို့ပြင် သူမအား ရှက်ဖွယ်အမှုကိုကျူးလွန်အောင် ဖြားယောင်းဖို့ ကြိုးစားသည်။ အကယ်၍ ထိုသူသည် ရှေ့ဆက်တိုးရန် မဖြစ်နိုင်တော့လျှင် ထိုအခါကျမှ မဖြစ်မနေလက်ထပ်ခြင်းကို သဘောတူလက်ခံသည်။ သို့သော် သူသည် တကယ်တမ်း ထိမ်းမြားလက်ထပ်ခြင်းကို နှစ်သက်သည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ပြုခြင်း၏ ရည်မှန်းချက်များဖြစ်သော ဇနီးအပေါ် သစ္စာရှိရန်၊ လိမ္မာရေးခြားရှိသော သားသမီးများ ပွားစီးရန်၊ သူမ၏ လိုအပ်ချက်များနှင့်စရိတ်စကများကို တစ်သက်တာ တာဝန်ယူရန် စသည်များမှာ သူ့အဖို့ ဝန်ထုပ်ဝန်ပိုးနှင့် စိတ်ရှုပ်စရာများဖြစ်ကြပေသည်။ ဤကဲ့သို့သော အိမ်ထောင်ရေးကို အလေးမထားသူတစ်ဦးအဖို့ မွတ်စလင်မ်အမျိုးသမီးများနှင့်စာလျှင် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ အမျိုးသမီးများက ပို၍ စိတ်ညွှတ်စရာဖြစ်သည်။ အကယ်၍ တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ အမျိုးသမီးတစ်ဦးက လက်ထပ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို သူမယုံကြည်ကိုးကွယ်ရာ ဘာသာတရားနှင့်အညီ ချမှတ်မည်ဆိုပါကလည်း သူသည် လေးစားမှုမရှိဘဲ သူ၏အလိုဆန္ဒပြည့်ဝရန်အတွက် လိုက်လျောမည်သာဖြစ်၏။ ထိုကဲ့သို့သော လက်ထပ်မှုမျိုးမှာ ထွတ်မြတ်ခြင်းမရှိသလို အစွလာမ့်ဥပဒေအရလည်း တရားမဝင်ချေ။ ထို့ကြောင့် မှန်ကန်သည်မှာ သူလိုလူမျိုးတစ်ယောက်က မွတ်စလင်မ်အမျိုးသမီးတစ်ဦးကို စွဲလမ်းနှစ်ခြိုက်သည်ဆိုပါက ထိုအမျိုးသမီးသည် အိမ်ထောင်ရေးဖောက်ပြန်သူတစ်ယောက်သော်လည်းကောင်း ဖြစ်ရမည် သို့မဟုတ် သူနှင့် တရားမဝင်ဆက်ဆံရေးရှိပြီးသည့်နောက် အိမ်ထောင်ရေးဖောက်ပြန်သူတစ်ယောက် ဖြစ်လာပေလိမ့်မည်။ သို့တည်းမဟုတ် သူသည် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်သူ အမျိုးသမီးဘက်သို့ တိမ်းညွတ်ပေမည်။ ထိုကဲ့သို့သောအမျိုးသမီးနှင့် လက်ထပ်ခြင်းကို တရားတော်က အိမ်ထောင်ရေးဖောက်ပြန်မှုကဲ့သို့ပင် 'ဟရာမ်' ခွင့်ပြုချက်မရှိဟု သတ်မှတ်ထား၏။ ဤသည် အာယတ်တော် الزَّانِي لَا يَنكِحُ إِلَّا زَانِيَةً أَوْ مُشْرِكَةً (၂၄:၃)၏ ပထမစာကြောင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ပင် ဖြစ်သည်။

အလားတူပင် အကယ်၍ အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ရေးဖောက်ပြန်လေ့ရှိပြီး (သောင်ဗဟ်) အလွှာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုကို တောင်းခံခြင်းမပြုချေ။ အထူးသဖြင့် သူမသည် သူမ၏စက်ဆုပ်ဖွယ် ဖောက်ပြန်တတ်သည့်အကျင့်ဆိုးကို ထိမ်းမြားနေနာင်ဖွဲ့ပြီးသည့်နောက်၌ပင် စွန့်လွှတ်ဦးမည်မဟုတ်မှန်း ကောင်းစွာသိထားလျက်နှင့်ပင် စစ်မှန်သော ယုံကြည်သက်ဝင်သူ အမျိုးသားတစ်ဦးသည် ထိုကဲ့သို့သော အမျိုးသမီးထံမှ နေကာဟ်နှင့် ပတ်သက်၍ အကောင်းကို မမျှော်လင့်နိုင်ချေ။ ထိုသူအတွက် ထိမ်းမြားခြင်းသည် ဘာသာရေးယုံကြည်အပ်နှံမှု တစ်ခုပင်ဖြစ်သည်ဆိုကာ ဖောက်ပြန်တတ်သူအမျိုးသား တစ်ဦးကသာလျှင် ယင်းကဲ့သို့အမျိုးသမီးကို ဆွဲဆောင်ပေလိမ့်မည်။ ထိုသူမျိုး၏အဓိကရည်မှန်းချက်မှာ လက်ထပ်ခြင်းဆိုသည်ထက် သူ၏ အာသာဆန္ဒပြည့်ဝရေး ဖြစ်၏။ သို့သော် အကယ်၍ သူမက လက်ထပ်ခြင်းကို သာမန်ကိစ္စ သဘောမျိုးဖြင့် တောင်းဆိုလာပါကလည်း ထိုသူသည် အလျော့အစား တစ်ခုကဲ့သို့ လက်ခံလိုက်မည်သာဖြစ်၏။ အပြန်အလှန်အနေဖြင့် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ အမျိုးသားတစ်ဦးသည် အိမ်ထောင်ရေးဖောက်ပြန်သူ (မွတ်စလင်မ်) အမျိုးသမီးတစ်ဦးအား လက်ထပ်ရန် သဘောတူမည်သာဖြစ်သည်။ မွတ်စလင်မ်အမျိုးသမီးတစ်ဦးအဖို့ တစ်စုံတစ်ရာကို အလွှာဟ်

အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ အမျိုးသားတစ်ဦးအား လက်ထပ်ခြင်းကို အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် တန်းတူတားမြစ်ထားသည်ဖြစ်၍ ဤကဲ့သို့အခြေအနေမျိုးတွင် ကိစ္စနှစ်ခုမှာ ပေါင်းစည်းသွားလေသည်။ အမျိုးသားသည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူနှင့် အိမ်ထောင်ရေးဖောက်ပြန်သူ နှစ်မျိုးစလုံးဖြစ်၏။ ဤသည်မှာ အာယတ်တော် **وَالزَّانِيَةُ لَا يَنكِحُهَا إِلَّا زَانٍ أَوْ مُشْرِكٌ** (၂၄:၃) ဒုတိယစာကြောင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပေသည်။

အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်မှ ထင်ရှားသည်မှာ အိမ်ထောင်ရေးဖောက်ပြန်သူဟူသော အသုံးအနှုန်းသည် နောင်တမရဘဲ အလ္လာဟ်အရှင်မြတ်၏ ကရုဏာကိုမခံဘဲ ဤဆိုးဝါးသည့်အလေ့အကျင့်ကို ဖက်တွယ်ထားသူများအတွက်ဖြစ်ကြောင်းပင် ဖြစ်သည်။ အိမ်ထောင်ရေးဖောက်ပြန်သူအမျိုးသားသည် အိမ်ထောင်ထိန်းရန်အတွက်သော်လည်းကောင်း၊ သားသမီးပွားစီးရန်အတွက်သော်လည်းကောင်း သိက္ခာရှိသောအမျိုးသမီးတစ်ဦးကို လက်ထပ်သည့် ကိစ္စမျိုးကို ဤအာယတ်တော်က ပိတ်ပင်ခြင်းမရှိပေ။ အလားတူပင် အကယ်၍ အိမ်ထောင်ရေးဖောက်ပြန်သူ အမျိုးသမီးတစ်ဦးသည် အမျိုးကောင်းသားတစ်ယောက်အား သန့်စင်ရိုးရှင်းသော ဘဝတစ်ခုကို ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် လက်ထပ်သည်ဆိုပါက ဤအာယတ်တော်က ယင်းသို့လက်ထပ်ခြင်းမျိုးကို တားဆီးမည်မဟုတ်ချေ။ ယင်းသို့သော လက်ထပ်မှုမျိုးသည် အစ္စလာမ်ဥပဒေအရ တရားဝင်မည်ဖြစ်၏။ အိမာမ်အဗူဟနီဖာ၊ အိမာမ်မာလစ်နှင့် အိမာမ်ရှာဖွိအီစသည့် မွတ်စလင်မ်ဓမ္မသတ်ဥပဒေပညာရှင် အများစုသည်လည်း ဤအတိုင်းပင် ရှုမြင်ကြသည်။ ထို့ပြင် တမန်တော်မြတ်ﷺ၏ သာဝကကြီးများ ယင်းကဲ့သို့ လက်ထပ်ပွဲများကို ကျင်းပပေးခဲ့ကြသည်။ တဖိစီရ်အိဗ်နုခဇီးရ်ကလည်း သာဝကကြီး အိဗနိ အဗ္ဗာစ်ﷺ၏ ဤသည့်ဖတ္တွာဝါကိုပင် ပေးခဲ့ကြောင်း ဖော်ပြခဲ့၏။ ယခုအာယတ်တော် **وَحُرِّمَ ذَٰلِكَ عَلَى الْمُؤْمِنِينَ** (၂၄:၃)၏ နောက်ဆုံးစာကြောင်းနှင့်ပတ်သက်၍ ဆိုရလျှင် အချို့သော ရှင်းလင်းဖွင့်ဆိုသူများက **ذلك** စကားလုံးကို အိမ်ထောင်ရေး ဖောက်ပြန်မှုအား သွယ်ဝိုက်၍ရည်ညွှန်းကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဤသို့ဆိုလျှင် စာကြောင်း၏အဓိပ္ပာယ်မှာ အိမ်ထောင်ရေးဖောက်ပြန်ခြင်းသည် ဆိုးယုတ်သောအမှုဖြစ်၍ ယုံကြည်သက်ဝင်သူများအတွက်တားမြစ်ခြင်းခံရသည် ဟု အဓိပ္ပာယ်ရပေသည်။ ဤအဓိပ္ပာယ်ကို ယူခြင်းဖြင့် ရှုပ်ထွေးစရာအကြောင်းမရှိချေ။ သို့ရာတွင် **ذلك**၏အဓိပ္ပာယ်ကို အိမ်ထောင်ရေးဖောက်ပြန်မှုဟု ယူခြင်းက ဤအာယတ်တော်ပါ အကြောင်းအရာနှင့် မအပ်စပ်ဘဲဖြစ်ပေမည်။ ထို့ကြောင့် အခြားသောရှင်းလင်းဖွင့်ဆိုသူများက **ذلك** အတွက် အဓိပ္ပာယ်ကို အိမ်ထောင်ရေးဖောက်ပြန်သူ (ယောကျ်ား နှင့် မိန်းမ)နှင့် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ (ယောကျ်ားနှင့်မိန်းမ)တို့၏ လက်ထပ်ခြင်းကို သွယ်ဝိုက်ရည်ညွှန်းသည်ဟု ခံယူကြသည်။

မွတ်စလင်မ်အမျိုးသားနှင့် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ အမျိုးသမီး၊ တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ အမျိုးသားနှင့် မွတ်စလင်မ်အမျိုးသမီးတို့ကြား ထိမ်းမြားလက်ထပ်မှုကို ကုရ်အာန်၏ အခြားသော တိကျပြတ်သားသည့် အမိန့်ပြဋ္ဌာန်းချက်များဖြင့် တားမြစ်ထားပြီးဖြစ်၏။ ဤအကြောင်းအရာအပေါ်တွင် အွမ္မသ်ထုတစ်ရပ်လုံး သဘောတူညီပြီးဖြစ်၏။ သို့ရာတွင် အိမ်ထောင်ရေးဖောက်ပြန်သူ အမျိုးသားနှင့် အကျင့်သိက္ခာဖြူစင်သူအမျိုးသမီး၊ အကျင့်သိက္ခာဖြူစင်သူအမျိုးသားနှင့် အိမ်ထောင်ရေးဖောက်ပြန်သူ အမျိုးသမီးတို့၏ လက်ထပ်မှုကိုလည်း တားမြစ်ကြောင်း ဤစာကြောင်းက ညွှန်းဆိုသည်။ သို့သော် လူကောင်းသူမွန်တစ်ဦးသည် ဖောက်ပြန်တတ်သူအမျိုးသမီးကို လက်ထပ်ပြီးသည့်နောက် ထိုအမျိုးသမီး ဆက်လက် ဖောက်ပြန်မြဲဖောက်ပြန်သည်ကို မတားဆီးလျှင် ထိုသူသည် ဇိမ်ခေါင်းထက် ဘာမျှ လျော့မည်မဟုတ်။ ဤအနေအထားမျိုးကို အစ္စလာမ်ဥပဒေက **حرام** တားမြစ်၏။ အလားတူပင် ဘာသာတရားလေးစားပြီး သိက္ခာရှိသောအမျိုးသမီးတစ်ဦးသည်

ဖောက်ပြန်သောယောကျ်ားနှင့် လက်ထပ်ပြီးသည့်နောက်ပိုင်းတွင် ၎င်းအား ဆက်လက်ဖောက်ပြန်ခွင့်ပေးထားခြင်းကို **حرام** တားမြစ်၏။ ဤနေရာတွင် ဆိုလိုသည့်အချက်မှာ အိမ်ထောင်ရေးဖောက်ပြန်ခြင်းသည် ကြီးလေးသော အပြစ်တစ်ခု ဖြစ်သည့်တိုင် လက်ထပ်ခြင်းကိုမူ ပျက်ပြယ်စေလိမ့်မည်မဟုတ်ချေ။

'တားမြစ်ထားသောအရာ' **حرام** ဟူသောစကားလုံးသည် အစ္စလာမ့်ဥပဒေတွင် အဓိပ္ပာယ်နှစ်မျိုးဆောင်၏။ တစ်မျိုးမှာ အပြစ်ဒုစရိုက်တစ်ခုဖြစ်ပြီး ၎င်းကိုကျူးလွန်သူသည် တမလွန်ဘဝတွင် ၎င်းပြစ်မှုအတွက် ပြစ်ဒဏ်ပေးခြင်းခံရမည်။ အခြားတစ်မျိုးမှာ ဤလောကီဘဝ၌ ဥပဒေကြောင်းအရ တရားဝင်ခြင်းမရှိသောအရာဖြစ်သည်။ ဥပမာအားဖြင့် မွတ်စလင်မ်အမျိုးသားတစ်ဦးသည် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သော သို့မဟုတ် လက်ထပ်ပိုင်ခွင့်မရှိသော အမျိုးသမီးတစ်ဦးအား လက်ထပ်ခြင်းသည် အပြစ်တစ်ခုဖြစ်သည်သာမက အစ္စလာမ့်ဥပဒေအရ တရားဝင်ခြင်းမရှိသော လက်ထပ်ခြင်းဖြစ်၏။ ဤသို့သော ထိမ်းမြားလက်ထပ်ခြင်းသည် အိမ်ထောင်ရေးဖောက်ပြန်ခြင်းနှင့် ကွာခြားမှုမရှိပေ။ တားမြစ်ခြင်း၏ ဒုတိယအဓိပ္ပာယ်မှာ လုပ်ရပ်တစ်ခုသည် တားမြစ်ခြင်းခံရသည်။ ထို့ပြင် ဥပဒေအရလည်း အရေးယူအပြစ်ပေးခြင်း ခံရနိုင်သည်။ သို့သော် ယင်းလုပ်ရပ်၏ တရားဝင်သော အကျိုးဆက်များကိုမူ အသိအမှတ်ပြုခြင်းခံရသည်။ ဥပမာ- အကယ်၍ အမျိုးသားတစ်ဦးသည် အမျိုးသမီးတစ်ဦးအား ခိုးပြေးသည် သို့မဟုတ် အဓမ္မပြန်ပေးဆွဲသည်။ ထို့နောက် သူမအား သူမ၏ သဘောတူညီချက်ဖြင့် သက်သေများရှေ့မှောက်၌ လက်ထပ်သည်ဆိုပါက လုပ်ရပ်သည် ဥပဒေနှင့်မညီညွတ်သော်လည်း လက်ထပ်ထိမ်းမြားမှုသည် တရားဝင်သည်။ ထို့ပြင် ကလေးများသည်လည်း တရားဝင်ကလေးများဖြစ်ကြသည်။ အလားတူပင် အိမ်ထောင်ရေးဖောက်ပြန်သူ အမျိုးသားနှင့်အမျိုးသမီးတို့၏ လက်ထပ်ခြင်းမှာ တားမြစ်ခြင်းခံရသော်လည်း အကယ်၍ ၎င်းတို့သည် လောကီအသုံးဝင်မှုတစ်ခုခုကို ရည်ရွယ်လျက် လက်ထပ်လိုက်ကြသည်ဆိုပါက ၎င်းတို့၏ အစစ်အမှန် ရည်ရွယ်ချက်မှာ ဖောက်ပြန်ရန်ဖြစ်သည့်တိုင် လက်ထပ်မှုသည် တရားဝင်အသိအမှတ်ပြု ခံရ၏။ မင်္ဂလာကြေးမှအစ မယားစရိတ်၊ မျိုးရိုးဆက်ခံခွင့်၊ အမွေဆက်ခံခွင့်စသည့် ထိမ်းမြားလက်ထပ်ခြင်းနှင့်သက်ဆိုင်သော စည်းကမ်းသတ်မှတ်ချက်အားလုံးဘောင်ဝင်၏။ ဤနည်းအားဖြင့် အာယတ်တော်ထဲမှ **حرّم** စကားလုံး၏ ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်သည် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့်တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူ အမျိုးသမီးအတွက်လည်းကောင်း၊ နောက် အဓိပ္ပာယ်ဖွင့်ဆို ချက်သည် အိမ်ထောင်ရေးဖောက်ပြန်သူ အမျိုးသားနှင့်အမျိုးသမီးများတွက်လည်းကောင်း လွန်စွာ လျော်ကန်ပေသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်၌ အချို့ရှင်းလင်းဖွင့်ဆိုသူများ ပြုလုပ်သကဲ့သို့ အာယတ်တော်အား ပယ်ဖျက်ပြီးဖြစ်သည်ဟု ကြေညာရန်မလိုအပ်တော့ချေ။

အာယသ် (၄-၅)

وَ الَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ ثُمَّ لَمْ يَاْتُوْا بِاَرْبَعَةِ شُهَدَآءَ فَاجْلِدُوْهُمْ ثَمٰنِيْنَ جَلْدَةً وَّ لَا تَقْبَلُوْا لَهُمْ شَهَادَةً اَبَدًا ۚ وَ اُولٰٓئِكَ هُمُ الْفٰسِقُوْنَ ۙ﴿۴﴾ اِلَّا الَّذِيْنَ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَ اَصْلَحُوْا ۚ فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۵﴾

ထိုင်းပြင်အပြစ်ကင်းစင်သောအမျိုးသမီးများအား(ကာမေသုမိစ္ဆာစာရကျူးလွန်သည်ဟု)စွပ်စွဲပြီးနောက် သက်သေလေးယောက် တင်မပြနိုင်ခဲ့ကြသောသူတို့အား အသင်တို့သည် ကြိမ်ဒဏ် အချက်ပေါင်းရှစ်ဆယ် ရိုက်ကြလေကုန်။ ထိုင်းပြင် အသင်တို့သည် မည်သည့်အခါမျှ ထိုင်းတို့၏ မည်သို့သောသက်သေခံချက်ကိုမျှ လက်မခံကြကုန်လင့်။ စင်စစ်သော်ကား ထိုသူတို့သည်ပင်လျှင် စည်းကမ်းဖောက်ဖျက်သူများ ဖြစ်ကြကုန်၏။[၄] သို့ရာတွင် အကြင်သူတို့သည် ထို့နောက် ဝန်ချတောင်းပန်ကြ၍ (မိမိတို့ကိုယ်ကို) ပြုပြင်ခဲ့ကြသည်ရှိသော် ဇကာန်မလွဲအလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အလွန်တရာ သနားညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၅]

ရှင်းလင်းဖွင့်ဆိုချက်

ကာမေသုမိစ္ဆာစာရမှုနှင့်ပတ်သက်သော တတိယအမိန့်ပြဋ္ဌာန်းချက်သည် မတရားစွပ်စွဲခြင်းနှင့် ယင်းအတွက် ပြစ်ဒဏ် သတ်မှတ်ခြင်းဖြစ်သည်။

ရှေ့ပိုင်းတွင် ရှင်းပြခဲ့သည့်အတိုင်း အိမ်ထောင်ရေးဖောက်ပြန်မှုသည် လူ့အဖွဲ့အစည်းအတွက် အကြီးမားဆုံး ထိခိုက်ပျက်စီးမှုကိုဖြစ်စေသော စက်ဆုပ်ဖွယ်အကောင်းဆုံး ရာဇဝတ်မှုဖြစ်၏။ ထို့ကြောင့်လည်း ၎င်း၏ပြစ်ဒဏ်သည် အခြားရာဇဝတ်ပြစ်မှုများနှင့်နှိုင်းယှဉ်လျှင် အစွလာမ့်ဥပဒေအရ အပြင်းထန်ဆုံးဖြစ်၏။ သို့ဖြစ်၍ ဤလုပ်ရပ်ကို သက်သေပြရာတွင် အထူးအလေးထားခြင်း၊ တရားမျှတခြင်းနှင့် သမာသမတ်ရှိခြင်းတို့သည် လိုအပ်ချက်ဖြစ်ပေသည်။ အစွလာမ့်ဥပဒေက ပြဋ္ဌာန်းထားသည့် အထောက်အထားများ မရှိပါဘဲလျက် မည်သူမျှ မည်သည့်ယောကျ်ားမိန်းမကို မဆို အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် စွပ်စွဲရဲသည်မရှိသင့်ပေ။ ထို့ကြောင့် အစွလာမ့်ဥပဒေက ဤပြစ်မှုအတွက် ရိုးသားဖြောင့်မတ်၍မျှတသော သက်သေ(၄)ဦးရှိရမည်ဟု ဆိုထား၏။ ထိုသက်သေ(၄)ဦးမရှိဘဲ စွပ်စွဲပြောဆိုခြင်းသည် ကြီးလေးသောပြစ်မှုမြောက်သည်ဟု အတိအလင်းကြေညာထားပြီး ပြစ်ဒဏ် ﺣﺪ ကို ကြိမ်ဒဏ်(၈၀) ပြဋ္ဌာန်းထား၏။ ဤသို့ ပြဋ္ဌာန်းထားသည့်အတွက် လူတစ်ဦးသည် ဖောက်ပြန်ကျူးလွန်နေသည်ကို ကိုယ်တိုင်ကိုယ်ကျ စောင့်ကြည့်မြင်တွေ့ရပါမှသာလျှင် စွပ်စွဲရဲမည်ဖြစ်ပေသည်။ ထိုမျှမက တစ်ချိန်တည်းမှာပင် အခြားရိုးသားဖြောင့်မတ်သူ(၃)ဦးသည်လည်း ပြစ်မှုကျူးလွန်နေသည်ကို ထိုသူနှင့်အတူမြင်တွေ့ပြီး သက်သေခံကြမည်ကို သေချာရန် လိုအပ်သေးသည်။ အကယ်၍ အခြားသက်သေမရှိလျှင် သို့မဟုတ် စုစုပေါင်း သက်သေအရေအတွက်သည် (၄)ဦးထက်ပိုနည်းလျှင် သို့မဟုတ် သက်သေများသည် ထောက်ခံမှုပေးမည်ဆိုခြင်းကို သံသယရှိလျှင် တစ်ဦးတစ်ယောက်တည်းမှ စွပ်စွဲပြောဆိုရန် အတွက်လည်းကောင်း၊ ကြိမ်ဒဏ်(၈၀) ခံယူရန်အတွက်လည်းကောင်း စွန့်စားရဲတော့မည်မဟုတ်ပေ။

သံသယတစ်ခုနှင့် ယင်း၏အဖြေ

အိမ်ထောင်ရေးဖောက်ပြန်မှု၏ အထောက်အထားများအတွက် ဤမျှတင်းကြပ်သော စည်းကမ်းသတ်မှတ်ချက်များရှိနေလျှင် ရာဇဝတ်ကောင်များသည် လုပ်ချင်ရာလုပ်ခွင့်ရနေကြမည်ဟု ထင်စရာရှိ၏။ မည်သူမျှ သက်သေခံအထောက်အထားများကို ပေးရဲကြမည်မဟုတ်၊ အစွလာမ့်ဥပဒေ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာလုပ်ဆောင်ရဲကြမည်မဟုတ်၊ ထို့အတွက် မည်သည့်ရာဇဝတ်သားမျှလည်း အပြစ်ပေးခံကြရတော့မည် မဟုတ်ချေ။ သို့သော် ဤသို့ထင်မြင်ခြင်းသည် လုံးဝမှားယွင်း၏။ အဘယ်ကြောင့်ဆိုသော် ဤစည်းမျဉ်းစည်းကမ်းများသည် 'ဟဒ်' ခေါ် အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ပြစ်ဒဏ်နှင့်သာ သက်ဆိုင်သောကြောင့်ဖြစ်သည်။ ပြစ်ဒဏ်မှာ ကြိမ်ဒဏ် ၁၀၀ သို့မဟုတ် ခဲပေါက်သတ်ခြင်း ဖြစ်၏။ အကယ်၍ မေ့ဟ်ရာမ်မဟုတ်သူ အမျိုးသားနှင့်အမျိုးသမီးတို့အား သံသယဖြစ်ဖွယ် ကိုယ်ဟန်အနေအထားဖြင့် အတူတကွတွေ့မြင်ရခြင်းကိုလည်းကောင်း သို့မဟုတ် ရုက်စဖွယ်ကလူကျီစယ်နေကြသည်ကို မြင်တွေ့ရခြင်းကိုလည်းကောင်း သက်သေခံခြင်းအတွက် တားမြစ်ချက်မရှိချေ။ ဤကဲ့သို့ အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် ဆက်စပ်နေသောအရာများအားလုံးသည် အစွလာမ့်ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ပေးခံရနိုင်သည်။ ပြစ်ဒဏ်မှာ ပြစ်မှု၏အတိုင်းအတာကိုလိုက်၍ တရားသူကြီး သို့မဟုတ် အစိုးရက ကြိမ်ဒဏ်ချမှတ်နိုင်သော်လည်း 'ဟဒ်'၏အမြင့်ဆုံးပြစ်ဒဏ် မဖြစ်ရချေ။ ထို့ကြောင့် တစ်ဦးတစ်ယောက်သည် အိမ်ထောင်ရေးဖောက်ပြန်သည့် အပြုအမူမျိုးကို မြင်တွေ့ခဲ့ရသည်။ သို့သော် အခြားသက်သေမရှိပါက ဖောက်ပြန်ကြောင်းအထောက်အထားကို ပေးရန် မလိုဘဲ စွပ်စွဲခံရသောပုဂ္ဂိုလ်များအား မဖွယ်ရာသောပုံစံအနေအထားဖြင့် မြင်တွေ့ခဲ့ရကြောင်းကို ထွက်ဆိုနိုင်သည်။ တရားသူကြီး သို့မဟုတ် အစိုးရက အမှုကို အတည်ပြုပြီးသည့်နောက်မှ ပြစ်ဒဏ်ချမှတ်နိုင်ပေသည်။

မုဟ်ဆွနတ် تاﺼﺤﻤ ဟူသည် မည်သူများနည်း

မုဟ်ဆွနတ်သည် **احصان** စကားလုံးမှ ဆင်းသက်လာသည်။ အစွလာမ့်ဥပဒေသိပ္ပံပညာတွင် **احصان** နှစ်မျိုးရှိ၏။ တစ်မျိုးမှာ အိမ်ထောင်ရေးဖောက်ပြန်သည့် ပြစ်ဒဏ်ကျခံရမည့်သူဖြစ်သည်။ ဖောက်ပြန်မှုကျူးလွန်ကြောင်း ခိုင်လုံသူသည် စိတ်မှန်သော၊ အရွယ်ရောက်ပြီးသော၊ လွတ်လပ်သော မွတ်စလင်မ်တစ်ဦးဖြစ်ပြီး မွတ်စလင်မ်အမျိုးသမီးတစ်ဦး နှင့် ပေါင်းသင်းနေသူဖြစ်၏။ ဤအမှုမျိုးတွင် ထိုသူသည် ခဲပေါက်သတ်ခြင်းပြစ်ဒဏ် စီရင်ခြင်းခံရမည်ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ အိမ်ထောင်ရေးဖောက်ပြန်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းအတွက်ပြစ်ဒဏ် **قذف** ဖြစ်၏။ ဆိုလိုသည်မှာ ဖောက်ပြန်သည်ဟု စွပ်စွဲခံရသူသည် စိတ်မှန်သော၊ အရွယ်ရောက်ပြီးသော၊ လွတ်လပ်သော မွတ်စလင်မ်တစ်ဦးဖြစ်ပြီး အပြစ်ကင်းကာ ယခင်ကလည်း အိမ်ထောင်ရေးဖောက်ပြန်မှုကျူးလွန်ကြောင်း အထောက် အထားမရှိသူဖြစ်၏။ **مُحْصَنَات** စကားလုံးသည် အာယတ်တော်တွင် ဤအဓိပ္ပာယ်ကိုဆောင်ပေသည်။ (ဂျဆွဲဆွာဆွဲ)

ဥပဒေသ

ကုရ်အာန်ကျမ်းတော်မြတ်၏အာယတ်တော်တွင် ယေဘုယျသဘောဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှု စွပ်စွဲခြင်းနှင့်ပြစ်ဒဏ်အကြောင်း ဖော်ပြရာ၌ စွပ်စွဲသူများသည် အမျိုးသားများဖြစ်ကြပြီး စွပ်စွဲခံရသူများမှာ အကျင့်သီလကောင်းသူ အမျိုးသမီးများ ဖြစ်ကြသည်။ သို့ရာတွင် အမိန့်ပြဋ္ဌာန်းချက်မှာ ပုဂ္ဂိုလ်အားလုံးအတွက် အကျုံးဝင်၏။ အကယ်၍ အမျိုးသမီးတစ်ဦးက အခြားအမျိုးသမီးတစ်ဦးကို အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် စွဲဆိုသည်ဖြစ်စေ၊ သို့မဟုတ်အမျိုးသားတစ်ဦးက အခြားအမျိုးသားတစ်ဦးကို စွပ်စွဲသည်ဖြစ်စေ တရားဝင်သောအထောက်အထားမရှိပါက

စွပ်စွဲသူမှာ ကြိမ်ဒဏ်(၈၀) ပေးခံရမည်သာဖြစ်၏။ (ဂျဆွ်ဆွာဆွန်နှင့် ဟိဒါယဟ်)

ဥပဒေသ

ကြိမ်ဒဏ်(၈၀) 'ဟဒ်'သည် အိမ်ထောင်ရေးဖောက်ပြန်မှု၏ မတရားစွပ်စွဲသူအတွက်သာ ဖြစ်သည်။ အခြားပြစ်မှုများအတွက် စွပ်စွဲမှုများနှင့် မသက်ဆိုင်ပေ။ သို့ရာတွင် အခြား 'တအ်ဇီး'ရ်ပြစ်ဒဏ်များကို အခြားသောပြစ်မှုများ၏ မတရားစွပ်စွဲခြင်းများအတွက် စီရင်နိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤပြစ်ဒဏ်သည် အိမ်ထောင်ရေးဖောက်ပြန်မှု၏ မတရားစွပ်စွဲမှုအတွက် သီးသန့်ဖြစ်သည်ဟု မဖော်ပြသော်လည်း သက်သေ(၄)ဦးဟူသော စည်းကမ်းကန့်သတ်ချက်သည် အိမ်ထောင်ရေးဖောက်ပြန်မှုဥဿ ရှိပေသည်။ (ဂျဆွ်ဆွာဆွန်နှင့် ဟိဒါယဟ်)

ဥပဒေသ

'ကွားဇိဖ်' (အိမ်ထောင်ရေးဖောက်ပြန်မှု၏ မတရားစွပ်စွဲခြင်း)အတွက် ပြဋ္ဌာန်းသည့်ပြစ်ဒဏ်သည် အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် စွဲဆိုခံရသောသူ၏ အခွင့်အရေးနှင့် ဆက်နွယ်သည်။ စွပ်စွဲခံရသူက တောင်းဆိုမှသာလျှင် စွပ်စွဲသူအား ပြစ်ဒဏ်ပေးမည်ဖြစ်သည်။ သို့မဟုတ်ပါက ယင်းပြစ်ဒဏ်ကို ပလပ်မည်။ ဤသည်မှာ အိမ်ထောင်ရေးဖောက်ပြန်မှု၏ပြစ်ဒဏ်နှင့်ကွာခြားချက်ဖြစ်၏။ယင်းအမှုအတွက်ပြစ်ဒဏ်မှာအလွှာဟ်အရှင်၏အခွင့်အရေးသက်သက်ဖြစ်၏။ ထို့ကြောင့်ပြစ်ဒဏ်ကို တောင်းဆိုသူမရှိသည့်တိုင် ပေးကိုပေးရမည်ဖြစ်သည်။

وَلَا تَقْبَلُوا لَهُمْ شَهَادَةً أَبَدًا

"ထင်းပြင် မည်သို့သောသက်သေခံချက်ကိုမျှ လက်မခံကြကုန်လင့်။" (၂၄:၄)

ထင်းကဆိုလိုသည်မှာ 'ကွားဇိဖ်' ဖြင့် အပြစ်ရှိသူသည် ပြစ်ဒဏ်နှစ်မျိုးခံရမည်။ တစ်မျိုးမှာ ကြိမ်ဒဏ်(၈၀)ကို ချက်ချင်းပေးခြင်းနှင့် နောက်ပြစ်ဒဏ်မှာ တစ်သက်လုံး အပြစ်ကျူးလွန်သူ(တရားခံ)အဖြစ် နေသွားရန် ဖြစ်သည်။ ဤပြစ်ဒဏ်အရ ထိုသူသည် (သူတစ်ပါးအပေါ် မတရားစွပ်စွဲခဲ့ပြောဆိုခဲ့မိခြင်းအတွက်) အမှန်တကယ် နောင်တဖြင့် အလွှာဟ်အရှင်၏ခွင့်လွှတ်ခြင်းကို တောင်းခံသည့်ပြင် မတရားစွပ်စွဲခြင်းခံရသူကလည်း ခွင့်လွှတ်သည့်တိုင်အောင် သူ၏ သက်သေထွက်ဆိုချက်ကို မည်သည့်ကိစ္စတွင်မျှ လက်ခံတော့မည်မဟုတ်ပေ။ ဤသည်ကို အွမ္မသ်ထုတစ်ရပ်လုံး တညီတညွတ်တည်း သဘောတူညီကြသည်။ သို့သော် ဟန်ဖီမဇ်ဟပ်တွင်မူ ခွင့်လွှတ်ပါရန် အသနားခံပြီးသည့် နောက်၌ပင် သူ၏ သက်သေထွက်ဆိုချက်ကို လက်ခံမည်မဟုတ်။ သူ၏ အပြစ်ကိုသာ ခွင့်လွှတ်ရုံရှိမည်။

إِلَّا الَّذِينَ تَابُوا مِن بَعْدِ ذَٰلِكَ وَأَصْلَحُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ

"သို့ရာတွင် အကြင်သူတို့သည် ထို့နောက် ဝန်ချတောင်းပန်ကြ၍ (မိမိတို့ကိုယ်ကို) ပြုပြင်ခဲ့ကြသည်ရှိသော် ဇကန်မလွဲ အလွှာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အလွန်တရာ သနားညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။"(၂၄:၅)

သူတစ်ပါးအားအိမ်ထောင်ရေးဖောက်ပြန်ကျူးလွန်ကြောင်းမတရားစွပ်စွဲခြင်းကြောင့်ပြစ်ဒဏ်ကျခံခဲ့ရသူများသည် အကယ်၍ ခွင့်လွှတ်ခြင်းကို အသနားခံကြသည် (အမှန်တကယ် နောင်တရကြသည်။) ထို့ပြင် အများက ၎င်းတို့အား အမှားကို ထပ်မံကျူးလွန်တော့မည်မဟုတ်ဟု ယုံကြည်လက်ခံလာသည့်တိုင် မိမိတို့၏အကျင့်စရိုက်များကို ကောင်းမွန်အောင် ပြုပြင်ကြသည်။ ထို့ပြင် ၎င်းတို့ မတရားစွပ်စွဲခဲ့ကြသူများ၏ ခွင့်လွှတ်မှုကိုလည်း ရကြသည်ဟု ဆိုလျှင် အလွှာဟ်တအာလာသည် ခွင့်လွှတ်တော်မူပေမည်။ အလွန်တရာ သနားညှာတာတော်မူသောအရှင်မြတ် ဖြစ်

တော်မူပေသည်။

ဤကင်းလွတ်ခွင့်ဖြစ်သည့် إِلَّا الَّذِينَ تَابُوا သည် ပြီးခဲ့သောအာယတ်တော်၏ နောက်ဆုံးစာကြောင်းကိုသာ ရည်ညွှန်းခြင်းဖြစ်သည်ဟု အိမာမ်အဗူဟနီဖာနှင့် အခြားအိမာမ်အချို့က ဆိုကြ၏။ ထင်းစာကြောင်းမှာ وَأُولَٰئِكَ هُمُ الْفَاسِقُونَ (၂၄း၄)ဖြစ်၏။ ထို့ကြောင့် ဤကင်းလွတ်ခွင့်အရ မတရားစွပ်စွဲမှုအတွက် အပြစ်ပေးခံရသူသည် အပြစ်ကျူးလွန်သူပင်ဖြစ်သည်။ သို့သော် အကယ်၍ သူသည် အမှန်တကယ် နောင်တရသည့်ပြင် သူက မတရားစွပ်စွဲခဲ့သူထံမှ ခွင့်လွှတ်မှုကို ရရှိပြီးနောက် မိမိကိုယ်ကို ကောင်းအောင်ပြုပြင်ပါက အပြစ်ကျူးလွန်သူမဟုတ်တော့ဘဲ နောင်တမလွန်တွင် သူ၏ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ရရှိပေမည်။ တစ်နည်းဆိုရလျှင် ကြိမ်ဒဏ်(၈၀)နှင့် သူ၏ သက်သေထွက်ဆိုချက်အား လက်မခံခြင်းတို့မှာ ဤဘဝအတွက် ပြစ်ဒဏ်များဖြစ်ကြသဖြင့် နောင်တရသော်လည်း ကျခံရမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကြိမ်ဒဏ်သည် ကျခံခဲ့ပြီးဖြစ်၍ ဒုတိယပြစ်ဒဏ်မှာ 'ဟဒ်'၏ အစိတ်အပိုင်းဖြစ်သောကြောင့်ပင်။ ပညာရှင်များ တညီတညွတ်တည်း လက်ခံကြသည်မှာ နောင်တသည်'ဟဒ်'၏ ပြစ်ဒဏ်ကို လွတ်ငြိမ်းခွင့်ရစေသည် မဟုတ်ဘဲ တမလွန်ဘဝ၏ ဆင်းရဲဒုက္ခကိုသာ လွတ်ငြိမ်းခွင့်ပေးခြင်းခံရသည်။ သက်သေထွက်ဆိုချက်ကို လက်မခံခြင်းမှာ 'ဟဒ်'၏ အပိုင်း တစ်ပိုင်းဖြစ်သည့်အတွက် နောင်တကြောင့် ခွင့်လွှတ်ခြင်းခံရမည်မဟုတ်ပေ။ အိမာမ်ရာဖွိအီနှင့် အခြားအိမာမ်အချို့က ဤကင်းလွတ်ခွင့်သည် ပြီးခဲ့သောအာယတ်တော်၏ စာကြောင်းအားလုံးနှင့် အကျုံးဝင်သဖြင့် နောင်တရပြီးသည့်နောက် တစ်ဦးတစ်ယောက်သည် အပြစ်ကျူးလွန်သူ မဟုတ်တော့သောကြောင့် သက်သေထွက်ဆိုခြင်းကို မတားမြစ်တော့ဟု ယူဆကြသည်။ ဂျဆ်ဖားဆွန်နှင့် မဇ်ဟီရီတို့က နှစ်ဖက်စလုံးအပေါ် အကြောင်းပြချက်များ ပေးခဲ့ကြသည်။ စိတ်ဝင်စားသူများသည် ထင်းတို့နှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အာယသ် (၆-၁၀)

وَ الَّذِيْنَ يَرْمُوْنَ اَزْوَاجَهُمْ وَ لَمْ يَكُنْ لَّهُمْ شُهَدَآءُ اِلَّاۤ اَنْفُسُهُمْ فَشَهَادَةُ اَحَدِهِمْ اَرْبَعُ شَهٰدٰتٍۭ بِاللّٰهِ ۙ اِنَّهٗ لَمِنَ الصّٰدِقِيْنَ ۝٦ وَ الْخَامِسَةُ اَنَّ لَعْنَتَ اللّٰهِ عَلَيْهِ اِنْ كَانَ مِنَ الْكٰذِبِيْنَ ۝٧ وَ يَدْرَؤُا عَنْهَا الْعَذَابَ اَنْ تَشْهَدَ اَرْبَعَ شَهٰدٰتٍۭ بِاللّٰهِ ۙ اِنَّهٗ لَمِنَ الْكٰذِبِيْنَ ۝٨ وَ الْخَامِسَةَ اَنَّ غَضَبَ اللّٰهِ عَلَيْهَاۤ اِنْ كَانَ مِنَ الصّٰدِقِيْنَ ۝٩ وَ لَوْ لَا فَضْلُ اللّٰهِ عَلَيْكُمْ وَ رَحْمَتُهٗ وَ اَنَّ اللّٰهَ تَوَّابٌ حَكِيْمٌ ۝١٠

ထို့ပြင် မိမိတို့၏ ဇနီးကြင်ရာများအား (ကာမဇောသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု) စွပ်စွဲသောသူတို့သည် ၎င်းတို့၌ မိမိတို့အပြင် သက်သေများမရှိကြလျှင် ထိုစွပ်စွဲသူတို့ အနက် တစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ မိမိသည် သစ္စာဝါဒီဖြစ်ကြောင်း လေးကြိမ်တိုင်တိုင် သက်သေထွက်ဆိုရမည်။[၆] ၎င်းပြင် ပဉ္စမအကြိမ်တွင် အကယ်၍ မိမိသည် မုသာဝါဒီဖြစ်ခဲ့မှု မိမိအပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲချက်သည် ကျရောက်ပါစေဟုဆိုရမည်။[၇] ၎င်းပြင် ထိုဇနီးကြင်ရာသည် အလ္လာဟ်အရှင်မြတ်အားတိုင်တည်၍ ဇကန်မလွဲ ထိုယောကျ်ားသည် မုသာဝါဒီ ဖြစ်ကြောင်း လေးကြိမ်

တိုင်တိုင် သက်သေထွက်ဆိုခြင်းသည် ထိုဇနီးကြောင်ရာမှ ပြစ်ဒဏ်တော်ကို ဖယ်ရှားမည် ဖြစ်သည်။[၉] ထို့ပြင် ပဉ္စမအကြိမ်၌ အကယ်၍ ထိုယောကျ်ားသည် သစ္စာဝါဒီဖြစ်ခဲ့မူ မိမိအပေါ်၌ အလ္လာဟ်အရှင်မြတ်၏အမျက်တော်သည် ကျရောက်ပါစေဟု ထွက်ဆိုရမည်။[၉] စင်စစ်သော်ကား အကယ်၍သာ အသင်တို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကရုဏာတော်သည် လည်းကောင်း မရှိခဲ့လျှင် (အမှန်ကို ပေါ်လွင်စေတော်မူခဲ့မည်သာ။) သို့ရာတွင် ဇကန်မလွဲ အလ္လာဟ် အရှင်မြတ်မှာမူကား တောင်းပန်ဝန်ခံချက်ကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေရာ အသင်တို့အား ဝန်ချတောင်းပန်နိုင်ကြရန်အလို့ငှာ အခွင့်အရေးပေးတော်မူခြင်းပင် ဖြစ်ပေသတည်း။[၁၀]

ရှင်းလင်း ဖွင့်ဆိုချက်

စတုတ္ထအမိန့်ပြဋ္ဌာန်းချက်သည် ကာမေသုမိစ္ဆာစာရ၏ နောက်ဆက်တွဲများထဲမှ လိအာန် (لِعَان ကျိန်ဆဲစကား) ဖြစ်သည်။

لِعَان နှင့် مُلَاعَنَة တို့၏ အဓိပ္ပာယ်မှာ တစ်ဦးကိုတစ်ဦးကျိန်ဆဲခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏အမျက်တော် ကျရောက်စေရန် ဆုတောင်းခြင်းဖြစ်၏။ လင်နှင့်မယားအကြား ဆိုကြသောကျမ်းသစ္စာစကားများအနက် အထူး အဓိပ္ပာယ်ကို ဆောင်သော ကျမ်းသစ္စာစကားကို အစွဲလာမ့်ဥပဒေအရ 'လိအာန်' (لعان)ဟု ခေါ်ဆိုသည်။ လင် ယောကျ်ားဖြစ်သူက သူ၏ဇနီးအား ဖောက်ပြန်သည်ဟုစွပ်စွဲလျှင် သို့မဟုတ် ရသောကလေးကို သူ၏ကလေးမဟုတ်ဟု ငြင်းဆိုလျှင် လည်းကောင်း၊ ဇနီးဖြစ်သူက ယောကျ်ား၏ အခြေအမြစ်မရှိသော စွပ်စွဲချက်သည် မတရားစွပ်စွဲခြင်းသာ ဖြစ်၍ သူ့အား မတရားစွပ်စွဲခြင်းအတွက် ပြစ်ဒဏ်ဖြစ်သည့် قَذْف ကြိမ်ဒဏ်(၈၀)ကို ပေးပါရန်တောင်းဆိုခဲ့လျှင် လည်းကောင်း လင်ယောကျ်ားဖြစ်သူသည် သက်သေ(၄)ဦး တင်ပြရတော့မည်ဖြစ်၏။ အကယ်၍ သက်သေ(၄)ဦး တင်ပြနိုင်လျှင် ဇနီးဖြစ် သူသည် အိမ်ထောင်ရေးဖောက်ပြန်မှုပြစ်ဒဏ်ကို ကျခံရလိမ့်မည်။ အကယ်၍ သက်သေ(၄)ဦး မတင်ပြနိုင်ပါက ၎င်းတို့ နှစ်ဦးသည် 'လိအာန်'(لعان)ပြုလုပ်ကြရမည်။ ပြုနည်းမှာ ပထမ လင်ယောကျ်ားက ကုရ်အာန် ကျမ်းပါစာသားများဖြင့် တိုင်တည်လျက် မိမိသည် ရိုးသားဖြောင့်မှန်ပါကြောင်းကို (၄)ကြိမ်ထွက်ဆိုရမည်။ ထို့နောက် (၅)ကြိမ်မြောက်ကို အကယ်၍ လိမ်လည်ထွက်ဆိုပါက အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှုသက်ရောက်ပါစေဟု ပြောဆို ရမည်။

အကယ်၍ လင်ယောကျ်ားဖြစ်သူသည် ဤစကားများကိုပြောဆိုရန် တွန့်ဆုတ်နေပါက အဖမ်းခံရမည်။ ထို့ပြင် သူ့အား (၅)ကြိမ်ကျိန်ဆိုမှုပြုလုပ်မည်လော သို့မဟုတ် သူ့ကိုယ်သူ လူလိမ်အဖြစ် လက်ခံမည်လောဟု မေးမြန်း ခြင်းခံရမည်။ ထိုရွေးချယ်စရာနှစ်ခုအနက် တစ်ခုကို လက်မခံမချင်း သူ့အား လွှတ်ပေးလိမ့်မည်မဟုတ်ပေ။ အကယ်၍ သူ့ကိုယ်သူ လူလိမ်အဖြစ်လက်ခံလျှင် သူ့အား အိမ်ထောင်ရေးဖောက်ပြန်သည်ဟု မတရားစွပ်စွဲခြင်း၏ပြစ်ဒဏ် حد القذف ကို ပေးခြင်းခံရမည်။ သို့သော် ၎င်းက လိုအပ်သောစကားလုံးများဖြင့် (၅)ကြိမ်တိုင် ကျိန်ဆိုမည်ဆိုပါက ဇနီးဖြစ်သူအား ကုရ်အာန်ပါ စကားလုံးများဖြင့် (၅)ကြိမ်ကျိန်ဆိုရန် စေခိုင်းခြင်းခံရမည်။ အကယ်၍ သူမက ကျိန်ဆိုရန် ငြင်းဆန်ခဲ့လျှင် သူမကို(၅)ကြိမ်ကျိန်ဆိုသည့်တိုင် သို့မဟုတ် ဖောက်ပြန်မိကြောင်းဝန်ခံသည့်တိုင် ဖမ်းဆီးချုပ်နှောင်

ထားခြင်းကို ခံရမည်။ ထို့နောက် ဖောက်ပြန်ခြင်းအတွက် ပြစ်ဒဏ်ကျခံရမည်။ လိုအပ်သောစကားလုံးများကို ရွတ်ဆို လျက် (၅)ကြိမ် ကျိန်ဆိုရန် သူမကသဘောတူခဲ့လျှင် 'လိအာန်' (لعان)လုပ်ငန်းစဉ်မှာ ပြည့်စုံသွားပြီဖြစ်၏။ ဤနည်း ဖြင့် သူတို့နှစ်ဦးစလုံးမှာ ဤလောကတွင် အပြစ်ပေးခံရခြင်းမှ လွတ်မြောက်သွားကြပြီဖြစ်၏။ သို့သော် တမလွန်ဘဝ၌မူ လိမ်လည်သောသူ မှာ အပြစ်ပေးခံရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် မည်သူသည် လိမ်လည်သူဖြစ်သည် ဆိုခြင်းကို အကောင်းဆုံးသိတော်မူသောအရှင် ဖြစ်သောကြောင့်ပင်။ သို့ရာတွင် ဤလောကီ၌ လည်း 'လိအာန်' (لعان)လုပ်ငန်းစဉ် ပြီးဆုံးသည့်နောက် ထိုဇနီးမောင်နှံမှာ တစ်ဦးကိုတစ်ဦး ရာသက်ပန် စွန့်လွှတ်ကြရ မည်။ လင်ယောကျ်ားက ဇနီးအား ကွာရှင်းခြင်းဖြင့် လွတ်လပ်စေသင့်သည်။ အကယ်၍ ယောကျ်ားဖြစ်သူက သူမအား ကွာရှင်းမပေးခဲ့သော် တရားသူကြီးသို့မဟုတ် အုပ်ချုပ်သူက သူ၏အမိန့်ဖြင့် ၎င်းတို့အား ခွဲပစ်နိုင်သည်။ ဤသို့ပြုလုပ် ခြင်းသည် ကွာရှင်းပြတ်စဲခြင်းနှင့် အတူတူပင်ဖြစ်၏။ ထိုမျှမက ၎င်းတို့နှစ်ဦးသည် ဘယ်သောအခါမျှ ပြန်လည် လက်ထပ်ပေါင်းသင်း၍ မရနိုင်တော့ပေ။ 'လိအာန်' (لعان) လုပ်ငန်းစဉ်အသေးစိတ်ကို ဖွေကဟ်ကျမ်းစာအုပ်များတွင် ဖော်ပြထားသည်ကို ကြည့်နိုင်ပါသည်။

'လိအာန်'(لعان)ဥပဒေကို အစွလာမ့်ဥပဒေသိပ္ပံပညာတွင် ထည့်သွင်းထားခြင်းမှာ လင်ယောကျ်ား၏ စိတ် သဘာဝနှင့် စိတ်ခံစားမှုများကို ဂရုစိုက်ရန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရှေ့ပိုင်းအာယတ်တော်များ၌ တစ်ဦးတစ် ယောက်အား အိမ်ထောင်ရေးဖောက်ပြန်မှုဖြင့် အပြစ်တင်လိုလျှင် မျက်မြင်သက်သေ(၄)ဦး တင်ပြရန်လိုအပ်ကြောင်း ပြဋ္ဌာန်းခဲ့သည်။ အကယ်၍ ဤသို့ပြုရန် ပျက်ကွက်ခဲ့လျှင် ထိုသူသည် မတရားစွပ်စွဲမှုဖြင့် အပြစ်ပေးခံရမည်ဖြစ်ပေသည်။ သာမန်လူတစ်ဦးအတွက် မျက်မြင်သက်သေ(၄)ဦးမတင်ပြနိုင်ပါက တစ်စုံတစ်ယောက်အားအိမ်ထောင်ရေးဖောက်ပြန် မှုဖြင့် စွပ်စွဲမဲနေတော့ဘဲ တိတ်တိတ်ပင် နေလိုက်မည်ဖြစ်၏။ သို့မှသာ ၎င်းအား မတရားစွပ်စွဲမှုဖြင့် ပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်နိုင်မည်ဖြစ်၏။ သို့ရာတွင် လင်ယောကျ်ားအတွက် မတူကွဲပြား၏။ သေရေးရှင်ရေးကိစ္စမျိုးဖြစ်၏။ ဇနီး သည် ဖောက်ပြန်သည်ကို မိမိမျက်စိများဖြင့် တပ်အပ်သေချာမြင်ပါလျက်နှင့် မျက်မြင်သက်သေ(၄)ဦး၏ ထောက်ခံမှု မပါဘဲ စွပ်စွဲခဲ့လျှင် ကြိမ်ဒဏ်(၈၀)ရိုက်ခံရဖွယ်ရှိသည်။ အကယ်၍ ဇနီးသည်က မိမိအပေါ် သစ္စာမရှိသည်ကို သိလျက် နှင့် မြို့နေလိုက်ရမည်ဆိုပြန်ကလည်း သူ့အတွက် တစ်သက်လုံး နာကျင်ခံစားသွားရမည်ဖြစ်သည်။ ထို့ကြောင့် လင် ယောကျ်ား၏ အမှုမျိုးကို အများအတွက် ဥပဒေမှခွဲခြားပြီး သီးသန့်ပြဋ္ဌာန်းချက်များ ထားရှိ၏။ လင်နှင့်မယားအကြား ဖြစ်ပွားသောအမှုများအတွက် သီးသန့်ပြဋ္ဌာန်းချက်များ ဖြစ်သည်။ အခြားသူများအတွက်မူ ရှေ့ပိုင်းအာယတ်တော်များ ၌ ပြဋ္ဌာန်းသည်များအတိုင်း ဖြစ်ပေသည်။

ဟဒီးစ်ကျမ်းများတွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ အဖြစ်အပျက်နှစ်ခုကို ဆင့်ပြန်ထား၏။ မည်သည့် အဖြစ်အပျက်က ဤအာယတ်တော်များ ထုတ်ပြန်ရခြင်း၏ အကြောင်းရင်းဖြစ်သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ဖွင့်ဆိုသူများအကြားဝယ် ကွဲလွဲမှုရှိ၏။ ကုရ်တုဗီက အဖြစ်အပျက်နှစ်ခုစလုံးအား အာယတ်တော်များ ထုတ်ပြန်ရသည့် အကြောင်းရင်းအဖြစ် လက်ခံသည်။ ထို့ကြောင့်လည်း ထုတ်ပြန်မှုကို နှစ်ကြိမ်တိုင် ချပေးတော်မူခဲ့၏။ ဟာဖိဇ် အိဗ်န ဟဂျ်ရ် (ဗုခါရီ၏ ရှင်းလင်းဖွင့်ဆိုသူ)နှင့် နဝါဝီ(မွတ်စလင်မ်၏ ရှင်းလင်းဖွင့်ဆိုသူ)တို့ကလည်း အဖြစ်အပျက်နှစ်ခုစလုံးကို အာယတ်တော်များ ထုတ်ပြန်ပို့ချရခြင်း၏ အကြောင်းခံများအဖြစ် သဘောထားကြ၏။ ၎င်းတို့၏ အကြောင်းပြချက်များ မှာ ပို၍ဆွဲဆောင်မှုရှိပြီး ရှေ့တွင် ဖော်ပြမည်ဖြစ်သည်။ အဖြစ်အပျက်တစ်ခုသည် ဟီလာလ်ဘင်အုမေယဟ်နှင့် ၎င်း၏ ဇနီးတို့အကြောင်းဖြစ်ပြီး အိဗနိ အဗ္ဗာစ်ﷺမှတစ်ဆင့် ဗုခါရီတွင် ဆင့်ပြန်ထားသည်။ အိဗနိ အဗ္ဗာစ်ﷺမှတစ်ဆင့် သိရသည့်အဖြစ်အပျက်၏ အစပိုင်းကို မွတ်စနဒ်အဟ်မဒ်တွင် ဖော်ပြထားသည်မှာ- သာဝကကြီး အိဗနိ အဗ္ဗာစ်ﷺက

ပြောဆိုခဲ့သည်မှာ အိမ်ထောင်ရေးဖောက်ပြန်သည်ဟု မတရားစွပ်စွဲခြင်းအတွက် ပြစ်ဒဏ်နှင့်ပတ်သက်သည့်အာယတ်တော်များကို ထုတ်ပြန်ချမှတ်တော်မူသောအခါ -

وَالَّذِينَ يَرْمُونَ الْمُحْصَنَاتِ ثُمَّ لَمْ يَأْتُوا بِأَرْبَعَةِ شُهَدَاءَ فَاجْلِدُوهُمْ ثَمَانِينَ جَلْدَةً وَلَا تَقْبَلُوا لَهُمْ شَهَادَةً أَبَدًا ۚ وَأُولَٰئِكَ هُمُ الْفَاسِقُونَ

"ၦင်းပြင်အပြစ်ကင်းစင်သောအမျိုးသမီးများအား(ကာမေသုမိစ္ဆာစာရကျူးလွန်သည်ဟု) စွပ်စွဲပြီးနောက် သက်သေလေးယောက် တင်မပြနိုင်ခဲ့ကြသောသူတို့အား အသင်တို့သည် ကြိမ်ဒဏ် အချက်ပေါင်းရှစ်ဆယ် ရိုက်ကြ လေကုန်။" (၂၄:၄)

ပုဂ္ဂိုလ်တစ်ဦးသည် အမျိုးသမီးတစ်ဦးအား အိမ်ထောင်ရေးဖောက်ပြန်သည်ဟု စွပ်စွဲလျှင် ၎င်းကိုယ်တိုင် အပါအဝင် မျက်မြင်သက်သေ(၄)ဦးတင်ပြရန်မှာ မပြုမနေရဖြစ်၏။ ဤသို့မတင်ပြနိုင်ပါက ၎င်းအား မတရားစွပ်စွဲမှုဖြင့် အရေးယူပြီး ကြိမ်ဒဏ်(၈၀)ကျခံစေရမည်။ ထို့ပြင် သက်သေထွက်ဆိုခြင်းမှ ၎င်းအား ရာသက်ပန် ပိတ်ပင်ရမည် ဖြစ်၏။ ဤအာယတ်တော်များကို ကြားနာရသောအခါ မဒီနာမှခေါင်းဆောင်တစ်ဦးဖြစ်သူ သာဝကကြီး ဆာဒ် အိဗနီ အုဗာဒဟ်ﷺက အာယတ်တော်များ ပို့ချခံရသည်မှာ ဤမျှလောက်ပဲလားဟု တမန်တော်မြတ်ﷺအား မေးလျှောက်ခဲ့၏။ ဆာဒ်အုဗာဒဟ်ထံမှ ဤသို့စကားကိုကြားရသော် တမန်တော်မြတ်ﷺသည် အံ့သြကြီးစွာဖြင့် အန်ဆွာများအား ၎င်းတို့၏ခေါင်းဆောင် ဘာပြောလိုက်သည်ကို ကြားကြရဲ့လားဟု မေးတော်မူခဲ့၏။ ထိုအခါ အန်ဆွာအုပ်စုက တမန်တော်မြတ်ﷺအား ထိုသူ့အပေါ် ဇွေမယူပါရန်နှင့် အလွန်အမင်းလေးစားဂုဏ်ယူစိတ်ဖြင့် ထိုသူက ဤသို့မေးလျှောက်ခြင်းသာဖြစ်ပါကြောင်း ကြားဝင်အသနားခံကြသည်။ ထို့နောက် ဆာဒ် အိဗနီ အုဗာဒဟ်ﷺက ကျွန်ုပ်၏ မိဘကို စတေးရလျှင် စတေးရပါစေဟု ကျိန်ဆိုကာ ပြောခဲ့သည်။ "ဤအာယတ်တော်များသည် အမှန်တရားမှလွဲ၍ ဘာမျှမဟုတ်ကြောင်း အလ္လာဟ်တအာလာထံတော်မှ ထုတ်ပြန်ပို့ချခြင်းခံရသည်များဖြစ်ကြောင်းကို ကျွန်ုပ်ကောင်းစွာသိပါသည်။ သို့သော် ကျွန်ုပ်အံ့သြမိသည်မှာ အကယ်၍ အရှက်ကင်းမဲ့သောဇနီးသည်တစ်ယောက်အား သူမကိုယ်ပေါ်တွင် ယောကျ်ားတစ်ယောက်က ထပ်လျက်သား အနေအထားမျိုးနှင့် မြင်တွေ့ရလျှင် ကျွန်ုပ်သည် ထိုသူအား ဆူပူကြိမ်းမောင်းပြီး ဖယ်ရှားပစ်ရန် မလုပ်ထိုက်သလော။ ဤသို့ ပြုလုပ်ရမည့်အစား ယောကျ်ား(၄)ဦးကိုခေါ်ပြီး ဤအနေအထားကိုပြကာ မျက်မြင်သက်သေများပြုစေရန် ကျွန်ုပ်တွင် တာဝန်ရှိမည်လော။ ကျွန်ုပ်က ယောကျ်ား(၄)ဦးအား ရှာတွေ့ချိန်တွင် သူမသည် သူ့ကိစ္စသူ ဆောင်ရွက်ပြီး ထွက်ပြေး လောက်ပြီပေါ့"ဟု ပြောဆိုခဲ့၏။ (သာဝကကြီးဆာဒ်၏စကားလုံးများကို မှတ်တမ်းတင်ရာတွင် ဆင့်ပြန်သူများ အကြား အနည်းငယ်ကွဲလွဲမှုများ ရှိသော်လည်း လိုရင်းအကျဉ်းချုပ်မှာ အတူတူပင် ဖြစ်ကြသည်။) (ကုရ်တုဗီ)

အိမ်ထောင်ရေးဖောက်ပြန်ကြောင်း မတရားစွပ်စွဲမှုအတွက် ပြစ်ဒဏ်ဆိုင်ရာအာယတ်တော်များ ကျရောက်ခြင်းနှင့် ဆာဒ် အိဗနီ အုဗာဒဟ်ﷺ၏ မှတ်ချက်ချခြင်းပြီးသည့်နောက် အချိန်တိုအတွင်းမှာပင် စိုက်ယိဒိနာ ဟီလာလ် အိဗနီ အုမေယဟ်ﷺ၏ အမှုကိစ္စဖြစ်သွားခဲ့သည်။ ဖြစ်ပွားပုံမှာ တစ်ညတွင် သာဝကကြီး ဟီလာလ်ﷺသည် လယ်ယာမှ နောက်ကျပြီးပြန်လာခဲ့ရာ ယောကျ်ားတစ်ယောက် သူဇနီးနှင့်အတူ ရှိနေသည်ကို သူ့မျက်လုံးများဖြင့် တပ်အပ်မြင်ခဲ့ရသည်။ ထို့ပြင် သူသည် ၎င်းတို့၏ပြောစကားများကိုလည်း နားထောင်ခဲ့ရသည်။ သို့သော် သူသည် ဘာမျှမလုပ်ဘဲ အရှက်တက်သည့်တိုင်အောင် စောင့်ဆိုင်းခဲ့ပြီးမှ တမန်တော်မြတ်ﷺထံ သွားရောက်၍ အဖြစ်အပျက်ကို လျှောက်ထား၏။ တမန်တော်မြတ်ﷺမှာ ဤအဖြစ်အပျက်ကို ကြားရသည့်အတွက် လွန်စွာစိတ်မချမ်းမြေ့ ဖြစ်ခဲ့ရသည်။ ထိုအတော

အတွင်း အန်ဆွာလူထုလည်း စုဝေးရောက်ရှိလာပြီး ၎င်းတို့၏ခေါင်းဆောင် အရိပ်အမြွက်ပြောသည့်ကိစ္စမျိုး အမှန်တကယ် ဖြစ်လာပြီ၊ ဟီလာလ် အိဗနိ အုမေယဟ်ﷺတော့ အစ္စလာမ်ဥပဒေအရ ကြိမ်ဒဏ်(၈၀)ပေးခံရတော့မည့် အပြင် သက်သေထွက်ဆိုခြင်းမှ ရာသက်ပန်တားမြစ်ခြင်း ခံရတော့မည်ဟု ဆွေးနွေးပြောဆိုလျက် ရှိခဲ့ကြကုန်၏။ သို့သော်ငြားလည်း ဟီလာလ် အိဗနိ အုမေယဟ်ﷺကပြောသည်မှာ 'အလ္လာဟ်တအာလာသည် ကျွန်ုပ်အား ဤအကြပ်အတည်းထဲမှ ထုတ်ပေးတော်မူလိမ့်မည်ဟု များစွာမျှော်လင့်ပါသည်။ အမှန်စင်စစ် တမန်တော်မြတ်ﷺသည် သာဝကကြီး ဟီလာလ်ﷺ၏ အဖြစ်အပျက်ကို ကြားနားပြီးသည့်နောက်တွင် ၎င်းအားတောင်းဆိုသည်မှာ အစ္စလာမ် ဥပဒေအရ မျက်မြင်သက်သေ(၄)ဦး တင်ပြရန်ဖြစ်သည်။ သို့မဟုတ်က ကျောပြင်ကို ကြိမ်ဒဏ်(၈၀)ရိုက်ခံရန် ပြင်ဆင်ထားဖို့ပြောကြားကြောင်း ဗုခါရီ၏ဆွမီးဟ်ကလည်း ရည်ညွှန်းဖော်ပြ၏။ သာဝကကြီး ဟီလာလ် အိဗနိ အုမေယဟ်ﷺသည် တမန်တော်မြတ်ﷺ၏ရှေ့မှောက်၌ အလ္လာဟ်အရှင်အားတိုင်တည်၍ ကျိန်ဆိုပြီး သူသည် ရိုးသားဖြောင့်မှန်သူဖြစ်ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်သည် သူ၏ကျောပြင်ကို အရိုက်ခံရခြင်းမှ ကယ်တင်ရန်အတွက် သေချာပေါက် အမိန့်တော်တစ်ရပ် ချမှတ်ပေးပါလိမ့်မည်ဟူ၍ လျှောက်လဲခဲ့လေသည်။ ထိုသို့ အချိန်အချ စကားဆိုနေကြစဉ်တွင်ပင် ဂျိဗရီလ်ﷺသည် 'လိအာန်'ဥပဒေပါဝင်သည့် အာယတ်တော်များနှင့်အတူ ဆင်းသက်လာခဲ့၏။ ယင်းမှာ-

وَالَّذِينَ يَرْمُونَ أَزْوَاجَهُمْ

"ထို့ပြင် မိမိတို့၏ ဇနီးကြင်ရာများအား (ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု) စွပ်စွဲသောသူတို့သည် .....(၂၄:၆)"

အပူယအ်ယာကလည်း သာဝကကြီးအနတ်စ်ﷺမှတစ်ဆင့် ဤအဆိုကို ကိုးကားပြောဆိုခဲ့သည်။ ထို့ပြင် ၎င်းက ပြောဆိုသေးသည်မှာ 'လိအာန်' အာယတ်တော်များ ထုတ်ပြန်ပို့ချခံရသောအခါ တမန်တော်မြတ်ﷺက ထိုသတင်းစကားကို ဟီလာလ် အိဗနိ အုမေယဟ်ﷺအား ပေးရင်း အလ္လာဟ်တအာလာသည် ၎င်း၏ပြဿနာအတွက် အဖြေကို ချပေးတော်မူခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဟီလာလ်ﷺကလည်း ဤသည်ကိုပင် အလ္လာဟ်တအာလာထံမှ သူမျှော်လင့်နေပါကြောင်း ပြန်ပြောခဲ့၏။

ထို့နောက် တမန်တော်မြတ်ﷺသည် သာဝကကြီး ဟီလာလ် အိဗနိ အုမေယဟ်ﷺ၏ဇနီးကိုလည်း ခေါ်ယူတော်မူခဲ့သည်။ ထိုသူတို့နှစ်ဦး အတူရှိကြသော် တမန်တော်မြတ်ﷺက ဇနီးသည်ထံမှ အဖြစ်အပျက်အကြောင်းကို စုံစမ်းမေးမြန်းခဲ့သည်။ သူမက သူမ၏ခင်ပွန်းသည် သူမအား မတရားစွပ်စွဲနေခြင်းဖြစ်သည်ဟု ပြောခဲ့၏။ တမန်တော်မြတ်ﷺက ပြောကြားသည်မှာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် တစ်ယောက်သည် လိမ်လည်သူဖြစ်မှန်းသိတော်မူသည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်(၏ ညှဉ်းပန်းနှိပ်စက်မှု)ကို မကြောက်ကြလေသလော။ အမှန်တရား၊ နောင်တများနှင့် ထွက်မလာကြတော့ပြီလော။ ထိုအခါ သာဝကကြီး ဟီလာလ် အိဗနိ အုမေယဟ်ﷺက ကျွန်ုပ်၏မိဘကို စတေးရလျှင် စတေးရပါစေဟု ကျိန်ဆိုကာ ပြောခဲ့သည်။ "ကျွန်ုပ်သည် အမှန်တရားမှတစ်ပါး ဘာကိုမျှမဆိုပါ။ ကျွန်ုပ်ပြောဆိုသမျှ သည် အမှန်ချည့်သာဖြစ်ပါသည်'ဟု ဆိုခဲ့၏။ ထို့နောက် တမန်တော်မြတ်ﷺက ကုရ်အာန်၏ထုတ်ပြန်ပို့ချခြင်းခံရသော အာယတ်တော်များနှင့်အညီ ခင်ပွန်းနှင့်ဇနီး နှစ်ဦးစလုံးအပေါ် 'လိအာန်'လုပ်ငန်းစဉ်ကို ကျင့်သုံးရန် ညွှန်ကြားတော် မူခဲ့သည်။ ပထမဦးစွာ သာဝကကြီးဟီလာလ်အား ကုရ်အာန်၏စာသားများဖြင့် (၄)ကြိမ် သက်သေထွက်ဆိုခိုင်းခဲ့၏။ ယင်းစာသားများမှာ 'အလ္လာဟ်အရှင်မြတ်သည် နေရာတိုင်းတွင်ရှိတော်မူပြီး အရာရာတိုင်းကို မြင်တော်မူသည်ဆိုခြင်းကို ယုံကြည်လျက် ကျွန်ုပ်ထွက်ဆိုသည်မှာ ကျွန်ုပ်သည် ကျွန်ုပ်၏စွပ်စွဲပြောဆိုမှုအတွက်

ရိုးသားဖြောင့်မှန်သူ ဖြစ်ပါသည်' ဟူ၏။ သာဝကကြီး ဟီလာလ်ﷺသည် ထိုကုရ်အာန်၏စာသားများဖြင့် (၄)ကြိမ် သက်သေထွက်ဆိုခဲ့၏။ ပဉ္စမ အကြိမ်မြောက် ထွက်ဆိုရမည့် ကုရ်အာန်စာသားများမှာ 'ကျွန်ုပ်သည် အကယ်၍ လိမ်လည်နေသည်ဖြစ်သော် အလ္လာဟ်အရှင်မြတ်၏ကျိန်စာ ကျွန်ုပ်အပေါ် ကျရောက်ပါစေ' ဟူ၍ဖြစ်သည်။ ထိုအချိန်၌ တမန်တော်မြတ်ﷺက သာဝကကြီးဟီလာလ်ﷺအား သတိပေးသည့်အနေဖြင့် လောကီပြစ်ဒဏ်သည် တမလွန်၏ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ထက် များစွာပေါ့သောကြောင့် ကောင်းစွာဂရုစိုက်ရန်နှင့် အလ္လာဟ်ကိုကြောက်ရွံ့ရန် ပြောကြားခဲ့၏။ ပဉ္စမအကြိမ် သက်သေထွက်ဆိုခြင်းသည် နောက်ဆုံးဖြစ်ပြီး စီရင်ထုံး သို့မဟုတ် ဓမ္မသတ်သည် ၎င်းအပေါ်တွင် မူတည်မည် ဖြစ်၏။ သို့သော် ဟီလာလ် အိဗနိ အုမေယဟ်ﷺက အလ္လာဟ်တအာလာသည် တမလွန်ဘဝတွင် သူ့အား သက်သေခံထွက်ဆိုမှုအတွက် အပြစ်ပေးတော်မူမည်မဟုတ်ကြောင်းကို ကျမ်းသစ္စာကျိန်ဆိုနိုင်ရန် မရမက တောင်းဆိုခဲ့၏။ (သူ၏ထွက်ဆိုချက်သည် မှန်ကန်ကြောင်း သေချာသည့်သဘောဖြစ်သည်။) ထို့နောက် သူသည် ပဉ္စမသက်သေခံထွက်ဆိုချက်၏ စာသားများကို ရွတ်ဆိုခဲ့လေသည်။ ၎င်း၏နောက် တမန်တော်မြတ်ﷺသည် ၎င်း၏ဇနီးသည်ထံမှ ထွက်ဆိုချက်(၄) ကြိမ်ကို အလားတူရယူခဲ့သည်။ သူမကလည်း ကုရ်အာန်၏စာသားများဖြင့် ကျိန်တွယ်လျက် သူမ၏ယောကျ်ားသည် လိမ်လည်နေသည်ဟု ဆိုခဲ့၏။ ပဉ္စမအကြိမ် သက်သေခံရန်အလှည့်ရောက်သော် တမန်တော်မြတ်ﷺက သူမအား ခေတ္တစောင့်ဆိုင်းစေပြီး ၎င်းသည် ပဉ္စမနှင့်နောက်ဆုံး သက်သေခံ ထွက်ဆိုချက်ပင် ဖြစ်ကြောင်း၊ သူမအနေဖြင့် အလ္လာဟ်အရှင်မြတ်အား ကြောက်သင့်ကြောင်း၊ ထိုအရှင်၏ ညှဉ်းပန်းနှိပ်စက်မှုသည် လူများပေးသည့်ပြစ်ဒဏ် (အိမ် ထောင်ရေးဖောက်ပြန်မှုအတွက် အစွပ်လာမ့်ပြစ်ဒဏ်)ထက် များစွာသာပိုပြင်းထန်ကြောင်းများကို သတိပေးပြောကြား တော်မူခဲ့သည်။ ဤသည်ကိုကြားရသောအခါ သူမသည် ကျိန်ဆိုရန်တွန့်ဆုတ်လျက်သည်အတိုင်း ခေတ္တစောင့်ဆိုင်းနေခဲ့ပြီးမှ နောက်ဆုံးတွင် 'ကျွန်ုပ်သည် ကျွန်ုပ်၏လူများကို သိကျွာကျအောင် ပြုလုပ်မည် မဟုတ်ကြောင်း အလ္လာဟ် အရှင်မြတ်အား တိုင်တည်၍ ဆိုပါ၏'ဟုဆိုကာ 'အကယ်၍ သူမ၏ခင်ပွန်းသည် မှန်ကန်ပါက အလ္လာဟ်အရှင်၏ အမျက်တော်သည် သူမအပေါ် ကျရောက်ပါစေ' ဟူ၍ ပဉ္စမအကြိမ် သက်သေထွက်ဆိုခဲ့လေသည်။ ဤနည်းဖြင့် 'လိအာန်'လုပ်ငန်းစဉ် ပြည့်စုံပြီးမြောက်သွားသောအခါ တမန်တော်မြတ်ﷺသည် ထိုဇနီးမောင်နှံအား ကွာရှင်းပေးခဲ့၏။ ထို့ပြင် ဤကိုယ်ဝန်မှ မွေးဖွားလာမည့်ကလေးသည် ဖခင်၏အမည်ကို ဆက်ခံရမည် မဟုတ်ဘဲ မိခင်၏အမည်ကိုသာ ယူရမည်။ သို့သော် ကလေးအား နှိမ်ချဆက်ဆံပြောဆိုခြင်း မပြုလုပ်ရဟု တရားစီရင်ပေးတော်မူခဲ့၏။ (မွတ်စနဒ် အဟ်မဒ်မှ တဖ်စီရ်မဇ်ဟီရီ ကူးယူကိုးကားသည်။ ဆင့်ပြန်သူ အိဗနိအဗ္ဗာစ်)

ဒုတိယအဖြစ်အပျက်

ဒုတိယအဖြစ်အပျက်ကို ဆွဟီးဟ်ဗုခါရီနှင့် ဆွဟီးဟ် မွတ်စလင်မ်များတွင် ကိုးကားဖော်ပြထားသည်။ အဖြစ်အပျက် အသေးစိတ်များကို အိဗနိ အဗ္ဗာစ်ﷺမှတစ်ဆင့် ဘဂါဝီက ဆင့်ပြန်ခဲ့၏။ ၎င်းကပြောခဲ့သည်မှာ တမန်တော်မြတ်ﷺသည် 'မင်ဘာရ်'ပေါ်တွင်ရပ်လျက် အိမ်ထောင်ရေးဖောက်ပြန်မှုဖြင့် မတရားစွပ်စွဲသူ **حدّ القذف** အမျိုးသားအား ပြစ်ဒဏ်ပေးရန် ပြဋ္ဌာန်းသည့်အာယတ်တော် **وَالَّذِينَ يَرْمُونَ الْمُحْصَنَاتِ**(၂၄:၄)အား ရှင်းပြနေခဲ့၏။ ထိုအချိန်က သာဝကကြီး အာစွင်းမ် အိဗနိ အာဒီ အလ်အန်စွာﷺသည် လူအုပ်ထဲတွင် ရှိနေ၏။ သူသည် မတ်တတ်ရပ်လိုက်ပြီး လျှောက်ထားသည်မှာ 'အို- အလ္လာဟ်တမန်တော်၊ ကျွန်တော်မျိုး၏အသက်ကို ကိုယ်တော့်အပေါ်မှာ စွန့်လွှတ်ပါ၏' ဟု ကျိန်ဆို၍ 'အကယ်၍များ ကျွန်ုပ်တို့အထဲမှ တစ်ယောက်ယောက်သည် ၎င်း၏ဇနီးအား အခြားယောကျ်ား တစ်ယောက်နှင့်အတူ အိပ်ရာထဲတွင် လဲလျောင်းလျက်ရှိသည်ကို တွေ့ရသည်။ ဤအနေအထားကို သူက ပြန်ပြောပြသည်။

ထို့နောက် သူသည် ကြိမ်ဒဏ် (၈၀) ရိုက်ခံရမည်။ သက်သေထွက်ဆိုချက်ပေးခြင်းကို ရာသက်ပန်တားမြစ်ခံရမည်။ ထိုမျှမက မွတ်စလင်မ်များက သူ့ကို လူလိမ်ဟုခေါ်ကြမည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် ကျွန်ုပ်တို့သည် အဘယ်ကဲ့သို့ မျက်မြင်သက်သေများကို ချက်ချင်းရနိုင်ပါမည်နည်း။ အကယ်၍ ရနိုင်ခဲ့သည်ဆိုလျှင်တောင်မှ ကျွန်ုပ်တို့ မျက်မြင်သက်သေများ သွားရှာနေချိန်တွင် ထွက်ပြေးပြီးဖြစ်ပေမည်။' ဤသည်မှာ ပထမအဖြစ်အပျက်တွင် သာဝကကြီး ဆာဒ် အိဗနိ အုဗာဒဟ်ﷺ ပြုလုပ်ခဲ့သော မေးမြန်းစုံစမ်းမှုနှင့် အတူတူပင်ဖြစ်၏။

ဤမေးမြန်းစုံစမ်းမှုကို သောကြာနေ့တွင် ပြုလုပ်ခဲ့၏။ နောက်ပိုင်း ဖြစ်ပျက်လာခဲ့သည်မှာ အာစွင်းမ် အိဗနိ အာဒီﷺ၏ ဝမ်းကွဲတစ်ဦးဖြစ်သူ ဥဝေမိရ်သည် အာဒီ၏ အခြားဝမ်းကွဲဖြစ်သူ ခေါဝ်လာနှင့် လက်ထပ်ထားခဲ့သည်။ ဥဝေမိရ်သည် သူ၏ဇနီးသည် အခြားဝမ်းကွဲတစ်ဦးဖြစ်သူ ရှရစ်က်အိဗနိစဟ်မာ ဆိုသူနှင့် ပွေလီရွှမ်ထွေးနေခြင်းကို မြင်တွေ့ခဲ့သဖြင့် ဤအကြောင်းကို အာစွင်းမ် အိဗနိ အာဒီﷺအား ပြန်ပြောပြခဲ့ရာ ၎င်းက إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ ကို ရွတ်ဖတ်သရဇ္ဈယ် ခဲ့သည်။ နောက်တစ်နေ့(သောကြာနေ့ပင်ဖြစ်သည်)တွင် အာဒီﷺသည် တမန်တော်မြတ်ﷺအား တွေ့ရန် ထွက်သွားခဲ့သည်။ အာဒီﷺက တမန်တော်မြတ်ﷺအား လျှောက်ထားသည်မှာ သူသည် ပြီးခဲ့သော သောကြာနေ့က စုံစမ်း မေးမြန်းမှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ ယခုမူ သူ၏မိသားစုအတွင်း၌ ထိုအဖြစ်မျိုးပင် ဖြစ်ခဲ့သဖြင့် ကံဆိုးစွာ သူကိုယ်တိုင် ပါဝင်ပတ်သက်နေရပါပြီ ဟူ၍ဖြစ်၏။ ဘဂါဝီက ထိုဇနီးမောင်နှံအား အဘယ်ကဲ့သို့ဆင့်ခေါ်ပြီး လိအာန်လုပ်ငန်းစဉ်ကို ဆောင်ရွက်ပုံအသေးစိတ်အား ပြန်ပြောပြခဲ့သည်။ (မဇ်ဟိရီ)

ဤအဖြစ်အပျက်အား သာဝကကြီး ဆဟာလ် အိဗနိ ဆာဒ်စအီဒီﷺမှတစ်ဆင့် ဆွဟီးဟ်ဟဒီးစ်များတွင် ဆင့်ပြန်ခဲ့သည်မှာ ဥဝေမိရ်အလ်အဂျ်လာနီﷺက တမန်တော်မြတ်ﷺထံ မေးမြန်းစုံစမ်းခဲ့သည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် သူ၏ဇနီးကို အခြားယောကျ်ားတစ်ယောက်နှင့် အိပ်ရာထဲတွင် တွေ့ရှိရပါက သူသည် ထိုယောကျ်ားကို သတ်ပစ်သင့်ပါသလား။ ထိုသို့သတ်လိုက်လျှင်လည်း သူ့အား လူအများက ဝိုင်းသတ်ကြသည်ကို ခံရပေမည်။ သို့မဟုတ်က အခြားဘာများ သူလုပ်သင့်ပါသနည်း။ တမန်တော်မြတ်ﷺက ဖြေကြားသည်မှာ အလ္လာဟ်တအာလာသည် သင်နှင့်သင်၏ဇနီးတို့၏အမှုအတွက် အမိန့်ပြဋ္ဌာန်းချက် ထုတ်ဆင့်တော်မူခဲ့ပြီးဖြစ်၏။ သင့်ဇနီးကို ခေါ်သွားချည့်ပါဟု စေခိုင်း၏။ ဟဒီးစ်တော်ကို ဆင့်ပြန်သူ သာဝကကြီး ဆဟာလ် အိဗနိ ဆာဒ်ﷺ ပြောကြားသည်မှာ တမန်တော်မြတ်ﷺက 'လိအာန်'လုပ်ငန်းစဉ်ကို ၎င်းတို့နှစ်ဦးအား ဗလီထဲ၌ ပြုလုပ်စေခဲ့၏။ ('လိအာန်'လုပ်ငန်းစဉ်အကြောင်းအထက်တွင် ရှင်းပြခဲ့ပြီးဖြစ်သည်။) ဇနီးမောင်နှံနှစ်ဦးလုံး (၅)ကြိမ်စီ ကျိန်ဆိုပြီးသည့်နောက် 'လိအာန်'လုပ်ငန်းစဉ်ပြီးပြည့်စုံသွားသောအခါ ဥဝေမိရ်က 'ကျွန်ုပ်သည် သူမကို ဆက်လက်ပေါင်းသင်းနေဦးမည်ဆိုပါက ကျွန်ုပ်သည် သူမအပေါ် မတရားစွပ်စွဲခဲ့သည်ဟု အဓိပ္ပာယ်သက်ရောက်လိမ့်မည်။ သို့ဖြစ်၍ ကျွန်ုပ်သည် သူမအား သုံးတွလာက်ပေးကြောင်း ကြေညာပါသည်' ဟု ပြောဆိုခဲ့သည်။ (ဆွဟီးဟ်ဟဒီးစ်များ၏ ခိုင်လုံမှုဖြင့် မဇ်ဟိရီကျမ်း)

ဤဖြစ်ရပ်နှစ်ခုအနက် လိအာန်အာယတ်တော်များမှာ ဖြစ်ရပ်တစ်ခုအတွက် ထုတ်ပြန်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း ဆိုကြသည်။ ဟာဖိဇ်အိဗ်နဟဂျ်ရ်နှင့် ရှိတ်ခ်ခုလ်အစ္စလာမ်နဝါဝီ(ရဟ့)တို့က ဖြစ်စဉ်နှစ်ခု၏ ဆင်တူမှုကို သတိပြုမိပြီး ဟီလာလ် အိဗနိ အုမေယဟ်ﷺ၏အဖြစ်အပျက်သည် အလျင်ကျမည်။ လိအာန်အာယတ်တော်များသည်လည်း ၎င်းအဖြစ်အပျက်နှင့် ဆက်နွယ်လျက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ရှင်းပြခဲ့ကြသည်။ ၎င်းနောက် ချက်ချင်းဆိုသလိုပင် ဥဝေမိရ်ﷺသည်လည်း ဆင်တူဖြစ်ရပ်နှစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် တမန်တော်မြတ်ﷺ၏ ရှေ့တော်မှောက်၌ တင်ပြခဲ့သည်။ ၎င်းအလျင် ဟီလာလ် အိဗနိ အုမေယဟ်ﷺ၏ဖြစ်ရပ် ရှိခဲ့သည်ဆိုခြင်းကို သိကောင်းမှသိခဲ့ပေမည်။ ထို့နောက် တမန်တော်မြတ်ﷺက ဤအမှုအတွက် စီရင်ချက်ကို ၎င်းအားပြောပြခဲ့လေသည်။ ဤသည်က

ကြောင်းကျိုးဆီလျော်ပုံရသည်။ အဘယ်ကြောင့်ဆိုသော် ဟီလာလ် အိဗနိ အုမေယဟ်ﷺ၏အမှုတွင် သုံးသည့်စာသားများမှာ فنزل جبرئيل (ထို့နောက် ဂျိဗရီလ်သည် ဤအာယတ်တော်များနှင့် ဆင်းသက်လာခဲ့၏)ဖြစ်ပြီး ဥဝေမိရ်ﷺ၏အမှုတွင်မူ စာသားများမှာ قد أنزل الله فيك (အလ္လာဟ်အရှင်မြတ်သည် အသင်၏အကြောင်းကို ထုတ်ပြန်ပို့ချတော်မူခဲ့ပြီးဖြစ်၏။) အဓိပ္ပာယ်မှာ အလ္လာဟ်တအာလာသည် အသင်၏အမှုနှင့်ဆင်တူသောအမှု၌ အမိန့်တော်ကိုပြဋ္ဌာန်းခဲ့ပြီးဖြစ်၏ဟူ၍ ဖြစ်နိုင်ပေသည်။ (မဇ်ဟိရီ)

ဥပဒေသ

တရားသူကြီး၏ရှေ့မှောက်တွင် လင်နှင့်မယားကြား လိအာန်ပြုလုပ်ပြီးပါက ထိုမိန်းမသည် ထိုယောက်ျားအတွက် ရာသက်ပန်တားမြစ်ခြင်းခံရသူဖြစ်သွားသည်။ နို့စို့ဖက်ဆွေမျိုးများအချင်းချင်းကြား လက်ထပ်ခြင်းကို ရာသက်ပန် တားမြစ်သကဲ့သို့ပင် ဖြစ်၏။ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်မှာ المتلاعنان لا يجتمعان أبدًا (လိအာန်ပြုလုပ်ပြီးသော ဇနီးမောင်နှံသည် ဘယ်တော့မှ ပြန်လည်ပေါင်းစပ်ခြင်းမပြုနိုင်။) တရား မဝင်မှုသည် လိအာန်ပြီးဆုံးသည်နှင့် ချက်ချင်း အတည်ဖြစ်သွားသည်။ သူမအား သူမ၏ ပထမယောက်ျားမှ ကွာရှင်းလိုက်လျှင်သော်လည်းကောင်း၊ စွန့်ပစ်လိုက်ပြီဟု ပြောဆိုခဲ့လျှင်သော်လည်းကောင်း သူမသည် အခြားယောက်ျားနှင့် အစ်ဒတ်ကာလ (၃)လကုန်ဆုံးပြီးသည့် နောက် အိမ်ထောင်သစ်ထူခွင့်ရှိ၏။ ဤသည်မှာ အိမာမ်အဗူဟနီဖာ(ရဟ့်) ချမှတ်သော မမွသတ်ပင်ဖြစ်၏။ သို့သော် အကယ်၍ လင်ယောက်ျားသည် ထိုရွေးချယ်ရန်နည်းလမ်းနှစ်သွယ်အနက် တစ်ခုကိုမျှ မဆောင်ရွက်လျှင် တရားသူကြီး သို့မဟုတ် အုပ်ချုပ်သူက ကွဲကွာကြောင်းအမိန့်ထုတ်မည်ဖြစ်သည်။ ဤသို့ပြုခြင်းသည်လည်း ကွာရှင်းခြင်းကဲ့သို့ပင် အကျိုးသက်ရောက်၏။ ထို့နောက် သူမသည် ရာသီသွေး(၃)ကြိမ်လာပြီးသည့်တိုင်အောင် စောင့်ဆိုင်းရမည်။ ထို့နောက်တွင် သူမသည် အခြား ယောက်ျားတစ်ယောက်နှင့် လက်ထပ်ရန် အတွက် လွတ်လပ်သွားပြီဖြစ်တော့၏။ (မဇ်ဟိရီစသည်)

ဥပဒေသ

လိအာန်ပြီးမြောက်ပြီးသည့်နောက် ထိုကိုယ်ဝန်မှ မွေးဖွားလာမည့်ကလေးသည် သူမ၏လင်ယောက်ျား၏အမည်ကို ယူခွင့်မရှိဘဲ မိခင်ဘက်မှအမည်ကိုသာ ခေါ်စေရမည်။ တမန်တော်မြတ်ﷺသည် ဤစီရင်ဆုံးဖြတ်ချက်ကို ဟီလာလ် အိဗနိ အုမေယဟ်ﷺနှင့် ဥဝေမိရ် အလ်ဂျာနီﷺတို့၏ အမှုနှစ်ခုစလုံးအတွက် ချမှတ်ခဲ့သည်။

ဥပဒေသ

လိအာန်ပြုလုပ်ပြီးသည့်နောက် လိမ်လည်သူအပေါ် တမလွန်၏ပြစ်ဒဏ် တိုးပွားလာမည်ဖြစ်သော်လည်း ယခုဘဝတွင်မူ ပြစ်ဒဏ်ကို ပယ်ဖျက်ပြီးဖြစ်၏။ အလားတူပင် အမျိုးသမီးအား အိမ်ထောင်ရေးဖောက်ပြန်သူဟု ခေါ်ခွင့်မပြုသကဲ့သို့ သူမ၏ကလေးအားလည်း တရားမဝင်သောကလေးဟု ခေါ်ခွင့်မပြုချေ။ ဤစီရင်ချက်ကို တမန်တော်မြတ်ﷺသည် ဟီလာလ် အိဗနိ အုမေယဟ်ﷺ၏အမှုတွင် ချမှတ်ခဲ့၏။ وقضى بأن لا ترمى ولا ولدُها

အာယသ် (၁၁-၂၆)

اِنَّ الَّذِيْنَ جَآءُوْ بِالْاِفْكِ عُصْبَةٌ مِّنْكُمْ ؕ لَا تَحْسَبُوْهُ شَرًّا لَّكُمْ ؕ بَلْ هُوَ
خَيْرٌ لَّكُمْ ؕ لِكُلِّ امْرِئٍ مِّنْهُمْ مَّا اكْتَسَبَ مِنَ الْاِثْمِ ۚ وَ الَّذِيْ تَوَلّٰى
كِبْرَهٗ مِنْهُمْ لَهٗ عَذَابٌ عَظِيْمٌ ﴿۱۱﴾ لَوْ لَاۤ اِذْ سَمِعْتُمُوْهُ ظَنَّ الْمُؤْمِنُوْنَ وَ
الْمُؤْمِنٰتُ بِاَنْفُسِهِمْ خَيْرًا ۙ وَّ قَالُوْا هٰذَاۤ اِفْكٌ مُّبِيْنٌ ﴿۱۲﴾ لَوْ لَا جَآءُوْ
عَلَيْهِ بِاَرْبَعَةِ شُهَدَآءَ ۚ فَاِذْ لَمْ يَاْتُوْا بِالشُّهَدَآءِ فَاُولٰٓئِكَ عِنْدَ اللّٰهِ هُمُ
الْكٰذِبُوْنَ ﴿۱۳﴾ وَ لَوْ لَا فَضْلُ اللّٰهِ عَلَيْكُمْ وَ رَحْمَتُهٗ فِي الدُّنْيَا وَ الْاٰخِرَةِ
لَمَسَّكُمْ فِيْ مَاۤ اَفَضْتُمْ فِيْهِ عَذَابٌ عَظِيْمٌ ﴿۱۴﴾ اِذْ تَلَقَّوْنَهٗ بِاَلْسِنَتِكُمْ وَ
تَقُوْلُوْنَ بِاَفْوَاهِكُمْ مَّا لَيْسَ لَكُمْ بِهٖ عِلْمٌ وَّ تَحْسَبُوْنَهٗ هَيِّنًا ۖ وَّ هُوَ
عِنْدَ اللّٰهِ عَظِيْمٌ ﴿۱۵﴾ وَ لَوْ لَاۤ اِذْ سَمِعْتُمُوْهُ قُلْتُمْ مَّا يَكُوْنُ لَنَاۤ اَنْ نَّتَكَلَّمَ
بِهٰذَا ۖ سُبْحٰنَكَ هٰذَا بُهْتَانٌ عَظِيْمٌ ﴿۱۶﴾ يَعِظُكُمُ اللّٰهُ اَنْ تَعُوْدُوْا لِمِثْلِهٖۤ
اَبَدًا اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۱۷﴾ وَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ ؕ وَ اللّٰهُ عَلِيْمٌ حَكِيْمٌ
﴿۱۸﴾ اِنَّ الَّذِيْنَ يُحِبُّوْنَ اَنْ تَشِيْعَ الْفَاحِشَةُ فِي الَّذِيْنَ اٰمَنُوْا لَهُمْ عَذَابٌ
اَلِيْمٌ ۙ فِي الدُّنْيَا وَ الْاٰخِرَةِ ؕ وَ اللّٰهُ يَعْلَمُ وَ اَنْتُمْ لَا تَعْلَمُوْنَ ﴿۱۹﴾ وَ لَوْ لَا فَضْلُ
اللّٰهِ عَلَيْكُمْ وَ رَحْمَتُهٗ وَ اَنَّ اللّٰهَ رَءُوْفٌ رَّحِيْمٌ ﴿۲۰﴾ يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا
لَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ؕ وَ مَنْ يَّتَّبِعْ خُطُوٰتِ الشَّيْطٰنِ فَاِنَّهٗ يَاْمُرُ
بِالْفَحْشَآءِ وَ الْمُنْكَرِ ؕ وَ لَوْ لَا فَضْلُ اللّٰهِ عَلَيْكُمْ وَ رَحْمَتُهٗ مَا زَكٰى مِنْكُمْ
مِّنْ اَحَدٍ اَبَدًا ۙ وَّ لٰكِنَّ اللّٰهَ يُزَكِّيْ مَنْ يَّشَآءُ ؕ وَ اللّٰهُ سَمِيْعٌ عَلِيْمٌ ﴿۲۱﴾ وَ لَا
يَاْتَلِ اُولُوا الْفَضْلِ مِنْكُمْ وَ السَّعَةِ اَنْ يُّؤْتُوْۤا اُولِي الْقُرْبٰى وَ الْمَسٰكِيْنَ وَ
الْمُهٰجِرِيْنَ فِيْ سَبِيْلِ اللّٰهِ ۖ وَ لْيَعْفُوْا وَ لْيَصْفَحُوْا ؕ اَلَا تُحِبُّوْنَ اَنْ يَّغْفِرَ
اللّٰهُ لَكُمْ ؕ وَ اللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿۲۲﴾ اِنَّ الَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ

الْغٰفِلٰتِ الْمُؤْمِنٰتِ لُعِنُوْا فِي الدُّنْيَا وَالْاٰخِرَةِ ۠ وَلَهُمْ عَذَابٌ عَظِيْمٌ ﴿٢٣﴾
يَّوْمَ تَشْهَدُ عَلَيْهِمْ اَلْسِنَتُهُمْ وَاَيْدِيْهِمْ وَاَرْجُلُهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿٢٤﴾
يَوْمَئِذٍ يُّوَفِّيْهِمُ اللّٰهُ دِيْنَهُمُ الْحَقَّ وَيَعْلَمُوْنَ اَنَّ اللّٰهَ هُوَ الْحَقُّ الْمُبِيْنُ ﴿٢٥﴾
اَلْخَبِيْثٰتُ لِلْخَبِيْثِيْنَ وَالْخَبِيْثُوْنَ لِلْخَبِيْثٰتِ ۚ وَالطَّيِّبٰتُ لِلطَّيِّبِيْنَ وَ
الطَّيِّبُوْنَ لِلطَّيِّبٰتِ ۚ اُولٰٓئِكَ مُبَرَّءُوْنَ مِمَّا يَقُوْلُوْنَ ؕ لَهُمْ مَّغْفِرَةٌ وَّ رِزْقٌ
كَرِيْمٌ ﴿٢٦﴾

ဇကေန်အမှန် (ဤ)မုသားစွပ်စွဲခဲျက်ကို ဖြန့်ချိခဲ့သောသူတို့ကား အသင်တို့အနက်မှ အုပ်စု(ကလေး) တစ်ခုပင်ဖြစ်၏။ ထိုအုပ်စုအနက် အသီးသီး၌ မိမိရှာဖွေဆည်းပူးခဲ့သော ပြစ်မှုသည် ရှိပေသည်။ ထိုမှတစ်ပါး ယင်းမုသားစွပ်စွဲမှု(ကို ဖြန့်ချိရာ၌) (အများဆုံး တာဝန်ယူ ဆောင်ရွက်ခဲ့သော)သူ၌မူ အလွန်ကြီးလေးလှသော ပြစ်ဒဏ်သည် ရှိပေသတည်း။[၁၁] ယင်းမုသားစွပ်စွဲခဲျက်ကို အသင်တို့ ကြားသိခဲ့စဉ်က "မုအ်မင်န်" ယောကျ်ား တို့သည်လည်းကောင်း၊ "မုအ်မင်န်" မိန်းမတို့သည်လည်းကောင်း မိမိတို့ အချင်းချင်းနှင့်ပတ်သက်၍ အဘယ်ကြောင့် ကောင်းမွန်သောထင်မြင်ချက်ကို မထင်မြင် မယူဆခဲ့ကြသနည်း။ ထိုမှတစ်ပါး ထို "မုအ်မင်န်" ယောကျ်ား မိန်းမတို့က ဤသည် ထင်ရှားလှစွာသော မုသားစွပ်စွဲခဲျက်ပင် ဖြစ်သည်ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။[၁၂] ထို(မုသားစွပ်စွဲခဲ့ကြသော)လူစုသည် အဘယ်ကြောင့် ယင်းစွပ်စွဲခဲျက်နှင့် စပ်လျဉ်း၍ သက်သေ(၄)ယောက် တင်မပြခဲ့ကြသနည်း။ စင်စစ် ၎င်းတို့သည် သက်သေ တင်မပြခဲ့ကြသောကြောင့် ၎င်းတို့သည်ပင်လျှင် အလ္လာဟ်အရှင်မြတ် အထံတော်၌ မုသာဝါဒီများ ဖြစ်ကြကုန်သတည်း။[၁၃] စင်စစ်သော်ကား အကယ်၍သာ အသင်တို့ အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် ထိုအရှင်၏ ကရုဏာတော်သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း မရှိခဲ့လျှင် အသင်တို့ နစ်မွန်းလျက် ရှိခဲ့ကြသောကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့၌ အလွန်ကြီးလေးလှစွာသော ပြစ်ဒဏ်သည် အမှန်ပင် သက်ရောက်ခဲ့ပြီး ဖြစ်ချေသည်။[၁၄] အကြောင်အခါ၌ အသင်တို့သည် ယင်းကိစ္စကို မိမိတို့လျှာများဖြင့် လက်ခံပြောဆိုနေခဲ့ကြ၏။ ထို့ပြင် မိမိတို့ အလျင်းမသိသော အကြောင်းကိစ္စကို မိမိတို့နှုတ်များဖြင့် မြွက်ဆိုနေခဲ့ကြကုန်၏။ ထိုမှတစ်ပါး အသင်တို့သည် ယင်းကိစ္စကို ပေါ့ပေါ့ဆဆ သာမန်ကိစ္စဟု ထင်မှတ်နေကြကုန်၏။ အမှန်စင်စစ်မှာမူကား ယင်းကိစ္စသည် အလ္လာဟ်အရှင်မြတ်အထံတော်၌ အလွန် ကြီးလေးလှသောကိစ္စပင် ဖြစ်ချေသတည်း။[၁၅] ၎င်းပြင် အသင်တို့သည် ယင်းမုသားစွပ်စွဲခဲျက်ကို ကြားခဲ့ကြသောအခါ "(အို-အလ္လာဟ်အရှင်မြတ်) အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ ကျွန်ုပ်တို့သည် ဤသည်ကို (မိမိတို့နှုတ်ဖြင့်) ပြောဆိုကြရန်

အလျှင်းမထိုက်။ ဤသည် ကြီးကျယ်လှစွာသော သွားပုပ်လေလွင့် မတရားပြောဆိုချက် မျှသာ ဖြစ်ပေသည်" ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။[၁၆] အကယ်၍ အသင်တို့သည် "မုအ်မင်နဲ်" သက်ဝင် ယုံကြည်သူများ ဖြစ်ကြပါလျှင် အသင်တို့သည် ယင်းကဲ့သို့သောအပြုအမူမျိုးကိုနောက်ထပ်၍မပြုရန် အလွှာဟ်အရှင်မြတ်သည် အသင်တို့အား ဆုံးမတော်မူလေသည်။[၁၇] ၎င်းပြင် အလွှာဟ်အရှင်မြတ်သည် အသင်တို့အဖို့ အမိန့်ပညတ်တော်များကို ရှင်းလင်းစွာ မိန့်ကြားတော်မူပေသည်။ စင်စစ် အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၁၈] ဇကနဉ်စင်စစ် "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သောသူတို့တွင် မဖွယ်မရာညစ်ညမ်းသောစကား ပြန့်ပွားခြင်းကို နှစ်သက်လိုလားသောသူတို့၌ (ဤ) မျက်မှောက်လောကီဘဝတွင်လည်းကောင်း၊ တမလွန်ဘဝတွင်လည်းကောင်း၊ ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်သည်ရှိပေမည်။ စင်စစ် အလွှာဟ်အရှင်မြတ်သည် သိရှိတော်မူ၏။ အသင်တို့မူကား မသိနားမလည်ကြချေ။[၁၉] စင်စစ် သော်ကား အကယ်၍သာ အသင်တို့အပေါ်၌ အလွှာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် ထိုအရှင်မြတ်၏ကရုဏာတော်မရှိခဲ့မူ (အမှန်ပင် အသင်တို့၌ပြစ်ဒဏ်ကို အဆောတလျင် သက်ရောက်စေတော်မူခဲ့ပေမည်)။ သို့ရာတွင် ဇကနဉ်မလွဲ အလွှာဟ်အရှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူထသောအရှင်၊ အလွန်တရာ ကရုဏာပြုတော်မူထသော အရှင် ဖြစ်တော်မူပေသည်။ (သို့ဖြစ်ပေရာ အသင်တို့အား တောင်းပန်ဝန်ချနိုင်ရန် အခြေအနေကို ဖန်တီး၍ ပေးသနားတော်မူခဲ့ပေသည်။)[၂၀] အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ရှိုင်တွာန်မိစ္ဆာကောင်၏ ခြေရာများကို မလိုက်ကြကုန်လင့်။ စင်စစ်သော်ကား မည်သူမဆို ရှိုင်တွာန်မိစ္ဆာကောင်၏ ခြေရာများကို လိုက်ပါလျှင်ဇကနဉ်မလွဲထိုရှိုင်တွာန်မိစ္ဆာကောင်သည် (ထိုသူအား) ရှက်ဖွယ်ကိစ္စနှင့်မကောင်းမှုဒုစရိုက်ကိုသာ လုပ်ရန် ညွှန်ကြားပေမည်။ စင်စစ် အကယ်၍သာ အသင်တို့အပေါ်ဝယ် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်မရှိခဲ့လျှင် အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ၊ မည်သည့်အခါမျှပင် (ဝန်ချတောင်းပန်၍) စင်ကြယ် သန့်ရှင်း လွတ်ကင်းခဲ့မည် မဟုတ်ပေ။ သို့ရာတွင် အလွှာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (ဝန်ချတောင်းပန်ခွင့်ပြုတော်မူ၍) စင်ကြယ်သန့်ရှင်းလွတ်ကင်းစေတော်မူ၏။ စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၂၁] ၎င်းပြင် အသင်တို့အနက် ဝုဏ်အသရေနှင့် ကုံလုံကြွယ်ဝမှုရှိသောသူများသည် ဆွေရင်းမျိုးရင်းများအား လည်းကောင်း၊ သူဆင်းရဲများအား လည်းကောင်း အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ (မိမိ တို့၏ အိုးအိမ်စည်းစိမ်တို့ကို စွန့်၍ မဒီနာမြို့သို့) ရွှေ့ပြောင်းလာခဲ့ကြသော မုဟာဂျိရ်များအား လည်းကောင်း၊ (အကူအညီ အထောက်အပံ့) မပေးကြတော့ပါဟူ၍ ကျိန်ဆိုခြင်းမပြုကြရာ။ စင်စစ် ၎င်းတို့သည် (ထိုသူတို့အား)

ခွင့်လွှတ်သင့်ကြပေသည်။ ၎င်းပြင် လျစ်လျူပြုသင့်ကြပေသည်။ အသင်တို့သည် မိမိတို့အား အလွှာဟ်အရှင်မြတ်က အပြစ်မှ ခွင့်လွှတ်ချမ်းသာပေးတော်မူသည်ကို မနှစ်သက် မလိုလားကြလေသလော။ စင်စစ်မှာမူကား အလွှာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင် အလွန်တရာ သနားညှာတာကရုဏာ ပြုတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၂၂] ဇကန်စင်စစ် ကာမဂုဏ်ကို ချုပ်တည်းသော၊ ရိုးသားဖြောင့်မတ်၍ သတိမမူသော "မုအ်မင်န်" အမျိုးသမီးများအား (မဟုတ်မမှန် မတရား) စွပ်စွဲကြကုန်သောသူတို့သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ ကရုဏာတော်မှကင်းဝေးစေခြင်းကို ခံကြရပေမည်။ ထိုမှတစ်ပါး ၎င်းတို့၌ ကြီးလေးလှစွာသောပြစ်ဒဏ်သည်(လည်း) ရှိပေမည်။[၂၃] အကြင်နေ့တွင်(ထိုနေ့တွင်) ထိုသူတို့၏ နှုတ်လျှာများသည်လည်းကောင်း၊ ထိုသူတို့၏ လက်များသည်လည်းကောင်း၊ ထိုသူတို့၏ ခြေထောက်များသည်လည်းကောင်း ထိုသူတို့နှင့် ဆန့်ကျင်ကာ ထိုသူတို့ ကျင့်မူခဲ့သမျှတို့ကို သက်သေခံကြပေမည်။[၂၄] ထိုနေ့တွင် အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှင့်ထိုက်တန်သောအစားကို အပြည့် အဝ ပေးတော်မူပေမည်။ ထို့ပြင် ဇကန်မုချ အလွှာဟ်အရှင်မြတ်သည် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူသောအရှင် (အကြောင်းကိစ္စများကို) ထင်ရှားစေတော်မူသောအရှင် ဖြစ်တော်မူကြောင်းကို ၎င်းတို့ သိရှိကြပေမည်။[၂၅] ယုတ်မာသောမိန်းမများသည် ယုတ်မာသောယောကျ်ားများနှင့်သာ ထိုက်ကြပေသည်။ ထိုနည်းတူစွာ ယုတ်မာသောယောကျ်ားများမှာလည်း ယုတ်မာသောမိန်းမများနှင့် ထိုက်တန်ကြကုန်၏။ ၎င်းပြင် မွန်မြတ်သော မိန်းမများသည် မွန်မြတ်သောယောကျ်ားများနှင့်သာ ထိုက်တန်ကြပေသည်။ ထိုနည်းတူစွာ မွန်မြတ်သောယောကျ်ားများသည်လည်း မွန်မြတ်သောမိန်းမများနှင့် ထိုက်တန်ကြကုန်၏။ ထို(မွန်မြတ်သော ယောကျ်ား-မိန်း)တို့မှာ မူကား ၎င်း(မုနာဖစ်ဂ်)တို့၏ ပြောဆို(စွပ်စွဲ)ချက်များမှ (လုံး၀)ကင်းရှင်းသူများပင် ဖြစ်ကြပေသည်။ ထိုသူတို့အဖို့ (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့်သည် လည်းကောင်း၊ မွန်မြတ်လှစွာသော စားနပ်ရိက္ခာသည် လည်းကောင်း ရှိပေသတည်း။[၂၆]

အာယတ်တော်ချင်း ဆက်စပ်ပုံ

ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း စူရာအန်နူရ်၏အဓိကကဏ္ဍမှာ ကောင်းမွန်သောအကျင့်သီလအား ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိတ်ဆန္ဒကိုချုပ်တီးခြင်းများနှင့် သက်ဆိုင်သည့် အမိန့်ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၏။ အကျင့်သီလကောင်းခြင်းနှင့် ဂုဏ်သိက္ခာများကို တန်ဖိုးကျစေရန် အားထုတ်မှုမှန်သမျှသည် အမိန့်ပြဋ္ဌာန်းချက်ကို လုံး၀ ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ထိုအတွက် ဤဘဝ၏ ပြစ်ဒဏ်ကိုလည်းကောင်း၊ နောင်ဘဝ၏နှိပ်စက်ညှဉ်းပန်းမှုကို လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည်။ ဤဆက်စပ်မှုတွင် ပထမဦးစွာ အိမ်ထောင်ရေးဖောက်ပြန်မှု၏ အမြင့်ဆုံးပြစ်ဒဏ်(حد زنا)၊ ထို့နောက် မတရားစွပ်စွဲမှုအတွက် ပြစ်ဒဏ်(حد قذف)နှင့် ၎င်း၏နောက် "လိအာန်" လုပ်ငန်းစဉ်များအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်၏။ အကျင့်သီလကောင်းမွန်သူ အမျိုးသမီးတစ်ဦးအား မျက်မြင်သက်သေ (၄)

ယောက် မရှိပါဘဲလျက် အိမ်ထောင်ရေးဖောက်ပြန်သည်ဟု မတရားစွပ်စွဲခြင်းသည် ကြီးမားသောဒုစရိုက် ဖြစ်၏။ ဤသို့ စွပ်စွဲသူအတွက် ကြိမ်ဒဏ်(၈၀) ပြဋ္ဌာန်းထား၏။ ဤပြဋ္ဌာန်းချက်သည် သာမန်မွတ်စလင်မ်အမျိုးကောင်းသမီးများနှင့် သက်ဆိုင်၏။ သို့သော် အာအိရှာ ﵂ သခင်မကြီး၏ အမှုကမူ လုံးဝခြားနား လေးနက်ပေသည်။ ကြောင်သူတော်(မုနာဖိုက်)များသည် သူမအားအသရေဖျက်စေရန် ဟစ်ဂျရီ(၆)ခုနှစ်တွင် လုပ်ကြံဖာတ်ခင်းခဲ့ကြသည်။ မွတ်စလင်မ်တချို့ကလည်း ယင်းအကြောင်းကို သတင်းဖြန့်ခဲ့ကြသည်။ ဇကာအမှုန် ထိုအကြောင်းသည် သာမန် မွတ်စလင်မ် အမျိုးကောင်းသမီးတစ်ယောက်အတွက်ထက် ပို၍လေးနက်၊ အရေးထားရမည့် အနေအထားမျိုးဖြစ်သဖြင့် အလွှာဟ်တအာလာသည် သူမအား စွပ်စွဲချက်မှ အပြစ်ကင်းစင်ကြောင်း ထုတ်ဖော်ရန်နှင့် သူမ၏သန့်စင်မှု၊ အကျင့်သီလ ဖြူစင်မှုများကို အကာအကွယ်ပေးရန်အတွက် အာယတ်တော် (၁၀)ပါးကို ထုတ်ပြန်ပို့ချပေးတော်မူခဲ့လေသည်။ ဤအာယတ်တော်များသည် အာအိရှာ ﵂ သခင်မကြီးအား အပြစ်ကင်းစင်ကြောင်း ကြေညာရန်ဖြစ်သလို အသရေဖျက်မှုတွင် ပါဝင်ပတ်သက်သူများအပေါ် ပြင်းထန်သောပြစ်ဒဏ် ကျရောက်မည့်အကြောင်း သတိပေးရန်လည်းဖြစ်၏။ ဤ ယိုးစွပ်ခြင်းအဖြစ်အပျက်ကို ကုရ်အာန်နှင့် ဟဒီးဆ်များတွင် "အိဖ်ခ်"(မတရားယိုးစွပ်ခြင်း)အကြောင်းဟု ခေါ်သည်။ "အိဖ်ခ်"ဟူသောစကားလုံးသည် အဆိုးဝါးဆုံး လိမ်လည်ခြင်း၊ ယိုးစွပ်ခြင်း၊ အသရေဖျက်အောင် မဟုတ်မမှန်ပြောဆိုခြင်းဟု အဓိပ္ပာယ်ရ၏။ ဤအာယတ်တော်များကို နားလည် သဘောပေါက်စေရန် "အိဖ်ခ်" အဖြစ်အပျက်၏ နောက်ခံအကြောင်းကို သိရန်လိုအပ်ပေသည်။ ထို့ကြောင့် ဤ အကြောင်း အကျဉ်းချုပ်ဖြင့် စတင်မှသာလျှင် အစီအစဉ်တကျ ဖြစ်ပေမည်။

"အိဖ်ခ်"အဖြစ်အပျက်နှင့် အသရေဖျက်မှု"

ဤအဖြစ်အပျက်ကို ကျမ်းစာအုပ်များနှင့် ဟဒီးစ်စာအုပ်များတွင် အလွန်အသေးစိတ်စွာ ဆင့်ပြန်ခဲ့ကြသည်။ သို့ရာတွင် ၎င်း၏အကျဉ်းချုပ်အဆိုမှာ အောက်ပါအတိုင်းဖြစ်သည်။ ဟိဂျရီ ၆ ခုနှစ်တွင် တမန်တော်မြတ် ﷺ သည် ဗနီမုစ်တလိုက်စစ်ပွဲ(بنى المصطلق)၊ (မုရိုင်စီး(مريسيع)ဟုလည်း ခေါ်သည်။) ဆင်နွှဲရန်ကြွချီခဲ့၏။ သက်ဝင်ယုံကြည်သူများ၏ မိခင်များထဲမှတစ်ပါးဖြစ်သော အာအိရှာ ﵂ သခင်မကြီးသည် တမန်တော်မြတ်နှင့်အတူ လိုက်ပါခဲ့၏။ ပြုလေ့ရှိသည်မှာ ဦးစွာ သူမသည် သူမ၏ ဝေါယာဉ်ထဲ၌ ထိုင်ပြီးနောက် ၎င်းဝေါယာဉ်ကို ကုလားအုတ်ကျောပေါ်သို့ တင်၏။ ဤသို့ပြုရခြင်းမှာ ထိုအချိန်က "ဟိဂျပ်" နှင့်ပတ်သက်သော အမိန့်ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ပို့ချပြီးဖြစ်သောကြောင့်ပင်။ စစ်ပွဲပြီးဆုံး၍ မဒီနာမြို့သို့ အပြန်လမ်းခရီးတွင် စစ်ကြောင်းသည် ညအိပ်စခန်းချ ရပ်နားခဲ့သည်။ ညဉ့်အချိန်ကုန်လွန်ခါနီး လင်းအားကြီး၍ စစ်ကြောင်း မကြာမီ ဆက်လက်ထွက်ခွာမည်ဖြစ်၍ လုပ်စရာရှိသည်များကို အပြီးသတ်ပြီး အဆင်သင့်ဖြစ်ကြရန် လူများအား ကြေညာခဲ့သည်။ အာအိရှာ ﵂ သခင်မကြီးသည် ကိုယ်လက် မအီမသာရှိသဖြင့် ဖြေလျှော့ရန် ထွက်ခဲ့၏။ ထိုနေရာတွင် သူမ၏ဆွဲကြိုးသည် ပြတ်ကျသွားခဲ့သည်။ ဆွဲကြိုးကို ပြန်တွေ့ရန် အချိန်အနည်းငယ် ယူလိုက်ရသောကြောင့် သူမသည် အတန်ငယ်ကြန့်ကြာသွားခဲ့သည်။ သူမစခန်းချရာသို့ ပြန်ရောက်ချိန်၌ စစ်ကြောင်းသည် ထွက်ခွာသွားနှင့်ပြီး ဖြစ်၏။ သူမ၏ဝေါယာဉ်တင် ကုလားအုတ်ကိုလည်း ဝေါယာဉ်ထဲတွင် သူမရှိမနေခြင်းကိုမသိဘဲ ဆွဲသွားခြင်းခံခဲ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ သူမသည် ထိုစဉ်အချိန်က ငယ်ရွယ်သေးကွေးသဖြင့်လည်းကောင်း၊ ဝေါယာဉ်ကိုလည်း ကန့်လန့်ကာများဖြင့်ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း၊ ဝေါယာဉ်ထဲ၌ သူမရှိမနေခြင်းကို သတိမထားမိဘဲ ဖြစ်ခဲ့ကြ၏။ သူမစခန်းသို့ ပြန်ရောက်၍ မည်သူကိုမျှ မတွေ့ရသောအခါ အထိတ်တလန့်မဖြစ်သလို ယောက်ယက်ခတ်ပြေးလွှားကာ စစ်သည်များကို ရှာဖွေခြင်းလည်း မပြုခဲ့ချေ။ ထိုအစား

သူမသည် ဆင်ခြင်မြော်မြင်စွာဖြင့် ခြုံစောင်ကို ကိုယ်တွင်ပတ်လျက် စခန်းချရာနေရာတွင်ပင် ထိုင်နေလိုက်၏။ သူမ ကောင်းစွာ သိပါသည်။ တမန်တော်မြတ်ﷺသည် သူမကိုဝေါဃာဉ်ထဲတွင် မတွေ့ရလျှင်၊ စခန်းချရာနေရာသို့ လူများ လွှတ်၍ ရှာခိုင်းပေလိမ့်မည်။ အကယ်၍ သူမသာ ချီတက်သွားသူများအားရှာရန် အခြားတစ်နေရာသို့ ထွက်သွားခဲ့ လျှင်၊ ရှာဖွေရေးအဖွဲ့အတွက် ခက်ခဲရှုပ်ထွေးစရာများဖြစ်လာရုံပင် ရှိမည်။ ထို့ကြောင့် အကောင်းဆုံးမှာ သူမ စခန်းမှာပင် ထိုသူများအားစောင့်နေခြင်းဖြစ်သည်။ မှောင်လည်းမှောင်နေသေးသည်မို့ သူမသည် မောပန်းပြီး အိပ်ပျော်သွားခဲ့၏။

ဖြစ်ပုံမှာ သာဝကကြီးဆွာဖ်ဝါန် အိဗ်နမုအတ္တာလ်ﷺသည် တမန်တော်မြတ်၏ တာဝန်ပေးချက်အရ အလျင် စလိုနှင့် မေ့ကျန်ခဲ့သည့်ပစ္စည်းရှိခဲ့လျှင် ကောက်ယူသိမ်းဆည်းရန်အတွက် နောက်ချန်နေခဲ့ရာမှ စခန်းသို့ လင်းအား ကြီးတွင် ရောက်ရှိလာခဲ့သည်။ သူသည် တစ်စုံတစ်ယောက်အိပ်နေသည်ကို မြင်ရသဖြင့် သွား၍ကြည့်ရာ သခင်မကြီး အာအိရှာﷺမှန်းမှတ်မိသွားခဲ့၏။ သူမအား ယခုကဲ့သို့ အနေအထားမျိုးနှင့် မြင်လိုက်ရသောအခါ သူသည် အလွန် တုန်လှုပ်သွားပြီး هَوْدَجဟု ရွတ်ဆိုလိုက်မိ၏။ သူမသည်လည်း သူ၏အသံကြောင့် နိုးသွားကာ မျက်နှာကို ဖုံးအုပ် လိုက်၏။ ထို့နောက် သာဝကကြီးဆွာဖ်ဝါန်ﷺသည် သူ၏ကုလားအုတ်ကို သခင်မကြီးအနီးသို့ ဆွဲလာပြီးဝပ်စေခဲ့သည်။ စိုက်ယိဒါဟ်အာအိရှာﷺသခင်မသည် ကုလားအုတ်ကိုစီး၍ သူက ကုလားအုတ်ကြိုးကို ကိုင်ဆွဲကာ ရှေ့မှလမ်းလျှောက် သွားခဲ့၏။ အပ္ဖဒွလ္လာအိဗ်နအုပိုက်ဒါသည် အလွန်ကောက်ကျစ်သော ကြောင်သူတော်(မုနာဖိုက်)ဖြစ်သည့်ပြင် တမန် တော်မြတ်ﷺ၏ ရန်သူလည်း ဖြစ်၏။ ဤသတင်းကိုရရှိသောအခါ သူသည် သခင်မကြီးအပေါ် လုပ်ကြံဖာတ်ခင်းလျက် ရုက်ဖွယ်ယိုးစွပ်မှုကိုပြု လုပ်ခဲ့၏။ ကံဆိုးစွာပင် အချို့အသိဉာဏ်နည်းသော မွတ်စလင်မ်များကလည်း တစ်ဆင့်စကား ကို အတင်းအဖျင်း ထုတ်လွှင့်ခဲ့ကြ၏။ ဥပမာအားဖြင့် အမျိုးသားများထဲမှ သာဝကကြီး ဟာစံန်နှင့် မစ်တဟ်ﷺ ကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အမျိုးသမီးများထဲမှ သခင်မကြီး ဟမ်နဟ်ﷺ စသည်တို့ဖြစ်ကြသည်။ (တဖ်စိရ်အဒ်ဒူရ် အလ်မန်သူရ်က သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺမှ တစ်ဆင့် အိဗ်နမာဒူဝေကို ကိုးကားလျက်တင်ပြခဲ့သည်။ (اعانه ١ عبد الله ١ بن ١ بى حسان مسطح وحمنة)

မုနာဖိုက်အယောင်ဆောင်၏ ဤသို့ အသရေပျက်အောင် မဟုတ်မမှန်လုပ်ကြံသောစကားသည် လူအများ ကြားဝယ် ပျံ့နှံ့လေသောအခါ တမန်တော်မြတ်ﷺသည် များစွာစိတ်ထိခိုက်ခံစားခဲ့ရ၏။ အာအိရှာﷺသခင်မကြီး အတွက်လည်း လွန်စွာမှထိခိုက်စေခဲ့ကြောင်း ထင်ရှားပေသည်။ သာမန်မွတ်စလင်မ်များပင်လျှင် ဤလုံးဝမှားယွင်း သော လုပ်ကြံထားသောအသရေဖျက်မှု ပျံ့နှံ့ခြင်းကြောင့် နာကျင်ခံစားခဲ့ကြရသည်။ ဤအတိုင်း တစ်လခန့် ဖြစ်နေပြီးမှ နောက်ဆုံးတွင် အလ္လာဟ်တအာလာသည် သူမတွင်အပြစ်မရှိကြောင်း ထုတ်ဖော် ကြေညာရန်အတွက် လည်းကောင်း ဤအာယတ်တော်များကို ထုတ်ပြန်ပို့ချတော်မူခဲ့သည်။ ဤအာယတ်တော်များအပေါ် ရှင်းလင်းစွာ ဖွင့်ဆိုချက်ကို နောက်ပိုင်းတွင် တင်ပြမည်ဖြစ်သည်။

အထက်တွင် မတရားစွပ်စွဲခြင်းအတွက် ပြစ်ဒဏ် حدّ القذف ခေါင်းစဉ်အောက်၍ အသေးစိတ် ဖော်ပြခဲ့သည့် အတိုင်း ကုရ်အာန်အမိန့် ပြဋ္ဌာန်းချက်နှင့်အညီ မတရားအသရေပျက်အောင် သတင်းဖြန့်သူများအား ၎င်းတို့၏ စွပ်စွဲ ပြောဆိုမှုကို ထောက်ကူသည့် အထောက်အထား သက်သေများ တင်ပြကြရန် တောင်းဆိုခဲ့သည်။ ၎င်းတို့သည် အထောက်အထား သက်သေတင်ပြနိုင်ခြင်း မရှိခဲ့ချေ။ ထို့အတွက် တမန်တော်မြတ်ﷺသည် ၎င်းတို့အားမတရားစွပ်စွဲ ခြင်းပြစ်ဒဏ်(حدّ القذف)ဖြစ်သည့် ကြိမ်ဒဏ် အချက်(၈၀)စီ အရိုက်ခံကြစေရန် အပြစ်ပေးတော်မူခဲ့၏။ သာဝကကြီး အပူဟူရိုင်ရဟ်ﷺမှတစ်ဆင့် ဘဇားနှင့် အိဗ်နမာဒုဝေဟ်တို့က တစ်ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺသည် မစ်တဟ်၊ ဟမ်နဟ်နှင့် ဟာစန်အမည်ရှိ မွတ်စလင်မ်(၃)ဦးအား ပြစ်ဒဏ်ပေးခဲ့သည်။ ထို့ပြင် သာဝကြီးအုမာရ်ﷺမှ

တစ်ဆင့် တဘရာနီက ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ်ﷺသည် မုနာဖိုက်အယောင်ဆောင် အဗဒွလ္လာအိဗ်နအုဗေယ်အား လုပ်ကြံပြောဆို အသရေဖျက်မှုအတွက် မတရားစွပ်စွဲခြင်း အပြစ်ဒဏ်နှစ်ဆကို ပေးခဲ့လေသည်။ သည့်နောက်တွင် မွတ်စလင်မ်တို့သည် နောင်တရကုန်ကြသည်။ သို့သော် မုနာဖိုက် အယောင်ဆောင်များသည်ကား မပြောင်းလဲခဲ့ကြပေ။ (ဗယာန်နုလ်ကုရ်အာန်)

ရှင်းလင်း ဖွင့်ဆိုချက်

စိုက်ယိဒါဟ် အာအိရှာ်ﷺသခင်မကြီး၏ ပြိုင်ဖက်ကင်းသော ကျွမ်းကျင်မှုနှင့် အိဖ်က်အဖြစ်အပျက်၏ ကျန်ရှိသောအပိုင်း

တမန်တော်မြတ်ﷺ၏ ရန်သူတော်များသည် ၎င်းတို့တတ်စွမ်းသလောက်၊ ၎င်းတို့စဉ်းစား၍ ရနိုင်သလောက်သော နည်းလမ်းများဖြင့် တမန်တော်မြတ်ﷺအား ဒုက္ခရောက်စေရန် သောကဝေဒနာခံစားရစေရန် ပြုလုပ်ခဲ့ကြသည်။ အယူလွဲသူ ကာဖိရ်များပေးခဲ့ကြသည့် ဒုက္ခဝေဒနာများအနက် အဆိုးဝါးဆုံးနှင့် စိတ်အဆင်းရဲဆုံးသောအရာမှာ သန့်စင်သော ကြင်ရာတော်များအနက် ယုံကြည်သက်ဝင်သူများ၏ ဂုဏ်ယူချီးမွမ်းခြင်း အခံရဆုံး၊ တတ်သိလိမ္မာအရှိဆုံး၊ အကျွမ်းကျင်ဆုံးနှင့် လေးစားမှုအခံရဆုံး မိခင်ကြီးအား အသရေဖျက်စေမည့် စကားများကို လက်ဆင့်ကမ်းခဲ့ကြခြင်းပင်ဖြစ်၏။ အယောင်ဆောင် (မုနဖိုက်)တို့၏ ရွံရှာဖွယ် မတရား အသရေဖျက်မှုကြောင့် သာဝကကြီး ဆွာဖ်ဝါန်အိဗ်နမုအာတ္တာလ်ﷺ၏ ရိုသေလေးစားဖွယ် အမည်မှာညှိုးနွမ်းခဲ့ရသည်။ (မုနဖိုက်)အယောင်ဆောင်သူတို့သည် အသရေဖျက်မှုကို အရောင်အမျိုးမျိုးဆိုးလျက် ဖြန့်ခဲ့ကြသည်။ ဤအကြောင်းအရာ၏ သောကရောက်ဖွယ် အကောင်းဆုံးမှာ အချို့ရိုးသားသော မွတ်စလင်မ်များသည် ကံဆိုးသောအသရေဖျက်မှုတွင် မျောပါသွားကြပြီး ထိုအကြောင်းကို တစ်ဆင့် ပြန်ပြောခဲ့ကြခြင်းဖြစ်၏။ အခြေအမြစ်မရှိသော အသရေဖျက်မှုသည် ရက်အနည်းငယ်အတွင်း အမှန်တရား ပေါ်ပေါက်ခဲ့ပြီးဖြစ်ပေလိမ့်မည်။ သို့ရာတွင် အာအိရှာ်ﷺသခင်မကြီးနှင့် တမန်တော်မြတ်ﷺ ကိုယ်တော်တိုင်အပေါ်သို့ သက်ရောက်ခဲ့သည့် စိတ်ဆင်းရဲနာကျင်ရမှုကို ပေးလျော်ရန်အတွက်လည်းကောင်း၊ သူမသည် အပြစ်ကင်းကြောင်း သိကြစေရန်အတွက် ရက္ခနှစ်ခုနီးပါးမျှ ထုတ်ပြန်ပို့ချပေးတော်မူခဲ့လေသည်။ ထိုမျှမက ဤအသရေဖျက်မှု၌ မဟုတ်မမှန် လုပ်ကြံပြောဆိုခဲ့ကြသူများသည်လည်းကောင်း၊ တစ်ဆင့်ပြန်လည် ဖြန့်ချိရာတွင် ပါဝင်ခဲ့ကြသူများသည် လည်းကောင်း၊ ယခုဘဝနှင့် တမလွန်ဘဝနှစ်ဌာနစလုံးတွင် ညှဉ်းပန်းနှိပ်စက်ခြင်းခံကြရမည့်အကြောင်း သတိပေးတော်မူခဲ့၏။ ဤကဲ့သို့သော သတိပေးမှုမျိုးကို မည်သည့်အကြောင်းကိစ္စပေါ်တွင်မျှ ဘယ်သောအခါကမျှ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

အမှန်စင်စစ် ဤ "အိဖ်က်" အဖြစ်အပျက်သည် အာအိရှာ်ﷺ သခင်မကြီး၏ အကျင့်သီလကောင်းခြင်း၊ ထွတ်မြတ်ခြင်းများနှင့်အတူ မြင့်မားသောဉာဏ်ပညာနှင့်အသိပညာများကို ပွင့်လင်းမြင်သာအောင် ဆောင်ကြဉ်းပေးခြင်း ဖြစ်၏။ ထို့ကြောင့်လည်း အထက်ရည်ညွှန်းပါအာယတ်တော်များ၏ ပထမဦးဆုံးအာယတ်တော်၌ အလ္လာတအာလာက ဤအဖြစ်အပျက်သည် သူမအတွက် ဆိုးသည်ဟုမတွေးထင်ဘဲ ကောင်းချီးမင်္ဂလာ တစ်ရပ်ဖြစ်သည်ဟု ယူကြရန် မိန့်တော်မူခဲ့သည်။ အလ္လာဟ်တအာလာက သူမ၏သန့်စင်မှုကို အာယတ်တော်ဆယ်ပါးထက်မနည်းတွင် အတည်ပြု မိန့်တော်မူခြင်းလောက် ကြီးကျယ်သောကောင်းချီးမင်္ဂလာ ရှိနိုင်ပါဦးမည်လော။ ဤအာယတ်တော်များကို ကမ္ဘာပျက်မည့်နေ့တိုင်အောင် ရွတ်ဖတ်သရဇ္ဈာယ်နေကြလိမ့်မည် ဖြစ်ပေသည်။ စိုက်ယိဒါဟ်အာအိရှာ်ﷺသခင်မကြီးကိုယ်တိုင်က ပြောကြားခဲ့သည်မှာ အလ္လာဟ်တအာလာသည် "ဝဟီ"(တမန်တော်မြတ်ﷺထံသို့ သတင်းစကား)အားဖြင့် သူမ အပြစ်ကင်းကြောင်း ကြေညာပေးတော်မူမည်ကိုလည်းကောင်း၊ သူမ၏ အဆင့်အတန်းကို အလွယ်တကူ

နားလည်ကြစေရန် ရှင်းလင်းပေးတော်မူမည်ကိုလည်းကောင်း ကောင်းစွာယုံကြည်စိတ်ချခဲ့သည်။ သို့သော် အစဉ်အမြဲ ရွတ်ဖတ်သဖျာယ်ခြင်းခံရမည့် သူမကို ပုဂ္ဂလိကရည်ညွှန်းသော ကုရ်အာန်အာယတ်တော်များ ပို့ချထုတ်ပြန်ပေး ခြင်းခံရလောက်အောင် ကံကောင်းလိမ့်မည်ဟု သူမကိုယ်သူမ မတွေးဆမိခဲ့မိကြောင်းပင်ဖြစ်သည်။ ဤနေရာတွင် စာရှု သူများအနေဖြင့် အဖြစ်အပျက်အကြောင်း အသေးစိတ်အချက်တချို့ကို သိထားခြင်းသည် အာယတ်တော်များကို နားလည်သဘော ပေါက်ရန်အတွက် အထောက်အကူ ဖြစ်စေနိုင်သဖြင့် ၎င်းတို့ကို အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

ထိုခရီးမှအပြန်တွင် စိုက်ယိဒါဟ် အာအိရှာ(ရ)သခင်မသည် သူမ၏အိမ်ထောင်မှုကိစ္စများနှင့် လုံးလည်ခတ် နေသောကြောင့် သူမအကြောင်းကို ကြောင်သူတော်(မုနာဖိက်)များက ကောလာဟလဖြန့်ခဲ့ခြင်းကို နည်းနည်းလေးမျှ သတိမမူခဲ့မိပေ။ စိုက်ယိဒါဟ်အာအိရှာ(ရ)သခင်မကိုယ်တိုင်မှတစ်ဆင့် ဗုခါရီကျမ်းကဆင့်ပြန်ခဲ့သည်မှာ ခရီးမှအပြန် တွင် သူမသည် အနည်းငယ်နေမကောင်းဖြစ်ခဲ့သည်။ အဓိကအကြောင်းရင်းမှာ သူမအပေါ်တမန်တော်မြတ်(ﷺ)က ခါတိုင်းနှင့်မတူ၊ အနည်းငယ်စိမ်းသယောင်ရှိနေခဲ့သောကြောင့် ဖြစ်၏။ သူမသတိထားမိသည်မှာ ထိုကာလအတွင်းက သူသည် အိမ်ရောက်သည်နှင့် ပြန်ထွက်သွားတော့၏။ သူမအနေဖြင့် သူမ၏အကြောင်း ကောလာဟလများ ပြန့်နေ သည်ကို သိမထားခြင်းကြောင့် တမန်တော်မြတ်(ﷺ)၏ သူမအပေါ်ပြုမူဆက်ဆံပုံကို နားမလည်နိုင်ဘဲ ဖြစ်နေခဲ့သည်။ ထို့အတွက် ကြေကွဲခံစားရခြင်းက နှလုံးသားမှတစ်ဆင့် ကျန်းမာရေးကိုပါ ထိခိုက်လာစေခဲ့၏။ တစ်နေ့တွင် သူမသည် မအီမသာရှိမှုကိုဖြေလျော့ရန် အပြင်ကိုထွက်သွားခဲ့သည်။ ထိုခေတ်အခါက အိမ်သာကို အိမ်အတွင်း၌ ထားလေ့မရှိ သေးပေ။ ကျန်းမာရေးကလည်း ချူချာနေခိုက်ဖြစ်သည်မို့ မစ်တဟ်၏မိခင်ကို အဖော်ခေါ်သွားခဲ့သည်။ ကိစ္စပြီး၍ အပြန်လမ်းတွင် မစ်တဟ်မိခင်၏ခြေထောက်သည် သူမ၏ဝတ်ရုံနှင့်ငြိမိပြီး လဲကျသွားခဲ့သည်။ လဲကျ သွားစဉ်၎င်းက **تَعِسَ مِسْطَح** စကားစုကို ရွတ်ဆိုဟစ်အော်လိုက်မိသည်။ ဤစကားစုသည် အာရဗ်လူမျိုးများ တစ်စုံတစ်ယောက်ကို ကျိန်ဆဲရာတွင်သုံးလေ့ရှိသော စကားစုဖြစ်၏။ ဤသို့ မစ်တဟ်၏ မိခင်က သူမ၏သားကို ကျိန်ဆဲသည်ကို ကြားရသော် စိုက်ယိဒါဟ်အာအိရှာ(ရ)သခင်သည် နောက်ပြန်လှည့်၍ ထိုသူမအား မိမိသားကို ယခုလိုကျိန်ဆဲသည်မှာ အလွန် ဆိုးဝါးကြောင်း၊ သူသည် လူကြီးလူကောင်းတစ်ယောက်ဖြစ်သည့်အပြင် ဗဒရ်စစ်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့သူလည်း ဖြစ် ကြောင်း ပြောဆိုခဲ့၏။ ထိုအခါ မစ်တဟ်၏မိခင်က "ကျွန်ုပ်၏ ချစ်စွာသောမိန်းကလေး၊ ကျွန်မ၏ ဒီသားတော်မောင် ဘာတွေ လှည့်လည်ပြောဆိုနေသည် အသင် မသိသလော" ဟုမေးမြန်းခဲ့၏။ အာအိရှာ(ရ)သခင်မက "သူဘာတွေများ လျှောက်ပြောနေပါသလဲ"ဟု စူးစမ်းရာ မစ်တဟ်၏ မိခင်က လူအများလုပ်ကြံပြောဆိုကြသည့် "အိဖ်ခ်" အကြောင်းစုံ ကိုလည်းကောင်း၊ ထိုဇာတ်လမ်းကို ဖြန့်နေသူများတွင် သူမ၏သား အဘယ်ကဲ့သို့ ပါဝင်ပတ်သက်နေသည်ကို လည်း ကောင်း ပြောပြလိုက်၏။ စိုက်ယိဒါဟ်အာအိရှာ(ရ)သခင်မက ဆက်၍ပြောသည်မှာ-

ဤအကြောင်းကိုကြားလိုက်ရချိန်တွင် သူမ၏ အဖျားဝေဒနာမှာ နှစ်ဆတိုးသွားခဲ့သည်။ သူမအိမ်ပြန်ရောက် သော် တမန်တော်မြတ်(ﷺ)သည် ကြွရောက်လာပြီး အခါတိုင်းကဲ့သို့ပင် နှုတ်ဆက်စကားဆိုကာ သူမ၏ ကျန်းမာရေး အကြောင်း မေးမြန်းစူးစမ်းခဲ့၏။ သူမက သူမ၏ မိဘများအိမ်သို့သွားလိုကြောင်း တမန်တော်မြတ်(ﷺ)ထံ ခွင့်တောင်းရာ ရခဲ့၏။ စိတ်ကူးမှာ မိဘများအား လျှို့ဝှက်ချက်ကို ပြောပြပြီး အကြံဉာဏ်တောင်းခံရန်ပင်ဖြစ်သည်။ သို့ဖြင့် မိခင်အား တိုင်ပင်ပြောဆိုသောအခါ၊ မိခင်ကြီးက သူမအား နှစ်သိမ့်အားပေးပြီး သူမကဲ့သို့သော အမျိုးသမီးများအပေါ် မနာလို ဝန်တိုတတ်သောသူများ ရှိကြောင်း၊ ၎င်းတို့သည် ကောလာဟလများကို ထို့ကဲ့သို့ထုတ်လွှင့်တတ်ကြောင်း၊ ထို့ကြောင့် သူမအနေနှင့် သောက ရောက်နေစရာမလိုကြောင်း၊ ကိစ္စများသည် သူဟာနှင့်သူ အဆင်ပြေသွားလိမ့်မည် ဖြစ်ကြောင်း ပြောပြခဲ့၏။ ထိုအခါ သူမက ခွန်းတုံ့ပြန်သည်မှာ "အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ စွပ်ဟာ

နလ္လာ။ လူတွေက ဒီအကြောင်းကိုပဲ ပြောနေကြတယ်။ ကျွန်မဘယ်လိုလုပ် သည်းခံနိုင်မှာလဲ"ဟူ၏။ ထို့နောက် သူမသည် တစ်ညလုံးငိုကြွေးနေခဲ့သည်မှာ တစ်ရေးမျှပင် မအိပ်ခဲ့လိုက်ရပေ။ တစ်ဖက်မှကြည့်လျှင် တမန်တော်မြတ်ﷺသည်လည်း ဤမဟုတ်မမှန်သောဇာတ်လမ်း ပြန့်နေမှုအပေါ် လွန်မင်းစွာ စိတ်ဒုက္ခရောက်နေခဲ့၏။ ပို၍ဆိုးသည်မှာ ထိုကာလတွင်းက အလ္လာဟ်အရှင်မြတ်ထံတော်မှ ဤအဖြစ်အပျက်နှင့်စပ်လျဉ်း၍ မည်သည့်ထုတ်ပြန်ပို့ချချက်မျှ ရရှိခြင်း မရှိခဲ့သောကြောင့်လည်း ဖြစ်၏။ ထို့ကြောင့် သူသည် သူ၏မိသားစုဝင်များဖြစ်ကြသော သာဝကကြီးအလီ ﵁ နှင့် သာဝကကြီးအုစမာအိဗ်နဒိုက်ဒ်﵁တို့အားခေါ်ယူကာ ဖြစ်ပျက်နေသည့်ကိစ္စအပေါ် မည်ကဲ့သို့ပြုရမည်ကို တိုင်ပင်ခဲ့၏။ သာဝကကြီးအုစမာအိဗ်နဒိုက်ဒ်﵁က ပြတ်ပြတ်သားသားပြောသည်မှာ သူကြားသိရသော သတင်းများအရ စိုက်ယိဒါဟ်အာအိရှာ﵂သခင်မနှင့် ပတ်သက်၍ မယုံသင်္ကာဖြစ်စရာအကြောင်း ဘာမျှမရှိသောကြောင့် သူ့အနေနှင့် ဤကဲ့သို့သော ကောလာဟလများကို လုံးဝအလေးမထားကြောင်းပင် ဖြစ်၏။ သာဝကကြီးအလီ﵁ကမူ (တမန်တော်မြတ်ကြီးအား သူ၏ပူဆွေးသောကထဲမှ ဆွဲထုတ်ရန်အလို့ငှာ) အလ္လာဟ်တအာလာသည် သူ့အပေါ်၌ မည်သည့်ကန့်သတ်ချက်ကိုမျှ ပြုလုပ်ထားခဲ့သည်မဟုတ်၊ ကောလာဟလများကြောင့် အကယ်၍ စိုက်ယိဒါဟ် အာအိရှာ﵂ အားမနှစ်မြို့သည့် ခံစားချက် ဖြစ်နေလျှင် အခြားမိန်းမများစွာ ရှိကြောင်း အကြံပြုခဲ့သည်။ ထို့ပြင် အခြားနည်းလမ်းတစ်ခုမှာ အာအိရှာ﵂သခင်မအတွက် အလုပ်လုပ်ပေးရသော ဘာရီးရဟ်﵁အမည်ရှိ ကျွန်မလေးထံမှ သခင်မအကြောင်းကို စုံစမ်းရန်ဖြစ်သည်။ ဤသို့ဖြင့် တမန်တော်မြတ်ﷺသည် ဘာရီးရဟ်﵁ထံမှစုံစမ်းကြည့်ရာ သူမက အာအိရှာ﵂သခင်မ၌ မည်သည့် မသင့်လျော်သောအရာကိုမျှ မမြင်ခဲ့ဖူးကြောင်း၊ သို့ရာတွင် တစ်ခါတစ်ရံ အသက်အရွယ်ငယ်သေးသည့်အလျောက် သူမသည် ဂျုံမှုန့်ကိုသည်အတိုင်းအပြင်မှာထားပြီး အိပ်ပျော်သွားတတ်သောကြောင့် ဂျုံမှုန့်ကို ဆိတ်က စားပစ်သည်မျိုး ရှိတတ်ကြောင်း အစီရင်ခံခဲ့၏။ (ဤသည်၏နောက် ဟဒီးစ်တော်၌ တမန်တော်မြတ်ﷺသည် တရား ဟောစင်မြင်ပေါ်မှ မိန့်ခွန်းပြောကြားခဲ့ပုံ အသေးစိတ်ကို ဆင့်ပြန်ထားသည်။ မိန့်ခွန်းတွင် မဟုတ်မမှန် လုပ်ကြံစွပ်စွဲခဲ့ကြ သူများနှင့် အသရေဖျက်မှုကိုဖြန့်ချိခဲ့သူများအား ပြစ်တင်ဝေဖန်ခဲ့လေသည်။ သည့်နောက် ဖြစ်ပျက်ခဲ့သော အကြောင်း အရာ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။)

စိုက်ယိဒါဟ်အာအိရှာ﵂ သခင်မကြီးက ဆက်၍ပြောသည်မှာ "ကျွန်ုပ်သည် တစ်နေ့လုံးနှင့်နောက်တစ်ညထိ ဆက်၍ ငိုကြွေးခဲ့သည်။ မိဘများသည်လည်း ကျွန်ုပ်ပူဆွေးဝမ်းနည်းရလွန်း၍ ပြိုလဲသွားမှာကို စိုးရိမ်ပြီး ကျွန်ုပ်ထံ ရောက်လာခဲ့ကြသည်။ ကျွန်ုပ်၏မိဘများသည် ကျွန်ုပ်နှင့် အတူနေထိုင်ကြစဉ် တမန်တော်မြတ်ﷺဝင်လာပြီး ကျွန်ုပ်၏ ဘေးတွင် ထိုင်လိုက်သည်။ ဤအဖြစ်အပျက် စ၍ဖြစ်ကတည်းက သူသည် ကျွန်ုပ်နှင့်အတူ မထိုင်ခဲ့တော့ချေ။ ထို့နောက် သူသည် ရုဟာဒတ်၏ခွတ္တဘာကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ပြောဆိုသည်မှာ "အို-အာအိရှာ၊ ကျွန်ုပ်သည် အသင်မနှင့်ပတ်သက်၍ ဤသို့အသိပေးခြင်းကို လက်ခံရခဲ့၏။ အကယ်၍ အသင်မသည် အပြစ်ကင်းသည် ဆိုပါက အလ္လာဟ်အရှင်မြတ်သည် အသင်မ အပြစ်ကင်းကြောင်းကို ကြေညာတော်မူပေလိမ့်မည်။ (အပြစ်ကင်းကြောင်းကို ထုတ်ပြန်ပို့ချချက်ဖြင့် ဖော်ပြခြင်းဖြစ်သည်။) သို့သော် အကယ်၍ အသင်မသည် တိမ်းစောင်းချွတ်ချော်မိခဲ့ပါက အလ္လာဟ်အရှင်မြတ်၏ခွင့်လွှတ်မှုကို နောင်တတရားဖြင့် တောင်းခံပါလေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ် တအာလာသည် ၎င်းအစေခံက မိမိ၏အမှားကို ဝန်ခံပြီးနောက် ထိုအရှင်မြတ်၏ ကရုဏာတော်ကို ဆုပန်တောင်းခံမည်ဆိုလျှင် ထိုသူ၏နောင်တကို လက်ခံတော်မူမည်ဖြစ်ပေသည်။ တမန်တော်မြတ်ﷺ၏စကားဆုံးသော် ကျွန်ုပ်၏ မျက်ရည်များ သည် ခမ်းခြောက်သွားတော့သည်။ မျက်ရည်တစ်စက်မျှ မကျတော့ပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏ဖခင်ဖြစ်သူ အဗူဘက်ရ်﵁ အား တမန်တော်မြတ်ﷺကို အဖြေတစ်ခုပေးလိုက်ပါရန် မေတ္တာရပ်ခံခဲ့သည်။ သို့သော် သူကသူဘာများ

ပြောနိုင်မှာလည်းဟု ဆိုပြီး မိမိကိုယ်မိမိဆင်ခြေပေးခဲ့၏။ ထို့နောက် ကျွန်ုပ်၏ မိခင်အား အဖြေတစ်ခုပေးလိုက်ပါရန် တောင်းဆို ပြန်သော်လည်း သူမက အလားတူဆင်ခြေကိုပင်ပေးခဲ့၏။ ထိုအခါ ကျွန်ုပ်မှာ စကားမပြောၔ မဖြစ်တော့ချေ။ ကျွန်ုပ်သည် မိန်းမငယ်လေးတစ်ဦးမျှသာဖြစ်ပြီး ထိုအချိန်က ကောင်းစွာ တတ်သိနားလည်သေးသည်မဟုတ်။ ကုရ်အာန်ကိုပင်လျှင် ကောင်းစွာသင်ယူလေ့လာခြင်း မပြုရသေးပေ။" သူမ ကျရောက်နေသော ဤကဲ့သို့ဝမ်းနည်းပူဆွေးမှု၊ စိတ်ပျက်အားငယ်မှုများဖြင့် ရှုပ်ထွေးနေသည့် အခြေအနေမျိုးတွင် အလွန်တရာ တတ်သိလိမ္မာ၊ အသိပညာကြွယ်ဝသူများပင်လျှင် ထိန်းထိန်းသိမ်းသိမ်းနှင့် ဖော်ပြပြောဆိုရန်မှာ လွန်စွာခက်ခဲကြောင်း တွေ့ကြရပေမည်။ သို့ရာတွင် ထိုအချိန်က အာအိရှာ(ရ)သခင်မ ပြောခဲ့သောစကားသည် အသိပညာမြင့်မားပြီး ပညာရှိဆန်လှပေသည်။ သူမ၏စကားလုံးများကို အောက်တွင် လုံးစေ့ပတ်စေ့ ပြန်လည်ဖော်လိုက်ပါသည်။

والله لقد عرفت لقد سمعتم هذا الحديث حتّى استقرَّ في انفسكم وصدقتم به، ولئن قلت لكم: انّي بريئة، والله يعلم انّي بريئة، لا تصدقوني ولئن اعترفت لكم بامر، والله يعلم اني منه بريئة، لتصدقوني، والله لا اجد لي ولكم مثلا الا كما قال ابويوسف: فصبر جميل والله المستعان على ما تصفون

အလ္လာဟ်အရှင်မြတ်၏ နာမတော်အားဖြင့် ကျိန်ဆိုပါ၏။ ဤစကားရပ်များကို အသင် နားထောင်ခဲ့သည်။ အသင်၏နှလုံးသားထဲသို့ ထိုးဖောက်ဝင်ရောက်သည့်တိုင်၊ ထို့ပြင် အသင် ပို၍ စွပ်မြဲယုံကြည်သည့်တိုင် ဆက်နားထောင်ခဲ့သည်ဆိုခြင်းကို (အသင်၏ အမူအရာများအားဖြင့်) ကျွန်ုပ် အပြည့်အဝ သိနားလည်ပါသည်။ ယခုအကယ်၍ ကျွန်ုပ်က မိမိသည် အမှန်တရား၌ ရှိနေခြင်းကို အလ္လာဟ်အရှင်မြတ်ကောင်းစွာ သိတော်မူပါသည်။ အသင်သည် ကျွန်ုပ်၏ ထွက်ဆိုချက်ကို အတည်ပြုစေဆေးလိမ့်မည် မဟုတ်ပေ။ ထို့ပြင် အကယ်၍ကျွန်ုပ်သည် စွပ်စွဲချက်မှာ ဟုတ်မှန်ကြောင်းဝန်ခံလျှင်- ထိုအရာမှ ကျွန်ုပ်ကင်းရှင်းကြောင်း အလ္လာဟ်အရှင်မြတ် သိတော်မူပါသည်။ သင်သည် ကျွန်ုပ်၏ဝန်ခံချက်ကို သဘောတူပေလိမ့်မည်။ အို-အလ္လာဟ်၊ သီးသန့်လုပ်ငန်းတစ်ခုနှင့် ဆက်စပ်နေသူ သင်နှင့် ကျွန်ုပ်ကြားတွင် ရှိသည့်ကိစ္စရပ်အတွက် ယူစုဖ်(ﷺ)၏ ဖခင် ယာကွတ် (ﷺ)က သူ၏သားများကို ပြောခဲ့သည့်စကားများကို ဥပမာထား၍ ပြောကြားရန်မှ တစ်ပါး အခြားမရှိတော့ပါ။ သားများ၏ မဟုတ်မမှန်သောထွက်ဆိုချက်ကို ကြားရသောအခါ ယူစုဖ်(ﷺ)၏ ဖခင်က "သည်းခံခြင်းသည် အကောင်းဆုံးပင်ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်ထံတော်၌သာလျှင် အသင်တို့ ဖော်ပြခဲ့သည့်အကြောင်းနှင့်စပ်လျဉ်း၍ ကူညီစောင်မတော်မူပါရန် တောင်းပန်အသနားခံပြီး ဖြစ်ချေသည်"

ဟုပြောဆိုခဲ့၏။

အာအိရှာ(ရ)သခင်မက ဆက်၍ပြောသည်မှာ "ဤသို့ပြောဆိုခဲ့ပြီးနောက် ကျွန်ုပ်သည် ထိုနေရာ မှထွက်ခဲ့ ပြီး အိပ်ရာပေါ်တွင် လဲလျောင်းခဲ့၏။ ကျွန်ုပ်သည် ထိုပြစ်တင်ဝေဖန်မှုမှ အမှန်တကယ် ကင်းရှင်း သည်ဖြစ်၍ အလ္လာဟ် တအာလာသည် သေချာပေါက် ကျွန်ုပ်အပြစ်ကင်းကြောင်းကို ထုတ်ပြန်ချက်တစ်ရပ်ချပေးပြီး ထင်ရှားသိစေ တော်မူလိမ့်မည်ဟု ယုံကြည်ချက်ရှိခဲ့၏။ သို့သော် ကျွန်ုပ်၏ အမှုကိစ္စကို ကုရ်အာန်၏အာယတ်တော်များအဖြစ် ထုတ်ပြန်ပို့ချပြီး တစ်သက်လုံး ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ခံကြရလိမ့်ဟု စိုးစဉ်းမျှပင် မတွေးမိခဲ့၊ မမျှော်လင့်မိခဲ့ပေ။ အဘယ်ကြောင့်

ဆိုသော် ကျွန်ုပ်သည် မိမိကိုယ်မိမိ နိမ့်ကျ၍ ထိုမျှအဆင့်ရှိလိမ့်မည်ဟု မထင်ခဲ့သောကြောင့်ပင်ဖြစ်သည်။ ကျွန်ုပ် မျှော်လင့်ခဲ့သည်မှာ အလွန်ဆုံး ကျွန်ုပ်အပြစ်ကင်းကြောင်း ကိုယ်တော်အား အိပ်မက်တွင် အသိပေးကောင်းပေးတော်မူပေလိမ့်မည် ဟူ၍မျှသာဖြစ်၏။" အာအိရှာ ﵂သခင်မက ဆက်လက်ပြောပြသည်မှာ "တမန်တော်မြတ် ﷺသည် ထိုလူစုထံမှ မထသေးသလို အိမ်သားများသည်လည်း မည်သူမျှ မထကြသေးပေ။ ကိုယ်တော်မြတ်အား ကုရ်အာန် ထုတ်ပြန်ပို့ချိန်မျိုး၌ ကြုံတွေ့ခံစားရလေ့ရှိသောအခြေအနေမျိုးက လွှမ်းမိုးထားခဲ့၏။ ဤအခြေအနေမျိုးတွင် ကိုယ်တော်၏ နဖူး၌ ချွေးသီးချွေးပေါက်များ ထွက်နေလေ့ရှိ၏။ ဤအခြေအနေလွန်မြောက်သွားချိန်၌ တမန်တော်မြတ် ﷺသည် ပြုံးတော်မူလျက် ထိုင်ရာမှထလိုက်သည်။ ပထမဆုံး ကိုယ်တော် ပြောကြားခဲ့သည်မှာ- ابشرى يا عائشة اما الله فقد برأك "အို-အာအိရှာ၊ ကောင်းသတင်းကို နားထောင်လော့၊ အလွှာဟ်တအာလာက အသင်မအား အပြစ်ကင်းကြောင်း ကြေညာတော်မူလိုက်ပြီ" ဟူ၍ဖြစ်၏။ ထို့နောက် ကျွန်မ၏မိခင်က ကျွန်မအား "ထပါ တမန်တော် မြတ် ﷺထံ သွားလိုက်ပါဦး" ဟုပြောဆိုခဲ့၏။ ကျွန်ုပ်က ပြန်ပြောခဲ့သည်မှာ "ဒီကိစ္စမှာ ကျွန်မ အလွှာဟ်မှ တစ်ပါး မည်သူ့ကိုမျှ ကျေးဇူးတင်ချင်စိတ်မရှိသကဲ့သို့ ထချင်စိတ်လည်း မရှိပါ။ ကျွန်မအား မွေးမြူ ဖန်ဆင်းတော်မူသော အရှင်မြတ်အား ကျေးဇူးတင်ပါသည်။ ထိုအရှင်မြတ်သည် ကျွန်မအပြစ်ကင်းကြောင်းကို ကြေညာတော်မူခဲ့၏။"

စိုက်ယိဒါသ်ဆွေးဒီးကာ အာအိရှာ﵂သခင်မကြီး၏ ထူးခြားချက်အချို့

ဤအာယတ်တော်များကို ရှင်းပြနေရင်းမှပင် အီမာန်ဘဂါဝီ(ရဟ့)ကပြောဆိုသည်မှာ အာအိရှာ﵂ သခင်မ၌ အခြားသောအမျိုးသမီးများ မရနိုင်သော ထူးခြားချက်အချို့ ရှိခဲ့သည်။ ယင်းတို့ကို သခင်မကြီးသည် ဂုဏ်ယူဝင့်ကြွားအပ်သော လက်ဆောင်များအဖြစ် တန်ဖိုးထားခဲ့သည်။ ပထမအချက်မှာ တမန်တော်မြတ်ﷺနှင့် မထိမ်းမြားမီ ဂျိဗရာအီလ်﵇သည် သူမ၏ပုံရိပ်ကို ပိုးသားအဝတ်စဖြင့် ရစ်ပတ်လျက် ကိုယ်တော်ထံလာခဲ့ပြီး သူမသည် အသင်၏ဇနီးပင်ဖြစ်သည်"ဟု ပြောဆိုခဲ့၏။ အာအိရှာ﵂ထံမှ ကြားသိရသည်ကို သိရှိမိဇီကျမ်းတွဲ တင်ပြချက်အချို့အဆိုများအရ ဂျိဗရာဟီလ်သည် သူမ၏ပုံရိပ်ကို လက်ဝါးတွင်ထည့်လျက် ယူလာခဲ့သည်ဟု ဖော်ပြထားသည်။

ဒုတိယ - တမန်တော်မြတ်ﷺသည် သူမမှတစ်ပါး အခြားအပျိုစင် မိန်းကလေးကို လက်မထပ်ခဲ့။

တတိယ - တမန်တော်မြတ်ﷺသည် သူမ၏ပေါင်ပေါ်တွင် ကွယ်လွန်တော်မူခဲ့သည်။

စတုတ္ထ - ကိုယ်တော်မြတ်ﷺ အား သူမအိမ်ထဲတွင် မြှုပ်နှံခဲ့သည်။

ပဉ္စမ - ကိုယ်တော်မြတ်ﷺသည် အာအိရှာ﵂သခင်မနှင့် စောင်တစ်ထည်တည်းအောက်၌ အတူရှိစဉ်ပင် ထုတ်ပြန်ပို့ချချက်(ဝဟီ)ကို လက်ခံရရှိခဲ့သည်။ အခြားဇနီးမယားတစ်ဦးတစ်ယောက်မျှ ထိုကဲ့သို့ထူးခြားချက်မျိုး ပေးအပ်ခြင်းကို မခံခဲ့ကြရပေ။

ဆဋ္ဌမ - သူမ﵂ အပြစ်ကင်းကြောင်း ကြေညာချက်သည် ဂျန္နသ်သုခဘုံမှ ကျရောက်လာခဲ့သည်။

သတ္တမ - သူမသည် တမန်တော်မြတ်ﷺ၏ ခလီဖာသမ္မတကြီး၏ သမီးတော်ဖြစ်သည့်ပြင် သူမကိုယ်တိုင်သည်လည်း သာဝကကြီးတစ်ပါး ဖြစ်ခဲ့သည်။ ထို့ပြင် သူမသည် အလွှာဟ်တအာလာက ခွင့်လွှတ်ခြင်းနှင့် စားနပ်ရိက္ခာအာဟာရ ပေါကြွယ်ခြင်းများကို တစ်သက်တာ အာမခံသူများထဲမှ တစ်ဦးဖြစ်ခဲ့သည်။ (မဇ်ဟိရီ)

သာဝကကြီး မူစာအိပ်န သွာလ်ဟာလ်﵁က အာအိရှာ﵂သခင်မ၏ ပညာရှင်ဆန်သော သုတေသန၊ ဥပဒေသိပ္ပံပညာကို တတ်ကျွမ်းနားလည်မှုနှင့် စကားပြောကောင်းခြင်းများကို မြင်တွေ့ပြီးသည့်နောက် မှတ်ချက်ပြုသည်မှာ သူမလောက် နူတ်စလျှာစ ကောင်းသူတစ်ယောက်ကို ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးပါ ဟူ၏။ (တိရ်မိဇီ)

တဖိစီရ်အလ်ကုရ်သုဇီက ဆိုခဲ့သည်မှာ စိုက်ယိနာယူစွဖ်ﷺ မတရားစွပ်စွဲခံရစဉ်က၊ အလ္လာဟ်တအာလာသည် မွေးကင်းစ ကလေးငယ်အား စကားပြောစေကာ သက်သေခံစေခြင်းဖြင့် ၎င်းသည် အပြစ်ကင်းကြောင်း လူအများအား သိစေတော်မူခဲ့၏။ ထို့ပြင် မရ်ယမ်ﷺသခင်မကြီး မတရားစွပ်စွဲခံရစဉ်ကလည်း အလ္လာဟ်တ အာလာသည် သူမ၏ သားတော်အီစာﷺအား သက်သေခံစေကာ သူမအပြစ်ကင်းကြောင်း ကြေညာတော်မူခဲ့၏။ သို့သော် အာအိရှာ ﵂သခင်မကြီး မတရားစွပ်စွဲခံရသောအခါ၌မူ အလ္လာဟ်တအာလာသည် ကျမ်းမြတ်ကုရ်အာန်၏ အာယတ် တော်(၁၀) ပါးကို ချပေးတော်မူပြီး သူမအပြစ်ကင်းကြောင်း ကြေညာတော်မူခဲ့၏။ ဤသို့ဖြင့် သူမအား လေးစားမှုနှင့် ဂုဏ်သတင်းကို တိုးတက်စေတော်မူခဲ့သည်။

ယခု ဤအာယတ်တော်များ၏ ဝါကျတစ်ခုချင်းအား အသေးစိတ် ရှင်းလင်းဆွေးနွေးပါမည်။

إِنَّ الَّذِينَ جَاءُوا بِالْإِفْكِ عُصْبَةٌ مِّنكُمْ

ဇကန်အမှန် (ဤ)မုသားစွပ်စွဲချက်ကို ဖြန့်ချိခဲ့သောသူတို့ကား အသင်တို့အနက်မှ အုပ်စု (ကလေး)တစ်ခုပင် ဖြစ်၏။

"အိဖ်က်" (إِفْك) ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ တစ်ဖက်သို့လှန်သည်၊ ပြောင်းပြန်လှန်သည်၊ ပြောင်းလဲသည်ဟု ဖြစ်သည်။ အဆိုးဆုံးလိမ်လည်မှုဖြစ်သည့် အမှန်ကိုအမှား၊ အမှားကိုအမှန် ပြုလုပ်ခြင်း၊ ဘာသာတရားလေးစား၍ ဘုရားကြောက်သူကို ဒုစရိုက်သမား၊ ဒုစရိုက်သမားကို ဘာသာတရားလေးစား၍ ဘုရားကြောက်သူဟု တံဆိပ်ကပ်ခြင်းများသည်လည်း "အိဖ်က်"တွင် အကျုံးဝင်၏။ "အုစ်ဗဟ်" (عُصْبَةٌ)သည် လူ(၁၀)မှ (၄၀)ဦးထိ ပါဝင်သော အုပ်စုဟု အဓိပ္ပာယ်ရသည်။ သို့သော် ထို့ထက် လူအရေအတွက်များသည်ဖြစ်စေသုံး၍ ရသည်။ مِنكُمْ (သင်တို့ထဲမှ ဟူသော အာယတ်တော်ထဲမှစကားလုံးသည် မွတ်စလင်မ်များကိုရည်ညွှန်းသည်။ အသရေပျက်အောင် လုပ်ကြံပြောသူ အစစ်အမှန်မှာ အဗ္ဗဒွလာအိဗ်နအုဗိုင်ယ်ဆိုသူဖြစ်ပြီး ၎င်းသည် မွတ်စလင်မ်မဟုတ်ဘဲ ကြောင်သူတော်(မုနာဖိက်)တစ်ဦးဖြစ်၏။ သို့သော် မုနာဖိက်များသည် သူတို့ကိုယ်သူတို့ မွတ်စလင်မ်များ ဖြစ်ကြသည်ဟု ကြွေးကြော်ထားသည် ဖြစ်၍ ၎င်းသည်လည်း (مِنكُمْ)တွင် အပါအဝင်ဖြစ်တော့သည်။ မွတ်စလင်မ်များထဲမှ ယောကျ်ားနှစ်ဦးနှင့် မိန်းမတစ်ဦးသည် ဤအာယတ်တော်များ ကျရောက်လာပြီးသည့်နောက် အသရေပျက်အောင် မဟုတ်သတင်းဖြန့်ချိရာတွင် ပါဝင်ပတ်သက်မှုဖြင့် တမန်တော်မြတ်ﷺက မတရားစွပ်စွဲခြင်း၏ အပြစ်ဒဏ်ပေးခြင်းကို ခံခဲ့ကြရသည်။ သို့သော် သံဝေဂရကြသူ မွတ်စလင်မ်အပေါင်း၏ နောင်တကိုမူ အလ္လာဟ်တအာလာသည် လက်ခံတော်မူခဲ့သည်။ ထိုအပြစ်ပေးခံရသူများထဲတွင် သာဝကကြီးဟာစန်﵁နှင့် သာဝကကြီးမစ်တဟ်﵁တို့သည်လည်း အပါအဝင်ဖြစ်ခဲ့၏။ ၎င်းတို့ နှစ်ဦးမှာ ဘဒရ်စစ်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့ကြပြီး ကုရ်အာန်ထဲတွင် ၎င်းတို့အတွက် ခွင့်လွှတ်ခြင်းကို အလ္လာဟ်တအာလာက ကြေညာထားခဲ့ပြီးဖြစ်ပေသည်။ ဤအကြောင်းကြောင့် အာအိရှာ﵂သခင်မသည် မတရားစွပ်စွဲမှုဖြင့် အပြစ် ပေးခံခဲ့ရသူနှစ်ဦးအနက်တစ်ဦးဖြစ်သည့်တိုင် သာဝကကြီးဟာစန်﵁အကြောင်းသူမ၏ ရှေ့တွင်မကောင်းပြောသူမှန်သမျှကို နှစ်သက်ခြင်းမရှိခဲ့ချေ။ အာအိရှာ﵂သခင်မက ပြောလေ့ရှိခဲ့သည်မှာ ဟာစန်﵁သည် ကာဖိရ်များအကြောင်း စပ်ဆိုသည့် ၎င်း၏လက်ံာထဲ၌ တမန်တော်မြတ်ﷺအား ခုခံကာကွယ်ပေးခဲ့သည်။ သို့အတွက်ကြောင့် မည်သူမျှ ၎င်း၏ အကြောင်း မကောင်းမပြောသင့် ဟူ၍ဖြစ်သည်။ အာအိရှာ﵂သခင်မထံသို့ ဟာစန်﵁ လာရောက်လည်ပတ်သည့် အခါတိုင်း ၎င်းအား ဂုဏ်သိက္ခာ၊ လေးစားမှုများဖြင့် ထိုင်စေခဲ့သည်။ (မဇ်ဟိရီ စသည်)

لَا تَحْسَبُوهُ شَرًّا لَّكُم

အသင်တို့သည် မိမိတို့နှင့် ပတ်သက်၍ ယင်းမုသားစွပ်စွဲချက်ကို ဆိုးရွားလှသည်ဟု မယူဆကြကုန်လင့်။ [၂၄:၁၁]

ဤစာကြောင်းသည် ကောလာဟလပျံ့နှံ့မှုကြောင်း ထိခိုက်ခဲ့ရသော တမန်တော်မြတ်ﷺ၊ အာအိရှာ(ရ) သခင်မ၊ ဆွာဖ်ဝါန်(ရ)နှင့် မွတ်စလင်မ်အပေါင်းကို ရည်ညွှန်းမိန့်ဆိုတော်မူခြင်းဖြစ်၏။ ရည်ရွယ်ချက်မှာ ဤအဖြစ်အပျက်ကြောင့် စိတ်မကောင်း မဖြစ်ကြစေရန်အတွက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလွှာဟ်တအာလာက ကုရ်အာန်တွင် အပြစ်ကင်းစင်ကြောင်း ကြေညာတော်မူပြီးသည့်နောက်တွင် သူမ၏ဂုဏ်သိက္ခာမှာ ပို၍မြင့်မားလာခဲ့သည်။ ထို့ပြင် ကောလာဟလဖြန့်မှုဌ ပါဝင်ပတ်သက်ခဲ့သူများသည်လည်း ကုရ်အာန်တွင် ပြင်းထန်စွာသတိပေးခံခဲ့ကြရသည်။ ဤသည့်အကြောင်းများသည် ကမ္ဘာ့ပျက်သည့်နေ့တိုင် ရွတ်သရဇ္ဈာယ်ခြင်း ခံရလိမ့်မည် ဖြစ်ပေသည်။

لِكُلِّ امْرِئٍ مِّنْهُم مَّا اكْتَسَبَ مِنَ الْإِثْمِ

ထိုမှတစ်ပါး ယင်းမုသားစွပ်စွဲမှု(ကို ဖြန့်ချီရာ၌)(အများဆုံးတာဝန်ယူဆောင်ရွက်ခဲ့သော) သူ၌မူ အလွန်ကြီးလေးလှသော ပြစ်ဒဏ်သည် ရှိပေသတည်း။ [၂၄:၁၁]

ၚင်းကဆိုလိုသည်မှာ မည်သူမဆို ဤအသရေဖျက်မှုကို ဖြန့်ချိရာတွင် ပါဝင်ခဲ့သည့်အမျိုးအစားအလိုက် ထိုသူ၏ပြစ်မှုသည် မှတ်တမ်းတင်ခံရမည်ဖြစ်ပြီး ထိုပြစ်မှုမှတ်တမ်းနှင့်လျော်ညီစွာ အပြစ်ပေးခံရမည်ဖြစ်၏။ ဤကောလာဟလကို လုပ်ကြံဖန်တီးသူခဲ့သူသည် အပြင်းထန်ဆုံးအပြစ်ဒဏ်နှင့် ထိုက်တန်သူဖြစ်၏။ ထို့ပြင် မိမိထံရောက်လာသော ကောလာဟလကို ထောက်ခံကြောင်းပေးသောသူသည် အနည်းငယ်လျော့ပါးသော အပြစ်ဒဏ်နှင့် ထိုက်တန်သူဖြစ်၏။ ထို့ပြင် ကောလာဟလကို ကြားပြီးသည့်နောက် နှုတ်ပိတ်နေသူခဲ့သူသည် ပို၍လျော့သော အပြစ်ဒဏ်နှင့် ထိုက်တန်သူဖြစ်ချေသည်။

وَالَّذِي تَوَلَّىٰ كِبْرَهُ مِنْهُمْ لَهُ عَذَابٌ عَظِيمٌ ﴿١١﴾

ထိုအုပ်စုအနက် အသီးသီး၌ မိမိရှာဖွေဆည်းပူးခဲ့သော ပြစ်မှုသည် ရှိပေသည်။ ထိုမှတစ်ပါး ယင်းမုသားစွပ်စွဲမှု(ကို ဖြန့်ချိရာ၌) (အများဆုံး တာဝန်ယူဆောင်ရွက်ခဲ့သော)သူ၌မူ အလွန် ကြီးလေးလှသော ပြစ်ဒဏ်သည် ရှိပေသတည်း။ [၂၄:၁၁]

(كِبْرَهُ) စကားသည် ကြီးသော ကြီးမားသော ကြီးကျယ်သော ဟုအဓိပ္ပာယ်ရ၏။ ဤနေရာတွင် အသရေဖျက်မှု၌ ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သူ(တစ်နည်း) မဟုတ်မမှန်လုပ်ကြံဇာတ်ခင်း၌ အခြားသူများကို လက်ဆင့်ကမ်းသူအဖို့ ကြီးမားသောပြစ်ဒဏ်သည်ရှိ၏။ ရည်ညွှန်းသည်မှာ အဗ္ဒုလ္လာအိဗ်နအုဗိုင်ယ်ဖြစ်လေသည်။ (ဗဂါဒီစသည်များ)

لَّوْلَا إِذْ سَمِعْتُمُوهُ ظَنَّ الْمُؤْمِنُونَ وَالْمُؤْمِنَاتُ بِأَنفُسِهِمْ خَيْرًا وَقَالُوا هَٰذَا إِفْكٌ مُّبِينٌ ﴿١٢﴾

ယင်းမုသားစွပ်စွဲချက်ကို အသင်တို့ကြားသိခဲ့စဉ်က 'မုအ်မင်န်' ယောကျ်ားတို့သည်လည်းကောင်း၊ 'မုအ်မင်န်' မိန်းမတို့သည် လည်းကောင်း၊ မိမိတို့အချင်းချင်းနှင့်ပတ်သက်၍ အဘယ်ကြောင့် ကောင်းမွန်သော ထင်မြင်ချက်ကို မထင်မြင်မယူဆခဲ့ကြသနည်း။ ထိုမှတစ်ပါး ထို 'မုအ်မင်န်' ယောကျ်ားမိန်းမတို့က ဤသည် ထင်ရှားလှစွာသော မုသားစွပ်စွဲချက်ပင်ဖြစ်သည်ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။ [၂၄:၁၂]

ၚင်းကဆိုလိုသည်မှာ မွတ်စလင်မ်အမျိုးသား၊ အမျိုးသမီးတို့သည် ဤအသရေဖျက်မှုကို ကြားခဲ့ကြသောအခါ မိမိတို့ (မွတ်စလင်မ်ညီအစ်ကိုမောင်နမ) အချင်းချင်းပေါ်တွင်ကောင်းသော အထင်အမြင်တစ်ရပ်ထားသင့်ခဲ့ကြသည်။

ထိုပြင် ယင်းသည် ဖြောင်လိမ်လည်ခြင်းသာဖြစ်ကြောင်း ကြေညာသင့်ခဲ့ကြသည်။ ဤအာယသ်ထဲတွင် အချက်အနည်းငယ်ကို အထူးဂရုပြုရန် လိုအပ်သည်။ အစပထမတွင် ကျမ်းမြတ်ကုရ်အာန်က بِأَنفُسِهِمْ (မိမိတို့အချင်းချင်း) စကားလုံးဖြင့် အရိပ်အမြွက်သိစေခဲ့သည်မှာ အကယ်၍ မွတ်စလင်မ်တစ်ဦးသည် အခြားမွတ်စလင်မ် တစ်ဦးအသရေ ဖျက်သည်၊ သိက္ခာကျအောင်ပြုသည်ဆိုပါလျှင် စင်စစ် ယင်းသူသည် မိမိကိုယ်မိမိ သိက္ခာကျအောင် ပြုလုပ်ခြင်းပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်၏ဆက်နွယ်မှုသည် ၎င်းတို့အားလုံးအား တစ်ဦးတည်းကဲ့သို့ ပေါင်းစည်းထားသောကြောင့်ဖြစ်သည်။ အလားတူဖော်ပြချက်မျိုးကို ကျမ်းမြတ်ကုရ်အာန်က မွတ်စလင်မ်တစ်ဦးနှင့် အွမ္မာသ်ထုတစ်ရပ်လုံးကြားရှိ နီးကပ်သော ဆက်နွယ်မှု သို့မဟုတ် နောင်ဖွဲ့မှုကို အလေးပေးပြောလိုသော နေရာတိုင်းတွင် အသုံးပြုလေသည်။ ဥပမာအားဖြင့် အာယတ်တော်တစ်ပုဒ်ကဆိုသည်မှာ لَا تَلْمِزُوا أَنفُسَكُمْ (၄၉း၁၁) "မိမိတို့အချင်းချင်း (မွတ်စလင်မ်ညီနောင်ချင်း-ယောကျ်ား သို့မဟုတ် မိန်းမအပေါ် ဂုဏ်သရေကို ထိပါးပုတ်ခတ်သောစကား မဆိုကြလေနှင့်။ အခြားနေရာတစ်ခုတွင် ကုရ်အာန်ကဆိုသည်မှာ- وَلَا تَقْتُلُوا أَنفُسَكُمْ (၄း၂၉) "မိမိတို့ အချင်းချင်း မသတ်ဖြတ်လေနှင့်။" ဤနေရာတွင် သဘောတရားမှာ အတူတူပင်ဖြစ်၏။ မွတ်စလင်မ်ညီနောင်ချင်း မသတ်ဖြတ်ကြရန် မိန့်ကြားတော်မူခြင်းဖြစ်၏။ တတိယနေရာတစ်ခုတွင် ဆိုသည်မှာ- وَلَا تُخْرِجُونَ أَنفُسَكُم مِّن دِيَارِكُمْ (၂း၈၄) အသင်တို့သည် မိမိတို့အချင်းချင်း နေအိမ်များမှ နှင်ထုတ်ခြင်း မပြုကြလေနှင့်။ ဤနေရာတွင်လည်း မည်သည့်မုစ်လင်မ်ကိုမျှ ၎င်းနေအိမ်မှ နှင်မထုတ်ရဟူ၍ ဖြစ်သည်။ စတုတ္ထနေရာတစ်ခုတွင် فَسَلِّمُوا عَلَىٰ أَنفُسِكُمْ (၂၄း၆၁) "အသင်တို့သည် အချင်းချင်း စလာမ်ဆိုကြကုန်။ ဤအာယတ်တော် အားလုံး၏ အဓိကဆိုလိုရင်းမှာ မွတ်စလင်မ်တစ်ဦးသည် အခြားမွတ်စလင်မ်တစ်ဦးအပေါ် ဂုဏ်သရေထိပါးပုတ်ခတ်ပြောဆိုခြင်း၊ ဖိနှိပ်ခြင်းနှင့် ဒုက္ခပေးခြင်းများ ပြုလုပ်ခြင်းသည် အကယ်စင်စစ် မိမိကိုယ်မိမိ အလားတူပြုလုပ်ခြင်းပင်ဖြစ်၏။ အဘယ် ကြောင့်ဆိုသော် ဤသို့ပြုလုပ်ခြင်းများသည် မွတ်စလင်မ် အွမ္မသ်ထုကြီးတစ်ခုလုံးအား ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းဆီသို့ ဦးတည်သောကြောင့်ဖြစ်၏။ ကဗျာဆရာကြီး ဆအ်ဒီက ပြောဆိုသည်မှာ-

چواز قومے یکے بے دانشی کرد نہ کہ رامنزلت ماند نہ مہ را

နိုင်ငံတစ်ခုမှ လူတစ်ယောက်တည်းက ပညာမဲ့သောလုပ်ရပ်တစ်ခုကို လုပ်သည်ဖြစ်မူ ထိုနိုင်ငံ - ကြီးသည် ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ - (အခြားသူများ၏ ရှေ့၌)မှ မည်သူမျှ ရှိသေလေးစားလောက်သော နေရာတစ်ခုကို ရယူနိုင်မည် မဟုတ်ချေ။

ဤသည်မှာ မွတ်စလင်မ်များအား ထင်ရှားကျော်ကြားစေရန် ပြုစုပျိုးထောင်ပေးခဲ့သည့် ကုရ်အာန်၏ အဆုံးအမပင် ဖြစ်၏။ ၎င်းတို့ထင်ပေါ်ကျော်ကြားမှုကို ဆွတ်ခူးရရှိခဲ့ကြသောအခါ၊ တစ်နိုင်ငံလုံး သို့မဟုတ် တစ်မျိုးသားလုံးသည် စုပေါင်း၍ ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မြင့်မားခဲ့၏။ ကုရ်အာန်၏ အဆုံးအမများကို ပစ်ပယ်ခြင်း၏ ရလဒ်အဖြစ် မွတ်စလင်မ်များသည် မေ့ပျောက်ခြင်းခံရသည့်အခြေအနေသို့ စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ကျရောက်ခဲ့ရသည်ကို မြင်တွေ့နိုင်ပေသည်။

ဤအာယတ်တော်သတိပြုရန် လိုအပ်သည့်အခြားအချက်မှာ لَّوْلَا إِذْ سَمِعْتُمُوهُ (အဘယ်ကြောင့်နည်း) အသင်(အို-သက်ဝင်ယုံကြည်သူများ) တို့သည် ထိုအကြောင်းကို ကြားခဲ့ကြသောအခါ) ဟု မိန့်တော်မူပြီးသည့်နောက် အရာများ၏ အံဝင်ခွင်ကျဖြစ်မှုသဘောအရ မိန့်ခွန်းတော်၏ပုံစံသည် "အသင်တို့သည် ကိုယ့်အချင်းချင်းအပေါ် အဘယ်ကြောင့် အကောင်းမမြင်ခဲ့ကြသနည်းဟု သုံးခဲ့သင့်၏။ သို့သော် အာယတ်တော်သည် "အသင်တို့" အစား "သက်ဝင်ယုံကြည်သူများ" ကို ရွေးချယ်ခဲ့၏။

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအချက်တွင် ပုံစံပြောင်းကာ ظَنَنتُمُ الْمُؤْمِنُونَ အစား ظَنَّ الْمُؤْمِنُونَ ကို မိန့်ဆိုခဲ့သည်။ ဤပုံစံ၌ သိမ်မွေ့သောသွယ်ဝိုက်ရည်ညွှန်းချက်မှာ ဤအမှုကို ကျူးလွန်ခဲ့ကြသူများသည် "မုအ်မင်" (သက်ဝင်ယုံကြည်သူ)များဟု ခေါ်ဆိုရန်မသင့်လျော်သူများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ မွတ်စလင်မ်တစ်ဦးသည် အခြားမွတ်စလင်မ်တစ်ဦးအပေါ်၌ အလေးပေးသော ရှုမြင်မှုမျိုး ထားရှိခဲ့သင့်သည်ဟူသည့် ယုံကြည်သက်ဝင်မှု၏ တောင်းဆိုချက်ဖြစ်သောကြောင့်ပင်။

တတိယဂရုပြုရန်လိုအပ်သည့်အချက်မှာ အာယတ်တော်၏ နောက်ဆုံးစာကြောင်းဖြစ်သည့် وَقَالُوا هَٰذَا إِفْكٌ مُّبِينٌ (၂၄:၁၂)၌ ဤကောလာဟလကိုကြားကြရသော် မွတ်စလင်မ်များအနေဖြင့် ယင်းအားလုံး အလိမ်အညာ တစ်ခုသဖွယ် သဘောထားလျက် မဆိုင်းမတွဝေပယ်ခဲ့ရမည်မှာ ယုံကြည်သက်ဝင်မှု၏ တောင်းဆိုချက်ဖြစ်သည်ဟူသောအချက်ကို သွတ်သွင်းမွေးမြူပေးခြင်းဖြစ်၏။ ထိုနည်းတူ အကယ်၍ အစွလာမ်ဥပဒေအရ အထောက်အထား မရှိပါဘဲလျက် ထိုသူအား မကောင်းကင်ပွန်းတပ်၍ခေါ်ခြင်းကို (ကြားရပါက) ဤသည် မုသားသာဖြစ်သည်ဟု ပြောဆိုရန်မှာ ယုံကြည်သက်ဝင်မှု၏ တောင်းဆိုချက်ပင်ဖြစ်၏။

ဥပဒေသ

အစွလာမ်ဥပဒေအရ (အပြစ်ရှိကြောင်း) သက်သေမထူနိုင်သရွေ့ အားလုံးသော မွတ်စလင်မ်အမျိုးသား၊ အမျိုးသမီးများအကြောင်း အကောင်းမြင်ရန်မှာ တာဝန်တစ်ရပ်ဖြစ်သည်။ ထို့ပြင် အကယ်၍ တစ်ဦးတစ်ယောက်သည် မွတ်စလင်မ်တစ်ဦးအား အစွလာမ်ဥပဒေအရ အထောက်အထားမပြနိုင်ပါဘဲလျက် စွပ်စွဲခဲ့သော် ထိုစွပ်စွဲချက်ကို လက်မခံငြင်းဆန်ပြီး ၎င်းသည် မုသားမျှသာဖြစ်ကြောင်း ပြောဆိုရန်တာဝန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ယင်းသည် အပြစ်မဲ့သူမွတ်စလင်မ်တစ်ဦးအား နောက်ကွယ်မှ အပုပ်ချခြင်း၊ သိက္ခာကျအောင်ပြုခြင်း ဖြစ်သောကြောင့်ပင်။ (မဇ်ဟိရီ)

لَّوْلَا جَاءُو عَلَيْهِ بِأَرْبَعَةِ شُهَدَاءَ ۚ فَإِذْ لَمْ يَأْتُوا بِالشُّهَدَاءِ فَأُولَٰئِكَ عِندَ اللَّهِ هُمُ الْكَاذِبُونَ ﴿١٣﴾

ထို(မုသားစွပ်စွဲခဲ့ကြသော)လူစုသည် အဘယ်ကြောင့် ယင်းစွပ်စွဲချက်နှင့်စပ်လျဉ်း၍ သက်သေ (၄)ယောက် တင်မပြခဲ့ကြသနည်း။ စင်စစ် ၎င်းတို့သည် သက်သေတင်မပြခဲ့ကြသောကြောင့် ၎င်းတို့သည်ပင်လျှင် အလ္လာဟ်အရှင်မြတ်အထံတော်၌ မုသာဝါဒီများ ဖြစ်ကြကုန်သတည်း။ (၂၄:၁၃)

ဤအာယတ်တော်၏ပထမစာကြောင်းက အလေးထားမိန့်ကြားသည်မှာ မွတ်စလင်မ်များသည် ဤကောလာဟလကို ပြန့်အောင်ပြုလုပ်နေသူများ၏ အသုံးချခံများမဖြစ်စေဘဲ ၎င်းတို့အား သက်သေခံတင်ပြကြရန် တောင်းဆိုရမည်ဖြစ်သည်။ အိမ်ထောင်ရေးဖောက်ပြန်မှုစွပ်စွဲချက်အတွက် မျက်မြင်သက်သေ(၄)ယောက် လိုအပ်သဖြင့် လိုအပ်သော မျက်မြင်သက်သေ(၄)ဦး မတင်ပြနိုင်လျှင် ပါးစပ်ပိတ်ထားကြရန် ၎င်းတို့အား တောင်းဆိုခဲ့ကြသင့်သည်။ အာယတ်တော်၏ ဒုတိယအကြောင်းက ထိုသူတို့သည် မျက်မြင်သက်သေ(၄)ဦး မတင်ပြနိုင်သောကြောင့် အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်၌ လူလိမ်များဖြစ်ကြောင်း ကြေညာတော်မူခဲ့သည်။

ဤနေရာတွင် မှတ်သားထိုက်သည်မှာ လူတစ်ယောက်သည် ထိုကဲ့သို့သော အဖြစ်အပျက်ကို သူ၏ မျက်စိများဖြင့် တပ်အပ်မြင်ခဲ့သည့်တိုင် သက်သေ(၄)ယောက်တင်ပြနိုင်ခြင်း ရှိချင်မှရှိမည်ဆိုသည့် အချက်ဖြစ်၏။ ထိုအခြေအနေမျိုးတွင် ၎င်းအား လူလိမ်ဟု မည်သို့ခေါ်ဆိုနိုင်ပါမည်နည်း။ ထိုသူအား အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်၌ လူလိမ်ဟုခေါ်ဆိုခြင်းမှာ နားလည်နိုင်ဖွယ် မရှိချေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ဖြစ်ပျက်သည့်

အရာအားလုံး၏ အမှန်တရားကို သိတော်မူသော အရှင်ဖြစ်၏။ ဤအရာအတွက် အဖြေနှစ်ရပ်ရှိ၏။ ပထမ عِنْدَ اللّٰهِ (အလ္လာဟ်အရှင်မြတ်အထံတော်၌)သည် အလ္လာဟ်အရှင်၏အမိန့်တော်နှင့်စိုးမိုးမှုကို ဆိုလိုသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ စိုးမိုးမှုနှင့်အမိန့်တော်အရ ဤသူအား လူလိမ်ဖြစ်ကြောင်း ကြေညာလျက် မတရားစွပ်စွဲခြင်း၏ ပြစ်ဒဏ်ကို စီရင်ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည် အဖြစ်အပျက်နှင့် မဆက်စပ်ဘဲ၊ သက်သေ(၄)ဦးတင်ပြနိုင်ခြင်းမရှိသည့်နှင့်သာ သက်ဆိုင်၏။ သက်သေ(၄)ဦး၏ ထောက်ခံချက်မပါဘဲ ပြောဆိုသူသည် ဥပဒေအရ လူလိမ်ဟု သမုတ်ခံရမည့်အပြင် အပြစ်ပေးခြင်းကိုလည်း ခံရပေမည်။

ဒုတိယရှင်းလင်းချက်မှာ တစ်စုံတစ်ရာအား ရည်ရွယ်ချက်၊ ရည်မှန်းချက်မရှိဘဲလျက် ပြုလုပ်ခြင်း၊ အထူးသဖြင့် မွတ်စလင်မ်တစ်ဦးအား ထိခိုက်စေမည့်အရာသည် မွတ်စလင်မ်တစ်ဦး၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်၏။ ဤအကြောင်း မွတ်စလင်မ်တစ်ဦးသည် အခြားမွတ်စလင်မ်တစ်ဦး၏ အပြစ်ကျူးလွန်ခြင်းကို သက်သေထွက်ဆိုရာတွင် တစ်စုံတစ်ဦးအား ထိခိုက်စေရန် သို့မဟုတ် သိက္ခာကျစေရန်အတွက်မဟုတ်ဘဲ ပြစ်မှုဒုစရိုက်ကို ထိန်းချုပ်နိုင်ရန်နှင့် တိုက်ဖျက်ရန် ရည်ရွယ်ချက်ဖြင့်သာ ထွက်ဆိုသင့်ပေသည်။ အကယ်၍ လူတစ်ဦးသည် ဤကဲ့သို့ အဖြစ်အပျက်မျိုးကို သက်သေ(၄)ယောက်၏ ထောက်ပံ့မှုမပါဘဲလျက် လူ့အဖွဲ့အစည်းကို ပြုပြင်ရန်နှင့် မကောင်းမှုကို ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် ပြောဆိုခြင်းဖြစ်ပါသည်။ အစွပ်စွဲခံဥပဒေ၏ လိုအပ်ချက်အရ သက်သေ(၄)ဦး မတင်ပြနိုင်လျှင် ဒုစရိုက်မှုကို သက်သေခံနိုင်မည် မဟုတ်သည်ကိုလည်းကောင်း၊ တရားခံသည် အပြစ်ပေးခံရမည် မဟုတ်ကြောင်းကို လည်းကောင်း၊ သူကိုယ်တိုင်ပင်လျှင် လိမ်လည်ပြောဆိုသည့်အတွက် အပြစ်ပေးခံရနိုင်သည်ကိုလည်းကောင်း သိရှိပါသည်ဟု ပြောသည့်တိုင် ဤသို့သောအနေအထားမျိုးတွင် ထိုသူသည် عِنْدَ اللّٰهِ (အလ္လာအရှင်မြတ်ထံတော်၌) လူလိမ်တစ်ဦးပင်ဖြစ်၏။ ရိုးရှင်းသောအကြောင်းပြချက်မှာ သက်သေတင်ပြနိုင်ခြင်း မရှိဘဲလျက် အစွပ်စွဲခံ ကျင့်ဝတ် စည်းကမ်း (ကိုဓဉ်ပဒေ) အောက်တွင် သူ၏ရည်ရွယ်ချက်ကို ခိုလှုံခွင့်ပေးရန်မှာ မဖြစ်နိုင်ကြောင်းပင်ဖြစ်၏။ (မဇ်ဟိရီ)

အရေးကြီးသော၊ လိုအပ်သော သတိပေးချက်တစ်ခု

အထက်ပါ အာယတ်တော် နှစ်ရပ်စလုံး၌ မွတ်စလင်မ်တိုင်းသည် အခြားမွတ်စလင်မ်များနှင့် ပတ်သက်၍ ကောင်းသောသဘောထား ရှိခဲ့သင့်ကြောင်းကို အလေးပေးမိန့်ကြားတော်မူ၏။ ထို့ပြင် မွတ်စလင်မ်များအပေါ် သက်သေခံမရှိပါဘဲလျက် စောင်းမြောင်းပြောဆိုခြင်း၊ စွပ်စွဲခြင်းများအား ဆန့်ကျင်ကြရန်၊ ငြင်းပယ်ကြရန် တာဝန်တစ်ရပ်ပြဋ္ဌာန်းထားတော်မူ၏။ သို့သော် သူတစ်ဦးသည် အဘယ်ကြောင့် တမန်တော်မြတ်ﷺသည် ထိုကောလဟလသည်မှားယွင်းကြောင်း ယုံကြည်မှုမရှိခဲ့သနည်း။ အစကနဦးကတည်းက အဘယ်ကြောင့် ငြင်းပယ်ခြင်း မပြုခဲ့သနည်းဟူ၍ သံသယ မဝင်သင့်ပေ။ ဤသို့ ပြုရမည့်အစား တမန်တော်မြတ်ﷺသည် တစ်လတာမျှ စိတ်ဒုက္ခ ရောက်ခဲ့သည်။ ထို့ပြင် အာအိရှာ رضي الله عنها သခင်မအား အကယ်၍သူမ၏အဝိုင်းတွင် ချွတ်ချော်မှုရှိခဲ့ပါက အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုကို တောင်းခံရန် ပြောဆိုခဲ့၏။ (ဗုခါရီ)

ဤကိစ္စအတွက်ရှင်းလင်းချက်မှာ တမန်တော်မြတ်ﷺ၏ စိုးရိမ်သောကသည် အခြားမွတ်စလင်များ၏ အကြောင်းနှင့် စပ်လျဉ်း၍ကောင်းသော သဘောထားအမြင်ထားရှိရမည်ဟူသည့် မွတ်စလင်များအတွက် အမိန့်ပြဋ္ဌာန်းချက်နှင့် မကိုက်ညီသည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည် ဤကောလာဟလကို ငြင်းဆိုခြင်း မပြုသကဲ့သို့ ဤကောလာဟလအပေါ် အရင်စလို ဆောင်ရွက်ခြင်းလည်း မပြုလုပ်ခဲ့ချေ။ ကောလာဟလကို ဖြန့်ခြင်းအားလည်း နှစ်သက်ခြင်း မရှိခဲ့ပေ။ သာဝကကြီးများ စုဝေးသည့်ပွဲ၌ တမန်တော်မြတ်ﷺမိန့်ကြားခဲ့သမျှသည်

"ကျွန်ုပ်၏ဇနီးသည် ကောင်းမြတ်သည်၊ အကျင့်သီလကောင်းမွန်သည် ဆိုသည်မှလွဲ၍ ကျွန်ုပ်ဘာကိုမျှမသိ" ဟူ၍သာ ဖြစ်၏။ ဤအရာအားလုံးသည် အာယတ်တော်များလာ ကောင်းသောသဘောထားအမြင် ထားရှိခြင်းဆိုသည့် အဓိန့်ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ဆောင်ထားသောသက်သေခံများဖြစ်ကြသည်။ သို့ရာတွင် ထိုခိုင်မာသော အကြွင်းမဲ့ယုံကြည်မှုနောက်တွင် အပြစ်ကင်းစင်ကြောင်းကြေညာသည့် အာယတ်တော်များကျရောက်လာပြီး သဘာဝအလျောက် ဖြစ်ပေါ်ခဲ့သော စိုးရိမ်သောကကို ဖယ်ရှားနိုင်ခဲ့လေသည်။

ရှင်းလင်းချက်၏အနှစ်သာရမှာ ယင်းကဲ့သို့သောအနေအထားမျိုး၌ သံသယနှင့်စိုးရိမ်သောကများ ပေါ်ပေါက်ရခြင်းသည် သဘာဝပင်ဖြစ်၏။ သို့သော် တမန်တော်မြတ်ﷺပြုလုပ်ခဲ့သလို ဤကိစ္စအား အဆောတလျင် အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ဂရုတစိုက်ဖြင့် သတိထားဆောင်ရွက်ခြင်းမျိုးသည် မွတ်စလင်မ်များအပေါ်တွင် ကောင်းသောသဘောထားရှိရမည် ဆိုသည့်ပညတ်ချက်နှင့် ဆန့်ကျင်သည်မဟုတ်ချေ။ မတရားစွပ်စွဲမှုအတွက် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ကြရသော ဤအာယတ်တော်နှစ်ရပ်၌ ပြစ်တင်ရှုပ်ချခြင်းခံရသည့် မွတ်စလင်မ်များသည် အကယ်စင်စစ် ကောလာဟလကို အလျင်စလိုဖန်တီးခဲ့ပြီး ဖြန့်ဝေရာတွင် ပါဝင်ပတ်သက်ခဲ့သူများဖြစ်ကြလေသည်။ မဟုတ်မမှန် သတင်းလွှင့်ခြင်းသည်ဤအာယတ်တော်များကိုထုတ်ပြန်ပို့ချခြင်းမပြုမီကပင်ဥပဒေနှင့်မညီညွတ်သောအပြစ်ပေးခံရမည်ဖြစ်သော ပြစ်မှုဖြစ်ခဲ့၏။

لَوْلَا جَآءُوْ عَلَيْهِ بِاَرْبَعَةِ شُهَدَآءَ ۚ فَاِذْلَمْ يَاْتُوْا بِالشُّهَدَآءِ فَاُولٰٓئِكَ عِنْدَ اللّٰهِ هُمُ الْكٰذِبُوْنَ ﴿١٣﴾

စင်စစ်သော်ကား အကယ်၍သာ အသင်တို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ထိုအရှင်၏ကရုဏာတော်သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း မရှိခဲ့လျှင် အသင်တို့ နစ်မွန်းလျက်ရှိခဲ့ကြသောကိစ္စနှင့်စပ်လျဉ်း၍ အသင်တို့၌ အလွန်ကြီးလေးလှစွာသော ပြစ်ဒဏ်သည် အမှန်ပင်သက်ရောက်ခဲ့ပြီး ဖြစ်ချေသည်။ (၂၄:၁၄)

ဤအာယတ်တော်ကို မသိမိုက်မှား၍ အသရေဖျက်မှုတွင် တစ်နည်းနည်း ပါဝင်ပတ်သက်ခဲ့မိပြီးနောက် နောင်တရကာ အလ္လာဟ်အရှင်မြတ်၏ခွင့်လွှတ်မှုကို တောင်းခံကြသည့် ယုံကြည်သက်ဝင်သူများအတွက် ထုတ်ပြန်ပို့ချတော်မူခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့အထဲမှ အချို့သည် အပြစ်ပေးခြင်းပင်ခံခဲ့ကြရသည်။ သို့သော် ၎င်းတို့အားလုံးကိုမူ ဤအာယတ်တော်မှတစ်ဆင့် မိန့်ကြားတော်မူခဲ့သည်မှာ သူတို့ကျူးလွန်ခဲ့သောပြစ်မှုသည် အလွန်ဆိုးဝါးကြောင်းနှင့် ထိုပြစ်မှုအတွက် ဤဘဝတွင်မက သူတို့သည် နောင်တမလွန်ဘဝ၌လည်း ပြင်းထန်စွာ အပြစ်ပေးခံရနိုင်ကြောင်းပင် ဖြစ်၏။ သို့သော် အလ္လာဟ်အရှင်မြတ်သည် ထိုယုံကြည်သက်ဝင်သူများအပေါ် နစ်ဘဝစလုံး ပြစ်ဒဏ်ပေး၍ ဆုံးမခြင်းကို ဆိုင်းငံ့ထားတော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်များကို ဤဘဝ၌ထင်ရှားစေတော်မူသည်မှာ ဦးစွာပထမ အစွမ်းလာမ်နှင့် ၎င်း၏ယုံကြည်ကိုးကွယ်မှုကို ပေးသနားတော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺ စေလွှတ်တော်မူကာ ပြစ်ဒဏ်ပေးခံရမည့်အဖြစ်ကို ဟန့်တားစေတော်မူခဲ့၏။ ထို့နောက်တစ်ဖန် အမှန်တကယ် နောင်တရရန်နှင့် ကျူးလွန်ခဲ့မိသော ပြစ်မှုအတွက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာ၏လက်ဆောင်မှာ ထိုအရှင်မြတ်သည်ခွင့်လွှတ်ရန်နှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ကတိပြုခဲ့ခြင်း ဖြစ်၏။

اِذْ تَلَقَّوْنَهٗ بِاَلْسِنَتِكُمْ

အကြင်အခါ၌ အသင်တို့သည် ယင်းကိစ္စကို မိမိတို့လျှာများဖြင့် လက်ခံ ပြောဆိုနေခဲ့ကြ၏။ (၂၄:၁၅)

تَلَقَّوْنَهٗ- စကားလုံးသည် တစ်ဦးထံမှတစ်ဦး စုံစမ်းမေးမြန်းကြရန် (စပ်စုကြရန်)နှင့် အခြားသူများရှေ့တွင် ပြန်ပြောကြရန်ဟု အဓိပ္ပာယ်ရ၏။ ဤနေရာတွင်မူ တစ်ဆင့်ကြားစကားကို မစူးစမ်းဘဲ၊ သက်သေခံမရှိဘဲ ထပ်ဆင့်ပြောရန်ဟူသော အဓိပ္ပာယ်နှင့်သုံး၏။ [ဘာသာစကား၏ ဝေါဟာရအနေဖြင့်မူ စကားလုံးသည်'ကြိုဆိုခြင်း' ဟု အဓိပ္ပာယ်ရသည်။ စာသားကို ဘာသာပြန်ရာတွင် ဤအဓိပ္ပာယ်ကို ယူသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သတင်းစကားကို နှောင့်နှေးခြင်းမရှိဘဲ လက်ခံရယူခြင်းနှင့် ပေးပို့ခြင်း နှစ်မျိုးစလုံး ငုံမိ၏။ (အယ်ဒီတာ)]

وَتَحْسَبُوْنَهٗ هَيِّنًا ۖ وَّهُوَ عِنْدَ اللّٰهِ عَظِيْمٌ

ထိုမှတစ်ပါး အသင်တို့သည် ယင်းကိစ္စကို ပေါ့ပေါ့ဆဆ သာမန်ကိစ္စဟု ထင်မှတ်နေကြကုန်၏။ အမှန်စင်စစ်မှာမူကား ယင်းကိစ္စသည် အလွန်ဟ်အရှင်မြတ်အထံတော်၌ အလွန်ကြီးလေးလှသောကိစ္စပင် ဖြစ်ချေသတည်း။ [၂၄း၁၅]

ဆိုလိုသည်မှာ အသင်တို့ ထိုအကြောင်းကိုကြားခဲ့ပြီး အခြားသူများထံလက်ဆင့်ကမ်းခြင်းကို အသေးအမွှားကိစ္စရပ်တစ်ခုဟု သဘောထားခဲ့၏။ သို့ရာတွင် နှုတ်နှုတ်ချွတ်ချွတ် စုံစမ်းစစ်ဆေးခြင်း၊ သက်သေအထောက်အထားရှာခြင်းများ မပြုဘဲ အသင်သည် တစ်စုံတစ်ရာကို အခြားသူများထံသို့ ပေးပို့ကာ အခြားမွတ်စလင်မ်များအား ဒုက္ခရောက်အောင်၊ ၎င်းတို့၏ဘဝများကို ကမောက်ကမဖြစ်အောင် ပြုလုပ်ခြင်းသည် အလွန်ဟ်အထံတော်၌ ကြီးစွာသော ပြစ်မှုဖြစ်၏။

وَلَوْلَآ اِذْ سَمِعْتُمُوْهُ قُلْتُمْ مَّا يَكُوْنُ لَنَآ اَنْ نَّتَكَلَّمَ بِهٰذَا ۖ سُبْحٰنَكَ هٰذَا بُهْتَانٌ عَظِيْمٌ ﴿١٦﴾

၎င်းပြင် အသင်တို့သည် ယင်းမုသားစွပ်စွဲချက်ကို ကြားခဲ့ကြသောအခါ "(အို-အလ္လာဟ် အရှင်မြတ်) အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ ကျွန်ုပ်တို့သည် ဤသည်ကို (မိမိတို့နှုတ်ဖြင့်) ပြောဆိုကြရန် အလျှင်းမထိုက်။ ဤသည် ကြီးကျယ်လှစွာသော သွားပုပ်လေလွင့်မတရား ပြောဆိုချက်မျှသာ ဖြစ်ပေသည်"ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။ [၂၄း၁၆]

ဤအာယတ်တော်၌ အရှေ့ပိုင်းအာယတ်တော်တစ်ခုတွင် ပါရှိပြီးဖြစ်သည့် အကြံပေးချက်ကိုပင် ထပ်မံ၍ မိန့်တော်မူသည်။ ကောလာဟလတစ်ခုကို ကြားသိရသော မွတ်စလင်မ်တစ်ဦးသည် မည်ကဲ့သို့ပြုလုပ်သင့်ကြောင်းကို အသေးစိတ် ဆက်၍ဖော်ပြထား၏။ အကြံပေးလမ်းညွှန်ချက်မှာ ၎င်းတို့သည် သက်သေမရှိသော ဤကဲ့သို့ကိစ္စရပ်မျိုးကို ပြောဆိုခွင့်မရှိကြောင်း တိကျပြတ်သားစွာ ပြောပြရန်ဖြစ်၏။ ယင်းသည် အလွန်ဆိုးရွားသောစွပ်စွဲမှုပင်ဖြစ်၏။

သံသယနှင့် ယင်း၏အဖြေ

အကယ်၍ တစ်ဦးတစ်ယောက်၌ သံသယတစ်ခုရှိသည်မှာ အဖြစ်အပျက်တစ်ခု၏မှန်ကန်မှုကို သက်သေခံမရှိဘဲလျက် အတည်မပြုနိုင်သဖြင့် ၎င်းကိုဖော်ပြခြင်း၊ သတင်းဖြန့်ခြင်းများသည် ဥပဒေနှင့်မညီညွတ်ပါ။ သို့ဆိုလျှင် ထိုအဖြစ်အပျက်အား တင်ပြခြင်းကိုလည်း လိမ်လည်မှုဖြစ်ကြောင်း သက်သေခံမရှိပါဘဲလျက် အလိမ်အညာတစ်ခုနှင့် ဆိုးဝါးသော အသရေဖျက်မှုတစ်ခုဖြစ်သည်ဟု မယုံကြည်သင့်ကြောင်းပင် ဖြစ်၏။

ဤသံသယအတွက်အဖြေမှာ မွတ်စလင်မ်တိုင်းသည် အပြစ်ဒုစရိုက်မှ ကင်းစင်သည်ဟု စဉ်းစားတွေးတောရန်ဖြစ်၏။ ဤသည် ပြီးပြည့်စုံသော အစွလာမ်စိတ်ဓာတ်ပင် ဖြစ်၏။ ထို့ပြင် ဤကိစ္စသည် ကျိုးကြောင်းဆင်ခြင်မှုအပေါ်၌ အခြေခံသည်။ အကယ်၍ သက်သေခံမရှိဘဲလျက် ရှေ့ဆက်တိုးသည်ရှိသော် ဤအတည်ပြုပြီးဖြစ်သည့် အမှန်တရား

(အစွလာမ့်စိတ်ဓာတ်)နှင့် ဆန့်ကျင်သည့် အရာဟူသရွေ့သည် လိမ်ညာခြင်းပင်ဖြစ်၍ သက်သေပြရန် နောက်ထပ် သက်သေခံ မလိုအပ်တော့ချေ။ အကယ်၍ သက်ဝင်ယုံကြည်သူ မွတ်စလင်မ်တစ်ဦးအား အထောက်အထားမရှိဘဲ ပြစ်မှုတစ်ခုအတွက် ပြစ်တင်ပြောဆိုခြင်းကို အသရေဖျက်မှုဟု ခေါ်ဆိုရန် လုံလောက်ပြီဖြစ်၏။

إِنَّ الَّذِينَ يُحِبُّونَ أَن تَشِيعَ الْفَاحِشَةُ فِي الَّذِينَ آمَنُوا لَهُمْ عَذَابٌ أَلِيمٌ فِي الدُّنْيَا وَالْآخِرَةِ

ဇကန်စင်စစ် "မုအ်မင်နိ်" သက်ဝင်ယုံကြည်သောသူတို့တွင် မဖွယ်မရာ ညစ်ညမ်းသောစကား ပြန့်ပွားခြင်းကို နှစ်သက်လိုလားသောသူတို့၌ (ဤ) မျက်မှောက် လောကီဘဝတွင်လည်းကောင်း၊ တမလွန်ဘဝတွင်လည်းကောင်း၊ ပြင်းပြနာကျင်ဖွယ်ပြစ်ဒဏ်သည် ရှိပေမည်။ စင်စစ် အလ္လာဟ် အရှင်မြတ်သည် သိရှိတော်မူ၏။ အသင်တို့မူကား မသိနားမလည်ကြချေ။ (၂၄:၁၉)

ဤအာယတ်တော်၌ အသရေဖျက်မှုတွင် တစ်နည်းနည်းပါဝင်ခဲ့သူများအား ထပ်မံ၍ ပြစ်တင်ပြီး ဤဘဝနှင့် တမလွန် ဘဝတို့၌ ပြစ်ဒဏ်များရှိကြောင်း သတိပေးထား၏။ အပိုအချက်အနေဖြင့် ယင်းကဲ့သို့ ကောလာဟလဖြန့်သူများသည် မွတ်စလင်မ်များ ကြားဝယ်မဖွယ်မရာစကားနှင့် စာရိတ္တမကောင်းမှုများ ပျံ့နှံ့ရန် အမှန်တကယ်လိုလားသူများဖြစ်ကြောင်း ဖော်ပြထား၏။

မဖွယ်မရာ စကားပြောဆိုခြင်းအား တားဆီးရန်အတွက် ကုရ်အာန်၏နည်းစနစ်

ကျမ်းတော်မြတ်ကုရ်အာန်သည် မဖွယ်မရာစကားပြောဆိုခြင်းအား တားဆီးရန်အတွက် ဤပြီးပြည့်စုံသည့် နည်းစနစ်ကို ဆွဲထုတ်ပြထား၏။ ဦးစွာအနေဖြင့် ယင်းကဲ့သို့သတင်းမျိုးသည် မပြန့်အပ်။ အကယ်၍ သတင်းသည် ယိုစိမ့်ပေါက်ကြားထွက်သွားပါက တရားဝင်အထောက်အထားက ၎င်းကိုထောက်ကူပြုရမည်။ သို့မှသာ အိမ်ထောင်ရေး ဖောက်ပြန်မှုအတွက်အပြစ်ဒဏ်ကို လူပုံအလယ်တွင် သတင်းပြန့်ပြီးနောက် ချက်ချင်းစီရင်နိုင်မည်။ ဤသို့ ကြေညာခြင်းနည်းက ယင်းကိုယ်၌ကပင် တားဆီးသည့်နည်းလမ်း အတိုင်းအတာတစ်ခု ဖြစ်ပေလိမ့်မည်။ အကယ်၍ တရားဝင်အထောက်အထား တင်ပြရသည့် အခြေအနေမျိုးမရှိပါက၊ အထူးသဖြင့် ပြစ်ဒဏ်ကို ပူးတွဲမထားပါက ဤသို့သော မကောင်းသတင်းကို ဖြန့်ရန်မှာ အလွန်လွယ်ကူမည် ဖြစ်သည်။ မကောင်းသတင်းဖြန့်မှုအတွက် ကြောက်ရွံ့စိုးရိမ်ရန် မရှိခြင်းသည် လူတို့စိတ်ထဲ၌ မဖွယ်ရာသောစကားနှင့် မကောင်းမှုများကို မလိုလားသည့်စိတ်အား လျော့နည်းစေမည် ဖြစ်ရုံမက ဤကဲ့သို့ မကောင်းမှုများကိုကျူးလွန်ရန်နှင့် ဖြန့်ချိရန်ကိုပင် အားပေးမည်ဖြစ်ပေသည်။ ဤသည်မှာ နိစ္စဓုဝ ကြံတွေ့နေရသော ကိစ္စတစ်ခုဖြစ်သည်။ ဤကဲ့သို့ မကောင်းသတင်းများကို နေ့စဉ်သတင်းစာများတွင် ပုံနှိပ်ဖော်ပြနေပေသည်။ ငယ်ရွယ်သူ အမျိုးသား၊ အမျိုးသမီးများ ယင်းသတင်းမျိုးကို မကြာခဏ ဖတ်နေကြရသည်။ ရလဒ်အနေဖြင့် ဤသို့သော ယုတ်ညံ့သည့်အပြုအမူ၏ ရိုက်ခတ်မှုမှာ တဖြည်းဖြည်းလျော့လာသည့်ပြင် ၎င်းတို့၏စိတ်တွင် ယင်းအပြုအမူမျိုးဘက်သို့ စိတ်ညွတ်မှုလည်း နှေးကွေးသွားသည်။ ဤအကြောင်းကြောင့် ကုရ်အာန်ကျမ်းမြတ်သည် သက်သေအထောက်အထား ခိုင်လုံသောအချိန်ကျမှ ထိုသတင်းမျိုးကို လူသိရှင်ကြားကြေညာရန် ခွင့်ပြုခဲ့ခြင်းပင် ဖြစ်၏။ သို့မှသာ လူတို့သည် မဖွယ်ရာသောပြစ်မှုအတွက် ပြင်းထန်သည့်ပြစ်ဒဏ်ပေးခြင်းကို အိမ်ထောင်ရေး ဖောက်ပြန်သည့်သတင်းနှင့်အတူ တွဲလျက်တွေ့မြင်ကြမည်ဖြစ်သည်။ သက်သေအထောက်အထားနှင့် ပြစ်ဒဏ်ပေးခြင်းများ မပါဝင်ဘဲ ဖော်ပြသည့် ယင်းသတင်းမျိုးကို ကုရ်အာန်က မွတ်စလင်မ်များကြားတွင် မဖွယ်ရာသော သတင်းဖြန့်သည့် လက်နက်တစ်ခုအဖြစ် ကြေညာထားခဲ့၏။ ဤအလွန်အရေးပါသည့်အချက်ကို မွတ်စလင်မ်များ စဉ်းစားသုံးသပ်ရန်

လိုအပ်ပေသည်။ ဤအာယတ်တော်က အဓိကအလေးပေးသည်မှာ အထောက်အထားမရှိဘဲ မကောင်းသတင်းကို လူအများသိအောင် ပြုလုပ်ခြင်းသည် ဤလောကီနှင့်တမလွန် နှစ်ဘဝစလုံး၌ အလွန်ပြင်းထန်သော ပြစ်ဒဏ်ခတ်ခြင်းကို ဖိတ်ခေါ်လိမ့်မည်ဆိုခြင်းပင်ဖြစ်၏။ တမလွန်၏ပြစ်ဒဏ်ကို ကမ္ဘာပျက်ပြီးမှ ကြုံတွေ့ရမည်ဖြစ်သော်လည်း ဤဘဝ ပြစ်ဒဏ်ကိုမူဖြင့် တွေ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် မတရားစွပ်စွဲမှု အတွက် ပြစ်ဒဏ်ပေးခံကြရသူများသည် အမှန်စင်စစ် ဤလောက၏ပြစ်ဒဏ်ကို ကြုံတွေ့ခံစားကြရခြင်းဖြစ်သည်။ အကယ်၍ သက်သေမရှိသဖြင့် အပြစ်ပေးခံ ရမှုမှ လွတ်မြောက်သွားသည့်တိုင် ထိုသူသည် ပြစ်ဒဏ်နှင့် ထိုက်တန်ခဲ့ပြီး ဖြစ်၍ (တမလွန်၌ပြစ်ဒဏ် စီရင်ခြင်းကို ခံရလိမ့်မည်ဖြစ်ပေသည်။) အာယတ်တော်အားသုံးသပ်မှုမှာ ဤမျှနှင့်ပင် လုံလောက်ပြီဖြစ်၏။

وَلَا يَأْتَلِ أُولُوا الْفَضْلِ مِنْكُمْ وَالسَّعَةِ أَنْ يُؤْتُوا أُولِي الْقُرْبَىٰ وَالْمَسَاكِينَ وَالْمُهَاجِرِينَ فِي سَبِيلِ اللَّهِ ۖ وَلْيَعْفُوا وَلْيَصْفَحُوا ۗ أَلَا تُحِبُّونَ أَنْ يَغْفِرَ اللَّهُ لَكُمْ ۗ وَاللَّهُ غَفُورٌ رَحِيمٌ ﴿٢٢﴾

ငင်းပြင် အသင်တို့အနက် ဂုဏ်အသရေနှင့် ကုံလုံကြွယ်ဝမှုရှိသောသူများသည် ဆွေရင်းမျိုးရင်းများအားလည်းကောင်း၊ သူဆင်းရဲများအားလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (မိမိတို့၏ အိုးအိမ်စည်းစိမ်တို့ကိုစွန့်၍ မဒီနာမြို့သို့) ရွှေ့ပြောင်းလာခဲ့ကြသော မုဟာဂျိရ်များအားလည်းကောင်း၊(အဂူအညီအထောက်အပံ့)မပေးကြတော့ပါဟူ၍ကျိန်ဆိုခြင်းမပြုကြရာ။ စင်စစ် ငင်းတို့သည် (ထိုသူတို့အား) ခွင့်လွှတ်သင့်ကြပေသည်။ ငင်းပြင် လျစ်လျူပြုသင့်ကြပေသည်။ အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်က အပြစ်မှခွင့်လွှတ်ချမ်းသာ ပေးတော်မူသည်ကို မနှစ်သက် မလိုလားကြလေသလော။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားညှာတာကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၂၄း၂၂)

ဂုဏ်ယူထိုက်သော သာဝကကြီးများအတွက် မြင့်မြတ်သော စိတ်ဓာတ်ဆိုင်ရာ အဆုံးအမများ

၂၂။ ဟူသော စကားလုံးသည် ကျိန်ဆိုသည်ဟု အဓိပ္ပာယ်ရ၏။ မွတ်စလင်မ်များထဲမှ သာဝကကြီးများဖြစ်ကြသော စိုက်ယိဒိနာမစ်တဟ်နှင့် ဟာစန် ﷺ တို့သည် စိုင်ယိဒါဟ်အာအိရှာ ﷺ သခင်မအား အသရေ ဖျက်မှုတွင် ပါဝင်ပတ်သက်ခဲ့ကြ၏။ အပြစ်ကင်းကြောင်းကြေညာသည့်အာယတ်တော်များ ကျရောက်လာပြီးသည့် နောက် ငင်းတို့သည် မတရားစွပ်စွဲမှုအတွက် တမန်တော်မြတ် ﷺ၏ ပြစ်ဒဏ်ပေးခြင်းကို ခံခဲ့ကြရသည်။ ငင်းတို့နှစ်ဦးစလုံးသည် ထင်ရှားသော သာဝကကြီးများဖြစ်ကြပြီး ဘဒရ်စစ်ပွဲ၌ ပါဝင်ခဲ့ကြသူများလည်း ဖြစ်ကြ၏။ သို့သော် ဤ အရေးကိစ္စ၌ တိမ်းချော်ခဲ့ကြ၏။ ထို့နောက် ငင်းတို့၏ စစ်မှန်သောနောက်တအတွက် ကူညီစောင်မမှုကို ရရှိခဲ့ကြသည်။ ထို့နောက် စိုယ်ယိဒါဟ်အာအိရှာ ﷺသခင်မအတွက် အပြစ်ကင်းစင်ကြောင်း ကြေညာချက် ထုတ်ပြန်ချမှတ်ပေးတော်မူသည့်နည်းတူ ဤယုံကြည်သက်ဝင်သူများ၏ နောင်တကိုလည်း လက်ခံတော်မူကြောင်း ကြေညာတော်မူခဲ့သဖြင့် ငင်းတို့သည် လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့ကြလေသည်။

သာဝကကြီး စိုက်ယိဒိနာမစ်တဟ် ﷺသည် သာဝကကြီးအဗူဘက်ရ် ﷺ၏ ဆွေမျိုးဖြစ်ပြီး ဆင်းရဲသူလည်းဖြစ်သောကြောင့် သာဝကကြီး အဗူဘက်ရ် ﷺက ငင်းအား ပေးကမ်းထောက်ပံ့ကူညီလေ့ရှိ၏။ စိုက်ယိဒိနာမစ်တဟ် ﷺသည် အိဖ်ခ်ကိစ္စ သတင်းဖြန့်ရာတွင် ပါဝင်ပတ်သက်ကြောင်း သေချာသော် သာဝကကြီးအဗူဘက်(ရ) ﷺ၏ သမီး

အပေါ်ထားရှိသည့် ဖခင်မေတ္တာသည် တလိပ်လိပ်တက်လာသကဲ့သို့ သဘာဝအကျိုးဆက်အရ သာဝကကြီးမစ်တဟ်ﷺကိုလည်း စိတ်ခုမိခဲ့၏။ အဘယ်ကြောင့်ဆိုသော် ၎င်းကြောင့် သမီးဖြစ်သူမှာ စိတ်ဒဏ်ရာ အကြီးအကျယ်ရခဲ့ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူသည် နောက်နောင် သာဝကကြီးမစ်တဟ်ﷺကို ကူညီထောက်ပံ့တော့မည်မဟုတ်ကြောင်း ကျိန်ဆိုခဲ့၏။ ထင်ရှားသည်မှာ မွတ်စလင်မ်တစ်ဦးသည် သီးသန့် သူဆင်းရဲတစ်ယောက်ကို ကူညီထောက်ပံ့ရန်မှာ တာဝန်တစ်ရပ်မဟုတ်ပေ။ အကယ်၍ အမြဲတမ်းပေးကမ်းလေ့ရှိသော သူဆင်းရဲကို ကူညီထောက်ပံ့မှုရပ်ဆိုင်းလိုက်ပါက ထိုသို့ပြုလုပ်ခြင်းသည် အပြစ်မဟုတ်ချေ။ သို့သော် အလ္လာဟ်တအာလာသည် ထင်ရှားသော သာဝကကြီးအုပ်စုအား လူ့အဖွဲ့အစည်းအတွက်စံပြဖြစ်ရန်ပြုလုပ်လိုတော်မူခဲ့၏။ ထို့ကြောင့် ချွတ်ချော်ခဲ့ကြသူများအား အမှန်တကယ်နောင်ရကြစေရန်နှင့် မိမိတို့ကိုယ်မိမိတို့ ပြုပြင်ကြစေရန်အတွက် ကူညီစောင်မမှုကို ပေးသနားတော်မူခဲ့သော်လည်း အခြားတစ်ဖက်မှမူ သူဆင်းရဲများအား သဘာဝအလျောက် စိတ်ပျက်ခြင်းကြောင့်ဖြစ်စေ၊ မကျေနပ်ခြင်းကြောင့်ဖြစ်စေ မကူညီတော့ပါဟု ကျိန်ဆိုသူများကို ဤအာယတ်တော်၌ မြင့်မြတ်သောကျိန်ဆိုချက်ကို ချိုးဖျက်ပြီး၊ အမှားအတွက် ပြန်လည်အဖတ်ဆည်သင့်ကြောင်း လူကျင့်ဝတ်၏ ဉာဏ်ပညာကို ပေးဝေတော်မူခဲ့၏။ ကူညီထောက်ပံ့မှုကို ရပ်ဆိုင်းခြင်းသည် ၎င်းတို့အတွက် သိက္ခာကျစရာ ဖြစ်၏။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား ခွင့်လွှတ်တော်မူသကဲ့သို့ ၎င်းတို့ကလည်း ထိုသူများအပေါ် ခွင့်လွှတ်သင့်၊ လျစ်လျူရှုမှုပြုသင့်ကြပေသည်။

သာဝကကြီးမစ်တဟ်ﷺအားကူညီရန် သာဝကကြီးအဗူဘက်ရ်ﷺအပေါ်၌ သာသနာ့တာဝန်တစ်ရပ်မဟုတ်ခြင်းကြောင့် ကုရ်အာန်က အသိပေးမိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်က အသိအလိမ္မာနှင့် ထူးချွန်မှုများ အပ်နှင်းခြင်း ခံကြရသူများသည်လည်းကောင်း၊ အလ္လာဟ်လမ်းတော်၌ သုံးစွဲရန်နည်းလမ်းများကို ပေးသနားခြင်း ခံရကြရသူများသည်လည်းကောင်း ဤကဲ့သို့ ကျိန်ဆိုမှုမျိုးနှင့် ကုံလုံကြွယ်ဝမှုရှိသူများ) ဟူသည့်စကားလုံးများကို ဤအဓိပ္ပာယ်ပြည့်ဝစေရန် သုံးစွဲထား၏။

ဤအာယတ်တော်၏ နောက်ဆုံးစာကြောင်းသည် اَلَا تُحِبُّوْنَ اَنْ يَّغْفِرَ اللّٰهُ لَكُمْ အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်က အပြစ်မှ ခွင့်လွှတ်ချမ်းသာပေးတော်မူသည်ကို မနှစ်သက် မလိုလားကြလေသလော။ (၂၄း၂၂) ဖြစ်၏။ စိုက်ယိဒိနာအဗူဘက်ရ်ﷺက ဤမိန့်ဆိုချက်ကို ချက်ချင်းပြန်ကြားခဲ့သည်မှာ- **وَاللّٰهُ اِنِّیْ اُحِبُّ اَنْ یَغْفِرَ اللّٰهُ لِیْ** အလ္လာဟ်နာမတော်ဖြင့် ကျိန်ဆိုပါ၏။ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုကို အမှန်တကယ် လိုလားပါသည်။" ဟူ၍ဖြစ်၏။ ဤသို့ဆိုပြီးသည်နှင့်တစ်ပြိုင်နက် သူသည် သာဝကကြီးမစ်တဟ်ﷺအား ကူညီထောက်ပံ့မှုကို ပြန်လည်ပြုလုပ်ခဲ့လေသည်။ ၎င်းက ပြောကြားခဲ့သည်မှာ "ဤအကူအညီသည် ဘယ်သောအခါမျှ ရပ်ဆိုင်းတော့မည်မဟုတ်။ (ဗုခါရီ နှင့် မွတ်စလင်မ်)

ဤသည်တို့မှာ ထင်ရှားသော သာဝကကြီးများအား လေ့ကျင့်ရန်နှင့် ဖြန့်ဝေပေးသည့် ကိုယ်ကျင့်တရား၏ ဂုဏ်ကျက်သရေများပင် ဖြစ်လေသည်။ သာဝကကြီးအဗွဒွလ္လာအိဗ်နအုမရ်ﷺမှတစ်ဆင့် ဗုခါရီကျမ်းက ကိုးကားဖော်ပြခဲ့သည်မှာ တမန်တော်ﷺသည် တစ်ကြိမ်က မိန့်ကြားခဲ့၏။

لیس الواصل بالمکافی ولکنّ الواصل الّذی اذا قطعت رحمه وصلها

သူသည် မိမိအပေါ်ကောင်းသော ဆွေမျိုးများအပေါ်၌သာ ပြန်၍ကောင်းသူမဟုတ်။ ဆွေမျိုးများအပေါ် အမှန်တကယ်ကောင်းသူသည် ၎င်းတို့က တော်စပ်မှုကို ထိခိုက်အောင်လုပ်သည့်တိုင်း ၎င်းတို့နှင့်တော်စပ်မှုကို ပျက်မသွားအောင် ထိန်းထားသူပင်ဖြစ်၏။(မဇ်ဟိရီ)

اِنَّ الَّذِیْنَ یَرْمُوْنَ الْمُحْصَنٰتِ الْغٰفِلٰتِ الْمُؤْمِنٰتِ لُعِنُوْا فِی الدُّنْیَا وَالْاٰخِرَةِ وَلَهُمْ عَذَابٌ عَظِیْمٌ

ဇကန်စင်စစ် ကာမဂုဏ်ကို ချုပ်တည်းသော၊ ရိုးသားဖြောင့်မတ်၍ သတိမမူသော မုအ်မင်နှ် အမျိုးသမီးများအား (မဟုတ်မမှန် မတရား)စွပ်စွဲကြကုန်သောသူတို့သည် လောကီဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ ကရုဏာတော်မှ ကင်းဝေးစေခြင်းကို ခံကြရပေမည်။ ထိုမှတစ်ပါး ၎င်းတို့၌ ကြီးလေးလှစွာသော ပြစ်ဒဏ်သည်(လည်း) ရှိပေမည်။ (၂၄း၂၃)

ဤအာယတ်တော်ပါအကြောင်းအရာသည် ဖော်ပြခဲ့ပြီးဖြစ်သော အောက်ပါအာယတ်တော်များပါ အကြောင်းအရာနှင့် အတူတူပင်ဖြစ်၏။

وَالَّذِينَ يَرْمُونَ الْمُحْصَنَاتِ ثُمَّ لَمْ يَأْتُوا بِأَرْبَعَةِ شُهَدَاءَ فَاجْلِدُوهُمْ ثَمَانِينَ جَلْدَةً وَلَا تَقْبَلُوا لَهُمْ شَهَادَةً أَبَدًا ۚ وَأُولَٰئِكَ هُمُ الْفَاسِقُونَ. إِلَّا الَّذِينَ تَابُوا مِن بَعْدِ ذَٰلِكَ وَأَصْلَحُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ

"၎င်းအပြင် အပြစ်ကင်းစင်သောအမျိုးသမီးများအား (ကာမေသုမိစ္ဆာစာရ) ကျူးလွန်သည်ဟု စွပ်စွဲပြီးနောက် သက်သေလေးယောက်မက ပြုနိုင်ခဲ့ကြသောသူတို့ကား အသင်တို့သည် ကြိမ်ဒဏ်အချက်ပေါင်း ရှစ်ဆယ်(၈၀) ရိုက်ကြလေကုန်။ ၎င်းအပြင်အသင်တို့သည် မည်သည့်အခါမျှ ၎င်းတို့၏ မည်သို့သောသက်သေခံချက်ကိုမျှ လက်မခံကြကုန်လင့်။ စင်စစ်သော်ကား ထိုသူတို့သည်ပင်လျှင် စည်းကမ်းဖောက်ဖျက်သူများဖြစ်ကြကုန်၏။(၂၄း၄)"

"သို့ရာတွင် အကြင်သူတို့သည် ထို့နောက် ဝန်ချတောင်းပန်ကြ၍ (မိမိတို့ကိုယ်ကို) ပြုပြင်ခဲ့ကြသည်ရှိသော် ဇကန်မလွဲအလ္လာဟ်အရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူသော၊ အလွန်တရာသနားညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (၂၄း၅)"

သို့သော် အကယ်စင်စစ် အာယတ်တော်နှစ်ရပ်၌ ကြီးမားသောကွဲလွဲချက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် အာယတ်တော် (၂၄း၄,၅)၏အဆုံး၌ မတရားစွပ်စွဲခြင်း၏ပြစ်ဒဏ်ကို နောင်တရသူများအပေါ် ခြွင်းချက်ပြု၍ ခွင့်လွှတ်မှုကို ကတိတော်ထားတော်မူခဲ့၏။ ဤအာယတ်တော်တွင်မူ ယင်းကဲ့သို့ ခြွင်းချက်မျိုးမပါဝင်ဘဲ ဤဘဝနှင့် တမလွန်ဘဝနှစ်ဌာနစလုံး၌ မတရားစွပ်စွဲသူများအား ကျိန်ဆဲကြောင်း ကြေညာတော်မူခဲ့၏။

ထို့ကြောင့် အာယတ်တော်(၂၄း၂၃)သည် စိုက်ယိဒါဟ်အာအိရှာ(ရ)သခင်မအား အသရေဖျက်မှုတွင် ပါဝင်ပတ်သက်ခဲ့ကြပြီး နောင်တမရရှိကြသောသူများကို ရည်ရွယ်ကြောင်း ထင်ရှား၏။ ထိုသူတို့သည် ကုရ်အာန်၌ အပြစ်ကင်း ကြောင်း ကြေညာချက်ထုတ်ပြန်ပို့ချပြီးသည့်တိုင် အပြိုးတကြီးဖြင့် ၎င်း၏စွပ်စွဲချက်ကို ဖက်တွယ်ထားကြကာ သတင်းဖြန့်မှုကို ဆက်လက်ပြုလုပ်နေခဲ့ကြ၏။ မည်သည့် မွတ်စလင်မ်မျှ ဤကဲ့သို့ပြုလုပ်မည် မဟုတ်ချေ။ အကယ်၍ မွတ်စလင်မ်တစ်ဦးသည် တိကျပြတ်သားသော ကုရ်အာန်၏ အမိန့်ပြဋ္ဌာန်းချက်တစ်ခုကို အရေးမထားဟုဆိုလျှင် ၎င်းသည် မွတ်စလင်မ်တစ်ဦး မဖြစ်နိုင်တော့ပေ။ သို့ဖြစ်၍ ဤရည်ညွှန်းချက်သည် ကြောင်သူတော်အယောင်ဆောင်မုနာဖိက်များ၊ မယုံကြည်သွေဖည်သူ ကာဖိရ်များအတွက် ဖြစ်သည်မှာ ယုံမှားသံသယရှိရန်မလိုပေ။ ထို့ကြောင့် မိမိပြုလုပ်ခဲ့မိခြင်းအတွက် နောင်တကြီးစွာရကြသူများသည် နှစ်ဘဝစလုံး၌ အလ္လာဟ်အရှင်မြတ်၏ မဟာဂရုဏာတော်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းခံကြရမည်။ ထို့ပြင် နောင်တမရကြသူများသည် ဤအာယတ်၌ နှစ်ဘဝစလုံးတွင် ကျိန်ဆဲခံရသူများဖြစ်ကာ ပြင်းထန်သောပြစ်ဒဏ်ပေးခြင်း ခံကြရမည်ဖြစ်ကြောင်း ကြေညာတော်မူ၏။

နောင်တရကြသူများကို إِنَّ اللَّهَ غَفُورٌ رَّحِيمٌ (အလ္လာအရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏)ဖြင့် ကောင်းသတင်းပေးပြီး နောင်တရမကြသူများကို

يَوْمَ تَشْهَدُ عَلَيْهِمْ (ထို့နေ့တွင် ထိုသူတို့၏ နှုတ်လျှာက သက်သေခံကြလိမ့်မည်) ဖြင့် ပြစ်ဒဏ်ပေးမည့်အကြောင်းကို နောက်အာယတ်တော်တွင် သတိပေးတော်မူခဲ့၏။ (ဘယာနုလ်ကုရ်အာန်)

အရေးကြီးသောသတိပေးချက်တစ်ခု

စိုယ်ယိဒါဟ်အာအိရ်ြာ(ရ)အား အသရေဖျက်မှုနှင့် ဆက်နွယ်၍ ယင်းကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သော မုစ်လင်မ် အနည်းငယ်အကြောင်းမှာ သခင်မကြီးသည် အပြစ်ကင်းစင်ကြောင်း အာယတ်တော်များ မကျရောက်မီက ဖြစ်သည်။ အပြစ်ကင်းစင်ကြောင်းကြေညာချက် ထုတ်ပြန်ပို့ချပြီးသည့်နောက် စိုယ်ယိဒါဟ်အာအိရ်ြာ(ရ)သခင်မ၏ အကျင့်စာရိတ္တအပေါ် ထိပါးပြောဆိုသူ မည်သူမဆိုသည် ဇကာနှင့်စစ်အချို့သော ရှီအာအုပ်စုများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း ကဲ့သို့) မယုံကြည်သွေဖည်သူနှင့် ကုရ်အာန်ကိုငြင်းပယ်သူဖြစ်၏။ ၎င်းတို့အား အွမ္မဟ်ထုတစ်ခုလုံးက ကာဖိရ်များအဖြစ် သဘောထားကြသည်။

يَوْمَ تَشْهَدُ عَلَيْهِمْ اَلْسِنَتُهُمْ وَ اَيْدِيْهِمْ وَ اَرْجُلُهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿٢٤﴾

အကြင်နေ့တွင်(ထိုနေ့တွင်) ထိုသူတို့၏ နှုတ် လျှာများသည်လည်းကောင်း၊ ထိုသူတို့၏ လက်များသည်လည်းကောင်း၊ ထိုသူတို့၏ ခြေထောက်များ သည်လည်းကောင်း ထိုသူတို့နှင့်ဆန့် ကျင်ကာ ထိုသူတို့ ကျင့်မူခဲ့သမျှတို့ကို သက်သေခံကြပေမည်။ (၂၄း၂၄)

ထို့နေ့တွင် ၎င်းတို့၏နှုတ်လျှာများ၊ လက်များနှင့် ခြေများသည် ၎င်းတို့နှင့် ဆန့်ကျင်လျက် ၎င်းတို့ပြုကျင့်ခဲ့သည့် ပြစ်မှုများကို သက်သေခံထွက်ဆိုကြပေမည်။ ကျူးလွန်ခဲ့ကြသော ပြစ်မှုများအလိုက် တိကျစွာ အပြစ်ပေးခံကြရမည်။ ဟဒီးဆ်တော်များတွင် လာရှိသည်မှာ ကမ္ဘာပျက်မည့်နေ့တွင် မိမိတို့၏ အပြစ်များကို ဝန်ခံကြသူများအား အလ္လာဟ် အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူပြီး ၎င်းတို့၏အပြစ်များကို လူထုရှေ့တွင် ဖုံးကွယ်ပေးထားတော်မူမည် ဖြစ်၏။ အကယ်၍ မည်သူမဆို သူ၏အပြစ်များကို ငြင်းဆိုမည်ဆိုလျှင်၊ ထို့ပြင် ထိုအပြစ်များကို သူကျူးလွန်ခဲ့ခြင်း မဟုတ်ကြောင်း၊ ကောင်းကင်တမန်(ဖရစ်ရှ်တာ)များက သူ၏လုပ်ရပ်များ၏မှတ်တမ်းကို မှန်ကန်စွာရေးသားခြင်း မပြု ခဲ့သည်သာဖြစ်ကြောင်း ပြောကြားမည်ဆိုလျှင် ထိုသူများ၏ ပြောစကားများသည် ၎င်းထံမှ ဖယ်ရှားခြင်းခံရမည်။ ထို့ပြင် ထိုသူများ၏ လက်များနှင့်ခြေများသည် သက်သေထွက်ဆိုကြရန် တောင်းဆိုခြင်း ခံရမည်ဖြစ်ပြီး ၎င်းတို့က စကားပြောဆိုကြမည်။ သက်သေထွက်ဆိုကြလိမ့်မည်ဖြစ်၏။ အာယတ်တော် اَلْيَوْمَ نَخْتِمُ عَلَىٰ أَفْوَاهِهِمْ (ယနေ့ သော်ကား ငါအရှင်မြတ်သည် ၎င်းတို့၏ နှုတ်လျှာအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူမည်။ ၃၆း၆၅)ကလည်း ဤအချက်ကို မိန့်ဆိုထား၏။ သို့သော် ယခုဆွေးနွေးနေသည့် စူရာအန်နူရ်၏အာယတ်တော်၌ ထိုသူတို့၏ လျှာများက သက်သေ ထွက်ဆိုကြလိမ့်မည်ဟု မိန့်ဆို၏။ စင်စစ် ဤအာယတ်တော်နှစ်ရပ်သည် ဝိရောဓိ ကွဲလွဲဆန့်ကျင်နေကြသည်မဟုတ်။ ၎င်းတို့၏နှုတ်လျှာများကို ထိန်းချုပ်နိုင်စွမ်းရှိကြမည်မဟုတ်သဖြင့် ဤကမ္ဘာလောကတွင် ရှိစဉ်ကကဲ့သို့ မဟုတ်မမှန် သည်ကို ပြောဆိုနိုင်မည် မဟုတ်ပေ။ ထိုအစား ၎င်းတို့၏ရည်ရွယ်မှု၊ ဆန္ဒများနှင့် ဆန့်ကျင်ပြီး ၎င်းတို့၏ လျှာများက အမှန်ကိုသာ ဆိုကြလိမ့်မည် ဖြစ်သည်။ အခြားဖြစ်နိုင်ခြေမှာ အချိန်တစ်ခု၌ ၎င်းတို့၏ပါးစပ်များနှင့် လျှာများအား လုံးဝ လှုပ်ရှား၍ မရအောင် ချိပ်ပိတ်လိုက်သည်။ ထို့နောက်မှ လျှာများအား အမှန်ကိုပြောဆိုရန် အမိန့်ပေးစေနိုင်တော်မူမည်။ (အလ္လာဟ်အရှင်မြတ်သည်သာ အကောင်းဆုံး သိတော်မူပေသည်။)

اَلْخَبِيْثٰتُ لِلْخَبِيْثِيْنَ وَ الْخَبِيْثُوْنَ لِلْخَبِيْثٰتِ ۚ وَ الطَّيِّبٰتُ لِلطَّيِّبِيْنَ وَ الطَّيِّبُوْنَ

لِلطَّيِّبٰتِ ۚ أُولٰٓئِكَ مُبَرَّءُوْنَ مِمَّا يَقُوْلُوْنَ ۖ لَهُمْ مَّغْفِرَةٌ وَّ رِزْقٌ كَرِيْمٌ ﴿٢٦﴾

ယုတ်မာသောမိန်းမများသည် ယုတ်မာသောယောကျ်ားများနှင့်သာ ထိုက်ကြလေသည်။ ထိုနည်းတူစွာ ယုတ်မာသော ယောကျ်ားများသည် ယုတ်မာသောမိန်းမများနှင့် ထိုက်တန်ကြကုန်၏။ ၎င်းအပြင် မွန်မြတ်သော မိန်းမများသည် မွန်မြတ်သောယောကျ်ားများနှင့်သာ ထိုက်တန်ကြပေ၏။ ထိုမွန်မြတ်သော ယောကျ်ား၊ မိန်းမတို့မှာမူကား ၎င်း(မုနာဖိက်)တို့၏ ပြောဆို(စွပ်စွဲ)ချက်များမှ လုံးဝကင်းရှင်းသူများပင်ဖြစ်ကြလေသည်။ ထိုသူတို့အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မွန်မြတ်လှစွာသော စားနပ်ရိက္ခာသည်လည်းကောင်း ရှိပေသည်။(၂၄း၂၆)

ဆိုလိုသည်မှာ ယုတ်ညံ့သောမိန်းမများသည် ယုတ်ညံ့သောယောကျ်ားများနှင့်သာ ထိုက်တန်ကြသည်။ ယုတ်ညံ့သောယောကျ်ားများသည် ယုတ်ညံ့သောမိန်းမများနှင့် ထိုက်တန်ကြသည်။ ထို့အတူ ကောင်းမြတ်သော အမျိုးသမီးများသည် ကောင်းမြတ်သော အမျိုးသားများနှင့်သာ ထိုက်တန်ကြသည်။ ကောင်းမြတ်သော အမျိုးသားများသည် ကောင်းမြတ်သော အမျိုးသမီးများနှင့်သာ ထိုက်တန်ကြသည်။

ဤနောက်ဆုံးအာယတ်တော်တွင် အလ္လာဟ်တအာလာသည် သဘာဝချင်းတူညီသူများကြား၌ ဆက်စပ်မှုကို ဖန်တီးထားတော်မူကြောင်း မိန့်ဆိုတော်မူသည်။ သူတော်ချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖက်တွေ့သည်မှာ သဘာဝပင်ဖြစ်၏။ အလားတူ သန့်စင်မွန်မြတ်၍ သိက္ခာရှိသောအမျိုးသမီးသည် သန့်စင်၍ သိက္ခာရှိသောအမျိုးသားနှင့် ပေါင်းဖက်တွေ့သည်မှာ သဘာဝပင်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် မိမိနှင့် သင့်လျော်သောကြင်ဘက်ကို ရှာဖွေရန် သူ၏ စိတ်နေသဘောထား သဘာဝအတိုင်း ရှာဖွေနိုင်သည်။

ဤစံနှင့် နိယာမအရ ထင်ရှားသည်မှာ အတွင်း၊ အပြင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော စံပြပုဂ္ဂိုလ်များဖြစ်ကြသည့် အလ္လာဟ့်တမန်တော်များအား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ဂုဏ်ဒြပ်နှင့်လျော်ညီသော ကြင်ရာတော်များ ချီးမြှင့်ပေးသနားတော်မူသည် ဆိုခြင်းဖြစ်၏။ ဤသို့ဖြင့် တမန်တော်အပေါင်း၏ ခေါင်ချုပ်ဖြစ်တော်မူသော တမန်တော်ﷺသည် သူ၏ အဆင့်အတန်းအနေအထားနှင့် ကိုက်ညီသည့် သန့်စင်သော၊ အပြစ်ကင်းသော ကိုယ်ကျင့်တရားအကောင်းဆုံးဖြစ်သော ကြင်ရာတော်များ ပေးသနားခြင်းခံရ၏။ ထိုသည့် ကြင်ရာတော်များထဲတွင် အာအိရှာ ؓသခင်မသည် အထင်ရှားဆုံးဖြစ်ပေသည်။ တမန်တော်မြတ်ﷺအပေါ် သစ္စာမဲ့ကြသူများသာလျှင် သူမနှင့် ပတ်သက်၍ သံသယဖွဲ့ပါ ရှိနိုင်ကြပေသည်။ ကုရ်အာန်တွင် တမန်တော်နူဟ်ؑနှင့် တမန်တော်လူတ်ؑတို့၏ ကြင်ရာတော်များသည် မယုံကြည်သွေဖည်သူများဖြစ်ကြောင်း ဖော်ပြပါရှိ၏။ သို့သော် ထိုကြင်ရာတော်များသည် ယုတ်ညံ့သော၊ အကျင့်သိက္ခာမဲ့သော ကိစ္စရပ်များ၌ ပါဝင်ပတ်သက်မှု မရှိကြောင်းကိုလည်း ခိုင်မာစေခဲ့၏။ သာဝကကြီး အိဗ်နအဗ္ဗာစ်ؓက "ما بغت امرأة نبى قطّ မည်သည့်ကြင်ရာတော်မျှ အိမ်ထောင်ရေးဖောက်ပြန်မှုကို ကျူးလွန်ခဲ့သည် မရှိ"ဟု မိန့်ဆိုခဲ့၏။ (ذكر فى الدر المنثور)ထို့ကြောင့် တမန်တော်တစ်ပါး၏ကြင်ရာတော်သည် မယုံကြည် သွေဖည်သူ ဖြစ်ကောင်းဖြစ်မည်။ သို့သော် အကျင့်ပျက်သူ၊ လိင်မှုကိစ္စရှုပ်ထွေးသူ မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ရေးဖောက်ပြန်မှုသည် လူသဘောသဘာဝအရ မုန်းဖို့ကောင်းသော အမှုအကျင့်တစ်ခုဖြစ်သော်လည်း မယုံကြည်သွေဖည်ခြင်းသည် လူတို့၏အမြင်၌ ထိုသဘောမဆောင်ချေ။ (ဘယာနလ်ကုရ်အာန်)

(၂၄း၂၇) မှစ၍ မအ်ရိဖုလ်ကုရ်အာန် အတွဲ(၁၂)တွင် ဖတ်ရှုပါရန်